အမရပူရမြို့
မဟာဂန္ဓာရုံကျောင်းတိုက်
နာယကချုပ် အဂ္ဂမဟာပဏ္ဍိတ
မဟာဓမ္မကထိက ဓမ္မာစရိယ
နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်

# အရှင်ကုသလာဘိဝံသ

၏

ဟောသာစဉ်

# တရားပေါင်းချုပ်

အမှတ် - ၁

အမရပူရမြို့
မဟာဂန္ဓာရုံကျောင်းတိုက်
နာယကချုပ် အဂ္ဂမဟာပဏ္ဍိတ
မဟာဓမ္မာထိက ဗဟုဇနဟိတဓရ
နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်

# အရှင်ကုဏ္ဍလာဘိဝံသ

၏

ဟောစဉ်

# တရားပေါင်းချုပ်

အမှတ် ( ၁ )

အရှင်စန္ဒိမာ
(သာသနဓမ္မာစရိယ-ဝဏ္ဏဝါစက)
မှတ်တမ်းပြု ပူဇော်သည်။

သာသနာ-၂၅၄၇ ကောဇာ-၁၃၆၆ ခရစ်နှစ်-၂၀၀၄

# အရှင်ကုဏ္ဍလာဘိဝံသ တရားပေါင်းချုပ်
# ပုံနှိပ်မှတ်တမ်း


ဘာသာရေးဆိုင်ရာစာမူခွင့်ပြုချက်

အမှတ် (၉၃/ ၂၀၀၄) ( ၂ )

စာအုပ်စာတမ်း၊ စာနယ်ဇင်း မျက်နှာဖုံး

ပုံနှိပ်ထုတ်ဝေခွင့်ပြုချက်အမှတ် (၇၈/ ၂၀၀၄) ( ၂ )

| | | |
|---|---|---|
| ခုနှစ် | - | ၂၀၀၄ |
| အုပ်ရေ | - | ( ၁၀၀၀) |
| အကြိမ် | - | ပထမအကြိမ် |
| တန်ဖိုး | - | |
| ကွန်ပျူတာစာစီ | - | နယူးဘားမား,မဟာဂန္ဓာရုံ,အမရပူရ |
| ထုတ်ဝေသူ | - | ဦးမောင်မောင် (မြ-၀၃၂၇၁) |
| ပုံနှိပ်သူ | - | ဦးတင်မြင့် (၀၅၈၃၇) |
| | | နယူးဘားမားအော့ပ်ဆက် ပိဋကပုံနှိပ်တိုက် |
| | | မြင်းမူကျောင်း၊ မဟာဂန္ဓာရုံကျောင်း၊အမရပူရမြို့ |


နာယကချုပ်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ
မဟာဓမ္မကထိကဗဟုဇနဟိတဓရ

**သ ဇာတော ယေန ဇာတေန,**
**ယာတိ ဝံသော သမုန္နတိ၊**
**ပရိဝတ္တိနိ သံသာရေ,**
**မတော ကော ဝါ န ဇာယတေ။**

ဇာတေန-ရှေးကံအထူး, ရှိခဲ့ဖူးသဖြင့်, မီးရှူးသန့်စဉ်, ဖွားမြင်၍လာသော၊ ယေန ပုတ္တေန-ကျောက်ကောင်းတစ်လုံး, ပမာသုံးသို့, တိုင်းလုံးထင်ရှား, အကြွင်သားကြောင့်၊ ဝံသော-ဆွေရင်းမျိုးချာ, သူသူငါမျှ, မကသယ်ကျုံး, တစ်နွယ်လုံးသည်၊ သမုန္နတိ-အောက်တန်းမှမြင့်, အဆင့်ဆင့်ဖြင့်, စွင့်စွင့်တက်လှမ်း, အထက်တန်းသို့၊ ယာတိ-ယခုလည်းကောင်း, နောင်လည်းကောင်းလျှက်, ကောင်းကောင်းပုံသေ, ရောက်နိုင်ပေ၏။ သော ပုတ္တော-တစ်နွယ်လုံးပင်, စုံအလင်ဖြင့်, ဂုဏ်အင်ပွားကြောင်း, ထိုသားကောင်းသည်၊ ဇာတော-အမျိုးသားတို့, တိုးပွားဖို့ရာ, မွေးဖွားသည်ဟု, ဆိုထိုက်ပါပေ၏၊ ပရိဝတ္တိနိ သံသာရေ-တပြောင်းပြန်ပြန်, အဖန်ဖန်ဖြင့်, မှန်မှန်ပြောင်းလွဲ, သံသရာထဲ၌၊ မတော-တစ်ဘဝဇာတ်, အဆုံးသတ်၍, နေရပ်ရှောင်သွေ, သေလေပြီးသော၊ ကော ဝါ-ဘယ်နတ်, ဘယ်လူ, အဘယ်သူသည်မူလည်း၊ န ဇာယတေ-ရုပ်သစ် နာမ်သစ်, ခန္ဓာသစ်ဖြင့်, အသစ်လဲကာ, မဖြစ်ဘဲရှိပါအံ့နည်း။

(ဟိတောပဒေသ ကထာမုခ-၁၅)

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၁။ ဘုရားဖူးနည်းတရားတော် | ......... | ၁ |
| ၂။ သံဝေဇနိယလေးဌာနတရားတော် | ......... | ၃၄ |
| ၃။ မေတ္တသုတ္တန်တရားတော် | ......... | ၅၉ |
| ၄။ အရိပ်ငါးပါးတရားတော် | ......... | ၈၇ |
| ၅။ ဆင်သေစီးလိုက် ကျီးမိုက်တရားတော် | ......... | ၁၁၀ |
| ၆။ ဥဒကူပမသုတ္တန်တရားတော် | ......... | ၁၄၀ |
| ၇။ အလှပြင်တရားတော် | ......... | ၁၇၅ |
| ၈။ သိကြားမင်းရှိခိုးထိုက်သူတရားတော် | ......... | ၂၀၅ |
| ၉။ ဥဒယဘဒ္ဒဇာတ်တရားတော် | ......... | ၂၄၉ |
| ၁၀။ နတ်တို့မှာတမ်းတရားတော် | ......... | ၂၉၀ |
| ၁၁။ အပြန်လမ်းတရားတော် | ......... | ၃၁၉ |
| ၁၂။ ဇနီးမောင်နှံလေးမျိုးတရားတော် | ......... | ၃၄၇ |
| ၁၃။ သူဌေးစစ်တရားတော် | ......... | ၃၆၈ |
| ၁၄။ ဝေဠုဒွါရေယျသုတ္တန်တရားတော် | ......... | ၃၉၉ |
| ၁၅။ ရွှေအိုးမြှုပ်နည်းတရားတော် | ......... | ၄၃၀ |
| ၁၆။ ကောင်းမှုစစ်ပွဲတရားတော် | ......... | ၄၆၁ |
| ၁၇။ သူတော်ကောင်းအလှူတရားတော် | ......... | ၄၈၃ |
| ၁၈။ ကထိန်အကျိုးငါးမျိုးတရားတော် | ......... | ၅၀၇ |
| ၁၉။ အမာဟာပုတ္တိကသုတ္တန်တရားတော် | ......... | ၅၃၁ |
| ၂၀။ သေမင်းအောင်လံတရားတော် | ......... | ၅၆၀ |
| ၂၁။ နတ်တမန်တရားတော် | ......... | ၅၈၃ |
| ၂၂။ ကျေးမင်းဇာတ်တရားတော် | ......... | ၆၁၁ |

# အမှာစာ

အနု-အဖန်ဖန် အထပ်ထပ်၊ မောဒနာ-ဝမ်းမြောက်ကြောင်းစကား။ အထပ်ထပ် ဝမ်းမြောက်ကြောင်းစကား၊ ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်သော စကားကို အနုမောဒနာဟု ခေါ်ပါသည်။ ဆရာတော်သည် ကုသိုလ်ရှင်တရားနာသူများကို ကုသိုလ်နှင့်စပ်၍ ဝမ်းမြောက်ဝမ်းသာဖြစ်အောင် စကားပရိယာယ်ကြွယ်ဝစွာဖြင့် စိတ်ဝင်စားဖွယ် ဟောပြောနိုင်သော စွမ်းရည်အထူး ရှိတော်မူပေသည်။

ဆရာတော်တွင် ဤစွမ်းရည်ရှိသည်မှာ ယခုမှ မဟုတ်ပါ။ ငယ်စဉ်ကပင် ရှိခဲ့ကြောင်း သိရသည်။ တစ်ခါက ဆားလင်းကြီးဆရာတော် အရှင်အာဒိစ္စ (အဂ္ဂမဟာပဏ္ဍိတ-ကလောင်နာမည် ဆားလင်းကြီး ငွေးလွင်)က မိမိအား အမိန့်ရှိခဲ့ဖူးသည်မှာ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ (ရွှေကျင်ဗဟိုဌာန)မှာ လပြည့်လကွယ် ဥပုသ်နေ့တိုင်း တရားပွဲကျင်းပလေ့ရှိတယ်၊ ဟောလိုသော အရှင်မြတ်များသည် ကြိုတင်၍ စာရင်းပေးသွင်းထားရကယ်၊ ဆရာတော်သည် ရဟန်းငယ်ဘဝက မန္တလေးတွင် ကျင်းပသည့် နာမည်ကြီး ရဟန်းသကျသီဟ ဖြေဆိုရန်အတွက် မဟာဝိသုဒ္ဓါရုံတိုက်မှာနေ၍ စာလိုက်နေစဉ် စာအထူးကြိုးစားနေသည့် ကြားမှပင် စာရင်းပေး၍ ဟောတော်မူခဲ့သည်။

ထိုစဉ်က ဆရာတော်ဟောသော တရားမှာ မှတ်မှတ်ရရ သေရိဝဏိဇာတ် (ရွှံကုန်သည်ဝတ္ထု) ဖြစ်တယ်၊ "ငါလည်း ဉးကုဏ္ဍလ ဒီ ရိုးနေပြီဖြစ်တဲ့ဝတ္ထုကို ဘယ်လိုများ ဟောမှာလဲဆိုပြီး သိလိုစိတ်နှင့် သွားရောက်နားထောင်ခဲ့တယ်၊ အောင်မာ-သူက ဇာတ်လမ်းရိုးရိုးသက်သက်ကြီး တုံးတိတိကြီး မဟောဘူး၊ အကွက်ဆိုက် ဆိုက်သလို အပြင်ဗဟုသုတလေးတွေ ထည့်ပြီးဟောသွားတယ်။ အထူးသဖြင့် ရွှံကုန်သည်က သူ့ရွှံကို လက်ပေါ်တင်ပြီး လှည့်ကာ လှည့်ကာ ကစားပြနေပုံကို ဟောတာ အထူးစိတ်ဝင်စားစရာကောင်းတယ်၊ ဒီကတည်းက-ငါလည်း ဒီကိုယ်တော်လေး နောင်တစ်ချိန် ဓမ္မကထိက အကျော်အမော်ဖြစ်မှာ သေချာတယ်လို့ စိတ်ထဲမှာ ဆုံးဖြတ်ခဲ့တယ်" စသည်ဖြင့် ဆားလင်းကြီးနယ်တွင် တွေ့ဆုံစဉ် မိမိအား အမိန့်ရှိတော်မူဖူးပါသည်။

ဆရာတော်သည် ရဟန်းသကျသီဟ (အဘိဓံသ) စာမေးပွဲကြီး အောင်မြင်တော်မူပြီးနောက် ပင်ပန်းနွမ်းနယ်နေတဲ့ ခန္ဓာကိုယ်ကို အနားယူအားဖြည့်ရင်း

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ "ဆေးဆိုတာ အမည်စုံမှ ပိုပြီး ဆေးစွမ်းထက်တယ်၊ ဒါကြောင့် လောကီ, လောကုတ္တရာပညာ စုံအောင်လုပ်သင့်တယ်" ဆိုတဲ့ ဩဝါဒတော်ကိုလည်း အကောင်အထည်ဖော်ရင်း၊ ရေဦးမြို့နယ် မရကန် အင်ကြင်းပင်ကျောင်းတွင် အနားယူနေထိုင်ရင်း အင်္ဂလိပ်စာပေများကို လေ့လာနေစဉ်မှာပင် "တတ်သည့်ပညာ မနေသာ"ဆိုသည့်အတိုင်း ဒကာ ဒကာမများက တန်းတန်းစွဲပူစာသဖြင့် ရေဦး-ခင်ဦးနယ်အတွင်းရှိ အလှူအတန်းကြီးငယ်များတွင် မပါလျှင်မပြီး တရားပွဲကြီးငယ်ဖြင့် ချီးမြှင့်ရပြန်သည်။

ဤပဋ္ဌာန်းဆက်ကြောင့် နောင်တွင် ခင်ဦး-ရေဦးနယ်နှင့် ရွှေဘိုမြို့နယ်တို့မှ မဟာဂန္ဓာရုံသံဃာတော်များအတွက် ဆွမ်းဆန်စိမ်းအလှူခံရန် ပင့်ပြန်သောအခါ တာဝန်ခံ ဒကာများက ဆရာတော်ကို မပါ, ပါအောင် ပင့်ကြ၊ နယ်ဒကာ-ဒကာမများက ယခင်တရားသံမျိုး နာယူလိုလှကြောင်း ပွဲတောင်းလာကြပြန်သည်။ ထို့ကြောင့် သံဃာတော်အရေးမို့ ထိုနယ်များသို့ သံဃာတော်များနှင့်အတူ အပင်ပန်းခံကာ ကြွတော်မူရသည်။ ဧည့်ခံစကားပြောရတာက တစ်ဘက်၊ အများသံဃာနည်းတူ တစ်ရွာနှင့်တစ်ရွာကြား ဝေးကွာလှတဲ့ခရီးကို ခြေလျင်ကြွပြီး ဆွမ်းဆန်စိမ်းခံရတာက တစ်ဖြာ၊ ရောက်ရာအရပ်မှာ ဟောပြောရတာက တစ်မျိုးဖြင့် အမျိုးမျိုးသော ပင်ပန်းမှုကို သည်းခံတော်မူရသည်။

အနားယူပြီး မဟာဂန္ဓာရုံကျောင်းတိုက်သို့ ပြန်ရောက်သောအခါ၌လည်း သိကြတဲ့အတိုင်းပဲ၊ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးသည် စာရေးဘက်တွင်သာ အားသန်တော်မူသည်၊ အဟောအပြောဘက်ကို ပဓာနမထားပါ။ တပည့်များကိုလည်း အားပေးတော်မမူ၊ သို့သော်လည်း ရှောင်လွှဲလို့မရတဲ့ ဟောရေး ပြောရေးကိစ္စ ကြုံလာသည့်အခါ၌ကား-ဆရာတော့်အား လွှဲတော်မူသည်၊ ဤသို့ဖြင့် ဆရာတော် ဓမ္မကထိက ဖြစ်မှန်မသိ ဖြစ်လာရလေသည်။ ဆရာတော်သည် အဟောအပြောဘက်တွင်သာ ထူးချွန်သည် မဟုတ်၊ စာချရာတွင်လည်း အထူးကျွမ်းကျင်တော်မူသည်၊ အဓိပ္ပါယ်ကိုလည်း ရှင်းလင်းသွားအောင် ပိုင်နိုင်ကျွမ်းကျင်စွာ, လောကဥပမာ ပုံပြင်သာကေ, ဥပမာအမျိုးမျိုး ထိုးပြကာ စာချလေ့ရှိသည်။ စာလိုက်တပည့်များ မပျင်းရိရလေအောင် ဟာသနှော၍ အသောကလေးဖြင့်လည်း စာချတတ်သည်။

မဟာဂန္ဓာရုံ ဒုတိယမြောက်ဆရာတော်လက်ထက်တွင် ဆရာတော်သည် ပထမဆရာတော် လက်ထက်ကထက် ထမ်းဆောင်ရတဲ့ သာသနာရေးတာဝန်များ

ပိုမို များပြားလာသည်။ ထို့ကြောင့် မိမိ မအားလပ်သည့်အခါ မိမိကိုယ်စား ကက်စက်တိပ်ခွေမှတစ်ဆင့် စာဝါပို့ချသောအားဖြင့်၊ စာဝါမပျက်ရအောင်-ဟူသော ရည်ရွယ်ချက်ဖြင့် စာချတန်း စာသင်သားများအတွက် ပါရာဇိကဏ် ပို့ချချက်ကို ကက်စက်တိပ်ခွေဖြင့် အသံသွင်းထားရသည်။ မန္တလေးမြို့ ဦးကာက-လဘက် ခြောက်ပွဲရုံပိုင်ရှင် ဒေါ်ကြင်သန်းနှင့် ညီအမတစ်စုက တာဝန်ယူ၍ ကုသိုလ်ပြု သည်။ ထို့ကြောင့် ယခုအခါတွင် ဒေသအသီးသီးမှ သံဃာတော်များ, သီလရှင် ဆရာလေးများသည် ထိုတိပ်ခွေများကို ကူးယူကာ-ပါရာဇိကဏ်ဘာသာကို ဆရာ မပါဘဲ စိတ်တိုင်းကျ လေ့လာနိုင်ကြပေသည်။ ဆရာ့အခက်အခဲကို ဤတိပ်ခွေက ဖြေရှင်းပေးသည်။

ဆရာတော်၏ ဟောပြောဟန်မှာ ရှေးဦးစွာ ရက်စွဲတပ်၍ ကုသိုလ်ရှင် နာမည်စာရင်း အပြည့်အစုံနှင့် ကုသိုလ်လုပ်ငန်းတို့ကို ကြားကြားသမျှ လူ,နတ်, ဗြဟ္မာ, သတ္တဝါတွေ အနုမောဒနာ သာခုခေါ်ရလေအောင် ကြေငြာပေးသည်။ ၎င်းနောက် မိမိဟောမည့်တရားကို ခြုံငုံ၍ တရားပန်းကပ်ရိုက်သည်။ ထိုတရားပန္နက် ပေါ်တွင် မူတည်၍ ဟဖြေးဖြေးချင်း သက်ဆိုင်ရာဝတ္ထုကြောင်းကို ဆက်စပ်၍ ဟောတော်မူသည်။ ထိုသို့ဟောရာတွင်လည်း သက်ဆိုင်ရာနေရာများတွင် ပရိ သတ် သဘောပေါက်အောင် လောကဥပမာများနှင့် နှိုင်းယှဉ်၍ပြသည်။ ပရိသတ် ၏ နှလုံးသားတွင် တရားစကားကျန်ရစ်အောင် တရား၏အနှစ်ချုပ်ကိုလည်း ဆောင်ပုဒ်များလုပ်၍ တိုင်ပေးလေ့ရှိသည်။ ဇာတ်ဝတ္ထုထဲမှ ကုသိုလ်ရှပ်နှင့်-ယခု ကုသိုလ်ရှင်ကိုလည်း ဝမ်းမြောက်ဖွယ်ဖြစ်အောင် နှိုင်းယှဉ်၍ ပြတတ်သည်။ ဝိပဿနာအဆုံးတွင် အချိန်ရလျှင်ရသလို ဝိပဿနာတင်၍ အဘိဓမ္မာသတ်သည်။ ဝိပဿနာတင်ရာ၌လည်း ပရိသတ်မပျင်းရလေအောင် အလွယ်ကူဆုံး အရှင်း လင်းဆုံးနည်းဖြင့် ဝိပဿနာ၏အဓိပ္ပါယ်ကို နားလည်းသဘောပေါက်အောင် ဟောတော်မူသည်။ နောက်ဆုံးတွင် မိမိရိုက်နှက်ခဲ့သော တရားပန္နက်ကို ပြန် ကောက်၍ ဆက်စပ်ပြကာ နိဂုံးကမွတ် အဆုံးသတ်တော်မူသည်။

ဤကဲ့သို့သော အကြောင်းများကြောင့် အမြို့မြို့အနယ်နယ်မှ ရဟန်း ရှင် လူများက တရားတိပ်ခွေဖြန့်ရန် လျှောက်ထားအကြံပေးလာကြသည်။ ဌာန အသီးသီးတွင် ဓမ္မကထိကတာဝန် ထမ်းဆောင်နေကြရသော ဓမ္မကထိက ဆရာတော်ကလေးများကလည်း မဟာဂန္ဓာရုံတိုက်အတွင်း သီတင်းသုံးနေထိုင်ကြ သော မိမိတို့ သူငယ်ချင်း ရဟန်းသာမဏေများထံ တရားတိပ်ခွေများ တစ်ကပ်, နှစ်ကပ်စသည်ဖြင့် အဝေးမှနေ၍ မှာယူကြသည်။ မိမိနှင့် တွေ့ဆုံကြသော အခါ၌

ဘယ်တရားကို ဟောမှာ၊ အရင့်အရင်တုန်းကလည်း ဘယ်တရားကို ဟောခဲ့ရတယ်၊ ဘုန်းကြီးကုဏ်ရဲ့တရားတွေက ချဲ့ချင်ရင်လည်းရတယ်၊ ချုံ့ချင်ရင်လည်းရတယ်။ ဒါကြောင့် တပည့်တော်တို့အတွက် အဆင်ပြေတယ် စသည်ဖြင့် အားပါးတရ ပွင့်ပွင့်လင်းလင်း ပြောလာကြသည်။

ဒီအကြောင်းအရာများကို ဆရာတော်အား လျှောက်ထားလာကြသောအခါ ဆရာတော်က "ကဲကဲ-အများဆန္ဒကို ဖြည့်တဲ့အနေနဲ့ တရားတိတ်ခွေများလည်း သင့်လျော်တဲ့ဈေးနှုန်းနဲ့ ဖြန့်ကြ၊ စာအုပ်အဖြစ်လည်း ထုတ်ဝေကြ"လို့ ခွင့်ပြုတော်မူခဲ့သည်။ ထိုအခါ ဆရာတော်၏ ဟောနည်း ဟောဟန်, ပြောနည်း ပြောဟန်, တရားပန္နက်မှစပြီး စကားချီ စကားလှည့်, စကားစဉ် စကားဆက်, တရားချီ တရားလှည့်, တရားစဉ် တရားဆက်, လေယူလေသိမ်း, ပရိယာယ်အမျိုးမျိုး, ဟန်အမျိုးမျိုးတို့ဖြင့် တန်ဆာဆင် နာယူချင်ဖွယ် ဟောပြောအပ်သော ဟောနည်း ဟောဟန်, ပြောနည်းပြောဟန်ကို နည်းယူလိုသူ၊ ရပ်ဝေး ရပ်နီးမှ ဓမ္မကထိကလောင်းလျာ တပည့်ရဟန်းတော်များအတွက်ပါ စာအုပ်ဖတ်ရင်းဖြင့် နည်းနာနိဿယကိုလည်း အရယူနိုင်၊ ဒကာ-ဒကာမတွေလည်းပဲ ဆရာတော်ဟောပြောနေစဉ် ထိုင်နာယူနေရသကဲ့သို့ ကြည်ညိုသဒ္ဒါ ပွားများနိုင်ကြပါစေဆိုတဲ့-စေတနာဆန္ဒများ အရင်းခံပြီး ဟောစဉ်တရားတိတ်ခွေမှ အတတ်နိုင်ဆုံး တူညီမှုရလေအောင် မိမိတို့ တပည့်များသည် စုပေါင်းအားဖြင့် ဝိုင်းဝန်း ကြိုးစားကြရလေသည်။

ကြိုးစားခြင်း၏ အသီးအပွင့်များအဖြစ် တရားတိတ်ခွေများ၊ စာအုပ်များကို ရဟန်း ရှင် လူ ပရိသတ်၏ထံမှောက် အရောက်ပို့နိုင်ခဲ့လေပြီ။ ထို့ကြောင့် ရဟန်း ရှင် လူ ပရိသတ်၏ တရားတော်ကို နာယူ, ဖတ်ကြား, နည်းယူလိုသော သမ္မာဆန္ဒ ပြည့်ဝလိမ့်မည်ဟု ယုံကြည်မိပါသည်။ သမ္မာဆန္ဒ ပြည့်ဝကြပါစေလို့လည်း ဆန္ဒပြုလိုက်ရပါသတည်း။

အရှင်ဝိဇယ BA [M.A (Q)], HGP
ပရိယတ္တိသာသနာလင်္ကာရသာမဏေကျော်
သာသနမဇ္ဈိမဓမ္မာစရိယ
မဟာဂန္ဓာရုံ ကျောင်းတိုက်၊ အမရပူရမြို့။
၁၃၆၅-ခုနှစ်၊ နတ်တော်လပြည့်ကျော် (၂) ရက်။

## ရည်ရွယ်ချက်

မန္တလေးတိုင်း အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် (မဟာနာယက) နာယကချုပ်ဆရာတော်, အဂ္ဂမဟာပဏ္ဍိတ, မဟာဓမ္မကထိက ဗဟုဇနဟိတဓရ, ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ အရှင်မြတ်သည် ရဟန်းငယ်ဘဝမှ စ၍ အမြို့မြို့ အနယ်နယ်, အသွယ်သွယ်သော အရပ်ဒေသ အသီးသီး၌ ဟောကြားတော်မူခဲ့ သော တရားများစွာတို့ကို တိပ်ရီကော်ဒါများမှလည်းကောင်း၊ ကက်စက်တိပ်ခွေ များမှလည်းကောင်း၊ လက်လှမ်းမီရာ ဒေသအသီးသီးမှ စုဆောင်းသိမ်းဆည်း ခဲ့ပါသည်။

ထိုကဲ့သို့ စုဆောင်းသိမ်းဆည်းခြင်းသည် ဆရာတော်၏ ဟောစဉ်တရား များသည် မဟာဂန္ဓာရုံကျောင်းတိုက် သမိုင်းတစ်ခေတ်၏ သာသနာ့မှတ်တိုင်တစ်ခု သဖွယ် ခန့်ထည် ဖြစ်တည် ကျန်ရစ်စေပြီး၊ တပည့်သံဃာ, ဒါယကာ, ဒါယိကာမ အများ အသိပညာ သဒ္ဓါတရား တိုးပွားရရှိစေရန် ရည်ရွယ်၍ တရားတိပ်ခွေများ ကို စုဆောင်းသိမ်းဆည်းခဲ့ပါသည်။ ထို့အပြင် တရားတော်များကို ကက်စက် တိပ်ခွေမှတစ်ဆင့် စီဒီ,အဖြစ်သို့လည်းကောင်း။ ဟောစဉ်တရားပေါင်းချုပ် အဖြစ်သို့လည်းကောင်း ဖြစ်မြောက်စေရန် ရှေးဦးကပင် ရည်ရွယ်ချက်ရှိခဲ့ပါသည်။ ဖော်ပြပါ ရည်ရွယ်ချက်များမှ တစ်ခုဖြစ်သော ဤ "**ဆရာတော်၏ ဟောစဉ် တရားပေါင်းချုပ်**"စာအုပ်ကို စုစည်း ပူဇော်၍ မှတ်တမ်းတင်အပ်ပါသည်။

## ဝန်ခံချက်

ဤ " ဟောစဉ် တရားပေါင်းချုပ်" စာအုပ်တွင် ဆရာတော် စနစ်တကျ ဟောတော်မူသည့်အတိုင်း ပါဠိတော်, အဋ္ဌကထာ, နိသျ, မြန်မာပြန်, လင်္ကာ ဆောင်ပုဒ်များ, အဖြတ်အတောက်နှင့် ကျမ်းညွှန်းများကို အတတ်နိုင်ဆုံး ကြိုးစား၍ မှန်ကန်အောင် ကက်စက်တိပ်ခွေမှ ရေးကူးထားပါသည်။ သို့ပါ၍ ဤစာအုပ်၌ တစ်စုံတစ်ရာ အမှားများပါရှိပါက မှတ်တမ်းပြု တင်ပြသူ၏ မေ့လျော့မှု ချွတ်ယွင်းမှုသာ ဖြစ်ပါကြောင်း ဝန်ခံအပ်ပါသည်။

# ကျေးဇူးတင်လွှာ

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ကက်စက်တိပ်ခွေမှ တစ်ဆင့် အားသွန်ခွန်စိုက်, ကြိုးကြိုးစားစား ရေးကူးပေးကြသော ရွှေမင်းဟန် စာချကျောင်းမှ-

(၁) ဦးနန္ဒဝံသ (မြေနီရှိ)

(၂) ရှင်ဧဝတိက (အောင်သာ)

(၃) ရှင်ဝိသုဒ္ဓ (ရသစ်)

(၄) ရှင်စန္ဒာဝရ (လက်ပန်ကုန်း)

(၅) ရှင်ဣန္ဒာစရိယ (ကန်သာ)

(၆) ရှင်ကေသရ (ဒီပဲယင်းမြို့) တို့အားလည်းကောင်း၊ ကျမ်းစာများ ကူညီရှာပေးကြသော ပုဂ္ဂိုလ်များ၊ အဘက်ဘက်မှ အကြံဉာဏ်ပေးကြသော ပုဂ္ဂိုလ်များနှင့် ကွန်ပျူတာစာစီပေးသော ပုဂ္ဂိုလ်များအားလည်းကောင်း အထူးကျေးဇူးတင်မှတ်တမ်းပြုအပ်ပါသည်။

အရှင်စန္ဒိမာ
(သာသနဓဇမှာစရိယ-ဂဏဝါစက)
ရွှေမင်းဟန်စာချကျောင်း
မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့၊

# ကျမ်းညွှန်းသင်္ကေတ

| သင်္ကေတ | ပါဠိတော်/အဋ္ဌကထာ |
|---|---|
| ဒီ-၁၊ | သီလက္ခန္ဓဝဂ္ဂပါဠိ |
| ဒီ-ဋ္ဌ-၁၊ | သီလက္ခန္ဓဝဂ္ဂ-အဋ္ဌကထာ |
| မ-၃၊ | ဥပရိပဏ္ဏာသပါဠိ |
| မ-ဋ္ဌ-၃၊ | မဇ္ဈိမပဏ္ဏာသ-အဋ္ဌကထာ |
| မ-ဋ္ဌ-၄၊ | ဥပရိပဏ္ဏာသ-အဋ္ဌကထာ |
| သံ-၃၊ | မဟာဝဂ္ဂသံယုတ္တပါဠိ |
| အံ-၁၊ | အင်္ဂုတ္တရပါဠိ-၁၊ (ဧကက-စတုက္က) |
| အံ-၂၊ | အင်္ဂုတ္တရပါဠိ-၂၊ (ပဉ္စက-သတ္တက) |
| အံ-ဋ္ဌ-၁၊ | အင်္ဂုတ္တရ-အဋ္ဌကထာ-၁ |
| ခုဒ္ဒက- | ခုဒ္ဒကပါဠိ |
| ဓမ္မ-ဋ္ဌ-၁၊ | ဓမ္မပဒ-အဋ္ဌကထာ-၁ |
| ဓမ္မ-ဋ္ဌ-၂၊ | ဓမ္မပဒ-အဋ္ဌကထာ-၂ |
| ဣတိဝုတ်- | ဣတိဝုတ္တကပါဠိ |
| ဣတိဝုတ်-ဋ္ဌ၊ | ဣတိဝုတ္တက-အဋ္ဌကထာ |
| ဝိမာန- | ဝိမာနဝတ္ထုပါဠိ |
| ဇာ-၁၊ | ဇာတကပါဠိ-၁ |
| ဇာ-ဋ္ဌ-၃၊ | ဇာတက-အဋ္ဌကထာ-၃ |
| ဇာ-ဋ္ဌ-၄၊ | ဇာတက-အဋ္ဌကထာ-၄ |

## မန္တလေးတိုင်း၊ အမရပူရမြို့
## မဟာဂန္ဓာရုံကျောင်းတိုက် နာယကချုပ်၊ အဂ္ဂမဟာပဏ္ဍိတ
## မဟာဓမ္မကထိက ဗဟုဇနဟိတဓရ
## ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ
## အတ္ထုပ္ပတ္တိအကျဉ်း

■ ■ ■ ■

အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် နာယကချုပ်ဆရာတော် အရှင်မြတ်ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ, မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသသည် မန္တလေးတိုင်း၊ စဉ့်ကူးမြို့နယ်၊ ဆီသည်ရွာ၌ မြေရှင်လယ်ရှင်များဖြစ်ကြသော ခမည်းတော် ဦးဖေဘ+မယ်တော် ဒေါ်မယ်မတို့မှ ၁၂၉၂-ခုနှစ်၊ ပြာသိုလ်လဆန်း (၁၄)ရက်၊ ၁၉၃၀-ခု၊ ဇန်နဝါရီလ (၉)ရက်၊ တနင်္လာနေ့တွင် ဖွားမြင်သည်။ ဆရာတော်ကြီးသည် မွေးချင်း (၇)ဦးတို့အနက် ပဉ္စမမြောက် သားရတနာဖြစ်၏။ မွေးချင်းတို့မှာ ဒေါ်လှမြိုင်, ဒေါ်တင်ဆိုင်, ဦးသိန်းမောင်, ဒေါ်မြသင်း, ဦးညွန့်တင်နှင့် ဒေါ်နှင်းမြိုင်တို့ဖြစ်၏။

ဆရာတော်၏ ငယ်နာမည်မှာ "မောင်ခင်မောင်"ဖြစ်သည်။ သို့သော် အဖွားဖြစ်သူက သူ့မြေး၏ ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျရှိမှုကို အကြောင်းပြုကာ မောင်ခင်မောင်သည် ကြည်လင်သော ရုပ်လက္ခဏာရှိ၍ 'မောင်ခင်မောင်ကြည်'ဟု (ကြည်) တစ်လုံးတိုး၍ခေါ်ရာမှ မောင်ခင်မောင်ကြည်ဟု အမည်တွင်ခဲ့၏။ ဆရာတော်လောင်းလျာသည် အသက် (၅)နှစ်သားအရွယ်၌ ဆီသည်ရွာ သီရိမင်္ဂလာကျောင်းတွင်ပင် ဦးရီးတော် ဘုန်းတော်ကြီး အရှင်အာစိဏ္ဏထံတွင် သင်ပုန်းကြီးမှအစ၊ အခြေခံပညာကို စတင်သင်ကြားသည်။ ဆရာတော်လောင်းလျာသည် ငယ်စဉ်က ရုပ်ရည်ကြည်လင်မှုရှိသည်သာမက ဉာဏ်ပညာအရာတွင် သင်ကြားမှတ်ယူလွယ်သော ပါရမီပြည့်ဝသူ တစ်ယောက်ဖြစ်သောကြောင့် ဦးရီးတော်သူ ဆရာတော်က "ဤကလေးနှင့် ပတ်သက်သော မောင်ဖေဘ+မမယ်မတို့သည် အမွေးတော်လေစွ"ဟု ချီးကျူးပြောဆိုခဲ့၏။ ဆရာတော်လောင်းလျာသည် သင်ကြားတတ်မြောက်လွယ်သည်သာမက ထိုးထွင်းဉာဏ်ရှိသော ကလေးတစ်ဦး

လည်း ဖြစ်သည်။ ဆရာတော်လောင်းလျာသည် ဦးရီးတော်ဘုန်းတော်ကြီးထံတွင် ဂဏန်းသင်္ချာ။ မြန်မာစာနှင့် မြန်မာမှုပညာရပ် အစုံအစုံ သင်ကြားခဲ့၏။

## ရှင်သာမဏေ

ဆရာတော်လောင်းလျာသည် အသက် (၇)နှစ်အရွယ်သို့ ရောက်သော အခါ မိဘနှစ်ပါးဖြစ်သော ဦးဖေဘ+ဒေါ်မယ်မတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ သီရိမင်္ဂလာကျောင်းတွင်ပင် ဦးရီးတော် ဘုန်းတော်ကြီးကို ဥပဇ္ဈာယ်ပြုကာ ရှင်သာမဏေဘောင်သို့ ဝင်ရောက်ခဲ့သည်။

## ပိဋကတ်အခြေခံကို စတင်သင်ကြားခြင်း

ဆရာတော်လောင်းလျာသည် ဦးရီးတော်သူ ဘုန်းတော်ကြီးထံတွင်ပင် (၂)နှစ်တိုင်တိုင် ပိဋကတ်အခြေခံဖြစ်သော သဒ္ဒါရှစ်စောင်နှင့် ပုဒ်စစ်ရှစ်ကျမ်း စသော ကျမ်းစာများကို အပတ်တကုတ် ကြိုးစား၍ သင်ကြားနာယူခဲ့သည်။ ၁၃၀၉-ခုနှစ်သို့ ရောက်သောအခါ ဦးရီးတော်ဘုန်းကြီးက ဆရာတော်လောင်းလျာ သည် သင်ကြားသမျှကို နာယူနိုင်စွမ်းရှိသည်။ ထက်မြက်သော ပညာပါရမီလည်း ရှိသည်။ ပညာဉာဏ် တိုးတက်ပွင့်လင်းစေရန် ရေခံမြေခံကောင်းရာအရပ်သို့ ပို့၍ ပညာဆက်လက်ဆည်းပူးစေသော် ကောင်း၏-ဟု အမိန့်ရှိရာ ခမည်းတော် မယ်တော်တို့နှင့် တိုင်ပင်ခဲ့၏။ ခမည်းတော် မယ်တော်နှစ်ပါးတို့ကလည်း ဦးရီးတော် ဘုန်းကြီး သင့်သလိုစီမံတော်မူပါဟု လျှောက်ထားလေလျှင် ဦးရီးတော် ဘုန်းတော် ကြီးသည် ပွင့်ဖူးရင့်သန်လာမည့် ဤသာသနာတော်မျိုးစေ့ကို အဘယ်မည်သော ရေခံမြေခံသည် အကောင်းဆုံးဖြစ်မည်ကို သေချာစွာလေ့လာခဲ့၏။

အထပ်ထပ်သော နေရာ, အစုစုသော အခြေခံတို့ကို စိစစ်ပြီး ဦးရီးတော် ဘုန်းတော်ကြီးက အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် ကျမ်းပြုဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသသူမြတ်သည် အရှေ့ အနောက် တောင် မြောက် အရပ်မျက်နှာတို့တွင် ပညာအရာ၌ ကျော်စော၏။ အကျင့်သီလနှင့် ပြည့်စုံ၏။ ဝိနည်းသိက္ခာတွင် စံနမူနာဖြစ်၏။ မဟာဂန္ဓာရုံအခြေခံတွင် မိမိ၏ တူတော်သူ ဆရာတော်လောင်းလျာအား ပျိုးထောင်ပါက ပျိုးထောင်သော သာမဏေနှင့် ပျိုးထောင်ရာဌာန နှစ်ဦးနှစ်ဝ အကျိုးထူးရှိစေနိုင်မည်ဟု ယူဆကာ ဆရာတော်လောင်းလျာအား မဟာဂန္ဓာရုံကျောင်းတိုက်သို့ ပို့ဆောင်၍ ပိဋကတ် အခြေခံများကို သင်ကြားလေ့လာစေပါ၏။ ဆရာတော်လောင်းလျာသည် ပိဋကတ် အခြေခံများနှင့်တကွ အထက်တန်းကျမ်းစာများကို ဆရာတော် အရှင်ဇနကာ

ဘိဝံသထံတွင် ဆက်လက်လေ့လာခဲ့၏။ ပညာပါရမီရင့်သန်သူဖြစ်သည့်အား လျော်စွာ ဆရာတော်လောင်းလျာသည် ရှင်သာမဏေဘဝဖြင့် မန္တလေးမြို့ ပရိယတ္တိသာသနာ့ဟိတအသင်းကြီးမှ ကြီးမှူးကျင်းပသော သာမဏေကျော် စာမေးပွဲကို အဆင့်သုံးဆင့်လုံး အောင်မြင်၍ "သာသနာလင်္ကာရ သာမဏေကျော်"ဘွဲ့ လျှာဒါန်းပူဇော် ဆက်ကပ်ခြင်းကို ခံယူရရှိခဲ့၏။ ရှင်သာမဏေဘဝဖြင့်ပင် နိုင်ငံတော် အစိုးရ၏ ပထမငယ်, ပထမလတ် စာမေးပွဲများကို အောင်မြင်တော်မူခဲ့၏။

## ရဟန်းအဖြစ်သို့ ရောက်ရှိခြင်း

ဆရာတော်လောင်းလျာသည် ရှင်သာမဏေဘဝဖြင့် ပိဋကတ်ကျမ်းစာများကို လေ့လာရင်း ၁၃၁၄-ခု၊ တန်ခူးလဆန်း (၁၅)ရက်နေ့သို့ ရောက်သောအခါ မန္တလေးမြို့ ပွဲကုန်းရပ်နေ နန္ဒဝံသစက်ပိုင်ရှင် ဦးဘတင်+ဒေါ်မိမိလေးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ကျမ်းပြုဆရာတော် အရှင်ဇနကာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ ဇေကာဒသမမြောက် ရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော်၊ စစ်ကိုင်းတောင်ရိုး ချမ်းအေး ချောင်ဆရာတော်၊ စစ်ကိုင်းတောင်ရိုး အဂ္ဂမဟာပဏ္ဍိတ ပဌာန်းသိပ္ပံ ဆရာတော်၊ ကျွန်းကုန်းမြို့ ကျွန်းကုန်းဆရာတော်၊ လပွတ္တာမြို့ လေးထပ် ဆရာတော် စသော အကျော်အမော် အဓိကရ ဆရာတော်ကြီးများက ကမ္မဝါ ဆရာတော်များအဖြစ် ချီးမြှောက်ပေးမှုဖြင့် မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိခဲ့သည်။

ဤကဲ့သို့သော ဆရာတော်ကြီးများက ကမ္မဝါစာဆရာအဖြစ် ချီးမြှောက်၍ ရဟန်းဘဝသို့ ရောက်ရှိခဲ့ခြင်းသည်ပင်လျှင် ဆရာတော်၏ ထူးခြားမှုတစ်ရပ်ပင် ဖြစ်၏။ ထိုသို့သော အခွင့်အလမ်းသည် ရခဲသော အခွင့်အလမ်းဖြစ်၏။ ဆရာတော်၏ ပါရမီကြောင့်သာလျှင် ထိုအခွင့်အရေးသည် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်၏။ မြင့်မြတ်သော ရဟန်းဘဝတွင် ဥးပဥ္စင်း ဥးကုဏ္ဍလသည် စာပေကျမ်းဂန်များကို ဆက်လက်ဆည်းပူး လေ့လာ၍ အကျင့်သိက္ခာတော်ကို သိပ်သည်းစွာ လိုက်နာရင်း ဆရာတော် အရှင်ဇနကာဘိဝံသ၏ သင်ကြားဆိုဆုံးမမှုများကို နာယူမှတ်သားကာ ပါရမီကို ပိုမိုရင့်သန်အောင် အားထုတ်ခဲ့၏။

ဆရာတော်သည် ထိုကဲ့သို့သော ပညာရပ်များကို သင်ကြားရင်း သိမ်ထပ် မင်္ဂလာများကို ပြုရာတွင် ဆီသည်ရွာမှ မယ်တော် ခမည်းတော်များကိုယ်တိုင်က ဒုတိယအကြိမ် သိက္ခာထပ်၏။ တစ်ဖန် အမရပူရမြို့ အိုးတော်ကုန်းရပ် လေယာဉ်ပျံပိုးထည်တိုက်ပိုင်ရှင် ဦးမောင်ကို+ဒေါ်အုန်းခင် မိသားစု၊ ရေဦးမြို့

ဒိပဲယင်းလမ်း ကုန်သည်နှင့် တွင်ခုံလုပ်ငန်းပိုင်ရှင် **ဦးချစ်မောင်+ဒေါ်ငွေး** မိသားစု၊ တောင်ငူမြို့နေ ဒေါ်ခင်ထွေးမြင့်၊ ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း လပြည့်ဝန်း ကုမ္ပဏီပိုင်ရှင် **ဦးစိုးဝင်း+ဒေါ်စန္ဒာမောင်** မိသားစုတို့၏ ပစ္စယာ နုဂ္ဂဟကို ခံယူကာ ထပ်မံ၍ သိမ်ထပ်ရဟန်းခံတော်မူခဲ့၏။

## အထက်တန်းစာမေးပွဲများ အောင်မြင်ခြင်း

ဆရာတော်သည် ပါရမီရင့်သန်သော ဆရာတော်တစ်ပါးဖြစ်သည့်အား လျော်စွာ ပိဋကတ်အထက်တန်း စာမေးပွဲများကို ထိပ်တန်းမှ အောင်မြင်ခဲ့၏။ ဆရာတော်သည် (၁၃၁၅-ခု နယုန်လ) ရဟန်းတစ်ဝါရချိန်ဝယ် ပထမကြီးတန်း ကို အောင်မြင်သည်။ ထိုနှစ် တပေါင်းလတွင် အစိုးရဓမ္မာစရိယတန်းကို ကျမ်းရင်း သုံးကျမ်းနှင့် ဂုဏ်ထူးသုံးကျမ်းပါတွဲ၍ အောင်မြင်သဖြင့် ဆရာတော်သည် သာသန ဓဇသိရီပဝရ ဓမ္မာစရိယဘွဲ့ထူးကို ဆက်ကပ်ခြင်း ခံတော်မူခဲ့၏။ ထို့နောက် ဆရာ တော်သည် မန္တလေးမြို့ ပရိယတ္တိသာသနာ့ဟိတအသင်းကြီး၏ ရဟန်းတော်များ စာမေးပွဲ၌ စာသင်တန်းနှင့် စာချတန်း နှစ်တန်းလုံး ပေါက်ရောက်အောင်မြင်၍ **"အဘိဝံသ"ဘွဲ့တော်နှင့် ပရိယတ္တိသာသနာ့ဟိတဓမ္မာစရိယဘွဲ့တော်** ဆက်ကပ်လှူဒါန်းခြင်းကို ခံယူတော်မူခဲ့ရ၏။

ဆရာတော်သည် မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသ၏ အမျှော်အမြင်ကြီးစွာဖြင့် စီစဉ်ပေးချက်အရ အစိုးရဓမ္မာစရိယတန်း အောင်မြင်ပြီး သည့်အချိန်မှ စ၍ အင်္ဂလိပ်စာနည်းပြဆရာတစ်ယောက်ကို ငှားရမ်း၍ အင်္ဂလိပ် ဘာသာကို သင်ကြားစေခဲ့ရာ ဥပစာ-ဝိဇ္ဇာတန်းနှင့် ညီမျှသော အဆင့်ထိ သင်ကြား တတ်မြောက်ခဲ့၏။ ဆရာတော်သည် သက္ကတဘာသာကို မဟာဂန္ဓာရုံဆရာတော် ကြီး အရှင်ဇနကာဘိဝံသထံတွင် သင်ကြားခဲ့၏။ ဆရာတော်သည် တိုင်းရင်းမြန်မာ့ ဆေးပညာတို့ကိုလည်း လိုက်စား၍ တိုင်းရင်းဆေးစာပေများကို ဒေသနာနယ၊ ဘေသဇ္ဇနယ၊ နက္ခတ္တနယ သုံးကျမ်းလုံး ဖြေဆိုအောင်မြင်ခဲ့၏။

## မဟာဂန္ဓာရုံဆရာတော်ကြီး၏ လက်ရုံးသဖွယ်ဆောင်ရွက်ခြင်း

မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသသည် မဟာဂန္ဓာရုံ စာသင်တိုက်ကို ဖွင့်လှစ်တည်ထောင်ရာတွင် (၁) စာသင်တိုက်ကြီး အောင်မြင်စွာ တည်ထောင်ရေးကိစ္စ၊ (၂) မိမိသက်ရှိထင်ရှား ရှိစဉ်ကာလအတွင်း သင်ကြားမှု များကို နည်းစနစ်ပြည့်စုံစွာဖြင့် သင်ကြားရေးကိစ္စနှင့် (၃) ကျောင်းတိုက်ကြီး အဓွန့်ရှည်တည်တန့်ရေးအတွက် အမွေခံကောင်းများ တည်ဆောက်ရေးကိစ္စကြီး

သုံးရပ်ကို အလေးအနက်ထား ဆောက်ရွက်ခဲ့၏။ ယင်းကိစ္စသုံးရပ်တွင်-ပထမကိစ္စနှင့် ဒုတိယကိစ္စတို့ကို မိမိအသက်ထင်ရှားရှိစဉ် ဖန်တီးဆောင်ရွက်ခဲ့သော်လည်း တတိယကိစ္စကိုကား အမွေခံမည့်သူများကို ပြုစု ပျိုးထောင်ရုံသာ ပြုစုခဲ့၍ လက်ခံနိုင်စွမ်းရှိ-မရှိကို မျက်ဝါးထင်ထင် မမြင်နိုင်ခဲ့ရှာပေ။ ဆရာတော် အရှင်ကုဏ္ဍလာဘိဝံသသည် ဆရာတော်ရှိစဉ်ကပင် အခြားသော တပည့်သာဝကတို့နှင့်အတူ ကျောင်းတိုက်အတွင်း စီမံအုပ်ချုပ်မှု တာဝန်များကို ယူခဲ့ရ၏။

ဆရာတော်သည် ရဟန်းတစ်ဝါရစဉ်ကပင် စာချကိုယ်တော်အဖြစ် ခန့်ထားခြင်းခံရ၏။ စာချတာဝန်အဖြစ် စည်းကမ်းထိန်းသိမ်းရေးတာဝန်နှင့် ဆရာတော်ကြီး ကျမ်းစာအုပ်များကို ပြုစုရာတွင် ပြုစုလုပ်ငန်း၊ စာကူးလုပ်ငန်း၊ စာပြင်လုပ်ငန်း၊ ပုံနှိပ်လုပ်ငန်းများကို စာမူပြုစုသည်မှ စာအုပ်ထွက်သည်အထိ တာဝန်ယူခဲ့ရသည်။ ဆရာတော်အရှင်ကုဏ္ဍလာဘိဝံသသည် ဆရာတော်ကြီးရှိစဉ်ကပင် ဆရာတော်ကြီး မလိုက်နိုင်သော တရားဓမ္မဟောကြားသော တာဝန်များကိုလည်း ယူခဲ့ရ၍ ဆရာတော် အရှင်ကုဏ္ဍလာဘိဝံသသည် ဆရာတော်ကြီး အသက်ထင်ရှားရှိစဉ်ကပင် နောက်ပိုင်းလုံအောင် ပြုစုထိန်းသိမ်းစောင့်ရှောက်သူ ဖြစ်ခဲ့ရ၏။ ထို့ကြောင့် မဟာဂန္ဓာရုံဆရာတော်ကြီး မရှိသည့်နောက်ပိုင်းတွင် ဆရာတော်အရှင်ကုဏ္ဍလာဘိဝံသသည် မဟာဂန္ဓာရုံဆရာတော်ကြီး၏ အားကိုးအားထားရသော အခြားသော နာယကဆရာတော်ကြီးများနှင့်အတူ မဟာဂန္ဓာရုံ၏ တာဝန်ကို ဆက်လက်ထမ်းဆောင်ကာ ကြီးလေးသော မဟာဂန္ဓာရုံကျောင်းတိုက်၏ နာယကချုပ်တာဝန်ကိုပါ တာဝန်ယူလာခဲ့ရခြင်းဖြစ်၏။

## ဆရာတော်၏ သာသနာရေးဆောင်ရွက်ချက်များ

ဆရာတော်အရှင်ကုဏ္ဍလာဘိဝံသသည် သာသနာနှစ် ၂၅၃၅-ခု၊ ကောဇာသက္ကရာဇ်-၁၃၅၃-ခုနှစ်၊ တန်ဆောင်မုန်းလပြည့် (၁၉၉၁-ခုနှစ်၊ နိုဝင်ဘာလ-၂၁-ရက်)ကြာသာပတေးနေ့တွင် နိုင်ငံတော်အစိုးရမှ ဆက်ကပ်လှူဒါန်းပူဇော်သော **"အဂ္ဂမဟာပဏ္ဍိ"**ဘွဲ့တံဆိပ်တော်ကို အလှူခံတော်မူသည်။

သာသနာတော်နှစ် ၂၅၃၉-ခု၊ ကောဇာသက္ကရာဇ် ၁၃၅၇-ခုနှစ်၊ ပြာသိုလပြည့် (၁၉၉၆-ခု၊ ဇန်နဝါရီလ ၄-ရက်) ကြာသာပတေးနေ့တွင် နိုင်ငံတော်အစိုးရမှ ဆက်ကပ်လှူဒါန်းပူဇော်သော "မဟာဓမ္မကထိက ဗဟုဇနဟိတဓရ" ဘွဲ့တံဆိပ်တော်ကို အလှူခံတော်မူသည်။

ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသသည် မဟာဂန္ဓာရုံ

ကျောင်း၏ တာဝန်အပြင်၊ ရွှေကျင်နိကာယဂိုဏ်းကြီး၏ တာဝန်ပေးချက်အရ ရွှေကျင်ဂိုဏ်းဝင် သံဃာတစ်သောင်းကျော်တို့၏ ရေးရာကိစ္စများကို တာဝန်ယူရသော "ဂိုဏ်းလုံးဝန်ဆောင်"အပါး (၁၀၀)တွင် တစ်ပါးအပါအဝင် ဆောင်ရွက်ရသော ရွှေကျင်ဂိုဏ်းကြီး၏ ဝန်ဆောင်လုပ်ငန်းများကိုလည်း ထမ်းဆောင်ခဲ့သည်။ ၁၃၄၂-ခုနှစ်မှစ၍ ပေါ်ပေါက်လာသော နိုင်ငံတော် သံဃအဖွဲ့အစည်းတွင် ဆရာတော်သည် ရွှေကျင်ဂိုဏ်း မန္တလေးတိုင်းဝန်ဆောင်တာဝန်ကိုလည်းကောင်း၊ မန္တလေးတိုင်း ရွှေကျင်သံဃနာယကအဖွဲ့ဝင်တာဝန်ကိုလည်းကောင်း (၁၀)နှစ်တိုင် ထမ်းဆောင်တော်မူခဲ့၏။

၁၃၄၉-ခုနှစ်၊ သီတင်းကျွတ်လ (၁၉၈၇-ခုနှစ်၊ အောက်တိုဘာလ)တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် တစ်နိုင်ငံလုံးရှိ စာသင်တိုက်ကြီး (၁၃) တိုက်မှ ကိုယ်စားလှယ် သံဃာ (၁၃)ပါးကို ရွေးချယ်ကာ ပရိယတ္တိပညာရေး စီမံကိန်း ပြင်ဆင်ရေးအဖွဲ့ကို ဖွဲ့စည်းရာတွင် ဆရာတော်သည် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့၏။ ယင်းအဖွဲ့သည် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင်၌ စာသင်တိုက်များအတွက် ပရိယတ္တိပညာရေးစီမံကိန်းကို ပြင်ဆင်ရေးဆွဲခဲ့သည်။ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသသည် ရွှေကျင်ဂိုဏ်းနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့တို့၏ တာဝန်ပေးချက်အရ ၁၃၅၃-ခုနှစ်တွင် သံဃသမ္မုတိရ တာဝန်နှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်တာဝန်များကိုလည်း ထမ်းဆောင်ခဲ့၏။ ထို့ပြင် နိုင်ငံတော်အဆင့်ထိ တက်ရောက်လာသော သာသနာရေးဆိုင်ရာမှုခင်းများကို စိစစ်ရသော နိုင်ငံတော် ဝိနည်းဓိုရ်တာဝန်ကိုလည်း ထမ်းဆောင်တော်မူခဲ့သည်။

ယခုအခါ ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသသည် မဟာဂန္ဓာရုံ၏ ကြီးမားသောကျောင်းတိုက်တာဝန်၊ ရွှေကျင်ဂိုဏ်း၏ ဂိုဏ်းလုံးဝန်ဆောင်တာဝန်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှပေးအပ်သော တာဝန်များအပြင် တပည့် ဒကာ ဒကာမတို့အား တရားဓမ္မတိုက်ကျွေးသောတာဝန်တို့ကိုပါ ထမ်းဆောင်ရင်း ဘုရားသာသနာတော်ကြီးအတွက် အသက်ခန္ဓာကိုပေးအပ်ကာ သာသနာ့တာဝန်ကို ဘက်ပေါင်းစုံမှ ဥုးလည်မသုန် ဆောင်ရွက်နေသောပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် ဆရာတော်ကြီးတစ်ပါးအဖြစ်ဖြင့် သာသနာတော်၏ တာဝန်များကို ထမ်းဆောင်နေတော်မူပါသည်။

ရသော “ဂိုဏ်းလုံးဝန်ဆောင်”အပါး (၁၀၀)တွင် တစ်ပါးအပါအဝင် ဆောင်ရွက်ရသော ရွှေကျင်ဂိုဏ်းကြီး၏ ဝန်ဆောင်လုပ်ငန်းများကိုလည်း ထမ်းဆောင်ခဲ့သည်။ ၁၃၄၂-ခုနှစ်မှ စ၍ ပေါ်ပေါက်လာသော နိုင်ငံတော် သံဃအဖွဲ့အစည်းတွင် ဆရာတော်သည် ရွှေကျင်ဂိုဏ်း မန္တလေးတိုင်းဝန်ဆောင်တာဝန်ကိုလည်းကောင်း၊ မန္တလေးတိုင်း ရွှေကျင်သံဃနာယကအဖွဲ့ဝင်တာဝန်ကိုလည်းကောင်း (၁၀)နှစ်တိုင် ထမ်းဆောင်တော်မူခဲ့၏။

၁၃၄၉-ခုနှစ်၊ သီတင်းကျွတ်လ (၁၉၈၇-ခုနှစ်၊ အောက်တိုဘာလ)တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် တစ်နိုင်ငံလုံးရှိ စာသင်တိုက်ကြီး (၁၃) တိုက်မှ ကိုယ်စားလှယ် သံဃာ (၁၃)ပါးကို ရွေးချယ်ကာ ပရိယတ္တိပညာရေး စီမံကိန်း ပြင်ဆင်ရေးအဖွဲ့ကို ဖွဲ့စည်းရာတွင် ဆရာတော်သည် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့၏။ ယင်းအဖွဲ့သည် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင်၌ စာသင်တိုက်များအတွက် ပရိယတ္တိပညာရေးစီမံကိန်းကို ပြင်ဆင်ရေးဆွဲခဲ့သည်။ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသသည် ရွှေကျင်ဂိုဏ်းနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့တို့၏ တာဝန်ပေးချက်အရ ၁၃၅၃-ခုနှစ်တွင် သံဃသမ္မုတိရ တာဝန်နှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်တာဝန်များကိုလည်း ထမ်းဆောင်ခဲ့၏။ ထို့ပြင် နိုင်ငံတော်အဆင့်ထိ တက်ရောက်လာသော သာသနာရေးဆိုင်ရာမှုခင်းများကို စိစစ်ရသော နိုင်ငံတော် ဝိနည်းဓိုရ်တာဝန်ကိုလည်း ထမ်းဆောင်တော်မူခဲ့သည်။

ယခုအခါ ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသသည် မဟာဂန္ဓာရုံ၏ ကြီးမားသောကျောင်းတိုက်တာဝန်၊ ရွှေကျင်ဂိုဏ်း၏ ဂိုဏ်းလုံးဝန်ဆောင်တာဝန်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှပေးအပ်သော တာဝန်များအပြင် တပည့် ဒကာ ဒကာမတို့အား တရားဓမ္မတိုက်ကျွေးသောတာဝန်တို့ကိုပါ ထမ်းဆောင်ရင်း ဘုရားသာသနာတော်ကြီးအတွက် အသက်ခန္ဓာကိုပေးအပ်ကာ သာသနာ့တာဝန်ကို ဘက်ပေါင်းစုံမှ ဥုံးလည်မသုန် ဆောင်ရွက်နေသောပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် ဆရာတော်ကြီးတစ်ပါးအဖြစ်ဖြင့် သာသနာတော်၏ တာဝန်များကို ထမ်းဆောင်နေတော်မူပါသည်။



နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## "ဘုရားဖူးနည်းတရားတော်"

**တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ, သမေစိတ္တေ သမံ ဖလံ၊**
**စေတော ပဏိဓိ ဟေတု ဟိ, သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။**

တိဋ္ဌန္တေစာပိ–သက်တော်ထင်ထင် တည်ရှိစဉ်ဝယ်, ဖူးမြင်ရငြား မြတ်ဘုရား၌လည်းကောင်း။ နိဗ္ဗုတေစာပိ–ရွှေပြည်နိဗ္ဗူ စံတော်မူသည့်, သုံးလူထွဋ်ထား မြတ်ဘုရား၌လည်းကောင်း။ စိတ္တေ–ဘုရားအာရုံ ကောင်းစွာထုံ၍, တစ်လုံးလဲလဲ မှီဝဲစွဲသုံး စိတ်နှလုံးသည်။ သမေ–သဒ္ဓါပညာ အရာရာက, မကွာတန်းတူ ညီမျှပါမူကား။ သမံဖလံ–အကျိုးပေးဟန် အတန်တန်သည်, ကေန်ညီမျှ တန်းတူရလေတော့၏။ ဟိယုတ္တံ–ထိုစကားလျှင် မမှားကေန်, ယုတ္တိတန်လှပါပေ၏။ သတ္တာ–ယုတ်မြတ်မဆူ သူငါကစ, သတ္တဝါဟူသမျှတို့သည်။ စေတောပဏိဓိ ဟေတု–စိတ်နေစိတ်ထား ကြီးမားဖြူစင်, ကြည်လင်သန့်ရှင်း အကြောင်း ရင်းကြောင့်။ သုဂ္ဂတိံ–လူ့ရွာနတ်ထံ ချမ်းသာစံလျှက်, နိဗ္ဗာန်တိုင်ထိ အကောင်းဆုံးဂတိသို့။ ဂစ္ဆန္တိ –ပါရမီစွမ်းသလောက် စခန်းပေါက်၍, လှမ်းရောက်တော်မူကြပေကုန်သတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

မိမိတို့ရဲ့ ကောင်းမှုပြုဖို့ရာအတွက် အခွင့်ဆိုက်လာတဲ့ ကံတရားက စီမံလိုက်သည့်အားလျှော်စွာ၊ သက်တော်ထင်ရှား ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ ကိုယ်စား၊ အညာသီဟတော ဗုဒ္ဓရုပ်ပွားတော် ဆင်းတုတော်မြတ်ကြီး ဒေသစာ ကြွချီပြီးတော့ လာရောက်တော်မူတယ်တဲ့။

---

• ဝိမာန–(၆၆) ၄–၁၈၆/ဓမ္မပဒ–၄–၂/၁၆၄/ ဇာ–၄–၃/၃၈၇

အားလုံး ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေရဲ့ ရှေ့ဆောင် ရှေ့ရွက် ပင့်ဆောင်မှုကြောင့်၊ အခုပြီးခဲ့တဲ့ ပြာသိုလပြည့်ကျော် (၉)ရက်နေ့က ဘုန်းကြီးတို့ အမရပူရမြို့ ကြွလာတော်မူပြီးတော့၊ မြို့တော်ကြီး တစ်ပတ်, ပတ်ပြီးတော့ သကာလ မင်္ဂလာရှိအောင်၊ ရပ်ကွက်တိုင်း, နေရာတိုင်းမှာ နေထိုင်ကြတဲ့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေ၊ ကုသိုလ်တရား တိုးပွားကြဆိမ့်သောငှာ မြို့တော်ကြီး လှည့်လည်ပြီးတော့ အဖူးမြော်ခံပြီးသကာလ၊ မြို့ရဲ့ အလယ်ဗဟိုရ် ချက်မ၊ မင်္ဂလာရှိတဲ့ ဤ ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကြီးရဲ့ ရုံးဌာန၊ အားလုံး မြို့ရဲ့ဗဟိုရ်ချက်မ မြို့ရဲ့ ဦးနှောက်လို့ဆိုရတဲ့ ဒီနေရာ, ဒီဌာန, ဒီဒေသမှာ သီတင်းသုံးတော်မူပြီးသကာလ၊ အားလုံးသော ရောက်လာသမျှ လူနတ်တိရစ္ဆာန် သုံးတန်သတ္တဝါတို့ရဲ့ အဖူးမျှော်ကန်တော့ အပူဇော်ခံတော်မူပြီးတော့ သီတင်းသုံးနေတော်မူ။ ဒီရပ်ပွား ဆင်းတုတော်မြတ်ကြီးဟာ မြန်မာနိုင်ငံရဲ့ သမိုင်းနဲ့ပြောမယ်ဆိုရင်ဖြင့်၊ မြန်မာနိုင်ငံရဲ့သမိုင်းကြီး ခေတ်ကြီး ခုနစ်ခေတ်မှာ ခေတ်ငါးခေတ်–

**"တကောင်းသရေ. ပုဂံရွှေ. မှတ်လေးပင်းယခေတ်၊**

**စစ်ကိုင်းအင်းဝ. မှတ်ပါကြ. သတ္တကုန်းဘောင်ခေတ်"**– လို့ မြန်မာနိုင်ငံရဲ့ စတင်တည်ထောင်လာခဲ့ကတည်းက သမိုင်းကြီးခုနစ်ခေတ်မှာ ပုဂံခေတ်က စပြီးသကာလ, ပင်းယခေတ်, စစ်ကိုင်း, အင်းဝ, ကုန်းဘောင်ဆိုတဲ့ ခေတ်ကြီး ငါးခေတ်တိုင်တိုင်။ အားလုံးသော ပြည့်ရှင်မင်းများနှင့်တကွ မင်းစိုးရာဇာပိုင်း, သူဌေးသူကြွယ်ပိုင်း, ကုန်သည်လယ်လုပ်ပိုင်းတို့ရဲ့ အပူဇော်ကန်တော့ ဖူးမြှော်တော်မူရတဲ့ ဆင်းတုတော်မြတ်ကြီး။ မြန်မာနိုင်ငံရဲ့ သမိုင်းခေတ်ကြီး ခုနစ်ခေတ်မှာ ငါးခေတ်တိုင်တိုင်, အပူဇော်ကန်တော့ခံပြီးတော့ အကိုးကွယ်ခံပြီးတော့ လာခဲ့ရတယ်ဆိုတော့၊ သမိုင်းကြောင်းအနေနဲ့ ကြာရှည်လေးမြင့်စွာ ဘုန်းတော်အနန္တ, ကံတော်အနန္တ, ဉာဏ်တော်အနန္တနဲ့ တောက်ပတော်မူပြီး သကာလ၊ ပူဇော်သမျှသော မင်းပိုင်းစိုးပိုင်း, သူဌေးသူကြွယ်ပိုင်း, ကုန်သည်လယ်လုပ်ပိုင်း, ဆင်းရဲသားပိုင်းအစရှိတဲ့ အမျိုးမျိုးသော ဒကာ–ဒကာမအပေါင်း သူတော်ကောင်း တို့ရဲ့ အပူဇော် အဖူးမြှော်ခံခဲ့ရတဲ့ ရုပ်ပွားဆင်းတုတော်မြတ်ကြီး။ သမိုင်းကြောင်းကြီး ငါးခေတ် ခေတ်ကြီး ငါးခေတ်တိုင်တိုင် အဖူးမြှော်ကန်တော့

ပူဇော်ခံရတယ်ဆိုတော့ ဒီ ဘုရားရပ်ပွားတော်ကြီးရဲ့ရှေ့မှာ ချိခဲ့တဲ့လက်အုပ်တွေ။ ပရိသတ်ကြီး ရေတွက်လို့ ရပ်ါမလား? မရပါဘုရား၊ ဘုန်းကြီးတို့ အခု အမရပူရမြို့နယ် ဒကာ–ဒကာမ အပေါင်း သူတော်ကောင်းတွေ၊ ဒီ ရုပ်ပွားဆင်းတုတော် မြတ်ကြီးရှေ့ ရောက်လာပြီးတော့ ချီကြတဲ့ လက်အုပ်တွေ၊ ဒီသုံးရက်အတွင်း ချီသွားလိုက်တဲ့ လက်အုပ်တွေ ဘယ်နှစ်အုပ်ရှိပြီလို့ ရေလို့ရရဲ့လား? မရပါဘုရား။

အဲဒီလို ဒီတစ်ခဏလေး ဒီသုံးရက်လေးအတွင်းမှာပင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို လက်အုပ်ချီမိုး ရှိခိုးကြတဲ့၊ ဘုန်းကြီးတို့ ဒီ ဒကာ–ဒကာမအပေါင်းတို့ရဲ့ လက်အုပ်တွေအပြင်၊ ဒကာ–ဒကာမတွေ မမြင်ရသော်လည်း၊ ကိုယ်စောင့်နတ်တွေ, အိမ်စောင့်နတ်တွေ, ရွာစောင့်နတ်တွေ, နယ်စောင့်နတ်တွေ, မြို့စောင့်နတ်တွေ, သာသနာ စောင့်နတ်တွေကလည်းပဲ လက်အုပ်ချီမိုး ရှိခိုးမှုကို ပရိသတ် မပြုပေဘူးလား? ပြုပါဘုရား။

ဘုန်းကြီးတို့ ဝေသာလီ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ကြွလာတော့ ဝေသာလီမြို့မှာ ဘေးရန်တွေကင်းပြီးတော့၊ အဲဒီ ဘေးရန်ကြီးသုံးပါး ကွယ်ပျောက်ပြီးတော့ သွားတယ်ဆိုတာ ရတနာ့သုတ်မှာ အတ္ထုပ္ပတ်ရှိခဲ့တယ်၊ ဝေသာလီမြို့မှာ ကျရောက်နေတဲ့ အငတ်ဘေးကြီး၊ တစ္ဆေ မြေဖုတ် ဘီလူးဘေးကြီး၊ ရောဂါဘေးကြီးဆိုတဲ့ ဒီဘေးကြီးသုံးပါး ပျောက်သွားတဲ့ကိစ္စမှာ, ဘုရားရှင်ကိုယ်တော်မြတ်ကြီး ကြွလာတော့တဲ့, ဘုရားရှင်လို သီလ, သမာဓိ, ပညာ ခေါင်ထိနေတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးလို ဘုန်တော်အနန္တ, ကံတော်အနန္တသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး ကြွလာတယ်ဆိုတော့၊ တန်ခိုးကြီးတဲ့ နတ်မင်းကြီးတွေ, တန်ခိုးကြီးတဲ့နတ်တွေ, တန်ခိုးကြီးတဲ့ နယ်ပိုင်ရှင် ပယ်ပိုင်ရှင်တွေ ကြွပြီးတော့လာကြတယ်, လာရောက်ပြီးတော့ အကာကွယ်ပေးကြတယ်၊ လာရောက်ပြီးတော့ စောင့်ရှောက်ကြတယ်၊ အဲဒီလို တန်ခိုးကြီးတဲ့ နတ်တွေ လာကြလို့၊ ယျှုနကပြောတဲ့ တစ္ဆေ မြေဖုတ် သရဲအစရှိသည်တွေ လွင့်သွား, စင်သွား, ပျောက်သွား, ကင်းသွား, တိမ်းသွားခြင်းဖြင့် ဝေသာလီမြို့ကြီး အန္တရာယ်ပေါင်းစုံက ကင်းခဲ့တယ်လို့ ထုံးကြီး, ရတနာ့သုတ်မှာရှိတယ် ဒကာကြီး

ဦးညွှိနေ၊ မှန်ပါဘုရား။ အဲဒီသာဓကကိုထောက်ရင်ဖြင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီး ကြွတော်မူတဲ့နေရာမှာ၊ ဘုန်းကြီးတို့ ခုကာလ လောကပြောလို ထင်လွယ်, မြင်လွယ်အောင်ပြောရရင် အင်မတန် အရာရှိအရာခံ ကြီးမားတဲ့ ရာထူးကြီးမားတဲ့ ပုဂ္ဂိုလ်ကြီးတွေ လာပြီဆိုမှဖြင့်, ဘေးက အစောင့်အရှောက်တွေ တိုင်းက, ဘာက ဆင်းလာတဲ့ အစောင့်အရှောက်တွေ မလာတတ်ဘူးလား ပရိသတ်ကြီး? လာပါဘုရား။

အဲဒီလူ့ဥပမာအတိုင်းပဲ ဘုရားရှင်မြတ်ကဲ့သို့ ဘုန်တော်အနန္တ, ကံတော်အနန္တ, ဉာဏ်တော်အနန္တသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး ကြွလာတော်မူတယ်လို့ဆိုတော့ အမရပူရမြို့ ပတ်ဝန်းကျင်မှာရှိနေတဲ့ မြို့စောင့်နတ်တွေ, သာသနာစောင့်နတ်တွေ, လောကပါလနတ်တွေ, နယ်စောင့်ပယ်စောင့်တွေမှစပြီးတော့ ကိုယ်စောင့်, အိမ်စောင့်, ရွာစောင့် အစရှိတဲ့ နတ်တွေ, ရုက္ခစိုးနတ်တွေ အဖူးမြှော်ကန်တော့ မရောက်ပေဘူးလား? ရောက်ပါတယ်ဘုရား။ အဲဒီလို တန်ခိုးကြီးတဲ့ နတ်တွေ တစ်မြို့လုံး အုပ်အုပ်ကျက်ကျက်နဲ့အဖူးမြှော်လာရောက်ပြီးတော့၊ ယနေ့ ဒကာ-ဒကာမတွေလို ကြည်သာရွှင်မြူး ဝမ်းမြောက်စွာနဲ့ ဘုရားလာဖူးကြတယ်ဆိုတော့၊ အမရပူရမြို့ထဲမှာရှိနေတဲ့ လူတွေကို မူးအောင်, ဝေအောင်, ထိပ်အောင်, လန့်အောင်, နှောက်ယှက်တတ်ပြီးတော့, စားသောက်တတ်တဲ့ တစ္ဆေ မြေဖုတ် သရဲအစရှိတဲ့ အန္တရာယ်တွေ ပရိသတ် မကင်းပေဘူးလား? ကင်းပါတယ်ဘုရား။ ဒါဖြင့် ဘုန်းကြီးတို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးတည်းဟူသော ရတနာဝင်ပြီးတော့ လာလိုက်ခြင်းကြောင့်၊ အခု ဘုန်းကြီးတို့ အမရပူရ မြို့နယ် ဘာရောက်နေတာတုန်းဆိုရင် ရတနာကြီးဝင်လာတာ၊ ပရိသတ် ဘာဝင်လာတာတုန်း? ရတနာကြီးဝင်လာတာပါဘုရား။

ရတနာမှ ပြည့်တန်ရတနာတော်ကြီး ဝင်လာတာ၊ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ ကိုယ့်အိမ်, ကိုယ့်ယာများ တကာတည်း သိန်းတန် သောင်းတန် ကျောက်မြတ်ရတနာတွေ အကြောင်းအားလျော်စွာ ရလာပြီဆိုရင်၊ တစ်အိမ်လုံး မြူးကြွပြီးတော့ ဝမ်းမသာကြဘူးလား? ဝမ်းသာပါဘုရား။ ဘာပြုလို့တုန်းဆိုတော့ သိန်းတန်, သောင်းတန် ကျောက်မျက်ရတနာကြီးက ဒို့တစ်သက်လုံး

အစားချမ်းသာအောင် ပြုပေးတော့မယ်, အဝတ်ချမ်းသာအောင် ပြုပေးတော့မယ်, အနေ ချမ်းသာအောင် ပြုပေးတော့မယ်လို့ ဆိုပြီးတော့ ဝမ်းမသာကြဘူးလား? ဝမ်းသာပါဘုရား။ အဲဒီ သိန်းတန်, သောင်းတန် ကျောက်မျက် ရတနာတွေက လောကီတရနာတွေ။

အခု ဘုရားရှင်ကိုယ်တော်မြတ်ကြီးတည်းဟူသော ရတနာက လောကုတ္တရာ ရတနာမြတ်ကြီးတဲ့၊ ဒကာ-ဒကာမတွေ စားရေး ချမ်းသာအောင်, နေရေးချမ်းသာအောင်, ဝတ်ရေးချမ်းသာအောင်သာမက သေဘေးကြီး လွတ်ပြီးတော့ ချမ်းသာအောင် ဒီရတနာကြီးက ဆောင်လိမ့်မယ့်၊ မဆောင်ဘူးလား ပရိသတ်? ဆောင်ပါဘုရား။ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ လောကီဥစ္စာ ရတနာခေါ်တဲ့ စိန်, ရွှေ, ငွေ, ကျောက်သံပတ္တမြားကြီးတွေက အအိုလွတ်အောင် တတ်နိုင်ရဲ့လား? မတတ်နိုင်ပါဘုရား။ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ ဝတ်နေကြတဲ့ လက်စွပ်တွေ အမျိုးမျိုးစွပ်ပြီးတော့ ဝတ်နေကြတဲ့, တန်ဖိုးရှိပါပေ့ဆိုတဲ့ စိန်တွေ, ပတ္တမြားတွေ, နီလာဥဿဖရားအစရှိတဲ့ ကျောက်မျက်ရတနာတွေက နာဘေးကြီးကလွတ်အောင် တတ်နိုင်ရဲ့လား? မတတ်နိုင်ပါဘုရား။ သေဘေးကြီး လွတ်အောင် တတ်နိုင်ရဲ့လား? မတတ်နိုင်ပါဘုရား။ ဟောဒီ ဘုရားရတနာတော် မြတ်ကြီးက ဒကာ-ဒကာမတွေကို အိုဘေးကြီးကလွတ်အောင်, နာဘေးကြီးက လွတ်အောင်, သေဘေးကြီးကလွတ်အောင် မတတ်နိုင်ဘူးလား? တတ်နိုင်ပါဘုရား။

ဒီဘုရားရှင်ကိုယ်တော်မြတ်ကြီး တစ်ကြိမ်တစ်ခါ လက်အုပ်ချီမိုး ရှိခိုး လိုက်တဲ့ ကုသိုလ်ကောင်းမှု စေတနာလေး အရင်းတည်ပြီးတော့၊ အိုနာသေရေး ဒုက္ခဘေးကြီး ကင်းဝေးငြိမ်းပြတ်တဲ့ သန္တိသုခဓာတ်ကြီးက အရဟတ္တမဂ်, အရဟတ္တဖိုလ်ပေါက် စခန်းရောက်ပြီးတော့သွားတဲ့ ပုဂ္ဂိုလ်တွေ၊ မရေတွက် နိုင်အောင် များခဲ့တယ်။ ဒါဖြင့် ဘုန်းကြီးတို့ ယနေ့ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို လက်အုပ်ချီမိုးရှိခိုးမှု စေတနာလေး သည်ပင်၊ အိုဘေး, နာဘေး, သေဘေးကြီးကလွတ်အောင် ပရိသတ်ကြီး မဆောင်နိုင်ဘူးလား? ဆောင်နိုင်ပါဘုရား။ ဒါဖြင့် ဒီနေ့ဝင်လာတဲ့ ရတနာကြီးက၊ ယနေ့ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေနှင့်တကွ.

အမရပူရမြို့နယ် တနယ်လုံးရှိတဲ့ လူနတ် တိရစ္ဆာန် သုံးတန်သောသတ္တဝါတွေကို အေးအောင်, ငြိမ်းအောင်, ချမ်းသာအောင်, အကျိုးဆောင်ဖို့ ရတနာကြီး ဝင်လာတယ်လို့ မဆိုနိုင်ဘူးလား? ဆိုနိုင်ပါတယ်ဘုရား။

**"သူတော်သွားလမ်း, မိုးကြိုးဖြန်း, အေးချမ်းလှပါပေ"**- တဲ့ သူတော်ကောင်းဓာတ် ရတနာတော်ကြီးတွေ လာပြီဆိုလို့ရှိရင် အကုန်လုံး လမ်းကြီးက မိုးကြိုးဖြန်းသလိုပဲတဲ့၊ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ မိုးကြီးများရွာပြီးတော့ သွားလိုက်တော့၊ မိုးကြိုးဖြန်း မိုးကြီးရွာ သွားလိုက်တော့၊ အဲဒီမိုးရွာသွားတဲ့ တလမ်းလုံး စိုလို့, စိမ်းလို့၊ ရှိသမျှ ဖုန်တွေ အမိုက်တွေ သရိုက်တွေ သန့်ရှင်းကင်းသွားပြီးသကာလ ကြည်လင်တောက်ပ အေးမြ သွားတဲ့အပြင်၊ နွမ်းနေတဲ့သစ်ပင်တွေ လန်းလာတယ်, သေနေတဲ့သစ်ပင်တွေ ရှင်လာတယ်, ကောက်ပဲသီးနှံတွေ ရှင်လန်းဖွံ့ဖြိုးလာပြီးသကာလ အားလုံး သတ္တဝါတွေ ချမ်းသာပြီးတော့ လာကြလို့ **"သူတော်သွားလမ်း, မိုးကြိုးဖြန်း, အေးချမ်းလှပါပေ"** တဲ့၊ သူတော်ကောင်းကြီးတွေ, သူတော်ကောင်း ရတနာ ဓာတ်ကြီးတွေ၊ သူတော်ကောင်းဖြစ်တဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးကြီး တွေရဲ့ သွားလမ်းက အေးချမ်းတယ်၊ ဘာနဲ့တူတုန်းဆိုတော့ မိုးကြိုးဖြန်းသလို ဘာနဲ့တူတုန်း ပရိသတ်ကြီး၊? မိုးကြိုးဖြန်းသလိုဖြစ်ပါဘုရား၊ မိုးကြိုးဖြန်းတော့ စိုပြီးတော့ အေးမသွားဘူးလား? အေးပါတယ်ဘုရား၊ အညစ်ကြေးရှိသမျှလည်း စင်မသွားဘူးလား? စင်သွားပါတယ်ဘုရား၊ ကောက်ပဲသီးနှံတွေ ဖွံ့ဖြိုး တိုးတက်ပြီးသကာလ သတ္တဝါတွေ, ပတ်ဝန်းကျင်သတ္တဝါတွေ မချမ်းသာဘူးလား? ချမ်းသာပါဘုရား။ ကိုင်း ဒါဖြင့် ဆိုလိုက်စမ်းပါ။......

### ❖ သူတော်သွားလမ်း, မိုးကြိုးဖြန်း, အေးချမ်းလှပါပေ။ ( ၂ ခေါက်)

ဘုရားရတနာတော်မြတ်ကြီးက သူတော်ကောင်းထဲမှာမှ ထိပ်ဆုံး သူတော်ကောင်းကြီးမဟုတ်လား? မှန်လှပါဘုရား။ အဲဒီ ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ သက်တော်ထင်ရှား ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ရုပ်ပွား ဆင်းတုတော်မြတ်ကြီး၊ ရုပ်ပွားဆင်းတုတော်မြတ်ကြီးဆိုလို့ သက်တော်ထင်ရှား

ဘုရားရှင်ကိုယ်တော်မြတ်ကြီးနဲ့ မတူဘူးလို့ စိတ်ထဲကများ သွားမမှတ်လိုက်နဲ့ ကိုယ်စားတော်လို့ခေါ်တယ်။ ဒီတော့ ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ ဒါ အရုပ်ကြီးပဲလို့ စိတ်ကသွားထားလို့ရှိရင် ဒါ တော်ပါ့မလား? မတော်ပါဘုရား။ ကိုယ်စား ဆိုတော့၊ ခုနက လောက လောဘဒေါသမကင်းသူတွေရဲ့ သမတ ဝန်ကြီးချုပ်တွေရဲ့ အဖွဲ့ရဲ့ကိုယ်စားဖြစ်တဲ့ သံတမန်ကြီးကိုပင်လျှင် ဘုန်းကြီးတို့ အရေးတယူပြုရရင်။ အခု ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ကိုယ်စားတော် လို့ဆိုတော့ သူတော်ကောင်းကြီးတွေက အလေးပြုကြတယ် မပြုဘူးလား? ပြုပါတယ်ဘုရား။

ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ ခုနက လက်အုပ်ချီမိုးရှိခိုးလို့ အားမရ၊ တချို့ကလည်း နှုတ်က တတွတ်တွတ်နဲ့ ကန်တော့လို့မဆုံး၊ ပန်းတွေနဲ့ပူဇော်ကြ လျှူဖွယ်တန်းဖွယ် နဝကမ္မတွေနဲ့ ပူဇော်ပြီးတော့ နေကြတာ၊ အသားရုပ်ကြီး ဆိုတဲ့အနေနဲ့ ပူဇော်တာလား? ဘုရားရှင်ကိုယ်စားအနေနဲ့ ပူဇော်တာလား? ဘုရားရှင်ကိုယ်စားအနေနဲ့ ပူဇော်တာပါဘုရား။ ဩော်.....စိတ်က ဘုရားရှင် ကိုယ်တော်မြတ်ကြီးထိ, ဒီရုပ်ပွားတော်ကြီးက တစ်ဆင့်၊ သက်တော်ထင်ရှား ဘုရားရှင် ကိုယ်တော်မြတ်ကြီးအထိ ပို့မပေးဘူးလား? ပို့ပေးပါဘုရား။ အဲဒီ ပို့ပေးလိုက်တော့ ကုသိုလ်ကောင်းမှုတွေ မပွားဘူလား? ပွားပါဘုရား။

အဲဒီကုသိုလ်ကောင်းမှုတွေက အေးစေမှာလား ပူစေမှာလား? အေးစေမှာပါဘုရား။ ဒကာ–ဒကာမတွေ ဘေးရန်အန္တရာယ် ကင်းစေမှာလား ပေါ်လာမှာလား? ကင်းစေမှာပါဘုရား။ ဒကာ–ဒကာမတွေရဲ့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကိုဆောင်မှာလား ကိုယ်စိတ်ဆင်းရဲကို ပို့မှာလား? ချမ်းသာကို ပို့မှာပါဘုရား။ ကဲ ဒါဖြင့် ဆိုလိုက်စမ်းပါ–

- **သူတော်သွားလမ်း, မိုးကြိုးဖြန်း, အေးချမ်းလှပါပေ။**
- **သူမိုက်သွားလမ်း, မီးလောင်ကျွမ်း, ဘေးဘယန်းထူလှချေ။**

ဟော–သူယုတ်မာတို့ရဲ့သွားလမ်း သူမိုက်တို့ရဲ့သွားလမ်းကြတော့ မီးလောင်ကျွမ်းသို့....တဲ့။ မသူတော်တွေရဲ့ သွားလမ်း, လူယုတ်မာတွေရဲ့

သွားလမ်း, လူမိုက်တွေရဲ့ သွားလမ်းကတော့ မီးလောင်တဲ့လမ်းကြီးလို့ပဲ၊ မီးများလောင်ပြီဆိုတော့ ပရိသတ်ကြီး မဲ မကျန်ရစ်ဘူးလား? မဲကျန်ရစ်ပါတယ် ဘုရား။ နက်မှောင်မကျန်ရစ်ဘူးလား? ကျန်ရစ်ပါတယ်ဘုရား။ ညစ်ပေပြီးတော့ မကျန်ရစ်ဘူးလား? ကျန်ရစ်ပါတယ်ဘုရား။ ညစ်ပေရုံတင်မက တိုင်တွေ. အိမ်တွေ. အဆောက်ဦးတွေ မီးလောင်ထားလို့ ပြတ်တာကပြတ်, ကျိုးတာကကျိုး, ပဲ့တာကပဲ့တဲ့အပြင် အကုန်လုံး စိတ်မချမ်းသာစရာ, ကိုယ်မချမ်းသာစရာ, ပတ်ဝန်းကျင် စိတ်မချမ်းသာစရာ ဆင်းရဲဖို့ မဖြစ်ဘူးလား? ဖြစ်ပါတယ်ဘုရား။ ဒါကြောင့် မသူတော်တွေရဲ့သွားလမ်းက မီးကြီးလောင်ကျွမ်းသလိုပဲ။ ဆင်းရဲ ဒုက္ခတွေ ဘေးဘယန်းတွေပေါ်တယ်။ ဒါကြောင့် ဆိုလိုက်စမ်းပါ—

❖ **သူမိုက်သွားလမ်း, မီးလောင်ကျွမ်း, ဘေးဘယန်းထူလှချေ။**
**သူတော်သွားလမ်း, မိုးကြီးဖြန်း, အေးချမ်းလှပါပေ။**

အခု အညာသီဟတော ဗုဒ္ဓရုပ်ပွားတော် ဆင်းတုတော်မြတ်ကြီး၊ ပြာသိုလ်လပြည့်ကျော် (၉)ရက်နေ့က ဘုန်းကြီးတို့ အမရပူရမြို့ကို တစ်ပတ် ပတ်ပြီးတော့ ကြွတော်မူလိုက်တာ၊ ပရိသတ်ကြီး မိုးကြီးဖြန်းသလို မနေဘူးလား? နေပါဘုရား။ အဲဒီပတ်ဝန်းကျင်မှာရှိတဲ့ ဒကာ–ဒကာမပေါင်း သူတော်ကောင်း တွေက လက်အုပ်ချီမိုး ရှိခိုးကြ၊ ပန်းတွေနဲ့ ပူဇော်ကြ. လှူဖွယ်တန်းဖွယ်တွေ ထွက်ပြီးကော့ လှူကြဆိုတဲ့ ကုသိုလ်ကောင်းမှုတွေ မဖြစ်ဘူးလား? ဖြစ်ပါတယ် ဘုရား။ အဲဒီ ကောင်းမှုစေတနာတွေက ဒီ ဒကာ–ဒကာမအပေါင်း တစ်မြို့လုံးနှင့် တကွ မြို့မ ရပ်ရပ်ကွက်နှင့်တကွ၊ မြို့နယ်ရှိ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေကို အေးချမ်းအောင် အကျိုးဆောင်မယ်....တဲ့၊ အေးစေမယ်၊

ဒီတော့ ဒီရတနာကြီး ဝင်လာတာဟာ ဘုန်းကြီးတို့ လူနတ် တိရစ္ဆာန် သုံးတန်သောသတ္တဝါတွေ အေးချမ်းဖို့ရာ သေချာမသွားဘူးလား? သေချာပါဘုရား။ အဲဒီ ဘုရားကိုယ်တော်မြတ်ကြီး တည်းဟူသော ရတနာကြီးဝင်လာလို့, အပြတ်ဆုံးဖြစ်တဲ့ ရတနာကြီး. (ဝါ) အိုဘေး, နာဘေး, သေဘေးတွေကို ...င်းဝေးငြိမ်းပြတ်စေတတ်တဲ့၊ ရတနာကြီး ဝင်တော်မူလာလို့ ဒီနေ့ ဘုန်းကြီးတို

ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေ စုပေါင်းပြီးသကာလ လှူဒါန်းပူဇော် လိုက်ကြတာ၊ ဘုရားကိုပူဇော်ရတဲ့ ကောင်းမှုကြီးတွေ, ငွေလေးသောင်းကျော်တဲ့ အခု နဝကမ္မတင်ပဲ၊ ဩဝါဒစရိယဆရာတော်ကြီးတွေ သုံးရက်တိုင်တိုင် ဆွမ်းကပ်ကြ, မနက်က သံဃာတော် (၁၀၈)ပါးနဲ့ အနေကဇာတင် မင်္ဂလာ ဆင်ယင်ကျင်းပပြီးတော့ ပူဇော်ကြ၊ ပရိသတ်အပေါင်း သူတော်ကောင်းတွေက လာရောက်ပြီးတော့ ပူဇော်ကြ၊ ကျွေးမွေးကြ, ညွှန်ကြားခံကြနဲ့ ကောင်းမှုရတနာတွေ တိုးပွားပြီးတော့လာလိုက်ကြတာ၊ အခု ဘုရားရတနာပူဇော်တဲ့ ကောင်းမှုတင်မကာ၊ ဘုရားသားတော် သံဃာတော်တွေ ပူဇော်ရတဲ့ ကောင်းမှုရတနာတွေကော မတိုးဘူးလား? တိုးပါတယ်ဘုရား။ တရားပွဲကြီး သုံးညတိုင်တိုင် ဆင်နွှဲကျင်းပတော့ တရားပူဇော်တဲ့ ကောင်းမှုကြီးကော မတိုးဘူးလား? တိုးပါတယ်ဘုရား။ ဒါဖြင့် ဘုရားပူဇော်, တရားပူဇော်, သံဃာပူဇော်ဆိုတဲ့ ကောင်းမှု ရတနာကြီးသုံးရပ် ဖြစ်မသွားဘူးလား? ဖြစ်သွားပါဘုရား။

## "ဗုဒ္ဓဿပူဇာ မဟာတေဇဝဍ္ဎော" တဲ့–

ဗုဒ္ဓဿ–သက်တော်ထင်ရှား ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို သော်၎င်း။ သက်တော်ထင်ရှား ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ ကိုယ်စားတော်ဖြစ်တော်မူတဲ့ ရုပ်ပွားတော်, စေတီတော်, ဓာတ်တော် အစရှိသည်တို့ကို၎င်း။ ပူဇာ–လက်အုပ်ချီမိုး ရှိခိုးပူဇော်ခြင်း, အရိုအသေပေး၍ ပူဇော်ခြင်း, တတ်နိုင်သမျှသော ဆွမ်း, ပန်း, သစ်သီး, မီး, အမွှေးတိုင်အစရှိသည်တို့ဖြင့် လှူဒါန်းပူဇော်ခြင်းဆိုတဲ့ ပူဇော်သမှုကို ပြုခြင်းသည်။ မဟာတေဇဝဍ္ဎော–ဘုန်းတန်ခိုးတေဇော် အာနုဘော် အရှိန်အဟုန် ကြီးပွား၍ လာစေတတ်သည်။ ဟောတိ–မုချမသွေ ဖြစ်ရပါပေသတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

ဘုရားရတနာတော်ကို ပူဇော်တဲ့အတွက်, ပစ္စုပ္ပန်မှာ လောလော လတ်လတ် ဘာအကျိုးထူးတရားများ ရတတ်တုန်းဆိုတော့၊ **"ဘုရား ကိုးကွယ် တန်ခိုးကြွယ်"** တဲ့၊ ဟော–ဘုရားကို ပူဇော်ကန်တော့လေ့ရှိ, ဘုရားကိုပူဇော်, လက်အုပ်ချီပြီးတော့ပူဇော်, အရိုအသေပေးပြီးတော့ ပူဇော်, ကိုယ်လေး

ကိုင်းညွတ်ပြီးတော့ ပူဇော်၊ အဲဒီ ကိုယ်နဲ့ပူဇော်, နှုတ်နဲ့ တွတ်တွတ်ရွတ်ဆိုပြီးတော့ နှုတ်နဲ့ပူဇော်၊ စိတ်ထဲက အာရုံပြုပြီးတော့ စိတ်နဲ့ပူဇော်ဆိုတဲ့ ပူဇော်မှု၊ အာ—ဒီထက် တတ်နိုင်သေးရင် ပန်းနဲ့ပူဇော်, ဆီမီးနဲ့ပူဇော်, အမွှေးတိုင်နဲ့ပူဇော်, နဝကမ္မတွေနဲ့ ကျောင်းဆောင်ကြီးကို ရည်မှန်းပြီးတော့ စေတီတော်ဟောင်းကြီး ပြင်ဖို့ရာအတွက်၊ စေတီတော်ကြီးကို ရည်မှန်းပြီးတော့ ပူဇော်ဆိုတဲ့၊ ပူဇော်သမှုကိုပြုရင်တဲ့။ မဟာတေဇဝဍ္ဎနော–တန်ခိုးကြီးလာစေတယ်, အရှိန်ကြီးလာစေတယ်, သတ္တိကြီး လာစေတယ်, အာနုဘော်တွေ ကြီးလာစေတယ်, ဂုဏ်သိက္ခာတွေ တိုးပွား စည်ပင်ပြီးတော့ လာစေတတ်တယ်။

ဘုရားကို ကိုးကွယ်ပူဇော်တဲ့ ကောင်းမှုကြီးက ပစ္စုပ္ပန်မှာ ဘာအကျိုး ပေးတုန်းဆိုတော့ တန်ခိုးကြီးစေတတ်တယ်၊ မဟာတေဇ ဝဍ္ဎဆိုတာ တေဇဆိုတာ တန်ခိုး။ တန်ခိုးဆိုတာ အစွမ်း။ အစွမ်းဆိုတာ သတ္တိ။ မိမိရဲ့ အရှိန်တွေ, သတ္တိတွေ, တန်ခိုးတွေ, အဟုန်တွေ, ကြီးထွားလာစေတတ်တယ်။ တိုးတက် လာစေတတ်တယ်၊ စည်ကား လာစေတတ်တယ်၊ အဲဒီတန်ခိုးတွေ, အရှိန်တွေ, အဟုန်တွေ, သတ္တိတွေ ကြီးပွားတိုးတက်လာလေလေ မိမိရဲ့သြဇာတွေ ရောက် လေလေ, ပတ်ဝန်းကျင်ရဲ့ အလေးစားတွေ ခံရလေလေ, ပတ်ဝန်းကျင်ရဲ့ မတော်လော်မာ လုပ်ကြံမှုတွေ, မတော်လော်မာ ကြံစည်မှုတွေပင်လျှင်, မထိမခိုက် မရောက်နိုင်အောင် တန်ခိုးကြီးမားတဲ့အဖြစ်ကို ရောက်နိုင်တယ်တဲ့။ ဘာပြုလို့ တုန်းဆိုတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက တန်ခိုးတော်ရှင်ကြီးလေ၊ မှန်လှပါဘုရား။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး, ဓာတ်တုံး ဓာတ်ခဲကြီးက, အနန္တ တန်ခိုးတော်ရှင် မဟုတ်လား? မှန်လှပါဘုရား။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို တစ်စုံတစ်ယောက်က သတ်လို့ ရရဲ့လား? မရပါဘုရား။

**"ဗုဒ္ဓါနံ ဇီဝိတဿ နသက္ကာ၊ ကေနစိ အန္တရာယော ကာတုံ"**

ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့ရဲ့ အသက်ကို၊ တစ်စုံတစ်ယောက်က လုပ်ကြံ သတ်ဖြတ်လို့ မရစကောင်းတဲ့၊ ဘာလို့ မရစကောင်းတုန်းလို့ဆိုတော့ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းလုံးလုံး သူ့ခန္ဓာကိုယ်တော်ကြီးကို စိန်တုန်းကြီးလို၊ ပါရမီတော် တွေနဲ့ထုံပြီးတော့ သူများတွေ လုပ်ကြံလို့ မရ၊ သတ်ဖြတ်လို့ မရ၊ ညှင်းဆဲလို့

မရအောင် သူ့ရဲ့ခန္ဓာခတ်တော်ကြီးကို အမတခတ်တော်ကြီးကို ကိန်းနေအောင်၊ ပါရမီတော်တွေ ဖြည့်ပြီးတော့လာခဲ့တဲ့ သိပ်သီးနေတဲ့ ခတ်တုံးခတ်ခဲကြီး ဖြစ်မနေဘူးလား? ဖြစ်နေပါဘုရား။ ဒီတော့ အဲဒီဘုရားကို ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ လက်အုပ်ချီလိုက်, ရှိခိုးလိုက်, ကန်တော့လိုက်ဆိုတော့၊ အဲဒီဘုရားခတ်ကြီးက ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ စိတ်ထဲ ရောက်မလာဘူးလား? ရောက်လာပါဘုရား။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးတည်းဟူသော စိန်တုံး, စိန်ခဲ၊ အင်မတန် တန်ခိုး တော်အနန္တနှင့်ပြည့်စုံတဲ့ ခတ်တုံး, ခတ်ခဲကြီးက၊ ဒကာ–ဒကာမ တွေရဲ့ ဝမ်းထဲမှာ ရောက်လာတယ်။ ဒကာ–ဒကာမတွေ လက်အုပ်ထိပ် ရောက်လာတယ်။ ဒကာ–ဒကာမတွေရဲ့နှုတ်ဖျား ရောက်လာတယ်။ နှုတ်က ဘုရားဂုဏ်တော်တွေရွတ်တော့ နှုတ်ထဲရောက်မလာဘူးလား? ရောက်လာပါ ဘုရား။ စိတ်ထဲရော ဝင်မလာဘူးလား? ဝင်လာပါဘုရား။ ဘုရားရဲ့တန်ခိုးတွေ. ဘုရားရဲ့အရှိန်တွေ. ဘုရားရဲ့အဟုန်တွေ. ဘုရားရဲ့ သတ္တိတွေက အဲဒီ အမျိုးကောင်းသား, အမျိုးကောင်းသမီးရဲ့ ဝမ်းထဲရောက်လာပြီးတော့ ခတ်ကူးတယ်....တဲ့။ ခတ်ကူးတယ်။ ဒါ့ကြောင့် စာကများဆိုတယ်– **"ဗုဒ္ဓဿဃပူဇာ မဟာတေဇဝဍ္ဎော" "ဗုဒ္ဓဂုဏ်. ပွားသူမှန်. ခန္ဓာစေတီထိုက်"**။ ဘုရားဂုဏ်ကို ပွားလေ့ရှိတဲ့ပုဂ္ဂိုလ်ရဲ့ ခန္ဓာကိုယ်ကြီးဟာ စေတီလို ဖြစ်လာတယ်။ ဘုန်းကြီးတို့ လောကမှာ စေတီကြီးတွေဆို ရှိခိုးကြရတယ် မဟုတ်လား? ရှိခိုးပါဘုရား။ အဲသလိုပဲ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ခတ်တော်တွေ ကိန်းဝပ်တော်မူတဲ့ စေတီပုထိုးကြီးလိုပဲ။......

## ဗုဒ္ဓဂုဏ်. ပွားသူမှန်. ခန္ဓာစေတီထိုက် ..... တဲ့။

မိမိရဲ့ခန္ဓာကိုယ်ကိုပဲ၊ မြတ်စွာဘုရား စေတီတော်ကြီးလိုကို ဖြစ်လာတယ် ....တဲ့။ ဘာပြုလို့တုန်းဆိုတော့ ဘုရားက ဝမ်းထဲ ခဏ ခဏရောက်နေတာ။ ဘုန်းကြီးတို့လောကရှိနေတဲ့ ချွန်ချွန်စေတီတော်ကြီးတွေရဲ့အတွင်းမှာ ဘုရား ခတ်တော်တွေ မရှိဘူးလား? ရှိပါဘုရား။ ရုပ်ပွားဆင်းတုတော်တွေ အဲဒီစေတီ

ခေါင်းထဲမှာ မရှိဘူးလား? ရှိပါဘုရား။ အဲသလိုပဲပေါ့ ။ အဲဒီအမျိုးကောင်းသား အမျိုးကောင်းသမီးရဲ့ ဝမ်းထဲမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး မပြတ်မပြတ် ရောက်နေတယ်။ ရောက်မှာပေါ့ သူက လက်အုပ်ချီလိုက် နှုတ်ကရွတ်ပြီး ကိုယ်က ရှိခိုးလိုက်ဆိုတော့ စိတ်ထဲမှာ ဘုရားဝင်.ဝင်မလာဘူးလား? ဝင်လာပါ ဘုရား။ စိတ်ထဲ ဘုရားရောက်လာလိုက်သည်နှင့် တစ်ပြိုင်နက်၊ ဒီ ဘုရားရဲ့ တန်ခိုးတော်တွေ, ဓာတ်တော်တွေ, အရှိန်တော်တွေ, သတ္တိ တော်တွေက, အဟန်တော်တွေ, အဟုန်တော်တွေက မကူးဘူးလား? ကူးပါဘုရား။ ကူးတယ်။ ဒကာ–ဒကာမတွေ ယုံယုံကြည်ကြည် အာရုံပြုကြနော်–မှန်ပါဘုရား။

ဒါ့ကြောင့် ဘုရားဂုဏ်အာရုံပြုတဲ့သူ အန္တရာယ် ကင်းတယ်၊ ဘေးရှင်းတယ်။ ဘာပြုလို့တုန်း ဘုရားဓာတ်တွေက ကူးနေတာကိုး။ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို ပစ်လို့ခတ်လို့, သတ်လို့, ရပ့်မလား? မရပါဘုရား။ မာရ်နတ်မင်းက ဓားမိုး, လှံမိုး, မီးကျိုးမိုး တွေနဲ့ ပစ်တယ်။ ခတ်တယ်။ ဘုရားနားရောက်တော့ ပန်းတွေ ဖြစ်တယ်, ပန်းကုံးတွေ ဖြစ်တယ်, ပန်းဆိုင်းတွေ ဖြစ်တယ်။ အာဠာဝက ဘီလူးကြီးက ဓားမိုး, လှံမိုး, မီးကျိုးမိုးကို ရွာဖြိုးသွန်းချ ရန်းမီးကျသို့–အာဠာဝကဘီလူးကြီးက တညလုံးလုံး။ ဓားတွေနဲ့ပစ်, လှံတွေနဲ့ပစ်, မျှားတွေနဲ့ပစ်, မိုန်းတွေနဲ့ပစ်, တင်းပုတ် ပုဆိန်တွေနဲ့ပေါက်နဲ့ အမျိုးမျိုး ပေါက်လိုက်တာ။ ဘုရားရှင် ကိုယ်တော်မြတ်ကြီးနားရောက်လို့ရှိရင် ပန်းကုံးတွေ, ပန်းဆိုင်းတွေ, ပန်းပွားတွေ အမျိုးမျိုးဖြစ်ပြီးသကာလ ကျတယ်။ အဲဒါ ဘုရားကိုယ်တော်မြတ်ကြီးရဲ့ တန်ခိုးတော်, အရှိန်တော်, သတ္တိတော်တွေ။ အခုမှ အချောင်ရတာမဟုတ်ဘူး။ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းလုံးလုံး ပါရမီတော်တွေ ဖြည့်ပြီးတော့ ထုံလာတဲ့ ခန္ဓာဓာတ်ကြီး ဖြစ်နေတော့ ခံနိုင်ရည်ရှိတယ်။ အဲဒီဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ ဓာတ်တော်တွေ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေရဲ့ ဝမ်းထဲမှာ ရောက်ရောက်လာတော့။ ဘုရားကိုးကွယ် တန်ခိုးကြွယ်....တဲ့။ တန်ခိုးတွေကြီးကုန်တာတဲ့။ ပစ္စုပ္ပန်မှာ ဒီအကျိုးရတဲ့အပြင်၊ သံသရာကြတော့ ဘာအကျိုးရတုန်းဆိုတော့–အပါယ်မကျ, နိဗ္ဗာန်ရ၊ အပါယ်လေးပါး ဘယ်တော့မှ မကျဘူး။ ဘုရားကိုးကွယ်တဲ့အတွက် အပါယ်လေးပါး ကျမသွားဘူးတဲ့။ ငရဲ မရောက်ဘူး၊ တိရစ္ဆာန်မဖြစ်ဘူး၊

ပြိတ္တာမဖြစ်ဘူး၊ အသူရကာယ် မဖြစ်ဘူး။ အဲဒီ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် အပါယ်လေးပါး ချောက်ကြီးထဲ ကျမသွားအောင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးက မ,ထားတော်မူတယ်၊ ကယ်ထားတော်မူတယ်၊ ဆွဲထားတော်မူတယ်၊ မြှောက်ထားတော်မူတယ်၊ ပင့်ထားတော်မူတယ်။ တကယ် လက်နဲ့ ဆွဲတာမဟုတ်ဘူး ကိုယ်က ဘုရားကိုအာရုံပြုနေတော့၊ ဘုရားက ကိုယ့်ဝမ်းထဲ ရောက်နေပြီးတော့၊ ဘုရားဓာတ်တွေကူးပြီးတော့၊ ကိုယ်က ချောက်ထဲ ကျနိုင်သေးရဲ့လား? မကျနိုင်ပါဘုရား။ ကိုင်း—ဒါဖြင့် ဆိုလိုက်စမ်းပါ—

## ❖ ဘုရားကိုးကွယ်, တန်ခိုးကြွယ်, အပါယ်မကျ, နိဗ္ဗာန်ရ။

အပါယ်မကျတဲ့အပြင် နောက်ဆုံး အို, နာ, သေလွတ်တဲ့နိဗ္ဗာန်ကို ရသွားစေနိုင်တယ်။ ဒါဖြင့် တရားတော်ကို ကိုးကွယ်တာကကောလို့ ဆိုတော့—

**ဓမ္မဿပူဇာ မဟာပညဝန္တော။**

ဓမ္မဿ—တရားတော်မြတ်ကို။ ဓမ္မဿ—မဂ်လေးတန်, ဖိုလ် လေးတန်, နိဗ္ဗာန်ပရိယတ် ဆယ်တန်သောတရားတော်မြတ်ကို။ ပူဇာ—လက်အုပ်ချီမိုး ရှိခိုး၍ပူဇော်ခြင်း, တရားတော်မြတ်ကို ရွတ်ဖတ် သရဇ္ဈာယ်၍ပူဇော်ခြင်း, ထိုတရားတော်မြတ်အတိုင်း လိုက်နာကျင့်ကြံ ကြိုးကုတ်အားထုတ်ပြီးတော့ ပူဇော်ခြင်း, ထိုတရားတော်မြတ်ကို ဝိပဿနာတရား ရှုပွားပြီးတော့ ပူဇော်ခြင်း, ကျင့်ကြံပြီးတော့ ပူဇော်ခြင်းလို့ဆိုတဲ့ ပူဇော်ခြင်းကို ပြုခြင်းသည်၊ မဟာပညဝန္တော— အသိဉာဏ် ပညာဓာတ်တွေ တဖြေးတဖြေး ကြီးထွားကြီးပွား၍ လာတတ်သည်။ ဟောတိ—မုချမသွေ ဖြစ်ရပါပေသတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

တရားတော်ကို ကိုးကွယ်ပူဇော်တဲ့အတွက်၊ ပစ္စုပ္ပန်အကျိုး ဘာရတုန်း ဆိုတော့—ပညာတိုးပွားပြီးတော့ လာစေတတ်တယ်....တဲ့။ ဘုန်းကြီးတို့ ဒကာ- ဒကာမတွေ တရားပူဇော်တယ်ဆိုတာ၊ အခု ဒကာ-ဒကာမတွေ ဟောဒီတရား လာပြီး ထိုင်နာနေတာ၊ အဲဒါ တရားပူဇော် နေတာခေါ်တယ်။ တရားနာတဲ့ ဓမ္မဿဝနကုသိုလ်ကြီးဖြစ်နေတော့၊ တရားဟောတဲ့ဘုန်းကြီးနဲ့ ဟောနေတဲ့

တရားတွေကို လက်အုပ်ကလေးတွေ ချီ, ဒူးလေးတွေတုပ်ပြီး အခု နာယူမနေဘူးလား? နာယူနေပါဘုရား။ အဲဒါ တရားပူဇော်နေတာခေါ်တယ်။ အဲဒီတရားပူဇော်တော့ ပစ္စုပ္ပန် ဘာအကျိုးရတုန်းဆိုတော့-ဉာဏ်ကြီးတယ်, ဉာဏ်တိုးပွားတယ်, အသိဉာဏ်တိုးတယ်။

အခု ဘုန်းကြီးဟောတဲ့တရားကို ဘုန်းကြီးကိုယ်တိုင် ဘုန်းကြီး ဝမ်းထဲက ဘုန်းကြီးကိုယ်တိုင်ဖြစ် တရားဟောနေတာ မဟုတ်ဘူး။ ဘုရားကိုယ်တော်မြတ်ကြီး (၄၅)ဝါလုံးလုံး ဟောထားတော်မူတဲ့ တရားတော်တွေကိုယူပြီးတော့ ဘုန်းကြီးကတစ်ဆင့် ဖောက်သည် ချနေရတာမဟုတ်လား? မှန်လှပါဘုရား။ ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၊ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ မွှေနှောက်ပြီးတော့ ဟောတော်မူထားခဲ့တဲ့ တရားတော်တွေ။ အသိဉာဏ်ပေးထားခဲ့တဲ့ အသိတွေကို ဘုန်းကြီးတစ်ဆင့်ပြောလိုက်တော့၊ ဒကာ-ဒကာမတွေ မသိသေးတာတွေ သိမလာဘူးလား? သိလာပါဘုရား။ သိပြီးသားတွေလဲ ရှင်းမသွားဘူးလား? ရှင်းသွားပါဘုရား။ ဒါဖြင့် "တရားနာလျှင်, သဒ္ဓါရှင်, ပညာအသိတိုး" တရားနာတော့ သဒ္ဓါတရားတွေ တိုးတက်လာပြီးတော့ ပညာအသိတွေ မတိုးဘူးလား? တိုးပါတယ်ဘုရား။ ဆိုလိုက်စမ်းပါ—

## ❖ တရားနာလျှင်, သဒ္ဓါရှင်, ပညာအသိတိုး။ သိတာကျင့်မှ, မဂ်ဖိုလ်ရ, မုချကိုယ့်အကျိုး။

တရားနာလျှင် သဒ္ဓါရှင် ပညာအသိတိုး....။ အခု တရားနာ လိုက်တော့ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ မသိသေးတာတွေ သိရတယ်ဆိုတော့ ပညာတိုးတာလား, ယုတ်တာလား? တိုးပါတယ် အသိဉာဏ်တိုးတာလား, ယုတ်တာလား? တိုးတာပါဘုရား။ အဲဒီ သိလာတဲ့ဟာကို ကျင့်တော့မှ မဂ်ဖိုလ်ရတယ်လို့ မဆိုဘူးလား? ဆိုပါတယ်ဘုရား။ ဟော....ဒီတော့ တရားနာလိုက်တော့ အသိတွေ သိလာတယ်။ အဲဒီအသိအတိုင်း ထပ်ပြီးတော့ ကျင့်လိုက်တော့မှ၊ နောက်ထပ်အသိတွေ တိုးလာမယ်။ အခု ဒကာ-ဒကာမတွေ တရား နာလိုက်လို့သိတဲ့အသိက သုတမယဉာဏ်သိခေါ်တယ်။ ဒီလိုလုပ်ရင် ဒီလိုကုသိုလ်တွေရသတဲ့၊ ဒီလိုကျင့်ရသတဲ့၊ ဒီလိုကြံရသတဲ့၊ ရုပ်က ဒါ, နာမ်ကဒါ,

မဂ်ကဒါ, ဖိုလ်ကဒါ, နိဗ္ဗာန်ကဤသို့နဲ့ ဆိုပြီးတော့ အသိတွေ သိမသွားဘူးလား? သိသွားပါဘုရား။

အဲဒီသိတာကိုကျင့်မှ မဂ်ဖိုလ်ရတယ်....တဲ့၊ အဲဒီသိတာတွေကို ကျင့်လိုက်တော့မှ ကျင့်တဲ့အတွက် သိတဲ့မဂ်ဖိုလ်သိတွေ မလာဘူးလား? လာပါဘုရား။ အသိအသိချင်း မျှားယူတာ ပရိသတ်ကြီး။ လောကမှာ အသိအသိချင်း မျှားယူဖို့ရာက အရေးအကြီးဆုံး။ ဒါပြင် လောက စည်းစိမ်တွေ စည်းစိမ်ချင်း ဒကာ–ဒကာမတွေကတော့ မျှားတတ်တယ်။ အသိအသိချင်းကတော့ မမျှားဘူး။ မဂ်ဖိုလ်အသိတွေရချင်ရင် အခုလို သုတမယဉာဏ် တရားနာတဲ့ဉာဏ်တွေနဲ့ လမ်းမှန်အောင်ကျင့်တတ်တဲ့ အသိတွေကိုသိဖို့ မလိုဘူးလား? လိုပါတယ်ဘုရား။ ကိုယ်လိုချင်တဲ့ ပန်းတိုင်တစ်ခု လမ်းဆုံးပေါက်အောင်ရောက်ဖို့ရာ အထက်လမ်းဆုံး ပေါက်အောင် ရောက်သွားဖို့ မလိုဘူးလား? လိုပါတယ်ဘုရား။ လမ်းမှန်သွားဖို့ရာအတွက်က ဒီလမ်းကမှန်တယ်၊ ဒီလမ်းကမှားတယ်ဆိုတဲ့ အသိကော မလိုဘူးလား? လိုပါတယ်ဘုရား။ အခုတရားနာနေတာဟာ အဲဒီ လမ်းဖြောင့်ဖြောင့်သွားတတ်တယ်လို့ မဆိုရဘူးလား? ဆိုရပါတယ်ဘုရား။ ဒါဖြင့် တရားနာလို့ရှိရင် အသိဉာဏ်တိုးတယ်၊ အဲဒီအသိအတိုင်း ကျင့်မှ မဂ်ဖိုလ်ရတယ်။ ဒါ့ကြောင့် ဆိုလိုက်စမ်းပါ—

## ❖ တရားနာလျှင်. သဒ္ဓါရှင်. ပညာအသိတိုး။
## သိတာကျင့်မှ. မဂ်ဖိုလ်ရ. မုချကိုယ့်အကျိုး။

ဒါဖြင့်—တရားပူဇော်တယ်ဆိုတာ တရားနာတာလဲ တရားပူဇော်တာပဲ။ ဓမ္မက္ခန္ဓာ စေတီတော်မြတ်ကြီးတွေကို ပူဇော်တာပဲ။ နာမရူပပရိစ္ဆေဒဉာဏ်တွေပေါ်၊ နာမရူပပရိစ္ဆေဒဉာဏ်. နာမ်ရုပ်ပိုင်းခြားသိတဲ့ ဉာဏ်တွေကတစ်ဆင့်တက်လိုက်တော့၊ ဖြစ်ပျက်မြင်တဲ့ ဥဒယဗ္ဗယဉာဏ်တွေပေါ်။ အဲဒီက တစ်ဆင့်တက်လိုက်တော့၊ နိဗ္ဗိန္ဒ ဉာဏ်တွေ တက်တက်. တက်တက်. တက်တက်သွားလိုက်တာ မဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ခေါ်တဲ့တရားကြီးကိုမြင်တဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်တရားထူးကြီးတွေ မမြင်ဘူးလား? မြင်ပါတယ်ဘုရား။ ဒါဖြင့်—

တရားကိုပူဇော်တာ ဉာဏ်တိုးတယ်။ အသိတိုးတယ်။ အလိမ္မာ တိုးတယ်ဆိုတဲ့ စာစကားဟာ လက်တွေ့နဲ့ဟပ်ကြည့်လိုက်တော့ မကိုက်ဘူးလား? ကိုက်ပါဘုရား။ ဒါဖြင့် ဆိုလိုက်စမ်းပါ—

❖ **တရားကိုးကွယ်. ပညာကြွယ်. အပါယ်မကျ. နိဗ္ဗာန်ရ။**

ပစ္စုပ္ပန်ကျိုးက ပညာအသိဉာဏ်အလိမ္မာတိုးတယ်။ သံသရာ အကျိုးကဘာတုန်းဆိုတော့ အပါယ်လေးပါး ကျမသွားဘူး။ ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ အခုလို တရားနာတဲ့အတွက် အပါယ်လေးပါး ကျနိုင်သလား? မကျနိုင်ပါဘုရား။ ဒီတရားနာပြီးတော့နေရတဲ့ တရား နာတဲ့အတွက် တရားပွဲကြီး အကြောင်း၊ ဘုရားဖူးနေရတဲ့အကြောင်း၊ ဒကာ–ဒကာမတွေ အသက်တစ်ရာ့ နှစ်ဆယ်လည်း ရှည်ကြပါစေ။ ဆိုပါတော့—အကြောင်းအားလျော်စွာ ကွယ်လွန် အနိစ္စရောက်ခါနီးမှာ၊ အခုလို တရားနာနေရပုံတွေ. ဘုရားဖူးနေရတဲ့ပုံတွေ. အာရုံထဲ အိပ်မက်မက်သလိုထင်ပြီးတော့လာလို့များတော့ ဘယ်တော့မှ အပါယ်မကျဘူး။ ဒီအာရုံက၊ သူက အထက်သာပို့တယ်။ ဒီတော့—သူက အပါယ်ကို ဆွဲမချဘူးဆိုတော့ သံသရာအကျိုးက အပါယ်မကျတဲ့အပြင်၊ ဒီကုသိုလ် အခြေခံပြီးတော့ နိဗ္ဗာန်ကို မဝင်နိုင်ဘူးလား? ဝင်နိုင်ပါဘုရား။ ဒါ့ကြောင့် ဆိုလိုက်စမ်းပါ—

❖ **တရားကိုးကွယ်. ပညာကြွယ်. အပါယ်မကျ. နိဗ္ဗာန်ရ။**

ကိုင်း သံဃာကိုးကွယ်လို့ကောလို့ဆိုတော့— "**သံဃဿပူဇာ မဟာဘောဂဝဍ္ဎော**"။ သံဃဿ–ပရမတ္ထအရိယာသံဃာနဲ့. သမုတိ သံဃာတော် ဆိုတဲ့ သံဃာတော် (၂)မျိုးကို ပူဇာ–စွန့်ကြဲ လှူဒါန်းပေးကမ်းပြီးတော့ ပူဇော်ခြင်း. လက်အုပ်ချီမိုး ရှိခိုးပြီးတော့ ပူဇော်ခြင်း. သံဃာ့ဝေယျာဝစ္စတွေ ဆောင်ရွက်ပြီးတော့ ပူဇော်ခြင်း. သံဃာတော်တွေကို အရိုအသေပေးပြီးတော့ ပူဇော်ခြင်း. သံဃာတော်တွေဟောတဲ့ အဆုံးအမကိုလိုက်နာပြီးတော့ ပူဇော်ခြင်း အစရှိသော ပူဇော်ခြင်းသည်။ မဟာဘောဂဝဍ္ဎော–ဖြစ်လေရာရာဘဝ၌.

စည်းစိမ်ဥစ္စာ ရတနာအမျိုးမျိုးနဲ့ ပြည့်ဖြိုးမောက်မို့ လောက်လုံပြည့်စုံခြင်းသည်။ ဟောတိ–မုချမသွေ ဖြစ်ရပါလေသတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

သံဃာကိုပူဇော်ကိုးကွယ်တော့–မဟာဘောဂဝန္တော–စည်းစိမ် ဥစ္စာ ရတနာအမျိုးမျိုးနဲ့ ပြည့်ဖြိုးမောက်လျှံခြင်းဆိုတဲ့ အကျိုးကို ရတယ်။ ဘာပြုလို့တုန်း ဆိုတော့ သံဃာပူဇော်တယ်ဆိုတော့ များသောအားဖြင့် ဘုန်းကြီးတို့ ဒကာ–ဒကာမတွေက လှူဒါန်းမှု, ပူဇော်မှု, ဆွမ်းလှူမှု, သင်္ကန်းလှူမှု, ကျောင်းလှူမှု, ဆေးလှူမှုဆိုတဲ့ အမှုတွေ မပြုဘူးလား? ပြုပါတယ်ဘုရား။ ဒီတော့ သံဃာဆိုတာက လယ်ယာမြေကောင်းကြီးနဲ့တူတယ်လို့ သံဃာ့ဂုဏ်တော် (၉)ပါးထဲမှာ သုပ္ပဋိပန္နစတဲ့ ဂုဏ်တော်(၉)ပါးထဲမှာ နောက်ဆုံးက အနုတ္တရံ–အတုမရှိ မြတ်ခေါင်ထိပ်ပါပေသော။ ပုညခေတ္တံ–ကြဲချသမျှ မျိုးစေ့စု၏, ကြီးထုမြင့်မား စွင့်စွင့်ကားလျှက်, ဖွင့်ထွားဖွယ်ရာ, လယ်ယာမြေကောင်းအတူ ဖြစ်တော်မူ ပါပေသော ဂုဏ်တော်ကြီး....။

သံဃာ့ဂုဏ်တော် (၉)ပါးထဲမှာ အနုတ္တရပုညခေတ္တဂုဏ်တော်ကြီး မပါ ဘူးလား? ပါပါတယ် ဘုရား။ ဒီတော့ သံဃာတော်တွေဆိုတာ သူတို့ကိုယ်သူတို့ လယ်ယာ ကောင်းကြီးဖြစ်အောင်လုပ်နေတာ။ သူတို့ကျင့်နေတဲ့သီလတွေ သူတို့ ထိန်းနေတဲ့သီလတွေ သူတို့ထိန်းပြီးနေတာ ဘာလုပ်နေတာတုန်း ဆိုတော့– သူ့ကိုယ်သူ လယ်ယာမြေကောင်းကြီးဖြစ်အောင် မြေဩဇာပြုနေတာ။ ဒီတော့ ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ ကောက်ပဲသီးနှံ ကောင်းကောင်းထွက်ချင်ရင် ကျပ်တည်းကုန်း သွားစိုက်လို့ ထွက်ပါ့မလား? မထွက်ပါဘုရား။ နွားခွာလဲတုန်း ကျပ်တည်းကုန်း သုံးတင်းကြဲမှတတင်းရ၊ ကျပ်တည်းကုန်း သွားပြီးတော့ ကြဲသို့ စိုက် လို့ဖြင့် နွားခွာတုန်းတာပဲ အဖတ်တင်တယ်။ ကြဲလိုက်တာက သုံးတင်းကြဲမှ တတင်းရတာဆိုတော့ ကျပ်တည်းကုန်း စိုက်ရတာ မရှုံးဘူးလား? ရှုံးပါတယ် ဘုရား။ ဒါဖြင့် ကိုယ်ကြဲလိုက်တဲ့ စိုက်လိုက်တဲ့ ကောက်ပဲသီးနှံ ပွံ့ပွံ့ဖြိုးဖြိုး, စည်စည်ကားကား, တိုးတိုးတက်တက် တစ်ဆုပ်ကြဲက ဆယ်လှည်းတိုက်လောက်

ဝင်အောင် ရချင်တဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီး လယ်ယာမြေကောင်း ရှာပြီးတော့ မစိုက်ရဘူးလား? စိုက်ရပါတယ်ဘုရား။

ဒါဖြင့်–သံဃာတော်အရှင်မြတ်တွေ ကောင်းကောင်း ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူနေကြတဲ့ သံဃာတော်အရှင်မြတ်တွေက၊ သူတို့ကိုယ်သူတို့ လယ်ယာမြေကောင်းဖြစ်အောင် ကျင့်နေကြတယ်ဆိုတော့၊ ဘုန်းကြီးတို့ ဒကာ–ဒကာမတွေက သံဃာကို ကိုးကွယ်ဆည်းကပ်တယ်ဆိုတော့ ကိုယ့်ရဲ့ ကောက်ပဲ သီးနှံ ဖွံ့ဖွံ့ဖြိုးဖြိုးရချင်လို့ လယ်ယာမြေကောင်းရွေးတာနဲ့ မတူဘူးလား? တူပါတယ်ဘုရား။ လယ်ယာမြေကောင်းရှာပြီးတော့ စိုက်တာနဲ့ မတူဘူးလား? တူပါတယ်ဘုရား။ လယ်ယာမြေကောင်းထဲ စိုက်မှတော့ ကောက်ပဲ သီးနှံတွေ၊ တဆုပ်ကြဲရင် တလှည်းတိုက်ဝင်မှာပေါ့။ ဒါဖြင့်–သံဃာကို ကိုးကွယ်လို့ စည်းစိမ်ဥစ္စာတိုးတယ်ဆိုတာ သေချာမသွားဘူးလား? သေချာပါတယ်ဘုရား။

သံဃာတော်တွေကတော့ ငါတို့လှူပါ၊ ဒို့က စည်းစိမ်ဥစ္စာ တိုးအောင် လုပ်ပေးမယ်လို့ မပြောပါဘူး။ ပြောသလား ပရိသတ်ကြီး? မပြောပါဘုရား။ ဘုန်းကြီးတို့ ဒကာ–ဒကာမတွေက ကိုယ့်ကောက်ပဲ သီးနှံ ဖွံ့ဖွံ့ဖြိုးဖြိုး ရချင်လို့ချင်တော့–လယ်ယာမြေကောင်း ရွေးရသလို၊ သံဃာကိုပူဇော်တာ သဒ္ဓါစိတ်ထားနဲ့ ပူဇော်ရတယ်။ ဒါဖြင့် သံဃာကို ပူဇော်လိုက်တဲ့အတွက်။ သံဃာကို ကိုးကွယ်လိုက်တဲ့အတွက် ဖြစ်လေရာမှာ စည်းစိမ်ဥစ္စာတိုးခြင်းဆိုတဲ့ ပစ္စုပ္ပန်အကျိုးကို ရတဲ့အပြင်၊ အပါယ်မကျ နိဗ္ဗာန်ရဆိုတဲ့ သံသရာအကျိုး ကိုလည်း မရဘူးလား? ရပါတယ်ဘုရား။

### ❖ သံဃာကိုးကွယ်, စည်းစိမ်ကြွယ်, အပါယ်မကျ, နိဗ္ဗာန်ရ။

ကိုင်း–ပြန်ပေါင်းလိုက်မယ်နော် ဘုရား, တရား, သံဃာ ရတနာသုံးပါးကို ဘုန်းကြီးတို့ ဒီနေ့ ပူဇော်ကြတာမဟုတ်လား။ အဲ–အဲဒီရဲ့အကျိုးလေး ပစ္စုပ္ပန်အကျိုး သံသရာအကျိုးလေး သိသွားအောင်–

- ❖ **ဘုရားကိုးကွယ်, တန်ခိုးကြွယ်, အပါယ်မကျ, နိဗ္ဗာန်ရ။**
- ❖ **တရားကိုးကွယ်, ပညာကြွယ်, အပါယ်မကျ, နိဗ္ဗာန်ရ။**
- ❖ **သံဃာကိုးကွယ်, စည်းစိမ်ကြွယ်, အပါယ်မကျ, နိဗ္ဗာန်ရ။**

ဒါဖြင့် ဘုန်းကြီးတို့ အမရပူရ မြို့မ (၈)ရပ်ကွက်ရှိ ဒကာ-ဒကာမ အပေါင်း သူတော်ကောင်းတွေနှင့်တကွ၊ မြို့နယ်တနယ်လုံးရှိတဲ့ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေ ဒီနေ့ ရတနာသုံးပါးပူဇော် ပွဲကြီး အုတ်အုတ်သဲသဲ, ညီညီညာညာ, စိတ်တူကိုယ်မျှ ပြုနေကြရာ မရောက်ဘူးလား? ရောက်ပါတယ်ဘုရား။ ဒါဖြင့် ပစ္စုပ္ပန်သံသရာကျိုးတွေက မလာပါနဲ့ဆိုလို့ နေမရဘူး၊ မလာပေဘူးလား? လာမှာပါဘုရား။ ဒါဖြင့် တမြို့နယ်လုံး အေးချမ်းဖို့အရေးကြီး မဖြစ်ဘူးလား? ဖြစ်ပါတယ်ဘုရား။ ဒါဖြင့် ဘုရားရှင် ကိုယ်တော်မြတ်ကြီး ကြွလာတော်မူခြင်းသည်....။ **"သူတော်သွားလမ်း မိုးကြီးဖြန်းသို့"** ဆိုသလို ဤမြို့နယ်ကြီး အေးချမ်းဖို့ မဖြစ်ဘူးလား? ဖြစ်ပါတယ်ဘုရား။ ကိုင်း ဆိုလိုက်စမ်းပါအုန်း-

❖ **သူတော်သွားလမ်း, မိုးကြီးဖြန်း, အေးချမ်းလှပါပေ။**
❖ **သူမိုက်သွားလမ်း, မီးလောင်ကျွမ်း, ဘေးဘယန်းထူလှပေ။**

ဒီတော့ အညာသီဟတောစေတီတော်မြတ်ကြီး၊ အခု ပူဇော် ပြီးတော့ နေကြတော့၊ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ ရတနာသုံးပါး ပူဇော်ရတဲ့ ကောင်းမှုအကျိုးတွေလည်း သိကြပြီ။ ရတနာကြီး ဝင်ဆိုက်လာတယ်ဆိုတာလဲ သဘောပေါက်ကြပြီ၊ သူတော်ကောင်းသွား လမ်းကြီးဟာ ဘေးဘယန်း အေးချမ်းပုံကြီးလဲ သဘောပေါက်ကြပြီ။ ဒီထဲမှာ ထူးထူးခြားခြား၊ အခု ရပ်ပွားဆင်းတုတော်မြတ်ကြီး ကြွချီပြီးတော့ ဒကာ-ဒကာမတွေ ပူဇော်လှူဒါန်း လိုက်တဲ့ ကောင်းမှုတွေက၊ အညာ သီဟတောစေတီတော်မြတ်ကြီး၊ ဟောင်းနွမ်း နေတာ, ကျိုးပျက်နေတာတွေ၊ ပြင်ဆင်ဖို့လို့ မဆိုဘူးလား ပရိသတ်ကြီး? ဆိုပါတယ်ဘုရား။ ဒါဖြင့် အဟောင်းကို အသစ်ဖြစ်ကြောင်းကောင်းမှုကြီးကလဲ ပါမလာ ဘူးလား? ပါလာပါဘုရား။ အဲ ဒါအသက်ရှည်ကြောင်း ကောင်းမှုကြီး (၆)ရပ်ထဲက တစ်ခုပဲ၊ ဘုန်းကြီးတို့ ကုသိုလ်ကောင်းမှုတွေဆိုတာ သူ့ကောင်းမှုနဲ့သူ၊ ရုပ်ချောကြောင်းကောင်းမှု, အသက်ရှည်ကြောင်း ကောင်းမှု, အသံကောင်းကြောင်း ကောင်းမှု, စည်းစိမ်တိုးကြောင်း ကောင်းမှုနဲ့ ကောင်းမှုတွေ အမျိုးမျိုးရှိတဲ့အထဲက။ ဒီနေ့ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေ၊ အမရပူရမြို့ ငြိမ်ဝပ်ပိပြားမှု

တည်ဆောက်ရေးအဖွဲ့ကြီးနှင့်တကွ၊ ဥပဋ္ဌာကအဖွဲ့ကြီးနှင့်တကွ၊ ယနေ့ ဒကာ– ဒကာမအပေါင်း သူတော်ကောင်းတွေ အသက်ရှည်ကြောင်း ကောင်းမှုကြီးကို လဲပဲ ဒီနေ့ ကြိုးပမ်းအားထုတ်ပြုလုပ်ရာ ရောက်တယ်....တဲ့။

ဒေသနာတော်မှာ အသက်ရှည်တဲ့ကောင်းမှုကြီး (၆)မျိုးဆိုတာ လာတယ်။ ဒကာကြီးဦးညိုနော်– "**ရေစစ်ဆေးကျောင်း အဟောင်း ပြုပြင်**"–တဲ့၊ ဟော နံပါတ်(၁) အသက်ရှည်ကြောင်းကောင်းမှုကြီးက ဘာလဲဆိုရင်–ရေစစ်အလှူတဲ့၊ ဘုန်းကြီးတို့ ရေစစ်ဆိုတာ ဓမ္မကရိုဏ်လို့ ခေါ်တဲ့ ဗူးလေးကို ပိတ်ကလေးနဲ့အုပ်ပြီး ချုပ်ထားတဲ့၊ ဘုန်းကြီးတို့ ဒန်ကိုလုပ်ထားတဲ့ ဗူးလေးဆိုတဲ့ရေစစ် ကဓမ္မကရိုဏ် ရေစစ်လို့ခေါ်တယ်။ အခု–ကတော့လေးတွေ၊ အဝတ်ကို ကတော့ချုပ်ထားတာ လေးတွေ မရှိဘူးလား? ရှိပါဘုရား။ အဲဒါက ပရိဿာဝနရေစစ်လို့ခေါ်တယ်။ အဲဒီရေစစ် (၂)မျိုး။ အာ–အဲဒီလိုချုပ်ထားတာ မဟုတ်ရင်လဲ။ ရေစစ်သောက် ရအောင် ပုဝါ, အဝတ်ပိုင်း။ နောက်ဆုံးလေ စာက ဘယ်လောက်ထိဆိုတုန်း ဆိုတော့ ထန်းစစ်ဖတ်တဲ့။ ဘုန်းကြီးတို့ ထန်းပင်ပေါ်ကကျလာတဲ့ ထန်းစစ်ဖတ် အခြောက်ကလေးတွေ မရှိ ဘူးလား? ရှိပါတယ်ဘုရား။ အဲဒီထန်းစစ်ဖတ်ဆိုတဲ့ ရေစစ်ကိုပင်လျှင် လှူ–တဲ့၊ ဟော–ရေစစ်ကိုလှူတဲ့သူသည် အသက်ရှည်ကြောင်း ကောင်းမှုကြီး။

ဘာပြုလို့တုန်းဆိုတော့–ရေစစ်က ရေကိုစစ်လိုက်တော့ ရေထဲရှိတဲ့ ပိုးကိုလည်း ချမ်းသာစေတယ်၊ ရေသောက်သုံးတဲ့သူကိုလည်း အန္တရာယ် ဘေးဘယန်းကင်းပြီးတော့ ချမ်းသာစေတယ်။ ရေထဲရှိတဲ့ ပိုးတွေ ဝမ်းထဲ ပါသွားတယ်ဆိုရင်။ ပရိသတ် မသေဘူးလား? သေပါတယ်ဘုရား။ ရေစစ် ကလေးနဲ့စစ်လိုက်တော့ ပိုးတွေကျန်နေရစ်တော့ ပိုးတွေရဲ့ အသက်ကယ်ရာကော မရောက်ဖူးလား? ရောက်ပါတယ်ဘုရား။ တစ်ခါ ရေသောက်သုံးတဲ့သူမှာ ရေထဲက အနယ်တွေ, အမှိုက်တွေ, ပိုးတွေ ပါသွားရင် ဒီပိုးတွေအကြောင်းပြုပြီးတော့၊ ဝမ်းထဲမှာ ရောဂါဘယတွေ ဖြစ်ပြီးတော့၊ သေသည့်အထိ အန္တရာယ်တွေ မဖြစ်ဘူးလား? ဖြစ်ပါတယ်ဘုရား။ ရေစစ်ကိုလှူလိုက်ခြင်းဖြင့် ပိုးတွေ အန္တရာယ်တွေကင်းပြီးတော့ အမှိုက်သရိုက်, အနယ်အဖတ်တွေ ကင်းပြီးတော့၊

လူတေသနစာကြည့်တိုက်



ရောဂါအမျိုးမျိုး မကျရောက်ပဲနဲ့ သူ့ရှည်သင့်ရှည်ထိုက်တဲ့ အသက်တွေ ရှည်အောင်လည်းပဲ ဒီရေစစ်အလှူကြီးက မပြုဘူးလား? ပြုပါတယ်ဘုရား။ အဲဒါကြောင့် ရေစစ်ကိုလှူခြင်းသည် အသက်ရှည်ကြောင်း ကောင်းမှုကြီးတစ်ခု။

ဆေး—တဲ့။ ဟော ဆေးအလှူကောင်းမှုကြီးက၊ အသက်ရှည်ကြောင်း ကောင်းမှုကြီးလို့ အထူးချဲ့ပြောစရာမလိုတော့ဘူးနော်— ဆေးလှူလိုက်သည်နှင့် တစ်ပြိုင်နက်၊ ဒီဆေးကို သုံးဆောင်ရတဲ့ ဂိလာနပုဂ္ဂိုလ်တွေ ကျန်းမာရွှင်လန်း အသက်ရှည်။ ဒီဆေးကို အကြောင်းပြုပြီးတော့ ရောဂါဘယတွေကင်းပြီးတော့ အသက်ရှည်ကြလို့မို့ ရေစစ်, ဆေး, ကျောင်း၊ ဟော—ကျောင်းအလှူ၊ ကျောင်းအလှူဆိုတာ မှတ်ပြောတာ၊ အဆောက်အဦးအလှူ, ဇရပ်အလှူ, တန်ဆောင်းအလှူ, ကျောင်းအလှူ, အိမ်အလှူ အဲဒီအဆောက်အဦးကို လှူဒါန်းခြင်းသည်လည်း၊ အသက်ရှည်ကြောင်းကောင်းမှုကြီး။ ဘာပြုလို့တုန်း ဆိုတော့ အဆောက်အဦးမရှိဘဲနဲ့ဆိုပါတော့ ကျောင်းမရှိဘဲနဲ့ သံဃာတော်တွေ နေရရင် မိုးရွာအစို, နေပူအခြောက်နဲ့ ရောဂါဘယတွေဖြစ်ပြီးတော့ မြန်မြန် မပျံတော်မူနိုင်ဘူးလား? ပျံတော်မူနိုင်ပါဘုရား။ ကျောင်းလှူ ထားလိုက်တော့ အဲဒီကျောင်းက အသက်ရှည်အောင်, ဥတုသပ္ပာယမျှအောင် မစောင့်ရှောက် ဘူးလား? စောင့်ရှောက်ပါဘုရား။ ဒါ့ကြောင့် ရေစစ်, ဆေး, ကျောင်း အဟောင်းပြုပြင်တဲ့၊ အဟောင်းပြုပြင်တဲ့ ကောင်မှုကြီးတဲ့။ လေးနံ့ပါတ်က ဘုရားအို ဘုရားဟောင်းကိုပြင်, ဇရပ်အို ဇရပ်ဟောင်းကိုပြင်, တန်ဆောင်းအို တန်ဆောင်းဟောင်းကို ပြင်, ဂူအို ဂူဟောင်းကိုပြင်, ကျောင်းအို ကျောင်းဟောင်း ကိုပြင်, လမ်းအို လမ်းဟောင်းကိုပြင်, တံတားအို တံတားဟောင်းကိုပြင်စသည်ဖြင့် အဟောင်းကိုပြုပြင်ပြီးတော့ လှူတဲ့အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့သည် အသက်ရှည်ကြောင်း ကောင်းမှုကြီးကို ပြုရာရောက်တယ်။

ဘာပြုလို့တုန်းဆိုတော့ အညာသီဟတောစေတီတော်မြတ်ကြီး ဟောင်းနေတာ, ကျိုးပဲ့နေတာ, ပြိုပျက်နေတာ ပြန်ပြီးတော့ အသစ်ဖြစ်အောင် ဆိုပြီးတော့ လှူဒါန်းပြီးနေကြတော့ လှူတဲ့ထဲမှာ စိတ်စေတနာ လေးတွေက မသိမသာနဲ့ ဘယ့်နှယ့်ပါသွားတုန်းဆိုတော့၊ ယိုင်နေတာတွေ မတ်သွားပါစေ,

ဟောင်းနေတာတွေ သစ်သွားပါစေ ဒီစေတနာတွေ မပါဘူးလား? ပါပါဘုရား။ ကျိုးနေတာတွေ ပြန်ဆက် သွားပါစေ, ပေါက်နေတာတွေ ပိတ်သွားပါစေဆိုတဲ့ စေတနာတွေ မပါဘူးလား? ပါပါဘုရား။ အဲဒီစေတနာတွေက ကိုယ့်ကို အသက်ရှည်ကြောင်း ကောင်းမှုကြီး လာဖြစ်တာပဲ။ ဒါကြောင့်—

နံပါတ် (၁) ရေစစ်အလှူ။
" (၂) ဆေးအလှူ။
" (၃) ကျောင်းအလှူ။
" (၄) က အဟောင်းကို ပြုပြင်ပြီးတော့နေတဲ့အလှူ။

နံပါတ်(၅)က **"ပဥ္စင်္ဂ သီလဖြူလွှင်"**– တဲ့ ငါးပါးသီလလုံအောင် ထိန်းခြင်း၊ ငါးပါးသီလလုံအောင် ထိန်းနေမှတော့ သူ့အသက်ကို ကိုယ်ကမှ မသတ်ပဲနဲ့ ကိုယ့်သတ်မည့်လူ ပေါ်ပါ့မလား? မပေါ်ပါဘုရား။ ဒီတော့ အသက်မရှည်ဘူးလား? ရှည်ပါဘုရား။ သူများပစ္စည်းမှ ကိုယ်ကသွားမခိုးဘဲနဲ့ ကိုယ့်ကို ဖမ်းဟာဆီးဟာ နှိပ်စက်ဟာဆိုတာတွေ လာပါ့မလား? မလာပါဘုရား။ သူများသားမယား မကျူးလွန်ရင် ကိုယ့်ရန်သူ ပေါ်ပါ့မလား? မပေါ်ပါဘုရား၊ လိမ်ညာမှ မပြောလို့ရှိရင် သောက်မှုစားမှုတွေမှ မရှိလို့ရှိရင် ကိုယ့်ရောဂါဘယ ကင်းပြီးတော့ အသက် မရှည်ဘူးလား? ရှည်ပါဘုရား။ ငါးပါးသီလမှ မထိန်းရင်တော့ အသက်တိုမယ်၊ ဒါကြောင့် ငါးပါးသီလထိန်းတဲ့ ကုသိုလ်ကောင်းမှုကြီးကလည်း အသက် ရှည်ကြောင်း ကောင်းမှုကြီး။

အဲဒီက တစ်ဆင့်တက်လိုက်တော့ (၆)ခုမြောက်ကောင်းမှုက အဋ္ဌင်္ဂသီလ ဥပုသ်သီလ၊ အခု ဆရာလေးတွေလို ဥပုသ်သီလနဲ့အမြဲနေ။ အာ—ကိုယ်တတ်နိုင် သလို ဥပုသ်ရက်ရှည် စောင့်ပြီးနေတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီး တွေဟာ ဥပုသ်သီလထိန်းပြီးတော့နေတော့ ငါးပါးသီလရဲ့အပေါ်မှာ ကျော်ပြီးတော့၊ နစ္စဂီတ–ပွဲလမ်း သဘင်တွေ ကြည့်တာ, ရှုတာ မရှိဘူးလို့ ဆိုတော့။ ပွဲသွားပြီးတော့ ကြည့်တယ်ဆိုတာ ဟိုကအာရုံက ဖမ်းစားပြီးတော့ထားလို့သာ ကိုယ်ကနေတာ အခုလိုဆောင်းခါကြီး အေးတယ်ဆိုရင်လဲ အထက်ကနှင်းတွေနဲ့ မအေးဘူးလား? အေးပါဘုရား။ အစားသောက်တွေက ညစာချိန် မဟုတ်ပဲနဲ့

ဝမ်းထဲရောက်လာတော့ ရောဂါမဖြစ်ဘူးလား? ဖြစ်ပါဘုရား။ ဒီတော့ ပွဲလမ်းသဘင်တွေ ကြည့်ပါများလာတော့ ရောဂါဘယတွေ ထူပြောပြီးတော့ အသက်မတိုဘူးလား? တိုပါဘုရား။ ဟော နစ္စဂီတ သိက္ခာပုဒ်ကြီးနဲ့ ရှစ်ပါးသီလ ထိန်းထားလိုက်တော့ အဲဒီ ပွဲလမ်းကြည့်ရှုမှု အပျော်အပါးတွေကို လျှော့လိုက်တဲ့ အတွက် ကျန်းမာရေးတွေ ညီညွတ်ပြီးတော့ အသက်မရှည်ဘူးလား? ရှည်ပါတယ် ဘုရား။ အဲဒီလိုအားဖြင့်ပေါ့လေ အကျယ်တဝင့်ချဲ့ပြီးတော့ ကြည့်လိုက်တော့။

"**ရေစစ်, ဆေး, ကျောင်း အဟောင်းပြုပြင်၊ ပဉ္စင်အဌ. သီလဖြူလွှင်၊ သက်ရှည်ကြောင်းဆု, ကောင်းမှုခြောက်အင်၊ အခွင့်ဆိုက် ပြုလိုက် သူတော်စင်**"–တဲ့။ အခွင့်ဆိုက်လိုက်တိုင်း, အခွင့်ဆိုက်လိုက်တိုင်း သူတော်စင်များက သတိထားပြီးတော့ ပြုလိုက်တဲ့၊ အခု အခွင့်ဆိုက်မနေဘူးလား? ဆိုက်ပါဘုရား။ ဒါ အခု စေတီဟောင်းကြီးကို ပြန်လည် မွမ်းမံပြင်ဆင်ပြီးတော့ လှူဒါန်းရတဲ့ကောင်းမှု၊ စေတီတော် ကိုးကွယ်တည်ထား ကိုးကွယ်ပူဇော်ရတဲ့ ကောင်းမှုကြီးထဲမှာ ထပ်လောင်းပြီးတော့၊ စေတီဟောင်း, စေတီတော်ရဲ့ ပတ်ဝန်းကျင်ရှိနေတဲ့ ဘုရားနဲ့ ပတ်သက်တဲ့ အဟောင်းတွေကိုပြင်ဆင် အသစ်ဖြစ်အောင် ထပ်ပြင်ဆင်ရတဲ့ ကောင်းမှုကြီးပါတာ၊ အခွင့်ဆိုက်ပြီးတော့ မနေဘူးလား? နေပါဘုရား။ ဟော အသက်ရှည်ကြောင်းကောင်းမှုကြီး (၆)ခုထဲက ဒီနေ့ ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ စေတီတော်ဟောင်းကြီးကို ပြုပြင် ပြီးတော့ ပူဇော်ရတဲ့ကောင်းမှုကြီးလဲ မပါဘူးလား? ပါပါဘုရား။

ကိုင်း– ဒါဖြင့် ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ ရတနာ သုံးရပ်ပူဇော်ရတဲ့ ကောင်းမှုတွေရော, စေတီတော်ဟောင်းပြုပြင်ပြီးတော့ လှူဒါန်းရတဲ့ ကောင်းမှုတွေရော, စုံမသွားဘူးလား? စုံသွားပါဘုရား။ ကိုင်း အဲဒီထဲမှာမှ ဘုန်းကြီးတို့ နောက်ဆုံးနိဂုံးချုပ်အနေနဲ့ ပြောချင်တာကနော်– (၉)နာရီခွဲတော့မှာ ဆယ်မိနစ်လိုတော့တယ်နော်။ အဲဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ဒီနေ့ ဒကာ–ဒကာမတွေ ဖူးကြတဲ့ အဖူးကို ဘုန်းကြီးတို့က နောက်ဆုံး ဝိပဿနာပါ, ပါသွားအောင် နိဂုံးချုပ်အနေနဲ့ ပြောရမယ်ဆိုရင်။ ဘုရားဖူးကြတဲ့ ဒကာ–ဒကာမတွေ ပုံတော်ဘုရားကို ဖူးခြင်း။ ဂုဏ်တော်ဘုရားကို ဖူးခြင်း။ ဉာဏ်တော်

ဘုရားကို ဖူးခြင်းလို့ ဘုရားဖူးနည်း (၃)မျိုးရှိပါတယ်။ ဘုရားဖူးနည်း ဘယ်နှယ်မျိုးပါလိမ့်? သုံးမျိုးပါဘုရား။ ပုံတော်ဘုရားကို ဖူးခြင်း, ဂုဏ်တော် ဘုရားကို ဖူးခြင်း။ ဉာဏ်တော်ဘုရားကို ဖူးခြင်းလို့ ဘုရားဖူးနည်း သုံးမျိုး ရှိပါတယ်။ ဘယ်နှစ်မျိုးတဲ့တုန်း? သုံးမျိုးပါဘုရား။ ဆိုလိုက်အုန်း—

- ❖ **ပုံတော်ဘုရား, ဂုဏ်ဘုရား, ဉာဏ်သွားဖူးတတ်စေ။**
- ❖ **ဘုရားသုံးရပ်, အဖူးတတ်, လူမြတ်လူတော်တွေ။**

အဲဒီလို ဘုရားသုံးရပ်ဖူးတတ်မှ လူမြတ်, လူတော်ဖြစ်တယ်။ ဒီတော့ ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ သုံးမျိုးလုံးဖူးမိအောင် မလိုဘူးလား? လိုပါဘုရား။ သုံးမျိုးလုံးဖူးမိအောင်ဆိုတော့ ခု (၂)မျိုးကတော့ ဖူးပြီးပြီ။ ပုံတော်ဘုရား, ဂုဏ်တော်ဘုရား, ဉာဏ်တော်ဘုရားလို့ ဘုရားဖူးဘို့ရာ သုံးမျိုးရှိတဲ့အနက်က ပုံတော်ဘုရားကို ဖူးကြပြီးပြီ။ ခုနက ရပ်ပွားဆင်းတုတော်မြတ်ကြီးရှေ့ ရောက်လာပြီးတော့ လက်အုပ်ချီမိုး ရှိခိုးပြီးတော့နေကြတော့ ပုံတော်ကို မဖူးဘူးလား? ဖူးပါဘုရား။ တချို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေက ဘုရားရှင် ပုံတော်ကိုဖူးရင်းနဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ပုံတော်ကို လက်အုပ်ချီမိုး ရှိခိုးကန်တော့ရင်းနဲ့ အရဟံအစရှိတဲ့ ဂုဏ်တော်တွေ စိတ်ရောက်ပြီးတော့၊ ရွတ်ဆိုပြီးတော့ ဖူးတဲ့လူတွေကော မပါဘူးလား? ပါပါဘုရား။ အဲဒါ ဂုဏ်တော်ဘုရား ဖူးတာခေါ်တယ်။

မြတ်စွာဘုရားရဲ့ အရဟံဂုဏ်တော်တွေ, သမ္မာသမ္ဗုဒ္ဓဂုဏ်တော်တွေ, အထူးသဖြင့် ကိုယ့်မှာ စိတ်ပူစရာတွေ, သောကရောက်စရာတွေ ဆိုပါတော့, စိတ်မချမ်းသာ စိတ်ပူစရာတွေ, စိတ်နောက်စရာတွေရှိနေရင် အဲဒီ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို လက်အုပ်ချီမိုးရှိခိုးရင်း။ အင်း—ငါ့မှာ ဖြစ်နေတဲ့ သားအကြောင်းပြုပြီးတော့ စိတ်နောက်ရတဲ့ စိတ်သောကဖြစ်ရတဲ့ နောက်ကြီမှုတွေ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ကင်းတော်မူပါပေတယ်လို့၊ အာရုံပြုရှိခိုးတာ အဲဒါ အရဟံဂုဏ်တော် အာရုံပြုနေတာ ခေါ်တယ်။ စိတ်တွေ ကိုယ့်မှာသောကဖြစ်ပြီး နောက်နေတယ်ဆိုတာ သောက, ဒေါသဆိုတဲ့တရားတွေ စိတ်ထဲမှာ အနောက်ဝင်နေတော့ ရေလေးကြည်နေတာ အနယ်တွေလာတော့ နောက်သွား

သလို စိတ်နောက်ပြီးတော့ စိတ်တွေမကြည်မလင်ဖြစ်နေတာ။ ဘုရားရှင်ကိုယ်တော်မြတ်မှာ ဒီလို နောက်မယ့်အနယ်တွေ ကင်းတော်မူပါပေတယ်လို့ ဆိုတော့ အရဟံဂုဏ်တော်ကို အာရုံပြုတာခေါ်တယ်။ အရဟံ–တစ်ထောင့်ငါးရာ ကိလေသာတို့မှ ဝေးကွာတော်မူသောဘုရားလို့ ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ ခဏခဏရွတ်ပြီးတော့ ရှိမခိုးကြဘူးလား? ရှိခိုးပါဘုရား၊ ထောင့်ငါးရာ ကိလေသာတွေဆိုတာ အနယ်မှုံတွေနဲ့ တူတယ်၊ ဒကာ–ဒကာမတွေရဲ့ စိတ်ကလေးက ပင်ကိုယ်စိတ်ကလေးက ကြည်နေတဲ့ ရေကလေးနဲ့ တူတယ်။ အဲဒီလောဘ, ဒေါသကိလေသာတွေက အနယ်မှုန်, အနယ်ဖတ်တွေနဲ့ တူတယ်။ ဒီတော့ ရေထဲမှာ ရေကြည်ထဲ အနယ်မှုန်, အနယ်ဖတ်တွေရောက်လာတော့ နောက်မသွားဘူးလား? နောက်သွားပါဘုရား။ အဲဒီလိုပဲ ဒကာ–ဒကာမတွေရဲ့ စိတ်အကြည် လေးထဲမှာ အနယ်မှုန်, အနယ်ဖတ်တွေနဲ့တူတဲ့ ကိလေသာတွေ သားအကြောင်းပြု, သမီးအကြောင်းပြု, စီပွားအကြောင်းပြုပြီးတော့ လောဘ. ဒေါသတွေဝင်လာတော့ စိတ်ကလေးမှာ နောက်မသွားဘူးလား? နောက်သွားပါဘုရား။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးမှာ အဲလိုနောက်တတ်တဲ့ အနယ်ဖတ်တွေ ကင်းပြီ....တဲ့၊ ကင်းပြီ။ ဟောဒါ–အရဟံဂုဏ်တော်ကို အာရုံပြုပြီးတော့ ရှိခိုးနေရာမရောက်ဘူးလား? ရောက်ပါဘုရား။ အဲဒါ ဂုဏ်တော်ဘုရား ဖူးနေတယ်လို့ ခေါ်တယ်။

ဟာ–သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကြတော့ မိမိမှာ အသိဉာဏ်နည်းလို့, အသိအလိမ္မာနည်းလို့, အသိဉာဏ်နည်းလို့ မပြောသင့်တာ သွားပြောမိလို့, မဆိုသင့်တာ သွားဆိုမိလို့, မလုပ်သင့်တာ သွားလုပ်မိလို့ ဒုက္ခရောက်နေပြီလို့ဆိုရင်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် သိစရာမှန်သမျှ အကြွင်းကျန် မရှိအောင် သိတော်မူပါပေသော မြတ်စွာဘုရား။ ဘုရားရဲ့ ဉာဏ်တော်ကြီးကို အာရုံပြုလိုက်တော့ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကြီး အာရုံပြုတာ။ အဲဒါ ဂုဏ်ဘုရား ဖူးနေတဲ့ ပုဂ္ဂိုလ်လို့ခေါ်တယ်။

ဒီတော့ ပုံတော်ဘုရားဖူးတာထက် ဂုဏ်တော်ဘုရားဖူးတဲ့သူက မြတ်တယ်၊ ပရိသတ်ကြီး။ ပုံတော်ဘုရားတင် လက်အုပ်ချီမိုးပြီးတော့

ဘုရားရုပ်ပွားကြီးက သပ္ပာယ်လိုက်တာ၊ ဆင်းတု တော်ကြီးကဘယ်လို ရွှေတွေက ဘယ်နှစ်ပိဿာ စိန်အားလုံးက ဘယ်လောက်တဲ့ဆိုတာက၊ ကုသိုလ်မရဘူးတော့ မဟုတ်ဘူး ရတော့ ရတယ်၊ အဲဒါ ပုံတော်ဘုရား ရှိသေးတယ်သိလား ပရိသတ်။ အဲဒီ ပုံတော်ဘုရားကိုပဲ ရုပ်ပွားတော်, ဒီရုပ်ပွားတော်လောက်ပင် မထားပဲ၊ ဟို သက်တော်ထင်ရှား ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ ခုနက ဘုန်းကြီး ဥပမာနဲ့ ပြောခဲ့သလို ကိုယ်စားတော်ကြီးပါလား၊ ကိုယ်စားတော်ကြီးပါလား ဆိုတော့ သက်တော်ထင်ရှားထိရောက်ရင်ပဲ, ပုံတော်ဘုရား ဖူးတာချင်းတူရင် အဲဒီသက်တော်ထင်ရှားရောက်တဲ့သူက ပိုသာတယ်။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ ဘုရားဖူးနည်းပေးနေတယ်၊ မမြတ်ဘူးလား? မြတ်ပါဘုရား။ အဲ-ပုံတော်ဘုရားဖူးနည်းရဲ့ ဂုဏ်တော် ဘုရားဖူးနည်း ဂုဏ်တော်ကိုးပါးနှင့် အမျိုးမျိုး ခုနလို ကိုယ့်ဖြစ်ပေါ်လာတဲ့ ဒုက္ခတွေကို အာရုံပြုပြီးတော့ဖူး။ ဘုန်းကြီးတို့ တစ်ခါတစ်ခါ ကိုယ့်မှာ ဒုက္ခရောက်နေ, ကိုယ့်မှာ ခန္ဓာကိုယ်မှာ ရုပ်မှာဆိုပါတော့၊ ခုနက စိတ်မှာ နာတာတွေ ပြောတာ၊ အခု ရုပ်မှာ, ခန္ဓာကိုယ်မှာ ဒုက္ခရောက်နေတယ်, အနာရောဂါဖြစ်နေတယ်, ဖျားနာနေတယ်, မအီမလယ်ကြီးဖြစ်နေတယ်ဆိုရင် မအီမလယ်ဒုက္ခမျိုးတွေ ကင်းတော်မူပါပေသော မြတ်စွာဘုရား၊ ကင်းရာနိဗ္ဗာန်ကို ဝင်တော်မူပါပေသော မြတ်စွာဘုရားလို့ဆိုရင်လဲ၊ ဂုဏ်တော်ဘုရားဖူးတာလို့ ခေါ်တယ်၊

အဲဒီလိုနည်းအားဖြင့်ပေါ့လေ၊ ပုံတော်ဘုရား, ဂုဏ်တော် ဘုရားဖူးတဲ့ အပြင်, ဉာဏ်တော်ဘုရားလဲ ဖူးရတယ်။ ဉာဏ်တော်ဘုရားဖူးတယ်ဆိုတာ ဘာပြောတာတုန်းဆိုတော့၊ ဘုရားရှင်ကိုယ်တော်မြတ်က, ဝက္ကလိမထေရ်ကို ပြောတယ်။ ဝက္ကလိမထေရ်ဆိုတာ ဘုရားရဲ့ ရုပ်ပုံတော် ကြည်လင်တာ, တောက်ပတာကြည့်ပြီး နောက်က တကြည့်ကြည့်နဲ့ ဘုရားနားလိုက်ပြီးကပ်နေ၊ ဘုရားနားကကို မခွာနိုင်ဘူး သူက၊ ဘုရားပုံကြည့်လိုက်, ဘုရားလှပုံတွေ ချောပုံတွေကြည့် အာရုံပြုလိုက်, ဘုရားရဲ့ တန်ခိုးကြီးပုံတွေကြည့်လိုက် အာရုံပြုလိုက်နဲ့ လုပ်နေလို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက-

## "ဓမ္မံ ပဿန္တော မံ ပဿတိနာမ"။

ဝက္ကလိ–အချက်မသိတဲ့၊ ဟဲ့ ဝက္ကလိ။ ဓမ္မံ–အရှိမှန်ဖြစ်တဲ့ တရားကို။ ပဿန္တော–မြင်အောင်ကြည့်တဲ့သူသည်။ မံ–ငါဘုရားကို။ ပဿတိ–မုချမသွေ ငါ့ကိုလည်း ဖူးမြင်ရာရောက်ပါပေ၏၊ ဝက္ကလိ....၊ ငါ့ရဲ့ ရုပ်ခန္ဓာကြီးကို ကြည့်ပြီးတော့ မနေနဲ့။

## "ဣမိနာ ပူတိကာယေန ဒိဋ္ဌေန ကိံတေ ဝက္ကလိ"

ဝက္ကလိ–ချစ်သား ဝက္ကလိ .....၊ ဣမိနာ ပူတိကာယေန ဒိဋ္ဌေန – အပုတ်ကောင်ကြီးမျှသာဖြစ်သော ဒီရုပ်ခန္ဓာကြီးကို ဖူးမျှော်နေရုံမျှဖြင့်၊ တေ– သင့်မှာ၊ ကိံ–ဘာအကျိုးရှိအံ့နည်း။

သင့်မှာ ကုသိုလ်ကောင်းကောင်းမရဘူး ဝက္ကလိ....၊ ရုပ်ခန္ဓာကြီး ဖူးနေရုံနဲ့ အားရမနေနဲ့။

## "ဓမ္မံ ပဿန္တော မံ ပဿတိနာမ"

ဓမ္မံ–အရှိမှန်တရားကြီးကို။ ပဿန္တော–မြင်အောင်ကြည့်တတ်သည့် ဉာဏ်ပေါက်လာသည်ရှိသော်။ မံ–ငါ့ဘုရားရှင် ကိုယ်တော်မြတ်ကြီး ကိုလဲ။ ပဿတိ–ဉာဏ်တော်ကိုဖူးတဲ့အနေနဲ့ ဉာဏ်ဘုရားကြီးကို မင်း တွေ့ပြီး ဖူးတဲ့အနေနဲ့ မုချမသွေ ဖူးရာရောက်လှပါပေသတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

ဟော–ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဝက္ကလိမထေရ်ကို ပြောနေတယ်၊ အရှိမှန်တရားကို မြင်အောင်ကြည့်နေတဲ့သူဟာ, ငါ့ မြင်နေတာတဲ့။ ငါ့ ဖူးနေတာတဲ့။ တရားကို မြင်အောင်ကြည့်နေတဲ့ သူသည်၊ ငါ့ကို မြင်နေတဲ့သူ။ ဒါဖြင့် ပြောင်းပြန်ပြန်လိုက်တော့ တရားကိုမမြင်တဲ့သူသည် ဘုရားကို မမြင်သောသူ မပြောနိုင်ဘူးလား ပရိသတ်ကြီး? ပြောနိုင်ပါဘုရား။ ဒါဖြင့် ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ အရှိမှန်တရားကြီးကို မြင်အောင်ကြည့်ဖို့ မလိုဘူးလား? လိုပါတယ်ဘုရား။ ကိုင်း–အရှိမှန်တရားဆိုတာ ရုပ်နာမ်ပြောတာ။

အရှိမှန်တရားဆိုတာ ဘာပါလိမ့်? ရုပ်နာမ်ပါဘုရား။ ဒါဖြင့် ရုပ်နာမ်ဆိုတာ ဘယ် သွားရှာရမှာတုန်း တပည့်တော်တို့ အထက်မိုးကောင်းကင်ရှာရမှာလား, စကြဝဠာနူတ်ခမ်းဆီ လှမ်းကြည့်ရမှာလားဆိုတော့– "**ဗျာမမတ္တေ ကလေဝရေ**" ဤအလျား တလံ, အနံတထွာမျှဖြစ်တဲ့ ဒီခန္ဓာကာယထဲမှာ ရှိတယ်တဲ့။ ဒီ ကိုယ်ထဲရှိတယ်တဲ့။ တရားပျောက်ရင် ကိုယ်မှာရှာ တရားရှာရင် ကိုယ်မှာတွေ့တယ်။ တရားပျောက်ရင် တခြား ထွက်မရှာနဲ့....တဲ့၊ ဒီအလျား တလံ, အနံ တထွာမျှဖြစ်တဲ့ ဒီခန္ဓာကိုယ်ထဲမှာရှာတဲ့။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ ထိုင်ပြီးတော့နေကြတဲ့ ရုပ်ခန္ဓာ, နာမ်ခန္ဓာ မရှိဘူးလား? ရှိပါဘုရား။ အဲဒီ ရုပ်ခန္ဓာ, နာမ်ခန္ဓာကြီးနဲ့ ထိုင်ပြီးတော့ ဒကာ–ဒကာမတွေ ရုပ်နာမ်ပျောက်နေကြတယ်။ အရှင်ဘုရား တပည့်တော်တို့ အခု ထိုင်နေတာ သိပါတယ်။ ကိုယ့်ကိုယ်ကို ဘယ့်နှယ်ပျောက်ရမှာတုန်း အရှင်ဘုရား ပြောမှပြောပလေ။ ပလ္လင်ပေါ်က အရှင်ဘုရားရှိတာနဲ့ ပလ္လင်ပေါ်က နေနိုင်တိုင်း အရှင်ဘုရား တပည့်တော်တို့ကို နှိပ်စက်သလို တပည့်တော်တို့ ပျောက်နေသလေး ဘာလေးနဲ့ မပြောပါနဲ့ဆိုအံ့။ ပျောက်နေတာ အမှန်၊ ပျောက်ပုံလေးကို ပြောမယ်နော်–

**"ရုပ်နာမ်သွားလဲ, ငါသွားသည်ပဲ, အထင်လွဲသည်, ယူစွဲဒိဋ္ဌိပါတကား၊**
**ရုပ်နာမ်ထိုင်လဲ, ငါထိုင်သည်ပဲ, အထင်လွဲသည်, ယူစွဲဒိဋ္ဌိပါတကား၊**
**ရုပ်နာမ်ရပ်လဲ, ငါရပ်သည်ပဲ, အထင်လွဲသည်, ယူစွဲဒိဋ္ဌိပါတကား၊**
**ရုပ်နာမ်အိပ်လဲ, ငါအိပ်သည်ပဲ, အထင်လွဲသည်, ယူစွဲဒိဋ္ဌိပါတကား"**။

ဒကာ–ဒကာမတွေ အခုထိုင်ပြီးတော့နေတော့ ငါထိုင်နေတယ်လို့ မထင်ဘူးလား? ထင်ပါတယ်ဘုရား။ ထိုင်နေတာငါလို့ကော မထင်ဘူးလား? ထင်ပါတယ်ဘုရား။ အဲဒါ ရုပ်နာမ်ပျောက်နေတာ။ သက္ကာယဒိဋ္ဌိကြီးကဝင်ပြီးတော့ ခြယ်လှယ်နေလိုက်တော့၊ ရှိနေတဲ့ရုပ်နာမ် ပျောက်သွားတယ်။ ထိုင်ချင်တာက နာမ်, တရားထိုင်ဟန်ပြုနေတာက ရုပ်တရား။ အခု ဒကာ–ဒကာမတွေ ထိုင်နေတဲ့ကိစ္စမှာ သေသေချာချာ စစ်ကြည့်ရင်၊ ထိုင်ချင်တဲ့စိတ်ခေါ်တဲ့

နာမ်တရားနဲ့၊ အဲ့ဒီနာမ်တရားရဲ့ အလိုကြ ဒီခန္ဓာကိုယ်ကြီး လဲမသွားအောင်. မိုးမတ်နေအောင်. ဝါယောရုပ်တွေက တွန်းကန်လှုပ်ရှားပြီးတော့ ထားလိုက်တော့၊ ခန္ဓာကိုယ်ကြီး ထောင်ထောင်မတ်မတ်ကြီး ငြိမ်ပြီးတော့နေတာ၊ ဒါ ထိုင်နေတယ်လို့ ခေါ်တာ။ ဒါဖြင့် စိတ်ကထိုင်ချင်လို့. စိတ်ကထိုင်ချင်လို့ စိတ်ကြောင့်ဖြစ်တဲ့ လေရုပ်တွေက တောင့်တင်းဆွဲမထားဘူးလား? ဆွဲထားပါဘုရား။ ဒါဖြင့် ထိုင်ဆိုတဲ့ကိစ္စဟာ ရုပ်နဲ့နာမ်ကိစ္စ ဖြစ်မနေဘူးလား—

**"စိတ်ကြောင့်ဖြစ်ပေ. ဝါယောလေကြောင့်. လေးထွေကုရိယာ. လှုပ်ရှားပါလည်း. တဏှာမာန. ဒိဋ္ဌိကမူ. ငါမှငါပဲ. အယူစွဲသည့်. ဒိဝဲ မကျော်နိုင်ကြပါတကား"**။

ဒိဝဲကြီးမကျော်နိုင်ခဲ့တာ များလှပြီ၊ ဝဲမှမကျော်နိုင်ရင် တလည်လည် မနေဘူးလား? နေပါဘုရား။ ဒါဖြင့် အခုထိုင်နေတာ ဘယ်သူတုန်းဆိုရင် ဆိုကြည့်လိုက်စမ်းပါ—

❖ **ထိုင်ချင်တာကနာမ်. ထိုင်ဟန်ပြုတာကရုပ်၊**
**သူမဟုတ် ငါမဟုတ်. ထိုင်တာနာမ်နဲ့ရုပ်၊**
**သူမဟုတ် ငါမဟုတ်. သဘောသက်သက် နာမ်နဲ့ရုပ်၊**
**သူမဟုတ် ငါမဟုတ်. ဖြစ်ပျက်သက်သက် နာမ်နဲ့ရုပ်၊**
**ထိုင်ချင်တာကနာမ်. ထိုင်ဟန်ပြုတာကရုပ်၊**
**သူမဟုတ်ငါမဟုတ်. ထိုင်တာနာမ်နဲ့ရုပ်။**

ထိုင်တာ ဘာနဲ့ဘာတုန်း? နာမ်နဲ့ရုပ်ပါဘုရား။ ဟော အဲဒါ သုတမယဉာဏ်နဲ့ သိသွားတာ။ ဘုန်းကြီးပြောတဲ့ ပရိယတ်သံကို ကြားပြီး ဖတ်ပြီးတော့ လိုက်ဆိုလိုက်တာ၊ အခု နာမ်ရုပ်မှန်း သိမသွားဘူးလား? သိသွားပါ ဘုရား။ အဲဒါကို လက်တွေ့ပဋိပတ်နဲ့ ပဋိဝေဓ ဉာဏ်အသိကလေး သိဖို့ရာက ရုပ်နာမ်လို့ရှုပေးရတယ်။ ထိုင်နေတဲ့ ပစ္စုပ္ပန် အမူအရာကြီးကိုကြည့်ပြီးတော့ ဉာဏ်စိုက်.စိုက်ပြီးတော့ ရုပ်နာမ် ဖြစ်ပျက်. ရုပ်နာမ်ဖြစ်ပျက်. ရုပ်နာမ် ဖြစ်ပျက်ဆိုတော့ ထိုင်ချင်တဲ့ နာမ်နဲ့ ထိုင်ဟန်ပြုတဲ့ရုပ်. ရုပ်နာမ်တွေက အထင်အရှား ဥပါဒ်ဋ္ဌီဘင်နဲ့ ဖြစ်မနေဘူးလား? ဖြစ်နေပါဘုရား။ အဲဒါတွေက

ရုပ်နာမ်, ရုပ်နာမ်လို့ သိတဲ့အသိကလည်း ကပ်မနေဘူးလား? ကပ်နေပါဘုရား။ ဒါဖြင့် ရှိတာကလည်းရုပ်နာမ်, သိတာကလည်းရုပ်နာမ် တည့်မသွားဘူးလား? တည့်ပါဘုရား။ ဒါဖြင့် ဒီအချိန် သိနေတဲ့အသိကလေးဟာ ရုပ်နာမ်အသိ မဖြစ်ဖူးလား? ဖြစ်ပါဘုရား။ ဒါဖြင့် အရှိမှန်ကြီး တွေ့သွားပြီ။ အဲ့ဒီ အချိန် ငါဆိုတဲ့ဒိဋ္ဌိကလေး ပျောက်သွားတယ်။ မပျောက်ဘူးလား? ပျောက်ပါတယ် ဘုရား။ အဲဒါ သက္ကာယဒိဋ္ဌိသတ်လိုက်တာပဲ။ သက္ကာယ ဒိဋ္ဌိသတ်တာသည်ပင် သမုဒယသစ္စာပယ်တာပဲ။

ရုပ်နာမ်ပိုင်းခြား သိတာသည်ပင် ဒုက္ခပိုင်းခြားသိတာပဲ။ ပိုင်းခြားသိနေတဲ့ တရားက ဝိပဿနာမဂ်ခေါ်တယ်။ ရုပ်နာမ်ပိုင်းခြားသိနေတဲ့ ဉာဏ်ကလေးက ဝိပဿနာမဂ်။ သူ့ကို မဂ္ဂသစ္စာဉာဏ်လို့ခေါ်တယ်။ ဒါဖြင့် သစ္စာသုံးပါး ပေါ်မလာဘူးလား? ပေါ်ပါတယ်ဘုရား။ ပျောက်တဲ့ငါလုံးလေးက သမုဒယသစ္စာ ပျောက်သွားတာ။ အသိခံရတဲ့ ရုပ်နာမ်က ဒုက္ခသစ္စာ ဖြစ်မနေဘူးလား? ဖြစ်နေပါဘုရား။ သူက ဆင်းရဲအစစ်အမှန်ကြီးမို့ ဒုက္ခသစ္စာခေါ်တယ်။ ဘာလို့ ဆင်းရဲအစစ်မှန်တုန်းလို့ဆိုတော့ ဖြစ်လိုက် ပျက်လိုက်, ဖြစ်လိုက် ပျက်လိုက် လုပ်နေလို့။ ဒါ့ကြောင့် သူက ဒုက္ခသစ္စာ၊

ခုသိနေတဲ့ ဝိပဿနာမဂ်က မဂ္ဂသစ္စာ။ အမြင်မှန်ကြီး မဟုတ်လား? မှန်လှပါဘုရား။ အမြင်မှန်ကို ပါဠိလို သမ္မာဒိဋ္ဌိလို့ ခေါ်တယ်။ မှန်ဆိုတာ- သမ္မာ၊ ဒိဋ္ဌိဆိုတာ အမြင်, အမြင်မှန်, အမှန်မြင်။ ဒါဖြင့် မဂ်သစ္စာမှာ မဂ္ဂင်ရှစ်ပါးမှာ သမ္မာဒိဋ္ဌိဦးမစီးဘူးလား? ဦးစီးပါဘုရား။ ဒါဖြင့် သစ္စာသုံးပါးပေါ်လာတော့ သမုဒယသစ္စာတဏှာကလည်း ပျောက်သွားပြီ။ အဲဒီ သမုဒယသစ္စာ တဏှာကြောင့် ဒီရုပ်နာမ်တွေ ပေါ်ပေါ်ပြီးတော့ သမုဒယသစ္စာ မျိုးစေ့လေးကြောင့် ရုပ်နာမ်ခန္ဓာအပင် ပေါက်တာ။ အခု ဒကာ-ဒကာမတွေက ဝိပဿနာမဂ်နဲ့ အဲဒီ သမုဒယ သစ္စာတဏှာဒိဋ္ဌိကို မသတ်လိုက်ဘူးလား? သတ်လိုက်ပါတယ် ဘုရား။ မျိုးစေ့ကို မီးမရှို့လိုက်ဘူးလား? ရှို့ပါတယ်ဘုရား။ ဒီမျိုးစေ့ ပေါက်အုန်း မလား? မပေါက်တော့ပါဘုရား။ မပေါက်လို့ရှိရင် ရုပ်နာမ်ခန္ဓာ လာအုန်းမလား? မလာတော့ပါဘုရား။ မလာရင်မငြိမ်းဘူးလား? ငြိမ်းပါဘုရား။ မအေးဘူးလား? အေးပါဘုရား။ အဲဒါ နိရောဓသစ္စာ။

## အပဝတ္တိ နိရောဓောနိဗ္ဗာနံ။

အပဝတ္တိ နိရောဓောနိဗ္ဗာနံ-အကြောင်းသတ်လိုက်လို့ အကြောင်း မျိုးစေ့ သမုဒယသစ္စာဒိဋ္ဌိကို သတ်လိုက်လို့ သူ့ကြောင့် ပေါက်လာမည့် ရုပ်နာမ်ခန္ဓာ အပင် မလာတော့ပဲနဲ့ ငြိမ်းသွား, အေးသွား, ကင်းသွား, ရှင်းသွားခြင်းသည်၊ သစ္စ-ဘုရားရှင်အဆူဆူ မျက်မှောက်ပြုတော်မူတဲ့ နိရောဓသစ္စာနိဗ္ဗာန် အရှိတရားကြီးသည်၊ ဟောတိ-မုချမသွေ ဖြစ်ပါပေသတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

ဒီတော့ အဲဒီဝိပဿနာမဂ်၊ မဂ္ဂသစ္စာတရားက အဲဒီ နိဗ္ဗာန်ဘက်ကို ညွှတ်နေတယ်, ကိုင်းနေတယ်, သွားနေတယ်။ ဒါကို နိဗ္ဗာန် မျက်မှောက် ပြုတယ်လို့ခေါ်တယ်။ သို့သော် ဒါ လောကီဝိပဿနာက မျက်မှောက်ပြု နေတာနော်။ အဲဒီ လောကီ ရင့်ရင့်, ရင့်ရင့်တက် သွားအောင် ရှု့ပေး, ရှုပေး, ပွားပေး။ ဟော-ဇောဈောင်သုတ်ကျတော့ **"ဘာဝိတော ဗဟုလီကတော"** တဲ့၊ အကြိမ်ဖန်များစွာ ထပ်ပွားပေး, ထပ်လုပ်ပေး ဝီရိယသမ္မောဇ္ဈင်နဲ့ တွန်းပေး, ရှုပေး, ပွားပေး။ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ တရားရှုနည်းယူဖို့ မခက်ဘူး။ မှန်မှန် လုပ်ဖို့ခက်တယ်။ တရားရှုနည်းကတော့ ရအောင်ယူလိုက်ရင် အချိန် နာရီပိုင်းအတွင်း ရအောင်ယူလို့ရတယ်။ မှန်မှန်ဆက်ပြီးတော့ အချိန်မှန် လုပ်နေဖို့ရာ ရုပ်နာမ်ဖြစ်ပျက်, ရုပ်နာမ်ဖြစ်ပျက် ရှု့ပေးတော့ ပထမ ရုပ်နာမ်ကိုသိတယ်၊ နောက်တော့ အဲဒီရုပ်နာမ်ရဲ့ ပေါ်လိုက် ပျောက်လိုက်တဲ့ သဘောလေးတွေကို သိမယ်။

ဟာ-သို့မဟုတ် ထိုင်တယ်, ထိုင်တယ်, ထိုင်တယ်ရှုတော့၊ ထိုင်ခြင်း အမူရာကြီး မမိဘူးလား? မိပါဘုရား။ အဲဒီ ထိုင်တယ်, ထိုင်တယ်လို့ရှုနေတာ ထိုင်တဲ့ ရုပ်နာမ် အမူအရာကြီး ဖမ်းမိနေတာပဲ၊ ရုပ်နာမ်ဆိုတာ အမူအရာပဲရှိတယ်၊ အမူအရာသည်လဲ ရုပ်နာမ်ပဲ။ ဒါကြောင့် ထိုင်တယ်, ထိုင်တယ်လို့ပဲ ရှုရှု၊ ရုပ်နာမ်ဖြစ်ပျက်လို့ပဲရှုရှု၊ ထိုင်သိပျက်, ထိုင်သိပျက်လို့ပဲ ရှုရှု။ အရှိမှန်တရားကြီးလို့

မမြင်ဘူးလား? မြင်ပါဘုရား။ အဲဒီလို အရှိမှန်တရားကြီးကို မြင်နေတဲ့အချိန်သည် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဝက္ကလိမထေရ်ကို ပြောနေတဲ့–

## "ဓမ္မံ ပဿန္တော မံ ပဿတိနာမ"။

ဓမ္မံ–ငါထိုင်နေတာဆိုတဲ့ ငါစွဲပြုတ်သွားပြီးတော့, ရုပ်နာမ်နေခြင်း။ (ဝါ)– ရုပ်နာမ်ရဲ့ထိုင်ခြင်းသဘောကြီးပဲလို့။ ပဿန္တော–တရားကိုမြင်အောင် ရှုနေတဲ့ ပုဂ္ဂိုလ်သည်။ မံ–ငါဘုရားရှင်ကိုယ်တော်မြတ်ကို။ ပဿတိ–ဉာဏ်ဘုရား ဖူးတဲ့အနေနဲ့ ဖူးမြင်၍နေရာရောက်သည်။ ဟောတိ–မုချမသွေ ဖြစ်ရပါပေသတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

ဒါဖြင့် ဘုန်းကြီးတို့ အမြွက်လောက်ပြလို့ရှိရင် ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ သိရောပေါ့နော်။ ပုံတော်ဘုရားကိုဖူးခြင်း, ဂုဏ်တော် ဘုရားကို ဖူးခြင်း, ဉာဏ်တော်ဘုရားဖူးတဲ့ ဖူးခြင်း၊ ဖူးခြင်းသုံးမျိုးမှာ ဉာဏ်တော်ဖူးတဲ့သူက အမြတ်ဆုံးတဲ့၊ အမြတ်ဆုံး။ မမြတ်ဘူးလား ပရိသတ်ကြီး? မြတ်ပါတယ်ဘုရား။ ဘာပြုလို့လဲဆိုတော့ သစ္စာ(၄)ပါး ဆိုက်မသွားဘူးလား? ဆိုက်သွားပါတယ်ဘုရား။ ဘာပြုလို့လဲဆိုတော့ သစ္စာလေးပါးဆိုက်သွားမှတော့ သစ္စာလေးပါးဆိုတာ အမှန်တရားကြီး ဉာဏ်နဲ့သွားနေမှတော့ မဂ္ဂသစ္စာပါနေမှတော့ နိရောဓသစ္စာ ခေါ်တဲ့ နိဗ္ဗာန်ရောက်ပြီးတော့ အိုနာသေရေးဘေးကြီး ကင်းဝေးငြိမ်းပြတ်ဖို့ မလာဘူးလား? လာပါဘုရား။ ကိုင်း ဆိုလိုက်စမ်းပါ။–

- **ပုံတော်ဘုရား, ဂုဏ်ဘုရား, ဉာဏ်သွားဖူးတတ်စေ။**
- **ဘုရားသုံးရပ်, အဖူးတတ်, လူမြတ်လူတော်တွေ။**

အဲဒီလိုအားဖြင့် အခု ရုပ်ပွားဆင်းတုတော်မြတ်ကြီးကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ကိုယ်စားကြွလာတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးပဲလို့ ပုံတော်ဘုရားကိုလည်းဖူး, ဂုဏ်တော်တွေသွင်းပြီးတော့လည်းဖူး, ဉာဏ်တော် ဘုရားနဲ့လည်း ဖူးတတ်တဲ့ စေတနာသဒ္ဓါစိတ်တွေ ထက်သန်ခဲ့ကြရင်၊ အခု ဘုရားရှင်ကိုယ်တော်မြတ်ကြီး သက်တော်ထင်ရှားမရှိပေမယ့်လို့၊ မိမိတို့ရဲ့

စိတ်စေတနာ သဒ္ဓါဓာတ်က ထက်သန်မယ်ဆိုရင်၊ အိုနာသေရေး ဒုက္ခဘေးကြီးမှ ကင်းဝေးငြိမ်းပြတ်တဲ့ နိဗ္ဗာန်ကို မချဆတ်ဆတ် ရနိုင်တယ်....လို့၊ အရှင်ဥပါလိ မထေရ် ကိုယ်တော်မြတ်ကြီးကရော ဘုရားရှင်ကိုယ်တော်မြတ်ကြီးကပါ ဟောတော်မူခဲ့တဲ့ တရားက—

**တိဋ္ဌန္တေ နိဗ္ဗုတေစာပိ, သမေ စိတ္တေ သမံ ဖလံ၊**
**စေတော ပဏိဓိ ဟေတုဟိ, သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။**

ဂါထာနိဂုံးသတ် သာဓုခေါ်ပြီးတော့ သိမ်းရအောင်နော်၊

တိဋ္ဌန္တေစာပိ–သက်တော်ထင်ထင် တည်ရှိစဉ်ဝယ်, ဖူးမြင်ရငြား မြတ်ဘုရား၌လည်းကောင်း။ နိဗ္ဗုတေစာပိ–ရွှေပြည်နိဗ္ဗူ စံတော်မူသည့်, သုံးလူထွဋ်ထား မြတ်ဘုရား၌လည်းကောင်း။ စိတ္တေ–ဘုရားအာရုံ ကောင်းစွာထုံ၍, တစ်လုံးလဲလဲ မှီဝဲစွဲသုံး စိတ်နှလုံးသည်။ သမေ–သဒ္ဓါပညာ အရာရာက, မကွာတန်းတူ ညီမျှပါမူကား။ သမံဖလံ–အကျိုးပေးဟန် အတန်တန်သည်, ကေန်ညီမျှ တန်းတူရလေတော့၏။ ဟိယုတ္တံ–ထိုစကားလျှင် မမှားကေန် ယုတ္တိတန်လှပါပေ၏။ သတ္တာ–ယုတ်မြတ်မဆူ သူငါကစ သတ္တဝါဟူသမျှတို့သည်။ စေတောပဏိဓိ ဟေတု–စိတ်နေစိတ်ထား ကြီးမားဖြူစင် ကြည်လင်သန့်ရှင်း အကြောင်းရင်းကြောင့်။ သုဂ္ဂတိံ–လူ့ရွာနတ်ထံ ချမ်းသာ စံလျှက်, နိဗ္ဗာန်တိုင်ထိ အကောင်းဆုံးဂတိသို့။ ဂစ္ဆန္တိ–ပါရမီစွမ်းသလောက် စခန်းပေါက်၍, လှမ်းရောက်တော်မူနိုင်ကြပါပေကုန်သတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

## "သံဝေဇနီယလေးဌာန တရားတော်"

**တိဋ္ဌန္တေ နိဗ္ဗုတေစာပိ, သမေ စိတ္တေ သမံ ဖလံ၊**
**စေတော ပဏိဓိ ဟေတုဟိ, သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။**

တိဋ္ဌန္တေစာပိ–သက်တော်ထင်ထင် တည်ရှိစဉ်ဝယ် ဖူးမြင်ရခြား မြတ်ဘုရား၌ဂုဏ်း။ နိဗ္ဗုတေစာပိ–ရွှေပြည်နိဗ္ဗူ စံတော်မူသည့် သုံးလူ ထွဋ်ထား မြတ်ဘုရား၌ဂုဏ်း။ စိတ္တေ–ဘုရားအာရုံ ကောင်းစွာထုံလျက် တလုံလဲလဲ မှိဝဲစွဲသုံး စိတ်နှစ်လုံးသည်။ သမေ–သဒ္ဓါပညာ အရာရာက မကွာတန်းတူ ညီမျှပါမူကား။ သမံဖလံ–အကျိုးပေးဟန် အတန်တန်သည် ကေန်ညီမျှ တန်းတူရလေတော့၏။ ဟိယုတ္တံ–ထိုစကားလျှင် မမှားကေန် ယုတ္တိတန်လှပါပေ၏။ သတ္တာ–ယုတ်မြတ်မဆူ သူငါကစ သတ္တဝါဟူသမျှတို့သည်။ စေတောပဏိဓိဟေတု–စိတ်နေစိတ်ထား ကြီးမားဖြူစင် ကြည်လင်သန့်ရှင်း အကြောင်းရင်းကြောင့်။ သုဂ္ဂတိံ–လူ့ရွာနတ်ထံ ချမ်းသာစံလျက် နိဗ္ဗာန်တိုင်ထိ အကောင်းဆုံးဂတိသို့၊ ဂစ္ဆန္တိ–ပါရမီစွမ်းသလောက် စခန်းပေါက်၍ လှမ်းရောက်နိုင်ကြပေကုန်သတည်း။

ဒီနေ့ ရှမ်းကလေးကျွန်းရွာ ဒကာ–ဒကာမအပေါင်း သူတော်ကောင်း တွေက ဘုရားဒကာ, ဘုရားအမအဖြစ်နဲ့ ကုသိုလ်ပါဝင်ပြီးလာကြတော့၊ ဘုရားတည်းဟူသော တုန်းတိုင် သစ်ဝါး လှေဖောင်များကို ဖက်ထားကြတဲ့သူတွေနဲ့ တူကြလေသောကြောင့်၊ အဲဒီ ရွှေမုဋ္ဌောမဟာသိမ်တော်ကြီးမြတ်စွာဘုရားဆိုတာ ဂေါတမ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ရုပ်ပွားတော်အဖြစ်နဲ့ ရုပ်ပွားဆင်းတု တော်မြတ်ကြီး သီတင်းသုံးလေသောကြောင့်၊ အဲဒီ ဂေါတမဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ **"ဖွား. ပွင့်. ဟော. စံ. ဤလေးတန် သံဝေဇနီယ ဌာနတည်း"** ဆိုတဲ့အတိုင်း ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ၊ ထူးထူးခြားခြား သူ့ကို အာရုံယူပြီးတော့ ကြည်ညိုကိုးကွယ်ချင်ရင်၊ ၁။ ငါဘုရားရှင် ကိုယ်တော် မြတ်ကြီး ဖွားမြင်တော်မူတဲ့ လုမ္ဗနီသာမော အင်ကြင်းတောဆိုတဲ့အရပ်၊ ၂။ ငါဘုရားရှင် ကိုယ်တော်မြတ်ကြီး ဘုရားစင်စစ် ဖြစ်တော်မူခဲ့တဲ့ မဟာဗောဓိ

ညောင်ပင် ရွှေပလ္လင်ဆိုတဲ့နေရာ၊ ၃။ ငါဘုရားရှင်ကိုယ်တော်မြတ်ကြီး သစ္စာ(၄)ပါး မြတ်တရားကို တရားဦးဟောရာဖြစ်တဲ့ ဗာရာဏသီမြို့ ဣသိပတန မိဂဒါဝုန်တော ဆိုတဲ့ အရပ်၊ ၄။ ငါဘုရားရှင်ကိုယ်တော်မြတ် ခန္ဓပရိနိဗ္ဗာန်စံရာ ခန္ဓာဝန်ချရာ ဖြစ်တဲ့ ကုသိနာရုံ မလ္လာမင်းတို့ရဲ့ အင်ကြင်းစုံဆိုတဲ့ အရပ်လို့ဆိုတဲ့ အဲဒီ လေးဌာနကို၊ သဒ္ဓါတရားရှိကြတဲ့ ငါဘုရားအပေါ် ယုံကြည်ကိုးစားကြတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ၊ တစ်ဌာနပဲဖြစ်ဖြစ်၊ တတ်နိုင်ရင် နှစ်ဌာနပဲဖြစ်ဖြစ်၊ လေးဌာနလုံးပဲဖြစ်ဖြစ် ရောက်အောင်သွားပြီးတော့ ပူဇော် ထိုက်တယ်၊ ရောက်အောင်သွားပြီးတော့ ကြည်ညိုထိုက်တယ်၊ ရောက်အောင် သွားပြီးတော့ ကိုးကွယ်ထိုက်တယ်၊

အဲဒီလို ရောက်အောင်သွားပြီးတော့ ပူဇော်ကိုးကွယ်ကြတဲ့ ဒကာ-ဒကာမများ အပါယ်(၄)ပါးတံခါး ပိတ်လိမ့်မယ်လို့ ဘုရားဟောတော်မူခဲ့တဲ့ သံဝေဇနီယ သုတ္တန်တရား ဒီနေ့ ဟောရမှာဖြစ်တော့၊ ဘုရားရှင် ကိုယ်တော် မြတ်ကြီးရဲ့ ထူးခြားမြင့်မြတ်တဲ့ ဌာနကြီး (၄) ခုကို ကိုယ်တိုင်မရောက်နိုင်သည့် တိုင်အောင်၊ ရောက်လာခဲ့တဲ့ ဘုန်းကြီးတို့က တစ်ဆင့်ဟောတာကို နာကြားခြင်း ဖြင့်လဲ၊ ဘုန်းကြီးတို့က မကြာခင်က သွားခဲ့တယ်လေ သီရိလင်္ကာရယ်, အိန္ဒိယရယ်, နီပေါရယ်, စင်္ကာပူရယ်, ထိုင်းနိုင်ငံရယ် ငါးနိုင်ငံခရီး ဘုန်းကြီးတို့ သွားခဲ့ပါတယ်၊ ဘုရားဖူး။ အထူးသဖြင့်ကတော့ ဘုရားကိုယ်တော်မြတ်ကြီး ဟောတော်မူခဲ့တဲ့ **"ဖွား. ပွင့်. ဟော. စံ. လေးတန်သော ဌာနကြီးကို"** သွားပြီးတော့ ဖူးမျှော်ကန်တော့ခဲ့ရတယ်၊ အမေမွေးလိုက်တဲ့မျက်စိနဲ့ ဘုရား ပွင့်တော်မူရာ နေရာကြီးကို မြင်ခဲ့ရတယ်၊ ဘုရားကိုယ်တော်မြတ်ကြီး ဘုရားစင်စစ် အဖြစ်သို့ ရောက်သွားတဲ့ ဗောဓိပင်နဲ့ရွှေပလ္လင်ကြီးကို အမေ မွေးပေးလိုက်တဲ့ မျက်စိနဲ့ ကိုယ်တိုင် ကိုယ်ကျမြင်ခဲ့ရ၊ ဖူးခဲ့ရတယ်။ အမေမွေးပေးလိုက်တဲ့ လက်နှစ်ဖက်နဲ့ တို့ခဲ့, ထိခဲ့, ကန်တော့ခဲ့ရတယ်၊ အဲဒီလို ကန်တော့ရ, မြင်ရ, ဖူးရရင်၊ ဒီကောင်းမှု, ဒီကုသိုလ် အခြေခံပြီးတော့ လူ့,ရွှာနတ်ထံချမ်းသာစံ နိဗ္ဗာန်တိုင်ရောက် စခန်းပေါက်နိုင်တယ်လို့ ဘုရားကလဲ အာမခံထားတယ်၊ ဒီတော့ မိမိရောက်ခဲ့ ရခဲ့ရတဲ့ ကုသိုလ်တွေကို၊ ဒီနေ့ ရှမ်းကလေးကျွန်းရွာ ဒကာ-ဒကာမ အပေါင်း ပါရမီဆက် ပဌာန်းဆက် ရှိလာကြတဲ့သူတွေ၊ ရေးက

အကြောင်းကောင်းမှုဆက် ရှိလာကြတဲ့ သူတွေလဲပဲ တစ်ဆင့် ရကြပါစေလို့၊ ဒီနေ့ ဟောရမှာဖြစ်တော့၊ ကိုင်း အဲဒီလေးဌာန သိသွားအောင် သံဝေဇနိယဌာန လို့ခေါ်တဲ့ အဲဒီလေးဌာန သိသွားအောင် ပရိသတ်ကြီး လိုက်ဆိုစမ်းပါ့—

## ❖ ဖွား. ပွင့်. ဟော. စံ၊ ဤလေးတန်၊ သံဝေဇနိယဌာနတည်း။

ဟော မြတ်စွာဘုရားကိုယ်တိုင် ဟောထားခဲ့ဘာ၊ ငါဘုရား ကိုယ်တော်မြတ်ကြီးနဲ့စပ်ပြီးတော့ ငါဘုရား ဟောတော်မူခဲ့တဲ့နေရာ၊ ဒါကိုဖွားလို့ လင်္ကာလေးလုပ်ထားတယ်၊ ငါဘုရားရှင်ကိုယ်တော်မြတ်ကြီး ဘုရားအဖြစ် ရောက်တော်မူတဲ့ ဘုရားပွင့်တော်မူတဲ့နေရာ၊ ဗုဒ္ဓဂယာ မဟာဗောဓိပင်နှင့် ရွှေပလ္လင်ပေါ့၊ ငါဘုရားရှင် ကိုယ်တော်မြတ်ကြီး ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦး အနေနဲ့ လောကကြီးထဲမှာ ပဌမဦးဆုံး ဟောတော်မူတဲ့နေရာ၊ ဗာရာဏသီမြို့ မြောက်ဘက် ဣသိပတန မိဂဒါဝုန်တောကြီးပေါ့၊ ငါဘုရားကိုယ်တော်မြတ် ခန္ဓပရိနိဗ္ဗာန်စံတဲ့နေရာ ပရိနိဗ္ဗာန်စံတဲ့ ခန္ဓာဝန်ချတော်မူတဲ့နေရာ၊ ကုသိနာရုံပြည်က မလ္လာမင်းတို့ရဲ့ အင်ကြင်းဥယျာဉ်ပေါ့၊ ဖြစ်နိုင်ရင် အဲဒီလေးဌာနကို ကိုယ်တိုင် ကိုယ်ကျ ဖူးမျှော်ထိုက်တယ်. ကန်တော့ထိုက်တယ်. ရှိခိုးထိုက်တယ်၊ သံဝေဇနိယဌာနဆိုတဲ့အတိုင်း သံဝေဂဖြစ်ထိုက်တယ်။ သံဝေဂဖြစ်တယ်ဆိုတာ အော်—ဒီနေရာမှာ ဘုရားကိုယ်တော်မြတ်ကြီး ဖွားတော်မူ သွားခဲ့တယ်၊ အဲဒီ ဖွားတော်မူသွားခဲ့တဲ့ဘုရား၊ အခု မရှိတော့ပါလား၊ အနိစ္စသဘောတရား. မမြဲတဲ့သဘောတရားပါလားလို့၊ အဲဒီလို သံဝေဂ ဉာဏ်တွေဖြစ်ပွားစရာဖြစ်တဲ့ ဌာနကြီးလေးပါးမို့လို့ သံဝေဇနိယဌာန ်လေပါ၊ အဲဒီလေးပါးကို ကိုယ်တိုင် မရောက်နိုင်သော်လဲပဲ ဘုန်းကြီးတို့ တစ်ဆင့်ပြောတာနဲ့ ရောက်ကြရအောင်၊ စိတ်ရောက်ရောက်ကြရအောင်၊ ကိုယ်နဲ့မရောက်နိုင်သော်လည်း စိတ်ရောက် ရောက်ပြီးတော့ အဲဒီ ဘုရားကိုဖက်. တရားကိုဖက်. သံဃာကိုဖက်ပြီးတော့ ပူဇော်ကြရအောင်၊ ဆိုလိုက်စမ်းပါ။

## ❖ ဖွား. ပွင့်. ဟော. စံ. ဤလေးတန် သံဝေဇနိယဌာနတည်း။

ကဲ အဲဒီလေးပါးထဲက ပဌမဆုံး ဖွားတော်မူခဲ့တဲ့နေရာ၊ အဲဒီ ဖွားတော်မူတဲ့နေရာ ဘယ်နားမတုန်းဆိုတော့ အိန္ဒိယနဲ့ နီပေါနိုင်ငံ နယ်စပ်၊

**ဒီနေ့တော့** နီပေါနိုင်ငံလို့ဖြစ်နေတယ်၊ ဟိုရှေးတုန်းက ဘုရားပွင့်တော်မူတဲ့ အချိန်တုန်းကတော့ တစ်နိုင်ငံလုံး အိန္ဒိယ တစ်ခုလုံး အိန္ဒိယချည်းပဲ၊ အခုလဲ အိန္ဒိယခွဲထွက်သွားတဲ့ နီပေါတဲ့၊ နောက် ပါကစ္စတန်တဲ့ ဘင်္ဂလားဒေ့ရှ်ဆိုပြီးတော့ နိုင်ငံတွေအသီးသီး ကွဲသွားလို့၊ အစတုန်းကတော့ အိန္ဒိယချည်း မဇ္ဈိမအိန္ဒိယ နိုင်ငံကြီး၊ အဲဒီအိန္ဒိယ နိုင်ငံနဲ့ နီပေါနိုင်ငံတို့ရဲ့နယ်စပ်မှာ လုမ္ဗိနီအင်ကြင်းတော လို့ဆိုတဲ့ အင်ကြင်းပင်တောကြီးရှိတယ်၊ လုမ္ဗိနီအင်ကြင်းဆိုတာ အခု ရိုးရိုး အင်ကြင်းတွေထက် အကိုင်းအခက် အရွက်အားဖြင့်လဲ ကြီးတယ်၊ အပွင့် အားဖြင့်လည်း ကြီးတယ်၊ အသီးကြီးတွေကလဲ ကြီးတယ်၊ အင်မတန် ခံ့ထယ်ကြီးမားတဲ့ လုမ္ဗိနီသာမော အင်ကြင်းတောမှာ၊

အားလုံး ဒကာ–ဒကာမတွေ ကြားဖူးတဲ့အတိုင်း မယ်တော်မာယာသည် သူ့ရဲ့ ကပိလဝတ္ထုနေပြည်တော်ကနေပြီးတော့ သူ့ရဲ့ ဇာတိဒေဝဒဟဆိုတဲ့ နိုင်ငံတော်နေပြည်တော်ကို သွားမယ်ဆိုပြီးတော့ ထွက်လာရာက၊ လမ်းခရီး ခဏအပန်းဖြေနားတဲ့အနေနဲ့ လုမ္ဗိနီ အင်ကြင်းတောထဲမှာ ခဏခေတ္တ အပန်းဖြေ နားတဲ့အခိုက်၊ လုမ္ဗိနီ အင်ကြင်းတောရဲ့ သာမောဖွယ် ကြည်နူးဖွယ်တွေကို အင်ကြင်းကိုင်းကို လက်တစ်ဖက်က ကိုင်ပြီးတော့ ကြည့်ရင်းရှုရင်းနဲ့ မနာမကြင်. မပင်မပန်း, ဘုရားအလောင်းတော်ကို ဖွားတော်မူခဲ့တယ်။ ဖွားတော် မူတယ်ဆိုရင်ပဲ ဘုရား အလောင်းတော်ဟာ ဖွားမြင်လာ ဖွားမြင်လာခြင်းခြင်း၊ ထူးထူးခြားခြား မြောက်အရပ်ကို ခုနစ်ဖဝါးလှမ်းသွား ပြီးတော့။ **အဂ္ဂေါ ဟမသ္မိ လောကဿ** – လောကကြီး ထဲမှာ ငါအမြတ်ဆုံး။ **ဇေဋ္ဌောဟမသ္မိ လောကဿ** – လောကကြီးထဲမှာ ငါအကြီးဆုံး။ **သေဋ္ဌော ဟမသ္မိ လောကဿ** – လောကကြီးထဲမှာ ငါအသာဆုံးလို့ဆိုတဲ့ စကားသုံးလုံး ကြွေးကြော် ကြုံးဝါးပြီးတော့ ခုနစ်ဖဝါးကြွသွားပြီးတော့ ကြွတော်မူခဲ့တယ်။ ဘုရားကိုယ်တော်မြတ်ကြီး မွေးလျှင်မွေးခြင်း စကားပြောတာ၊ ထူးထူးခြားခြား မွေးလျှင်မွေးခြင်း စကားပြောတာ၊

ဘုန်းကြီးတို့တတွေက များသောအားဖြင့်မွေးရင် အူဝဲ. အူဝဲနဲ့ ငိုပွဲ ဆင်ပြီးတော့ စကားပြောကြတာ၊ အခု ဘုန်းကြီးတို့ ဘုရား အလောင်းတော်က

စကားပြောပြီးတော့ မွေးတာ။ ပြောလိုက်တဲ့ စကားကလဲ၊ တကယ့်မြင့်မြတ်ခမ်းနားတဲ့စကားကြီးတွေ ဘုရားအလောင်းတော်က မွေးဖွားလာလျှင် မွေးဖွားလာခြင်း လောကကြီးထဲကို လှည့်ပြီးတော့ ကြည့်လိုက်တယ်၊ ကြည့်လိုက်တော့ ပတ်ဝန်းကျင်က ဗြဟ္မာတွေနဲ့တကွ နတ်တွေပါ၊ အဲဒီခေတ်တုန်းက ဗြဟ္မာတွေဆိုတာ အမြတ်တနိုးထားပြီးတော့ ကိုးကွယ်နေကြတာ၊ ဘုရား, တရား, သံဃာ ရတနာသုံးပါး မပေါ်သေးတော့ လောကလူသားတွေက ဗြဟ္မာဆို အမြတ်ဆုံးထားတာ၊ အဲဒီ လောကအမြတ်ဆုံးထားတဲ့ ဗြဟ္မာကြီးတွေ ကိုယ်တိုင်က ဘုရား အလောင်းတော်လေးကို လက်အုပ်ချီပြီးတော့ ရှိခိုးနေကြတာ ဘုရားအလောင်းတော်က တွေ့ရ၊ အဲဒီတင် ဘုရားအလောင်းတော်က လောကကြီးထဲမှာ ငါ့ရှိခိုးရမယ့်လူ မရှိဘူး၊ အကုန်လုံး ငါ့ဝိုင်း ရှိခိုးနေကြရတာပါလားဆိုပြီးတော့၊

"**အဂ္ဂေါဟမသ္မိ လောကဿ-လောက ကြီးထဲမှာ ငါအမြတ်ဆုံး။ သေဋ္ဌောဟမသ္မိ လောကဿ-လောကကြီး ထဲမှာ ငါအသာဆုံး။ ဇေဋ္ဌောဟမသ္မိ လောကဿ-လောကကြီးထဲမှာ ငါအကြီးဆုံးလို့။**" –ကြွေးကြော်ပြီးတော့ ခုနစ်ဖဝါးလှမ်းပြီးတော့ ကြွတော်မူတော့၊ အထိမ်းတော်တွေ, အယုယတော်တွေက အမလေး ထူးဆန်းလိုက်တဲ့သားလေး၊ ထူးဆန်းလိုက်တဲ့သားလေးဆိုပြီးတော့ တဘက်တော်တွေနဲ့, အနှီးတော်တွေနဲ့, အဝတ်ထည်တွေနဲ့ ရွှေဝတ်တော်, ငွေဝတ်တော်တွေနဲ့ ဝိုင်းပြီးတော့ ချီကြ, ပွေ့ကြ, မကြရတယ်၊ အဲဒါ ဘုရားဖြစ်မည့် ဘဝမှာ၊ ဖွားမြင်တော်မူလာခဲ့တဲ့ လုမ္ဗိနီသာမော အင်ကြင်းတောအရပ်၊ အဲဒီအရပ်ဟာလည်းတဲ့ သဒ္ဓါ တရားရှိတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ၊ ငါဘုရားကို သဒ္ဓါကြည်ညို မှီခိုကြတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ တစ်ခါတစ်ခေါက် သွားရောက်ပြီးတော့ ဖူးမျှော်လိုက်တယ်၊ ဖူးမျှော်ပြီးတော့ သံဝေဂဉာဏ်တွေ ဖြစ်ပွားလိုက်တယ်၊ အဲဒီ ဖူးမျှော်တဲ့ ကုသိုလ်ကောင်းမှုကို အခြေခံပြီးတော့ လူ့ရွာနတ်ထံ ချမ်းသာစံပြီးတော့ နိဗ္ဗာန်တိုင်ပေါက်စခန်းရောက်နိုင်တယ် အပါယ်(၄)ပါး ကျမသွားနိုင်ဘူးလို့၊ ဘုရားအာမခံထားခဲ့တဲ့နေရာ၊

ဒီတော့ ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ ကိုယ်တိုင် မရောက်တောင်မှ၊ အခုရောက်လာခဲ့တဲ့ ဘုန်းကြီးပြောတာကို အာရုံယူ ပြီးတော့၊ ကိုယ့်စိတ်ထဲမှာ ဘယ်နားရယ်လို့တော့ မသိဘူးပေါ့၊ ကိုယ့်စိတ် ထဲမှာ လုမ္ဗိနီသာမော အင်ကြင်းတောဆိုတာ မြင်လာမှာပေါ့၊ အနက်ထင်လာမှာပေါ့၊ အဲဒီ မြင်လာထင်လာတဲ့နေရာကို အာရုံပြုပြီးတော့ ကြည်ညိုကြရအောင်၊ ဘုန်းကြီးကလဲ အဲဒီရောက်တုန်းက အမှတ်တရ လင်္ကာလေးတွေ သီကုံးပြီးတော့။–

**"လုမ္ဗိနီတော. သာမောကြည်လင်. ပန်းစုံပင်နော. မနောရွှင်ရွှင်. ကြည်လင်ညွတ်ကျိုး. ရှိခိုးဦးတင်. နို့ဘုရားဖွားသည့်နေရာပင်"**–လို့ လင်္ကာလေးလုပ်ပြီးတော့ ဘုန်းကြီးက မှတ်တမ်းတင်လာခဲ့တယ်၊ အဲဒီလင်္ကာလေး သုံးခေါက် သုံးခေါက် လိုက်ဆိုပြီး လက်အုပ်ချီ လိုက်ဆို ပြီးတော့ ဘုန်းကြီးတို့ ဘုရားဖွားတော်မူတဲ့ လုမ္ဗိနီသာမော အင်ကြင်းတော ဆိုတဲ့ ပဌမဆုံး သံဝေဇနီယဌာနကြီး ကြည်ညိုကြရအောင်၊ ကိုင်း–အားလုံး လက်အုပ်ချီပြီးတော့ ဘုန်းကြီးဆိုတဲ့လင်္ကာလေး လိုက်ဆိုလိုက်ကြစမ်းပါ–

**လုမ္ဗိနီတော. သာမောကြည်လင်၊ ပန်းစုံပင်နော. မနောရွှင်ရွှင်။**
**ကြည်လင်ညွတ်ကျိုး. ရှိခိုးဦးတင်၊ နို့ဘုရား. ဖွားသည့်နေရာပင်။**

ဟော လုမ္ဗိနီသာမော အင်ကြင်းတောကို စိတ်ကရောက်ပြီး ဘုရားဂုဏ်တွေ အာရုံပြုပြီးတော့ ရောက်ခြင်းဖြင့်၊ အဲဒီစိတ်ကလေးက ဘုရားနဲ့ တွေ့ပြီးတော့နေ၊ ဘုရားနဲ့ ဖက်ပြီးတော့နေ၊ ဘုရားနဲ့ကပ်ပြီးတော့နေသဖြင့် တုန်းတိုင်သစ်ဝါး လှေဖောင်များကို တက်စီးပြီးတော့ထားတဲ့ သူနဲ့ မတူဘူးလား? တူပါဘုရား။ တုန်းတိုင်သစ်ဝါး လှေဖောင်များဆိုတဲ့ ဘုရားအာရုံယူထားတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ အပါယ်(၄)ပါးဆိုတဲ့ရေထဲ မြုပ်မည့်သူလား, မမြုပ်မည့်သူလား? မမြုပ်မည့် သူပါဘုရား။ ဘုရားကိုယ်တိုင် အာမခံထားတဲ့စကား၊ မမြုပ်ဘူးတဲ့ အဲဒီ အာရုံနဲ့သာ သေ၊ အဲဒီအာရုံနဲ့သာ နေ၊ မမြုပ်စေဘူးလို့ ဘုရားကိုယ်တော်တိုင် အာမခံထားတာဖြစ်တော့ ဒီလင်္ကာလေးကို ရွတ်ရင်း ရွတ်ရင်းနဲ့၊ ဘုရားပဌမဆုံး ဖွားတော်မူတဲ့နေရာ အာရုံယူလို့ မရဘူးလား? ရပါဘုရား။

ဟော နံပါတ် (၂) ဘုရားဖွားပွင့်တဲ့၊ ပွင့် ဆိုတာကြတော့ ဗုဒ္ဓဂယာ၊ ဗောဓိပင်နှင့်ရွှေပလ္လင် အားလုံးဒကာ-ဒကာမတွေ သိကြတယ်၊ မြတ်စွာဘုရား ကိုယ်တော်မြတ် ဗောဓိပင်ရဲ့အောက် ပလ္လင်ပေါ်မှာ ရောက်လာ ရောက်လာ ပြီးတော့ တရားနှလုံးသွင်းလိုက်တာ၊ တရားနှလုံးသွင်းလိုက်တာ၊ ဒီကနေ့ ညီမ်လို့ ခါတိုင်းနဲ့ မတူဘူး၊ အင်မတန်ကို သမာဓိရပြီးတော့ တော်တော် တက်တက် ကြွကြွနဲ့ကို တရားနှလုံးသွင်းတာ၊ အဲဒါကို မာရ်နတ်က မြင်တယ်၊ မာရ်နတ်က မြင်တော့ သိဒ္ဓတ္ထတော့ ဒီနေ့ ဘုရားဖြစ်တော့မှာနဲ့တူတယ် ငြိမ်ချက်သား ကောင်းလိုက်တာ၊ သမာဓိတွေ ကောင်းလိုက်တာ၊ တရား နှလုံးသွင်းပုံ ကလဲ သိပ်ငြိမ်တာပဲ၊ မာရ်နတ်ကလဲ အမြဲအကဲခတ်နေတာ ဘုရားကို၊ လိုက်ပြီးတော့လဲ အမြဲနှောင့်ယှက်နေတာ နှောက်ယှက်တဲ့သူဆိုတော့ သူကကြည့်နေတာဖြစ်တော့၊ ဒီနေ့ သိဒ္ဓတ္ထ တယ်ကြွေနေတယ်၊ ဘုရားအလောင်းတော်ကလဲ ကြွေ ရလိုက်တာ၊ ကြွေရဆို အဲဒီနေ့က ဘုရားအလောင်းတော်က၊ အဲဒီ အောင်မြင်ဖို့ရာအတွက် အထောက်အကူ အတိတ်နိမိတ်ကောင်းတွေ တွေ့ပြီဆိုရင် ပိုပြီးတော့ အားတက်တယ်၊

အဲဒီအတိုင်းပဲ ဘုရားအလောင်းတော်ကလဲပဲ၊ အဲဒီ ကဆုန်လပြည့်နေ့ မဟာသက္ကရာဇ် (၁၀၃)ခုနှစ် ကဆုန်လပြည့်နေ့ မနက်စောစောတုန်းက၊ သူတရားနှလုံးသွင်းနေတာကတော့ အဲဒီ ဗောဓိပင်နဲ့ ညောင်ပင်ရဲ့ အရှေ့ဘက် ခဲနှစ်ပစ်လောက်မှာ နေရဉ္ဇရာမြစ် ဆိုတာရှိတယ်၊ နေရဉ္ဇရာ မြစ်က တောင်မြောက် စီးလို့၊ ဒကာ-ဒကာမတွေ အနက်ထင်အောင် ပြောရမယ်ဆိုရင်၊ ဗောဓိပင်နဲ့ ညောင်ပင် တည်ရှိနေတဲ့နေရာ အရှေ့ဘက်ကို မျက်နှာလှည့်ပြီးတော့နေတယ်။

ဗောဓိပင်ရဲ့အရှေ့ဘက်မှာ ညောင်ပင်ရင်းမှာ ပလ္လင်က ရွှေပလ္လင် ပေါက်လို့ အရှေ့ဘက်ကို မျက်နှာလှည့်နေတယ်၊ အဲဒီရဲ့အရှေ့ ခဲနှစ်ပစ်လောက် နေရာမှာ နေရဉ္ဇရာမြစ်က တောင်မြောက်စီးပြီးတော့ နေတယ်၊ အဲဒီနေရဉ္ဇရာမြစ်ရဲ့ အရှေ့ဘက်ကမ်းကို ကူးလိုက်တော့၊ သေနာနိဂုံးနဲ့ ဥရုဝေလတောကြီး ဆိုတာရှိတယ်၊ မြောက်နားကျကျက ဥရုဝေလတော၊ တောင်ဘက်နားက သေနာနိဂုံး၊ သေနာနိဂုံးဆိုတာ သုဇာတာသူဌေးကတော် နို့ဃနာဆွမ်းကပ်တဲ့

သေနာနိဂုံးပေါ့၊ ဘုရားဖြစ်မည့်နေ့ နို့ဃနာဆွမ်းကပ်လိုက်တဲ့ သေနာနိဂုံး၊ အဲဒီရဲ့မြောက်ဘက်မှာ နေရဉ္ဇရာမြစ်ရဲ့ အရှေ့ဘက်ကမ်း အဲဒီရဲ့မြောက်ဘက်မှာ ဥရုဝေလတော၊ ဥရုဝေလတောဆိုတာ ဘုရားအလောင်းတော် ဒုက္ကရစရိယာ ခြောက်နှစ်ပတ်လုံး ကျင့်လာတဲ့တော၊ ဘုရားဖြစ်ဖို့ရာ ကျင့်လာတဲ့တော၊

အဲဒီ တောကနေပြီးတော့ ဘုရားအလောင်းတော်ဟာ ကဆုန်လပြည့်နေ့ မနက်စောစောမှာ၊ အင်း ဆွမ်းခံဝင်နေကျအတိုင်း ဆွမ်းခံကြွအုန်းမယ် ဆိုပြီးတော့ သပိတ်တော်နဲ့ ဆွမ်းခံကြွလာတာ၊ ဆွမ်းခံကြွမလို့ ဆွမ်းခံ ဝင်မလို့ သေနာနိဂုံးကို ဆွမ်းခံဝင်မလို့ဆိုပြီးတော့ မနက်အစောကြီး တရားနှလုံးသွင်းရင်းနဲ့ လာတာ၊ သေနာနိဂုံးရွာထိပ်ရောက်တော့ နည်းနည်းစောနေတယ်၊ အချိန်က နည်းနည်း စောပြီး နေတာနဲ့ မှုန်မှုန် မှောင်မှောင်ရှိသေးတာနဲ့ အင်း အချိန်စောသေးတယ်လေ၊ ရွာနိဂုံးရဲ့ထိပ် သေနာနိဂုံးရဲ့ထိပ်က ညောင်ပင်ကြီးအောက် တရားဆက်ပြီး နှလုံးသွင်း လိုက်အုန်းမယ်ဆိုပြီးတော့ ဝိပဿနာရှုပြီးတော့ ညောင်ပင်ကြီး အောက်မှာ တင်ပလ္လင်ခွေ၊ သက်နန်းကို ခေါင်းခြုံပြီးတော့၊ အဲဒီလို တရားနှလုံး သွင်းနေတဲ့အချိန်၊

ကလေးမလေးတစ်ယောက်က တံမြက်စီးလေး တစ်ချောင်းနဲ့ ဖျောက်ဆို ရောက်လာတယ်၊ ရောက်လာပြီးတော့ သူက ဘုရားမြင်တော့ ဟယ် ရုက္ခစိုးကြီးက ကိုယ်ထင်ပြနေပါလားဆိုပြီးတော့ သူက အိမ်ပြန်ပြေး၊ အဲဒီ ကလေးမလေးက ဘယ်သူလွှတ်တဲ့သူတုန်းဆိုတော့ သုဇာတာသူဌေးကတော်က လွှတ်လိုက်တဲ့ ကျွန်မလေး၊ သုဇာတာသူဌေးကတော်က အဲဒီကို ဘာလို့ လွှတ်လိုက်တုန် ဆိုတော့၊ အဲဒီညောင်ပင်အောက် ရှင်းနှင့်လင်းနှင့် တံမြက်စီး လှည်းရအောင်လို့ သုတ်သင်နှင့်ရအောင်လို့ လွှတ်လိုက်တာ သုဇာတာသူဌေးကတော်က၊

အဲဒီနေ့ ဘာလုပ်မလို့တုန်းဆိုတော့ သူက နှစ်စဉ်နှစ်စဉ် ကဆုန်လပြည့်နေ့ ရောက်တိုင်းရောက်တိုင်း ဒီညောင်ပင်ကြီးမှာရှိတဲ့ နတ်ကြီးကို သူက ပူဇော်နေကျ၊ ပသနေကျ၊ နတ်တင်နေကျ၊ ဘာပြုလို့ သူက ဘင်ရတုန်းဆိုတော့၊ သူဆုတောင်းခဲ့တာတွေ ပြည့်လို့တဲ့၊ သူက ဘာတွေဆုတောင်းခဲ့တုန်းဆိုတော့၊ လွန်ခဲ့တဲ့ လေးငါးခြောက်နှစ် ဆီကပေါ့၊ ဒီညောင်ပင်ကြီးနား သူရောက်တဲ့အခါမှာ

သူက ဒီညောင်ပင် ကြီးတော့ နတ်ကြီးကြီးရှိမှာပဲဆိုပြီးတော့ သူက ဆုတောင်းတယ်၊ ဒီညောင်ပင်ကြီးက နတ်မင်းကြီးရယ် ကျမကို အဆင့်တူ ဂုဏ်ရည်တူ ပစ္စည်းတူဖြစ်တဲ့ သူဌေးသားတစ်ဦးနဲ့ အကြောင်းပါအောင် ဆုတောင်းပေးပါ၊ မ,စတော်မူပါ၊ အဲဒီလိုဆိုရင် ကျနော်မ အရှင်နတ်မင်းကြီးကို တစ်နှစ်တစ်နှစ် တစ်သိန်းတစ်သိန်း အကုန်အကျခံပြီးတော့ ပူဇော်ပါမယ်လို့ သူက ဆုတောင်းတယ်၊ ဆုတောင်းတဲ့အတိုင်း သူ့မှာ ပြည့်တယ်၊ နတ်မင်းကြီးက မ,တာတော့မဟုတ်ဘူး၊ သူ့ကံနဲ့သူ အကြောင်းဖော်လို့ သူဌေးသား တစ်ယောက်နဲ့ အကြောင်းပါတယ်၊ နောက် သားရတနာလေးမွေးတယ် ပဌမဆုံး၊

အဲဒီတင် ငါ့ဆုတောင်း ပြည့်တယ်၊ ငါ့ဆုတောင်းပြည့်အောင် နတ်မင်းကြီးက မ,တာပဲလို့ ဆိုပြီးတော့၊ နတ်ကြီးမတယ်ထင်လို့ နှစ်တိုင်းနှစ်တိုင်း သူ ကဆုန်လပြည့်နေ့ရောက်ရင် သူက လာပြီးတော့ တစ်သိန်းတန် တစ်သိန်းတန် အကုန်ကျခံပြီးတော့ ပူဇော်ဖွယ်တွေနဲ့ ပူဇော်လေ့ရှိတယ်၊ အဲဒါ အခုလဲပဲ သူက အဲဒီလိုပူဇော်မလို့ဆိုပြီးတော့ ပူဇော်ဖို့ရာ မိတ်ဆွေသင်္ဂဟတွေလဲ ဖိတ်မံကြွေးမွေးမလို့ဆိုပြီးတော့၊ ပူဇော်ဖို့ရာအတွက် ကြိုတင်ပြီးတော့ ကျွန်မလေးကို ညောင်ပင်ကြီးအောက် တံမြက်တံလင်းလှည်းကျင်းဖို့ရာ သူက လွှတ်လိုက်တာ၊

အဲဒီ လွှတ်လိုက်တဲ့ကလေးမလေးကလာတော့၊ ဒီကြတော့ ဘုရားအလောင်းတော်က တရားနှလုံးသွင်း သက်နိုးခေါင်းချိုထိုင်နေတာ မြင်တော့၊ အဲဒီတင် သူက နတ်ကြီးထင်ပြီးတော့ နတ်ကြီးကိုယ်ထင်ပြ နေပြီ ဆိုပြီးတော့ အဲ ပြန်ပြေး သူဌေးကတော်ပြော၊ သူဌေးကတော် ပြောတော့ ဟုတ်ကဲ့လားဟဲ့၊ ကိုယ်ထင်ပြနေတာ၊ ဟုတ်ကဲ့လား။ ဟုတ်ပါတယ်အမရဲ့ ကျမကိုယ်တိုင်မြင်ခဲ့တာ၊ မယုံလိုက်ကြည့်ပါ ဆိုတော့၊ အေး—ကောင်းပြီဆိုပြီး ခပ်သုပ်သုပ်ကလေး သုဇာတာကလဲ ရွှေခွက်ကြီးထဲမှာ နို့ဃနာထည့်ပြီးတော့၊ တစ်သိန်းတန် ရွှေခွက်ကြီးထဲမှာ နို့ဃနာထမင်းတွေ ထည့်ပြီးတော့ အပေါ်က အဖုံးများဖုံးပြီးတော့ ခပ်သုတ်သုတ်လိုက်လာ၊ ဒီကြတော့ သူ့မျက်စိနဲ့ မြင့်တဲ့အတိုင်း၊ အဲ ဟုတ်သားပဲ နတ်မင်းကြီးက ကိုယ်ထင်ပြနေတာပဲဆိုပြီးတော့၊ ဘုရားအလောင်းတော်ကို နတ်မင်းကြီးလို့ပဲထင်ပြီးတော့၊ သူက အနားကပ်ပြီးတော့ အသင်နတ်မင်းကြီး၊

ကျွန်မကို အရှင်နတ်မင်းကြီးမ,လို့ ကျေးဇူးအင်မတန်များပါတယ်၊ ဟောဒီ တစ်သိန်းတန်ရွှေခွက်နဲ့ နို့ဃနာ ဆွမ်းတွေ ပူဇော်ပါတယ်လို့ဆိုပြီးတော့ ဘုရားအလောင်းတော်လက်ထဲ တစ်သိန်းတန်ရွှေခွက်ကြီးပါ ထည့်ပြီးတော့ ပူဇော်သွား၊ပြီးတော့ ပြန်သွားရော သူက လက်အုပ်ချီမိုး ရှိခိုးကန်တော့ပြီး၊

ဒီတော့ ဘုရား အလောင်းတော်က အင်း—ဒီနေ့တော့ အတိတ်နိမိတ် ကောင်းလိုက်တာ ကြည့်ပါအုန်း၊ မနက် ဆွမ်းခံမယ် ဆိုပြီးတော့လာတာ ဆွမ်းတောင် မခံလိုက်ရသေးဘူး၊ နို့ဃနာဆွမ်းတွေ တစ်သိန်းတန်ရွှေခွက်ကြီးပါရပြီ ဒီနေ့တော့ အတိတ်နိမိတ်ကောင်း နိမိတ်ကောင်းတာပဲ၊ ဒီနေ့တော့ အတိတ်ကောင်း နိမိတ်ကောင်းတွေ ရပေတာပဲ၊ ငါ ဘုရားဖြစ်အောင် ကျင့်နေတာ၊ ဒီနေ့တော့ ဘုရားဖြစ်တော့မှာပဲနဲ့တူတယ်လို့ ကိုယ့်ကိုယ်ကို အကဲခတ်မိတယ်၊ ဒီနေ့ ကံတက်နေတဲ့နေ့ပဲဆိုပြီးတော့ အကဲခတ်မိတယ်၊ ဒါတင်မကသေးဘူး မနေ့ည အိပ်မက်တွေက ကောင်းလိုက်တာလို့ ဘုရားအလောင်းတော်က ပြန်ပြောင်းပြီးတော့ သူ မနေ့ညက အိပ်မက်တွေ မက်ခဲ့တာလဲ ပြန်သတိရ၊ လွန်ခဲ့တဲ့ညက ဘုရားလောင်း မေးခနဲ့ ခဏလေး အိပ်တဲ့အခါမှာ အိပ်မက်တွေ မက်တယ်၊

ဘာအိပ်မက်တွေ မက်တုန်းဆိုတော့၊ ပဌမဆုံးမက်တဲ့အိပ်မက်က ဘုရားအလောင်းတော်ကတဲ့ မြောက်အရပ်ကို ခေါင်းပြုပြီးတော့ ပက်လက်လှန် ပြီးတော့ အိပ်လိုက်တဲ့အခါမှာ မြင်းမိုရ်တောင်ကြီးကို ခေါင်းအုံးပြီးတော့ အိပ်ရတယ်, ဘယ်ဘက် လက်ဝဲဘက်က သမုဒ္ဒရာ နှုတ်ခမ်းထိအောင် လက်တင်ထားပြီးတော့၊ ညာဘက်လက်ကလဲ အနောက်သမုဒ္ဒရာ စကြဝဠာ နှုတ်ခမ်းထိအောင် ညာဘက်လက် တင်ထားပြီးတော့၊ တောင်ဘက်ကျတော့လဲ ခြေတော်နှစ်ဖက်က တောင်စကြဝဠာ နှုတ်ခမ်းကို ခြေတော်တင်ပြီးတော့ အိပ်ရတယ်လို့မက်တယ်၊ ကေန္တ ဒီအိပ်မက်ဟာ ငါစကြဝဠာတစ်ခုလုံး၊ ကမ္ဘာလောကကြီး တစ်ခုလုံး ငါလွှမ်းဖုံး နိုင်မယ်ဆိုတဲ့ အတိတ်နိမိတ်ပဲလို့ ဘုရားအလောင်းတော်က သူ့အိပ်မက် သူ တိတ်ထုံဖတ်တယ်၊

အဲဒီ အိပ်မက်ပြီးတော့ ဆက်မက်တာက၊ ဘုရားအလောင်းတော် က၊ အဲဒီလို ပတ်လက်လှန်ပြီးတော့ အိပ်နေတုန်း ချက်တော်က နေပြီးတော့ နေဇာမြက်ပင်ကြီး ပေါက်သွားလိုက်တာ နေဇာမြက်ကြီး အညွန့်တလူလူနဲ့ ကြည့်နေရင်း ကြည့်နေရင်းနဲ့ အညွန့်တလူလူနဲ့ တက်သွားလိုက်တာ၊ ဟို အထက်နတ်ပြည်ခြောက်ထပ် လွှမ်းကျော်, ဗြဟ္မာနှစ်ဆယ်ထိ လွှမ်းကျော် သွားတယ်လို့ အိပ်မက်ထဲမှာ မြင်ရတယ်၊ အင်း ဒါလဲ ကောင်းလိုက်တာ ကြည့်ပါအုန်း၊ ကောင်္က နတ်ပြည်ခြောက်ထပ် ဗြဟ္မာနှစ်ဆယ် (၃၁)ဘုံလုံးကို အကုန်လုံး လွှမ်းခြုံပြီးတော့ ငါပိုင်မယ် နိုင်မယ်ဆိုတဲ့ လက္ခဏာပဲလို့ ဘုရား အလောင်းက သူ့ဘာသာ နိမိတ်ဖတ်တယ်၊

နောက် သုံးနံပါတ်မက်တဲ့ အိပ်မက်က ပိုပြီးတော့ ကောင်းပြန်တယ်၊ ဘုရားအလောင်းတော်က ထပြီးတော့ မတ်တပ်ရပ်လိုက်တယ်ဆိုရင်ပဲ အရပ် လေးမျက်နှာက လာလိုက်တဲ့ငှက်တွေ အရောင်အမျိုးမျိုး, အဆင်းအမျိုးမျိုးနဲ့ ငှက်တွေ, ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ ငှက်တွေ, အရှေ့ကလာတဲ့ငှက်အုပ်ကြီးကလဲ အရောင်အမျိုးမျိုး အဆင်းအမျိုးမျိုး၊ တောင်ကလာတဲ့ငှက်, အနောက်က လာတဲ့ငှက်, မြောက်ကလာတဲ့ ငှက်တွေ ပုံသဏ္ဍာန်အမျိုးမျိုး အဆင်းအမျိုးမျိုး တချို့ကအနက်, တချို့က အဖြူ, တချို့ကအစိမ်း, တချို့ကအပြာ, တချို့ကအဝါ ဘယ်လိုအဆင်း တွေပဲလာလာ ဘုရားအလောင်းတော်နားရောက်ရင် အကုန်လုံး တစ်ရောင်တည်းဖြစ်သွားတယ်၊ ရွှေဝါရောင်အဆင်းလို တစ်ရောင်တည်း ဖြစ်သွားတယ်၊ ငှက်တွေ လာတုန်းကတော့ အရောင်အမျိုးမျိုးလာကြတာ အနားရောက်တော့ ရွှေဝါရောင်အဆင်းတစ်ရောင်တည်း ဖြစ်သွားတယ်၊

အင်း ဒီအိပ်မက်ဟာလဲ ဆန်းတာပဲ ကောင်းလိုက်တာ ကြည့်ပါအုန်း၊ ကောင်္က အရပ်လေးမျက်နှာကလာကြတဲ့ လူအမျိုးမျိုး, ဇာတ်အမျိုးမျိုး, ဘာသာ အမျိုးမျိုး အယူအမျိုးမျိုးရှိတဲ့လူတွေ၊ ငါဘုရားထံမှောက်ရောက်ရင် အကုန်လုံး ငါ ဘုရားရဲ့သားတော်, ရဟန်းတော်တွေ, သာမဏေတွေ, သမဏေမတွေ, ရဟန်းမတွေ, ဘိက္ခုနီမတွေအဖြစ်နဲ့ တစ်ရောင်တည်း ဖြစ်ကြမယ်၊ သာသနာ့ ဝန်ထမ်း ရှင်ရဟန်းတွေ ဖြစ်သွားတော့ ခေါင်းကခေါင်းတုန်း ဆံတွေလဲ

ပယ်လိုက်ပြီလေ, သက်န်းတွေကလဲ တစ်ရောင်ထဲဖြစ်သွားတယ်လေ၊ ရွှေဝါရောင်အဆင်း၊ အကုန်လုံး ပုံသဏ္ဍာန်တူသွားတယ်၊ ဒါ ဒီအိပ်မက်က ဒီအတိတ်နိမိတ်ကိုပြတာ၊

နောက်မက်တဲ့ အိပ်မက်က အရပ်လေးမျက်နှာကနေပြီးတော့ လာကြတဲ့ ပိုးလောက်တွေ၊ ဘုရားအလောင်းတော်ရဲ့ ခြေထောက်ကို ဖက်ပြီးတော့ တက်လာလိုက်ကြတာ ရွရွ ရွရွနဲ့လာကြတဲ့ ပိုးလောက်တွေမှန်သမျှ ဘုရားအလောင်းတော်ရဲ့ ခြေထောက်ပေါ် တက်တယ်ဆိုရင် အကုန်လုံး ဆွပ်ဆွပ်ဖြူသွားတယ်၊ ခေါင်းကလေးတွေကတော့ မဲလို့တဲ့၊ ကိုယ်တွေကတော့ ဖြူဖွေးလို့ ပိုးလောက်တွေ ပိုးလောက်တွေ၊ အိပ်မက်ထဲမှာ မက်တာ၊ အင်း ကေန္တ ဒီအိပ်မက်ကလဲ ငါ ဘုရားထံမှောက်မရောက်ခင်တုန်းက အယူအမျိုးမျိုး ဘာသာအမျိုးမျိုး ယူထားကြတဲ့ ဒကာ–ဒကာမတွေ၊ ငါ ဘုရားထံမှောက်ရောက်ရင် အကုန်လုံး ဉပါသကာ ဉပါသိကာမ သရဏဂုံ (၃)ပါး တည်ပြီးတော့ ငါးပါးသီလနဲ့နေတဲ့သူတွေ ဖြစ်သွားတော့ စွပ်စွပ် ဖြူသွားတာနဲ့တူတယ်၊ အဲဒါကို သူက အိပ်မက်မက်တာ၊

နောက်ဆုံး မက်တဲ့အိပ်မက်ကတော့ မစင်ပုံကြီးတွေ, မစင်တောင်ကြီးတွေ ပေါ်မှာ လမ်းလျှောက်ရတယ်, လမ်းလျှောက်ရသော်လဲပဲ ခြေထောက်တော်ကို မစင်အညစ်အကြေး တစ်စက်ကလေးမှ မလူးမလိမ်း မကျံဘူးလို့ အိပ်မက်တော် မက်ရတယ်၊ အေး ကေန္တ ဒါကလဲပဲ မစင်ပုံကြီးတွေဆိုတာက ပစ္စည်းလေးပါးတွေ အင်မတန်ပေါများမယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ၊ မစင်တွေကို မြင်မက်ရင် ပစ္စည်း လာဘ်လာဘတွေ ဝင်တတ်တယ်၊ ဒါ အိပ်မက်ရဲ့သဘာဝ၊ ဒီတော့ ဘုရား အလောင်းတော်က မက်နေတဲ့ အိပ်မက်ကလဲ မစင်ပုံကြီးတွေပေါ်မှာ လမ်းလျှောက်ရတယ်လို့ မက်တာဖြစ်တော့ ငါ့မှာ ပစ္စည်းတွေ ဘာတွေ သင်္ကန်း, သက်န်း, ကျောင်း, ဆေး ပစ္စည်းတွေ ဘာတွေ အင်မတန်ပေါလိမ့်မယ်တဲ့ ....၊ ပေါပင် ပေါညားသော်လဲပဲ ဒီပစ္စည်း(၄)ပါးတွေ အပေါ်မှာ ငါ့ဥစ္စာ ငါ့ဟာဆိုတဲ့ ခင်တွယ်တဲ့တဏှာ အညစ်ကြေးမရှိတော့ မစင်မလူးတာနဲ့ တူလိမ့်မယ်လို့၊ မနေ့ညက အိပ်မက်တွေအကြောင်းလည်း ဘုရားအလောင်းက အဲဒီ ညောင်ပင် အောက်မှာ ထိုင်ရင်းနဲ့ ပြန်ပြောင်း တွေးပြီးတော့ အားပိုပြီးတော့ တက်လာတယ်၊

ကေန္တ အိပ်မက်တွေကလဲ ကောင်းလိုက်တာ ဒီနေ့လဲ ကြည့်ပါအုန်း ဆွမ်းတောင်မခံရ သေးဘူး၊ တစ်သိန်းတန်ရွှေခွက်ကြီးနဲ့ နို့ဃနာဆွမ်းပါ လှူသွားပြီ ကိုင်း ဒီတော့ ငါဆက်ပြီးတော့ တရားနှလုံးသွင်းမယ်ဆိုပြီးတော့ ဆွမ်းခံ မသွားတော့ဘဲနဲ့ ဆွမ်းခံသွားရမယ့် အချိန်အစား ဝိပဿနာတွေ ဆက်ပြီးတော့ ရှု့ပွား, တရားနှလုံးသွင်း၊ တော်တော်လေး နေမြင့်တော့မှ၊ အဲဒီရွှေခွက်နဲ့ နို့ဃနာဆွမ်းတွေ ယူပြီးတော့ ကြွလာပြီးတော့ နေရဥ္စရာမြစ်ကမ်း ကြွလာပြီးတော့ နေရဥ္စရာမြစ်ကမ်းအနီးမှာ (၄၉)လုပ် မယုတ်မလွေး ဘုန်းပေးတော်မူ၊ ဘုန်းပေးတော်မူပြီးတော့မှ အဲဒီရွှေခွက်ကို နေရဥ္စရာမြစ်ထဲမှာ မျှောပြန်တယ်၊ သစ္စာအဓိဋ္ဌာန်ပြုပြီးတော့၊ ယနေ့ ကေန်စင်စစ် ဘုံ(၃)ပါးတို့ရဲ့ မကိုင့်, သုံးထိုက် တို့ရဲ့ သရဖူ, သုံးလူတို့ရဲ့ သင်းကျစ်, ဘုရားစင်စစ်ဖြစ်မှာမှန်ခဲ့ရင် ဤရွှေခွက်သည် နေရဥ္စရာမြစ် ညာဆီသို့ ဝမ်းဘဲဟင်္သာအလား ဆန်ပြီးတော့ တက်သွား ပါစေသား....၊ ဘုရားဖြစ်မှာမဟုတ်ရင်ဖြင့် ရေစုန်မှာ မျှောပါစေသားလို့ ဓိဋ္ဌာန်ပြု ပြီးတော့ ရွှေခွက်ကို နေရဥ္စရာမြစ်ထဲမျှောလိုက်သော်လဲ နေရဥ္စရာမြစ်ထဲမှာ ရွှေခွက်ဟာ ဟင်္သာဝမ်းဘဲအလားကဲ့သို့ အထက်အညာ ဆန်ပြီးတော့ သွားခဲ့တယ်၊

အဲ ဒီတင် ဘုရားအလောင်း ပိုပြီးတော့၊ အားတက်သွားပြန်ရော၊ အာ—ဒီနေ့တော့ ဘုရားဖြစ်မှာ ငါသေချာပြီ မနေ့ညက အိပ်မက်ကလဲ ကောင်းလိုက်တာ နံပါတ်(၁)၊ နံပါတ်(၂) မနက်စောစော တစ်သိန်းတန် ရွှေခွက်ကြီးနဲ့ နို့ဃနာဆွမ်းလဲ ရခဲ့ပြီ၊ အခု (၃)နံပါတ် ရွှေခွက်ကြီး မျှောလိုက် တော့လည်း မြစ်ညာဆန်သွားပြီ၊ ကေန္တ ဒီနေ့ ဘုရားဖြစ်တော့မှာပဲဆိုပြီးတော့ အားတက်သရောနဲ့ တစ်နေ့လုံး ဥရုဝေဠ တောထဲမှာ တရားနှလုံးသွင်းနေခဲ့ပြီးတော့ ညနေချမ်းကြတော့ အဲဒီနေရဥ္စရာမြစ်ကမ်းရဲ့ အနောက်ဘက် ဖြတ်သန်းပြီးတော့ ကူးခဲ့တယ်၊ ဗောဓိပင်ရှိရာကို ကြွလာခဲ့တယ်၊ အဲလိုကြွလာတော့ လမ်းမှာ မြက်ရိပ်နေတဲ့ ပုဏ္ဏားတစ်ယောက်က ဘုရားအလောင်းတော်ရဲ့ တရားနှလုံး သွင်းပြီးတော့ သွားနေပုံကို ကြည်ညိုဖွယ်ရာ ဣန္ဒြေရှိပုံကို ကြည်ညိုလွန်းလို့ မြက်ရှစ်ဆုပ် လှူလိုက်လို့ အဲဒီမြက်ရှစ်ဆုပ်ကို ကဆုန်လဆိုတော့ ပူပြင်းတဲ့ နွေရာသီမို့လို့ အဲဒီမြက်ခင်းလေး အေးအေးပေါ် ထိုင်တော့မယ် ဆိုပြီးတော့

ဗောဓိပင်ရဲ့ အရှေ့ဘက်မျက်နှာမှာ၊ မြက်ရှစ်ဆုပ်ကို ဖြန့်ပြီးတော့ မြက်အခင်းလေး ခင်းလိုက်တာ၊ မြက် အခင်းသာမကဘဲနဲ့ ရတနာ(၇)ပါးနဲ့ပြီးတဲ့ ရွှေပလ္လင်ကြီး ဖြစ်ပြီးတော့ ပေါက်လာခဲ့တယ်တဲ့၊

ဘုရားရဲ့ ရှေးကဖြည့်လာခဲ့တဲ့ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ဖြည့်လာခဲ့တဲ့ ပါရမီတော်တွေရဲ့ အကျိုးပေးကြောင့် ရွှေပလ္လင် တော်ကြီးအဖြစ်နဲ့ ရတနာ(၇)ပါးပြီးတဲ့ ရွှေပလ္လင်တော်ကြီး ဖြစ်ပေါ်ပြီးတော့ လာခဲ့တယ်၊ အဲဒီတင် ဘုရားအလောင်းတော်က အဲဒီပလ္လင်ပေါ် ထိုင်ပြီးတော့ **"န တာဝိမံ ပလ္လင်္ကံ ဘိန္ဒိဿာမိ ယာဝမေ ဝိမုစ္စိသု"** ဒီနေ့ဖြင့် ဘုရားမဖြစ်သမျှ ဟောဒီတင်ပလ္လင်ကို မဖျက်တော့ဘူးတဲ့၊ အာသဝေါကင်းကွာ ရဟန္တာတစ်ပါးအဖြစ်နဲ့ ဘုရားအဖြစ်သို့ မရောက်သမျှ ဟောဒီတင်ပလ္လင် မဖျက်တော့ဘူးလို့ ရဲရဲဝံ့ဝံ့ကြီး သစ္စာ အဓိဋ္ဌာန်ပြုပြီးတော့ ပလ္လင်ပေါ်မှာ ထိုင်ပြီးတော့ တရားနှလုံးသွင်း နေတော်မူတယ်၊

ဒါကြောင့် ဘုရားအလောင်း အဲဒီနေ့ အားတက်သရောနဲ့ တရားနှလုံး သွင်းနေတယ်၊ ငြိမ်ချက်သားကောင်းနေတယ်ဆိုတာ အဲဒါပြောတာ၊ အဲလို ငြိမ်ပြီးတော့ စိတ်အားထက်သန်စွာနဲ့ ဝိပဿနာရှုပွားပြီးတော့ နေတာဖြစ်တော့ မာရ်နတ်က အဲဒါကို မြင်တယ်၊ သိဒ္ဓတ္တတော့ ဒီနေ့ အင်မတန်သမာဓိရနေပြီ ငြိမ်ချက်သားကောင်းလိုက်တာ စိတ်အားတွေ အင်မတန်ထက်သန်နေပြီ၊ ရွှေခွက်ကြီး တစ်သိန်းတန်ရွှေခွက်ကြီးရေ့ ရွှေခွက်မျှောတော့လဲ ရေညာဆန်သွားနဲ့ သူ ဒီနေ့ အတိတ်နိမိတ်ကောင်းတယ်ဆိုပြီးတော့ သိပ်စိတ်အားတွေ တက်ကြွ နေတာ။ ငါ့နယ်ထဲကတော့ လွတ်တော့မှာပဲ၊ ငါ့နယ်ထဲကတော့ သိဒ္ဓတ္တ လွတ်တော့မှာပဲလို့ အလကားသားနေရင်းနဲ့ မနာလို မရှုစိတ် ဖြစ်နေတာ၊ ဘာရယ်လို့မဟုတ်ဘူး ရွှေပလ္လင်လိုချင်လှတာမဟုတ်ဘူး၊ သူ့ ဝသဝတ္တိနတ်ပြည် ရွှေပလ္လင်ထက်ကောင်းတဲ့ ပလ္လင်တွေ အပြည့်ရှိတယ်၊ ပလ္လင် ဒါလောက်လိုချင်တာ မဟုတ်ဘူး သူက၊ ဘုရားဖြစ်သွားပြီးတော့ သူ့နယ်ထဲက လွတ်သွားမှာ ဒါစိုးရိမ်တာ သူက၊

လောကမှာ သဘာဝတစ်ခုရှိတယ်၊ မိုက်တဲ့လူက သူမိုက်သလို နေမှ သူ့မိသားစုကို သူကြိုက်တယ်၊ အိမ်ထောင်ဦးစီး ဒကာကြီးတစ်ယောက်က

ဆိုပါတော့၊ သူက ဘုရား, တရား, သံဃာ ရတနာသုံးပါး ကျောခိုင်း မူးမူး ရူးရူး, သောက်စားမူးရူး, မကောင်းတာတွေ လျှောက်လုပ်နေ၊ အဲဒီလို သူက နေပြီဆိုရင် သူ့အိမ်က သူ့ဇနီးရော သားသမီးတွေရော အဲဒီလိုပဲ မူးမူးရူးရူး ပျော်ပျော်ပါးပါး နေကြမှပဲ သူကကြိုက်တယ်၊ ဒီလိုမဟုတ်ပဲနဲ့ အိမ်ကဇနီးက၊ သို့မဟုတ် သားသမီးတစ်ယောက်, ယောက်က၊ သူတော်ကောင်း အလုပ်တွေလုပ်၊ ဥပုသ်စောင့်လို့, ဘုရားရှိခိုးလို့ ဆွမ်းတော်ကပ်လို့ လုပ်နေရင် သူ့စောင်းတယ်လို့ ထင်တယ်၊ သူ့ ကန့်လန့်တိုက်တယ်လို့ ထင်လို့ထင်နဲ့ ဒီလိုဖြစ်ကုန်ပြီးတော့ အဲဒါ ရန်လုပ်တော့တာပဲ၊

အဲသလိုပဲ မာရ်နတ်ကလဲ (၃၁)ဘုံဆိုတဲ့ အိမ်ကြီး နယ်ကြီးမှာ သူ့အိမ်ကြီး ပဲလို့ သူကထင်ထားတာဖြစ်တော့၊ ဘုရားအလောင်းတော်က လွတ်မြောက်ရေး အတွက်, သံသရာက လွတ်မြောက်ရေးအတွက် အပြင်းအထန်ကျင့်နေတော့ မရှု့စိမ့်နိုင်ဘူးတဲ့၊ အဲဒီတင် သမာဓိပျက်အောင် ဖျက်တော့မယ်ဆိုပြီးတော့ သူကိုယ်တိုင်ကလဲ ဂီရိမေခလာခေါ်တဲ့ ဆင်ကြီးကိုစီး၊ သူ့ရဲ့ သရဲတွေ ဘီလူးတွေ ကုမ္ဘာန်တွေ ရက္ခိုက်တွေဆိုတဲ့ တပ်သားတွေစုပြီးတော့ ညာသံပေးပြီးတော့၊

မာရဋ္ဌ–ဂီရိမေခလာ ဆင်မဟာကို လျင်စွာတက်စီး ပလ္လင်နီးပယ်, လေကြီးမိုးကြီး ပြာပူမီးနှင့် မှောင်ကြီးတတန်, ဓားလှံမကြွင်း ပစ်ခတ် ခွင်းလျက်, အချင်းသိဒ္ဓတ် ပလ္လင်မြတ်မှ အမြန်ထလော့, စိမ်းမြညိုလွင် ဗောဓိပင်နှင့် ပလ္လင်တော်ကား ထင်အရှားပင်, သင်ကားမဆိုင် ငါသာ ပိုင်ဟု စွဲကိုင်လက်နက် ရဲစစ်မက်ဖြင့်, အောက်ထက်ဝန်းရံ သောသော ညံအောင်, အသံဟစ်ကြွေး မယဉ်ကျေးသည့် ရန်ဘေးတသင်း မာရ်နတ်မင်းကိုလည်း။ အဇိနိ–ဒိဋ္ဌိကိုချ, ဒေါသကိုပယ်, မာန်စွယ်ကိုချိုး, သဒ္ဓါဖြိုးလျက်, ရှိခိုးတုပ်ကွ, ပြားပြားကျအောင်, ဆုံးမသွန်သင်, အောင်ပွဲတော်ယဉ်ခဲ့လေပြီ။ တံဗုဒ္ဓ–အောင်သူတကာတို့ထိပ်တင်, အောင်ဘုရင်မကုဋ္ဌ အောင်တုလသင်းကျစ်, အောင်ဓမ္မရာဇ်ထွန်းထား ထိုအောင်တော်မူမြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးကို။ မယံ–ခန္ဓာငါးခု ပေါင်းစုမည့်ခေါ်, ရှမ်းကလေးကျွန်းရွာ တပည့်တော် တပည့်တော်မတို့က။ ဝန္ဒေ ဝန္ဒာမ–သဒ္ဓါညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ကြပါကုန်၏ မြတ်စွာဘုရား။

သာဓု.... သာဓု.... သာဓု....

အဲဒီလိုအားဖြင့် မာရ်နတ်က လာပြီးတော့ နှောက်ယှက်တဲ့ ဘေးရန်ကိုလဲ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး ခန္တိသစ္စာ မေတ္တာဆိုတဲ့ ကိုယ်တွင်းတရားတွေနဲ့ တွန်းလှန်ခဲ့တယ်တဲ့၊ မာရ်နတ်က အဲဒီလို လာပြီးတော့၊ ဟော့ သိဒ္ဓတ္ထ ဒီပလ္လင်က အမြန်ထလိုက်၊ ဒီဗောဓိပင်နဲ့ ဒီရွှေပလ္လင် ငါသာဆိုင်တယ်၊ သင်မဆိုင်ဘူး, ငါ့ပစ္စည်း၊ သင့်ပစ္စည်း မဟုတ်ဘူး၊ အခုချက်ချင်း ဆင်းလိုက်ပါလို့ အချင်းသိဒ္ဓတ် ပလ္လင်မြတ်မှ အမြန်ထလော့, စိမ်းမြညိုလွင် ဗောဓိပင်နဲ့ ပလ္လင်တော်ကား ထင်အရှားပင်, သင်ကားမဆိုင် ငါသာပိုင်ဟု စွဲကိုင်လက်နက်ရဲစစ်မက်ဖြင့်။ တစ်ခါထဲ အော်ဟစ်ပြီးတော့ သမာဓိပျက်အောင် အစတော့ မိုးကြိုးလေကြီးတွေ ကျ, ခဲမိုးလှံမိုးတွေနဲ့ ပစ်။

ဘုရားက သည်းခံပြီးတော့နေတာဖြစ်တော့ သူပစ်လိုက်သမျှ လက်နက်တွေက ဘုရားနားရောက်ရင် ပန်းကုံးတွေ, ပန်းဆိုင်းတွေ, ပန်းပွင့်တွေဖြစ်၊ ဒီပလ္လင်က အမြန်ဆင်းလိုက်ပါလို့ ကြွေးကြော်အော်ဟစ်တော့ ဘုရားအလောင်းတော်က မာရ်နတ်တဲ့ ဒီပလ္လင်နဲ့ ဒီဗောဓိပင် သင်က သင်ပိုင်တယ်လို့ပြောတယ်၊ ငါပိုင်တဲ့အကြောင်းကို ငါတင်ပြပါရစေဆိုပြီးတော့၊ ဒီ ပလ္လင်နဲ့ ဒီဗောဓိပင်ကို ရပြီးတော့၊ ဘုရားဖြစ်ဖို့ရာအတွက် လေးအသင်္ချေနဲ့ကမ္ဘာတစ်သိန်းလုံးလုံး ပါရမီ ဆယ်ပါး, အပြားသုံးဆယ်, သုံးသွယ်သော စရိယာ စွန့်ခြင်းကြီးငါးပါး တို့ကို ငါဖြည့်ကျင့်ဆီးပူးပြီးတော့ အခကြေးငွေ ပေးခဲ့ရတယ်၊ ငါအရင်းအနှီးတည်ခဲ့ရတယ်တဲ့၊ ဒီပလ္လင်နဲ့ဒီဗောဓိပင်ရဖို့၊ ဒီတော့ လေးအသင်္ချေနဲ့ကမ္ဘာတစ်သိန်းအတွင်း ဖြည့်ခဲ့တဲ့ ပါရမီတော်တွေကို အသာထားလိုက်ပါအုန်းတဲ့၊ နောက်ဆုံးပါရမီဖြည့်တဲ့ ဝေဿန္တရာမင်းဘဝတုန်းက၊ မြောက်များစွာသော စည်းစိမ်ဥစ္စာတွေကို ပေးကမ်းစွန့်ကြဲခဲ့တာ အသာထားလိုက်ပါအုန်း၊ သူတစ်ပါးတွေ စွန့်နိုင်ခဲတဲ့ အသက်နဲ့ထပ်တူ အသက်တမျှ ချစ်မဝတဲ့ သားလုရတနာ, သမီးလု ရတနာလေးတွေကို သူတစ်ပါးတို့လက် ကျေးကျွန်အလို့ငှာ ငါ လှူဒါန်းနိုင်ခဲ့တယ်၊ ဒါတင်မကသေးဘူး အသက်နဲ့ထပ်တူထပ်မျှ ကြည်ဖြူလှပါတဲ့ အိမ်သူသက်ထား မဒ္ဒီမိဖုရားကိုလဲပဲ သူတစ်ပါးတွေ ကျေးကျွန်အလို့ငှာ ငါ ပေးလှူနိုင်ခဲ့တယ်....တဲ့၊

အဲဒီ သားတော် သမီးတော်ကို လှူတဲ့အလှူ, ဇနီးမယားကို လှူတဲ့ အလှူဆိုတဲ့ ဒီအလှူနှစ်ခုကို လှူစဉ်တုန်းက၊ ဟော ဒီမဟာပထဝီ မြေကြီးကို သက်သေတည်ပြီးတော့ ငါ လှူခဲ့ပါတယ်လို့ ဘုရားအလောင်းတော်က တရားနှလုံးသွင်း နေရင်းကနေပြီးတော့ ညာဘက်လက်တော်နဲ့ မြေကြီးကို တို့ပြီးတော့၊ အသင်မြေကြီး အသင့်ကို သက်သေတည်ပြီးတော့ ငါလှူခဲ့တာ အမှန်ပဲမဟုတ်လားလို့ မြေကြီးကို သက်သေထူတဲ့အနေနဲ့ လက်တော်နဲ့ တို့လိုက်တာ၊ မဟာပထဝီမြေကြီးက အသက်မဲ့ဖြစ်သော်လဲပဲ အသက်ရှိသလိုပဲ၊ ဟုတ်ပါပေတယ် ဟုတ်ပါပေတယ်လို့ ပြောသကဲ့သို့၊ မာရ်နတ်နှင့်တကွ သူ့စစ်တပ်တွေ တုန်ခါရိုက်ဟီးပြီးတော့ ပြေးကြရအောင် မဟာပထဝီမြေကြီးသည် အိုးထိန်း စက်ခလုတ် ဖြုတ်လိုက်သလို၊ တဒုန်းဒုန်း တဟီဟီး, တဟီးဟီး မြေလျှင်တွေ တုန်ဟီးရိုက်ခတ်လိုက်တာ မာရ်နတ်နှင့်တကွ သူ့ စစ်တပ်ကြီး ပျက်ပျက်ပြုန်းပြီးတော့ ကုန်ဆုံးပျက်ပြားပြီးတော့ ပြေးကြ လွှားကြရ ပျက်ပြားခဲ့ကြရ တယ်တဲ့၊ အဲဒီလို မာရ်နတ်ရန် အောင်ခဲ့တာမို့လို့၊

မာရဋ္ဌ–ဂီရိမေခလာ ဆင်မဟာကို လျှင်စွာတက်စီး ပလ္လင်နီးဝယ် လေကြီးမိုးကြီး ပြာပူမီးနှင့် မှောင်ကြီးတတန် ဓားလှံမကြွင်း ပစ်ခတ် ခွင်းလျက်၊ အချင်းသိဒ္ဓတ် ပလ္လင်မြတ်မှ အမြန်ထလော့, စိမ်းမြည်ညိုလွင် ဗောဓိပင်နှင့် ပလ္လင်တော်ကား ထင်အရှားပင် သင်ကားမဆိုင် ငါသာပိုင်ဟု စွဲကိုင်လက်နက် ရဲစစ်မက်ဖြင့် အောက်ထက်ဝန်းရံ သောသောညံအောင် အသံဟစ်ကြွေး မယဉ်ကျေးသည် ရန်ဘေးတသင်း မာရ်နတ်မင်းကိုလည်း။ အဖိနိ–ဒိဋ္ဌိကိုချ ဒေါသကိုပယ် မာန်စွယ်ကိုချိုး သဒ္ဓါဖြိုးလျက်, ရှိခိုးတုပ်ကွ ပြားပြားကျအောင် ဆုံးမသွန်သင် အောင်ပွဲတော်ကြီး ရင်ခဲ့ပါပေသတည်း။

သာဓု.... သာဓု.... သာဓု....

အဲဒီလိုအားဖြင့် ကဆုန်လပြည့်နေ့ နေမဝင်ခင်မှာ မာရ်နတ် မင်းရဲ့ရန်ကို အောင်တော်မူပြီးတဲ့နောက် အတွင်းရန်ကို ဆက်လက်ပြီးတော့ တိုက်ပွဲဝင်တော်မူ လိုက်တာ၊ အပြင်ရန်အောင်ပြီးတဲ့နောက် အတွင်းရန်ကို အောင်ဖို့ရာအတွက် ဆိုပြီးတော့ ထောင့်ငါးရာကိလေသာဆိုတဲ့ ကိုယ်တွင်းကရန်တွေကို မဟာဝဇိရ

ဝိပဿနာဉာဏ်လက်နက်ဖြင့် တိုက်ဖျက်ဖြိုခွင်းတော်မူလိုက်တာ၊ ကဆုန်လပြည့်နေ့ မနက်စောစော နောက်တစ်ရက် အရုဏ်တက်ခါနီးအချိန်မှာ၊ သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးကိုရ၊ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ဓာတ်ကြီးနဲ့ သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးကို ရပြီးတော့ ဘုရားဖြစ်တော်မူခဲ့တယ်၊ သုံးလူတို့ရဲ့ မကိုဋ်၊ သုံးထိုက်တို့ရဲ့ သရဖူ၊ သုံးလူတို့ရဲ့ သင်းကျစ်၊ ဓမ္မရာဇ်ထွဋ်ထား သဗ္ဗညုဘုရားရှင် အဖြစ်ကြီးသို့ ရောက်တော်မူခဲ့တယ်၊ အဲဒီ ရောက်တော်မူခဲ့တဲ့ နေရာဟာ မဟာဗောဓိပင်နဲ့ ရွှေပလ္လင်တော်မှာ ရောက်တော်မူခဲ့ပါတယ်၊

အဲဒီ မဟာဗောဓိပင်နဲ့ ရွှေပလ္လင်နေရာကိုလဲပဲ ငါဘုရားကို သဒ္ဓါကြည်ညို မှီခိုဆည်းကပ်တဲ့ အမျိုးကောင်းသား၊ အမျိုးကောင်း သမီးများ တစ်ခါတစ်ခေါက် ရောက်အောင်သွားပြီးတော့ အမေ မွေးတုန်းက ပါလာတဲ့ မျက်လုံးနှစ်လုံးနဲ့ ပြုံးပြုံးရွှင်ရွှင် ဖူးမြင်ထိုက်တယ်၊ အမေမွေးတုန်းက ပေးလိုက်တဲ့ လက်နှစ်ဖက်နဲ့ လက်အုပ်ချီမိုး ရှိခိုးကန်တော့ထိုက်တယ်လို့ ဘုရားကိုယ်တော်မြတ်ကြီးက သံဝေဇနိယ လေးဌာနတစ်ခုအဖြစ်ဖြင့် ဟောတော်မူခဲ့တာဖြစ်တော့ ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ ကိုယ်တိုင်မရောက်နိုင်သည့်တိုင်အောင် ရောက်ခဲ့ဖူးတဲ့ ဘုန်းကြီးက ဟောတဲ့တရားကို နာကြားခြင်းဖြင့်၊ အာရုံယူပြီးတော့ လက်အုပ်ချီမိုး ရှိခိုးကန်တော့ကြရအောင်၊ ဆိုလိုက်စမ်းပါ–

❖ **ဗောဓိညောင်နန်း. အောင်ပန်းကိုဆင်. ပန်းစုံပင်နော. မနော့ရွှင်ရွှင်၊ ကြည်လင်ညွတ်ကျိုး. ရှိခိုးဦးတင်. ဘုရားစစ်. ဖြစ်သည့်နေရာပင်။**

ဗောဓိပင်နဲ့ ရွှေပလ္လင်ဆိုပေမယ်လို့ ပတ်ဝန်းကျင်မှာ ပန်းပင်တွေ စုံလို့. ပန်းမျိုးစုံတွေ စိုက်ထားလိုက်တာ, ပူဇော်ထားကြတာ၊ ပြီးတော့ ဒီဗောဓိပင်နဲ့ ရွှေပလ္လင်နေရာမှာပဲ မာရ်နတ်ရန်အောင်. အတွင်းရန်တွေအောင်. အပြင်ရန် တွေအောင် ပတ်ဝန်းကျင်မှာလဲပဲ ကြည်ညိုဖွယ်ရာတွေနဲ့ ထားခဲ့တာမို့လို့ **"ပန်းစုံပင်နော. မနော့ရွှင်ရွှင်. ကြည်လင် ညွတ်ကျိုး. ရှိခိုးဦးတင်. ဘုရားစစ် ဖြစ်သည့်နေရာပင်"** ဘုရားအစစ် ဖြစ်တဲ့နေရာ၊ ဘုရားဖြစ်တဲ့အချိန်မှာ

ဘုရားအတုတွေက ရှိသေးတာကိုး၊ ပုရာဏကဿပကလဲ ဟိုနားက ဘုရား ဆိုပြီးတော့ ပရိသတ်တွေနဲ့ တဂိုဏ်းထ၊ ဒီနားက မက္ခလိဂေါသာလကလဲ တဂိုဏ်းထ၊ ဘုရားအတုတွေက အများကြီး၊ အစစ်တစ်ခု အတုတစ်ထောင် ဆိုတဲ့အတိုင်းပဲ အစစ်ဘုရား အခုပွင့်တော်မူမည့်အချိန်မှာ ဘုရားအတုတွေ တစ်ထောင်လောက် ဆိုင်ပြီးတော့ ပေါ်တာမို့လို့ ဒီနေရာ ဒီဗောဓိပင်နဲ့ရွှေပလ္လင် ကတော့ ဘုရားအစစ် ဖြစ်တဲ့နေရာ ဖြစ်ပါတယ်။

အကြောင်းညီညွတ်လို့ ရှမ်းကလေးကျွန်းရွာက ဒကာ-ဒကာမ အပေါင်း သူတော်ကောင်းတွေ၊ ဗုဒ္ဓဂယာကို ဘုရားဖူးသွားကြမယ်ဆိုရင် မြန်မာနိုင်ငံက နေပြီးတော့ ရန်ကုန်ကနေပြီးတော့ လေယာဉ်စီးလိုက်ရင် ကာလကတ္တားမြို့ ရောက်သွားမယ်၊ အိန္ဒိယလေကြောင်းစီးပြီးလိုက်သွား ကာလကတ္တားမြို့သို့ရောက်၊ ကာလကတ္တားမြို့ရောက်ရင် ကာလကတ္တားမြို့မှာ၊ ဗုဒ္ဓဘာသာ မြန်မာဘုန်းကြီး ကျောင်းဆိုတဲ့ ဆရာတော် ဦးကောဝိဒရဲ့ ကျောင်းဆိုတာရှိတယ် မြို့လယ်ခေါင်မှာ၊ ဆေးကျောင်းကြီးရဲ့ အနီးမှာ၊ အဲဒီရောက်ပြီး တည်းလိုက်ရင် အဲဒီ ဆရာတော်က အကုန်လုံးစီမံပေးတယ်၊ နေရေး, ထိုင်ရေး စီမံပေးတယ်၊ သွားဖို့လာဖို့ စီမံပေးတယ်၊ အဲဒီကနေပြီးတော့ ရထား, ကား ကြိုက်ရာနဲ့သွားလိုက်ရင် ဗုဒ္ဓဂယာကို ရောက်နိုင်တယ်၊ မိုင်လေးရာလောက်သွားလိုက်တော့ ဗုဒ္ဓဂယာ ရောက်မယ်၊ ဗုဒ္ဓဂယာရောက်ရင် အဲဒီဗောဓိပင်နဲ့ ရွှေပလ္လင်ကို ကိုယ်တိုင်ဖူး မြင်နိုင်ကြမယ်၊ ကိုယ်တိုင်ဖူးမြင်ရရင်၊ ကိုယ်တိုင် လက်နှစ်ဖက်နဲ့ ရှိခိုး ကန်တော့နိုင်ကြရင်၊ အဲဒီဗောဓိပင်နဲ့ ရွှေပလ္လင်နေရာမှာ တရားနှလုံးသွင်းပြီးတော့ တရားနဲ့ပူဇော်နိုင်ကြရင်၊ လူ့ရွာနတ်ထံ ချမ်းသာစံပြီးတော့ နိဗ္ဗာန်တိုင်ပေါက် ရောက်နိုင်ပါတယ်လို့ ဘုရားရှင်ကိုယ်တော်မြတ် ကိုယ်တိုင်က ဝန်ခံထားခဲ့တယ်၊

တမဂ်တဖိုလ်မရသည့်တိုင်အောင် အပါယ်တံခါး ပိတ်နိုင်တယ်လို့၊ ဘာပြုလို့တုန်းဆိုတော့ ဘုရားအာရုံကို ကိုယ်က ဖက်ထားတာကိုး၊ ဘုရားအာရုံက တုန်းတိုင်သစ်ဝါး လှေဖောင်များနဲ့ တူတယ်လို့, ပရိသတ်ကြီး မဟောဘူးလား? ဟောပါဘုရား။ တုန်းတိုင် သစ်ဝါး လှေဖောင်များက ရေထဲမှာ ပေါ်တာလား မြုပ်တာလား? ပေါ်တာပါဘုရား။ တုန်းတိုင်သစ်ဝါး လှေဖောင်နဲ့တူတဲ့

ဘုရားအာရုံကို ဖက်ထားတဲ့ ဒကာ–ဒကာမတွေ အပါယ်လေးပါးရေထဲ မြုပ်ကြမှာလား ပေါ်ကြ မှာလား? ပေါ်မှာပါဘုရား။ အဲဒါကြောင့် ဘုရားက အာမခံတာ၊ အပါယ်လေးပါး မကျစေပါဘူးတဲ့၊ ဟော နံပါတ်နှစ်ပြီးမသွားဘူးလား။ ဆိုစမ်းပါ။....

**"ဖွား, ပွင့်, ဟော, စံ, ဤလေးတန်၊ သံဝေဇနီယ ဌာန တည်း"**။ ဟော ဖွားတော်မူတဲ့နေရာ ပြီးသွားပြီ၊ လုမ္ဗိနီသာမော အင်ကြင်း တော၊ ပွင့်တော်မူတဲ့နေရာ မဟာဗောဓိပင်နဲ့ ရွှေပလ္လင်၊ ဟော–ပဌမဆုံး တရားဦးကို ဟောတော်မူတဲ့နေရာ, ဓမ္မစကြာတရားဦးကို ဟောတော်မူတဲ့ နေရာ ဗာရာဏသီမြို့ရဲ့အနီး ဣသိပတန မိဂဒါဝုန်တော၊ ဒါ့ကြောင့် ဆိုလိုက်စမ်းပါ။ ......

❖ **မိဂဒါဝုန်တော, သာမောကြည်လင်၊ ပန်းစုံပင်နော, မနောရွှင်ရွှင်၊ ကြည်လင်ညွတ်ကျိုး, ရှိနိုးဦးတင်၊ ဓမ္မစက် မိန့်မြွက်နေရာပင်။**

အဲဒီမိဂဒါဝုန်တောနဲ့ ခုနကပြောခဲ့တဲ့ ဘုရားပွင့်တော်မူတဲ့ ဗုဒ္ဓဂယာ က ဗောဓိပင်ကနေပြီး အနောက်မြောက်ယွန်းယွန်း မိုင် ၂ ရာလောက် သွားလိုက်တယ်ဆိုရင်ပဲ ဗာရာဏသီမြို့နဲ့ ဂင်္ဂါမြစ်ကြီးက တောင်ဘက် ကနေ အရှေ့နောက်စီးလို့၊ ဂင်္ဂါမြစ်ကြီးရဲ့ အနောက်ဖက်ကမ်းကူးလိုက်တော့၊ တံတားကြီးနဲ့ ကူးလိုက်တော့ ဗာရာဏသီမြို့ကြီး ရောက်ပါတယ်၊ အဲဒီ ဗာရာဏသီမြို့ရဲ့ အနောက်မြောက်ကို ထွက်လိုက်တော့မှ မိဂဒါဝုန်တောဆိုတဲ့ သားတို့ကိုဘေးမဲ့ပေးရာဖြစ်တဲ့ မိဂဒါဝုန်တောကြီးကို တွေ့ရပါတယ်၊ အဲဒီ မိဂဒါဝုန် တောထဲမှာ ဘုရားကိုယ်တော်မြတ်ကြီး ပဥ္စဝဂ္ဂီငါးဦးကို တရားဦးဟောတဲ့နေရာ၊ နန္ဒိယသူဌေးရဲ့ ကျောင်းနေရာစတဲ့ နေရာတွေကို တွေ့ရပါတယ်၊

မြန်မာဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းတွေလည်းရှိလို့ အဲဒီ ကျောင်းတွေမှာ မိုရိုဆည်းကပ် တည်းခိုပြီးတော့၊ အဲဒီဣသိပတန မိဂဒါဝုန်တော ဘုရားဓမ္မစကြာ တရားဦးဟောတဲ့နေရာကို ကြည်ညိုမှိုရို ဆည်းကပ်ပူဇော်ခြင်းဖြင့်၊ မိမိတို့အတွက် အပါယ်လေးပါးတံခါး ပိတ်စေနိုင်တဲ့ ကောင်းမှုကြီးကို ပြုနိုင်ကြပါတယ်လို့။ ဟော ဖွား, ပွင့်, ဟော တရားဦးဟောတဲ့နေရာ၊

နောက်ဆုံး စံ ပရိနိဗ္ဗာန်စံတဲ့နေရာ၊ အဲဒီ ဣသိပတနမိဂဒါဝုန် ဗာရာဏသီမြို့ကနေပြီးတော့ အရှေ့မြောက်ယွန်းယွန်းမြန်းပြီးတော့ ကွေ့ပြီးတော့ တက်လိုက်မယ်ဆိုရင်ဖြင့်၊ ကုသိနာရုံ မလ္လာမင်းတို့ရဲ့ အင်ကြင်းစုံဆိုတဲ့ တောကြီး ထဲမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံနေတော်မူပုံ၊ မြောက်အရပ်ကို ခေါင်းလှည့်ပြီးတော့၊ အနောက်ဘက်ကို မျက်နှာလှည့်ပြီးတော့၊ တစောင်း ကျိန်းစက်တော်မူနေတဲ့ပုံ၊ ပရိနိဗ္ဗာန် စံတော်မူရာဖြစ်တဲ့ တေဇောဓာတ်လောင်ရာ ဖြစ်တဲ့ကုန်း၊ ဘုရားကိုယ်တော် မြတ်ကြီးရဲ့ ရုပ်ခန္ဓာကိုယ် တေဇောဓာတ်လောင်ရာ ဖြစ်တဲ့ကုန်းနဲ့ ပတ်ဝန်းကျင်မှာ ကြည်ညိုဖွယ်ရာ ပူဇော်ဖွယ်ရာတွေ, ပန်းပင်တွေ အစုံစိုက်ပြီးတော့ ပူဇော်ထားတဲ့ ပန်းဥယျာဉ်တွေလဲ တွေ့ရတာမို့လို့ အဲဒီကျတော့ ကုသိနာရုံတောဖြစ်သွားတယ်၊ ကုသိနာရုံ မလ္လာမင်းတို့ရဲ့ အင်ကြင်းတောပဲ၊ ဖွားတော်မူတုန်းကလည်း အင်ကြင်းတောမှာ ဖွားခဲ့တယ်၊ အခု ပရိနိဗ္ဗာန် စံတော့လည်း အင်ကြင်းတောပဲ၊ ဒါကြောင့် ဆိုလိုက်စမ်းပါ။—

### ❖ ကုသိနာရုံတော, သာမောကြည်လင်၊ ပန်းစုံပင်နော, မနောရွှင်ရွှင်၊ ကြည်လင်ညွတ်ကျိုး, ရှိခိုးဦးတင်၊ နိဗ္ဗုနန်း မြန်းသည့်နေရာပင်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီး နောက်ဆုံး ခန္ဓာဝန်ချပြီးတော့ ပရိနိဗ္ဗာန် စံတော်မူတဲ့နေရာလို့ ဘုရားကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံတော်မူပုံ ရုပ်ကလာပ်တော် အလောင်းတော်ကြီးနေပုံကို ဖူးမျှော် ရတဲ့သူတိုင်း သူတိုင်း၊ အဲဒီကျတော့ စိတ်တွေ မထိန်းနိုင်ကြဘူး၊ မျက်ရည်ကျကြတယ်၊ ဝမ်းနည်း ပက်လက်ဖြစ်ကြတယ်၊ ရောက်လာတဲ့ ဒကာ–ဒကာမတိုင်း လက်ကိုင်ပုဝါ လေးတွေ ထုပ်ပြီးတော့ မျက်နှာမှာ တို့ကြတယ်၊ မျက်ရည်တွေ စို့လာတာကို သုတ်ကြတယ်၊ ဝမ်းနည်းလို့မဆုံး ယူကြုံးမရဖြစ်ကြတယ်၊ ရှိခိုးကန်တော့ပြီး နေသော်လဲပဲ မျက်ရည်တွေ တတွေတွေကျပြီးတော့ နေတတ်တယ်….၊ ဘုန်းကြီးတို့ကတော့ မျက်ရည်တော့ ကျတော့ကျချင်တယ်၊ ရင်ထဲကတော့ ဆို့လာတယ်၊ ဆို့လာပေမယ်လို့ အဲဒီဆို့လာတာကို ခုခံစီးတားပြီးတော့၊ ဩော်…. ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ အသက်ထင်ထင် ရှင်စဉ်တုန်းက သွား, ရပ်, ထိုင်, လျောင်း ဣရိယာပုဒ်လေးပါးအပေါင်းနဲ့ သွားရင်းလာရင်းနဲ့

သတ္တဝါတွေအကျိုး သယ်ပိုးပြီးတော့ တရားဟောတော်မူ, ဒေသနာတော်တွေနဲ့ ပြုတော်မူ, သစ္စာ(၄)ပါးတရားနဲ့ ချေချွတ်တော် မူခဲ့တယ်၊ ပရိနိဗ္ဗာန် နောက်ဆုံးစံတဲ့အချိန်တောင်မှ အေးအေးလူလူ စံသွားတော်မမူပဲနဲ့၊ သူ့ရဲ့ ခန္ဓာကိုယ်ရုပ်ကြွင်း ဓာတ်ကြွင်းတွေ ကျန်ရစ်ပါစေ....

ငါ့ရဲ့ခန္ဓာကိုယ်က အရိုးတော်တွေ, အသားတော်တွေ, အသွေးတော် တွေက ဓာတ်တော်တွေဖြစ်ပြီးတော့ ကျန်ရစ်ပါစေ၊ အဲဒီဓာတ်တော်တွေက ကိုးကွယ်ရာတွေဖြစ်ပြီးတော့ သတ္တဝါတွေ ကိုးကွယ်ပူဇော် စရာအဖြစ်နဲ့ ပူဇော် ကိုးကွယ်ကြပြီးတော့ လူ့ရွာနတ်ထံ ချမ်းသာစံပြီးတော့ နိဗ္ဗာန်အထိ ရောက်ရှိကြ ပါစေလို့၊ ဘုန်းကြီးတို့ ဘုရားဟာ ဘယ်လောက် အလုပ်လုပ်တဲ့ဘုရားလဲဆိုတာ မပြောနဲ့တော့၊ အသက်ထင်ရှားရှိနေတုန်း သွားရင်း, ရပ်ရင်း, ထိုင်ရင်း, လျောင်းရင်း အလုပ်လုပ်တယ်၊ နောက်ဆုံး ပရိနိဗ္ဗာန်စံတယ်၊ ပရိနိဗ္ဗာန် စံတယ်ဆိုတာ သေတာပဲ၊ သေတာတောင်မှ အေးအေးသေမသွားပဲနဲ့၊ ပူဇော်ဖို့ရာ ရုပ်ဓာတ်တွေ အကြွင်းအကျန်တွေ ဓာတ်တော်တွေအဖြစ်နဲ့ ကျန်ရစ်ပါစေလို့ မိဋ္ဌာန်ပြီးတော့ သွားတော်မူတဲ့ဘုရား၊ အင်မတန်အလုပ်လုပ် သွားတော်မူတဲ့ ဘုရားပါပေပဲ၊ သတ္တဝါကျိုးတွေ သေသည့်အထိအောင် ဆောင်တော်မူသွားတဲ့ ဘုရားပါပေပဲလို့။

## စရံယော ယဒိဝါတိဋ္ဌံ, နိသိန္နော ဥဒဝါသယံ၊
## နိဗ္ဗာယံ ဓာတုဘာဝေန, ဟိတံ သတ္တာနမာစရေ။

ယောဘဂဝါ–အကြင်ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရားသည်။ စရံဝါ–သံဃာတော်များ, ရှေ့တော်ဖျားက, ကြွသွားထိုဉ်, စက်တော်ချီလျက်ငင်း။ ယဒိဝါတိဋ္ဌံ–မကြွမသွား, ရွှေတောင်လားသို့, မားမားမတ်မတ်, ရပ်တော်မူလျက် ငင်း။ နိသိန္နောဝါ–ပရိသတ်အလယ်, ရောင်ခြောက်သွယ်ဖြင့်, ထက်ဝယ်ဖွဲ့ခွေ, ထိုင်နေတော်မူလျက်ငင်း။ ဥဒဝါသယံ–အမေးပုစ္ဆာ, ဖြေရှင်းကာဖြင့်, ညဥ့်ခါ ကျောင်းပေါ်, လျောင်းတော်မူလျက်ငင်း။ နိဗ္ဗာယံ–ဝါလေးဆယ်ငါး, သက်တော် အားဖြင့်, ကြီးမားလေဘိ, ရစ်ဆယ်ပြည့်၍, ပရိနိဗ္ဗာန်, စံဝင်တော်မူခါနီးသည်

ရှိသော်။ ဓာတုဘာဇေန–နောင်ခါစင်စစ်, ကိုးကွယ်ရစ်ဖို့, အနှစ်အမွေ, သရီရ ဓာတ်တော်အနေဖြင့်ဌင်း။ သတ္တာနံ–သုံးထိုက်ဝေနေ, မိုလ်ခြေများစွာ, သတ္တဝါ တို့၏။ ဟိတံ–လူ့ရွာနတ်ထံ, နိဗ္ဗာန်အထိ, ရောက်ရှိစေကြောင်း, ကောင်းသော အစီးအပွားကို၊ အာစရေ–ရင်သွေးရာဟု, ပမာရှုလျက်, အမှုသင့်စွာ, ပြုကျင့်တော် မူခဲ့ပါပေသည်တကား......။

အဲ ဘုန်းကြီးတို့တော့ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပုံကို မြင်ရတော့ ရင်ထဲမှာဆို့ပြီးတော့ လာသော်လဲပဲ၊ မျက်ရည်ကျချင်သော်လဲပဲ၊ အဲဒီမျက်ရည်ကို သိမ်းဆည်းပြီးတော့ ဘုရားကိုယ်တော်မြတ်ကြီး.... ကျေးဇူးတော် ကြီးမားတော် မူတဲ့ ကျေးဇူးတော်ရှင် ဘုရားရှင်ကိုယ်တော် မြတ်ကြီး၊ သွားရင်း, ရပ်ရင်း, ထိုင်ရင်း, လျောင်းရင်းနဲ့ အလုပ်တွေ လုပ်တဲ့အပြင်၊ နောက်ဆုံး ပရိနိဗ္ဗာန်စံတဲ့ အချိန်တောင်မှ အေးအေးလူလူ စံတော်မမူပဲနဲ့ ဓာတ်တော်တွေ ကြွင်းကျန် ရစ်အောင် အလုပ်လုပ်ပြီးတော့ သတ္တဝါအကျိုး သယ်ပိုးတော်မူသွားပါပေတဲ့ ဘုရားရှင်....လို့ ကျေးဇူးဂုဏ်တွေ အာရုံပြုပြီးတော့ ရှိခိုးကန်တော့ပူဇော်ခဲ့ရတယ်။

အဲဒီလိုအားဖြင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီး **"ဖွား. ပွင့်. ဟော. စံ. ဤလေးတန်၊ သံဝေဇနီယဌာနတည်း"** ဆိုတဲ့အတိုင်း ဘုရား ကိုယ်တော်မြတ်ကြီးရဲ့ ထူးခြားမြင့်မြတ်တဲ့ ဌာနကြီးလေးခု အကြောင်းကို ဘုန်းကြီးတို့ဟောတဲ့ တရားသံကို နာခံရင်းနဲ့ အာရုံယူပြီးနေတဲ့အခိုက် ရှမ်းကလေးကျွန်းရွာ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေရဲ့ စိတ်ဟာ ဘုရားနဲ့တွေ့မနေဘူးလား? တွေ့ပါဘုရား။ အခု တရားနာနေတဲ့ တစ်နာရီ တစ်နာရီခွဲအတွင်းမှာ စိတ်ကလေးဟာ ဘုရားအပေါ် မှီပြီးတော့ မနေဘူးလား? မှီနေပါတယ်ဘုရား။ ဘုရားဆိုတဲ့ တုန်းတိုင် သစ်ဝါး လှေဖောင်များပေါ်မှာ တက်စီးပြီးတော့ မနေဘူးလား? နေပါတယ်ဘုရား။ အဲဒီလိုနေခြင်းဖြင့် အခု တရားနာတဲ့အခိုက်မှာ နေသလို နောင်လဲပဲ တွေးမိတိုင်းတွေးမိတိုင်း ဘုရားဆိုတဲ့ တုန်းတိုင် သစ်ဝါး လှေဖောင်ကြီးများကို မှီခိုပြီးတော့ နေရာမရောက်ဘူးလား? ရောက်ပါတယ်ဘုရား။

ရွှေမုဋ္ဌော မဟာသိမ်တော်ကြီးမြတ်စွာဘုရား ပူဇော်ဖို့ရာအတွက် ဆိုပြီးတော့ တတ်စွမ်းသမျှ နဝကမ္မဝတ္ထုတွေကို လှူဒါန်းပူဇော်ကြခြင်းဖြင့်၊ ဂန္ဓာရုံကျောင်းတိုက် သံဃာတော်အပေါင်းအား ဘုရားသားတော် သံဃာတော် အပေါင်းတို့အားလည်းပဲ မိမိတို့ ကောက်ခင်း ယာခင်း လယ်ခင်းကထွက်တဲ့ ကောက်ပဲသီးနှံတွေကို လှူဒါန်းပူဇော်ကြခြင်းဖြင့်၊ တရားတော်ကို နာယူကြခြင်းဖြင့်၊ ဘုရား, တရား, သံဃာ ရတနာ သုံးပါးဆိုတဲ့ တုံးတိုင် သစ်ဝါး လှေဖောင်ကြီး များကို ဖက်ထားတဲ့အနေ ပူဇော်တဲ့အနေနဲ့ ပရိသတ်ကြီး နေကြခြင်းဖြင့် အပါယ် လေးပါးရေထဲ မြုပ်မည့်သူတွေလား မမြုပ်မည့်သူတွေလား? မမြုပ်မည့်သူ တွေပါဘုရား။ ဘုရားကိုယ်တော်မြတ်ကြီး သက်တော်ထင်ရှား ရှိစဉ်လည်းပဲ၊ အနာထပိဏ် ဝိသာခါ ကျောင်းဒကာ–ကျောင်းအမတွေ ဘုရားအာရုံကို ဖက်ပြီးတော့ မနေကြဘူးလား? နေကြပါတယ်ဘုရား။ ဘုရားအာရုံကို ဖက်ခဲ့ကြတဲ့ ဘုရား သက်တော်ထင်ရှားရှိစဉ်က ဖက်ခဲ့ကြတဲ့သူတွေ အပါယ် လေးပါးရေထဲ မြုပ်ခဲ့ကြတာလား မမြုပ်ခဲ့ကြ တာလား? မမြုပ်ခဲ့ကြတာပါဘုရား။

အခု ဘုရားပရိနိဗ္ဗာန်စံသွားတဲ့နောက် ဘုရားမရှိတဲ့ နောက်လည်းပဲ ဘုရားအာရုံ စိတ်ထဲမှာ ထုံထားခဲ့ရင် ထိုအမျိုးသား, အမျိုးသမီး တုံးတိုင်သစ်ဝါး လှေဖောင်များကို ဖက်ထားတဲ့သူနဲ့ မတူဘူးလား? တူပါဘုရား။ ဒါဖြင့် ဘုရားရှိခြင်း မရှိခြင်းက အရေးမကြီးဘူး၊ ကိုယ့်စိတ်ထဲ ဘုရားအာရုံအဖြစ်နဲ့ ရောက်လာခြင်း, မလာခြင်းက အရေးမကြီးဘူးလား? အရေးကြီးပါဘုရား ဒါကြောင့်–

**တိဋ္ဌန္တေ နိဗ္ဗုတေစာပိ, သမေ စိတ္တေ သမံ ဖလံ၊**
**စေတော ပဏိဓိ ဟေတုဟိ, သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။**

မြတ်စွာဘုရားကိုယ်တော်တိုင် ဟောထားခဲ့တဲ့စကား၊ ငါဘုရား ကိုယ်တော်မြတ်ကြီး သက်တော်ထင်ရှား မထင်ရှားရှိခြင်းက လိုရင်းမဟုတ်ဘူးတဲ့၊ ငါဘုရား သက်တော်ထင်ရှားရှိနေပေမယ်လို့ ငါဘုရားကို ကြည်ညိုမိုနိုးခြင်း မရှိပဲနဲ့၊ ငါဘုရားကို မေ့နေတဲ့သူတွေ, ငါဘုရားကို စော်ကားနေတဲ့သူတွေ အပါယ်လေးပါးရေထဲ မြုပ်လိမ့်မယ်တဲ့၊ အရှင် ဒေဝဒတ် အပါယ်လေးပါးရေထဲ မမြုပ်ဘူးလား ပရိသတ်? မြုပ်ပါဘုရား။ စိဉ္စမာနအမျိုးသမီး ဘုရား

သက်တော်ထင်ရှား သူမတွေ့ရ ဘူးလား? တွေ့ပါဘုရား။ တွေ့ပင်တွေ့ငြား သော်လဲ ဘုရားကို စွဲပ်ဖွဲ ပြီးတော့ ပြစ်မှားသဖြင့် အပါယ်လေးပါး မမြုပ်ခဲ့ဘူးလား? မြုပ်ခဲ့ပါဘုရား။ ဒါဖြင့် ဘုရားထင်ရှားရှိခြင်း မရှိခြင်းက လိုရင်းမဟုတ်ဘူး၊ ဘုရားအာရုံ စိတ်ထဲမှာထုံနိုင်ခဲ့ရင်၊ အခု ဘုရားမရှိတဲ့အချိန် ဒကာ- ဒကာမတွေ ရွှေမုဋ္ဌော မဟာသိမ်တော်ကြီးမြတ်စွာဘုရားကတစ်ဆင့် ဘုရားကို ပူဇော်တဲ့အနေနဲ့ ပူဇော်ကြခြင်းဖြင့်၊ ဘုရားမရှိသော်လဲပဲ ဘုရားအာရုံ စိတ်မှာထုံပြီးတော့ ဘုရားပူဇော်မယ်, ပူဇော်မယ်လို့ စိတ်မှာ ကြံရွယ်တဲ့အချိန်က စပြီးတော့၊ အခု ပူဇော်ပြီးတဲ့အချိန် တိုင်အောင်၊ ဘုရားနဲ့စိတ်နဲ့ တွေ့ပြီးနေခဲ့ရင် ဒီစိတ်က ပရိသတ်ကြီး အပါယ်လေးပါး ရေထဲမြုပ်မှာလား ပေါ်စေမှာလား? ပေါ်စေမှာပါ ဘုရား။ ဒါ့ကြောင့်—

**တိဋ္ဌန္တေ နိဗ္ဗုတေစာပိ, သမေ စိတ္တေ သမံ ဖလံ၊**
**စေတော ပဏိဓိ ဟေတုဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။**

တိဋ္ဌန္တေစာပိ–သက်တော်ထင်ထင် တည်ရှိစဉ်ဝယ် ဖူးမြင်ရငြား မြတ်ဘုရား၌ရင်း။ နိဗ္ဗုတေစာပိ–ရွှေပြည်နိဗ္ဗူ စံတော်မူသည့် သုံးလူ ထွဋ်ထား မြတ်ဘုရား၌ရင်း။ စိတ္တေ–ဘုရားအာရုံ ကောင်းစွာထုံလျက် တလုံလဲလဲ မှိဝဲစွဲသုံး စိတ်နှစ်လုံးသည်။ သမေ–သဒ္ဓါပညာ အရာရာက မကွာတန်းတူ ညီမျှပါမူကား။ သမံဖလံ–အကျိုးပေးဟန် အတန်တန်သည် ကောင်းညီမျှ တန်းတူ ရလေတော့၏။ ဟိယုတ္တံ–ထိုစကားလျှင် မမှားကောန် ယုတ္တိတန်လှပါပေ၏။ သတ္တာ–ယုတ်မြတ်မဆူ သူငါကစ သတ္တဝါဟူသမျှတို့သည်။ စေတောပဏိဓိဟေတု–စိတ်နေစိတ်ထား ကြီးမားဖြူစင် ကြည်လင်သန့်ရှင်း အကြောင်းရင်းကြောင့်။ သုဂ္ဂတိံ–လူ့နတ်ထံ ချမ်းသာစံလျက် နိဗ္ဗာန်တိုင်ထိ အကောင်းဆုံးဂတိသို့၊ ဂစ္ဆန္တိ–ပါရမီစွမ်းသလောက် စခန်းပေါက်၍ လှမ်းရောက်နိုင်ကြပေကုန် သတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

# "မေတ္တာသုတ် တရားတော်"

အခု ရတနာ့သုတ်ပရိတ်တော် ပြီးသွားတဲ့နောက် မေတ္တာသုတ်ပရိတ်ဆိုတဲ့ မေတ္တသုတ်ကို သံဃာတော် အရှင်သူမြတ်များက ဆက်လက်ပြီးတော့ ရွတ်တော်မူကြပါမယ်၊ ဒီတော့ အဲဒီ မေတ္တာသုတ် တရားတော်အတွက်လည်းပဲ တစ်သုတ်လုံးအတွက် ချုံးပြီးတော့ ဘုန်းကြီးက အကျဉ်းချုပ် ဒကာ-ဒကာမများ သဒ္ဓါစူးနိုင်အောင်. သဒ္ဓါဉာဏ်တက်နိုင်အောင်. သဒ္ဓါသက်ဝင်နိုင်အောင်. ဘုန်းကြီး အနည်းငယ်ချုပ်ပြီးတော့ ပြောပါမယ်၊ အကုန်လုံး လုံးစိပါဠိစိ မဟုတ်သော်လည်းဘဲ အနည်းငယ် အာရုံပြုနိုင်အောင်၊ ဒီတော့ အဲဒီမေတ္တာသုတ် ပရိတ်တရားတော် ဘုရားရှင်ကိုယ်တော်မြတ် ဘာ့ကြောင့် ဟောတော်မူခဲ့ရသလဲ၊ ဘာ့ကြောင့် မေတ္တာသုတ်ပရိတ်တရားကို သူ့ရဲ့သာသနာတော်ဝန်ထမ်း ရှင်ရဟန်းတွေနှင့်တကွ ယနေ့ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတို့အတွက် သာသနာတော်အတွင်းမှာ ထားတော်မူခဲ့သလဲလို့ဆိုရင် အတ္ထုပ္ပတ္တိရှိခဲ့တယ်၊

မြတ်စွာဘုရားထံက ဝါဆိုခါနီး ကာလတစ်ခုမှာ ရဟန်းတော်ငါးရာ မြတ်စွာဘုရားထံက ကမ္မဋ္ဌာန်း ယူပြီးတော့ အရဟတ္တမဂ်. အရဟတ္တဖိုလ်အထိ ကျင့်ကြံနည်းတွေ ကမ္မဋ္ဌာန်းယူပြီးတော့ ကမ္မဋ္ဌာန်းအားထုတ်မယ်ဆိုပြီးတော့ နေရာကောင်း သင့်လျော်တဲ့နေရာ ရှာတော်မူကြပါတယ်၊ အဲဒီ သာဝတ္ထိပြည် ဇေတဝန်ကျောင်းက နေပြီးတော့ အရှေ့မြောက် ဦးတည်ပြီးတော့ ဒေသစာရီ ကြွတော်မူသွားလိုက်ကြတာ၊ အရှေ့မြောက်ဆီဆိုတော့ ဟိမဝန္တာနဲ့ နီး.နီး သွားတယ်၊ ဟိမဝန္တာနဲ့ နီးသွားတဲ့ တောအုပ်ကြီးတစ်ခုရောက်တဲ့အခါကျတော့ အဲဒီ တောအုပ်ကြီးနားမှာ ရွာတရွာကလည်း ရှိတယ် ဂေါစရဂါမ်ကလည်း ကောင်းတယ်၊ ဒီတောအုပ်ကြီး အမှီပြုပြီးတော့ ဒို့ တရားဘာဝနာအလုပ် တစ်ဝါတွင်း အားထုတ်ရရင်ဖြင့် အရဟတ္တမဂ် အရဟတ္တဖိုလ် ဒို့လိုတဲ့ ကျွတ်တမ်းခိုမှ ရောက်နိုင်ကြမယ်လို့ မျှော်လင့်တော်မူကြတာနဲ့ အဲဒီတောအုပ်ကြီး

ထဲကို အမှီပြုပြီးတော့ ဂေါစရဂါမ် ရွာအနီးရွာကို မှီနေကြမယ်ဆိုပြီးတော့ ရောက်သွားကြ၊ ဒီတော့ ရွာမှာရှိတဲ့ ဒကာ–ဒကာမတွေကလည်းပဲ သဒ္ဓါတရားနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေ ဖြစ်ကြသည့်အားလျော်စွာ၊ သံဃာတော်အရှင်မြတ်တွေကို ဆွမ်းနဲ့, ကျောင်းနဲ့ မပင်ပန်းရအောင် တပည့်တော်တို့ တစ်ဝါတွင်းကာလ တာဝန်ယူပါမယ်ဘုရား၊ အရှင်ဘုရားများ ဆက်ပြီးတော့ သီတင်းသုံးရင် တပည့်တော်များ သရဏဂုံသုံးပါးနဲ့ သီလတွေ ထိန်းသိမ်းပြီးတော့ ဒါနစတဲ့ ကုသိုလ်ကောင်းမှုတွေ တိုးပွားနိုင်ပါတယ်လို့ လျှောက်ထားလို့၊ အဲဒါ ဂေါစရဂါမ်ရွာကြီးကလည်းပဲရ၊ ပဓာနကမ္မဋ္ဌာန်းအလုပ် အားထုတ်ဖို့ ကျောင်းလေးတွေလည်း ချက်ချင်းပဲ၊ ငါးရာလောက် သစ်ရွက်ကျောင်းလေးတွေ ဆောက်လုပ်ပေးကြလို့ အဲဒီတောကြီးထဲမှာ ဝင်ပြီးတော့ တရားဘာဝနာအလုပ် အားထုတ်ကြမယ်လို့ တောရိပ်ခိုကြ၊

ဒီတော့ ရဟန်းတော် အရှင်မြတ်တွေက သစ်ပင်တွေရဲ့အောက်က ကျောင်းလေးတွေနဲ့ တောရိပ်ခိုပြီးတော့ တရားအားထုတ်ကြတော့ အပေါ်မှာနေတဲ့ နတ်တွေက ဘုမ္မစိုးနတ်တွေလို့ခေါ်တဲ့ သားတွဲလဲ သမီးတွဲလဲနဲ့နတ်တွေက ဘုန်းကြီးတို့ နတ်တွေမှာ ဟိုအထက်က နတ်ပြည် (၆)ထပ်က နတ်တွေကသာ ဥပပတ္တိပဋိသန္ဓေနေပြီးတော့ ဒီလိုသားငယ် သမီးငယ် ကိုယ်ဝန်လွယ်ရတယ်ဆိုတာ မရှိတာ၊ အောက်ပိုင်းနတ်တွေက ရှိကြတယ်၊ ရုက္ခစိုးနတ်တွေ, ဘုမ္မစိုးတွေ, အခု ဘုန်းကြီးတို့ တောစောင့်, တောင်စောင့်တွေ, သစ်ပင်စောင့်တွေဆိုတဲ့ နတ်တွေက ဘုန်းကြီးတို့ လူ့ပတ်ဝန်းကျင်မှာရှိတဲ့ နတ်တွေက လူတွေလိုပဲ ကိုယ်ဝန်လွယ်ရခြင်း, သားဖွားရခြင်း, သားငယ် မြေးငယ်နဲ့ နေရခြင်းဆိုတာ ရှိကြပါတယ်၊

ဒီတော့ အဲဒီနတ်တွေက သားတွေ သမီးတွေနဲ့ သစ်ပင်ပေါ်မှာ နေလို့မရ ချုံတွေပေါ်မှာ နေလို့မရ တောင်အမြင့်ပေါ်မှာ နေလို့မရ ရဟန်းတော် အရှင်မြတ်တွေရဲ့ သီလတန်ခိုးကြောင့် နေလို့မရတော့ အောက်ဆင်းလာကြရ၊ အောက်ဆင်းပြီးတော့ နေကြရင်းနဲ့ သူတို့က ထင်တယ်၊ ဩ....ကိုယ်တော်တွေ ခဏတဖြုတ်နေကြတာနေမှာပဲ ခရီးသွားရင်း ဒေသစာရီလှည့်ရင်း ခဏနားတာ

နေမှာပဲလို့ အထင်ရောက်ပြီးတော့ ခဏာတဖြုတ်ဆိုပြီးတော့ ဆင်းနေကြ၊ သံဃာတော် အရှင်မြတ်တွေက တစ်ဝါတွင်းလုံးလုံး သီတင်းသုံးဖို့ ရည်ရွယ်ချက်နဲ့ ဆွမ်းခံဝင်သွားလိုက်ကြ၊ ပြန်ရောက်လာလိုက်ကြ၊ ဆွမ်းခံဝင်သွားလိုက်ကြ ပြန်ရောက်လာလိုက်ကြဆိုတော့ နတ်တွေက ဒီအတိုင်းဆိုရင်ဖြင့် ရဟန်းတော် အရှင်မြတ်တွေ ဒီဝါတွင်း ဒီတောထဲမှာ နေကြမှာနဲ့တူတယ်၊ ဒီလို တောထဲ နေကြရင်ဖြင့် ဒို့သားငယ် သမီးငယ်တွေတွဲလဲနဲ့ အောက်မြေပေါ်မှာ အဆင်းရဲ ခံပြီးတော့နေဖို့ရာ ဒို့မလွယ်ကြဘူးတဲ့၊ ဒီတော့ ရဟန်းတော်အရှင်မြတ်တွေ ဒီမနေနိုင်အောင် ဒို့ ခြောက်လန့်ပြီးတော့ လွှတ်မှတော်တော့မယ်လို့ "ကိုယ်ရေး ကြုံတော့ သက်လုံမကောင်းနိုင်ကြဘူး" ကိုယ့်အရေးထက်တော့ သူများအရေး မကြည့်နိုင်ကြဘူး၊

အဲဒီလိုနဲ့ ရဟန်းတော်အရှင်မြတ်တွေ မနေနိုင်အောင်၊ ညအချိန်မှာ အမျိုးမျိုးသော ခြောက်မှုလှန့်မှုတွေ, ကြောက်စရာပုံသဏ္ဌာန်ကြီးတွေ ပြကြ၊ စိတ်တွေ ထိတ်ခနဲဖြစ်အောင်လုပ်ကြ၊ စိတ်တွေ လန့်ခနဲဖြစ်အောင်လုပ်ကြ၊ မကောင်းတဲ့အနံ့သက်ကြီးတွေ နံအောင်, စိမ်းရွှေရွှေ အနံ့ကြီးတွေ နံအောင် လုပ်ပြကြ၊ သမာဓိတွေတောင်ပျက်အောင် လုပ်ပြကြနဲ့၊ ရဟန်းတော်အရှင်မြတ်တွေ တရားအားထုတ်လို့ စိတ်မငြိမ်ကြဘူး၊ သူတို့ရဲ့ အရှိန်အဝါရှိနေပြီဆိုရင်ပဲ စိတ်တွေဟာ မငြိမ်မသက်ဖြစ်လာတတ်ပါတယ်၊ ဒီမကောင်းဆိုးဝါးတွေရဲ့ အရှိန်သတ္တိက ရှိပါတယ်၊ သူ့တို့ရှိတဲ့နေရာအနီးမှာ ဖြတ်သွားရင် ကြက်သီးတွေ ထသွားစေတတ်တယ်၊ သူတို့ရဲ့တန်ခိုးအာနိသင် အစွမ်းသတ္တိတွေကြောင့် စိတ်တွေ မငြိမ်မသက် ဖြစ်နေတတ်တယ်၊ သမာဓိတွေ ပျက်နေတတ်တယ်၊ အနံ့အသက် တွေ ရှူရှိုက်ရတဲ့အတွက် ခေါင်းခဲရောဂါတွေလို ရောဂါတွေဖြစ်ပွားလာတတ်တယ်၊ အဲဒါ သူတို့ရဲ့စွမ်းရည်သတ္တိကရှိတယ် အဲဒီလောက်တော့၊

အဲဒီလိုနဲ့ ရဟန်းတွေ သမာဓိမရကြဘူး အားထုတ်လို့၊ ဒီတော့ သူတို့ တော်တော်လေး ရက်ရလာတော့ စုမိကြတော့ ပြောမိကြတယ်၊ ညက တပည့်တော်ဘယ်နားမှာ မဲမဲကြီးတွေ့တာ လန့်လိုက်တာ၊ ဟိုတစ်ပါးကလည်း တပည့်တော်မှာ ဘယ်နားက လန့်ကနဲ ထိတ်ကနဲ ဖြစ်သွားတယ်၊ ဟိုတစ်ပါး

ကလည်း တပည့်တော်မှာ စိမ်းရွှေရွှေ အနံ့ကြီးနံတယ်နဲ့ လန့်တာတွေ, ထိတ်တာတွေ, စိမ်းရွှေရွှေ ဖြစ်တာတွေ, ခေါင်းခဲတာတွေ, သမာဓိမရတာတွေ, စိတ်မငြိမ်မသက် ဖြစ်တာတွေ စုမိပြောမိကြတော့၊ မထေရ်ကြီးက ငါ့ရှင်တို့ ဒီနေရာဟာဖြင့် လျှောက်ပတ်တဲ့နေရာ ဟုတ်ပုံမရဘူး၊ အနှောက်အယှက်ရှိတဲ့ နေရာ ဖြစ်ပြီနဲ့တူတယ်၊ ဘုရားရှင်ထံမှောက်သို့ ဒို့ ပြန်ပြီးတော့ ရောက်အောင် သွားကြပြီး ဘုရားထံ အကျိုးအကြောင်းလျှောက်ပြီးတော့ ဒုတိယဝါ ဒိပြင် တစ်နေရာမှာ ကပ်ကြစို့ရဲ့.....လို့ဆိုပြီးတော့၊ ဘုရားထံသွားကြ၊

ဘုရားထံ ပြန်သွားတော့ မြတ်စွာဘုရားထံမှောက် ရောက်လာတယ် ဆိုရင်ပဲ ဘုရားက ချစ်သားတို့ ဝါတွင်းကြီး ဒေသစာရီမလှည့်လည် ရဘူးရယ်လို့ ငါဘုရားက ပညတ်ထားရက်နဲ့ ဘာ့ကြောင့် ဒေသစာရီ လှည့်လည်လာကြ တာတုန်း၊ မှန်လှပါဘုရား အကြောင်းအကျိုး ဒီလို ဖြစ်လာလို့ပါဘုရား လျှောက်ကြတော့မှ၊ မြတ်စွာဘုရားက ကြည့်တော်မူတယ်၊ အော် ....သူတို့ အနှောက်အယှက် တွေ့လာတယ်ကိုး ဒီရဟန်း ငါးရာအတွက်လည်းပဲ၊ ဒိပြင်နေရာ ဒေသဟာ အရဟတ္တမဂ်, အရဟတ္တဖိုလ် ကျွတ်တန်းခိုရဟန္တာအဖြစ် ပေါက်မြောက်အောင်ရောက်မည့် နေရာဟာ ဒီနေရာကလွဲလို့ ဘယ်နေရာမှ မရှိဘူးလို့ သဗ္ဗညုတ ဉာဏ်တော်နဲ့ မြင်တော်မူတယ်၊ ဒီနေရာပဲ သူတို့ပြန်သွားမှ ကျွတ်တန်း ခိုမယ်ဆိုတာ၊ ရဟန္တာဖြစ်မယ်ဆိုတာ မြင်တော်မူလို့ ချစ်သားတို့ .... သင်တို့က လက်နက်မယူမသွားကြဘဲကိုးတဲ့၊ လက်နက်ပါမသွားကြဘူး လက်နက်မဲ့သွားကြတော့ သင့်တို့မှာ အနှောက်အယှက်တွေနဲ့ တွေ့လာ ကြရတယ်၊

ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်က လက်နက်တပ်ဆင်ပြီးတော့ ပေးလိုက်မယ်ဆိုပြီးတော့ အဲဒီရဟန်းငါးရာ အကြောင်းပြုပြီးတော့ လက်နက် တပ်ဆင်ပေးမယ်ဆိုပြီးတော့ မေတ္တာလက်နက် တပ်ဆင်ပေးတယ်၊ အဲဒီမေတ္တာ လက်နက် တပ်ဆင်ပေးဖို့ရာအတွက် ဘုရားရှင်ကိုယ်တော်မြတ်သည် အခု သံဃာတော်အရှင်မြတ် (၃၀)တို့ ယနေ့ ရွှေဘုံသာရပ်ကွက် နယ်နိမိတ်အတွင်းရှိ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတို့ရှေ့မှောက်မှာ ရွတ်တော်မူကြမည့်

မေတ္တာသုတ်ပရိတ် တရားတော်ကို ဘုရားရှင်ကိုယ်တော်မြတ် ဟောတော်မူခဲ့ပါသည်၊ ဒီတော့ အနှောက်အယှက်တွေကို ကာကွယ်ဆီးတားစွမ်းနိုင်တဲ့ မေတ္တာသုတ်၊ ဘုရားရှင်က ရဟန်းတော်တွေ သင်ပေးတယ်၊ သင်ပေးလိုက်တော့ သူ့ရဲ့အာနိသင် သူ့ရဲ့တန်ခိုးက ဘယ်လိုတုန်း ဘယ်လိုကြောင့် ဒီအနှောက်အယှက်တွေ ပြေပျောက်သွားကြရသလဲဆိုတော့ မေတ္တာနဲ့ခုခံတာ၊ မေတ္တာနဲ့ ကာကွယ်တာ၊ အအေးဓာတ်နဲ့ ရေပက်ပြီးတော့ အန္တရာယ်ငြိမ်းတာပါ၊ အကြမ်းပတမ်း သူတို့ကို နှောက်ယှက်ဖျက်စီးတာမဟုတ်ဘူး၊ မေတ္တာဆိုတဲ့ လက်နက်နဲ့ သူတို့ကို ငြိမ်းပြီးတော့ သူတို့စိတ်တွေ မေတ္တာနဲ့ နူးညံ့ကုန်အောင် ပျော့ပျောင်းကုန်အောင် လုပ်တာ၊

ဒီတော့ အဲဒီမေတ္တာသုတ်မှာ ရှေ့ပိုင်းကစကားတွေကတော့ မေတ္တာပရိကံ (၁၅)ချက်လို့ ခေါ်ပါတယ်၊ အဲဒါကတော့ဖြင့် ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ အထူးအခိုပွားယ် ဘုန်းကြီးမပြောတော့ဘူး၊ အဲဒီ မေတ္တာပရိကံ (၁၅)ချက်ဆိုတာ မေတ္တာပွားမည့်ပုဂ္ဂိုလ်များ ပြည့်စုံထိုက်တဲ့ အရည်အချင်း (၁၅)ချက်ဆိုပြီးတော့—

**သက္ကော ဥဇူ စ သုဟုဇူ စ, သုဝစော စဿ မုဒု အနတိမာနီ၊**
**သန္တုဿကော စ သုဘရော စ, အပ္ပကိစ္စော စ သလ္လဟုကဝုတ္တိ။**
**သန္တိန္ဒြိယော စ နိပကော စ, အပ္ပဂဗ္ဘော ကုလေသွ နနုဂိဒ္ဓေါ၊**
**န စ ခုဒ္ဒ မာစရေ ကိဉ္စိ, ယေန ဝိညူ ပရေ ဥပဝဒေယျုံ။**

ဟောဒီထိအောင် မေတ္တာပွားမည့် မေတ္တာသုတ်ကို ရွတ်ဖတ်ပြီးတော့ မေတ္တာပွားမည့် အမျိုးကောင်းသား, အမျိုးကောင်းသမီးများ သံဃာတော် အရှင်မြတ်များ ပြည့်စုံထိုက်တဲ့ အရည်အချင်း (၁၅)ချက် ဖြစ်ပါတယ်၊ အဲဒီ (၁၅)ချက်ကို အကျဉ်းချုပ်ကလေး အနက်သံနားထောင်ကြည့်ရင်ပဲ ဘာဆိုလိုတာကို ဒကာ-ဒကာမများ နားလည်သွားပါလိမ့်မယ်၊

ဒီတော့ နံပါတ် (၁) သက္ကောစ-သစ္စာလေးတန်, သိဖို့ရန်ဖြင့်, ဖန်ဖန်ကြိုးပမ်း, ပြုစွမ်းနိုင်သည်လည်း။ အဿ-ဖြစ်ရာ၏။ ဟော ဒါ နံပါတ်တစ်အင်္ဂါ၊ သစ္စာလေးပါးရဖို့ အပြင်းအထန်ကြိုးစားနိုင်တဲ့ ဝီရိယဓာတ်နဲ့

ပြည့်စုံရမယ်တဲ့။ ဥဇုစ-ကိုယ်နှုတ်နှစ်ပါး, မလှည့်စားဘဲ, ရိုးသားမြင့်မြတ်, လွန်ဖြောင့်မတ်သည်လည်း။ အဿ-ဖြစ်ရာ၏။ မေတ္တာနဲ့ သတ္တဝါတွေကို မေတ္တာပို့မယ့်သူကတဲ့ ကိုယ်နဲ့နှုတ်နဲ့ ဖြောင့်ရမယ်တဲ့၊ ကိုယ့်နှုတ်ကလေး ကိုယ့်ခန္ဓာလေး ကောက်ကောက်ကျစ်ကျစ် သူတစ်ပါးကို လုပ်ချင်ရင် သူတစ်ပါးကို ပြောချင်ရင် ထိန်းလိုက်ပါတဲ့ သတိထားပြီး။

သုဟုဇုစ-စိတ်နေစိတ်ထား, မလှည့်စားဘဲ, ရိုးသားမြင့်မြတ်, လွန်ဖြောင့်မတ်သည်လည်း။ အဿ-ဖြစ်ရာ၏။ ကိုယ်နှုတ်တင် ဖြောင့်နေရုံနဲ့ မဖြစ်သေးဘူးတဲ့၊ အတွင်းကစိတ်ပါ ဖြောင့်ရတယ်၊ တချို့က ကိုယ်နဲ့ နှုတ်တော့ဖြောင့်တယ် အတွင်းစိတ်ကတော့ မဖြောင့်ဘူး၊ စိတ်ကတော့ အထဲက မကောင်းကြံရက်ဘဲ၊ ဒါပေမယ်လို့ အပေါ်ယံ ဟန်လုပ်ပြီးတော့ နှုတ်ဆက်တယ်၊ အပေါ်ယံ ဟန်လုပ်ပြီးတော့ လက်က သည်ပို့ပေးတယ်၊ ဒီလိုဆိုရင် ဥဇုပဲ ဖြစ်သေးတယ်၊ သုဟုဇုမဖြစ်သေးဘူး၊ ဒီတော့ မြတ်စွာဘုရားက မေတ္တာသမား ဟာလေတဲ့ မေတ္တာပို့မယ့်သူဖြစ်တော့ သုဟုဇုထိအောင် ဖြစ်လိုက်ပါ။

သုဝစောစ-မိတ်ဆွေဆရာ, ဆုံးမပါလျှင်, ကောင်းစွာဆိုလွယ်, ဆုံးမ လွယ်သည်လည်း။ အဿ-ဖြစ်ရာ၏။ သုဝစဂုဏ်ဆိုတာ ကိုယ့်မိတ်ဆွေတွေက မကောင်းတာကိုလုပ်တာ၊ မတော်တာတွေ လုပ်နေရင် မိတ်ဆွေတွေက သတိပေးရင် လိုက်နာတယ် လွယ်လွယ်ကူကူ၊ ကိုယ်မှားသွားလို့ရှိရင် အေး ဟုတ်တယ်၊ မှားသွားတယ်၊ အဲဒါလေးတော့ ဒီလိုဝန်ခံလွယ်ရတယ်၊ အမှားကို ဝန်ခံနိုင်ရတယ်၊ မိမိတို့ ဇနီးခင်ပွန်းအချင်းချင်း၊ နောက်ဆုံး သားတွေ သမီးတွေက ထောက်ပြရင်တောင် မိဘက ကိုယ်မှားနေတာကို ဝန်ခံနိုင်ရတယ်၊ ဒါ သုဝစဂုဏ်ခေါ်ပါတယ်၊ မေတ္တာသမားဟာ အဲဒီလို သုဝစဂုဏ်နဲ့ ပျော့ပျောင်း ပြီးတော့ နေရပါတယ်၊ ဒါမှ မေတ္တာတန်ခိုး အာနိသင်ရှိပါတယ်၊

မုဒုစ-ရွှေကောင်းရွှေသန့်, ပြုတိုင်းခန့်သို့, နူးညံ့ပျော့ပြောင်းသည်လည်း။ အဿ-ဖြစ်ရာ၏။ မိမိရဲ့ ကိုယ်ရောနှုတ်ရော စိတ်ရောဟာ ကြမ်းကြမ်း ထန်းထန်းကြီး မဟုတ်ရဘူး။ သူများနဲ့တွေ့ရင် ရွှေကောင်း ရွှေသန့်များ

ပြုတဲ့အမှုတိုင်း ခန့်သလို၊ ကြေးညှော်ကင်းနေတဲ့ ရွှေကောင်း ရွှေသန့်များပြုသမျှ ပုတီးနားဋောင်း လက်ကောက်ပုံသဏ္ဍာန် အမျိုးမျိုး ဆွဲလိုက်သမျှပါ၊ လိုတာကိုလုပ်လို့ရသလို ပျော့ပျောင်းနေရမယ်၊ **"သုဝစောစဿ မုဒု အနတိမာနီ"** ။ အနတိမာနီ-မျိုးရိုးကိုစွဲ. ဂုဏ်ကိုစွဲ၍. လွန်ကဲသော မာနရှိသူလည်း။ နအဿ-မဖြစ်ပါနဲ့၊ အနတိမာနီဆိုတာ ကိုယ့်ရဲ့မျိုးရိုးကောင်းရင် အမျိုးဂုဏ်စွဲပြီးတော့ မာနဖြစ်တတ်တယ်၊ ပညာရှိရင် ပညာကို. ဥစ္စာရှိရင် ဥစ္စာကို. ရုပ်ချောရင် ရုပ်ကိုအကြောင်းပြုပြီးတော့ မာနတွေ တက်တတ်တယ်၊ အဲဒီမာန တွေကို ချိုးနှိပ်ထားပါ၊

သန္တုဿကောစ- ဣန္ဒြာနိုင်ရှ. တွေ့ကြုံကလျှင် ရာဂမတိုး. စိတ်မဆိုးဘဲ ရိုးရိုးတည်ကြည် ငြိမ်သက်သော ဣန္ဒြေရှိသူလည်း။ အဿ-ဖြစ်လိုက်ပါ။ မေတ္တာပွားမည့် သူကလေ လောကဓံခံနိုင်ရည်ရှိပါစေ၊ ငြိမ်သက်တဲ့ဣန္ဒြေ ရှိတယ်ဆိုတာ လောကဓံ ခံနိုင်တာ၊ တချို့က မဟုတ်ဘူး၊ ကောင်းတဲ့လောကဓံနဲ့ တွေ့ရင် ကြွကြွ. ကြွကြွနဲ့မြောက်သွားတာ၊ ပြောတာတွေရော. ကိုယ်အမူ အရာတွေရော. တစ်ခါတည်း တက်တက်ကြွကြွဖြစ်တယ်၊ မြောက်တောက် မြောက်တောက်ဖြစ်သွား၊ ဒါ **သန္တိန္ဒြိယ** မဟုတ်ဘူး၊ မကောင်းတဲ့ လောကဓံနဲ့ တွေ့တော့လည်း မျက်နှာလေးငယ်လို့ ဝိုင်းသနားရမလို ဖြစ်နေ၊ အဲဒီလို မဖြစ်ရဘူးတဲ့။ **"သန္တိန္ဒြိယောစ နိပကောစ"**။ နိပကော စ-သီလစောင့်မှု. စသည်စုံ၌. ကြီးထုမြင့်လျှက်. ရင့်ကျက်သော ပညာရှိသူသည်လည်း။ အဿ- ဖြစ်လိုက်ပါ။ သီလစောင့်ထိန်းတဲ့နေရာဖြစ်ဖြစ် လှူတဲ့တန်းတဲ့နေရာဖြစ်ဖြစ် ပညာရင့်ကျက်မှုနဲ့ ငါ နိဗ္ဗာန်အကျိုးငှာ လှူတယ်၊ နိဗ္ဗာန်အကျိုးငှာ ငါးပါးသီလ ထိန်းတယ် စသည်ဖြင့် ဒီလို ပညာပါပါ၊ သူများကဲ့ရဲ့မှာကြောက်လို့ လှူ၊ သူများကဲ့ရဲ့မှာကြောက်လို့ ဥပုသ်စောင့်၊ သူများချီးမွမ်းခံချင်လို့ သီလထိန်း. တရားထိုင်ဆိုရင် ဒါ "နိပက"ဂုဏ် မပါဘူး၊

သန္တိန္ဒြိယောစ နိပကောစ၊ အပ္ပဂဗ္ဘော။ အပ္ပဂဗ္ဘော- ကိုယ်ကြမ်း နှုတ်ကြမ်း, စိတ်သော့သွမ်း၍, ဟော့ရန်းသမှု. မကြမ်း ကြုတ်သည်လည်း။ အဿ-ဖြစ်ရာ၏။ ကိုယ်ကြမ်းနှုတ်ကြမ်း စိတ်ကြမ်းဆိုတာတွေလည်းပဲ

မဖြစ်ရအောင် သတိထားပါ။ သုဘရော - ကောင်းဆိုးနည်းပါး၊ ပစ္စည်းများဖြင့်၊ အားရကျေနပ်၊ လွယ်ကူစွာ မွေးမြူအပ်သူသည်လည်း။ အသဿ-ဖြစ်လိုက်ပါ။

ဘာပဲဖြစ်ဖြစ် ကိုယ့်အချင်းချင်း၊ သို့မဟုတ်ခင်ပွန်းအချင်းချင်းပဲဖြစ်ဖြစ် မွေးမြူလွယ်တယ်ဆိုလို့ရှိရင် အင်မတန် မေတ္တာကူးယှက်လွယ်တယ်၊ ဇနီးသည်က ဆိုပါတော့ ခင်ပွန်းသည်ကို ချက်ပြုတ်ကျွေးနေရတယ်၊ ခင်ပွန်းသည်က အင်မတန် ဇီဇာကြောင်တယ်၊ ဂျေးများတတ်တယ်၊ ဟိုဟာဆိုငန် ငန်ပြန်ပြီ၊ ပေါ့ ပေါ့ပြန်ပြီ၊ ချို ချိုပြန်ပြီ၊ လေး လေးပြန်ပြီ၊ ပြောတတ်တယ်ဆိုရင် ပြုစုရတာကို မေတ္တာမသက်ရောက်နိုင်ဘူး သူ့မှာ၊ စိတ်ထဲမှာ တထင့်ထင့် ဖြစ်နေတယ်၊ ဒီတော့ သုဘရခေါ်တဲ့ဂုဏ်နဲ့ပြည့်စုံပြီး ခင်ပွန်းသည်က ဘာနဲ့ပဲကျွေးလိုက် ကျွေးလိုက် မျှတလွယ်တယ်၊ သိပ်စကားမပြောဘူး၊ ရတာနဲ့ ရှိတာနဲ့စားတယ် ဆိုရင်လေ သူက ချက်ပြုတ်ကျွေးရတာ ပြုစုရတာကို ကျေနပ်လို့ သူ့စိတ်ထဲမှာလဲ အေးလို့၊ အဲဒါ မေတ္တာ ခေါ်ပါတယ်။

အတူတူပဲပေါ့ ဇနီးသည်က ဇီဇာကြောင်တတ်တယ်၊ အဝတ်အဆင် ဇီဇာကြောင်တတ်တယ်၊ အစားအသောက် ဇီဇာကြောင်တယ်၊ ဂျေးများတတ်တယ် ဆိုရင် ခင်ပွန်းသည်က ရှာရ ကျွေးရတဲ့ သူက မေတ္တာကို မသက်ရောက်ဘူး၊ ဒါ ဇနီးခင်ပွန်းအချင်းချင်း၊ ထို့အတူ ဆရာတပည့် အတူတူပဲပေါ့၊ ဆွေညာမျိုးညာ၊ မိတ်ဆွေ သင်္ဂဟ၊ သူငယ်ချင်း ဒီတော့ သုဘရော-လွယ်ကူစွာ မွေးမြူအပ်သူလည်း ဖြစ်လိုက်ပါ။ သန္တုဋ္ဌော-တင်းတိမ်ရောင့်ရဲလွယ်တဲ့သူလည်း ဖြစ်လိုက်ပါ။ သလ္လဟုကဝုတ္တိ-ပေါ့ပါးတဲ့ အသက်မွေးဝမ်းကျောင်း ရှိသူလည်း ဖြစ်လိုက် ပါတဲ့၊ ဝန်ထုပ်ပစ္စည်းတွေ သိပ်မများနဲ့တဲ့၊ ပေါ့ပေါ့ပါးပါးနဲ့ အသက်မွေးဝမ်းကျောင်းရှိတဲ့သူဖြစ်အောင် ကြိုးစား၊ တရားသဖြင့် အသက်မွေးဝမ်းကျောင်း ရှိတဲ့သူ ဖြစ်အောင်ကြိုးစား၊ ဒါ မေတ္တာသမားပြည့်စုံရမည့် ပရိကံ. အချက်တွေ ဖြစ်ပါတယ် အကျဉ်းချုပ်၊

နောက်ဆုံး မေတ္တာ သမားပြည့်စုံရမည့်အင်္ဂါ အရေးအကြီးဆုံး အင်္ဂါက **"နစ ခုဒ္ဒ မာစရေ ကိဉ္စိ၊ ယေန ဝိညူ ပရေ ဥပဝဒေယျုံ"**။ ယေန

ပါပေန–အကြင် အနည်းငယ်ပြု, မကောင်းမှုကြောင့်။ ပရေ–မိမိမှတစ်ပါး အခြားကုန်သော။ ဝိညူ–ကြောင်းကျိုးမြင်သိ, ပညာရှိ တို့သည်။ ဥပ ဝဒေယျုံ– စွပ်စွဲကဲ့ရဲ့ကုန်ရာ၏။ ခုဒ္ဒံ–အနည်းငယ်သော။ ကိဉ္စိ–ကိုယ် နှုတ်စိတ်ပါ. တစ်စုံတစ်ရာသော။ တံပါပံ–ထိုမကောင်းမှုကို။ နအာစရေ–မပြုမကျင့်ရာတဲ့။

ပညာရှိသူတော်ကောင်းတွေ ကဲ့ရဲ့မည့် ကဲ့ရဲ့တတ်တဲ့ အကုသိုလ်ဒုစရိုက်မှန်ရင် နည်းနည်းကလေးရယ်လို့လည်းပဲ မကျူးလွန်လိုက်ပါနဲ့တဲ့၊ မပြုလိုက်ပါနဲ့၊ အကုသိုလ်ဒုစရိုက်တရား မှန်လို့ရှိရင် မစင်လိုပဲ၊ မစင်ဟာ နည်းနည်းလေးလဲ နံတာပဲ၊ ရွံစရာကောင်းတာပဲ၊ မကောင်းကျိုးကို ပေးပါတယ်၊ နည်းနည်းကလေးကပဲ သူ့ခိုးကျိုး ဆိုးပြစ်တွေကို သယ်ပိုးလာတတ်ပါတယ်၊ ဒါကြောင့် မျက်မှောက်မှာပဲဖြစ်ဖြစ်၊ မျက်ကွယ်မှာပဲ ဖြစ်ဖြစ်၊ ပညာရှိသူတော်ကောင်းတွေ မကြိုက်တဲ့၊ ကဲ့ရဲ့တဲ့ စက်ဆုတ်တဲ့ အကုသိုလ်ဒုစရိုက်မှန်ရင် နည်းနည်းလေးပဲဖြစ်ဖြစ် မလုပ်မိအောင် သတိဆောင်ပါလို့ မေတ္တာသမား မေတ္တာပို့မယ့်သူ ပြည့်စုံရမည့် ပရိက်(၁၅)ချက်ကို ဘုရားရှင်ကိုယ်တော်မြတ်က သူ့ တပည့်သား ရဟန်းသံဃာတော်တွေ သင်ပေးပါတယ်၊

အဲလို သင်ပေးပြီးတော့မှ မေတ္တာပွားခန်းရောက်လာပြီ၊ ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ မေတ္တသုတ်ကို ခဏ,ခဏ နာကြရပါတယ်၊ သံဃာတော် အရှင်မြတ်တွေကလည်း မေတ္တသုတ်ကို ဒကာ–ဒကာမတွေရဲ့ ကိစ္စကြီးငယ် တွေမှာ အင်မတန်ရွတ်ကြပါတယ်၊ ဒီတော့ မေတ္တသုတ်ကို ရွတ်သံကြားတဲ့အခါမှာ အော် ဒီပါဠိအဓိပ္ပာယ် ဒီဂါထာက ဒီလိုဆိုလိုတာပဲဆိုတာလေးကို ခြုံငုံပြီးတော့ နားလည်နိုင်အောင်၊ နောင်မှာ နာတိုင်းနာတိုင်း သဘောပေါက်နိုင်အောင် ဘုန်းကြီးခြုံပြီးတော့ ပြောနေခြင်းဖြစ်ပါတယ်၊

ဒီတော့ ပထမဆုံး မေတ္တာပွားတဲ့နေရာမှာ သဗ္ဗသင်္ဂါဟိက မေတ္တာ ပွားနည်း ဘုရားရှင်ကညွှန်လိုက်တယ်၊ အကုန်လုံး ကမ္ဘာလောကရှိတဲ့ သတ္တဝါတွေကို မခွဲခြမ်းမစိတ်မဖြာဘဲ၊ အုပ်စုမခွဲသေးဘဲနဲ့ အကုန်လုံး သိမ်းကြုံးပို့တာ၊ ဘယ့်နဲ့ပို့လိုက်တုန်း။ –

**သုခိနောဝ ခေမိနော ဟောန္တု, သဗ္ဗ သတ္တာ ဘဝန္တု သုခိတတ္တာ။**

သဗ္ဗသတ္တာ–လုံးစုံများစွာ သတ္တဝါဟူသမျှတို့သည်။ သုခိနောဝ–ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိကြကုန်သည်ဒေါင်း။ ခေမိနောဝ–ဘေးရန် ခပ်သိမ်း အေးငြိမ်းခြင်းရှိကြကုန်သည်ဒေါင်း။ ဟောန္တု–မုချမသွေ ဖြစ်ကြ ပါစေကုန်သတည်း။ သုခိတတ္တာ–ရွှင်လန်းဝမ်းမြောက် သုခသို့ ရောက်သော စိတ်ရှိကြကုန်သည်။ ဘဝန္တု–အမြဲမသွေ ဖြစ်ကြပါစေ ကုန်သတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

ဒါ မြတ်စွာဘုရားက သူ့တပည့်သားတွေ မေတ္တာပို့နည်း သင်လိုက်တာ၊ ယနေ့ ဒကာ–ဒကာမတွေလည်းပဲ၊ ဘုရားရဲ့ တပည့်သားတွေဖြစ်တော့ တပည့်သာဝကတွေဖြစ်တော့ ဒါ "**သုခိနောဝ ခေမိနော ဟောန္တု၊ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ**" လို့ ကိုယ်ကိုယ်တိုင် ရွတ်ဆိုရင်လည်း၊ ဘုန်းကြီးတို့ ဒီပရိသတ်ထဲမှာ မေတ္တာသုတ်ကို ကိုယ်ကိုယ်တိုင် ရွတ်ဆိုနေတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီး တွေ ပါပါလိမ့်မယ်၊ အဲဒီပါဠိကိုရပြီး ဒီ အပိုဒ်ကလေး ရောက်ရင် ငါဟာ ကမ္ဘာလောကရှိတဲ့ သတ္တဝါအားလုံးကို သိမ်းကြုံးပြီးတော့ မေတ္တာ ပို့နေတယ်လို့ သဘောပေါက်လိုက်ပါ။ "**သုခိနောဝ ခေမိနော ဟောန္တု၊ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ**"။ အဲဒီလို သိမ်းပြီးတော့ သဗ္ဗသင်္ဂါဟိက အကုန်သိမ်းပို့နည်း ပြပြီးတော့မှ မြတ်စွာဘုရားက သတ္တဝါတွေကို အုပ်စုလိုက် အုပ်စုလိုက်ခွဲခွဲပြီးတော့ ပို့နည်းနဲ့ တစ်ခါနိုင်းပြန်တယ်၊ ဒီတော့ အုပ်စုလိုက်ခွဲပို့တော့ ပထမနှစ်အုပ်စု ခွဲလိုက်တယ်–

**ယေကေစိ ပါဏဘူတတ္ထိ, တသာဝါ ထာဝရာဝ နဝသေသာ၊**
**ဒီဃာဝါ ယေဝ မဟန္တာ, မဇ္ဈိမာ ရဿကာ အဏုကထူလာ။**
**ဒိဋ္ဌာဝါ ယေဝ အဒိဋ္ဌာ, ယေဝဒူရေ ဝသန္တိ အဝိဒူရေ၊**
**ဘူတာဝ သမ္ဘဝေသိဝ, သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။**

ဟောဒီ "သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ" မေတ္တာပို့နောက်ဆုံးက

ဖော်လိုက်တယ်၊ ဘုရားက သတ္တဝါတွေကို နှစ်အုပ်စုခွဲပြီးတော့ပို့တယ်၊ ဘယ်လိုတုန်းဆိုတော့—

**တသာဝါ ထာဝရာဝါ** -တဲ့၊ ဟော လောကမှာ တသသတ္တဝါနဲ့ ထာဝရသတ္တဝါတွေ ကျန်းမာကြပါစေ, ချမ်းသာကြပါစေလို့ တသ သတ္တဝါဆိုတာ ဘယ်လိုသတ္တဝါတုန်းဆိုတော့—တသာဝါ-ဒေါသမကင်း, ကြောက်ရွံ့ခြင်းကြောင့်, လွန်မင်းပြင်းပြ, ထိတ်လန့်ကြသည်လည်း ဖြစ်ကုန်သော။ ထာဝရာဝါ- ဒေါသကင်းမြုံ ကြောက်ခြင်းကုန်သဖြင့်, မတုန်လှုပ်ဘဲ, ခိုင်မြဲသည်လည်း ဖြစ်ကုန်သော။ ယေပါဏာ-ရုပ် နာမ် နှစ်ချက်, ဇီဝိန်ဆက်၍, အသက်ရှိတောင်း, အကြွင် သတ္တဝါအပေါင်းတို့သည်။ အတ္ထိ-သူ့နေရာနဲ့သူ ထင်ရှားမသွေ ရှိနေကြကုန်၏။ တေ သတ္တာ-ထိုတသ, ထာဝရဆိုတဲ့ နှစ်ပိုင်းသော သတ္တဝါတို့သည်။ သုခိ တတ္တာ-ရွှင်လန်းဝမ်းမြောက် သုခသို့ရောက်သော စိတ်ရှိကြကုန်သည်။ ဟောန္တု-မုချမသွေ ဖြစ်ကြပါစေကုန်သတည်း—လို့၊ ဟော မေတ္တာပို့ပြီ ဘုရားက၊

ဒီတော့ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ **"တသာဝါ ထာဝရာဝါ"** ဆိုတဲ့ အသံလေးကြားရင် တသသတ္တဝါဆိုတာ ကမ္ဘာလောကကြီးထဲမှာ ဒေါသမကင်းသေးတဲ့ ကြောက်ရွံ့ခြင်းမကင်းသေးတဲ့ သတ္တဝါကို တသသတ္တဝါတွေလို့ အုပ်စုကြီးဖွဲ့လိုက်ပါတယ် မြတ်စွာဘုရားက၊ ဒေါသမကင်းသေးတဲ့ ကြောက်ရွံ့ခြင်းရှိတဲ့ သတ္တဝါတွေ ဆိုတာ ဘယ်သူတွေတုန်းဆိုရင် ပုထုဇဉ်တွေ, သောတာပန်တွေ, သကဒါဂါမ်တွေ ဒါတွေကိုပြောတာ၊ အနာဂါမ်ရောက်ရင် အဲဒီ ကြောက်လန့်မှု ကင်းသွားပြီ၊ ဒေါသကင်းသွားပြီ အနာဂါမ်ဆိုရင်၊ ဒီတော့ တသဆိုတဲ့ အုပ်စုကြီးကြီးထဲမှာ ဘယ်ပုဂ္ဂိုလ်တွေပါတုန်းဆိုရင် ပုထုဇဉ်ရယ်, သောတာပန်တွေရယ်, သကဒါဂါမ်တွေဆိုတဲ့ ပုဂ္ဂိုလ်တွေ၊ ကမ္ဘာလောကကြီးမှာ အုပ်စုတစ်စုခွဲလိုက်တဲ့။

ထာဝရဆိုတဲ့ပုဂ္ဂိုလ်ကြတော့ အနာဂါမ်နဲ့ ရဟန္တာတွေ၊ ဒီတော့ ကြောက်တတ်တဲ့သတ္တဝါအုပ်စုကြီးက တစ်စု၊ ကြောက်တတ်တယ်ဆိုတာ ဒေါသကြောင့်ကြောက်တာ ဒီတော့ ကြောက်တတ်တဲ့ သတ္တဝါအုပ်စုကြီးက

တစ်စု၊ ကြောက်ခြင်းကင်းနေတဲ့ ကြောက်ရွံ့ခြင်းကင်းတဲ့ မကြောက်တတ်တဲ့ သတ္တဝါဆိုတဲ့ အနာဂါမ်ရဟန္တာတွေက တစ်စုလို့ လောကရှိတဲ့ သတ္တဝါတွေ နှစ်စုဖွဲ့ပြီးတော့ အဲဒီသတ္တဝါတွေ ကိုယ်စိတ်နှစ်ဖြာ ကျမ္မာချမ်းသာကြပါစေ. လာမည့် ဘေးတွေ ဝေးကြပါစေ. ထိမည့်ခလုတ်တွေ ဆုတ်ကြပါစေ. သူများနဲ့ ပြော ချောကြပါစေ. သူများနဲ့ပြိုင် နိုင်ကြပါစေ. အသံကြား သနားကြပါစေ. မျက်နှာမြင် ချစ်ခင်ကြပါစေ. ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ. ကိုယ်စိတ်နှစ်ဖြာ ကျမ္မာ၍ ချမ်းသာကြပါစေလို့ ဒီအဓိပ္ပာယ် သက်ရောက်တဲ့ **"သုခိနောဝ ခေမိနော ဟောန္တု၊ သဗ္ဗသတ္တာ ဘဝန္တု၊ သုခိတတ္တာ"** လို့ ဘုရားက ဟောတာ၊ မေတ္တာပို့နည်း သင်တာဖြစ်ပါတယ်၊

ဒီတော့ ဒီအပိုဒ်ကလေးရွတ်သံကြားရင် ဘုန်းကြီးတို့ ဒကာ–ဒကာမ တွေက ငါတို့ဟာ ကြောက်တတ်တဲ့သတ္တဝါနဲ့ မကြောက်တတ်တဲ့ သတ္တဝါဆိုတဲ့ အုပ်စုကြီးနှစ်ခုခွဲပြီးတော့ ငါ မေတ္တာပို့နေတာပဲ၊ ကိုယ် ကိုယ်တိုင်ရွတ်ရင်လည်း သံဃာတော်အရှင်မြတ်တွေ ရွတ်သံကြားရင်လည်းပဲ ငါတို့ကို မေတ္တာပို့နေပြီလို့ ဟောဒီလို အာရုံပြုနိုင်ရမယ်၊ အဲဒါကို ဘုန်းကြီးတို့ မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးက ဒကာ–ဒကာမတွေ မေတ္တာပို့တဲ့နေရာ လွယ်လွယ် သိအောင်ဆိုပြီးတော့ ခုနက "တသနဲ့ထာဝရ" ကြောက်တတ်. မကြောက်တတ် အုပ်စု နှစ်ခုကို မေတ္တာပို့နည်းလင်္ကာလေး သီကုံးထားပါတယ်၊ **"ကြောက်တတ်. မကြောက်တတ်. နှစ်ရပ်များစွာ. သတ္တဝါ. ချမ်းသာကိုယ်စိတ် မြဲပါစေ"** လို့ မေတ္တာပို့နည်းလေး သီကုံးထားတော့ ဘုန်းကြီးက သုံးခေါက် သုံးခေါက် ပရိသတ်ကြီးနဲ့အတူ မေတ္တာပို့ရအောင် ဘုန်းကြီးက ရှေ့ကဆိုပေးပါမယ်၊ ပရိသတ်ကြီးက နောက်ကလိုက်ရင်းနဲ့ စိတ်ကလည်းပဲ မိမိတို့ ရှေ့ဘုံသာ ရပ်ကွက်နယ်နိမိတ်ကစပြီးတော့ မန္တလေး တစ်နယ်မိတ်လုံး ကမ္ဘာတစ်ခုလုံး တတ်နိုင်သမျှ စိတ်ဖြန့်ပြီးတော့ မေတ္တာပို့ရအောင် ကိုင်း ဆိုလိုက်စမ်းပါ။ ......

❖ **ကြောက်တတ်. မကြောက်တတ်. နှစ်ရပ်များစွာ. သတ္တဝါ. ချမ်းသာကိုယ်စိတ် မြဲပါစေ။**

ဟော နှစ်အုပ်စုဖွဲ့ပြီးတော့ မေတ္တာပို့နည်းပြီးတော့ ဘုရားက သုံးအုပ်စုဖွဲ့ပြီးတော့ ပို့နည်းကူးလာပြန်တယ်၊ **ဒီဃာဝါ ယေဝ မဟန္တာ၊ မဇ္ဈိမာ ရဿကာ။** ဒီဃဆိုတာက ရှည်ရှည်မျောမျော သတ္တဝါကြီးတွေ. နဂါးတွေ. မြွေတွေ. ပင်လယ်ထဲမှာရှိတဲ့ အာနန္ဒာငါးကြီးတို့လို ယူဇနာပေါင်း ချီပြီးတော့ ရှည်တဲ့ငါးကြီးမျိုးတွေ၊ အဲဒီ ရှည်ရှည်အုပ်စု သတ္တဝါကြီးတွေက တစ်အုပ်စု။ မဇ္ဈိမတဲ့ အလယ် အလတ်ဖြစ်တဲ့ သတ္တဝါတွေ၊ မရှည် မတိုဖြစ်တဲ့ သတ္တဝါတွေပေါ့ နွားတွေ. ကျွဲတွေ၊ ရဿကာ–ပုတိုသော ကိုယ်ခန္ဓာရှိသည့် ကြက်. ငှက်စတဲ့ သတ္တဝါတွေ၊ ရဿက သတ္တဝါဆိုတာတဲ့၊ ကြက်တွေ. ငှက်တွေလို ခန္ဓာကိုယ် ပုတိုတိုရှိတဲ့ သတ္တဝါတွေ တစ်အုပ်စု၊ ဒီဃလို့ခေါ်တဲ့ ခန္ဓာကိုယ် ရှည်ရှည်လျှားလျှား ရှိတဲ့ သတ္တဝါတွေ တစ်အုပ်စု၊ မဇ္ဈိမလို့ခေါ်တဲ့ မတိုမရှည်သတ္တဝါတွေ တစ်အုပ်စုလို့ သုံးအုပ်စု ခွဲလိုက်တယ်၊ အဲဒီသုံးအုပ်စုသော သတ္တဝါတွေလည်းပဲ ကျန်းမာကြပါစေ. ချမ်းသာကြပါစေလို့ ဒါကို တိပိဋက ဆရာတော် ဘုရားကြီးက "**ရှည်တို အလတ်. သုံးရပ်များစွာ. သတ္တဝါ. ချမ်းသာ ကိုယ်စိတ် မြဲပါစေ**" ကိုင်းသုံးခေါက်လောက် မေတ္တာပွားကြအုန်း ဆို……

### ❖ ရှည်တိုအလတ်. သုံးရပ်များရစွာ. သတ္တဝါ. ချမ်းသာကိုယ် စိတ် မြဲပါစေ။ (၃ ခေါက်)

ဒီမေတ္တာပို့သံလေးကြားရင်ကိုပဲ ကြားတဲ့ပုဂ္ဂိုလ်တွေမှာ စိတ်ကြည်နူး ကြပါတယ်၊ မိမိတို့အချင်းချင်းလည်း အင်မတန် စိတ်ကြည်နူးပါတယ်၊ မြတ်စွာဘုရားကလည်း ဒါ့ကြောင့် မေတ္တသုတ်နောက်ပိုင်းမှာ ထည့်ဟောပါတယ်၊ မာနသံ–မေတ္တာပွားရတဲ့အကျိုးဟာ၊ နံပါတ် (၁) ဘာတုန်းဆိုရင်လေ …. မာနသံ–မိမိစိတ်မှာ ဖြစ်ပေါ်လာ၍. ဦးစွာကိုယ်ရေး. လွန်ချမ်းအေးသော၊ … မေတ္တာပွားရတဲ့ပုဂ္ဂိုလ်ဟာလေ သူများချမ်းသာတာ. မချမ်းသာတာနောက်ပေ့ါ ကိုယ့်ကိုယ်တိုင် စိတ်အေးသွားတာ အမှန်ပဲတဲ့၊ မေတ္တာရဲ့သဘောက ရေသဘော ဖြစ်ပါတယ်၊ ဒကာ–ဒကာမတို့ ရေသဘော ရေသဘော မေတ္တာက၊ ဒေါသက အပူ. မေတ္တာက ရေ၊ အခုလို ချမ်းသာကိုယ်စိတ် မြဲပါစေလို့ ဆိုလိုက်တဲ့

အခိုက်မှာ ဒကာ–ဒကာမတွေရဲ့ စိတ်ထဲမှာ အေးသွားတဲ့ ဓာတ်ကလေး ပါနေတယ်၊ အဲဒီ အအေးဓာတ်ကလေးက မိမိတင်မကဘူး ပတ်ဝန်းကျင် ကြားသမျှ ကူးဆက်သွားတတ်ပါတယ်၊ မိမိစိတ်ကလေး အေးပါတယ်၊ ဒါ့ကြောင့် နည်းနည်းများ စိတ်အနှောင့်အယှက် အပူအထူတွေရှိရင် ဒီမေတ္တာ ပို့နည်း ကလေးနဲ့ ပွားပြီးတော့နေပါ၊ စိတ်ကို အေးသွားပါလိမ့်မယ်၊ လက်တွေ့ဒိဋ္ဌ အကျိုးကို ကိုယ်တိုင်တွေ့ပါလိမ့်မယ်၊

ဒီတော့ ဒီဃာဝါ ယေဝ မဟန္တာ၊ မဇ္ဈိမာ ရဿကာ အဏုကထူလာ။ အရှည်ရယ်. အတိုရယ်. မတိုမရှည်သတ္တဝါတွေ သုံးအုပ်စု ကမ္ဘာလောက ရှိတာတွေ အကုန်လုံး ခြုံပို့လိုက်ပြီးတော့ အခု မဟန္တတဲ့၊ ကိုယ်ခန္ဓာကြီးမားတဲ့ အသူရိန်ကြီးတွေဆိုတဲ့ သတ္တဝါမျိုးကြီးတွေ ဒါတစ်အုပ်စု၊ အဏုကတဲ့ သေးသေး မွှားမွှားဖြစ်တဲ့ ကိုယ်ခန္ဓာသေးသေးမွှားမွှားဖြစ်တဲ့ ရေပိုး ရေမွှားလေးတွေဆိုတဲ့ သတ္တဝါတွေ၊ ကမြင်းမနီ. ပုရွတ်ဆိတ်. ရေပိုး ရေမွှားလေးတွေက စပြီးတော့ သေးသေးလေးတွေတစ်အုပ်စု၊ မဇ္ဈိမတဲ့ ကိုယ်ခန္ဓာကြီးကြီးတွေလဲ မဟုတ်၊ သေးသေးမွှားမွှားလဲ မဟုတ်တဲ့ အလယ်အလတ်ဖြစ်တဲ့ သတ္တဝါတွေ၊ ဒီတော့ ဒါ သုံးအုပ်စုတစ်ဖွဲ့ ဖွဲ့ပြီးတော့ မေတ္တာပို့ပြန်တာပဲ၊ ဘုန်းကြီးတို့ ဒကာ– ဒကာမတွေ မေတ္တာသုတ် ရွတ်သံတွေ ခဏခဏ ကြားပါတယ်၊ **ဒီဃာဝါ ယေဝ မဟန္တာ၊ မဇ္ဈိမာ ရဿကာ အဏုကထူလာ** – ဆိုတာ ကိုယ်ကိုယ်တိုင်လည်း ရွတ်ပါလိမ့်မယ်၊ ရွတ်ရင်းသဘောမပေါက်ဘဲ ရွတ်ရ တာထက် ဒီလို မေတ္တာပွားနေတာပဲလို့ သဘောပေါက်ပြီးတော့ရွတ်ရင် သဒ္ဓါ စူးပြီးတော့ ရွတ်တဲ့အရွတ် ဖြစ်ပါတယ်၊ ဒါကြောင့် အကြီးရယ်. အလတ် ရယ်. အငယ်ရယ်. ဟောဒီသုံးအုပ်စုကို သိမ်းပြီးတော့ မေတ္တာပို့အုန်းမယ်–

❖ **ကြီးငယ်–အလတ်. သုံးရပ်များစွာ. သတ္တဝါ. ချမ်းသာ ကိုယ်စိတ် မြပါစေ။ (၃ ခေါက်)**

ဟော နောက်ဆုံးသုံးခု တစ်အုပ်စုက၊ ဒီဃ မဟန္တ မဇ္ဈိမ ရဿက အဏုကထူလ၊ ထူလဆိုတာက ထူထူထဲထဲ ဝဝဖြိုးဖြိုး ထူထူထဲထဲရှိတဲ့ သတ္တဝါတွေက တစ်အုပ်စု၊ အဏုကလို့ခေါ်တဲ့ ခန္ဓာကိုယ် ပိန်ပိန်လှွားလှွား

ပါးပါးလှပ်လှပ်ရှိတဲ့ သတ္တဝါတွေက တစ်အုပ်စု၊ တချို့ သတ္တဝါလေးတွေကလေ လိပ်ပြာလေးတွေလိုပေါ့ ပါးပါးလှပ်လှပ် ကလေးတွေ၊ ပိုးမွှားလေးတွေကို တချို့ ပါးပါးလှပ်လှပ်ကလေးတွေ၊ ဒီလို ပါးပါးလှပ်လှပ် သတ္တဝါလေးတွေက တစ်အုပ်စု၊ ထူလလို့ခေါ်တဲ့ ခန္ဓာကိုယ်ဝဝဖြိုးဖြိုး ဆူဖြိုးတဲ့သတ္တဝါတွေက တစ်အုပ်စု၊ မဇ္ဈိမဆိုတော့ အဲဒီ ဝဖြိုးတဲ့သတ္တဝါလည်း မဟုတ်လှ၊ ပါးလှပ်တဲ့သတ္တဝါလည်း မဟုတ်လှတဲ့ အလယ်အလတ်၊ ဝဖြိုးတာကို ဘုန်းကြီးတို့ ဆူဖြိုးတယ်လို့ ခေါ်ပါတယ်၊ ပိန်တာကိုကြတော့ ကျုံလှီတယ်လို့ခေါ်ပါတယ်၊ ဒီတော့ တိပိဋကဓရ ဆရာတော်ဘုရားကြီးက လင်္ကာထဲမှာ "ဆူ,ကျုံ, အလတ်"လို့ လုပ်ထားတယ်၊ ဝတာကို ဆူတယ် ဝတယ်၊ ပိန်တာကို ကြတော့ ကျုံလှီတယ်ပေါ့၊ အဲဒီအဓိပ္ပာယ် ယူပြီးတော့ "**ဆူ,ကျုံ, အလတ်, သုံးရပ်များစွာ, သတ္တဝါ, ချမ်းသာကိုယ်စိတ် ပြံပါစေ**"။ ကဲ သုံးခေါက်လောက် ပွားလိုက်ကြအုန်း ဆို–

❖ **ဆူ–ကျုံ အလတ်, သုံးရပ်များစွာ, သတ္တဝါ, ချမ်းသာ ကိုယ်စိတ် ပြံပါစေ။**

ဟော ကမ္ဘာလောကရှိတဲ့ သတ္တဝါတွေကို သုံးအုပ်စုခွဲပြီးတော့ ပို့တဲ့မေတ္တာ ပြီးသွားပါပြီ၊ ဒါကို ဒီဃာဝါ ယေဝ မဟန္တာ၊ မဇ္ဈိမာ ရဿကာ အဏုကထူလာ၊ ပြီးသွားပြီ၊ နောက်နှစ်အုပ်စုခွဲပြီးတော့ ပို့တဲ့မေတ္တာနဲ့ ဆက်လာပြန်တယ် ဘုရားက ဒိဋ္ဌာဝါ ယေဝ အဒိဋ္ဌာ၊ ဒိဋ္ဌသတ္တဝါဆိုတာ ကိုယ်မြင်ဖူး, တွေ့ဖူး, ကြုံဖူးတဲ့ သတ္တဝါတွေကို ဒိဋ္ဌ သတ္တဝါလို့ ခေါ်ပါတယ်။ အဒိဋ္ဌသတ္တဝါဆိုတာကြတော့ ကိုယ်နဲ့မတွေ့ဖူး, မမြင်ဖူး, မကြုံဖူးတဲ့သတ္တဝါ၊ တစ်နည်းပြောရရင် ဒိဋ္ဌသတ္တဝါတွေ ဆိုတာက မျက်စိဖြင့်မြင်စကောင်းတဲ့သတ္တဝါ၊ ကမ္ဘာလောကမှာ မျက်စိနဲ့ မြင်နေရတဲ့ လူတွေ, နွားတွေ, ကျွဲတွေ, ဆင်တွေ, မြင်းတွေ ဒါတွေဟာ ဒိဋ္ဌသတ္တဝါတွေ၊ အဒိဋ္ဌသတ္တဝါဆိုတာကြတော့ ကိုယ်ခန္ဓာ ထင်ထင်ရှားရှား လူတို့ရဲ့ပကတိမျက်စိနဲ့ မမြင်ရတဲ့ သတ္တဝါတွေ၊ အဲဒါ အဒိဋ္ဌသတ္တဝါ "မြင်အပ် မမြင်အပ်, နှစ်ရပ်များစွာ, သတ္တဝါ, ချမ်းသာ ကိုယ်စိတ် ပြံပါစေ"လို့ မြင်တဲ့ မမြင်တဲ့ သတ္တဝါအုပ်စုကြီးနှစ်အုပ်စု ခွဲလိုက်တယ်၊ လောကကုန်သွားတာ၊ သုံးခေါက်လောက် သွားလိုက် ကြအုန်း ဆို–

❖ **မြင်အပ်–မမြင်အပ်. နှစ်ရပ်များစွာ. သတ္တဝါ. ချမ်းသာ ကိုယ်စိတ် မြဲပါစေ။ (၃ ခေါက်)**

ဟော ဒီကရှေ့ ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ ကိုယ်ကိုယ်တိုင် မေတ္တာသုတ်ရွတ်လို့ "**ဒိဋ္ဌာဝါ ယေဝ အဒိဋ္ဌာ**" လို့ ဒီအသံလေးရွတ်ရင် ရွတ်တဲ့နောက်က စိတ်က တစ်ခါတည်း ငါမြင်အပ်. မမြင်အပ်တဲ့ သတ္တဝါတွေ ပို့နေတာလို့ ဒီလိုအာရုံပြုလိုက်၊ သံဃာတော် အရှင်မြတ်တွေ (သို့မဟုတ်) အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ ရွတ်သံကို နာရင်လည်းပဲ ငါ ဒီလိုမေတ္တာပို့နေတယ်လို့ စိတ်ကလိုက်,လိုက်ပါ၊ အဲဒါမှ ပိုပြီးတော့ အာနိသင် ရှိပါတယ်၊ အကျိုးရှိပါတယ်၊ ထက်ပါတယ်၊ ဟော နောက်ထပ်လာတယ်၊ "**ဒိဋ္ဌာဝါ ယေဝ အဒိဋ္ဌာ၊ ယေဝ ဒူရေ ဝသန္တိ အဝိဒူရေ**" တဲ့ နှစ်အုပ်စုခွဲပြန်ပြီ၊ ဒူရေ–တဲ့ ကိုယ်နဲ့အဝေးကြီးက သတ္တဝါတွေ။ အဝိဒူရေ– ဆိုတာက ကိုယ့်အနီးနားနေတဲ့ သတ္တဝါတွေ၊ ဒီတော့ "**နီးနေ. ဝေးနေ. နှစ်ထွေများစွာ. သတ္တဝါ. ချမ်းသာ ကိုယ်စိတ် မြဲပါစေ**"။

အနီးနေဆိုတာ ကိုယ့်ရဲ့အိမ်တွင်းမှာရှိနေတဲ့ ကိုယ့်ရဲ့ အိမ်သူအိမ်သား. ရပ်သူရပ်သား, ရွာသူရွာသား, ကိုယ် လက်လှမ်းမှီသမျှတွေ အနီးနေလို့ ခေါ်ပါတယ်။ အဝေးနေဆိုတာ ကိုယ်ရဲ့ပတ်ဝန်းကျင်ကစပြီးတော့ အဝေးမှာ နေကြတဲ့ သတ္တဝါတွေ၊ ဒါ့ကြောင့် "**နီးနေ. ဝေးနေ. နှစ်ထွေများစွာ. သတ္တဝါ. ချမ်းသာ ကိုယ်စိတ် မြဲပါစေ**" လို့ ကမ္ဘာလောက သတ္တဝါတွေ နှစ်အုပ်စု သိမ်းလိုက်ရင် အကုန်ပါတယ်၊ ဒါကြောင့် ဩဝိသမေတ္တာလို့လဲ ခေါ်ပါတယ်၊ သူက လူပိုင်းခြားပို့လို့။ ကိုင်း ဒါလေးလည်းပဲ သုံးခေါက် ပို့ကြအုန်းစို့....။

❖ **နီးနေ. ဝေးနေ. နှစ်ထွေများစွာ. သတ္တဝါ. ချမ်းသာ ကိုယ်စိတ် မြဲပါစေ။ (၃ ခေါက်)**

အနီးနေ အဝေးနေ သတ္တဝါတွေ အာရုံပြုပြီးတော့ မေတ္တာပို့ရင်းနဲ့ စိတ်ထဲက တကယ့်ကို သူတို့ကျမ္မာစေ, ချမ်းသာစေ, ရွှင်ရွှင်လန်းလန်း,

ပြုံးပြုံးရွှင်ရွှင် မျက်လုံးထဲကို မြင်ပြီးတော့ လာစေရတယ်၊ အဲဒါမှ မေတ္တာပို့ရူးပါတယ်၊ အနီးနေ အဝေးနေလို့ ပါးစပ်ကဆိုရင်းနဲ့ပဲ သတ္တဝါတွေကို တတ်နိုင်သမျှ စိတ်ကစားပြီး သူတို့ ပြုံးပြုံးရွှင်ရွှင်နဲ့ ရွှင်ရွှင်လန်းလန်းနဲ့ ကိုယ့်သား, ကိုယ့်သမီး ကိုယ့်အိမ်ရာနဲ့ ပျော်ပျော် ရွှင်ရွှင်နေကြပုံတွေ စိတ်ထဲမှာ ဒီလိုမြင်လာအောင်ကို အာရုံယူပြီးတော့ ပို့ရတယ်၊ အဲဒီလိုပို့တဲ့မေတ္တာက ပိုပြီးတော့ ရူးပါတယ်၊ ဒါ့ကြောင့် **"နီးနေ, ဝေးနေ, နှစ်ထွေများစွာ, သတ္တဝါ, ချမ်းသာကိုယ်စိတ် မြဲပါစေ"** လို့ ဟော နှစ်အုပ်စုပြီးသွားပြန်ပြီ၊

နောက်ဆုံး **ဘူတာဝ သမ္ဘဝေသီဝ၊ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။** ဟော "ဘူတနဲ့သမ္ဘဝေသီ"သတ္တဝါ၊ ဘူတသတ္တဝါဆိုတာ ဘယ်လိုပုဂ္ဂိုလ်တွေတုန်းလို့ဆိုတော့၊ ဘူတာဝါ–ဖြစ်ခြင်းကိစ္စ, ပြီးစီးကြသဖြင့်, ဘဝကုန်ခန်း, ရဟန္တာအရှင်မြတ်လည်း ဖြစ်ကြပေကုန်သော။ ဘူတသတ္တဝါတွေဆိုတာ ဒီဘဝ ရုပ်နာမ်ဖြစ်ခြင်းကိစ္စ ပြီးကြပြီးတဲ့၊ ရဟန္တာအရှင်မြတ်တွေ ရဟန္တာမ အရှင်မြတ်ကြီးတွေဆိုတာ ဒီဘဝ နောက်ဆုံးဘဝ နောက်ထပ် သူတို့ အဖြစ်မရှိကြတော့ဘူး၊ နောက်ထပ် ဇာတိမလာတော့ဘူး၊ ဒီတော့ အဖြစ်ကုန်ပြီတဲ့၊ ဒါကို ဘူတသတ္တဝါလို့ ခေါ်တယ်၊ ဖြစ်ပြီးသားသတ္တဝါ အဖြစ်ကုန်တဲ့သတ္တဝါ၊ သမ္ဘဝေသီ သတ္တဝါကြတော့။ သမ္ဘဝေသီဝါ–ဖြစ်ခြင်းကိစ္စ, မပြီးကြသဖြင့်, ဘဝခင်မင် ပုထုဇဉ်သေက္ခလည်းဖြစ်ကုန်သော၊

သမ္ဘဝေသီသတ္တဝါဆိုတာ ဘဝတွေထပ်ပြီး ဖြစ်ရအုန်းမည့်သတ္တဝါ ဘဝတွေထပ်ဖြစ်ရမှာ ဘယ်ပုဂ္ဂိုလ်အထိပါတုန်းဆိုရင် အနာဂါမ်ထိပါတယ်၊ အနာဂါမ်ဟာ ဘဝ မကုန်သေးဘူး နောက်ထပ်ဖြစ်ရအုန်းမှာ၊ ပြဟ္မာ့ပြည့်ဖြစ်တယ် ဆိုလဲ ဒါ ဘဝသစ် တစ်ခုဖြစ်တာပဲ၊ ဒါကြောင့် သမ္ဘဝေသီဆိုတဲ့ ပုဂ္ဂိုလ်အုပ်စုထဲမှာ ဘာတွေ ပါတုန်းဆိုတော့ ပုထုဇဉ်တွေပါတယ်၊ ဘုန်းကြီးတို့ ဒကာ–ဒကာမတွေလို ပုထုဇဉ်တွေ, တိရစ္ဆာန်တွေ၊ အပါယ်လေးဘုံသား တွေအားလုံး ပုထုဇဉ်တွေရယ်, သောတာပန်တွေရယ်, သကဒါဂါမ် တွေရယ်, အနာဂါမ်တွေရယ် အဲဒီလေးမျိုးကို သမ္ဘဝေသီသတ္တဝါလို့ ခေါ်တယ်၊ ဘူတသတ္တဝါဆိုတာက ရဟန္တာယောကျ်ား, ရဟန္တာမ၊ ဘုရားပစ္စေကဗုဒ္ဓါဆိုတဲ့ ပုဂ္ဂိုလ်တွေ ဒီတော့ အဲဒီပုဂ္ဂိုလ်နှစ်မျိုးကို

ဘူတ၊ သမ္ဘဝေသီသတ္တဝါလို့ ဆိုပြီးတော့ မေတ္တာပို့ပါတယ်၊ ဘဝကုန်တဲ့ ပုဂ္ဂိုလ်တွေကို ဘူတခေါ်တယ်၊ ဘဝမကုန်တဲ့ ပုဂ္ဂိုလ်တွေကြတော့ သမ္ဘဝေသီ ခေါ်တဲ့ ပုထုဇဉ်သေက္ခတွေ၊ ဒါကို တိပိဋကဆရာတော် ဘုရားကြီးက "ဘဝကုန်-မကုန်, နှစ်ဖုံများစွာ, သတ္တဝါ, ချမ်းသာကိုယ်စိတ် မြဲပါစေ" လို့ ဟော နောက်ဆုံး, နောက်ဆုံးပိုဒ်ကလေး, နောက်ဆုံးပိုဒ်ကလေး, မေတ္တာပို့ရအောင် ......

❖ **ဘဝကုန်-မကုန်, နှစ်ဖုံများစွာ, သတ္တဝါ, ချမ်းသာကိုယ်စိတ် မြဲပါစေ။ (၃ ခေါက်)**

အဲဒီလိုနည်းအားဖြင့် ကမ္ဘာလောကရှိတဲ့ သတ္တဝါတွေ နှစ်အုပ်စု နှစ်အုပ်စု ဖွဲ့ပြီးတော့ ပို့တာက လေးစုံ၊ သုံးအုပ်စု သုံးအုပ်စု ဖွဲ့ပြီးတော့ ပို့တာက သုံးစုံ၊ အဲဒီဟာကိုပဲ သိစေချင်လို့-

**"ယေ ကေစိ ပါဏဘူတတ္ထိ, တသာ ဝါ ထာဝရာဝ နဝသေသာ။**
**ဒီဃာ ဝါ ယေ ဝ မဟန္တာ, မဇ္ဈိမာ ရဿကာ အဏုကထူလာ။**
**ဒိဋ္ဌာ ဝါ ယေဝ အဒိဋ္ဌာ, ယေဝ ဒူရေ ဝသန္တိ အဝိဒူရေ၊**
**ဘူတာ ဝ သမ္ဘဝေသီဝ, သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ"** လို့

ဒီအပိုဒ်လေး ဒကာ-ဒကာမတွေလေ ကိုယ်တိုင်ရွတ်လို့ရှိရင်လဲ ငါ နှစ်အုပ်စု နှစ်အုပ်စုဖွဲ့ပြီးတော့ လေးစုံ၊ သုံးအုပ်စု သုံးအုပ်စု ဖွဲ့ပြီးတော့ သုံးစုံ၊ သတ္တဝါတွေကို ငါ မေတ္တာပို့နေတယ်လို့ ဟောဒီလို အာရုံပြုပြီးတော့ ရွတ်ကြပါ အင်မတန် စိတ်ချမ်းသာတယ်၊ ကိုယ်ကိုယ်တိုင် ချမ်းသာတာလည်း တွေ့ပါလိမ့်မယ်၊ မေတ္တာစွမ်းရည်လဲ တွေ့ရပါ လိမ့်မယ်၊ အဲဒီနောက်တော့ မေတ္တာပွားတာ မဟုတ်တော့ဘူး ညွှန်ကြားချက်တွေနဲ့ မေတ္တာပွားတဲ့ပုဂ္ဂိုလ်ရဲ့ လိုက်နာရမည့် ကျင့်ဝတ်တွေကိုပဲ ဆက်ပြီးတော့ ပြောသွားပြန်ပါတယ်-

**န ပရော ပရံ နိကုဗ္ဗေထ, နာတိမညေထ ကတ္ထစိ န ကဉ္စိ၊**
**ဗျာရောသနာ ပဋိဃသညာ, နာညမညဿ ဒုက္ခမိစ္ဆေယျ။**-တဲ့

ဒီဂါထာ ဘာပြောလိုက်တုန်းဆိုတော့ အချင်းချင်းလေ အိမ်သူ အိမ်သားတွေ အချင်းချင်းရှိကြတယ်မဟုတ်လား? ဇနီးခင်ပွန်း အချင်းချင်း ရှိကြတယ်၊

မိဘနဲ့သားသမီး အချင်းချင်းရှိကြတယ်၊ မေတ္တာသမား, မေတ္တာပွားနေတဲ့ ပုဂ္ဂိုလ်ဆိုတာ အချင်းချင်းအထင်လွဲအောင် မလုပ်ရဘူးတဲ့၊ အထင်လဲမသေးရဘူး၊ တစ်ယောက်နဲ့တစ်ယောက်၊ ဒါကိုဆိုတယ်၊ "**န ပရော ပရံ နိကုဗ္ဗေထ၊ နာတိမညေထ ကတ္ထစိ နကဉ္စိ**" က ဘယ်နေရာမှာမဆို အထင်လဲမသေး လိုက်ပါနဲ့ အထင်လဲအလွန်အမင်း မကြီးလိုက်ပါနဲ့ လှည့်လည်းမလှည့်စား လိုက်ပါနဲ့တဲ့၊ ကိုယ့်အချင်းချင်းတွေ လှည့်စားပြီးတော့ မာယာ သာဌေယျနဲ့ လှည့်စားတဲ့အမှု မပြုလိုက်ပါနဲ့လို့ ဆုံးမချင်လို့ န ပရော ပရံဂါထာနဲ့ ဘုရားရှင် ဟောတော်မူ ပါတယ်၊ ပြီးတော့မှ ဆက်ပြီးတော့—

**မာတာ ယထာ နိယံပုတ္တ, မာယုသာ ဧကပုတ္တ မနုရက္ခေ၊**
**ဧဝမ္ပိ သဗ္ဗဘူတေသု, မာနသံ ဘာဝယေ အပရိမာဏံ။**—လို့

မေတ္တာပွားတဲ့ပုဂ္ဂိုလ် မေတ္တာပို့နေတဲ့ပုဂ္ဂိုလ်ရဲ့ စိတ်ဟာလေတဲ့ အမြဲတမ်း ဘယ်လိုထားရမတုန်းဆိုရင် မေတ္တာကိုခံယူတဲ့ သတ္တဝါတွေအပေါ်မှာ တစ်ယောက်တည်းသာရှိတဲ့၊ သားတစ်ယောက်တည်းရှိတဲ့ အမေရဲ့ မေတ္တာမျိုး ထားပါ၊ သားလေးတစ်ယောက်ထဲရှိတဲ့ အမေက၊ အဲဒီ တစ်ယောက်ထဲ ရှိတဲ့သားလေးကို မျက်စိအောက် အပျောက်မခံနိုင်ဘူး၊ အရိပ်တကြည့်ကြည့်နဲ့ နေရတယ်၊ သားသမီးတွေများလို့ရှိရင်တဲ့ နည်းနည်းမေတ္တာက ပျံ့သွားသေးတယ်၊ နည်းနည်း စိတ်ကပျံ့သေးတယ်၊ အခု တစ်ယောက်ထဲဆိုတော့ ပိုပြီးတော့ မေတ္တာစူးရှတယ်၊ သက်ရောက်တယ်။ အဲဒီလိုပဲ ကမ္ဘာလောကရှိတဲ့ သတ္တဝါတွေ အပေါ်မှာ သားတစ်ယောက်သာရှိတဲ့ မိခင်ရဲ့စိတ်မျိုးမွေးပြီးတော့ ထားပါလို့—

**မာတာ ယထာ နိယံပုတ္တ, မာယုသာ ဧကပုတ္တ မနုရက္ခေ၊**
**ဧဝမ္ပိ သဗ္ဗဘူတေသု, မာနသံ ဘာဝယေ အပရိမာဏံ။**

ဟောဒီကဂါထာနဲ့ မေတ္တာသမားရဲ့ အမြဲတမ်းထားရမည့်စိတ်၊ ဒီတော့ သားတစ်ယောက်သာရှိတဲ့အမေက သူ့သားအပေါ်မှာထားသလို ဆိုတော့ ရန်သူမိတ်ဆွေမခွဲခြား ဒီလိုပဲအမြဲထားနိုင်အောင် စိတ်ကို လေ့ကျင့်ယူပါ၊ အစပထမတော့ နည်းနည်းခက်တယ်၊ မေတ္တာဆိုတာ ရေသဘောရှိပါတယ်၊

မေတ္တာဆိုတာ ရေသဘောရှိတာဖြစ်တော့ ရေဆိုတာ နဂိုတုန်းက နည်းနည်း နောက်ကအားနည်းနေတယ်ဆိုရင် စီးသွားတဲ့နေရာမှာ ရှေ့ကကုန်းလေးတွေ့ရင် ရှောင်တယ်၊ ကမူလေး တွေ့ရင် ကွင်းတယ်၊ ဒါ နောက်က ရေအားနည်းနေ သေးလို့၊

အဲသလိုပဲ မိမိတို့ရဲ့ မေတ္တာပွားများလိုက်တဲ့ မေတ္တာ၊ ကိုယ့်စိတ်ကို အာရုံပြုကြည့် သတိထားကြည့်၊ ဖမ်းကြည့်၊ မေတ္တာပို့ရင်း အရှေ့အရပ် မေတ္တာပို့လိုက်လို့ ကိုယ်နဲ့ဆန့်ကျင်ဘက်လူ တွေ့နေပြီ ကိုယ့်ရန်သူ တွေ့နေပြီဆိုရင် အဲဒီလူကိုရှောင်ချင်တယ် စိတ်ထဲက၊ အဲဒါ မေတ္တာအားနည်းနေသေးလို့. လို့ ဆိုတယ်၊ တောင်အရပ်ကို မေတ္တာပို့လိုက်လို့ ကိုယ်နဲ့ရန်သူ ကိုယ့်ရဲ့ရန်သူ ကိုယ့်ကို မကောင်းကြံထားတဲ့သူ ကိုယ့်မကောင်းပြောထားတဲ့သူ တွေ့ရင် ထင်လာရင် စိတ်ကကွင်းချင်တယ်၊ ရှောင်ချင်တယ်၊ သူ့ကြတော့ ဘေးဆိုး ရန်ဆိုးတွေ့တာကို မြင်ချင်သေးတယ်ဆိုရင် အဲဒါ မေတ္တာအားနည်းနေသေးလို့၊ ရေအားနည်းနေသေးလို့ အဲ မေတ္တာရေအားကောင်းလာပြီဆိုတော့ ခုနကရေဟာ အားကောင်း လာပြီး နောက်ကရေလေး ရေလှိုင်းလိုက်လာပြီဆိုတော့ ကမူလည်း လွှမ်းသွားတာပဲ ကုန်းလဲလွှမ်းသွားတာပဲ၊ အဲဒီလိုပဲ သူတော်ကောင်း ဖြစ်တဲ့ အမျိုးကောင်းသား. အမျိုးကောင်းသမီးတွေရဲ့ အထုံရလာတဲ့ မေတ္တာ၊ ရန်သူ မိတ်ဆွေ မခွဲတော့ဘူးတဲ့ အဲဒီလိုပို့နိုင်ရမယ်လို့ မာတာ ယထာဂါထာနဲ့ ဘုရားရှင် ဆုံးမတော်မူပါတယ် ပြီးတော့မှ—

**မေတ္တဉ္စ သဗ္ဗလောကသ္မိံ. မာနသံ ဘာဝယေ အပရိမာဏံ၊**

**ဥဒ္ဓံ အဓော စ တိရိယဉ္စ. အသမ္ဗာဓံ အဝေရ မသပတ္တံ။**—လို့

ဒီမေတ္တာပို့တဲ့ပုဂ္ဂိုလ်ဟာ အထက်ရော, အလယ်ရော, အောက်ရော သုံးဘုံသုံးဌာန သုံးလောက ခွဲပြီးတော့လည်းပဲ မေတ္တာပွားလို့ရတယ်လို့ ဆိုပြီးတော့— ဥဒ္ဓံ အဓောစ တိရိယံ သုံးဌာနခွဲပြီးတော့ ပို့ရပါတယ်၊ ဒီတော့ ဘုန်းကြီးတို့ ဂန္ထာရုံတိုက်အနေနဲ့ဆိုလို့ရှိရင် အရပ်ဆယ်မျက်နှာ ဆိုပြီးတော့ အရှေ့အရပ်. အရှေ့မျက်နှာ အရှေ့တောင်ထောင့်က စပြီးတော့ အရပ်ဆယ်မျက်နှာတွေ ပို့ပါတယ်။ အဲဒါ "ဥဒ္ဓံ အဓောစ တိရိယဉ္စ"ဂါထာနဲ့အညီ ပို့ပြီးတော့နေတဲ့

မေတ္တာဖြစ်ပါတယ်၊ ဒီတော့ ဒကာ–ဒကာမတွေအနေနဲ့လည်းပဲ အရပ်ဆယ်မျက်နှာ အရှေ့, အနောက်, တောင်, မြောက်, အရှေ့ထောင့်လေးထောင့် ရှစ်မျက်နှာ အထက်အောက်ဆိုတဲ့ ဆယ်မျက်နှာ၊ အဲဒီလိုမေတ္တာပို့ခဲ့ရင် "ဥဒ္ဒိ အဓောစ တိရိယံ"ဂါထာနဲ့အညီ ပို့နေပြီလို့ဆိုနိုင်တယ်၊ ပြီးတော့မှ ဒီ မေတ္တာဘာဝနာကမ္မဋ္ဌာန်းဟာ မြတ်စွာဘုရားက ထိုင်ပြီးမှ ပွားရတာ မဟုတ်ပါဘူး .... ချစ်သားတို့တဲ့ သွားရင်း, လာရင်းလဲ ပွားလို့ရပါတယ်၊ ဣရိယာပုထ် လေးပါးလုံးနဲ့လည်း ပွားလို့ရပါတယ်လို့ သိစေချင်လို့–

**တိဋ္ဌံ စရံ နိသိန္နော ဝ, သယာနော ယာဝတာ'ဿ ဝိတမိဒ္ဓေါ၊**
**ဧတံ သတိံ အဓိဋ္ဌေယျ, ဗြဟ္မ'မေတံ ဝိဟာရ'မိဓ'မာဟု။**

ဒီ မေတ္တာကမ္မဋ္ဌာန်းဟာ တိဋ္ဌံ–ထိုထိုဤဤ, အရပ်ဆီသို့, မလည် မပတ်, မတ်မတ်ရပ်၍နေစဉ်သော်လည်းကောင်း၊ မတ်တပ်ရပ်နေရင်းလည်း မေတ္တာပို့လို့ရပါတယ်၊ ဘုန်းကြီးတို့ ဒိပြင်ကမ္မဋ္ဌာန်းတွေကတော့ အာနာပါနဆိုတဲ့ ကမ္မဋ္ဌာန်းကတော့ တင်ပလ္လင်ခွေ ထိုင်ရတယ်၊ ခန္ဓာကိုယ် ဖြောင့်ဖြောင့်ထားရတယ်၊ နှာသီးဝမှာ စိတ်ကပ်ထားရတယ်နဲ့ ဒီလိုလာသေး၊ မေတ္တာကမ္မဋ္ဌာန်းကတော့ မတ်တပ်ရပ်နေရင်းနဲ့လည်းပဲ မေတ္တာပို့လို့ရတယ်။

စရံစရန္တော ဝါ–ထိုထိုဤဤ, အရပ်ဆီသို့, လှည့်လည် ကူးကာ သွားလာ၍နေစဉ်သော်၎င်း။ ဟော သွားနေတုန်းလဲ မေတ္တာပို့လို့ရတယ်၊ ဟိုဟိုဒီဒီလေ ကိုယ့်ကိစ္စကြီးငယ်နဲ့သွားရင်း မေတ္တာပွားသွားလို့ရတယ်၊ ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ ကားတွေနဲ့သွားကြ, ဘီးတွေနဲ့သွားကြ, ရထားတွေနဲ့သွားကြ မေတ္တာကမ္မဋ္ဌာန်းကို ဝိဋ္ဌာန်ပြီးတော့ ငါ-မေတ္တာစီးဖြန်းသွားမယ်လို့ တစ်ခါလောက် ဝိဋ္ဌာန်ကြည့်စမ်း၊ မန္တလေးကနေ တောင်မြို့သွားမယ်ဆိုပါတော့ မော်တော်ကားပေါ် စီးပြီးတော့သွား၊ ရှေ့မှာရောက်လာသမျှ မြင်လာသမျှ မေတ္တာအာရုံတွေ ကိုယ်ကမပို့လို့သာပါ၊ မေတ္တာမပွားလို့သာပါ၊ မေတ္တာရဲ့အာရုံ သတ္တဝါတွေကတော့ ရှေ့မှာလေ တစ်ခုပြီးတစ်ခု ဝင်လာတာ ကားနဲ့ဝင်လာတယ်၊ မြင်းလှည်းနဲ့ ဝင်လာတယ်၊ စက်ဘီးနဲ့ဝင်လာတယ်၊ ခြေလျှင်ဝင်လာတယ်၊

မေတ္တာပွားပြီးတော့ သွားမယ်လို့ စိဋ္ဌာန်ထားရင် ဒီကနေပြီးတော့ ငါ တောင်မြို့ရောက်သည်ထိ မေတ္တာပွားသွားမယ်လို့ စိဋ္ဌာန်လိုက်ရင်၊ ဟော ရှေ့မှာ မေတ္တာရဲ့အာရုံတွေ အလျှိုလျှိုဝင်လာတယ်၊ မြင်သမျှ တွေ့သမျှ ကားကိုမြင် ကားတစ်ခုလုံး ကြုံးပြီးတော့ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ စက်ဘီးမြင် စက်ဘီးပေါ်စီးနေတဲ့သူကို အာရုံပြုပြီးတော့ အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ၊ မြင်လိုက်သမျှ, တွေ့သမျှ မေတ္တာပို့ပြီးတော့ သွားရင် ဟော တောင်မြို့ အမရပူရသာရောက်သွားရော မေတ္တာနဲ့ ရောက်သွားတာ၊

ခါတိုင်း ဒကာ–ဒကာမတွေသွားတာက လောဘ, ဒေါသနဲ့ သွားတဲ့ အသွားဖြစ်ပါတယ်၊ များသောအားဖြင့် သုဘအာရုံထင်တတ်တဲ့ အာရုံလေးမြင်ရင် လောဘဖြစ်၊ မကြိုက်တဲ့, မနှစ်သက်တဲ့အာရုံကို မြင်ရင် ဒေါသဖြစ်၊ အဲဒီ လောဘ ဒေါသနဲ့သွားနေမယ့်အစား လောဘ ဒေါသနဲ့သွားတော့ လောဘ ဒေါသရဲ့အကျိုးတွေ လာမှာပေါ့၊ ဒီတော့ လောဘ ဒေါသနေရာမှာ မေတ္တာတွေနဲ့ အစားထိုးပြီးတော့ မေတ္တာပို့ပြီးတော့ ဒီကနေပြီးတော့ တောင်မြို့သွားသွား ရန်ကုန်သွားသွား, ဘယ်သွားသွား စိဋ္ဌာန်ပြီးတော့ မေတ္တာနဲ့သွားမယ်ဆိုရင် ရနိုင်ပါတယ်၊ ဒါကြောင့် မြတ်စွာဘုရားက အဲဒါကိုရည်ရွယ်ပြီးတော့ "စရံ စရန္တော ဝါ– ထိုထိုဤဤ, အရပ်ဆီသို့, လှည့်လည်ကူးကာ, သွားလာ၍နေစဉ် သော်၎င်း။

သွားလာနေတုန်းလဲ မေတ္တာပို့ရပါတယ်၊ **"တိဋ္ဌံ စရံ နိသိန္နော ဝါ"**။ နိသိန္နော ဝါ–မသွားမလာ တစ်နေရာ၌ ကောင်းစွာဖွဲ့ခွေ ထိုင်၍နေစဉ်သော်၎င်း။ သယာနော ဝါ–ထိုင်ရပ်သွားလာ မပြုပါဘဲ အိပ်ရာဝယ်စောင်း လျောင်း၍နေစဉ် သော်၎င်း။ အိပ်ယာထဲလျောင်းရင်း ပို့လို့ရတယ်၊ အဲဒါကြောင့် ဣရိယာပုဒ် လေးပါးလုံး ပွားလို့ရတဲ့ မေတ္တာပါတဲ့၊ ဒီမေတ္တာက ပွားပါတဲ့၊ ပြီးတော့မှ မြတ်စွာဘုရားက နောက်ဆုံးကနေပြီးတော့ သူ့တပည့်သားရဟန်းတော် အရှင်မြတ်တွေ မေတ္တာပွားနည်းတွေသင်ရင်း မေတ္တာပို့ရတာဖြစ်တော့ သတ္တဝါတွေ အာရုံပြုပို့ရတာဖြစ်တော့ သတ္တပညတ် သက္ကာယဒိဋ္ဌိဝင်ပြီးတော့ တရားထူး မရမှာစိုးလို့ နောက်ဆုံးကနေပြီးတော့ ဘုရားက ဝိပဿနာ ဆင်ပေးလိုက်တယ်၊–

## ဒိဋ္ဌိဥ္စ အနုပဂ္ဂမ္မ, သီလဝါ ဒဿနေန သမ္ပန္နော၊
## ကာမေသု ဝိနယ ဂေဓံ, န ဟိ ဇာတုဂ္ဂဗ္ဘသေယျံ ပုန ရေတိ။

စ–ထိုကဲ့သို့သာ, သတ္တဝါအများ, အာရုံထား၍, တရားမေတ္တာ ပွားများရပါသော်လည်း။ ဒိဋ္ဌိ–ပုဂ္ဂိုလ်သတ္တဝါ, ရှိသည်သာကို, စိတ်မှာထင်ဘိ, သက္ကာယဒိဋ္ဌိသို့။ အနုပဂ္ဂမ္မ–အယူယွင်းဖောက်, မကပ်ရောက် မူ၍။ သီလဝါ–ပွတ်သစ်စဝင်း, ခရုသင်းသို့, သန့်ရှင်းစွာဘိ, သီလရှိသော။ ဒဿနေန–နိဗ္ဗာန်ဓာတ်, တရားမြတ်ကို, တပ်အပ်ထင်ထင်, သိမြင်တတ်သော, သောတာပတ္တိမဂ်ဉာဏ်နှင့်။ သမ္ပန္နော–အနမတဂ္ဂ, သံသာရမှ, စ၍ကုန်လုံ, ပြည့်စုံသည်ဖြစ်၍။ ကာမေသု–ဝတ္ထုအာရုံ, ကာမဂုဏ်ကို့၌။ ဂေဓံ–တွယ်တာနှစ်သက်, မပြစ်ရက်အောင်, တပ်မက်တွယ်တာ, ကာမတဏှာကို။ ဝိနေယျ–အနာဂါမိ, မဂ်သို့ထိ၍, သိသိသာသာ, ပယ်ခွာနိုင်သည်ရှိသော်။ ပုန–နောက်ထပ်တစ်ဖန်။ ဂဗ္ဘသေယျ–အမိဝမ်း၌, စွဲပိုက်သန္ဓေ, တည်နေရခြင်းသို့။ နဧတိ–မုချဧကန်, အမှန်ပင် မရောက်ရပေတော့သတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

ဒီဂါထာက ဘာပြောလိုက်သလဲဆိုတော့ မြတ်စွာဘုရားက သူ့မေတ္တာကမ္မဋ္ဌာန်းကို အခြေခံပြီးတော့ မင်းတို့ ဝိပဿနာ တစ်ဆင့် တက်ပွားရင်တဲ့ အနာဂါမ်ထိအောင် ငါတာဝန်ခံပါတယ်တဲ့၊ အနာဂါမ်ရောက်အောင်၊ ဒါကို ပဋိညာဉ်ပေးတော်မူလိုလို့ မြတ်စွာဘုရား "ဒိဋ္ဌိဥ္စ အနုပဂ္ဂမ္မ"၊ ဒီတော့ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေလဲ မေတ္တာပွားပြီးတော့သွားရင်းနဲ့ အဲဒီဒိဋ္ဌိပစ္စမိအောင်, သက္ကာယဒိဋ္ဌိ မဝင်မိအောင် အရေးကြီးတယ်ပေါ့၊ ဒီတော့ မေတ္တာပို့နေပေတော့ သတ္တဝါအာရုံပြု ပို့ရတာဖြစ်တော့ သက္ကာယဒိဋ္ဌိက ဝင်လွယ်တယ်၊ ဘယ်သူ ဘယ် ယောက်ျား ကျမ်းမာပါစေ, ချမ်းသာပါစေ၊ ဘယ်သူ ကျမ်းမာပါစေ, ချမ်းသာပါစေဆိုတော့ သက္ကာယဒိဋ္ဌိရန်သူကြီးနဲ့ နီးတယ်လေ၊ ဒီတော့ မေတ္တာပို့ပြီးတဲ့နောက် မြတ်စွာဘုရားက၊ ဒိဋ္ဌိစ–ပုဂ္ဂိုလ်သတ္တဝါ, ရှိသည်သာဟု, စိတ်မှာထင်မိ, သက္ကာယဒိဋ္ဌိကိုလည်း။ အနုပဂ္ဂမ္မ–အယူယွင်းဖောက်, မကပ်ရောက်

လိုက်ပဲ။ ဒါ ဘာပြောလိုက်တာလဲဆိုတော့ မေတ္တာပို့ပြီးတဲ့နောက် နောက်က ကပ်ပြီးတော့ ဝိပဿနာတင် ဆင်ခြင်လိုက်အုန်းတဲ့၊ ဝိပဿနာပွားလိုက်အုန်း ရုပ်နာမ်ဖြစ်ပျက် ရှုလိုက်အုန်းတဲ့ နောက်ကကပ်ပြီး။

ဒီတော့ ဘယ်လိုအာရုံပြုပြီးပွားရမတုန်း မေတ္တာ ပထမပို့လိုက်လေ၊ ဆိုပါတော့ စက်ဘီးနဲ့လာတဲ့ အမျိုးသားလေးတစ်ယောက် အမျိုးသမီးလေး တစ်ယောက် စက်ဘီးနဲ့နင်းလာတာကို မေတ္တာပို့လိုက်တဲ့ ပထမ၊ မေတ္တာ ပို့ပြီးတော့မှ အဲဒီနောက်ကနေပြီးတော့ ဝိပဿနာ ရုပ်နာမ်ခွဲပြီးတော့ ဝိပဿနာ တင်လိုက် ဒီတော့ သူ့ရဲ့ ရုပ်နာမ် သူ့ရဲ့ စက်ဘီးနင်းလာတဲ့ကိစ္စမှာ စက်ဘီးကို နင်းချင်တဲ့နာမ်၊ နင်းဟန်ပြုတဲ့ရုပ်၊ နာမ်တရားဆိုတာ အခိုင်းသမား ပရိသတ်ကြီး၊ ရုပ်တရားက အလုပ်သမား၊ ဒကာ–ဒကာမတွေရဲ့ ခန္ဓာကိုယ်ထဲမှာနေတဲ့ နာမ်တရားက အခိုင်းသမား၊ နာမ်တရားခိုင်းသမျှ ရုပ်ကလုပ်ရတယ်၊ ဒီတော့ စက်ဘီးကိုနင်းချင်တဲ့နာမ်၊ နင်းဟန်ပြုတဲ့ရုပ်၊ ဒီနှစ်ခုကို ပိုင်းခြား ပြီးတော့ သိမ်းလိုက်ပါတဲ့ ခဏလေး, ခဏလေးပဲဖြစ်ဖြစ် သိမ်းလိုက်၊ သိမ်းလိုက်ပြီးတော့ အဲဒီရုပ်နာမ်နှစ်ပါးတို့သည် အမြဲတမ်း ဖြစ်ပျက်ပြောင်းလဲနေတယ်လို့ ရုပ်နာမ် ဖြစ်ပျက်တဲ့၊ ဟော ရုပ်နာမ် ဖြစ်ပျက်နဲ့ သိမ်းလိုက်တော့ စက်ဘီးကိုနင်းချင်, ရှေ့ကိုသွားချင်တဲ့နာမ်၊ အဲဒီနာမ်တရားကိုလည်း အာရုံပြုမိရက်ဖြစ်သွားတယ်၊ အဲဒီ နင်းဟန်ပြု, သွားဟန်ပြု, ကြည့်ဟန်ပြုတဲ့ရုပ်၊ ဒီတော့ သွားချင်တာကနာမ်, သွားဟန် ပြုတာကရုပ်၊ ဒီနာမ်ရုပ်နှစ်ပါးကို ဉာဏ်နဲ့သိမ်းမိပြီးသားဖြစ်ပါတယ်၊

ရုပ်နာမ်လို့ရှုလိုက်ရင် အဲဒီ နဂိုကတည်းက အလေ့အထ အခုလို ဘုန်းကြီးတို့ဟောတာကို နားထောင်ထားတဲ့ သုတမယဉာဏ်၊ ဉာတ ပရိညာလို့လည်း ခေါ်တဲ့ဉာဏ်နဲ့ ပိုင်းခြားပြီးတော့ အသိနဲ့ ဆရာသမား အကူနဲ့ ဒီလိုခွဲထားလို့ရှိရင်၊ ကိုယ်က ပွားသိအနေနဲ့ကြည့်ပြီးတော့ ပွားတော့မယ်ဆိုရင် ဒီရုပ်နာမ်ဟာ သူ့ဘာသူ အလိုလို စိတ်ထဲက ရှင်းပြီးသားဖြစ်သွားတယ် ပရိသတ်ကြီး။

ဒီတော့ "သွားချင်တာကနာမ်, သွားဟန်ပြုတာကရုပ်, သူမဟုတ် ငါမဟုတ်, သွားတာနာမ်နဲ့ရုပ်"၊ သွားတဲ့အထဲမှာ သူလဲမပါဘူး, ငါလဲမပါဘူး

သွားချင်တဲ့နာမ်နဲ့ သွားဟန်ပြုတဲ့ရုပ်ကြောင့် လှုပ်ရှားသွားနေတာလို့ဆိုတာလေး အာရုံထဲမှာ ရောက်လာသည်နှင့်တပြိုင်နက် သူဆိုတာပျောက်သွားတယ်၊ ငါဆိုတာ ပျောက်သွားတယ် ပရိသတ်ကြီး၊ ပျောက်တာကို ကိုယ်ကိုယ်တိုင် မြင်သွားပါ လိမ့်မယ်၊ ဘုန်းကြီးတို့ပြောနေတဲ့ အပြောကတစ်ဆင့် ပြောဖြစ်ပါတယ်၊ အခုဟာ ပရိယတ်အသင်ဖြစ်ပါတယ်၊ ကိုယ်ကိုယ်တိုင်ပွားကြည့်တော့ ပျောက်သွားတာ၊ သူပျောက်, ငါပျောက် သွားတာလေး ဖျောက်ခနဲ, ဖျောက်ခနဲ ပျောက်သွားတာ ကိုယ်ကိုယ်တိုင် တွေ့ပါလိမ့်မယ်၊

ဒီတော့ သွားချင်တာကနာမ်, သွားဟန်ပြုတာကရုပ်, သူမဟုတ်, ငါမဟုတ်, သွားတာနာမ်နဲ့ရုပ်၊ အတည်မဟုတ်, အမြဲ မဟုတ် ဖြစ်ပျက်နာမ်နဲ့ရုပ်၊ ဒါလေးအာရုံပြုပြီးတော့ ဒီသင်တန်းလေးနဲ့ မှတ်ထားပြီးတော့ ပွားတဲ့အခါကြတော့ ကိုယ်ကိုယ်တိုင်ပွားတော့ ဒီလောက် နှုတ်ကဆိုနေစရာမလိုဘူး၊ ရုပ်နာမ်ဖြစ်ပျက်, ရုပ်နာမ်ဖြစ်ပျက်, မေတ္တာပို့ ပို့ပြီးတဲ့နောက် ကားကြီးတစင်းလုံး သိမ်းကြုံးပြီးတော့ပို့ ပို့ပြီးတော့ အဲဒီဟာကို ရုပ်နာမ်ဖြစ်ပျက်နဲ့ရှုလိုက်ရင် ကားမောင်းတဲ့ သူပဲဖြစ်ဖြစ်, ကားပေါ်လိုက်တဲ့သူတွေပဲဖြစ်ဖြစ်၊ သွားချင်တယ်, မောင်းချင်တယ်ဆိုတဲ့နာမ်ရယ်၊ သွားဟန်ပြုတဲ့ရုပ်တွေ အကုန်သိမ်းပြီးတော့ အာရုံပြုမိရက်ဖြစ်၊ ဖြစ်ရင် မောင်နိုပဲ, မယ်ဝါပဲစတဲ့ သူသူငါငါ သက္ကာယဒိဋ္ဌိတွေ အကုန်လုံး အဲဒီအချိန်မှာ တဒင်္ဂပဟာန်နဲ့ ပယ်ပါတယ်တဲ့၊ ပယ်ပါတယ်၊ ကိုင်း ဒါဖြင့် ဘုန်းကြီးတို့ ဝိပဿနာပရိယတ်သင်တဲ့ အနေနဲ့ ဝိပဿနာရှုနည်းလေး, ရုပ်နာမ်ခွဲတာလေး ဘုန်းကြီးတို့ လိုက်ဆိုစမ်းပါ ဒီလင်္ကာလေး......

- **သွားချင်တာကနာမ်, သွားဟန်ပြုတာကရုပ်, သူမဟုတ်, ငါမဟုတ်, သွားတာနာမ်နဲ့ရုပ်။ (၃ ခေါက်)**
- **အထည်မဟုတ်, ကိုယ်မဟုတ်, သဘောသက်သက် နာမ်နဲ့ရုပ်။**
- **အတည်မဟုတ်, အမြဲမဟုတ်, ဖြစ်ပျက်သက်သက် နာမ်နဲ့ရုပ်။**

အဲဒါ သွားတဲ့ကိစ္စမှာ ဖြစ်ပျက်ရောက်လာတာပဲ၊ နောက်ဆုံး ရုပ်နာမ်, ရုပ်နာမ်ဟာ ဖြစ်ပျက်၊ အတူတူပဲပေါ့၊ စားတဲ့နေရာမှာအတူတူပဲ ဆိုကြည့် ......

- **စားချင်တာကနာမ်. စားဟန်ပြုတာကရုပ်. သူမဟုတ်. ငါမဟုတ်. စားတာနာမ်နဲ့ရုပ်။(၃ ခေါက်)**
- **အထည်မဟုတ်. ကိုယ်မဟုတ်. သဘောသက်သက် နာမ်နဲ့ရုပ်။**
- **အတည်မဟုတ်. အမြဲမဟုတ်. ဖြစ်ပျက်သက်သက် နာမ်နဲ့ရုပ်။**

ဒါက ပရိယတ္တိသာသနာခေါ်ပါတယ်၊ ဒကာ–ဒကာမတွေကို သင်တာပါ၊ ဆရာသမားအကူနဲ့ ရုပ်နာမ်ခွဲပေးတာ၊ အဲဒီရုပ်နာမ်ရဲ့ သဘော ဒီလိုဖြစ်ပျက်ရှိတယ်လို့ ပြောပေးတာ၊ ဒီတစ်မျိုးကို နားထဲကြားတော့ သိတယ်၊ အဲဒါ သုတမယဉာဏ်ခေါ်တယ်၊ ဒါ ဘာဝနာ မယဉာဏ်မဟုတ်သေးပါဘူး၊ ဆရာသမားရဲ့အလုပ် ဆရာနဲ့တပည့် နာယူရမည့်အလုပ် ဖြစ်ပါတယ်၊ အဲဒီအလုပ်ရဲ့နောက်က ဒကာ–ဒကာမတွေ ပွားလို့သိမယ့်အသိ၊ ပွားရမယ့်အလုပ်က ကိုယ်တိုင်လုပ်ရမည့်အလုပ်၊ ဒီတော့ မေတ္တာပို့, သွားရင်းလာရင်း မေတ္တာပို့၊ မေတ္တာပို့ပြီးတော့ ဝိပဿနာနဲ့ နောက်ကလိုက်တဲ့၊ အဲဒီလိုသာ လိုက်သွားလို့ ဝိပဿနာ ရုပ်နာမ်ဖြစ်ပျက်ကို ရှုပွားသွားနိုင်ရင်ကွယ်တဲ့၊ မြတ်စွာဘုရားက ငါတာဝန်ခံပါတယ်၊ အနာဂါမ်ထိအောင် ရောက်စေမယ်တဲ့၊ မေတ္တာကမ္မဋ္ဌာန်း အခြေခံပြီးတော့ ဟော့ မင်းတို့ အနာဂါမ်ထိရောက်စေမယ် ငါတာဝန် ယူတယ်တဲ့၊ အနာဂါမ်ကိုရောက်လို့ရှိရင် ဟိုဘက်က ရဟန္တာဆိုတာ မဝေးတော့ဘူး ဒကာ–ဒကာမတို့၊ ဒီတော့ မေတ္တာသုတ်အနေနဲ့ ဘုရားရှင် ကိုယ်တော်မြတ်က–

**ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊ သီလဝါ ဒဿနေန သမ္ပန္နော။ ကာမေသု ဝိနယ ဂေဓံ၊ န ဟိ ဇာတုဂ္ဂဗ္ဘသေယျ ပုန ရေတိ။**" လို့ အဲဒီလို ဝိပဿနာတင် ဆင်ခြင်ပြီးတော့ မင်းတို့လေ မေတ္တာသုတ်, ရတနာ့သုတ်ဆိုတဲ့ ဒီပရိတ်တရားတွေနဲ့က အပြင်အန္တရာယ်ပဲ ကာကွယ်နိုင်တယ်တဲ့၊ အတွင်းစိတ်ထဲမှာ ကိန်းအောင်းနေတဲ့ သက္ကာယဒိဋ္ဌိခေါ်တဲ့ ရန်သူကြီးတွေ လောဘ ဒေါသ မောဟဆိုတဲ့ ရန်သူကြီးတွေကြတော့– ပရိတ်ရွတ်ရုံနဲ့ မရဘူးတဲ့၊ ဝိပဿနာ ဘာဝနာဆိုတဲ့တရားနဲ့ ကာကွယ်မှ ရနိုင်တယ်လို့–

**တာနာယ ဘာဟိရေ ဝါရေ, အန္တ ကေစာပိ ဝါရေယျ၊ သတိပညာယ အတ္တာနံ့ ဝေ နန္တ ရာယ ဂါမိကာ။**

ဘာဟိရေ-ရေမီးအစ, အပြင်ပမှ, မြေးခြင့်တွယ်, အန္တရာယ်တို့ကို။ တာနာ တာနာယ-ပရိတ်မေတ္တာ, ကွယ်ကာဆီးတား, ပွားများခြင်းဖြင့်။ ဝါရေ ဝါရေယျ-ကိုယ်သို့မရောက်, ဝေးမှပျောက်အောင်, စောင့်ရှောက်ကာကွယ် လေရာ၏။ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ ခုနက သံဃာတော်တွေ ရွတ်သွားတဲ့အသံ ကြားမှာပေါ့-- **"ရာဇတောဝါ, စောရတောဝါ, အဂ္ဂိတောဝါ, ဥဒကတောဝါ"** နဲ့ မင်းဘေးမှရင်း, သူခိုး ဘေးမှရင်း, မီးဘေးမှရင်း, ရေဘေးမှရင်း၊ အဲဒီဘေးတွေက ပရိတ်မေတ္တာ ကွယ်ကာဆီးတား၊ ခုလို ရတနာ့သုတ် မေတ္တာသုတ်ပရိတ်တွေ ကိုယ်ကိုယ်တိုင်ရွတ် နာ၊ သံဃာတော်တွေ ရွတ်စေခြင်းဖြင့် ကာကွယ် ဆီးတားနိုင်တယ်တဲ့၊ ဒါပေမဲ့လို့ အဲဒီ "ရာဇတောဝါ, စောရတောဝါ" ထဲမှာပဲပါကယ်၊ အသဒ္ဓမ္မတောဝါ, အသန္နိဋ္ဌိတောဝါ, အသန္နိဋ္ဌိ ဆိုတာ သက္ကာယဒိဋ္ဌိပြောတာ၊ အသဒ္ဓမ္မဆိုတော လောဘ ဒေါသ မောဟ ဆိုတဲ့ တရားဆိုးတွေကိုပြောတာ၊ အဲဒီ ရာဇတော စောရတောတွေက ပရိတ်နဲ့ ကာကွယ်နိုင်သော်လည်းပဲ၊ အသဒ္ဓမ္မနဲ့အသန္နိဋ္ဌိဆိုတဲ့ ဘေးဆိုး ကြီးတွေကတော့ ပရိတ်ရွတ်ရုံနဲ့ မရပါ၊ ဝိပဿနာနဲ့မှ ကာကွယ်လို့ ရပါတယ်၊ သူတို့ကို အတွင်းရန်လို့ခေါ်ပါတယ်၊ ဒါ့ကြောင့် အန္တကေ စာပိ-အတွင်းစိတ်ဓာတ်, ကိန်းဝပ်ပုံကန်, ကိလေသာတည်းဟူသော သူပုန်ရန်တို့ကိုကား။ သတိပညာယ- အရှိအဟုတ်မှန်, ရုပ်နှင့်နာမ်၏, အမှန်ဖြစ်ပျက်, ထိုနှစ်ချက်ကို, ကွက်ကွက် ထင်ဟင်, သိမြင်နိုင်ခြင်းဆိုတဲ့ ဝိပဿနာတရား ပွားများခြင်းဖြင့်၊ ဝါရေ ဝါရေယျ- အမိုက်ကင်းပျောက်, အလင်းရောက်အောင်, ထွင်းဖောက်ရှုစား, ပွားများကြ ကုန်ရာသတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

အဲဒီလို သမထဝိပဿနာနှစ်ရပ် တွဲပြီးတော့ ဟောတော်မူ ထားတဲ့ မေတ္တာသုတ် ပရိတ်တရားတော်ကို၊ ယနေ့ သံဃာတော်အရှင်မြတ်တို့က ဘုရားရှင်ရဲ့ကိုယ်စား ဘုရားရှင်ရဲ့အသံကိုတစ်ဆင့် ရွတ်ပွားသောအားဖြင့်

ရွှေဘုံသာရပ်ကွက် ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတို့ကို အမှူးထား၍ မန္တလေးမြို့ လေးပြင်လေးရပ်ရှိ လူ့နတ်တိရစ္ဆာန် သုံးတန်သောသတ္တဝါတို့ကို မေတ္တာပွားများသောအားဖြင့် သံဃာတော်အရှင်မြတ်များက မေတ္တာသုတ် ပရိတ်တရား ရွတ်ပွားတော်မူကြမယ်တဲ့၊

ဤကဲ့သို့ မေတ္တာသုတ်ပရိတ်တရားတော်ကို ကိုယ်တိုင်ကိုယ်ကျ သဘောပေါက်အောင် နာယူနိုင်ကြပြီးသကာလ မိမိတို့ကိုယ်တိုင်လည်း မေတ္တာသုတ်ကို ရွတ်၍ပဲဖြစ်စေ၊ သံဃာတော်တွေ ရွတ်ဖတ်သံကို နာယူရသည်ပဲ ဖြစ်စေ၊ ပုဂ္ဂိုလ်အစုလိုက်, အစုလိုက်ဖွဲ့ပြီးတော့ မေတ္တာပွားနိုင်ကြပြီးသကာလ၊ အတွင်းရန် အပြင်ရန် နှစ်တန်သော ဘေးအန္တရာယ်တို့ကို ကာကွယ်နိုင်သော ဆီးတားနိုင်သော အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ဖြစ်ကြပါစေ ကုန်သတည်း။ ဤကဲ့သို့ အတွင်းရန် အပြင်ရန် နှစ်တန်သော ဘေးရန် အန္တရာယ်တို့ကို ကာကွယ်ဆီးတားနိုင်ကြကုန်လျက်၊ ဤကဲ့သို့ မေတ္တာပွားများ အားထုတ်ကြပြီး တစ်ဆင့်ထက်တစ်ဆင့် ဝိပဿနာအဆင့် မြင့်အောင်ကြိုးစား အားထုတ်ပြီး အပြင်ရန် အတွင်းရန် နှစ်တန်သော အန္တရာယ်ကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတော်မူကြတဲ့ ရှေးရှေးသော အရိယာနွယ်လောင်း သူတော်ကောင်း သူတော်ကောင်းမကြီးတို့ ရအပ်. ရောက်အပ်. မျက်မှောက် ပြုအပ်တဲ့ နိဗ္ဗာနဓာတ် ချမ်းသာထူး ချမ်းသာမြတ်ကြီးကို လျှင်မြန်ဆောစွာ မျက်မှောက်ပြုနိုင်ကြပါစေ ကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုလိုက်ကြ ကုန်ရာသတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

# “အရိုင် (၅)ပါး တရားတော်”

ကိုင်း တရားပွဲ စရအောင်၊ သရဏဂုံသုံးပါးနှင့် ရှစ်ပါးသီလ ဆောက်တည်ထားတဲ့ ရုပ်ဓာတ်, နာမ်ဓာတ်, ခန္ဓာဓာတ်နဲ့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးများရဲ့ ရွှေနှုတ်တော်ထွက် ဘုရားရှင်ကိုယ်တော် မြတ်ကြီးများရဲ့ အာဘော်ကျ အလိုကျ မဟာကရုဏာတော်ဖြင့် ဟောပြတော်မူအပ်ခဲ့တဲ့ ဒေသနာတော်မြတ်တွေကို တတ်စွမ်းသမျှ နာယူမှတ်သား ကျင့်ကြံပွားများကြရအောင်။

**အန္ဓေ တမသ္မိ ဗဟိတမသ္မိ. ဒွိဝုဏ္ဍေဟိ ပတာပိတာ၊**
**သတ္တာ သောတ္ထိံ နဂစ္ဆန္တိ. အဂ္ဂိ တတ္တာဝ အာတပေ။**

သတ္တာ–သူရောကိုယ်ရော, သောသောကြွက်ဆူ, ခပ်သိမ်းသူတို့သည်၊ အန္ဓေ တမသ္မိ–ကိလေသာရန်သူ, အတွင်းပူတွေကလည်း, တစ်ဆူဆူ လောင်မြိုက်, အပူတိုက်၍နေကြလေကုန်၏၊ ဗဟိတမသ္မိ–အဆင်းအသံ. ငါးတန်ရောယှု, အပြင်ရန်သူတွေကလည်း, တစ်ဆူဆူ လောင်မြိုက်, အပူတိုက်၍ နေကြလေကုန်၏၊ ဒွိဝုဏ္ဍေဟိ–အပြင်ဘက်က, ရန်သူငါးတန်, အတွင်းရန်က, ကိလေသာ,နှစ်ဖြာ ဖိညှပ်တပ်နှစ်တပ် တို့ဖြင့်၊ ပတာပိတာ–နေ့ကိုလည်းမရှောင်, ညကိုလည်းမရှောင်, အမြဲလောင်သဖြင့်, အပူကောင် အပူကောင်ပတွေ့, ဖြစ်၍နေကြလေကုန်၏၊ ကိမိဝ–ဥပဟာပုံဆို, အဘယ်ကဲ့သို့သောနည်းဟူမူကား၊ ကိမိဝ–ဥပမာပုံယှု, အဘယ်ကဲ့သို့သောနည်းဟူမူကား၊ အာတပေ–ကဆုန်နယုန် ဆွေ့ဆွေ့ခုန်အောင်, ပူဟုန်တောက်စွဲ, **နေပူထဲ၌၊ အဂ္ဂိ တတ္တာဝ၊**–မီးပြင်းပြင်း တိုက်၍, **အမြိုက်ခံ**ရလေကုန်သကဲ့သို့၊ သတ္တာ–သူရောကိုယ်ရော, သောသောကြွက်ဆူ, ခပ်သိမ်းသူတို့သည်၊ သောတ္ထိံ–တခဏလေးမျှ, ဘေးမခဘဲ, အေးပြေချမ်းသာရာ, အခွင့်လမ်းကို၊ နဂစ္ဆန္တိ–ကိုယ့်အပြစ်ကို, ကိုယ်ဆင်ခြင်လို့မို့, ထင်မြင်အောင်တွေးလေတော့, ချမ်းသာရေးလမ်းပေါက် အောင်, မရောက်နိုင်ပဲ ရှိကြလေကုန်သတည်း။

သာဓု.... သာဓု .... သာဓု ....

ယနေ့ မြန်မာကောဇာသက္ကရာဇ် ၁၃၅၅–ခုနှစ်၊ တော်သလင်း လပြည့်ကျော် (၈)ရက်နေ့၊ ခရစ်သက္ကရာဇ် ၁၉၉၃–ခု၊ အောက်တိုဘာလ (၈)ရက်နေ့မှာ၊ စစ်ကိုင်းတောင်ရိုး ဝါးချက်ကျေးရွာ ဇီဝိတဒါနဆေးရုံကြီး အထက်ထပ်ခန်းမကြီး၌ ကျင်းပပြုလုပ်အပ်တဲ့၊ ယနေ့တရားပွဲသည်ကား စစ်ကိုင်းတောင်ရိုး ဝါးချက်ကျေးရွာ ဇီဝိတဒါနဆေးရုံကြီးရဲ့ တရားပွဲဖြစ်မြောက်ရေး ဂေါပကအဖွဲ့ဝင် သူတော်စင်တို့က ဦးစီးဦးဆောင် ဇီဝိတဒါနဆေးရုံကြီးရဲ့ ဦးစီးဦးခန့်ဖြစ်တော်မူတဲ့ ဆရာတော် အရှင်မြတ်များကို ဦးတင်ပြီးသကာလ၊ တရားပွဲဖြစ်မြောက်ရေး ဂေါပကအဖွဲ့ဝင် အမျိုးကောင်းသား, အမျိုးကောင်းသမီးအပေါင်း သူတော်ကောင်းတွေက ဦးစီးဦးဆောင်ပြုပြီးတော့၊ နှစ်စဉ်နှစ်စဉ် သီတင်းဝဉ်တရားပွဲများ ဆင်နွှဲကျင်းပပြီးတော့ တရားတော်ကို နာယူကြတဲ့ ဓမ္မဒါန တရားအလှူပေးပွဲ၊ ဓမ္မပူဇာ တရားတော်ကို နာယူပြီးတော့ ပူဇော်၊ ဓမ္မပူဇာ တရားတော်ကို တက်စွမ်းသမျှ လှူဒါန်းကော်ရော်ပြီးတော့ ပူဇော်ကြတဲ့၊ ဓမ္မဒါန ဓမ္မပူဇာပွဲတဲ့၊

ယနေ့ဟာဖြင့် ဆယ်ကြိမ်မြောက်၊ ဆယ်သီတင်းမြောက် ကျင်းပအပ်တဲ့ တရားပွဲမှာ ကြွရောက်လာကြတဲ့ ဓမ္မမိတ်ဆွေ ပရိသတ်များနှင့်တကွ ကြားကြားသမျှနတ်တွေ, ကြားကြားသမျှလူတွေ, ကွယ်လွန်သွားခဲ့ကြတဲ့ မိဘ, ဘိုးဘွား, ဆရာသမားတွေ, အသက်ထင်ရှားရှိကြတဲ့ မိဘ, ဘိုးဘွား, ဆရာသမား, အနန္တော အနန္တ ဂိုဏ်းဝင် ကျေးဇူးရှင်များကို အမှူးထားပြီးတော့ သုံးဆယ့်တစ်ဘုံသားတွေကို အမျှဝေကြမယ်တဲ့၊ အဲဒီလို ဓမ္မဒါန ကုသိုလ်ရှင်များ ကလည်း ကောင်းမှုတွေပြုပြီးကော့ အမျှဝေကြသလို ဒီနေ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးအပေါင်း သူတော်ကောင်းတွေကလဲပဲ ယနေ့ နံနက်စောစော အချိန်ကစပြီး သကာလ အလှူခံပုဂ္ဂိုလ်ကြီးများဖြစ်ကြတဲ့၊ မိမိတို့ရဲ့ မိမိတို့ထက် မြင့်မြတ်တဲ့ အလှူခံပုဂ္ဂိုလ်ကြီးများဖြစ်ကြတဲ့ ဘုရား, တရား, သံဃာ, မိဘ, ဘိုးဘွား, ဆရာသမားဆိုတဲ့ အနန္တော အနန္တ ငါးပါး အလှူခံကြီးများကို တတ်စွမ်း သမျှ ပန်း ရေချမ်း ဆွမ်းဦး, သစ်ဦး, သစ်သီးဦး, ဆီမီး, မီးတိုင်, အမွှေးတိုင် စသည်တို့ဖြင့် ပူဇော်ကြတဲ့ ဒါနကောင်းမှုတွေ ပြုကြ, မိမိတို့နဲ့ တန်းတူဖြစ်ကြတဲ့ မိတ်ဆွေသင်္ဂဟတွေကို တတ်စွမ်းသမျှ ဝေငှပေးကမ်း လှူဒါန်းကြတဲ့ ဒါန ကောင်းမှုတွေပြုကြ၊ မိမိတို့ထက် အောက်တန်းကျတဲ့ တောင်းရမ်းစားသောက်ရတဲ့

သူတွေ, ကိုယ့်ထက် ဆင်းရဲတဲ့သူတွေ, တိရစ္ဆာန်တွေအစရှိသည်ဖြင့် အလှူခံပုဂ္ဂိုလ် အောက်အဆင့်အတန်းရှိကြတဲ့ ပုဂ္ဂိုလ်တွေကို စွန့်ကြဲပေးကမ်းတဲ့ ဒါန ကောင်းမှုတွေပြုကြ၊

သရဏဂုံသုံးပါးနှင့် ငါးပါးသီလကို လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း ဆိုတဲ့ သီလကောင်းမှု ဘုရားပစ္စေကာ အရိယာအပေါင်း သူတော်ကောင်းကြီးများ စောင့်သုံးလေ့ရှိတဲ့ ရှစ်ပါးသီလ, ကိုးပါးသီလ, ဆယ်ပါးသီလဆိုတဲ့ ကုသိုလ် ကောင်းမှု၊ ဗုဒ္ဓဝေယျာဝစ္စ, ဓမ္မဝေယျာဝစ္စ, သံဃာ့ဝေယျာဝစ္စကို ဆောင်ရွက်ခြင်း ဆိုတဲ့ စာရိတ္တသီလကောင်းမှု၊ အဲဒီလိုအားဖြင့် ဒါနကောင်းမှု, သီလကောင်းမှု, ဘုရားရှိခိုးခြင်း မေတ္တာပွားခြင်းဆိုတဲ့ ဗုဒ္ဓါနုဿတိမေတ္တာ, သမထ ဘာဝနာ ကောင်းမှု, ရုပ်နာမ်နှစ်တန် အရှိအမှန်တရားတွေကို မြင်အောင်ရှုပွားတဲ့ အရှိအမှန် တရား, ရုပ်နာမ်ကို မြင်အောင်ရှုခြင်း အရှိအမှန်တရားတို့ရဲ့ အဖြစ်မှန်တရားတို့ရဲ့ ဖြစ်ပျက်နေတဲ့သဘောကို မြင်အောင် ရှုခြင်းဆိုတဲ့ ဝိပဿနာဘာဝနာ ကောင်းမှု ဆိုတဲ့ ကောင်းမှုကြီးတွေကို ဒီနေ့ ကြိုးပန်းအားထုတ် ပြုလုပ်နေတဲ့အချိန်သည်၊ **"အအေးမြဆုံးဖြစ်တဲ့ ဘုရားအရိပ်ကြီးကို ခိုမှီးတဲ့အချိန်"** တဲ့, ဘုရားအရိပ်ကြီးအောက် ဝင်ရောက်ပြီးတော့ ခိုမှီးတဲ့အချိန်။

ဒီနေ့ ဒကာ ဒကာမတွေ ဘာလုပ်နေကြတုန်းလို့မေးရင် ဘုရား အရိပ်ကြီး ခိုမှီးပြီးနေကြပါတယ်၊ ဒီနေ့ ဒကာ ဒကာမတွေ တရားပွဲကြီး လာရောက်ပြီးတော့ နာယူရင်း ကောင်းမှုတွေပြုနေကြတာဟာ ဘယ်အောက်ရောက်နေကြသလဲဆိုရင် ဘုရားအရိပ်အောက် ရောက်နေကြတယ်၊ ဘုရားအရိပ်ကြီး မှီခိုပြီးတော့ နေကြတယ်၊... အရိပ်ဆိုတာ သူ့အောက်သာ ကိုယ်ကသွားခို အအေးခံတဲ့ ပေးတယ်၊ အရိပ်ဘို့ မည်သည် သူ့အောက်ကိုသာ ကိုယ်ကသွားခိုဘို့လိုတယ်၊ သူက ခိုလာ သမှုပုဂ္ဂိုလ်တွေကို အရိပ်ပေးပြီးတော့ အေးမြစေတယ်၊ အဲဒီ အရိပ်ကြီးက ငါးပါးရှိတယ်လို့ ကျမ်းဂန်ဒေသနာက ပြထားတာဖြစ်တော့ .....။

နံပါတ် (၁) သစ်ပင်ရိပ်ကြီးတဲ့၊ သစ်ပင်ရိပ်ကြီး ....၊

**သုခါ ရုက္ခဿ ဆာယာ၊**

ရက္ခသဆာယာ–သစ်ပင်အရိပ်ကြီးသည်၊ သုခါ–ဝင်လာသမျှ နိုလာသမျှ ပုဂ္ဂိုလ်တို့ကို, ကိုယ်စိတ်နှစ်ဖြာ ချမ်းသာအေးမြခြင်းရှိလှပါပေ၏။

သစ်ပင်အရိပ်ကြီး အေးမြတယ်တဲ့, ချမ်းသာတယ်၊ အထူးသဖြင့် နေပူလေပူထဲက ခရီးမောပန်းပြီးတော့ ချွေးတွေသံတွေနဲ့ ခရီးပန်းပြီးတော့ လာတဲ့သူတွေ သစ်ပင်အောက် ဝင်နိုလိုက်ရရင် ညောင်ညိုပင်ကြီးရိပ်မှာ တရေးတမိုတ် အိပ်လိုက်ရရင် ပန်းသမျှတွေပြေ, နွမ်းသမျှတွေ လန်းပြီးတော့ ချမ်းသာသွားစေတယ်၊ ဒါ သစ်ပင်ရိပ်ရဲ့သတ္တိ၊ အေးမြသွားစေတယ်, ချမ်းသာသွားစေတယ်, လန်းဆန်းသွားစေတယ်, အားအင်တွေပြည့်သွားစေတယ်, ခရီးပန်းပြီးတော့ နွမ်းနယ်ပြီးတော့ အားကုန်သလိုဖြစ်နေတာတွေ အားဖြည့်ပြီးတော့ လူအားတွေပြည့် မျက်စိအားတွေပြည့် နားအားတွေပြည့်ပြီးတော့ ရွှင်လန်းသွားစေတယ် ချမ်းသာသွားစေတယ်၊ ဒါ့ကြောင့် သစ်ပင်ရိပ်ကြီးဟာလဲ အေးမြပါပေတယ်။

နံပါတ် (၂) **တတော သုခတရော မာတာပိတု ဉာတီနံ ဆာယာ၊**

တတော–ထိုသစ်ပင်အရိပ်ထက်၊ မာတာပိတုဉာတီနံ–မိဘဆွေမျိုးတို့ရဲ့၊ ဆာယာ–အရိပ်က၊ သုခတရော–သာ၍ချမ်းသာလှပါပေ၏၊ အဲဒီ သစ်ပင်ရိပ်ထက် မိဘဆွေမျိုးရိပ်က ပိုအေးမြတယ်တဲ့....၊ ဘာပြုလို့တုန်း ဆိုတော့– ဘုန်းကြီးတို့ ဒီနေ့ တရားနာနေကြတဲ့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေ ငယ်စဉ့်တောင်ကျေး ကလေးဘဝကစပြီးတော့ မိရိပ်ဖရိပ်နိုခဲ့ကြရလို့ စားစရာ မရှိတာတွေ စားရပြီးတော့ချမ်းသာ, ဝတ်စရာ ဆင်စရာတွေ မရှိတာတွေ ဝတ်ရဆင်ရပြီးတော့ချမ်းသာ, နေစရာထိုင်စရာ မရှိလို့ဖြစ်မည့်ဒုက္ခတွေ ကင်းဝေးပြီးတော့ ချမ်းသာခဲ့ကြတယ်၊ အမေတွေ, အဖေတွေ, ဆွေတွေ, မျိုးတွေက စားစရာတွေ ပြည့်စုံအောင် ရှာပေးကြလို့၊ မိခင်ဖြစ်သူက နို့ချိုတိုက်ကျွေးပြီးတော့ အရိပ်ပေးခဲ့တယ်၊

အဖေလုပ်တဲ့သူက ဝတ်စရာဆင်စရာတွေ ရှာပေးပြီးတော့ အရိပ်ပေး အေးမြစေခဲ့တယ်၊ နေစရာထိုင်စရာတွေ ပြည့်စုံအောင်, ဆောက်လုပ်ပြုစု

ပေးပြီးတော့ အရိပ်ပေးအေးမြစေခဲ့တယ်၊ ဆွေသား, မျိုးသားတွေက ဝိုင်းဝန်းပြီး သကာလ ချမ်းသာအောင်ကူညီကြလို့ သူတစ်ပါးတွေ စော်ကားမော်ကား မပြုရဲအောင် ဝိုင်းဝန်းပြီးတော့ အရှိန်ပေးကြ. စောင့်ရှောက်ကြလို့ အရိပ်ပေးပြီးတော့ အေးမြစေခဲ့လို့ ချမ်းသာခဲ့တယ်၊ မတတ်သေးတဲ့ပညာတွေ တတ်အောင် သင်ပေးလို့, မသိသေးတဲ့အသိတွေ သိအောင်ပြောပြပေးလို့. မိဘဆွေမျိုးရိပ်ကို ခိုခဲ့ကြရသဖြင့် ယနေ့ ဒကာ–ဒကာမတွေ ချမ်းသာခဲ့ကြတယ်။

ဒီနေ့ လူလူသူသူ လူတန်းစေ့စေ့ သူတန်းစေ့စေ့နေနိုင်ကြတာ မိဘဆွေမျိုးအရိပ် ခိုခဲ့ကြရလို့၊ အဲဒီ မိဘဆွေမျိုးရိပ်လောက် သစ်ပင်ကြီးက အရိပ်မပေးနိုင်ဘူး၊ အအေးမပေးနိုင်ဘူး၊ သစ်ပင်ကြီးက ခရီးပန်းလာတာတွေ နွမ်းလာတာတွေကို လန်းသွားအောင်သာ တတ်နိုင်တယ်၊ စားစရာမရှိတာတွေ စားစရာရပြီးတော့ ချမ်းသာအောင်၊ ဝတ်စရာ မရှိတာတွေ ဝတ်စရာတွေ ရပြီးတော့ ချမ်းသာအောင်၊ နေစရာထိုင်စရာ မရှိတာတွေ နေစရာထိုင်စရာတွေ ရပြီးတော့ ချမ်းသာအောင်လို့ ဒီထိအောင်တော့ သစ်ပင်အရိပ်က မပေးနိုင်ဘူး၊ အအေးဓာတ် မဆောင် နိုင်ဘူး၊ ဒါကြောင့် သစ်ပင်ရိပ်ထက် ဆွေမျိုးမိဘအရိပ်က အေးတယ်။

အဲဒီစကားကို ဘုရားကိုယ်တော်မြတ်ကြီးက သာဝတ္ထိပြည်ကြီး စည်ထီးခရိုင် နိုင်ငံအုပ်ချုပ်တဲ့ ကောသလတိုင်းကြီးရဲ့ဘုရင် ဝိဋ္ဋူဘ မင်းကို ပြောခဲ့တယ်၊ သာဝတ္ထိပြည်ကြီး စည်ထီးခရိုင် နိုင်ငံအုပ်ချုပ် မင်းလုပ်တာက ကောသလမင်းကြီး နတ်ရွာစံသွားပြီးနောက် သားတော် ဝိဋ္ဋူဘက ထီးနန်းအုပ်ချုပ်တယ်၊ ကောသလတိုင်းကြီးရဲ့ဘုရင် သားတော် ဝိဋ္ဋူဘဘုရင်မင်းဟာ ထီးနန်းရပြီးတော့၊ မကြာခင် ဘုရားရဲ့ ဆွေတော်မျိုးတော်တွေဖြစ်တဲ့ သာကီဝင်မင်းမျိုးတွေတစ်မျိုးလုံး သတ်ပြီးတော့ လည်ချောင်းသွေးနဲ့ သာကီဝင်မင်းတွေရဲ့ လည်ချောင်းသွေးနဲ့ ငါ့ပလ္လင်ကို ဆေးမယ်လို့ဆိုပြီး၊ စစ်တပ်ကြီးနဲ့ချီပြီးတော့ သက္ကတိုင်းဘက်ကို ထွက်ခဲ့တယ်၊

ဝိဋ္ဋူဘအုပ်ချုပ်နေတာက ကောသလတိုင်းကြီး၊ အဲဒီ ကောသလတိုင်းကြီးရဲ့ အရှေ့မြောက်ဘက်မှာ သက္ကတိုင်းဆိုတဲ့ တိုင်းကြီးတစ်တိုင်း ရှိတယ်.

နေပြည်တော်က ကပိလဝတ္ထု၊ ဘုရား ဆွေတော်မျိုးတော်တွေနေတဲ့ တိုင်းနိုင်ငံကြီး၊ သာကီဝင်မင်းမျိုးတွေနေတဲ့ နိုင်ငံကြီး၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ဇာတိချက်မြုပ်ရာ ဒေသကြီး၊ အဲဒီ ဇာတိချက်မြုပ်က သာကီဝင်မင်းမျိုးတွေကို တစ်မျိုးလုံး သတ်ပြီးတော့ လည်ချောင်းသွေးနဲ့ ငါ့ပလ္လင်ကိုဆေးမယ်လို့ ဝိဋူဍဘက ရန်ညိုးကြီးစွာနဲ့ ဆင်တပ်ကြီးနဲ့ စီးပြီးတော့ စစ်တပ်ကြီးနဲ့ ချီပြီးတော့ ထွက်လာတယ်၊ ဘာပြုလို့ ဝိဋူဍဘက သာကီဝင်မင်းမျိုးတွေကို သတ်ချင်ရတာတုန်းဆိုတော့ သာကီဝင်းမင်းမျိုးတွေက ရန်ညိုးရန်စပြုမိတာကိုး.....။

ဝိဋူဍဘဆိုတာ ဘယ်ကပေါက်ဖွားလာတဲ့သူတုန်းဆိုရင် သာကီဝင်မင်းမျိုးထဲက သာကီဝင်အစစ်မဟုတ်တဲ့ ကျွန်မနဲ့ ကောသလမင်းကြီးတို့က ပေါက်ဖွားလာတဲ့သား၊ သူ့ရဲ့ဇစ်မြစ်ဘူတ ပြန်ပြောရမယ် ဆိုရင်တော့— ကောသလမင်းကြီး ဘုရားကြည်ညိုတဲ့ကိစ္စက စတယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး သာဝတ္ထိမြို့ ဇေတဝန်ကျောင်း သီတင်းသုံးနေတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး သတင်းသုံးနေတယ်ဆိုတော့ သံဃာရဟန်းတွေက သောင်းချီပြီးတော့ ရှိကြတယ်၊

ဇေတဝန်ကျောင်းတို့ ပုဗ္ဗာရုံကျောင်းတို့အစရှိတဲ့ သာဝတ္ထိရဲ့ ဂေါစရဂါမ် ပတ်ဝန်းကျင်မှာ ရဟန်းတော်ပေါင်း သောင်းချီပြီးရှိ၊ သာဝတ္ထိတနယ်လုံး သင်္ကန်းရောင် တပြောင်ပြောင်နဲ့ သာသနာရောင်ထွန်းလင်း တောက်ပပြီးတော့ နေတဲ့ အချိန်၊ အဲဒီအချိန်မှာ သံဃာတော်တွေ သာဝတ္ထိမြို့နဲ့ ပတ်ဝန်းကျင် တစ်ခွင် ဆွမ်းခံဝင်ကြတော့၊ သာဝတ္ထိမြို့က အနာထပိဏ်သူဌေးက တစ်နေ့ ရဟန်းတော်နှစ်ထောင် ဆွမ်းကိစ္စ တာဝန်ယူတယ်၊ အိမ်မှာ မဏ္ဍပ်ကနားကြီး ထိုးပြီးတော့ အမြဲတမ်း ဆွမ်းကပ်တယ်၊ ဝိသာခါ ကျောင်းအမကြီးအိမ်မှာလဲပဲ မဏ္ဍပ်ကနား ထိုးပြီးတော့ ရဟန်းတော်နှစ်ထောင် တာဝန်ယူတယ်။

ကောသလမင်းကြီးကလဲပဲ သူတို့အားကျပြီးတော့ သူ့နန်းတော် ကြီးမှာ နန်းမဆောင်ကြီးတွေထဲမှာ ရဟန်းတော်နှစ်ထောင် နေ့စဉ် ဆွမ်းဘုန်းပေးဘို့

ဆိုပြီးတော့ ပင့်ထားတယ်၊ အဲဒီလို ပင့်ထားပေမယ်လို့ ရဟန်းတော်တွေက အနာထပိဏ်သူဌေးနဲ့ ဝိသာခါအိမ် အကြွများကြသလောက်၊ အသွား များကြသလောက်၊ ကောသလမင်းနန်းတော်ကြတော့ တယ်ပြီးတော့ အဝင်အထွက် မသွားကြဘူး၊ ပင့်ထား ဖိတ်ထားပေမယ်လို့ မသွားကြ မလာကြဘူး၊ မင်းစိုးရာဇာနန်းတော်ထဲ ဝင်ရတာမို့လို့ အတားအဆီး အဆို့အပိတ် အစစ်အဆေးများတာကလည်း တကြောင်းပေါ့၊ ဝိသာခါ အနာထပိဏ်တို့လို တရင်းတနှီး အကျွမ်းတဝင် မရှိတာကလဲတကြောင်းပေါ့၊ အဲဒီလိုဖြစ်နေတော့ ကောသလမင်းကြီးက တစ်နေ့တော့ မေးတယ် သူ့အမတ်တွေ၊ ဟေ့– ငါ့နန်းတော်မှာ ရဟန်းတော်နစ်ထောင်ပင့်ထားတာ ဆွမ်းစားကြွတာ နည်းလှပါလား....။

ဟို ဝိသာခါ အနာထပိဏ်တို့အိမ်တွေကျတော့ နှစ်ထောင်တောင် ကျော်ပြီးတော့ သံဃာတော်တွေ ကြွတယ်လို့ကြားတယ်၊ အဲဒါ ဘယ့်နှယ် ဖြစ်တာတုန်း ငါ့နန်းတော်ကျတော့ မကြွပါလား၊ အဲလိုမေးတော့ အမတ်ကြီးတွေက ဟုတ်မှန်တဲ့အတိုင်း လျှောက်လိုက်ကြတယ်၊ အရှင်မင်းကြီး ရဟန်းတော်တွေ ဆိုတာ အကျွမ်းတဝင်ရှိရာ သွားတတ်ကြပါတယ်၊ အနာထပိဏ်သူဌေးတို့ ဝိသာခါတို့က အကျွမ်းတဝင် ဖော်ဖော်ရွေရွေ မေးကြမြန်းကြ လျှောက်ထား ကြတာမို့လို့ ရဟန်းတော်တွေနဲ့ အကြွမ်းဝင်ချစ်ခင်ပြီးတော့ ရဟန်းတော်တွေက သူတို့ရဲ့ အလှူကို ယူပြီးတော့ အလှူခံကြပါတယ်၊

အရှင်မင်းကြီးက ရဟန်းတော်တွေနဲ့ မရင်းနှီးလို့မို့ အရှင်မင်းကြီးရဲ့ နန်းတော် အကြွနည်းကြပါတယ်၊ တစ်စိမ်းလိုဖြစ်နေလို့ အကြွနည်းကြပါတယ်လို့ သံတော်ဦး တင်လိုက်ကြတော့ ကောသလမင်းကြီးက၊ အင်း ဒီလိုဆိုရင်တော့ –ဘုရားရှင် ကိုယ်တော်မြတ်ကြီးနဲ့ ငါ တရင်းတနှီး ဖြစ်အောင် ကြံကြအုန်းမှပဲဆိုပြီး၊ သာကီဝင် မင်းမျိုးတွေဆီက မင်းသွီးတစ်ပါးပေးကမ်းပါ၊ အဲဒီမင်းသွီးကို မိဘုရား မြောက်ပြီးတော့ ထားမယ်၊ သာကီဝင်မင်းတွေထဲက၊ သာကီဝင်မင်းမျိုးတွေက ပေါက်ဖွားတဲ့ မင်းသွီးတစ်ပါးကို မိဖုရားအရာထားပြီးတော့ မိဖုရားရာထူးနဲ့ မြှောက်စားပြီးတော့၊ အဲဒီ မင်းသွီးက ရဟန်းတော်တွေကို ပြုစုလုပ်ကျွေးရင်

ဘုရားရှင်သားတော်တွေဟာ သူတို့ဘုရားရဲ့ ဆွေမျိုးမိဖုရားလို့ ဆိုပြီးတော့ တရင်းတနှီးအကျွမ်းတဝင်နဲ့ ငါ့နန်းတော်ကို ဝင်ကြ ထွက်ကြလိမ့်မယ်။

ရည်ရွယ်ချက်က ရည်ရွယ်ချက်အကောင်းပါ၊ ဘုရားနဲ့ရင်းနှီးချင်တာ၊ သာကီဝင်မင်းမျိုးတွေနဲ့ ရင်းနှီးချင်တာ၊ နောက် ရဟန်းသံဃာတော်တွေ သူနဲ့ရင်းနှီးပြီးတော့ ဒို့သွေး, ဒို့သား, ဒို့အမျိုးဟော့လို့ဆိုပြီးတော့ ဝင်ကြ ထွက်ကြပြီးတော့ သူလှူဒါန်းတဲ့ ဆွမ်းဟင်းတွေ အလှူခံစေချင်ရှာလို့ သာကီဝင်မင်းမျိုးတွေဆီကို စာပို့ပြီးတော့ သာကီဝင်မင်းသမီးတစ်ပါး မိဖုရားအဖြစ်နဲ့ ဆက်သဘို့ဆိုပြီးတော့ သမီးကညာအတောင်းနိုင်းလိုက်တာ၊ သာကီဝင်မင်းတွေရဲ့ ထုံးစံကလဲပဲ မာန်အင်မတန်ကြီးတယ်၊ အထူးသဖြင့် ဇာတ်မာန် အင်မတန်ကြီးတယ်၊ သူတို့အမျိုး သူတစ်ပါးနဲ့မရောချင်ဘူး၊ သူတို့သွေး သူတစ်ပါးနဲ့ရောတာ မခံနိုင်ဘူး။ မာန်က အဲဒီလောက် ကြီးကြတာ၊ ဇာတိမာန်အင်မတန်ကြီးကြတယ် သာကီ ဝင်မင်းတွေက၊

ဒီတော့ ကောသလမင်းကြီးက သမီးကညာတောင်းနိုင်းတယ် ဆိုတော့လဲ မပေးပြန်ရင်လဲ မကောင်း။ ပေးရမှာကလဲ သာကီဝင်မင်းမျိုးတွေဟာ သူတစ်ပါးနဲ့ သွေးရောနှောတဲ့သဘောမရှိ။ သာကီဝင်မင်းမျိုး အချင်းချင်းသာ လက်ဆက်တဲ့ ထုံးစံရှိတော့ ကောသလမင်းက သာကီဝင်မင်းမျိုးမဟုတ်၊ မပေးလို့ကလဲမတော်၊ ပေးရမှာကလဲအခက် အဲဒီလို ဖြစ်နေကြတော့၊ သာကီဝင်မင်းတွေ တိုင်ပင်ဆွေးနွေး ကြံဖန်ပြီးတော့။ ဝါသဘ ခတ္တိယာဆိုတဲ့ မင်းသမီးတစ်ယောက်ကို ပေးဘို့ရာ အစီစဉ်ပြုကြတယ်၊

ဝါသဘခတ္တိယာဆိုတဲ့ မင်းသမီးက သာကီဝင်မင်းသမီး အစစ်မဟုတ်ဘူး ကပြားမ၊ မဟာနာမ်သာကီဝင်မင်းသားကြီးနဲ့ သူ့အိမ်က ကျွန်မတစ်ယောက်တို့ ပေါင်းသင်းဆက်ဆံပြီးတော့ ရလာတဲ့သမီး၊ အဖေက သာကီဝင်မင်းသားအစစ် အမေကကျွန်မမျိုး၊ အဲဒီလို ကျွန်မနဲ့ သာကီဝင်မင်းသားတို့ ပေါက်ဖွားလာတဲ့ သာကီဝင်မင်းသမီးအစစ် မဟုတ်တဲ့ ကပြားမ ဝါသဘခတ္တိယာ၊ "ရုပ်ရည်ပမိလေး ကလဲ ချောမောလှပ, လိမ္မာယဉ်ကျေးတဲ့ ဟန်ပုံသဏ္ဍာန်ကလဲရှိတဲ့ အဲဒီ

ဝါသဘခတ္တိယာကို ပေးမယ်လို့ ဆိုပြီးတော့" ကောင်းပါပြီ ကောသလမင်းကြီးက သွီးကညာတောင်းတော့ ဝမ်းမြောက်ဝမ်းသာနဲ့ ကျွန်တော်တို့က ကျွန်ုပ်တို့က ပေးပါမယ်ဆိုပြီး၊ ဝါသဘခတ္တိယာကို ပေးမယ်လို့ စာကမ်းလိုက်တယ်။ အဲဒါကို ကောသလမင်းကြီးက သိတယ်၊ သာကီဝင်မင်းမျိုးတွေဟာ ဇာတ်မာန် အင်မတန်ကြီးတယ်၊ သာကီဝင်မင်းသွီး စစ်စစ်ကို ပေးချင်မှပေးမယ်၊ အတုကို အစစ်လုပ်ပြီးတော့ ပေးတန်ပေးလိမ့်မယ်လို့ ကောသလမင်းကြီးကလဲ နဲနဲရိပ်မိတယ်၊ ရိပ်မိလို့ပဲ သူက အထောက်တော်တွေ လွှတ်ပြီးတော့—

အခုပေးမယ်ဆိုတဲ့ ဝါသဘခတ္တိယာ သာကီဝင်မင်းသွီးဟာ၊ သူ့အဖေ မဟာနာမ်မင်းသားနဲ့ တစ်ပွဲထဲထမင်းထိုင်ပြီးတော့စားမှ လက်ခံ မယ်လို့ဆိုပြီးတော့၊ သာကီဝင်မင်းမျိုးတွေက ဇာတ်နိမ့်ပြီဆိုရင် သူတို့ထက် ဇာတ်နိမ့်တဲ့သူဆိုရင် ထမင်းတောင် အတူမစားဘူး၊ နေရာအတူထိုင်လေ့ မရှိဘူး၊ ထမင်းအတူ တွဲစားလေ့ မရှိဘူး၊ ထမင်းတစ်ပွဲတည်း စားခွင့်မပေးဘူး အဲဒါကိုသိထားတဲ့ ကောသလမင်းကြီးက၊ ဒီဝါသဘခတ္တိယာဟာ သူ့အဖေ မဟာနာမ်မင်းနဲ့အတူ ထမင်းတွဲပြီးတော့ စားသလား, မစားဘူးလားဆိုတာကို အကဲခတ်ဖို့ဆိုပြီးတော့ အထောက်တော်တွေ လွှတ်ထားတာ၊

အဲဒီလို အထောက်တော်တွေ လွှတ်ထားတယ် ဆိုတာလဲပဲ မဟာနာမ် အစရှိတဲ့ ခတ္တိယသာကီဝင်မင်းတွေက ရိပ်မိတယ်၊ အပါးအပါးချင်းဆိုတော့ ရိပ်မိကြတယ်၊ ရိပ်မိတော့ သူတို့က ဝါသဘ ခတ္တိယာကို ပေးကမ်းခါနီးမှာ အထောက်တော်တွေကို စုံထောက်တဲ့ သူတွေကို မျက်စိလည်သွားအောင် ဘယ့်နှယ်လုည့်လိုက်တုန်းဆိုတော့၊ ထမင်းအတူစားပါတယ်ဆိုတာလေး ပေါ်သွားအောင်၊ စားလဲမစားဘဲနဲ့ စားတယ်လို့ဖြစ်ရအောင်၊ ခတ္တိယသာကီဝင် မင်းသွီးအစစ် မဟုတ်ပါဘဲနဲ့ အစစ်ဖြစ်တယ်လို့ ညာတဲ့, လိမ်တဲ့, လှည့်လုံးလေးနဲ့၊ မဟာနာမ်မင်းသားကြီးက ထမင်းပွဲမှာ အရင်ထိုင်ပြီး ထမင်းစားနှင့်, ထမင်းစားလို့ တော်တော်လေးအချိန်ရတော့မှ ဝါသဘခတ္တိယာကို သွီးရေ ထမင်းစားရအောင် လာဟဲ့လို့ခေါ်၊ ဝါသဘခတ္တိယာက ထမင်းစားဘို့ဆိုပြီးတော့ ထမင်းပွဲ လာပြီးတော့ထိုင်၊ ဝါသဘခတ္တိယာဟာ ကျွန်မရဲ့သွီး ထမင်းပွဲ ဝင်ထိုင်လိုက်

သည့်နှင့် တပြိုင်နက်၊ မဟာနာမ်မင်းကြီးက ထမင်းစားလို့ပြီးပြီ၊ ဒီပြင်ကိစ္စ တစ်ခုကြောင့် အရေးတကြီး ထသွားရတဲ့ပုံဟန်နဲ့ ထပြီးတော့သွား. ထမင်းပွဲမှာ အဝင်အထွက် လုပ်လိုက်တယ်၊

ထမင်း အတူစားပါတယ်ဆိုတဲ့ သဘောလေးလည်း သက်ရောက် သွားအောင်၊ ထမင်းအတူမစားဘူးဆိုတာလဲ မဖြစ်ရအောင်၊ အတူစားပါတယ် ဆိုတဲ့ သဘောလဲ ပြောလို့ရအောင်၊ တကယ်တော့လဲ စားတာမဟုတ်ဘဲနဲ့ ဇာတ်ရောမှာစိုးလို့ ဇာတ်နိမ့်မှာစိုးလို့ မစားတဲ့ သဘောလည်းဖြစ်သွား အောင်ဆိုပြီးတော့ ကြံလုံးဖန်လုံးနဲ့ လုပ်လိုက်ကြတာ၊ ကောသလ မင်းကြီးရဲ့ အထောက်တော်တွေ မျက်စိလည်သွားအောင် လုပ်လိုက်တယ်။

ဒီတော့ ကောသလမင်းရဲ့ အထောက်တော်တွေကတော့ အင်း—သာကီဝင် မင်းသိုးအစစ်ပါပဲ သူ့အဖေနဲ့အတူ ထမင်းတစ်ပွဲထဲအတူ ထိုင်စားသားပဲ ဆိုပြီးတော့၊ ဝါသဘခတ္တိယာကို သွီးကညာ သာကီဝင်မင်းသွီးအစစ်ပဲလို့ သဘောထားပြီးတော့ သွီးကညာအဖြစ်နဲ့ လက်ခံပြီးတော့ မိဖုရားကြီးအဖြစ်နဲ့ ကောသလမင်းကြီးက လက်ခံတော်မူ၊ လက်ခံတော်မူပြီးတော့ မိဖုရားတစ်ပါး အဖြစ်နဲ့၊ မိဖုရားတစ်ပါးရဲ့ အဆောင်အယောင်တွေပေးပြီးတော့ ချီးမြှောက်ထား၊ အဲဒီက ပေါက်ဖွားလာတဲ့ကလေးက ဝိဋ္ဋူဘလို့ သားတော်လေးဖွားလာခဲ့တာ၊ ဒီတော့ ဝိဋ္ဋူဘက သားတော်လေးအဖြစ်နဲ့ မွေးဖွားလာတော့ တော်တော်လေး ကြီးပြင်းလာတော့၊ သူ့ ဘိုးဖွားတွေ မေးမြန်းစုံစမ်းတော့ သာကီဝင်မင်းမျိုးတွေလို့ သိရ၊ အဲဒီတင် သူက၊ ဟာ–ငါသာကီဝင်မင်းမျိုးပါလား ငါဟာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့အမျိုး၊ ငါ သာကီဝင်မင်းမျိုး ငါ့အဘိုး ငါ့အဘွားတွေဆီ သွားပြီးတော့လည်မယ်၊ အဘိုးအဖွားတွေဆီ သွားပြီးတော့ တစ်ရက်နှစ်ရက် သုံးလေးရက်စသည်အားဖြင့် မိတ်ဆက်တဲ့အနေ သွားပြီးတော့လည်မယ်၊ ဝိဋ္ဋူဘက အိမ်ရှေ့မင်းဘဝရောက်တဲ့အခါမှာ အဘိုးတွေ အဘွားတွေနေရာဖြစ်တဲ့ သက္ကတိုင်း ကပိလဝတ္ထု နေပြည်တော်ကို သွားပြီးတော့ လည်ပတ်တယ်ပေါ့၊ အဘိုးက မဟာနာမ် မင်း၊ အဘွားက ခုနက ကျွန်မကပြားဖြစ်နေတဲ့ ဝါသဘ ခတ္တိယာရဲ့အမေ ကျွန်မ၊ ကျန်တဲ့ဆွေတော်မျိုးတော်တွေ သာကီဝင်၊ သူ့ဘိုး သူ့ဘွားတွေ ဆိုပြီးတော့ ဂုဏ်ယူပြီးတော့ သူက သွားပြီးတော့ လည်တယ်ပေါ့၊

အဲလိုလာတဲ့အခါကျတော့ သာကီဝင်မင်းမျိုးတွေက ဇာတ်မာန်က အင်မတန်ကြီးတာဖြစ်တော့ ကျွန်မရဲ့သား၊ သူတို့ဆီက လွှတ်လိုက်တဲ့ ကပြားကျွန်မရဲ့သားဆိုတော့ သာကီဝင်မင်းသားအစစ် မဟုတ်ဘူးဆိုပြီးတော့ ဟန်ဆောင်ပြီးတော့ ဧည့်ခံကြတယ်။ အစစ်အမှန်မေတ္တာနဲ့ ဧည့်မခံကြဘူး ဧည့်ဝတ်မပြုကြဘူး ဟန်ဆောင်မေတ္တာနဲ့ ဧည့်ဝတ်ပြု၊ ဝတ္တရားကျေပြုစုကြ နေရာထိုင်ခင်းတွေပေးကြ၊ အဲဒီလိုနေပြီးတော့ သုံးလေးရက်လောက်နေပြီးတော့ ဝိဋူဘက သူ့တိုင်းနိုင်ငံကို သူ ပြန်တော့မယ်ဆိုပြီးတော့ပြန်တာ၊ အဲဒီလို ပြန်တဲ့အခါမှာ၊ ဝိဋူဘ သက္ကတိုင်း ကပိလဝတ္ထုနေပြည်တော်ကနေပြီးတော့ ထွက်ပြီးတော့ ကောသလတိုင်းဘက်ကို ပြန်ထွက်သွားတဲ့နေ့မှာ၊ အမတ်တစ်ယောက်က သူ့ရဲ့ပစ္စည်းတစ်ခု မေ့ကျန်နေရစ်လို့ နယ်စပ်နားရောက်ခါနီးကျမှ မြင်းစီးပြီးတော့ ကတိုက်ကရိုက်နဲ့ ဝိဋူဘ တည်းခိုခဲ့တဲ့ တည်းခိုခန်းဘက်၊ နန်းမဆောင်နားဘက် ပြန်ပြီးတော့ရောက်အလာ၊

အဲဒီမှာ ကျွန်မတစ်ယောက်က၊ ဝိဋူဘတည်းခိုနေထိုင်ခဲ့တဲ့ နန်းမဆောင်က ပျဉ်ချပ်တွေကို ဒီနေရာကား ဝါသဘခတ္တိယာ ကျွန်မရဲ့သား ထိုင်ခဲ့တဲ့နေရာ၊ ဒါကျွန်မသားသုံးဆောင်သွားတဲ့ ကုဋင်ပစ္စည်း၊ ဒါကျွန်မသားအိပ်သွားတဲ့ နေရာဆိုပြီး ပါးစပ်ကလည်းဆဲဆို နို့ရေတွေနဲ့ဆေးကြောနေတာ၊ ဒါကို အမတ်က ကြားလို့ ဝိဋူဘကို ပြန်ပြောသံတော်ဦးတင် ဩ–သူတို့က ဒီလိုလား၊ ဒီလိုဆိုရင် သူတို့က ငါထိုင်ခဲ့တဲ့ ပလ္လင်ကို နွားနို့ရေနဲ့ ဆေးကြတယ်ဆိုရင်ဖြင့် ငါရှင်ဘုရင်ဖြစ်တဲ့အခါ ငါထိုင်တဲ့ပလ္လင်ကို သာကီဝင်မင်းမျိုးတွေရဲ့ လည်ချောင်းသွေးနဲ့ ဆေးမယ်လို့ နာကြီးခံခက်စွာနဲ့ ဆုံးဖြတ်ချက် ချထားတယ်၊

အဲဒီရန်ငြိုးပဲ အခု ဝိဋူဘဖခင် ကောသလမင်းကြီး နတ်ရွာစံကံတော်ကုန်သွားတော့ ထီးနန်းကို သူ ရတယ်၊ ကောသလတိုင်းကြီးရဲ့ ဘုရင်ဖြစ်လာတယ်၊ ကောသလတိုင်းကြီးရဲ့ ဘုရင်ဖြစ်လာလို့ မကြာခင်ဘဲ၊ ခုနက ရန်ငြိုးရန်စ စိတ်ထဲမှာ ခံရခက်တဲ့ဒေါသတွေကြောင့် အမေဖြစ်တဲ့ ဝါသဘခတ္တိယာကိုလဲ သနား၊ သူ့အဘိုး ကောသလမင်းကြီးကိုလဲ သနား၊ သူ့ကိုယ်တိုင်ကလဲ အခံရခက်လွန်းလို့ သာကီဝင်မင်းမျိုးတွေကို သတ်မယ်၊ သာကီဝင်ပင်းမျိုးတွေရဲ့ လည်ချောင်းသွေးနဲ့ ပလ္လင်ကိုဆေးမယ်ဆိုတဲ့စိတ်နဲ့ ဆင်ကြီးစီးပြီးတော့

စစ်တပ်ကြီးနဲ့ ချီလာပြီးတော့ သာကီဝင်မင်းမျိုးတွေ တစ်မျိုးလုံး ဖမ်းပြီးတော့ သတ်မယ်ဆိုပြီးတော့ ထွက်လာ၊

အဲလိုထွက်လာတာကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သိတော် မူတယ်၊ သိတော်မူလို့ သက္ကတိုင်းနဲ့ ကောသလတိုင်းရဲ့ နယ်စပ်ကနေပြီး ဘုရားရှင် ကိုယ်တော်မြတ်ကြီးက သွားပြီးစောင့်တယ်၊ ဝိဋ္ဋူဘလာမည့် ဖြတ်သန်းမည့် လမ်းထိပ်ကနေပြီးတော့ လာစောင့်တယ်၊ လာစောင့် ပြီးတော့ ဘုရားရှင်ကိုယ်တော် မြတ်ကြီးက သစ်ပင်တစ်ပင်အောက် ထိုင်းပြီးတော့ သီတင်းသုံးတော်မူတယ်၊ သစ်ပင်က ဘုရား ထိုင်သီတင်းသုံးတဲ့ သစ်ပင်က အရိပ်က အရွက်က ကျိုးတိုးကျဲတဲ၊ အရိပ်ကျိုးတို့ကျဲတဲ သစ်ပင်၊ သို့သော် နယ်အနေနဲ့ပြောရင် သာကီဝင်မင်းတွေရဲ့ နယ်ဘက်က သစ်ပင်ဖြစ်တယ်၊

ဟို....ကောသလတိုင်းကြီးရဲ့ နယ်စပ်၊ ကောသလ တိုင်းကြီးရဲ့ နယ်စွန် နယ်ဖျားမှာ သစ်ပင်ကြီးတပင် မနီးမဝေးမှာက ပင်ညောင်ပင်ကြီး အရိပ်က ကောင်းပါဘိနဲ့ရှိတယ်၊ အဲဒီအောက် ဘုရားက မထိုင်ဘူး၊ ဆွေတော်မျိုးတော် တွေရဲ့ နယ်ဘက်က သစ်ပင်အရိပ် ကျိုးတို့ကျဲတဲအောက်မှာ ထိုင်တော်မူတယ်။ အဲဒါ–ဝိဋ္ဋူဘက ဆင်ကြီးစီးပြီးတော့ စစ်တပ်ကြီးနဲ့ချီပြီး ထွက်လာတော့ ဘုရားကိုလှမ်းပြီးတော့ မြင်တယ်၊ ဘုရားမြင်တယ်ဆိုရင်ပဲ သူက ဆင်ပေါ်ကဆင်းပြီး ဘုရားကို လက်အုပ်ချီမိုး ကန်တော့ပြီးတော့၊ ဘုရားကိုတော့ သူက ကြည်ညိုတယ် သာကီဝင်မင်းမျိုးတွေကိုသာ သူက စိတ်နာတာ၊ ဘုရားကိုတော့ ကြည်ညိုတယ်၊ ဒီတော့ သူ ဆင်ပေါ်ကဆင်းလာပြီး ဘုရားကို လျှောက်တယ်။

မြတ်စွာဘုရား ဟိုဘက်က ပင်ညောင်ပင်အရိပ်ကြီးက ကောင်းပါဘိသနဲ့ အဲဒီ အရိပ်ကြီးကောင်းတဲ့ ပင်ညောင်ပင်အောက်မှာ သီတင်းသုံးဘို့ ကောင်းပါတယ် ဘုရား၊ အရှင်ဘုရား ခုသီတင်းသုံးနေတဲ့ သစ်ပင်က အရိပ်ကျိုးတို့ကျဲတဲနဲ့ နေပူတစ်ပိုင်းစနဲ့ နေပျောက်တွေ ထိုးပြီးတော့ ရှင်တော်ဘုရား ပင်ပန်းတော် မူပါလိမ့်မယ်လို့ လျှောက်တော့၊ ဘုရားကိုယ်တော်မြတ်ကြီးက၊ မဟာရာဇ ....

သစ်ပင်ရိပ်ထက် ဆွေမျိုးမိဘ ရိပ်ကအေးလို့ ဆွေမျိုးမိဘရိပ်ဘက်မှာ နေရပါတယ်လို့ ဒီစကားကို ပြောလိုက်ပါတယ်၊ ဆိုလိုတာ က သစ်ပင်ရိပ်ထက် ဆွေမျိုးမိဘရိပ်က အေးလို့ ဆွေမျိုးမိဘတွေရှိတဲ့ဘက်က သစ်ပင်အောက်မှာ နေလိုက်တယ်၊ အဲ့ဒီစကား ပြောလိုက်တယ်ဆိုရင်ပဲ ဝိဋ္ဋူဘက ရိပ်မိတယ်။ အဲ— ဘုရားကိုယ်တော်မြတ် သူ့ဆွေမျိုးတွေကို ငါသတ်ဘို့ ထွက်လာတယ် ဆိုတာကို ရိပ်မိလို့ ပရိယာယ်နဲ့ တားရှာတော်မူတာပဲလို့ ဆိုပြီးတော့ တပ်ခေါက်ပြီးတော့ ပြန်တယ်၊ အဲ့ဒီမှာ သစ်ပင်ရိပ်ထက် ဆွေမျိုးမိဘ ရိပ်က အေးတယ်ဆိုတဲ့စကား ဘုရားပြောတော်မူတဲ့စကား၊ ဝိဋ္ဋူဘ ဇာတ်မှာ၊ ဒါကြောင့် သစ်ပင်ရိပ်ထက် ဆွေမျိုးမိဘရိပ်က အေးပါပေတယ်၊ အဲဒီ သစ်ပင်ရိပ်တွေ ဆွေမျိုးမိဘရိပ်တွေထက်.....

❖ **သစ်ပင်ရိပ်လှ. အေးမြပေရှာ၊ ဆွေမျိုးမိဘ. မင်းကသာပါ။**

တတိယ–မင်းစိုးရာဇာ အရိပ်ကအေးပြန်တယ်၊ မင်းစိုးရာဇာ အရိပ်က ဘယ့်နှယ်ကြောင့် မိဘဆွေမျိုးရိပ်ထက် အေးတာတုန်းဆိုတော့၊ မိဘဆွေမျိုးတွေ မတတ်နိုင်တာကို မင်းစိုးရာဇာက အရိပ်ပေးနိုင်တယ်၊ မင်းစိုးရာဇာက အရိပ်ပေးပြီးတော့ အာဏာတွေ တန်ခိုးတွေနဲ့ ဖြန့်ထားလို့၊ ယနေ့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေ ဘယ်အရပ်သွားသွား၊ ကိုယ့်ကို နှိပ်စက်မယ့်သူတွေနဲ့ မတွေ့အောင်၊ ကိုယ့်ကို ရန်ပြုမယ့်သူတွေနဲ့ မတွေ့အောင်၊ ကိုယ့်ကို နိုင်လွန်မင်းထက် နှိပ်စက် လုယက်မယ့်သူတွေနဲ့ မတွေ့အောင်၊ မင်းစိုးရာဇာတို့က အာဏာတွေနဲ့, တန်ခိုးတွေနဲ့, ဥပဒေတွေနဲ့, ရုံးတွေနဲ့, ဂတ်တွေနဲ့ထားပြီး စောင့်ရှောက်ထားလို့၊ မင်းစိုးရာဇာအရိပ်ကြီးက ပိုပြီးတော့ ကြီးကျယ်အေးမြတယ်၊ ပျံ့ပြောပြီးတော့ အေးမြတယ်၊ မိဘဆွေမျိုးရိပ်က အဲသလောက်တော့ မတတ်နိုင်ဘူး၊ ဒါကြောင့်–

❖ **သစ်ပင်ရိပ်လှ. အေးမြပေရှာ၊ ဆွေမျိုးမိဘ. မင်းကသာပါ၊ ဆရာ့အရိပ်. လွန်သိပ်ချမ်းသာ။ ......**

လေးနံပါတ်–အဲဒီသစ်ပင်ရိပ်. ဆွေမျိုးမိဘရိပ်. မင်းစိုးရာဇာ ရိပ်ထက်. ဆရာသမားအရိပ်က ပိုပြီးတော့ အေးမြတယ်တဲ့၊ ဆရာသမားဆိုတာ ကိုယ့်ကို

ပစ္စုပ္ပန်ကြောင်း သံသရာကြောင်း စောင်းမသွားအောင် ဟောပြောဆုံးမ သွန်သင်တတ်တဲ့ ဆရာသမား။ လူဆရာ ရှင်ဆရာ၊ ပစ္စုပ္ပန်မှာလဲကောင်းအောင်, သံသရာမှာလဲ အပါယ်လေးပါးကျပြီး စောင်းမသွားအောင်, ပစ္စုပ္ပန်မှာလည်း ကြီးပွားအောင်, သံသရာမှာလည်း ကြီးပွားအောင်, ဟောပြောဆုံးမသွန်သင် တတ်တဲ့ ဆရာသမား၊ အဲဒီ ဆရာသမားအရိပ်က၊ ခုနက သစ်ပင်အရိပ် ထက်လည်းအေးမြတယ်၊ မိဘဆွေမျိုးရိပ်ထက်လည်း အေးမြတယ်၊ မင်းစိုးရာဇာ အရိပ်ထက်လည်း အေးမြတယ်တဲ့၊ ပစ္စုပ္ပန်သံသရာရေး ချမ်းသာစေတတ်တာမို့ ဒါ့ကြောင့် ပရိတ်သတ်ကြီးအားလုံး လိုက်ဆိုစမ်းပါ—

**❖ သစ်ပင်ရိပ်လှ, အေးမြပေရှာ၊ ဆွေမျိုးမိဘ, မင်းကသာပါ၊
ဆရာ့အရိပ်, လွန်သိပ်ချမ်းသာ၊ မြတ်ဘုရား မှတ်သားမယုဉ်သာ။**

အဲ .... ယှဉ်ပြဆိုအပ်ခဲ့တဲ့ သစ်ပင်ရိပ်ထက်, မိဘဆွေမျိုး ရိပ်ထက်, မင်းစိုးရာဇာရိပ်ထက်, ဆရာသမားအရိပ်တွေထက်, ဘုရားရှင်ကိုယ်တော်မြတ်ကြီး အရိပ်က ထူးကဲလွန်မြတ်စွာ အေးမြပါပေတယ်တဲ့ ဘုရားအရိပ် လွန်သိပ်ချမ်းသာ တဲ့၊ အအေးမြဆုံးအရိပ် အချမ်းသာဆုံးအရိပ်၊ ဘာပြုလို့တုန်းဆိုတော့ အတွင်းပူ အပြင်ပူ ရှိသမျှတွေကို ငြိမ်းပျောက်စေတဲ့အရိပ်၊ ခုနက သစ်ပင်အရိပ်ကြီးက အပြင်အပူကိုသာ အေးမြစေနိုင်တယ်၊ အတွင်းပူလို့ခေါ်တဲ့ အတွင်းက လောဘ ဒေါသစတဲ့၊ ရာဂစတဲ့ မီးဆယ့်တစ်မီးဆိုတဲ့ အပူတွေ၊ လောဘမီးတွေ ဒေါသမီးတွေ မောဟ မီးတွေနှင့်တကွ အိုခြင်းဆိုတဲ့ ဇရာမီးပူ၊ နာခြင်းဆိုတဲ့ ဗျာဓိမီးပူ၊ သေရခြင်းဆိုတဲ့ မရဏမီးပူ၊ အဲဒီမီးအပူတွေကို သစ်ပင်ကြီးက မတတ်နိုင်၊ မိဘဆွေမျိုးကလည်း မတတ်နိုင်၊ မင်းစိုးရာဇာကလည်း မတတ်နိုင်၊ ဆရာသမားကလည်း ဒါလောက်မတတ်နိုင်၊ ဘုရားအရိပ်ကို ခိုရမှ အေးမြတယ်တဲ့၊ အတွင်းပူ အပြင်ပူတွေကို ငြိမ်းပျောက်စေနိုင်တယ်၊

ဘုန်းကြီးတို့ ဒကာ–ဒကာမတွေမှာ အတွင်းပူ အပြင်ပူ နှစ်ပူညှပ်ပြီးတော့ ပူနေကြတာမို့လို့၊ အတွင်းပူတွေက ကိလေသာ၊ အပြင်ပူတွေက အာရုံငါးဖြာ၊ အပြင်ပူတွေဆိုတာ–ပညတ်တင်ပြီးတော့ပြောရင်တော့ မီးပူ, ရေပူ, မင်းစိုးရာဇာပူ,

သူ့ခိုးဓါးပြမှုအစရှိသည်ဖြင့် ရန်သူမျိုးငါးပါး လက်နက်ဒုတ်ဓါးအစရှိတဲ့ ဘေးရန်တွေအသွယ်သွယ်က အပြင်ပူ၊ အဲဒီ အပြင်ပူတွေကို ပရမတ္ထသဘောနဲ့ ပြောကြရင် အဆင်းမျိုးစုံ ရူပါရုံ၊ အသံမျိုးစုံ သဒ္ဒါရုံ၊ အနံ့မျိုးစုံ ဂန္ဓာရုံ၊ စားဖွယ်သောက်ဖွယ်မျိုးစုံ ရသာရုံ၊ အထိအတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံငါးဖြာ ဆိုတဲ့ အပြင်ပူ၊ လိုချင်စရာကောင်းတဲ့ အဆင်း၊ ကြောက်စရာကောင်းတဲ့ အဆင်း၊ ဒါ အပူချည်းပဲ လိုချင်စရာကောင်းတဲ့ အဆင်းကလည်း လိုချင်စရာ အဖြစ်နဲ့ပြုပြီးတော့—ဒကာ ဒကာမတွေကိုများ လိုချင်စရာ, ရချင်စရာကောင်းတဲ့ အဆင်းမျိုးစုံလေးတွေက ဒကာ–ဒကာမတွေကို လိုချင်နေအောင်. မက်မောနေအောင်, တွယ်တာနေအောင်, အပြင်ဘက်က ပြုကြတယ် အပူပဲ၊ သူက ကြောက်စရာကောင်းတဲ့ အဆင်းတွေကလဲ ကြောက်စရာ လန့်စရာအဖြစ်နဲ့ တွေ့ပြီးတော့ ဒေါသဆိုးတွေ အတွင်းပူတွေတောက်ကြတယ်၊ ဒီတော့ အာရုံငါးပါး ဆိုတဲ့ တရားဟာ အပြင်ပူ၊ လောဘ ဒေါသစတဲ့ မီးဆယ့်တစ်မီးက အတွင်းပူ၊ ဒီနေ့ ဒကာ–ဒကာမတွေမှာ အတွင်းပူ. အပြင်ပူနှစ်ပူ ညှပ်ပြီးတော့ ပူနေတာကို ခံနေကြရ တယ်လို့—

**အန္တောတတ္တာ ဗဟိတတ္တာ, ဒွိဝုဏှေဟိ ပတာပိတာ၊**
**သတ္တာ သောတ္ထိံ နဂစ္ဆန္တိ. အဂ္ဂိမှတ္တာဝ အာတပေ။ ။**

သတ္တာ–သူရောကိုယ်ရော သောသောကြွက်ဆူ ခပ်သိမ်းသူတို့သည်၊ အန္တောတတ္တာ–ကိလေသာရန်သူ အတွင်းပူတွေက တစ်ဆူဆူ လောင်မြိုက် အပူတိုက်၍ နေကြလေကုန်၏။ အတွင်းပူတွေက ပူလိုက်တာ မနက်မိုးလင်း လာသည့်နှင့်တစ်ပြိုင်နက်၊ သားစာ သမီးစာ အရှာထွက်ရမယ်ဆိုတဲ့ လောဘမီးက တိုက်လိုက်တော့၊ ကိုယ့်နေရာလေး ကို ငြိမ်ငြိမ်ထိုင်နေလို့ မရဘူး၊ လောကမှာ အပူလောင်တဲ့ အရာဝတ္ထုဟာ လှုပ်လှုပ်ရှားဖြစ်နေတတ်တယ်၊ —

**သန္တတ္တော သဥရိတော ဟောတိ။**

သန္တတ္တော–အပူလောင်မြိုက်ခြင်းကိုခံရတဲ့ အရာဝတ္ထုမှန်သမျှသည်၊ (ဝါ)–မီးလောင်သမျှခံရတဲ့ အရာဝတ္ထုမှန်သမျှသည်၊ ဣတော စိတော သဥရိတော–

ဟိုဟိုဒီဒီ လှုပ်ရှားရွေ့လျား၍ နေတတ်လေ၏၊ မီးလောင်ခံရတဲ့ အရာဝတ္ထု မှန်သမျှဟာ ငြိမ်ငြိမ်နေလို့မရဘူး၊ အိမ်ကြီးများ မီးလောင်ပြီဆိုရင် ဟုန်းဟုန်း ဟုန်းဟုန်းနဲ့ ရိမ်းရိမ်းရိုင်ရိုင် ဒရီးဒရိုင်ကို ဖြစ်ကုန်၊ သစ်ရွက်ကလေးတွေ စက္ကူကလေးတွေ မီးလောင်ပြီဆိုရင် လိမ်တွန့်ခေါက်ခွေပြီးတော့ လှုပ်ရှားကုန်တယ်၊

အဲဒါလိုပဲ ယနေ့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေရဲ့ ခန္ဓာ ကိုယ်ကြီးမှာ လောဘဆိုတဲ့ မီးကတောက်လိုက်တော့၊ သားစာ သမီးစာ ရှာထွက်မှဖြစ်မှာ၊ ရှာအုန်းမှ ဖြစ်မှာဆိုပြီးတော့ ဈေးရုံကနားဆီ ပြေးရတယ် အထုပ်ကလေးတွေနဲ့ ဈေးရောင်းလို့၊ ထွန်တွေ ထယ်တွေ ထမ်းပြီးတော့ လယ်ယာဘက် ထွက်ရတယ်၊ သားစာ သမီးစာအတွက် လောဘမီးက တောက်လိုက်တော့ အိမ်ထဲနေလို့မရ၊ ရပ်ထဲနေလို့မရ၊ ရွာထဲနေလို့မရ ပြေးရတယ်၊ အထက်ကလူက အောက်ကိုစုန်ပြေးရတယ်၊ အောက်ကလူက အထက်ကို ဆန်လာခဲ့ရတယ်၊ ဟိုဟိုဒီဒီရွေ့လျားပြီးတော့ ပြေးကြလွှားကြ ရတယ်တဲ့၊ မီးပူကြောင့် လောဘမီးပူကြောင့်၊ ဒီထဲ ငါရောင်းတဲ့ပစ္စည်း ရောင်းမှရောင်းရပ့ါမလား၊ ငါထင်တဲ့အတိုင်း မြတ်မှ မြတ်ပ့ါမလား၊ ရောင်းပန်းမှ လှပ့ါမလား၊ ဝယ်ပန်းမှလှပ့ါမလားလို့ သောကမီး။ အဲဒီအတိုင်း မထင်တာတွေ မထင်တဲ့အတိုင်း ဖြစ်လာကုန်ပြီဆိုတော့ မျက်ရည်ကျရတဲ့ ပရိဒေဝမီး၊ စိတ်တွေမချမ်းမသာဖြစ်ရ ငါ့မှ ဖြစ်ရလေခြင်း, ငါ့မှ ကြုံရလေခြင်းဆိုတဲ့ ဒေါမနဿမီး၊ အဲဒီလိုအားဖြင့် နောက်ဆုံး ဇရာမီး, ဗျာဓိမီး, မရဏမီးဆိုတဲ့ မီးပူတွေကလည်း တညီးညီး တပြောင်ပြောင်လောင်ပြီးတော့ နေကြတယ်၊ ဒါက အတွင်းမီး။

အဇ္ဈတ္တတ္တာ–ကိလေသာရန်သူ အတွင်းပူတွေက တစ်ဆူဆူ လောင်မြိုက် အပူတိုက်၍နေကြလေကုန်၏၊ ဗဟိတတ္တာ–အဆင်းအသံ ငါးတန်ရောယှု အပြင်ရန်သူတွေကလည်း တဆူဆူလောင်မြိုက် အပူ တိုက်၍ နေကြလေကုန်၏၊ အပြင်ဘက် အဆင်းမျိုးစုံ ရူပါရုံဆိုတဲ့ အပူတွေကလည်း အမြဲတမ်း မျက်စိပေါက်မှာလာပြီးတော့ တိုက်တယ်တဲ့၊ လိုချင်စရာ အဆင်းမျိုးစုံ ရူပါရုံကလေးတွေက မျက်စိလာတိုက်တော့၊ ဒီအဝတ်ကလေးဝတ်ပြီးတော့

ဟိုအရောင်မျိုး အဝတ်ကလေးဝတ်ချင်ပြန်၊ ဟိုအရောင်မျိုးလေးပြီးတော့ ဟိုဘက်ကအရောင်မျိုးလေး ပြောင်းဝတ်ချင်ပြန်၊ စိမ်းစိမ်းလေးရတော့ နီနီလေး လိုချင်၊ နီနီကလေးရတော့ ဝါဝါလေးဝတ်ချင်စသည်ဖြင့်၊ အဆင်းမျိုးစုံ ရူပါရုံကလေးက မျက်စိကို လာပြီးတော့တိုက်ကြတော့ အပြင်ဘက်ကအပူတွေ လာပြီးတိုက်ကြတယ်၊ အသံမျိုးစုံ သဒ္ဒါရုံကလေးတွေ, အနံ့မျိုးစုံ ဂန္ဓာရုံလေးတွေ, စားဖွယ် သောက်ဖွယ်မျိုးစုံ ရသာရုံလေးတွေ၊ အချိုလေးရတော့ အချဉ်လေး စားချင်၊ အချဉ်လေးစားရပြန်တော့ အဖန်လေးနဲ့တွေ့ချင်စသည်ဖြင့်၊ အပြင် ဘက်က အာရုံငါးပါးဆိုတဲ့ ရန်သူအပူဓာတ်ကြီးများက ညှပ်ပြီးတော့ တိုက်ကြ တယ်တဲ့၊ အပြင်ဘက်ကအပူနဲ့တိုက်လိုက်တော့ အတွင်းပူ လောဘမီးတွေ ထတောက်၊ ဒေါသမီးတွေထတောက်၊ သောကမီးတွေ ထတောက်ပြီးတော့—

အန္တောတတ္တာ–ကိလေသာရန်သူ အတွင်းပူတွေက တဆူဆူလောင်မြိုက် အပူတိုက်၍နေကြလေကုန်၏။ ဗဟိတတ္တာ–အဆင်းအသံ ငါးတန်ရောယှု အပြင်ပူတွေကလည်း တစ်ဆူဆူလောင်းမြိုက် အပူတိုက်၍ နေကြလေကုန်၏။ ဒွိဟုဏောဟိ–အပြင်ဘက်က ရန်သူငါးတန် အတွင်းရန်က ကိလေသာ, နှစ်ဖြာဖိညှပ် တပ်နှစ်တပ်တို့ဖြင့်။ ပတာပိတာ–နေ့ကို လည်းမရှောင် ညကိုလည်းမရှောင် အမြဲလောင်သဖြင့် အပူကောင် အပူကောင်မတွေ ဖြစ်၍နေကြလေကုန်၏။

နေ့လဲတပူပူ ညလဲတပူပူ၊ အပြင်ပူ အတွင်းပူ နှစ်ပူညှပ်ပြီးတော့ တိုက်တာ ခံနေကြရတယ်၊ ဥပမာ–ဘယ်လိုတုန်းဆိုတော့၊ ကိမိဝ–ဥပမာပုံဆို အဘယ်ကဲ့သို့နည်းဟူမူကား၊ အာတပေ–ကဆုန်နယုန် ဆွေ့ဆွေ့ခုန်အောင် ပူဟုန်တောက်စွဲ နေပူထဲ၌၊ အဂ္ဂတတ္တာဝ–မီးပြင်းပြင်းတိုက်၍ အမြိုက်ခံ ရကြရလေကုန်သကဲ့သို့ ကဆုန်နယုန်ဆိုတော့ အထက်က နေမင်းကြီးကလည်း ပူလိုက်တာ ပူပြင်းလိုက်တာ၊ အထက်ကလဲပူ၊ အောက်ကလဲ မီးတွေဝိုင်းပြီးတော့ မီးပူတွေဝိုင်းပြီးတော့ ပတ်ဝန်းကျင်ကရော အောက်ကရော မီးပူတွေဝိုင်းပြီးတော့ တိုက်တာကို ခံရတဲ့အပူ၊ အထက်ပူ အောက်ပူ နှစ်ပူညှပ်ပြီးတော့ ပူရသလို၊ အာတပေ–ကဆုန်နယုန်ဆွေ့ဆွေ့ခုန်အောင် ပူဟုန်တောက်စွဲ နေပူထဲ၌၊

အင်္ဂုတ္တရ၀–**မီးပြင်းပြင်းတိုက်၍**အမြိုက်ခံကြရလေကုန်သကဲ့သို့၊ သတ္တာ–သူရောကိုယ်ရော သောသောကြွက်ဆူ ခပ်သိမ်းသူတို့သည်၊ သောတ္ထိ–တခဏလေးမျှ ဘေးမခပဲ အေးမြချမ်းသာရာအခွင့်လမ်းကို၊ နဂစ္ဆန္တိ–ကိုယ့်အဖြစ်ကို ကိုယ်ဆင်ခြင်လို့မို့ ထင်မြင်အောင် တွေးလေတော့ ချမ်းသာရေးလမ်းပေါက်အောင် မရောက်နိုင်ပဲ ရှိကြလေကုန်သတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

ဒါဖြင့် အဲဒီအတွင်းပူ အပြင်ပူတွေမှန်သမျှ ငြိမ်းပျောက်ချင်ရင် ဘုရားအရိပ်ကြီးကို ခိုရတယ်တဲ့၊ ဒီနေ့ စစ်ကိုင်း ဝါးချက်ကျေးရွာ ဇီဝိတဒါနဆေးရုံကြီးအတွင်းသို့ လာရောက်ကြပြီးတော့သကာလ တရားနာကြတဲ့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေ ဘုရား အရိပ်အောက် ရောက်နေကြတဲ့အချိန်၊ ဘုရားအရိပ်အောက် ခိုတယ် ဆိုတာ ဘယ်လို လုပ်နေတဲ့အချိန်တုန်း၊ ဘာလုပ်နေတဲ့အချိန်တုန်း၊ ဘယ်လိုလူတုန်းလို့ဆိုရင် အားလုံးပရိသတ် လိုက်ဆိုစမ်းပါ။

## ❖ ဒါနတရား. ကြိုးစားနေသူ၊ ကုသိုလ်ကိစ္စ. နေ့ညမဟူ၊ ဘုရားရိပ်ကြီး. ခိုမှီးနေသူ၊ အပူငြိမ်း အေးကိန်းဆိုက်မည့်သူ။

နိဗ္ဗာန်ကိုရည်မှန်းပြီးတော့ စွန့်ကြဲပေးကမ်း လှူဒါန်းပူဇော်နေတဲ့ ဒါနကောင်းမှု ဒါနကောင်းမှုကို ပြုမယ်လို့ကြံနေတဲ့သူ၊ ပြုနေဆဲသူ၊ ပြုပြီးတော့ ဝမ်းသာနေတဲ့သူမှန်သမျှ ဘုရားအရိပ်ကြီး ခိုမှီးနေတဲ့သူတဲ့၊ အခု ဓမ္မဒါနကုသိုလ်ရှင်များ ဖြစ်ကြတဲ့ ကုသိုလ်ရှင်တွေ ဓမ္မဒါနအလှူကို လှူမယ်လှူမယ်လို့ ကြံရွယ်ပြီးတော့ နေတဲ့အချိန်၊ ယခု လှူဒါန်းပူဇော်ပြီးတော့ နေဆဲအချိန်၊ ပရိသတ်ကြီး ဘုရားအရိပ်အောက် ရောက်နေကြတာလား ? အရိပ်ပြင်ဘက်နေတာလား ? ဘုရားအရိပ်အောက် ရောက်နေတာပါဘုရား၊ အားလုံးသော တရားနာပရိသတ် အပေါင်း သူတော်ကောင်းတွေ မဂ်ဖိုလ်နိဗ္ဗာန်ရည်မှန်းပြီးတော့ မိမိတို့တတ်စွမ်းသမျှ ဒီနေ့ ဘုရားကိုပူဇော်၊ တရားကိုပူဇော်၊ သံဃာကိုပူဇော်၊ မိဘဘိုးဖွား ဆရာသမားတွေကိုပူဇော်၊ တတ်စွမ်းသမျှ လှူဒါန်းတဲ့ ဒါနကောင်းမှုတွေ

ပြုနေတဲ့အချိန်သည်၊ ဘုရားအရိပ် ခိုမှီးတဲ့အချိန်လား ? မခိုမှီးတဲ့ အချိန်လား? ခိုမှီးတဲ့အချိန်ပါဘုရား။

အဲဒီလို ဘုရားအရိပ်ကို ခိုမှီးသော အားဖြင့် နိဗ္ဗာန်ကိုရည်မှန်းပြီးတော့ ဒါနစတဲ့ကောင်းမှုတွေကို ကြိုးပမ်းအားထုတ်ပြုလုပ်နေတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီး နိဗ္ဗာန်နဲ့ နီးသွားမှာလား–ဝေးသွားမှာလား? နီးသွားမှာပါဘုရား။ နိဗ္ဗာန်ဆိုတဲ့ အရိပ်ကြီးက၊ လောဘဆိုတဲ့ ကိလေသာပူတွေကို ငြိမ်းရာဌာနကြီး၊ ဒေါသ, မောဟဆိုတဲ့ ကိလေသာအပူတွေ ငြိမ်းရာဌာနကြီး၊ အိုခြင်းပူ, နာခြင်းပူ, သေခြင်းပူတွေကို အပြီးသတ် ငြိမ်းရာဌာနကြီးလို့ဆိုတော့၊ အပူငြိမ်းပြီးတော့ အေးကိန်းဆိုက်မယ့်သူ၊ စွန့်ကြဲပေးကမ်းလှူဒါန်းမှုဆိုတဲ့ ဒါနကောင်းမှု တတ်စွမ်းသမျှပြုနေတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးမှန်သမျှ အပူငြိမ်းပြီး အေးကိန်းဆိုက်မယ့်သူ၊ နိဗ္ဗာန်ရည်မှန်းပြီးတော့ ဒါနကောင်းမှုပြုနေတဲ့ အမျိုးသား အမျိုးသမီးများ အေးကိန်းဆိုက်မယ့်သူလား, ပူကိန်းဆိုက်မယ့်သူလား? အေးကိန်းဆိုက်မယ့်သူပါဘုရား။

### ❖ သီလတရား ကြိုးစားနေသူ၊ ကုသိုလ်ကိစ္စ နေ့ညမဟူ။ ဘုရားရိပ်ကြီး ခိုမှီးနေသူ၊ အပူငြိမ်း အေးကိန်းဆိုက်မယ့်သူ။

ယနေ့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေ ဘုရား ပစ္စက္ခ အရိယာနွယ်လောင်း သူတော်ကောင်းကြီးများ နှစ်ထောင်းအားရ စောင့်သုံးလေ့ ရှိကြတဲ့ သရဏဂုံသုံးပါးနှင့် ရှစ်ပါးသီလ ဆောက်တည်ပြီးတော့ ယို့ရှစ်ပါးသီလကို မကျိုးမပေါက်ရအောင် ထိန်းသိမ်းစောင့်ရှောက်ပြီးတော့ နေကြတဲ့အချိန်သည် ဘုရားအရိပ်ခိုတဲ့ အချိန်းလား–မခိုတဲ့အချိန်လား? ခိုတဲ့အချိန်ပါဘုရား၊ ဘုရား အရိပ်အောက် မရောက်တဲ့အချိန်လား–ရောက်တဲ့အချိန်လား? ရောက်တဲ့အချိန်ပါ ဘုရား၊ အပူငြိမ်းပြီးတော့ အေးကိန်းဆိုက်မယ့်သူတွေလား ပူကိန်းဆိုက်မယ့် သူတွေလား?၊ အေးကိန်းဆိုက်မယ့်သူတွေပါဘုရား။

### ❖ ဘာဝနာတရား ကြိုးစားနေသူ၊ ကုသိုလ်ကိစ္စ နေ့ညမဟူ။ ဘုရားရိပ်ကြီး ခိုမှီးနေသူ၊ အပူငြိမ်း အေးကိန်းဆိုက်မယ့်သူ။

ဘာဝနာတရား ကြိုးစားနေတဲ့သူဟာ ဘုရားအရိပ်အောက် မရောက်တဲ့သူလား–ရောက်တဲ့သူလား? ရောက်နေတဲ့သူပါဘုရား။ ညအိပ်ရာဝင် ဘုရားရှင်ကို ဦးတင်လက်အုပ်ချီနေတဲ့ အမျိုးသား, အမျိုးသမီး၊ ဘုရားအရိပ်အောက် မရောက်တဲ့သူလား–ရောက်တဲ့သူလား? ရောက်တဲ့သူပါဘုရား။ အပျင်းထူလို့ ညအိပ်ရာဝင်တောင်မှ ဘုရားရှင် လက်အုပ်မချီမိတဲ့ အမျိုးသား, အမျိုးသမီးက ဘုရားအရိပ်အောက် ရောက်တဲ့သူလား–မရောက်တဲ့သူလား? မရောက်တဲ့သူပါဘုရား၊ ဘုရား အရိပ်အောက်မရောက်ခဲ့လို့ရှိရင် အေးကိန်းဆိုက်မယ့်သူလား–ပူကိန်းဆိုက်မယ့်သူလား? ပူကိန်းဆိုက်မယ့်သူပါဘုရား၊ အပူကိန်းဆိုက်မယ့်သူ သူတို့က အပါယ်လေးပါးဘက်လှည့်နေတဲ့သူ၊ မနက်အိပ်ရာက နိုးလာလို့ရှိရင်–

"**အိပ်ရာနိုးလျှင် ဘုရားရှင်, ဦးတင်လက်အုပ်ချီရတယ်**" ဆိုတဲ့အတိုင်း မနက်အိပ်ရာနိုးလိုက်သည်နဲ့ တပြိုင်နက်၊ ဘုရား, တရား, သံဃာ ရတနာသုံးပါး, မိဘဘိုးဘွား ဆရာသမား အနန္တောအနန္တငါးပါး ကျေးဇူးဂုဏ် အာရုံပြုရှိခိုး ပါ၏လို့ လက်အုပ်ချီမိုး ရှိခိုးနိုးလာတဲ့ အမျိုးသား, အမျိုးသမီး ဘုရားအရိပ်အောက် ရောက်တဲ့သူလား–မရောက်တဲ့သူလား? ရောက်တဲ့သူပါဘုရား၊ ဘုရား အရိပ်အောက် ခိုတဲ့သူလား–မခိုတဲ့သူလား? ခိုတဲ့သူပါဘုရား၊ ဘုရားအရိပ်အောက် ခိုနိုင်ရင်ဖြင့် အေးကိန်းဆိုက်မယ့်သူလား–ပူကိန်းဆိုက်မယ့်သူလား? အေးကိန်းဆိုက်မယ့်သူပါဘုရား။

### ❖ ဘာဝနာတရား, ကြိုးစားနေသူ၊ ကုသိုလ်ကိစ္စ, နေ့ညမဟူ။ ဘုရားရိပ်ကြီး, ခိုမှီးနေသူ၊ အပူငြိမ်း, အေးကိန်းဆိုက်မယ့်သူ။

မေတ္တာတရားပွားများသောအားဖြင့် သဗ္ဗေသတ္တာ အဝေရာဟောန္တု၊ အဗျာပဇ္ဈာဟောန္တုစသည်ဖြင့် သတ္တဝါတွေ ကျန်းမာချမ်းသာစေကြောင်း၊ မေတ္တာရေလောင်းပြီးတော့နေတဲ့ အမျိုးသား, အမျိုးသမီးသည် ဘုရား အရိပ်အောက် ရောက်တဲ့သူလား–မရောက်တဲ့သူလား? ရောက်တဲ့သူပါဘုရား၊ အေးကိန်းဆိုက်မယ့်သူလား–ပူကိန်းဆိုက်မယ့်သူလား? အေးကိန်း ဆိုက်တဲ့သူပါ ဘုရား၊ အဲဒီလိုအားဖြင့် သမထဘာဝနာခေါ်တဲ့ ဗုဒ္ဓါနုဿတိမေတ္တာစတဲ့

ဘာဝနာတရားများကို ပွားများမယုတ် အားထုတ် နေတဲ့သူ၊ အရှိမှန်တရားဖြစ်တဲ့ ရုပ်နာမ်တရားတွေကို အဖြစ်မှန်တရားဖြစ်တဲ့ အဖြစ်အပျက်ကို မြင်အောင် ကြည့်တဲ့သူ၊ အရှိမှန်ဖြစ်တဲ့ ရုပ်နာမ်ရဲ့ အဖြစ်မှန်ဖြစ်တဲ့ ဖြစ်ပျက်သဘောကို မြင်အောင်ကြည့်နေတဲ့သူ၊ ဒါကို ဝိပဿနာအလုပ် အားထုတ်တယ်လို့ခေါ်ရတယ်၊ ဝိပဿနာအလုပ် အားထုတ်တယ်ဆိုတာ ဘာပြောတာတုန်းဆိုရင် လောကမှာ ရှိနေတဲ့ အရှိမှန်တရားကို မြင်အောင်ကြည့်ပြီးတော့၊ အဲဒီအရှိမှန်တရားကြီးရဲ့ ဖြစ်နေတဲ့ အဖြစ်မှန်တရားကို မြင်အောင်ကြည့်တဲ့သဘော၊ အရှိမှန်တရားကြီး ဆိုတာ ဘာတုန်းလို့ဆိုရင် ရုပ်နာမ်၊ အရှိမှန်တရားကြီးဆိုတာ ဘာပါလိမ့် ပရိသတ်ကြီး? ရုပ်နာမ်ပါဘုရား၊

လောကမှာ အိမ်တွေ, တိုက်တွေ, အသားအိမ်တွေ, အုဋ်တိုက် ပြသာဒ်တွေ, တချို့ကဝိုင်းဝိုင်း, တချို့ကရှည်ရှည်, တချို့ကလေးထောင့်, တချို့ကသေးသေး, တချို့က ကြီးကြီး၊ အမျိုးမျိုးသောနည်း ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ဆောက်ထား ပြီးတော့၊ သူ့ကို ပြသာဒ်, သူ့ကို အုဋ်တိုက်, သူ့ကို သွပ်မိုးအိမ်, သူ့ကို ပျဉ်ထောင်အိမ်, သူ့ကိုကြတော့ တဲကလေး, သူ့ကိုတော့ တထပ် အိမ်ကလေး, ထရံကာအိမ်ကလေးစသည်ဖြင့် အမျိုးမျိုးအမည်တွေကွဲပြီးတော့ ခေါ်ကြသော်လည်း၊ မူရင်းသဘာဝ ရှာလိုက်ကြတဲ့ အခါကြတော့၊ အသားတွေ, သံတွေ, အုဋ်တွေ, ထုံးတွေ, သဲတွေအခြေခံ မတွေ့ဘူးလား? တွေ့ပါတယ်ဘုရား၊ အရှိမှန်တရား တွေကို ရှာလိုက်တော့ ကမ္ဘာလောကရှိရှိသမျှ အဆောက်အဦတွေ မှန်သမျှကို အရှိမှန်တရား ရှာလိုက်တော့ အသားတွေနဲ့ သံတွေနဲ့ မတွေ့ဘူးလား? တွေ့ပါဘုရား၊ ထုံးတွေ, သဲတွေ, အုဋ်တွေ အခြေခံ မတွေ့ဘူးလား? တွေ့ပါဘုရား၊ အဲဒါလိုပဲ ကမ္ဘာလောကကြီးမှာ လူတွေ, နတ်တွေ, ဗြဟ္မာတွေ, ခွေးတွေ, ဝက်တွေ, ကြက်တွေ, ငှက်တွေ ပုံသဏ္ဌာန်အမျိုးမျိုး၊ ဇာတ်အမျိုးမျိုး ဌာနအမျိုးမျိုးနဲ့၊ အမျိုးမျိုး ဘယ်လောက်ပင် ကွဲနေကြသော်လည်း အရှိမှန် အခြေခံတရား ရှာလိုက်တော့ ရုပ်နဲ့နာမ်, နာမ်နဲ့ ရုပ်လို့ နှစ်ခုသာမတွေ့ဘူးလား? တွေ့ပါဘုရား။

ဒါဖြင့် ကမ္ဘာလောကရှိရှိသမျှရဲ့ အရှိမှန်အခြေခံကြီးက ရုပ်နာမ်၊ အရှိမှန်အခြေခံကြီးက ဘာပါလိမ့်? ရုပ်နာမ်ပါဘုရား၊ အဲဒီအရှိမှန် အခြေခံတရားကို

မြင်အောင်ကြည့်တဲ့ နာမရူပပရိစ္ဆေဒဉာဏ်နဲ့ ရုပ်နာမ် ဟူ၍သော်လည်းကောင်း၊ သွားတယ်, လှမ်းတယ်, စားတယ်, သောက်တယ်, အိပ်တယ်, ထိုင်တယ်ဟူ၍ လည်းကောင်း၊ ရုပ်နာမ်ရဲ့ အမှုအရာ ရုပ်နာမ်ရဲ့ သဘောသဘာဝကို ရှုပွားပြီး နေတဲ့အချိန်သည်၊ အမြင်မှန်မြင်နေတဲ့အချိန်၊ ရုပ်နာမ်ကို ရုပ်နာမ်အတိုင်း မြင်နေတဲ့ အချိန်၊ အရှိမှန်တရားကို အရှိမှန်တရားအဖြစ်နဲ့ သိနေတဲ့အချိန်မို့လို့ ရုပ်နာမ် ပိုင်းခြားသိတဲ့ နာမရူပပရိစ္ဆေဒဉာဏ်ခေါ်တဲ့ ဝိပဿနာအစဉာဏ်၊ အဲဒီ ရုပ်နာမ် တရားသည် ဘယ်လိုသဘောရှိပါသလဲလို့ ဆက်ကြည့်တော့၊ ပေါ်လိုက်, ပျောက်လိုက်, ဖြစ်လိုက်, ပျက်လိုက်, ဖြစ်နေတဲ့သဘောမို့လို့ အဖြစ်မှန်ကြီးကို ကြည့်လိုက်ပြန်တော့လည်း ဖြစ်ပျက်၊ ရုပ်နာမ်ရဲ့ အဖြစ်မှန်လက္ခဏာကို ဖမ်းကြည့်လိုက်တော့ ဖြစ်ပျက်၊ အဖြစ်မှန်က ဘာပါလိမ့်? ဖြစ်ပျက်ပါဘုရား၊ ဖြစ်ပျက်, ဖြစ်လိုက် ပျက်လိုက်, ဖြစ်လိုက် ပျက်လိုက် ဒါသူ့သဘောပဲ။

ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ ထင်နေတာက မနေ့ကလဲ ဒီ ရုပ်နာမ် အခုလဲ ဒီရုပ်နာမ်လို့မြင်တယ်လို့ မထင်ကြဘူးလား? ထင်ပါဘုရား၊ ဝိပဿနာ ဉာဏ်နဲ့ မရှုသမျှ မနေ့ကလဲဒီလက်, ဒီကိုယ်, ဒီခန္ဓာ၊ ဒီနေ့လဲ ဒီလက်, ဒီကိုယ်, ဒီခန္ဓာပဲလို့ အထင်စွဲပြီးတော့ အနိစ္စကို နိစ္စပဲလို့ထင်၊ ဆင်းရဲဒုက္ခ တုံးကြီးကို သုခတုံးကြီးလို့ထင်၊ ကိုယ်မပိုင်တဲ့ ရုပ်နာမ်အစုအဝေးကြီးကို ကိုယ်ပိုင်တယ်, ကိုယ်ဖြစ်ချင်တိုင်း ဖြစ်နိုင်တယ်, ကိုယ်လုပ်ရင်ရတယ်လို့ထင်၊ အဲဒီလို အနိစ္စ, ဒုက္ခ, အနတ္တသဘောကြီး အစစ်ဖြစ်တဲ့ သူ့ရဲ့အဖြစ်မှန်သဘောကို မြင်အောင်ကြည့်နေတဲ့ ဝိပဿနာတရားကို ပွားများသောအားဖြင့် ရုပ်နာမ်ဖြစ်ပျက် ဟူ၍သော်လည်းကောင်း၊ မြင်တယ်, ကြားတယ်, သွားတယ်, ထိတယ်, ထိုင်တယ်, သိတယ်ဟူ၍သော်လည်းကောင်း၊ ရှုပွားပြီးတော့၊ ဝိပဿနာဉာဏ် အားနဲ့ ရှုပွားပြီးတော့နေတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီး၊ ဘုရား အရိပ်အောက် မရောက်တဲ့သူလား, ရောက်တဲ့သူလား? ရောက်တဲ့သူပါ ဘုရား။

❖ **ဘာဝနာတရား, ကြိုးစားနေသူ၊ ကုသိုလ်ကိစ္စ နေ့ညမဟူ။**
**ဘုရားရိပ်ကြီး, ခိုမှီးနေသူ၊ အပူငြိမ်း, အေးကိန်းဆိုက်မယ့်သူ။**

ဒီနေ့ ဗိဝိတဒါနဆေးရုံကြီးရဲ့ အထက်ထပ်သို့ လာရောက်ကြပြီး သကာလ တရားတော်ကို စိတ်စိုက်ပြီးတော့ နာယူတဲ့ ဘာဝနာတရား ပွားများတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ ဘုရားအရိပ်အောက် ရောက်နေတဲ့ သူတွေလား-မရောက်ဘူးတဲ့သူတွေလား? ရောက်နေတဲ့သူပါဘုရား၊ ဘုရား အရိပ်အောက်ရောက်အောင် ခိုခြင်းကြောင့်၊ အေးကိန်းဆိုက်မယ့်သူတွေလား ပူကိန်းဆိုက်မယ့်သူတွေလား? အေးကိန်းဆိုက်မယ့် သူတွေပါဘုရား၊ အဲဒီလိုအားဖြင့်၊ အတွင်းပူ အပြင်ပူ နှစ်ပူညှပ်ပြီးတော့ ပူနေတာကို ခံနေရတဲ့ ဘုန်းကြီးတို့တွေ မိမိတို့တွေ၊ အတွင်းပူ အပြင်ပူ နှစ်ပူကို ငြိမ်းစေတတ်တဲ့၊ အရိပ်ကြီးငါးပါးတို့တွင် ဘုရားအရိပ်ဆိုတဲ့ အအေးဆုံးအရိပ်ကို ခိုမှီးတတ်ရတယ်၊ ခိုမှီးနိုင်တယ်၊

ဒါနကောင်းတွေပြုပြီးတော့ခို၊ သီလကောင်းမှုတွေ ပြုပြီးတော့ခို၊ ဘာဝနာ ကောင်းမှုတွေပြုပြီးတော့ ခိုမှီးနိုင်ရတယ်လို့ ကျမ်းဂန်ဒေသနာ အဆုံးအမတော် အတိုင်း၊ ယနေ့ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတို့သည်၊ ဘုရားအရိပ်. တရားအရိပ်. သံဃာအရိပ်ကြီးကို ခိုမှီးနေကြသလို နေ့စဉ်နေ့စဉ် လစဉ်လစဉ် နှစ်စဉ်နှစ်စဉ် ဘုရားအရိပ်ကြီးကို ခိုမှီးနိုင်ကြတဲ့ အမျိုးကောင်းသား. အမျိုးကောင်း သမီးတွေ ဖြစ်ကြပါစေကုန်သတည်း၊ ဘုရားရိပ်ကြီးကို နေ့စဉ်ဒါနပြု၍. သီလစောင့်၍, ဘာဝနာပွား၍, သမထဘာဝနာ, ဝိပဿနာဘာဝနာပွား၍. ခိုမှီးနိုင်ကြကုန်သည်ဖြစ်၍၊ ဤကဲ့သို့ ဘုရားအရိပ်ကြီးကို ခိုမှီးသွားတော်မူတတ် ကြတဲ့ ရှေးရှေးသော အရိယာနွယ်လောင်း သူတော်ကောင်း. သူတော်ကောင်းမ ကြီးတို့ ရောက်အပ်. ရအပ်. သိမြင်အပ်သော အအေးဓာတ်ကြီးဖြစ်တဲ့ သန္တိသုခ နိဗ္ဗာနဓာတ် ချမ်းသာထူး ချမ်းသာမြတ်ကြီးကို၊ လျှင်မြန်ဆောစွာ ရောက်ကြရ ရကြရ မြင်ကြရပါလို ကုန်သောဟူ၍၊ ပတ္ထနာအောင်ဆု ပြုလိုက်ကုန်ရာသတည်း။

သာဓု..... သာဓု..... သာဓု..... ပါဘုရား။

# •"သောတာကဇာတ်"

# "ဆင်သေစီးလိုက် ကျေးမိုက်တရားတော်"

ဒီနေ့ တရားပွဲအနုမောဒနာတရား ဘုန်းကြီး ရှေးဦးစွာဟောမယ်၊ ပြီးတော့မှ ဆရာလေးရဲ့ ကုသိုလ်ကောင်းမှုတွေကို ရေစက်ချအမျှဝေ နောက်ဆုံး စာရေးတံမဲများဖောက်ပြီးတော့၊ ဤကုသိုလ်ကောင်းမှု ပြုပွဲကို သိမ်းရအောင်၊ ယနေ့ ၁၃၄၀-ပြည့် တပို့တွဲလပြည့်နေ့ဆိုတဲ့– ယနေ့ ယခုအ**ချိန်ခါမှာ** မန္တလေးမြို့ မဟာဗောဓိရိပ်သာ ကမ္မဋ္ဌာန်းတိုက်ကြီးရဲ့ တရားပြ**ဆရာလေး** ဖြစ်သော ဆရာဦးမြင့်စိန်ရဲ့ ငါးဆယ်ငါးနှစ်မြောက် မွေးနေ့မင်္ဂလာ အထိမ်းအမှတ်ကို အကြောင်းပြုပြီး ယခုဖြစ်ပေါ်လာတဲ့ တရားပွဲ ဆရာလေးရဲ့ ငါးဆယ်ငါးနှစ်မြောက် မွေးနေ့မင်္ဂလာကို အကြောင်းပြုပြီး၊ နေက္ခမ္မပါရမီအနေနဲ့ ဒီမဟာဗောဓိရိပ်သာ ဝိပဿနာကမ္မဋ္ဌာန်းတိုက်ကြီးမှာ၊ ကိုယ်ကိုယ်တိုင် နေက္ခမ္မပါရမီဓာတ် နေက္ခမ္မပါရမီ ဖြည့်ဆည်းပူးတဲ့အနေနဲ့၊ ကိုယ်ကိုယ်တိုင်လည်း တရားအားထုတ်, တရားအလုပ်တွေလုပ်၊ နေက္ခမ္မပါရမီဖြည့်ဆည်းပူးပြီးသကာလ ရောက်လာကြတဲ့၊ ယောဂီသူတော်စင်တွေအားလည်းပဲ ဓမ္မဒါ**န**တရားနည်းသမ်းပြပြီးတော့နေတဲ့ ကုသိုလ်လုပ်ငန်းကြီးကို ကြိုးပမ်းအား**ထုတ်နေ**တဲ့ကြားက၊ ယခု- **အဲဒီ** နေက္ခမ္မဓာတ်အားနဲ့ နိဗ္ဗာနဓာတ်ကြီး**ကို** မြင်နိုင်ဖို့ ရာ အားပေးတဲ့အနေ, တွန်းအားပေးတဲ့အနေ, အားဖြည့်တဲ့အနေနဲ့ ယနေ့ မနက်စောစော သက်တော်ထင်ရှား မြတ်စွာဘုရားအား ရည်စူးမှန်းထားပြီး။

ယခု မဟာဗောဓိဝိပဿနာရိပ်သာ ဓမ္မာရုံကြီးအတွင်းဝယ် သီတင်းသုံးနေတော်မူသော ရုပ်ပွားဆင်းတုတော် အရှင်မြတ်အား၊ အမျိုးမျိုးသော ဆွမ်း, ရေချမ်း, ပန်း, ဆီမီးစသော လှူဖွယ်အသီးသီးတို့ဖြင့် လှူဒါန်းပူဇော်ခြင်းဆိုတဲ့ ဗုဒ္ဓပူဇနီယကုသိုလ်၊ အဲဒီရက်မတိုင်ခင် တပို့တွဲလဆန်း(၁၄)ရက်နေ့ကလည်း၊

ဤမဟာဗောဓိ ဝိပဿနာရိပ်သာအတွင်းသို့ တရားဘာဝနာအားထုတ်ခြင်းငှာ ရောက်နေကြကုန်သော၊ ယောဂီသူတော်စင်အပေါင်းတို့အား စတုမဓုဆေးပစ္စည်းတို့ဖြင့် ထောက်ပံ့လှူဒါန်းခြင်း။

ယနေ့အဖို့မှာလည်း ထိုယောဂီသူတော်စင်တွေထဲက သက်ကြီးဝါကြီးလို့ဆိုတဲ့၊ ယောဂီသူတော်စင် ငါးဆယ်တို့အား ထီးတို့, ဖိနပ်တို့, လုံချည်, အင်္ကျီ, တဘက်, ဆေးပစ္စည်းအစရှိတဲ့ ပစ္စည်းတွေကို၊ စာရေးတံမဲဖောက်ပြီးသကာလ လှူဒါန်းပေးကမ်း ထောက်ပံ့ခြင်းဆိုတဲ့ အသက်ကြီးပူဇော်ကုသိုလ်ကို ယနေ့တရားပွဲပြီးတဲ့အချိန်မှာ ပြုလုပ်အားထုတ်မယ်၊ ဒီတော့ ဘုရားကိုပူဇော်ခြင်း, တရားပွဲကြီး ဆင်ယင်ကျင်းပပြီးသကာလ တရားကိုပူဇော်ခြင်း, ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ယနေ့ နေ့ဆွမ်းအဖြစ်နဲ့ ဆက်ကပ်လှူဒါန်းခြင်းဆိုတဲ့ သံဃာကိုပူဇော်ခြင်း။

ထိုမှတစ်ပါး အသီးအသီးသော ရပ်ရွာနယ်ပယ်အသီးသီးမှ ရောက်ရှိလာကြပြီး၊ ဒီမဟာဗောဓိ ဝိပဿနာကျောင်းတိုက်တည်းဟူသော, ရိပ်သာတည်းဟူသော ကတုတ်ကျင်းမှာ ရောက်လာကြပြီး၊ မိမိတို့ကို အိုရွာအဖုံဖုံ, နာရွာအဖုံဖုံ, သေရွာအဖုံဖုံထဲကို တွန်းပို့နေခဲ့တဲ့, ဆွဲချနေခဲ့တဲ့ တစ်ထောင့်ငါးရာ ကိလေသာရန်သူကြီးတွေကို၊ ဝိပဿနာဉာဏ်လက်နက် အသီးသီးဖြင့် တိုက်ဖျက်ဖြိုခွင်းနေကြတဲ့ သာသနာ့ဂိုဏ်းသား, ဘုရားရှင်ရဲ့ဘက်တော်သား, ကိုယ့်ရဲ့ရန်သူကို ကိုယ်ပြန်လှန်တိုက်ခိုက်နေတဲ့ ယောဂီသူတော်စင်များတို့အား စစ်လက်နက် ရိက္ခာဖြည့်တဲ့အနေနဲ့၊ ဒါ မနေ့က စတုမဓုဆေးပစ္စည်း တိုက်ကျွေးလိုက်တယ်လို့ ဒါတာဟာ၊ စစ်ပွဲကြီးတစ်ပွဲ ဆင်နွှဲနေတဲ့နေရာမှာ ရိက္ခာထောက်ပံ့လိုက်တဲ့ ဘော ပိုပြီးတော့မွန်မြတ်တယ်။

ပကတိလောကစစ်ပွဲကြီး ရိက္ခာထောက်ပံ့ရတာ မွန်မြတ်သလိုပဲ သံသရာနဲ့ချီပြီးသကာလ၊ ယနေ့ တရားနာနေကြတဲ့ ဒကာ–ဒကာမ အပေါင်းသူတော်ကောင်းတွေကို ဒကာ–ဒကာမတွေ မတွေ့ချင်, မကြုံချင်, မမြင်ချင်တဲ့ အိုခြင်းအမျိုးမျိုး, နာခြင်းအဖုံဖုံ, သေခြင်း အတန်တန်တွေနဲ့ တွေ့အောင်,

ဆုံအောင်. တွန်းထိုးနှိပ်စက်နေတဲ့ ထောင့်ငါးရာကိုလေသာ ရန်သူတပ်ကြီးကို၊ ဘုရားသာသနာတော်တည်းဟူသော လင်းရောင်ခြည်ကြီးရတဲ့အခိုက်, ဒီမဟာဗောဓိဝိပဿနာ ကတုတ်ကျင်းကြီးထဲမှာ လာရောက်ပြီးသကာလ ဝိပဿနာဉာဏ် လက်နက်နဲ့ တိုက်ဖျက်ဖြိုဖျက်နေတဲ့အချိန်၊

အဲဒီသူတော်စင်တွေကို ဒီနေ့ ထီးတွေ. ဖိနပ်တွေ. လုံချည် အင်္ကျီတွေ. စောင်တွေ. တဘက်တွေအစရှိတဲ့ စစ်လက်နက်ရိက္ခာ ပစ္စည်းတွေကို ထောက်ပံ့တဲ့နေ့ အင်မတန် အကျိုးကြီးပါတယ်၊ ဒီပြင် အလှူခံတွေနဲ့မတူတာက်ဘူး အခုလောလောဆယ် ဆရာလေးလှူရမည့် အလှူခံတွေက၊ ဒီ လုဖို့ပဖို့ ငါးဖြာအာရုံကာမဂုဏ်တွေ ခံစားဖို့ ဝတ်ကြ သုံးကြ စွဲကြမယ့်ပစ္စည်းတွေ မဟုတ်ဘူး၊ ဒီယောဂီသူတော်စင်တွေ အခုခိုက် ယောဂီအဖြစ်နဲ့ ဒီထဲမှာ နေတဲ့အခိုက်ဖြင့် ဘာပဲပြောပြော ဒီ ထောင့်ငါးရာကိုလေသာတပ်ကြီးကို ဖြိုဖျက် တိုက်ခိုက်နေရတဲ့အချိန်, တိုက်ပွဲဝင်နေတဲ့အချိန်. ရှေ့တန်းရောက်နေတဲ့ အချိန်လို့ဆိုရင် မမှားပါဘူး၊ အဲဒီပုဂ္ဂိုလ်တွေကို ထောက်ပံ့လှူဒါန်းတဲ့အနေနဲ့ မဲဖောက်လှူဒါန်းမယ်၊

အဲဒီလှူဒါန်းတဲ့ပွဲမှာ ဘုန်းကြီးက နေက္ခမ္မပါရမီဓာတ်အားနဲ့ ယနေ့ ဆရာလေးဟာ ဒီမဟာဗောဓိ ဝိပဿနာရိပ်သာအစရှိတဲ့ ရိပ်သာ အသီးသီး တွေဟာ ဝိဝေကဋ္ဌာန နေက္ခမ္မပါရမီ ဖြည့်ဆည်းပူးရာ ဌာနကြီးတွေ၊ နိဗ္ဗာန်ဆိပ်ကမ်းကြီးတွေ. နိဗ္ဗာန် ဆိပ်ဦးကြီးတွေ. အဲဒီ နိဗ္ဗာန် ဆိပ်ကမ်းကြီးတွေ နိဗ္ဗာန်ဆိပ်ဦးကြီးတွေမှာ နေက္ခမ္မပါရမီဓာတ်အားနဲ့ လာပြီးတော့ဖြည့်ရင်း၊ ယောဂီ သူတော်စင်တွေကိုလည်း နေက္ခမ္မပါရမီ ဓာတ်အား တွန်းပေးရင်း။ ဒီနေ့ ဘုန်းကြီး ငါးရာငါးဆယ်သဋ္ဌိနိပါတ် သောဏကဇာတ်တော်ကို ဟောဖို့ရာ ရည်ရွယ် လာခဲ့တယ်။ —

**ပါယေန ပေါရာဏာ သန္တာ, နေက္ခမ္မာ+ဘိရတာ သဒါ။**
**တသ္မာ နေက္ခမ္မနိန္နာမှိ, သုဒိဋ္ဌာဒိနဝေါ ဃရေ။**

ပေါရာဏာ–ရှေးအထက်ထက်, အဆက်ဆက်က, ဖြစ်ပျက် ထင်ရှားခဲ့ကြ ကုန်သော။ သန္တာ–ပါရမီနှင့် စာဂီတင့်၍, အရင့်အမာ, ကလျာဂိုဏ်းဝင်, သူတော်စင်တို့သည်။ ပါယေန–တွေ့ကြုံဆုံကြ, ဘုံဘဝဝယ်, ကြုံရလေငြား, များသောအားဖြင့်။ သဒါ–ဖြစ်ရဖန်ခါ, သံသရာ ဝယ်, ခန္ဓာဖြင့်ပိုင်း, ဘဝတိုင်း၌။ နေက္ခမ္မာဘိရတာ–ရှက်ဟောင်းကျွေကြ, ရှက်သစ်ဝေသည့်, အောင်မြေရဂုံ, ရိပ်မြုံခင်တန်း, ကျောင်းသခ်န်း၌, ရှင်လန်းမွေ့လျော်, စံပျော်တော်မူကြလေကုန်ပြီ။ တသ္မာ–ရှေးသောခါတွင်, သူတော်စင်တို့, တောဝင်အောင်းခို, ဖြဟ္မစိုရ်ဖြင့်, အလိုပြည့်ဝ, ဖြည့်တော်မူကြလေသောကြောင့်။ ယရေ–စားသောက်နေရေး, ဖွေရှာ ရေးနှင့်, မင်းဘေးစိုးတာ, လွန်စွာများမြောင်, လူတို့ဘောင်၌။ သုဒ္ဒာ ဒိနဝေါ–ပစ္စည်းဥစ္စာ, အရာရာဝယ်, မရှာမကောင်း, ရှာမကောင်းနှင့်, မစုဆောင်းခက်, စုဆောင်းခက်သည့်, သက်သက်ဖြစ်ချေ, အပြစ် တွေကို, စစ်လေရိပ်မိ, တွေးတိုင်းသိသည်ဖြစ်၍။ နေက္ခမ္မနိန္နော–အခွင့် အခါ, မသင့်ပါလည်း, ချင့်စာရော်ယမ်း, တောကိုမှန်းသည်။ အမို–စင်စစ်ပက္ခာ, ဖြစ်ရပါလို၏ဘုရား။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

လောကမှာ ငှက်လေးမျိုးလေးစားရှိတယ်လို့ မှတ်ရမယ်၊ တချို့သော ငှက်တွေက လောင်အိမ်ရဲ့အတွင်း ကျော့ကွင်းတန်းလန်းနဲ့ပဲ စားကာ, သောက်ကာ, နေထိုင်ကာ အချိန်ကုန်လာခဲ့ပြီး၊ နောက်ပိုင်းမှာလည်းပဲ အဲဒီ လောင်အိမ်အတွင်းမှာပင်လျှင် ကျော့ကွင်းတန်းလန်းနဲ့ပဲ သေပွဲဝင်ရတယ် ဆိုတဲ့ငှက်က တစ်မျိုး။

တချို့ငှက်တွေကတော့ စောစောပိုင်းက လောင်အိမ်အတွင်းမှာ ကျော့ကွင်း တန်းလန်းနဲ့ ဖြစ်နေသော်လည်း, ကျော့ကွင်းအတွင်း လောင်အိမ်အတွင်းမှာ နေရသော်လည်း, တချိန်သောကာလကျတော့၊ အဲဒီလောင်အိမ်အတွင်းမှ လွတ်ကင်း, ညွတ်ကွင်းတွေ အတွင်းမှ အပြင်ဘက်သို့ ရောက်ပြီးသကာလ စုတိပျက်ကြွေ သေရတယ်ဆိုတဲ့ ငှက်ကတစ်မျိုး။

တတိယတန်းစားငှက်ကျတော့ စောစောက လှောင်အိမ်အတွင်း မှာမနေ ကျော့ကွင်းတွေ လွတ်ကင်းရာမှာနေပြီးတော့, အရွယ်ကြီး၍ သေခါနီးအခါကြမှ လှောင်အိမ်ထဲပြန်ရောက်, ညွှတ်ကွင်းထဲ ပြန်မိ ပြီးတော့ သေရတဲ့ငှက်ကတစ်မျိုး။

စတုတ္ထငှက်မျိုးကျတော့ စောစောကလည်းပဲ လောင်အိမ်အတွင်းက လွတ်ကင်း, လှောင်အိမ်ကျော့ကွင်းတွေမှ လွတ်ကင်းရာမှာ စားသောက်နေထိုင် လှည့်ပတ်သွားလာနေပြီးသကာလ, အသက်ဇီဝိန် ချုပ်တဲ့အခါမှာလည်းပဲ လှောင်အိမ်မှလွတ်ကင်းရာ ညွှတ်ကွင်းတို့မှ လွတ်ကင်းရာမှာ သေရတယ်ဆိုတဲ့ ငှက်ကတစ်မျိုး။

အဲဒါ ငှက်လေးမျိုးလေးစား၊ လှောင်အိမ်ထဲမှာနေ ညွှတ်ကွင်းထဲမှာ နေပြီးတော့ ညွှတ်ကွင်းထဲ လှောင်အိမ်ထဲမှာ သေရတဲ့ငှက် တစ်မျိုး၊ ပြန်ပြောမယ်နော် ဒုတိယငှက်က ပထမတော့ လှောင်အိမ်ထဲမှာ ညွှတ်ကွင်းထဲမှာ မိနေသော်လည်းပဲ နောက်ပိုင်းအချိန် တစ်ချိန်ချိန်မှာ လှောင်အိမ်ထဲက ညွှတ်ကွင်း ထဲက လွတ်ပြီးတော့ သေရတဲ့ငှက် အပြင်မှာ သေတဲ့ငှက်၊ တတိယတန်းစား ငှက်ကြတော့ လှောင်အိမ်အပြင်ဘက်မှာနေတယ်, ညွှတ်ကွင်းလွတ်ရာမှာ စောစော ပိုင်းက နေသော်လည်းပဲ၊ နောက်ပိုင်းမှာ လှောင်အိမ်ထဲပြန်ရောက်, ညွှတ်ကွင်းထဲ ပြန်ရောက်ပြီးတော့ သေရတဲ့ငှက်။ စတုတ္ထငှက်ကျတော့ စောစောကလည်းပဲ လှောင်အိမ်အပြင်ဘက် ညွှတ်ကွင်းအပြင်ဘက်မှာ နေတယ်, သွားတယ်, လာတယ်, စားတယ်, သောက်တယ် နောက်ဆုံး အသက်ဇီဝိန်ချုပ်တဲ့အခါ ကျတော့လည်းပဲ၊ လှောင်အိမ်ပြင်ဘက် ညွှတ်ကွင်းပြင်ဘက်မှာပဲ ညွှတ်ကွင်းလွတ်, လှောင်အိမ်လွတ် ဇီဝိန်ချုပ်ရတယ်ဆိုတဲ့ ငှက်လေးမျိုးလေးစားရှိသလို၊

ယနေ့ သပ္ပုရိသန္တယ်ဝင် သူတော်စင်အပေါင်း သူတော်ကောင်းတို့မှာ လည်းပဲ, အထူးသဖြင့် လူဝတ်ကြောင် အိမ်ရာတည်ထောင် လူ့ဘောင်မှာနေတဲ့ လူတွေမှာ, အိမ်ရာတည်ထောင် လူ့ဘောင်လို့ဆိုတဲ့ ဃရာဝါသသမ္ဗာရ ကိစ္စများမြောင်တဲ့ လှောင်အိမ်ကြီးထဲမှာနေ, သားသံယောဇဉ်, သမီး သံယောဇဉ်, စီးပွားသံယောဇဉ်ဆိုတဲ့ ညွှတ်ကွင်း တန်းလန်းနဲ့နေပြီးတော့၊ စားကာ,

သောက်ကာ, သွားကာ, လာကာ, နေကြ, ထိုင်ကြပြီးတော့၊ တစ်ခုသောအချိန်မှာ အဲဒီ ဃရာဝါသသမ္ဘာရဆိုတဲ့ ကိစ္စများမြောင် လူတို့ဘောင်မှ ခွါရှောင်ရာ ဌာနလို့ဆိုရတဲ့ ဟောဒီလိုရိပ်သာ၊ တော တောင်လျှိုမြောင် ချပ်ကြားတို့မှာ လှည့်လည်သွားလာပြီးတော့ သားသံယောဇဉ်, သမီးသံယောဇဉ်, စီးပွား သံယောဇဉ် အစရှိတဲ့ သံယောဇဉ်ညွှတ်ကွင်းတွေ ဖြတ်တောက်ထွက်မြောက်ပြီး သကာလ၊ သွားလာနေနိုင်ကြတဲ့ ကိစ္စလုပ်ငန်းကြီးကို မလုပ်နိုင်တော့ဘဲ အဲဒီ လှောင်အိမ်နဲ့တူတဲ့ ဒီဃရာဝါသသမ္ဘာရ ကိစ္စများမြောင် လူ့ဘောင်မှာ ပင်လျှင်၊ သားသံယောဇဉ်, သမီးသံယောဇဉ်, ဆွေသံယောဇဉ်, ပစ္စည်းသံယောဇဉ် ဆိုတဲ့ ကျော့ကွင်းတန်းလန်းနဲ့ သေကြရတဲ့လူတွေ .... တဲ့၊ ဒါပထမတန်းစား ငှက်နဲ့ တူသွားတဲ့လူပေါ့၊

ထို့အတူ ဒုတိယတန်းစားနဲ့တူတဲ့ ငှက်နဲ့တူတဲ့ လူစားတွေကျတော့ ပထမတော့ဟုတ်တယ်၊ အိမ်ရာတည်ထောင် လူ့ဘောင်တွေက ခွါရှောင် ထွက်လာခဲ့ပြီး ရပ်ထဲရွာထဲက ခွါရှောင်ထွက်လာခဲ့ပြီးတော့ ဝိဝေကရတဲ့နေရာ, တောတောင်လျှိုမြောင်ချပ်ကြား ရိပ်သာစတဲ့ အရပ်များမှာနေပြီးတော့ ကိုယ့်ရဲ့ခန္ဓာကိုယ်ကို ဇိဝိန်ချုပ်ပြီး သေတဲ့ဘဝ ရောက်တဲ့ လူစားကတစ်မျိုး။

တတိယတန်းစား ငှက်နဲ့တူတဲ့ လူတန်းစားမျိုးကျတော့ စောစောတုန်း ကတော့ ရိပ်သာထဲမှာ ဝိဝေကရတဲ့၊ တောတောင်လျှိုမြောင်ချပ်ကြား စသည်တွေမှာ သံယောဇဉ်ကင်းစွာနဲ့ နေကြပြီးသကာလ၊ နောက်ပိုင်းအချိန် အသက်ရွယ်ကြီးလို့ သေခါနီးအချိန်ကြမှ သံယောဇဉ်ကြိုးတွေ တစ်ထွေးကြီး ချည်နှောင်ခံရတဲ့ အိမ်ရာတည်ထောင် လူ့ဘောင်ပြန်ရောက်ပြီး၊ ရပ်ထဲရွာထဲမှာ ပြန်ရောက်ပြီးသကာလ သေကြရတဲ့ လူကတစ်မျိုး။

စတုတ္ထတန်းစားလူစားကျတော့ စောစောကလည်းပဲ ငယ်ငယ်ကတည်း ကပဲ နေက္ခမ္မဓာတ် အဇ္ဈာသယပါလာသည့်အလျောက် တော တောင်လျှိုမြောင် ချပ်ကြား ရိပ်သာအစရှိတဲ့ ဝိဝေကရတဲ့ နေရာတွေမှာ နေ, နောက်ပိုင်း ဒီဘဝ ဒီခန္ဓာစွန့်ရတဲ့ အချိန်တိုင်အောင် ဒီအကျင့်, ဒီသိက္ခာ, ဒီသီလတွေနဲ့မြဲပြီးသကာလ

ဒီလိုနေရာတွေမှာသာလျှင်၊ အသက်ဇီဝိန် ချုပ်ဆုံးသွားကြတဲ့လူလို့ အဲဒီငှက်လေးမျိုးလိုပဲ လူလေးမျိုး လေးစားရှိတယ်။

အဲဒီလေးမျိုးလေးစားထဲက ယနေ့ အထူးသဖြင့် ဆရာလေး ဦးမြင့်စိန်သည် ငါ ဘယ်လိုနေရာရောက်နေသလဲ၊ ငါ လှောင်အိမ်ထဲ နေတဲ့သူလား၊ ငါ သံယောဇဉ်ကြိုးလို့ဆိုတဲ့ ညွှတ်ကွင်း ကျော့ကွင်းတွေ အကြားထဲမှာ နေတဲ့သူလား၊ ငါ အဲဒီလှောင်အိမ်ထဲက လွတ်လာပြီးသကာလ ယခုလို ဝိဝေကရတဲ့ ရိပ်သာမှာ နေပြီးတော့ သံယောဇဉ် ညွှတ်ကွင်းတွေ လွတ်လာရာက ယခု ဆထက်ထမ်းပိုး တိုးတက်ပြီးသကာလ၊ လွတ်ရာလွတ်ကြောင်း ကောင်းမှုတွေကို ယနေ့ ငါ အားထုတ်ရတဲ့နေ့ပဲလို့ ရှေးဦးစွာ ဒီလိုနားလည်လိုက်ရမယ်၊ အခြား အခြားသော အားလုံးသပ္ပုရိသနွယ်ဝင် သူတော်စင်တွေလည်းပဲ ငါတို့သည် ဤလေးမျိုးလေးစားသော လူတန်းစား လူလေးမျိုးထဲက ဒို့ ဘယ်ထဲ ရောက်နေတဲ့သူလဲ၊ ဘယ်ထဲရောက်နေပြီးတော့ ဘယ်လို အားထုတ်ထိုက်သလဲဆိုတာ၊ ကိုယ့်ဟာကို ပြန်ပြီးဆင်ခြင်စဉ်းစားရမယ်၊ ဒီတော့—ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ နေကွမ္မပါရမီကိစ္စနဲ့ ပက်သက်ပြီးတော့။ သဋ္ဌိနိပါတ်လာ သောဏကဇာတ်တော်ကို ပြောချင်တယ်—

သောဏကဇာတ်တော်မှာ အရိန္ဒမမင်းအား သောဏကပစ္စေက ဗုဒ္ဓါက ပြောတော်မူခဲ့တဲ့စကား၊ ဒီစကားကို အခြေခံပြီးတော့ သောဏကဇာတ်တော်ကို ပြောရမယ်၊ ရှေးက မဂဓတိုင်းကြီးရဲ့သခင် ပြည့်ရှင်ဘုရင်မင်းမှာ သားတော်လေး တစ်ပါး ဖွားတယ်၊ အဲဒီသားတော်လေး ဖွားတဲ့အချိန်မှာပဲ သူ့ရဲ့ပုရောဟိတ်ပုဏ္ဏား မှာလည်းပဲ သားလေးတစ်ယောက် ထွန်းပေါ်ပေါက်၊ နှစ်ယောက်သား ငယ်ငယ်ကလေးက စပြီးတော့ မွေးဖော်မွေးဘက် ဖြစ်သည်အလျောက်. ကစားတဲ့အချိန်ရွယ်မှာလည်းပဲ ရှင်ဘုရင်ရဲ့သား အရိန္ဒမနာမည်က၊ ပုရောဟိတ်ရဲ့ သားက သောဏကလို့၊ အရိန္ဒမနဲ့သောဏက သူငယ်ချင်းနှစ်ယောက်၊ ကစားဖော်ကစားဘက်, သွားဖော်လာဘက်, လည်ပင်းဖက်ပြီးသကာလ ငယ်ငယ်ကလေးထဲက ချစ်ခင်ပေါင်းသင်းပြီး လာခဲ့ကြတဲ့ ကလေးနှစ်ယောက်၊ အချိန်တန် အရွယ်ရောက်လာတော့၊ တက္ကသိုလ်ပညာ သင်ရအောင်ဆိုပြီးတော့ နှစ်ယောက်သား လစာရိက္ခာတွေပေးပြီး သကာလ လွှတ်လိုက်တယ်။

မဂဓတိုင်းကနေပြီးတော့ကြားထဲ ကာသိတိုင်းကြီးဆိုတဲ့ ဗာရာဏသီပြည်ကြီးတွေ ဖြတ်ကျော်ပြီးသကာလ၊ သူတို့ရဲ့ အနောက်မြောက်အရပ်ဆီမှာရှိတဲ့ တက္ကသီလခေါ်တဲ့ တက္ကသိုလ်ပြည်ဆီ ပညာသင်ဖို့ရာသွားပြီးတော့ တက္ကသိုလ်ဆရာကြီးထံမှာ ပညာသင်ယူကြ၊ ပညာတွေသင်ယူကြလို့ ပညာတွေတတ်မြောက်ပြီဆိုတော့၊ သူတို့နှစ်ယောက် ကိုယ့်တိုင်းကိုယ့်ဌာနီပြန်ကြမယ်ဆိုပြီးတော့ ပြန်ထွက်လာခဲ့ကြ၊ အဲဒီလို ပြန်ထွက်လာရင်းနဲ့ သူတို့နှစ်ယောက်ဟာ လမ်းမှာ ဒေသန္တရဗဟုသုတ ထိုထိုဤဤအရပ်တွေမှာ လှည့်ပြီးတော့ ဒေသန္တရဗဟုသုတလည်း ရှာမှီးကြမယ်၊ ထိုထိုအရပ်ဒေသတွေရဲ့ စရိုက်အလေ့အလာတွေလည်း လေ့လာကြမယ်ဆိုပြီးတော့၊ ကြားထဲမှာ ကာသိတိုင်းကြီးရဲ့ မြို့တော် ဗာရာဏသီမြို့ရဲ့အနီး ဥယျာဉ်ကြီးရောက်လာခဲ့ကြတယ်၊ နှစ်ယောက်သားရောက်လာပြီးတော့ အဲ့ဒီဥယျာဉ်ကြီး၊ မင်းရဲ့ ဥယျာဉ်ကြီးထဲမှာ စခန်းချတည်းခိုပြီးတော့ မြို့ထဲမှာ၊ ဗာရာဏသီမြို့ကြီးထဲမှာ ဝင်ပြီးတော့ လေ့လာကြ၊ အကဲခပ်ကြ၊ ဒေသန္တရ ဗဟုသုတ ရှာမှီးကြ၊

အဲဒီအချိန်မှာ အိမ်တစ်အိမ်က အကြောင်းအားလျော်စွာ ဗြဟ္မဏဝါစကလို့ခေါ်တဲ့ ပုဏ္ဏားမန္တာန်ရွတ်ဖတ်ပွဲနဲ့ဆုံလို့၊ သူတို့ နှစ်ယောက်ကိုလည်းပဲ အပင့်ဖိတ်ခံရ၊ ဒါနဲ့ သူတို့(၂)ယောက် အဲဒီမှာ ဝင်ပြီးတော့ မန္တာန်ရွတ်ပွဲဝင်ပြီးတော့ မန္တာန်ရွတ်ကြဖို့ရာ ရောက်သွားတဲ့အခါမှာ အရိန္ဒမမင်းသားအတွက်ကြတော့ အောက်က အခင်းက အင်မတန်ဖြူဆွတ်တဲ့ အဝတ်ကို ခင်းပေးတာတွေ့ရ၊ သောဏကဆိုတဲ့ ပုရောဟိတ်ရဲ့သား တက္ကသိုလ်ပြန် ကျောင်းသားအတွက်ကျတော့၊ နီမြန်းသောအဆင်းရှိတဲ့ ကမ္ဗလာကို ခင်းပေးတာကိုတွေ့ရ၊ ဒီထဲက သာဏက,က နိမိတ်ဖတ်တယ်။

အင်း—အရိန္ဒမမင်းသားတော့ ဒီနေ့ ရှင်ဘုရင်ဖြစ်ဖို့၊ မင်းဖြစ်မယ့်ကိန်းလက္ခဏာပဲ၊ ငါ့အတွက်ကတော့ ကမ္ဗလာနီကို ခင်းပေးတာကိုထောက်ရင်ဖြင့် ကေန္တ ငါဟာ ဒီနေ့ စစ်သူကြီးဖြစ်ရမယ့်လက္ခဏာ ပါတဲ့နေ့ပဲလို့ သူက နိမိတ်ဖတ်တယ်၊ အဲဒီလို နိမိတ်ဖတ်ပြီးတော့ အကြောင်းအားလျော်စွာ ဗြဟ္မဏဝါစကခေါ်တဲ့ ပုဏ္ဏားမန္တာန်ရွတ်ပွဲ ဝင်ပြီးတော့ ဆင်နွှဲကြလို့ပြီးသွား,

ပြီးသွားတာနဲ့ အသီးသီး သူတို့စခန်းချနေတဲ့ ဥယျာဉ်ထဲပြန်လာပြီးတော့ ဥယျာဉ်ထဲက ကျောက်ဖြာထက်မှာ အရိန္ဒမမင်းသားက မောတာပန်းတာနဲ့ ခဏအိပ်၊ သောဏက ကတော့ ဘေးနားကထိုင်ပြီးတော့ စောင့်နေတယ်၊ ဒီချိန်မှာ သူတို့ အခုလိုရောက်နေတဲ့အခိုက်မှာ ဗာရာဏသီမြို့ဘုရင်၊ ဗာရာဏသီပြည့်ရှင် ဘုရင်မင်းမြတ် နတ်ရွာစံကံတော်ကုန်လို့ ခုနစ်ရက်မြောက်တဲ့နေ့၊ ဗာရာဏသီမင်းမှာလဲပဲ ထီးမွေနန်းရဲ့ဆက်ခံမယ့် သားဆိုတာမရှိလို့ သမီးရတနာသာလျှင်ရှိလို့၊ မှူးကြီးမတ်ရာ သေနာပတိနှင့်တကွ အားလုံးသောပုဂ္ဂိုလ်ကြီးတွေက မင်းလောင်းရှာကြမယ်လို့ဆိုပြီးတော့ အဲဒီနေ့မှာ မင်္ဂလာဖုဿွင်းရထားလွှတ်တဲ့အချိန်၊

အဲဒါ မင်္ဂလာဖုဿွင်း ရထားဟာ နောက်က တူရိယာတွေ တီးမှုတ်ပြီးတော့လိုက်၊ အဲဒီ မင်္ဂလာဖုဿွင်းရထားဟာ၊ နတ်ရထားဟာ မြို့ထဲမှာ လှည့်ပတ်သွားလာပြီးတော့ နောက်ဆုံး မြို့ပြင်ဘက်ထွက်လာ၊ နောက်ကလည်း လိုက်လာ ခဲ့ကြရ၊ အဲဒီလို မင်္ဂလာဥယျာဉ်ရောက်လာ ပြီးတော့ အရိန္ဒမမင်းသား အိပ်နေတဲ့နေရာ ဦးတည်ဦးဆိုက်ပြီးတော့ ရထားရပ်သွား၊ နောက်ကလဲပဲ ညင်းညောင်းသာယာတဲ့ တူရိယာတွေ တီးမှုတ်ပြီး လိုက်လာကြတော့၊ ပုရောဟိတ်ရဲ့သား သောဏက, က မြင်လိုက်တယ်ဆိုရင်ပဲ အကဲခတ်မိတယ်၊ အင်း မနက်တုန်းကလည်းပဲ အတိတ်နိမိတ် ကောက်ထားတယ်၊ သူ့အတွက် ဖြူစင်သန့်ရှင်းတဲ့ အဝတ်ကို ခင်းပေးတာထောက်ရင် သူ ရှင်ဘုရင်ဖြစ်လိမ့်မယ်၊ ငါ့အတွက်က ကမ္ဗလာနီကို အခင်းပေးခံရတာထောက်ရင်ဖြင့် ငါ စစ်သူကြီးရာထူးရလိမ့်မယ်လို့ ငါ့ဟာငါ နိမိတ်ဖတ်ထားတဲ့အတိုင်း အခုဖြင့် ဖုဿွင်းရထားရောက်လာပြီ၊ မင်္ဂလာရထား ရောက်လာပြီ၊ ဒီတော့ သူ ရှင်ဘုရင်ဖြစ်မှာသေချာတာပဲ၊ သူ ရှင်ဘုရင်ဖြစ်ရင် ငါ့ ပုရောဟိတ်ခန့်မှာကလဲ သေချာပေါက်ပဲ၊

ဒီတော့ မင်းစိုးရာဇာပိုင်းမှာ နေပြီးသကာလ အိမ်ရာတည်ထောင် လူ့ဘောင်အနေနဲ့ ရှုပ်ထွေးတဲ့ အလုပ်တွေလုပ်ပြီးတော့ နေရရင်ဖြင့်၊

ငါအားထုတ်လိုတဲ့တရားတွေ, ငါကျင့်ကြံလိုတဲ့ အကျင့်တွေ, ကျင့်ရ ကြံရ အားထုတ်ရတော့မှာ မဟုတ်ဘူးလို့ သူက နေကွမ္မခာတ်ပါလာတဲ့ အမျိုးကောင်းသားဖြစ်သည့်အလျောက်၊ အဲဒါ သူက ခဏလေး ချုံကြားကွယ်ပြီး တိမ်းရှောင်နေလိုက်တယ်၊ ရထားဆိုက်လာတဲ့အချိန်မှာ သူက အိပ်ပျော်တဲ့သူ မဟုတ်တော့ ရှောင်ထွက်သွားတယ် ဘေးနား၊ အဲဒီလို ရှောင်ထွက်သွားတယ် ဆိုရင်ပဲ ထုံးစံအတိုင်းပဲ ခုနကပါလာတဲ့ လက္ခဏာဗေဒင်တွေတတ်ကျွမ်းတဲ့ ပုဏ္ဏားတွေက အရိန္ဒမမင်းသားကို လက္ခဏာ ခြေခဏာတွေကြည့်ပြီးတော့ နောက်ဆုံး ရှင်ဘုရင် ဖြစ်ထိုက်တဲ့ ဘုန်းကံပါရမီပါတယ်ဆိုပြီးတော့ သူ့ကိုပဲ ထီးနန်းအပ်ကြ၊ အဲဒီမှာ ဘိသိတ်သွန်းသင့်သွန်းထိုက်တဲ့ ဘိသိက်ရေစင်တွေ သွန်းဖြန်းပြီးသကာလ မင်းမြှောက်လိုက်ကြ၊ ခေါ်သွား။ အဲဒီလို ခေါ်သွားလို့ မကြာမှ ခုနက သောဏကသတိုးသားက ဒီနေရာပြန်ရောက်လာ။

ဩော်....ငါ့မိတ်ဆွေကြီးတော့ ပါသွားပြီ၊ ငါ့မိတ်ဆွေကြီးတော့ ဒီနေ့ ရှင်ဘုရင်ဖြစ်ရတော့မယ်၊ ငါ့တော့ဖြင့် ထီးနန်းအုပ်ချုပ် မင်းလုပ်ပြီး သကာလ ကိစ္စများမြောင်လှ့ဘောင်က ခွါရှောင်ပြီးသကာလ, သင့်ရာဒေသမှာ နေပြီး သကာလ တရားအလုပ်အားထုတ်မယ်လို့ စိတ်ကူးရင်းနဲ့၊ အဲဒီ ကျောက်ဖျာပေါ် မှာပဲ သူ တင်ပလ္လင်ခွေပြီးတော့ ထိုင်လိုက်တယ်၊ အဲဒီလိုထိုင်လိုက်တဲ့အခိုက် သူ့ရဲ့မျက်စိရှေ့မှာရှိနေတဲ့ သစ်ပင်တွေကို လှမ်းပြီးတော့ မျှော်ကြည့်တဲ့အခါမှာ၊ ယခုလို တပို့တွဲတပေါင်းရာသီနဲ့ တူတယ်၊ သစ်ပင်တွေကလည်းပဲ တဖြောက်ဖြောက် သစ်ရွက်တွေ ရတုဂိမှန်နေရှိန်ဒဏ်ဖြင့် သူရကန်ဝေ့ အပူငွေ့ကြောင့် ရေသွေ့ခန်းခြောက် တဖြောက်ဖြောက်ကြွေကျတဲ့ သစ်ရွက်တွေ သူ့မျက်လုံးထဲမှာ မြင်ရ တွေ့ရရာက သံဝေဂဖြစ်ပြီးတော့။—

ဩော်....ဒီသစ်ရွက်တွေ စောစောတုန်းကတော့ ဖူးစပွင့်စ ထွက်စတုန်း ကတော့ အင်မတန်ချစ်ခင်နုနယ်၊ ချစ်စရာခင်စရာ နှစ်သက်စရာကောင်းတဲ့ အဖူးအပွင့်နုနုနယ်နယ် အဖူးအကင်းလေးတွေ၊ အဲဒီ ကနေပြီးသကာလ တစ်ခါ စိမ်းစိမ်းစိုစို ညိုညိုမှောင်မှောင် ဖြစ်လာခဲ့ပြီးတဲ့နောက်၊ တစ်ဖန် အဲဒီက

တစ်ဆင့်တက်ပြီးတော့ ရင့်ရော်ပြီးတော့၊ အဆင်းတွေဝင်းဝါပြီးတော့ လာခဲ့ပျောင်းခဲ့ရာက၊ အခု တဖြုတ်ဖြုတ်နဲ့ ကြွေကျတဲ့အနေမျိုး ရောက်လာကုန်ပေါ့ကလားလို့၊ ရှေ့မှာသစ်ရွက်တွေ ကြွေကျတာကို ကြည့်ပြီးတော့ အဲဒီသစ်ရွက်တွေရဲ့ ရှေ့ဖြစ်လာခဲ့တဲ့ အဖြစ်ပျက်တွေ၊ အခုကြွေကျတဲ့အခိုက် အဖြစ်ပျက်တွေ ဉာဏ်ထဲမှာ ထင်လာလိုက်တာ ထင်လာလိုက်တာ။

**• အဘိရတ္တာနိ နီလာနိ. ပဏ္ဍူနိ ပတိတာနိစ၊**
**ပဿန္တော တရုပဏ္ဏာနိ. နိစ္စသညာ ပနူဒတိ။**

အဘိရတ္တာနိ–တစ်ခေတ်ကူးလစ်, ဖူးပရစ်ဖြင့်, မြူးချစ်စဖွယ်, နုနယ်နီမြန်းခိုက်လည်း ဖြစ်ကုန်ထသော၊ နီလာနိ–စိမ်းတစိုစို, ညို တစ်မှောင်မှောင်, ခိုရောင်မြသွေး, ကမ္ဘာ့ဆေးဖြင့်, အလှရေးသကဲ့သို့လည်း ဖြစ်ကုန်ထသော၊ ပဏ္ဍူနိ–ပယင်းပမာ, အဆင်းဖြာလျက်, ဝင်းဝါဖျော့တော့ခိုက်လည်း ဖြစ်ကုန်ထသော၊ တရုပဏ္ဏာနိ–သူ့ခေတ် သူ့ခါ, ပေါ်လာဖြစ်ပျက်, သစ်ရွက်အပေါင်းတို့ကို၊ ပဿန္တော–ကမ္ဗဋ္ဌာန်းဂူ, စမ်းအငူမှ, မှန်းယူနေ့စဉ်, တွေ့မြင်ရသည်ရှိသော်၊ နိစ္စသညာ–မကွဲမလီ, အမြဲတည်ဟု, စွဲမှိုထင်ကာ, စဉ်လာအမှား, သညာများကို၊ ပနူဒတိ–တောင္ဂေ့တောင်ငွေ့, ချောင်းဝလေ့ဖြင့်, ရောင်ငွေ့ပယ်ရှားနိုင်ရာတော့သတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

နဂိုကလည်းပဲ နေကွမ္မဓာတ် အဖွျာသယဓာတ်ခံပါလာတဲ့ သတို့သား ဖြစ်သည့်အလျောက်၊ ကြွေကျနေတဲ့ သစ်ရွက်တွေ၊ အဲဒီ ကြွေကျနေတဲ့ သစ်ရွက်တွေကို ကြည့်ပြီးတော့ ဒီသစ်ရွက်တွေဟာ ဟိုး–စောစောပိုင်း ထွက်ခါစတုန်းကတော့၊ အဘိရတ္တာနိ–တစ်ခေတ် ကူးလစ်, ဖူးပရစ်ဖြင့်, မြူးချစ်စဖွယ်, နုနယ်နီမြန်းခိုက်လည်း ဖြစ်ကုန်ထသော၊ ရှေးပိုင်းကတော့ ဒီသစ်ရွက်တွေဟာ နုနုနယ်နယ်လေးတွေ၊ အပင်ကထွက်စ နီနီတွေးတွေးကလေးတွေ၊ အင်မတန်

---

ချစ်စရာကောင်းတဲ့ အရောင်အသွေးလေးတွေ ဖြစ်ခဲ့မှာပဲလို့ အခုလောလောဆယ် ကြွေကျနေတဲ့ သစ်ရွက်တွေရဲ့ရှေ့ ပြန်ပြီးတော့လည်းပဲ အစဉ်သဏ္ဍာန်နဲ့ သူ့အာရုံပြုမိ၊ အဲဒီနောက်–

နီလာနီ–စိမ်းတစိုစို, ညိုတစ်မှောင်မှောင်, ခိုရောင်မြသွေး, ကမ္ဘာ့ဆေးဖြင့်, အလှရေးသကဲ့သို့လည်း ဖြစ်ကုန်ထသော၊ အဲဒီလို နီနီထွေးထွေး အဖူးအပွင့် အကင်းလေးတွေကနေပြီးသကာလ တဖြည်းဖြည်း စိမ်းစိမ်းစိုစို အရည်များရွှဲလို့ အရည်များအိလို့ သစ်ပင်တစ်ပင်လုံးကြည့်လိုက်ရ၊ အားရစရာ ကြည်နူးစရာ နှစ်သက်စရာ ဝါဆိုဝါခေါင်၊ အင်း–ကဆုန်နယုန် ဝါဆိုဝါခေါင်ဆီမှာ စိမ်းလန်းစိုပြေ နေတဲ့ သစ်ပင်တွေရဲ့အဖြစ်ကိုလည်းပဲ ဉာဏ်ထဲမှာထင်လာ၊ အင်း .... သတ္တဝါ တွေလည်း ဒီတိုင်းပဲ, သတ္တဝါတွေလည်း ဒီတိုင်းပဲ၊ တကာထဲ ငယ်ငယ်ကလေးများ ကြည့်လိုက်ရ မျက်လုံးတွေများရီလို့၊ အသားလေးတွေများ ပြည့်လို့ဖြိုးလို့, စိုလို့ နလို့ ချစ်စရာခင်စရာ, နှစ်သက်စရာ, မြတ်နိုးစရာ၊ အဲဒီ ချစ်စရာခင်စရာ, မြတ်နိုးစရာဖြစ်တဲ့ အဲဒီအဖူးအပွင့် အကင်းနဲ့တူတဲ့ သစ်ရွက်သစ်သီးနဲ့တူတဲ့၊ အဲဒီသတ္တဝါတွေသည်ပင်၊ တချိန်ကျတော့ စိမ်းစိမ်းစိုစို ညိုတမှောင်မှောင် ခိုရောင်မြသွေး ကမ္ဘာ့ဆေးဖြင့် အလှရေးသကဲ့သို့လည်း ဖြစ်လာသလို၊ သစ်ရွက်သစ်ခက်, အပွင့်အသီးတွေဟာ အဲဒီလို စိမ်းစိမ်းစိုစို ပျိုပျိုလွင်လွင် ဖြစ်လာသလို၊ ဒီကမ္ဘာလောကမှာရှိနေကြတဲ့ သတ္တဝါတွေဟာကလဲပဲ၊ ပျိုပျိုရွယ်ရွယ် နုနုနယ်နယ်တွေ ဖြစ်လာကြပြီးသကာလ ကြည့်လို့ကောင်း, ရှု့လို့ကောင်း ကမ္ဘာကြီးတန်ဆာဆင်ထားသလို ဖြစ်လာကြပြန်တယ်၊

အဲဒီသစ်ရွက်တွေဟာ ပဏ္ဍုနီ–ပယင်းပမာ, အဆင်းဖြော့လျက်, ဝင်းဝါ ဖျော့တော့ခိုက်လည်း ဖြစ်ကုန်ထသော။ နောက်တော့ ဒီစိမ်းစိုနေတဲ့ သစ်ရွက် တွေသည်ပင်၊ အင်း–ပြာသိုလ်ဆီ တပို့တွဲဆီကြတော့ တဖြည်းဖြည်း အရွက်တွေ ဝင်းဝါ ဖျော့တော့ လိမ်ချောက်၊ အင်း– သတ္တဝါတွေလည်းပဲ ဒီလိုပဲ ဒီလိုပဲ ....၊ ပျိုမြစ်သမျှ ပျိုလိုက်သမျှ အိုဖို့ချည်းဆိုတာလိုပဲ တဖြည်းဖြည်း ဆံတွေဖြူ, နားတွေထိုင်း, ခါးတွေကိုင်း, သွားတွေကြွေ, အသားရေတွေ ယိုယွင်းပြီးသကာလ အိုမင်းခြင်းဆိုတဲ့ ရွက်ရော်ဝါတွေဘဝ ရောက်လာတယ်လို့။

ပဝိတာနိစ–ရတုဂိမှာန်, နေရှိန်ဒဏ်ကြောင့်, သူရကန်ဇော့, အပူငွေ့ဖြင့်, တငွေ့ငွေ့သွေ့ခြောက်, ကြွေကျခိုက်လည်း ဖြစ်ကုန်ထသော။ နေရှိန်ဒဏ်, နွေဦးဒဏ်လေး ပေါက်လာတယ် ဆိုရင်ပဲ–ဒီသစ်ရွက်တွေ ဒီဝင်းဝါနေတဲ့ သစ်ရွက်တွေ အညှာရင်းမှာ၊ နေရှိန်ဒဏ်ကြောင့် အညှာရင်းမှာ ရေငွေ့တွေ သွေ့ခြောက်ပြီးသကာလ တဖြောက်ဖြောက် ကြွေကျကုန်ကြရသလို၊ ဤကမ္ဘာလောကထဲမှာ ရှိနေကြတဲ့ ဒီလူသားတွေ, သတ္တဝါတွေ, အဲဒီပြဆိုအပ်ခဲ့တဲ့အတိုင်း ပယင်းပမာ အဆင်းဖြာ ဝင်းဝါဖျော့တော့တဲ့ သစ်ရွက်တွေလို ဆံတွေဖြူ, နားတွေထိုင်း, ခါးတွေကိုင်း, သွားတွေ အသားရေတွေ ယိုယွင်းပြီး အိုမင်းလာကြရာက၊ နောက်ဆုံး တဖြုန်းဖြုန်း, တရုန်းရုန်းနဲ့ အမျိုးမျိုးသော ရောဂါတွေဖွဲ့ အမျိုးမျိုးသော အနာရောဂါတွေကြောင့် သေပွဲဝင်ကြရတယ်လို့၊ သတ္တဝါတွေရဲ့ ရုပ်နာမ်ဓမ္မသဘာဝတွေ မမြဲပုံတွေ, ဉာဏ်ထဲမှာ စဉ်းစားတွေးတောရင်းနဲ့ နောက်ဆုံးတော့ သူ့ခန္ဓာပေါ် သူ ရောက်လာတာ–

ဩော်–ငါ့ရဲ့ရုပ်ခန္ဓာကလည်းပဲ ငါ့ရဲ့ ရုပ်နာမ် (၂)ပါးဆိုတဲ့ ဒီတရားဟာလည်းပဲ၊ ပထမတုန်းက ငယ်ငယ်ရွယ်ရွယ်လေးတုန်းက ချစ်ခင်စရာ, မြတ်နိုးစရာ, နုနုနယ်နယ်၊ အဲဒီကနေပြီးတော့ စိုစိုပြည်ပြည်အရွယ်သို့ အခုရောက်၊ ဒီကနေတစ်ဆင့် ငါဟာလဲပဲ ရွက်ရော်ဝါကဲ့သို့ အိုမင်းရင့်ရော်တဲ့အဖြစ် ရောက်ပြီးသကာလ နောက်ဆုံးမှာ ဗုန်းဗုန်းလဲ သေပွဲဝင်ရတဲ့ ရုပ်နာမ်ပြိုကွဲ သေပွဲဝင်ရတဲ့အဖြစ် ရောက်ဦးမှာပါလားလို့၊ သူ့ရဲ့ လက်ရှိခန္ဓာပေါ်မှာ ဉာဏ်က ပြန်စိုက်လာတယ်၊ ပထမတော့ အပြင်က သစ်ပင်တွေကြည့်ပြီးတော့၊ နိစ္စသညာ ခေါ်တဲ့ မြဲတယ်လို့ထင်နေတဲ့ သညာတွေကို ပယ်ဖျောက်ပြီးတော့ အနိစ္စသညာနဲ့ တရားရှုနေလိုက်တာ၊ နောက်ဆုံး သူ့ခန္ဓာပေါ်ရောက်ပြီး သကာလ သူ့ရဲ့ လက်ရှိရုပ်နာမ်ခန္ဓာရဲ့ ဖြစ်ပျက်, ဖြစ်ပျက်, ဖြစ်ပျက်ပြောင်းလဲနေတဲ့ သဘောတွေ ပေါ်မှာ ဉာဏ်သက်ရောက်လာပြီးတော့၊ ဝိပဿနာဖြစ်, ဉာဏ်ရှိန်တက်, အဲဒီက နေပြီးတော့ တစ်ရှိန်ထိုး တက်သွားလိုက်တာ ပစ္စေကဗုဒ္ဓါအရှင်မြတ် တစ်ပါးဖြစ်တော်မူ၊

ဒီ ပစ္စေကဗုဒ္ဓါတို့ ဘုရားတို့ဆိုတဲ့ ပုဂ္ဂိုလ်တွေရဲ့ ဝိပဿနာက ဘယ်သူကမှ မပြောရဘူး၊ ဘယ်သူကမှ မဟောရဘူး၊ **"စိန္တာမယ သမ္မန္တိက ဝိပဿနာ"** လို့ ခေါ်တယ်၊ သူတို့တာသာသူတို့ ကိုယ်ပိုင်ဉာဏ်နဲ့ တစ်စုံတစ်ခုသော အာရုံကိုမြင် တစ်စုံတစ်ခုသော အကြောင်းခံပြီး သကာလ စဉ်းစားကြံစည် စိတ်ကူးရာက နေပြီးတော့ ဝိပဿနာဉာဏ်ရှိနိုင်တက်၊ မိမိခန္ဓာထဲက ရုပ်နာမ်ပေါ်မှာ ဖြစ်ပျက် ရှုနိုင်တဲ့ ဉာဏ်အားတွေ တက်လာပြီးတော့ အဲဒီကနေပြီးတော့ တရားထူး၊ တစ်မဂ်တစ်ဖိုလ် တရားထူးကိုရကြတယ်၊ ဒါက ဘုရားပစ္စေကာဗုဒ္ဓါတွေအတွက် ဝိပဿနာ၊

ဝိပဿနာက (၂)မျိုး ရှိတယ်တဲ့– **"စိန္တာမယ သမ္မန္တိက ဝိပဿနာနဲ့ သုတမယ သမ္မန္တိက ဝိပဿနာ"** စိန္တာမယသမ္မန္တိကဆိုတာ ကိုယ်ကိုယ်တိုင် ကြံစည်စိတ်ကူး စဉ်းစားရာကနေပြီးတော့ တက်သွားတဲ့ ဝိပဿနာမဂ်ဖိုလ် ထိအောင် ပို့သွားတယ်၊ သုတမယသမ္မန္တိကဝိပဿနာ ဆိုတာကျတော့ ကိုယ်ကိုယ်တိုင် စဉ်းစားနိုင် ဝေဖန်နိုင်တဲ့အားမရှိဘူး၊ သူများ တစ်ဆင့်ပြောလိုက်မှ သူများပြောတဲ့အသံကို နာခံရင်းကမှ ဉာဏ်တက်သွားတဲ့ ဝိပဿနာကို၊ ဖြစ်ပျက်မြင်သွားတဲ့ ဝိပဿနာကိုကျတော့ သုတမယသမ္မန္တိကဝိပဿနာ၊ အဲဒါ ဘယ်သူတွေတုန်းဆိုတော့ သာဝကတွေ....တဲ့၊ သာဝကတွေ မှန်သမျှ သုတမယသမ္မန္တိက ဝိပဿနာနဲ့ တက်ရပါတယ်၊ အနည်းဆုံး တစ်ကြိမ် လောက်ဖြင့် သူများပြောတာ ကြားလိုက်ရသေး၊ သူများပြောတာ ကြားပြီးမှ အဲဒီကြားတဲ့ဟာပေါ်မှာ မှီပြီးတော့ ဉာဏ်နဲ့ ဝေဖန်သုံးသပ်တော့မှ ဝိပဿနာဉာဏ် ဖြစ်ပေါ်လာပြီးတော့ တစ်မဂ်တစ်ဖိုလ် တရားထူးရနိုင်တဲ့ သဘောတရားရှိတယ်၊ ဒါ သာဝကမှန်လို့ရှိရင် ဒီလိုချည်းပဲ၊

ဘုန်းကြီးတို့သာသနာမှာ အရှင်သာရိပုတ္တရာဟာ ပညာအကြီးဆုံးပဲ၊ ဒါပေမယ့်လို့ သူက သာဝကပါရမီဆုပါလာတာဖြစ်လို့ သူ့ဘာသူ တရားထူးကို ထိုးထွင်းမမြင်နိုင်ခဲ့ပါဘူး၊ အရှင်အဿဇိရဲ့ စကားလေး တစ်လုံးကြားလိုက်ရမှ၊ ဒါ–နဲ့တာများတာက လိုရင်းမဟုတ်ဘူး သူများဆီက စကားသံလေးကတော့ ကြားရမှ၊ အဲဒီလို သူများဆီက စကားကိုကြားလိုက်ရ နာလိုက်ရမှ၊ ကြားလိုက်.

နာလိုက်တဲ့စကားကို အခြေခံပြီးတော့ ဝိပဿနာဉာဏ်တက်လာလို့ သူ့ကို **သုတမယသမ္ဘ န္တိက ဝိပဿနာ**၊ ဒါ သာဝကတွေမှန်ရင် သုတမယသမ္ဘန္တိက ဝိပဿနာနဲ့ တက်ကြပါတယ်....တဲ့၊

ဒါကြောင့် အရှင်ပစ္စေကဗုဒ္ဓါ သောဏကမထေရ်မှာတော့ မဟာဗောဓိ ခေါ်တဲ့ အရဟတ္တမဂ်, အရဟတ္တဖိုလ်ရပြီးတော့ ပစ္စေကဗုဒ္ဓါ ဖြစ်သွားမှန်းလဲ သူ့ကိုယ်သူသိသွားတာနဲ့ အဲဒါ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ သီတင်းသုံးရာဖြစ်တဲ့ တောတောင်ချပ်ကြား လှည့်လည်ပြီးတော့ သီတင်းသုံးပြီးတော့ သွားတော့၊ ဟိုက အရိန္ဒမမင်းသားကလဲပဲ သူ့ရဲ့စည်းစိမ်ကြီး ကြီးကျယ်နေလို့ ရှင်ဘုရင် ရာထူးကြီးရ တိုင်ပြည်အုပ်ချုပ် မင်းလုပ်ရ၊ အင်း မှူးကြီးမတ်ရာသေနာပတိတွေက ဝိုင်းဝန်းပြီးသကာလ ချီမြှောက်ကြနဲ့ဆိုတော့ အမှတ်တမဲ့ သူလဲမေ့နေတယ် သူငယ်ချင်းကို၊ နောက် တော်တော်လေးကြာမှ သူက ဩော်....ငါ ငါနဲ့အတူ လာတဲ့ ငါ့သူငယ်ချင်း သောဏက၊ အင်း ဘယ်ရောက်နေပါလိမ့်မတုန်း. ဘယ်ရောက်နေပါလိမ့်မတုန်း။ ဩ .... ဥယျာဉ်ထဲမှာ ကျောက်ဖြာပေါ် ဒို့နေကြတုန်းက သူငယ်ချင်းနှစ်ယောက်၊ ဒို့နှစ်ယောက် အတူအိပ်နေတာ ပါလား....၊ ငါက ရှင်ဘုရင်ဖြစ်ပြီးသကာလ မှူးကြီးမတ်ရာတွေနဲ့ စကား ပြောရဆိုရပြောရနဲ့ သူငယ်ချင်း မေ့ပြီးတော့နေလိုက်တာ၊ ဘယ်များရောက်သွား ပါလိမ့်မတုန်း၊

ဩော်–ငါလိုလိုက်တာ, ငါလိုလိုက်တာ၊ ကြည့်ပါဦး သူငယ်ချင်း အင်မတန်ချစ်တဲ့သူငယ်ချင်း ဒီလို ငါ ရှင်ဘုရင်ဖြစ်နေတဲ့အခါမှာ သူ့ကို အင်မတန်ကောင်းမွန်တဲ့ ရာထူးတစ်ခု ငါ ပေးရမှာပါလား၊ ငါ့သူငယ်ချင်း ဘယ်များရောက်နေပါမတုန်းလို့၊ အဲဒီကြမှ သူက သတိရပြီးတော့၊ သူ့ သူငယ်ချင်းသောဏက ရှာကြဖို့ရာ တိုင်းတော်ပြည်တော်ထဲမှာ ကြေငြာပြီးတော့ ရှာတယ် မရဘူး၊ သတင်းတွေအမျိုးမျိုး ထောက်လှမ်းတယ် မရဘူး၊ စုံစမ်းတယ် မရဘူး၊ ဒီတော့ သူ့စိတ်ထဲ မကောင်းလိုက်တာ သူငယ်ချင်း အင်မတန်ချစ်ခင်တဲ့ သူငယ်ချင်း၊ လည်ပင်းဖက် ကြီးလာခဲ့တဲ့ ငယ်သူငယ်ချင်း. အင်မတန် သဘောကောင်း ဖြူစင်ပြီး သကာလ. အင်မတန် စိတ်ထားဖြောင့်မတ်တဲ့

သူငယ်ချင်း၊ ငါ့ရဲ့ ထီးနန်းစည်းစိမ်ကြီးတွေရမှုကို အကြောင်းပြုပြီးတော့ ငါက မေ့နေလိုက်တာ၊ သူငယ်ချင်း ဘယ်များရှာရပါလိမ့်၊ ရပ်ရွာဇာတိတွေ ရောက်နေသလားလို့ လှမ်းပြီးတော့ ထောက်လှမ်းတော့လဲပဲ မရောက်လာဘူးလို့ ဆိုကြတယ်၊ ဒီတော့ ဘယ်များရောက်ပါလိမ့် ဘယ်များရောက်ပါလိမ့် တွေ့ချင်လိုက်တာ၊ သူ့ သူငယ်ချင်းရှာတယ် အမျိုးမျိုးမတွေ့ဘူး၊

ဒီတော့ ရှင်ဘုရင်လဲ ဖြစ်နေတာဖြစ်တော့၊ တိုင်းတော်ပြည်တော်ထဲမှာ သောဏကကိုတွေ့လို့ရှိရင် ဆုတော်ငွေချမယ်ဆိုတဲ့ အနေမျိုးနဲ့၊ ဒီ ကချေသည် သဘင်သည်တွေကနေပြီး သကာလ သီချင်းဆိုအောင် ဆိုပြီး တစ်တိုင်းပြည်လုံး ဟိုနားဒီနား အနှံ့ ရှာဖွေတဲ့အနေမျိုး ရောက်အောင်လို့ဆိုပြီးတော့ ဂါတတစ်ပုဒ် သူက သီဆိုတယ်။—

**ကဿ သုတွာ သတံ ဒမ္မိ. သဟာဿံ ဒိဋ္ဌသောဏကံ၊**
**ကောမေ သောဏကမက္ခာတိ. သဟာယံ ပံသုကီဠိတံ။**

ပံသုကီဠိတံ–မြူမှုန်တွေအကြား‌, ငယ်ငယ်တုန်းက. ကစားဖော် ကစားဖက် ဖြစ်ပေထသော။ သောဏကံ–သောဏကအမည်တွင်သော။ သဟာယံ–ငါ့သူငယ်ချင်းကို။ ကဿ–အဘယ်သူ့အား။ သုတွာ–တစ်ဆင့်စကား ဘယ်နားမှာရှိပါတယ်လို့ ကြားခဲ့သည်ဖြစ်၍။ သတံ–ဆုတော် ငွေတစ်ရာကို။ ဒမ္မိ–ပေးရပါအံ့နည်း။ ငါ့ရဲ့ သူငယ်ချင်းကြီး....တဲ့။ လည်ပင်းဖက်ပြီးတော့ မြူမှုန်တွေအကြားမှာ ကစားလာခဲ့တဲ့၊ ငါ့ သူငယ်ချင်း သောဏက၊ ဘယ်နားမှာ ရှိတယ်လို့ ကြားခဲ့ပါတယ်၊ ဘယ်နေရာမှာ ရောက်နေတယ်လို့ ကြားခဲ့ပါတယ်.... လို့။ တစ်ဆင့် ပြောနိုင်တဲ့သူကို ဆုတော်ငွေတစ်ရာချမယ်....။ **ကဿ သုတွာ သတံ ဒမ္မိ. သဟာဿံ ဒိဋ္ဌ သောဏကံ။** ဒိဋ္ဌဒဋ္ဌုံ–မြင်ခဲ့ရ. တွေ့ခဲ့ရသည် ဖြစ်၍။ အာရောစေန္တဿ–ငါ့ကို ကိုယ်တိုင်ကိုယ်ကျ လာရောက်ပြီးတော့ ပြောနိုင်တဲ့။ ကဿ–အဘယ်သူ့အား။ သဟဿံ–တစ်ထောင်သော ဆုကို။ ဒမ္မိ–ပေးရပါအံ့နည်း။

ဆိုလိုတာက ငါ့ရဲ့ ငယ်သူငယ်ချင်းသောဏကကိုလေ ဘယ်နားရှိတယ် ဘယ်နားမှာနေတယ်လို့ ကျုပ်တို့ တစ်ဆင့်စကား ကြားခဲ့ရပါတယ်လို့ ငါ့ကို

သတင်းပေးနိုင်တဲ့သူကို ဆုတော်ငွေတစ်ရာချမယ်၊ ဆုတော်ငွေတစ်ရာ ပေးမယ်။ အကယ်၍ ကြားရုံမျှမက ကိုယ်တိုင်ကိုယ်ကျ အဲဒီ သောဏကကို မြင်ခဲ့၊ တွေ့ခဲ့၊ သိခဲ့လို့ ငါ့ကို လက်ပူး လက်ကျလာပြီးတော့ ပြနိုင်တဲ့သူကိုဆိုရင်ဖြင့် ဆုတော်ငွေတစ်ထောင်ချမယ်၊ ဆုတော်ငွေတစ်ထောင် ပေးမယ်လို့။ အဲဒါ ရှင်ဘုရင်က မကြာမကြာဆိုတယ်၊ ညီလာခံမှာလဲဆိုတယ်၊ ဟိုနားဒီနား ရေသုံးသပ် ရင်း၊ ရေကစားရင်းလဲပဲဆိုတယ်၊ ဒီ သဘင်သည်တွေ၊ ကချေသည်တွေလဲဆိုစေတယ်။ အဲဒီလို ရှင်ဘုရင်ကဆို၊ ရှင်ဘုရင်က ဆိုစေချင်တယ် ဆိုတော့ အားလုံး တစ်တိုင်းပြည်လုံး ဆိုကုန်ကြတယ်၊ လယ်သမားတွေကလဲပဲ လယ်လုပ်ရင်း ဆိုကုန်ကြတယ်။

**ကဿ သုတွာ သတံ ဒမ္မိ၊ သဟဿံ ဒိဋ္ဌသောဏကံ၊**
**ကော မေ သောဏက မက္ခာတိ၊ သဟာယံ ပံသုကီဠိတံ။**

ဒီဂါထာလေး ဒီဂါထာလေးကိုဆိုလိုက်ကြတာ ဟိုနားကဆိုကြ၊ ဒီနားက ဆိုကြနဲ့ အလုပ်သမားတွေကလဲ ဆိုကြတယ်၊ အရောင်းအဝယ်သမားတွေကလဲ ဆိုကြတယ်၊ ဟိုနားဆိုကြ၊ ဒီနားဆိုကြနဲ့ နှံလို့၊ တစ်တိုင်းပြည်လုံး၊ တစ်တိုင်း ပြည်လုံး၊ တစ်တိုင်းပြည်လုံး အနှံ့ဆိုကြတယ်။ အဲဒီလိုဆိုကြတော့–တစ်ခါတော့ ဒီ သောဏကပစ္စေက ဗုဒ္ဓါအရှင်မြတ်ကလဲပဲ တောထဲမှာနေလိုက်တာ ဒီသီချင်း ဒီလိုဆိုနေကြပေမယ့်လို့ သောဏက ရှင်ပစ္စေကာဗုဒ္ဓါကိုတော့ ပြန်ပြီးတော့ တွေ့တယ်လို့ မရှိတော့ပါဘူး၊ ဟိုကလဲပဲ သူ့တောထဲ သူ့ဘာသူ သီတင်းသုံးပြီး နေတာကြာတော့ ဒီသီချင်းဟာ တောထဲထိ ရောက်မလာနိုင်တော့၊ ဘယ်သူကမှ တွေ့တယ်၊ ကြားတယ်လို့ မရှိဘူး၊

အဲဒီလိုနဲ့ နေလာလိုက်တာ နှစ်ပေါင်းဘယ်လောက်ကြာသွားတုန်းဆိုတော့ နှစ်ပေါင်းလေးဆယ်လောက် ကြာသွားတယ်၊ အဲဒီလို နှစ်ပေါင်း လေးဆယ် လောက်ကြာသွားတဲ့ အချိန်ကျမှ သောဏက ရှင်ပစ္စေကဗုဒ္ဓါအရှင်မြတ်က အင်း....ငါ့ရဲ့သူငယ်ချင်း အရိန္ဒမမင်း မင်းစည်းစိမ် ထီးနန်းစည်းစိမ် ရိပ်ငြိမ်ချမ်းသာ ဆိုတဲ့–ကာမဂုဏ် တောကြီးထဲမှာ လှောင်အိမ်ကြီးထဲမှာနေတာဖြင့် ကြာလှပြီ

ဒီအချိန် ဒီအရွယ်လောက် ဆိုတော့၊ အဲဒီလှောင်အိမ်ထဲက ထွက်ပြီးသကာလ ညွတ်ကွင်းထဲက လွတ်ဖို့တော့ အချိန်တန်ဖို့ကောင်းပြီ၊ ဒီတော့ သူငယ်ချင်း မိတ်ဆွေကို ကူညီစောင်မတဲ့အနေနဲ့ ချီးမြှောက်တဲ့အနေနဲ့ ငါ သွားပြီးတော့ တရားပြဦးမှ တော်တော့မယ်ဆိုပြီးတော့၊ သောဏက ရှင်ပစ္စေကဗုဒ္ဓါ အရှင်မြတ်က အဲဒီ ဗာရာဏသီမင်းရဲ့ မင်းဥယျာဉ်ဆီကို ကြွလာတော်မူတယ်၊ အဲဒီလို ကြွလာပြီးတော့ ဥယျာဉ်ထဲ ကျောက်ဖျာထက် သီတင်းသုံးနေတော်မူတဲ့ အခိုက် ကလေးတစ်ယောက်က အဲဒီ ဥယျာဉ်ထဲမှာပဲ ဥယျာဉ်ရဲ့ဘေးမှာ အနီးမှာ ထင်းခွေရင်းနဲ့ ခုနသီချင်း သူက ဆိုနေတယ်။—

**ကဿ သုတွာ သတံ ဒမ္မိ, သဟဿံ ဒိဋ္ဌသောဏကံ၊**
**ကော မေ သောဏက မက္ခာတိ, သဟာယံ ပံသု ကီဠိတံ။**

**(မြန်မာလိုကတော့—သူငယ်ချင်း လည်ပင်းတွဲဖက်ပါ၊ ဖုံတွေကြား, ကစားနေဘက်ပါ၊ သောဏက, လောကမည်တွင်ရှာ၊ လူပုံကား, ခန့်ညားလွန်ထယ်ဝါ၊ မိတ်ဆွေချစ်, ခုဖြင့်ဘယ်နေရှာ၊ ပျောက်ကာသွား, နှစ်များအတန်ကြာ၊ တစ်ဆင့်ပြော, ယူလော ငွေတစ်ရာ၊ ရှိရာပြ, ဆုချတစ်ထောင်ပါ။)**

မြန်မာဂီတအနေနဲ့ ဒီသဘောသက်ရောက်တယ်၊ အဲဒီ သက်ရောက်တဲ့ သီချင်းလေး ကလေးလေးကဆိုလိုက်တယ်၊ သူက သူကတော့ ပါဠိသမားဆိုတော့ ပါဠိဆိုမှာပေါ့ **ကဿ သုတွာ သတံ ဒမ္မိ, သဟဿံ ဒိဋ္ဌသောဏကံ၊** ထင်းခွေရင်း, ထင်းခွေရင်း။ **ကော မေ သောဏက မက္ခာတိ သဟာယံ ပံသု ကီဠိတံ၊** ဒီတော့ ရှင်ပစ္စေကဗုဒ္ဓါအရှင်မြတ်က ကြားတယ်၊ အင်း....ဒါ အရိန္ဒမမင်း ငါ့ကိုတွေ့ချင်လို့ တမ်းတတဲ့သီချင်းပဲ ဒီသီချင်း၊ ကောင်း ဆုတော်ငွေတော်ချမယ် ဆိုပြီးတော့တောင်မှ သူ စိစဉ်ထားတာပါလားလို့ သူသိတော်မူတာနဲ့ အဲဒီကလေးလေးခေါ်တယ်၊ ခေါ်ပြီးတော့ ကလေး ပင်း ဒီသီချင်း ဘယ်ကရတာတုန်း၊ ဟာ—တပည့် တော်တို့အကုန်လုံး အဖေတို့, အမေတို့ရော အကုန်လုံးဆိုနေကြတာပဲ ဒီလိုပဲဆိုကြတာ၊ အေး—ကောင်းပြီ

ဒီလိုဆိုရင် မင်း အဲဒီသီချင်းကို အပြန်ပြန်ပြီးတော့ဆိုလို့ရှိရင် မင်း ဆုတော်ငွေ တရာတို့ ဆုတော်ငွေ တစ်ထောင်တို့ မင်းရလိမ့်မယ်၊ ဒီတော့ ငါက အဲဒီ သီချင်းရဲ့အပြန် သင်ပေးလိုက်မယ်၊ မင်း ရှင်ဘုရင့်ဆီ သွားဆိုရဲပါ့မလား၊ မှန်ပါ– တပည့်တော်ဆိုရဲပါတယ်ဘုရား၊ အေး ဆိုရဲလို့ရှိရင် ငါ ပြန်ပြီးတော့ သင်ပေးလိုက်မယ် ရှင်ဘုရင်ဆီသွားပြီးသကာလ မင်း ပြန်းပြီးတော့ ဆိုပေတော့လို့ ဆိုပေတော့လို့ဆို ပြီးတော့။......

**မယ္ဟံ သုတွာ သတံ ဒေဟိ, သဟဿံ ဒိဋ္ဌသောဏကံ၊**
**အဟံ တေ သောဏကကွဿံ, သဟာယံ ပံသု ကီဠိတံ။**

ဒီ အပြန်ဂါထာ ပြန်သင်ပေးလိုက်တယ်၊ အဓိပ္ပာယ်ကတော့– အရှင်မင်းမြတ်တွေ့လိုတဲ့ သောဏကကို ကျွန်ုပ် တွေ့ခဲ့ပါပြီ၊ ကျွန် ကြားခဲ့ရပါပြီ, မြင်ခဲ့ရပါပြီ, တွေ့ခဲ့ရပါပြီ၊ ဒါကြောင့် ကြားလို့ရှိရင် ပေးမယ်ဆိုတဲ့ ဆုတော်ငွေ တစ်ရာကို ကျွန်တော့ပေးတော်မူပါ၊ ကျွန်တော်မျိုးသနားတော်မူပါ။ ကိုယ်တိုင် တွေ့လို့ရှိရင် ပေးမယ်ဆိုတဲ့ ဆုတော်ငွေ တစ်ထောင်ကိုလည်း ကျွန်တော်မျိုး ဆုချတော်မူပါ၊ ကျွန်တော်မျိုး သနားတော်မူပါလို့ အဓိပ္ပာယ်သက်ရောက်တဲ့ ဂါထာလေး သင်ပေးလိုက်တယ်။

သင်ပေးလိုက်တော့ ကလေးလေးက ထင်းခွေရာကနေပြီးတော့ အိမ်ပြန်ပြေးလာပြီးတော့၊ အမေ, အမေ ကျနော်ကို ပုဆိုးအင်္ကျီလဲပေးပါ။ အမေက–ဘာတုန်းဟဲ့ ကလေး၊ ဘာဖြစ်လာတာတုန်း နင်။ ဘာဖြစ်ရမှာတုန်း ကျွန်တော်တို့ ဒီနေ့ ဆုတော်ငွေတွေရမှာ အမေရဲ့၊ နန်းတော်ထဲသွားပြီးတော့ သီချင်းဆိုမယ်၊ ကျုပ်ကို ဘုန်းကြီးတစ်ပါးက သီချင်းသင်ပေးလိုက်တယ်၊ အဲဒီသီချင်းဆိုလို့ရှိရင် ရှင်ဘုရင်က ဆုတော်ငွေချမယ်ဆိုတဲ့ တစ်ထောင်တစ်ရာ ကျနော်ရမယ်လို့ ပြောလိုက်တယ် အမေရဲ့၊ ဒီတော့ ကျွန်တော့်ကို ဝတ်စားတန်ဆာ ပြင်ဆင်ပြီးတော့ ၀တ်ပေးပါ, ရေမိုး ချိုးပေးပါ, ပြီးတော့ အမေလည်း လိုက်ခဲ့ပါ၊ ပြီးတော့ နန်းတော်ထဲသွားပါမယ်လို့ ပြောပြီးတော့၊ အဲဒါ နန်းတော်ထဲ သားမိနှစ်ယောက်ရောက်လာ။ ဒီတော့ ညီလာခံကျင်းပ

နေတဲ့အချိန် ရှင်ဘုရင်ထံမှောက်မှာ ဒီလို ဒီလို သီချင်းဆိုချင်ပါတယ် ဆိုတော့ ရှင်ဘုရင်က ဟာ....ငါ့ သူငယ်ချင်းတော့ တွေ့တော့မှာနဲ့ တူတယ်၊ ကဲ ဝင်စေ ဝင်စေလို့ဆိုပြီးတော့ ကလေးဝင်ခိုင်း အဝင်ခိုင်းပြီးတော့ ကလေးကလဲပဲ အဲဒီ—ရှင်ဘုရင် ညီလာခံကျင်းပနေတဲ့အချိန် အားလုံး တိုင်းသူပြည်သားတွေလဲပဲ အားလုံးဆင့်ခေါ်စေပြီးတော့၊ ရှင်ဘုရင်ကနေပြီးတော့ ခုနကသီချင်းနဲ့ဆိုတယ်—

**ကဿ သုတွာ သတံ ဒမ္မိ. သဟဿံ ဒိဋ္ဌသောဏကံ၊**
**ကော မေ သောဏက မက္ခာတိ. သဟာယံ ပံသု ကီဠိတံ—**

ဆိုတဲ့ ရှာတဲ့ဂါထာဆိုတော့ ကလေးက ပြန်ဆိုတယ်။

**မယှံ သုတွာ သတံ ဒေဟိ. သဟဿံ ဒိဋ္ဌသောဏကံ၊**
**အဟံ တေ သောဏကက္ခိဿံ. သဟာယံ ပံသု ကီဠိတံ။**

အရှင်မင်းမြတ် တွေ့ချင်ပါတယ်ဆိုတဲ့ အရှင်မင်းမြတ်ရဲ့ ငယ်သူငယ်ချင်း၊ မြူမှုန်တွေအကြားမှာ ကစားဖက်ဖြစ်တဲ့ သူငယ်ချင်းကို ကျွန်တော်မျိုး တွေ့ခဲ့ပါတယ်တဲ့. တွေ့ခဲ့ပါတယ်၊ ဒါ့ကြောင့် ကျွန်တော်မျိုးကို ဆုတော်ငွေတစ်ထောင်လဲ ချပါ. ဆုတော်ငွေတစ်ရာဆိုတာလဲပဲ ကျွန်တော်မျိုးပေးပါလို့ တောင်းတော့မှ။ ရှင်ဘုရင်က ဝမ်းမြောက်ဝမ်းသာနဲ့ အခုဘယ်တွေ့ခဲ့တာတုန်း။ အရှင်မင်းကြီးရဲ့ ဥယျာဉ်ထဲမှာ တွေ့ခဲ့ပါတယ်။ အေးကောင်းပြီ ဒီလိုဆိုလို့ရှိရင် ကလေးလဲလိုက်ခဲ့ ရမယ်ဆိုပြီးတော့ အားလုံး မင်းခမ်းမင်းနား အဆင်သင့်ပြင်ပြီးတော့. မှူးကြီးမတ်ရာ သေနာပတိ အခြံအရံတွေနှင့်တကွ ခတ်သုတ်သုတ် ထွက်လာခဲ့တယ်၊

ထွက်လာလို့ ဥယျာဉ်ထဲရောက်တော့ တွေ့ကြတယ် ဆိုကြပါစို့ နှစ်ယောက်သား၊ တွေ့တော့ ပထမတော့ ရှင်ဘုရင်က သူ့သူငယ်ချင်း သောဏကလို့ မမှတ်မိဘူး၊ ရဟန်းတော်တစ်ပါးပါလား ဘယ့်နှယ်ပါလိမ့်မတုန်း၊ ငါ့ သူငယ်ချင်းသောဏကမှ ဟုတ်ပါလေလားလို့ အထင်လွဲ သွားသေးတယ်၊ နောက်တော့မှ သေသေချာချာ စကားစုံစမ်း စစ်ဆေး မေးမြန်းလိုက်ကြတော့မှ သူငယ်ချင်း သောဏကဖြစ်နေ ရှင်ပစ္စေကဗုဒ္ဓါ အရှင်မြတ်တစ်ပါး ဖြစ်နေတယ် ဆိုတဲ့အထိသိရ၊ နောက်ဆုံး—ရှင်ပစ္စေက ဗုဒ္ဓါအရှင်မြတ်က မင်းကြီး ....တဲ့၊

လောကမှာ ခုနကပြောခဲ့တဲ့အတိုင်း လေးမျိုးလေးစားသော သတ္တဝါတွေအနေ အထားရှိသည့်အလျောက်၊ မင်းကြီးဟာ ငါးဖြာအာရုံ ကာမဂုဏ်တွေဆိုတဲ့ လှောင်အိမ်ကြီးထဲမှာ နေပြီးတော့. သားသံယောဇဉ်, သမီး သံယောဇဉ်, ပစ္စည်းသံယောဇဉ်ဆိုတဲ့ ချည်နှောင်ကျော့ကွင်းတွေ ကြားထဲမှာဖြင့် အသေ မခံပါ...နဲ့ အဲဒီ ငါးဖြာအာရုံ ကာမဂုဏ်တွေမှ လွတ်မြောက်ရာ ထွက်ပြီးသကာလ တောတောင်လျှိုမြောင် စခန်းတွေမှာထွက်ပြီး၊ ဝိဝေကရတဲ့နေရာတွေမှာ ထွက်ပြီးသကာလ သံယောဇဉ်ကြိုးဆိုတဲ့ နှောင်ကြိုးအမျိုးမျိုးတွေ ကျွတ်ရာ, လွတ်ရာ နေရာဌာနကို လာသင့်ပြီ ထွက်သင့်ပြီလို့ သတိပေးတယ်၊ သတိပေး တော့—အရိန္ဒမမင်းက အရှင်ဘုရား သတိပေးတာတော့ ဟုတ်တယ်တဲ့ ဟုတ်ပါရဲ့၊ တပည့်တော်မှာဖြင့် ညွန်ထဲမှာနစ်နေတဲ့ ဆင်ကြီးလိုပဲ, ညွန်ထဲမှာ နစ်နေတဲ့ ဆင်ဟာ နောက်က ခြေထောက်တွေ နုတ်တော့မယ်လို့ အားစိုက်လိုက် ရှေ့က ခြေထောက်တွေက မြုပ်သွားလိုက်ဆိုသလိုပဲ လှုပ်လေမြုပ်လေဆိုသလိုပဲ တပည့်တော်မှာတော့၊ ငါးဖြာအာရုံ ကာမဂုဏ်တွေထဲမှာ တပည့်တော် လွတ်နိုင်ဘို့ ထွက်နိုင်ဘို့ဆိုတာ တပည့်တော်အတွက်တော့ မလွယ်တော့ဘူး ဘုရား ....လို့၊ သူ့ရဲ့ ဘဝလည်း သူမဖြစ်နိုင်တော့တဲ့အနေမျိုးနဲ့ လျှောက်ထားတယ်။

ဒီတော့ ရှင်ပစ္စေဗုဒ္ဓါအရှင်မြတ်ကြီးက၊ မင်းကြီး—အင်မတန် ချစ်ခင် နှစ်သက်မြတ်နိုးအပ်တဲ့ မိတ်ဆွေသူငယ်ချင်းမို့လို့ ပြောသင့်, ပြောထိုက်တဲ့ စကားကို လာပြီးတော့ ပြောခြင်းဖြစ်တယ်၊ အခု အသင်မင်းကြီး ပြောတဲ့အတိုင်း ဆိုလို့ရှိရင်ဖြင့် အသင်မင်းကြီးဟာ ထွက်နိုင်တာ မထွက်နိုင်တာအသာထား ကျွန်ုပ် ဥပမာတစ်ခုနဲ့ ပြောမယ်.....တဲ့၊ ပြောမယ်။

**ဂင်္ဂါယ ကုဏပံ ဒိသွာ, ဝုယှမာနံ မဟဏ္ဏဝေ၊**
**ဝါယသော သမစိန္တေသိ, အပ္ပပညော အစေတသော။**

အရှင်မင်းကြီး....တဲ့၊ ကျွန်ုပ် ဥပမာတစ်ခုပြောမယ်၊ တစ်ချိန်တုန်းက, တစ်ခါတုန်းက, ကျီးတကောင်ဟာ ဟို အာကာသကောင်းကင်ကနေ ပျံသန်း ပြီးတော့ လာတဲ့အခိုက်၊ ဂင်္ဂါမြစ်ကျောမှာ ပေါလော ပေါလော မျောလာတဲ့ ဆင်သေကောင်ကြီးတစ်ခုကို တွေ့ရတယ်...တဲ့၊ တွေ့ရတယ်။

## ဂင်္ဂါယ ကုဏာပံ ဒိသွာ, ဝုယှမာနံ မဟဏ္ဏဝေ။

ဂင်္ဂါယ-ဂင်္ဂါမြစ်ကြီး၌။ မဟဏ္ဏဝေ-အင်မတန်စီးလာတဲ့ ရေစီးကြီးထဲ၌၊ ဝုယှမာနံ-ပေါ်လောပေါ်လောနဲ့ မျောလာတဲ့။ ကုဏာပံ-ဆင်သေကောင်ကြီးကို။ ဝါယသော-ကောင်းကင်ခရီးက ပျံသန်း, ဖြတ်သန်းပြီးတော့ ပျံသန်းလာတဲ့ ကျီးတစ်ကောင်သည်။ အပ္ပပညော-အသိပညာ အလိမ္မာလည်း နည်းသည်ဖြစ်၍။ အစေတသော-ရှေ့ရေးနောက်ရေးကို ထောက်တွေးနိုင်တဲ့ စိတ်ကူးစိတ်သန်းလဲ မရှိသည်ဖြစ်၍။ သမ စိန္တေသိ-ဤကဲ့သို့ ကြံစည်စဉ်းစားလေပြီ။

အဲဒီကျီးကလေ....သူကကောင်းကင်ခရီးက ပျံသန်း, ဖြတ်သန်း လာရင်းနဲ့ ဂင်္ဂါမြစ်ကြောမှာ ပေါ်လောပေါ်လောနဲ့ မျောလာတဲ့ ဆင် သေကောင်ကြီးကို တွေ့လိုက်တော့၊ သူက အဲဒီဆင်သေကောင်ကြီးပေါ် ဖြုန်းကနဲဆို ထိုးဆင်းနားလိုက်ပြီးတော့, သူက ဒီလိုကြံတယ်....တဲ့ ဒီလိုကြံတယ်၊

## ယာနဉ္စ ဝတိဒံ လဒ္ဓံ, ဘက္ခောစာယံ အနပ္ပကော၊
## တတ္ထရတ္တိံ တတ္ထဒိဝါ, တတ္ထေဝ နိရတော မနော။

ဟန်ကျလိုက်တာ, ငါဟန်ကျလိုက်တာ၊ ငါကံကောင်းထောက်မချင်တော့ ကြည့်ပါအုန်း၊ ဇာတာစန်းလက် အကွက်ဆိုက်ချင်တော့ ကြည့်ပါအုန်း၊ မဲမဲမြင်လို့ ထိုးဆင်းပြီးတော့ နားလိုက်တာ ဆင်သေကောင်ကြီး၊ ဆင်သေကောင်ကြီး။ စားလို့မကုန်, သောက်လို့မခန်း၊ အင်း—ဒီပေါ်စီးပြီး လိုက်ရတော့ ဂင်္ဂါမြစ်လှိုင်း ကလေးတွေ အိအိ အိအိနဲ့ ယဉ်ကြီးစီးသွားရသလို ငြိမ့်လည်းငြိမ့်လိုက်ပါဘိ၊ **ယာနဉ္စ ဝတိဒံ လဒ္ဓံ။** က္လဒံယာနံ-ဒီ ငြိမ့်ငြိမ့်, ငြိမ့်ငြိမ့်စီးရတဲ့ ဒီယာဉ်ကြီးကိုလည်း။ လဒ္ဓံ-ငါ ရအပ်ပေပြီ။ ငါ့မှာ....တကထဲ ဂင်္ဂါမြစ်ကြောတစ်လျှောက်လုံး ငြိမ့်ငြိမ့် ငြိမ့်ငြိမ့်နဲ့ စီးသွားရမည့် ယာဉ်ကြီးလည်းရပြီ....။ ဆင်သေကောင်ပုတ်ကြီး ရတာကိုပဲ သူ့စိတ်ထဲ ယာဉ်ကြီးတစ်စီးရတယ်လို့ စိတ်ကြီးဝင်နေတယ်၊ **ဘက္ခောစာယံ အနပ္ပကော။** ဘက္ခော-ငါ စားစရာ, သောက်စရာဆိုတဲ့ အစာအာဟာရကလည်း။ အနပ္ပကော-ငါ စားလို့မကုန်, သောက်လို့မခန်း

ဒီတစ်သက်ဖြင့် စားရော။ အင်း–အစားအသောက်နဲ့ ပတ်သက်လို့ ကလည်း ရလိုက်တာ တကထဲ စားမကုန်, သောက်မခန်း ငါ့တစ်သက် ဖြင့် စားရော, စားရောတဲ့ ဟန်ကြလိုက်တာ။ **တတ္ထရတ္တိံ တတ္ထဒိဝါ တတ္ထေဝနိရတောမနော–** နေ့လည်း ငါ ဒီနေလိုက်ရုံပဲ၊ ညလည်း ဒီနေလိုက်ရုံပဲ၊ ဘယ်မှ အစာရှာ အထူးအထွေထွက်နေဘို့ မလိုတော့ဘူး။ အဲဒီလို ကျီးဟာ စိတ်ကြီးဝင်ပြီးတော့ ဆင်သေကိုစီးပြီးတော့ လိုက်ခဲ့တယ် .... တဲ့၊ လိုက်ခဲ့တယ်။

**ခါဒံ နာဂဿ မံသာနိ, ပိဝံဘာဂီ ရထောဒကံ၊**
**သမ္ပဿံ ဝနစေတျာနိ. န ပလေတ္ထ ဝိဟင်္ဂမော။**

အဲဒီကျီးဟာ....တဲ့ အဲဒီ ဆင်သေကောင်ကြီးပေါ်မှာစီးပြီးတော့ လိုက်ရင်းနဲ့ ဆာဆာရှိတယ်ဆိုရင် ဆင်သေရဲ့အသားတွေ ထိုးနှိုက်ပြီးတော့ စားလိုက်၊ ရေငတ်တယ်ဆိုရင် ဂင်္ဂါမြစ်ရေကလေး သောက်လိုက်၊ အဲဒီလိုနဲ့ ဂင်္ဂါမြစ်ကြောမှာ ဆင်သေကောင်စီးပြီး လိုက်သွားလိုက်တာ၊ ကမ်းတွေ, သောင်တွေ, မြင်ရ, တွေ့ရတဲ့အချိန်တွေမှာ ကမ်းတွေ, သောင်တွေကြည့်ပြီးတော့ .....

**သမ္ပဿံ ဝနစေတျာနိ၊ နပလေတ္ထ ဝိဟင်္ဂမော။**

ဝနစေတျာနိ–ကမ်းတွေ, သောင်တွေ တောတောင်တွေ သစ်ပင်တွေကို၊ သမ္ပဿံ (သမ္ပဿန္တော)–ကောင်းစွာတွေ့မြင်နေရပါသော်လည်း။ ဝိဟင်္ဂမော–ကျီးမိုက်သည်။ နပလေတ္ထ–ပျံ၍မတက်ခဲ့ခြေ။ ဘေးက ကမ်းတွေ သောင်တွေ တွေ့နေကြုံနေပေမယ်လို့ သူ ပြန်ဖို့ စိတ်မကူးဘူး ....တဲ့။ ဒီ ဆင်သေ ပုတ်ကြီးပဲစီးပြီး စိတ်ကြီးဝင်ပြီးတော့ လိုက်သွားလိုက်တာ၊ နောက်ဆုံးတော့ ဒီဆင်သေပုတ်ကြီးဟာ ဘယ်ရောက်သွားတုန်းဆိုတော့ မဟာသမုဒ္ဒရာထဲရောက်၊ မဟာသမုဒ္ဒရာထဲမှာမှ တဖြေးဖြေး သမုဒ္ဒရာရဲ့ ကမ်းမမြင်, လမ်းမမြင် အခြေအနေတွေ ရောက်လို့ ဆင်သေကောင်ကြီးရဲ့ အသားတွေကလည်း ပုပ်ရိ ဆွေးမြေ့ အရိုးချည်းကျန်၊ လှိုင်းတွေကပုတ်, ဝဲတွေကစုတ်နဲ့ ဆင်သေကောင်ကြီး မြုပ်တဲ့အချိန်ကြမှ၊ အဲဒီ ဆင်သေပုပ်ကို မက်ပြီးသကာလ စီးလိုက်လာခဲ့တဲ့ ကျီးမိုက်ဟာ၊ ဟိုဟို ဒီဒီ သောင်ကမ်းတွေ မျှော်ပြီးသကာလ ပျံသန်းပါ

သော်လည်းပဲ ကမ်းမမြင်, လမ်းမမြင် စခန်းမို့လို့ အဲဒီ ကမ်းမမြင်, လမ်းမမြင်တဲ့ နေရာတွေမှာ ဟိုဟိုဒီဒီ ပျံသန်းရင်း, ကမ်းရှာရင်း, သောင်ရှာရင်း, သစ်ပင်ရှာရင်းနဲ့ ပျံသန်းရင်း၊ အတောင်ညောင်းပြီး ရေထဲကျလို့ သေပြီးတော့ ငါးစာ ငါးမန်းစာဖြစ်ရတယ်.....။

❖ **ကျီးနက်မိုက်ခေါင်, ဆင်သေကောင်ထက်, သောင်ကိုမလှမ်း၊ ကမ်းသို့မတက်, အပုတ်မက်၍, စီးလျှက်စားကာ, လိုက်လေပါက၊ သမုဒ္ဒရာရောက်ဆိုက်, လှိုင်းဝဲရိုက်၍, ရေဋ္ဌမွန်းနစ် ငါးစာဖြစ်သို့....။**

အရှင်မင်းကြီး–တဲ့ အဲဒါ ဥပမာ ကျွန်ုပ်ပြောတာ၊ အဲဒီ ကျီးမိုက်ဟာ ဆင်သေကိုစီးလိုက်တဲ့ ကျီးမိုက်လို။ အသင်မင်းကြီးတို့လို ငါးဖြာအာရုံ ကာမဂုဏ်တွေနဲ့ အိမ်ရာတည်ထောင် လူ့ဘောင်မှာနေတဲ့ ပုဂ္ဂိုလ်တွေဟာ တစ်သက်လုံး ဒီလိုပဲ ဆင်သေကောင်ကိုစီးလိုက်တဲ့ ကျီးမိုက်လို နေသွားမယ် ဆိုရင်ဖြင့်၊ အကြောင်းအားလျော်စွာ အိမ်ရာတည်ထောင် လူ့ ဘောင်မှာနေရင်းနဲ့ တရားသံတွေ, ရိပ်သာသံတွေ, တရားအားထုတ် ကြတဲ့အသံတွေဆိုတဲ့ ကမ်းတွေ မြင်ပါရဲ့သားနဲ့, ကမ်းပေါ်ကို ခုန်မတက်, ပြန်မတက်ခဲ့ဘူးဆိုရင်တဲ့၊ နောက်ဆုံးမှာ အဲဒီ ငါးဖြာအာရုံကာမဂုဏ်တွေနဲ့ နစ်မွန်းမျောပါပြီးသကာလ–

* "**သမုဒ္ဒရာရောက်ဆိုက်, လှိုင်းဝဲရိုက်၍, ရေဋ္ဌမွမ်းနစ်, ငါစာဖြစ်သို့, စင်စစ်မှတ်ဆောင်, လူတို့ဘောင်တွင်, အိမ်ထောင်ဝင်ထဲ, သေအောင်စွဲ၍, အမြဲနေငြား, သား–မယားနှင့်, ခံစားကာမ, လူထိုမျှကို, ကာကပညာ, ကျီးပမာဟု, မဟာဝိသုဒ်, မြတ်သမ္ဗုဒ်တို့, ရွှေနှုတ်လှစ်ချွေ, ဟောခဲ့ပေ၏**".....။

အဲဒီကျီးမိုက်လိုဖြစ်မှာပေါ့ .... တဲ့၊ ကျီးမိုက်လိုဖြစ်မှာပေါ့၊ ဒီတော့ ကျွန်ုပ်ကတော့ အသင့်ကို ပြောသင့်ပြောထိုက်တဲ့ ပိတ်ဆွေချစ်မို့လို့ ပြောသင့် ပြောထိုက်တဲ့စကားကို ပြောခဲ့ပြီ ....တဲ့၊ အရှင်မင်းကြီး အမြဲတမ်း

ဒီလှောင်အိမ်ထဲမှာ နေပြီးသကာလ, သံယောဇဉ်ကြိုးဆိုတဲ့ ကျော့ကွင်းတွေထဲမှာ အမြဲနေပြီးတော့ သေဖို့ရာတော့ မစဉ်းစားပါနဲ့ မကြံပါနဲ့- ဒီလှောင်အိမ်ထဲက ထွက်ပြီးသကာလ၊ ညွှတ်ကွင်းတွေလွတ်ရာမှာ သေနိုင်အောင် ကိုယ့်ကိုယ်ကို ကြိုးစားဖို့ အင်မတန်ချစ်ခင်တဲ့ မိတ်ဆွေအနေမျိုးနဲ့ ကျွန်ုပ် သတိပေးပါတယ် ....လို့ သောဏကအရှင်ပစ္စေကဗုဒ္ဓါ အရှင်မြတ်က သတိပေးတော့မှ အရိန္ဒမမင်းကြီး အဲဒီမှ သတိသံဝေဂ နည်းနည်းရသွားပြီးတော့-

**အဒ္ဓေဝ ပဗ္ဗဇိဿာမိ, ကော ဇညာ မရဏံ သုဝေ၊**
**မာဟံ ကာကောဝ ဒုမ္မေဓော, ကာမာနံ ဝသ မန္ဝဂံ။-**

ဒီစကား ပြောလာတယ်။

အဇ္ဇေဝ-နက်ဖန်သဘက် ရက်မရွှေ့ပဲ ယနေ့သာလျှင်။ ပဗ္ဗဇိဿာ မိ-အိမ်ရာတည်ထောင်, လူ့ဘောင်ခွာမြန်း၍, ကျောင်းသင်္ခမ်းဆီသို့ သွားတော့အံ့။ အိမ်ရာတည်ထောင် လူ့ဘောင်တွေမှ ခွာမြန်းပြီးသကာလ, တရားဘာဝနာ အလုပ်တွေကို, အားထုတ်လို့ဖြစ်တဲ့ ဝိဝေက ရတဲ့ နေရာဆီသို့ ခွာမြန်းတော့အံ့။ ကော-အဘယ်သူသည်။ အဇ္ဇေဝ မရဏံ-ယနေ့ စုတိပျက်ကြွေ သေရမည်ကို လည်းကောင်း။ သုဝေဝ မရဏံ-မနက်ဖန်သဘက် သေရမည်ကိုလည်းကောင်း။ ဇညာ-ကောင်းစွာပိုင်ပိုင် သိနိုင်ပါအံ့နည်း။

သွားမယ်....တဲ့ ငါထွက်တော့မယ်၊ ညွှတ်ကွင်းတွေထဲက ငါ လွတ်အောင်, ရုန်းတော့မယ်၊ လှောင်အိမ်ကြီးထဲမှာဖြင့် ငါ အသေမခံတော့ဘူး .....တဲ့။ ဒီ ငါးဖြာအာရုံ ကာမဂုဏ်တွေထဲမှာ နေရင်ဖြင့်၊ ဘယ်သူ ဒီနေ့သေမယ်, မနက်ဖန်သေမယ်ဆိုတဲ့စကား သိနိုင်လိမ့်မလဲ၊ ဘယ်တော့သေမယ်ဆိုတဲ့ အကြောင်းကို ဘယ်သူ သိနိုင်လိမ့်မလဲ....တဲ့၊ ဘယ်သူ သိနိုင်လိမ့်မလဲ။

အဟံ-ငါသည်။ ကာကောဝ-ဆင်သေကိုစီးလိုက်သည့် ကျီးမိုက် ကဲ့သို့။ ဒုမ္မေဓော-အသိပညာအလိမ္မာနည်းသည်ဖြစ်၍။ ကာမာနံ-ငါးဖြာအာရုံ ကာမဂုဏ်တို့၏။ ဝသံ-အလိုအကြိုက်သို့။ မာအန္ဝဂံ-မိုက်မိုက်မားမား မလိုက်စားဘဲ ရှိရပါတော့အံ့နည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

အဲဒီလို သံဝေဂဖြစ်ပြီးတော့၊ သောဏက ပစ္စေကဗုဒ္ဓါအရှင်မြတ်ရဲ့ တိုက်တွန်းနိုးဆော်ချက်အရ၊ လှောင်အိမ်ထဲကထွက်. ညွတ်ကွင်းနဲ့ တူတဲ့ သားသံယောဇဉ်, သမီးသံယောဇဉ်, ပစ္စည်းသံယောဇဉ်တွေကို ဖြတ်တောက်ပြီးတော့, တောတောင်လျှိုမြောင်ဆိုတဲ့ စခန်းတွေထဲမှာ ထွက်ပြီးသကာလ. သူတော်ကောင်းအဖြစ်နဲ့၊ ဘဝကို ချုပ်ဆုံးတော်မူခဲ့ပါတယ် ....တဲ့၊ အရိန္ဒမမင်း ဘုရားအလောင်း။ အဲဒါ မြတ်စွာဘုရား ရဲ့အလောင်းတော်ပါသူက၊ ဟိုက သောဏကကတော့ ပုရောဟိတ်ရဲ့ သားကတော့ ပစ္စေကဗုဒ္ဓါဖြစ်သွားလို့ ပရိနိဗ္ဗာန်စံသွားပြီ၊

ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ် ဒီဇာတ်တော်ကို ဟောတဲ့နေရာမှာ ဖြစ်နိုင်ခဲ့ရင် အိမ်ရာတည်ထောင် လူ့ဘောင်မှာ နေကြရလင့်ကစား၊ အိမ်ရာတည်ထောင် လူ့ဘောင်မှာနေကြရတဲ့ အဖြစ်ကို၊ လှောင်အိမ်ကြီးထဲမှာ နေရတဲ့ အဖြစ်မျိုး, သံယောဇဉ်အမျိုးမျိုး, ကြိုးအမျိုးမျိုးတွေနဲ့ ချည်တုတ်ခံထားရတဲ့ အဖြစ်မျိုးကို, မိမိကိုယ်မိမိ ဆင်ခြင်ပြီးတော့၊ တစ်ခုသော အချိန်မှာ၊ အခုလို ဝိဝေကရတဲ့ နေရာမျိုးတွေမှာ ထွက်လာ၊ ဝိဝေကရတဲ့ တရားဘာဝနာအလုပ် အားထုတ်နိုင်တဲ့ နေရာမှာ၊ သံယောဇဉ်အမျိုးမျိုးတွေကို ဖျက်ချိုးထွက်လာပြီး လှောင်အိမ်ရဲ့ အပြင်ဘက်, ကျော့ကွင်းတွေ လွတ်တဲ့နေရာမှာ မိမိကိုယ်မိမိ ဒီရုပ်နာမ် ခန္ဓာကို ချုပ်ဆုံးသည်အထိ ရောက်နိုင်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်ကြဘို့ရာ၊ အကယ်၍ အဲဒီထိမျှ မတတ်နိုင်ခဲ့ရင် စိတ်မကူး နိုင်ခဲ့ရင်တဲ့၊ အိမ်ရာတည်ထောင် လူ့ဘောင်မှာနေရသော်လည်းပဲ၊ ငါးဖြာအာရုံ ကာမဂုဏ်တွေနဲ့ နေရသော်လဲပဲ၊ ဒီပစ္စည်း, ဒီစည်းစိမ်, ဒီဥစ္စာ, ဒီသား, ဒီသမီးတွေနဲ့ နေရသော် လဲပဲ၊ ငါသည် တစ်နေ့ ဒါတွေ စွန့်ပြစ်ခဲ့ရမည့်ပစ္စည်းတွေလို့ ....၊ အမြဲနှလုံး သွင်းပြီးတော့ တစ်နေ့မှာ စွန့်မယ်၊ တစ်ချိန်မှာ စွန့်မယ်၊ တစ်ခုသောအချိန်မှာဖြင့် ငါထွက်မယ်ဆိုတဲ့ နေက္ခမ္မဓာတ် စိတ်ကလေး ရှေးသူတော်ကောင်းတွေကို အာရုံပြုပြီးသကာလ ဒီစိတ်ကလေးကို မွေးပါ ....တဲ့၊ မွေးထားပါ။

အတူတူတွဲပြီး နေရသော်လဲပဲ ခန္ဓာကိုယ်က အတူတူတွဲပြီး နေရသော်လဲ၊ စိတ်ထဲက ဒီဟာတွေ ပေါ်မှာ သာယာမှု. မတ်မောမှုတွေ တဖြေးဖြေး လျော့လျော့လာ၊ သံယောဇဉ်တွေကို တဖြေးဖြေး ဖြတ်တောက်ပြီးတော့ ကင်းနိုင်သမျှ ကင်းအောင် ထိန်းသိမ်းပြီးတော့ လာခဲ့ရင် အဲဒါ ရှေးသူတော်ကောင်းကြီးတွေကို အတုခိုးပြီးတော့၊ တောထဲ လွတ်လွတ်ကြီး မထွက်နိုင်သေးသည့်တိုင်အောင်၊ ရှေးသူတော်ကောင်းကြီးတွေရဲ့ထုံး နှစ်လုံးမှုပြီးသကာလ. ကိုယ်ပေါင်းစိတ်ခွာ၊ ကိုယ်ကသာလျှင်ပင် ပေါင်းသင်းပြီးတော့ နေရသော်လဲပဲ၊ စိတ်ခွာတဲ့အနေနဲ့ နေက္ခမ္မအဇ္ဈာသယဓာတ်ခံနဲ့ နေနိုင်အောင် ကြိုးစားရမယ်.....လို့၊ နောက်ဆုံး မျှော်ပြီးတော့ တိုက်တွန်းထားတော်မူပါတယ်။

ဒီတော့ ယနေ့ ဆရာလေးဦးမြင့်စိန်အနေနဲ့ ငါသည် လှောင်အိမ်တွင်းမှာ နေတဲ့သူလား၊ နှောင်ကြိုးတွေ. ညွတ်ကွင်းတွေကြားထဲမှာ ငါမိနေတဲ့ဘဝလား၊ ငါ့ရဲ့ ယနေ့ (၅၅)နှစ်မြောက်ပြည့်တဲ့နေ့ဟာ. ငါ လှောင်အိမ်တွင်းက လွတ်လာတာ ဘယ်နှစ်နှစ်ရှိပြီလဲ၊ ညွတ်ကွင်းထဲက လွတ်လာတာ၊ ငါ ဘယ်လောက်ရှိပြီလဲ .... လို့၊ အဲဒီ ယခု လက်ရှိအခြေနေကိုလဲ စစ်ဆေး. နှောင်လဲပဲ ဒီနှောင်အိမ် အတွင်းတွေ ပြန်မရောက်အောင်၊ ညွတ်ကွင်းအတွင်းတွေ ပြန်မရောက်အောင်၊ ငါ ဆက်လက်ပြီးတော့ ကြိုးစားမယ်။ ဘုရားပစ္စေကာ အရိယာအပေါင်း သူတော်ကောင်းကြီးတွေ အာထုတ်သွားတဲ့ လမ်းစဉ်အတိုင်း နေက္ခမ္မ ဓာတ်ခံဖြင့်၊ နေက္ခမ္မဓာတ်ခံရတဲ့ပုဂ္ဂိုလ်တွေ မြင်သင့် မြင်ထိုက်တဲ့ တရားထူးကြီး နိဗ္ဗာနဓာတ် တရားထူးကြီးသည် ပရမတ္ထသဘာဝအားဖြင့် လောကမှာ အထင်ရှားရှိနေသည်၊ အဲဒီ ဓာတ်တရားထူးကြီးကို လှောင်အိမ်ပြင်ဘက် ကျော့ကွင်းလွတ်အနေနဲ့ ငါ မြင်အောင်ကြိုးစားမယ်လို့ ဆရာလေးဦးမြင့်စိန်အနေနဲ့ မှန်းထားရမယ်။

အားလုံးသော တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ အနေနဲ့ လည်းပဲ အကြောင်းမညီညွတ်လို့. အခွင့်မသာလို့. လှောင်အိမ်နဲ့တူတဲ့ အိမ်ရာတည်ထောင် လူ့ဘောင်မှာ နေကြရလင့်ကစား၊ သားသမီး ပစ္စည်းဆိုတဲ့ သံယောဇဉ်တွေကို မဖြတ်တောက်နိုင်ကြသေးလင့်ကစား၊ ကိုယ်ပေါင်းစိတ်ခွါ အနေနဲ့ မကြာမကြာ သူတော်ကောင်းကြီးတွေရဲ့ လွတ်မြောက်သွားပုံ

ထွက်မြောက်သွားပုံ၊ ဘုရားလောင်း အရိန္ဒမမင်းကြီးဟာ ငါတို့လို လူသားထဲကနေ ပြီးတော့ပဲ ဒီတရားသဘောကျလို့ ထွက်မြောက်သွားနိုင်ခဲ့တယ်၊ ငါ ဘာ့ကြောင့် မထွက်မြောက်နိုင်ရမလဲ၊ ငါလဲပဲ တစ်နေ့တစ်ချိန်မှာ ဒီလိုထွက်မြောက်နိုင်ရမယ်လို့ ဆိုတာကို၊ အလောင်းတော်ကြီးတွေ့ သူတော်ကောင်းကြီးတွေရဲ့ ပါရမီဓာတ်ခံ ရင့်သန်မှုကို၊ မိမိအတွက် မကြာမကြာ စဉ်းစားဆင်ခြင် သုံးသပ်ဝေဖန် အတုယူပြီးတော့၊ အဲဒီ တောတောင် သားခေါင်လျှိုမြောင်စခန်းဆီသို့ မျှော်မှန်းပြီးတော့ တက်ရမယ်လို့။—

**ပါယေန ပေါရာဏာ သန္တာ၊ နေက္ခမ္မ ဘိရတာ သဒါ၊**
**တသ္မာ နေက္ခမ္မ နိန္နောမှိ၊ သုဒိဋ္ဌာဒိနဝေါ ဃရေ။**

ပေါရာဏာ–ရှေးအထက်ထက်၊ အဆက်ဆက်က၊ ဖြစ်ပျက် ထင်ရှားခဲ့ကြ ကုန်သော။ သန္တာ–ပါရမီနှင့်၊ စာဂီတင့်၍၊ အရင့်အမာ၊ ကလျာဂုဏ်းဝင်၊ သူတော်စင်တို့သည်။ ပါယေန–တွေ့ကြဆုံကြ၊ ဘုံဘဝဝယ်၊ ကြုံရလေငြား၊ များသောအားဖြင့်။ သဒါ–ဖြစ်ရဖန်ခါ၊ သံသရာဟု၊ ခန္ဓာဖြင့်ပိုင်း၊ ဘဝတိုင်း၌။ နေက္ခမ္မဘိရတာ–ရှက်ဟောင်းကျကြွေ၊ ရှက်သစ်ဝေသည့်၊ အောင်မြေရဂုံ၊ ရိပ်မြုံခင်တန်း၊ ကျောင်း သခ်န်း၌ ရွှင်လန်းမွေ့လျော်၊ စံပျော်တော်မူကြလေကုန်ပြီ၊ တသ္မာ–ရှေးသောခါတွင်၊ သူတော်စင်တို့၊ တောဝင်အောင်းခို၊ ပြဟ္မစိုရ်ဖြင့်၊ အလိုပြည့်ဝ၊ ဖြည့်ကျင့်တော်မူကြလေသောကြောင့်၊ ဃရေ–စားသောက် နေရေး၊ ဖွေရှာရေးနှင့်၊ မင်းဘေးစိုးတာ၊ လွန်စွာများပြောင်၊ လူတို့ဘောင်၌။ သုဒိဋ္ဌာဒိနဝေါ–ပစ္စည်းဥစ္စာ၊ အရာရာဝယ်၊ မရှာမကောင်း၊ ရှာမကောင်းနှင့်၊ ပစုဆောင်းခက်၊ စုဆောင်းခက်သည့်၊ သက်သက်ဖြစ်ချေ၊ အပြစ်တွေကို၊ စစ်ဧလရိပ်ပိ၊ တွေးတိုင်းသိသည်ဖြစ်၍။ နေက္ခမ္မ နိန္နော–အခွင့်အခါ၊ မသင့်ပါလည်း၊ ချင့်စာရော်ရမ်း၊ တောကိုမှန်းသည်။ အမှိ–စင်စစ်မကွာ ဖြစ်ရပါလို၏ဘုရား။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

အဲသလို မကြာမကြာ ကိုယ်ပေါင်းစိတ်ခွါအနေနဲ့ နေကွမ္မဓာတ် ရင့်သန်အောင် ရှေးသူတော်ကောင်းကြီးတွေကို အာရုံပြုပြီးသကာလ မိမိမထွက်နိုင်သေးသော်လည်း, မရှန်းနိုင်သေးသော်လည်းပဲ၊ ရှန်းနိုင်အောင်, လွတ်နိုင်အောင်၊ မကြာမကြာ ကြံဆောင် သတိထားပြီးတော့ နေရမယ်တဲ့။

ဒါမှသာလျှင် ဒီစိတ် ရင့်သန်ရင့်သန်လာပြီးတော့ တဖြေးဖြေး အစ ပထမတော့ ပိုးမျှင်လို, ချည်မျှင်လို၊ နောက်တော့ တဖြေးဖြေး အုန်းဆံကြိုးတို့လို, သံကြိုးတို့လို တစ်ဖြေးဖြေး ရင့်သန်ခိုင်ခန့်လာတဲ့ ဓာတ်သတ္တိတွေရောက်အောင်, ပြောင်းလာအောင်, ပါရမီဓာတ်ခံတွေ တဖြေးဖြေးပြောင်းအောင်၊ ကိုယ့်ကိုယ်ကို ကျင့်ဆောင်ကြိုးစား အားထုတ်နိုင်ကြပါစေကုန်သတည်း။ ယနေ့ ဆရာလေး ဦးမြင့်စိန်သည်လည်း ယခုလက်ရှိ နေကွမ္မပါရမီရှိသည့်အလျှောက် ဝိဝေက ရတဲ့နေရာမျိုးမှာ နေရပြီး၊ လောင်အိမ်အပြင်ဘက်မှာ နေပြီးတော့၊ နှောင်ကြိုး လွတ်တဲ့ နေရာမှာနေပြီး။

ယနေ့ မိမိရဲ့ (၅၅)နှစ်မြောက်မွေးနေ့မှာ ဘုရားရှင်အား ပူဇော်ရခြင်း, သံဃာတော်အရှင်မြတ်တို့အား ပူဇော်ရခြင်း, ဓမ္မရတနာ တရားပွဲကြီးကျင်းပ၍ ပူဇော်ရခြင်း, အသက်ကြီးပူဇော်အနေအားဖြင့် ယောဂီသူတော်စင်တို့အား စတုမဓု အာဟာရကျွေးမွေးခြင်း၊ အင်း—လုံချည်, အင်္ကျီ, ထီး, ဖိနပ်အစရှိတဲ့ ပစ္စည်းရိက္ခာထုပ်တို့ကို၊ ထောင့်ငါးရာ ကိလေသာတပ်ကြီးကို တိုက်ပွဲဝင်နေတဲ့ ပုဂ္ဂိုလ်တွေအား, စစ်ရိက္ခာ ထောက်ပံ့တဲ့အနေမျိုးနဲ့ လှူဒါန်းရတဲ့ ကုသိုလ်ပါရမီ အစုတို့ကြောင့် ဘုရားအစရှိတဲ့ အရိယာသူတော်ကောင်းကြီးတွေ နေကွမ္မ ပါရမီဓာတ် အားဖြင့် ထွက်မြောက်ကြပြီးသကာလ၊ လောင်အိမ်ရဲ့ အပြင်ဘက်မှာ နှောင်ကြိုးမဲ့, ညွှတ်ကွင်းမဲ့, မဂ်ဖိုလ်နိဗ္ဗာန် တရားထူးကြီးတွေကို ရယူ လွတ်မြောက်သွားကြသလို၊

ယနေ့ပြုစုရတဲ့ ကုသိုလ်ကောင်းမှု ပါရမီစုကြောင့် ဒုက္ခခပ်သိမ်းတို့၏ အေးငြိမ်းရာဖြစ်တဲ့ နိဗ္ဗာနဓာတ်ကြီးကို လောင်အိမ်အပြင်ဘက် ကျော့ကွင်း

ညွှတ်ကွင်းတို့ရဲ့ အပြင်ဘက်မှပင် ဆက်လက်လျှက်၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် တရားထူးကြီးကို မိမိသန္တာန် ရောက်ရှိအောင် ကိုယ်စိတ်နှစ်ဖြာ ကျမ္မာ, ချမ်းသာစွာဖြင့် ကြိုးပမ်း အားထုတ်နိုင်ကြကုန်သည်ဖြစ်၍၊ ဒုက္ခခပ်သိမ်း, အေးငြိမ်းရာမှန်, နိဗ္ဗာန်အောင်ခန်း မြို့တော်နန်းသို့ လျှင်မြန်ဆောစွာ ရကြရ, ရောက်ကြရ, မြင်ကြရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုကြ ကုန်ရာသတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

၁၃၄၃-ခုနှစ် တပို့တွဲလပြည့်နေ့

မန္တလေးမြို့ မဟာဗောဓိဝိပဿနာရိပ်သာ၌ ဟောတော်မူသော

# "ဥဒကုပမသုတ္တန်တရား"

**ကာမစ္ဆန္ဒာ နပဿန္တိ, နိဗ္ဗာနံ ကာမမန္တရေ။**
**တသ္မာ ဟိ အတ္တနော ဆန္ဒံ, ခိပ္ပမေဝ ဝိသောဓယေ။**

ကာမစ္ဆန္ဒာ-ငါးဖြာအာရုံ ကာမဂုဏ်ဟု, ချစ်တွေအထပ်ထပ်, တုံးတွေအထပ်ထပ်, ပိတ်ဖုံးကာရံအပ်ကုန်သည်ဖြစ်၍။ ကာမမန္တရေ-ဝတ္ထုကိလေ နှစ်ထွေဖွားဖွား, ကာမဂုဏ်ချုပ်ပိတ်ပေါင်းတို့ရဲ့အကြား၌။ နိဗ္ဗာနံ-အန္တရာယ်ခပ်သိမ်း အေးငြိမ်းရာမှန်, နိဗ္ဗာန်တည်းဟူသော သောင်းကမ်းတော်ကြီးကို။ နပဿန္တိ-ချစ်တွေ နွယ်တွေ ပိတ်ပေါင်းတွေကို, မဖယ်ရှဲသဖြင့်, မမြင်နိုင်ပဲရှိကြပေကုန်၏။ တသ္မာ-ထို့ကြောင့်။ အတ္တနော ဆန္ဒံ-ကိုယ့်မှာလွှမ်းဖုံး ကာမဂုဏ်တည်းဟူသော, ချစ်အားလုံး ကို။ ခိပ္ပမေဝ-ဗုဒ္ဓမြတ်စွာ သာသနာရှိတုန်း, အချိန်မဖြုန်းပဲသာလျှင်။ ဝိသောဓယေ-အမိုက်ကင်းပျောက် အလင်းရောက်အောင်, ထွင်းဖောက်မသွေ ရှင်းလင်းသုတ်သင်သင့်ပေသတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

ယနေ့ အနုမောဒနာပြုရမယ့် တရားပွဲက ၁၃၄၃-ခုနှစ် တပို့တွဲ လပြည့်နေ့မှာ၊ ယနေ့ အနုမောဒနာပြုပေးရမယ့် ကုသိုလ်ကောင်းမှုရှင်က မန္တလေးမြို့ မဟာဗောဓိဝိပဿနာရိပ်သာကြီးရဲ့ တရားပြဆရာဖြစ်တဲ့ ဆရာ ဦးမြင့်စိန်ရဲ့ (၅၈)နှစ်ပြည့်မြောက် မွေးနေ့မင်္ဂလာကို, အခြေခံ အကြောင်းပြုပြီး သကာလ၊ အနုမောဒနာ ရေစက်ချတရားပွဲတဲ့။ ဒီတော့ ဒကာဦးမြင့်စိန် ပြုပြင်အားထုတ်တဲ့ (၅၈) နှစ်မြောက် မွေးနေ့မင်္ဂလာကို အကြောင်းပြုပြီး

---

• အံ-၂။ သတ္တကနိပါတ-၄၀၃။

တပို့တွဲလဆန်း (၁၄)ရက်နေ့က ဒီမဟာဗောဓိဝိပဿနာရိပ်သာ ပဋ္ဌိပတ္တိဓမ္မာရုံကြီးအတွင်း၌၊ သီတင်းသုံးနေတော်မူသော သက်တော်ထင်ရှား မြတ်စွာဘုရားရဲ့ ကိုယ်စားဖြစ်တော်မူတဲ့ ဥဒ္ဒိဿစေတီ ရုပ်ပွားတော်မြတ်အား၊ ပန်းရေချမ်း ဆွမ်းဆီမီးစသော ပစ္စည်းဝတ္ထုတို့ဖြင့် မြဲသပိတ် ထီးဖြူအစရှိသော ပစ္စည်းဝတ္ထုလှူဖွယ် ပူဇော်ဖွယ်တို့ဖြင့် ပြင်ဆင်ပူဇော်ခြင်း၊

အဲဒီ တပို့တွဲလဆန်း (၁၄)ရက်နေ့ ညနေပိုင်းမှာပဲ ယောဂီသူတော်စင်အပေါင်းတို့အား၊ တရားဘာဝနာအလုပ်ကို အားထုတ်နေကြကုန်သော ယောဂီသူတော်စင်အပေါင်းတို့အား၊ စတုမဓုဆေးပစ္စည်းတို့ဖြင့် ကျွေးမွေးညှဉ့်ခံ ထောက်ပံ့ကူညီခြင်း၊ လှူဒါန်းခြင်း၊ ဒီမှတစ်ပါး တပို့တွဲလပြည့်နေ့ (၁၅)ရက်နေ့မှာလဲ၊ နံနက်စောစောအချိန်၊ ထို သက်တော်ထင်ရှား မြတ်စွာဘုရားအား ရည်စူးမှန်းထားပြီး သကာလ, မိမိတို့ ပြင်ဆင်ထားအပ်တဲ့ ပစ္စည်းမျိုးစုံ, ပန်းမျိုးစုံ, မုန့် မျိုးစုံ, ခဲဖွယ်ဘောဇဉ် ချိုချဉ်အရသာတို့ဖြင့် ဆက်ကပ်လှူဒါန်းခြင်းဆိုတဲ့ အာမိသပူဇာ ကုသိုလ်မင်္ဂလာ။ အားလုံးသော ယောဂီသူတော်စင် အပေါင်းတို့နှင့် တကွ၊ ပဋိပတ္တိလို့ဆိုရတဲ့ တရားဘာဝနာအကျင့်တို့ကို စုပေါင်းကျင့်ကြံကြိုးကုတ်အားထုတ်ကြခြင်းအားဖြင့် ဓမ္မပူဇာလို့ခေါ်တဲ့၊ အာမိသပူဇာ, ဓမ္မပူဇာ (၂)ပါးဖြင့် ပူဇော်ကြခြင်း။

ဒီမှတစ်ပါး ယနေ့ ယခုအချိန်မှာ တရားပွဲကြီး ဆင်နွှဲကျင်းပပြီးသကာလ, ဓမ္မပူဇာအနေဖြင့် ဓမ္မကထိကအရှင်ကောင်း အရှင်မြတ်အတွက် အရှင်ကောင်း အရှင်မြတ်၏ နဝကမ္မအား (၁၀၀)ကျပ်သော ဝတ္ထုငွေတို့ကို လှူဒါန်းခြင်းမှစ၍၊ သကၤန်း, တဘက်, ဆပ်ပြာ အစရှိသော ပစ္စည်းဝတ္ထု အစုစုတို့ဖြင့် ပူဇော်ခြင်း, လှူဒါန်းခြင်း၊ ဤမှတစ်ပါး မိမိရည်မှန်းထားအပ်တဲ့ ကုသိုလ်ကောင်းမှု အစုစုတို့ကို ပြုလုပ် အားထုတ်ခြင်းလို့ဆိုတဲ့၊ မွေးနေ့မင်္ဂလာကို အကြောင်းပြုပြီးသကာလ ကုသိုလ်မင်္ဂလာတို့ကို ကြိုးပမ်းအားထုတ်ပြုလုပ်တယ်။ အဲ မိတ်ဆွေသင်္ဂဟ ဓမ္မမိတ်ဆွေ သူတော်စင်အပေါင်း သူတော်ကောင်းတို့ကလည်းပဲ၊ တတ်စွမ်းသမျှ ပါဝင်ပြီးတော့ ပြုလုပ်ကြ, အားထုတ်ကြ၊ ခုနက ဟောင်ပြုံးကလား၊ ဘယ်ကတုန်းလာပြီးတော့ ကုသိုလ်ကောင်းမှု ပြုကြတယ်ဆိုတာ၊ ဒါလဲ ဒီမွေးနေ့ မင်္ဂလာက်

အကြောင်းပြုတာပဲနော်၊ အဲဒီလိုအားဖြင့် မိမိရဲ့ ကုသိုလ်ကောင်းမှုမွေးနေ့ကို အကြောင်းအခြေခံ နှစ်ချက်ပြုပြီး၊ မိမိကိုယ်တိုင် ကုသိုလ်ကောင်းမှု ပွားများရခြင်း, ပတ်ဝန်းကျင် စပ်ရာစပ်ရာ နွယ်ရာ နွယ်ရာ သူတော်စင်အပေါင်း သူတော်ကောင်းတို့မှာလည်း၊ ကုသိုလ်တရားတွေ တိုးပွားစေခြင်း, ဆက်ပွား၍ အားထုတ်စေခြင်းဆိုတဲ့ ကုသိုလ်မင်္ဂလာတွေပြုကြတယ်။

ဒီတော့ အဲဒီမင်္ဂလာပြုပွဲ၊ ဆရာဦးမြင့်စိန်ရဲ့ (၅၈) နှစ်မြောက် မွေးနေ့မင်္ဂလာကို အကြောင်းပြုပြီးတော့၊ ဘုန်းကြီးတို့က ဒီနေ့ ဓမ္မ ဒါန. မြတ်စွာဘုရားရဲ့ ဓမ္မမင်္ဂလာ တရားရတနာကြီး ဖြန့်ဝေပွဲ....တဲ့။ ဖြန့်ဝေပွဲမှာ ဘာသုတ်ဟောခဲ့ချင်သလဲ, ဘာတရားဖြန့်ဝေခဲ့ချင်သလဲ, ဘာတရားနဲ့ ယနေ့ ဒကာ-ဒကာမတွေကို အသိပေးခဲ့ချင်သလဲဆိုရင်၊ အင်္ဂုတ္တရနိကာယ် သံယုတ္တနိကယ်မှာလာတဲ့. **ဥဒကူပမသုတ်တော်** ဆိုတဲ့ သုတ်နဲ့ ဘုန်းကြီးက ဒီနေ့ပြောခဲ့မယ်။ **ဥဒကူပမ သုတ်တော်** တဲ့ ပါဠိလိုတော့၊ မြန်မာလိုဆိုရင်ကတော့ **"ရေကူးသမားအလားတူသုတ်တော်"**။

ရေကူးသမား ဥပမာပေးပြီးတော့ မြတ်စွာဘုရားက, ယနေ့ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေကို ဆုံးမသွန်သင်သွားတော်မူတဲ့၊ မဂ်ဖိုလ်နိဗ္ဗာန်ရောက်အောင် လမ်းညွှန်ပြသ ပို့သွားတော်မူတဲ့ သုတ်တော်မို့လို့, သူ့ကို ဥဒကူပမသုတ်တော်။ မြန်မာလို ပြောရင်တော့၊ **"ရေကူးသမား အလားတူသုတ်တော်"** ဟောဒီတရား ခေါင်းစီးလေးကိုတော့ ဘုန်းကြီးတို့ ပရိသတ်က မှတ်မိအောင် သတိဆောင်ပြီးတော့ ယူသွားစေချင်ပါတယ်။ ရေကူးသမားအလားတူသုတ်တော် ပရိသတ်ကြီး။ ဘာသုတ်တော်တုန်း? ရေကူးသမားအလားတူ သုတ်တော်ပါဘုရား။ ရေကူးသမားနဲ့ ဥပမာပေးပြီးတော့ (၃၁) ဘုံ သံသရာခရီးသွားတွေကို ဥပမာပေးဟောထားလို့ ရေကူးသမားနဲ့ အလားတူတဲ့ ပုဂ္ဂိုလ်ခုနှစ်မျိုး....တဲ့။ **"သတ္တိမေ ဘိက္ခဝေ ဥဒကူပမာ ပုဂ္ဂလာ"** ဘိက္ခဝေ- မဂ်ဖိုလ်နိဗ္ဗာန်လိုလား အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့။ ဥဒကူပမာ-ရေကူးသမား, ရေမျောသမားနဲ့ အလားတူကြကုန်သော။ ပုဂ္ဂလာ-

ပုဂ္ဂိုလ်တို့သည်။ ဣမေသတ္တ–ဤခုနစ်မျိုးတို့တည်း။ ရေကူး သမား. ရေမျောသွားနဲ့အလားတူတဲ့ပုဂ္ဂိုလ် ခုနစ်မျိုးရှိတယ်....တဲ့။

ဒီတော့ ရေကူးသွား, ရေမျောသွားနဲ့ အလားတူတဲ့ပုဂ္ဂိုလ် ဆိုတော့ ပထမဆုံး ရေကူးသွား ရေမျောသွား ခုနစ်မျိုးကို အရင်သိဖို့ လိုအပ်တယ်။ ဒီတော့ ရေမျောသွားပုဂ္ဂိုလ် ခုနစ်မျိုးကို ဥပမာဘက်က သိရမှာဆိုတော့၊ အဲ့ဒီပုဂ္ဂိုလ် မျောနေတယ်ဆိုတဲ့ရေက ဘယ်လိုရေတုန်း။ မြစ်ထဲကရေလား. အင်းထဲကရေလား, ချောင်းထဲကရေလား။ ဘယ်ထဲက ရေတုန်းလို့ဆိုတော့ မြတ်စွာဘုရားက–

**သေယျထာပိ ဘိက္ခဝေ နဒီ ပဗ္ဗတေယျာ ဩဟာရိနီ ဒူရင်္ဂမာ သီဃသောတာ။**

ဘိက္ခဝေ–မဂ်ဖိုလ်နိဗ္ဗာန်လိုလား အမျိုးကောင်းသား. အမျိုးကောင်း သမီးတို့။ ဘိက္ခဝေ–ဥပမာအားဖြင့် ပြောကြရင် နားလည်လွယ်ကြတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့၊ သေယျထာပိ–ဥပမာ မည်သည်ကား။ နဒီ–မြစ်ကြီးသည်။ အတ္ထိ–ရှိ၏။

ဘယ်လိုမြစ်ကြီးတုန်းလို့ဆိုတော့....ပဗ္ဗတေယျာ–တောင်ပေါ်မှ တဟုန်ထိုး စီးဆင်းလာတဲ့ မြစ်ကြီး။ သီဃသောတာ–တောင်ပေါ်က တဟုန်ထိုး ထိုးစီးပြီးတော့ ထိုးဆင်းလာတဲ့မြစ်ကြီးမို့လို့လည်း ရေစီးသန်လှတဲ့ မြစ်ကြီး။ ဟာရဟာရိနီ–ဆောင်ယူစရာဖြစ်တဲ့ ဆောင်ထိုက်, သယ်ထိုက်, တိုက်မျောထိုက်တဲ့ တုံးတွေ. တိုင်တွေ, သစ်တွေ, ဝါးတွေ. ချုံနွယ်တွေ. ဗေဒါတွေ. အမှိုက်တွေ. သရိုက်တွေ ဟူသမျှကိုယ်လည်းပဲ တိုက်မျောပြီးတော့လာတဲ့ မြစ်ကြီး။ မြတ်စွာဘုရားက မြစ်ကြီးတစ်ခု ရှိတယ်....တဲ့။ ဟိုဘက် ဒီဘက်ကမ်းကလည်းပဲ အင်မတန် ကျယ်ဝန်းတဲ့ မြစ်ကြီး။ ဘယ်ကနေ စ,စီးလာတဲ့မြစ်ကြီးတုန်းလို့ဆိုတော့၊ တောင်ကြီးတွေ နှစ်လုံးသုံးလုံးကြားကနေပြီးတော့ တဟုန်ထိုး ထိုးစီးပြီးတော့ စီးလာတဲ့မြစ်ကြီး။

ဒီတော့ တောင်တွေပေါ်ကနေပြီးတော့ တဟုန်ထိုး ထိုးစီးလာတဲ့ မြစ်ကြီးဖြစ်လေသောကြောင့်၊ ရေစီး ဘယ့်နှယ်နေတုန်းလို့ ဆိုတော့။ သီဃသောတာတဲ့–ရေစီးကလဲ သန်လိုက်တာ တဝေါဝေါ နေတာပဲ ရေစီးက။ ရေစီးသန်ရုံတင်မကဘူး၊ ဒီမြစ်ကြီးထဲမှာ ဘာတွေ ရှိနေတုန်းဆိုတော့၊ ဒီမြစ်ကြီးက ရေစီးသန်တဲ့အတိုင်း လမ်းတွေ့သမျှ တုံးတွေ၊ တိုင်တွေ၊ ချုံတွေ၊ သစ်ပင်တွေ မှန်သမျှကို တိုက်မျော လာခဲ့တာဖြစ်သောကြောင့်၊ ဒီမြစ်ကြီးထဲမှာ သစ်ပင်တွေ၊ စောင်းရက် မျောနေတယ်၊ ချုံကြီးတွေ မျောနေတယ်၊ ဗေဒါပင်တွေ မျောနေတယ်၊ တုံးကြီးတွေ မျောနေတယ်၊ တိုင်ကြီးတွေ မျောနေတယ်၊ ကျူရိုးတွေ ဗေဒါသိုက်တွေ မျောနေတယ်။ မြစ်ပြင်တပြင်လုံးတဲ့ ဒီလို ဆောင်ယူစရာ ရှိတာတွေ တိုက်မျောပြီးတော့ မျောနေတဲ့မြစ်ကြီးတဲ့။ အဲဒီမြစ်ကြီးထဲမှာ ရောက်နေတဲ့၊ မျောနေတဲ့ ပုဂ္ဂိုလ်ခုနစ်မျိုး။ အဲ့ဒီ ၇ မျိုးက ဘယ်သူတွေ တုန်းလို့ဆိုတော့။

နံပါတ် (၁) "**သကိံ နိမုဂ္ဂေါ နိမုဂ္ဂေါဝ ဟောတိ**"။ တစ်ကြိမ်မြုပ်ကထဲက နောက်ထပ် မပေါ်လာဘဲနဲ့ မြုပ်မျော မျောနေတဲ့ပုဂ္ဂိုလ် အမျိုးအစားတစ်မျိုး....တဲ့။ ခုနက မြစ်ကြီးထဲမှာ မျောနေတဲ့ ပုဂ္ဂိုလ်အမျိုးအစား ခုနစ်မျိုးထဲမှာ၊ နံပါတ်တစ်ပုဂ္ဂိုလ်က ဘယ်လို ပုဂ္ဂိုလ်မျိုးလဲဆိုတော့၊ ရေအောက်ကနေပြီးတော့ ဒလိမ့်ခေါက်ခွေ မျောနေရတဲ့ သူတဲ့။ ရေပေါ်မှာမပေါ်နိုင်ရှာဘူး၊ ရေအောက်မှာမြုပ်ပြီးသကာလ မျောနေတဲ့သူ မို့လို့၊ နံပါတ်တစ်ပုဂ္ဂိုလ်က မြုပ်မျောပုဂ္ဂိုလ်တဲ့။ ပရိသတ်ကြီး နံပါတ်တစ်ပုဂ္ဂိုလ် ဘယ်လိုပုဂ္ဂိုလ်ပါလိမ့်? မြုပ်မျောပုဂ္ဂိုလ်ပါတဲ့ဘုရား။

နံပါတ် (၂) ပုဂ္ဂိုလ်ကြတော့ "**ဥမ္မုဇ္ဇိတွာ နိမုဇ္ဇတိ**"။ ဥမ္မုဇ္ဇိတွာ–ရေပေါ်မှာ တစ်ကြိမ်တစ်ခါပေါ်လာပြီးသည်ဖြစ်၍၊ နိမုဇ္ဇတိ–ပြန်မြုပ် သွားပြီးတော့ မျောတဲ့ပုဂ္ဂိုလ်.....။ နံပါတ် (၂) ပုဂ္ဂိုလ်ကြတော့ ရေပေါ်တော့ ပေါ်လာ သေးတယ်....တဲ့၊ ပေါ်လာပြီးတော့ သူ့ကိုယ်သူ ဆက်ပေါ်နေအောင် မကြိုးစား နိုင်ရှာတော့၊ ပြန်မြုပ်သွားတယ်....တဲ့။ ပြန်မြုပ်သွားပြီးတော့မှ၊ မျောနေတဲ့ ပုဂ္ဂိုလ်မို့လို့–ဒုတိယပုဂ္ဂိုလ်ကြတော့ ပေါ်ပြီးတော့ မြုပ်မျောမျောလို့မို့၊

ပေါ်မြုပ်မျောပုဂ္ဂိုလ်။ ဒုတိယပုဂ္ဂိုလ် ဘယ်လို ပုဂ္ဂိုလ်ပါလိမ့်? ပေါ်မြုပ်မျော ပုဂ္ဂိုလ်ပါဘုရား။ ပေါ်မြုပ်မျော။ ပထမပုဂ္ဂိုလ်ကြတော့ နဂိုထဲကမြုပ်တာ နောက်ထပ်မပေါ်ဘူး မြုပ်မျော။ ဒုတိယပုဂ္ဂိုလ်ကြတော့ ပေါ်လာပြီးမှ ပြန်မြုပ်သွားလို့မို့ ပေါ်မြုပ်မျောပုဂ္ဂိုလ်။ မျောတာကတော့ မျောတာခြင်းအတူတူပဲတဲ့။ ခုနက ပထမပုဂ္ဂိုလ်က မြုပ်မျော။ ဒုတိယပုဂ္ဂိုလ်က ပေါ်မြုပ်မျော။

တတိယပုဂ္ဂိုလ် (၃)နံပါတ်မြောက် ပုဂ္ဂိုလ်ကြတော့ "**ဣဓ ဘိက္ခဝေ ဧကစ္စော ပုဂ္ဂလော ဥမ္မုဇ္ဇိတွာ ဌိတော ဟောတိ**"။ ဥမ္မုဇ္ဇိတွာ– ရေပေါ်မှာပေါ်လာပြီးသည်ဖြစ်၍။ ဌိတော–သူ့ကိုယ်သူပေါ်နေအောင်. ဆက်ပြီးတော့ တည်တန့်နေအောင် အားထုတ်နိုင်သည်၊ (ဝါ) ပေါ်မျော မျောအောင် ကြိုးစားထားနိုင်သည်။ ဟောတိ–ဖြစ်၏။ တတိယမြောက် ပုဂ္ဂိုလ်ကြတော့ ဘယ်လိုပုဂ္ဂိုလ်တုန်းဆိုတော့၊ ရေပေါ်မှာ ပေါ်လာတယ် ကံအားလျော်စွာ ပေါ်လာတဲ့အတိုင်း ပြန်မြုပ်မသွားအောင်ဆိုပြီးသကာလ၊ ရေပေါ်မှာ ဆက်ပေါ်နေအောင် ခြေထောက်တွေနဲ့ ကန်ယက်ပြီးတော့ ထားတယ်, လက်တွေနဲ့ ယက်ပြီးတော့နေတယ်, ကိုယ်တွေနဲ့ လွန့်လူး ပြီးတော့နေတယ်။ အဲ့ဒီလိုပေါ်နေအောင် လွန့်လူးထားနိုင်တဲ့အတွက်၊ ပြန်မမြုပ်တော့ဘဲနဲ့ မျောနေတဲ့ပုဂ္ဂိုလ် ပေါ်မျောပုဂ္ဂိုလ်။ (၃)နံပါတ်မြောက် ပုဂ္ဂိုလ်ကြတော့ ပေါ်မျောပုဂ္ဂိုလ်။ ပရိသတ်ကြီး (၃) နံပါတ်မြောက်ပုဂ္ဂိုလ်က ဘယ်လိုပုဂ္ဂိုလ်တုန်း? ပေါ်မျောပုဂ္ဂိုလ်ပါဘုရား။

မြုပ်မျော မြုပ်မျော, ပေါ်မြုပ်မျော, ပေါ်မျောရေမှာတည်၊ ဒီ သုံးယောက်ကို လက်ာလေးနဲ့ချုပ်လိုက်ပြီ လက်ာလေးနဲ့ ချုပ်လိုက်တော့ ဒကာ– ဒကာမတွေ သိလွယ်သွားအောင်လို့ (၂)ခေါက်လောက် လိုက်ဆိုစမ်းပါ။

❖ **မြုပ်မျော မြုပ်မျော, ပေါ်မြုပ်မျော, ပေါ်မျောရေမှာတည်။**

(၄)နံပါတ်မြောက်ပုဂ္ဂိုလ်ကြတော့ ဘယ်လိုပုဂ္ဂိုလ်တုန်းဆိုတော့– "**ဣဓ ဘိက္ခဝေ ဧကစ္စော ဥမ္မုဇ္ဇိတွာ ဝိပဿတိ ဝိလောကေတိ**"။ ဥမ္မုဇ္ဇိတွာ–ရေပေါ်မှာ ပေါ်လာပြီးသည်ဖြစ်၍။ ဌတွာ–ရေမှာတည်နေအောင် ကြိုးစားနိုင်ပြီးသည်ဖြစ်၍။

ဝိပဿတိ–ကမ်းဘယ်ဆီမှာ ရှိလေသလဲလို့ အဖန်ဖန်ရှာဖွေကြည့်ရှု၏။ ဝိလောကေတိ–ကမ်းကို ရှာဖွေကြည့်ရှုတဲ့အတိုင်း ကမ်းကိုမြင်သွား၏။ ဟော (၄)နံပါတ်မြောက် ပုဂ္ဂိုလ်ကြတော့၊ ရေပေါ်မှာ ဘွားကနဲပေါ်လာပြီးတော့ ....တဲ့၊ ပေါ်လာတဲ့အတိုင်း သူက စဉ်းစားတယ်။

ငါ ရေထဲမှာ ပေါ်ပြီးတော့လာပြီ၊ ပေါ်လာတာ ပြန်ပြီးတော့ မြုပ်သွားရင် ဒုက္ခတွေ, အနန္တနဲ့ တွေ့လိမ့်မယ်။ ဒီတော့ ငါ့ကိုယ်ငါ၊ ပေါ်နေအောင် ခြေထောက်လှုပ်, လက်လှုပ်, ကိုယ်ကိုလွှန့်ခြင်းဖြင့် ပေါ်နေအောင် ကြိုးစားထားပြီးသကာလ၊ ဒီလို ပေါ်နေအောင် ကြိုးစားထားနိုင်ရုံနဲ့လည်း စိတ်မချရသေးဘူး။ ငါ ကမ်းကို ရှာမှတော်မယ်။ ငါတက်ဖြစ်တဲ့ ကမ်းကို၊ ဒီနံဘေးမှာ မျောနေတဲ့ ချုံတွေ, ဒိုက်တွေ, ဗေဒါတွေကို ဖယ်ပြီးသကာလ, ငါ ကမ်းရှာမယ်။ မြစ်ကြီးက ချုံတွေ, ဗေဒါတွေ, တိုင်တွေ, သစ်ပင်တွေ အမျိုးမျိုး မျောနေတာ ဖြစ်တော့၊ ဒီမျောနေတဲ့ ပုဂ္ဂိုလ်ရဲ့ဘေးမှာ ချုံတွေ, ဗေဒါတွေ, သစ်ပင်ကြီးတွေ, တုံးကြီးတွေက ပတ်ဝန်းကျင် ရှုတ်ပြီးတော့နေတာဖြစ်တော့ သူ ကမ်းကို မမြင်ရှာဘူးတဲ့ နဂိုက၊ ကမ်းကို မမြင်ပဲနဲ့ မျောနေရတာဖြစ်တော့၊ သူ ကမ်းကိုရှာတယ်တဲ့။

ကမ်း ဘယ်ဆီမှာရှိပါလိမ့်မတုန်း တက်လို့ဖြစ်တဲ့ကမ်း, ဘယ်မှာ ရှိပါလိမ့်မတုန်းလို့ ကမ်းကိုရှာလိုက်တော့၊ ကမ်းမြင်သွားတယ်တဲ့။ ကမ်းကိုမြင်သွားတယ်။ တက်လို့ဖြစ်တဲ့ ကမ်း မြင်သွားတာ။ တက်လို့ဖြစ်တဲ့ ကမ်းဆိုတာ, မြစ်ဆိုတာ မြစ်ကမ်းကြီးတွေ ဟိုဘက် ဒီဘက် နှစ်ဖက်ရှိတာတော့မှန်တယ်။ သို့သော် တက်မဖြစ်တဲ့ ကမ်းတွေက ရှိသေးတယ်။ ကမ်းပါးစောက်ကြီးတွေ, ကမ်းပါးပျက်ကြီးတွေ, ကျောက်ဆောင်မတ်စောက်ကြီးတွေဆိုရင် ပရိသတ် တက်လို့ရပါ့မလား? မရပါဘုရား။ ဆင်ခြေလျှောမြေတို့, သောင်ပြင်ကြီးတွေတို့ ဒီလိုတက်လို့ဖြစ်တဲ့ကမ်းကို လှမ်းပြီးတော့ရှာတယ်၊ ရှာတဲ့အတိုင်းလဲပဲ မြင်သွားတယ်။ ဒါ့ကြောင့် (၄) နံပါတ်မြောက်ပုဂ္ဂိုလ်ကြတော့ ကမ်းမြင်မျော ပုဂ္ဂိုလ်၊ ကမ်းတော့မြင်တော့မြင်ပြီ၊ မျောတာကတော့ မရပ်သေးဘူးတဲ့။ ရေထဲ

မျောတုန်းပဲ။ ဒါကြောင့် (၄) နံပါတ်မြောက်ပုဂ္ဂိုလ်ကြတော့ ကမ်းမြင်မျောပုဂ္ဂိုလ်။ ပရိသတ်ကြီး ဘယ်လိုပုဂ္ဂိုလ်ပါလိမ့်? ကမ်းမြင်မျော ပုဂ္ဂိုလ်ပါဘုရား။

(၅) နံပါတ်မြောက်ပုဂ္ဂိုလ်ကြတော့ **"ဣဓ ဘိက္ခဝေ ဧကစ္စော ပုဂ္ဂလော ဥမ္မုဇ္ဇိတွာ ပတရတိ ဝိတရတိ"**။ ဥမ္မုဇ္ဇိတွာ-ရေပေါ်မှာပေါ်လာပြီးသည်ဖြစ်၍။ ပတရတိ-ကမ်းကိုမြင်ရုံမျှမကပဲ, ကမ်းရှိရာသို့ကူးသွား၏။ ဝိတရတိ-ကမ်းရှိရာသို့ အထူးအထွေကူးသွား၏။ (၅) နံပါတ်မြောက် ပုဂ္ဂိုလ်ကြတော့ ကမ်းရှိရာကူးသွားပြီတဲ့။ ကမ်းမြင်ရုံတင်မကတော့ဘူး။ ကမ်းမြင်တဲ့အတိုင်း ကမ်းရှိရာရောက်အောင် ကူးသွားနိုင်တဲ့ပုဂ္ဂိုလ်။ ဒါကြောင့် (၅) နံပါတ်မြောက် ပုဂ္ဂိုလ်ကြတော့ ကမ်းကူးပုဂ္ဂိုလ်။ (၅) နံပါတ်မြောက်ပုဂ္ဂိုလ် ဘာပုဂ္ဂိုလ်ပါလိမ့်? ကမ်းကူးပုဂ္ဂိုလ်ပါဘုရား။ ကမ်းကူးသွားပြီ၊ ကူးသွားတဲ့အတိုင်း (၆) နံပါတ်မြောက် ပုဂ္ဂိုလ်ကြတော့ **"ဥမ္မုဇ္ဇိတွာ ပတိဂါဓပ္ပတ္တော ဟောတိ"**။ ဥမ္မုဇ္ဇိတွာ-ရေပေါ်မှာ ပေါ်လာပြီးသည်ဖြစ်၍။ ပတိဂါဓပ္ပတ္တော-ကမ်းကိုမြင်လို့, ကမ်းကို ကူးသွားလို့ ကမ်းနားရောက်သွားလို့ ထောက်မိသွားတဲ့ပုဂ္ဂိုလ်တဲ့။ ကမ်းနား ရောက်သွားပြီးတော့ ခြေထောက်နဲ့မြေကြီးနဲ့ ထောက်မိသွားပြီ ....တဲ့။ ထောက်မိ သွားပြီ။ ဒါကြောင့် (၆) နံပါတ်မြောက်ပုဂ္ဂိုလ်ကြတော့ ထောက်မိပုဂ္ဂိုလ်။ (၆) နံပါတ်မြောက်ပုဂ္ဂိုလ် ဘာပုဂ္ဂိုလ်ပါလိမ့်? ထောက်မိပုဂ္ဂိုလ်ပါဘုရား။

(၇) နံပါတ်မြောက် ပုဂ္ဂိုလ်ကြတော့ **"တိဏ္ဏော ဟောတိ ပါရင်္ဂတော ထလေ တိဋ္ဌတိ ဗြာဟ္မဏော"**။ တိဏ္ဏော-ကူးပြီးသည်ဖြစ်၍။ ပါရင်္ဂတော-ကမ်းပေါ်သို့ရောက်သွားသည်ဖြစ်၍။ ထလေ-ကုန်းပေါ်၌။ ဗြာဟ္မဏော-အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ တိဋ္ဌတိ-ချမ်းချမ်းသာသာ တည်နေနိုင်သွားပြီတဲ့။ ကမ်းပေါ်ရောက်သွားပြီ။ ကုန်းပေါ်ရောက်သွားပြီ၊ ထောက်မိရုံတင်မကဘူး ကုန်းပေါ်တက်ပြီ။ ကုန်းပေါ်တက်သွားပြီဆိုကတည်း ကိုယ်က ရေထဲမှာတွေ့ရ, ကြုံရမည့်ဘေးတွေ၊ ပရိသတ် တွေ့ပါအုန်းတော့ မလား? မတွေ့ပါဘုရား။ ရေထဲမှာ မျောနေတဲ့ပုဂ္ဂိုလ်ဆိုတာ လှိုင်းဘေးကြီးတွေ မတွေ့နိုင်ဘူးလား? တွေ့နိုင်ပါဘုရား။ လှိုင်းဘေးတွေဆိုတာ အကြီးအငယ်ပဲ ကွာချင်ကွာမယ်၊ လှိုင်းခတ်မှု လှိုင်းပုတ်မှုဆိုတာ တွေ့နိုင်တယ်။ ရေထဲနေတဲ့

ပုဂ္ဂိုလ်မှန်သမျှ ကြီးတာငယ်တာပဲ ကွာချင်ကွာမယ် လှိုင်းဘေးကြီး တွေ့နိုင်တယ်။ ဝဲဘေးကြီးတွေ့, ဂျင်ကလယ်ဘေးကြီးတွေ တွေ့နိုင်တယ်။ မိချောင်း မကာန်းဆိုတဲ့ ဘေးကြီးတွေ ရေထဲမှာနေရင် မျောပြီးတော့နေရင် တွေ့နိုင်တယ်။ ဒီတော့ ကုန်းပေါ်ရောက်သွားတဲ့ပုဂ္ဂိုလ်ကြတော့ အဲဒီ ပြောခဲ့တဲ့ လှိုင်းဘေးကြီးတွေ လွတ်သွားပြီ။ ဝဲဘေးကြီးတွေ, ဂျင်ကလယ် ဘေးကြီးတွေ လွတ်သွားပြီ၊ မိချောင်းမကာန်း ငမန်းဆွဲခံရတဲ့ဘေးကြီးတွေ လွတ်သွားပြီ။ ဒါ့ကြောင့်–

**"တိဏ္ဏော ဟောတိ ပါရင်္ဂတော ထလေ တိဋ္ဌတိ ဗြာဟ္မဏော"**။ ဗြာဟ္မဏော–အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ ထလေ–ကုန်းပေါ်၌။ တိဋ္ဌတိ–ချမ်းချမ်းသာသာ တည်နေနိုင်သွားပြီ၊ (၇) နံပါတ် မြောက်ပုဂ္ဂိုလ်ကြတော့ ကုန်းရောက်ပုဂ္ဂိုလ်။ ကုန်းပေါ်ရောက်သွားပြီ၊ ကုန်းပေါ်ရောက်ပြီး ချမ်းသာသွားပြီ၊ ဒါကြောင့် (၇) နံပါတ်မြောက် ပုဂ္ဂိုလ်ကြတော့ ကုန်းရောက်ပုဂ္ဂိုလ်၊ (၇)နံပါတ် မြောက် ပုဂ္ဂိုလ်ကြတော့ ဘယ်လိုပုဂ္ဂိုလ်ပါလိမ့်? ကုန်းရောက်ပုဂ္ဂိုလ်ပါဘုရား။ ဒါကြောင့် လင်္ကာလေး ပြန်လိုက်စမ်းပါအုန်း–

**မြုပ်မျောမြုပ်မျော, ပေါ်မြုပ်မျော, ပေါ်မျောရေမှာတည်။**
**ရေမှာတည်ပြန်, ကမ်းမြင်ဟန်, ကူးရန်အားထုတ်ပြီ။**
**ကူးဆဲထောက်မိ, ကမ်းရောက်ရှိ, လွတ်ဘိကုန်းထက်မှီ။**

အဲဒါ မြတ်စွာဘုရားက ဥပမာဘက်ကပေးလိုက်တဲ့ ရေမျောပုဂ္ဂိုလ် (၇) မျိုး။ **"ဝေ မေဝ ဘိက္ခဝေ"**။ ဘိက္ခဝေ–မင်္ဂဖိုလ်နိဗ္ဗာန်လိုလား အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့၊ ဝေမေဝ–ဤအတူသာလျှင်။ ဝေမေဝ– ဤအတူ သင့်တို့တတွေ ဤအတူသာလျှင်။ ဝေမေဝ–ဤ (၃၁)ဘုံတည်းဟူသော သံသရာရေယာဉ်ကျောမှာ မျောနေကြတဲ့ သင်တို့တတွေသည် ဤအတူသာလျှင်။ ဟော–ရေထဲမျောနေတဲ့ပုဂ္ဂိုလ်နဲ့ သင်တို့နဲ့တူကြတယ်။ (၃၁) ဘုံတည်းဟူသော သံသရာကြီးက မြစ်ပြင်ကျောကြီးနဲ့ တူတယ်၊ အင်မတန်ကျယ်မောတဲ့ မြစ်ပြင်ကျောကြီးနဲ့ တူတယ်။ ခနကပြဆိုအပ်ခဲ့တဲ့ တုံးတွေ, တိုင်တွေ, သစ်တွေ, ဝါးတွေအစရှိတဲ့ ပတ်ဝန်းကျင်မှာ မျောနေတဲ့ ရေစီးသန်လှတဲ့ မြစ်ပြင်

ကျောက်ကြီးနဲ့တူတယ်။ (၃၁) ဘုံသံသရာကြီးကို မြတ်စွာဘုရားက မြစ်ပြင် ကျယ်မော နဒီကျောက်ကြီးနဲ့ တူတယ်.....လို့ ဥပမာတင်လိုက်ပါတယ်။

အဲဒီ (၃၁) ဘုံတည်းဟူသော သံသရာထဲမှာ ယနေ့ ဒကာ–ဒကာမ အပေါင်း သူတော်ကောင်းအပေါင်းတို့အပါအဝင် ကျင်လည်ကျက်စား ပြေးလွှား နေကြတဲ့ သတ္တဝါအားလုံးကိုတော့၊ ရေမျောသမားတွေ....လို့ ဥပမေယျဘက်က ဆောင်လိုက်တယ်။ ဒီတော့ ဘုန်းကြီးတို့ ဒကာ–ဒကာမတွေက ရေမျော သမားတွေ။ ရေထဲမျောပြီးတော့နေတဲ့ ပုဂ္ဂိုလ်တွေ၊ ရေမျောသမားတွေတော့ ဟုတ်ပြီ။ ခုနက (၇) မျိုးထဲမှာ ဘယ်သူနဲ့ တူသလဲလို့ဆိုတာကိုတော့ ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ ကိုယ့်ဟာကို ဆုံးဖြတ်ရလိမ့်မယ်။ ကိုယ့်ဘာကို နားထောင် ကြည့်ရလိမ့်မယ်။ ဒီတော့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေဟာ ရေမျောသမားတွေတော့ မှန်နေပြီ။ ရေမျောသမားတွေကို မြတ်စွာဘုရားက ဥပမေယျဘက်က ဘယ်လိုလာခဲ့သလဲ။

**"ဣဓ ဘိက္ခဝေ ဧကစ္စော ပုဂ္ဂလော သမန္နာဂတော ဟောတိ ဧကန္တ ကာဠကေဟိ အကုသလေဟိ ဓမ္မေဟိ၊ သမန္နာဂတော ဧကန္တ ဒုစ္စရိတေဟိ"**။ ခုနက ဥပမာဘက်က ပေးထားတဲ့ နံပါတ် (၁) ပုဂ္ဂိုလ်။ မြုပ်မျော မျောနေတဲ့ပုဂ္ဂိုလ်နဲ့တူတဲ့ ပုဂ္ဂိုလ်ဆိုတာ ဘယ်လို ပုဂ္ဂိုလ်တုန်း ဆိုလျှင်....တဲ့၊ ဧကန္တကာဠကေဟိ–စင်စစ်မည်းညစ် ကုန်သော။ အကုသလေဟိ ဓမ္မေဟိ–အကုသိုလ်တရားတို့နှင့်။ သမန္နာဂတော–ပြည့်စုံ၍နေသည်။ ဟောတိ– ဖြစ်၏။ ဧကန္တ ကာဠကေဟိ–ဧကံစင်စစ် မည်းညစ်၍နေကုန်သော။ ဒုစ္စရိတေဟိ–ဒုစရိုက်တရားတို့နှင့်၊ သမန္နာဂတော–တစ်နေ့လုံး တစ်ညလုံး ပြည့်စုံ၍ နေသည်။ ဟောတိ–ဖြစ်၏။

အကုသိုလ်ဒုစရိုက်တရားတွေ နေ့မစဲညမစဲ, နေ့မနားညမနား, ထပ်တလဲလဲ ဖြစ်ပွားပြီးတော့ နေတဲ့ပုဂ္ဂိုလ်။ ကုသိုလ် ဖြစ်ခွင့်ဆိုလို့ နည်းနည်း လေးမှ မရှိလောက်အောင် ရှားပါးပြီးတော့ အကုသိုလ် တရားတွေ, အကုသိုလ် စိတ်တွေ, ဒုစရိုက်တွေ ကျူးလွန်မှုတွေ အမျိုးမျိုးနဲ့ နေတဲ့ပုဂ္ဂိုလ်။ အဲဒီပုဂ္ဂိုလ်

မြုပ်မျော မျောနေတဲ့ပုဂ္ဂိုလ်။ အထူးသဖြင့်ဘယ်သူတွေကို ပြောတာတုန်းလို့ ဆိုတော့–အပါယ်လေးဘုံ သားတွေ, ငရဲဘုံရောက်နေတဲ့သူတွေ, တိရစ္ဆာန် ဖြစ်နေတဲ့သူတွေ, အပါယ်ပြိတ္တာဖြစ်နေတဲ့သူတွေ, အသူရကာယ်ဖြစ်နေတဲ့ သူတွေ။

ဒီတော့ ဘုန်းကြီးတို့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေ လက်လှမ်းမှီရာ တိရစ္ဆာန်တွေကိုကြည့်ပါ။ တိရစ္ဆာန်တွေရဲ့သန္တာန်မှာ မနက်လင်း လာတဲ့ အချိန်ကစပြီးတော့၊ ညအိပ်တန်းတက် အိပ်ရာဝင်သည့်တိုင်အောင်၊ ယနေ့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေလို လှူမှုတန်းမှုဆိုတဲ့ ဒါနကုသိုလ်တွေ ဖြစ်ရဲ့လား။ ပရိသတ်ကြီး ဒီတိရစ္ဆာန်တွေရဲ့သန္တာန်မှာ လှူမှု တန်းမှုဆိုတဲ့ ဒါနကုသိုလ်အဖြစ်များသလား, အဖြစ်နည်းသလား? အဖြစ်နည်း ပါတယ်ဘုရား။ မဖြစ်သလောက် ဖြစ်မနေဘူးလား။ သီလဆောက်တည်မှုတွေ သူတို့သန္တာန်ရှိရဲ့လား? မရှိပါဘုရား။ ဘာဝနာပွားများမှုဆိုတဲ့အလုပ်တွေ သူတို့ စိတ်ကူးထည့်ရဲ့လား? မထည့်ပါဘုရား။

ဒါဖြင့် သူတို့ နေ့စဉ် ဘာတွေလုပ်နေတုန်းလို့ဆိုတော့, မနက်လင်းလာလို့ အိပ်ရာက ဆင်းလိုက်သည်နှင့်တစ်ပြိုင်နက်, စားမယ် သောက်မယ်၊ စားမယ် သောက်မယ်ဆိုတာက လောလုပ္ပ တဏှာနဲ့ ဆင်းလာတာ။ တရားသဖြင့် စားမှာလားလို့ဆိုတော့, နိုင်ထက် စီးနင်း, ကြီးနိုင်ငယ်ညှင်း, ကိုက်မယ်, ခဲမယ်, သတ်မယ်, ဖြတ်မယ် ပါဏာတိ ပါတအမှုကြီးတွေ ပြုပြီးသကာလ၊ စားတန်းစားမယ် ကြက်တွေဖြစ်တော့ ပိုးကောင်တွေကောက်စား, တီကောင်တွေမျို ပါဏာတိပါတအမှုကြီးတွေနဲ့ နေ့စဉ်၊ ကြောင်ဖြစ်တော့ ကြွက်တွေ, အိမ်မြောင်တွေ ကိုက်ဖြတ်စားသောက်တဲ့အမှုကြီးတွေပြု။ ကျားတွေ ဖြစ်တော့ သမင်ဒရယ်, ဂျီငယ် စိုင်ဆပ်တွေ သတ်ဖြတ်ပြီးတော့စား၊ နေ့စဉ် ပါဏာတိပါတ အမှုကြီးပြု၊ နေ့စဉ်, လစဉ်, နှစ်စဉ် မနက် အိပ်ရာလင်း နိုးလာလို့ မျက်စိနှစ်လုံး ဖွင့်တဲ့အချိန်က စပြီးတော့ ညအိပ်ရာပြန်ဝင်သည့်အထိ၊ တချို့ တညလုံး။ တောကောင်တွေကြတော့ ညကောင်တွေကြတော့ ညတစ်ညလုံး၊ အကုသိုလ် ဒုစရိုက်တရားတွေနဲ့ ပြည့်စုံပြီးတော့နေလို့၊ အဲဒီလိုပုဂ္ဂိုလ်တွေကြတော့ မြုပ်မျောမျောနေတဲ့ သတ္တဝါတွေ....တဲ့။ ခေါင်းမဖော်နိုင်ဘူး။

လူ့ဘုံ လူ့ဘဝ လူ့ဌာန, နတ်ဘုံ နတ်ဘဝ နတ်ဌာန, ဗြဟ္မာဘုံ ဗြဟ္မာဘဝ ဗြဟ္မာ ဌာနဆိုတဲ့ သုဂတိဘုံကို အပေါ်ဘုံလို့ ဘုရားက ဟောထား၊ ရေယာဉ်ကျောပေါ်မှာ ပေါ်မျောမျောတဲ့ သတ္တဝါတွေလို့ လာမှာဖြစ်တော့ အပါယ်လေးဘုံသားတို့သည် မြုပ်မျောမျောနေတဲ့ သတ္တဝါတွေ။ ဒါ အပါယ်လေးဘုံသားတွေကို အထူးတလည် ဟောလိုက်တာ။ နောက် ပေါ်မြုပ်မျော ပုဂ္ဂိုလ်နဲ့ တူတဲ့ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်တုန်းဆိုတော့—

"**ဣဓ ဘိက္ခဝေ ဧကစ္စော ပုဂ္ဂလော ဥမ္မုဇ္ဇတိ သာဓု သဒ္ဓါ ကုသလေသု ဓမ္မေသု**"။ အချို့သော အမျိုးကောင်းသား, အမျိုးကောင်းသမီး သန္တာန်မှာ၊ ဘုရား, တရား, သံဃာ ရတနာ(၃)ပါးမှာ ယုံကြည်မှု၊ ကောင်းတဲ့ အလုပ်တွေလုပ်ရင် ကောင်းကျိုးရလိမ့်မယ်, မကောင်းတဲ့ အလုပ်တွေလုပ်ရင် မကောင်းကျိုးဖြစ်လိမ့်မယ်ဆိုတဲ့ ကံ,ကံ၏အကျိုးပေါ်မှာ ယုံကြည်မှု၊ ဤသမထ ဝိပဿနာ ဘာဝနာအလုပ်သည်, မဂ်ဖိုလ် နိဗ္ဗာန်စခန်း ပေါက်သည့်တိုင်အောင် ရောက်လိမ့်မယ်လို့ဆိုတဲ့ ဘာဝနာနဲ့ ဝိပဿနာအလုပ် မဂ်ဖိုလ်နိဗ္ဗာန်အလုပ်ပေါ်မှာ ယုံကြည်မှုဆိုတဲ့ သဒ္ဓါသည်။ သာဓု–ကောင်းပါ၏, တော်ပါ၏, သင့်ပါ၏။ သာဓု ကုသလေသု ဝီရိယံ–အားထုတ်မှုကလည်းတော်ပါ၏။ သာဓု ကုသလေသုဓမ္မေသု ဟိရီဩတ္တပ္ပံ–မကောင်းမှုဒုစရိုက်တွေမှာ ရှက်မှု ကြောက်မှုလည်း ကောင်းပါ၏၊ အဆင့်တန်းမြင့်လာပါ၏, တိုးလာပါ၏, ရှိလာပါ၏။ သာဓု ပညာ ကုသလေသုဓမ္မေသု–ဒီအလုပ်က ကောင်းတဲ့အလုပ် ဒီအလုပ်က မကောင်းတဲ့အလုပ်ဆိုတဲ့ အသိဉာဏ်၊ ဒီအလုပ်ဟာ လုပ်ထိုက်တဲ့ အလုပ်, ဒီအလုပ်ဟာ မလုပ်ထိုက်တဲ့အလုပ်လို့ ခွဲခြားဝေဖန်နိုင်တဲ့ အသိဉာဏ် လည်း ကောင်းလာပါ၏, ရှိလာပါ၏။ အဲဒီလို ရှိလာတဲ့အတိုင်း တက်လာပါရဲ့။ ဘာပြောလိုက်တာတုန်းဆိုတော့ ကုသိုလ်ကောင်းမှုလေး ထောက်ပံ့လိုက်လို့။ ဒီသုတ်တော်မှာ မြတ်စွာဘုရားက သဒ္ဓါရယ်, ဝီရိယရယ်, ဟိရီရယ်, ဩတ္တပ္ပရယ်, ပညာရယ်ဆိုတဲ့ တရားငါးပါးလုံးကို ခေါင်းတည်ပြီးတော့ ဟောတော်မူပါတယ်။

အမှန်စင်စစ်ကတော့ ကုသိုလ်တရား အရှိန်အဟုန်သတ္တိကြောင့် လူ့ဘုံလူ့ဘဝ ပေါ်ပြီးတော့လာတယ်....တဲ့။ ရောက်လာတယ်။ နတ်ဘုံ နတ်ဘဝ

ရောက်လာတယ်၊ ဖြဟ္မာဘုံ ဖြဟ္မာဘဝရောက်သွား၊ ကဲ အဲဒါကို ပေါ်လာတယ်လို့ခေါ်တယ်။ ပေါ်လာတယ်....တဲ့။ မှောတော့ မှောနေတာပဲ၊ ပေါ်တော့လာတယ်။ သို့သော် **"တဿ သာသဒ္ဓါနေဝ တိဋ္ဌတိ နောဝဍ္ဎတိ ဟာယတိယေဝ"**။ တဿ–ထိုအမျိုးကောင်းသား, အမျိုးကောင်းသမီး၏။ သာသဒ္ဓါ–အဲဒီ သဒ္ဓါတရားလေးသည်, အဲဒီ ယုံကြည်ချက်ကလေးသည်, အဲဒီ ကုသိုလ် လုပ်ငန်းရဲ့ အခြေခံဖြစ်တဲ့ ယုံကြည်ချက်လေးသည်။ နောဝဍ္ဎတိ–ရှေ့ကိုလည်းမတိုး။ နေဝတိဋ္ဌတိ–တန့်လို့တောင်မနေ။ ဟာယတိယေဝ–ဆုတ်ယုတ်သွားသည်သာ လျှင်တည်း။

**"သာ ဟိရီ တံ ဩတ္တပ္ပံ သာပညာ တံ ဝီရိယံ"**။ ထို ဟိရိ, ဩတ္တပ္ပ, ပညာ, ဝီရိယဆိုတဲ့တရားတွေ အကုန်ဆုတ်ယုတ် သွားတယ်....တဲ့။ ဘာပြောလိုက်တာတုန်းလို့ဆိုတော့ လူ့ဘုံလူ့ဘဝ လူ့ဌာနတော့ရောက်လာပါရဲ့, ကံကောင်းထောက်မလို့ လူ့ဘုံလူ့ဘဝ လူ့ဌာနရောက်ပြီးတော့ ပေါ်တော့ လာပါရဲ့....တဲ့။ ခုနက ပြောခဲ့တဲ့ သူတော်ကောင်းလက္ခဏာ, သူတော်ကောင်း အတတ်တွေ ဆုတ်ယုတ်သွားပြီးသကာလ၊ အကုသိုလ်ဒုစရိုက်တရားတွေ, နေ့စဉ် ပွားများအားထုတ်ပြီးတော့နေတယ်....တဲ့။ ကုသိုလ်တရားတွေ ဆုတ်ယုတ် သွားပြီးတော့ အကုသိုလ်တရားတွေ တိုးပွားလာတယ်။

ဒီတော့ နေ့စဉ်နဲ့အမျှ သားကျွေးမှု, မယားကျွေးမှုကြောင့်သော်၎င်း, အသက်မွေး ဝမ်းကျောင်းနဲ့ စပ်ဆိုင်၍သော်၎င်း, မစပ်ဆိုင်ခဲ့သော်၎င်း၊ သူ နေ့စဉ် အလုပ် အားထုတ်နေတဲ့အလုပ်တွေက မုဆိုး တံငါအလုပ်တွေ, သတ်ဖြတ်မှုတွေ, ခိုးမှုတွေ, တိုက်မှုတွေ, ခိုက်မှုတွေ, သောက်မှု စားမှုတွေ, လိမ်ညာမှုတွေ, သူများသားမယား ကျူးလွန်မှုတွေက စပြီးတော့ ငါးပါးသီလ ကျိုးပေါက်မှုတွေ, ဒုစရိုက်ပေါင်းစုံတွေ ကျူးလွန်ပြီးတော့နေပြီ....။ သူတော်ကောင်း တရားတွေ ဆုတ်ယုတ်သွားပြီဆိုရင်, မသူတော်တရားတွေက တက်လာတာပဲ။

ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတို့သန္တာန်မှာ ကုသိုလ်နဲ့ အကုသိုလ် ဒီနှစ်ခုပဲရှိတယ်။ ကုသိုလ်ဖြစ်ရင် အကုသိုလ်ရပ်နေတယ်၊

အကုသိုလ်ဖြစ်ရင်လည်း ကုသိုလ်ရပ်တယ်။ ကုသိုလ်ဆုတ်ယုတ်သွားရင် အကုသိုလ်လာတယ်။ အကုသိုလ်ဆုတ်ယုတ်သွားရင် ကုသိုလ်လာတယ်၊ ဒကာ–ဒကာမတွေရဲ့ စိတ်အစဉ်သန္တာန်မှာ သိုလ်နှစ်သိုလ်ဆိုတဲ့အတိုင်း, လူတစ်ကိုယ် သိုလ်နှစ်ခုဆိုတဲ့အတိုင်း၊ ဒီနှစ်ခုပဲ လှည့်ဖြစ်နေတာ ဖြစ်တော့၊ ကုသိုလ်တရားတွေ ဆုတ်ယုတ်သွားတယ်, တိမ်ပါးသွားတယ်, ချွတ်ချော်သွားတယ်ဆိုသည်နှင့် တစ်ပြိုင်နက်၊ အကုသိုလ်တရားတွေ ဖြစ်ပွားလာတယ်လို့ဆိုလိုတယ်။ ဒီတော့ ဘာပြောလိုက်တုန်းဆိုတော့ လူ့ဘုံလူ့ဘဝ ပေါ်တော့လာပါရဲ့....တဲ့။ သူ နေ့စဉ် လုပ်နေတဲ့ အလုပ်တွေက မကောင်းမှုဒုစရိုက်တွေ၊ နေ့စဉ်ပြုပြီးတော့နေတယ်။

ဒီတော့ နေ့စဉ်နေ့စဉ်, လစဉ်လစဉ်, နှစ်စဉ်နှစ်စဉ် ဒီလို အကုသိုလ်ဒုစရိုက် တရားတွေနဲ့နေတော့ သူ ဘယ်သွားမတုန်းတဲ့ **"မကောင်းပြုက, ဒုမဂ္ဂ. သွားရပါယ်လေးပြည်"** ပြန်မြုပ်သွားမှာပဲတဲ့ ဒီပုဂ္ဂိုလ်၊ ပြန်မြုပ်မယ်တဲ့။ ပြန်လဲမြုပ်တယ်။ ဒါကြောင့် ဒီပုဂ္ဂိုလ်မျိုး ကတော့ ပေါ်တော့ပေါ်လာပါရဲ့ ပြန်ပြီးတော့ မြုပ်ပြီးတော့ မျောလို့မို့ ပေါ်မြုပ်မျော ပုဂ္ဂိုလ်နဲ့တူတယ်။ ခုနက ရေထဲမြုပ်တဲ့ပုဂ္ဂိုလ်မှာ ဒုတိယပုဂ္ဂိုလ် ပေါ်ပြီးတော့ မြုပ်ပြီး ပြန်မျောတဲ့ပုဂ္ဂိုလ်လိုပဲ။ လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံဆိုတဲ့ ပေါ်တဲ့အဖြစ် ရောက်လာငြားသော်လည်း။ အကုသိုလ် ဒုစရိုက်တရားတွေ နေ့စဉ် ပွားများမယုတ်, အားထုတ်ခဲ့ခြင်းကြောင့်၊ ပြန်မြုပ်ပြီးတော့ မျောတဲ့ ပုဂ္ဂိုလ်မို့လို့ ပေါ်မြုပ်မျောပုဂ္ဂိုလ်။

တတိယပုဂ္ဂိုလ်ကြတော့– **"သာဓု သဒ္ဓါ ကုသလေသု ဓမ္မေသု။ သာဓု ဟိရီ သာဓု ဩတ္တပ္ပံ သာဓု ဝီရိယံ သာဓု ပညာ"**။ အမျိုးကောင်းသား, အမျိုးကောင်းသမီး တစ်ယောက်။ လူ့ဘုံလူ့ဘဝ လူ့ဌာနစတဲ့ သုဂတိဘုံရောက်လာတယ်။ ပေါ်လာတယ်၊ **"တဿ သာသဒ္ဓါနေဝ ဟာယတိ နောဝဍ္ဎတိ ဌိတာ ဟောတိ"**။ အထက်တော့ မတိုးဘူးတဲ့၊ ပြန်လည်းမဆုတ်ဘူး၊ တန့် နေတယ်....တဲ့။ တန့်နေတယ်။ တန့်နေတယ်ဆိုတာ သူ့လက်ရှိ သဒ္ဓါ ဝီရိယ ပညာ ဟိရီ ဩတ္တပ္ပ ကုသိုလ်တရားလေးကို သူထိန်းထား နိုင်တယ်၊ ပညတ်နယ်ကနေပြီးတော့ ပြောကြမယ်ဆိုရင်ဖြင့်၊ သူရေပေါ်မှာ ပေါ်ပြီးတော့ မျောနေတဲ့ပုဂ္ဂိုလ်သည်၊ ပေါ်တုန်း ပေါ်ဆဲ ပေါ်နေအောင် သူ့ကိုသူ ပြန်မြုပ် မသွားအောင် အားထုတ်ထားနိုင်တယ် ....။

ခုနက ရေမျောသမားမှာ (၃)နံပါတ်မြောက် ပုဂ္ဂိုလ်ဆိုတာ ဘယ်လို ပုဂ္ဂိုလ်တုန်းဆိုတော့—ရေပေါ်ပေါ်လာတယ်, ပေါ်လာတဲ့အတိုင်း ပြန်မမြုပ်မသွားအောင်, သူ့ကိုယ်သူ အားထုတ်နိုင်တဲ့အတွက် ပေါ်မျော မျောနေတဲ့ ပုဂ္ဂိုလ် ....လို့၊ ခုနကပြောခဲ့ပါတယ်။ ဒီတော့ ဘုန်းကြီးတို့ ဒကာ–ဒကာမများ စဉ်းစားကြည့်ပါ။ ရေထဲမှာပေါ်နေနိုင်တဲ့ ပုဂ္ဂိုလ်ဆိုတာ ဒီတိုင်းငြိမ်နေလို့မပေါ်ဘူး၊ ရေထဲမှာ လှည့်ပြီးတော့ ကိုယ့်ကိုယ်ကို ပေါ်နေအောင်, ရေထဲမှာ ကိုယ်လေးဖော့လို့, ခြေထောက်ကလေးတွေနဲ့ ကန်လို့, လက်ကလေးတွေနဲ့ ယက်လို့, ဒီလို အားထုတ်နေရပါတယ်။

ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ ရေနဲ့နီးတဲ့ပုဂ္ဂိုလ်တွေ သိကြပါတယ်။ ရေပေါ်မှာ ပေါ်နေအောင်ဆိုပြီးတော့ လက်ကလေးတွေနဲ့ မယက်ရဘူးလားပရိသတ်? ယက်ရပါတယ်ဘုရား။ ခြေထောက်တွေ နဲ့ကော မကန်ရဘူးလား? ကန်ရပါတယ်ဘုရား။ ခန္ဓာကိုယ်နဲ့ကော ဖော့တဲ့အနေနဲ့ ကိုယ်လေးကို ညွတ်ညွတ်, ကိုင်းကိုင်း, လှုပ်လှုပ်ပြီးတော့ မလုပ်ရဘူးလား? လုပ်ရပါတယ်ဘုရား။ ရေပေါ်မှာ ပေါ်နေအောင် အဲဒီအမျိုးသား, အမျိုးသမီးသည် ကြိုးစားအားထုတ်ရသလို .....တဲ့၊ လူ့ဘုံ လူ့ဘဝ လူ့ဌာနဆိုတဲ့ သုဂတိဘုံဌာနပေါ်ရောက်လာတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေမှာလည်း ဒါနခြေထောက်နဲ့ ကန်ခြင်း, ယက်ခြင်း သီလဆိုတဲ့လက်နဲ့ ကန်ခြင်း, ယက်ခြင်း၊ ဘာဝနာဆိုတဲ့ ကိုယ်နဲ့ ဖော့ခြင်း, ညွတ်ခြင်း, ကိုင်းခြင်းဆိုတဲ့ အမှုကိုပြုရပါသည်။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ ဒီနေ့ ဒါနအမှုတွေပြုကြ, သီလတွေထိန်းကြ, ဘာဝနာအလုပ်တွေ အားထုတ်နေကြတာ ဘာလုပ်ဖို့တုန်းဆိုရင် ဒကာ–ဒကာမတွေ ပြောကြမယ်၊ နံပါတ် (၁)က အပါယ်လေးပါးမကျဖို့ဆိုရင် မှားပါ့မလား? မမှားပါဘုရား။ အပါယ်လေးပါးဆိုတာ မြုပ်တဲ့လမ်းကြီး။ ဒကာ–ဒကာမတွေ အပါယ်လေးပါးကို မကြောက်ဘူးလား? ကြောက်ပါတယ်ဘုရား။ အပါယ်လေးပါးမှာ မြုပ်ချင်သလား မမြုပ်ချင်ဘူးလား? မမြုပ်ချင်ပါဘုရား။ မမြုပ်ချင်လို့ လှုပ်နေတယ်ဆိုတာ ဒါနမှုတွေပြု,

သီလမှုတွေထိန်း, ဘာဝနာမှုတွေပွားနေတယ်ဆိုတာ လက်လှုပ်, ခြေလှုပ်, ကိုယ်လှုပ် လှုပ်နေတယ်ဆိုရင် ပရိသတ်ကြီး မှားပါ့မလား? မမှားပါဘုရား။

ဒါဖြင့် ဒါန သီလ ဘာဝနာအလုပ်တွေ လုပ်နေတာ လှုပ်နေတာလား, ညိမ်နေတာလား? လှုပ်နေတာပါဘုရား။ ဘာဖြစ်လို့ လှုပ်တာတုန်းဆိုရင် မမြုပ်အောင်လို့ ဘာဖြစ်လို့ လှုပ်နေတာတုန်း? မမြုပ်အောင်လို့ပါဘုရား။ ဒါဖြင့် ဒါန သီလ ဘာဝနာ အလုပ်တွေ လုပ်နေတာ မမြုပ်အောင်လို့၊ မမြုပ်အောင်လို့ လှုပ်နေတဲ့ အပြင်၊ ဖြစ်နိုင်လို့ရှိရင် လူ့ရွာနတ်ထံချမ်းသာစံပြီးတော့ နိဗ္ဗာန်အထိ ရောက်ရှိဘို့၊ ပေါ်မျောဆက်မျောဖို့ဆိုတာ မသေချာဘူးလား? သေချာပါဘုရား။ ရေထဲမှာမျောနေတဲ့ ပုဂ္ဂိုလ်ဟာ၊ ပေါ်တော့ ပေါ်တာပေ့ါ မျောတာ ကတော့ မရပ်သလိုပဲ....တဲ့။

ယနေ့ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေ ဒါနမှု သီလမှု ဘာဝနာမှုတွေ ပြုနေကြတယ်ဆိုတာ ပေါ်နေအောင်လို့ အောက်ထစ်ဆုံးထားပြီး တွက်ရတာ၊ ပေါ် မျောကလေးမျောအောင်လို့၊ ဒီကမှ တစ်ဆင့်တက်ပြီးတော့ ကမ်းမြင် အောင်ရယ်, ကမ်းကူးသွားနိုင်အောင်ရယ်, ကမ်းပေါ်ရောက်အောင်ရယ် ဆိုတာက နောက်တစ်ဆင့် ဆက်ကြိုးစားရတာ။ ရေပေါ် ပေါ်မျောကလေး မျောနေအောင် ကြိုးစားအားထုတ်ရတဲ့၊ ဒါန သီလ ဘာဝနာမှုတွေကို ပြုနေရတယ်။

ဒီတော့ ပေါ် ပြီးတော့နေသော်လည်းပဲ အဲဒီ လက်လှုပ်, ခြေလှုပ်မှုတွေ လှုပ်နေငြားသော်လည်းပဲ။ ယနေ့ ဒကာ-ဒကာမတွေ အမျောရပ်ရဲ့လား လို့ဆိုတော့၊ အမျောမရပ်ပါ။ မျောတယ်ဆိုတာ ဘာပြောတာတုန်းလို့ဆိုတော့၊ အခု ဒကာ-ဒကာမတွေ လွန်ခဲ့တဲ့ အတိတ်ဘဝက ဒီဘဝရောက်လာတယ်၊ ဒီဘဝကနေပြီးတော့ အာသဝေါကင်းကွာ ရဟန္တာဝယောက်ျား, ရဟန္တာမ ဖြစ်ကြပြီးတော့ ဘဝမပြတ် သေးသမျှ နောက်ကဘဝဆိုတာ ရောက်ရအုန်းမယ်၊ ဒါဖြင့် လွန်ခဲ့တဲ့ အတိတ်ဘဝတွေကနေပြီးတော့၊ ယခုဘဝကို ရောက်လာတယ်၊ ဒါ မျောလာတာ။ ဒီဘဝကနေပြီးတော့ နောက်ဘဝမကုန်သေးရင် ဖြစ်ရ

အုန်းမယ်၊ အဲဒါ မျောတာ။ ဒီတော့ အတိတ်ဘဝကနေပြီးတော့ ဒီဘက်ဘဝ ရောက်လာတာကို မျောလာတယ်လို့ခေါ်ပါတယ်။ ဒီဘက် ဘဝကနေပြီးတော့ နောက်ဆက်သွားရအုန်းမှာ မျောနေအုန်းမယ်....လို့ ခေါ်ပါတယ်။

ဒီတော့ သံသရာစခန်း ခရီးလမ်းကြီးနဲ့ ကြည့်မယ်ဆိုရင် သံသရာရေယာဉ် နဒီကြောကြီးမှာ တစ်ဘဝပြီး တစ်ဘဝ, တစ်ဘုံပြီး တစ်ဘုံ ကျင်လည်ကျက်စား ပြေးသွားလာခဲ့ရတာကို မျောနေတယ်လို့ ဘုရားရှင်က တင်စားပြီး ဟောနေ ပါသည်။ အဲဒီတစ်ဘဝက တစ်ဘဝ, တစ်ဘုံက တစ်ဘုံ ပြောင်းနေတာဆိုတာ အသာထားလိုက်ပါအုန်း။ ဒီဘဝမှာတင်ပင်လျှင်၊ ယနေ့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်း တွေ, ဇာတိကနေပြီးတော့ မရဏာဆီမျောနေပါသည်။ ဇာတိကနေပြီးတော့ မရဏာဆီမျောနေတယ်တဲ့။ ပေါ်လွင်အောင်ပြောရရင် ပုခက်တွင်းကနေပြီးတော့ အခေါင်းဆီမျောနေပါသည်။ ပုခက်ကနေပြီးတော့ အခေါင်းဆီမျောနေတယ်။ ပရိသတ်ကြီး ပုခက်ကနေပြီး ဘယ်မျောနေတာတုန်း? အခေါင်းဆီမျောနေပါတယ်ဘုရား။ ဒကာ–ဒကာမတွေ အခု တရားထိုင်ပြီးတော့ နာနေတာလား, မျောပြီးတော့နေတာလား? မျောနေတာပါဘုရား။

ဓမ္မာရုံကြီးထဲ ထိုင်နေလို့ ငြိမ်နေတယ်များ မထင်လိုက်နဲ့ ဇာတိက နေပြီးတော့ မရဏာဆီမျောနေတယ်။ ပုခက်ထဲကနေပြီးတော့ အခေါင်းဆီ ရောက်အောင် မျောနေတယ်။ တစ်ရက်ကုန်သွားတိုင်း, တစ်ရက်ကုန်သွားတိုင်း အခေါင်းနဲ့ ပိုနီးလာတယ်။ တစ်လကုန်သွားတိုင်း သေခြင်းနဲ့ ပိုနီးလာတယ်ဆိုတာ မျောနေလို့ နီးလာပါသည်။ ပရိသတ်ကြီး ရပ်နေလို့ နီးလာပါ့မလား? မနီးပါဘုရား။ မျောနေလို့ နီးလာတယ်ဆိုတာ မသေချာဘူးလား? သေချာပါတယ်ဘုရား။

### ❖ တစ်ရက်ကုန်ပြန်. ငါ့ရုပ်နာမ်. သေရန်တစ်ရက်. မျောပြန်ပြီ။

တစ်ရက်ကူးလာတယ်, ကူးလာတယ်ဆိုတိုင်း သေခြင်းတရားနဲ့ နီးလာတယ်, အိုခြင်းတရားနဲ့ နီးလာတယ်, နာခြင်းတရားနဲ့ နီးလာတယ် အထူးသဖြင့် သမ္ဗုတိမရဏာခေါ်တဲ့ သူသိ, ငါသိ, ရှင်သိဆိုတဲ့ အသေမျိုး။

ပါကဋ္ဌဇရာလို့ခေါ်တဲ့ **ဆံဖြူ၊ သွားကျိုး**၊ နားထိုင်း၊ ခါးကိုင်းဆိုတဲ့ လူသိ၊ ရှင်သိ၊ အအိုမျိုး။ အိပ်ရာပေါ်**ပက်လက်**ဖြစ်ပြီ ရောဂါတွေစွဲနေပြီ၊ ဆရာတွေ၊ ဆရာမတွေ ခေါ်ရပြီဆိုတဲ့ အနာမျိုး။ အဲဒီ ဇရာ ဗျာဓိ မရဏာနဲ့ တဖြေးဖြေး၊ နီး၊နီးပြီးလာတယ်လို့ဆိုတာ၊ တစ်ရက်ထက် တစ်ရက်၊ နီး၊နီးလာတယ်ဆိုတာ ပရိသတ်ကြီး ဖျောလာလို့နီးတာလား၊ ရပ်နေလို့ နီးတာလား? ဖျောလာလို့ နီးတာပါဘုရား။ ကဲ ဒါဖြင့် ဆိုစမ်းပါ—

**❖　တစ်ရက်ကုန်ပြန်၊ ငါ့ရုပ်နာမ်၊ သေရန်တစ်ရက်၊ ဖျောပြန်ပြီ။**
**တစ်လကုန်ပြန်၊ ငါ့ရုပ်နာမ်၊ သေရန်တစ်လ၊ ဖျောပြန်ပြီ။**
**တစ်နှစ်ကုန်ပြန်၊ ငါ့ရုပ်နာမ်၊ သေရန်တစ်နှစ်၊ ဖျောပြန်ပြီ။**

တစ်နှစ်ကုန်သွားတိုင်း၊ တစ်နှစ်ကုန်သွားတိုင်း နောက်တစ်နှစ်ကူးလာတယ်ဆိုတာ ဖျောလာတာ။ တစ်လက တစ်လ ကူးလာတယ်ဆိုတာ ဖျောလာတာ။ တစ်ရက်ကတစ်ရက် ကူးလာတယ်ဆိုတာ ဖျောလာတာ၊ အဲ့ဒီတစ်ရက်မှာပင်လျှင် မနက်ပိုင်းကနေပြီးတော့ နေ့လယ်ပိုင်း ဖျောတယ်။ နေ့လယ်ပိုင်းကနေပြီးတော့ ညနေပိုင်း ဖျောလာတယ်။ အဲဒီနေ့တစ်နေ့ သုံးပိုင်းဖျောနေတာ အသာထားလိုက်ပါအုန်း၊ အဲဒီမနက်ပိုင်းမှာပင်လျှင် တစ်နာရီက တစ်နာရီ၊ ကူးလာတိုင်း ကူးလာတိုင်း ပရိသတ်ကြီး ရပ်နေတာလား၊ ဖျောနေတာလား? ဖျောနေတာပါဘုရား။

အဲဒီတစ်နာရီ အသာထားလိုက်ပါအုန်း၊ တစ်မိနစ်က တစ်မိနစ်ကူးလာတိုင်း၊ ကူးလာတိုင်း ရုပ်နာမ်ဓမ္မ သဘာဝတွေ အမြဲတမ်း ဖြစ်ပျက်ပြောင်းလဲပြီး နေတာဖြစ်တော့၊ ရပ်နေတာလား ဖျောနေတာလား? ဖျောနေတာပါဘုရား။ တစ်မိနစ်ဆိုတာ အသာထားလိုက်ပါအုန်း တစ်စက္ကန့်တိုင်း၊ တစ်စက္ကန့်တိုင်း ဒီရုပ်နာမ်ဓမ္မ သဘာဝတွေအမြဲတမ်း ဖြစ်ပျက်ပြောင်းလဲနေတာဖြစ်တော့ ရပ်နေသလား၊ ဖျောနေသလား? ဖျောနေပါတယ်ဘုရား။ ဒါဖြင့် တစ်စက္ကန့် တိုင်း၊ တစ်စက္ကန့်တိုင်း အဲဒီစက္ကန့်ရဲ့ အစိတ်ပိုင်းပေါင်း မြောက်များစွာစိတ်၊ အဲဒီ အစိတ်ကလေးတွေလည်းပဲ၊ မနားတန်း မနေတန်း ဒီရုပ်နာမ်ဓမ္မ သဘာဝတွေ

မျောနေတယ်။ တဟောဟော တစ်ဒိုင်းဒိုင်း တစ်ဖြုံးဖြုံး, တရုံးရုံးဖြစ်ပျက်နေတယ် ဆိုတာ မျောနေတာလို့ခေါ်တယ်။ ဒီတော့ ဘုန်းကြီးတို့ ပရိသတ်ကြီး ကိုယ့်ခန္ဓာကိုယ်ကို ပြန်ပြီးတော့ မိနစ်ရဲ့ စက္ကန့်ရဲ့ အစိတ်အပိုင်းပေါင်း ထောင်သောင်းစိတ်ပြီးတော့, တစ်ပုံလေးမှာပင်လျှင် မရပ်မနား ဒီခန္ဓာကိုယ် ရှိနေတဲ့ ရုပ်နာမ်ဓမ္မ သဘာဝတရားတို့သည်၊ အမြဲတမ်းမျောနေတယ်, ပြောင်းနေတယ်, ဖြစ်ပျက်နေတယ်။ အစဉ်တွေ တစ်မျိုးပြောင်းနေတယ်၊ အစိတ်စိတ် ကလေးတွေ တစ်မျိုးပြီးတစ်မျိုး ပြောင်းနေတယ်၊ ရုပ်စု နာမ်စုတွေ တစ်မျိုးပြီးတစ်မျိုး ပြောင်းနေတယ်လို့ဆိုတာ မျောနေတာ။ ဒီတော့ အမျောတရားကြီးဟာ ဘဝတွေနဲ့ချီပြီးတော့ပြောလည်း မျောတယ်။ လတွေ, နှစ်တွေ, ရက်တွေနဲ့ ချီပြီးတော့ပြောလည်း မျောတယ်။ နာရီတွေ မိနစ်တွေ, စက္ကန့်တွေနဲ့ ချီပြီးတော့ပြောရင်လည်းပဲ မျောနေတယ်။

အဲဒီ စက္ကန့်ကိုပင် အပုံပေါင်းများစွာပုံပြီးတော့ တစ်ပုံ တစ်ပုံနဲ့ ပြောရင်လည်း မျောနေတယ်။ ရုပ်နာမ်ဓမ္မသဘာဝတွေရဲ့ ဖြစ်ပျက်နေတဲ့ သဘောတရားသည် ရုပ်နာမ်တရားတို့ရဲ့ သဘောတရားသည် တစ်စက္ကန့်မှာ ကုဋေတစ်သိန်းလောက်ဖြစ်ပြီးတော့ ပျက်တယ်၊ ရုပ်ဓမ္မသဘာဝတွေက တစ်စက္ကန့်မှာ ကုဋေငါးထောင်လောက်ဖြစ်ပြီးတော့ ပျက်တယ်လို့ဆိုတော့ ရုပ်ဓမ္မသဘာဝတွေ တဖြုံးဖြုံး, တရုံးရုံး, တဟုန်းဟုန်း, ဖြစ်ပျက်နေတာသည် ပင်လျှင် မျောနေတယ်လို့ ခေါ်ရတယ်၊ ဒီတော့ ဘုန်းကြီးတို့ ဒကာ–ဒကာမတွေမှာ အခုတရားထိုင်ပြီးတော့ နာနေဆဲမှာကော အမျောရပ်ရဲ့လား? မရပ်ပါဘုရား။ ဘာမျော မျောတာတုန်းလို့ဆိုတော့ ပေါ်မျောကလေး။ ဘာမျောမျောတာပါလိမ့်? ပေါ်မျောပါဘုရား။ မြုပ်မျောတော့မဟုတ်ဘူး အပါယ်(၄)ဘုံသားတွေကို မြုပ်မျောလို့ ဘုရားဟောထားတယ်။ ပေါ်ပြီးတော့မှ မြုပ်မျောမျောတဲ့သူက ရှိသေးတယ်။

အဲဒါကြတော့ ယနေ့ ဒကာ–ဒကာမတွေ မသေချာ ကိုယ့်ကိုယ်ကို ပြန်မေး၊ အခု ငါပေါ်နေတာတော့ ဟုတ်ပြီ၊ ပြန်မြုပ်ပြီးတော့ မျောမည့်သူလား ပေါ်မျောဆက်မျောမည့်သူလား ဆိုတာကတော့ ဘုန်းကြီးတို့ မပြောနိုင်ဘူး။

ဒကာ–ဒကာမအပေါင်းတွေ ကိုယ့်ကိုယ်ကို အသိဆုံး။ အကုသိုလ်ဒုစရိုက်တရားတွေ နေ့စဉ်ပွားများ အားထုတ်ပြီးတော့၊ ကုသိုလ်တရားနည်းပါးနေပြီဆိုရင် ပေါ်မြုပ်မျောကြီးနဲ့ မနီးဘူးလား? နီးပါဘုရား။ ယနေ့ ဒကာ–ဒကာမအပေါင်းသူတော်ကောင်းတွေ ကိုယ့်ကိုယ်ကို ပေါ်ဆဲပေါ်ပြီးတော့ မျောနေတဲ့သူဖြစ်အောင် ကြိုးစားကြတယ်...တဲ့။ ဒီတော့ ဒီနေ့ ဒါနမှု, သီလမှု, ဘာဝနာမှုတွေ ပြုနေကြတယ်ဆိုတာ အောက်ထစ်ဆုံး ပေါ်မျောကလေး ဆက်မျောအောင် ကြိုးစားနေရတယ်ဆိုတာ ပရိသတ်ကြီး မသေချာဘူးလား? သေချာပါတယ်ဘုရား။ သုံးနံပါတ်မြောက်ပုဂ္ဂိုလ်၊ ဘုန်းကြီးတို့ ဒကာ–ဒကာမတွေက ကိုယ့်ကိုယ်ကို ဘယ်အစားထဲကဆိုတာ ကိုယ့်ကိုယ်ကိုသာ ဆုံးဖြတ်ချက်ချပါတော့ အခု ဘုရားရှင်က ဆက်ပြီးတော့ဟောပြီ လေးနံပါတ်မြောက် ပုဂ္ဂိုလ်၊ ကမ်းမြင်သွားတဲ့ ပုဂ္ဂိုလ်ဆိုတာ ဘယ်လို ပုဂ္ဂိုလ်တုန်းဆိုရင်–

**"သောတာပန္နော ဟောတိ အဝိနိပါတဓမ္မော နိယတော သမ္ဗောဓိပရာယဏော"**။ ကမ်းမြင်သွားတဲ့ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်တုန်းလို့ဆိုရင် သောတာပန္နော–သောတာပန်အဖြစ်သို့ ရောက်သွားသည်။ အဝိနိပါတဓမ္မော–ဖရိုဖရဲ ဖောက်ဖောက်လွဲလွဲ ကျရောက်ခြင်းသဘော မရှိတော့သည်။ နိယတော–အထက်မဂ်ဖိုလ်တရားတွေကို ရဖို့မြဲသွားသည့် သေချာပေါက်ဖြစ်သွားသည်။ သမ္ဗောဓိပရာယဏော–နိဗ္ဗာန် နဓာတ်တရားမြတ်ကြီး အရဟတ္တမဂ် အရဟတ္တဖိုလ်မြင်ဖို့ရာအတွက် သေချာပေါက်ကြိမ်းသေ ဖြစ်သွားသည်။ ဟောတိ–ဖြစ်၏။

ကမ်းမြင်သွားတဲ့ ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်တုန်းဆိုရင် သောတာပန်ဖြစ်သွားတဲ့ပုဂ္ဂိုလ်ကို ပြောတာတဲ့။ သောတာပတ္တိ မဂ်ဖိုလ်တရားထူးရသွားတဲ့ ပုဂ္ဂိုလ်ကြတော့ နိဗ္ဗာန်မြင်မသွားဘူးလား ပရိသတ်? မြင်ပါတယ်ဘုရား။ မြတ်စွာဘုရားက ကမ်းသောင်ဆိုတာ တက်လို့ဖြစ်တဲ့ ကမ်းသောင်ဆိုတာ နိဗ္ဗာန်ကို ဒီနေရာမှာ ဤသုတ်တော်မှာ ဥပမာတင်စားပြီးတော့ ဟောတော်မူပါတယ်။ ကမ်းဆိုတာ နိဗ္ဗာန်, နိဗ္ဗာန်တည်းဟူသော သောင်ကမ်းကို (၄)နံပါတ်မြောက်ဖြစ်တဲ့ ပုဂ္ဂိုလ်သည် မြင်သွားပြီ။ ဘာလို့မြင်တာတုန်းလို့ဆိုတော့

သူက ကမ်းကိုရှာလို့။ ဝိပဿတိ-ကမ်းကို အထူးထူးအထွေထွေ ရှာဖွေ၏။ ဝိလောကေတိ-ကမ်းကိုရှာဖွေကြည့်ရှုတဲ့အတိုင်း ကမ်းကို မြင်သွား၏။

ဟော (၄) နံပါတ်မြောက်ပုဂ္ဂိုလ်**ကျတော့** သူက စဉ်းစားတယ်။ အင်း ငါ ရေထဲမျောနေတဲ့သူ ရေထဲမျောနေတဲ့**သူမှန်သမျှသည်** ဘေးတွေ မလွတ်နိုင်။ လှိုင်းဘေးကြီးတွေ မုချတွေ့ရမယ်။ **မိကျောင်းမကန်း** ငမန်း ဘေးကြီးတွေ အခန့်မတော်ရင် ကြုံနိုင်တယ်။ ဝဲဘေး**ကြီး**တွေ ဂျင်ကလည်ဘေးကြီးတွေနဲ့လည်း ဆုံနိုင်တယ်။ ဒီတော့ ငါ ပေါ်မျောကလေး မျောနေတာတော့ ကောင်းသလိုလို ရှိငြားသော်လည်းပဲ ငါ့အမျောဟာ စိတ်မချရတဲ့ အမျောပါလားလို့။ ဟော ဒီလို စဉ်းစားတယ်၊ (၄)နံပါတ် ပုဂ္ဂိုလ်က။ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ ပေါ်မျော မျောနေတာတော့ မှန်ပြီ၊ အဲဒီပေါ်မျောဟာ နန္ဒကပြောခဲ့တဲ့ လှိုင်းဘေးကြီးတွေနဲ့ မတွေ့နိုင် ဘူးလား? တွေ့နိုင်ပါဘုရား။ လှိုင်းဘေးကြီးတွေနဲ့ မတွေ့နိုင်ဘူးလားဆိုတာ တွေ့ကိုနေတယ်။ ရေထဲနေတဲ့ပုဂ္ဂိုလ်မှန်သမျှ လှိုင်းဘေးလွတ်တဲ့ အချိန်ရှိပါ့မလား? မရှိပါဘုရား။ လှိုင်းဘေးဆိုတာ လှိုင်းကလေးနဲ့ လှိုင်းကြီး ကွာချင်ကွာမယ်၊ လှိုင်းဆိုတာ ရေထဲနေတဲ့ပုဂ္ဂိုလ်မှန်သမျှ လှိုင်းဆိုတာ ရှိတာချည်းပဲ၊ ယနေ့ ဒကာ-ဒကာမအပေါင်းတွေမှာ ဘာလှိုင်းတွေ သင့်နေသလဲဆိုရင် လောကဓံလှိုင်းနဲ့တွေ့ကြုံနေရပါသည်။

**နိန္ဒာပသံသာ, သုခံ ဒုက္ခံ**-ဆိုတဲ့လောကဓံလှိုင်း။ လာဘော အလာဘော၊ ယသော အယသော-ဆိုတဲ့ လောကဓံလှိုင်း။ လာဘော အလာဘော ဆိုတဲ့ လောကဓံလှိုင်း၊ တစ်ခါတစ်ခါ စီးပွားဥစ္စာတွေ ရှာလို့ရ, လွယ်လွယ် ကူကူနဲ့ ရှာလို့ဖွေလို့ရ, အဆင်ပြေလို့ ချောလို့ မောလို့ လာဘဆိုတဲ့ လောကဓံလှိုင်း။ တစ်ခါတစ်ခါကျတော့ ရှာလို့မရ, ဖွေလို့မရ, ခက်ခက် ခဲခဲဖြစ်ကုန် အလာဘဆိုတဲ့ လောကဓံလှိုင်း။ တစ်ခါတစ်ခါကျတော့ ယသော အယသောလို့ဆိုတဲ့ အခြွေရံအသင်းအပင်းတွေ, မိတ်ဆွေ သင်္ဂဟတွေ, အပေါင်းအသင်းတွေနဲ့ ပြည့်စုံလို့ ယသလောကဓံလှိုင်းကြီး။ တစ်ခါတစ်ခါကျတော့ အဲဒီ အပေါင်းအသင်း အခြွေအရံတွေ အကုန် ပြုတ်ပြုတ်ပြုန်းပြီးတော့ သကာလ, တစ်ကောင်ကြွက် ကျန်, တစ်မျက်နှာကျန် အယသ လောကဓံလှိုင်းကြီး။

ဒီတော့ အဲဒီ ယသ အယသဆိုတဲ့ လောကဓံလှိုင်းကြီးကတော့ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ လွတ်ပါ့မလား? မလွတ်ပါဘုရား။ အခု သား, လင်, ခင်ပွန်း, မြေးတွေ မြစ်တွေနဲ့ ပြည့်စုံလို့နေတယ်ဆိုတာ ယသလောကဓံ လှိုင်းကြီးမိနေတာပါ။ ကိုယ်ကတော့ ကောင်းတယ်လို့ ထင်နေသော်လည်းပဲ၊ အမှန်စင်စစ်ကတော့ ယသဆိုတဲ့ လောကဓံလှိုင်း။ ရေထဲမှာရောက်နေတဲ့ပုဂ္ဂိုလ် လှိုင်းကြီးတွေ ကြီးလာပြီဆိုတော့ တစ်ခါတစ်ခါကျတော့လှိုင်းကြီးတွေ စီးပြီးတော့ မြင့်တက်ပြီးတော့ သွားတယ်။ အထက်မြင့်တက်သွားသော်လည်းပဲ ကောင်းတယ် လို့ ထင်ရပေမဲ့ မြင့်သလောက်ကနေပြီးတော့ ပြုတ်ကျရင် နာတတ်ပါသည်။

အဲသလိုပဲ ယနေ့ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေ သားတွေ, သမီးတွေ, မြေးတွေ, မြစ်တွေ, ဆွေရုံသင်းပင်းတွေနဲ့ ပြည့်စုံပြီးတော့ နေတယ်ဆိုတာ နောက်ဆုံး ဘာလုပ်ဖို့ တုန်းလို့ဆိုတော့ အယသလောကဓံ လှိုင်းမိဖို့။ တွဲလေသမျှ ခွဲဖို့ချည်းပဲ။ ဆုံလေသမျှ, ကြုံလေသမျှ ကွဲဖို့ချည်းပဲ။ ကြုံသမျှ ဆုံသမျှတို့သည် ကွဲခြင်းသာလျှင် နောက်ဆုံးရှိခြေသည်လို့ ဘုရားရှင် အဘိဓာသုတ်တော်မှာ ဟောတော်မူပါသည်။ ပေါင်းသင်းဆက်ဆံ ယှဉ်တွဲနေမှု မှန်သမျှသည်။ နောက်ဆုံး ကွဲရခြင်း, ခွာရခြင်း, သေကွဲကွဲ, ရှင်ကွဲကွဲခြင်းသည် လမ်းဆုံး၏လို့ဆိုတော့ သားတွေ, သမီးတွေ, မြေးတွေ, မြစ်တွေနဲ့, ဆွေရုံ သင်းပင်းတွေနဲ့ ပေါင်းသင်းဆက်ဆံနေရတာလည်းပဲ လှိုင်းတစ်မျိုးပဲ။ ယသလှိုင်းကြီး သင့်နေတာ။ အဲဒီလှိုင်းကြီး ခြံရုံသင်းပင်း ပေါများခြင်းဆိုတဲ့ ခြံရုံသင်းပင်း လှိုင်းကြီး သင့်နေတဲ့အချိန်၊ ကြုံနေတဲ့အချိန်တော့ဖြင့် လှိုင်းပေါ်မှာ ရောက်နေတဲ့ပုဂ္ဂိုလ်က ငြိမ့်နေသလိုလို, ကောင်းနေသလိုလို ထင်ရ သလိုလိုပဲ ချမ်းသာသလိုလို စိတ်ထဲထင်ရတယ်။

နောက်ဆုံး အဲဒီ ပြည့်စုံနေတဲ့ အခြံရံတွေမှန်သမျှ နောက်ဆုံး ကွဲရပါသည်။ သေကွဲ ကွဲ, ရှင်ကွဲကွဲ, တကွဲကွဲနဲ့ ကွဲရပါသည်။ ဒီတော့ အဲဒီကွဲရမည့် လမ်းကြီးကို ဘုန်းကြီးတို့ ရှောင်လို့ရရဲ့လား? မရပါဘုရား။ သား, လင်, ခင်ပွန်း, အချင်းချင်းနေတဲ့ နှစ်ယောက်ကြည့်ပါ။ ဇနီးမောင်နှံ အချင်းချင်း နှစ်ယောက်တွဲပြီးတော့ နေတယ်ဆိုတာ၊ ယသလောကဓံ လှိုင်းကြီး

မိနေတာခေါ်တယ်။အဲဒီ နှစ်ယောက်တွဲနေတာဟာ နောက်ဆုံးဘယ့်နဲ့ဖြစ်တုန်း ဆိုရင် တစ်ယောက်က မုဆိုးဖိုဖြစ်ပြီးတော့ ကျန်မယ်, တစ်ယောက်က မုဆိုးမ ဖြစ်ပြီးတော့ကျန်မယ်ဆိုတဲ့မုဆိုးမဖြစ်ရစ်ခြင်း, မုဆိုးဖိုဖြစ်ရစ်ခြင်းဆိုတဲ့လမ်းကြီး ပရိသတ် လွတ်ရဲ့လား? မလွတ်ပါဘုရား။ မလွဲနိုင်တဲ့လမ်းကြီးဆိုတာ မသေချာ ဘူးလား?သေချာပါတယ်ဘုရား။အဲဒါ အယသလောကဓံလှိုင်းကြီးလို့ခေါ်ပါတယ်။

ဒီတော့ဒီသံသရာရေယာဉ်ကြောကြီးထဲမှာမျောနေသမျှ အဲဒီလှိုင်းကြီးက လွတ်တဲ့အချိန်ရှိပါတော့မလား? မရှိပါဘုရား။သားတွေ,သမီးတွေ,တူတွေ,တူမတွေ, ညီကိုမောင်နှမတွေနဲ့တွဲလေသမျှဘာလုပ်ဖို့တုန်း၊ကွဲဖို့ပဲ။ဝဲလေသမျှပရိသတ်ကြီး ဘာပြုဖို့တုန်း?ကွဲဖို့ပါဘုရား။တွဲဆိုတာက-ယသလောကဓံလှိုင်း။ကွဲဆိုတာက- အယသလောကဓံလှိုင်း။ဒီတော့ယသ,အယသဆိုတဲ့လောကဓံလှိုင်းကပရိသတ် လွတ်မယ့်အချိန်ဆိုတာရှိသေးရဲ့လား?မရှိပါဘုရား။ဆရာဖြစ်တော့လည်း တပည့် တပန်းတွေနဲ့တွဲလိုက်ခွဲလိုက်မရှိဘူးလား?ရှိပါဘုရား။မိတ်ဆွေသင်္ဂဟတွေ ပေါ်တော့လည်း,မိတ်ဆွေသင်္ဂဟတွေ တွဲလိုက်ခွဲလိုက် မရှိဘူးလား? ရှိပါဘုရား ဘယ်နေရာမဆို အဖွဲ့အစည်းနဲ့ အစုလိုက်အအုံလိုက်နေသမျှ ယသလောကဓံလှိုင်း။ ကွဲရပြီဆိုတော့ အယသလောကဓံလှိုင်း။

နိန္ဒာ ပသံသာ-တစ်ခါတစ်ခါကျတော့ ချီးမွမ်းကြ, ဂုဏ်တင်ကြ, အကောင်း ပြောကြ, တစ်ခါတစ်ခါကျတော့ ကဲ့ရဲ့ကြ, အပြစ်ပြောကြ, နိန္ဒာ ပသံသာ-ဆိုတဲ့ လောကဓံလှိုင်း။ ဘုရားတောင်မလွတ်ဘူး။ ဒီတော့ အပြစ်ပြောကြ, ဂုဏ်တင်ကြ ဆိုတဲ့ လောကဓံလှိုင်း မိနေတာပဲ။ သုခ ဒုက္ခ-ကိုစိတ်နှစ်ပါး ချမ်းသာမှု, ဆင်းရဲမှု ဆိုတဲ့လောကဓံလှိုင်း။ ဒီတော့လောကဓံရှစ်ပါးဆိုတဲ့ သံသရာရေယာဉ်ကြော ထဲမှာ မျောနေရတဲ့အတွက် လောကဓံလှိုင်းဆိုတဲ့လှိုင်း မလွတ်ပါ။ ဝဲဘေးကြီးတွေ ဂျင်ကလည်ဘေးကြီးတွေဆိုတဲ့ အပါယ်ဘေးကြီးတွေကလည်း မလွတ်ပါ။ မိကျောင်း, မကန်း, ငမန်းနဲ့တူတဲ့ ဇရာဘေးကြီး, ဗျာဓိဘေးကြီး, မရဏဘေးကြီးတွေကလည်းမလွတ်နိုင်ပါ။

ဒီ(၃၁)ဘုံသံသရာရေယာဉ်ကြော မျောနေသမျှ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ အိုဘေးကြီးတွေ လွတ်ပါ့မလား? မလွတ်ပါဘုရား။ အဲဒါ မိကျောင်းဘေးကြီးတွေနဲ့တူတယ်။ နာဘေးကြီးတွေဆိုတဲ့ မကန်းဘေးကြီးတွေ၊ သေဘေးကြီးတွေဆိုတဲ့ ငမန်းဘေးကြီးတွေ၊ ရေထဲမှာဆက်ပြီးတော့မျောရင် ငါ တွေ့ရမှာပဲလို့၊ (၄)နံပါတ်မြောက်ပုဂ္ဂိုလ်က စဉ်းစားတယ်။ ဒီတော့ ငါ မျောနေတာက ပေါ်မျောလေးမျောနေလို့ တော်တော်တော့ရှိရဲ့။ ဒါပေမယ်လို့ ခုနကပြောခဲ့တဲ့ လှိုင်းဘေးကြီးတွေ, မိကျောင်း မကန်း ငမန်းဘေးကြီးတွေ, ရေဘေးကြီးတွေ,ဝဲဘေးကြီးတွေနဲ့ငါတွေ့နိုင်တယ်။ အဲဒီဘေးကြီးတွေလွတ်အောင်ငါဘာလုပ်ရမလဲ။ တော်မယ်၊တက်လို့ဖြစ်တဲ့ကမ်းကိုရှာပြီးတော့ ငါ ကမ်းကို ကူးပြီးသကာလဲ, ကမ်းကိုရှာမှတော်မယ်၊တက်လို့ဖြစ်တဲ့ကမ်းကိုရှာပြီးတော့တက်မှတော်မယ်. . . . လို့ ကြံပြီးတော့ကမ်းကိုရှာတယ်။ ကမ်း ကိုကြည့်တယ်၊ကမ်းကို ရှာကမ်းကို ကြည့်တော့ သူ မျောနေတဲ့အဖြစ်ကို ပြန်ပြီးတော့ သတိထားပါအုန်း။

ခုနက မြစ်ထဲမှာ သူမျောနေတာ သူ့ပတ်ဝန်းကျင်က ဗဒေါပင်တွေရှိတယ် သစ်ပင်ကြီးတွေ မျောနေတယ်။ တုံးကြီးတွေ မျောနေတယ်၊ ကျူရိုးတွေမျောနေတယ်၊ ပတ်ဝန်းကျင်က သူ့ကို ကွယ်ကာဖုန်းထားနေတဲ့ ချုံတွေ, နွယ်တွေ, သစ်ပင်တွေရှိနေတယ်။ အဲဒီ ချုံတွေ, နွယ်တွေ, သစ်ပင်တွေကို လက်နဲ့တွန်းဖယ်ပြီးတော့ ကမ်းကိုကြည့်ရတယ်၊ ကမ်းကိုရှာရတယ်။ ကမ်းကိုရှာတဲ့အတိုင်း ကမ်းကိုမြင်သွားတယ်။

ဒီတော့ ဘုန်ကြီးတို့ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေမှာလည်းပဲ၊ ယနေ့(၃၁)ဘုံသံသရာရေယာဉ်ကြောကြီးထဲမှာ မျောနေကြတယ်. . . တဲ့။ မျောနေကြတယ်၊ ကိုယ့်ပတ်ဝန်းကျင်မှာ ဘာတွေရှိတုန်းဆိုတော့ တုံးတွေ, တိုင်တွေ,ချုံတွေ, နွယ်တွေ, သစ်ပင်တွေရှိနေတယ်။ အဲဒီ ချုံတွေ, သစ်ပင်တွေဆိုတာ ဘာတွေတုန်းဆိုရင်၊ **ကာမစ္ဆန္ဒ**-ငါးဖြာအာရုံ, ကာမဂုဏ်ဟု, ချုံတွေ အထပ်ထပ်, ပိတ်ပေါင်းတွေ အထပ်ထပ်, ဝိုင်းရံ ကာရံအပ်ကုန်သည်ဖြစ်၍. . .။ ဒကာ- ဒကာမအပေါင်း သူတော်ကောင်းတို့ရဲ့ သန္တာန်မှာ၊ ဘေးပတ်ဝန်းကျင်မှာ ငါးဖြာအာရုံ ကာမဂုဏ်ဆိုတဲ့ ချုံတွေ မျောနေတာတော့

မျှော်နေတာပဲ မျှော်ရင်းတန်းလန်းနဲ့ ဘေးက ပိတ်ကာနေတာတွေက ချုံတွေ, နွယ်တွေ။ ဘာချုံတွေ, ဘာနွယ်တွေ တုန်းဆိုတော့၊ ငါးဖြာအာရုံ ကာမဂုဏ်ဆိုတဲ့ ချုံတွေ, နွယ်တွေ၊ ငါးဖြာ အာရုံကာမဂုဏ်ဆိုတာ ဘယ်သူတုန်းလို့ ဆိုတော့ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ၊ အဆင်းမျိုးစုံဆိုတဲ့ ရူပါရုံ၊ အသံမျိုးစုံဆိုတဲ့ သဒ္ဒါရုံ၊ အနံ့မျိုးစုံဆိုတဲ့ ဂန္ဓာရုံ၊ စားဖွယ် သောက်ဖွယ်မျိုးစုံဆိုတဲ့ ရသာရုံ၊ အထိအတွေ့မျိုးစုံဆိုတဲ့ ဖောဋ္ဌဗ္ဗာရုံ၊ အဲဒီငါးပါးကို ကာမဂုဏ်ငါးပါးလို့ ခေါ်တယ်။ အဲဒါတွေကို မြတ်စွာဘုရားက အခု ချုံတွေ, နွယ်တွေ, ပိတ်ပေါင်းတွေလို့ တင်စားပြီးတော့ ဟောတော်မူပါတယ်။

ဒီတော့ အဘိဓမ္မာသဘာဝနဲ့ သရုပ်ကောက်ကြည့်လိုက်တော့ ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗဆိုတဲ့ ငါးဖြာအာရုံကာမဂုဏ်။ ကာမဂုဏ်ဆိုတာ ဘာခေါ်တာတုန်းလို့ဆိုတော့ ကာမဂုဏ်ဆိုတာက လိုချင်စရာ, နှစ်သက်စရာ, ခင်မင်စရာကောင်းတာတွေကို ကာမလို့ခေါ်ပါသည်၊ အဲဒီ ကာမဆိုတဲ့ လိုချင်စရာ, နှစ်သက်စရာ, ခင်မင်စရာ, စွဲလန်းစရာလေးတွေက ကာမ။ ဂုဏဆိုတဲ့ အဓိပ္ပာယ်က နှောင်ထားတတ်တယ်, ဖွဲ့ထားတတ်တယ်, ပိတ်ထားတတ်တယ်, ကာထားတတ်တယ်, ဆည်းထားတတ်တယ်ဆိုတဲ့ အဓိပ္ပာယ်သက်ရောက်တယ်။

ဒီတော့ ကာမဂုဏ်။ ကာမဂုဏ်ဆိုတာ လိုချင်စရာ, နှစ်သက်စရာ, စွဲလန်းစရာ, မခွဲချင်စရာဖြစ်ပြီးသကာလ၊ မခွဲနိုင်အောင် နှောင်ဖွဲ့ထားတတ်တဲ့, ပိတ်ကာထားတတ်တဲ့, ဆည်းတားထားတတ်တဲ့ တရားကို ကာမဂုဏ်လို့ ခေါ်ပါသည်။ ဒီတော့ အဲဒီ ကာမဂုဏ်ဆိုတာ အဘိဓမ္မာသဘာဝနဲ့ ပြောတော့ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ၊ အဲဒီ အဘိဓမ္မာသဘာဝကို ပညတ်ပေါ် တင်ပြီးတော့ ပြောကြစို့ဆိုတော့၊ ကိုယ့်ပတ်ဝန်းကျင်မှာနေတဲ့ သားအာရုံ, သမီးအာရုံ, မြေးအာရုံ, မြစ် အာရုံ, တူအာရုံ, တူမအာရုံ, သွီး, ခင်ပွန်း အချင်းချင်း အာရုံ, သက်ရှိတွေဖြစ်တဲ့ အဲဒီအာရုံတွေအပြင်၊ သက်မဲ့တွေဖြစ်တဲ့ ရွှေရတနာ, ငွေရတနာ, ကျောက်သံပတ္တမြားရတနာ, ဆင်မြင်း ကျွဲနွား အိမ်ရာခြံမြေ တိုက်တာဆိုတဲ့ အာရုံ။

ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ သားလေးတွေ, သမီးလေးတွေ အာရုံပြုကြည့်စမ်းပါ၊ သားလေးတွေ, သမီးလေးတွေဟာ ဒကာ–ဒကာမတွေအနေနဲ့ ချစ်ခင်စရာ, နှစ်သက်စရာလို့ အာရုံမရောက်ဘူးလား? ရောက်ပါတယ်ဘုရား။ အဲဒီ သားသမီးရဲ့ ရုပ်နာမ်ခန္ဓာလေး တွေကို ချစ်ခင်စရာ, နှစ်သက်စရာနဲ့ အထင်ရောက် ပြီးတော့နေလို့မို့ အဲဒီ သားအာရုံ, သမီးအာရုံကို ကာမလို့ ခေါ်ပါသည်။ သားအာရုံ, သမီးအာရုံဟာ ချစ်ခင်စရာ, နှစ်သက်စရာမို့လို့ အဓိပ္ပာယ်ရောက်တယ်။

အဲဒီ သားအာရုံ သမီးအာရုံဖြစ်တဲ့ ကာမသည်ပင်လျှင် ဒကာ–ဒကာမ အပေါင်း သူတော်ကောင်းတွေကို နိဗ္ဗာန်တည်းဟူသော ကမ်းကိုမြင်အောင် ကြည့်တော့မယ်လို့ဆိုတော့၊ သူက တားတတ်ပါသည်, ဆို့တတ်ပါသည်, ပိတ်တတ်ပါသည်, ကွယ်တတ်ပါသည်, ကာတတ်ပါသည်။ ဒါ့ကြောင့် ဂုဏ။ ဂုဏဆိုတာ နိဗ္ဗာန်ကမ်းကို မမြင်အောင် နိဗ္ဗာန်ဆီကို ရှန်းထွက်သွားမည့်ဟာ၊ ထွက်မသွားအောင် နှောင်ထား, ဖွဲ့ထားတတ်, ပိတ်ထားတတ်, ကာထားတတ်တဲ့ သဘောကို ဂုဏလို့ ခေါ်ပါသည်။ ဒီတော့ သားအာရုံ သမီးအာရုံလေးတွေဟာ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတို့အတွက် ချစ်ခင်နှစ်သက် စုံမက်စရာ မို့လို့ ကာမ။ နိဗ္ဗာန်ကို မြင်ရာမြင်ကြောင်းအကျင့်တွေ အားထုတ်တော့မယ်ဆိုရင် ဒီသားလေးကြောင့်, ဒီသမီးလေးကြောင့် မဖြစ်သေးဘူး၊ ဒီသားလေးကြီးမှ, ဒီသမီးလေးကြီးမှ၊ သားရေးရှိသေးလို့ သမီးရေးရှိသေးလို့ဆိုတော့ သူတို့ ပိတ်ထားရာမရောက်ဘူးလား? ရောက်ပါဘုရား။ သူတို့က ကာထားရာ မရောက်ဘူးလား? ရောက်ပါဘုရား။ အဲဒါကြောင့် ဂုဏလို့ခေါ်တာ။

ဒီတော့ ကာမဂုဏ်၊ ကာမဂုဏ်ဆိုတာ သားအာရုံ, သမီးအာရုံ, မြေးအာရုံ, မြစ်အာရုံ, တူအာရုံ, တူမအာရုံ, ဆွေမျိုးမိတ်ဆွေသင်္ဂဟအာရုံ, အချင်းချင်း ချစ်ခင်နှစ်သက် စုံမက်စရာလို့ သတ်မှတ်ထားတဲ့သူတွေမှန်သမျှ ကာမဂုဏ်လို့ ခေါ်တယ်။ အဲဒီ ကာမ ဂုဏ်တွေကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ချုံတွေ, နွယ်တွေ, ပိတ်ပေါင်းတွေလို့ ဟောတော်မူပါသည်။ အဲဒီ သားအာရုံ, သမီးအာရုံ ဆိုတဲ့ ချုံတွေကကော (၃၁) ဘုံ သံသရာရေယာဉ်ကြောမှာ မျောမနေဘူးလား?

မျောပါဘုရား။ မိမိတို့ကိုယ်တိုင်ကတော့ ရေမျောသမား မဟုတ်ဘူးလား? ဟုတ်ပါဘုရား။

ခုနက ရေထဲမျောနေတဲ့ သူဟာ သူလည်းမျောနေတယ်၊ သူ့ပတ်ဝန်းကျင် တုံးတွေ, ချုံတွေကတော့ မျောမနေဘူလား? မျောနေပါဘုရား။ သူတို့က မျောရင်းပိတ်တာလား, ရပ်ပြီးတော့ပိတ်တာလား? မျောရင်းပိတ်တာပါဘုရား။ မျောရင်းပိတ်တာပဲ။ ယနေ့ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေရဲ့ ပတ်ဝန်းကျင်မှာရှိနေတဲ့ သားအာရုံ, သမီးအာရုံဆိုတဲ့ ချုံတွေ, နွယ်တွေ သူတို့ကလည်း မျောနေတယ်။ မိမိကလည်း မျောနေတာပဲ။ အဲဒီ သားရေး သမီးရေး စီးပွားရေးတွေနဲ့ အချိန်ကုန်ပြီးတော့နေသဖြင့်၊ နိဗ္ဗာန်လို့ဆိုတဲ့ ကမ်းကို မမြင်နိုင်ကြပါ။

ကာမစ္ဆန္ဒာ-ငါးဖြာအာရုံ, ကာမဂုဏ်ဟု, ချုံတွေ အထပ်ထပ်, ပိတ်ပေါင်းတွေ အထပ်ထပ်, ဝိုင်းရံကာရံအပ်ကုန်သည်ဖြစ်၍၊ ကာမ မန္တရေ-ဝဋ္ဋကိုလေနှစ်ထွေဖွားဖွား ကာမဂုဏ်ချုံနွယ် ပိတ်ပေါင်းတို့ရဲ့ ကြား၌၊ နိဗ္ဗာန်-အန္တရာယ်ခပ်သိမ်း, ဘေးရန်ခပ်သိမ်း, အေးငြိမ်းရာမှန် နိဗ္ဗာန်တည်းဟူသော သောင်ကမ်းတော်ကြီးကို၊ နပဿန္တိ-ချုံတွေ, နွယ်တွေ, ပိတ်ပေါင်းတွေကို မဖယ်မရှဲသဖြင့်, မမြင်နိုင်ပဲရှိကြလေကုန်၏။ နိဗ္ဗာန်ကိုမမြင်တာ၊ နိဗ္ဗာန်ကမ်း ဘာပြုလို့မမြင်တာတုန်းဆိုတော့၊ ခုန ရေထဲမျောနေတဲ့လူ ကြည့်စမ်းပါလား ကမ်းကို သူ ဘာလို့မမြင်တုန်းဆို၊ ချုံတွေဖယ်မကြည့်လို့ မမြင်တာ။ ကမ်းက ဘယ်မှာရှိတုန်းဆိုရင်၊ အဲဒီ ချုံတွေကြားကို ချုံတွေဖယ်ကြည့်ရင်, ချုံတွေကြားက မြင်နိုင်တယ်။ အဲဒီ ချုံတွေကို ဖယ်ပြီးတော့၊ ရှဲပြီးတော့ မကြည့်သဖြင့် သူ ကမ်းကို မမြင်သလို....တဲ့။

ယနေ့ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတို့သည်လည်း (၃၁)ဘုံ သံသရာရေယာဉ်ကြောမှာမျောနေကြတဲ့ ဒကာ-ဒကာမတွေ မိမိပတ်ဝန်းကျင်မှာ မျောနေတဲ့ ချုံနွယ်ပိတ်ပေါင်းနဲ့တူတဲ့ ငါးဖြာအာရုံ ကာမဂုဏ်လို့ ခေါ်ဆိုရတဲ့၊ ပညတ်နဲ့ပြောကြတော့ သားအာရုံ, သမီးအာရုံဆိုတဲ့ မြေးအာရုံဆိုတဲ့, မြစ်အာရုံ

ဆိုတဲ့ သက်ရှိသက်မဲ့ ပစ္စည်း ဝတ္ထုနှစ်သက်စရာ စွဲလမ်းစရာဖြစ်တဲ့ ချုံနွယ် ပိတ်ပေါင်းကို ဖယ်ရှဲပြီးတော့ မကြည့်တတ်ရင်တဲ့။ အဲဒီချုံတွေအကြားမှာ အနီးနားမှာရှိတဲ့ နိဗ္ဗာန်ကို မမြင်ကြရပါ၊ မမြင်နိုင်ကြပါ။ ဒါဖြင့် နိဗ္ဗာန်တည်း ဟူသောကမ်းကို မြင်ချင်ရင်, ဘာလုပ်ရမှာတုန်းဆိုတော့ ချုံတွေနွယ်တွေကို တွန်းဖယ်ပြီးတော့ ပရိသတ်ကြီး မကြည့်ရပေဘူးလား? ကြည့်ရပါဘုရား။ ဒါဖြင့် ချုံတွေ, နွယ်တွေ ဘယ်နှယ့်လုပ် တွန်းဖယ်မတုန်းဆိုတော့၊ ရေထဲမျောနေတဲ့ သူဟာ ချုံတွေ နွယ်တွေ တွန်းဖယ်တော့ လက်နဲ့မတွန်းဖယ်ရဘူလား? တွန်းဖယ်ရပါဘုရား။

အဲဒါလိုပဲ ယနေ့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတို့မှာလည်းပဲ၊ ဝိပဿနာ ဉာဏ်လက်နက်ဖြင့် တွန်းဖယ်ပြီးတော့ ကြည့်ရမယ်။ ဝိပဿနာ ဉာဏ်လက်နက်နဲ့ တွန်းဖယ်ပြီးတော့ ကြည့်လိုက်တဲ့အခါမှာတော့ သားအာရုံ သမီးအာရုံလို့ ပညတ်တင်ထားတဲ့ အာရုံသည်၊ အမှန်စင်စစ်ကတော့ ရုပ်အစု, နာမ်အစု, ရုပ်နာမ်ဓမ္မ သဘာဝ။ အဲဒီ သားလို့, သမီးလို့ သမုတ်ထားတာကို ပညတ်နယ်က နေပြီးတော့၊ သမ္မုတိစွဲနဲ့စွဲနေတာ အသာလေးဖယ်ပြီးတော့ ဉာဏ်မျက်လုံးနဲ့ ရုပ်နာမ်ဓမ္မ ပိုင်းခြားသိတဲ့၊ နာမရူပပရိစ္ဆေဒဉာဏ်နဲ့ ကြည့်ကြစို့ လို့ဆိုတော့ သားလို့ သမီးလို့ သတ်မှတ်ထားတဲ့ အစုအဝေးသည် ရုပ်စု နာမ်စု, ရုပ်ပုံနာမ်ပုံ။ လှုပ်စေ ရှားစေချင်တာက နာမ်တရား၊ လှုပ်ဟန် ရှားဟန်ပြုတာက ရုပ်တရား။ အဲဒီ သားခန္ဓာဆိုတာလေးကို ဉာဏ်နဲ့ နည်းနည်းလေး စိတ်ဖြာ ကြည့်စမ်းပါလား၊ သားခန္ဓာထဲမှာ ဘာရှိတုန်းဆိုရင် လှုပ်ချင်ရှားချင်, သွားချင် လာချင်, စားချင်သောက်ချင်, ငိုချင် ရီချင်ဆိုတဲ့သဘောလေးက နာမ်အုပ်စု။ အဲဒီ လှုပ်ချင်ရှားချင်, သွားချင် လာချင်, စားချင်သောက်ချင်တဲ့အတိုင်း၊ လှုပ်ဟန် ရှားဟန်, သွားဟန် လာဟန်, စားဟန်သောက်ဟန်, ငိုဟန်ရီဟန် အမူအရာ တွေက ရုပ်အုပ်စု။

ဒီတော့ အဲဒီ သားလို့ ပညတ်တင်ထားပြီးတော့ အစွဲနဲ့ အကောင်နဲ့ ထင်နေတဲ့ သက္ကာယဒိဋ္ဌိဝင်နေတဲ့ အဲဒီ သားခန္ဓာမှာပင်ပျှင်, အဘိဓမ္မသဘာဝ ဉာဏ်မျက်လုံး ဝိပဿနာဉာဏ်မျက်လုံး ရုပ်နာမ်ဓမ္မ ပိုင်းခြားသိတဲ့ နာမရူပပရိစ္ဆေဒ

ဉာဏ်မျက်လုံးသုံးကြည့်လိုက်တဲ့အခါကြတော့၊ ရုပ်အုပ်စု, နာမ်အုပ်စု။ သွားချင်လာချင်တဲ့ အုပ်စုဆိုတဲ့ နာမ်အုပ်စုကြီးရဲ့ သွားဟန်လာဟန်။ အဲဒီ သွားချင်လာချင်တဲ့ နာမ်ရဲ့ အလိုကျဖြစ်ပေါ်လာတဲ့ သွားဟန်လာဟန်ပြတဲ့ ရုပ်အုပ်စုကြီးရယ်၊ ဒီ နှစ်ပါးပဲရှိတယ်။ ဒါ့ကြောင့် သွားချင်တာကနာမ်, သွားဟန်ပြတာကရုပ်။ စားချင်တာက နာမ်, စားဟန်ပြတာက ရုပ်။ ကြည့်ချင်တာက နာမ်, ကြည့်ဟန်ပြတာက ရုပ်။ ကြားချင်တာက နာမ်, ကြားဟန်ပြတာက ရုပ်။ နာမ်ရုပ်ပိုင်းခြားပြီးတော့ ခွဲခြားကြည့်လိုက်တဲ့အခါကျတော့၊ သားဆိုတဲ့ ပညတ်တင်ထားတဲ့အာရုံမှာ ရုပ်နာမ်နှစ်ပါးသာရှိတယ်လို့ မြင်လာတယ်။

အဲဒီလို ရုပ်နာမ်ရှိတယ်လို့ မြင်လာလိုက်တဲ့အချိန်မှာ၊ သားဆိုတဲ့အစွဲလေး ပျောက်သွားတယ်။ ရုပ်နာမ်ပဲလို့ သိလိုက်တဲ့ အချက်တိုင်း, အချက်တိုင်း အချိန်မှာ သားဆိုတဲ့အစွဲ, သမီးဆိုတဲ့ အစွဲ အစွဲပျောက်သွားပါတယ်။ ပရိသတ် အပေါင်း သူတော်ကောင်းတို့၊ ဒီတော့ အဲဒီပျောက်သွားတဲ့ အချိန်ဟာ၊ သားသမီးဆိုတဲ့ အစွဲလေး ပျောက်သွားသည်နဲ့တစ်ပြိုင်နက်၊ ငါးဖြာအာရုံကာမဂုဏ် ချုံနွယ်ကို တွန်းလိုက်တယ်, ဖယ်လိုက်တယ်လို့ ခေါ်တယ်။ ဒီတော့ နာမရူပ ပရိစ္ဆေဒဉာဏ်နဲ့ ရုပ်နာမ်ပိုင်းခြားသိလိုက်။ အဲဒီ ရုပ်နာမ်သဘော ဆက်ပြီးတော့ လေ့လာလိုက်တဲ့အခါကျတော့၊ အဲဒီ ရုပ်နာမ်သည်၊ တဟောဟော, တဒိုင်းဒိုင်း, တဖြုန်းဖြုန်း, တရှဲရှဲ ဖြစ်ပျက်နေတယ်လို့ မြင်။ ရုပ်နာမ်ဓမ္မသဘာဝတွေရဲ့ အမြဲတမ်း ဖြစ်ပျက်နေတဲ့သဘောတွေ ဉာဏ်ထဲမှာ မြင်လာတော့ ဝိပဿနာ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာ ပေါ်လာပြီဆိုတော့ ဝိပဿနာ၊ ရုပ်နာမ်ကို ရုပ်နာမ် အတိုင်း မြင်။ ရုပ်နာမ်ရဲ့ ဖြစ်ပျက်နေတဲ့ သဘောကိုမြင်ပြီဆိုတော့၊ ခုနက သားအာရုံ သမီးအာရုံ, သားစွဲ သမီးစွဲလေး ပျောက်သွားတယ်။ သားစွဲသမီးစွဲ ပျောက်သွားတော့၊ သားခင်သမီးခင်ဆိုတဲ့တဏှာ ပျောက်သွားတယ်။

ဝိပဿနာဉာဏ်နဲ့ တချက်ကြည့်လိုက်တိုင်း, ကြည့်လိုက်တိုင်း သားဆိုတဲ့ ပညတ်အာရုံ ပျောက်၊ သမီးဆိုတဲ့ ပညတ်အာရုံ ပျောက်၊ ရုပ်နာမ်အစုသာ ရှိတယ်ဆိုတဲ့ ရုပ်နာမ်ပိုင်းခြားသိတဲ့ ဉာဏ်ပေါက်။ အဲဒီ ရုပ်နာမ်ပိုင်းခြားသိလို့၊

ရုပ်နာမ်ဖြစ်ပျက်တဲ့သဘောကိုမြင်၊ အဲဒီ ရုပ်နာမ်ဖြစ်ပျက်ကိုမြင်တဲ့ အချက်လေး တိုင်း, အချက်ကလေးတိုင်းမှာ သားအာရုံ သွေးအာရုံ ပျောက်သွားပြီ ဖြစ်သောကြောင့် ချုံတွေကို တွန်းဖယ်လိုက်တယ်တဲ့။ ဝိပဿနာဉာဏ်နဲ့ တွန်းဖယ်လိုက်တယ်။ ဒီတော့ သားအာရုံကြည့်ကြည့်, သွေးအာရုံကြည့်ကြည့်၊ မိမိတို့ ဆရာသမားတွေ ပေးထားတဲ့အတိုင်း ဝိပဿနာရှုကွက်အနေနဲ့ ရုပ်နာမ် ဖြစ်ပျက်၊ သို့မဟုတ် မိမိတို့ ဆရာသမားတွေ ပေးထားတဲ့နည်းအတိုင်း၊ သားအာရုံ သွေးအာရုံမှ စပြီးသကာလ၊ မျက်စိထဲမြင်လာသမျှ၊ နားထဲ ကြားလာသမျှ, နှာခေါင်းကနံသမျှအာရုံငါးပါး။ သို့မဟုတ် အာရုံခြောက်ပါး တရားတွေကို အဘိဓမ္မာသဘာဝနဲ့ ဝိပဿနာဉာဏ်ဆိုက်အောင်၊ ဝိပဿနာဉာဏ်ပေါက်အောင် ရှုလိုက်တဲ့ အချိန်တိုင်း အချိန်တိုင်းသည်၊ မိမိပတ်ဝန်းကျင်မှာရှိနေတဲ့ သားသွေးမှ စပြီးသကာလ၊ ပညတ်တင် စွဲလန်းထားတဲ့ ချုံတွေကိုဖယ်နေပြီတဲ့၊ ဖယ်နေတယ်၊ ဒီတော့ အဲဒီ ဖယ်တဲ့အလုပ်ကလေးကို လုပ်ဖို့ရာကတော့ ဘုန်းကြီးတို့ ဒကာ-ဒကာမ အပေါင်း သူတော်ကောင်းတို့ရဲ့တာဝန်။ ဒါကြောင့်—

❖ **သွားချင်တာကနာမ်, သွားဟန်ပြုတာကရုပ်၊**
**နာမ်ရုပ်နှစ်ကွင်း အမြင်ရှင်း, သွားရင်းအလုပ်လုပ်။**

သွားရင်းလည်းပဲ ဒီဉာဏ်သုံးတတ်လို့ရှိရင် အလုပ်,လုပ်လို့ ရတယ်။

❖ **စားချင်တာကနာမ်, စားဟန်ပြုတာကရုပ်၊**
**နာမ်ရုပ်နှစ်ကွင်း အမြင်ရှင်း, စားရင်းအလုပ်,လုပ်။**

ဆရာသမားထံနည်းခံလို့ နည်းရပြီလို့ဆိုလို့ရှိရင်၊ ဒီဝိပဿနာဉာဏ်နဲ့ ချုံကို တွန်းဖယ်တဲ့အလုပ်ကလေးဟာ ဒကာ-ဒကာမအပေါင်း သူတော်ကောင်း တို့ရဲ့သန္တာန်မှာ ပေါ်လာပါလိမ့်မယ်။ အဲဒီ ပေါ်လာတဲ့ အလုပ်ကလေးကို နေ့စဉ် တွန်းဖယ်တွန်းဖယ်ပြီးတော့ ကြည့်သွားမယ်ဆိုရင် ကာမစ္ဆန္ဒာ-ငါးဖြာအာရုံ ကာမဂုဏ်ဟု ချုံတွေအထပ်ထပ်, ပိတ်ပေါင်းတွေအထပ်ထပ် ကာရံ အပ်ကုန်သည်ဖြစ်၍။ ကာရံခံနေရ ကုန်သည်ဖြစ်၍။ ကာမမန္ဒ၊ရေ-ဝတ္ထုကိလေ

နှစ်ထွေဖွားဖွား, ကာမဂုဏ် ချုံပိတ်ပေါင်းတို့ရဲ့အကြား၌။ နိဗ္ဗာနံ–အန္တရာယ် ခပ်သိမ်း အေးငြိမ်းရာမှန်, နိဗ္ဗာန်တည်းဟူသော သောင်ကမ်းတော်ကြီးကို။ နပဿန္တိ–ချုံတွေ နွယ်တွေ ပိတ်ပေါင်းတွေကို မဖယ်မရှဲသဖြင့် မမြင်နိုင်ပဲ ရှိကြလေကုန်၏။ တသ္မာ–ထို့ကြောင့်။ အတ္တနော ဆန္ဒံ–ကိုယ့်မှာလွှမ်းဖုံး, ကာမဂုဏ်တည်းဟူသော ချုံပိတ်ပေါင်းအားလုံးကို။ ခိပ္ပမေဝ–ဗုဒ္ဓမြတ်စွာ သာသနာရှိတုန်း အချိန်မဖြုန်းပဲသာလျှင်။

မြတ်စွာဘုရားသာသနာတော်နဲ့ ကြုံနေမှ ဒီဉာဏ်ကို ရနိုင်တယ်၊ ဒီဉာဏ်ကိုပြောနိုင်တဲ့ ဆရာသမားနဲ့ တွေ့နိုင်တယ်၊ ဒီဉာဏ်တွေကို ပေးနိုင်တဲ့ ဆရာကောင်းသမားကောင်းတွေနဲ့ ကြုံနိုင်တယ်၊ ဒီဝိပဿနာဉာဏ်လက်နက်နဲ့ ချုံနွယ်ကို ဖယ်တတ်တဲ့ အတတ်ကို၊ ဘုရားရှင်သာသနာနဲ့ကြုံမှ ရနိုင်တယ်။ ဒါ့ကြောင့် မြတ်စွာဘုရားသာသနာနဲ့ ကြုံတဲ့အခိုက်မှာ။ ခိပ္ပမေဝ–ဗုဒ္ဓမြတ်စွာ သာသနာရှိတုန်း အချိန်မဖြုန်းပဲသာလျှင်။ ဝိသောဓယေ–အမိုက် ကင်းပျောက်, အလင်းရောက်အောင်, ထွင်းဖောက်မသွေ ရှင်းလင်းသုတ်သင် သင့်ပေသတည်း။

သာဓု.... သာဓု.... သာဓု....

ဒီတော့ မြတ်စွာဘုရားက ခုနက၊ ဥဒကူပမသုတ်တော်မှာ ကမ်းမြင်သွားတဲ့ပုဂ္ဂိုလ်ဆိုတာ ဘယ်ပုဂ္ဂိုလ်တုန်းဆိုတော့ သောတာပန် ဖြစ်သွားတဲ့ပုဂ္ဂိုလ်။ ပရိသတ်ကြီး သောတာပန်ဖြစ်သွားတော့—နိဗ္ဗာန်ကို မျက်မှောက်ထင်ထင် မြင်မသွားဘူးလား? မြင်သွားပါဘုရား။ အဲဒီ နိဗ္ဗာန်ကို ကမ်းလို့ဘုရားက ဥပမာပေးတယ်။ နိဗ္ဗာန်ကို ဘာနဲ့ဥပမာ ပေးထားတုန်း၊ ကမ်းလို့ ဥပမာ ပေးထားတယ်၊ သောတာပန် နိဗ္ဗာန် ကမ်းကို ကောင်းကောင်းမြင်မသွားဘူးလား? မြင်သွားပါဘုရား။ မြင်သွားတယ်။ ကူးသွားတဲ့ပုဂ္ဂိုလ်။

(၅) နံပါတ်မြောက် ကူးသွားတဲ့ပုဂ္ဂိုလ်ဆိုတာ ဘယ်သူတုန်းဆိုရင် သကဒါဂါမ်ဖြစ်သွားတဲ့ပုဂ္ဂိုလ်၊ သကဒါဂါမ် ဖြစ်သွားတဲ့ပုဂ္ဂိုလ်ကျတော့ ကမ်းကူး သွားတဲ့ပုဂ္ဂိုလ်လို့ ဘုရားက တင်စားဟောတယ်။ အနာဂါမ် ဖြစ်သွားတဲ့

ပုဂ္ဂိုလ်**ကျတော့ ကမ်းထောက်မှီသွားတဲ့** ပုဂ္ဂိုလ်။ ထောက်မှီ သွားတဲ့ပုဂ္ဂိုလ်ဆိုတာ **ဘယ်ပုဂ္ဂိုလ်ပါလိမ့်?** အနာဂါမ် ပုဂ္ဂိုလ်ပါဘုရား။ ကုန်းပေါ်ရောက်သွားတဲ့ပုဂ္ဂိုလ်ဆိုတာကြတော့ အာသဝေါကင်းကွာ ရဟန္တာယောကျ်ား ရဟန္တာမကြီးတွေ ဖြစ်သွားတဲ့ပုဂ္ဂိုလ်။ ကုန်းပေါ်ရောက်တဲ့ ပုဂ္ဂိုလ်ဆိုတာ ရဟန္တာဖြစ်သွားတဲ့ပုဂ္ဂိုလ်ကို ပြောတာ။ ဒီတော့ ကုန်းပေါ်ရောက်သွားပြီးတော့ ရဟန္တာယောကျ်ား, ရဟန္တာမကြီးတွေ ဖြစ်ပြီးတော့၊ ပရိနိဗ္ဗာန် ဝင်စံတော်မူသွားကြတဲ့ အရှင်ကောင်း, အရှင်မြတ်ကြီးတွေ။ ယနေ့ ဒကာ–ဒကာမတွေလို သံသရာရေယာဉ်ကြော မျောသေးလား? မမျောပါဘုရား။ မျောခြင်းကြောင့်တွေ့ရမည့် လောကဓံ **လှိုင်းဘေးကြီးတွေ** ရှိသေးလား? မရှိပါဘုရား။ ရေထဲမှာ ကြုံရတတ်တဲ့ မိကျောင်းမကန်း**မင်းနဲ့တူတဲ့ အိုနာသေ**ရေး ဒုက္ခဘေးကြီးတွေ ကြုံသေးလား? မကြုံပါဘုရား။ ဝဲဘေးကြီးတွေ ရှိသေးလား? မရှိပါဘုရား။

"**ထလေ တိဋ္ဌတိ ဗြာဟ္မဏော**"။ ဗြာဟ္မဏော– ရဟန္တာဖြစ်သွားတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်။ ထလေ–ကုန်းတည်းဟူသော နိဗ္ဗာန်ပေါ်၌။ တိဋ္ဌတိ–ချမ်းချမ်းသာသာ တည်သွားနိုင်တော့၏။ ဒါဖြင့် ကုန်းပေါ်ရောက်ဖို့ထိအောင် ထောက်မှီဖို့ အရေးကြီးတယ်။ ထောက်မှီဖို့ရာအတွက် ကူးသွားမှတော်မယ်၊ ကမ်းရှိရာ ကူးသွားနိုင်အောင် ကမ်းကိုမြင်ဖို့ အရေးကြီးတယ်လို့ဆိုတော့၊ ယနေ့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေ မျောနေတာကတော့ ပေါ်မျောလေး။ ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ ဘယ်အဆင့်မှာ ရောက်နေတုန်းဆိုရင် ပေါ်မျောလေး။ ဘယ်အဆင့်ထဲ ရောက်နေတာပါလိမ့်? ပေါ်မျော အဆင့်ပါဘုရား။ ပေါ်မျောအဆင့်ဟာ မြုပ်မျောအဆင့်ထဲ ရောက်မသွားနိုင်ဘူးလား? ရောက်သွားနိုင်ပါဘုရား။ အကြောင်းမတော်ရင် မရောက်နိုင်ဘူးလား? ရောက်နိုင်ပါဘုရား။ မြုပ်မျောဘေးကြီးက အနားကပ်မနေဘူးလား? ကပ်နေပါဘုရား။ ဒါဖြင့် ပေါ်မျော မျောနေတဲ့ဆီကနေပြီးတော့ ရှေ့တစ်ဆင့်တက်ရင် ကမ်းကိုမြင်တဲ့ အဆင့်ရောက်အောင် ကြိုးစားရမယ်၊ မသေချာဘူးလား? သေချာပါဘုရား။

ဒီတော့ ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ ကမ်းကိုမြင်သလားဆိုတော့ အမှန်းတမ်းနဲ့ ဘုရားရဲ့ သာသနာကျေးဇူးကြောင့် မြင်ရတယ်။ အခု ဆရာလေး (၅၈) နှစ်မြောက် မွေးနေ့မင်္ဂလာကို အကြောင်းပြုပြီးတော့၊ ဒီလို ကုသိုလ် ကောင်းမှုတွေကို (၉)ကြိမ်တိုင်တိုင် ပြုလာတယ်၊ ဘာရည်ရွယ်ချက်နဲ့ ပြုတာတုန်းဆိုရင် ဆရာလေးသွားမေးရင် နိဗ္ဗာန်ရချင်လို့.လို့ ပရိသတ် မဖြေပေဘူးလား? ဖြေပါဘုရား။ ဒါဖြင့် သူ နိဗ္ဗာန်ကမ်းကို အမှန်းတမ်းနဲ့မြင်နေလို့ ပြောတယ်ဆိုတာ မသေချာဘူးလား? သေချာပါဘုရား။

ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ ဝိပဿနာအလုပ်တွေ လာပြီးတော့ အားထုတ်ကြတယ်။ အခုလို ဘုရား ပန်းတော်. ဆွမ်းတော်. ရေချမ်းတော်တွေ ကပ်ကြတယ်၊ နောက်ဆုံး ကုန်ကုန်ပြောမယ်၊ ခုနက သီလဆောက်တည်ဖို့ရာ သြကာသကန်တော့ချိုးလေး ကန်တော့တဲ့နေရာမှာပင်လျှင် နိဗ္ဗာန်မင်္ဂဖိုလ်ကို လျှင်မြန်စွာ ရရပါလို၏လို့ ပရိသတ် ဆုမတောင်းဘူးလား? တောင်းပါဘုရား။ ဒါဖြင့် ကန်တော့တာ ဘာလို့ ကန်တော့တာတုန်းဆိုတော့၊ နိဗ္ဗာန်ကမ်း မြင်ချင်လို့ ဆိုတာ မသေချာဘူးလား? သေချာပါဘုရား။ တိုက်ရိုက်မမြင်ရသော်လည်း၊ ယနေ့ ဒကာ–ဒကာမတွေ နိဗ္ဗာန်ကမ်းကို မှန်းနေတယ်ဆိုတာ မသေချာဘူးလား? သေချာပါဘုရား။

ဒါဖြင့် ယနေ့ ဒကာ–ဒကာမတွေ သာသနာ့ကျေးဇူးကြောင့် နိဗ္ဗာန်ကမ်းကို အမှန်းတမ်းနဲ့ မြင်နေကြတယ်။ ဒါနမှုပြုပြု. သီလ ဆောက်တည်.ဆောက်တည်. ဘာဝနာအလုပ် လုပ်.လုပ် နိဗ္ဗာန်ရောက်ချင် နိဗ္ဗာန်ရချင်လို့ဆိုတာ ကမ်းကို ရောက်ချင်လို့. ကမ်းကိုရချင်လို့. ကမ်းကိုမြင်ချင်လို့ဆိုတော့ အမှန်းတမ်း အနေနဲ့တော့ ကမ်းက ချမ်းသာတယ်လို့ သဘောပေါက်မနေကြဘူးလား? ပေါက်နေကြပါဘုရား။ အဲဒီ သဘောပေါက်တဲ့အတိုင်း ကမ်းကိုမရောက် ရောက်အောင်. မြင်အောင် ကြည့်မယ်လို့ ကိုယ့်ပတ်ဝန်းကျင်မှာ ဖုံးလွှမ်းနေတဲ့ ငါးဖြာအာရုံ ကာမဂုဏ်ချိုတွေကို. ဝိပဿနာဉာဏ်လက်နဲ့ နေ့စဉ် နေ့စဉ်. တွန်းဖယ် တွန်းဖယ်ပြီးတော့ ကြည့်တတ်မှ၊ ကမ်းကို မြင်လိမ့်မယ်။ မျောတာ ကတော့ အမြဲမျောပြီးနေတာဖြစ်တော့၊ ခုနက ရေထဲမျောနေတဲ့ပုဂ္ဂိုလ်၊

အမြဲမျောနေတာဖြစ်တော့ ချုံတွေကို တွန်းဖယ် တွန်းဖယ်ပြီးတော့ ကြည့်ရာက၊ တက်လို့ဖြစ်တဲ့ ကမ်း, တက်လို့ရမယ့် ကမ်းကို တစ်ချိန်မတွေ့, တစ်ချိန်တော့ မတွေ့ပေဘူးလား? တွေ့ပါဘုရား။ ဒါဖြင့် ကမ်းတွေ့မှု, မတွေ့မှုကိစ္စအတွက်, သူတွန်းဖယ်ပြီးတော့ ကြည့်နေဖို့အရေး ဟိုဘက်လှည့် ချောင်းကြည့်လိုက်, ဒီဘက်လှည့် ချောင်းကြည့်လိုက်, ချုံတွေကို ဖယ်လိုက်, ကြည့်လိုက်ဆိုတဲ့ အလုပ်ကို သူ နေ့စဉ် အားထုတ်နေဖို့အလုပ် သူ့တာဝန်မဟုတ်ဘူးလား? ဟုတ်ပါ ဘုရား။

ဒါဖြင့် ယနေ့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေ ဒါန သီလ ဘာဝနာတွေနှင့်တကွ ဝိပဿနာအလုပ်ဖြင့် ဝိပဿနာ ဉာဏ်လက်ဖြင့်၊ သားသွီးဆိုတဲ့ ပညတ်တင်ထားတဲ့ ချုံနွယ်တွေကို၊ ပရမတ္ထသဘာဝအနေနဲ့ မြင်တဲ့ဉာဏ်၊ ဖြစ်ပျက်သဘောနဲ့ မြင်တဲ့ဉာဏ်၊ အဲဒီ ဝိပဿနာဉာဏ်ဆိုတဲ့ ဉာဏ်လက်နက်နဲ့ တွန်းဖယ်ပြီးတော့ ကြည့်နေဖို့အလုပ်သည် ဒကာ–ဒကာမ အပေါင်း သူတော်ကောင်းတို့ရဲ့ အရေးအကြီးဆုံးအလုပ်ကြီး ဖြစ်ပါသည်။ မြင်သင့်မြင်ထိုက်တဲ့ကမ်းနဲ့ ကြုံခဲ့ရင်၊ ကမ်းကို မြင်လိမ့်မည်။ တွန်းဖယ် တွန်းဖယ်ပြီးတော့ ကြည့်ပါများခဲ့ရင်၊ ကမ်းကို တွေ့လိမ့်မယ်။ ကမ်းကို မြင်လိမ့်မယ်။ အဲဒီလို မြင်နိုင်ဖို့ရာအတွက်၊ ယနေ့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေ၊ နေ့စဉ်မယုတ် အားထုတ်ပြီးတော့ ရှာရမယ်လို့ ဥဒကူပမသုတ်တော်မှာ ဘုရားရှင် ဟောတော်မူပါသည်။ ဒါကြောင့်–

ယနေ့ ဆရာလေးဦးမြင့်စိန်သည် (၅၈) နှစ်မြောက် မွေးနေ့မင်္ဂလာကို အကြောင်းပြုပြီးသကာလ၊ ယနေ့ပြုလုပ်အားထုတ်တဲ့ ဒါန သီလ ဘာဝနာအလုပ် မှန်သမျှသည်၊ ဆရာလေးဦးမြင့်စိန်ကို အခြေခံအကြောင်းပြုပြီးသကာလ၊ ယနေ့ ပတ်ဝန်းကျင် ယောဂီသူတော်စင်အပေါင်းတို့ ပြုလုပ်အားထုတ်တဲ့ ကုသိုလ် ကောင်းမှုမှန်သမျှသည်၊ အဲဒီ ပြဆိုအပ်ခဲ့တဲ့ ပေါ်မျောလေး မျောနေရာက နေပြီးတော့ နိဗ္ဗာန်တည်း ဟူသောကမ်းကို မြင်ဖို့ရာအတွက် ကူးယက်လှုပ်ရှား နေကြတယ်၊ နိဗ္ဗာန်တည်းဟူသောကမ်းကို မြင်ဖို့ရာအတွက် ချုံနွယ် ပိတ်ပေါင်း တွေကို ဖယ်ရှဲပြီးတော့ ကြည့်နေပါတယ်။

အဲဒီလိုကြည့်ရတဲ့ ကုသိုလ်စေတနာ အစုအစုသည်၊ နိဗ္ဗာန်တည်းဟူသောကမ်းကို မြင်ရာမြင်ကြောင်း အားကောင်းသော အထောက်အပံ့ ဖြစ်ပါစေသား.....၊ နိဗ္ဗာန်တည်းဟူသောကမ်းကို မြင်ရုံမျှမက၊ နိဗ္ဗာန်ကမ်းဘက်ကို ကူးသွားနိုင်တဲ့ အဖြစ်မျိုးသို့ ရောက်ရပါစေသား ....၊ နိဗ္ဗာန်တည်းဟူသော ကမ်းဘက်သို့ ကူးသွားရုံမျှမက ထောက်မှီရာရတဲ့အဖြစ်မျိုးကို ရောက်ရပါစေသား....၊ ထောက်မှီရုံမျှမက ကမ်းပေါ်သို့ တက်သွားပြီးသကာလ၊ ဒုက္ခခပ်သိမ်း, ဆင်းရဲခပ်သိမ်း, အန္တရာယ်ခပ်သိမ်း အေးငြိမ်းတဲ့ ဒုက္ခဘေးခပ်သိမ်း, အကုန်အေးငြိမ်းသွားတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီး ဖြစ်ရပါစေသားဟူ၍ ကိုစီကိုယ်၄ ဆုပန်ပြီးသကာလ၊ ပြုနိုင်ကြတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ ဖြစ်ကြပါစေကုန်သတည်း။

ဤဥဒကူပမသုတ်တော်ကို နာကြားရတဲ့အချိန်က စ၍၊ မိမိတို့ ပြုလုပ်အားထုတ်သမျှ ကုသိုလ်ကောင်းမှုလုပ်ငန်းစုသည်၊ ပေါ်မျော မျောအောင် လှုပ်ရှား ကူးယက်နေတဲ့သဘောဟူ၍ သဘောပေါက်ကြပြီးလျှင်၊ အဲဒီ ပေါ်မျော အဆင့်မှနေပြီးသကာလ၊ ကမ်းကိုမြင်တဲ့အဆင့်, ကမ်းကိုကူးတဲ့အဆင့်, ထောက်မှီတဲ့အဆင့်, ကုန်းပေါ်တက်နိုင်တဲ့အဆင့်သို့ရောက်အောင် တစ်ဆင့်ထက် တစ်ဆင့် တိုးတက်အားထုတ်နိုင်တဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ ဖြစ်ကြပါစေကုန်သတည်း၊ ဤဥဒကူပမသုတ်တော်ကို အခြေခံအကြောင်းပြု၍၊ ထိုကဲ့သို့ အားထုတ် နိုင်ကြကုန်သည်ဖြစ်၍၊ ဤကဲ့သို့ အားထုတ်သွားကြတဲ့ ရှေးရှေးသော သူတော်ကောင်း သူမြတ်လောင်းကြီးတို့ ရောက်အပ် ရအပ် သိမြင်အပ်သော နိဗ္ဗာနဓာတ် တရားတော်မြတ်ကြီးကို လျှင်မြန်ဆောစွာ ရောက်ကြ ရ, ရကြရ မြင်ကြရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုကြရာကုန်သတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

# “စူဠကမ္မဝိဘင်္ဂသုတ္တန်”

# အလှူပြင်တရားတော်

ယနေ့ ၁၃၄၁-ခု တပို့တွဲလပြည့်နေ့မှာ၊ မန္တလေးမြို့ မဟာဗောဓိ ဝိပဿနာကမ္မဋ္ဌာန်းတိုက်ကြီးရဲ့ တရားပြဆရာ ဒကာဦးမြင့်စိန်ရဲ့ (၅၆) နှစ်ပြည့်မြောက်တဲ့ မွေးနေ့မင်္ဂလာကို အကြောင်းပြုပြီးတော့၊ ယခု ဒီနေ့ တရားပွဲသဘင်ဆင်ယင်ကျင်းပခြင်းဖြစ်တယ်၊ ဆရာလေး ဦးမြင့်စိန်ရဲ့ (၅၆) နှစ်ပြည့်မြောက် မွေးနေ့မင်္ဂလာကို အကြောင်းပြုပြီး၊ ယနေ့ နံနက်စောစောကာလမှာ ဤမဟာဗောဓိဝိပဿနာ ကမ္မဋ္ဌာန်းတိုက်ကြီး ဓမ္မာရုံအတွင်း၌ သီတင်းသုံး နေတော်မူသော သက်တော်ထင်ရှားမြတ်စွာဘုရားအား ရည်စူးမှန်းထား ကိုးကွယ်အပ်သော ဥဒ္ဒိဿစေတီဆင်းတုတော်မြတ်ကြီးအား ပန်း, ရေချမ်း, ဆွမ်း, ဆီမီး အစရှိသော သစ်သီးစုံ မုန့်စုံ ပူဇော်ဖွယ်စုံတို့ဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်ခြင်း ဗုဒ္ဓပူဇနီယကုသိုလ်မင်္ဂလာ၊ ဒီနေ့ရဲ့ရက်ကြို တပို့တွဲလဆန်း (၁၄) ရက် ညနေ(၄) နာရီအချိန်မှာ၊ မြန်မာနိုင်ငံ အရပ်လေးမျက်နှာ ထိုထိုဒေသမှ လာရောက်၍ တရားဘာဝနာအလုပ် အားထုတ်နေကြကုန်သော ယောဂီသူတော်စင်အပေါင်း တို့အား၊ စတုမဓုဆေးပစ္စည်းတို့ဖြင့် ကျွေးမွေးညှော်ခံ လှူဒါန်းခြင်း, ဘေသဇ္ဇဒါန ကုသိုလ်မင်္ဂလာ။ ယနေ့ သံဃာတော် အရှင်မြတ်တို့အား မွန်မြတ်သော ခဲဖွယ်, ဘောဇဉ် ချိုချဉ်အရသာ အဖြာဖြာတို့ဖြင့် ဆက်ကပ်လှူဒါန်းခြင်း, ဘောဇနဒါန ကုသိုလ်မင်္ဂလာ၊ ယခုအချိန်မှာ ယောဂီသူတော်စင်အပေါင်းတို့အား တရားဝမ့် ဝေငှ ကမ်းလှမ်းသောအနေအားဖြင့် တရားပွဲကြီး ဆင်နွှဲပြီးတော့ တရားဝမ့် ဒါနပြုတဲ့ ကုသိုလ်မင်္ဂလာ၊ ထိုမှတစ်ပါး အထူးအားဖြင့် ဒီမဟာဗောဓိ ပဋိပတ္တိသာသနာ့ဗိမာန်တော်ကြီးအတွင်း ယောဂီသူတော်စင်အပေါင်းတို့ မိမိတို့ရဲ့ ခန္ဓာငါးပါး ရုပ်ဓာတ်, နာမ်ဓာတ်ဆိုတဲ့စစ်မြေပြင်မှာ၊ တစ်သံသရာလုံးက မိမိတို့ကို

---

• စူဠကမ္မ ဝိဘင်္ဂသုတ္တန်-မ ၃/၂၄၃။ ၄-၁၅၅။

အနိုင်လွှမ်းမိုးပြီးသကာလ အပါယ်လေးပါးပို့လိုက်၊ လူ့ဘုံ နတ်ဘုံဆိုတဲ့ဘုံကြီးတွေ ပို့ပြီးတော့ ဒုက္ခသစ္စာသမားကြီးတွေ ဖန်းတီးလိုက်နဲ့၊ အမျိုးမျိုး မိမိတို့ကို အနိုင်ယူနေခဲ့တဲ့ ထောင့်ငါးရာ ကိလေသာတပ်ကြီးကို၊ ဤမဟာဗောဓိဝိပဿနာ ကတုတ်ကျင်းအတွင်းမှာ လာရောက်ပြီးတော့ တိုက်ပွဲဆင်ကြတဲ့ ယောဂီ သူတော်စင်တို့အား၊ တရားအားထုတ်ချိန်ကျပြီ၊ မိမိတို့သန္တာန်မှာ မိမိတို့ကို တစ်သံသရာလုံး ခေါင်းမဖော်နိုင်အောင်. အရှက်ကွဲအောင် အမျိုးမျိုး နှိပ်စက်ခဲ့တဲ့ **"လောဘ. ဒေါသ. မောဟ"** စတဲ့ ကိလေသာ ရန်ညစ်ရန်ဆိုးတွေကို တွန်းလှန်သတ်ဖြတ်ဖို့ တိုက်ခိုက်ဖို့ အချိန်ကျပြီလို့ တပ်လှန့်နှိုးဆော်ရာ. နှိုးဆော်ကြောင်းဖြစ်တဲ့ ကြေးမောင်း၊ (၁၀)ပိဿာ (၃၀)ကျပ်သားရှိတဲ့ ကြေးမောင်း၊

သူတော်ကောင်းတွေ နိဗ္ဗာန်တေးကို ကြွေးကြော်ရာဖြစ်တဲ့. သူတော်ကောင်းတွေ သူတော်ကောင်းအလုပ်ကို လုပ်ဖို့ရာ ကြွေးကြော်ကြောင်း ကြွေးကြော်ရာဖြစ်တဲ့ ကြေးမောင်း၊ အဲဒီကြေးမောင်းကိုလဲ အထူးအားဖြင့် လှူဒါန်းပါတယ်....တဲ့၊ သဒ္ဒါန။ အဲဒီလို မွေးနေ့မင်္ဂလာကို အကြောင်းပြုပြီးတော့ ဗုဒ္ဓပူဇနီယ. ဓမ္မပူဇနီယ. သံဃပူဇနီယ. သဒ္ဒါန. ဘောဇနဒါန. ဘေသဇ္ဇဒါန အစရှိတဲ့ ကုသိုလ် မင်္ဂလာတွေကိုပြုတဲ့ ဒီနေ့ပွဲမှာ ဘုန်းကြီးက ဘာတရား ဟောခဲ့ချင် တုန်းလို့ဆိုတော့ **"ဥပရိပဏ္ဏာသ ပါဠိတော်မှာလာတဲ့ ရူဠှကမ္မဝိဘင်္ဂသုတ်တော်ကို"** ဒီနေ့ဟောဖို့ ရည်စူးလာတယ်။ ဘာပြုလို့တုန်းဆိုတော့ ယခု ဆရာဦးမြင့်စိန်သည် (၅၆) နှစ်ပြည့်မြောက်တဲ့ မွေးနေ့မင်္ဂလာကို အကြောင်း ပြုပြီးတော့ မိမိကိုယ်ကိုလဲ မိမိအလှဆင်ခြင်း၊ အားလုံးသော မိမိနှင့်စပ်ရာ ဆိုင်ရာ နွယ်ရာ ပုဂ္ဂိုလ်အပေါင်း သူတော်ကောင်းတို့ကိုလဲ အလှဆင်ခြင်းအားဖြင့် **"ယနေ့ ကမ္ဘာလောကကို အလှပြင်တဲ့နေ့ အလှဆင်တဲ့နေ့"**၊

ယနေ့ ဟိုနေရာ ဒီနေရာမှာ ကမ္ဘာလောကထဲမှာ သတ္တဝါတွေ ဝေါ်ကုန်အောင်. သတ္တဝါတွေ ဆင်းရဲကုန်အောင်. သတ္တဝါတွေ ဒုက္ခရောက် ကုန်အောင်. ကမ္ဘာလောကကို အရုပ်ဆိုးအောင်ပြုနေကြတဲ့ သူတွေ. ကမ္ဘာ လောကကြီးကို အိုးမဲသုတ်နေကြတဲ့သူတွေ. ကမ္ဘာလောကကြီးကို ကမ္ဘာ လောကကြီးရဲ့ မျက်နှာပြင်ကို အရုပ်ဆိုးအောင် အိုးမဲသုတ်နေကြတဲ့သူတွေ.

ဖြစ်မှားနေကြတဲ့သူတွေ ထုထည်ကြားထဲက နေပြီးတော့၊ ယနေ့ ကမ္ဘာလောကကြီးကို အလှဆင်တဲ့နေ့၊ မိမိကိုယ်ကိုလဲ မိမိအလှဆင်တဲ့နေ့၊ တရားပွဲကြီးကို ဆင်နွှဲပေးခြင်းအားဖြင့် ယနေ့ ယောဂီသူတော်စင်အပေါင်းတို့ မိမိတို့ သန္တာန်၌ ယနေ့ တရားအားထုတ်ဖို့လာကြရင်း တွန့်နေတဲ့ စိတ်တွေ, ဆုတ်နေတဲ့ စိတ်တွေ, နစ်နေတဲ့ စိတ်တွေကို အားတက်လာအောင် နှိုးဆွပေးတဲ့အနေနဲ့၊ အားတက်လာအောင် ကူညီပေးတဲ့အနေနဲ့၊ အားတက်လာအောင် ရှင်သန်လာအောင် ရေလောင်းပေးတဲ့အနေနဲ့။ ယနေ့ ယောဂီသူတော်စင်တို့ကလဲ ကမ္ဘာလောကကို အလှ ဆင်တဲ့နေ့လို့ ဆိုနိုင်တယ်။ ဒီတော့ စူဠကမ္မဝိဘင်္ဂ သုတ်တော်ကြီးက အလှဆင်တဲ့ အလှပြုပြင်တဲ့နည်းတွေ ဟောထားတဲ့ သုတ်ဖြစ်လို့ စူဠကမ္မဝိဘင်္ဂသုတ်တော်ကို ဟောမယ်လို့ ဒီနေ့ ရည်စူးလာတယ်။

**စာရုကာမာပိ ရူပါနိ, ဒိဿန္တိ ဓာတုဒပ္ပဏေ၊**
**သကဝဏ္ဏံဝ မစ္စာနံ, တထာတေ ဘဝသာဂရေ။**

မစ္စာနံ–လူ့တို့ဘုံတွင် ဓာတ်ပုံရိုက်သို့ ထိုထိုသောင်းပြောင်း လူအပေါင်းတို့အား။ စာရုကာမာပိ–ဖြစ်ရာဘဝ လှပတင့်တယ် ရှုချင်ဖွယ်ဟန် ပုံသဏ္ဌာန်ကို ဖန်ဖန်တောင့်တ အလိုရှိကြပါကုန်သော်လည်း။ သကဝဏ္ဏံဝ–အနေအထိုင် ခွေယိုင်စောင်းစောင်း ကောင်း,မကောင်းနှင့် သောင်းပြောင်းရောရာ ပင်ကိုယ်ရုပ်အဆင်းတိုင်းသာလျှင်။ တေ (တာနိ ရူပါနိ)–ထိုပုံပန်းနိမိတ် ရုပ်အရိပ်တို့သည်။ ဓာတုဒပ္ပဏေ–ပညာရှင်များ တည်ထွင်ထားသည့် ဓာတ်သားကြည်လင် ဓာတ်မှန်ပြင်၌။ ဒိဿန္တိ–လှ,မလှ ချော,မချော သဘောအတိုင်း မဆိုင်းမသွေ ထင်စွဲ၍ နေကြလေကုန်၏။ ဝံတထာ–ဓာတ်ပုံကားနှင့် မခြားတမူ အလားတူသာလျှင်။ မစ္စာနံ–သုံးဆယ့်တစ်ဘုံကြော စုံမျောသွားလာ သတ္တဝါများတို့အား။ စာရုကာမာပိ–ဖြစ်ရာဘဝ လှပတင့်တယ် ရှုချင်ဖွယ်ကို စိတ်ဝယ်ကြိုဆ အလိုရှိကြပါကုန်သော်လည်း။ သကဝဏ္ဏံဝ–စိတ်စေတနာ သဒ္ဓါဓာတ်ရင်း ပင်ကိုယ်ရုပ်အဆင်းတိုင်းသာလျှင်။ တေ (တာနိရူပါနိ)–ထိုသောင်းပြောင်းရောရာ ရုပ်ခန္ဓာတို့သည်။ ဘဝသာဂရေ–သံသရာပြင်ကျယ် ပင်လယ်အလား ဓာတ်သား

ကြည့်လင် ဓာတ်မှန်ပြင်၌၊ ဒိသဋ္ဌိ–တန်ခိုးကြီးမား သိကြားပြဟ္မာ ဆေးစုံစွာဖြင့် ပြင်ပါသော်လည်း ရနိုင်ခဲမို့ အမြဲမသွေ ထင်စွဲ၍ နေကြလေကုန်သတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

လောကမှာ ဓာတ်ပုံရိုက်တယ်ဆိုတဲ့ ကိစ္စလုပ်ငန်းတစ်ရပ်ရှိတယ်၊ အဲဒီဓာတ်ပုံရိုက်တယ်ဆိုတဲ့ ကိစ္စလုပ်ငန်းမှာ ဓာတ်ပုံအရိုက်ခံတဲ့ပုဂ္ဂိုလ်တိုင်းတို့မှာ တူညီတဲ့ဆန္ဒတစ်ခုရှိသည်၊ ဘာတုန်းဆိုတော့ ဓာတ်ပုံထဲမှာ မိမိရဲ့ရုပ်ပုံကလေး အဆင်ပြေစေချင်တယ်, အချိုးကျစေချင်တယ်, လှပစေချင်တယ်။ ဒါ ဓာတ်ပုံအရိုက်ခံတဲ့သူတိုင်းရဲ့ တောင်းတချက်, အများစုတူညီတဲ့ ဆန္ဒ၊ အဲဒီလို ဓာတ်ပုံထဲမှာ မိမိရဲ့ ရုပ်ပုံကလေး အဆင်ပြေစေချင်တယ်, ချောမောစေချင်တယ်, ဟန်ဟန်ပန်ပန်ရှိစေချင်တယ်။ အဲဒီလို လှစေချင်, အချိုးကျစေချင်, အဆင်ပြေစေချင်ပေမယ့် လို့....တဲ့၊ ပြေရဲ့လား, လှရဲ့လား, ချောရဲ့လားဆိုတော့။......

မစ္စာန်–လူ့တို့ဘုံတွင် ဓာတ်ပုံရိုက်သို့ ထိုထိုသောင်းပြောင်း လူအပေါင်း တို့အား။ စာရကာမာပိ–လှပတင့်တယ် ရှုချင်ဖွယ်ကို စိတ်ဝယ်ကြံဆ အလိုရှိကြပါကုန်သော်လည်း။ သကာဝဏ္ဏံဝ–အနေအထိုင် ခွေယိုင် စောင်းစောင်း ကောင်း,မကောင်းနှင့် သောင်းပြောင်းရောရာ ပင်ကိုယ် ရုပ်အဆင်းတိုင်းသာလျှင်။–

ကိုယ်ကဘယ်လောက်ပဲ ဓာတ်ပုံထဲမှာ လှစေချင်ပေမယ့်လို့, အဆင်ပြေ စေချင်ပေမယ့်လို့, အချိုးကျစေချင်ပေမယ့်လို့....တဲ့၊ ဓာတ်ပုံ အရိုက်ခံစဉ်တုန်းက မိမိက အနေမတတ်ခဲ့ရင်၊ အဲဒီ အနေမတတ်တဲ့အတိုင်း ဓာတ်ပုံထဲမှာ ပေါ်တတ်တယ်။ ဓာတ်ပုံအရိုက်ခံစဉ်က မိမိက စောင်းစောင်းနေမိရင် ဓာတ်ပုံထဲမှာ စောင်းစောင်းပေါ်လိမ့်မယ်၊ ဓာတ်ပုံအရိုက်ခံစဉ်က မိမိက ကွေးကွေးနေမိရင် ဓာတ်ပုံထဲမှာ ကွေးကွေးကလေး ပေါ်လိမ့်မယ်၊ ဓာတ်ပုံအရိုက်ခံစဉ်တုန်းက မိမိက မဲ့မဲ့နေမိရင် ဓာတ်ပုံထဲမှာ မဲ့မဲ့ကြီး ပေါ်လိမ့်မယ်။ ဒါ ပြင်မရတဲ့ ပြုမရတဲ့ လောက သဘာဝထုံးစံကြီး။

သကဝဏ္ဏံ–အနေအထိုင် ခွေယိုင်စောင်းစောင်း ကောင်း, မကောင်းနှင့် သောင်းပြောင်းရောရာ ပင်ကိုယ်ရုပ်အဆင်းအတိုင်းသာလျှင်။ တေ (တာနိရူပါနိ)– ထိုပုံပန်းနိမိတ် ရုပ်အရိပ်တို့သည်။ ဓာတုဒပ္ပဏေ–ပညာရှင်များ စီးစဉ်ထားသည့် ဓာတ်သားကြည်လင် ဓာတ်မှန်ပြင်၌။ ဒိဿန္တိ–လှ,မလှ ချော,မချော သဘောအတိုင်း မဆိုင်းမသွေ ထင်စွဲ၍ နေကြလေကုန်၏။

အဲဒီလိုပဲ....တဲ့၊ အဲဒီလိုပဲ။ ယနေ့ အားလုံးသော သပ္ပုရိသန္ဓယ်ဝင် သူတော်စင်အပေါင်းတို့ရဲ့ နေထိုင်ရာ (၃၁)ဘုံလို့ဆိုတဲ့ ဓာတ်ပုံကားကြီးအတွင်းမှာ၊ (၃၁)ဘုံတည်းဟူသော ဓာတ်ပုံကားကြီးအတွင်းမှာတဲ့ အားလုံးသော မြင်နေကြတဲ့ ပုပ္ပုရွှ သတ္တဝါတွေ လှချင်ကြတယ်, ချောချင်ကြတယ်၊ ဘာတွေလှချင်ကြတုန်း အသက်ကလေးများလဲ လှချင်ကြတယ်၊ အသက်ရှည်ချင်ကြတယ်လို့ဆိုတာ အသက်လှချင်တာ၊ ကျန်းမာရေးတွေလဲ လှချင်ကြတယ်၊ ကျန်းမာရေးတွေ ကောင်းပြီးတော့ အသက်ရှည်တော့လဲ ကျန်းကျန်းမာမာ အသက်ရှည်တဲ့ ကျန်းမာ အသက်ရှည် ဖြစ်ချင်ကြတယ်။ ဒါ အသက်ကျန်းမာရေး လှချင်တာ။ ဥပဓိရုပ်တွေလဲ လှချင်ကြတယ်၊ ဥပဓိရုပ်အဆင်း တောင့်တောင့် တင်းတင်း, ဖြူဖြူဝင်းဝင်း, စင်စင်ကြယ်ကြယ် လှချင်ကြတယ်။ အခြံအရံ အကျော်စော တွေလဲ လှချင်ကြတယ်၊ အခြံအရံတွေ သားအခြံ အရံ, သမီးအခြံအရံ, မြေးမြစ်, တူ,တူမအခြံအရံတွေနဲ့ ဆွေဟာ မျိုးဟာ အခြံအရံတွေနဲ့ ပေါလို့ ဩဇာတိက္ကမ အာဏာတွေရှိလို့၊ ယသခေါ်တဲ့ ဩဇာရှိခြင်း, အခြံအရံပေါခြင်းဆိုတဲ့၊ ဒီအခြံအရံပေါ, ဩဇာရှိခြင်းဆိုတဲ့ အလှနဲ့လဲ လှချင်ကြတယ်၊ စည်းစိမ်ဥစ္စာတွေ ပေါများပြီးသကာလ လှချင်ကြတယ်။ သုံးမကုန် စွဲမခမ်း စည်းစိမ် ဥစ္စာတွေနဲ့ ပြည့်စုံချင်တယ်လို့ဆိုတာ စည်းစိမ်ဥစ္စာလှချင်ကြတာပေါ့။

အမျိုးအားဖြင့်လဲ လှချင်ကြတယ်၊ အမျိုးကြီး အဆွေကြီးထဲမှာ ဖြစ်ချင် ကြတယ်၊ သူဌေးမျိုး ကုန်သည်မျိုး မင်းမျိုး စိုးမျိုးထဲမှာလာပြီး ဖြစ်ချင်ကြတယ်တဲ့၊ အမျိုးကလေးကလဲ လှချင်ကြတယ်၊ အသိအလိမ္မာ ဉာဏ်ပညာဓာတ်တွေကလဲ လှချင်ကြတယ်၊ ဉာဏ်ကောင်းချင်ကြတယ်, ဉာဏ်ထက်ချင်ကြတယ်, ဉာဏ်ကြီးချင်ကြတယ်။ စူဠကမ္မ ဝိဘင်္ဂ သုတ်တော်မှာလာတဲ့ (၇) မျိုး၊ အဲဒီ

(၇)မျိုးနဲ့ လှူချင်ကြတယ်။ အဲဒီလို လှူချင်ပေမယ်လို့ လှူချင်ကြတိုင်း လှူကြရဲ့လား လို့ဆိုတော့၊ ခုနက ဓာတ်ပုံရိုက်ခံတဲ့သူတွေဟာ ဘယ်သူမဆို ဓာတ်ပုံထဲမှာ ကိုယ့်ရုပ်သွင်လေး လှချင်ကြပေမယ့်လို့ အဆင်ပြေစေချင်ကြပေမယ့်လို့ အချိုးကျ စေချင်ကြပေမယ့်လို့၊ ဓာတ်ပုံအရိုက်ခံစဉ်တုန်းက ကွေးကွေးနေရင် ကွေးကွေး ပေါ်ရသလို, စောင်းစောင်းနေရင် စောင်းစောင်းပေါ်ရသလို, တည့်တည့်နေမှ တည့်တည့်ပေါ်သလို။

တထာပိ-ဓာတ်ပုံကားနှင့် မခြားတမူ အလားတူသာလျှင်။ ဘဝ သာဂရေ-သံသရာပြင်ကျယ် ပင်လယ်အလား ဓာတ်သားကြည်လင် ဓာတ်မှန် ပြင်၌။ မစ္စာနံ-သုံးဆယ့်တစ်ဘုံကြော စုံမျှောသွားလာများ သတ္တဝါတို့မှာ။ စာရကာမာပိ-ဖြစ်ရာဘဝ, လှပတင့်တယ်ရှုချင်ဖွယ်ကို စိတ်ဝယ်ကြံဆ အလိုရှိကြပါကုန်သော်လည်း။ သကဝဏ္ဏံဝ-စိတ်စေတနာ သဒ္ဓါဓာတ်ရင်း ပင်ကိုယ်ရုပ်အဆင်းတိုင်းသာလျှင်။

ကိုယ့်အသက်ရှည်ပြီး လှူချင်ပေမယ့်လို့ ရှည်ရဲ့လား၊ ရှည်ချင်တိုင်း ရှည်ရဲ့လားလို့ဆိုတော့၊ ကိုယ်က အနေမကောင်းရင်တော့ မရှည်ဘူးလေ၊ ကိုယ်က အနေမကောင်းလို့ရှိရင် စေတနာသဒ္ဓါတရားက အနေစောင်းခဲ့ရင်ဖြင့် အကြောင်းစောင်းခဲ့ရင်ဖြင့် အကျိုးဆိုတဲ့ အသက်ရှည်မှု အသက်တိုမှုဆိုတဲ့အကျိုး စောင်းလိမ့်မယ်....တဲ့၊ စောင်းလိမ့်မယ်။ အဲဒါကို သုဘလုလင်က ဒီ (၇) ချက် လောကအလှ တန်ဆာဆင်ရာ ဆင်ကြောင်းဖြစ်တဲ့ ဒီ (၇)ချက်ကိုမေးလို့ ဘုရားရှင်က ဖြေတော်မူ ခဲ့တဲ့ ပြဿနာ(၇)ချက်၊

ဘုရားရှင်ကိုယ်တော်မြတ် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းမှာ သီတင်းသုံး ပြီးတော့ နေတော်မူတဲ့အခိုက်၊ သာဝတ္ထိမြို့ရဲ့အနီး ဆင်ခြေဖုံး တုဒိဆိုတဲ့ ရွာကြီးတစ်ရွာရှိတယ်၊ အိမ်ခြေတော်တော် များများ၊ အဲဒီတုဒိဆိုတဲ့ ရွာကြီးမှာ တောဒေယျဆိုတဲ့ ပုဏ္ဏားကြီးတစ်ဦးကလဲ ရှိတယ်။ သူဌေးပုဏ္ဏားကြီး (၈၇) ကုဋေ ကြွယ်ဝပါတယ်၊ ပစ္စည်းဥစ္စာပေါလိုက်တာ၊ ပစ္စည်းတွေသာ ပေါနေတယ် သူက လှူဒါန်းပေးကမ်း စွန့်ကြဲမှုဝါသနာ မပါဘူး၊ စုဖို့သာ ဝါသနာပါတယ်၊ သူ့သားကို ဆုံးမတယ်။

## • အဠနာနံ ခယံဒိဿာ၊ ဝမ္မိကာနဠ သဠယံ။

**"ငါ့သားတဲ့ မလှူနဲ့ မတန်းနဲ့ မပေးနဲ့ မကမ်းနဲ့ကွ"** တဲ့၊ လှူဒါန်းတယ် ပေးကမ်းတယ်ဆိုတာ ကုန်တာအဖတ်တင်တာပဲတဲ့၊ ကြည့်လေတဲ့၊ အဠနာနံခယံဒိဿာ-ဒို့ မျက်စဉ်းကြည်တောက်ထဲက မျက်စဉ်းလေး တစ်နေ့မှာ တစ်ပေါက်ခပ်တာ ကုန်တာပဲတဲ့, တစ်ပေါက် တစ်ပေါက် ခပ်တာကြာတော့ ကုန်တာပဲတဲ့၊ အဲဒီလိုပဲကွတဲ့၊ ပစ္စည်း ဥစ္စာတွေဆိုတာ ပေးတယ်ကမ်းတယ်ဆိုတာ၊ ဘုန်းကြီး ဆွမ်းတဖွန်းလောင်းတာလဲ ကုန်တာပဲကွတဲ့၊ မပေးရဘူးတဲ့ ပစ္စည်း ကုန်သွားတာပဲ၊ ကုန်တာအဖတ်တင်တာ ဘာအကျိုးမှ မထွက်ဘူးတဲ့။ အယူက မိစ္ဆာအယူဖြစ်နေတော့ သမ္မာအယူနဲ့ကြည့်မယ်ဆိုရင် လှူတယ်တန်းတယ်, ပေးကမ်းတယ်ဆိုတာ မျိုးကြဲလိုက်တဲ့သဘော၊ သူက ဒါကိုသဘော မပေါက်ဘူး။ ကိုယ့်ရှိတဲ့ပစ္စည်း သူက လောလောဆယ်ကုန်သွားတာကိုသာ လာမြင်နေတယ်။ ကုန်တယ်ဆိုတာက အိမ်မှာရှိတဲ့ အမှိုက်တွေ သွန်လိုက်တယ်, စက္ကူစုပ်တွေ ပြစ်လိုက်တယ်, ရှိနေတဲ့အမှိုက်တို အမှိုက်စ ပြစ်လိုက်တယ်ဆိုတဲ့ အစွန့်မျိုး ကုန်တာကဟုတ်တယ်၊ ပြန်မလာတဲ့အကုန်၊ ပြန်မရတဲ့အကုန်၊

စွန့်ကြဲပေးကမ်း လှူဒါန်းလိုက်လို့ ဒါနပြုလို့ ကုန်တယ်ဆိုတာက အစားပြန်ဝင်လာမယ့် အကုန်၊ မျိုးကြဲ လိုက်တာနဲ့တူတဲ့အကုန်၊ သစ်ပင်မျိုးစေ့ စိုက်လိုက်တာနဲ့တူတဲ့ အကုန်၊ ဒီနှစ်ကုန်ကိုမကွဲတော့ ပုဏ္ဏားကြီးက နားမလည်တော့ အဲဒါ လှူရင် ကုန်တာပဲ ပြန်မဝင်ဘူးလို့ ထင်နေတာ၊ အမှန်က လှူတယ်တန်းတယ် ပေးတယ် ကမ်းတယ်ဆိုတာ မျိုးကြဲတာနဲ့ တူတယ်၊ ကိုယ့်အိမ်ရှိနေတဲ့ စပါးမျိုး တစ်တင်းကြဲလိုက်တယ်၊ ဟုတ်တယ် ကုန်သွားတာပဲ၊ အိမ်မှာ စပါးမျိုးတစ်တင်း ကုန်သွားရော၊ သို့သော် ဒီ ကြဲလိုက်တဲ့မျိုးကနေပြီးတော့ စပါးတစေ့တစေ့က စပါးတပင် ပေါက်မယ်, အဲဒီတပင်က စပါးစေ့ဆယ်ခဲ့ ပြန်သီးမယ်၊ (သို့မဟုတ်) အစေ့တစ်ရာ ပြန်ပြီးတော့ သီးမယ်၊ အဲဒီလို သီးပြီးတော့ ပြန်ရမည့် အကျိုးတွေကို မမြင်တတ်ကြဘူး၊ ဒီတော့ ပုဏ္ဏားကြီးက အကုန်နှစ်ကုန်

---

• မ/၄-၄/၁၇၅။ ဒီ/၄-၁/၃၁၇။ ဓမ္မ-၄-၁/၂၉၇။

မကဲ့ဘူး၊ အိမ်မှာ ရှိနေတဲ့ အမှိုက်တို့, သရိုက်တို့ စွန့်လိုက်လို့ကုန်တဲ့ အကုန်မျိုး သူကမြင်နေတယ်၊ စွန့်ကြဲပေးကမ်း လှူဒါန်းတဲ့ ကုန်တဲ့အကုန်ကို၊ ဒါကြောင့် သူ့သား.သူက ဆုံးမတယ်။ **"အဋ္ဌနာန် ခယံ ဒိသွာ-မျက်စဉ်းလေးတွေကွာ တစ်နေ့ တတို့ တတို့နဲ့ ခတ်တာနဲ့ ကုန်တာပဲကွတဲ့"**၊ အဲဒီလိုပဲကွ ပစ္စည်းဆိုတာ ပေးလိုက် ကုန်တာပေါ့တဲ့၊ ဘာလို့ပေးနေရမှာတုန်းတဲ့။

အေး စုတာကြတော့ **"ဝမ္မိကာနဥ္စ သဉ္စယံ"** ခြတွေကြည့်ကွတဲ့၊ ခြတွေ ခြလေးတစ်ကောင်မှ မြေလုံးကလေး တစ်လုံးတစ်လုံးသယ်တာ မောင်ရာ. နည်းနည်းကလေးခြင်းစုတာ၊ အဲဒါ တောင်ပို့ကြီး အကြီးကြီးဖြစ်တယ်တဲ့၊ ငါ့သားရဲ့ ဒီတော့ စုကွတဲ့၊ နည်းများမဟူ ငါးပြားဆယ်ပြားကအစ အကုန်စုထားတဲ့ မပေးနဲ့တဲ့၊ ဘယ်မှမထုတ်နဲ့၊ အဲဒီလိုနဲ့ သူ့သားကို ဆုံးမလေ့ရှိတဲ့ တောဒေယျ ခေါ်တဲ့ (၈၇) ကုဋေ ကြွယ်ဝတဲ့ ပုဏ္ဏား၊ အဲ့ဒီပုဏ္ဏားရဲ့သား သုဘက၊ အဲဒီ ပုဏ္ဏားကြီးက အခု ကွယ်လွန်သွားပြီ လွန်ခဲ့တဲ့တစ်နှစ်ကျော် နှစ်နှစ်လောက်က၊ အဲဒါ သုဘလုလင်ကလေးက ဘုရားထံရောက်လာတယ်၊ အဲဒီ ပုဏ္ဏားကြီးရဲ့သား၊ တစ်နေ့တော့ ရောက်လာတယ် ဘုရားထံ။ ဘုရားထံ ရောက်လာတယ်ဆိုလို့ အကောင်းရောက်လာတယ်မထင်နဲ့၊ ရှိခိုးမလို့ ပူဇော်မလို့ ကိုးကွယ်မလို့ လာတာ မဟုတ်ဘူး ဘုရားရန်တွေ့မလို့လာတာ၊ ဘုရားဆဲမလို့ လာတာ၊ ဘာဖြစ်လို့ ဆဲမလို့ လာရတုန်းဆိုတော့၊ ဘုရားကလဲ မနက်က ဆွမ်းခံချိန်သွားပြီးတော့ ရန်စခဲ့တယ်၊ သူတို့ အိမ်ပေါက်သွားပြီး ဘုရားက ရန်လုပ်ခဲ့တယ် ရန်စခဲ့တယ်၊ ဘယ့်နှယ့် ရန်စခဲ့တုန်းဆိုတော့၊

မြတ်စွာဘုရားက အဲဒီနေ့ ကျွတ်ထိုက်တဲ့ သတ္တဝါတွေ သဗ္ဗညုတ ဉာဏ်ကွန်ယက် ဖြန့်ကျက်ရှာလိုက်တဲ့အခါ သုဘ လုလင်မြင်လို့ အဲဒီနေ့မနက် သုဘလုလင်တို့အိမ်ပေါက် ဆွမ်းခံရောက်တော်မူတယ်၊ ဘယ်တုန်းကမှ ဆွမ်းမလောင်းတဲ့ သူတွေရဲ့ အိမ်ပေါက် ဘုရားသွား ဆွမ်းရပ်တယ်၊ မဟာဂရုဏာတော်ရှင်ဆိုတော့ သနားတယ်တဲ့၊ သတ္တဝါတွေ ကျွတ်ထိုက်တဲ့ သတ္တဝါတွေ သနားတော်မူတဲ့ ဘုရားရှင် ဖြစ်တော်မူသည့်အလျောက်၊ အိမ်ပေါက်မှာ ဆွမ်းရပ်ပြီးတော့ နေတယ်။ အဲဒီအခိုက်မှာ သုဘလုလင်က

အိမ်မှာမရှိဘူး၊ သာဝတ္ထိမြို့ထဲ အကြောင်းကိစ္စတစ်ခုနဲ့ ခဏထွက်သွားတဲ့အချိန် ဖြစ်နေတယ်၊

အဲဒီ သုဘာလုလင်မှာ ခွေးတစ်ကောင် အင်မတန်ချစ်တယ်၊ အမြတ်တနိုး သူကမွေးထားတဲ့ ခွေးတစ်ကောင်ရှိတယ်၊ အဲဒီခွေးကို သူစားတဲ့ ရွှေခွက်နဲ့ပဲ ထည့်ပြီးတော့ကျွေးတယ် ထမင်းကျွေးပြီဆိုရင်၊ သူအိပ်တဲ့ အိပ်ရာပေါ်မှာ ဖက်ပြီးတော့အိပ်တယ်၊၊ ဒီခွေးကို သူက အင်မတန်ချစ်တယ်၊ ဘုရားက အိမ်ပေါက် ဆွမ်းလာရပ်တဲ့အခါမှာ အဲဒီခွေးက ထွက်ဟောင်တယ်၊ သုဘာလုလင် တခြား သွားနေတဲ့အခိုက် အိမ်မှာ အလုပ်သမားတွေ အစေအပါးတွေလောက်ပဲရှိတယ်၊ ခွေးက ထွက်ပြီးတော့ ဟောင်တော့ မြတ်စွာဘုရားက "တောဒေယျ" မင်း အသက်ထင်ထင်ရှင်စဉ်တုန်း လူ့ဘဝတုန်းကလဲ ငါ့ကို ဘောဘောနဲ့ တဘောဘောနဲ့ လွှမ်းမိုးပြီးတော့ ငါ့ကို ဆိုဆဲကြိမ်းမောင်းနေတဲ့အပြင်၊ အခု ခွေးဖြစ်ပြီးတော့နေပြန်တော့လဲ ငါ့ကို ထွက်ဟောင်ပြန်ပလားလို့ ဘုရားရှင်က ဒီလိုပြောလိုက်တယ်၊ မြတ်စွာဘုရားက မြင်နေတယ်၊ တောဒေယျပုဏ္ဏားကြီး ပစ္စည်းတွေ စွဲသေသွားပြီး ဒီအိမ် ခွေးဝင်စားပြန်ဖြစ်နေတာ ဘုရားကမြင်တယ်၊ သုဘာလုလင်ကလဲ သူ့အဖေက ပြန်ဖြစ်တဲ့ခွေးမို့လို့ သံယောဇဉ်တွယ်နေတာ လူကမသိပေမဲ့လို့ ဓာတ်က သိတယ်၊ လူကမပြောပေမယ့်လို့ ဓာတ်ကပြောတယ်၊ ဒါကြောင့် ဒီခွေးကလေး သိပ်ချစ်တယ်၊

အခု အဲဒီခွေးလေးက ထွက်ပြီးတော့ ဟောင်တယ်၊ ဘုရားကို ထွက်ဟောင်တော့ ဘုရားက တောဒေယျတဲ့ ပုဏ္ဏားကြီးနာမည်နဲ့ ခေါ်လိုက်တာ ခွေးကို၊ တောဒေယျ မင်း ပုဏ္ဏားဘဝ အသက်ထင်ထင် လူဖြစ်စဉ်တုန်းကလဲ ငါ့ကို ဘောဂေါတမ, ဘော ဂေါတမနဲ့ ငါ့ကို တဘောဘောနဲ့ လွှမ်းမိုးနှိပ်စက် ဆဲဆိုသွားတဲ့အပြင်၊ ယခု ခွေးဖြစ်လာပြန်တော့လဲ ငါ့ကို ဟောင်နေပြန်ပလား၊ သင် အဝီစိသွားလိမ့်မယ်လို့ ဒီစကား ပြောလိုက်တယ်ဆိုရင်ပဲ ခွေးက နားလည်သွားတဲ့ပြီးတော့၊ အမြီးလေးကုတ် နားရွက်တွေ ကုတ်ပြီးတော့ မျက်နှာကြီးများ ညိုးပြီးတော့ ပြန်ဝင်သွားတယ်၊ ပြန်ဝင်သွားပြီးတော့ သူအိပ်နေကြ ကျက်သရေ ရှိတဲ့အခင်းပေါ် မတက်တော့ဘူး၊၊ ပြာပုံထဲ သွားပြီးတော့ ဝပ်တယ်၊

ဒါ ခွေးတို့ရဲ့သဘာဝ၊ ပြာပုံထဲသွားပြီး ဝပ်နေတော့ အိမ်က အစေပါး လူတွေက ဟဲ့ ရဟန်းဂေါတမကလဲ ဒို့အိမ်ကခွေးကို တောဒေယျဆိုပြီး ခေါ်သွားတယ်၊ ခွေးကလဲပဲ အိမ်ထဲ ပြာပုံ ဝင်ဝပ်တယ်ဆိုပြီးတော့ ခွေးကိုပွေ့ပြီးတော့ ခါခက်ပြီးတော့ ကျက်သရေရှိတဲ့ ခင်းကျင်းထားတဲ့ အိပ်ယာပေါ်ပို့တယ်။

မြတ်စွာဘုရားက အဲဒီအချိန် ပြန်ကြွသွားပြီး၊ ဒါ မြတ်စွာဘုရား ရန်စသွားတာပဲ၊ ဆွမ်းလဲမရပါဘူး၊ အဲဒီလိုနဲ့ ခွေးကလေး ပြာပုံထဲဝင် ဝပ်လိုက်, သူတို့က ပွေ့ပြီးတော့ အပေါ်တင်လိုက်၊ မနေဘူး ပြာပုံထဲ ပြန်ဆင်းလိုက် မှိုင်နေလိုက်ဖြစ်နေတယ်၊ အဲဒီအချိန် သုဘလုလင်က သာဝတ္ထိမြို့ထဲက ကိစ္စနဲ့ သွားရင်းက ပြန်ရောက်လာ၊ ဟဲ့ ငါ့ခွေး ဘာဖြစ်တာတုန်း၊ သခင် မပြောတတ်ဘူး၊ ဒီလိုဒီလိုပဲ မနက်က ရဟန်းဂေါတမ အိမ်ပေါက်လာပြီး ဆွမ်းရပ်တယ်၊ ဘယ်တုန်း ကမှ မလာဖူးဘဲနဲ့ အဲဒါ ကျုပ်တို့လဲ ဆွမ်းတဇွန်းမှ ထွက်မလောင်းပါဘူး၊ ဇာတ်ပျက်မှာစိုးလို့၊ အဲဒါ ခွေးလေးက ထွက်ဟောင်တော့ ခွေးလေးကို တောဒေယျဆိုပြီး အရှင့်အဖေနာမည်နဲ့ ခေါ်ပြီးတော့ ဒီစကား, ဒီစကား ပြောသွားတယ်။ အဲဒီကတည်းက ခွေးလဲပဲ အပေါ်မှာကို ကော်ဇောပေါ် တင်သိပ်တာ အိပ်နေကျနေရာမအိပ်ပဲ ပြာပုံထဲချည်း လာခွေနေတယ်။

ဟယ်– ရဟန်းဂေါတမ သက်သက် ဒါ ငါ့ကို လာစော်ကားတာပဲ၊ ငါ့အဖေသေလို့ ဗြဟ္မာ့ပြည်ရောက်ပြီးတော့ ဗြဟ္မာကြီးဖြစ်နေပြီ၊ ဒို့ပုဏ္ဏားမျိုး ဆိုတာ သေပြီးရင် ကောင်းကင်က ထာဝရဗြဟ္မာကြီးတွေထံ ပြန်ပြီးတော့ သွားရတဲ့ ထုံးစံရှိတယ်။ ရဟန်းဂေါတမ ဒါကိုသိပါလျက်နဲ့ ငါ့အဖေကို သက်သက်အရှက်တကွဲ အကျိုးနဲ့ဖြစ်အောင် လာပြီးတော့စော်ကားတာပဲ၊ ငါမခံဘူး၊ ငါကျောင်းလိုက်ပြီးတော့ မုသာဝါဒနဲ့ လိမ်ညာပြောဆိုမှုနဲ့ ရဟန်း ဂေါတမကို စွပ်စွဲမယ်လို့ဆိုပြီးတော့ ကျောင်း ဒေါ်နဲ့မောနဲ့ လိုက်လာတာ၊ လိုက်လာတော့ ဘုရားထံမောက် ရောက်တယ်ဆိုရင်ပဲ၊ မြတ်စွာဘုရားက မြင်ပြီး သားပဲ၊ မနက်ကတည်းက ဒီအကြောင်း ဒီအတ္တုပ္ပါတ် ဒီလိုဖြစ်လိမ့်မယ်လို့ဆိုတာ မြင်ပြီးသား၊

သုဘာလုလင် ရှုံးရှုံးရှဲရှဲနဲ့ ရောက်လာတယ်ဆိုရင်ပဲ သုဘာလုလင်က အရှင်ဂေါတမ မနက်က ကျွန်ုပ်တို့အိမ်ပေါက် ဆွမ်းခံရောက်လာတယ်ဆိုတာ ဟုတ်ပါသလား? အေးဟုတ်တယ် လာသားပဲ။ အဲဒီတော့ အရှင်ဘုရား ဆွမ်း ဘယ်သူကများ ထွက်လောင်းတုန်း၊ မလောင်းပါဘူး ဘယ်သူကမှ၊ အဲဒီတော့ အိမ်ကခွေးက ထွက်ပြီးတော့ဟောင်တော့ အရှင်ဘုရားက ဒီလိုဒီလို ပြောသွားတယ်ဆို၊ ဟုတ်သားပဲ ငါပြောခဲ့တာ။ ဟာ–ဒါ အရှင်ဘုရား သက်သက်စော်ကားတာပဲ တပည့်တော် အဖေကို၊ သက်သက်စော်ကားတာပဲ၊ အရှင်ဘုရား တပည့်တော်ရဲ့အဖေသည် ဗြဟ္မာတွေရဲ့ထံ ကောင်းကင်ဗြဟ္မာကြီး တွေထံ ပြန်ပြီးတော့ ရောက်သွားတယ်ဆိုတာ အရှင်ဘုရားအသိ၊ တပည့်တော်တို့ ပုဏ္ဏားတမျိုးလုံးလဲ သိကြပါတယ်။ အရှင်ဘုရား တပည့်တော်ကို စော်ကားတာ ပဲလို့ ဆိုတော့။ သုဘာ နေပါအုန်း အခု ငါပြောတာတွေကို၊ မင်း မယုံဘူးလား၊ အာ ယုံနိုင်စရာမရှိဘူး, ဟုတ်လဲမဟုတ်ဘူး၊ အရှင်ဂေါတမ ဘယ့်နှယ်ကြောင့် ယုံရမှာတုန်း။ ကောင်းပြီ သုဘာ ငါ တစ်ခုပြောပါ့မယ် သင့်ဖခင် ကွယ်လွန်စဉ် တုန်းက သင့်မှာ အမွေအဖြစ်နဲ့ရလိုက်တဲ့ ပစ္စည်းတွေထဲမှာ စာရင်းထဲမှာသာ ပါပြီးတော့ ပစ္စည်းရှာမတွေ့တဲ့ ပစ္စည်းများရှိသလား။ သြော် အဲဒါတော့ ရှိသားပဲ ရဟန်းဂေါတမ၊ ဘာတွေများတုန်း။ သြ တစ်သိန်းတန် ရွှေပန်းခိုင်ကြီးတစ်ခု. စာရင်းထဲ မှာတော့တွေ့တယ်၊ ရဟန်းဂေါတမ ကျုပ်အဖေရဲ့ပစ္စည်း၊ အဲဒါ ရှာလို့ ဒီနေ့ထိ မတွေ့သေးဘူး တစ်သိန်းတန် ရွှေခြေနင်းကြီးတစ်ခု. တစ်သိန်းတန် ရွှေဖလားကြီးတစ်လုံး, ငွေချည်းကတစ်သိန်း အဲဒီသိန်းလေးလီသော ပစ္စည်းတွေဟာ စာရင်းထဲမှာတော့တွေ့တယ်၊ ရှိတယ်၊ အဖေ့ ပစ္စည်းအဖြစ်နဲ့ အမွေအဖြစ်နဲ့ကျန်ရစ်တယ်လို့ သိရတယ်၊ ကျုပ် ဒီနေ့အထိ အဲဒီ သိန်းလေးလီ ပစ္စည်းရှာမတွေ့သေးပါ။

ကောင်းပြီသုဘာ အဲဒီပစ္စည်း သိန်းလေးလီဖြစ်တဲ့ ရွှေခြေနင်းကြီး တစ်သိန်းတန် ရွှေခွက်ကြီး တစ်သိန်းတန် ရွှေပန်းခိုင်ကြီး တစ်သိန်းတန် ငွေချည်းတစ်သိန်းဆိုတဲ့ ဒီသိန်းလေးလီဆိုသော ပစ္စည်းတွေကို မင်း ပြန်ရတဲ့နည်း ငါပြောမယ်၊ အဲဒီခွေးကိုလေ ဒီကပြန်သွားပြီး ကောင်းကောင်းမွန်မွန် နို့ယနာထမင်း

ကျိုပြီးတော့ကျွေး၊ ကျိုချက်ကျွေးပြီးတော့ အဲဒီခွေးလေးကို အိပ်ယာထဲမှာ နို့ယနာထမင်း တော်တော်ဝဝစားလို့ ဝလောက်ပြီဆိုတဲ့အချိန်မှာ အိမ်ယာပေါ်မှာ လက်လေးနဲ့ အသာသပ်ပြီးတော့ ကျောသပ်ပြီးတော့ မင်းကသိပ်၊ သိပ်လို့ မှေးမှေးမှေးမှေးနဲ့ အိပ်ပျော်တော့မလို့ ငိုက်မျည်းတဲ့ အချိန်မှာ မင်းက နား.နားကပ်ပြီးတော့မေး၊ အဖေ အဖေထားခဲ့တဲ့ ရွှေခြေနင်းကြီး တစ်သိန်းတန် ရွှေဖလားကြီး တစ်သိန်းတန် ရွှေပန်းခိုင်ကြီး တစ်သိန်းတန်နဲ့ ငွေချည်းတစ်သိန်း ဆိုတဲ့ သိန်းလေးလီပစ္စည်းတွေ ဘယ်နားထားခဲ့သလဲ၊ ကျွန်တော်မရသေး ပါဘူးလို့မေး၊ အဲလိုဆိုလို့ရှိရင် မင်း ပြန်ရလာလိမ့်မယ်ဆိုတော့၊

သုဘလုလင် နဲနဲခက်သွားတယ်၊ ခက်လိုက်တာ သိန်းလေးလီ ပစ္စည်း ပြန်ရမယ်ဆိုတော့လဲ လောဘက ဒီဘက်တတ်လာတယ်၊ ရမှာသာ ရမှာ. ခွေးလဲအဖေခေါ်ရအုန်းမှာ၊ ပြီးတော့ ခွေးအဖေခေါ်ရမှာက တခက်၊ သိန်းလေးလီ ပစ္စည်း ပြန်ရချင်တာက တစ်ဖက်နဲ့ဆိုတော့ မထွေးနိုင် မမျိုနိုင်၊ ဒီတော့ မြတ်စွာဘုရား ပြောတဲ့စကားကို သူ ငြင်းရမှာကလဲ ရဟန်းဂေါတမဆိုတာ ပြောရင် မှန်တတ်တယ်တဲ့၊ အဲလိုကလဲကြားဘူးနေတော့ ကိုင်းလေ ဘာပဲဖြစ်ဖြစ် ပြန်ပြီးတော့ သူပြောတဲ့အတိုင်း ပြန်လုပ်လို့ ဒီသိန်းလေးလီပစ္စည်း ပြန်ပြီးတော့ ရရင်လဲ ငါ့အတွက် အမြတ်ထွက်တာပဲ၊ မရရင်လဲ ရဟန်းဂေါတမကို မုသာဝါဒနဲ့ လိမ်လည်ပြောဆိုတတ်တဲ့ ရဟန်းယုတ်လို့ ပြန်ပြီးတော့ ပိုပြီးတော့ စွပ်စွဲခွင့်ရမယ်။ ငါသွားအုန်းမှပဲ၊ ကောင်းပြီ ရဟန်းဂေါတမ ကျွန်ုပ် ပြန်လိုက်ပါအုန်းမယ်ဆိုပြီးတော့ အိမ်ပြန်လာ၊

ဘုရားညွှန်တဲ့အတိုင်း ခွေးကလေးကို နို့ယနာထွင်းတွေ ဝဝလင်လင် ကျွေး, အိပ်ရာပေါ်မှာ ကျောပွတ်သပ်ပြီးတော့သိပ်လို့ မှေးမှေးမှေးမှေး ဖြစ်တဲ့ အချိန်မှာ ဘုရားရှင်မှာလိုက်တဲ့အတိုင်း မေးတော့၊ ခွေးကလေးက ဩော်– ငါ့အကြောင်း သိနေပါပေါ့လားဆိုတဲ့ အနေမျိုးနဲ့ စကားတော့မပြောဘူး၊ သိတဲ့အနေနဲ့ တစ်ခါထည်း တအီအီ, အိအိနဲ ့ဆိုပြီးတော့ ရှေ့ကဆင်းသွား သုဘလုလင်က နောက်ကလိုက်သွားတယ်၊ ဟို တစ်နေရာ ချောင်ကျတဲ့ နေရာမှာကျတော့ မြေကြီးပေါ်ယက်ပြီးတော့ ခွေးကပြတယ် ခြေထောက်နဲ့။

အဲဒီမှာ အဲဒီနေရာ သုဘာလုလင်က သူ့လူတွေနဲ့ ခေါ်ပြီးတော့ တူးကြ ဆွကြတော့ ခုနကပြခဲ့အပ်ခဲ့တဲ့ သိန်းလေးလီပစ္စည်းတွေ ပြန်ပြီးတော့ရ၊ ရတော့မှ အဲဒီဘင်သူ ဩော်-ရဟန်းဂေါတမဟာ အင်မတန်သိမ်မွေ့တဲ့ဘဝဖြင့် ဖုံးကွယ်နေတဲ့ ပြဿနာရပ်တွေကိုပင်လျှင် သိတော်မူပါလား၊ သဗ္ဗညု ကြွင်းမဲ့ဉဿုံ အလုံးစုံ အကုန်သိမြင်တော်မူတဲ့ သဗ္ဗညုဘုရားဆိုတာ ဟုတ်ပေလိမ့်မယ် လို့ "**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ**" ဘုရားအပေါ် ပုံပြီးတော့ ယုံသွားတယ်၊

အဲဒီလိုပုံပြီးတော့ ယုံသွားတဲ့အတိုင်း၊ ဒီတစ်ခါ ပြန်လာတယ်၊ ဘုရားထံ ပြန်လာပြီး၊ ဒီတစ်ခေါက်ကြတော့ အင်မတန်ကျေနပ် ဝမ်းမြောက်စွာနဲ့ ပြန်လာတာ၊ ပြန်လာပြီးတော့ အရှင်ဘုရားညွှန်လိုက်တဲ့အတိုင်း တပည့်တော် ဒီလိုဒီလိုဖော်လို့ ဟုတ်ပါပေတယ်၊ ရပါပေတယ်။ အရှင်ဘုရားကို တပည့်တော် ဒီကနေ့က စပြီးတော့သကာလ ကိုးကွယ်ရာ ဆည်းကပ်ရာ ကိုးကွယ်ဆည်းကပ်တတ်သော ဥပါသကာဟူ၍ မှတ်တော် မူပါဘုရားလို့ "**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ**" ပါဘုရား။ ဒါ **ပါဠိလိုတော့ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" ပဲ၊ ဘုရားကို ကိုးကွယ်ရာဟူ၍. အားထားရာဟူ၍ ယုံကြည်ဆည်းကပ်ပါတယ်၊** အဲဒီ သုဘာရဲ့ ကိုးကွယ် ဆည်းကပ်မှုက စိတ်ထဲကကို လေးလေးပင်ပင်နဲ့ ယုံယုံကြည်ကြည် ဆိုလိုက်တဲ့ "**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ**"။ ဒီ ဂစ္ဆာမိက။

ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ "**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ**" လို့ ပါးစပ်ကဆို ဘုရားအာရုံ စိတ်ထဲမှာ မထုံမရောက်ရင် နှုတ်ဖျားတင်ဖြစ်နေတဲ့၊ ဘုရားကိုးကွယ်မှု ဖြစ်တတ်တယ်၊ ဒီတော့ ဘုရားရှင်ရဲ့ဂုဏ်ကို အဲဒီလို လေးလေးနက်နက် ဘယ်ဂုဏ်ကိုပဲဖြစ်ဖြစ်, လေးလေးနက်နက် အာရုံပြုပြီးတော့ "**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ**" ဆိုမိပါစေ၊ အခု သုဘာလုလင်က အဲဒီလိုဆိုပြီးတော့မှ၊ အရှင်ဘုရားတဲ့ အရှင်ဘုရား သဗ္ဗညုကြွင်းမဲ့ဉဿုံ အလုံးစုံကို အကုန်အစင် သိမြင်တယ်ဆိုတာ တပည့်တော် ယုံကြည်ပါတယ်တဲ့၊ တပည့်တော် ယုံကြည်ပါပြီ၊ ဒါ့ကြောင့် တပည့်တော် မေးလျှောက်ချင်တဲ့ ပြဿနာလေးတွေ မေးစမ်းပါရစေ ဘုရားတဲ့၊ မေးမေးမေး သုဘာ၊ ဘာမေးချင်တုန်း။

**ဒီဿန္တိ ဟိ ဂေါတမ မနုဿာ အပ္ပါယုကာ၊ ဒီဿန္တိ ဒီဃာယုကာ။**

အရှင်ဂေါတမတဲ့ လောကမှာ တပည့်တော်တို့ လူရယ်လို့ လာဖြစ်တာခြင်း အတူတူဖြစ်ကြပါလျက်၊ **တချို့သော** လူတွေကျတော့ **အသက်**တိုကြပါကုန်သည် ဘုရား။ တချို့သော လူတွေကျတော့ **အသက်**ရှည်ကြပါကုန်သည်ဘုရား။

**ကောနုခေါ ဘော ဂေါတမ ဟေတု ကောပစ္စယော။**

အဲဒီလို လူရယ်လို့ လာဖြစ်တာခြင်း အတူတူဖြစ်ပါလျက်နဲ့ တချို့မှာ အသက်ရှည် တချို့မှာ အသက်တိုဆိုတဲ့ ဒီကိစ္စဟာ ဘယ်အကြောင်းခံ၊ ဘယ်အကြောင်းရင်းကံကို အခြေခံပြီးတော့ ဖြစ်ရပါသလဲဘုရား၊ တပည့်တော် သိစမ်းပါရစေဘုရား။ ဒီပြဿနာကို စစ်မေးတယ် မေးလိုက်တော့ ဘုရားရှင် ကိုယ်တော်မြတ်က......

**ဣဓ မာဏဝ ကေစ္စော ဣတ္ထီဝါ ပုရိသောဝါ ပါဏာတိ ပါတီ ဟောတိ။**

လုလင် ဒီလောကမှာ တချို့သော ယောက်ျား, တချို့သော မိန်းမသည်၊ သူ့အသက်ကို သတ်လေ့ရှိ၏။ "**လုဒ္ဒေါ လောဟိတပါဏီ**" မသတ်တောင်မှ စိတ်ကသတ်လိုက်မယ်. ဖြစ်လိုက်မယ်. တွေ့ရင်တော့ သတ်လိုက်မယ်. ဖြတ်လိုက်မယ်လို့ စိတ်တွေက ကြမ်းတမ်းနေ၏။ လောဟိတပါဏိ-လက်မှာ သွေးအလိမ်းလိမ်း. လိမ်းကပ်နေ၏၊ အမြဲတမ်း လက်မှာ နေ့စဉ်လို သွေးလူး နေတယ်၊ အကောင်ဘလောင်တွေသတ်. သားကောင် ငါးကောင်တွေသတ်. အကောင်ဘလောင်တွေသတ်. လူတွေသတ်. သတ်ချင်ရာတွေသတ်. ငှက်တွေ သတ် အစရှိသဖြင့် သတ်ဖြတ်ပြီးတော့နေတဲ့အတွက် လက်မှာအမြဲတမ်း သွေးလိမ်း၍နေသည်။

**ဟတပဟတေ နိဝိဋ္ဌော အဒယာပန္နော ပါဏာဘူတေသု။**

သူများကို သတ်ဖို့ဖြတ်ဖို့ကိစ္စမှာ အမြဲတမ်း စိတ်ကူး၍နေသည်။ "**အနိက္ခိတ္တဒဏ္ဍော အနိက္ခိတ္တသတ္ထော**" လက်ထဲမှာ သူများသတ်ဖို့ ဆိုပြီးတော့ ဓားအမြဲဆောင်ထားသည်၊ ဒုတ်အမြဲဆောင်ထားသည်. လက်နက်တွေ

ထားသည်၊ အဲဒီအမျိုးသား, အမျိုးသမီး ဖြစ်လေရာရာ ဘဝမှာ။ အပ္ပါယုကော- အသက်တိုရသည်။ ဟောတိ-ဖြစ်ပါပေ၏။ ဒါ့ကြောင့် သူများအသက်သတ်ရင် အသက်တိုတတ်တယ်။

**ဣဓ ပန မာဏဝ ဧကစ္စော ဣတ္ထိဝါ ပုရိသောဝါ ပါဏာတိ ပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတော ဟောတိ။**

သုဘ တချို့သော အမျိုးသား, အမျိုးသမီးက သူများအသက် မသတ်ဘူး၊ သူတစ်ပါးကို အသက်တိုအောင် မလုပ်ဘူး။ "**နိဟိတဒဏ္ဍော နိဟိတသတ္ထော**" သတ်ကြောင်းဖြစ်တဲ့ လက်နက်ကို ဆောင်မထား, သတ်ဖြတ်ကြောင်းဖြစ်တဲ့ ဒုတ်တွေ, ဓားတွေ, သေနတ်တွေ, လှံတွေကိုပင် အနားမှာမထားတဲ့ သူတော်ကောင်းဖြစ်တဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်၊ ဖြစ်လေရာ ဘဝမှာ အသက်ရှည်တတ်တယ်လို့။ အသက်တိုခြင်း အသက်ရှည်ခြင်းရဲ့ အကြောင်းကို ပါဏာတိပါတ ကံကြီးကို ဘုရားရှင် ထောက်ပြပါတယ်။ ဒါကြောင့် ဒီဟာလေးတွေကို ချုပ်ပြီးတော့ လင်္ကာလုပ်ထားပါတယ် ဆရာတော်ကြီးက—

**"သူများအသက်, သတ်သည့်တွက်, အသက်ကိုယ့်မှာတို။**
**မသတ်ရှောင်ရှား, ထိုသူများ, ရှည်လျားအသက်ကို"** ဟောဒီ

အသက်ရှည်မှုဆိုတဲ့ လှချင်မှုဟာ ပါဏာတိပါတမှ ရှောင်ကြဉ်ခြင်းဆိုတဲ့ အနေကောင်းခဲ့ရင် အသက်ရှည်ခြင်းဆိုတဲ့ အကျိုးလှမှုကို ရစေနိုင်တယ်လို့ ဒီသုတ်တော်က ပြောပါတယ်။ ဒါ့ကြောင့် ဘုန်းကြီးတို့ ဒကာ-ဒကာမတွေကို ဒီလင်္ကာလေးတွေကိုတော့ နှစ်ခေါက်နှစ်ခေါက်လောက် ဘုန်းကြီးက ချပေး ချင်တယ်၊ ပရိယတ္တိသာသနာပြုတဲ့အနေနဲ့ ဆိုလိုက် စမ်းပါ—

❖ **သူများအသက်, သတ်သည့်တွက်, အသက်ကိုယ့်မှာတို။**
**မသတ်ရှောင်ရှား, ထိုသူများ, ရှည်လျားအသက်ကို။**

တစ်ခါ သုဘက ဆက်ပြီးမေးပြန်တယ်၊ အရှင်ဘုရား အသက်တိုတယ် အသက်ရှည်တယ်ဆိုတဲ့အကြောင်းကို တပည့်တော်သိရပါပြီ၊ တချို့ကျတော့ ဘုရား

အသက်တော့ရှည်ပါရဲ့တဲ့၊ ဒါပေမယ့် .... **"ဗဝှာ ဗာဓော ဟောတိ"** အနာရောဂါတွေ များလိုက်တာဘုရားတဲ့၊ အသက်ကလေးရှည်တာ ကောင်းကောင်းမရှည်ရဘူး, ချမ်းချမ်းသာသာ မရှည်ရဘူး၊ ရောဂါတွေ ထူလိုက်တာတဲ့ နာတာတို, နာတာရှည်တွေစွဲလို့ အနာကြီး, အနာငယ်တွေ ပေါက်လို့၊ စည်းစိမ်ဥစ္စာတွေရှိပါလျှက်နဲ့ မစားနိုင် မသောက်နိုင် မသုံးဆောင် မခံစားနိုင်ဖြစ်လို့ အဲဒီလို ရောဂါတွေ ထူပြောပြီးတော့ နေကြပါတယ်တဲ့၊ တချို့ကျတော့ အသက်လဲရှည်တယ် ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့လဲ နေရပါတယ်။ အဲဒီလို ကျန်းမာရေး ကောင်းခြင်း, မကောင်းခြင်းဆိုတဲ့ ဒီ လှမှု, အရုပ်ဆိုးမှုသည်ကား ဘယ်ကံကို အခြေခံပြီးတော့ဖြစ်ပါသလဲဘုရားလို့ မေးပြန်၊ ဘုရားရှင် ကတော့ ပါဠိတွေရွတ်ပြီးဖြေတယ်ပေါ့၊ ပါဠိတွေရွတ်ပြီးတော့ ပြောနေရင် ဘုန်းကြီးတို့ နည်းနည်းကြာသွားမှာစိုးလို့ ဘုန်းကြီးတို့ လင်္ကာနဲ့ ချုပ်ရအောင်—

## ❖ နှိပ်စက်ကလူ, ညှင်းဆဲသူ, ပြောထူရောဂါဆို။
## ညှာတာစိတ်သွင်း, မနှိမ်နင်း, ကင်းရှင်းရောဂါကို။

သုဘတဲ့ တချို့သော အမျိုးသား, တချို့သော အမျိုးသမီးက၊ သူများ အသက်တော့ မသတ်ပါဘူး။ သတ်တာဖြတ်တာတွေထိအောင်တော့ မလုပ်ပါဘူး၊ ဒါပေမယ့်လို့ သူတစ်ပါးကို ကာယကံ ဝစီကံ မနောကံနဲ့ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် သူတစ်ပါးတွေရဲ့အပေါ်မှာ မိမိရဲ့ ကာယကံ ဝစီကံ မနောကံတွေနဲ့ နှိပ်စက်ကလူ ပြုတတ်တယ်တဲ့ နှိပ်စက်တတ်တယ်၊ အသေတော့ မသတ်ဘူးလေတဲ့၊ သူများစိတ်ဆင်းရဲအောင် ပြောလိုက်, သူများ စိတ်ဆင်းရဲ နေအောင် လုပ်လိုက်, သူများ ကိုယ်ဆင်းရဲနေအောင် နှိပ်စက်၊ လက်ဖြတ် ခြေဖြတ် ရိုက်နှက်ပုတ်ခတ် အစရှိသဖြင့် သူတစ်ပါးတွေ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်နေအောင် ပြုလုပ်အားထုတ်လေ့ရှိတဲ့ ပုဂ္ဂိုလ်တွေဟာ, ဖြစ်လေရာ ဘဝမှာ အသက်ပင် ရှည်ရငြားသော်လည်းပဲ အနာရောဂါ ထူပြောပြီးတော့ နေတတ်တယ်....တဲ့၊ ထူပြောပြီးတော့ နေတတ်တယ်။ အဲဒီ အနာရောဂါတွေ များခြင်းရဲ့ အကြောင်းရင်းအခြေခံဟာ ဘာတုန်းဆိုရင်၊ အဲဒီ နှိပ်စက်ညှင်းပန်းမှု

ဆိုတဲ့ အသေမသတ်သော်လည်း နှိပ်စက်ညှင်းပန်းမှုဆိုတဲ့ အနေစောင်းခဲ့မှုပဲ .... တဲ့၊ နှိပ်စက်ညှင်းပန်းမှုဆိုတဲ့ အနေစောင်းခဲ့မှုကြောင့် ခတ်ပုံထဲမှာ အနာရောဂါ ထူပြောခြင်းဆိုတဲ့ မလှမပ ရုပ်ပုံကားပေါ်ရောက်ပြီးတော့ လာရတယ်လို့ ဘုရားရှင်က ဖြေတော်မူတယ်။ ကဲ ဒီလင်္ကာလေးလဲ နှစ်ခေါက်လောက် လိုက်ဆို လိုက်ပါအုန်း.......

❖ **နှိပ်စက်ကလူ့ ညှင်းဆဲသူ့ ပြောထူရောဂါဆို။**
**ညှာတာစိတ်သွင်း မနှိမ်နင်း ကင်းရှင်းရောဂါကို။ (၂ခေါက်)**

တချို့ကျတော့ဘုရားတဲ့ လှရယ်လို့ လာပြီးတော့ဖြစ်ပါလျှက်နဲ့ အရုပ်ဆိုးလိုက်တာ ကြည့်လို့မကောင်း၊ ရှုလို့မကောင်း၊တချို့ကျတော့လဲ ဥပမိရုပ်အဆင်းတွေနဲ့ ပြည့်စုံပြီး ချောမောလို့ လှပလို့ အဲဒီ ဥပမိရုပ်အဆင်း တောင့်တောင့်တင်းတင်း ပြည့်ပြည့်ဖြိုးဖြိုး လှလှပပရှိခြင်း၊ မရှိခြင်းသည်ကား အဘယ်အကြောင်းကံ အခြေခံ၍ ဖြစ်ပါကုန်သနည်းဘုရား။ တတိယပြဿနာ မေးတယ်၊ ဒီတော့ မြတ်စွာဘုရားက—

**"ထန်ပြင်းဒေါသ ကြီးတတ်က အလှပျက်မည်ဆို။**
**ဒေါသကင်းစင် မေတ္တာယှဉ် ကြည်လင်လှသကို"** မာဏဝတဲ့ တချို့သော အမျိုးသား၊ အမျိုးသမီးသည် "ထဒ္ဓေါ ဟောတိ" ခက်ထန်လိုက် တာတဲ့။ **"အပ္ပမ္ပိ ဝုတ္တော သမာနော အဘိသဇ္ဇတိ ကုပ္ပတိ ဗျာပဇ္ဇတိ ပဋိတ္ထီယတိ"** နည်းနည်းလေး ပြောလိုက်တယ်ဆိုရင်ပဲ တကထဲ ဒေါသမီး တဟုန်းဟုန်းထပြီးတော့ မခံနိုင်မရပ်နိုင် မျက်နှာကြီးတွေထူလို့ မျက်နှာကြီးတွေ အမ်းလို့၊ သူ့ နည်းနည်းလေးများ သွားမပြောလိုက်နဲ့ ဒေါသက ကြီးလိုက်တာ၊ ဒေါသထွက်တတ်လိုက်တာ၊ စိတ်ဆိုးလေ့ရှိတယ်တဲ့၊ တချို့ အမျိုးသား အမျိုးသမီးတွေ ဒီတော့ စိတ်တိုလေ့ရှိတဲ့ခတ်တွေ ဒေါသခတ်တွေက သူ့မှာ ဒီဘဝမှာ ခဏခဏ ဒေါသက ပြင်းထန်နေတာဖြစ်တော့ ထစ်ကနဲရှိ စိတ်ဆိုး၊ ကောင်းတာပြောလဲ စိတ်ဆိုး၊ မကောင်းတာပြောလဲ စိတ်ဆိုး၊ ဒေါသကကြီးလေ့ ရှိတော့ နည်းနည်းကလေး ပြောတာကိုပင်လျှင် စိတ်ဆိုးလေ့ ရှိတော့၊ အဲဒီ

ဒေါသစေတ်အရှိန်အဟုန်တွေက မျက်နှာမှာဟပ်ပြီးတော့ ဒေါသရဲ့အရှိန်နဲ့ မျက်နှာထူအမ်းကြီးဖြစ်၊ နှုပ်ခမ်းတွေ ထူပြစ်ကြီးဖြစ်၊ မျက်နှာတွေ မှုန်သိုးသိုး ဖြစ်နေပြီးသကာလ၊ ဒီစေတ်တွေ ပါသွားပြီး သကာလ ဘဝသံသရာ ဖြစ်လေရာ ဘဝမှာ အရုပ်ဆိုးကြီးတွေ ဖြစ်တတ်တယ်၊ ဥပမိမလှမပတွေ ဖြစ်တတ်တယ်၊ ဥပမိ မကောင်းတဲ့သူတွေ ဖြစ်တတ်တယ်။

အဲဒီ ဒေါသပြင်းထန်တဲ့သူတွေ မလှမပ အရုပ်ဆိုး ဖြစ်တတ်သလို၊ ဒေါသကိုထိန်းပြီးတော့ မေတ္တာနဲ့နေတဲ့ ပုဂ္ဂိုလ်တွေ၊ မေတ္တာအားကြီးတဲ့ ပုဂ္ဂိုလ်တွေ၊ မေတ္တာစေတ် များများသုံးနိုင်တဲ့ ပုဂ္ဂိုလ်တွေဟာ ဘဝသံသရာမှာ ရုပ်တွေ ကြည်လင်တတ်တယ်၊ ချောမောတယ်၊ လှပတတ်တယ်၊ ဒီစေတ်တွေဆိုတာ တစ်ဘဝနဲ့ တစ်ဘဝ လူ့ခန္ဓာ ရုပ်ခန္ဓာ ပြောင်းသွားပေမယ်လို့ စေတ်တွေဆိုတာ ပါသွားတတ်တယ်။ ဒီဘဝက ဒေါသအားကြီးလို့ ဒေါသစေတ်တွေ အရှိန်အဟုန် နာမ်စေတ်ထဲမှာပါသွားရင်၊ အဲဒီ ဒေါသစေတ် အရှိန်အဟုန်အားလျော်စွာ ဖြစ်ပေါ်တဲ့ ရုပ်စေတ်ကို ရိုက်ခတ်ပြီးတော့ ဘဝသံသရာမှာ ရုပ်ဆိုးခြင်း၊ ကြည့်မကောင်း၊ ရှုမကောင်းဆိုတဲ့ ဒီရုပ်မျိုးတွေ ဖြစ်တတ်တယ်လို့၊ ဘုရားရှင်က ဖြေတော်မူတယ်။ ဒါ့ကြောင့် ဒါကိုလဲ လင်္ကာလေးနဲ့ ဆိုလိုက်ပါအုန်း……

### ❖ ထန်ပြင်းဒေါသ၊ ကြီးတတ်က၊ အလှပျက်မည်ဆို။ ဒေါသကင်းစင်၊ မေတ္တာယှဉ်၊ ကြည်လင်လှသကို။

ဟော အသက်ရယ်၊ အနာရောဂါရယ်၊ အဆင်းလှခြင်းရယ် သုံးခု မေးသွားပြီးတော့၊ အရှင်ဘုရားတဲ့ လေးခုမြောက်ပြဿနာ တပည့်တော် မေးစမ်းပါရစေအုန်း၊ တချို့သော အမျိုးသား၊ အမျိုး သမီးတို့မှာ လူရယ်လို့ လာပြီးဖြစ်ပါသော်လည်းပဲ၊ တစ်ကောင်ကြွက် ဘုရားတဲ့၊ အခြံအရံမရှိ၊ ဩဇာမရှိ၊ သားထောက်သမီးခံ အခြွေအရံ မရှိ၊ မြေးထောက်မြေးခံ အခြွေအရံမရှိ၊ အခြံအရံ ပြုစုလုပ်ကျွေး မည့်သူမရှိ၊ အိုကြီးချက်မဖြစ်တဲ့အချိန်မှာ ပိုပြီးတော့ ဒုက္ခ ရောက်ပြီးတော့ တကောင်ကြွက်လို နေရပါတယ်ဘုရား။ တချို့သော ပုဂ္ဂိုလ်တွေ တချို့သော အမျိုးသား အမျိုးသမီးတွေကျတော့အခြွေအရံတွေ ပေါလိုက်တာတဲ့၊

သားအခြွေအရံ, သမီးအခြွေအရံ, မြေးမြစ်အခြွေအရံ, တူ,တူမအခြွေအရံ, အလုပ်သမားအခြွေအရံ, ဆွေမျိုးအခြွေအရံက စပြီးသကာလ အခြွေအရံတွေ ပေါပြီးတော့ ဩဇာတိက္ကမတွေနဲ့ ပြည့်စုံကြပါတယ်တဲ့၊ တချို့ အခြွေအရံလည်းမရှိ, ဩဇာတိက္ကမလည်း မရှိနဲ့ ဩဇာတိက္ကမဆိုတာ ဗလာနတ္ထိဆိုတာ ဖြစ်ကြပါတယ်။ အဲဒီလို ဩဇာတိက္ကမရှိပြီးတော့ အခြွေရံပေါများခြင်း၊ ဩဇာတိက္ကမ မရှိ, အခြံ အရံနည်းခြင်းဆိုတဲ့ ဒီအကောင်းအဆိုး နှစ်မျိုးသည်ကား ဘယ်အကြောင်း ဘယ်အကျိုး အခြေခံ၍ ဘယ်အကြောင်းကံ အခြေခံ၍ ဖြစ်ကြပါသလဲ ဘုရားလို့ မေး၊ ဒီတော့ မြတ်စွာဘုရားက–

## ဣဓ မာဏဝ ဧကစ္စော ဣဿာမနကော ဟောတိ။

ဒီလောကမှာ တချို့သော ယောက်ျား, တချို့သော မိန်းမဟာ၊ ဣဿာမနကော–ညျူစူစောင်းမြောင်း မနာလိုတတ်တဲ့ ဣဿာ ထန်ပြင်း သည်။ ဟောတိ–ဖြစ်၏။ ပရဘောဂ သမ္ပတ္တိသု–သူတစ်ပါးတို့ရဲ့ စည်းစိမ်ကို။ ပရလာဘသက္ကာရ ဂရုကာရာ မာနန ဝန္ဒနပူဇနာသု–သူတစ်ပါးတို့ရတဲ့ လာဘ်လာဘတွေ, သူတစ်ပါးတို့မှာရတဲ့ အကျော် စောတွေ, အခြံအရံတွေ, ဂုဏ်သတင်းတွေရဲ့အပေါ်မှာ၊ နှုတ်သီးတစူစူ, မျက်စောင်းတထိုးထိုး နှုတ်ခမ်းတရွဲ့ရွဲ့ မကောင်းသတင်း, အတင်းအဖျင်းတွေ ပြောတတ်တဲ့ ဣဿာဆိုတဲ့သဘော ပါနေကြတဲ့ ပုဂ္ဂိုလ်တွေဟာ၊ ဖြစ်လေရာဘဝမှာ အခြံအရံကင်းခြင်း, ဩဇာတိက္ကမ မရှိခြင်းဆိုတဲ့ ဆိုးပြစ်ကို ရတတ်တယ်၊ အရုပ်ဆိုးတတ်ကြတယ်၊

အဲဒီလို ဣဿာကင်းလာပြီးသကာလ သူတစ်ပါးတို့ရဲ့အပေါ်မှာ ဖြစ်ပေါ် လာတဲ့ ဣဿာကို မုဒိတာနဲ့ အစားထိုးပြီး၊ ဩော် သူရတဲ့ ဂုဏ်သတင်း ရထိုက်ပေတယ်၊ သူ့မှာရှိနေတဲ့ စည်းစိမ်ဥစ္စာတွေ ရှိထိုက်ပေတယ်၊ သူ့လုံ့လ ဝီရိယထုတ်ပြီးတော့ ရှာလို့ရပေတာပဲလို့၊ သူရနေတဲ့ စည်းစိမ်ဥစ္စာကို သူ့အကြောင်းနဲ့သူ ဆင်ခြင်, မုဒိတာ ဝင်လာတယ်၊ သူ့မှာ ရနေတဲ့ ဂုဏ်သတင်း တွေ ကြီးထိုက်ပေတယ်၊ သူကြိုးစားလို့ သူ ရပေတာပဲ သူ ရှေးအတိတ်ကံ ကောင်းလို့ သူ ရပေတာပဲလို့ဆိုတော့ မုဒိတာဝင်လာတယ်၊ သူ့မှာရနေတဲ့

ရာထူးဂုဏ်သိမ် စည်းစိမ်တွေဟာ ရှိထိုက်ပေတယ်, ရထိုက်ပေတယ်၊ သူ့ရှေးကံ အကြောင်းကောင်းခဲ့လို့ အားထုတ်မှုဝီရိယတွေရှိလို့ သူ့ရဲ့အကြောင်းတွေ ကောင်းလို့, သူအကျိုးကောင်းတွေ ရပေတာပဲလို့ ဣဿာနေရာမှာ မုဒိတာ ဝင်လာတဲ့ ပုဂ္ဂိုလ်တွေ၊ ဣဿာမထားဘဲနဲ့ မုဒိတာဝင်လိုက်တော့ ဝမ်းမြောက် သွားတယ်၊ ဩ–သူ့မှာရတဲ့ လာဘ်သတ်ပကာ ရာထူးဂုဏ်သိမ် စည်းစိမ်အာဏာ ပါဝါတွေဟာ ရထိုက်လို့ရတာပဲလို့ဆိုရင် ဝမ်းသာသွားတယ်၊ အဲဒါ မုဒိတာသဘော ခေါ်ပါတယ်၊ အဲဒီလို မဝင်နိုင်ခဲ့ရင် ဣဿာဝင်လာတတ်တယ်၊ ဣဿာ ဝင်လာပြီဆိုရင် သူတရားသဖြင့် ရလာတာမှန်း သိရက်သားနဲ့ အကောင်း မပြောနိုင်ဘူး။ တကထဲ အကပ်ကောင်းလို့ပါ ဘယ်လိုကြောင့်ပါ ညာလိုကြောင့်ပါ၊ သေးသိမ်အောင်, သိမ်ဖျင်းအောင် ပြောမိတတ် ဆိုမိတတ်တယ်တဲ့၊

အဲဒီ ဣဿာ အားကြီးတဲ့ ပုဂ္ဂိုလ်တွေဟာ ဖြစ်လေရာဘဝမှာ ဩဇာတိက္ကမမရှိ၊ သူပြောလိုက် ဘယ်သူကမှ နားမထောင်ဘူး၊ သားကလဲ နားမထောင်, သမီးကလဲမလေးစားဘူး, မြေးမြစ်တွေကလဲ ထော်လော်ကန့်လန့် ဖြစ်နေတယ်၊ အခြံအရံနည်းတတ်တယ်၊ အဲဒီ ဣဿာမထားဝမ်းမြောက်တဲ့ ပုဂ္ဂိုလ်တွေကြတော့ ဖြစ်လေရာဘဝ အခြံအရံပေါခြင်း, ဩဇာတိက္ကမ ရှိခြင်းဆိုတဲ့ အကျိုးတွေရပြီးတော့ ကမ္ဘာလောကထဲမှာ လှကြတယ်လို့၊ ဘုရားက ပြန်ဖြေတယ်၊ ဒါကြောင့် ဒီဣဿာ အားကြီးတဲ့ပုဂ္ဂိုလ်တွေဟာ အခြံအရံ ကင်းတတ်တယ်၊ ဣဿာ နည်းပြီးတော့ ဝမ်းမြောက်တဲ့ ပုဂ္ဂိုလ်တွေဟာ အခြံအရံပေါတတ်တယ်၊ ဩဇာတိက္ကမ ရှိတတ်တယ်လို့။

### ❖ မနာလိုပြန်, ဣဿာထန်, ခြံရံကင်းမည်ဆို။ ဣဿာမထား, ဝမ်းမြောက်ငြား, ပေါ်များခြွေရံကို။

အဲဒါ ဣဿာရှိခြင်း, မရှိခြင်းပေါ် မူတည်ပြီးတော့၊ အခြံအရံပေါခြင်း, မပေါခြင်းဆိုတဲ့ အကျိုးအပြစ် ရနိုင်တယ်လို့ ဘုရားက ဖြေသွား၊ နောက် ပဥ္စမပြဿနာ၊ အရှင်ဘုရား တချို့သောပုဂ္ဂိုလ်တွေမှာ ကမ္ဘာလောကမှာ တချို့သော ပုဂ္ဂိုလ်တွေမှာ၊ လူရယ်လို့ လာပြီးတော့ ဖြစ်တဲ့နေရာမှာ တချို့ကြတော့

စည်းစိမ်ဥစ္စာတွေနဲ့ ပြည့်ပြည့်စုံစုံ ကုံကုံလုံလုံ ဖြစ်ကြရပါတယ်၊ တချို့သော ပုဂ္ဂိုလ်တွေ ကျတော့ စည်းစိမ်ဥစ္စာ မဲ့မဲ့ပြီးတော့ အလွန်ဆင်းရဲကြပါတယ် ဘုရားတဲ့၊ အဲဒါကကော ဘယ်အကြောင်းကို အခြေခံ၍ ဖြစ်ပါသလဲဘုရား၊ ဘယ်အကြောင်းကံ အခြေခံ၍ ဖြစ်ပါသလဲဘုရား။ ဒီတော့ မြတ်စွာဘုရားက ဒါကြတော့ ရှင်းရှင်းလေးပေါ့။

## ❖ မလှူမဒါန်း. မပေးကမ်း. ခြောက်ခမ်းဥစ္စာဆို။ စွန့်ကြဲလေ့တုံ. ပြုပါကုန်. ကုံလုံကြွယ်ဝလို။

စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ရှိသော ပုဂ္ဂိုလ်တို့သည်၊ ဖြစ်လေရာဘဝမှာ ဘောဂသမ္ပတ္တိခေါ်တဲ့ စည်းစိမ်ဥစ္စာနဲ့ ပြည့်စုံခြင်းဆိုတဲ့ အကျိုးကို ရနိုင်တယ်၊ စွန့်ကြဲပေးကမ်း လှူဒါန်းမှု နည်းလာခဲ့သော ပုဂ္ဂိုလ်တို့သည်ကား ဖြစ်လေရာ ဘဝမှာ ရှားရှားပါးပါး မွဲမွဲတေတေ ငတ်ငတ်မွတ်မွတ် ဖြစ်တတ်တယ်လို့၊ စည်းစိမ်ဥစ္စာပေါခြင်း, မပေါခြင်းရဲ့ အကြောင်းကို ဒါနနည်းခြင်း မနည်းခြင်း, ဒါနရှိခြင်း မရှိခြင်းဆိုတဲ့ အကြောင်းနဲ့ ဘုရားရှင် ဖြေတော်မူတယ်၊ ကိုင်း ဒီလင်္ကာလေးလဲ လိုက်ဆိုလိုက်စမ်းပါဦး။

## ❖ မလှူမဒါန်း. မပေးကမ်း. ခြောက်ခမ်းဥစ္စာဆို။ စွန့်ကြဲလေ့တုံ. ပြုပါကုန်. ကုံလုံကြွယ်ဝလို။

အင်း.....အမျိုးမြတ်ခြင်း, မမြတ်ခြင်းဆိုတဲ့အကြောင်းကိုလဲ မေးပါရစေ ဘုရားလို့ ခြောက်ခုမြောက် ပြဿနာကို ဆက်မေးတယ်၊ တချို့သောပုဂ္ဂိုလ်တွေမှာ လူ့ရယ်လို့ လာပြီးတော့ဖြစ်ပါသော်လဲ အမျိုးညံ့ထဲမှာ ဖြစ်ရပါတယ်ဘုရား .....၊ ဘယ်သူမဆို သူတွေးမျိုး ကုန်သည်မျိုး, သူကြွယ်မျိုး ဖြစ်ချင်ကြတာချည်း၊ ဒါပေမဲ့လို့ လာပြီးတော့ ဖြစ်ကထဲက သူတောင်းစားမျိုး, ဒွန်စဏ္ဍာလမျိုး, ပန်းမှိုက်သွန်မျိုး, ကျေးမျိုး ကျွန်မျိုးထဲမှာ တချို့လာပြီးတော့ ဖြစ်ကြရပါတယ်၊ တချို့သော ပုဂ္ဂိုလ်တွေကျတော့ အင်မတန် အမျိုးကြီး, အဆွေကြီး, အမျိုးမြတ်, အဆွေမြတ်တဲ့ အမျိုးထဲလာပြီးတော့ ဖြစ်ကြပါတယ်ဘုရား၊ အဲဒီလို အမျိုးမြတ်ခြင်း အမျိုးညံ့ခြင်းဆိုတဲ့ ဒီကောင်းကျိုး ဆိုးကျိုးနှစ်မျိုးကိုကား အဘယ်အကြောင်းကံကို အခြေခံ၍ ဖြစ်ပါသလဲဘုရား။

❖ မာန်မာနကြွယ်, ထိုသူဝယ်, မျိုးနွယ်ညံ့မည်ဆို။
ထိုက်သူရိုကျိုး, မာန်ကိုချိုး, အမျိုးမြတ်သကို။

လုလင်....တဲ့။ တချို့သောပုဂ္ဂိုလ်တွေဟာ လူရယ်လို့ လာပြီးတော့ ဖြစ်တဲ့အခါမှာ **"ထဒ္ဓေါ ဟောတိ"** မာန်မာနဖြင့် ခက်ထန်တယ်၊ မာနေ တဗ္ဗံ န မာနေတိ–ရိုသေမြတ်နိုးရမယ့်ပုဂ္ဂိုလ်ကို မရိုသေမမြတ်နိုးဘူး။ ဂရုကာတဗ္ဗံ နဂရုံကရောတိ–လေးစားရမယ့်ပုဂ္ဂိုလ်တွေကိုလဲ မလေးစားဘူး၊ အာသနာရဟဿ နအာသနံဒေတိ–နေရာ ဖယ်ပေးရမယ့်ပုဂ္ဂိုလ်တွေကိုလဲ နေရာဖယ်မပေးဘူး။ အတွင်းက မာနက ခံနေတာဖြစ်တော့လေ ကိုယ့်ထက်အသက်ကြီးတဲ့သူ အနားလာပေမယ်လို့ အသက်သိက္ခာဂုဏ်ဝါ တစ်နေ့တစ်ရက် တနံနက်ကြီးလို့ ရှိရင်ပဲ ဘုရားက ရိုသေရတယ်, လေးစားရတယ်၊ လူ့ဘဝ ရခဲ့ရတာခြင်း အတူတူပေမယ့်လို့၊ သူက ကိုယ့်ထက်တစ်ရက်စောပြီးတော့ လူ့ပြည် ရောက်တယ်ဆိုရင် ရိုသေရမယ်, လေးစားရမယ်၊ ဘုရားက ဘာပြုလို့တုန်း ဆိုတော့၊ လူ့ဘဝ လူ့ခန္ဓာဆိုတာ ကောင်းတဲ့ခန္ဓာ ကုသိုလ်ကံက ပေးလိုက်လို့ ကောင်းတဲ့အကျိုးခန္ဓာ၊ အဲဒီ ကောင်းတဲ့ အကျိုးခန္ဓာကို သူက ကိုယ့်ထက် တစ်ရက်စောပြီးတော့ ရတယ်ဆိုရင် သူ ကိုယ့်ထက် သာလို့ရတာပေါ့၊

အဲဒီလို သဘောပေါက်ပြီဆိုတော့ တစ်ရက်ကလေး ကိုယ့်ထက် ကြီးတယ်ဆိုရင်ပဲ ရိုသေတယ်, လေးစားတယ်၊ မာနမရှိတဲ့ ပုဂ္ဂိုလ်က ဂရုဂါရဝ သက္ကစ္စဂါရဝ လေးစားတဲ့စိတ်ရှိတဲ့ ပုဂ္ဂိုလ်က၊ ဝါ–မိမိရဲ့ ဘဝသံသရာ အမျိုးမညံ့စေလိုတဲ့ ပုဂ္ဂိုလ်က, မိမိဘဝသံသရာ အမျိုးညံ့သွားမှာစိုးတဲ့ ပုဂ္ဂိုလ်တိုင်းသည်၊ မိမိထက် အသက်သိက္ခာ ဂုဏ်ဝါကြီးရင့်တဲ့ပုဂ္ဂိုလ်တွေကို လေးစားမြတ်နိုးတယ်, ကော်ရော်တယ်, ပူဇော်တယ်၊ အခု မာနခံပြီးတော့နေတဲ့ ပုဂ္ဂိုလ်ကြတော့ မာနလေးက ခံနေတာဖြစ်တော့ ဘာဖြစ်ဖြစ် သူက အသက် ကြီးတဲ့ပုဂ္ဂိုလ်လဲ၊ အို အလကားနေ လေးစားစရာမလိုပါဘူး၊ နေရာဖယ်ပေးစရာ မလိုပါဘူး၊ ဒီလူကြီးက အသက်သာကြီးတာ ဘာကတော့ ငါ့လောက်မရှိပါဘူးလို့ ဒီလိုတိုင်းတာနေတယ် မာနသမားက၊ ဘာဖြစ်ဖြစ် ဒီမာနနဲ့ချည်း လိုက်ပြီးတော့ တိုင်းတာနေတာဖြစ်တော့ သူရိုသေစရာကိုမရှိ၊ လမ်းတွေ့လို့ ဘေးဖယ်ပေးစရာ

မလို၊ သူ့စိတ်ထဲမှာ မတတ်သာလို့ တိုက်မှာစိုးလို့ တိမ်းရှဲပဲတိမ်းတာ၊ အဲဒီလို အားဖြင့် ရိုသေထိုက်တဲ့ ပုဂ္ဂိုလ်တွေကို မရိုသေ၊ လေးစားထိုက်တဲ့ပုဂ္ဂိုလ်တွေကို မလေးစား၊ ဆရာမိဘ ကျေးဇူးရှိနေတဲ့ ဆရာမိဘတွေကိုပင်လျှင် မရိုသေ မလေးစား မထေမဲ့မြင်ပြုခဲ့ရင်၊ အဲဒါ ဖြစ်လေရာဘဝ အမျိုးညံ့သွားတတ်တယ်တဲ့၊ အမျိုးညံ့တတ်တယ်။

ဘာဖြစ်လို့တုန်းဆိုတော့ သူက ကိုယ့်ထက်လေးစားထိုက်တဲ့ ရိုသေ ထိုက်တဲ့၊ ဆိုပါတော့ ဆရာမိဘ ရတနာ (၃) ပါး၊ ဒီပုဂ္ဂိုလ်တွေကို ကိုယ်က မထီလေးစား လုပ်လိုက်တော့ သူတို့ရဲ့ သိက္ခာတွေကို ညှိုးသွားအောင် ကိုယ်က လုပ်လိုက်ရာရောက်တယ်၊ ဒီဘဝတင်ပဲ ရိုသေလေးစားသမှုပြုရမယ့် ပုဂ္ဂိုလ်ကို ကိုယ်က မရိုမသေ မလေးမစား လုပ်လိုက်တယ်ဆိုရင်ပဲ အဲဒီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ၊ အဲဒီပုဂ္ဂိုလ်မှာ ဂုဏ်အားဖြင့် နိမ့်ကျသွားတယ်၊ ကိုယ်က ထမပေးလိုက်ခြင်းဖြင့် နေရာ ဖယ်မပေးလိုက်ခြင်းဖြင့် သူ့မှာ တက်သွားမယ့် ဂုဏ်ရှိန်ကို ကိုယ်က နှိမ်ထားလိုက်သလိုဖြစ်သွားတယ်၊ ချိုးထားလိုက်သလို ဖြစ်သွားတယ်၊ ဖွဲထားလိုက်သလို ဖြစ်သွားတယ်၊ အဲဒီအကျိုးတွေ တန်ပြန် မိမိမှာ ပြန်လာပြီးတော့ ဖြစ်လေရာ ဘဝသံသရာမှာ အမျိုးညံ့ခြင်းဆိုတဲ့ ဆိုးကျိုးဆိုးပြစ်ကို ရတတ်တယ်၊ အဲဒီလို မာနမရှိပဲနဲ့ ရိုသေထိုက်တဲ့ပုဂ္ဂိုလ်တွေကို ရိုရိုသေသေ လေးလေးစားစား ပြောဆိုဆက်ဆံ သွားလာလှုပ်ရှားမှုကိုပြုတဲ့ အမျိုးကောင်းသား, အမျိုးကောင်း သမီးတို့သည်၊ ဖြစ်လေရာဘဝမှာ အမျိုးမြတ်ခြင်းဆိုတဲ့ အကျိုးကို ရနိုင်တယ်လို့ ဖြေတော်မူတယ်။ ဒါကြောင့်–

### ❖ မာန်မာနကြွယ်, ထိုသူဝယ်, မျိုးနွယ်ညံ့မည်ဆို။<br>ထိုက်သူရိုကျိုး, မာန်ကိုချိုး, အမျိုးမြတ်သကို။

နောက်ဆုံး သတ္တမမြောက်ပြဿနာ၊ အရှင်ဘုရားတဲ့ တချို့ အမျိုးသား, အမျိုးသမီးတွေဟာ လူရယ်လို့လာဖြစ်သော်လဲပဲ ဉာဏ် ပညာထိုင်းလိုက်တာဘုရား၊ စာပေသင်ကြားလို့မှ မရ, အသိအလိမ္မာ ဉာဏ်ပညာရှိကြောင်း ပြောလို့ဆိုလို့မှမရ, နားပေါက်အောင် အသိအလိမ္မာ ဉာဏ်ပညာတွေ ထိုင်းတတ်ပါတယ်, ဖျင်းတတ်

ပါတယ်, အ,တတ်ပါတယ်၊ တချို့သော အမျိုးကောင်းသား, အမျိုးကောင်းသမီး တွေကျတော့ ဉာဏ်ကောင်းတတ်ကြပါတယ်....တဲ့၊ အသိအလိမ္မာ ဉာဏ်ပညာ တွေနဲ့ ပြည့်စုံတတ်ကြပါတယ်၊ တထွာပြ တလံမြင်တတ်ကြပါတယ်၊ အဲဒီ ဉာဏ်ကောင်းခြင်း, ဉာဏ်မကောင်းခြင်း, အသိအလိမ္မာ ဉာဏ်ပညာဓာတ်တွေ ပွင့်ခြင်း, မပွင့်ခြင်းကကောဘုရား ဘာကို အခြေခံပြီး ဖြစ်ပါသလဲ......

❖ **သိဖွယ်ဟူသမျှ, မမေးက, ဖျင်းအပညာဆို။**
**ကြားမြင်များအောင်, မေးလေ့ဆောင်, ခုနောင်တတ်သိလို့။**

ဒီ ဉာဏ်ကောင်းတယ်ဆိုတာတဲ့၊ ချဉ်းကပ်ပြီးတော့ မေးသင့်, မေးထိုက်တဲ့ ပုဂ္ဂိုလ်တွေထံ ချဉ်းကပ်ပြီးတော့ မေးရတယ်, မြန်းရတယ်၊ အဲဒီလို မေးမြန်းလေ့ မေးမြန်းထရှိတဲ့ ပုဂ္ဂိုလ်တွေဟာ အသိအလိမ္မာ ဉာဏ်ပညာတွေ တိုးတယ်၊ မိမိသိထားတဲ့ အသိအလိမ္မာ ဉာဏ်ပညာ ဓာတ်ကိုလဲ တစ်ဆင့် ဖြန့်ဖြူး ရတယ်တဲ့၊ မိမိအိမ်မှာရှိနေတဲ့ သားသမီးကို မိဘလုပ်တဲ့သူက ပြောဆိုဆုံးမ နေတယ်ဆိုတာ အသိအလိမ္မာ ဉာဏ်ပညာ ဖြန့်ဖြူးနေခြင်းတစ်မျိုးပဲ၊ ပညာ ပါရမီဖြည့်ခြင်း တစ်မျိုးပဲ၊ မိမိရဲ့ တပည့်တပန်းတွေကို မိမိက စာပေသင်ကြား ပေးနေတယ်၊ ဒါ အသိအလိမ္မာဉာဏ်ပညာ ဖြန့်ဖြူးနေခြင်းတစ်မျိုးပဲ၊ မိမိတို့ တရားရိပ်သာကြီး ရောက်လာတဲ့ သူတော်စင်တွေကို မိမိတို့က တရားပေးပြီး သကာလ၊ တရားဟောဆရာ တရားပြဆရာက တရားပေးပြီးတော့ နေတယ်၊ (သို့မဟုတ်) မိမိတို့ ယောဂီအချင်းချင်း အရင်ရောက်တဲ့သူက သိတဲ့သူက နောက်လူကို ပြောပေးနေတယ်၊ ဒါ အသိအလိမ္မာ ဉာဏ်ပညာ ဖြန့်ဖြူးနေခြင်းပဲ၊ ပညာပါရမီဖြည့်နေခြင်းပဲ၊ မသိတဲ့သူကလဲ မေးရတယ်၊ ကိုယ်သိပြီးသားကိုလဲ တစ်ဆင့် ဖြန့်ဖြူးပြောဆို ဆုံးမရတယ်၊ အဲဒီလိုအလုပ်တွေ ကင်းလာတဲ့ပုဂ္ဂိုလ် တွေဟာ ဘဝသံသရာ ဖျင်းတတ် တယ်, အ,တတ်တယ်, ထိုင်းတတ်တယ်တဲ့၊ ဉာဏ်ထိုင်းနေတတ်တယ်, ဉာဏ်ဖျင်းနေတတ်တယ်။ ဒါ့ကြောင့် ဆိုပါအုန်း ....။

❖ **သိဖွယ်ဟူသမျှ, မမေးက, ဖျင်းအပညာဆို။**
**ကြားမြင်များအောင်, မေးလေ့ဆောင်, ခုနောင်တတ်သိလို့။**

ယနေ့ ဆရာလေး ဦးမြင့်စိန်မွေးနေ့ (၅၆) နှစ်မြောက် မွေးနေ့ကို အကြောင်းပြုပြီးသကာလ၊ ယနေ့ တရားဓမ္မသဘင်ကြီး ဆင်ယင်ကျင်းပတယ်လို့ ဆိုတော့ ယောဂီပရိသတ်တွေကို ဒီ စူဠကမ္မဝိဘင်္ဂ ဘုရားဟောသုတ်တော်ကြီးနဲ့ ပတ်သက်ပြီးတော့ အသိဉာဏ်ဓာတ်တွေ တစ်ဆင့်ဖြန့်ဖြူးပေးရာရောက်ပါတယ်၊ အသိဉာဏ်တွေ ကြီးကျယ်အောင် ပြောပေးရာရောက်တယ်၊ တစ်ဆင့် ဖြန့်ဖြူးပေးရာရောက်တယ်၊ မိမိကိုယ်တိုင်လဲပဲ ယောဂီသူတော်စင်တွေကို တရားပေးပြီးတော့ နေတယ်ဆိုတာ ပညာကြီးကြောင်း, ပညာတတ်ကြောင်း, ပညာပါရမီ ပြည့်စုံကြောင်း။

ယနေ့ အားလုံး တရားအားထုတ်ဖို့ရာ ရောက်လာကြတဲ့ ယောဂီ သူတော်စင်တွေ အနေနဲ့လဲ၊ ဒီတရားဌာနရိပ်သာကြီး ရောက်လာတယ်ဆိုတာ "**သိဖွယ်ဟူသမျှ, မမေးက, ဖျင်းအပညာဆို**" မမေးဘူး, မမြန်းဘူး သိအောင်မလုပ်ဘူးဆိုရင် ပညာထိုင်းနေတာပေါ့၊ ဒီဘဝမှာ မဖြစ်သေးတဲ့ ဝိပဿနာပညာတွေ ဘယ်ဖြစ်လိမ့်မှာတုန်း ဒီရောက်မလာရင်၊ အခု ဒီရောက်လာတယ်၊ ရောက်လာပြီးတဲ့နောက် တရားပြဆရာတွေ တရားဟော ဆရာတွေ တရားပြယောဂီတွေက ပြတာတွေကို နားထောင်တယ်၊ ဒီလို မှတ်ရတယ်, ဒီလိုရှုရတယ်, ဒီလိုအားထုတ်ရတယ် တရားအားထုတ်တယ်ဆိုတာ ကိလေသာအမှောင်ကင်းအောင် အားထုတ်ခြင်း၊ ကိလေသာနည်းအောင် အားထုတ်ခြင်း၊ ကိလေသာမဖြစ်အောင် အားထုတ်ခြင်း အဲဒီလို ကိလေသာ မဖြစ်အောင် မြင်ကြားနံလျက် ထိသိချက်တွေမှန်သမျှ အပေါ်မှာ ရှုမှတ်ပြီးတော့ ဖြစ်ပျက်ရှုမှတ်ပြီးတော့ နေလို့ရှိရင်၊ မိမိတို့သန္တာန် တစ်သံသရာလုံးက အမြဲဖြစ်လာခဲ့တဲ့ လောဘခဲ ဒေါသခဲ မောဟခဲကြီးတွေ ဖြိုခွဲပြီးဖြစ်သွား၊ တရားဘာဝနာ အလုပ် အားထုတ်နေတဲ့အချိန်မှာ တရားရှုမှတ်ပြီးတော့ ဝိပဿနာဉာဏ် မိမိသန္တာန် ဖြစ်ပေါ်နေတဲ့အချိန်မှာ ဒီလောဘခဲ ဒေါသခဲ မောဟခဲတွေကို ဖောက်ခွဲပြီးသားဖြစ်နေတယ်လို့ တရားပြဆရာက ပြောလိုက်တော့ ကိုယ်ကသိတယ်၊ အသိဉာဏ် ဝင်သွားတယ်၊ သုတမယဉာဏ် ခေါ်တဲ့ ကြားသိဉာဏ် ဝင်လာတယ်၊ ဒါ ပညာတိုးလာတာပဲ၊

သိဖွယ်ဟူသမျှ မမေးကဆိုတာ ပါးစပ်က ထုတ်မေးမှ မဟုတ်ဘူး၊ ကျနော်တို့ တရားအားထုတ်ချင်ပါတယ်, ကျမတို့ တရားအားထုတ်ချင်ပါတယ်လို့ တရားရိပ်သာ ရောက်လာတယ်ဆိုတာ၊ အဲဒါ သိစရာရှိတာ သိချင်လို့ လာကြတာ၊ မိမိသန္တာန်မှာ ဒီဘဝ မဖြစ်ဖူးသေးတဲ့ ဝိပဿနာဉာဏ်ပညာ ဉာဏ်ထူး ဉာဏ်မြတ်တွေ ဖြစ်ချင်လို့ လာကြတာ၊ ဒါ ဉာဏ်တိုးကြောင်းပဲတဲ့၊ အသိအလိမ္မာ ဉာဏ်ပညာတိုးကြောင်းပဲ မေးသလိုကျတာပဲ၊ တရားဟောဆရာ တရားပြ ဆရာတွေက ပြောပြပေးတယ်, ဟောပြပေးတယ်၊ အဲဒီတော့ ကိုယ့် ဉာဏ် တိုးတာပေါ့၊ ဉာဏ်တိုးတော့ ကိုယ့်သန္တာန်မှာ အနမတဂ္ဂ သံသရာက ကိုယ့်ကို တစ်သံသရာလုံး အရှက်ခွဲလာခဲ့တဲ့ လောဘခဲ ဒေါသခဲ မောဟခဲ မာနခဲခေါ်တဲ့ ကိလေသာအယုတ် တရားတွေ မဖြစ်ပွားရအောင် ဝိပဿနာဉာဏ်နဲ့ ပယ်သတ်ပြီးတော့ နေနိုင်တယ်၊ ဉာဏ်တွေ တိုးလာတာပေါ့၊ ဒီဉာဏ်နဲ့အတူ တိုးလာတဲ့ ဉာဏ်ဓာတ်တွေက ပျောက်မသွားဘူး, ပျက်မသွားဘူး။

ဒီနေ့ ယောဂီတွေ တရားဘာဝနာအလုပ် အားထုတ်ရင်း နောက်ဆုံး ကုန်ကုန်ပြောမယ် ယွှတရားပွဲမှာ အားခဲပြီးတော့ နာတဲ့အခိုက် စိတ်စိုက်ပြီးတော့ နာရင်း ဘုရားရှင်ရဲ့ တရားတော်ကို နာရလို့ပွင့်လာတဲ့ အသိဉာဏ်ဓာတ်တွေ, ရလာတဲ့ အသိဉာဏ်ဓာတ်တွေ၊ အဲဒီ အသိဉာဏ်ဓာတ်တွေဟာ အရှိန်တက် ပြီးတော့ အားထုတ်လိုက်တဲ့ ဝိပဿနာဉာဏ်ဓာတ်တွေဟာ အရှိန်တက်ပြီးတော့ အာသေဝနပစ္စည်းနဲ့ တပ်ပြီးတော့ အရှိန်ရ၊ ဒီဉာဏ် ဓာတ်တွေပွင့်လို့ ဒီဉာဏ်ဓာတ်တွေပေါ်ခဲ့တဲ့ အမျိုးသား, အမျိုးသမီးတွေဟာ တဖြေးဖြေး ဉာဏ်ရင့်ကျက်, ဉာဏ်ကြီးကျယ်, ဉာဏ်ထူးဉာဏ်မြတ်တွေရ၊ လောဘ ဒေါသ မောဟဆိုတဲ့ အမိုက်ဓာတ်တွေ တဖြေးဖြေးဝေးသွား ပါးသွား ကျဲသွား နည်းသွားရာက ကိလေသာ အမှောင်ကြီးတွေ တဖြေးဖြေး နည်းတော့ ဉာဏ်တွေက တက်လာတယ်၊ အလင်း အားကောင်းရင် အမှောင် နောက်ဆုတ် သွားပါတယ်၊

ဒီတော့ ဝိပဿနာဉာဏ်အရောင်အလင်းတွေ ပညာဓာတ်တွေ အလင်းဓာတ်တွေ များများရှိလာပြီဆိုရင် လောဘ ဒေါသ မောဟ မာနစတဲ့

အမှောင်ဓာတ်တွေ ဒိဋ္ဌိသက္ကာယစတဲ့ အမှောင်ဓာတ်တွေ တဖြေးဖြေး နည်းသွား ကျဲသွား ပါးသွားရာက နောက်ဆုံး ကိုယ့်ရဲ့ ပါရမီဓာတ်ခံ အရှိန်အဟုန်သတ္တိ ကောင်းလို့ ပုဂ္ဂလသဟာယ ဘောဇန သပ္ပာယ အာဟာရသပ္ပာယမျှတ ပြည့်စုံ ပြီးတော့ တရားဘာဝနာအလုပ် ပြင်းပြင်းထန်ထန် ကြိုးပမ်းအားထုတ်မိတဲ့ အချိန်မှာ၊ မင်္ဂလေးတန် ဖိုလ်လေးတန်ဆိုတဲ့ ဉာဏ်ဓာတ်မီးကြီးတွေ မိမိသန္တာန် ပညာဓာတ် ကြီးတွေ ဥပါဒ်ပြီးတော့ နိဗ္ဗာန်ဆိုတဲ့ တရားထူး တရားမြတ်ကြီးအထိ မြင်နိုင်တဲ့ စွမ်းရည်သတ္တိ ရှိတယ်လို့ ဘုရားရှင်က သုဘလုလင်ကို ပညာတိုးကြောင်းနဲ့ ပတ်သက်ပြီးတော့-

❖ **သိဖွယ်ဟူသမျှ၊ မမေးက၊ ဖျင်းအပညာဆို။**
**ကြားမြင်များအောင်၊ မေးလေ့ဆောင်၊ ခနောင်တတ်သိလို။**

အဲဒီ အသိအလိမ္မာ ဉာဏ်ပညာတိုးချင်ရင် မေးရတယ်တဲ့၊ နှုတ်နဲ့လဲ တိုက်ရိုက်မေးရတယ်တဲ့၊ မမေးပဲ အခုလို တရားလာ အားထုတ်တယ်ဆိုတာလဲ မေးတာနဲ့အတူတူပဲ၊ ဒါ့ကြောင့် ကမ္ဘာလောကကြီးမှာ အသက်ကလေးရှည်ပြီး တော့လဲ လှချင်ကြတယ်၊ ကျန်းမာရေးတွေကောင်းပြီးတော့ လှချင်ကြတယ်၊ ဥပမိရုပ်အဆင်းတွေ ကောင်းပြီးတော့လည်း လှချင်ကြတယ်၊ အခြံအရံ သြဇာတိက္ကမတွေ ပေါပြီးလည်း လှချင်ကြတယ်၊ စည်းစိမ်ဥစ္စာတွေ ပေါပြီး တော့လဲ လှချင်ကြတယ်၊ အမျိုးတွေကောင်း အမျိုးတွေမြတ်ပြီးတော့လည်း လှချင်ကြတယ်၊ နောက်ဆုံး ပညာဉာဏ်ဓာတ်ကြီးတွေ ကြီးကျယ်ပြီးတော့ အာသဝေါကင်းကွာ ရဟန္တာယောကျ်ား၊ ရဟန္တာမကြီးတွေ အဖြစ်ရောက်တဲ့ အရဟတ္တမဂ် အရဟတ္တဖိုလ် ဉာဏ်ထူးဉာဏ်မြတ် ကြီးတွေ ပွင့်ပြီးတော့လဲပဲ၊ ကြီးကျယ်ချင်ကြတယ် လှချင်ကြတယ်၊ အဲဒီလို လှချင်ကြပေမယ့်လို့ လှချင်တိုင်း လှကြရဲ့လားလို့ဆိုတော့၊ ခုနကပြောခဲ့တဲ့ ဓာတ်ပုံကားထဲကလိုပဲ၊ ဓာတ်ပုံအရိုက် ခံစဉ်တုန်းက စောင်းစောင်းနေခဲ့ရင် ဓာတ်ပုံထဲမှာ စောင်းစောင်းပေါ်သလို၊ ဓာတ်ပုံ အရိုက်ခံစဉ်တုန်းက တည့်တည့်နေမိမှ ဓာတ်ပုံထဲမှာ တည့်တည့် ပေါ်သလို.....။

## စာရုက္ကာမာပိ ရူပါနိ, ဒိဿန္တိ ဓာတုဒပ္ပဏေ၊
## သကဝဏ္ဏံဝ မဇ္ဈာနံ, တထာတေ ဘဝသာဂရေ။

မဇ္ဈာနံ–လူ့တို့ဘုံတွင် ဓာတ်ပုံရိုက်သို့ ထိုထိုသောင်းပြောင်း လူအပေါင်းတို့အား။ စာရုက္ကာမာပိ–ဖြစ်ရာဘဝ လုပတင့်တယ် ရှုချင် ဖွယ်ဟန် ပုံသဏ္ဍာန်ကို ဖန်ဖန်တောင့်တ အလိုရှိကြပါကုန်သော်လည်း။ သကဝဏ္ဏံဝ–အနေအထိုင် ခွဲယှိုင်စောင်းစောင်း ကောင်း,မကောင်းနှင့် သောင်းပြောင်းရောရာ ပင်ကိုယ် ရုပ်အဆင်းတိုင်းသာလျှင်။ တေ (တာနိ ရူပါနိ)–ထိုပုံပန်းနိမိတ် ရုပ်အရိပ်တို့သည်။ ဓာတုဒပ္ပဏေ–ပညာရှင်များ တည်ထွင်ထားသည့် ဓာတ်သားကြည်လင် ဓာတ်မှန်ပြင်၌။ ဒိဿန္တိ–လှ,မလှ ချော,မချော သဘောအတိုင်း မဆိုင်းမသွေ ထင်စွဲ၍ နေကြလေကုန်၏။ ဝေတထာ–ဓာတ်ပုံကားနှင့် မခြားတမူ အလားတူသာလျှင်။ မဇ္ဈာနံ–သုံးဆယ့်တစ်ဘုံကြော စုံမျောသွားလာ များသတ္တဝါတို့အား။ စာရုက္ကာမာပိ–ဖြစ်ရာဘဝ လုပတင့်တယ် ရှုချင်ဖွယ်ကို စိတ်ဝယ်ကြံဆ အလိုရှိကြပါကုန်သော်လည်း။ သကဝဏ္ဏံဝ–စိတ်စေတနာ သဒ္ဓါဓာတ်ရင်း ပင်ကိုယ်ရုပ်အဆင်းတိုင်းသာလျှင်။ တေ (တာနိရူပါနိ)–ထို သောင်းပြောင်း ရောရာ ရုပ်ခန္ဓာတို့သည်။ ဘဝသာဂရေ–သံသရာပြင်ကျယ် ပင်လယ် အလား ဓာတ်သားကြည်လင် ဓာတ်မှန်ပြင်၌။ ဒိဿန္တိ–တန်ခိုးကြီးမား သိကြားပြဟ္မာ ဆေးစုံစွာဖြင့် ပြင်ပါသော်လည်း ရနိုင်ခဲမို့ အမြဲမသွေ ထင်စွဲ၍ နေကြလေကုန်သတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

နောက်ဆုံး ပရိနိဗ္ဗာန်ဝင်စံတဲ့ ရဟန္တာယောက်ျား, ရဟန္တာမကြီးတွေဖြစ်သည့်အထိ တချို့များကျတော့ လှလိုက်တာ၊ အရှင် အာနန္ဒာအရှင်မြတ်ကြီးတို့ ကျတော့ လှလိုက်တာ အမျိုးကလဲ ကောင်းတယ်၊ ပစ္စည်းကလဲ ပေါတယ်၊ ရုပ်ရည်ဥပဓိကလဲ ချောမောတယ်၊ ကျန်းမာရေးတွေလဲကောင်းတယ်၊ အသက်လဲရှည်တယ်၊ အရှင် ဗာကုလတို့ အရှင်အာနန္ဒာတို့၊ တချို့ ရဟန္တာ

**အရှင်မြတ် လောသက တိဿမထေရ်တို့ကျတော့** ရဟန္တာတော့ဖြစ်ပါရဲ့ **ပရိနိဗ္ဗာန်ဝင်စံတဲ့ အာသဝေါကင်းကွာ ရဟန္တာယောက်ျားကြီးတော့** ဖြစ်ပါရဲ့ **အရပ်ဆိုး လိုက်တာ** ရဟန္တာဖြစ်တဲ့နေ့အထိ ဆွမ်းဝဝ စားမသွားရဘူး၊ ဒါ အရပ်ဆိုးတာပေါ့။

ခေမာထေရီ၊ ဉပ္ပလဝဏ်ထေရီဆိုတဲ့ ရဟန္တာ အရှင်မကြီးတွေ၊ မိထွေးတော်ဂေါတမီ၊ ယသော်ဓရာဒေဝီဆိုတဲ့ ရဟန္တာ အရှင်မကြီးတွေ **ပရိနိဗ္ဗာန်ဝင်စံ အာသဝေါကင်းကွာ** ရဟန္တာမကြီး ဖြစ်သည်အထိ ချောလိုက်တာ၊ လှလိုက်တာ။ ပဋာစာရီတို့လို အမျိုးသမီး တွေကျတော့ သွက်သွက်ခါရူးသည့်အထိ ဒုက္ခရောက်ခဲ့ရတယ်၊ အဲဒါ သံသရာထဲ မလှတာပေါ့၊ ပညာပါရမီထက်လို့ ရဟန္တာမကြီး ဖြစ်တာတော့မှန်တယ်၊ မလှမပနဲ့ ဝင်သွားရတယ်။ အရှင်အင်္ဂုလိမာလတို့၊ ရှင်လောသကတိဿ မထေရ်တို့၊ ပဋာစာရီထေရီမတို့၊ ကိသာဂေါတမီတို့ ဒုက္ခရောက်ပြီးမှ ပရိနိဗ္ဗာန် ဝင်စံတော်မူခဲ့ကြရတယ်။ ဒါကြောင့် လောကကြီးထဲမှာ လှချင်ရင် ဓာတ်ပုံကားကြီးထဲမှာ လှအောင်ပြင်ရသလို၊ သံသရာတစ်ခွင် ဓာတ်ပုံကားကြီးထဲမှာလဲပဲ လှအောင်ပြင်ရတယ်တဲ့၊ အလှပြင်ရတယ်၊ ဒါ့ကြောင့် **"ဓာတ်မရိုက်ခင်၊ ကောင်းစွာပြင် ပုံတွင်လှသို့နယ်၊ သံသရာတစ်ခွင် ဓာတ်ပုံတွင် လှချင်ပြင်ရတယ်"**။ ဒီလင်္ကာလေး သုံးခေါက်လိုက်ပြီးတော့ ဘုန်းကြီးတို့ တရားသိမ်းပါမယ်....။ ကိုင်း ပရိသတ်က လိုက်ဆိုစမ်းပါအုန်း။.....

## ❖ ဓာတ်မရိုက်ခင်၊ ကောင်းစွာပြင်၊ ပုံတွင်လှသို့နယ်။ သံသရာတစ်ခွင်၊ ဓာတ်ပုံတွင်၊ လှချင်ပြင်ရတယ်။

အဲဒီလို သသံရာတစ်ခွင် ဓာတ်ပုံပြင်ကြီးထဲမှာ ဆရာလေး ဦးမြင့်စိန်နှင့်တကွ ယောဂီတရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့တတွေ မိမိတို့ကိုယ်မိမိတို့ အလှပြင်နိုင်တဲ့၊ အလှဆင်နိုင်တဲ့ သူတော်ကောင်းကြီးတွေဖြစ်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။ ဤကဲ့သို့ ကြိုးစားအားထုတ်

နိုင်ကြကုန်လျက်၊ ဤကဲ့သို့ မိမိတို့ကိုယ်ကို သံသရာခတ်ပုံကားချပ်ထဲမှာ အလုပြင်နိုင်ပြီး၊ ရဟန္တာယောကျ်ား, ရဟန္တာမကြီးတွေဖြစ်သည့်အထိ အလုပြင်နိုင်ကြပြီး နိဗ္ဗာန်ကို ဝင်စံတော်မူသွားကြတဲ့၊ ရှေးရှေးသော အရိယာနွယ်လောင်း သူတော်ကောင်းကြီးများ ရောက်အပ်, ရအပ်, သိမြင်အပ်တဲ့ နိဗ္ဗာနဓာတ် တရားတော်မြတ်ကြီးကို လျှင်မြန်သောစွာ ရောက်ကြရ, ရကြရ, မြင်ကြရ ပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုကြကုန်ရာသတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

မြန်မာကောဇာသက္ကရာဇ် ၁၃၅၃-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်

(၅)ရက်နေ့ည၊ အမရပူရမြို့ အမှတ်(၈) မော်တော်ယာဉ်အသင်းကြီး၏

(၅၃)ကြိမ်မြောက် ကထိန်အလှူတော်၌ ဟောကြားအပ်သော

# "ဂဟာဋ္ဌဝန္ဒနာသုတ္တန်"

# သိကြားမင်းရှိခိုးထိုက်သူဂါရာတော်

ကိုင်း.....သရဏဂုံသုံးပါးနဲ့ငါးပါးသီလ ဆောက်တည်လိုက်ခြင်းဖြင့် မိမိတို့၏ ရုပ်ဓာတ်, နာမ်ဓာတ်, ခန္ဓာဓာတ်ကို သန့်ရှင်းစင်ကြယ်သွားတဲ့ ရုပ်ဓာတ်, နာမ်ဓာတ်, ခန္ဓာဓာတ်ဖြစ်အောင် ပြုလိုက်ပြီ၊ တစ်နည်းပြောရင် မိမိတို့ရဲ့ ခန္ဓာကိုယ်ကို သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ, ဘုရား, ပစ္စေကာ, အရိယာသူတော်ကောင်းကြီးများရဲ့ ကိုယ်နဲ့တူအောင် ပြုလိုက်ပြီ၊ မိမိတို့ရဲ့ နှုတ်ကိုယ်လည်းပဲ အရိယာသူတော်ကောင်းကြီးများရဲ့ နှုတ်နဲ့တူအောင် ပြုလိုက်ရာရောက်သွားပြီ၊ ဘာပြုလို့တုန်းဆိုတော့ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေရဲ့ လက်က သူများအသက်မသတ်ပါဘူးလို့ ဓိဋ္ဌာန်ပြီးတော့ ထိန်းထားလိုက်ပြီ၊ လက်က စင်ကြယ်သွားပြီ၊ ဒီလက်နဲ့ ဓားကိုမကိုင်ဘူး၊ ဒုတ်ကိုမကိုင်ဘူး၊ သေနတ်ကိုမကိုင်ဘူး၊

သူများအသက် သေကြောင်းဖြစ်တဲ့ လက်နက်တွေကိုင်ပြီးတော့ မသတ်ပါဘူးလို့ ဓိဋ္ဌာန်ထားတဲ့အခိုက်မှာ ဘုရားလက်နဲ့ အတူတူပဲ၊ ပစ္စေကဗုဒ္ဓါလက်နဲ့ အတူတူပဲ၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ အရိယာသူတော်ကောင်းကြီးတွေရဲ့ လက်နဲ့ အတူတူပဲ ဖြစ်သွားလို့ လက်ချင်းတူသွားပြီ၊ ကိုယ်ချင်းတူသွားပြီ၊ သူများပစ္စည်း ဒီလက်နဲ့ မခိုးပါဘူး "အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ"လို့ ဆောက်တည်လိုက်ခြင်းဖြင့်၊ ဒကာ-ဒကာမအပေါင်း

သူတော်ကောင်းတွေရဲ့ ကိုယ်လို့ခေါ်ရတဲ့ ကိုယ်ရဲ့အစိတ်အပိုင်းဖြစ်တဲ့ ဒီလက်နဲ့ သူများပစ္စည်း မခိုးတော့ဘူး၊ ခိုးမှုကြီးမှ ရှောင်ကြဉ်ပါ့မယ်လို့ ထိန်းသိမ်းထားတဲ့အချိန်ဟာဖြင့် ဘုရားပစ္စေကာ အရိယာအပေါင်း သူတော်ကောင်းကြီးတွေရဲ့လက်နဲ့ တူတဲ့အချိန်၊ တူအောင် တုနိုင်တဲ့အချိန်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့လက်သည် သူတစ်ပါးရဲ့ပစ္စည်းကို မခိုးသလို၊ သူတစ်ပါးပစ္စည်းကို ဓားပြမတိုက်သလို၊ သူတစ်ပါးပစ္စည်းကို အနိုင်အထက်နှိပ်စက်ပြီးတော့ မယူသလို၊ ယနေ့ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ရဲ့ လက်ကလည်းပဲ သူများပစ္စည်းကို မခိုးဘူး, ဓားပြမတိုက်ဘူး, အနိုင်ထက်မယူဘူးလို့ အဓိဋ္ဌာန်ထားခြင်းကြောင့် လက်ချင်းအားဖြင့် ဘုရားကိုယ်တော်မြတ်ကြီးနဲ့တူကြပြီ၊ ကိုယ်အားဖြင့် ဘုရားကိုယ်တော်မြတ်ကြီးနဲ့ တူကြပြီ၊ တူအောင်တုနိုင်ကြပြီ၊

နှုတ်အားဖြင့်လည်း ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ နှုတ်တော်က လိမ်ညာပြောဆိုမှုကြီး မပြုသလို၊ ဒီနေ့ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေကလည်းပဲ "မုသာဝါဒါဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ"၊ သူများကို လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏, ရှောင်ကြဉ်ပါ့မယ်၊ ဓိဋ္ဌာန်ထားလိုက်ခြင်းကြောင့် ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေရဲ့ နှုတ်သည် ဘုရားကိုယ်တော်မြတ်ကြီးရဲ့နှုတ်နဲ့ တူတဲ့အချိန်၊ ဘုရားကိုယ်တော်မြတ်ကြီးရဲ့ ဝစီဒွါရလို့ခေါ်တဲ့ နှုတ်နဲ့တူတဲ့အချိန်၊ ရဟန္တာအရှင်မြတ်ကြီးတွေ, ရဟန္တာမအရှင်မြတ်ကြီးတွေရဲ့နှုတ်နဲ့ တူတဲ့အချိန်၊

ယနေ့ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေက "သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ" လူကိုရူးစေတတ်တဲ့, မူးစေတတ်တဲ့, မေ့စေတတ်တဲ့, တွေဝေစေတတ်တဲ့ သေရည်အရက်တွေကို မသောက်ပါဘူးလို့ ဓိဋ္ဌာန်ထားလိုက်ခြင်းကြောင့်၊ ယနေ့ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ရဲ့ပါးစပ်သည် ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ပါးစပ်နဲ့ တူတဲ့အချိန်၊ ရဟန္တာအရှင်မြတ် ကြီးများရဲ့ ပါးစပ်နဲ့ တူတဲ့အချိန်၊ အနာဂါမ်ကိုယ်တော်မြတ်ကြီးများနဲ့, သကဒါဂါမ်, အနာဂါမ်, သောတာပန် သူတော်ကောင်းကြီးတွေရဲ့ပါးစပ်နဲ့ တူတဲ့အချိန်....တဲ့၊ တူအောင်တုနိုင်တဲ့အချိန်၊

အဲဒီလိုအားဖြင့် ကိုယ်အားဖြင့်, နှုတ်အားဖြင့်, အရိယာ သူတော်ကောင်းကြီးတွေနဲ့ တူအောင်တုရင်း, တုရင်းနဲ့ ကြာတော့ တူသွားရော၊ တုရင်း, တုရင်းနဲ့ တူသွားစေရတယ်။ ကောင်းတဲ့ဘက် ကျတော့ **"ကောင်းတုကိုသင်, ကောင်းအင်ကိုလိုက်, ကောင်းကြိုက်ကိုယူ"**။ ကောင်းတုကျတော့ သင်ရတယ်၊ ကောင်းအင် ကျတော့ လိုက်ရတယ်၊ ကောင်းကြိုက်ကျတော့ ယူရတယ်၊ အဲဒီလိုအားဖြင့် အရိယာသူတော်ကောင်းကြီးတွေနဲ့ ယနေ့ ဒကာ–ဒကာမ အပေါင်း သူတော်ကောင်းတွေ ငါးပါးသီလဆောက်တည်ခြင်းဖြင့် ကိုယ်အားဖြင့် နှုတ်အားဖြင့် တူသွားတယ်....တဲ့ တူသွားတယ်။ ဒီက ပုထုဇဉ်မို့လို့ မမြဲလို့ ပြန်ပြန်ပျက်တာပဲရှိတယ်၊ တူတဲ့အချိန်ကတော့ တူတာပဲ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ လက်နဲ့တူတယ်၊ နှုတ်နဲ့ တူတယ်၊ သို့သော် စိတ်ကမတူသေးဘူး၊ စိတ်ကဘာလို့မတူတုန်း ဆိုတော့–

ဘုန်းကြီးတို့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေက ကိုယ်နဲ့နှုတ်ကတော့ ဟုတ်ပါတယ်၊ သူများအသက်မသတ်ဘူးလို့ ဝိဋ္ဌာန်ထားပေမယ်လို့၊ သူများပစ္စည်းမခိုးဘူးလို့ စိတ်က ဝိဋ္ဌာန်ထားပေမယ့်လို့၊ စိတ်ထဲကနေပြီးတော့ စိတ်သတ်သတ်နေတာရှိသေးတယ်၊ တရားနာနေရင်းနဲ့ ကိုယ့်စိတ်ထဲမှာ ဖျတ်ကနဲဆို ကိုယ့်မတော်မတရား လုပ်ထားတဲ့သူ၊ ကိုယ့်အပေါ် မောက်ကျော်စော်ကားထားတဲ့သူ၊ ဖျတ်ကနဲပေါ်လာတော့ တရားနာနေရင်းကနေပြီးတော့ စိတ်က အဲဒီ မုန်းတီးတဲ့သူရဲ့မျက်ခွက် ကွက်ခနဲမြင်လိုက်တော့၊ ဖြုန်းကနဲဆို ထပြီးတော့ စိတ်ဆိုးပြီးတော့၊ ဒုတ်နဲ့ထရိုက် တန်ရိုက်လိမ့်မယ် စိတ်ရိုက် စိတ်ရိုက်၊ ဓားနဲ့ထပြီးတော့ ခုတ်တန်ခုတ်နေမိလိမ့်မယ် စိတ်ခုတ်, စိတ်ခုတ်၊ သေနတ်နဲ့ထပြီးတော့ ပစ်တန်ပစ်နေလိမ့်မယ် စိတ်ပစ်၊ အဲဒီလို စိတ်က ပုထုဇဉ်မို့လို့ စိတ်ရိုက် ရိုက်နိုင်တယ်, စိတ်သတ် သတ်နိုင်တယ်၊ စိတ်ခုတ် ခုတ်နိုင်တယ်၊ စိတ်ပစ် ပစ်နိုင်တယ်၊ အဲဒါကို သီလက မထိန်းနိုင်သေးဘူး၊

အဲဒီတော့ ကိုယ်နဲ့နှုတ်က အရိယာသူတော်ကောင်းကြီးတွေနဲ့ တူသွားပြီ ငါးပါးသီလ ဆောက်တည်တဲ့အတွက်၊ စိတ်က မတူသေးဘူး၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက စိတ်အားဖြင့်သော်မှ

သူတစ်ပါးတို့ကို သတ်တော်မမူ၊ စိတ်အားဖြင့်သော်မှ သူတစ်ပါးတို့ကို နှိပ်စက်ခြင်း ပြုတော်မမူ. သတ်တော်မမူ၊ အရိယာသူတော်ကောင်းကြီးတွေက, ရဟန္တာ အရှင်မြတ်ကြီးတွေ, ရဟန္တာမအရှင်မြတ်ကြီးတွေက စိတ်အားဖြင့်သော်မှ ပြစ်မှားပြီးတော့မှ သူတစ်ပါးကို သတ်လေ့ရှိတော်မမူ၊ သတ်တော်မမူ၊ ဘုန်းကြီးတို့ ပုထုဇဉ်တွေကစိတ်အနေနဲ့ကျတော့သတ်ချင်သတ်နေတတ်တယ်၊ ခိုးချင်ခိုးနေ တတ်တယ်၊ လိမ်ချင်လိမ်နေတတ်တယ်၊ သောက်ချင်သောက်နေတတ်တယ်၊ အရိယာသူတော်ကောင်းကြီးတွေ, ဘုရားပစ္စေကာ အရိယာသူတော်ကောင်းကြီး တွေက စိတ်အားဖြင့်သော်မှ သတ်လည်းမသတ်၊ ခိုးလည်းမခိုး၊ သူများ သားမယားလည်း မကျူးလွန်၊ လိမ်လည်းမလိမ်၊ သောက်လည်းမသောက်၊ ဒီတော့ ဘုန်းကြီးတို့ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေအနေနဲ့ ကိုယ်အားဖြင့် နှုတ်အားဖြင့် စင်ကြယ်ကြသော်လည်း ကိုယ်အားဖြင့်, နှုတ်အားဖြင့် ဘုရားပစ္စေကာ အရိယာအပေါင်း သူတော်ကောင်းကြီးတွေကို တူအောင် တုနိုင်ကြသော်လည်း၊ စိတ်အားဖြင့် တူအောင်တုဘို့ လိုသေးတယ် ....တဲ့၊ လိုသေးတယ်။

အဲဒီ လိုနေတာလေးကို တရားနာရင်းနဲ့တုကြမယ်၊ အခု တရားတော်ထဲ စိုက်ပြီးတော့ နာနေတဲ့အခိုက်၊ တရားအားရုံထဲ စိုက်ပြီးတော့ နားထောင်နေတဲ့ အခိုက်မှာ၊ သူများအသက် သတ်တယ်ဆိုတဲ့အမှုကြီး မပေါ်လာပါ၊ စိတ်က တရားထဲစိုက်ပြီး ဟောတဲ့တရားနောက် စိုက်ပြီးတော့ ပါနေတဲ့အချိန်မှာ တရားထဲ စိတ်ရောက်နေ တရားနဲ့စိတ်နဲ့တွေ့နေတယ်၊ တရားအာရုံနဲ့စိတ်နဲ့ လုံးနေတယ်၊ တရား အာရုံနဲ့စိတ်နဲ့ ကပ်နေတဲ့အချိန် ကိုယ်မုန်းတီးတဲ့ပုဂ္ဂိုလ်တွေ စိတ်ထဲမှာ မပေါ်လာသဖြင့် အဲဒီမပေါ်လာတဲ့အာရုံကို အကြောင်းပြုပြီးသကာလ သတ်ခြင်းဖြတ်ခြင်းဆိုတဲ့အမှုတွေ မရှိနိုင်၊ တရားထဲ စိတ်စိုက်ပြီးတော့ အာရုံ စိုက်ပြီးတော့ နာနေတဲ့အချိန်မှာ သူများကို သတ်ချင်စိတ်တွေ၊ သူများပစ္စည်း ခိုးချင်စိတ်တွေ မလာနိုင်. မပေါ်နိုင်. မရှိနိုင်၊ အဲဒီကျတော့ တူပြီ ဘုရားနဲ့၊ ဘုရားကိုယ်တော်မြတ်ကြီးသည် တရားထဲမှာ စိတ်ရောက်နေတတ်သလို မိမိတို့ ကလည်းပဲ တရားထဲမှာ စိတ်ရောက်နေခြင်းကြောင့် ဘုရားကိုယ်တော်မြတ်ကြီးနဲ့

စိတ်ချင်းလည်း တူကြပြီ ဒီအချိန်မှာ၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကြီးတွေ ရဟန္တာ အရှင်မြတ်ကြီးတွေ ရဟန္တာမ အရှင်မြတ်ကြီးတွေနဲ့ စိတ်အားဖြင့်တူကြပြီ၊ အဲဒီလိုတူအောင် တရားတစ်နာရီလောက် (သို့မဟုတ်) တစ်နာရီခွဲလောက် စိတ်စိုက်ပြီးတော့ နာကြရအောင်—

**ယေဂဟဌာ ပုညကရာ, သီလဝန္တော ဥပါသကာ၊**
**ဓမ္မေန ပုတ္တံ ပေါသေန္တိ, တေ နမဿာမိ မာတလိ။**

မာတလိ–သိလိုရေးနဲ့ မေးလျှောက်လာငြား, အို....မာတလိ အမောင် နတ်သား။ ယေဂဟဌာ–အိမ်ရာတည်ထောင်, လူ့ဘောင်မှာနေငြား, အကြင် အမျိုးသား, အမျိုးသမီးတို့သည်။ ဥပါသကာ–ရတနာသုံးရပ်, မြတ်ထက်မြတ်ကို, လေးမြတ်ကြည်ညို, ရိုသေမပြတ်, ထိပ်မှာကပ်၍, သွားတတ်လာတတ်, နေထိုင်တတ်ကြပါပေကုန်၏။ သီလ ဝန္တော–ငါးပါးရှစ်ပါး, အစထား၍, များပြားစွာတောင်း, သိက္ခာပုဒ် သီလအပေါင်းကိုလည်း, ကောင်းစွာမသွေ့, ထိန်းသိမ်းစောင့်ရှောက်၍, နေကြပါပေကုန်၏။ ပုညကရာ–ဒါနစသား, ကောင်းမှုတရားတို့ကိုလည်း, ကြိုးစားအားထုတ်, ပြုလုပ်ဖော်ရကြပါပေကုန်၏။ ဓမ္မေန–တရား လမ်းကြောင်း, မစောင်းသောနည်းလမ်းအားဖြင့်လည်းပဲ။ ပုတ္တံ–သား သမီးနဲ့ မြေးမြစ်တစ်ဖြာ, ကိုယ့်ရဲ့အဆက်အနွယ်, အရာရာကို။ ပေါသေန္တိ–အရေးတယူ, မွေးမြူလုပ်ကျွေး၍, နေကြပါပေကုန်၏။ တေ–ထိုဆိုအပ် ခဲ့တုံ့, ဂုဏ်လေးစုံဖြင့်, ပြည့်စုံကြငြား, အမျိုးကောင်းသား, အမျိုးကောင်း သမီးတို့ကို၊ အဟံ–တာဝတိံသာစိုးတဲ့, မိုးသိကြားခေါ်တဲ့ ငါသိကြားမင်းကြီးက၊ နမဿာမိ–ကျေးဇူးကိုတင်, ဂုဏ်အင်ကိုမြတ်နိုးလို့မို့ ရှိခိုး ရှိခိုး၍ နေရပါပေသတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

ယနေ့ မြန်မာကောဇာသက္ကရာဇ် ၁၃၅၃–ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော်(၆) ရက်နေ့ညမှာ၊ အမရပူရမြို့ စိန်မြို့လယ်ဓမ္မာရုံကြီး၌ (၃) ညမြောက် တတိယမြောက်ကျင်းပအပ်တဲ့ ယနေ့ညတရားပွဲသည်ကား၊ အမရပူရမြို့ မန္တလေးမြို့ အမှတ်(၈) မော်တော်ယာဉ်အသင်းကြီးရဲ့ (၃၅) ကြိမ်မြောက်

(၃၅) နှစ်မြောက် ဗုဒ္ဓမြတ်စွာ သာသနာတော်ကို ကထိန်တော်ဖြင့် လှူဒါန်း ကော်ရော် ပူဇော်တဲ့ပွဲ....တဲ့၊ ကထိန်ပူဇော်ပွဲကို အကြောင်းပြုပြီးသကာလ ဖြစ်ပေါ်လာတဲ့တရားပွဲ၊ အမရပူရမြို့ အမှတ် (၈) မော်တော်ယာဉ်အသင်းကြီးက နှစ်စဉ်နှစ်စဉ်မပျက် ဘုရားသာသနာတော်ကြီးကို ကထိန်တော်ဖြင့် လှူဒါန်း ကော်ရော် ပူဇော်ပြီးတော့ လာခဲ့ကြတာ၊ ကထိန်ဥတ်မသက်န်းကြီးကို အခြေခံပြီးသကာလ ဥတ်ရဲ့ အဖြစ်ဖြင့် လှူဖွယ်တန်းဘွယ် အသွယ်သွယ်တို့ကို ကြည်ညိုဖွယ်ရာ ခင်းကျင်းပြသပြီးသကာလ ပူဇော်လှူဒါန်းပြီးတော့ လာခဲ့ကြတာ (၃၅) ကြိမ်မြောက် ရောက်ခဲ့ပြီ၊

ဒီနှစ်အနေနဲ့လည်းပဲ မဲကျရာဖြစ်တဲ့ အမရပူရမြို့ ရွှေရင်ရဲကျောင်းမှာ ဝါကပ်တော်မူကြတဲ့ သံဃာတော်အရှင်မြတ်တို့အား အကျိုးတရားငါးပါးတို့ကို ရစေတတ်တဲ့ ကထိန်သင်္ကန်းကြီးကို ကထိန်ခေတ်မကုန်ခင်မှာ ဆက်ကပ် လှူဒါန်းသမှုကို ပြုနိုင်ခဲ့ကြပြီး၊ အကျိုးတရားငါးပါးတို့ကို တပေါင်းလပြည့် တိုင်အောင် သံဃာတော်အရှင်မြတ်များ လေးလကျော်ကျော် ငါးလနီးပါး အကျိုးတရားငါးပါးကို ရစေတတ်တဲ့၊ ကထိန်သင်္ကန်းကြီးကို ဆက်ကပ်လှူဒါန်း ခဲ့ကြပြီးတဲ့အပြင်၊ လွန်ခဲ့သော တန်ဆောင်မုန်းလပြည့်ကျော် (၈) ရက်နေ့က လည်းပဲ ပင့်သံဃာတော် အရှင်မြတ် (၈၀) ကျော် (၉၀) ခန့်တို့အား မိမိတို့ရဲ့ အသင်းတိုက်ကြီးသို့ ပင့်ဖိတ်ပြီးသကာလ မွန်မြတ်သော ဒန်ပေါက်ဆွမ်းတို့ဖြင့် ဆက်ကပ် လှူဒါန်းသမှုကို ပြုကြခြင်း၊

ယနေ့မှ မနက်ဖန်ခါ သဘက်ခါကာလဆိုတဲ့ ကာလမှာလဲပဲ ကထိန် မဲကျရာကျောင်းတိုက်မှာရှိတဲ့ သံဃာတော်အရှင်မြတ်များအား၊ သီးမျိုးစုံ ပဒေသာပင်တို့ဖြင့် တန်ဆာဆင်ထားအပ်တဲ့ ကထိန်သင်္ကန်းနှင့်တကွ လှူဖွယ်တန်းဖွယ် အသွယ်သွယ်တို့ကို ဆက်ကပ်လှူဒါန်းသမှုကို ပြုကြခြင်းလို့၊ အဲဒီလိုအားဖြင့် (၃၅) ကြိမ်မြောက် မော်တော်ယာဉ်အသင်းကြီးရဲ့ ကထိန်၊ အမှတ်(၈) မော်တော်ယာဉ်အသင်းကြီးရဲ့ မဟာဘုံကထိန်ကို အကြောင်းပြုပြီး သကာလ၊ ယနေ့ည ဖြစ်ပေါ်လာတဲ့ တရားပွဲ၊

အဲဒီလို ကထိန်အလှူကို လှူဒါန်းကြရင်းနဲ့ ဓမ္မပူဇာအဖြစ်နဲ့ ထူးထူးခြားခြား မိမိတို့ အမရပူရမြို့ရဲ့ မြို့ဦးမြို့ထိပ်၌ တည်ထားဆဲ ပြုပြင်ဆဲဖြစ်သော ရွှေမုဋ္ဌော မဟာသိမ်တော်ကြီးမြတ်စွာဘုရားအား၊ အထူးသဖြင့် ကကုသန်, ကောဏဂုံ, ကဿပ, ဂေါတမဆိုတဲ့ ဘုရားလေးဆူတို့ရဲ့ ကိုယ်စားတော်ကြီးများ လေးဆူ သီတင်းသုံးရာဖြစ်တဲ့ ရွှေမုဋ္ဌော မဟာသိမ်တော်ကြီး မြတ်စွာဘုရားအား၊ ရွှေမုဋ္ဌော မဟာသိမ်တော်ကြီး မြတ်စွာဘုရားထဲမှာ အရှေ့ဘက်လှည့်၍ တစ်ဆူ, အနောက်ဘက်လှည့်၍ တစ်ဆူ, တောင်ဘက်, မြောက်ဘက်လှည့်ပြီးတော့ တစ်ဆူလို့ လေးဆူ၊ ဉာဏ်တော် (၅) တောင်နီးပါးရှိတဲ့ ရပ်ပွားဆင်းတုတော် မြတ်ကြီးများ သီတင်းသုံးဖို့ရာ ပလ္လင်ကြီးများ ပြင်ဆင်ပြီးတော့ထားတာကို ကြည့်ခြင်းဖြင့်၊ ရပ်ပွားဆင်းတုတော်ကြီးများတော့ မတွေ့ရတော့ဘူးပေါ့၊

သို့သော် ရပ်ပွား ဆင်းတုတော်မြတ်ကြီးများ သီတင်းသုံးဖို့ရာ သီတင်းသုံးစရာဖြစ်တဲ့ ပလ္လင်တော်ကြီးများကို တွေ့ရခြင်းအားဖြင့်၊ ဤဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူပြီး ဖြစ်ကြတဲ့ ကကုသန်, ကောဏဂုံ, ကဿပ, ဂေါတမဘုရားလေးဆူ, ကိုယ်တော်မြတ်ကြီးများရဲ့ ကိုယ်စားတော်ဖြစ်တဲ့ ရုပ်ပွားဆင်းတုတော်လေးဆူ သီတင်းသုံးနေထိုင်ဖို့ရာ သီတင်းသုံးနေထိုင်ခဲ့တယ်၊ (သို့မဟုတ်) သီတင်းသုံး နေထိုင်ဖို့ရာ စီမံထားအပ်တဲ့ပလ္လင်တော်ကြီးတွေလို့ သိရသဖြင့်၊ ဘုရားလေးဆူတို့ရဲ့ သီတင်းသုံးရာဖြစ်တဲ့ ရွှေမုဋ္ဌော မဟာသိမ်တော်ကြီး မြတ်စွာဘုရားအား အမှတ်(၈)မော်တော်ယာဉ် အသင်းသူ, အသင်းသား ဒကာ-ဒကာမများအပေါင်း သူတော်ကောင်းတွေက မိမိတို့ရဲ့ ချွေးနီးစာဖြစ်တဲ့ ဝတ္ထုကျပ်ငွေတွေထဲက နေပြီးတော့ ငွေကျပ်တစ်သောင်း ဗုဒ္ဓပူဇနီယကောင်းမှုအဖြစ်ဖြင့် လှူဒါန်း ကော်ရော်ပူဇော်ကြခြင်းလို့၊ ဘုရားကို ပူဇော်တဲ့ ကုသိုလ်ကောင်းမှုကြီး ဒီနှစ် ထူးထူးခြားခြားပါဝင်ပြီးတော့ လာခဲ့တယ်၊

အဲဒီလို အမှတ်(၈) မော်တော်ယာဉ်အသင်းကြီးက လှူဒါန်းကြသလိုပဲ အမရပူရမြို့ ရပ်ကွက်အသီးသီးမှာ နေထိုင်ကြတဲ့ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေကလဲပဲ အခုလို စုစုဝေးဝေးနဲ့ မဟုတ်ကြသော်လည်း မိမိတို့ တတ်စွမ်းသမျှနဲ့ နည်းများမဟူ လှူဒါန်းကော်ရော် ပူဇော်ပြီးတော့ နေကြခြင်းဖြင့်၊

မိမိတို့ရဲ့ မြို့ဦးမြို့ထိပ်၌ သာသနာ့သမိုင်းမှာ စာတင်ရမည့် ဂန္ထဝင်မြောက်မည့် ဘုရားရှင် ကိုယ်တော်မြတ်ကြီးတစ်ဆူကို ဒို့ စုပေါင်းအားနဲ့ တည်ထားကိုးကွယ် ပူဇော်ကြရပြီ....လို့ ဝမ်းသာကြဘို့, ဝမ်းမြောက်ကြဘို့၊ အမရပူရမြို့ရဲ့ နောက်သမိုင်းတစ်လျှောက်မှာ အဆက်ဆက် ပြောပြီးသကာလ ဂန္ထဝင်မြောက်, ရာဇဝင်မြောက် သာသနာ့သမိုင်း ဂန္ထဝင်မြောက် တည်ရှိနေရစ်မယ့် ရွှေမုဋ္ဌော မဟာသိမ်တော်ကြီးမြတ်စွာဘုရား။

အမရပူရမြို့ရဲ့ ထင်ရှားတဲ့အမှတ်သားကြီးတွေ သာသနာဝင်, သမိုင်းဝင်, အမှတ်အသားကြီးတွေ ပြောလိုက်စမ်းပါဆိုရင်ဖြင့် အရှေ့ဘက်က ကျောက်တော်ကြီး၊ တောင်သမန် ဦးပိန်တံတားဒီဘက်ထိပ် ရောက်လာတော့ တောင်မင်းကြီး၊ ဟို....မြောက်ဆီကိုလှမ်းပြီးတော့ ကြည့်လိုက်တော့ ပုထိုးတော်ကြီး၊ ရွှေဂူကြီး ဟို....အနောက်ဘက်ဆီ သွားလိုက် ပြန်တော့၊ မြို့လယ်ခေါင်ဆီ သွားလိုက်ပြန်တော့ ဘုရားသုံးဆူတို့၊ ဆုတောင်းပြည့် မြတ်စွာဘုရားတို့၊ အစရှိသည်ဖြင့် အသီးသီးသော မြို့ရဲ့ကျက်သရေဆောင်, မြို့ရဲ့အထွဋ်, မြို့ရဲ့ဦးထိပ်ဖြစ်တော်မူကြတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးတွေ အသီးသီး သီတင်းသုံးပြီးတော့ နေတော်မူကြတယ်၊

အဲဒီလို သီးတင်းသုံးပြီး နေတော်မူကြတဲ့အထဲမှာဖြင့် အမရပူရမြို့ရဲ့ တောင်ပိုင်းရပ်ကွက်ထဲမှာ မြို့ဦးမြို့ထိပ်ဆီမှာဖြင့် ဤရွှေမုဋ္ဌော မဟာသိမ်တော်ကြီး မြတ်စွာဘုရားသည် တစ်ဆူအဖြစ်ဖြင့် ပါဝင်ပြီးတော့ လာတော့မယ်၊ အမရပူရရဲ့ မြို့ဦးမြို့ထိပ် ကျက်သရေဆောင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးတစ်ဆူအဖြစ်နဲ့ သာသနာဝင်, သမိုင်းဝင်အဖြစ်ဖြင့် ဂန္ထဝင်မြောက် ပေါက်ရောက်ပြီးသကာလ လာတော့မယ့် ရွှေမုဋ္ဌော မဟာသိမ်တော်ကြီးမြစ်စွာဘုရား၊ အဲဒီ ရွှေမုဋ္ဌော မဟာသိမ်တော်ကြီး မြတ်စွာဘုရား၊ စောစောတုန်းကတော့ တန်ခိုးနုတ်ပြီးတော့ နေရှာတယ်၊ **"ရဟန်းအဆင်း ခေါင်းဝင်းဝင်း, မြို့ရွာအဆင်း ဘုရားကွင်း, ကျောင်း၏ အဆင်း ကျောင်းတလင်း"** လို့ ရှေးဦးက စကားပုံများဆိုကြတဲ့ အတိုင်း ရဟန်းများရဲ့အဆင်း ခေါင်းဝင်းဝင်းတဲ့ ရဟန်းများမှာတော့ သာသနာ

ဝန်ထမ်း ရဟန်းများမှာတော့ လူဝတ်ကြောင်တွေလို အဆင်းလှဘို့ရာအတွက် ခေါင်းပေါ်မှာ ဖီးစရာ လိမ်းစရာ ဘိုကေဆိုတာလဲမရှိ၊ ဆံထုံးဆိုတာလဲမရှိ၊ လှပတင့်တယ်အောင် ချယ်သစရာ တခြားပစ္စည်းမရှိတော့ ခေါင်းကလေး ပြောင်ပြောင်လက်လက် ဝင်းနေအောင်ရိပ်ထားလိုက်ရင် ရဟန်းတော်လေးရဲ့ မျက်နှာက ကျက်သရေရှိပြီးတော့ တင့်တယ်လှပ ပြီးတော့နေလို့မို့ ရဟန်းအဆင်း ခေါင်းဝင်းဝင်း၊

ကျောင်း၏အဆင်း ကျောင်းတလင်း ရဟန်းတော်များ သီတင်းသုံးရာ ဖြစ်တဲ့ကျောင်းများ ကပ်ထရံကာ ကပ်မိုးကျောင်းကလေးပင် ဖြစ်လင့်ကစား၊ ကျောင်းပတ်ဝန်းကျင် ကျောင်းတလင်း သန့်သန့်ရှင်းရှင်း လှည်းကျင်းပြီးသကာလ ရေအိုးကလေးများတည်လို့၊ အမိုက်သရိုက်တွေ ရှင်းပြီးတော့ လင်းပြီးတော့ နေရင်ဖြင့် ကျောင်းလေး ကျက်သရေရှိပြီးတော့ နေတယ်၊ ကျောင်းလေး လှပြီးတော့နေတယ်၊ ဒါကြောင့် ကျောင်း၏အဆင်း ကျောင်းတလင်း။

မြို့ရွာအဆင်း ဘုရားကွင်းတဲ့ တောရွာမှာပဲဖြစ်ဖြစ်၊ မြို့မှာပဲဖြစ်ဖြစ်၊ တောရွာတွေမှာလဲ ရွာဦးရွာထိပ်က စေတီပုထိုးတွေ ထုံးသင်္ကန်းဖွေးဖွေး၊ ရွှေသင်္ကန်းဝင်းဝင်းနဲ့ ရွှေထီးတော် တဝင်းဝင်း တလင်းလင်းနဲ့ ဆွဲလည်းသံ တညံ့ညံ့နဲ့ဆိုခဲ့ရင် ထိုကျေးရွာ ကျက်သရေ ရှိပါတယ်၊ ထိုကျေးရွာ လှပပါတယ်၊ ရွာဦးရွာထိပ် ဘုရားငုတ်တွေက ကျိုးတာကကျိုး, ပဲ့တာကပဲ့, ယိုင်တာကယိုင်, နဲ့တာကနဲ့ ထုံးသင်္ကန်းမကပ်ကြသဖြင့် စေတီတော်မြတ်ကြီးတွေလည်း ဟောင်းနွမ်းလို့ဆိုခဲ့ရင် ထိုရွာ ကျက်သရေမရှိ၊ ထိုမြို့ ကျက်သရေမရှိ၊ အရုပ်ဆိုးလို့ ရွာဦးရွာထိပ်က စေတီကြီးက ထီးပျက်ပြီးတော့ လည်ဆစ်က ပျက်နေတာက ပျက်နေ၊ အက်နေတာက အက်နေ, ပဲ့နေတာကပဲ့နေ, ယိုင်နေတာက ယိုင်နေ ဆိုရင် တစ်ရွာလုံး ကျက်သရေမရှိတော့ဘူး၊ ရွာကိုခြုံငုံပြီး ကြည့်ရတာသည် ပင်လျှင် ကျက်သရေမရှိဘူး၊

အဲ ရွာဦး ရွာထိပ်မှာ စေတီပုထိုးက ထုံးသင်္ကန်းဖွေးဖွေးနဲ့ ရွှေထီးတော် တဝင်းဝင်းနဲ့၊ ဆွဲလည်းသံတညံ့ညံ့နဲ့ဆိုခဲ့ရင် အဲဒီရွာတစ်ရွာလုံး ကြည့်လို့

ကျက်သရေ ရှိပါတယ်၊ ကြည့်လို့ တင့်တယ်ပါတယ်၊ ကြည့်လို့ လှပပါတယ်၊ ထို့အတူ မြို့ဦးမြို့ထိပ်မှာ ဘုရားစေတီတော်မြတ်ကြီးက ထီးတွေကျိုး, စေတီတော်တွေက ပွဲတာကပဲ့၊ အက်တာက အက်, ပျက်တာကပျက်စသည်ဖြင့် ဘုရားငုတ်တိုတွေ ပေါ်ပြီးတော့ နေရင်ဖြင့် ထိုမြို့ ကျက်သရေမရှိ၊ ထိုမြို့ မတင့်တယ်၊ ထိုမြို့ မလှပ၊ မြို့ကျက်သရေမရှိရုံသာမက မြို့တွင်းမှာနေကြတဲ့ လူအပေါင်းတို့ရဲ့ သဒ္ဓါ တရားကိုလဲပဲ၊ စိတ်စေတနာ သဒ္ဓါတရားတွေကိုလည်းပဲ အရုပ်ဆိုး နေကြပြီလို့ သူတော်ကောင်းတွေက သိကြပါတယ်၊ သူတော်ကောင်းတွေက အကဲခတ်ကြပါတယ်၊ ကိုယ့် ရွာဦးရွာထိပ်က ဘုရားကိုမှ တင့်တင့်တယ်တယ် မပြုပြင်နိုင်ကြဘူးဆိုရင်၊ ကိုယ့် မြို့ဦးမြို့ထိပ်က ဘုရားကိုမှ တင့်တယ်အောင် မပြုပြင်နိုင်ကြဘူးဆိုရင်၊ ထိုမြို့မှာနေတဲ့သူ, ထိုရွာမှာနေတဲ့သူတွေရဲ့ စေတနာ သဒ္ဓါ အားနည်းကြပြီ၊ အမှတ်တမဲ့နိုင်ကြပြီ, အမှုမဲ့အမှတ်မဲ့နိုင်နေကြပြီလို့ သူတော်ကောင်းတွေ အဆက်ဆက်က အကဲခတ်ခံရပြီးသကာလ အရုပ်ဆိုးရတယ်၊

ဒီလိုမဟုတ်ပဲနဲ့ ကိုယ့် မြို့ဦးမြို့ထိပ်က, ကိုယ့် ရွာဦးရွာထိပ်က ဘုရားပုထိုးစေတီ ပျက်နေတာတွေကို ပြင်၊ ထုံးသင်္ကန်း မရှိတာတွေကပ်၊ တတ်နိုင်သေးရင် ရွှေသင်္ကန်း, မှန်သင်္ကန်း ဆက်ကပ်လှူဒါန်းပြီးတော့ ရွှေထီးတော်တဝင်းဝင်း, ဆွဲလည်းသံ တညံ့ညံ့နဲ့ ရှိနေခဲ့ပြီဆိုရင် ဒီမြို့ ဒီရွာကလူတွေတော်ကြပါပေတယ်....လို့၊ သူတော်ကောင်းဖြစ်တဲ့ လူတွေ နတ်တွေက ချီးကျူးကြတယ်၊ ဂုဏ်တင်ကြတယ်၊ လှကြပါပေတယ်၊ စေတနာတွေ လှကြပါပေတယ်၊ သဒ္ဓါတွေ လှကြပါပေတယ်၊ ကြည်ညိုဖွယ်ကောင်းကြပါပေတယ်လို့ ဂုဏ်တင်ခံရတဲ့အပြင် မြို့ရဲ့ ကျက်သရေဆောင်လည်းဖြစ်ကြတယ်၊ မြို့ရဲ့ ကျက်သရေဆောင်ကြီးတွေလည်း ဖြစ်ပါတယ်၊ မြို့တစ်မြို့လုံးလည်း လှပါမယ်၊

အဲဒီတော့ ဘုန်းကြီးတို့ အမရပူရမြို့မှာ အရှေ့ဘက်ကြည့်လိုက်ရင်လည်း ကျောက်တော်ကြီးဘုရားက ပြင်ဆင်မွမ်းမံထားလို့ ကျက်သရေရှိလို့ လှလိုက်တာ၊ မြို့ရဲ့မြောက်ပိုင်းဆီကို သွားလိုက်ပြန်ရင်လည်း ပုထိုးတော်ကြီးဘုရားဝိုင်းပြီးတော့ ပြုကြပြင်ကြ ပြင်ဆင်ကြနဲ့ အဲဒီရပ်ကွက်က ဒကာ–ဒကာမအပေါင်း

သူတော်ကောင်းတွေရဲ့ စေတနာ သဒ္ဓါအားတွေ လှလို့မို့ ဘုရားကိုယ်တော်မြတ်ကြီးလဲ သပ္ပာယ်၊ ရွှေဂူကြီး မြတ်စွာဘုရားဝင်းကို လှမ်းပြီးတော့ ကြည့်လိုက်ပြန်ရင်လည်းပဲ တင့်တယ်လို့၊ ကျက်သရေရှိလို့, လှပလို့၊ အနောက်မြို့ရဲ့အပိုင်းအလယ်ပိုင်း, အနောက်ပိုင်းတခွင်လှည့်ပြီးတော့ ကြည့်လာခဲ့ရင်လဲပဲ ပြုပြင်မွမ်းမံပြင်ဆင်ထားလိုက်တဲ့အတွက် ကျက်သရေရှိလို့၊

အဲဒီ အထဲကမှ ရွှေမုဋ္ဌော မဟာသိမ်တော်ကြီးမြတ်စွာဘုရားလို့ အခုဖြစ်လာတဲ့ ဘုရားနီဘုရားကြီးက အင်မတန်ချောမောလှပတဲ့ ကျက်သရေနဲ့ တက်နေလင်းနေသလို လှပနေတဲ့။ အမျိုးသား အမျိုးသမီးရဲ့ မျက်နှာမှာ ကျောက်ပေါက်မာ တခွက်ရှိနေသလို၊ အင်မတန်ချော, အင်မတန်လှတဲ့ အမျိုးသမီးရဲ့ မျက်နှာပေါ်မှာ ကျောက်ပေါက်မာ တခွက်ရှိတော့ ရုပ်ပျက်သလို၊ အမရပူရမြို့ မြေမျက်နှာပြင်ကြီးတစ်ခုလုံး ချောမောလှပနေပါလျက်နဲ့၊ ဘုရားနီဘုရားကိုယ်တော်မြတ်ကြီးကို အကြောင်းအားလျော်စွာ တွေ့လာကြလို့ မြို့မိမြို့ဖ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေနှင့်တကွ၊ အနီးပတ်ဝန်းကျင်ရှိ ကျောင်းတိုက်အသီးသီးက သံဃာတော် အရှင်မြတ်တွေက စုပေါင်းအားနဲ့ အခု ပြုပြင်၊ မွမ်းမံပြင်ဆင်ပြီးတော့လာတဲ့အခါမှာ အားလုံး စိတ်စေတနာ သဒ္ဓါညီကြတဲ့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေက တတ်စွမ်းသမျှ ကုသိုလ်ပါဝင်ပြီးတော့လာကြလို့ အခု နဝကမ္မကျပ်ငွေ အမရပူရမြို့နှင့်တကွ ပတ်ဝန်းကျင် ဒကာ–ဒကာမ စပ်ရာစပ်ရာ လှူဒါန်းလိုက်ကြတာ သိန်းပေါင်း (၁၂) သိန်းကျော် ရရှိသွားပြီ ဘုရားကြီးပြင်ဆင်မှု အများစုပေါင်းအားနဲ့ ချီလိုက် မ,လိုက်တော့ သမိုင်းဝင်ဘုရား ကိုယ်တော်မြတ်ကြီးတစ်ဆူအဖြစ်နဲ့ သာသနာ့သမိုင်းဝင် ဂန္ထဝင်မြောက်အောင် အမရပူရမြို့ မြို့ဦးမြို့ထိပ် ကျက်သရေဆောင်အဖြစ်နဲ့ တည်ရှိပြီးတော့ နေရစ်အုန်းမယ်၊

အဲဒီ တည်ရှိနေရစ်မယ့် ဘုရားကိုယ်တော်မြတ်ကြီးကို ဒီနေ့ အမရပူရမြို့ အမှတ်(၈)မော်တော်ယာဉ် အသင်းသူ, အသင်းသား ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေကလဲ ဒီ့ရဲ့ ချွေးနီးစာထဲကနေပြီးတော့ ငွေကျပ်တစ်သောင်း

ဖြင့် လှူဒါန်းကော်ရော် ပူဇော်သမှု ပြုကြပါကုန် ၏....လို့ လှူဒါန်းကော်ရော် ပူဇော်တဲ့ပွဲကြီးကလည်း ပါတာမို့လို့ ပရိသတ်ကြီး လိုက်ဆိုစမ်းပါ—

## ❖ ဘုရားကိုးကွယ်, တန်ခိုးကြွယ်, အပါယ်မကျနိဗ္ဗာန်ရ။

အဲဒီလို ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား လှူဒါန်းကော်ရော် ပူဇော်တဲ့ အမှုကို ပြုခြင်းသည်၊ သက်တော်ထင်ရှား ဘုရားရှင်ကိုယ်တော်မြတ် ဘုရားရှင်ကိုယ်တော်မြတ် လေးဆူတို့ရဲ့ကိုယ်စားတော်ကြီး လေးပါး သီတင်းသုံးရာ ဖြစ်တဲ့ ရွှေမုဋ္ဌောမဟာသိမ်တော်ကြီး မြတ်စွာဘုရားကို လှူဒါန်းကော်ရော် ပူဇော်ခြင်းဖြင့် ဘုရားကိုပူဇော်တာမို့လို့ ဘုရားကို ကိုးကွယ်တာမို့လို့ ဘုရားကို ဆည်းကပ်တာမို့လို့၊ ဘုရားကို အားကိုးတာမို့လို့ အမှတ်(၈) မော်တော်ယာဉ် အသင်းသူ, အသင်းသား ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေမှာ ပစ္စုပ္ပန်ကျိုး ဘာရတတ်သလဲ၊ သံသရာကျိုး ဘာရတတ်သလဲ....လို့ မေးရင်ဖြင့် ကျမ်းဂန်ကဖြေထားတဲ့ အဖြေနဲ့ ပြောရရင်—

အဲဒီလို ဘုရားကို ကိုးကွယ်လေ့ရှိ, ပူဇော်လေ့ရှိတဲ့ အမျိုးသား, အမျိုးသမီးတွေမှာ ပစ္စုပ္ပန်ကျိုး ဘာရတတ်တုန်းဆိုရင် တန်ခိုးကြွယ်ခြင်း ဆိုတဲ့အကျိုးကို ရတတ်တယ်၊ တန်ခိုးကြီးခြင်း, တန်ခိုးကြွယ်ခြင်း, တန်ခိုး တက်လာခြင်း, တန်ခိုးဆိုတာ ဘာတုန်းဆိုရင် အရှိန်တွေ, သတ္တိတွေ, အဟုန်တွေ ကြီးထွားလာခြင်း။ ဘုရားကို ကိုးကွယ်ပူဇော်လိုက်တော့ ဘုရားရဲ့ဓာတ်တွေက ကိုယ့်မှာကူးပြီးတော့၊ ဆိုပါတော့ အမှတ်(၈) မော်တော်ယာဉ်အသင်းသူ, အသင်းသား ဒကာ–ဒကာမ အပေါင်း သူတော်ကောင်းတွေက ဒို့ ရွှေမုဋ္ဌော မြတ်စွာဘုရားကိုလည်း ဒို့ ဒီတစ်ခါ ကထိန် (၃၅) ကြိမ်မြောက် ကထိန်မှာ ပူဇော်မယ်....လို့၊ ဆုံးဖြတ်လိုက်သည်နှင့်တပြိုင်နက် ဘုရားကို လှူမယ်, ဘုရားကို ငွေတစ်သောင်းလှူမယ်၊ ဘုရားကို ငွေတစ်သောင်း လှူမယ်, ဘုရားကို ငွေတစ်သောင်းလှူမယ်ဆိုတဲ့ ပုဗ္ဗစေတနာဇောတွေ အစောကြီးထဲက သူတို့ စိတ်ထဲမှာ ဖြစ်နေပြီ၊ စပ်ရာစပ်ရာ ကားမောင်းတဲ့သူတွေ, ကားနောက်လိုက်ရတဲ့ သူတွေ, ကားပိုင်ရှင်တွေသန္တာန်မှာလဲပဲ ရွှေမုဋ္ဌော မဟာသိမ်တော်ကြီး

မြတ်စွာဘုရား ပြုပြင်တဲ့နေရာ ဒို့က ကူရအုန်းမှာလို့ စိတ်တွေက တဖွားဖွား ဖြစ်ကုန်ပြီ၊ ပရိသတ်ကြီး မဖြစ်ဘူးလား? ဖြစ်ပါတယ်ဘုရား။

ပုဗ္ဗစေတနာလို့ခေါ်တဲ့ ရှေ့ပိုင်း စေတနာတွေနဲ့ ထပ်တလဲလဲ ဘုရားကို အာရုံပြုပြီးသကာလ သတိရလိုက်တိုင်း သတိရလိုက်တိုင်း ရွှေမုဋ္ဌော မဟာသိမ်တော်ကြီး မြတ်စွာဘုရား ဘုရားနားဖြတ်သွားမိရင်ပဲ၊ ဒီဘုရားကြီး ဒို့ လှူအုန်းမှာ၊ စိတ်က ဘုရားနဲ့တွေ့သွားပြီ၊ အိမ်ကနေပြီးတော့ ထိုင်နေရင်း လည်းပဲ ဒို့ ကထိန်ချိန်ကြတော့ ဘုရားကို၊ ဒို့ ရွှေမုဋ္ဌောမဟာသိမ်တော်ကြီး ဘုရားကိုယ်တော်မြတ်ကြီးကို ဒို့ လှူအုန်းမှ၊ ဘုရားကိုယ်တော်မြတ်ကြီးမှ တစ်ဆူမဟုတ်ဘူး၊ ဤဘဒ္ဒကမ္ဘာမှာ ပွင့်သွားတဲ့ ကကုသန်, ကောဏာဂုံ, ကဿပ, ဂေါတမ ဘုရားလေးဆူ သီတင်းသုံးတော်မူတဲ့ ဘုရား ကိုယ်တော်မြတ်ကြီး ဒို့ လှူရအုန်းမှာ ဒို့ လှူရအုန်းမှာ လှူရအုန်းမှာလို့ ဆိုတိုင်း ဆိုတိုင်း စိတ်နဲ့ဘုရားနဲ့ တွေ့ပါတယ်၊ စိတ်နဲ့ဘုရားနဲ့ ပေါင်းပါတယ်၊ စိတ်နဲ့ဘုရားနဲ့ လုံးပါတယ်၊ စိတ်နဲ့ဘုရားနဲ့ ကပ်ပါတယ်၊ မကပ်ဘူးလား ပရိသတ်ကြီး? ကပ်ပါတယ်ဘုရား။ အဲဒါ ဗုဒ္ဓါနုဿတိလို့ ခေါ်ပါတယ်၊

ဘုရားနဲ့စိတ်နဲ့ကပ်တော့ ဘုရားဆိုတာ ဘုန်းတော်အနန္တ, ကံတော်အနန္တ, ဉာဏ်တော်အနန္တတို့နဲ့ ပြည့်စုံတော်မူတဲ့ ဘုရားကိုယ်တော်မြတ်ကြီး၊ အဲဒီ ဘုန်းတော်အနန္တရှင်, ကံတော်အနန္တရှင်, ဉာဏ်တော်အနန္တရှင်ဖြစ်တော်မူတဲ့ ဘုရားကိုယ်တော်မြတ်ကြီးကို စိတ်က သတိရတိုင်း သတိရတိုင်း၊ အဲဒီ ဘုရားရဲ့ တန်ခိုးတွေ, အဲဒီ ဘုရားရဲ့ သတ္တိတွေ, အဲဒီ ဘုရားရဲ့ အရှိန်တွေ, အဲဒီ ဘုရားရဲ့ အဟုန်တွေက စိတ်ထဲမှာ ကူးတယ်....တဲ့၊ ကူးတယ်။

ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ ငှက်ပျောဖက်သော်ငင်း, ပေါက်ဖက် သော်ငင်း, ဘဏ္ဍာရွက်ဖက်သော်ငင်း, ဖက်တစ်ခုခုနဲ့ အင်မတန်မွှေးကြိုင်တဲ့ စပယ်ပန်းတို့, ဇွန်ပန်းတို့ကို ထုပ်ပြီးတော့ ထားလိုက်တယ်၊ ငှက်ပျောဖက် (သို့မဟုတ်) ပေါက်ဖက်, ပေါက်ရွက်, ဘဏ္ဍာရွက်အစရှိတဲ့ အရွက်တွေမှာ နဂိုတုန်းက အမွှေးနံ့သာ မရှိသော်လည်းပဲ၊ ပရိသတ်ကြီး ငှက်ပျောရွက်မှာ

နဂိုတုန်းက မွှေးတဲ့အနံ့ ရှိရဲ့လား? မရှိပါဘူးဘုရား။ အဲဒီ ငှက်ပျောရွက်တို့ ပေါက်ရွက်တို့ အစရှိတဲ့ အရွက်တစ်ခုခုမှာ အင်မတန်မွှေးကြိုင်တဲ့ စပယ်ပန်းကို ထည့်ပြီးတော့ ထုပ်ထားလိုက်တော့၊ ငှက်ပျောရွက်, ပေါက်ရွက်တွေမှာ အမွှေးနံ့တွေ မကူးဘူးလား? ကူးပါတယ်ဘုရား။ စပယ်ပန်းတွေ ဇွန်ပန်းတွေ ဖယ်ပြစ်လိုက်ပြီးတဲ့နောက် ဒီငှက်ပျောရွက်မှာ အမွှေးဓာတ် မကျန်ရစ်ဘူးလား? ကျန်ရစ်ပါတယ်ဘုရား။

အဲဒါလိုပဲ အမျိုးကောင်းသား အမှတ် (၈) မော်တော်ယာဉ် အသင်းသူ, အသင်းသား ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေမှာပဲဖြစ်ဖြစ်၊ ဒီနေ့ တရား နာနေကြတဲ့ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေမှာပဲဖြစ်ဖြစ်၊ ရွှေမုဋ္ဌောမဟာသိမ်တော်ကြီး မြတ်စွာဘုရားကို လှူမှုတန်းမှု ပူဇော်မှု ပြုကြတဲ့ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေမှာပဲဖြစ်ဖြစ်၊ ငါတို့ ဘုရားကို လှူရအုန်းမှာ, လှူရအုန်းမှာ, လှူရအုန်းမှာ လှူရအုန်းမှာလို့ ဘုရားကို သတိရပြီးတော့ နေတဲ့စိတ်၊ ဘုရားတည်းဟူသော ဇွန်ပန်း, စပယ်ပန်း အမွှေးနံ့တွေ ဂုဏ်ရနံ့တွေသင်းနေတဲ့ ဘုရားဆိုတဲ့ အာရုံပန်းကို ထုတ်သလိုနေတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေရဲ့စိတ်မှာ ဘုရားရဲ့တန်ခိုးတွေ, ဘုရားရဲ့သတ္တိတွေ, ဘုရားရဲ့အရှိန်တွေ မကူးဘူးလား? ကူးပါတယ်ဘုရား။

အဲဒီလိုကူးတော့ ဘုရားတန်ခိုး ဘုရားသတ္တိအရှိန်တွေ ကူးလာတော့ ဘုရားကိုယ်တော်မြတ်ကြီးဆိုတာက တန်ခိုးတော်အနန္တ အရှင်၊ သူတစ်ပါးတို့ သေကြောင်းကြံလို့မရတဲ့ဘုရား။ သူတစ်ပါးတို့လက်နဲ့ အသက်မထွက်ရတဲ့ဘုရား။ သူတစ်ပါးတို့ လုပ်ကြံသတ်ဖြတ်လို့မှ မအောင်မြင်နိုင်တဲ့ဘုရား။ အတွင်းရန် အပြင်ရန်မှန်သမျှတွေကို အောင်မြင်တော်မူတဲ့ ဘုရားကိုယ်တော်မြတ်ကြီးဖြစ်တော့ အဲဒီဘုရားရဲ့ တန်ခိုးတွေ ကူးလာတော့ ဒီအမျိုးကောင်းသား, အမျိုးကောင်း သမီးမှာလည်းပဲ တန်ခိုးတွေကြီးလာတယ်....တဲ့၊ သတ္တိတွေကြီးလာတယ်၊ အရှိန်တွေကြီး လာတယ်၊ အဟုန်တွေကြီးလာတယ်၊ ဒါကြောင့် ပါဠိတော်က—

**ဗုဒ္ဓဿပူဇာ မဟာတေဇဝဍ္ဎော၊**

ဗုဒ္ဓဿ–ဘုရားရှင်ကိုယ်တော်မြတ်ကြီး အဆူဆူကို၊ ဗုဒ္ဓဿ–ဘုန်းတော် အနန္တဘုရားရှင်သခင် ကိုယ်တော်မြတ်ကြီး အဆူဆူကို။ ပူဇာ–ပူဇော်မှုကို ပြုခြင်းသည်။ (ဝါ)–စိတ်အားဖြင့် အာရုံယူခြင်း, ထိုဘုရားရှင် ကိုယ်တော် မြတ်ကြီးကို တတ်စွမ်းသမျှ လှူဒါန်းကော်ရော် ပူဇော်ခြင်းဆိုတဲ့ ဒီအမှုကို ပြုခြင်းသည်။ မဟာတေဇဝန္တော–ကြီးကျယ်ဖွင့်ထွားတဲ့ တန်ခိုးများကို ရစေတတ်, ရောက်စေတတ်သည်။ ဟောတိ–မုချမသွေ ဖြစ်ရပါပေသတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

ဟော အဲဒီလို ဘုရားကို လှူရအခုန်းမှာ. လှူရအခုန်းမှာဆိုတာနဲ့ပဲ တန်ခိုးက ကူးကုန်ပြီ၊ လှူဒါန်းနေပြီဆိုတော့ လှူနေပြီ. လှူနေပြီဆိုတော့ ပစ္စုပ္ပန် မုဥ္စစေတနာ၊ လှူပြီးတဲ့နောက် ဒို့ အောင်သွားပြန်ပြီ၊ (၃၅) နှစ်မြောက်မှာ မဟာဘုံကထိန်ကြီးကို အကြောင်းပြုပြီးသကာလ ရွှေမုဋ္ဌောမဟာသိမ်တော်ကြီး မြတ်စွာဘုရားကို ဒို့ ငွေကျပ်တစ်သောင်းဖြင့် ပူဇော်ရပြီလို့ တွေးမိတိုင်း, တွေးမိတိုင်း ပီတိလှိုင်းထပြီးတော့ ဝမ်းမြောက်ဝမ်းသာလည်းပဲ မဖြစ်နိုင်ဘူးလား? ဖြစ်နိုင်ပါတယ်ဘုရား။ အဲဒီလို ဝမ်းသာနေတိုင်း, ဝမ်းသာနေတိုင်းလည်း အမျိုးကောင်းသား အမျိုးကောင်းသမီးရဲ့ စိတ်ကလေးက ဘုရားနဲ့ တွေ့မနေဘူးလား? တွေ့နေပါတယ်ဘုရား။

ဘုရားတည်းဟူသော မွှေးကြိုင်လှတဲ့ ဂုဏ်တော်အနန္တနဲ့ မွှေးကြိုင်လှတဲ့ ဖွန်ပန်း စပယ်ပန်းကို မိမိစိတ်တည်းဟူသောဖက်နဲ့ ထုပ်နေရာမရောက်ဘူးလား? ရောက်ပါတယ်ဘုရား။ အဲဒီလို အပရစေတနာပိုင်းအနေနဲ့ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတဲ့ အချိန်မှာလည်းပဲ ဘုရားရဲ့တန်ခိုးတွေ, ဘုရားရဲ့သတ္တိတွေ, ဘုရားရဲ့ အရှိန်တွေကူးခြင်းကြောင့်၊ ထိုအမျိုးကောင်းသား, အမျိုးကောင်းသမီးမှာ တန်ခိုးတွေ ကြီးထွားပြီးတော့ လာတတ်တယ်၊ တန်ခိုးကြီးထွားလာတော့ ဘာဖြစ်တုန်း သဗ္ဗသိဒ္ဓိတဲ့ အလုံးစုံကိစ္စတွေ ပြီးစီးတယ်၊ တန်ခိုးကြီးလာတော့ ဟို မြေလှိုးမိုးပျံဆိုတဲ့ ပုဂ္ဂိုလ်ကြီးတွေ တန်ခိုးရှိလို့ မြေတွေထဲ လှိုးလိုက် မိုးပျံလိုက်ဆိုတဲ့ အလုံးစုံကိစ္စပြီသလိုပဲ....တဲ့၊

ထိုကဲ့သို့ ဘုရားဂုဏ်တွေကို အာရုံပြုပါများသဖြင့် တန်ခိုးသတ္တိရှိနေတဲ့ အမျိုးသား, အမျိုးသမီး ကြံလိုက်ရင် ကိစ္စတွေပြီးပါတယ်၊ ဖြစ်ချင်တဲ့ကိစ္စတွေ ဖြစ်ရတယ်၊ မဖြစ်သေးတဲ့ကိစ္စတွေလည်းပဲ ဖြစ်ပေါ်လာရတယ်၊ ကြံစီ စိတ်ကူး လိုက်သမျှတွေ အောင်ကြတယ်၊ ပြောလိုက်ကြသမျှတွေ အောင်ကြတယ်၊ လုပ်လိုက်သမျှတွေ အောင်ကြတယ်၊ အဲဒီလို သဗ္ဗသိဒ္ဓိ ကိုယ်အားဖြင့်၎င်း၊ နှုတ်အားဖြင့်၎င်း၊ စိတ်အားဖြင့်၎င်း၊ ကိစ္စလုံးစုံ ပြီးစီးခြင်းဆိုတဲ့ တန်ခိုး သတ္တိကို ရကြတယ်၊ ဒါကြောင့် ဘုရားကိုးကွယ် တန်ခိုးကြွယ်တယ်၊

သံသရာကျတော့ **ဘယ့်နှယ့်တုန်းလို့** ဆိုတော့ အပါယ်မကျ နိဗ္ဗာန်ရတဲ့ အပါယ်လေး**ပါးချောက်ကြီး**ထဲ ကျမသွားဘူး၊ သူ့စိတ်ကလေးက ဘုရားနဲ့ ကပ်ထားတာဖြစ်**တော့** ဘုရားက အပါယ်ကျတဲ့ပုဂ္ဂိုလ်မှ မဟုတ်ပဲ၊ ဒီတော့ သူက ဘုရားကို ကပ်ထားတယ်၊ ဘုရားကိုဖက်ထားတယ်၊ ဘုရားကိုမှီထားတယ်၊ ဘုရားနောက်မှာ ပုန်းထားတယ်ဆိုတော့ **ဘုရားကိုယ်တော်မြတ်ကြီးရဲ့** အရှိန်တန်ခိုးသတ္တိကြောင့် အပါယ်လေးပါးချောက်ထဲကျမသွားဘဲနဲ့ နောက်ဆုံး အိုဘေး, နာဘေး, သေဘေးကြီးလွတ်ရာဖြစ်တဲ့ **နိဗ္ဗာန်**ရွာကို ရောက်နိုင်တယ်၊ ဘုရားရောက်တဲ့နိဗ္ဗာန်ကို ရောက်နိုင်တယ်၊ ဘုရားဝင်နိုင်တဲ့ နိဗ္ဗာန်ကို ဝင်နိုင်တယ်၊ ဘုရားကိန်းတဲ့ နိဗ္ဗာန်ကို ကိန်းနိုင်တယ်၊ ဒါကြောင့် သံသရာကျိုးက ဘာတုန်းဆိုရင် အပါယ်လေးပါး ကျမသွားတဲ့အပြင် နိဗ္ဗာန်ကို ရနိုင်တယ်၊ နိဗ္ဗာန်ကိုရောက်နိုင်တယ် သံသရာကျိုး၊ ပစ္စုပ္ပန်ကျိုးက တန်ခိုးကြီးထွားလာခြင်း ဆိုတဲ့အကျိုးကို ရနိုင်တယ်၊ ဒါကြောင့် ဆိုလိုက်စမ်းပါ—

❖ **ဘုရားကိုးကွယ်, တန်ခိုးကြွယ်, အပါယ်မကျနိဗ္ဗာန်ရ။**
**တရားကိုးကွယ်, ပညာကြွယ်, အပါယ်မကျနိဗ္ဗာန်ရ။**

ဟော တရားကိုကိုးကွယ်, တရားကိုဆည်းကပ်, တရားနာလေ့ရှိ, တရားအားထုတ်လေ့ရှိတဲ့ ပုဂ္ဂိုလ်များကျတော့တရားကိုးကွယ် ပညာကြွယ် ....တဲ့၊ ပစ္စုပ္ပန်အကျိုး ဘာတုန်းဆိုတော့ အသိပညာ ဉာဏ်ဓာတ်တွေ ကြွယ်ဝလာတယ်၊ မသိသေးတာတွေ သိလာတယ်၊ သိပြီးသားတွေ ထပ်ပြီးတော့ရှင်းလာတယ်၊

အယူအဆမသန့်ရှင်းသေးတာတွေ သန့်ရှင်းပြီးတော့ လာစေတယ်၊ ဒီနေ့ ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ တရားတော်ကို (၃) ညတိုင်တိုင် တရားတော်ကိုနာကြတော့ တစ်ညတစ်ည နာလိုက်တိုင်း နာလိုက်တိုင်း တစ်လုံးသိ, နှစ်လုံးသိ, တစ်လုံးသိ နှစ်လုံးသိနဲ့, အသိတွေမတိုးဘူးလား? တိုးပါတယ်ဘုရား။ အခုဟောနေတဲ့ တရားကိုပင်လျှင် ဘုရားကိုဆည်းကပ် ကိုးကွယ်ခြင်းကြောင့် ပစ္စုပ္ပန်မှာ တန်ခိုးတွေကြီးထွားနိုင်တယ်ဆိုတဲ့ အသိတွေ နာလိုက်ရတော့ အဲဒီအသိတွေ, အဲဒီဗဟုသုတတွေ တိုးမလာဘူးလား? တိုးလာပါတယ်ဘုရား။

အဲဒါ တရားကိုးကွယ်ခြင်းကြောင့် အသိတိုးတယ်ဆိုတာ၊ တရားနာရုံနဲ့ကို အသိတွေ တရားကိုလက်တွေ့ကျင့်ပြီ၊ ဝိပဿနာ လက်တွေ့ရှုနေပြီဆိုတော့ မသိဖူးသေးတဲ့ ရုပ်နာမ်တွေကို သိလာတယ်၊ ငါပဲသူပဲ အထင်လွဲပြီးတော့သိနေတဲ့ အလွဲသိတွေ ပျောက်သွားပြီးတော့ ရုပ်နာမ်, ရုပ်နာမ်လို့သိတဲ့အသိတွေ ရုပ်နာမ်ရဲ့ဖြစ်ပျက်နေတဲ့သဘော၊ ဖြစ်ပျက် နေတဲ့သဘောအဖြစ်နဲ့သိတဲ့ အသိတွေ၊ အဲဒီရုပ်နာမ်ဖြစ်ပျက်တွေ ကုန်ဆုံးချုပ်ငြိမ်းသွားတဲ့ နိရောဓသစ္စာ နိဗ္ဗာန်ကိုသိတဲ့ အသိတွေ၊ အရိယာဖြစ်ပြီဆိုတော့ အဲဒီရုပ်နာမ်တွေ ဖြစ်ပျက်နေတဲ့သဘောတွေရဲ့ ကုန်သွား, ဆုံးသွား, ဖြစ်ပျက်မရှိတဲ့ ဖြစ်ပျက်ကုန်ဆုံးသွားတဲ့ နိဗ္ဗာန်ကိုပင် မြင်သိနိုင်တဲ့ အသိတွေ၊ သောတာပန်ဉာဏ်, သကဒါဂါမ်ဉာဏ်, အနာဂါမ် ဉာဏ်အသိ, မဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့ ရဟန္တာယောကျ်ား, ရဟန္တာမများ အသိဆိုတဲ့ အသိတွေ မတိုးဘူးလား? တိုးပါတယ်ဘုရား။

## ❖ တရားကိုးကွယ်, ပညာကြွယ်, အပါယ်မကျနိဗ္ဗာန်ရ။

အဲ တရားကိုးကွယ်, တရားအားထုတ်, တရားနာ, တရားအလုပ်တွေ လုပ်တော့၊ ပစ္စုပ္ပန်မှာ အသိဉာဏ်တွေတိုးတယ်၊ အသိဉာဏ်တွေ ကြွယ်တယ်၊ ဘယ်ထိကြွယ်တုန်း ရဟန္တာဖြစ်ပြီ ရဟန္တာမဖြစ်ပြီဆိုတော့ နိဗ္ဗာန်သိသည်အထိ တက်သွားမယ်....တဲ့၊ ဒါ ပစ္စုပ္ပန်အကျိုး၊ သံသရာကျိုးကဘာတုန်း အပါယ်မကျ နိဗ္ဗာန်ရ၊ ဒါကြောင့် "**တရား ကိုးကွယ်, ပညာကြွယ်, အပါယ်မကျ နိဗ္ဗာန်ရ**"၊ သံဃာကိုးကွယ်တော့ရော ဆိုတော့ ဆိုလိုက်စမ်းပါ–

## ❖ သံဃာကိုးကွယ်, စည်းစိမ်ကြွယ်, အပါယ်မကျနိဗ္ဗာန်ရ။

သံဃာကိုးကွယ်, သံဃာဟောတာ ပြောတာကို နားထောင်, သံဃာကို လှူဒါန်း, သံဃာကို ဆည်းကပ်ပါများတော့၊ ပစ္စုပ္ပန်ကျိုး ဘာဖြစ်တတ်တုန်းဆိုတော့ "**သံဃာကိုးကွယ်, စည်းစိမ်ကြွယ် ....တဲ့**"၊ စည်းစိမ်ဥစ္စာတွေ တဖြေးဖြေး တရိပ်ရိပ် တိုးလာတတ်တယ်၊ မရှိသေးတဲ့ စည်းစိမ်တွေ ရှိလာစေတတ်တယ်၊ မရသေးတဲ့ စည်းစိမ်တွေ ရလာစေတတ်တယ်၊ မပြည့်စုံသေးတဲ့ စည်းစိမ်တွေ ပြည့်စုံလာစေတတ်တယ်၊ ဘာပြုလို့တုန်းလို့ဆိုတော့ သံဃာဆိုတာ လယ်ယာမြေကောင်းနဲ့တူလို့၊ သံဃာဆိုတာ ကောင်းတဲ့အကျင့်တွေကို ကျင့်ကြံကြိုးကုတ် အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေမို့လို့ လယ်ယာမြေကောင်းနဲ့ တူတယ်၊

လယ်ယာမြေကောင်းထဲမှာ စိုက်လိုက်ပျိုးလိုက်ရတဲ့သူသည် တစ်နှစ်ထက်တစ်နှစ် အသီးအနှံတွေ ဖွင့်ဖြိုးရပြီးသကာလ စီးပွားဥစ္စာတွေ တိုးလာသလို၊ ရွှေငွေအစရှိတဲ့ ရတနာတွေ အပိုအလျှံတွေ တိုးတက်ပြီးတော့ လာတတ်သလို၊ သံဃာကို ကိုးကွယ်ဆည်းကပ် လှူဒါန်းပူဇော်ရခြင်းကြောင့် သံဃာကို ဆွမ်းလောင်းခြင်း၊ သင်္ကန်းလှူခြင်းအစရှိတဲ့ ပရိက္ခရာပစ္စည်းတွေကို လှူဒါန်းထောက်ပံ့ ပူဇော်ပြီးတော့ ပူဇော်နေလေ့ရှိခြင်းကြောင့်၊ လယ်ယာမြေကောင်းထဲမှာ စိုက်ရပျိုးရသလို ကောင်းမှုတရား, စည်းစိမ်တရားတွေ တိုးပွားပြီးတော့ လာစေတတ်တယ် .... တဲ့၊ ဒါ ပစ္စုပ္ပန်ကျိုး၊ သံသရာကျိုးကတော့ အပါယ်မကျနိဗ္ဗာန်ရ၊

ဒါဖြင့် အမှတ် (၈) မော်တော်ယာဉ်အသင်းသူ အသင်းသား ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေက အဲဒီ (၃) ချက်သော ဘုရားကိုးကွယ်, တရားကိုးကွယ်, သံဃာကိုးကွယ်ဆိုတဲ့ ကောင်းမှု ကြီးကို ဒို့ ပြည့်စုံအောင် ကြိုးစားနိုင်တဲ့နေ့၊ အခု ရွှေမုဋ္ဌောမဟာ သိမ်တော်ကြီးမြတ်စွာဘုရားကို ကထိန်ပွဲကြီးနဲ့ ယှဉ်တွဲပြီးတော့ ကျင်းပပြီးသကာလ မိမိတို့လည်းနာ၊ သူတစ်ပါးတွေကိုလည်း စပ်ရာစပ်ရာတွေကိုလည်း နာစေခြင်းကြောင့် တရားကိုးကွယ်စေတဲ့

**အမှုကြီးပါသွားပြီ၊** **သံဃာကိုးကွယ်တဲ့အမှုကြီးကတော့** **(၃၅)ကြိမ်တိုင်တိုင်၊** **(၃၅)နှစ်တိုင်တိုင်** **သံဃိကရည်မှန်းပြီးသကာလ** ကထိန်သင်္ကန်းတွေလှူဒါန်းပြီး လာခဲ့ရတဲ့ ကောင်းမှုကြီးကြောင့် သံဃာကိုးကွယ်တဲ့ အမှုကြီးတွေပါသွားပြီ၊ ပရိသတ်ကြီး ပါမသွားဘူးလား? ပါသွားပါတယ်ဘုရား။ အဲဒီလို (၃) ချက်နဲ့ ကောင်းမှုတွေကို ကြိုးပမ်းအားထုတ် ပြုလုပ်ကြခြင်းဖြင့်၊ ယနေ့ ပရိသတ် အပေါင်း သူတော်ကောင်တို့ကလည်း တရားတော်တွေကို နာယူကြခြင်းဖြင့် မိမိတို့ကိုယ်မိမိတို့ **"သိကြားမင်းကြီးက ရှိခိုးခြင်းခံရတဲ့ လူ့ဘဝကို ရယူနိုင်ကြတဲ့အချိန် ....တဲ့"**၊

အမှတ်(၈) မော်တော်ယာဉ် အသင်းသူ အသင်းသား ဒကာ-ဒကာမ အပေါင်း သူတော်ကောင်းတွေ ယခုလို ဘုရား, တရား, သံဃာ ရတနာသုံးပါးကို ပူဇော်တဲ့ ကောင်းမှု ကြီးကို ပြုလုပ်နေတဲ့အချိန်ကို သိကြားမင်းကြီး ရှိခိုးခြင်းခံရတဲ့ လူ့ ဘဝကို ရယူနိုင်တဲ့အချိန်...လို့၊ ဘုရားကိုယ်တော်မြတ်ကြီးက ဟောတော် မူခဲ့တယ်၊ သိကြားမင်းကြီး ရှိခိုးခြင်းခံရတဲ့ လူထူးလူဆန်းဖြစ်တဲ့အချိန်၊ သိကြားမင်းနဲ့ ဘုန်းကြီးတို့ လောကီလူသားတွေဆိုတာ လောကီလူသားတွေ ကသာ သိကြားမင်းကို ရှိခိုးနေကြရတာ၊ သိကြားမင်းကြီးက အရှိခိုးခံ၊ ယနေ့ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေက ရှိခိုးတဲ့ဘက်က နေရတယ်၊ ဘာပြုလို့တုန်း ကိစ္စကြီးငယ်လေးရှိပြီ၊ အန္တရာယ်လေး တစ်ခုခုတွေ့တော့ မယ်ဆိုရင်ဖြင့် အမလေး ဘုရားသိကြားမလို့ ဤ ဘေးဆိုးရန်ဆိုးမှ လွတ်ပါရစေ၊ ဘုရားသိကြားမလို့.လို့ ဘုရားနောက်က သိကြားပါ တ.ပြီးတော့ မ.တော်မူပါ၊ မ.ပါစေသား မ.စေသားလို့ တိုင်တည်ကြရတယ်၊ ဘုရားသိကြားမလို့ဆိုပြီးတော့ မတိုင်တည်ကြဘူးလား? တိုင်တည်ကြပါတယ်ဘုရား။

ဘေးဆိုးရန်ဆိုး အန္တရာယ်ဆိုးတွေကျမယ့် လက္ခဏာတွေ့ရင် ဘုရား သိကြားမလို့ ဒီဘေးဆိုး ရန်ဆိုးမှ လွတ်ပါစေသား၊ ဟို ကိစ္စကြီးငယ်အရေးတစ်ခု အောင်မြင်ရေး ကိစ္စလမ်းတစ်ခုကို ဆောင်ရွက်ပြန်ရင်လည်းပဲ ဒီလုပ်ငန်းကြီး ဘုရား သိကြားမလို့ အောင်ပါစေသား၊ ဒီလုပ်ငန်းကြီး ဘုရားသိကြားမလို့ ပြီးပါစေသားနဲ့ ဘုရားသိကြား မ.လို့ ဘုရားသိကြား မ.လို့နဲ့ မပြောကြဘူးလား?

ပြောကြပါတယ်ဘုရား။ ဒါဖြင့်ရင် ဘုရားရဲ့နောက်မှာ သိကြားကို ဘုန်းကြီးတို့ တတွေ ဒကာ–ဒကာမတွေ အားကိုးကြတယ် ဆိုတဲ့လက္ခဏာ မပေါ်ဘူးလား? ပေါ်ပါတယ်ဘုရား။ အဲဒီလိုပေါ်တဲ့အတိုင်း လူသားတွေ မှန်သမျှ သိကြားကို အားကိုးကြတယ်၊ သိကြားအတွက် ပူဇော်ကြတယ်၊ သိကြားကို အမျိုးမျိုးသော ပူဇော်ဖွယ်တို့ဖြင့် ပူဇော်ပြီးသကာလ မ,တော်မူပါ ကယ်တော်မူပါလို့ ပြောကြတယ်၊ လူ့ပြည်လောက,က လူသာမာန်တွေကိုမဆိုထားနဲ့ လူ့ထိတ်ထိတ်ကြဲ လူမင်း, မင်းစိုးရာဇာ, အာဏာပိုင်တို့ကပင်လျှင် ထိုသိကြားမင်းကြီးကို ပူဇော်ကြရတယ်၊ ကိုးကွယ်ကြရတယ်၊ အားကိုးကြရတယ်၊ မြတ်နိုးကြရတယ်....တဲ့၊

အဲဒီလို လူအားလုံးက မင်းစိုးရာဇာတွေ အပါအဝင် လူအားလုံးက ကိုးကွယ်ဆည်းကပ် ရှိခိုးကန်တော့နေရတဲ့ သိကြားမင်းကြီးက ပြန်ပြီးတော့ ရှိခိုးခံရတဲ့လူဆိုရင် ပရိသတ် မထူးဘူးလား? ထူးပါတယ်ဘုရား။ မဆန်းဘူးလား? ဆန်းပါတယ်ဘုရား။ မထူးဆန်းဘူးလား? ထူးဆန်းပါတယ်ဘုရား။ ဥပမာလေး တစ်ခုနဲ့ ပြောမယ်ဆိုရင် အမေအဖေနဲ့ သားသမီး၊ မိဘနဲ့သားသမီး၊ သားသမီးက မိဘကို ရှိခိုးရတယ်, ပူဇော်ရတယ်, လက်အုပ်ချီရတယ်, အရိုသေပေးရတယ် ရိုးရာ ဓမ္မတာ၊ သားသမီးတွေက မိဘတွေကို ရှိခိုးရတယ်, ပူဇော်ရတယ်၊ အဲဒါ မိဘက ပြန်ပြီးတော့ ရှိခိုးခံရတဲ့သားလို့ဆိုရင် ပရိသတ်ကြီး ထူးတဲ့ သားလား, မထူးတဲ့သားလား? ထူးတဲ့သားပါဘုရား။ ဆန်းတဲ့သားလား, မဆန်းတဲ့သားလား? ဆန်းတဲ့သားပါဘုရား။

မိဘက ရှိခိုးခံရတဲ့ သမီးဆိုရင် ဒီသမီးဟာ ထူးတဲ့သမီးလား, မထူးတဲ့ သမီးလား? ထူးတဲ့သမီးပါဘုရား။ အဲဒါ ဘယ်အချိန်တုန်း ကိုယ်ကမိဘချည်း, သားသမီးက မိဘချည်း အမြဲရှိခိုးခဲ့ရတာ အမေအဖေက သားပြန်ရှိခိုးရတဲ့ အချိန်ဆိုတာ ဘယ်အချိန်တုန်း ရှင်ပြုတဲ့အချိန်, ရဟန်းခံတဲ့အချိန်, ကိုယ့်သားလေး ရှင်ပြုတော့ ကိုရင်လေးဖြစ်သွားတော့ အမေအဖေတွေက ပြန်ပြီးတော့ ရှိမခိုးကြ ဘူးလား? ရှိခိုးပါတယ်ဘုရား။ ဒါဖြင့် အသက်ကလေးက ငယ်ငယ်ကလေး ဖြစ်ပါလျက်သားနဲ့ နဂိုက ကိုယ့်ကိုရှိခိုးနေတဲ့သား ဖြစ်ပါလျက်သားနဲ့ အခု ကိုယ်ကပြန်ပြီးတော့ ရှိခိုးရတယ်လို့ဆိုတော့ ဒီသားလေးဟာ ဘုရားသားတော်လေး

အဖြစ်နဲ့ တစ်ရာ့နှစ်ဆယ်သော သိက္ခာသီလတွေကို ထိန်းသိမ်းစောင့်ရှောက်တယ် ဆိုတဲ့ ဦးချတဲ့အမှတ်အသားရှိလို့ မိဘတွေက ပြန်ရှိခိုးရတယ်ဆိုတာ မသေချာဘူးလား? သေချာပါတယ်ဘုရား။

အဲဒါလိုပဲ သိကြားမင်းကြီးကို အားလုံးက ဝိုင်းပြီးတော့ ရှိခိုးနေကြရပါလျှက်၊ ဒီနေ့ အမှတ်(၈) မော်တော်ယာဉ် အသင်းသူ အသင်းသား ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေကို သိကြားမင်းကြီးက ပြန်ရှိခိုးတယ်လို့ ဆိုရင်ဖြင့် အမှတ် (၈) မော်တော်ယာဉ် အသင်းသူ အသင်းသားတွေ ထူးတဲ့သူတွေလား, မထူးတဲ့သူတွေလား? ထူးတဲ့သူတွေပါဘုရား။ ဒီတော့ သိကြားမင်း ကြီးက ပြန်ရှိခိုးခြင်းပြုတာ ခံရတဲ့သူတွေ ဘယ်နှစ်မျိုးရှိတုန်း ဆိုရင် လေးမျိုးရှိတယ်လို့ ဘုရား ကိုယ်တော်မြတ်ကြီးက ဟောတော်မူတယ်၊ လေးမျိုးရှိတယ်....တဲ့၊ သိကြားမင်းကြီး ရှိခိုးခြင်းခံရတဲ့သူ လူလေးမျိုး၊ ကိုင်း အဲဒါ ဘယ်သူ တွေတုန်းလို့ဆိုတော့ ဆိုစမ်းပါ–

❖ **ဒါနတရား, ကောင်းမှုပွား, သိကြားရှိခိုးသည်။**
**သီလတရား, ကောင်းမှုပွား, သိကြားရှိခိုးသည်။**
**သမထတရား, ကောင်းမှုပွား, သိကြားရှိခိုးသည်။**
**ဝိပဿနာတရား, ကောင်းမှုပွား, သိကြားရှိခိုးသည်။**

ဟော သိကြားမင်း ရှိခိုးမှုခံရတဲ့ လူထူးလူဆန်းလေးယောက်, ဘယ်နှစ်ယောက်တဲ့တုန်း ပရိသတ်? လေးယောက်ပါဘုရား။ အဲ ဘယ်လို လူတွေတုန်းလို့ဆိုတော့ ဒါနတရားကောင်းမှုတွေ ပွားများအောင် ကြိုးစားနေတဲ့လူ အမျိုးသား, အမျိုးသမီး၊ သီလတရား ငါးပါး ရှစ်ပါး သီလလုံအောင်, ကိုးပါးသီလ လုံအောင်နေပြီးတော့ ထိန်းသိမ်းစောင့်ရှောက်နေတဲ့လူ အမျိုးသား, အမျိုးသမီး၊ ဗုဒ္ဓါနုဿတိ မေတ္တာစတဲ့ သမထတရားတွေကို အမြဲမပြတ် ပွားများမယုတ် အားထုတ်နေတဲ့ အမျိုးသား, အမျိုးသမီး၊ ရုပ်နာမ်ဖြစ်ပျက် ဝိပဿနာတရားတွေကို အမြဲမပြတ် ပွားများမယုတ် အားထုတ်နေတဲ့ အမျိုးသား အမျိုးသမီး....တဲ့၊ အဲဒီလေးယောက် အဲဒီလေးမျိုးသော အမျိုးသား, အမျိုးသမီးတို့ကို သိကြားမင်း ကြီးက ပြန်ပြီးတော့ရှိခိုးပါတယ်၊ ဘာပြုလို့ ရှိခိုးတာတုန်းလို့ ဆိုတော့–

နမဿာမိ–ကျေးဇူးကိုတင် ဂုဏ်အင်ကိုမြတ်နိုးလို့မို့ ရှိခိုး ရှိခိုး၍ နေရပါပေသတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

ကျေးဇူးတင်လွန်းလို့ ငါရှိခိုးပါတယ်....တဲ့၊ သိကြားမင်းကိုယ်တိုင်က ပြောတဲ့စကား၊ ကျေးဇူးတင်လွန်းလို့ ငါရှိခိုးရပါတယ်၊ ကျေးဇူးတင်လွန်းလို့ သူတို့ရဲ့ဂုဏ်အင်တွေကို မြတ်နိုးလို့မို့ ငါရှိခိုးရပါတယ်၊ မာတလိ ....လို့။ သိကြားမင်းကြီးကိုယ်တိုင်က မာတလိကို ဖြေတဲ့စကား၊ ဘယ်တုန်းက ဖြေတုန်းဆိုတော့ ဘုန်းကြီးတို့ဘုရား သက်တော်ထင်ရှားရှိစဉ်က၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည်မှန် ဇေတဝန် ရွှေကျောင်း ကိန်းအောင်မွေ့လျော် စံနေတော်မူတဲ့အချိန်၊ ဟို.... တာဝတိံသာနတ်ပြည်မှာ သိကြားမင်းကြီးက နန္ဒဝန်ဥယျာဉ်ထွက်ပြီးတော့ ကြည့်မလို့၊ နန္ဒဝန်ဥယျာဉ်ဘက်ထွက်ပြီးတော့ အပန်းဖြေမလို့ မာတလိကို ရထားပြင်ခိုင်းတာ၊ သိကြားမင်းက တစ်ခါတစ်ခါ နန္ဒဝန်ဥယျာဉ် ကြည့်ရှုဘို့ဆိုပြီးတော့ အပန်းဖြေထွက်တတ်တယ် ရထားပြင်ပြီး၊ အဲဒီလိုနဲ့ တစ်ခါတော့ မာတလိကို သိကြားမင်းကြီးကခိုင်းတယ်။

**ယောဇေဟိ သမ္မ မာတလိ၊ သဟဿယုတ္တံ အာဇညရထံ ဥယျာနဘူမိံ ဂစ္ဆာမ သုဘူမိံ ဒဿနာယ။**

သမ္မမာတလိ–အချင်းမာတလိ။ သုဘူမိံ–အင်မတန်ပျော်ရွှင်စရာ ကြည်နူးစရာကောင်းတဲ့ နန္ဒဝန်ဥယျာဉ်ကြီးကို။ ဒဿနာယ–ကြည့်ရှုဖို့ရာ။ အာဇညရထံ–ငါစီးတော်မြဲဖြစ်တဲ့ အာဇာနည်မြင်းကပ်ယှဉ်တဲ့ ရထားကို။ ယောဇေဟိ–ကပ်ယှဉ်လိုက်ပါလော။ အမောင်မာတလိ ငါ နန္ဒဝန်ဥယျာဉ်ကြီးဘက် ထွက်ပြီးတော့၊ ပျော်စရာ ရွှင်စရာ တီးမှုတ်ကခုန်ပြီးတော့ ပျော်ပါးနေတတ်တဲ့ နတ်သား နတ်သမီးတွေကို ကြည့်ပြီးတော့ ငါလည်းပဲ ပျော်ချင်တယ်၊ အဲဒီကို သွားရအောင် ရထားပြင်ပေတော့လို့ခိုင်း၊ ဒီတော့ မာတလိက ရထားကိုပြင်၊ မြင်းတွေကို က၊ ခင်းကျင်းသင့်တာတွေ ခင်း, ဆင်သင့်တဲ့တန်ဆာတွေ ဆင်၊ နတ်ပန်းကုံးတွေ, နတ်ပန်းပွင့်တွေ, ပန်းဆိုင်းပန်းကုံးတွေ ဆင်သင့်တာတွေ

ဆင်၊ အဲဒီလို ပြင်ဆင်ပြီးလို့ အားလုံး ပြီးစီးပြီဆိုတော့၊ ရထားက သိကြားမင်းကြီးရဲ့ ဝေဇယန္တာနန်းပြသာဒ်မှာ ချဉ်းကပ်ပြီးတော့ အဆင်သင့်ဖြစ်ပြီဆိုရင်ပဲ မာတလိက လက်အုပ်ချီပြီးတော့ သိကြားမင်းကို လျှောက်တယ်။

**ယုတ္တော ခေါ တေ မာရိသ သဟဿယုတ္တော အာဇညရထော ယဿဒါနိ ကာလံ မညသိ။**

ဒေဝ–အရှင်မင်းမြတ်။ ဒေဝ–တာဝတိံသာစိုးတဲ့ မိုးသိကြားမင်း။ တေ–အရှင်သိကြားမင်းကြီးအတွက်။ သဟဿယုတ္တော အာဇည ရထော–အာဇာနည်မြင်းတစ်ထောင် ကပ်ယှဉ်အပ်သော ရထားကို။ ယုတ္တော–ကပ်ယှဉ်အပ်ပါပြီ။ အရှင်သိကြားမင်း ရထားပြင်ဆင်လို့ ပြီးပါပြီ၊ ယဿဒါနိ ကာလံမညသိ–အရှင်သိကြားမင်း ကြွလိုတဲ့အချိန်ကို အရှင်သိကြားမင်း ကိုယ်တော်တိုင် သိတော်မူပါ၊ အရှင်သိကြားမင်း ကြွသင့်တဲ့အချိန် ကြွနိုင်ပါပြီ၊ ရထားအဆင်သင့်ဖြစ်ပါပြီ...လို့၊ လက်အုပ်ချီပြီးတော့ သံတော်ဦးတင်တယ်၊ အဲလိုသံတော်ဦးတင်တယ်ဆိုရင်ပဲ သိကြားမင်းက ရထားဆီကို တစ်ခါတည်း ဆင်းမလာသေးဘူး၊ ဘာလုပ်တုန်းလို့ဆိုတော့–

**အထခေါ ဘိက္ခဝေ သက္ကော ဒေဝါနမိန္ဒော၊ ဝေဇယန္တ ပါသာဒါ ဩရောဟန္တော၊ အဉ္ဇလိံ ကတွာ ပုထုဒ္ဒိသာ နမဿတိ။**

အထခေါ–ထိုအခါ၌။ အထခေါ–ထိုကဲ့သို့ မာတလိကရထား အဆင်သင့် ဖြစ်ပါပြီလို့ လျှောက်တင်လိုက်ရာ ထိုအခါ၌။ ဒေဝါနမိန္ဒော–နတ်တို့ရဲ့ အရှင်သခင် ဖြစ်သော။ သက္ကော–သိကြားမင်းကြီးသည်။ ဝေဇယန္တ ပါသာဒါ–ဝေဇယန္တာ နန်းပြသာဒ်မှ။ ဩရောဟန္တော–သက်ဆင်းလသော်။ အဉ္ဇလိံကတွာ–လက်အုပ် ချီမှုကိုပြု၍။ ပုထုဒ္ဒိသာ–အမျိုးမျိုးသော အရပ်မျက်နှာတို့ကို။ နမဿတိ–ရှိခိုးဝပ်ချ၍နေလေ၏။

အဲဒီလို သိကြာမင်း ရထားအဆင်သင့်ဖြစ်ပါပြီဆိုရင် ရထားဆီ ဆင်းပြီးတော့ လာရမှာ၊ အခု မလာဘူး....တဲ့၊ အခု သိကြားမင်းကြီးက၊

ဘာလုပ်နေတုန်းလို့ဆိုတော့ သူ့ဝေဇယန္တာနန်းပြာသာဒ်ပေါ်ကနေပြီးတော့ အရှေ့ရှိုးလိုက်, အနောက်ရှိုးလိုက်, တောင်ဘက်လှည့်ရှိုးလိုက်, မြောက်ဘက်လှည့်ရှိုးလိုက်, အောက်ရှိုးလိုက်၊ အဲဒီလို အရပ်ဒေသ အသီးသီး၊ ပထုဒ္ဒိသာ-အရပ်မျက်နှာအသီးသီးကို၊ နမဿတိ-ရှိုး ရှိုး၍နေလေ၏။ အဲလိုရှိုးတဲ့အထဲမှာ အရှေ့အနောက် တောင်မြောက် ရှိခိုးတာ၊ အထက်ရှိခိုးတာ မာတလိက ကျေနပ်တယ်၊ ဒါ သူ့ထက် သာတဲ့ပုဂ္ဂိုလ်တွေ ရှိခိုးတာပဲ၊ ဘုရားမှန်းရှိခိုးတာ နေမှာပေါ့၊ ဆရာသမားတွေမှန်းရှိခိုးတာနေမှာပေါ့ ကျေနပ်တယ်။

အောက်လှမ်း ပြီးတော့ ရှိခိုးတဲ့အခါကျတော့မာတလိက စဉ်းစားတယ်၊ သိကြားမင်းကြီးက အောက် လှမ်းလှမ်းရှိခိုးတယ်၊ အောက်ဆိုတာ ဒီနတ်ပြည်နဲ့ ပြောရင် စတုမဟာရာဇ် ရှိတယ် ပြီးတော့ လူ့ပြည်ရှိတယ်၊ ဒီတော့ လူ့ပြည် လောက,ကလူတွေ စတုမဟာရာဇ်ကနတ်တွေကော အကုန်လုံးက သူ့ဝိုင်း ပြီးတော့ ရှိခိုးနေရပါလျက်ကယ်နဲ့၊ အထူးသဖြင့် လူ့ပြည်လောက,က ပဏ္ဍိတ်တွေ ပညာရှိတွေဆိုတဲ့ ဝိဇ္ဇာတွေ၊ မင်းစိုးရာဇာဆိုတဲ့ အာဏာတန်ခိုးနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေ အပါအဝင် လူသားတွေအားလုံးက သိကြားမင်းကြီးကို ရှိခိုးကြ တိုင်တည်ကြရပါလျက်နှင့် သူက လူ့ပြည်လောကကို လှမ်းလှမ်းပြီးတော့ မှန်းရှိခိုးနေတာက ဘယ်သူ့များရှိခိုးနေတာပါလိမ့်မတုန်းလို့၊ သိချင်လွန်းလို့, မေးချင်လိုက်တာ မေးလည်းမမေးရဲဘူး၊ ဒီလိုနဲ့ပဲ တစ်ကြိမ်, နှစ်ကြိမ်, သုံးကြိမ် လွန်လွန်သွား နောက်တော့ မနေနိုင်တော့-တစ်ခါကျတော့ မေးတယ်၊ မာတလိက။-

**တံနမဿန္တိ တေဝိဇ္ဇ, သဗ္ဗေဘုမ္မာ စ ခတ္တိယာ၊**
**စတ္တာရောစ မဟာရာဇာ, တိဒသာစ ယသဿိနော၊**
**အထ ကော နာမ သောယက္ခော. ယံ တွံ သက္က နမဿတိ။**

ဒေဝ-အရှင်သိကြားမင်း။ တေဝိဇ္ဇာ-ဗေဒသုံးဘုံတစ်ဘက်ကမ်းခတ် တတ်မြောက်ကြကုန်သော ဗေဒဝိဇ္ဇာ ဆရာကြီးတို့သည်၎င်း၊ ဗေဒဝိဇ္ဇာရသေ့ ပရဗိုဇ်ဆရာကြီးတို့သည်၎င်း။ သဗ္ဗေ-အလုံးစုံကုန်သော။ ဘုမ္မာခတ္တိယာစ-

မြေပြင်မှာထင်ရှားတဲ့ မင်းစိုးရာဇာများတို့သည်၎င်း။ စတ္တာရောစ မဟာရာဇာ- အရပ်လေးမျက်နှာစောင့်ကြပ်ကြတဲ့ နတ်မင်းကြီး လေးယောက်တို့သည်၎င်း။ တိဒသာစ ယသဿိနော-ကျွန်ုပ်တို့ စတုမဟာရာဇ် တာဝတိံသာအစရှိတဲ့ နတ်ပြည်အသီးသီးက တန်ခိုးကြီးမား အခြံအရံများကြပါတယ်ဆိုတဲ့ နတ်သား နတ်သမီးတို့သည်၎င်း။ တံ-အရှင်သိကြားမင်းကြီးကို။ နမဿန္တိ-ဝိုင်းပြီးတော့ ရှိခိုးကန်တော့ ကော်ရော်ပူဇော်ပြီးတော့ နေကြရတယ်မဟုတ်လား။

အရှင် သိကြားမင်း....တဲ့၊ အရှင်သိကြားမင်းကြီးကို လူ့ပြည်လောက,က ဗေဒင်ဝိဇ္ဇာတွေ တတ်ကျွမ်းကြတဲ့ ဗေဒဝိဇ္ဇာ ရသေ့ ပရိဗိုဇ်ဆရာကြီးတို့ကလည်း အရှင်သိကြားမင်းကို ပွဲတွေထိုးပြီးတော့ အမြဲပူဇော်ကြရပါတယ်၊ ပသကြရ ပါတယ်၊ လူ့ပြည်လောကတလွှားမှာ အာဏာတန်ခိုးနဲ့ စိုးမိုးနေကြတဲ့ မင်းစိုးရာဇာတွေကလည်း အရှင်သိကြားမင်းကြီးကို ရှိခိုးကန်တော့ပြီးတော့ နေကြရပါတယ်၊ အရပ်လေးမျက်နှာ စောင့်ကြပ်ကြတဲ့ ဝိရူပက္ခ, ဝိရူဠက, ဓရဋ္ဌ, ကုဝေရဆိုတဲ့ နတ်မင်းကြီးလေးယောက်တို့ကလည်း အရှင်သိကြားမင်းကို ရှိခိုးနေကြရတယ် မဟုတ်လား....တဲ့၊ စတုမဟာရာဇ် တာဝတိံသာဆိုတဲ့ ကျွန်ုပ်တို့ နတ်ပြည်နှစ်ပြည်ကရှိကြတဲ့ အခြံအရံ အသင်းအပင်းပေါလှပါတယ် ဆိုတဲ့ တန်ခိုးကြီးလှတဲ့ နတ်းသား နတ်သမီးတွေကလည်း အရှင်သိကြားမင်းကို ဝိုင်းပြီးတော့ ရှိခိုးနေကြရပါတယ်၊ အဲဒီလောက် အများက ဝိုင်းပြီးတော့ ရှိခိုးခြင်းခံနေရပါရက်သားနဲ့ အသင်သိကြားမင်းက ရှိခိုးမှုကိုပြုရတဲ့သူက ဘယ်သူတုန်းတဲ့၊ ဘယ်လိုလူတုန်း, ဘယ်လိုပုဂ္ဂိုလ်တုန်း, ကျွန်ုပ်မသိလို့ မေးပါတယ်လို့ မာတလိကမေးတော့မှ သိကြားမင်းက ဖြေတယ်။-

**ယေဂဟဋ္ဌာ ပုညကရာ, သီလဝန္တော ဥပါသကာ၊**
**ဓမ္မေန ပုတ္တံ ပေါသေန္တိ, တေ နမဿာမိ မာတလိ။**

မာတလိ-သိလိုရေးနဲ့ မေးလျှောက်လာငြား, အို....မာတလိ အမောင် နတ်သား၊ ယေဂဟဋ္ဌာ-အိမ်ရာတည်ထောင်, လူ့ဘောင်မှာနေငြား, အကြင် အမျိုးသား, အမျိုးသမီးတို့သည်။ ဥပါသကာ-ရတနာ သုံးရပ်, မြတ်ထက်မြတ်ကို,

လေးမြွတ်ကြည်ညို, ရှိသေမပြတ်, ထိပ်မှာကပ်၍, သွားတတ်လာတတ်, နေထိုင်တတ်ကြပါပေကုန်၏။ သီလ ဝဏ္ဏော–ငါးပါးရှစ်ပါး, အစထား၍, များပြားစွာတောင်း, သိက္ခာပုဒ် သီလအပေါင်းကိုလည်း, ကောင်းစွာမသွေ, ထိန်းသိမ်းစောင့်ရှောက်၍, နေကြပါပေကုန်၏။ ပုညကရာ–ဒါနစသား, ကောင်းမှုတရားတို့ကိုလည်း, ကြိုးစားအားထုတ်, ပြုလုပ်ဖော်ရကြပါပေကုန်၏။ ဓမ္မေန–တရား လမ်းကြောင်း, မစောင်းသောနည်းလမ်းအားဖြင့်လည်းပဲ။ ပုတ္တံ–သား သမီးနဲ့ မြေးမြစ်တစ်ဖြာ, ကိုယ့်ရဲ့အဆက်အနွယ်, အရာရာကို။ ပေါသေန္တိ–အရေးတယူ, မွေးမြူလုပ်ကျွေး၍, နေကြပါပေကုန်၏။ တေ–ထိုဆိုအပ် ခဲ့တုံ့, ဂုဏ်လေးစုံဖြင့်, ပြည့်စုံကြငြား, အမျိုးကောင်းသား, အမျိုးကောင်း သမီးတို့ကို၊ အဟံ–တာဝတိံသာစိုးတဲ့, မိုးသိကြားခေါ်တဲ့ ငါသိကြားမင်းကြီးက၊ နမဿာမိ–ကျေးဇူးကိုတင်, ဂုဏ်အင်ကိုမြတ်နိုးလို့မို့ ရှိခိုး ရှိခိုး၍ နေရပါပေသတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

မာတလိ......တဲ့၊ လူ့ပြည်လောက,က လူသားဖြစ်ကြတဲ့ အမျိုးသား, အမျိုးသမီးတွေကိုလည်း ငါ ရှိခိုးရတယ်....တဲ့၊ ငါ ရှိခိုး ရတယ်။ အဲဒီရှိခိုးရတဲ့ လူ့ပြည်လောက,က လူသားဖြစ်ကြတဲ့ အမျိုးသား အမျိုးသမီးတွေက ဘယ်လိုဂုဏ်အရည်အချင်းနဲ့ပြည့်စုံတဲ့ လူတွေတုန်းဆိုရင်ဖြင့် (၄) မျိုးသော ဂုဏ်အရည်အချင်းနဲ့ ပြည့်စုံတဲ့လူတွေကို ငါ ရှိခိုးရပါတယ်၊ အဲဒီဂုဏ်ရည် (၄) မျိုးနဲ့ ပြည့်စုံတဲ့သူတွေကို ငါ ရှိခိုးရတာကလည်း အကြောင်းမဲ့ရှိခိုးတာမဟုတ်ဘူး မာတလိ.....တဲ့၊ ကျေးဇူးကိုတင် ဂုဏ်အင်ကိုမြတ်နိုးလို့မို့ ရှိခိုး၍နေရပါပေ၏ ဆိုတဲ့အတိုင်း၊ ကျေးဇူးတင်လွန်းလို့ ငါ ရှိခိုးပါတယ်၊ ကျေးဇူးတင်လွန်းလို့ ငါရှိခိုးရပါတယ်၊

ဘာပြုလို့ကျေးဇူးတင်တာတုန်း သူတို့ရဲ့ဂုဏ်သတ္တိတွေကြောင့် လောကကြီး အေးချမ်းပြီးတော့နေလို့ ငါ ကျေးဇူးတင်ပြီးတော့ ငါ ရှိခိုးရပါတယ်တဲ့၊ သူတို့ရဲ့ ဂုဏ်အင်သတ္တိ အစွမ်းသတ္တိတွေကြောင့် ပူပူလောင်လောင် လောကကြီးမဖြစ်ပဲ အေးအေးချမ်းချမ်းဖြစ်ပြီးတော့ နေတာမို့လို့ ငါ အုပ်ချုပ်နေတဲ့

နတ်ပြည်ခြောက်ထပ်နဲ့ လူ့ရွာဆိုတဲ့ (ဘုံ ၇ ဘုံ, ၇ ရွာ, ၇ ဌာန, ၇ မြို့မှာ) အေးချမ်းသာယာမှုကြီး ဖြစ်အောင်ပြုကြတဲ့ အမျိုးသား အမျိုးသမီးတွေမို့လို့ ငါ ရှိခိုးရတယ် မာတလိ....။ ဥပမာလေးတစ်ခုနဲ့ ငါပြောရမယ်ဆိုရင် မိသားစုတွေ စုနေတဲ့ အိမ်ထောင်စုကြီးတစ်ခုကို အုပ်ချုပ်နေတဲ့ မိဘနှစ်ပါးဟာ၊ ကိုယ့်ရဲ့ အိမ်ထောင်စုအတွင်းရှိကြတဲ့ သားတွေ သမီးတွေ မြေးတွေ မြစ်တွေ တူတွေ တူမတွေ၊ ငြိမ်ငြိမ်ဆိပ်ဆိပ် အေးအေးချမ်းချမ်းရှိနေရင် ဝမ်းသာလို့, ကြည်နူးလို့ ဒီမိသားစုထဲမှာပဲ ပူပူလောင်လောင်ဖြစ်အောင် ပြုတတ်တဲ့ သားဆိုး သမီးဆိုးပါလာရင်၊ သားမိုက် သမီးမိုက်ပါလာရင်၊ အဲဒီသားဆိုး သမီးဆိုးကို အကြောင်းပြုပြီးတော့၊ သားမိုက် သမီးမိုက်ကို အကြောင်းပြုပြီးတော့၊ အိမ်ထောင်စုကြီးတစ်ခုလုံး အေးအေးချမ်းချမ်း မရှိတော့ ပူပင်ကြရ, သောက ရောက်ကြရ, စိတ်ဒုက္ခရောက်ကြရ, ကိုယ်ဒုက္ခရောက်ကြရ, ကသောက် ကယောက်, ကယောက်ကယက်တွေ ဖြစ်ကုန်ရင်ဖြင့် ပူပင်သောကဖြစ်ရတယ်တဲ့ အဲဒီသားမျိုး အဲဒီသမီးမျိုးကို မိဘနှစ်ပါးက ကျေးဇူးမတင်နိုင်သလို၊ မိဘက မချီးကျူးနိုင်သလို၊

ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ အိမ်ထောင်စုတွေ အသီးအသီး အုပ်ချုပ် ပြီးတော့ မိဘလုပ်ပြီးတော့ နေကြတာပဲ၊ ကိုယ့်မိသားစုထဲမှာ, ကိုယ့်သား ကိုယ့်သမီးတွေထဲက ငါးပါးသီလလည်း မလုံးတဲ့သား၊ မိုက်မိုက် ကန်းကန်းနဲ့ သတ်ချင်ရာလည်း သတ်လာခဲ့တာပဲ၊ ခိုးချင်ရာလည်း ခိုးလာခဲ့တာပဲဆိုတဲ့ သားဆိုးသမီးဆိုးပါလာရင် အဲဒီသားဆိုးသမီးဆိုး အကြောင်းပြုပြီးသကာလ သူများပစ္စည်းတွေ ခိုးလာခဲ့လို့ ဟိုကလိုက်ပြီးတော့ စွပ်စွဲကြ၊ လိုက်ပြီးတော့ ရှာကြ၊ အိမ်မှာ အရှာဖွေခံရ၊ အဖမ်းဆီးတွေခံရ၊ အချုပ်နှောင်တွေ ခံရဆိုရင် ကျန်တဲ့မိဘတွေရော, ကျန်တဲ့ညီကိုမောင်နှမတွေရော, ကျန်တဲ့ မိသားစုတွေရော. ပူပူ လောင်လောင်ဖြစ်ကြတယ်၊ ပရိသတ်ကြီး မဖြစ်ရဘူးလား? ဖြစ်ရပါတယ် ဘုရား။ ကိုယ့်သားသမီးထဲက ဓားပြတိုက်လာတယ်, ဓားပြလုပ်ပြီးတိုက်လာတဲ့ သားသမီးပါလာ အဲဒီ ဓားပြ အကြောင်းပြုပြီးတော့ ကိုယ့်တစ်အိပ်လုံး အဖမ်းခံရ, အဆီးခံရ, အချုပ်ခံရ, အမေးခံရ, အရှက်တကွဲ အကျိုးနဲ့ဖြစ်၊ လူထဲသူထဲ

မျက်နှာမပြရဲအောင်ဖြစ်ပြီးတော့ မိဘတွေရော ဆွေသားမျိုးသား ညီကို မောင်နှမတွေရော ပရိသတ်ကြီး ပူပူလောင်လောင် ဖြစ်ကြသလား, အေးအေးချမ်းချမ်း ဖြစ်ကြသလား? ပူပူလောင်လောင် ဖြစ်ကြပါတယ်ဘုရား။

အဲဒီလို ပူပူလောင်လောင်ဖြစ်အောင်ပြုတဲ့ သားဆိုးသမီးဆိုးကို အမေအဖေတွေက ကျေးဇူးတင်ထိုက်သလား, ကျေးဇူးမတင်ထိုက်သလား? မတင်ထိုက်ပါဘုရား။ အဲဒီ သားဆိုးသမီးဆိုးကြောင့် ပူပူလောင်လောင် လောကကြီး၊ ပူပူလောင်လောင် မိသားစုကြီးဖြစ်ရတာမို့လို့ ဒီသားဆိုး သမီးဆိုးကို အမေအဖေတွေက လိုလားသလား, မလိုလားသလား? မလိုလားပါဘုရား။

မာတလိ....၊ အဲဒါလိုပဲ ငါ သိကြားမင်းကြီး အုပ်ချုပ်နေရတဲ့ နတ်ပြည်ခြောက်ထပ် လူပြည်လောကတလွှားမှာ၊ အေးအေးချမ်းချမ်းရှိအောင် ပြုနေကြတဲ့သူတွေကို ငါ ကျေးဇူးတင်ရသလို....တဲ့၊ အေးအေးချမ်းချမ်းရှိအောင် မလုပ်ကြပဲနဲ့ ဆူဆူပွက်ပွက် ဖြစ်အောင် လုပ်နေကြတဲ့၊ လောကကြီး မငြိမ်းချမ်းအောင် လုပ်နေတဲ့ သူတွေကိုလည်းပဲ ငါက ကျေးဇူးမတင်တဲ့အပြင် မလိုချင်ဘူး မာတလိ....တဲ့၊ ရှိမခိုးနိုင်ဘူး။ အေးချမ်းအောင် ပြုနေကြတဲ့သူတွေကြတော့ ငါက ရှိခိုးရပါတယ်, ကျေးဇူးတင်ရပါတယ်, ရှိခိုးရပါတယ်၊ အဲဒီ ကျေးဇူးတင်ထိုက်, ရှိခိုးထိုက်တဲ့ အေးချမ်းအောင်ပြုနေတဲ့သူတွေရဲ့ ဂုဏ်ရည်အချင်းဆိုတာ ဘာတုန်းဆိုရင်ဖြင့်—

**ယေဂဟဋ္ဌာ** –အိမ်ရာတည်ထောင် လူ့ဘောင်မှာနေကြသော အမျိုးသား, အမျိုးသမီးအပေါင်း သူတော်ကောင်းတို့သည်။ ဥပါသကာ–ရတနာသုံးရပ် မြတ်ထက်မြတ်ကို လေးမြတ်ကြည်ညို ရှိသေမပြတ် ထိပ်မှာကပ်၍ သွားတတ် လာတတ် သွားလာတတ်ကြပါပေကုန်၏။

အေး ရတနာသုံးရပ်ကို ထိပ်မှာကပ်ပြီးတော့ သွားတတ်တဲ့သူတွေတဲ့ လောကကြီး အေးချမ်းအောင် ပြုနေတဲ့သူတွေပဲတဲ့ သူတို့ ရတနာသုံးရပ် ထိပ်မှာကပ်သွားတယ်ဆိုတာ သွားစရာရှိတဲ့အခါ ဘုရားကို လက်အုပ်ချီမိုး ရှိခိုးကန်တော့ပြီးတော့ ထွက်တဲ့သူ၊ ခရီးလေးတစ်ခု သွားစရာရှိ ကိုယ့်

ကိစ္စကြီးငယ်နဲ့ အိမ်ကနေပြီးတော့ တခြား ထွက်စရာရှိတိုင်း ရှိတိုင်း အိမ်မှာရှိတဲ့ဘုရားခန်း သီးတင်းသုံးနေတော်မူတဲ့ ဘုရားကိုယ်တော်မြတ်ကြီးကို လက်အုပ်ချီမိုး ရှိခိုးကန်တော့ပြီးမှ ထွက်တဲ့ အမျိုးသား အမျိုးသမီးသည် ဘုရားကို ထိပ်မှာကပ်၍ထွက်တဲ့သူ၊ ဘုရားကို ထိပ်မှာရွက်၍ ထွက်တဲ့သူ၊ ဘုရားထိပ်မှာကပ် ဘုရားထိပ်မှာရွက်ပြီး ထွက်တော့ သူ့စိတ်နဲ့ဘုရားနဲ့ တွေ့သွားတယ်၊ ခရီးထွက်ခါနီးလေး သူ့စိတ်နဲ့ဘုရားနဲ့ ပေါင်းမိတယ်၊ သူ့စိတ်နဲ့ဘုရားနဲ့ ကပ်မိတယ်၊ ကပ်မိတော့ ဘုရားရဲ့တန်ခိုးတွေ ဘုရားရဲ့သတ္တိတွေ ဘုရားရဲ့အရှိန်တွေ သူ့မှာကူးတယ်၊ ကူးသွားတော့ ဘုရားအရှိန် ဘုရားတန်ခိုး ဘုရား သတ္တိကြောင့် သူသွားလေရာ လာလေရာမှာ လာမယ့်ဘေးတွေ ဝေးတယ်၊ ထိမယ့်ခလုပ်တွေဆုတ်တယ်၊ မတွေ့သေးတဲ့ဘေးတွေ ရှောင်ကြတယ်၊ တွေ့မယ့်ဘေးတွေ တွေ့နေတဲ့ဘေးတွေ ကွင်းကြတယ်၊

အဲဒီလိုဖြစ်သွားတော့ အဲဒီအမျိုးသား အမျိုးသမီး သွားရာလာရာ ဘေးကင်းရန်ကင်းဖြစ်လို့ အန္တရာယ်တွေကင်းလို့ဆိုတော့ အေးချမ်းလို့ သူသွားလေရာ **"သူတော်သွားလမ်း မိုးကြီးဖြန်းသို့၊ သူမိုက်သွားလမ်း မီးလောင်ကျွမ်းသို့"**။ သူတော်ကောင်းတွေရဲ့ သွားလမ်းက မိုးကြီးဖြန်းသလိုပဲ သူသွားရာ အန္တရာယ်ကင်း ဘေးရှင်းလို့ ကောင်းကျိုးချမ်းသာ မင်္ဂလာတွေနဲ့ ပြည့်လို့၊ မိုးကြီးဖြန်းလိုက်တော့ အေးသွားသလိုပဲ၊ သူတော်ကောင်းတွေရဲ့ သွားလေရာ လာလေရာမှာ အန္တရာယ်ရှင်း ဘေးကင်းစေတတ်တယ်၊ အေးချမ်းစေတတ်တယ်။ အဲဒီလို အေးချမ်းစေခြင်းကြောင့် လောကကြီးကို အေးချမ်းစေတဲ့သူ ဘုရားအမြတ်ထိပ်မှာ ကပ်သွားတဲ့သူတွေကြောင့် သူသာ အေးချမ်းသည်မဟုတ်သေးပဲနဲ့ ပတ်ဝန်းကျင်ကိုလည်း အေးချမ်းအောင် ပြုရာရောက်လေသောကြောင့် ကျေးဇူးတင်ထိုက်တဲ့သူ၊

ဒီနေ့ အမှတ် (၈) မော်တော်ယာဉ်အသင်းသူ အသင်းသား ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေက မိမိတို့ မဟာဘုံကထိန်ပွဲကြီး (၃၅) ကြိမ်မြောက်ပွဲကြီးမှာ ရွှေမှဍော မဟာသိမ်တော်ကြီး မြတ်စွာဘုရားအတွင်း သီတင်းသုံးနေတော်မူတဲ့ ကကုသန်, ကောဏာဂုံ, ကဿပ, ဂေါတမ

ဘုရားလေးဆူကို ငွေကျပ် (တစ်သောင်း) ပူဇော်ခြင်းဖြင့် ဘုရားအမြွတ်လေးဆူကို ထိပ်မှာကပ် ပြီးတော့ ပူဇော်ကြတဲ့ပွဲလို့ မဆိုနိုင်ဘူးလားပရိသတ်? ဆိုနိုင်ပါတယ် ဘုရား။ အမှတ်(၈) မော်တော်ယာဉ် အသင်းသူ အသင်းသား ဒကာ–ဒကာမ အပေါင်း သူတော်ကောင်းတွေရဲ့ ဦးထိပ်ပေါ်မှာ ဘုရားလေးဆူ သီတင်းသုံးတော် မူပြီးတော့ မလာဘူးလား? လာပါတယ်ဘုရား။

အဲဒီလို ဘုရားလေးဆူ သီတင်းသုံးနိုင်အောင် အာရုံပြုပြီးတော့ ငွေကျပ် (တစ်သောင်း) ပူဇော်ခြင်းကြောင့် ဒီမော်တော်ယာဉ် အသင်းသူ အသင်းသား ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေမှာ တွေ့မယ့်ဘေးတွေ ဝေးကြမယ်၊ လာမယ့်ဘေးတွေ ဝေးကြမယ်၊ ထိမယ့် ခလုပ်တွေ ဆုတ်ကြမယ်၊ အန္တရာယ်တွေ ကင်းကြမယ်၊ ဘေးတွေ ရှင်းကြမယ်ဆိုတော့ ပရိသတ်ကြီး လောကကြီး အေးချမ်းတာလား, ပူလောင်တာလား? အေးချမ်းပါတယ်ဘုရား။ သူတို့အေးချမ်းရုံ သာမက သူတို့နဲ့စပ်နေတဲ့ သားသမီးမြေးမြစ် တူသားနောင်မယ် ဆွေသားမျိုးသား လင်ကိုယ်မယားတွေလည်း ပရိသတ်ကြီး အေးချမ်းမှာလား, ပူလောင်မှာလား? အေးချမ်းမှာပါဘုရား။ သူတို့မိသားစုတွေ အေးချမ်းတော့ သူတို့ပတ်ဝန်းကျင် ဆက်စပ်နေတဲ့ ရပ်ကွက်အသီးသီး, မြို့ရွာအသီးသီး, လူတွေလည်း အေးချမ်း မှာလား, ပူလောင်မှာလား? အေးချမ်းမှာပါဘုရား။

ဒါဖြင့် အမှတ်(၈) မော်တော်ယာဉ် အသင်းသူ အသင်းသား ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေက ဘုရားအမြွတ်ထိပ်မှာ ကပ်ပြီးတော့ ပြုတတ်လို့, သွားတတ်လို့, စားတတ်လို့, နေတတ်လို့ သူတို့အေးချမ်းရုံသာမက ကမ္ဘာလောကကြီး အေးချမ်းအောင်လည်း ပြုရာမရောက်ဘူးလား? ရောက်ပါတယ် ဘုရား။ ဒါဖြင့် ဆိုစမ်းပါ–

### ❖ ဘုရားအမြွတ်, ထိပ်မှာကပ်, သွားတတ်ပါရတယ်။

ခရီးလေးတစ်ခု သွားခါနီးတိုင်း သွားခါနီးတိုင်း ဘုရား လက်အုပ် ချီမိုးသွားတဲ့သူဟာ ဘုရားမြွတ်ထိပ်မှာ ကပ်ပြီးတော့ သွားတဲ့သူလို့ ခေါ်တယ်၊ ဒါဖြင့် ဆိုစမ်းပါ–

## ❖ ဘုရားအမြွတ်, ထိပ်မှာကပ်, သွားတတ်ပါရတယ်။ ဘုရားအမြွတ်, ထိပ်မှာကပ်, စားတတ်ပါရတယ်။

ဘုရားအမြွတ် ထိပ်မှာကပ်ပြီး ဘယ့်နှယ်စားရမှာတုန်းလို့ဆိုတော့ မိမိစားဦးစားဖျားကို ဘုရား ဆွမ်းတော် ပန်းတော် ရေချမ်းတော် ကပ်ပြီးမှစားတဲ့ အမျိုးသား အမျိုးသမီးသည် ဘုရားအမြွတ်ထိပ်မှာကပ်ပြီး စားတတ်တဲ့သူ၊ နောက်ဆုံး ဆွမ်းတော်တင်ချိန် ပန်းတော်တင်ချိန် မရတောင် မိမိစားမယ့် စားဦးစားဖျား မိမိစားတော့မယ့် ထွင်းပွဲကြီး လက်မနှိုက်ခင်၊ မိမိပါးစပ်ထဲသို့ မသွင်းခင်၊ ဤထမင်းပွဲကြီးဖြင့် ဘုရားရှင် ကိုယ်တော်မြတ်ကြီးများ ပူဇော်ပါ၏၊ စိတ်ညွှတ်ပြီးတော့ ပူဇော်လိုက်ရင် မဖြစ်ဘူးလားပရိသတ်? ဖြစ်ပါတယ်ဘုရား။ ဆွမ်းတော်တင်ချိန်မရဘူး, ပန်းတော်တင်ချိန်မရဘူး, ခရီးသွားရင်း ထွင်းစားရတာ မို့လို့ ဆွမ်းဟင်း ခွက်တွေနဲ့ ဆွမ်းဟင်းပန်းဟင်းတွေနဲ့ ခမ်းခမ်းနားနား တင်နေချိန်မရဘူးဆိုတောင် မိမိစားတော့မယ့် ထွင်းဟင်းပွဲကြီးကို မစားခင်လေးမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးများ စိတ်ညွှတ်ပြီးတော့ လှူလိုက်ရင် မဖြစ်ဘူးလား? ဖြစ်ပါတယ်ဘုရား။

အဲဒါ ဘုရားမြတ်ထိပ်မှာကပ်ပြီးတော့ စားတတ်တဲ့သူတို့ရဲ့ စားနည်းတဲ့ အဲဒီလို စားစားနေတော့ စားခါနီးတိုင်း စားခါနီးတိုင်း စားတိုင်းစားတိုင်း ဦးထိပ်ပေါ်မှာ ဘုရားမရောက်ဘူးလား? ရောက်ပါတယ်ဘုရား။ ဘုရား ရောက်နေရင် ဘုရားရဲ့တန်ခိုးတွေ, ဘုရားရဲ့ သတ္တိတွေ, ဘုရားရဲ့အရှိန်တွေ, သူ့မှာ မကူးဘူးလား? ကူးပါတယ်ဘုရား။ တန်ခိုးနဲ့သတ္တိတွေကူးရင် အန္တရာယ် မျိုးစုံ ဘေးမျိုးစုံတွေ မကင်းဘူးလား? ကင်းပါတယ်ဘုရား။ အဲဒီလိုသူ့ကိုယ်သူ ကင်းအောင် ပြုနေခြင်းကြောင့် သူ့ကိုယ်မှာ အေးချမ်းတဲ့အပြင် သူနဲ့စပ်နေတဲ့ သူတွေ, သူနဲ့ဆက်နွယ်နေတဲ့သူတွေလည်း မအေးချမ်းစေဘူးလား? အေးချမ်းစေ ပါတယ်ဘုရား။ ဒါဖြင့် ဘုရားအမြွတ်ထိပ်မှာကပ်ပြီးတော့ စားတတ်တဲ့ အမျိုးသား အမျိုးသမီးကြောင့် ကမ္ဘာလောကကြီး အေးချမ်းတာလား, ပူလောင်တာလား? အေးချမ်းတာပါဘုရား။ အဲဒီလို အေးချမ်းအောင် ပြုနေတဲ့သူကို သိကြားမင်းကြီးက

ရှိခိုးထိုက်တာလား, ရှိမခိုးထိုက်တာလား? ရှိခိုးထိုက်တာပါဘုရား။ သိကြားမင်းကြီးက ကျေးဇူးတင်မှာလား, ကျေးဇူးမတင်မှာလား? ကျေးဇူးတင်မှာပါဘုရား။ ဆို—

## ❖ ဘုရားအမြတ်, ထိပ်မှာကပ်, စားတတ်ပါရတယ်။ ဘုရားအမြတ်, ထိပ်မှာကပ်, အိပ်တတ်ပါရတယ်။

ဘုရားအမြတ် ထိပ်မှာကပ် အိပ်တယ်ဆိုတာ အိပ်ရာဝင်ခါနီးတော့ ဘုရားရှိခိုးပြီးတော့ အိပ်တယ်၊ နောက်ဆုံး ဘုရားကို ဘုရားခန်းထဲ သွားပြီးတော့ လက်အုပ်ချီမိုး ရှိခိုးချိန်မရတောင်မှ ကိုယ့်ခေါင်းအုံးပေါ် ခေါင်းမချခင် ဘုန်းတော်အနန္တ, ဉာဏ်တော်အနန္တ, ကံတော်အနန္တသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး အဆူဆူတို့အား လက်အုပ်ချီမိုး ရှိခိုးကန်တော့ပါ၏ ....လို့ ဆိုပြီးတော့ ရှိခိုးလိုက်တော့ သူ့ခေါင်းပေါ် ဘုရားရောက်မလာဘူးလား? ရောက်လာပါတယ်ဘုရား။ သူ့စိတ်ထဲ ဘုရားမကိန်းဘူးလား? ကိန်းပါတယ်ဘုရား။

အဲဒီ ခေါင်းပေါ်မှာ ဘုရားပင့်ပြီး အိပ်တဲ့ အမျိုးသား အမျိုးသမီး အိပ်မက်ဆိုးတောင် မမက်ပါ၊ တစ်ညလုံး အန္တရာယ်ကင်းလို့ ဘေးရှင်းလို့ မနက် နိုးလာတော့လည်း ဘုရားအမြတ် ထိပ်မှာကပ် နိုးတတ်ပါရတယ်၊ နိုးလာတော့လည်း ဘုရားအမြတ် ထိပ်မှာကပ်ပြီးတော့ လက်အုပ်ချီမိုး ရှိခိုးမယ်လို့ ညကထည်းက မိဌာန်ပြီးတော့ထားခဲ့ရင် မနက်နိုးလိုက်သည်နှင့် တစ်ပြိုင်နက် လက်အုပ်က သူ့အလိုလို နဖူးပေါ်ရောက်လာပြီးတော့ ဂင်္ဂါဝါလုသဲဆူမက ပွင့်တော်မူကြတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး အဆူဆူ ဘုန်းတော်အနန္တ, ကံတော်အနန္တ, ဉာဏ်တော်အနန္တသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး အဆူဆူတို့အား လက်အုပ်ချီမိုး ရှိခိုးပြီးတော့ တပည့်တော်နိုးပါ၏ဘုရား ....လို့၊ နိုးတဲ့ အချိန်မှာလည်း ဘုရားကို ခေါင်းပေါ်ပင့်တင်လိုက်ခြင်းကြောင့် သူ့ခေါင်းပေါ် ဘုရားရောက်လာမယ်၊ သူ့စိတ်ထဲ ဘုရားကိန်းလာမယ်၊

အဲဒီလိုကိန်းရင် ဘုရားတန်ခိုး, ဘုရားသတ္တိ, ဘုရားအရှိန်တွေကြောင့် တစ်နေ့လုံး အဲဒီအမျိုးသား အမျိုးသမီး အန္တရာယ်ကင်းမယ်၊ ဘေးရှင်းမယ်

ကောင်းကျိုးချမ်းသာ မင်္ဂလာအမျိုးမျိုးနဲ့ ပြည့်စုံမယ်၊ အဲလို အန္တရာယ်ကင်း ဘေးရှင်းပြီးတော့ သူ့ကိုယ်သူ အေးချမ်းအောင်ပြုထားရာ ရောက်တယ်၊ သူ့ကိုယ်သူ အေးချမ်းအောင်ပြုထားရင် သူအေးချမ်းခြင်းကြောင့် သူ့ပတ်ဝန်းကျင် သူနဲ့စပ်နေသမျှ အေးချမ်းမယ်၊ သူနဲ့စပ်နေတဲ့ သူတွေမှတဆင့် ဆက်နွယ်နေတဲ့ သူတွေလည်း အေးချမ်းမယ်၊ ဒါကြောင့် ရတနာသုံးရပ်ကို ဆည်းကပ်တဲ့သူ၊ ဘုရားအမြတ်, တရားအမြတ်, သံဃာအမြတ် ထိပ်မှာကပ်ပြီးတော့ ဆည်းကပ်တဲ့သူ မှန်သမျှသည် မိမိတို့ကိုယ်ကို မိမိတို့ အေးချမ်းအောင်ပြုရာရောက်တဲ့ အပြင်၊ မိမိနဲ့စပ်နေတဲ့ ဆက်နွယ်နေတဲ့သူတွေမှန်သမျှ၊ (ဝါ) ကမ္ဘာလောကကြီး တစ်ခုလုံး မှန်သမျှကို အေးချမ်းအောင်ပြုတဲ့သူတွေမို့လို့ ငါသိကြားမင်းကြီးက ကျေးဇူးတင်ရတယ် မာတလိ.....တဲ့။ ဒါကြောင့် ဆိုလိုက်စမ်းပါ—

## ❖ သမထတရား, ကောင်းမှုမှား, သိကြားရှိခိုးသည်။

ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ အခု တရားတော်ကို စိုက်ပြီးတော့ နာနေတဲ့အခိုက် တရားဓာတ်ကြီးက ဒကာ–ဒကာမတွေ ခေါင်းပေါ်မှာ မရောက်ဘူးလား? ရောက်ပါတယ်ဘုရား။ တရားနဲ့စိတ်နဲ့ မတွေ့ဘူးလား? တွေ့ပါတယ်ဘုရား။ အဲဒီလို တရားကိုအာရုံစိုက်နေတဲ့ အချိန်၊ တရားကိုစိုက်ပြီး နာနေတဲ့အချိန်၊ တရားတော်ကို မှတ်သားပြီး နာနေတဲ့အချိန်မှာ၊ တရားနဲ့စိတ်နဲ့ တွေ့နေတော့ တရားရဲ့သတ္တိတွေ, တရားရဲ့တန်ခိုးတွေ, တရားရဲ့အရှိန်တွေကြောင့် မိမိတို့မှာ အေးချမ်းပြီးတော့ မနေဘူးလား? နေပါတယ်ဘုရား။ အဲဒီတရားကို နာရုံမျှမက လက်တွေ့ကျင့်လိုက်တော့ ကျင့်နိုင် ကျင့်နိုင်သလောက် တရားက ကယ် မ,ခြင်းကြောင့် မိမိတို့မှာ ဘေးဆိုးရန်ဆိုးတွေကင်း, အန္တရာယ်တွေကင်း, ဘေးတွေရှင်းပြီးတော့ ကောင်းကျိုးချမ်းသာ မင်္ဂလာတွေရလို့ မအေးချမ်းဘူးလား? အေးချမ်းပါတယ်ဘုရား။

မိမိတို့ အေးချမ်း အောင်ပြုခြင်းကြောင့် မိမိတို့ကိုယ်တိုင် အေးချမ်းတဲ့ အပြင် မိမိတို့နဲ့ စပ်နေတဲ့သူတွေမှာ အပူမကပ်စေဘူး၊ မိမိက အန္တရာယ်ကင်း ဘေးရှင်းနေတော့ ဘယ်သူ့မှ ဒုက္ခမရောက် တော့ဘူး၊ မိမိအန္တရာယ်ပေါ်လာပြီ

ဆိုရင် ကယ်ကြပါအုန်း လုပ်ကြပါအုန်းဆိုတော့ ဘေးမှာ အပူတွေရောက်၊ ဒုက္ခတွေရောက်စေတဲ့သူတွေ သောကတွေဖြစ်ကြ ဟိုပြေး ဒီလွှားနဲ့ ဆေးရုံ ပြေးတဲ့သူက ပြေးရ၊ ဆရာဝန်ခေါ်တဲ့သူက ခေါ်ရနဲ့ ဒုက္ခတွေရောက်ကြရတယ်၊ မိမိအေးချမ်း ငြိမ်းတော့နေတော့ အဲဒီအပူတွေ အကုန်ငြိမ်းနေအောင် ငြိမ်းပေး ထားရာ ရောက်လို့၊ ယနေ့ တရားနာနေကြတဲ့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေက တရားတော်ကို စိုက်ပြီးတော့ နာယူနေခြင်းဖြင့်၊ (ဝါ) တရားအမြတ်ကို ထိပ်မှာ ကပ်ထားခြင်းဖြင့် ကမ္ဘာလောကကြီး အေးချမ်းအောင် ပြုတဲ့သူတွေလား, ပူအောင်ပြုတဲ့သူတွေလား? အေးချမ်းအောင်ပြုတဲ့သူတွေပါ ဘုရား။ အဲဒီလို အေချမ်းအောင်ပြုနေတဲ့သူတွေကို သိကြားမင်းကြီးက ကျေးဇူးတင်ထိုက်တာလား, ကျေးဇူးမတင်ထိုက်တာလား? ကျေးဇူးတင်ထိုက်တာပါ ဘုရား။ ကျေးဇူးဆပ်တဲ့ သိကြားမင်းကြီးက ရှိခိုးခြင်းပြုမှာလား, မပြုမှာလား? ပြုမှာပါဘုရား။

ဒါဖြင့် ဒီနေ့ တရားနာနေကြတဲ့ ဒကာ–ဒကာမတွေ သိကြား မင်းကြီးရဲ့ ရှိခိုးခြင်းခံရတဲ့ လူ့ဘဝကို မရကြဘူးလား? ရပါတယ်ဘုရား။ အဲဒါ သမထ ဘာဝနာခေါ်တယ်၊ ဘုရားရှိခိုးတယ်, တရားနာတယ်, သံဃာအာရုံပြုတယ် ဆိုတာ သမထ၊ ဒါကြောင့် ဟော သိကြားမင်းကြီး ကိုယ်တိုင်က–

**ယေဂဟဋ္ဌာ**–အိမ်ရာတည်ထောင် လူ့ဘောင်မှာနေငြား အမျိုးသား အမျိုးသမီးတို့သည်။ **ဥပါသကာ**–ရတနာသုံးရပ် မြတ်ထက်မြတ်ကို လေးမြတ် ကြည်ညို ရိုသေမပြတ်, ထိပ်မှာကပ်၍ သွားတတ်လာတတ်, စားတတ် သောက်တတ်, နေထိုင်တတ်ကြပါပေကုန်၏။ **သီလဝန္တော**–ငါးပါးရှစ်ပါး အစထား၍ များပြားစွာတောင်း သိက္ခာပုဒ်သီလအပေါင်းကိုလည်း, ကောင်းစွာ မသွေ ထိန်းသိမ်း၍နေကြပါပေကုန်၏။

ငါးပါးသီလလုံခြုံအောင် ထိန်းနေခြင်းဖြင့် ကိုယ့်ကိုယ်ကို လုံခြုံအောင် အေးချမ်းအောင်ပြုတဲ့အပြင် ပတ်ဝန်းကျင်ကိုလည်း အေးချမ်းစေတယ် ....တဲ့၊ ငါးပါးသီလမလုံပြီဆိုရင် ပတ်ဝန်းကျင် အပူတိုက်တာပဲ သူက၊ ဘုန်းကြီးတို့

ဒကာ–ဒကာမတွေ လွယ်လွယ်လေး ဉပမာကြည့်ပေါ့ ကိုယ့်ရပ်ကွက်ထဲ၊ မိမိတို့နေတဲ့ ရပ်ကွက်ထဲ၊ လူတွေ ပြေးလာတယ်၊ လူတွေ သုံးလေးငါးယောက် ရောက်လာတယ်၊ သီတင်းနားထောင်လိုက်တော့ အဲဒီလူတွေက သတ်တတ်သတဲ့၊ ခိုးတတ်သတဲ့ လစ်ရင်လည်း ခိုးတတ်သတဲ့၊ ဓားပြလည်း တိုက်တတ်သတဲ့လို့ ဒီလို ငါးပါးသီလထဲက ပါဏာတိပါတ အဒိန္နာဒါန (၂)ပါး ဖောက်ဖျက်တတ်တဲ့ လူဆိုး လူကြမ်း လူသွမ်းလူယုတ်တွေလို့ သိလိုက်ရင်ပဲ၊ ရပ်ကွက်အတွင်း ဒီသတင်းပြန့်သွားရင်ပဲ၊ ဒီလူတွေ အကြောင်းပြုပြီးတော့ တစ်ရပ်ကွက် တည်းမှာရှိတဲ့ လူ၊ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေမှာ စိုးရိမ်ပူဆွေး စိတ်မအေးရခြင်းဆိုတဲ့ သောကတွေ မရောက်ဘူးလား? ရောက်ပါတယ်ဘုရား။ အမလေး ဘယ်တော့များ ငါ့ သတ်မတုန်း၊ ဘယ်အချိန်များ ငါတို့အိမ် ဝင်ခိုးမှာပါလိမ့်၊ ဘယ်အချိန်မှာ ဓားပြတိုက်မှာလား ဆိုပြီးတော့ ပူရပင်ရတဲ့ သောကတွေ မရောက်ဘူးလား? ရောက်ပါတယ်ဘုရား။ တကယ်ကို အဲဒီလူတွေက လက်တွေ့သတ်ပြီ, ခိုးပြီ, တိုက်ပြီ, ခိုက်ပြီဆိုတော့ သောကမျှသာ မကတော့ပဲ မျက်ရည်ကြီးငယ်ကျကြရ, စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ကြရဆိုတဲ့ အပူမှုတွေ မရောက်ဘူးလား? ရောက်ပါတယ်ဘုရား။

ဒါဖြင့် ပြောင်းပြန်ပြန်လိုက် အဲဒီလို ငါးပါးသီလကို ဖောက်ဖောက် ပျက်ပျက်မဟုတ်ပဲနဲ့၊ သူများအသက်လည်း မသတ်ပါဘူး၊ သူများဥစ္စာလည်း မခိုးပါဘူးစသည်ဖြင့် ငါးပါးသီလလုံအောင်နေတဲ့သူတွေကြောင့် ပတ်ဝန်းကျင် လောကသားတွေ ပရိသတ်ကြီး ပူလောင်တာလား, အေးချမ်းတာလား? အေးချမ်း တာပါ ဘုရား။ ဒီတော့ အဲဒီလို လောကကြီး အေးချမ်းအောင် ငါးပါးသီလ လုံအောင်ထိန်းနေတဲ့ အမျိုးသား အမျိုးသမီးတွေကို သိကြားမင်းကြီးက ကျေးဇူး တင်ထိုက်တာလား, ကျေးဇူးမတင်ထိုက်တာလား? ကျေးဇူးတင်ထိုက်တာပါဘုရား။ ဒါဖြင့် သိကြားမင်းကြီးက ရှိမခိုးပေဘူးလား? ရှိခိုးပါတယ်ဘုရား။ ဆို–

## ❖ သီလတရား, ကောင်းမှုပွား, သိကြားရှိခိုးသည်။

ခုနက အမှတ်(၈) မော်တော်ယာဉ် အသင်းသူ အသင်းသား ဒကာ– ဒကာမအပေါင်း သူတော်ကောင်းတွေနှင့်တကွ ဒီနေ့ တရားနာ ပရိသတ်အပေါင်း

သူတော်ကောင်းတွေ ငါးပါးသီလကို ထပ်မံဆောက်တည်ကြပြီးတော့ ဒီငါးပါးသီလ မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ပြီးတော့ နေခြင်းဖြင့်၊ မိမိတို့တတွေ သိကြားမင်းကြီးရဲ့ ရှိခိုးခြင်းခံရတဲ့ လူ့ဘဝကို ရတဲ့နေ့လား, မရတဲ့နေ့လား? ရတဲ့နေ့ပါဘုရား။

## ❖ သီလတရား, ကောင်းမှုမှား, သိကြားရှိခိုးသည်။ သမထတရား, ကောင်းမှုမှား, သိကြားရှိခိုးသည်။ ဒါနတရား, ကောင်းမှုမှား, သိကြားရှိခိုးသည်။

စွန့်ကြဲပေးကမ်း လှူဒါန်းမှုဆိုတဲ့ ဒါနကောင်းမှုကိုပြုခြင်းကြောင့် ပတ်ဝန်းကျင် ချမ်းသာစေပါတယ်၊ အခု မော်တော်ယာဉ်အသင်းကြီးက သူတို့အသင်းကြီးကို ဖိတ်ပြီးတော့ သံဃာတော်အရှင်မြတ်တွေကို ဒန်ပေါက်ဆွမ်းတွေ, ခဲဘွယ်တွေ ဆက်ကပ်၊ ပရိသတ်ထောင်ကျော်ကို ဖိတ်မံကျွေးမွေးလိုက်တော့ အဲဒီသံဃာတော်တွေနဲ့ ပရိသတ်တွေ သူတို့ပြုတဲ့ ဒါနကောင်းမှုကိုမှီပြီးတော့ ချမ်းသာသွားတာလား, ဆင်းရဲသွားတာလား? ချမ်းသာသွားတာပါဘုရား။ ဒါဖြင့် ဒါနကောင်းမှုကိုပြုတဲ့ အမျိုးသား အမျိုးသမီးကြောင့် ပတ်ဝန်းကျင်လောက အေးချမ်းတာလား, ပူလောင်တာလား? အေးချမ်းတာပါဘုရား။ အဲဒီလို အေးချမ်းအောင် ပြုနေတဲ့ ဒါနပါရမီကောင်းမှု ဖြည့်ဆည်းပူးပြီးတော့ လောကကြီး အေးချမ်းအောင်ပြုနေတဲ့သူကို သိကြားမင်းကြီးက ရှိခိုးထိုက်တာလား, မရှိခိုးထိုက်တာလား? ရှိခိုးထိုက်တာပါဘုရား။

## ❖ ဒါနတရား, ကောင်းမှုမှား, သိကြားရှိခိုးသည်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အေး သိကြားသာရှိခိုးတာ မဟုတ်ဘူး....တဲ့၊ အဲဒီနတ်ပြည်ကို အစိုးရတဲ့ သိကြားဆိုတဲ့ လောကီ သိကြားတင်ရှိခိုးတာမဟုတ်ဘူး၊ ငါဘုရားတည်းဟူသော လောကုတ္တရာ သိကြားကလည်း ရှိခိုးပါတယ်....တဲ့၊ သိကြားဆိုတာ ငါ့နာမည်တဲ့ ဘုရားက၊ သိကြားကို သိ+ကြားလို့ မရေးဘူးလား ပရိသတ်? ရေးပါတယ်ဘုရား။ ဖတ်လို့သာ သကြားလို့ဖတ်တာ၊ ရေးတဲ့အခါကျတော့ သတ်ပုံမှန်က သိကြားလို့ရေးတယ်၊

**သိ**– သိစရာမှန်သမျှတွေကို အကုန်အစင် မကြွင်း သဗ္ဗညုတဉာဏ်တော်စွမ်းဖြင့် သိတော်မူသောဘုရားရှင်၊ **ကြား**–ဒိဗ္ဗသောတဉာဏ်နားနဲ့ ကြားစရာမှန်သမျှမှာ သိကြားမင်းကြီးထက် ပိုပြီးတော့ ကြားတော်မူတဲ့ တန်ခိုးရှင်ကိုယ်တော်မြတ်ကြီး၊

ဒါဖြင့် သိကြားကို သိကြားလို့ခေါ်တာဖြစ်တော့ တာဝတိံသာက မိုးပေါ်က နတ်သိကြားထက် ဘုရားကိုယ်တော်မြတ်ကြီးက သိကြား မစစ်ဘူးလား? စစ်ပါတယ်ဘုရား။ သိစရာရှိသမျှကို သိတယ်၊ ကြားစရာ ရှိသမျှကို ကြားတယ်၊ သိစရာရှိသမျှကို နတ်သိကြားထက် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သိတော်မူတယ်၊ ကြားစရာမှန်သမျှကို ဘုရားကိုယ်တော်မြတ်ကြီးက နတ်သိကြားထက် ကြားတော်မူတာဖြစ်တော့ သိကြားအစစ် ဘုရားဖြစ်ပါတယ်၊ သိကြားအစစ်က ဘုရားဖြစ်ပါတယ်၊ သိကြားအစစ်က ဘယ်သူပါလိမ့်? ဘုရားပါဘုရား။

အဲဒီ ဘုရားဖြစ်တဲ့ လောကုတ္တရာ ငါ သိကြားကလည်းပဲ ဒါနကောင်းမှု ပြုနေတဲ့သူတွေကို ငါ သိကြားမင်း တည်းဟူသော လောကုတ္တရာဘုရားကလည်းပဲ ရှိခိုးပါတယ်တဲ့၊ ဘယ်နဲ့ ရှိခိုးတာတုန်းဆိုတော့၊ အဲဒီလို ဒါနကောင်းမှု ပြုလာတဲ့သူတွေ, သီလကောင်းမှု ပြုလာတဲ့သူတွေ, သမထကောင်းမှု ပြုလာတဲ့ သူတွေ, ဝိပဿနာ ကောင်းမှုပြုလာတဲ့သူတွေကို ငါက သစ္စာလေးပါးတရား မရ,ရအောင် လိုက်ပြီးတော့ ဟောပြီးတော့ အရေးတယူပြုရပါတယ် ....တဲ့၊ လက်အုပ်ချီမိုးရှိခိုးတာ မရှိခိုးတာတမယ်ပဲကျန်တယ်၊ ရှိခိုးတယ်ဆိုတာ အဥ္ဇလိ ပဏာမခေါ်တဲ့ လက်အုပ်ချီမိုး ရှိခိုးတာကတစ်မျိုး၊ မာနနာပဏာမလို့ ခေါ်တဲ့ မြတ်မြတ်နိုးနိုး၊ အားကိုးတကြီးလိုက်ပြီးတော့ ဂရုတစိုက် ပြုတော့လည်း ရှိခိုးတယ်ခေါ်တယ်၊

ဒါဖြင့် ဒီနေ့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေ အမှတ် (၈) မော်တော်ယာဉ် အသင်းသူ အသင်းသား, ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေ (၃၅) ကြိမ်တိုင်တိုင် မဟာဘုံကထိန်ကြီး ကျင်းပပြီးတော့ ဘုရားသာသနာတော် ပူဇော်လာခဲ့တဲ့ ဒီကုသိုလ်ကောင်းမှုတွေကြောင့် ဘုရား ကိုယ်တော်မြတ်ကြီးက သစ္စာလေးပါးတရားကို ပေးချင်တာလား, မပေးချင်

တာလား? ပေးချင်တာပါဘုရား။ သစ္စာ လေးပါးတရားပေးဘို့ရာ ထိုက်တဲ့သူတွေ လား, မထိုက်တဲ့သူတွေလား? ထိုက်တဲ့သူတွေပါဘုရား။ ဒီပါရမီကုသိုလ်တွေ အခြေခံပြီးသကာလ ဘုရားကိုယ်တော်မြတ်ကြီးက ကျွတ်ထိုက်တဲ့ သတ္တဝါတွေကို ရှာလိုက်တဲ့အခါ အရိမေတ္တေယျဘုရားကိုယ်တော်မြတ်ကြီးက ကျွတ်ထိုက်တဲ့ သတ္တဝါ ရှာလိုက်တဲ့အခါ၊ ဤသာသနာမှာလည်းပဲ ဧဟက္ကာအရှင်မြတ်ကြီးတွေ, ပစ္စေကဗုဒ္ဓါအရှင်မြတ်ကြီးတွေက ကျွတ်ထိုက်တဲ့ သတ္တဝါတွေ ရှာလိုက်တဲ့အခါ၊ ဤ (၃၅) ကြိမ်တိုင်တိုင် မဟာဘုံကထိန် ကြီးကို ကျင်းပပြီးတော့ ပြုလုပ်လာခဲ့တဲ့ ပါရမီကောင်းမှုတွေပြည့်နေတဲ့ အမှတ်(၈) မော်တော်ယာဉ် အသင်းသူ အသင်းသားတွေကို ဉာဏ်ထဲမှာ ထင်လာ မြင်လာရင်– "**ဘုရားမြတ်လျှင်, ကုသိုလ်ရှင်ကို, မမြင် ရှောင်ကာ, မနေသာတည်း**"။

ဘုရားက သဗ္ဗညုတဉာဏ်နဲ့ ကြည့်လိုက်လို့ မြင်ပြီဆိုရင်ပဲ၊ ဩော် (၃၅) ကြိမ်တိုင်တိုင် ကထိန်သင်္ကန်းတွေ လှူဒါန်းပြီးတော့ အခြံအရံပစ္စည်းတွေနဲ့ပါ လှူဒါန်းပြီးတော့ ကုသိုလ်ပါရမီအားတွေ အများကြီး ဝမ်းထဲစုလာတဲ့သူတွေ ပါလား.....။ ငါ သွားပြီးတော့ ချွတ်မှဖြစ်မှာပဲ၊ ငါသွားပြီးတော့ သစ္စာလေးပါးပေးမှ ဖြစ်မှာပဲ၊ အင်း ခရီးကတော့ဖြင့် ဝေးလိုက်တာ သူတို့နေတာက ငါနဲ့ဆိုရင် ယူဇနာပေါင်း သောင်းသိန်းချီပြီးတော့ ဝေးနေပေမယ်လို့ သူတို့ရဲ့ ပါရမီဓာတ်တွေ နီးဆော်ပြီဆိုရင် ငါနေလို့မဖြစ်ဘူးလို့ဆိုပြီးတော့ ဘုရားကိုက မနေသာဘူး။ ဘုရားရှင့်မာကြီး ဘုရားကိုယ်တော်မြတ်ကြီးက မနေသာဘူးတဲ့။

"**ဘုရားမြတ်လျှင်, ကုသိုလ်ရှင်ကို, မမြင်ရှောင်ကာ, မနေသာတည်း**"။ ကုသိုလ်ပါရမီရှင်ကို ဘုရားက ကျွတ်ထိုက်တဲ့သတ္တဝါ သစ္စာလေးပါးတရားပေးရင် ကျွတ်တော့မယ့်သတ္တဝါလို့ သိပါလျှက်သားနဲ့၊ ဝေးလိုက်တာ ခရီးကသွားရမှာ ခရီးကဝေးတယ် တော်ပြီ မသွားသေးဘူးလို့ ဒီလို ဘုရားက မရှောင်သာဘူး....တဲ့၊ မရှောင်သာဘူး၊ အမြတ်တနိုး ကို အားကိုးတကြီးနဲ့ သူ့ထံမှောက် မရောက်ရောက်အောင် သွားပြီးတော့ သိနိုင်တဲ့သစ္စာလေးပါးကို သူနားလည်မယ့် စကားတွေနဲ့ မရ,ရအောင် ဟောရတယ်၊ ဒါဖြင့် ဘုရားအရေးစိုက်ခြင်းကို မခံရဘူးလား? ခံရပါတယ်ဘုရား။

အဲဒါ ဘုရားရှိခိုးခံရတာပဲ၊ လက်အုပ်မချီတာ တမယ်ပဲ ကျန်တယ်၊ ဂရုတစိုက် ပြုပေးတာဆိုတော့ ရှိခိုးတာနဲ့မတူဘူးလား? တူပါတယ်ဘုရား။ ဒါကြောင့် ဒါနတရား, သီလတရား, သမထတရားတွေ ပွားများလို့၊ ဘုရားရှိခိုးမှုခံရသလို၊ ဝိပဿနာတရားကို ပွားများပြန်ရင်လည်း ဘုရားရှိခိုးတယ်. သိကြား ရှိခိုးတယ်၊ မပွားရင်တော့ လောကကြီး အပူတိုက်တယ်၊ ဒါပြင့် မပွားတော့ ဘယ့်နဲ့အပူ တိုက်တုန်း၊ ပွားတော့ ဘယ့်နဲ့အေးချမ်းတုန်းဆိုတော့ ဆိုလိုက်စမ်းပါ—

❖ **မြင်တိုင်းတွေ့တိုင်း, မဆိုင်းမှတ်ပါ, မြင်သည့်တရား, ထင်ရှားပေါ်လာ။ မြင်ရာနှစ်သက်, တတ်မက်သူမှာ, လောဘမီး, လောင်ကြီး လောင်တော့တာ။**

ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ မျက်စိပေါက်က အဆင်းမျိုးစုံ ရူပါရုံတွေ ဝင်ဝင်ပြီးတော့တိုက်တော့ မြင်တယ်ဆိုတာ မလာဘူးလား? လာပါတယ်ဘုရား။ မျက်စိတံခါးကဖွင့်ထားတယ် အဆင်းမျိုးစုံ ရူပါရုံတွေက ရှေ့မှာလာ, လာတည့် တော့ မြင်မှုကြီးတွေ ပေါ်ပေါ်လာတယ်၊ အဆင်းမျိုးစုံ ရူပါရုံဆိုတဲ့ ရုပ်ဓာတ်တွေက မျက်စိလို့ခေါ်တဲ့ စက္ခု ပသာဒ မျက်စိတံခါးပေါက်ထဲမှာရှိတဲ့ စက္ခုရုပ်တွေနဲ့ တိုးကြတိုက်ကြတော့ ဖျတ်ကနဲဆို မြင်၊ သိစိတ်ကလေးတွေပေါ် ပျောက်သွား၊ မြင်သိစိတ် ကလေးတွေပေါ် ပျောက်သွား၊ အဲဒီမှာ မြင်တယ်ဆိုတဲ့ကိစ္စ ဘယ်သူ တုန်းလို့ဆိုပော့ ရုပ်နာမ်ပဲ၊ မြင်တယ်ဆိုတာ ရုပ်နာမ်၊ မြင်တဲ့ကိစ္စတွေ ရုပ်နာမ်ကိစ္စ၊ ရုပ်နှစ်လုံးတိုက်လိုက်လို့ နာမ်တစ်လုံးပေါ်တာ ဒါ မြင်တယ်လို့ခေါ်တာ၊ ရုပ်နှစ်လုံးဆိုတာ အပြင်ဘက်က အဆင်းရူပါရုံ လာတိုးတဲ့ ရုပ်၊ အတွင်းက စက္ခုပသာဒခေါ်တဲ့ အခံရုပ်၊ မီးခြစ်ဗူးခွံပေါ်မှာ မီးခြစ်ဆံလေးနဲ့ ခြစ်လိုက်တော့ ဝင်းကနဲဆိုပြီး မတောက်ဘူးလား ပရိသတ်? တောက်ပါတယ်ဘုရား။

အဲဒါလိုပဲ အခံဓာတ်ဖြစ်တဲ့ စက္ခုပသာဒရုပ်၊ မီးခြစ်ဗူးခွံပေါ်က ယမ်းမှုန့်လို အပြင်ဘက် အဆင်းရူပါရုံရုပ်နဲ့တူတဲ့ မီးခြစ်ဆံခေါင်းကယမ်းလို နှစ်ခုပွတ်တိုက်ကြ. တိုက်ကြတော့ ဝင်းကနဲ ဖြတ်ကနဲ လက်ကနဲ မီးလေးပေါ်ပျောက်သွား၊ မီးလေးပေါ်ပျောက်သွားဆိုတဲ့ နာမ်ဓာတ်ပေါ်ပါတယ်၊ သိစိတ်မြင်စိတ်ပေါ်ပါတယ်၊

မြင်စိတ်သိစိတ် ပေါ်ပါတယ်၊ အဲဒီမှာ မြင်တယ်ဆိုတာခေါ်လိုက်တာ၊ ဒီတော့ မြင်တာ ဘယ်သူတုန်းလို့ဆိုရင် ရုပ်နှင့်နာမ် နာမ်နှင့်ရုပ်၊ မြင်တာ ရုပ်နာမ်က မြင်တာ၊ မြင်မှုကိစ္စ ရုပ်နာမ်ရဲ့ကိစ္စ၊ ဒါပေမယ်လို့ ဘုန်းကြီးတို့တတွေ အားလုံး ဒကာ-ဒကာမတွေက ဝိပဿနာနဲ့ မရှုပွားခဲ့ရင် ငါမြင်တယ်လို့ မထင်ကြဘူးလား? ထင်ကြပါတယ်ဘုရား။ မြင်နေတာငါလို့ မထင် ဘူးလား? ထင်ပါတယ်ဘုရား။ မြင်တာက ရုပ်နာမ်၊ မြင်တာက ဘယ်သူ ပါလိမ့်? ရုပ်နာမ်ပါဘုရား။ ထင်တာက ငါ၊ ထင်တာကဘာပါလိမ့်? ငါပါဘုရား။ ဒါဖြင့် ရုပ်နာမ်ကို ငါထင်မှုကြီးမလာ ဘူးလား? လာပါတယ်ဘုရား။ အဲဒါ သက္ကာယဒိဋ္ဌိ၊ အဲဒီသက္ကာယဒိဋ္ဌိဆိုတာ တရားကိုယ်နဲ့ ပြောတော့ လောဘ၊ လောဘဆိုတာ မီးတဲ့၊ မီး (၁၁) မီးထဲမှာ လောဘမီး မပါဘူးလား? ပါပါတယ်ဘုရား။ ဒါဖြင့် လောဘဟာ မီးဖြစ်ခဲ့ရင် မီးဆိုတာ ပူတဲ့သဘောရှိသလား, အေးတဲ့သဘောရှိသလား? ပူတဲ့သဘော ရှိပါတယ်ဘုရား။

ဒါဖြင့် ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေ ဝိပဿနာ မရှုခဲ့ရင် မျက်စိပေါက်က ငါမြင်တယ်, မြင်တာငါ, ငါ မြင်တယ်, မြင်တာငါဆိုတဲ့ သက္ကာယဒိဋ္ဌိ လောဘမီးတွေ ထပြီးတော့ မတောက်ဘူးလား? တောက်ပါတယ် ဘုရား။ တစ်နေ့ ဘယ်နှစ်ကြိမ်တောက်တုန်းဆိုရင် အကြိမ်ပေါင်း ရေတွက် နိုင်ရဲ့လား? မရေတွက်နိုင်ပါဘုရား။ အဲဒီလို မရေတွက်နိုင်အောင် လောဘမီးတွေ တောက်ခဲ့ရင်ဖြင့် အပူဓာတ်တွေ အားကြီးလာမှာလား, နည်းသွားမှာလား? အားကြီးလာမှာပါဘုရား။ အဲဒီအပူဓာတ်ကြီးတွေ အားကြီးရင် မိမိကိုယ်တိုင် လောင်မြိုက်လာရင် မိမိကတစ်ဆင့် ကူးစက်တဲ့သူတွေမှန်သမျှ ပူလောင် မှာလား, အေးချမ်းမှာလား? ပူလောင်မှာပါဘုရား။

ဒါဖြင့် ဝိပဿနာ မရှုတဲ့သူတွေကြောင့် လောကကြီး အပူမီးတွေ တိုးလာမှာလား, အေးလာမှာလား? တိုးလာမှာပါဘုရား။ အဲဒီလို အပူတွေ တိုးလာအောင်ပြုတဲ့ သူတွေကို သိကြားမင်းကြီးက ရှိမခိုးနိုင်၊ ဘုရားကိုယ်တော် မြတ်ကြီးကလည်း ရှိမခိုးနိုင်၊ အေးချမ်းအောင်ပြုနေတဲ့ သူတွေကိုမှ ဘုရား ကိုယ်တော်မြတ်ကြီးက ရှိခိုးနိုင်တယ်၊ သိကြားမင်းကြီးက ရှိခိုးနိုင်တယ် ... တဲ့။ ဒါကြောင့် ဆိုလိုက်စမ်းပါ—

❖ **မြင်တိုင်းတွေ့တိုင်း. မဆိုင်းမှတ်ပါ၊ မြင်သိတရား. ထင်ရှား ပေါ်လာ၊ မြင်ရာနစ်သက်. တပ်မက်သူမှာ၊ လောဘမီး. လောင်းကြီးလောင်တော့တာ။**

အဲဒီမြင်တဲ့ကိစ္စမှာ ရုပ်နာမ်လို့ မရှုလိုက်တော့ လောဘမီးတွေ တောက်၊ မြင်တဲ့အရာဝတ္ထုလေးတွေပေါ်မှာ စိမ်းစိမ်းလေးမို့ လှလိုက်တာ၊ ပြာပြာလေးမို့ လှလိုက်တာ၊ ဝါဝါလေးမို့ လှလိုက်တာဆိုပြီးတော့ တပ်မက်တဲ့သူတွေမှန်သမျှ လောဘမီးတောက်ပါတယ်၊ လောဘမီးတောက်ရင် ပူတတ်ပါတယ်၊ အဲဒီလိုသူ ပူရုံမျှသာမက ပတ်ဝန်းကျင်ပါ ပူစေတတ်လို့မို့ ဝိပဿနာမရှုပွားတဲ့သူတွေမှန်သမျှ လောကကြီးကို အပူတိုက်နေရာ ရောက်ပါတယ်၊ အေးချမ်းအောင်မပြုဘဲ အပူတိုက် နေတာမို့လို့ ဘုရားကိုယ်တော်မြတ်ကြီးက ကျေးဇူးမတင်, သိကြားမင်း ကြီးက ကျေးဇူးမတင်၊ ဒါဖြင့် ဝိပဿနာရှုပွားတဲ့သူတွေက လောဘမီး ငြိမ်းရာမရောက်ဘူးလား? ရောက်ပါတယ်ဘုရား။ ဆိုစမ်းပါအုန်း—

❖ **မြင်တိုင်းတွေ့တိုင်း. မဆိုင်းမှတ်ပါ၊ မြင်သိတရား. ထင်ရှား ပေါ်လာ။ မြင်ရာမပြတ်. ရှုမှတ်သူမှာ၊ လောဘမီး. ငြိမ်းကြီး ငြိမ်းတော့တာ။**

မြင်ရာမပြတ် ရှုမှတ်သူမှာ—မျက်စိပေါက်ထဲ အဆင်းမျိုးစုံ ရူပါရုံ ဝင်တိုက်တိုင်း ရုပ်နာမ်ဖြစ်ပျက်၊ ရုပ်နာမ်ဖြစ်ပျက်၊ ရုပ်နာမ်ဖြစ်ပျက်လို့ မြင်ရာကို မပြတ်အောင်၊ ကျဲမသွားအောင် ရှုမှတ်ပြီးနေတဲ့သူရဲ့သန္တာန် ကျတော့ ရုပ်နာမ်ကို ရုပ်နာမ်အတိုင်း သိလာတယ်၊ ရုပ်နာမ်ရဲ့ ဖြစ်ပျက် သွားတဲ့သဘောကို ဖြစ်ပျက်သွားတဲ့သဘောအတိုင်း မြင်လာမယ်၊ မြင်လာလိုက်သည်နှင့်တပြိုင်နက် ငါမြင်တယ်၊ မြင်တာငါပဲဆိုတဲ့ သက္ကာယဒိဋ္ဌိတဏှာစွဲ လောဘမီးငြိမ်းပြီတဲ့ ငြိမ်းသွားပြီ၊ မီးငြိမ်းသွားရင် ပရိသတ်ကြီး ပူမှာလား. အေးမှာလား? အေးမှာပါဘုရား။ အဲဒီလို မိမိကိုယ်ကို အေးအောင်ပြုခြင်းကြောင့် လောကကြီး ကိုပါ အေးအောင်ပြုရာမရောက်ဘူးလား? ရောက်ပါတယ်ဘုရား။ အဲဒီလို လောကကြီးကိုပါ အေးချမ်းအောင်ပြုတဲ့ ဝိပဿနာရှုပွားပြီးတော့ ကိုယ့်ကိုယ်ကို

ကိုယ့် မီးကို ငြိမ်းသဖြင့် ကိုလည်းငြိမ်းတဲ့အပြင် လောကကြီး အေးချမ်းအောင် ပြုဝဲ့ပုဂ္ဂိုလ်ထူးတွေကို သိကြားမင်းကြီးက ရှိခိုးထိုက်သလား, မရှိခိုးထိုက် တာလား? ရှိခိုးထိုက်ပါတယ်ဘုရား။

**"မြင်တိုင်းတွေ့တိုင်း, မဆိုင်းမှတ်ပါ, မြင်သိတရား, ထင်ရှား ပေါ်လာ"**။ အဲဒီလို မြင်တိုင်းတွေ့တိုင်း ရှုမှတ်လိုက်တဲ့အခါကြတော့ မြင်တဲ့တရားကိုပဲ မြင်တဲ့တရားကို ထင်ရှားပေါ်လာလိမ့်မယ် ရုပ်နာမ်ပြောတာ၊ ရုပ်နာမ်ထင်ရှားပေါ်လာမယ်၊ ရုပ်နာမ်ရဲ့ဖြစ်ပျက် ထင်ရှားပေါ်လာမယ်၊ အဲဒီလိုပေါ်လာတော့ ဘာဖြစ်တုန်း၊ ဆို—

- **မြင်ရာမပြတ်, ရှုမှတ်သူမှာ, လောဘမီး, ငြိမ်းကြီး ငြိမ်းတော့တာ။**

မျက်စိပေါက်က ဒါကို ငြိမ်းရာမရောက်ဘူးလား? ရောက်ပါတယ်ဘုရား။ ဝိပဿနာမရှုရင် ဒွါရခြောက်ပေါက်က မီးတွေတောက်ပြီးနေရာ မရောက်ဘူးလား? ရောက်ပါတယ်ဘုရား။

- **ကြားတိုင်းတွေ့တိုင်း, မဆိုင်းမှတ်ပါ၊ ကြားသိတရား, ထင်ရှားပေါ်လာ၊ ကြားရာနှစ်သက်, တပ်မက်သူမှာ၊ လောဘမီး လောင်ကြီးလောင်တော့တာ။ ကြားရာမပြတ်, ရှုမှတ်သူမှာ, လောဘမီး ငြိမ်းကြီးငြိမ်းတော့တာ။**

ထို့အတူ ဗာပေါ့ နှာခေါင်းပေါက်က နံရာမပြတ်ပေါ့၊ လျှာပေါက်က စားရာမပြတ်ပေါ့၊ ဒွါရခြောက်ပေါက်ကနေပြီးတော့ ပေါ်လာသမျှ ဝိပဿနာတရား ရှုပွားပြီးတော့နေသောသူသည် သူ့ကိုယ်သူ ကိလေသာမီး အေးငြိမ်းအောင် ပြုနေရာ ရောက်တဲ့အပြင် ပတ်ဝန်းကျင်ကိုလည်း အေးချမ်းစေတတ်လို့မို့ သူကိုယ်တိုင် လောဘမီး ဒေါသမီးငြိမ်းသွားတော့ ရဟန္တာ ယောက်ျား ရဟန္တာမကြီး ဖြစ်သွားတော့ သူ့ကိုကိုးကွယ်ရတဲ့ ဆည်းကပ်ရတဲ့ လှူဒါန်းရတဲ့ သူတွေ ကောင်းမှုတွေ ကုသိုလ်တွေတိုးပြီးတော့ မအေးချမ်းကြဘူးလား?

အေးချမ်းပါတယ်ဘုရား။ သူတည်းဟူသော အကြောင်းကြောင့် သူတစ်ပါးတွေ အသက်သေရသေးသလား? မသေရပါဘုရား။ သူက ရဟန္တာဖြစ်သွားပြီ ရဟန္တာမဖြစ်သွားပြီဆိုတော့ သူများ အသက်လည်း မသတ်ဘူး။ သူများဥစ္စာလည်း မခိုးဘူး။ သူ့များသား မယားလည်း မကျူးလွန်ဘူးစသည်ဖြင့် အကုသိုလ်တွေ အကုန်လုံး သိမ်းပြီးသကာလ အေးငြိမ်းသွားတာမို့လို့ ပတ်ဝန်းကျင်လည်း အနှောက်အယှက်မပေးတဲ့အတွက် အေးချမ်းတဲ့ပုဂ္ဂိုလ်ကြီးဖြစ်ပေ့ လောက ကြီးလည်း အေးချမ်းစေတယ်၊ ဒါကြောင့် ဝိပဿနာရှုပွားတဲ့သူတွေကို သိကြားမင်းကြီးက အကျေနပ်ရှိခိုးသလို ဘုရားရှင်ကိုယ်တော်မြတ်ကြီး တည်းဟူသော လောကဗြဟ္မာ သိကြားမင်းကြီးကလည်း ငါလည်း ရှိခိုးပါကယ်....လို့။

## ဝိပဿနာတရား, ကောင်းမှုပွား, သိကြားရှိခိုးသည်။
## ဝိပဿနာတရား, ကောင်းမှုပွား, ဘုရားရှိခိုးသည်။

အဲဒီလိုအားဖြင့် ဒါနတရား, သီလတရား, သမထတရား, ဝိပဿနာ တရား လေးပါးသောကောင်းမှုတရားကို ပွားများနေကြတဲ့ လူလေးမျိုးတို့ကို သိကြားမင်းကြီးက ငါ ရှိခိုးပါတယ်လို့ဆိုတော့ ဒီ သူလေးမျိုးဟာ သိကြားမင်းကြီးက ကိုယ်ကရှိခိုးနေရတဲ့သိကြားမင်းကြီးက ပြန်ပြီးတော့ ရှိခိုးခြင်း ခံရလို့မို့ လူထူးလူဆန်းတွေ ဖြစ်ကြပါတယ်၊ သိကြားမင်းကပြန်ပြီး ရှိခိုး ခံရတယ်ဆိုတော့ ဟိုသတ် မထူးဘူးလား? ထူးပါတယ်ဘုရား။ တရားအစတုန်းက ပြောခဲ့တဲ့အတိုင်း သားသွီးက အမေအဖေကိုသာ အမြဲရှိခိုးနေရပါလျက်နဲ့ အမေအဖေကပြန်ပြီးတော့ ရှိခိုးရတဲ့သားလို့ဆိုရင် အဲဒီသား မထူးဘူးလား? ထူးပါတယ်ဘုရား။ မဆန်းဘူးလား? ဆန်းပါတယ်ဘုရား။

အဲဒါလိုပဲ ဒီနေ့ အမှတ် (၈) မော်တော်ယာဉ် အသင်းသူ အသင်းသား ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေနှင့်တကွ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ဤ (၃၅) ကြိမ်မြောက် ကထိန်ပွဲကြီးကို ဆင်နွှဲ ကျင်းပပြီးတော့နေတဲ့အချိန်၊ ရွှေမှဒေါ မဟာသိမ်တော်ကြီးမြတ်စွာဘုရားကို

ပူဇော် ပြီးတော့ နေတဲ့အချိန်၊ တရားပွဲကြီး (၃)ညတိုင်တိုင် ဆင်နွှဲကျင်းပပြီးတော့ ပူဇော်တရားနာနေကြတဲ့ အချိန်သည် ပရိသတ်ကြီး သိကြားမင်းကြီးရဲ့ ရှုခိုးခြင်းကို ခံရတဲ့သူတွေလား, မခံရတဲ့သူတွေလား? ခံရတဲ့သူတွေပါဘုရား။

သိကြားမင်းသာမက လောကုတ္တရာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး တည်းဟူသော သိတော်မူ ကြားတော်မူတဲ့ ဘုရားကိုယ်တော်မြတ်ကြီးရဲ့ ရှိခိုးခြင်း, မြတ်နိုးခြင်း, အားကိုးခြင်း, အားထားခြင်း, အရေးတယူပြုခြင်းကို ခံထိုက်တဲ့သူတွေလား, မခံထိုက်တဲ့ သူတွေလား? ခံထိုက်တဲ့သူတွေပါဘုရား။ အဲဒါကြောင့် သိကြားမင်းကြီးရဲ့ ရှိခိုးခြင်းခံရတဲ့သူတွေသာမက၊ လောကုတ္တရာ သိကြားမင်းကြီး ဖြစ်တော်မူတဲ့ ဘုရားကိုယ်တော်မြတ်ကြီးရဲ့ ရှိခိုးခြင်းကို ခံရတဲ့ သူတွေဖြစ်အောင် ဒါန, သီလ, သမထ, ဝိပဿနာ လေးဖြာသော ကောင်းမှု တရားတို့ကို ကြိုးစားအားထုတ် ပြုလုပ်နိုင်ကြတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ ဖြစ်ကြပါစေကုန်သတည်း၊

ဤကဲ့သို့ လေးပါးသော တရားတို့ကို ကြိုးစားအားထုတ် ပြုလုပ်နိုင်ကြကုန်သည်ဖြစ်၍၊ ဤကဲ့သို့ ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူ သွားတတ်ကြသဖြင့် ဘုရားပစ္စေကာ အရိယာအပေါင်း သူတော်ကောင်းကြီးတို့ ရအပ်, ရောက်အပ်, သိမြင်အပ်သော နိဗ္ဗာနဓာတ် တရားတော်မြတ်ကြီးကို လျှင်မြန်ဆောစွာ ရောက်ကြရ, ရကြရ, မြင်ကြရပါလို ကုန်သောဟူ၍ ပတ္ထနာအောင်ဆုပြုကြကုန်ရာသတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

# • "ဥဒယဘဒ္ဒဇာတ်တရားတော်"

ကိုင်း တရားပွဲစရအောင်—

ယနေ့ မြန်မာကောဇာသက္ကရာဇ် ၁၃၄၄–ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၅) ရက်နေ့မှာ၊ လမ်းလယ် ဆုတောင်းပြည့်မြတ်စွာဘုရား ပရဝုဏ်အတွင်း၌၊ မန္တလေးမြို့ လမ်းလယ် ဘုရားရပ်ကွက်၌ နေထိုင်ကြကုန်သော ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတို့ရဲ့ လမ်းလယ် ဆုတောင်းပြည့်မြတ်စွာဘုရားအား, မိမိတို့ နှစ်စဉ်နှစ်တိုင်း ပူဇော်နေကြ, မြတ်နိုးကော်ရော်နေကြ ဗုဒ္ဓပူဇနိယကုသိုလ်မင်္ဂလာပွဲကြီးကို အကြောင်းပြုပြီးသကာလ, လာမည့်လပြည့်ကျော် (၇) ရက်နေ့မှာ ပင့်သံဃာတော်နှစ်ရာကျော်တို့အား, မိမိတို့ အသီးသီး တတ်စွမ်းသမျှ သံဃိကဒါန ရည်မှန်းထားကြတဲ့ စာရေးတံမဲ နှစ်ရာကျော်တို့ဖြင့်, အသီးသီး သံဃိက ဒါန လောင်းလှူပူဇော်ကြခြင်းဆိုတဲ့ သံဃိကဒါန သံဃာ့ပူဇနိယ ကုသိုလ်မင်္ဂလာ၊ ဤသို့ သက်တော်ထင်ရှား မြတ်စွာဘုရားအား ရည်မှန်းပြီးသကာလ၊ လမ်းလယ်ဆုတောင်းပြည့်မြတ်စွာဘုရားအား ပန်း, ရေချမ်း, ဆွမ်း, ဆီမီး, သစ်သီးမျိုးစုံ, မုန့်မျိုးစုံ, ခဲဖွယ်ဘောဇဉ်မျိုးစုံတို့ဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်ကြခြင်းဆိုတဲ့ ဗုဒ္ဓပူဇနိယကုသိုလ် မင်္ဂလာ၊

ထိုကဲ့သို့ ဗုဒ္ဓပူဇနိယ ကုသိုလ်မင်္ဂလာကို ကျင်းပရင်း၊ ဘုရားသားတော် ဖြစ်ကြကုန်သော သံဃာတော်အရှင်မြတ် နှစ်ရာကျော်တို့ကို လဲပဲ အသီးသီး ဆွမ်း, သင်္ကန်း, စာရေးတံမဲအစရှိသော ပစ္စည်း နှစ်ရာကျော်တို့ဖြင့် သံဃိကဒါန လောင်းလှူပူဇော်ကြတဲ့ သံဃာ့ပူဇနိယ ကုသိုလ်မင်္ဂလာ၊ ထိုကဲ့သို့ ဗုဒ္ဓပူဇနိယ, သံဃာ့ပူဇနိယ, ဘုရားနဲ့ သံဃာကို ပူဇော်လိုက်သည်နှင့်တစ်ပြိုင်နက် တရားပိုင်ရှင်ဖြစ်တော်မူတဲ့ ဘုရားရှင်ကို ပူဇော်လိုက်ခြင်းကြောင့် တရားတော်ကိုလဲ ပူဇော်ပြီးသားဖြစ်၊ တရားတော်ကို ဆောင်ရွက် သင်အံ ပို့ချနေတော်မူကြကဲ့

သံဃာတော် အရှင်မြတ်တွေကို ပူဇော်လိုက်ခြင်းကြောင့်, တရားတော်ကိုလည်း ပူဇော်ပြီးသားဖြစ်တဲ့အတွက် ဓမ္မပူဇနိယ ကုသိုလ်မင်္ဂလာလို့ဆိုတဲ့၊ ဘုရား တရား သံဃာ ရတနာသုံးပါးပူဇော်မှု ကုသိုလ်မင်္ဂလာပွဲကြီးကို အကြောင်းပြုပြီးတော့ ဒီနေ့ဖြစ်ပေါ်လာတဲ့ တရားပွဲ၊ အထူးသဖြင့် တရားတော်မြတ်ကို၊ ဘုရားရှင်ကို ပူဇော်ရင်း, သံဃာတော်အရှင်မြတ် တွေကိုပူဇော်ရင်း မိမိတို့ ပြုလုပ်အားထုတ်ကြတဲ့ ကုသိုလ်ကောင်းမှုနဲ့ စပ်ပြီး၊ တရားတော်မြတ်ကိုလဲပဲ တတ်စွမ်းသမျှ နာယူ ကြည်ညိုလိုကြတဲ့ဓမ္မဿဝနကုသိုလ်မင်္ဂလာ၊ ဤကဲ့သို့ ရတနာသုံးရပ် ပူဇော်ပွဲကို အကြောင်း ပြုပြီးသကာလ ဖြစ်ပေါ်လာတဲ့ တရားပွဲ၊

ဒီတရားပွဲမှာ ဘုန်းကြီးတို့က ဒီနေ့ညငါးရာငါးဆယ်နိပါတ်၊ ဥဒယဘဒ္ဒ ဇာတ်တော်ကို အခြေခံပြီး သကာလ ဒါန သီလ ဘာဝနာ ကုသိုလ်တရားများကို နာကြားကြရအောင်။—

**ပိဠေယျ ကာယတော မေဒံ, မနတော ဖဂ္ဂုနာ ဝရံ၊**
**တေန မေဒေန နိဗ္ဗာနံ, ကိလောယျ သုသုခံ ပဒံ။**

ပဏ္ဍိတော–ကြောင်းကျိုးမြော်မြင် သမ္မာဉာဏ်ဖြင့် ဉာဏ်ယှဉ် လေတောင်း, အသိအလိမ္မာဉာဏ်ပညာရှိတဲ့ အမျိုးသား အမျိုးသမီးအပေါင်းသည်။ ကာယတော– ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါတို့, အို, နာ, သေမှု ဘေးထုအောင်းနို ခန္ဓာကိုယ်ကြီးမှ။ မေဒံ–နိဗ္ဗာန် တိုင်ထိ ရောက်ရှိစေကြောင်း ကောင်းမှုပါရမီ နှစ်အဆီကို။ ပိဠေယျ–ဗုဒ္ဓမြတ်စွာ သာသနာလမင်း ကမ္ဘာတွင်းဝယ် လင်းသည့် အခိုက် အားခွန်စိုက်၍ နှစ်ခြိုက်ပုံသေ ညှစ်ယူလိုက်လေရာ၏။ ဖဂ္ဂုနာ–ရေ, မီး, မင်း, ခိုး, မွေခံဆိုးနှင့်, ရန်မျိုးငါးတန် ဆက်ဆံလေဘိ အကာအတိ ဖြစ်သော။ မနတော–ဖွေရှာစုဆောင်း စည်းစိမ်ဥစ္စာအပေါင်းမှ။ ဝရံ–နိဗ္ဗာန် တိုင်ထိ ရောက်ရှိစေကြောင်း ကောင်းမှုပါရမီ နှစ်အဆီကို။ ပိဠေယျ–ဗုဒ္ဓမြတ်စွာ သာသနာလမင်း ကမ္ဘာတွင်းဝယ်, လင်းသည့်အခိုက် အားခွန်စိုက်၍ နှစ်ခြိုက်ပုံသေ ညှစ်ယူလိုက်လေရာ၏။ တေနမေဒေန–မိမိပေါင်းစု ကိုယ်တိုင်ပြုသည့် ကောင်းမှုပါရမီ ထိုနှစ်အဆီဖြင့်။ သုသုခံ–ချမ်းသာအမျိုးမျိုး စံချိန်ထိုးလည်း

တူနိုးမရ အလွန်တစ်ရာ ချမ်းသာလှစွာသော။ ပဒံ-အသခ်တ အမတခေမံ. နေရပ်ဖြစ်မြို့ထီး အချမ်းသာဆုံးဖြစ်သော နိဗ္ဗာန်ချမ်းသာကြီးကို။ ကီဏော ကီဏောယျ-ဗောဓိ သုံးမျိုး ဆုကြီးပျိုး၍, အားကြိုးလွယ်ကူ လဲလှယ်၍ ယူလိုက်လေရာသတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

မင်္ဂလိနိဗ္ဗာန်လိုလားတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးသည်၊ မိမိရဲ့ခန္ဓာကိုယ်ကို, ထောပတ်အိုးကြီး ဆီအိုးကြီးများ ရေထဲမှာ ကွဲသလို ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ရတယ်၊ ဒါ မြတ်စွာဘုရားရှင်ရဲ့ အင်္ဂုတ္တရနိကာယ်မှာလာတဲ့ အဆုံးအမတော်တစ်ရပ်၊ မင် ဖိုလ်နိဗ္ဗာန်ကိုလိုလားတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးသည် မိမိရဲ့ ခန္ဓာကိုယ်ကြီးကို ရေထဲမှာ ထောပတ်အိုးကြီး, ဆီအိုးကြီးများ ကွဲသလို ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ရတယ်....တဲ့၊ ရေထဲမှာ ထောပတ်အိုးကြီး ဆီအိုးကြီးများကွဲတော့၊ အိုးကွဲတွေက အောက်မြုပ်သွားတယ်၊ ထောပတ်တွေ, ဆီတွေ, ပျားသကာ တွေက ရေပေါ်မှာ ပျံ့ဝဲပြီးတော့ တက်လာကြတယ်၊

အဲဒါလိုပဲ ယနေ့ ဒကာ-ဒကာမ အပေါင်း သူတော်ကောင်းတို့ရဲ့ ခန္ဓာကိုယ်ကြီးသည်၊ ခန္ဓာကိုယ် အိုးကြီးသည်၊ နောက်ဆုံး မြေထဲမှာ မြုပ်ရမယ်၊ မီးလောင်စာဖြစ်မယ်၊ ပိုးစာ ချစာဖြစ်မယ်၊ သို့မဟုတ် ရေထဲမျှောခံရ၊ ဒီတော့ ဒီခန္ဓာကိုယ်ကြီးသည် မြေထဲမြုပ်ရမယ် မီးလောင်စာဖြစ်ရမယ်လို့ဆိုတော့ အောက်မြုပ်သွားမယ့် အိုးချမ်းကွဲတွေနဲ့ တူတယ်၊ အဲဒီလို ခန္ဓာကိုယ်ကြီးက. ရုပ်ခန္ဓာကိုယ်ကြီးက, အိုးချမ်းကွဲတွေလို မြုပ်သွား မြေထဲမြုပ်သွား၊ ရေထဲမြုပ်သွား၊ မီးလောင်စာ ဖြစ်သွားသော်လည်းပဲ ကုသိုလ်ပါရမီဆိုတဲ့ အဆီအနှစ်တွေ့ မိမိစုဆောင်း ပြုလုပ်အားထုတ်ထားတဲ့ ဒါန, သီလ, ဘာဝနာအစရှိတဲ့ ကုသိုလ်ပါရမီကောင်းမှု အဆီအနှစ်တွေက၊ အပေါ်မှာ ပျံ့ဝဲပြီးတော့ တက်လာ စေနိုင်ရတယ်....တဲ့၊ တက်လာအောင် ကြိုးစားရတယ်၊ ရေထဲမှာ ကျောက်ခဲ အိုးကြီးများ၊ ကျောက်စရစ်အိုးတွေ, အိုးချမ်းကွဲတွေ ထည့်ထားတဲ့အိုးကြီး

ကွဲတော့၊ အိုးကွဲတွေလဲမြုပ် ကျောက်စရစ်တွေ, ကျောက်ခဲတွေလဲမြုပ်, ကျောက်ခဲတွေကြောင့်ပဲ ဒီအိုးကြီး ပိုပြီးတော့မြုပ်လွယ်တယ်၊ အဲဒါလိုပဲ အကုသိုလ်ဒုစရိုက် တရားတွေ နေ့စဉ်နေ့စဉ် မိမိသန္တာန်မှာ ဖြစ်ပွားအောင် ပြုလုပ်အားထုတ် နေပြီဆိုရင်၊ ကျောက်စရစ်အိုးချမ်းတွေကို အိုးထဲမှာ ကောက်ပြီးတော့ ကြုံးပြီးတော့ ထည့်နေတာနဲ့တူတယ်၊ အကုသိုလ် ဒုစရိုက် တရားတွေက ကျောက်တွေလိုပဲ၊ ကျောက်ခဲတွေ ကျောက်စရစ်တွေ ရေထဲချလိုက်ရင် ဘယ်တော့မှ ပေါ်တယ်မရှိဘူး မြုပ်တယ်၊ သူတို့ကိုယ်တိုင် မြုပ်သလို သူတို့မှီတဲ့အရာဝတ္ထုကိုလဲပဲ မြုပ်စေတတ်တယ်။

အဲဒီလိုပဲ အကုသိုလ်ဒုစရိုက်တရား မှန်သမျှတို့သည်၊ သူတို့ကိုယ်တိုင် ကလဲပဲ မြုပ်တဲ့တရားတွေ၊ သူတို့ရဲ့ မှီရာဖြစ်တဲ့တရားတွေကို အရာဝတ္ထုတွေကိုလဲ မြုပ်စေတယ်တဲ့၊ ဒါကြောင့် အသိအလိမ္မာ ဉာဏ်ပညာရှိတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးသည်၊ မိမိရဲ့ ခန္ဓာကိုယ်ကို ကျောက်စရစ်အိုးကြီးကဲ့သို့ မဖြစ်စေဘဲ၊ ကျောက်ခဲအိုးကြီးကဲ့သို့ မဖြစ်စေဘဲ၊ ထောပတ်အိုး ဆီအိုးကြီး ကွဲသလို ဖြစ်စေရတယ်....၊ အကုသိုလ်ဒုစရိုက်တရားတွေက အောက်ကိုမြုပ်စေ တတ်တဲ့ သတ္တိရှိတယ်၊ ဒါကြောင့်—

### ❖ အကုသိုလ်ဟာ. ကျောက်ပမာ. အောက်မှာ နစ်မြုပ်မြဲ၊ ကုသိုလ်ပါရမီ. နှစ်အဆီ. ပေါ်ရည်တက်၍ဲ။

ကုသိုလ်ပါရမီ အဆီအနှစ်တွေ အပေါ်ရည်တက်ပြီး၊ ဝဲကနဲဝဲကနဲ လာအောင် ကြိုးစားပါတဲ့၊ ကုသိုလ်ပါရမီတွေကတော့ အပေါ် တက်တက်. တက်တက်လာလိုက်တာ၊ ဘုန်းကြီးတို့ ဘုရားရှင် ဘုရားအလောင်းတော်များ ပါရမီတွေဖြည့်ပြီးတော့ လာလိုက်တာ၊ ဘုရားရှင်ရဲ့ အလောင်းတော်ခန္ဓာကိုယ်၊ တဖြေးဖြေးနဲ့ ရုပ်ခန္ဓာကိုယ်ကြီးသည်ကား အသုံးမကျတဲ့အဖြစ်ကို ရောက်၊ တန်ဖိုးမရှိတဲ့အဖြစ်ကို ရောက်၊ ဘဝပေါင်းများစွာ ပါရမီတွေကို ဖြည့်လာခဲ့တဲ့ ဘုရားအလောင်းတော်ရဲ့ ခန္ဓာကိုယ် ဘဝတိုင်း, ဘဝတိုင်း, မြေထဲ မြုပ်ခဲ့ရတယ်၊ မီးလောင်ပြီးတော့ ပြာဖြစ်ခဲ့ရတယ်။ အဲဒီလို ရုပ်ခန္ဓာကိုယ်ကြီးက အသုံးမကြတဲ့

အဖြစ်မျိုး, တန်ဖိုးမရှိတော့တဲ့ အဖြစ်မျိုး၊ နောက်ဆုံးကျတော့ တပြားမှ ပေးပြီးတော့ မယူချင်လောက်အောင် ရောက်ခဲ့ရတဲ့အဖြစ်မျိုး ရောက်ခဲ့ရသော်လဲပဲ၊ ကုသိုလ်ပါရမီ အဆီအနှစ်တွေ ပျံ့ဝဲပျံ့ဝဲအောင် ကြိုးစားနိုင်ခဲ့လို့၊ နောက်ဆုံး သဗ္ဗညုတရွှေဉာဏ်သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးအဖြစ်နဲ့ ပရိနိဗ္ဗာန်ဝင် စံတော်မူသွားခဲ့တယ်၊

ထို့အတူ အလောင်းတော်အရှင်မြတ် သူတော်ကောင်းကြီးတွေ၊ ဘဝများစွာ သံသရာမှာ ဒီရုပ်နာမ်ခန္ဓာကိုယ်ကြီးကတော့၊ နောက်ဆုံး အသုံးမကျတဲ့ အဖြစ်မျိုးရောက်ခဲ့, ရောက်ခဲ့, ရောက်ခဲ့ အကြိမ်ပေါင်းများစွာ၊ သို့သော် သူတို့ ပါရမီအဆီအနှစ်တွေကို စုဆောင်း စုဆောင်းလာခဲ့ကြလို့ အဂ္ဂသာဝကကြီးတွေ, မဟာသာဝကကြီးတွေ, ပကတိ သာဝကကြီးတွေအဖြစ်နဲ့ ပရိနိဗ္ဗာန် ဝင်စံတော်မူနိုင်ခဲ့ကြတယ်။

ဒါ့ကြောင့် ဘုန်းကြီးတို့ ယနေ့ တရားနာနေကြတဲ့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေလဲပဲ၊ မိမိတို့ရဲ့ခန္ဓာကိုယ် အတိတ်ဘဝတွေ ပြန်ပြောင်း ပြီးတော့များ မြင်စကောင်းလို့ ကြည့်နိုင်တတ်ကြလို့, ကြည့်နိုင်ကြပယ်ဆိုရင်၊ ဒီခန္ဓာကိုယ်ကြီးသည် ရောက်လေရာရာဘဝတိုင်း၌၊ အသက်ပိုင်းခြား တစ်ဝက် ကျော်တယ်...လို့ ဆိုလိုက်သည်နှင့်တစ်ပြိုင်နက် တန်ဖိုးလျှော့လျှော့လာတဲ့ ခန္ဓာကိုယ်၊ ဇရာဒုက္ခကြီးက ဖိစီးလို့ တန်ဖိုးလျှော့လာ၊ ဆံပင်တွေဖြူလို့ တန်ဖိုးလျှော့၊ သွားတွေကြိုးလို့ တန်ဖိုး လျှော့၊ မျက်စိတွေမွဲလို့ နားတွေထိုင်းလို့ တန်ဖိုးလျှော့၊ ခါးတွေကိုင်းလို့ တန်ဖိုးလျှော့နဲ့ ဒီခန္ဓာကိုယ်ကြီးကတော့လေ ဘဝတိုင်း ဘဝတိုင်း ပျိုမြစ်နုနယ်စဉ်တုန်းက တန်ဖိုးရှိသယောင်ယောင် ထင်ရသော်လဲ၊ တန်ဖိုးရှိသလိုလို ဆိုရသော်လဲ၊ နောက်ပိုင်းရောက်ပြီလို့ဆိုရင် ဒီ ခန္ဓာကိုယ်ကြီးသည် တဖြေးဖြေး တန်ဖိုးလျှော့၍ လျှော့၍သာ လာရပါသည်၊ တန်ဖိုးလျှော့လိုက်တာ ဘယ်ထိလျှော့တုန်းဆိုတော့၊ နောက်ဆုံး တပြားပေးပါ့မယ် ယူပါဆိုတောင် ယူမည့်သူမရှိ၊ အလကားပေးပါ့မယ် ယူပါဆိုလို့တောင် ယူမည့်သူ မရှိလောက်တဲ့ အလောင်းကောင်ဘဝ ရောက်ရတယ်၊ ဘယ်လောက်ရောက်ခဲ့တုန်း ဆိုတော့၊ ယခု ဘုန်းကြီးတို့ တရားထိုင်နာနေကြတဲ့ ဒကာ–ဒကာမအပေါင်း

သူတော်ကောင်းတွေ၊ ဘယ်လောက်ရောက်ခဲ့တယ်လို့ မရေမတွက်နိုင်ဘူး၊ တန်ဖိုးလျှော့ပြီးတော့ လာခဲ့ရတဲ့ဘဝတွေ ရုပ်ခန္ဓာကြီးက၊

သို့သော် အဲဒီထဲက အသိအလိမ္မာ ဉာဏ်ပညာရှိတဲ့၊ မဂ်ဖိုလ်နိဗ္ဗာန်ကို မျှော်မှန်းတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးမှန်သမျှသည်၊ ဒါန သီလ ဘာဝနာဆိုတဲ့ ကုသိုလ်ပါရမီတရားတွေကို စုဆောင်းလာခဲ့သဖြင့်၊ အဲဒီပါရမီ အဆီအနှစ်တွေက တဖြေးဖြေး တန်ဖိုးတက် တက်.တက်တက်ပြီးတော့ လာခဲ့တယ်၊ ဒီတော့ မိမိကိုယ်ကိုမိမိ အကုသိုလ်ဒုစရိုက်တရားတွေကို ပြုလုပ်အားထုတ်ခြင်းဖြင့်၊ ရေအိုးထဲမှာ ကျောက်ခဲတွေ. သလဲတွေကို ကြုံးထည့်နေတဲ့သူမျိုး မဖြစ်ရအောင်၊ ကုသိုလ်ပါရမီ ကောင်းမှုတွေကို နေ့စဉ်နေ့စဉ်, လစဉ်လစဉ်, နှစ်စဉ်နှစ်စဉ် သတိဆောင်ပြီးသကာလ၊ ပြုကျင့် အားထုတ်ခြင်းဖြင့် အိုးထဲမှာ ထောပတ်တွေ. ဆီတွေဆိုတဲ့ အဆီနှစ်တွေကို စုဆောင်းမိတဲ့သူတွေ ဖြစ်အောင်၊ သတိဆောင်ပြီးတော့ ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ရတယ်၊

ဟော ဒါ ဘုရားရှင်ရဲ့ အဆုံးမတော်တစ်ရပ်၊ ဒါကြောင့်— ဘုရားရှင်ရဲ့ သံယုတ်ပါဠိတော်မှာလာတဲ့ အဆုံးအမတော် တစ်ရပ်ကို အားလုံး ဒကာ- ဒကာမတွေ နှုတ်ထဲရောက်သွားအောင်၊ သဘောလဲ ပေါက်သွားအောင်၊ ဒီအဆုံးအမလေးမှာ ကပ်ပါသွားအောင် ဆိုပြီးတော့ လင်္ကာလေးလုပ်ထားတယ်၊ အဲဒီလင်္ကာလေးကို ၃ ခေါက်လောက် လိုက်ဆိုစမ်းပါ။—

> ❖ **အကုသိုလ်ဟာ. ကျောက်ပမာ. အောက်မှာနစ်မြုပ်မြဲ၊**
> **ကုသိုလ်ပါရမီ. နှစ်အဆီ. ပေါ်ရည်တက်၍ဲ၊**
> **ပါရမီဟု. ကုသိုလ်စု. သိမ်းပြုလွန်အားခဲ။ (၃ ခေါက်)**

ကျောက်ဆိုတာ ဘုန်းကြီးတို့ ဒကာ ဒကာမအပေါင်း သူတော်ကောင်း တွေကို မေးရအုန်းမယ်၊ ကျောက်ဆိုတာ ရေထဲမှာ မြုပ်တဲ့သဘောရှိသလား. ပေါ်တဲ့သဘောရှိသလား? မြုပ်တဲ့သဘော ရှိပါဘုရား။ အကုသိုလ်တရားသည် ကျောက်နဲ့ အလားသဏ္ဍာန် တူတယ်လို့ဆိုတော့၊ အကုသိုလ်ဒုစရိုက်

တရားတို့သည် ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေကို အပါယ်လေးပါး ထိအောင် မြုပ်စေတတ်တဲ့သတ္တိ ရှိတယ်....တဲ့၊

ဒီတော့ အမျိုးသားတစ်ယောက်, အမျိုးသမီးတစ်ယောက်သည်၊ ဒုစရိုက် အကုသိုလ်တရားတွေ နေ့စဉ် ကျူးလွန်ပြီးတော့ နေတယ်ဆိုရင် အဲဒီပုဂ္ဂိုလ်သည်၊ ခန္ဓာကိုယ်တည်းဟူသော အိုးထဲမှာ၊ ကျောက်ခဲတွေ သလဲတွေ ကြိုးထည့်နေတာနဲ့ တူတယ်၊ ကိုယ့်ကိုယ်ကိုပဲ ဆင်ခြင်စဉ်းစားကြည့်ပေတော့လေ....၊ ငါ အကုသိုလ် ဒုစရိုက်တွေနဲ့ ဒီနေ့ တစ်နေ့လုံး နေမိရင်တော့ ငါ အိုးထဲမှာ ကျောက်ခဲတွေ သလဲတွေ ငါဒီနေ့ ကြိုးထည့်မိကုန်ပြီလို့ ဒီလိုမဟုတ်ပဲနဲ့ ကုသိုလ်ကောင်းမှုပါရမီစု တွေကို သတိထားပြီးသကာလ မနက်ပိုင်း, နေ့လည်ပိုင်း, ညနေပိုင်း အချိန်တိုင်း သတိထားပြီးသကာလ ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်တဲ့နေ့ဆိုရင်ဖြင့်၊ ခန္ဓာကိုယ်တည်းဟူသော ဒီအိုးထဲမှာ ထောပတ် ပျားသကာ ဆီဦးနဲ့တူတဲ့ အဆီအနှစ်ကုသိုလ်တွေကို ပါရမီတွေကို ငါ စုဆောင်းနိုင်တဲ့နေ့ပဲလို့၊

ဒီနေ့ ဂေါပကအဖွဲ့က ဦးဆောင်ပြီးသကာလ၊ လမ်းလယ် ဆုတောင်းပြည့် မြတ်စွာဘုရား ဘုရားပွဲတော်ကြီး နှစ်စဉ်ကျင်းပနေကျအတိုင်း ကျင်းပဖြစ်အောင်၊ ကျင့်ဆောင်ကြိုးကုတ် အားထုတ်ကြပြီးသကာလ ယနေ့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေ၊ ဘုရားပူဇော်မှု ကုသိုလ်ပွဲကြီး၊ ဆင်နွှဲပြီးတော့နေကြတဲ့ အချိန်သည်၊ အိုးထဲမှာ ထောပတ်တွေ ထည့်နေတာနဲ့ တူသလား, အိုးထဲ ကျောက်ခဲတွေထည့်နေတာနဲ့ တူသလား? ထောပတ်တွေ ထည့်နေတာနဲ့ တူပါတယ်ဘုရား။ ဒါ မိမိကိုယ်ကိုမိမိ မေးရမည့် ဘုရား အဆုံးအမတော်တစ်ရပ် ဘုန်းကြီးတို့က တင်ပြတာ၊ ဒကာ–ဒကာမတွေက အဲဒီ ဘုရားအဆုံးအမတော်ကို မိမိကြားလိုက်ရသည်နှင့် တပြိုင်နက်၊ ကြားပြီးတဲ့နောက်မှာ၊ ငါသည် .... အိုးထဲမှာ ကျောက်ခဲသလဲတွေ ကြိုးထည့်နေတဲ့သူလား၊ ထောပတ် ပျားသကာ စတဲ့ ဆီတွေကို စုဆောင်းနေတဲ့သူလား......လို့၊ ကိုယ့်ကိုယ်ကို ပြန်မေးပါ၊ အာ–ကျောက်ခဲသလဲတွေ ထည့်နေမိတဲ့အချိန်က များနေပြီဆိုရင် အဲဒီ ကျောက်ခဲ သလဲနဲ့တူတဲ့ အကုသိုလ်တွေကို အထည့်နည်းအောင်၊ အထည့် ကျဲအောင်၊ လုံးလုံးမထည့်မိအောင် သတိဆောင်ပြီးတော့ ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ရတယ်။

ဒီတော့ ဒီခန္ဓာကိုယ်ကြီးကတော့ တစ်နေ့ထက်တစ်နေ့ တန်ဖိုး လျော့လျော့ပြီးတော့ လာတယ်တဲ့၊ တန်ဖိုးနည်းနည်းပြီးတော့ လာတယ်၊ အခု လက်ရှိအနေနဲ့လဲပဲ၊ (၉၆) ဖြာ ဘေးရောဂါနှင့် အိုနာသေမှု ဘေးထုတွေ အောင်းနိုနေတဲ့ခန္ဓာကိုယ်၊ အဲဒီခန္ဓာကိုယ်ကို အရင်းတည်ပြီး သကာလ၊ ဒါန သီလ ဘာဝနာ ကုသိုလ်ကောင်းမှု ပါရမီစုတွေကို စုဆောင်းခြင်းဖြင့်၊ တဖြေးဖြေးနဲ့ အဆီသြဇာတွေဝဲပြီးတော့ တက်လာတဲ့သူတွေဖြစ်အောင်၊ ပုံပြီးတော့ တက်လာတဲ့ သူတွေ ဖြစ်အောင်၊ ကျင့်ဆောင်ကြိုးကုတ် အားထုတ်ရမယ်လို့၊ ဘုန်းကြီးတို့ ဘုရားအလောင်းတော် ဥဒယဘဒ္ဒမင်းသားက၊ ဥဒယဘဒ္ဒမင်းသမီးကို ဆုံးမတဲ့ စကား ဖြစ်ပါတယ်၊ ဒီတော့ ဥဒယဘဒ္ဒဇာတ်တော်ကို အကျဉ်းချုပ် ပြန်ပြီးတော့ သိရမယ်ဆိုရင်......

ရှေးအတိတ်ကာလ•လွန်လေသောအခါက၊ ဘုရားအလောင်းတော် ပါရမီ ဖြည့်တော်မူစဉ်အခါက၊ သုရုန္ဓနလို့ခေါ်တဲ့ တိုင်းတော်ပြည်တော်ကြီးတစ်ခု ရှိတယ်၊ အဲဒီ သုရုန္ဓန တိုင်းတော်ပြည်တော်ကြီးမှာ၊ ဘုရားအလောင်းတော် ဥဒယဘဒ္ဒ မင်းသားနဲ့ မိဖုရားကလည်း ဥဒယဘဒ္ဒလို့ခေါ်တဲ့ မိဖုရား၊ မင်းမိဖုရား နှစ်ပါးတို့သည် အသက်ငယ်ငယ် ရွယ်ရွယ်နဲ့ပင်လျှင် ခမည်းတော် မယ်တော်နှစ်ပါး နတ်ရွာစံ ကံတော်ကုန်ကြလို့ ထီးနန်းစည်းစိမ် ရိပ်ငြိမ်ချမ်းသာကြီးကို ရကြတယ်၊ ရကြတော့ ပါရမီရှင်တွေလဲ ဖြစ်သည့်အလျောက်၊ မမေ့မလျော့ကြဘူး၊ ထီးနန်း စည်းစိမ် ရိပ်ငြိမ်ချမ်းသာဆိုတာ လူ့လောကမှာ အကြီးကျယ်ဆုံး စည်းစိမ် ချမ်းသာပဲ၊ အဲဒီစည်းစိမ်ချမ်းသာကြီးကို ရပြီးတော့၊

ယေဘုယျေန ဗဟုဇနာ–များသောအားဖြင့် သတ္တဝါတို့သည် စည်းစိမ်ဥစ္စာ ကြီးကျယ်ကြ ကုန်သည်ရှိသော်၊ မဒမတ္တာ–မေ့လျော့ခြင်းဖြင့် မာန်ရစ်မူးကြ ကုန်သည် ဖြစ်၍၊ များစွာသောသတ္တဝါတွေကတော့....တဲ့၊ လောကီ စည်းစိမ် ဥစ္စာကြီးတွေ ကြီးကျယ်လာပြီဆိုရင် မေ့ပြီးတော့၊ မူးပြီးတော့၊ ရစ်ပြီးတော့ နေတတ်ပါတယ်၊ ဆင်းရဲဒုက္ခကို ခံနိုင်ကြသော်လဲပဲ၊ ချမ်းသာရဲ့နှိပ်စက်မှု၊ အကောင်းလောကဓံရဲ့နှိပ်စက်မှုကို ခံနိုင်ခဲတယ်၊ သတိရနိုင်ခဲတယ်၊ သတိရတ ခဲတယ်၊ စည်းစိမ်ဥစ္စာတွေ အကြောင်းပြုပြီးတော့ မာနတွေတက်၊ ငါဖြာအာ

ကာမဂုဏ်တွေကို တိုးပြီးတော့ခံစား၊ ငါးဖြာအာရုံ ကာမဂုဏ်တွေဘက်မှာ ချဲ့ချင်တိုင်းချဲ့၊ ကျယ်ချင်တိုင်း ကျယ်ပြီးတော့၊ တရားတွေ လက်လွှတ်၊ တရားတွေ မေ့တတ်ကြတယ်။

ဒီတော့ ဥဒယဘဒ္ဒမင်းသားနဲ့ ဥဒယဘဒ္ဒမင်းသမီးတို့နှစ်ယောက်ကတော့ **"မယံခေါ ပုဗ္ဗေ ကတပုညတာ မယံ ဤဒိသံ သမ္ပောဂံ လဘာမ"**။ မယံ-ငါတို့ရှေးမောင်နှံနှစ်ယောက်တို့သည်။ ပုဗ္ဗေ-ရှေးရှေးသော ကာလတုန်းက။ ကတပုညတာ-ပြုအပ်ဖူးသော ကောင်းမှု ရှိကုန်သည်၏ အဖြစ်ကြောင့်။ ဤဒိသံ သမ္ပောဂံ-ဤကဲ့သို့သော လူ့ဘဝစည်းစိမ်မှာ ကြီးကျယ်လှပါတယ်ဆိုတဲ့ မင်းစည်းစိမ်ကြီးကို။ လဘာမ-ရခဲ့ကြကုန်ပြီ....တဲ့။ ဒို့ ဒီလိုစည်းစိမ်ကြီးနဲ့ ကြီးကြီးကျယ်ကျယ် လူ့လောကမှာ ကြီးကျယ်ပါတယ်ဆိုတဲ့ မင်းစည်းစိမ်ကြီးကို ဒို့ ရကြတာဖြင့်၊ အကြောင်းမဲ့မဟုတ်ဘူးတဲ့၊ ဒို့ ရှေးကကောင်းမှုကို မမေ့မလျော့ မပေါ့မဆ ပြုမိခဲ့ကြလို့သာ၊ ဒီတော့ ဘယ်သူကမှ ပြောလို့မဟုတ်ဘူး သူတို့ ဘာသာသူတို့ အကျိုးကိုထောက်ဆပြီးတော့၊ အကြောင်းကို ပြန်ပြီးတော့ ဆင်ခြင်နေကြတာ မင်းမိဖုရားနှစ်ပါး၊ အသက်က ဘာမှ ကြီးကြသေးတာ မဟုတ်ဘူး။

ဒီတော့ ငါတို့နှစ်ယောက်တို့သည်၊ ဤမျှလောက် ကြီးကျယ်တဲ့ မင်းစည်းစိမ်ကြီးကို ရတယ်ဆိုတာ ရှေးအတိတ်ကာလက၊ ဒို့ မမေ့မလျော့ မပေါ့မဆ ဒါန သီလ ဘာဝနာ ကုသိုလ်ကောင်းမှုတွေ ပြုခဲ့ကြလို့သာ ....တဲ့၊ ဒို့ ယခုလို စည်းစိမ်ကြီးကို လာပြီးတော့ရရတယ်၊ **"တသ္မာ မယံ အပ္ပမတ္တာ ဟောမ"**။ ဒါကြောင့် ငါတို့နှစ်ယောက်တို့သည် မမေ့လျော့ မပေါ့မဆ ဆက်လက်ပြီးတော့ နေထိုင်ကြစို့ရဲ့....၊ ကမ္မ သကတာဉာဏ် အခြေခံတဲ့ သမ္မာဒိဋ္ဌိဝင်နေတာ၊ ကံ ကံအကျိုးကို ယုံကြည်တဲ့ သမ္မာဒိဋ္ဌိ၊ ဘယ်သူကမှ သူတို့တရားမဟောဘူး၊ အဲဒီ အချိန်မှာ တရားဟောတဲ့ဘုရားလဲ မပွင့်ဘူး၊ ဘုရားလဲမရှိဘူး၊ သံဃာ တော်တွေနဲ့လဲ သူတို့ မတွေ့ဘူး၊ သူတော်ကောင်းဓာတ်ခံ ပါရမီ အဆီအနှစ်ကို စုဆောင်းလာတဲ့ အမျိုးကောင်းသား, အမျိုးကောင်း

သွီးဖြစ်တော့၊ ပါရမီက နှိုးဆော်လိုက်သဖြင့်၊ ကမ္မသကတဉာဏ် သူတို့သန္တာန်မှာ အခြေခံအနေနဲ့ ဝင်လာတယ်၊

အဲဒါ ဗုဒ္ဓဘာသာရဲ့အခြေခံ၊ ကမ္မသကတ သမ္မာဒိဋ္ဌိဆိုတာ ဗုဒ္ဓဘာသာများရဲ့ အခြေခံ ဉာဏ်ထူး ဉာဏ်မြတ်ဖြစ်ပါတယ်၊ ဗုဒ္ဓဘာသာက သုံးပိုင်းလောက်ရှိတယ်၊ အောက်တန်း ဗုဒ္ဓဘာသာ, အလယ်တန်း ဗုဒ္ဓဘာသာတဲ့, အထက်တန်း ဗုဒ္ဓဘာသာ၊ ဒီတော့ ဘုန်းကြီးတို့ အောက်တန်းဗုဒ္ဓဘာသာဆိုတာ ကမ္မသကတသမ္မာဒိဋ္ဌိ အနည်းဆုံးဖြစ်မှ၊ ကံ ကံအကျိုးကို ယုံကြည်တယ်၊ ကောင်းတာလုပ်ရင် ကောင်းကျိုးတွေရလိမ့်မယ်၊ မကောင်းတာတွေလုပ်ရင် မကောင်းကျိုးတွေ ဖြစ်လိမ့်မယ်လို့ဆိုတဲ့ ကမ္မသကတ ဉာဏ်၊ ကမ္မသကတ သမ္မာဒိဋ္ဌိခေါ်တဲ့ ဉာဏ်အခြေခံရှိမှ အောက်တန်း ဗုဒ္ဓဘာသာဖြစ်တယ်၊ အမေအဖေက ဗုဒ္ဓဘာသာကမွေးလိုက်တိုင်း ဗုဒ္ဓဘာသာ ဖြစ်တာမဟုတ်ဘူး၊ အဲဒါ မိရိုးဖလာဗုဒ္ဓဘာသာ၊ ကံ ကံအကျိုး မယုံကြည်သေးဘူး၊ ကောင်းတာလုပ်လို့ ကောင်းကျိုးဖြစ်တယ်၊ မကောင်းတာလုပ်လို့ မကောင်းကျိုးတွေ ဖြစ်တတ်တယ်ဆိုတာကို မယုံသေးဘူးဆိုရင်၊ လူရှေ့သူရှေ့ ဟန်လုပ်ပြီးတော့ နေချင်နေမယ်၊ ကွယ်ရာကျတော့ မကောင်းတာတွေ လုပ်တတ်သေးတယ်၊

အဲ ကမ္မ သကတသမ္မာဒိဋ္ဌိဆိုတဲ့ အခြေခံဉာဏ် မိမိသန္တာန်မှာ စွဲပြီလို့ဆိုတော့၊ ရှေ့ရော, နောက်ရော, မျက်မှောက်ရော, မျက်ကွယ်ရော, လူရှေ့ရော, လူကွယ်ရာရော ကောင်းတဲ့အမှုတွေကိုသာပြုတယ်၊ မကောင်းတဲ့အမှုတွေကို ရှောင်တယ်၊ ဘာပြုလို့တုန်းဆိုတော့၊ ကိုယ့်မကောင်း ကိုယ်ခံရမှာ၊ ကိုယ်ဟုတ်မှ ကိုယ်စံရမှာဆိုတဲ့ ကမ္မသကတသမ္မာဒိဋ္ဌိဉာဏ် အခြေခံနေမှ အောက်ထစ်ဆုံး ဗုဒ္ဓဘာသာ ပီသပါသည်၊ ဒီတော့ အောက်တန်း ဗုဒ္ဓဘာသာဟာ ကမ္မသကတ သမ္မာဒိဋ္ဌိဉာဏ်ရှိမှ ဗုဒ္ဓဘာသာခေါ်တယ်၊ အမေ အဖေက မွေးလာရုံနဲ့ ဗုဒ္ဓဘာသာမစစ်သေးဘူး၊ မိရိုးဖလာတော့ ဟုတ်ချင်ဟုတ်မယ်၊ ဒီတော့ ဗုဒ္ဓဘာသာသည် အောက်တန်းဗုဒ္ဓဘာသာဆိုတာ ကမ္မသကတဉာဏ် အခြေခံရှိရတယ်၊

အလယ်တန်း ဗုဒ္ဓဘာသာဆိုတာကျတော့ ရုပ်နာမ်ဓမ္မ သဘာဝတွေရဲ့ အနိစ္စ ဒုက္ခ အနတ္တလက္ခဏာရေး ၃ ချက်ကို မြင်ရတယ်တဲ့၊ မြင်တဲ့ဉာဏ်ရမှ အလယ်တန်း ဗုဒ္ဓဘာသာခေါ်တယ်၊ အေး— အထက်တန်းစား ဗုဒ္ဓဘာသာ ကျတော့ သစ္စာလေးပါးကို မြင်သွားတဲ့ အရိယာဖြစ်သွားပြီ၊ အောက်ထစ်ဆုံး သောတာပန်လောက် ဖြစ်သွားပြီ၊ အဲဒါမှ အထက်တန်းဗုဒ္ဓဘာသာ၊ အဲဒီတော့ **"အောက်တန်းမူလ ဗုဒ္ဓဘာသာ. ကံကိုယ်ပိုင်ရှိ မြင်သိပေရှာ"** တဲ့၊ ကမ္မသကတဉာဏ် အခြေခံရှိပြီဆိုမှ အောက်တန်းဗုဒ္ဓဘာသာလေးရှိသေး၊ **"အောက်တန်း မူလ ဗုဒ္ဓဘာသာ ကံကိုယ်ပိုင်ရှိ မြင်သိပေရှာ. အလယ်ထင်လင်း မြင်ရှင်းလက္ခဏာ"** တဲ့ အလယ်တန်းစား ဗုဒ္ဓဘာသာ ဖြစ်အောင်ဆိုရင် ဘာမြင်ရမှာတုန်း၊ ဘယ်ဉာဏ်ပေါက်ရမှာတုန်းဆိုရင်၊ လက္ခဏာရေး (၃) ချက်မြင်တဲ့ဉာဏ် ပေါ်ရမယ်၊ အနိစ္စ ဒုက္ခ အနတ္တ ရုပ်နာမ်ဓမ္မတွေရဲ့ ဖြစ်ပြီးပျက်တဲ့ လက္ခဏာကိုမြင်ဖူး၊ ဝိပဿနာဉာဏ်အထူးနဲ့ မြင်ဖူးတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးဖြစ်ရင် အလယ်တန်းစား ဗုဒ္ဓဘာသာဖြစ်ပြီ၊ **"အောက်တန်းမူလ ဗုဒ္ဓဘာသာ. ကံကိုယ်ပိုင်ရှိ မြင်သိပေရှာ. အလယ်ထင်လင်း မြင်ရှင်းလက္ခဏာ. အထက်တန်း လေးခန်းမြင် သစ္စာ"** အထက်တန်း ဗုဒ္ဓဘာသာဆိုတာကျတော့ သစ္စာလေးပါး မြင်သွားပြီတဲ့၊ အောက်ထစ်ဆုံး သောတာပန်လောက် ဖြစ်သွား၊ အဲဒါမှ အထက်တန်းစား ဗုဒ္ဓဘာသာ ခေါ်ပါတယ်။

ဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေက ငါ ဘယ်ဗုဒ္ဓဘာသာ အမျိုးအစားထဲကလဲ....လို့ ကမ္မသကတဉာဏ် အခြေခံလောက်တင်ရှိရင် အောက်တန်းဗုဒ္ဓဘာသာပဲ ရှိပါသေးလား၊ လက္ခဏာရေး (၃) ချက်ကို ဝိပဿနာဉာဏ်နဲ့ မြင်ဖူးတဲ့, ရှုဖူးတဲ့, သိဖူးတဲ့ လက္ခဏာ (၃) ချက်ကိုမြင်တဲ့ ဉာဏ်အထူးနဲ့ ရဖူးတဲ့ သူမှသာလျှင် အလယ်တန်း ဗုဒ္ဓဘာသာ စာရင်း ဝင်မယ်တဲ့၊ ဒီတော့ ငါ အလယ်တန်း ဗုဒ္ဓဘာသာစာရင်း ဝင်ဖူးသလား၊ ကိုယ့်ကိုယ်ကို ပြန်မေးရလိမ့်မယ်၊ အေး သစ္စာလေးချက်ကို ဉာဏ်ထူးဉာဏ်မြတ်နဲ့ သစ္စာလေးတန်ကိုမြင်ပြီ၊ အောက်ထစ်ဆုံး သောတာပန်. သကဒါဂါမ်ဆိုတဲ့

အဆင့်မျိုးရောက်ပြီဆိုတော့ အထက်တန်းစား ဗုဒ္ဓဘာသာ၊ ရဟန္တာဖြစ်သွားပြီ. ဘုရားပစ္စေကာ ဖြစ်သွားပြီဆိုတော့ ပြောစရာမရှိဘူး၊ ဒီတော့ ပရိသတ်ကြီး လိုက်ဆိုစမ်းပါ့၊ ဗုဒ္ဓဘာသာ (၃)မျိုးမှာ ငါ ဘယ်ထဲကတုန်းဆိုတာ သိရအောင် ......

### ❖ အောက်တန်းမူလ ဗုဒ္ဓဘာသာ, ကံကိုယ်ပိုင်ရှိ, မြင်သိပေရှာ၊ အလယ်ထင်လင်း မြင်ရှင်းလက္ခဏာ, အထက်တန်း လေးခန်းမြင်သစ္စာ။ (၃ ခေါက်)

အောက်တန်းဗုဒ္ဓဘာသာဖြစ်အောင်တဲ့၊ ဗုဒ္ဓဘာသာဝင်အစစ် အောက်တန်းစားဖြစ်အောင်ဟာ၊ ကမ္မသကတဉာဏ် သမ္မာဒိဋ္ဌိရှိမှ၊ ကံ ကံအကျိုးယုံကြည်တဲ့ ကမ္မသကတဉာဏ် သမ္မာဒိဋ္ဌိရှိရမယ်တဲ့၊ ကမ္မ သကတဉာဏ် သမ္မာဒိဋ္ဌိရှိမှ အောက်တန်းဗုဒ္ဓဘာသာပဲ ရှိသေးတယ်၊ ပရိသတ်ကြီး ကမ္မသကတဉာဏ်ရှိတာ အောက်တန်းဗုဒ္ဓဘာသာလား, အလယ်တန်းစား ဗုဒ္ဓဘာသာလား? အောက်တန်းဗုဒ္ဓဘာသာပါဘုရား။ အလယ်တန်းစား ဗုဒ္ဓဘာသာဖြစ်ချင်ရင် လက္ခဏာရေး (၃)ချက်မြင်တဲ့ ဉာဏ် ပေါ်ရတယ်၊ အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ လက္ခဏာဉာဏ်ကို မြင်ရတယ်, မြင်ဖူးရတယ်, ရှုဖူးရတယ်၊ မြင်တဲ့ဉာဏ် မိမိသန္တာန် ပေါ်ဖူးပြီဆိုရင် အလယ်တန်း ဗုဒ္ဓဘာသာ ဖြစ်ပြီ၊ ရုပ်နာမ်ဓမ္မသဘာဝတွေရဲ့ အနိစ္စ ဒုက္ခ အနတ္တလက္ခဏာ မြင်တဲ့ဉာဏ် ပေါ်ဖူးရင် အောက်တန်းစားလား, အလယ်တန်းစားလား ဗုဒ္ဓဘာသာက? အလယ်တန်းစားပါဘုရား။

အထက်တန်းစား ဗုဒ္ဓဘာသာကြတော့၊ "**အထက်တန်း လေးခန်းမြင် သစ္စာ**"–တဲ့ သစ္စာလေးပါးမြင်ပြီ၊ သစ္စာလေးပါးမြင်တဲ့ ဉာဏ် ပေါ်ပြီဆိုရင်၊ အထက်တန်းစား ဗုဒ္ဓဘာသာလို့ ခေါ်ပါသည်၊ သစ္စာလေးပါးမြင်တဲ့ဉာဏ်ပေါ်ရင် ဗုဒ္ဓဘာသာထဲမှာ ဘာ ဗုဒ္ဓဘာသာပါလိမ့်? အထက်တန်းဗုဒ္ဓဘာသာပါဘုရား။ ဒီတော့ ဘုန်းကြီးတို့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေ၊ ယနေ့ ဘုရားပွဲတော်ကြီး ဖြစ်အောင် ကြိုးစားအားထုတ်နေကြတာ ဘာပြုလို့ အားထုတ် နေကြတုန်းလို့ဆိုတော့ ကောင်းတဲ့အမှုတွေကိုပြုလို့ ကောင်းကျိုးတွေရလိမ့်မယ်၊

အန္တရာယ်တွေ ကင်းလိမ့်မယ်၊ ဘေးတွေ ရှင်းလိမ့်မယ်ဆိုတဲ့ ကောင်းကျိုးချမ်းသာမင်္ဂလာတွေ ရမယ်လို့ဆိုတဲ့ ဘုရားရှင်ရဲ့ ဂုဏ်တော်တွေ, တရားတော်ရဲ့ ဂုဏ်တော်တွေ, သံဃာတော်အရှင်မြတ်တွေရဲ့ ဂုဏ်တော်တွေ ယုံကြည်ပြီးတော့ ဒီကုသိုလ်ကောင်းမှုတွေကို ပြုနေကြတယ်လို့ဆိုတာ ပရိသတ်ကြီး မသေချာဘူးလား? သေချာပါ ဘုရား။

ဒါဖြင့် အောက်တန်း ဗုဒ္ဓဘာသာထဲ ရောက်နေပြီဆိုတာကော မသေချာဘူးလား? သေချာပါဘုရား။ ဒါဖြင့် အလယ်တန်းစား ဗုဒ္ဓဘာသာ နဲ့ အထက်တန်း ဗုဒ္ဓဘာသာဖြစ်အောင် ကိုယ့်ကိုယ်ကို သတိဆောင် ပြီးတော့ ကျင့်ဆောင်ကြိုးကုတ် အားထုတ်ကြပါလို့၊ ကိုယ့်ကိုယ်ကို ဆုံးဖြတ်ရမယ်၊

ဒီတော့ မင်း မိဖုရားနှစ်ပါးတို့သည်၊ ငယ်ပင်ငယ်ငြားသော်လဲပဲ စည်းစိမ်ကြီးနဲ့ ယစ်မူးမနေကြပဲ၊ ငါတို့သည် ရှေးက မမေ့မလျော့ မပေါ့မဆသော ကုသိုလ်ကောင်းမှု ပြုခဲ့လေသောကြောင့် သာလျှင်၊ ဤကဲ့သို့ ကြီးကျယ်ခန်းနား လှတဲ့ လူ့စည်းစိမ်ကြီးကို ဒို့ ရ‌ရတယ်တဲ့၊ ဒီတော့ ဒို့ ဆက်လက်ပြီးတော့ မမေ့မလျော့ မပေါ့မဆနေမှ တော်မယ်လို့ ကမ္ဗသကတဉာဏ် သမ္မာဒိဋ္ဌိအခြေခံတဲ့ အောက်တန်း ဗုဒ္ဓဘာသာအဖြစ်ကို ရောက်တဲ့အတွက်၊ မိမိတို့ကိုယ်မိမိ ထိန်းပြီးသကာလ၊ စွန့်ကြဲပေးကမ်း လှူဒါန်းမှုဆိုတဲ့ အလှူရုံကြီးတွေ၊ တင်းကုတ်ကြီးတွေ ပြုပြီးတော့ လှူကြတယ်၊ ရှစ်ပါးသီလ ကိုးပါးသီလတွေကို တတ်စွမ်းသမျှ ထိန်းကြတယ်၊ ငါးပါးသီလဆိုတာ ခမ္ဘတာအတိုင်းလုံ ....လို့၊ တတ်နိုင်သမျှ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာဆိုတဲ့ ဗြဟ္မဝိဟာရ တရားနဲ့ နေတယ်၊ မင်းကျင့်တရားဆယ်ပါးနဲ့ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ပြီးတော့ နေကြတယ်။

အဲဒီလိုနဲ့ မင်းမိဖုရားနှစ်ပါး တရားသဖြင့် ထီးနန်းအုပ်ချုပ်ပြီးတော့ နေကြရာက၊ မင်းမိဖုရားနှစ်ပါး ကတိထားတယ်၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်လို့ပေါ့၊ တရားနဲ့နေကြတာဖြစ်တော့၊ ဒီတော့ မင်းမိဖုရားနှစ်ပါး ကတိတစ်ခု ထားတယ်၊ အရင် ကွယ်လွန်အနိစ္စ ရောက်သွားတဲ့သူက ရောက်ရာဌာနက

လာပြီးတော့ ပြောကြစတမ်း၊ သတိပေးကြတမ်းလို့၊ အဲဒီလို ကတိထားတယ်၊ ကတိထားတဲ့အတိုင်းပဲ အလောင်းတော် ဥဒယဘဒ္ဒမင်းသားက အရင် နတ်ရွာစံ ကံတော် ကုန်သွား၊ နတ်ရွာစံ ကံတော်ကုန်သွားပြီးတော့ သူ့ရဲ့ကုသိုလ်ကောင်းမှု ပါရမီစုရှိသည့်အတိုင်း၊ တာဝတိံသာနတ်ပြည်မှာ သွားပြီးတော့ နတ်မင်း တစ်ပါး ဖြစ်တယ်၊ အဲဒီလို နတ်မင်းဖြစ်ပြီး နတ်စည်းစိမ်နဲ့ ခဏ အခိုက်အတန့်ဆိုပါတော့၊ နတ်စည်းစိမ်ကြီးက ကြီးကျယ်လို့တဲ့ မေ့နေလိုက်တာ၊ သူ့ ဥဒယဘဒ္ဒမင်းသမီးကို ရောက်ရာအရပ်က ပြန်ပြီးတော့ ပြောကြစတမ်းဆိုတဲ့စကားကို မေ့နေလိုက်တာတဲ့၊ (၇)ရက်လောက် ကြာသွားတယ်၊ နတ်ပြည်မှာ (၇)ရက်လောက်ကြာသော်လဲပဲ၊ လူ့ပြည်အနေနဲ့ကျတော့ နှစ်ပေါင်းများစွာ ကြာသွားတယ်၊ တာဝတိံသာ နတ်ပြည်က နတ်သက်နဲ့ လူ့ပြည်ကအသက်နဲ့ နှိုင်းစာကြည့်မယ်ဆိုလို့ရှိရင်၊ တာဝတိံသာ နတ်ပြည်က တစ်ရက်ဟာ လူ့ပြည်က အနှစ်တစ်ထောင်နဲ့ ညီမျှ နေတာဖြစ်တော့၊ ဟိုမှာ (၇)ရက်လောက် မေ့သွားတယ်ဆိုတာ ဒီမှာ အနှစ်(၇)ထောင်လောက် ကြာတယ်၊

အဲဒီ ဥဒယဘဒ္ဒမင်းသားနဲ့ မင်းသမီးတို့ လူ့ပြည်တုန်းက အဲဒီအချိန် လူတွေရဲ့အသက်တန်းက အနှစ်ခုနှစ်သောင်းတန်း၊ အဲဒီမှာ အနှစ်ခုနှစ်ထောင် လောက် ကြာသွားမှ၊ ဥဒယဘဒ္ဒမင်းသားက သတိရလို့၊ ဩော်....ငါလူ့ဘဝ တုန်းက ကျန်ခဲ့တဲ့ ကတိတစ်ခု သွားပြီးတော့ ဖြေရှင်းရမယ့်ကိစ္စတစ်ခု ရှိပါလား၊ ငါ မေ့နေတာ၊ အင်း သွားပြီးတော့ ဖြေရှင်းအုန်းမှပဲ၊ ဒီကတိပြန်ပြီး ချိန်းချက် ထားတဲ့ အချိန်းချက်တစ်ခုကို ပြန်ပြီး၊ ငါသွားပြီးတော့ အားထုတ်အုန်းမှပဲ၊ အဲဒီလို အားထုတ်ရင်းနဲ့ ဥဒယဘဒ္ဒမင်းသမီး အကျင့်စာရိတ္တ သီလတွေ လုံလုံခြုံခြုံ ရှိသေးရဲ့လား၊ ရှေးတုန်းကလိုပဲ သီလ သိက္ခာတွေ လုံလုံခြုံခြုံရှိသေးရဲ့လား၊ အကျင့်စာရိတ္တတွေ ဘယ်လိုနေသလဲဆိုတာကို ငါ စုံစမ်းရင်း၊ သတိပေးရင်း သွားဦးမှပဲလို့ဆိုပြီးတော့ သွားဖို့ရာစီမံတယ်၊

ဥဒယဘဒ္ဒမင်းသမီးကလဲပဲ၊ အလောင်းတော် ဥဒယဘဒ္ဒမင်း နတ်ရွာစံ သွားပြီးတဲ့ နောက်ပိုင်းမှာ သူကိုယ်တိုင် ထီးနန်းအုပ်ချုပ် မင်းလုပ်ပြီးတော့နေတယ်၊ မင်းကျင့်တရားဆယ်ပါးနဲ့အညီ၊ ခါတိုင်းလိုပဲ လျှမှုတန်းမှု အလျှုတင်းကုတ်

ကြီးတွေ မဖျက်ဘူး၊ လျှုလို့တန်းလို့ သီလတွေထိန်းလို့ လုံအောင်၊ အထူးသဖြင့် ညတိုင်ညတိုင် ရောက်ပြီ ဆိုလို့ရှိရင် နန်းမြင့်ထက်မှာ၊ ဘယ်သူမှ အလာမခံပဲနဲ့ နန်းမြင့်ထက်မှာ၊ နန်းမြင့်တိုက်ခန်းထဲမှာ တစ်ယောက်တည်း၊ မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းပြီးတော့၊ မိမိ တိုင်းသားပြည်သူတွေမှစပြီးသကာလ ကမ္ဘာလောက ရှိရှိသမျှသတ္တဝါတွေ, စပ်ရာစပ်ရာတွေကို မေတ္တာပို့ခြင်းဆိုတဲ့ မေတ္တာ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းပြီးတော့ တစ်ယောက်တည်း နေလေ့ရှိတယ်၊

အဲဒီလို နေလေ့ရှိတဲ့နေရာကို၊ ခုနက ဘုရားလောင်းတော် ဥဒယဘဒ္ဒ တာဝတိံသာမှာ နတ်မင်းဖြစ်နေတဲ့ ဥဒယဘဒ္ဒနတ်မင်းက၊ လုလင်အသွင်ယောင် ဆောင်ပြီးတော့ တစ်ခုသောညမှာ၊ ဥဒယဘဒ္ဒ မင်းသ္မီး တစ်ယောက်တည်းနေတဲ့ တိုက်ခန်းထဲ လုလင်အသွင်ယောင်ဆောင်ပြီးတော့ ရောက်လာတယ်၊ ရောက်လာ ပြီးတော့ သူ ဘာပြောသလဲ ဆိုတော့။—

**ကော နိသိန္နာ သုစိ သညတူရု၊**
**ပါသာဒ မာရုယှ အနိန္ဒိတင်္ဂီ။**
**ယာစာမိတံ ကိန္နရနေတ္တစက္ခု၊**
**ဣမေ့က ရတ္တိံ ဥဘယော ဝသေမ။**

သုရုန္ဓနပြည်ကြီးကိုစည်ထီးခရိုင်နိုင်ငံအုပ်ချုပ် မင်းလုပ်တော်မူနေတဲ့ အို....ဥဒယဘဒ္ဒမင်းသ္မီးတဲ့၊ တစ်ယောက်တည်း အေးအေးလူလူ အေးအေး ဆေးဆေး၊ ဘာအလုပ်တွေများလုပ်ပြီးတော့ နေပါသလဲတဲ့၊ ကျွန်ုပ်ဟာ ခရီးသွား တစ်ယောက်ဖြစ်ပါတယ်၊ ဒါကြောင့် ဒီနေ့ညတစ်ညတာအတွက် အသင်မိဖုရားရဲ့ ဟောဒီတိုက်ခန်းထဲမှာ အကျွန်ုပ်တစ်ညတာ တည်းခိုခွင့်ရပါရစေ ....တဲ့၊ တည်းခို အိပ်ခွင့် ရပါရစေ၊ တစ်ညတာ တည်းခိုခွင့် ပေးသနားတော်မူပါလို့ တောင်းဆို လိုက်တယ်၊ ဒီတော့ ဥဒယဘဒ္ဒမင်းသ္မီးက ထိတ်ခနဲဖြစ်သွားတယ်ပေါ့၊ သူတစ်ယောက်တည်း ဒီနန်းမြင့်ထက်မှာ၊ အောက်မှာလဲပဲ အစောင့်တွေ အထပ်ထပ်ချထား၊ နန်းတော်ကြီးရဲ့အပြင်ဘက်မှာလဲပဲ ကျုံးကြီးသုံးတန် ကာရံဆီးတားပြီးတော့ ထားတဲ့အပြင်၊ အစောင့်တွေ အကျပ်တွေ ထူထပ်စွာ

ချထားပါလျက်နဲ့ ဒီအမျိုးသား ဘယ်လိုနည်းနဲ့ ဒီမှာ ရောက်လာပါလိမ့်မလဲလို့ သိချင်တာနဲ့။

**ဩကိဏ္ဏန္တ ရပရိခံ, ဒဠှမဋ္ဋာလကောဋ္ဌကံ၊**
**ရက္ခိတံ ခဂ္ဂဟတ္ထေဟိ, ဒုပ္ပဝေသမိဒံ ပုရံ။**

အမောင်လုလင်၊ ကျွန်ုပ်ရဲ့နန်းတော်ကြီးထဲမှာ အပြင်ဘက်က ရေကျုံး ရွံ့ကျုံး အခြောက်ကျုံးဟူ၊ ကျုံးကြီးသုံးတန် ကာရံဆီးတား ပြီးတော့ ထားတဲ့အပြင်၊ အဲဒီနန်းတော်ကြီးရဲ့ မင်္ဂလာတံခါးကြီးမှာလဲ အစောင့်အကျပ်တွေ, လက်နက်ကိုင် အစောင့်အကျပ်တွေ အသီးသီး စောင့်ကျပ်နေကြပါကုန်လျှက်၊ အထူးသဖြင့် အကျွန်ုပ် ဟောဒီနေထိုင်ရာဖြစ်တဲ့ လေသာနန်းမြင့်မှာလဲပဲ၊ အသီးသီး လက်နက်ကိုင်အစောင့် အကျပ်တွေရှိနေပါလျှက်......တဲ့၊ အသင်လုလင် အဘယ်နေရာ, ဘယ်ဒေသ, ဘယ်ဌာနကနေပြီးတော့၊ ဘယ်သူ့ကိုခွင့်ပန်. ဘယ်သူရဲ့ ခွင့်ပြုချက်နဲ့ ဒီနေရာရောက်အောင် လာရောက်ခဲ့ပါသလဲ လို့....အံ့ဩစွာနဲ့ မေးတယ်။ ဒါတင်မကသေးဘူး မိဖုရားက ဆက်ပြောတယ်။

**ဒဟရဿ ယုဝိနော စာပိ, အာဂမော စ နဝိဇ္ဇတိ၊**
**အထ ကေန နုဝဏ္ဏေန, သင်္ဂမံ ဣစ္ဆသေ မယာ။**

အမောင်လုလင်တဲ့၊ ကျွန်ုပ် တိုင်းတော်ပြည်တော်တစ်ခုလုံး ကျွန်ုပ်ကြေငြာ ထားတယ်၊ ကျွန်ုပ်နဲ့တွေ့ချင်တဲ့သူမှန်သမျှ၊ အထူးသဖြင့် ငယ်ရွယ်တဲ့ အမျိုးသား တွေမှန်သမျှ၊ ပျိုမြစ်နုနယ်တဲ့ ငယ်ရွယ်တဲ့ အမျိုးသားတွေမှန်သမျှ ကျွန်ုပ်နဲ့ တွေ့ချင်ရင်၊ တိုင်းရေးပြည်ရေးကိစ္စ စုတွေအတွက် တွေ့ချင်လို့ နန်းတော်ထဲကို လာရင်ပင် တစ်ယောက်တည်း လာခွင့်မရှိဘူးလို့ ကျွန်ုပ် ကြေငြာထားတယ်၊ အဖော်နဲ့လာရမယ်၊ တစ်ယောက်တည်း လာခွင့်မရှိဘူး၊ တွေ့ခွင့်မရှိဘူး၊ ကျွန်ုပ် ကြေငြာ ထားပါလျှက်၊ အဲဒီလို တိုင်းရေးပြည်စု ကိစ္စမှုအတွက်ပင်လျှင် တစ်ယောက်တည်း လာခွင့်မရှိပါဘူးလို့ ကြေငြာထားလို့ လာဖို့ရာ အခွင့်အလမ်း မရှိပါဘဲလျှက်၊ အမောင်လုလင်.....တဲ့၊ သင်ဘယ်လိုနည်းနဲ့ ဒီလက်နက်ကိုင် အစောင့်အကျပ်တွေ တံခါးတွေ အထပ်ထပ် ချထားတဲ့ကြားက၊ ဘယ်နည်းနဲ့

သင် ဒီရောက်အောင် လာနိုင်ခဲ့ပါလဲ လို့....အံ့ဩစွာနဲ့ မိဖုရားက မေးတယ်၊ မေးတော့ အလောင်းတော် ပြန်ဖြေတယ်......

**ယက္ခော ဟမသ္မိ ကလျာဏိ. အာဂတောသ္မိ တဝန္တိကေ၊**
**တွံ မံ နန္ဒယ ဘဒ္ဒန္တေ, ပုဏ္ဏကံသံ ဒဒါမိတေ။**

သုရုန္ဓနပြည်ကြီး**ကိုစည်ထီးစ**ရိုင်**နိုင်**ငံအုပ်ချုပ် မင်းလုပ်တော်မူနေတဲ့ အို....ဥဒယ**ဘဒ္ဒမင်းသမီးတဲ့ ဘုရင်မ၊** ကျွန်ုပ်လာနိုင်ပါသော်ကောတဲ့၊ ကျွန်ုပ် ရိုးရိုးလူ**သား သာမန်မ**ဟုတ်ဘူး။ ဟိုတာဝတိံသာ နတ်ပြည်က နတ်မင်းတစ်ပါး ဖြစ်ပါတယ်.....တဲ့၊ နတ်မင်းတစ်ပါး ဖြစ်ပါတယ်၊ ဒါကြောင့်မို့လို့ ကျွန်ုပ် ဒီနေရာ ဒီဒေသရောက်အောင် လာနိုင်ခဲ့ပါတယ်၊ ဒီတော့ ကျွန်ုပ်ကို ကျွန်ုပ် တောင်းဆိုတဲ့ အခွင့်လမ်းကို ပေးသနားတော်မူပါ၊ ကျွန်ုပ်သည် အသင်မိဖုရား အထံကို လာရောက်ခဲ့ခြင်းဟာ လက်ဆောင်ပဏ္ဏာမဲ့ လာခဲ့ခြင်းမဟုတ်ပါ၊ ဟောဒီ ကျွန်ုပ်လက်ထဲမှာ ရွှေအပြည့်ပါတဲ့ ရွှေခွက်ကြီးဟာ အသင်မိဖုရားအတွက်၊ လက်ဆောင်ပဏ္ဏာဆက်ဖို့အတွက် ယူခဲ့ပါတယ်....လို့၊ ဒီလိုပြောလိုက်တော့ ဥဒယဘဒ္ဒမင်းသမီးက......

**ဒေဝံဝ ယက္ခံ အထဝါ မနုဿံ၊**
**နပတ္ထယေ ဥဒယ မတိစ္စ အညံ။**
**ဂစ္ဆေဝ တွံ ယက္ခ မဟာနုဘာဝ၊**
**မာစဿု ဂန္တွာ ပုန ရာဝဇိတ္ထ။**

အမောင်လုလင်....တဲ့၊ အသင်သည်၊ တာဝတိံသာစိုးတဲ့ မိုးသိကြား ကြီးပဲဖြစ်ဖြစ်၊ နဂါးဂဠုန် ကုမ္ဘဏ်ရက္ခိုသ်တွေပဲဖြစ်ဖြစ်၊ လူက မွေးဖွားတဲ့ လူသားတစ်ယောက်ပဲဖြစ်စေ.....တဲ့၊ ဘယ်လိုနည်းနဲ့မှ ကျွန်ုပ်ရဲ့ တိုက်ခန်းထဲမှာ တည်းဖို့ လက်မခံနိုင်ပါ၊ ကျွန်ုပ်သည် ကျွန်ုပ်ရဲ့မောင်တော် ဥဒယဘဒ္ဒမင်းက လွဲခဲ့ရင် မည်သူ့ကိုမျှ ကျွန်ုပ်နဲ့ ယခုလိုတစ်ခန်းထဲ တစ်တိုက်ထဲမှာ အိပ်ခွင့် နားနေခွင့်ကို မပေးခဲ့ပါ၊ ပေးလဲမပေးခဲ့ပါ၊ ခုလဲမပေးပါ၊ နောင်လဲပေးလိမ့်မည် မဟုတ်ပါ၊ "**မာစဿု ဂန္တွာ ပုန ရာဝဇိတ္ထ၊ ဂစ္ဆေဝ တွံ ယက္ခမဟာနုဘာဝ**"။

တာဝတိံသာက လာတယ်ဆိုတဲ့ အသင်နတ်မင်းကဖြစ်လာတဲ့ လုလင် ....တဲ့၊ အခုပင် ချက်ခြင်းထွက်သွားပါ၊ ကျွန်ုပ်ကို အနှောက်အယှက်မပေးပါလေနဲ့၊ အခုပဲ ကျွန်ုပ်တိုက်ခန်းထဲက ချက်ခြင်းထွက်သွားပါ၊ နောင်လဲ ကျွန်ုပ်ကို လာရောက်ပြီးသကာလ အနှောက်အယှက်များပေးဖို့ မကြံရွယ်ပါလေ နဲ့ ....လို့ နှင်ထုတ်တယ်၊

ဒီတော့ အလောင်းတော်က သဘောကျလို့ ပြုံးလို့၊ ဒါကို စမ်းတာ သူကလဲ သူ့သီလသိက္ခာ ဘယ်လောက်ထိ ရှိသေးသလဲ၊ သမာဓိသိက္ခာ ဘယ်လောက်ထိရှိသေးလဲဆိုတာ သိချင်လို့ စမ်းတာ၊ ဒီတော့ အလောင်းတော်က ပြန်သွားတယ်၊ ဥဒယဘဒ္ဒမင်းသား ပြန်သွားတယ်၊ ပြန်သွားပြီးတော့ နောက်တစ်ရက်၊ ဒီလိုပဲ ဒီလိုအချိန် လာပြန်တယ် လာပြီးတော့၊ အခုလို ကျွန်ုပ် ခရီးသွားတစ်ယောက် ဖြစ်ပါတယ်၊ တညတာ တည်းခိုခွင့်ပေးတော်မူပါလို့ လာပြီးတော့ တောင်းပန်ပြန်တယ်၊ အသင်မိဖုရား ....တဲ့၊ ကျွန်ုပ်ရဲ့ လက်ထဲမှာ လက်ဆောင်မဲ့မဟုတ်ပါဘူး၊ ယနေ့လဲပဲ လက်ဆောင်ပဏ္ဏာပါ.ပါတယ်၊ ဟောဒီမှာ ရွှေအပြည့်ပါတဲ့၊ ငွေခွက်ကြီးထမ်းပြီးတော့ ကျွန်ုပ်လာခဲ့ပါတယ် ....၊ ရွှေအပြည့် ပါတဲ့ ငွေခွက်ကြီးကို အသင်မိဖုရားအတွက် အကျွန်ုပ် လက်ဆောင်ပဏ္ဏာ ပေးပါ့မယ်၊ ကျွန်ုပ်ကို ဒီတညတာ ဒီအိပ်ခန်းထဲမှာ ဒီတိုက်ခန်းထဲမှာ နားနေခွင့် အိပ်ခွင့်ပြုတော်မူပါ၊

ဒီတော့ ဥဒယဘဒ္ဒမင်းသွီးက၊ ခက်တာပဲ၊ မနေ့က မလာပါနဲ့လို့ ပြောလိုက်သားနဲ့ လာပြန်ပြီ၊ ငါစကားပြောနေရင်တော့ စကားရှည်နေတော့မှာပဲ၊ ငါ စကားလက်ခံပြောနေရင် သူ စကားတွေ လျှောက်ပြောနေတော့မှာပဲ ဆိုပြီးတော့ အဲဒီနေ့ စကားကို မပြော လိုက်ဘူး၊ ဒါနဲ့ ပြန်သွားပြန်ရော၊ နောက်တစ်နေ့ လာပြန်ရော တချို့ ဒီလိုပဲ ဒီလိုအချိန် ရောက်လာရော ဥဒယဘဒ္ဒ မင်းသွီးကလဲ တထိတ်ထိတ် တလန့်လန့်နဲ့ပဲ၊ ရောက်များလာအုန်းမလား၊ ရောက်များ လာအုန်းမလားနဲ့ ထင်တဲ့အတိုင်း ရောက်လာတယ်၊ ရောက်လာ ပြီးတော့လဲ ဘာပြောပြန်တုန်း။ —

**ယာသာရတိ ဥတ္တမာ ကာမဘောဂိနံ၊**
**ယံဟေတုသတ္တာ ဝိသမံ စရန္တိ။**
**မာတံ ရတိံဇိယိ တုဝံ သုစိမှိတေ၊**
**ဒဒါမိတေ ရူပိယံ ကံသပူရံ။**

သုရုန္ဓနပြည်ကြီး**ကို**စည်**ထီးခရိုင်နိုင်**ငံအုပ်ချုပ် မင်းလုပ်တော်မူနေတဲ့ အို....ဥဒယဘဒ္ဒမင်းသမီး ဘုရင်မ....တဲ့၊ ကျွန်ုပ် အထပ်ထပ်အခါခါ တောင်းပန်၍ နေပါတယ်၊ ကျွန်ုပ် ဒီတိုက်ခန်းထဲမှာ အိပ်စက်ခွင့် နားနေခွင့် ကျွန်ုပ်ကို ပြုတော်မူပါတဲ့၊ မင်းသမီး....တဲ့၊ ကျွန်ုပ် တစ်ခုပြောစမ်းပါရစေ။

"**ယာသာရတိ ဥတ္တမာ ကာမဘောဂိနံ၊ ယံဟေတု သတ္တာ ဝိသမံ စရန္တိ**"။ ကာမဘောဂိနံ-ငါးဖြာအာရုံ ကာမဂုဏ်နဲ့ နေကြတဲ့, ဤလူ့ဘုံဌာနက အမျိုးသား, အမျိုးသမီးတွေအတွက်မှာ။ ယာသာရတိ-အကြင်ငါးဖြာအာရုံ ကာမဂုဏ်နဲ့ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်မှုဆိုတဲ့ ဒီနှစ်ခြိုက်မှုကြီးကို။ ဥတ္တမာ-အကောင်းဆုံး, အလွန်ဆုံး, အကောင်းဆုံး, အကဲဆုံး, အသာဆုံး, အနှစ်ခြိုက်ဆုံး ဟူ၍။ သမ္မတာ- လူအပေါင်းတို့ သမုတ်အပ်ပါ၏။ ဒီငါးဖြာအာရုံ ကာမဂုဏ် နယ်ကြီးထဲက အမျိုးသား, အမျိုးသမီးအပေါင်းတွေဟာ၊ ဒီငါးဖြာအာရုံ ကာမဂုဏ် ဆိုတဲ့ ကိစ္စကို အင်မတန်မက်မောကြပါတယ်၊ တွယ်တာကြပါတယ်၊ နှစ်ခြိုက် ကြပါတယ် မင်းသမီး....တဲ့။

တံဟေတု သတ္တာ ဝိသမံ စရန္တိ။ တံဟေတု-အဲဒီငါးဖြာအာရုံ ကာမဂုဏ် ဟူသော အကြောင်းကြောင့်ပင်။ သတ္တာ-ငါးဖြာအာရုံ ကာမဂုဏ်ထဲမှာနေကြတဲ့ သတ္တဝါတို့သည်။ ဝိသမံ စရန္တိ-မညီမညွတ် တရားချွတ်၍လည်း ကျင့်ကြ ပါကုန်၏။ ဒီ ငါးဖြာအာရုံ ကာမဂုဏ်ဆိုတဲ့ ကိစ္စတွေအတွက်ပဲ၊ ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗဆိုတဲ့ အာရုံငါးဖြာကို အကောင်းလေးတွေ ရချင်လို့ အကောင်းလေး တွေမြင်ချင်လို့, အကောင်းလေးတွေ တွေ့ချင် နမ်းချင် ရှူချင်လို့၊ အကောင်း လေးတွေ စားချင် သောက်ချင်လို့၊ အကောင်းလေးတွေနဲ့ ထိတွေ့ချင်လို့၊ တစ်ယောက်နဲ့တစ်ယောက်တဲ့၊ တရားလက်လွတ် တရားချွတ်ပြီးတော့များ ကျင့်ကြပါတယ် မင်းသမီး....။

ဒီ ငါးဖြာအာရုံကာမဂုဏ် အဆင်းမျိုးစုံ ရူပါရုံကောင်းလေးတွေ အရေးနဲ့ပဲ တရားဖြစ်ကြ၊ တစ်ယောက်နဲ့တစ်ယောက် သတ်ကြဖြတ်ကြ၊ ခုတ်ကြ ထစ်ကြ၊ လုကြ ယက်ကြ၊ လိမ်ကြ ညာကြ၊ ကောက်ကြ ကျစ်ကြ၊ ကွဲအောင်ဂုဏ်း တိုက်ကြ၊ ဒါ ဝိသမံစရန္တိ-တတိုင်းပြည်နဲ့ တတိုင်းပြည် စစ်တွေဖြစ်ကြ၊ အဆင်းမျိုးစုံ ရူပါရုံ၊ အသံမျိုးစုံ သဒ္ဒါရုံ၊ အနံ့မျိုးစုံ ဂန္ဓာရုံဆိုတဲ့ ဒီငါးဖြာအာရုံ ကာမဂုဏ်ကို အကြောင်းခံပြီးသကာလ၊ တတိုင်းပြည်နဲ့ တတိုင်းပြည် စစ်တွေ ခင်းကြ၊ သွေးချောင်း စီးကြ၊ ရိုက်ကြ နှက်ကြ၊ ထိုးကြ သတ်ကြ၊ ပုတ်ကြ ခတ်ကြ ဖြစ်ပါတယ်တဲ့၊ တရားရုံးတွေ ဂတ်တွေရောက်ကြပါတယ်၊ ညီညွတ်နေတဲ့ သူတွေ အချင်းချင်း ကွဲကြပါတယ်၊ အဲဒါလောက် အားလုံးသော သတ္တဝါတွေက နှစ်ခြိုက်ပျော်ပိုက်နေတဲ့ ဒီငါးဖြာအာရုံ ကာမဂုဏ်ကို၊ အသင်မိဖုရားက အဘယ့်ကြောင့် ပယ်ရှားပြီးတော့ နေရပါသလဲ။

**"ယာသာရတိ ဥတ္တမာ ကာမဘောဂိနံ၊ ယံ ဟေတု သတ္တာဝိသမံ စရန္တိ၊ မာတံရတိ ဇီယိ တုဝံ သုစိမှိတေ၊ ဒဒါမိတေ ရူပိယံ ကံသပူရံ"။**
ကျွန်ုပ်ကိုတဲ့ ဟောဒီထဲမှာ တစ်ညတာ အိပ်ခွင့်ပေးတော်မူပါ၊ အဲဒီလို အိပ်ခွင့် ပေးခဲ့ရင် အသင်မိဖုရားအတွက် အကျွန်ုပ် လက်ဆောင်မဲ့လာခဲ့သည်မဟုတ်ပါ၊ ဟောဒီလက်ဆောင်ပဏ္ဏာအဖြစ်နဲ့ ငွေအပြည့်ထည့်လာခဲ့တဲ့ ကြေးခွက်နဲ့၊ ငွေအပြည့်ထည့်လာခဲ့တဲ့ ဒီလက်ဆောင်ပဏ္ဏာကြီးကို လက်ဆောင် ပဏ္ဏာအဖြစ်နဲ့ ဆက်ပါ့မယ်။

ဒီတော့ မိဖုရားက စဉ်းစားတယ်၊ ဪ.....ခက်လိုက်တာ၊ မလာပါနဲ့လို့ ပြောတာလဲ ထပ်တလဲလဲ လာတယ်၊ ပြီးတော့ ပထမနေ့တုန်းက ရွှေအပြည့်ပါတဲ့ ရွှေခွက်ကြီးကိုမှ လက်မခံခဲ့ပါဘဲနဲ့၊ နောက်တစ်နေ့ အဲဒီရွှေအပြည့်ပါတဲ့ ရွှေခွက်ကို လက်မခံတဲ့သူကို ရွှေအပြည့်ပါတဲ့ ငွေခွက်ကြီးနဲ့ လာပြီးတော့ လက်ဆောင်ဆက်ပြန်တယ်၊ အဲဒီဟာကိုမှ လက်မခံခဲ့တဲ့သူကို၊ ဒီနေ့ ငွေအပြည့် ပါတဲ့ ကြေးခွက်ကြီးကို လာပြီးတော့ လက်ဆောင်ဆက်နေ ပြန်တယ် ....တဲ့၊ ဒီနတ်သားလုပ်ပုံကလဲပဲ၊ အချိုးမကျလိုက်လေခြင်း၊ တကယ်ဆိုတော့ ပထမနေ့က ရွှေအပြည့်ပါတဲ့ရွှေခွက်ကြီး လက်ဆောင်ပေးတာကိုပင် လက်မခံတဲ့သူ

တစ်ယောက်ကို၊ မိမိအလိုကို ပါစေချင်တယ်ဆိုရင်၊ ဒီထက်တန်ဖိုးကြီးတဲ့ စိန်တွေ ကျောက်တွေ ပတ္တမြားတွေ အပြည့်ပါတဲ့ ရွှေခွက်ကြီးတွေ၊ ရတနာခွက်ကြီးတွေ ယူပြီးတော့၊ လာပြီးတော့ လက်ဆောင်ပေးဖို့ ကောင်းတယ်၊ သို့သော် ဒီနတ်သား လုပ်နေတဲ့ လုပ်ငန်းကလဲ အမြီးအမောက်မတည့်လေခြင်း၊ ရှေ့နောက် ကမောက်ကမ ရှိလေခြင်း ....လို့၊ စိတ်ထဲလဲ ခံပြင်းပြင်းရှိတာနဲ့ အဲဒီနေ့တော့ ကောက်ပြီး စကားပြောလိုက်တယ်။—

**နာရိနရော နိဠျပယံ ဝဒေန၊**
**ဥက္ကံသတိ ယတ္ထ ကရောတိ ဆန္ဒံ။**
**ဝိပစ္စနိကော တဝ ဒေဝဝဏ္ဏော၊**
**ပစ္စက္ခတော ထောကတရေန ဧသိ။**

တာဝတိံသာမှာစိုးတဲ့ မိုးသိကြားဖြစ်ပါတယ်ဆိုတဲ့ အမောင် လုလင် ....တဲ့၊ ကျွန်ုပ်ပြောစမ်းပါရစေ၊ ကျွန်ုပ်တို့လူ့ပြည်လောကမှာတော့၊ လုလင်ပျိုတစ်ယောက် သည်၊ မိမိ နှစ်သက်စုံမက်နေတဲ့ လုလင်ပျိုမ တစ်ယောက်ကို မိမိအလိုပါအောင် ဖျားယောင်းသွေးဆောင်ချင်တယ် ဆိုခဲ့ရင်၊ ပထမနေ့ပေးတဲ့ လကဆောင်ပဏ္ဏာကို လက်မခံခဲ့ရင်တဲ့၊ နောက်တစ်နေ့မှာ အဲဒီထက်တန်ဖိုးကြီးတဲ့ လက်ဆောင်ပဏ္ဏာကို တိုးပေးပြီးတော့ သွေးဆောင်ရပါတယ်၊ ဖျားယောင်းရပါတယ်၊ အဲဒီနေ့မှာ ပေးတဲ့ လက်ဆောင်ပဏ္ဏာကိုမှ တန်ဖိုးအင်မတန်ကြီးတဲ့ လက်ဆောင်ပဏ္ဏာကိုမှ လက်မခံ သေးဘူး၊ မိမိအလိုမပါခဲ့သေးဘူးဆိုခဲ့ရင်၊ နောက်တစ်နေ့မှာ အဲဒီထက်တန်ဖိုးကြီး တဲ့၊ အဆမကာန် တန်ဖိုးကြီးတဲ့ လက်ဆောင်ပဏ္ဏာတွေ ပေးပြီးတော့၊ သွေးဆောင် ရပါတယ်, ဖျားယောင်းရပါတယ်.....တဲ့၊ ကျုပ်တို့လူ့ပြည့်လောကမှာ ဒီလိုထုံးစံ ရှိပါတယ်၊ အခု အသင်က တာဝတိံသာမှာစိုးနေတဲ့ မိုးသိကြားမင်းကြီး ဖြစ်ပါလျက်နဲ့၊ သင်တို့တာဝတိံသာနတ်ပြည်က ထုံးစံက။

"**ဝိပစ္စနိကော တဝ ဒေဝ ဝဏ္ဏော**"။ တဝ ဒေဝဝဏ္ဏော–သင်တို့ နတ်ပြည်က ထုံးစံကြီးက၊ ဝိပစ္စနိ ကော–ကျွန်ုပ်တို့လူ့ပြည်က ထုံးစံနဲ့ ပြောင်းပြန်ကြီးပါလား....တဲ့၊ အခု ကြည့်ပါအုန်းတဲ့ သင်လုပ်နေပုံ၊ ပထမနေ့က

ကျွန်ုပ် ရွှေအပြည့်နဲ့ ရွှေခွက်ကြီးကိုမှ လက်မခံခဲ့တဲ့ဥစ္စာကို၊ နောက်တစ်ရက် တကယ်ဆိုတော့ ကျွန်ုပ်ကို အလိုပါစေချင်လို့ရှိရင်၊ ဒီထက်သာတဲ့ လက်ဆောင်ကို ယူလာဖို့ကောင်းတယ်၊ အခုတော့ ကြည့်ပါအုန်း၊ ပထမနေ့က ရွှေအပြည့်နဲ့ ရွှေခွက်ကြီး၊ နောက်တစ်နေ့ကျတော့ ရွှေကတော့ အပြည့်ပါ.ပါရဲ့ ငွေခွက်ကြီး၊ အဲဒီနောက်တစ်နေ့ကျတော့ ရွှေတောင် မဟုတ်တော့ဘူး ရွှေခွက်တောင်. ငွေခွက်တောင် မဟုတ်တော့ဘူး၊ ကြေးခွက်ကြီးထဲမှာ ငွေအပြည့်ထည့်ပြီးတော့ လာတယ်တဲ့၊ ဒီတော့ အမောင်နတ်သား....တဲ့၊ သင်လုပ်ပုံ ကမောက်ကမ အချိုးမကျတာနဲ့.၊ သင့်ရဲ့တောင်းဆိုချက်ကိုလဲပဲ ကျွန်ုပ်က ပိုပြီးတော့ လက်မခံနိုင်စရာ ဖြစ်လာပါတယ်၊ အခုချက်ချင်းပဲ ဒီနေရာက ထွက်သွားလိုက်ပါ၊

ဒီတော့ အလောင်းတော်က ပြုံးလို့.... သဘောကျတယ်၊ ဒီအပြော ပြောစေချင်လို့ ဒီအကွက်ဆင်နေတာ အလောင်းတော်က၊ တရားပြဖို့လာတာ၊ ဒီတော့ အလောင်းတော်က ပြောတယ်။

**အာယုစ ဝဏ္ဏောစ မနုဿလောကေ၊**
**နိဟီယတိ မနုဇာနံ သုဂတ္တေ။**
**တေနေ၀ ဝဏ္ဏေန ဓနမ္ပိ တုယှံ၊**
**နိဟီယတိ ဇိဏ္ဏတရာသိ အဇ္ဇ။**

သုရုန္ဓနပြည်ကြီးကိုစည်ထီးခရိုင်နိုင်ငံအုပ်ချုပ် မင်းလုပ်တော်မူနေတဲ့ အို ဥယဒဘဒ္ဒမင်းသမီး.....တဲ့၊ မိမိအလိုကိုပါအောင် သွေးဆောင်ဖျားယောင်းတဲ့ နေရာမှာ ပထမနေ့ပေးတဲ့ လက်ဆောင်ပဏ္ဏာကို လက်မခံတဲ့သူကို၊ ဒုတိယနေ့ တန်ဖိုးတိုးပြီးတော့ ပေးရတယ်ဆိုတဲ့ ထုံးစံဓမ္မတာကို ကျွန်ုပ်နားလည်ပါတယ် ....တဲ့၊ ကျွန်ုပ်သိပါတယ်၊ သို့သော် ယခု ကျွန်ုပ်ပြုနေရတဲ့ အရေးက၊ သင်တို့လူ့ပြည် လောက.က ဖြစ်ပျက်နေတဲ့ သဘောသဘာ၀ဓမ္မတာနဲ့ကိုက်အောင် ကျွန်ုပ် ပြုလုပ် အားထုတ်နေခြင်းဖြစ်ပါတယ် မိဖုရား....။ ဘုရင်မ....တဲ့၊ နားထောင် တော်မူပါအုန်း၊

**အာယုစ ဝဏ္ဏောစ မနုဿလောကေ၊ နိဟီယတိ မနုဇာနံ သုဂတ္တေ။** သင်တို့လူ့ပြည်လောကရဲ့ လောကသားတွေရဲ့ ခန္ဓာကိုယ်တို့၌၊ အာယုစ–အသက်တမ်းသည့်ငှင်း, အသက်သည့်ငှင်း။ ဝဏ္ဏောစ–ရုပ်ရေအဆင်း ဥပဓိလှပခြင်းသည့်ငှင်း။ နိဟီယတိ–တစ်နေ့ထက် တစ်နေ့, တစ်ရက်ထက် တစ်ရက်, တစ်လထက်တစ်လ, ဆုတ်ယုတ် ဆုတ်ယုတ်လာရရိုးဓမ္မတာ ရှိပါ၏။ ဘုရင်မ.....တဲ့၊ သင်တို့လူ့ပြည် လောကသားတွေရဲ့ သက်တမ်းသည်၊ တစ်နေ့ထက်တစ်နေ့ ဆုတ်၍ဆုတ်၍သာ လာပါသည်၊ လူ့ပြည်လောကသား တွေရဲ့ ရုပ်ရေအဆင်း လှပခြင်းဟာလဲပဲ၊ တစ်ရက်ထက်တစ်ရက်. ဆုတ်ယုတ် ပြီးတော့သာ လာပါတယ်....တဲ့၊ တိုးတိုးပြီးတော့ တန်ဖိုးရှိလာအောင်. တိုးတိုးပြီးတော့ လှလာတယ်လို့မရှိပါ၊ ဘုရင်မ....တဲ့၊ ဆင်ခြင်တော်မူပါ စဉ်းစားတော်မူပါ၊

အသင်ဘုရင်မရဲ့ သက်တမ်းသည် ကျွန်ုပ် ပထမနေ့ လာတုန်းကထက် ဒုတိယနေ့မှာ သေမင်းနဲ့ပိုပြီးတော့ နီးလာပါတယ်....တဲ့၊ သေမင်းနဲ့ တစ်ရက် ပိုပြီးတော့ ကပ်လာပါတယ်၊ အိုခြင်းတရားကြီးနဲ့ ပိုပြီးတော့ တစ်ရက်ကပ် လာပါတယ်၊ နာခြင်းတရားကြီးနဲ့ တစ်ရက်ပိုပြီးတော့ နီးလာပါတယ်၊ ပထမ နေ့ကထက် တတိယနေ့ဆိုခဲ့လို့ရှိရင်ဖြင့် အသင်မိဖုရားရဲ့ အသက်တမ်းနဲ့ ရုပ်ရေဥပဓိအဆင်းသည်၊ အိုခြင်းတရားကြီးနဲ့ နှစ်ရက်တိုးပြီးတော့ နီးလာပါတယ်၊ နာခြင်းတရားကြီးနဲ့ နှစ်ရက်တိုးပြီးတော့ နီးသွားပါပြီ၊ သေခြင်းတရားကြီးနဲ့ နှစ်ရက်တိုးပြီးတော့ နီးသွားပါပြီ မိဖုရား....တဲ့၊ ဒီတော့ အသင်မိဖုရားရဲ့ သက်တမ်းကို၊ အသင်မိဖုရားရဲ့ ဥပဓိရုပ်အဆင်းကို၊ ပထမနေ့ကထက် ဒုတိယ နေ့မှာ သေခြင်းတရားကြီးနဲ့ ပိုပြီးတော့ နီးကပ်လာတာဖြစ်လေသောကြောင့်၊ တန်ဖိုးကြီးလာတယ်လို့ ဆိုမလား....တဲ့၊ တန်ဖိုးလျော့သွားမယ်လို့ ဆိုမလား၊

ဘုန်းကြီးတို့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေ၊ ဥဒယဘဒ္ဒမင်း က၊ ဥဒယဘဒ္ဒမင်းသမီးကို ဆုံးမနေတဲ့စကား မိမိထံ ယူပြီးတော့ ကြည့်ရအောင်၊ ယနေ့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေရဲ့ အသက်လို့ဆိုတဲ့ သက်တမ်း၊ ရုပ်ရေဥပဓိအဆင်း လှပခြင်းလို့ဆိုတဲ့ ရုပ်ရေဥပဓိဝဏ္ဏ၊ အဲဒီ

အသက်နဲ့ ရုပ်ဥပမိတို့သည်၊ တစ်နေ့ကုန်သွားတိုင်း တစ်နေ့ကုန်သွားတိုင်း၊ သေမင်းနဲ့ ပိုပြီးတော့ နီးကပ်လာပါသည်၊ ဆံဖြူ နားထိုင်း ခါးကိုင်း သွားကျွေးဆိုတဲ့ တရား ကြီးနဲ့ တစ်ရက်ကပ်လာတယ် နီးလာတယ်လို့ ခေါ်ပါသည်၊ အနာကြီး အနာငယ်ပေါက်ခြင်း, ရောဂါစွဲခြင်းဆိုတဲ့ ဗျာဓိတရားကြီးနဲ့ တစ်ရက်ကပ်လာတယ် လို့ ခေါ်ပါသည်၊ သေခြင်းတရားကြီးနဲ့ တစ်ရက်ကပ်လာတယ်လို့ ခေါ်ပါသည်။

ယနေ့ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေရဲ့ အသက်သည်၊ တစ်ရက်ကုန်သွားတိုင်း တစ်ရက်ကုန်သွားတိုင်း၊ သေခြင်းတရားကြီး, အိုခြင်း တရားကြီးနဲ့ နီးလာတယ်လို့ပြောမလား, ဝေးသွားတယ်လို့ပြောမလား? နီးလာပါတယ်ဘုရား။ သေခြင်းတရားနဲ့ တစ်ရက်နီးလာတဲ့ ဒီရုပ်နာမ်ခန္ဓာကြီးကို၊ တန်ဖိုးတိုးပြီးကြီးလာတယ်လို့ ပြောမလား, တန်ဖိုးလျော့သွားတယ်လို့ ပြောမလား? တန်ဖိုးလျော့ သွားပါတယ်ဘုရား။ ဘုရားအလောင်းတော်က အဲဒါကို သိစေချင်လို့ ဥဒယဘဒ္ဒမင်းသမီးကို တရားပြနေပါတယ်။

ဒီတော့ ဒီနေ့ အားလုံးသော ဒကာ-ဒကာမအပေါင်း သူတော်ကောင်း တွေက၊ ဘုရားအလောင်းတော်ပြနေတဲ့ တရားတော်သည် ဥဒယဘဒ္ဒမင်းသမီး တစ်ယောက်ထည်းအတွက် ပြနေသည်မဟုတ်ပါ၊ ဘာပြုလို့တုန်းဆိုတော့၊ ဒီဇာတ်တော်ကို ဘုရားဖြစ်တော်မူပြီးတော့မှ ဒီဇာတ်တော် ပြန်ဟောတာ ဖြစ်ပါတယ်၊ ဟိုး အတိတ်ကာလ ဘုရားအလောင်းတော် ပါရမီဖြည့်စဉ်က ဖြစ်ပျက်ခဲ့တဲ့အဖြစ်အပျက်ကို ဘုရားရှင် ကိုယ်တော်မြတ်က ပြန်ပြီးတော့ မဟောဘူး၊ ပြန်ပြီးတော့ မပြောဘူးဆိုရင်၊ ရှေးရှေးသော ရဟန္တာ အရှင်မြတ်ကြီးတွေနှင့်တကွ အားလုံးသော ဘုန်းကြီးတို့တတွေ ဒကာ-ဒကာမ အပေါင်း သူတော်ကောင်းတို့တတွေ သိနိုင်ပါ့မလား? မသိနိုင်ပါဘုရား။

ဒါဖြင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ပြန်ပြီးတော့ ဟောတော်မူတယ်၊ ပြောတော်မူတယ်ဆိုတာ ဒကာ-ဒကာမတွေ အပျင်းပြေရုံ ဥဒယဘဒ္ဒဇာတ်တော် လေး ကြားပြီးတော့ အပျင်းပြေရုံ, သဘောကျရုံ ဟောတော်မူတာမဟုတ်ပါ၊ ဒီထဲမှာပါနေတဲ့ တရားအဆင်တွေ တရားကွက်တွေကို ဉာဏ်သက်ဝင်ပြီးတော့၊

အဲဒီတရားတွေ မိမိသန္တာန် ကပ်ပြီးတော့ ယူတတ်အောင် အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ မိမိသန္တာန်ရောက်လာအောင်၊ ဒီတရားကို ဆွဲဆောင်တတ်အောင်, ရယူတတ်အောင်, ရည်ရွယ်ပြီးတော့ ဟောတော်မူခဲ့တယ်။

ဒါ့ကြောင့် ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေက မြတ်စွာဘုရား ဥဒယဘဒ္ဒမင်းသမီးကို ဟောနေသော်လဲပဲ၊ ဒို့ကိုဟောတဲ့ တရားပဲ၊ ဒို့ကိုပြောနေတော်မူခြင်းပဲ၊ ဒို့ကို အသိပေးနေတော်မူခြင်းပဲလို့....၊ သဘောပေါက်ပြီးတော့၊ ဇာတ်တော်ကြီးကို ပြန်ပြောင်း ဟောတော်မူတဲ့ ဘုရားရှင်ရဲ့ ရှည်ရွယ်ချက်နားလည်ပြီးတော့ အဲဒီတရား မိမိသန္တာန်ရောက်လာအောင် လိုက်ဆိုလိုက်စမ်းပါ။--

❖ **တစ်ရက်ကုန်ပြန်, ငါ့ရုပ်နာမ်, အိုရန်တစ်ရက် နီးပြန်ပြီ။**
**တစ်ရက်ကုန်ပြန်, ငါ့ရုပ်နာမ်, နာရန်တစ်ရက် နီးပြန်ပြီ။**
**တစ်ရက်ကုန်ပြန်, ငါ့ရုပ်နာမ်, သေရန်တစ်ရက် နီးပြန်ပြီ။**

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေရဲ့ အသက်သည်၊ တစ်လကုန်သွားပြီ တစ်လကျော်သွားပြီဆိုခဲ့ရင်၊ အဲဒီတစ်လသည် မိမိတို့တတွေရဲ့ အသက်တမ်းသည် သေခြင်းတရားနဲ့ ပိုနီးလာသလား ဝေးသွားသလား? ပိုနီးလာပါတယ်ဘုရား။ တစ်လ နီးလာတယ်လို့ပြောမလား၊ တစ်လဝေးသွားတယ်လို ပြောမလား? တစ်လနီးလာတယ်လို့ ပြောမှာပါဘုရား။ ဒါဖြင့် တစ်လနီးလာတယ်လို့ ဆိုခဲ့ရင်၊ အဲဒီရုပ်နာမ်ခန္ဓာသည် တန်ဖိုးကြီးလာသလား၊ တန်ဖိုး လျော့ သွားမလား? တန်ဖိုးလျော့သွားမှာပါဘုရား။ တစ်နှစ်ကုန်သွားတိုင်း, တစ်နှစ်ကုန်သွားတိုင်း မိမိတို့ရဲ့ ရုပ်နာမ်ခန္ဓာသည် သေမင်းကြီးနဲ့ တစ်နှစ်နီးလာတယ်လို့ ပြောမလား, တစ်နှစ်ဝေးလာတယ်လို့ပြောမလား? တစ်နှစ်နီးလာတယ် ပြောမှာပါဘုရား။ သေခြင်းတရားကြီးနဲ့နီးလာတဲ့ ဒီရုပ်နာမ်ခန္ဓာသည် တန်ဖိုးကြီး လာတယ်လို့ ပြောမလား, တန်ဖိုးလျော့သွားတယ်လို့ ပြောမလား? တန်ဖိုးလျော့သွားတယ်လို့ ပြောမှာပါဘုရား။

အဲဒါ အဒ္ဓါနပရိစ္ဆေဒနဲ့ လက္ခဏာထင်ခြင်း၊ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာ၊ အခု ဘုန်းကြီးပြောတဲ့အခိုက်မှာ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ၊ ဘုရားရဲ့ဉာဏ်ကို ဘုန်းကြီးယူပြီး ပြောနေတာဖြစ်တော့၊ ဘုရားရှင် ဟောတော်မူတဲ့ ဥဒယဘဒ္ဒဇာတ်တော်လာ ဘုရားရှင်ရဲ့ ဉာဏ်တော်ကြီးကို မှီပြီးတော့ အရိပ်ခိုပြီးတော့ ကြည့်လိုက်တော့၊ မိမိတို့ တစ်ရက်ကုန်သွားတိုင်း, တစ်ရက်ကုန်သွားတိုင်းသည် နီးလာပြီးတော့ သေခြင်းတရားကြီးနဲ့နီးလာတဲ့ အနိစ္စ သဘောတရားကြီးပါလားလို့၊ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ သဘော မပေါ်ဘူးလား? ပေါ်လာပါဘုရား။ တစ်ရက်နှစ်ရက် တစ်လနှစ်လ, တစ်နှစ်နှစ်နှစ်နဲ့ ရှုတဲ့နည်းကို အဒ္ဓါနပရိစ္ဆေဒနည်းလို့ ခေါ်ပါတယ်၊ အနိစ္စ ဒုက္ခ အနတ္တ ရုပ်နာမ်ဓမ္မ သဘာဝတွေရဲ့ ဖြစ်ပျက်နေတဲ့ ခဏတ္တယနဲ့ရှုတဲ့နည်းကတော့ ဝိပဿနာ အစစ်ပေါ့၊ အဲဒါကို ထပ်ပြီးတော့ အဒ္ဓါနပရိစ္ဆေဒ နည်းနဲ့ တစ်ဘဝလုံးရှုနိုင်တယ်၊ တစ်ရက်နဲ့ ရှုနိုင်တယ်၊ တစ်လနဲ့ ရှုနိုင်တယ်၊ တစ်နှစ်နဲ့ ရှုနိုင်တယ်၊ မရှု စကောင်းဘူးမဟုတ်ဘူး။ ရှု စကောင်းတယ်၊

အဲဒီလိုနည်းနဲ့ရှုလိုက်တော့ အခု ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ၊ သေခြင်းတရားကြီးနဲ့ တစ်လနီးလာသလား, ဝေးသွားသလားလို့ မေးတော့ တစ်လနီးလာပါတယ်လို့ ဒီအဖြေကိုဖြေခြင်းသည်၊ ဒီရုပ်နာမ် ဓမ္မတို့သည် တစ်လကုန်တိုင်း, တစ်လကုန်တိုင်း ပျက်စီးတဲ့ သဘောကြီးနဲ့ နီးကပ်လာတယ်၊ တစ်လကုန်တိုင်း, တစ်လကုန်တိုင်း ပျက်စီးတဲ့ သဘောကြီးနဲ့ နီးကပ်လာတယ်၊ ပျက်စီးတဲ့သဘောကြီးနဲ့ ချဉ်းကပ် နေတယ်၊ ပျက်စီးတဲ့သဘောရှိနေတယ်ဆိုတဲ့၊ အနိစ္စလက္ခဏာကို စဉ်းစားသိမြင်တဲ့ဉာဏ် အခြေခံပြီးတော့ ဖြေတယ်ဆိုတာ မသေချာ ဘူးလား? သေချာပါဘုရား။ ဒါဖြင့် အဒ္ဓါနပရိစ္ဆေဒနည်းနဲ့ အလယ်တန်း ဗုဒ္ဓဘာသာထဲ ဝင်မလာဘူးလား? ဝင်လာပါဘုရား။ ဒါဖြင့် မိမိတို့ ရုပ်နာမ်ခန္ဓာသည်၊ တစ်ရက်ကုန်တိုင်း, တစ်ရက်ကုန်တိုင်း အိုခြင်းတရား, နာခြင်းတရား, သေခြင်းတရားနဲ့ နီးလာတယ်ဆိုတာ၊ အဒ္ဓါနပရိစ္ဆေဒ နည်းနဲ့ အနိစ္စလက္ခဏာ မြင်လာတယ်၊ အဲဒီလက္ခဏာလေး ပျောက် မသွားအောင် ဆက်ပြီးတော့ မကြိုးစားထိုက်ဘူးလား? ကြိုးစားထိုက်ပါဘုရား။

ဘုန်းကြီးတို့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေရဲ့ ခန္ဓာကိုယ်က "ရေထဲ မှော်ဖယ်တဲ့ တရားအမြင်က"၊ ဘုန်းကြီးတို့ ရေပြင်ကြီးထဲက မှော်တွေဖုံးပြီးနေတော့ အဲဒီမှော်ထဲ လက်ကလေးနဲ့ ဆင်းပြီးတော့ယက်. ယက်လိုက်တော့ မှော်တွေကျဲမသွားဘူးလား? ကျဲသွားပါဘုရား။ မှော်တွေ ကျဲသွားတဲ့အခိုက် အောက်ကရေကြည်လေးတွေ မမြင်ရဘူးလား? မြင်ရပါဘုရား။ သောက်လို့ကော သုံးလို့ကော မရဘူးလား? ရပါဘုရား။ နောက်ပြန်ပြီး ဆုတ်နေလိုက်တော့ ဒီမှော်တွေပြန်ပြီး ဖုန်းမသွားဘူးလား? ဖုန်းသွားပါဘုရား။ ယနေ့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေသိတဲ့ လက္ခဏာရေး သုံးပါးဉာဏ်သည်၊ ရေထဲမှော်ဖယ်....တဲ့၊ ခေတ္တခဏလေးဖြစ်နေကြပါသည်၊ အဲဒီခေတ္တ ခဏလေးဖြစ်နေတဲ့ဉာဏ်ကို၊ ထပ်တလဲလဲ. ထပ်တလဲလဲ. ထပ်တ လဲလဲ ကြိုးစားဖို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဗောဇ္ဈင်သုတ်တော်ကြီးနဲ့ ဟောတော်မူတယ်, မိန့်တော်မူတယ်, ဆုံးမတော်မူတယ်။

**သတိသမ္ဗောဇ္ဈင်္ဂေါ ခေါ ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော။**
သတိတရားဆိုတဲ့ သမ္ဗောဇ္ဈင်နဲ့မှော်ဖယ်တဲ့ သတိတရားကလဲ ထပ်တလဲလဲ ကြိုးစားရမှာ ချစ်သားတို့၊ ဗောဇ္ဈင်သုတ်ကြတော့ ဘာဝိတော ဗဟုလီကတော မဟောဘူးလား? ဟောပါဘုရား။ တရားထူးတစ်ပုဒ် မြင်ဖို့ဆိုတာ တစ်ကြိမ် တစ်ခါလေးလုပ်ပြီးတော့ နောက်ဆုတ်နေလို့ ရပ့်မလား? မရပါဘုရား။ ယနေ့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်း တွေရဲ့သန္တာန်မှာက ဉာဏ်လေးတွေ ပေါ်တဲ့အခါ ပေါ်ပါရဲ့၊ သို့သော် ငါးဖြာအာရုံ ကာမဂုဏ်တွေက ဖုံးပြီးတော့ မှော်တွေ ဖုံးသွားလေသောကြောင့်၊ ပြန်ပြီးတော့ ပျောက်မသွားဘူးလား? ပျောက်သွားပါဘုရား။ ပျောက်သွားတော့ သားရေးသမီးရေး ဆွေရေး မျိုးရေး မင်းရေး ကိစ္စတွေနဲ့ ထွေးပြီးတော့ နေလိုက်တော့၊ တစ်ရက်ကုန်သွားရင် ကိုယ့်ကိုယ်ကို တန်ဖိုးကြီးလာတယ်ထင်, ဟုတ်လာတယ်ထင်, မှန်လာတယ်ထင် မထင်ကြဘူးလား? ထင်ပါတယ်ဘုရား။

"**တဏှာ မညန မာနမညန ဒိဋ္ဌိမညန**" ဆိုတဲ့ မညန တရားကြီးတွေ. အထင်လုံးကြီးတွေ၊ ဒကာ–ဒကာမတွေရဲ့သန္တာန်မှာ နေ့စဉ်ဝင်၊ အဲဒီ

မညနေဆိုတဲ့မှော်ကြီးတွေ ဖုံးထားလို့ ယနေ့ ဒကာ–ဒကာမတွေရဲ့သန္တာန်မှာ တရားထူးတွေ မမြင်ကြပါ၊ တရားထူးတွေကို မရကြပါ၊ သူတော်ကောင်းကြီးတွေ ကြတော့ အဲဒီရေထဲ မှော်ဖယ်က တစ်ခါတည်း၊ ဖယ်ဖယ်, ဖယ်ဖယ်ဆိုပြီး အတင်းဆွဲတင်ဖယ်, အတင်းဆွဲတင်ဖယ်၊ အဲဒီမှော်တွေ အတင်းဖယ်, အတင်းဖယ်နဲ့ဖယ်လိုက်တော့ ကန်ကြီးတစ်ခုလုံး မှော်တွေ ကမ်းပေါ်ထိအောင် တွန်းတင်ပြစ်လိုက်တော့ တစ်ခါတည်း ရေတွေပေါ်လာပြီးတော့ ကြည်မသွားဘူးလား? ကြည်သွားပါဘုရား။ အဲ လုပ်ရမယ့်အလုပ်က အဲဒီအလုပ်၊ လုပ်နည်းကို သိဖို့ကမခက်ပါ၊ လုပ်နိုင်ဖို့က ခက်ပါသည်၊ ဘုန်းကြီးတို့ ဂန္ဓာရုံ ဆရာတော်ဘုရားကြီးက ဆုံးမတယ်လေ၊ အခုခေတ် တရားအားထုတ်နည်း သိဖို့က မခက်ဘူးနော်....လုပ်နိုင်ဖို့က ခက်နေရတယ်၊ ပရိသတ်ကြီး မမှန်ဘူးလား? မှန်ပါတယ်ဘုရား။

အားလုံးသော ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေ "**အမှန်သိလင့် အမှားကျင့်၍. မသင့်စိတ်ထား. သင့်လို လူစားသည်**"– တဲ့ ဘုန်းကြီးတို့ ဂန္ဓာရုံဆရာတော်ဘုရားကြီးက အနက်ပေးထားတာ၊ တွံ– အမှန်သိလင့်, အမှားကျင့်၍....၊ အမှန်တော့ မသိဘူးလား? သိပါဘုရား။ ပြောလိုက်ရင် သိနိုင်တဲ့ဉာဏ်အားတွေ မပါဘူးလား? ပါ,ပါဘုရား။ သို့သော် ကျင့်နေတာက အမှားကျင့်နေကြလေ သောကြောင့်၊ တရားထူးမမြင်နိုင်ကြပါ၊ တရားထူးမပေါက်နိုင်ကြပါ၊ ကဲ ဘာပဲပြောပြော၊ အဲဒီအမှန်မြင်နေတဲ့ အခိုက်ကလေးမှာ အခု လက္ခဏာကိုမြင်တယ်လို့ဆိုတော့ အလယ်တန်းစား ဗုဒ္ဓဘာသာထဲ ဝင်မသွားဘူးလား? ဝင်သွားပါဘုရား။ သို့သော် ခဏလေး အဝင်၊ ပရိသတ်ကြီး ဘာဝင်တာတုန်း? ခဏလေးအဝင်ပါဘုရား။ ပြီးတော့ ပြန်ပြီးတော့ မေ့သွားနော်....မှန်လှပါဘုရား။

"**အောက်တန်းမူလ. ဗုဒ္ဓဘာသာ. ကံကိုယ်ပိုင်ရှိ. မြင်သိပေရှာ၊ အလယ်ထင်လင်း. မြင်ရှင်းလက္ခဏာ**" လက္ခဏာရေး သုံးချက် မြင်ပြီဆိုတော့ အလယ်တန်းစားဗုဒ္ဓဘာသာ။ အဲဒီကနေတော့မှ "**အထက်တန်း လေးခန်းမြင် သစ္စာ**" သစ္စာရောက်မှာက အောက်တန်းကနေပြီးတော့ အလယ်တန်း.

အလယ်တန်းကနေပြီးတော့ အထက်တန်း တက်မှဖြစ်မှာ မဟုတ်လား? မှန်ပါဘုရား။ ဘုန်းကြီးတို့ အခုကာလ တန်းကျောင်းကလေးတွေ မူလတန်းကနေ အလယ်တန်း၊ အလယ်တန်းကနေ အထက်တန်း တစ်ဆင့်ချင်း တက်ရတာ မဟုတ်လား? မှန်ပါဘုရား။

အေး အဲဒါလိုပဲ ယနေ့ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေ အထက်တန်းရောက်ချင်ရင် အလယ်တန်းထိအောင် မသွားရပေ ဘူးလား? သွားရမှာပါဘုရား။ ကဲ ဒါဖြင့်—

**❖ တစ်ရက်ကုန်ပြန်, ငါ့ရုပ်နာမ်, အိုရန်တစ်ရက် နီးပြန်ပြီ။**
**တစ်လကုန်ပြန်, ငါ့ရုပ်နာမ်, အိုရန်တစ်လ နီးပြန်ပြီ။**
**တစ်နှစ်ကုန်ပြန်, ငါ့ရုပ်နာမ်, အိုရန်တစ်နှစ် နီးပြန်ပြီ။**

ဒါက ထင်ရှားတဲ့အအိုကိုပြောလိုက်တာ၊ တစ်နှစ်နီးလာတယ်, တစ်လနီးလာတယ်, တစ်ရက်နီးလာတယ် ထင်ရှားတဲ့ အအိုဆိုတာ ဆံပင်ဖြူကုန်ပြီ, သွားတွေကျိုးကုန်ပြီ, နားတွေထိုင်းကုန်ပြီ, ပါးရေတွေ တွန့်ကုန်ပြီလို့ လူမြင်သူမြင်, လူသိသူသိ ပကတိမျက်စိနဲ့ ကြည့်လို့ရတဲ့ အပဋိစ္ဆန္နဇရာလို့ခေါ်တဲ့ လူသိသူသိဇရာ။ အေး ပကတိမျက်စိနဲ့ မြင်လို့မရဘဲ ဉာဏ်မျက်စိနဲ့ ကြည့်ရမည့် ဇရာကြတော့၊ အခု ထိုင်ပြီးတော့ တရားနာနေဆဲမှာလဲ ရှိပါသည်၊ ပျိုမြစ်နုနယ် ငယ်ရွယ်ပါတယ်ဆိုတဲ့၊ အသက်နှစ်ဆယ်အစိတ် အရွယ်တွင်းမှာလဲပဲ ရှိပါသည်။ ဒီ ရုပ်နာမ်ခန္ဓာရှိနေသမျှ၊ ဒီရုပ်နာမ်ခန္ဓာရဲ့ ရင့်ရော်ပြောင်းလဲမှုဆိုတဲ့ သဘောကြီးသည်၊ တစ်မိနစ်ကလေး မရပ်ပါ၊ တစ်စက္ကန့်ကလေးမျှ မရပ်ပါ၊ တဗီဇနာကလေးမျှ မရပ်ပါ၊ ဒါကြောင့် ဒီခန္ဓာကိုယ် ရုပ်နာမ် ခန္ဓာရှိနေသမျှ ဇရာသဘောဆိုတဲ့ ရွေ့လျောမှု, ပြောင်းလဲမှု, အိုခြင်း သဘောတရားကြီးသည်၊ အချိန်ရှိသ၍ ဖောက်ပြန်နေပါသည်။

သို့သော် အဲဒါက ဉာဏ်နဲ့မှမြင်နိုင်တယ်၊ ပကတိမျက်စိနဲ့ကြတော့ ဆံဖြူတာတွေ, သွားကြိုးတာတွေ မမြင်ကြဘူးလား? မြင်ကြပါတယ်ဘုရား။ သို့သော် ဒီရုပ်နာမ်ခန္ဓာရဲ့ တစ်ချက်ချက်ခြင်း ပြောင်းလဲနေတဲ့ အိုခြင်း

သဘောကြီးကို ပကတိမျက်စိနဲ့မြင်လို့ ရရဲ့လား? မရပါဘုရား။ ဉာဏ် မျက်စိနဲ့မှ မြင်လို့ရတယ်။ သို့သော် ပကတိမျက်စိနဲ့ ကြည့်နေရင်းပင်လျှင်၊ ဉာဏ်မျက်စိကို သုံးပြီးတော့ ကြည့်လိုက်လို့ရှိရင် တရွေ့ရွေ့, တသုတ်သုတ်, တဖြုတ်ဖြုတ် ရင့်ရော်ဟောင်းမြင်း အိုမင်းခြင်းသို့ ပြောင်းနေတယ်လို့ဆိုတာ ဉာဏ်နဲ့ နည်းနည်းလေး စိုက်ကြည့်လိုက်ရင် မမြင်ပေဘူးလား? မြင်ပါဘုရား။

ဘုန်းကြီးတို့ နာရီဥပမာလေးကြည့်ပါ၊ နာရီမှာ တစ်နာရီကနေ နှစ်နာရီထိ ဆိုတဲ့ လက်တံကွက်ကြီး အတိုအရှည် လက်တံကွက်ကြီးတွေ ပြောင်းပြောင်း သွားတယ်၊ အဲဒီ လက်တံကွက်ကြီးတွေ ပြောင်းပြောင်းသွားတယ်၊ အဲဒီ လက်တံ ကွက်ကြီးတွေ ပြောင်းတာဟာ အမှန်စင်စစ်ကတော့ နာရီဒိုင်ကွက်မှာ၊ တစ်နံပါတ် ကွက်က နှစ်နံပါတ်ကွက်ထိ နှစ်နာရီထိုးသွားတယ်ဆိုတဲ့ ဒီအကွက် ပြောင်းသွား တာဟာ မိနစ်ကလေးတွေ (၆၀)အစိတ် အစိတ် မပြောင်းခဲ့ရဘူးလား? ပြောင်းခဲ့ရပါဘုရား။ အဲဒီမိနစ် (၆၀)အစိတ် အစိတ်ကလေးမှာလဲပဲ၊ စက္ကန့် (၆၀) အစိတ် အစိတ်မပြောင်းရဘူးလား? ပြောင်းရပါတယ်ဘုရား။ သို့သော် ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေက နာရီကြီးကြည့်လိုက်တဲ့ အခါကြတော့ လက်တန်တိုရော, လက်တန်ရှည်ရော သွားနေတယ်လို့ မထင်ဘူး ရပ်နေတယ်လို မထင်ဘူးလား? ထင်ပါဘုရား။ သွားနေတာကို သိရဲ့လား? မသိပါဘုရား။ ဉာဏ်နဲ့ စမ်းပြီးတော့ ကြည့်လိုက်တော့မှ၊ နာရီလေးကောက်ပြီး တော့ နား,နား ကပ်ကြည့်လိုက်တော့မှ တချက်ချက်နဲ့ သွားနေတယ်ဆိုတာ မကြားရဘူးလား? ကြားရပါတယ်ဘုရား။

အဲဒါလိုပဲ ဒကာ–ဒကာမပေါင်း သူတော်ကောင်းတို့သည် မိမိတို့ရဲ့ ခန္ဓာကိုယ် သူ့ခန္ဓာကိုယ် ရုပ်နာမ် ခန္ဓာကိုယ်တွေကြည့်လိုက်ရင် မြဲသလိုပဲ, မပျက်သလိုပဲ, မပြောင်းသလိုပဲ နာရီလက်တံကြီးနှစ်ခု မရွေ့သလိုပဲ မြင်နေကြတယ်၊ သို့သော် ဉာဏ်မျက်လုံးသုံးပြီးသကာလ နာရီလေးကို နားနားကပ်ပြီးတော့ နားထောင်လိုက်သလို၊ နားထောင်လိုက်တဲ့အခါမှာ တစ်ချက်ချက် တစ်စက်စက် ကြားရသလို၊ ဝိပဿနာဉာဏ်မျက်လုံးသုံး၊ ဝိပဿနာဉာဏ်နားနဲ့ ကပ်ပြီးတော့ ထောင်လိုက်ပြီဆိုတော့၊ အဲဒီရုပ်နာမ်တွေ

တဖြုတ်ဖြုတ် တရပ်ရပ် ပျက်ပြီးနေတာ ပြောင်းနေတာ ရွေ့နေတာကို ဉာဏ်ထဲမှာ တရိပ်ရိပ် ထင်လာပါသည်၊ ပရိသတ်ကြီး မထင်လာနိုင်ဘူးလား? ထင်လာနိုင်ပါတယ်ဘုရား။ အဲဒီလို ထင်လာလို့ရှိရင် လက္ခဏာဉာဏ် ပေါက်ပြီ.... တဲ့၊ လက္ခဏာဉာဏ်ပေါ် ပြီ။

အဒ္ဓါနပရိစ္ဆေဒနည်းလိုမဟုတ်ဘူး၊ ခဏိကသမ္မသနနည်းနဲ့ ခဏလေး, ခဏလေးတွေ အပိုင်းအခြားလေးအနေနဲ့ ဖြုံးဖြုံးရှုံးရှုံး ရုပ်နာမ်ဓမ္မသဘာဝတွေ ဖြစ်ပျက်နေတဲ့သဘောတွေ ပေါ်မလာဘူးလား? ပေါ်လာပါဘုရား။ အဲဒီ ပေါ်လာရင် အလယ်တန်းစား ဗုဒ္ဓဘာသာထဲ ဝင်မသွားဘူးလား? ဝင်သွားပါတယ် ဘုရား။ ဒီတော့ လက္ခဏာမြင်တာ ခုနကလို အဒ္ဓါနပရိစ္ဆေဒနည်းနဲ့ အချိန်ကာလနဲ့ ရက်နဲ့ လနဲ့ ပိုင်းပြီးတော့ မြင်တဲ့အမြင်အပြင်၊ ဒီရုပ်နာမ်ဓမ္မ သဘာဝ လေးတွေရဲ့ ခဏိကသမ္မသနနည်းနဲ့ ခဏတိုင်း ဖြုတ်ဖြုတ်, ရုတ်ရုတ် ပျက်နေပုံလေးတွေ, ရင့်ရော်ဟောင်းမြင်းပုံလေးတွေ, ပျက်စီးနေပုံလေးတွေမြင်အောင်, နေ့စဉ်နေ့စဉ် သတိဆောင်ပြီးတော့ မကြိုးစားထိုက်ဘူးလား? ကြိုးစားထိုက်ပါတယ်ဘုရား။ အဲဒီလိုကြိုးစားနေတဲ့ အချိန်သည် ကိုယ့်ကိုယ်ကို အလယ်တန်းစား ဗုဒ္ဓဘာသာ ထဲကို သွင်းနေတဲ့အချိန်လို့ မခေါ်ထိုက်ဘူးလား? ခေါ်ထိုက်ပါဘုရား။

ဒါဖြင့် ပရိသတ်ကြီးက ကိုယ့်ကိုယ်ကို ငါသည် အလယ်တန်းဗုဒ္ဓဘာသာ ထဲ တစ်နေ့တစ်နေ့ ဘယ်လောက်သွင်းမိသလဲ၊ အလယ်တန်းစား ဗုဒ္ဓဘာသာထဲ ရောက်မှ၊ အထက်တန်းစား ဗုဒ္ဓဘာသာ ဖြစ်မယ်ဆိုတာကော မသေချာဘူးလား? သေချာပါဘုရား။

အဲဒီလိုနဲ့ ဥဒယဗ္ဗယမင်းက ဆုံးမလိုက်တာ၊ ဥဒယဗ္ဗယမင်းသို့ .....တဲ့၊ အသင့်ရဲ့ အသက်တမ်းနဲ့ ရုပ်ရေအဆင်းသည်၊ တစ်နေ့ထက် တစ်နေ့ တိုးတိုးပြီးတော့ သေခြင်းတရားနဲ့ ဝေးလာမယ်, အိုခြင်း တရားနဲ့ဝေးလာမယ်, နာခြင်းသဘောနဲ့ ဝေးလာမယ်၊ သင့်သက်တမ်း သည် တစ်နေ့ထက်တစ်နေ့ တိုးပြီးတော့ ရှည်လာမယ် ဆိုခဲ့ရင်၊ ကျွန်ုပ်က လက်ဆောင်ပဏ္ဏာတွေ တိုးပြီးတော့ ယူလာမှာပေါ့တဲ့, ယူလာမှာပေါ့၊ အခုတော့ သင့်ရဲ့အသက်တမ်းနဲ့ ဥပမိရုပ်ရေ

အဆင်းသည်၊ တစ်နေ့ထက်တစ်နေ့ ဆုတ်ယုတ်ဆုတ်ယုတ်ပြီး လာသောကြောင့် သာလျှင် ကျွန်ုပ်သည် ဟောဒီလို လက်ဆောင်ပဏ္ဏာတွေ လျှော့ပြီးတော့ ယူခဲ့ရပါတယ်၊ ဥဒယဘဒ္ဒမင်းသမီး ဘာမှမပြောနိုင်တော့ဘူး။ ပရိသတ်ကြီး ဥဒယဘဒ္ဒမင်းသမီး ပြောနိုင်သေးလား? မပြောနိုင်ပါဘုရား။ အဲဒီအချိန်မှာ ဘုရားအလောင်းတော်က ဘာဆက်ပြောလိုက်တုန်း ဆိုတော့။—

**ဝံ မေ ပေက္ခမာနဿ, ရာဇပုတ္တိ ယသဿိနိ၊**

**ဟာယတေဝ တဝ ဝဏ္ဏော, အဟောရတ္တာ နမစ္စယေ။**

ဥဒယဘဒ္ဒမင်းသမီး....တဲ့၊ အဲဒီ တစ်ရက်တွေ, တစ်လတွေ, တစ်နှစ်တွေဆိုတာ အသာလေးထားလိုက်ပါအုန်း။ ဝံ–ဤကဲ့သို့။ မေ–အကျွန်ုပ်သည်။ ပေက္ခမာနဿ–ယခု သင့်ကိုကြည့်ရှုနေစဉ်, ကြည့်ရှုနေခိုက်မှာ ပင်လျှင်။ တဝဝဏ္ဏော–သင့်ရဲ့ရုပ်ရေအဆင်းဆိုတဲ့ ရုပ်ဆင်းဥပမိသည်။ ဟာယတေဝ–တဖြုတ်ဖြုတ် တရုတ်ရုတ် ဆုတ်ယုတ်၍ နေသည်သာလျှင်တည်း။ အဟောရတ္တာနံ–ညဉ့်နေ့တို့၏။ အစ္စယေ–ကုန်လွန်၍သွားရာအခါ၌။ ဟာယနဘာဂေါ–ဆုတ်ယုတ်ဖွယ်ရာသဘောသည်။ ကောပနဝါဒေါ–အဘယ် မှာလျှင် ဆိုဖွယ်ရာ ကောန်အမှန်ပင် ရှိပါတော့အံ့သတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

ဥဒယဘဒ္ဒမင်းသမီး....တဲ့၊ အခု ကျွန်ုပ်ပြောလိုက်တဲ့ တစ်ရက် ဆိုတာတွေ, တစ်လဆိုတာတွေ, တစ်နှစ်ဆိုတာတွေ အသာလေး ထားလိုက်ပါအုန်းတဲ့၊ အခု ကျုပ် အသင့်ကိုကြည့်နေတုန်း၊ အခု ကျွန်ုပ်က အသင်နဲ့စကားပြောရင်းနဲ့ သင့်ကို ကျွန်ုပ်ကြည့်ပြီးတော့ နေတုန်း၊ ကြည့်နေစဉ် ကြည့်နေခိုက်မှာပင်လျှင်၊ အသင်ဥဒယဘဒ္ဒ မင်းသမီးရဲ့ ရုပ်ရေအဆင်းသည် တဖြုတ်ဖြုတ် တရုတ်ရုတ် လှုပ်ရှားပြီး သကာလ ဆုတ်ယုတ်နေပါတယ်၊ မင်းသမီး....တဲ့၊ သင့်ရဲ့ရုပ် အဆင်းသည် တဖြုတ်ဖြုတ်နဲ့ အလှပျက်နေပါတယ်၊ တဖြုတ်ဖြုတ်နဲ့ ဆုတ်ယုတ် ပြီးတော့ နေပါတယ်၊

ဒီတော့ ဘုန်းကြီးတို့ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေရဲ့ ခန္ဓာကိုယ် ရှိနေတဲ့ ရုပ်တရား နာမ်တရားတွေက၊ နဒီသော တောဝိယ-မြစ်ရေအယာဉ်လိုပဲ၊ ဒီပဇာလာဝိယ-ဆီမီးအလျှံလိုပဲလို့ဆိုတော့၊ ဒီခန္ဓာကိုယ်ကြီးရဲ့ ရုပ်နာမ်ဓမ္မ သဘာဝတွေရဲ့ ဖြစ်ပြီးတော့ ပျက်နေတဲ့သဘောသည်၊ တစ်နာရီလေး မရပ်ပါ၊ တစ်စက္ကန့်လေး မရပ်ပါ၊ တစ်မိနစ်ကလေး မရပ်ပါ၊ မြစ်ရေအယာဉ်ကြီး တသွင်သွင် စီးနေတာ ရပ်တဲ့အချိန်များရှိသေးလား? မရှိပါဘုရား။ ဘုန်းကြီးတို့ ဧရာဝတီမြစ်ထဲကရေတွေ၊ ရပ်နေတဲ့အချိန်လို့ ရှိသေးလား? မရှိပါဘုရား။ ကိုယ်ကသတိမထားရင်သာ ရပ်နေတယ်၊ ဒီရေတွေပဲ၊ ခုနကလဲ ဒီရေ့ အခုလဲ ဒီရေပဲလို့ ထင်ချင်ထင်မယ်၊ သူကတော့ ရပ်ရဲ့လား? မရပ်ပါဘုရား။ ဒါပေမယ့်လို့ အဲဒီအတိုင်းပဲ ဒီရုပ်နာမ်ခန္ဓာကိုယ်မှာ ရှိနေတဲ့ ရုပ်အစဉ်. နာမ်အစဉ်တို့သည်၊ တသွင်သွင် တဒီးဒီး တဖွဲ့းဖွဲ့း တရုံးရုံးစီးပြီးတော့ နေကြတယ်၊ ပျက်ပြီးတော့ နေကြတယ်လို့ဆိုတော့-

အခု ဘုန်းကြီးတို့ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေ တရား ထိုင်ပြီးတော့ နာနေတဲ့အချိန်ကော ရုပ်နာမ်ဓမ္မတွေရဲ့ဖြစ်ပြီး ပျက်နေတဲ့သဘော ရပ်ရဲ့လား? မရပ်ပါဘုရား။ အအိုဆီသို့ ဒုန်းစိုင်းပြီးတော့ ပြေးနေတဲ့သဘော ရပ်ရဲ့လား? မရပ်ပါဘုရား။ သေမင်းဆီကို ဒုန်းစိုင်းပြီးတော့ ပြေးနေတဲ့သဘော ရပ်ရဲ့လား? မရပ်ပါဘုရား။ သေမင်းဆီ ပြေးနေရင်းနဲ့ ခု အားကိုးဆွဲကြတာ ....၊ ဘုရားပူဇော်, တရားပူဇော်, သံဃာပူဇော်တဲ့ ကုသိုလ်ကောင်းမှုတွေနဲ့ သေမင်းဆီ ပြေးရင်း လွှားရင်း အားကိုးဆွဲရတယ်ဆိုတာ မသေချာဘူးလား? သေချာပါဘုရား။ ဒါဖြင့် ဒီခန္ဓာကိုယ်ကြီးသည် တရားထိုင်နာနေရင်းလဲ မရပ်ပါ၊ စားနေရင်း. သောက်နေရင်းရော ဒီရုပ်နာမ်တွေအဖြစ်အပျက် ရပ်ရဲ့လား? မရပ်ပါဘုရား။ သွားနေရင်း လာနေရင်းကော ရပ်ရဲ့လား? မရပ်ပါဘုရား။

ဒါဖြင့် "သွားနေရင်းလဲ. သွားရင်းလဲ. အမြဲဖောက်ပြန်. ဌါ ရုပ်နာမ်"၊ ဒီခန္ဓာကိုယ်ကြီးမှာရှိနေတဲ့ ရုပ်နာမ်တွေက သွားနေရင်းလဲ ဖောက်ပြန်မြဲပဲလို့ ....၊ ဘုရားရှင်က ဂစ္ဆေ-သွားနေသည်ရှိသော်။ ဂစ္ဆာမီတိ-သွားနေသည်ဟူ၍။ ပဇာနာတိ-ဝိပဿနာဉာဏ်အမြင် သန်သန်ဖြင့် ရှုလိုက်ပါလို့၊ မဟာသတိပဋ္ဌာန

သုတ်တော်ကြီးကြတော့၊ သွားတဲ့ဣရိယာပုထ်, စားတဲ့ဣရိယာပုထ်, နေရာမလပ် ဒလစပ် အကုန်လုံး၊ ရှုမှတ်တဲ့သတိ၊ သိတဲ့ပညာ၊ သတိပညာနှစ်ပါး ဦးစီးပြီး သကာလ သိနေဖို့ရာ ဘုရားရှင်ကိုယ်တော်မြတ်က ညွှန်တော်မူခဲ့တယ်။ ဒီတော့ အဲဒီလို ညွှန်တော်မူတဲ့အတိုင်း၊ မိမိတို့ တစ်နေ့ ငါးမိနစ်လောက်ပဲ တတ်နိုင် တတ်နိုင် ဒီလေ့ကျင့်ခန်းလေး ဆင်းဖို့မကောင်းဘူးလား? ကောင်းပါတယ်ဘုရား။ ကဲ ဒါဖြင့် ဆိုစမ်းပါအုန်း။—

❖ **သွားနေရင်းလဲ သွားရင်းလဲ, အမြဲဖောက်ပြန် ငါ့ရုပ်နာမ်။**
**စားနေရင်းလဲ စားရင်းလဲ, အမြဲဖောက်ပြန် ငါ့ရုပ်နာမ်။**
**ထိုင်နေရင်းလဲ ထိုင်ရင်းလဲ, အမြဲဖောက်ပြန် ငါ့ရုပ်နာမ်။**
**အိပ်နေရင်းလဲ အိပ်ရင်းလဲ, အမြဲဖောက်ပြန် ငါ့ရုပ်နာမ်။**

အဲဒီလို ရုပ်နာမ်ဓမ္မသဘာဝရဲ့ ဖြစ်ပျက်မှုသဘောကို ရှုပြီးတော့ နေမယ်ဆိုရင်၊ ဝိပဿနာဉာဏ် ဝင်မလာဘူးလား? ဝင်လာပါတယ်ဘုရား။ ဝိပဿနာဉာဏ် ဝင်လာရင်၊ ယခုပြောလိုက်တဲ့အတိုင်း။ ထိုင်နေရင်းလဲ ထိုင်ရင်းလဲ အမြဲဖောက်ပြန် ငါ့ရုပ်နာမ်ဆိုတဲ့အတိုင်း၊ ထိုင်နေတဲ့ ဒီရုပ်နာမ်ခန္ဓာသည် အမြဲ ဖောက်ပြန်ပြီးတော့နေတယ်....လို့၊ ဉာဏ်ကလေး ခန္ဓာဘက်လှည့်လိုက်တဲ့ အချိန်မှာ ခန္ဓာကိုယ်ထဲက ဖြစ်ပျက်နေတဲ့သဘောလေးတွေ ရိုးတိုးရိပ်တိတ် ဉာဏ်ထဲမှာ ထင်မလာဘူးလား? ထင်လာပါတယ်ဘုရား။ အနိစ္စလက္ခဏာပေါ်၊ အဲဒီအနိစ္စ လက္ခဏာပေါ်ရင်၊ ဖြစ်ပြီးတော့ ပျက်တဲ့သဘောသည်၊ ကောင်းတယ်လို့ ပြောမလား, ဆိုးတယ်လို့ပြောမလား? ဆိုးပါတယ်ဘုရား။ ကောင်းတဲ့ သဘောလား, ဆိုးတဲ့သဘောလား? ဆိုးတဲ့သဘောပါဘုရား။ ဆိုးတဲ့ သဘောကို ဒုက္ခလို့ခေါ်ပါသည်၊ ဆိုးတဲ့သဘောကို ဘာလို့ခေါ်တုန်း? ဒုက္ခပါဘုရား။ ဖြစ်ပြီးတော့ပျက်သွား၊ အမြဲတမ်း ဖြစ်ပျက်ပြောင်းလဲနေတဲ့ သဘောလေးကို ကောင်းတယ်လို့ မပြောနိုင်ဘူး၊ ဆိုးတယ်လို့ပဲ ပြောရမယ်၊

ဆိုးတာက နာတာကျင်တာအထိ ဆိုးတာလား ဆိုတော့၊ နာတာကျင်တာ ထိမရောက်တတ်သေးဘူး သူ့ဆိုးတာက မကောင်းလို့ပဲ ဆိုးတယ်လို့ပြောတာ၊

ဒု–စက်ဆုတ်ဖွယ်ရာဖြစ်တဲ့။ ခ–သဘော။ စက်ဆုတ်ဖွယ်ရာသဘောဆိုတာ ဖြစ်ပြီးတော့ပျက်နေလို့၊ စက်ဆုပ်ဖွယ်ရာ သဘောဖြစ်ပါသည်။ ဒီတော့ ဒုက္ခနှစ်မျိုးရှိတယ်၊ ဒုက္ခ–ဒုက္ခဆိုတာ ကြတော့ နာတယ်, ကျင်တယ်, ကိုက်တယ်, အမလေး အလိုလေး အော်ရတယ်၊ ဒါက အော်ရတဲ့ဒုက္ခ။ အခုလို ရုပ်နာမ်ဓမ္မ သဘာဝတွေ ဖြစ်ပြီးတော့ ပျက်နေတဲ့သဘောက မအော်ရ, မဟာစ်ရသော်လဲ မကောင်းလို့ဒုက္ခ။ အဲဒီဒုက္ခကိုမြင်မှ, သခ်ါရဒုက္ခကိုမြင်ပါသည်၊ အနိစ္စဒုက္ခ ထဲကဒုက္ခကို မြင်ခြင်းဖြစ်ပါသည်။ ခုနက ဒုက္ခ ဒုက္ခဆိုတာကတော့၊ တော်တော် ဉာဏ်သိပ်မသိမ်မွေ့တဲ့ဉာဏ်ပင် ဖြစ်လင့်ကစား သိနိုင်တယ်၊

ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ နာတာကျင်တာကို၊ နာတယ်ကျင်တယ် လို့ မသိဘူးလား? သိပါဘုရား။ ကိုက်တာခဲတာကို ကိုက်တယ်ခဲတယ်လို့ မသိဘူးလား? သိပါဘုရား။ အဲဒါလဲဒုက္ခကို သိတာပါပဲ၊ သို့သော်လဲ ဒုက္ခ ဒုက္ခခေါ်တယ်၊ အဲဒါကို တကယ့်ဒုက္ခတဲ့၊ အမလေး အလိုလေး အော်ရတဲ့ဒုက္ခတဲ့၊ ခုနက ဒုက္ခကသခ်ါရဒုက္ခလို့ ခေါ်ပါသည်။ အော်ရဟာစ်ရတဲ့ဒုက္ခ မဟုတ်သော်လဲပဲ မကောင်းတဲ့ သဘောလို့ ဉာဏ်ထဲမှာ သိမ်းပိုက်လိုက်မိရက်ဖြစ်လေသောကြောင့် ဒုက္ခသစ္စာကိုလဲ မြင်ရာရောက်သည်၊ ဒုက္ခလက္ခဏာကိုလဲ မြင်ရာ ရောက်သည်၊ ဒါကြောင့် အနိစ္စလက္ခဏာကိုမြင်ရင် ဒုက္ခလက္ခဏာကို ထင်တယ်၊

အဲဒီလိုဖြစ်ပြီးတော့ ပျက်နေတယ်၊ ကောင်းတဲ့သဘော မဟုတ်ဘူး ဆိုလို့ရှိရင် ကိုယ်ဖြစ်ချင်သလို ဖြစ်လို့ရသေးရဲ့လား? မဖြစ်ပါဘုရား။ ကိုယ်က မနာပါနဲ့, မကျင်ပါနဲ့ဆိုလို့ ရသေးရဲ့လား? မရပါဘုရား။ ကိုယ်က မပျက်ပါနဲ့ တားလို့ ရသေးရဲ့လား? မရပါဘုရား။ မရလို့ရှိရင် ကိုယ်ပိုင်ဟုတ်ပါ့မလား? မဟုတ်ပါဘုရား။ မဟုတ်ရင် အနတ္တ။ ဒါဖြင့် အနိစ္စမြင်ရင် ဒုက္ခ, အနတ္တမြင်ပြီးသား မဖြစ်ဘူးလား? ဖြစ်ပါတယ်ဘုရား။

အဲဒါ မြတ်စွာဘုရားက သံယုတ်ပါဠိတော်မှာ "**ယဒနိစ္စံ တံ ဒုက္ခံ အနတ္တာ**"။ ယံ–အကြင်သဘောသည်။ အနိစ္စံ–မမြဲဘူးလို့သိတယ်။ တံ–ထိုမမြဲဘူးလို့သိတဲ့ဉာဏ်သည်။ ဒုက္ခံ–ဆင်းရဲကိုလည်း ပိုင်းခြားသိပြီးသားဖြစ်တယ်။

အနတ္တာ–အစိုးမရတဲ့သဘောကိုလည်း ပိုင်းခြားသိပြီးသား ဖြစ်တယ်လို့ဆိုတော့။ အနိစ္စမြင်ရင် ဒုက္ခအနတ္တတစ်ခါတည်း ပိုင်းခြားသိပြီးသား ဖြစ်ပါတယ်၊ ဘာပြုလို့တုန်းဆိုတော့၊ ဒီ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာ(၃)ချက်ဟာ ဒီရုပ်နာမ်ပေါ်မှာ မှီပြီးတော့ ဖြစ်တာဖြစ်တော့၊ ရုပ်နာမ်ကို ပိုင်းခြား မြင်သည်နဲ့တပြိုင်နက်၊ ဒီလက္ခဏာ (၃)ချက် မြင်ပြီးသားဖြစ်ပါတယ်၊ ဥပမာ စာကဘယ့်နဲ့ပြောလိုက်တုန်းဆိုတော့၊ လူတစ်ယောက်မှာ နာမည်သုံးမျိုး မှည့်ထားတယ် ထားပါတဲ့။ ဦးလှရယ်, ဦးဘရယ်, ဦးမြရယ်လို့ နာမည်သုံးမျိုး တပ်ထားတယ်၊ အဲဒီ လူတစ်ယောက်သည်ပင်လျှင် ဦးလှဆိုတာလည်းသူပဲ, ဦးမြဆိုတာလည်း သူပဲ, ဦးဘဆိုတာလည်း သူပဲလို့ဆိုရင် ဦးမြနဲ့တွေ့ခြင်းသည်ပင် ဦးဘနဲ့ တွေ့ပြီးသား မဖြစ်ဘူးလား? ဖြစ်ပါတယ်ဘုရား။ ဦးလှနဲ့ကော တွေ့ပြီးသားမဖြစ်ဘူးလား? ဖြစ်ပါတယ်ဘုရား။

အဲဒီလိုပဲ ယနေ့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေ၊ အနိစ္စ လက္ခဏာမြင်ရင်၊ ဒုက္ခအနတ္တ သိပြီးသားဖြစ်တယ်လို့ဆိုတော့၊ အနိစ္စ လက္ခဏာမြင်အောင် သတိဆောင်ပြီးသကာလ မိမိတို့ ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ရမယ်။ အဲဒီလို တတ်စွမ်းသမျှ သတိဆောင်ပြီးသကာလ ရှုပွားမယ်ဆိုရင် ဘာဝိတော ဗဟုလီကတောဆိုတဲ့ ဗောဓိ တရားမှာ၊ ဗောဓိ အဆုံးအမဩဝါဒတော်အတိုင်း ထပ်တလဲလဲ ကြိမ်ဖန်များစွာ ကြိုးစားပြီးတော့ ပွားနိုင်ခဲ့ရင်.....၊ အဲဒီ အနိစ္စလက္ခဏာတွေမြင်ပြီးတော့ အလယ်တန်းစား ဗုဒ္ဓဘာသာထဲ ဝင်မသွားဘူးလား? ဝင်သွားပါဘုရား။ အလယ်တန်းစား ဗုဒ္ဓဘာသာဖြစ်အောင် ကိုယ့်ကိုယ်ကို နေ့စဉ်နေ့စဉ် လစဉ်လစဉ် နှစ်စဉ်နှစ်စဉ် သတိထားပြီးတော့ ကြိုးစားသွားခဲ့ရင်၊ နောက်ဆုံး အထက်တန်းစား ဗုဒ္ဓဘာသာ ဖြစ်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ပေါ်ပြီးတော့၊ သစ္စာလေးပါး ပိုင်းခြားသိတဲ့ဉာဏ် ပေါ်ပြီးသကာလ၊ အထက်တန်းစား ဗုဒ္ဓဘာသာထဲကို မရောက်ဘူးလား? ရောက်ပါဘုရား။

ဒါဖြင့် အထက်တန်းစား ဗုဒ္ဓဘာသာထဲ ရောက်ချင်ရင် အလယ်တန်းစား ဗုဒ္ဓဘာသာဖြစ်အောင် မကြိုးစားရပေဘူးလား? ကြိုးစားရမှာပါဘုရား။ အလယ်တန်းစား ဗုဒ္ဓဘာသာဖြစ်ချင်ရင်၊ အောက်တန်းစား ဗုဒ္ဓဘာသာဖြစ်အောင်

မကြိုးစားရဘူးလား? ကြိုးစားရပါဘုရား။ ဒီတော့ မိမိကိုယ်ကိုမိမိ၊ ယနေ့ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေက ဆုံးဖြတ်ပါတဲ့၊ ငါ အောက်တန်းစား ဗုဒ္ဓဘာသာလား၊ အောက်တန်းစား ဗုဒ္ဓဘာသာမှ ဟုတ်ရဲ့လားလို့ ကိုယ့်ကိုယ်ကိုမေး။ ကံ့ကံ၏အကျိုးကို မယုံကြည်သေးဘူး၊ လူ့ရှေ့ သူရှေ့လဲပဲ ဟန်လုပ်ပြီးတော့ ကောင်းတာလေးပြုဟန်ဆောင်တယ်၊ ကွယ်လို့ရှိရင် မကောင်းတာတွေ လုပ်ချင်သေးတယ်ဆိုရင် အဲဒီသဒ္ဓါအား နည်းနေပြီသာမှတ်။ ကမ္မသကတာ သမ္မာဒိဋ္ဌိသဒ္ဓါ အားနည်းနေပြီဆိုရင်၊ ကိုယ့်ကိုယ်ကို နည်းတယ် မနည်းဘူးဆိုတာ ကိုယ့်ကိုယ်ကို စစ်ရမယ်။ သူများစစ်တာက အလကားပါ၊ ကိုယ့်ကိုယ်ကို အသိဆုံးပါ၊ မတော်တဲ့နေရာ ကွယ်ရာမှာ ငါ မကောင်းတာ လုပ်ချင်သေးတယ်ဆိုရင် သဒ္ဓါအား ငါ နည်းသေးတာကိုး၊ ကမ္မသကတာ သမ္မာဒိဋ္ဌိဉာဏ်အား နည်းသေးတယ်၊ ကမ္မသကတာသဒ္ဓါအား နည်းသေးတယ် လို့သာ ကိုယ့်ကိုယ်ကို ဆုံးဖြတ်ပေတော့၊

အဲဒီလိုအားဖြင့် ဘုရားပစ္စေကာ အရိယာသူတော်ကောင်းကြီး တွေကြတော့ သောတာပန်လောက်ဖြစ်တဲ့ အောက်ထစ်ဆုံးကြတော့၊ ကွယ်ရာမှာ ဘာအကုသိုလ်မှ မပြုတော့ပါ. ပြုသေးလား? မပြုပါဘုရား။ အဲဒါ ဘာပြုလို့တုန်း ဆိုတော့၊ အခုလို ဘုန်းကြီးတို့လို ဒကာ-ဒကာမ အပေါင်း သူတော်ကောင်းတွေလို ပုထုဇဉ် ဘဝကနေ တဖြေးဖြေး ရင့်ရင့်ပြီးတော့ သဒ္ဓါအားတွေ. သမ္မာဒိဋ္ဌိ ဉာဏ် အားတွေတက်သွားလို့ သူတို့လဲ ဒီလမ်းရောက်သွားတာဆိုတော့၊ တစ်ခါတည်း အမေမွေးလာကတည်းက သောတာပန်ဖြစ်သူရှိသလား? မရှိပါဘုရား။ အမေမွေးလာ ကတည်းက အရိယာဖြစ်လာတဲ့သူရယ်လို့ မရှိပါ၊ တစ်ဆင့်တစ်ဆင့် တက်ကြရပါသည်၊

ဒါကြောင့် ဘုရားရှင်ရဲ့ သာသနာတော်ကြီးနဲ့ ကြုံတဲ့အခိုက်မှာ ငါတို့သည် အောက်တန်း ဗုဒ္ဓဘာသာလောက်နဲ့ မကျေနပ်ကြပဲ၊ အနည်းဆုံး အလယ်တန်းစား ဗုဒ္ဓဘာသာလောက်ဖြစ်အောင်၊ အလယ်တန်းစား ဗုဒ္ဓဘာသာဖြစ်ရင် စူဠသောတာပန်ဖြစ်ပြီ၊ အလယ်တန်းစား ဗုဒ္ဓဘာသာဖြစ်ရင် ပရိသတ်ကြီး ဘာသောတာပန်ဖြစ်ပြီတဲ့လဲ? စူဠ သောတာပန်ပါဘုရား။ စူဠသောတာပန်ဆိုတာ သောတာပန်အငယ်စား၊ သောတာပန်အငယ်စားဆိုတာ မဟာသောတာပန်ကြီးနဲ့

တူသွားပြီတဲ့၊ ဘာချင်းတူတာတုန်း၊ မဟာသောတာပန် အပါယ်မကျဘူးလေ. စူဠသောတာပန်လည်း အပါယ်မကျဘူး၊ စူဠသောတာပန်ဆိုတာ သီလလုံတယ်၊ လူရှေ့ သူရှေ့ရော. ကွယ်ရာရော. အကုသိုလ်ဒုစရိုက်တွေ မပြုတော့ဘူး၊ ဒီတော့ သူ့ကိုယ်သူ သဒ္ဓါအား သမ္မာဒိဋ္ဌိအားတွေ ပြင်းထန်ပြီးနေတော့ သူအပါယ်မကျဘူး၊ ဒီတော့ သောတာပန် အစစ်ကြီးကလည်း အပါယ်မကျဘူး၊ အပါယ်တံခါး ပိတ်တယ်၊ စူဠသောတာပန်ကလည်း အပါယ်မကျဘူး. အပါယ်တံခါး ပိတ်တယ် မတူဘူးလား? တူပါဘုရား။

အဲဒီတော့ အဲဒီလို စူဠသောတာပန်လောက် အောက်ထစ်ဆုံး ဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ရမယ်၊ အဲဒီလို ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ခြင်းသည်ပင်လျှင် မိမိသန္တာန်မှာ ဒီခန္ဓာကိုယ်ကြီးက တစ်နေ့ထက် တစ်နေ့ တန်ဖိုးလျော့လျော့ပြီးတော့ လာသော်လည်းပဲ ဒီခန္ဓာကိုယ်ကြီးထဲမှာ ကုသိုလ်ပါရမီ အဆီအနှစ်တွေကို စုဆောင်းရာရောက်တယ်....တဲ့၊ အဲဒီလိုနဲ့ ဥဒယဘဒ္ဒဘုရားအလောင်းတော်က ဆုံးမလိုက်တော့၊ ဥဒယဘဒ္ဒမင်းသမီးက သဘောကျလို့၊ အဲဒီမှာ သူကမေးတယ်။ ကျွန်ုပ်ရဲ့အကျိုးကို လိုလားပြီးတော့ လာပြီးတော့ ဆုံးမတဲ့အသင်သည် ဘယ်သူဖြစ်ပါသလဲလို့မေးမှ၊ ဘုရားအလောင်း တော်က၊ ကျွန်ုပ် သူများမဟုတ်ပါ ဘူးတဲ့၊ ဥဒယဘဒ္ဒမင်းပဲလို့ ပြောပြီး တော့၊ တရားဘာဝနာအလုပ်တွေနဲ့ ဆက်လက်ပြီးတော့ ကြိုးစားဖို့ ဆုံးမပြီးတော့ပြန်သွား။

အဲ ဥဒယဘဒ္ဒမင်းသမီးလဲ တရားသဖြင့်နေလို့မို့ နောက်ဆုံး တာဝတိံသာ နတ်ပြည်မှာရောက်လို့ အဲဒီလိုနဲ့ ခန္ဓာကိုယ်တွေ တစ်နေ့ထက်တစ်နေ့ တန်ဖိုး လျော့လျော့လာတဲ့ ခန္ဓာကိုယ်တွေကို စွန့်ပြစ်စွန့်ပြစ်ပြီးတော့ ဘုရား အလောင်းတော်ရော၊ ယသော်ဓရာရော နှစ်ဦးလုံးတို့သည်၊ ကုသိုလ်ပါရမီ အဆီအနှစ်တွေကို ပျံ့ဝဲအောင် ကြိုးစားနိုင်ခဲ့သဖြင့်၊ ယနေ့ ဥဒယဘဒ္ဒမင်းသားက သဗ္ဗညုတသခင် ရွှေဉာဏ်ရှင် ကိုယ်တော်မြတ်ကြီးအဖြစ်သို့ ရောက်၍ ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့ပြီး၊ ဥဒယဘဒ္ဒမင်းသမီးကလည်းပဲ ယသော်ဓရာ ထေရ်ရီမကြီးအဖြစ်နဲ့ ရဟန္တာအရှင်မကြီးအဖြစ်နဲ့ ပရိနိဗ္ဗာန်ဝင်စံတော်မူ ခဲ့ပြီလို့ဆိုတော့၊

အဲဒီ ဘုရားအလောင်းတော်နဲ့ ဥဒယဘဒ္ဒမင်းသမီးတို့ရဲ့ အလောင်းတော်တွေ ဖြစ်လေရာတိုင်း, ဖြစ်လေရာတိုင်းမှာ သူတို့ရုပ်ခန္ဓာကြီးတွေဟာ တန်ဖိုးလျော့လျော့ပြီးတော့ မြေထဲမြုပ်ခဲ့ရတဲ့အကြိမ်တွေ နည်းပါ့မလား? မနည်းပါဘုရား။ သို့သော် ရုပ်ခန္ဓာကြီးတွေက တန်ဖိုးနည်းပြီးတော့ မြေထဲမြုပ်ခဲ့ရသော်လဲ၊ ကုသိုလ်ပါရမီ အဆီအနှစ်တွေကို တစ်ဆင့်ထက် တစ်ဆင့်, တစ်နေ့ထက်တစ်နေ့, တစ်လထက် တစ်လ, တစ်နှစ်ထက် တစ်နှစ်, တစ်ဘဝထက်တစ်ဘဝ တိုးတိုး,တိုးတိုးပြီးတော့ ပြည့်သွားလို့ အဲဒီကုသိုလ်ပါရမီအဆီအနှစ်တွေ, ပျံ့ဝဲပြီးတော့ တက်သွားလို့ နိဗ္ဗာနဓာတ် အငြိမ်းဓာတ်ကြီးကို ဒီနေ့ မြင်တော်မူသွားကြပြီလို့ဆိုတော့၊ ယနေ့ ဘုရားရှင်ရဲ့သားတော်တွေ, သမီးတော်တွေဖြစ်ကြတဲ့၊ ယနေ့ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေ၊ ဒီခန္ဓာကိုယ်ကြီးထဲကနေပြီးတော့ ကုသိုလ်ပါရမီအဆီအနှစ်ကို ထုတ်ယူရမယ်၊ ကုသိုလ်ပါရမီအဆီအနှစ်ကို စုဆောင်းနိုင်ရမယ်လို့

**ပဏ္ဍိတော ကာယတောမေဒံ, ဓနတော ဗဂ္ဂုနာဝရံ၊**
**တေနမေဒေန နိဗ္ဗာနံ, ကိလောယျ သုသုခံ ပဒံ။**

ပဏ္ဍိတော-ကြောင်းကျိုးမျှော်မြင် သမ္မာဉာဏ်ဖြင့်, ဉာဏ်ယှဉ်လေတောင်း, အသိအလိမ္မာ ဉာဏ်ပညာရှိတဲ့, အမျိုးသား အမျိုးသမီးအပေါင်းသည်။ ကာယတော-ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါနှင့်, အိုနာသေမှု, ဘေးထုအောင်းခို, တစ်နေ့ထက်တစ်နေ့ တန်ဖိုးလျော့ လျော့လာတဲ့, ဒီခန္ဓာကိုယ်ကြီးထဲက။ မေဒံ-နိဗ္ဗာန်တိုင်ထိ ရောက်ရှိစေကြောင်း ကောင်းမှုပါရမီနှစ်အဆီကို၊ ပိဠေယျ-ဗုဒ္ဓမြတ်စွာ သာသနာလမင်း ကမ္ဘာတွင်းဝယ်, လင်းသည့်အခိုက်အားခွန်စိုက်၍, နှစ်ခြိုက်ပုံသေ, ညှစ်ယူလိုက်လေရာ၏.....တဲ့။

မြတ်စွာဘုရားရဲ့သာသနာတော် အရောင်အလင်း အားကိုးပြီးတော့၊ ဒီခန္ဓာကိုယ်ထဲကနေပြီးတော့၊ ဒီလိုအဆီအနှစ်ကို ညှစ်ယူပါ၊ ဒီလိုအဆီအနှစ်ကို စုယူပါ၊ ဒီခန္ဓာကိုယ်ကြီးထဲမှာ အဆီအနှစ် ထည့်ယူပါတဲ့၊ မြတ်စွာဘုရားသာသနာတော်နဲ့ မကြုံလို့ရှိရင်၊ ဒီခန္ဓာကိုယ်ကိုပဲ တန်ဖိုးထားပြီးတော့၊ ဒီခန္ဓာကိုယ်

ထဲက ခုနကပြောတဲ့ ကုသိုလ်ပါရမီ အနှစ်အဆီတွေ စုဆောင်းရမှန်းမသိပဲနဲ့၊ သာသနာများ ဆိတ်သုံးနေပြီဆိုလို့ရှိရင် ဒီခန္ဓာကိုယ်ပဲ တန်ဖိုးထားပြီးတော့ အချိန်ကုန်ပြီးတော့ သွားကြတာကများတယ်....တဲ့။

ဒါ့ကြောင့် သာသနာတော်တည်း ဟူသော အချိန်ကြီးနဲ့ ကြုံတဲ့အချိန်၊ အခွင့်ကောင်းကြီးနဲ့ ကြုံတဲ့အချိန်မှာ၊ တစ်နေ့ထက်တစ်နေ့ တန်ဖိုးလျော့လျော့ လာတဲ့ ဒီခန္ဓာကိုယ်ကြီးထဲက၊ ကုသိုလ်ပါရမီ အဆီအနှစ်တွေ ထွက်လာအောင်၊ ကုသိုလ်ပါရမီ အဆီအနှစ်တွေ ပျံ့ဝဲတက်လာအောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ရမယ်လို့။

ကာယတော–ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါနှင့် အိုနာသေမှု ဘေးထုအောင်းခို ခန္ဓာကိုယ်ကြီးထဲက။ မေဒံ–နိဗ္ဗာန်တိုင်ထိ ရောက်ရှိစေကြောင်း, ကောင်းမှုပါရမီ နှစ်အဆီကို။ ပိဠေယျ–ဗုဒ္ဓမြတ်စွာ သာသနာလမင်း ကမ္ဘာတွင်းဝယ်, လင်းသည့်အခိုက် အားခွန်စိုက်၍, နှစ်ခြိုက်ပုံသေ, ညှစ်ယူ လိုက်လေရာ၏။ ဖဏ္ဏာ–ရေ, မီး, မင်း, ခိုး, မွေခံဆိုးဟု, ရန်မျိုးငါးတန် ဆက်ဆံလေဘိ, အကာအတိဖြစ်သော။ ဓနတော–ဖွေရှာစုဆောင်း, စည်းစိမ်ဥစ္စာအပေါင်းမှ။ ဝရံ–နိဗ္ဗာန်တိုင်ထိ, ရောက်ရှိစေကြောင်း, ကောင်းမှုပါရမီ နှစ်အဆီကို၊ ပိဠေယျ–ဗုဒ္ဓမြတ်စွာ, သာသနာလမင်း, ကမ္ဘာတွင်းဝယ်, လင်းသည့် အခိုက်, အားခွန်စိုက်၍, နှစ်ခြိုက်ပုံသေ, ညှစ်ယူလိုက်လေရာ၏။ တေနမေဒေန–မိမိပေါင်းစု, ကိုယ်တိုင်ပြုသည့်, ကောင်းမှုပါရမီ, ထိုနှစ်အဆီဖြင့်။ သုသုခံ–ချမ်းသာ အမျိုးမျိုး, စံချိန်ထိုးလည်း, တူနှိုးမရ, အလွန်တရာ, ချမ်းသာလှစွာ သော။ ပဒံ–အသင်္ခတ, အမတခေမံ, နေရပ်မြို့ထီး, အချမ်းသာဆုံး ဖြစ်သော နိဗ္ဗာန်ချမ်းသာကြီးကို။ (ကီဏော)ကီဏေယျ–ဗောဓိသုံးမျိုး, ဆုကြီးပျိုး၍, အားကြိုးလွယ်ကူ, လဲလှယ်၍ယူလိုက်ရာသတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

ကိုင်း ဘုန်းကြီးဟောချင်တဲ့ တစ်နာရီလဲပြည့်သွားပါပြီနော်၊ တရားတော် လည်း လိပ်ပတ်လည်သွားပြီ၊ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေ၊ ယနေ့ လမ်းလယ်ဆုတောင်းပြည့် မြတ်စွာဘုရားအား၊ ဘုရားပွဲကြီး နှစ်စဉ်ကျင်းပ နေကြအတိုင်း၊ ဘုရားရှင်ကို ပူဇော်ကြခြင်းဆိုတဲ့ ကုသိုလ်ကောင်းမှုကို ပြုကြ

ခြင်းဖြင့်၊ သံဃာတော် နှစ်ရာကျော်တို့ကို စာရေးတံမဲတွေ အသီးသီး လှူဒါန်းဆက်ကပ်ခြင်းဖြင့် သံဃိကဒါနကို ပြုကြခြင်းဖြင့်၊ ဤကဲ့သို့ တရားတော်ကို နာကြားခြင်းဆိုတဲ့ ဓမ္မသဝနကုသိုလ်တွေကို ပြုကြခြင်းဖြင့် ....။

ယနေ့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတို့သည်၊ တစ်နေ့ထက် တစ်နေ့ တန်ဖိုးလျော့လာမည့် ခန္ဓာကိုယ်ကြီးထဲမှ၊ ကုသိုလ်ပါရမီ အဆီအနှစ် တွေကို စုဆောင်းနေကြတယ်လို့ ပရိသတ်ကြီး မဆိုထိုက်ဘူးလား? ဆိုထိုက်ပါတယ်ဘုရား။ ဒါ့ကြောင့် မိမိတို့သည်၊ ဤဥဒယဘဒ္ဒဇာတ်တော်ဖြင့် ဘုရားရှင် ဆုံးမတော်မူတဲ့ အဆုံးအမတော်အရ၊ ငါတို့သည် ဤနေ့, ဤလ, ဤနှစ်, ဤအချိန်မှာ မြတ်စွာဘုရားကို ပူဇော်ခြင်း, သံဃာတော် အရှင်မြတ် တွေကို ပူဇော်ခြင်း, တရားတော် မြတ်ကို ပူဇော်ခြင်းဖြင့်၊ တစ်နေ့ထက်တစ်နေ့ တန်ဖိုးလျော့လာတဲ့ ဤခန္ဓာကိုယ်ကြီးထဲမှ ကုသိုလ်ပါရမီ အဆီအနှစ်တွေကို စုဆောင်းရသလို၊ ဤကဲ့သို့ ကြီးကြီးကျယ်ကျယ် စုဆောင်းလို့ပဲဖြစ်ဖြစ်၊ နေ့စဉ်နေ့စဉ်, လစဉ်လစဉ်, နှစ်စဉ်နှစ်စဉ် မိမိတို့ လက်လှမ်းမှီရာ ကုသိုလ်ပါရမီ ကောင်းမှု အစုစုတွေကို နည်းများမဟူ ပြုခြင်းဖြင့်ပဲဖြစ်ဖြစ်၊ ကုသိုလ်ပါရမီ အဆီအနှစ်တွေကို စုဆောင်းနိုင်တဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီး ဖြစ်ရပါလိုကုန်၏၊ ဖြစ်ကြရပါစေ၊ ဖြစ်ရပါလိုကုန်၏ဟူ၍၊ ဆုတောင်းပြီး သကာလ ကိုယ်စီကိုယ်ငှ ပြုစွမ်းနိုင်တဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ ဖြစ်ကြရပါစေကုန်သတည်း။

ဤကဲ့သို့ မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ တရားထူး တရားမြတ် ကြီးတွေကို ရစေနိုင်တဲ့ ကုသိုလ်ပါရမီ အဆီအနှစ်တွေကို၊ တတ်စွမ်းသမျှ စုဆောင်းနိုင်တဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ ဖြစ်ကြကုန်လျှက်၊ ဤကဲ့သို့ သတိတရားလက်ကိုင်ထား၍ စုဆောင်းသွားကြတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့၊ ရအပ် ရောက်အပ် သိမြင်အပ်သော နိဗ္ဗာနဓာတ် တရားတော်မြတ်ကြီးကို၊ လျင်မြန်ဆောစွာ ရကြရ, ရောက်ကြရ မြင်ကြရ ပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုကြကုန်ရာသတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

# “ပဋ္ဌာန်းပုဗ္ဗနိမိတ္တသုတ္တန်”
# နတ်တို့မှာတမ်းတရားတော်

ကိုင်း အနုမောဒနာရှေးဦးစွာ ဟောကြရအောင်....ဒီတော့ အနုမောဒနာ ဒီနေ့ အနုမောဒနာပြုပြီးတော့ ရေစက်ချရမယ့်ကိစ္စက ၁၃၄၂-ခုနှစ် တပို့တွဲ လပြည့်နေ့မှာ မန္တလေးမြို့ မဟာဗောဓိ ဝိပဿနာရိပ်သာ တရားပြဆရာ ဒကာဦးမြင့်စိန်ရဲ့ အသက် ၅၇-နှစ် မွေးနေ့ မင်္ဂလာကို အကြောင်းပြုပြီးသကာလ တရားပြဆရာ ဒကာဦးမြင့်**စိန်ရဲ့** တပို့တွဲလဆန်း (၁၄)ရက်နေ့ညမှာ သက်တော်ထင်ရှား မြတ်စွာဘုရားအား တည်ထားရည်မှန်းကိုးကွယ်အပ်သော သာသနာ့ ဗိမာန်တော် ဓမ္မာရုံကြီးအတွင်းရှိ မြတ်စွာဘုရားအား မြသပိတ်တော် ထီးဖြူတော် ပန်းတော် ဆွမ်းတော် ရေချမ်းတော်တို့ဖြင့် တင်လှူပူဇော်ခြင်း၊

တပို့တွဲလဆန်း ၁၄-ရက်နေ့ ညနေမှာ သံဃာတော်အရှင်မြတ် များနှင့်တကွ ဤမဟာဗောဓိ ဝိပဿနာရိပ်သာအတွင်းသို့ တရားဓမ္မ ကြိုးပမ်းအားထုတ်ဘို့ရာ ရောက်နေကြကုန်သော ယောဂီသူတော်စင်အပေါင်းတို့အား စတုမဓု ဆေးပစ္စည်းတို့ဖြင့် ကျွေးမွေးဆက်ကပ် လှူဒါန်းညွှန့်ခံခြင်း၊ ယနေ့ တပို့တွဲလပြည့်နေ့ နံနက်ပိုင်းမှာ ပင့်သံဃာတော် အရှင်မြတ်တို့အား မွန်မြတ်သောခဲဘွယ်ဘောဇဉ် ချိုချဉ်အရသာ အဖြာဖြာတို့ဖြင့် ဆက်ကပ်လှူဒါန်းခြင်း ရည်မှန်းထားအပ်တဲ့ သင်္ကန်းစသော ပစ္စည်းတို့ဖြင့် ဆက်ကပ်လှူဒါန်းခြင်း၊ ဤတပို့တွဲလပြည့်နေ့ နံနက်စောစောပိုင်းမှာ သက်တော်ထင်ရှား မြတ်စွာဘုရားအား ရည်စူးမှန်းထား၍ သစ်သီးစုံ ပန်းစုံ, ဆီမီးစုံ ဆွမ်းစုံတို့ဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်ခြင်းလို့ဆိုတဲ့ ဤကုသိုလ်ကြီး (၄)ရပ်ကို ပြုလုပ်အားထုတ်တယ်။

---

• ပဋ္ဌာန်းပုဗ္ဗနိမိတ္တသုတ္တန် ဣတိဝုတ္တကပါဠိ(၂၇၇)။ ဋ=(၂၄၂)

အဲဒီလို ပြုလုပ်အားထုတ်ရုံမျှမက ယနေ့ ယောဂီသူတော်စင်အပေါင်း တို့နှင့်တကွ ကြွရောက်လာကြကုန်သော ဓမ္မမိတ်ဆွေ သူတော်စင်အပေါင်းတို့အား တရားဓမ္မ နာကြားကြပါစိမ့်သောငှာ ကြားနာရုံဖြင့်ပင် လောဘဒေါသ မာန်မာန စတဲ့ အပူတွေကို ကင်းစင်စေတတ်တဲ့ ဘုရားရှင်ရဲ့ တရားတော်မြတ်ကို သံဃာတော်အရှင်မြတ်များမှတစ်ဆင့် ပေးဝေလှူဒါန်းခြင်းလို့ဆိုတဲ့ ဓမ္မဒါန ကုသိုလ်ကောင်းမှုပြုတဲ့အနေနဲ့ ဓမ္မပူဇာ ဓမ္မဒါန ကုသိုလ်ကောင်းမှုကြီးကိုလည်းပဲ ပြုလုပ်အားထုတ်ကြတယ်.....တဲ့။

ဒီတော့ ယနေ့ ဆရာဦးမြင့်စိန်အနေနဲ့ မွေးနေ့, မွေးရက်, မွေးနေ့ အထိမ်းအမှတ်ကို အကြောင်းပြုပြီး ယနေ့ ကုသိုလ်ပါရမီဆိုတဲ့ ရတနာကျောက် တွေကို များများကြီး ဒီနေ့ ငါ ကောက်နိုင်တဲ့ နေ့ပဲ.....လို့ ဆရာကလေးဦးမြင့်စိန် မွေးနေ့မင်္ဂလာကို အကြောင်းပြုပြီးသကာလ ယခုလို ဘုရားပူဇော်မှု, တရားပူဇော်မှု, သံဃာပူဇော်မှု, ယောဂီသူတော်စဉ်တို့အား ကျွေးမွေးညှော်ခံ လှူဒါန်းမှုဆိုတဲ့ ကုသိုလ်ကောင်းမှုတွေကိုပြုပြီးတော့ ရတနာကျောက်တွေကို ကုသိုလ်ပါရမီ ကျောက်တွေကို များများကြီး ကောက်ယူသလို ယနေ့ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေကလည်း ငါတို့လဲပဲ တတ်စွမ်းသမျှ ယနေ့အချိန်ခါမှာ အကြောင်းအားလျော်စွာ အကြောင်းအားလျော်စွာ အချိန်အခါတွေမှာ ကုသိုလ် ကောင်းမှုပါရမီတွေကို ပြုပြီးတော့ ထိုပါရမီ ကုသိုလ်ကောင်းမှု ရတနာ ကျောက်တွေကို များများကြီးပြုဘို့ လိုအပ်တယ်.....လို့ အသိပေးဘို့ရာ ဘုန်းကြီး ဒီနေ့ ပဥ္စပုဗ္ဗနိမိတ္တ သုတ်တော်လို့ခေါ်တဲ့ ဣတိဝုတ်ပါဠိတော်မှာလာတဲ့ ပဥ္စပုဗ္ဗနိမိတ္တ သုတ်တော်ကို ဟောပါမယ်။—

**ယေဟိ သဒ္ဓါဒိဂုဏေဟိ, ဒေဝတာ ဒေဝတံ ဂတာ၊**
**မယှမ္ပိတေ သံဝိဇ္ဇန္တိ, အဟော မေ ဂုဏာဝန္တတာ။**

ဒေဝတာ–စတုမဟာ တာဝတိံသာနှင့်, နတ်ရွာခြောက်လီ ပြဟ္မာပြည်ဝယ်, ကိုယ်စီစံစား နတ်ပြဟ္မာအများနှင့်, ဘုရားပစ္စေကာ အရိယာမြင့်မြတ် ဝိသုဒ္ဓိနတ် တို့သည်။ ယေဟိသဒ္ဓါဒိဂုဏေဟိ–သဒ္ဓါ သီလများသုတနှင့်, စာဂပညာ စဉ်လာ

လောက်လုံ အကြင်ကျေးဇူး ဂုဏ်တို့ကြောင့်၊ ဒေဝတံ-ရောဂါမကပ် ဥပါဒ်မတွယ်, စားသောက်ဖွယ်ရေး နေထိုင်ရေးနှင့်, မင်းဘေးစိုးတာ ကင်းစင်ကွာလတ် ပြဟ္မာနတ်နှင့်, မြင့်မြတ်ဖြူလွင် ဝိသုဒ္ဓိသူတော်စဉ်အဖြစ်သို့၊ ဂတာ-ဤ လူ့ပြည်မှ စုတေကြလျှင် ခဏမနေ ကပ်ရောက်ကြလေကုန်ပြီ၊ ဂတာ-ပါရမီစွမ်းသလောက် စခန်းပေါက်၍ လှမ်းရောက်တော်မူကြလေကုန်ပြီ၊ တေဂုဏာ-ဝိသုဒ္ဓိစခန်း ကပ်ခါမြန်းဖို့, အစွမ်းလောက်လုံ ထိုကဲ့သို့ သော ဂုဏ်ပေါင်းစုံတို့သည်။ မယှမ္ပိ-ဘုရားအကြိုက်, တရားလိုက်၍, အားစိုက်နှစ်လို ဤငါ့ကိုယ်မှာလည်း။ သံဝိဇ္ဇန္တိ-အမြဲမပြတ် သတိချပ်သဖြင့်, မလပ်ပုံသေ ရှိကြပေကုန်၏။ မေ-ဘုရားအကြိုက် တရားလိုက်၍ အားစိုက်နှစ်လို ဤငါ့ကိုယ်၏။ ဂုဏဝန္တတာ-သဒ္ဓါသီလ များသုတနှင့် စာဂပညာ စဉ်လာလောက်လုံ ဂုဏ်ပေါင်းစုံသည်၏ အဖြစ်သည်။ အဟော-တမလွန်အရေး ကြံတိုင်းအေးဖို့, လေးလေး ပင်ပင် အစဉ်မျိုးမှန် အော် အဖိုးတန်လေစွတကား။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

အားလုံးသော ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတို့ရဲ့ ကိုးကွယ်ရာ အားထားရာသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် သာဝတ္ထိပြည်မွန် ဇေတဝန် ရွှေကျောင်း ကိန်းအောင်းမွေ့လျော် စံနေတော်မူသည့်အခိုက် တစ်နေ့မှာ ....တဲ့ တစ်ခုသောနေ့မှာ ပတ်ဝန်းကျင်မှာ စည်းဝေးညီညာ ရောက်လာကြတဲ့ ရဟန်းတော်အရှင်မြတ်ကလေးများနှင့်တကွ ရဟန်းတော်များဦးစီးတဲ့ ဥပါသကာ ဥပါသိကာမပရိသတ်ကြီးအား ပဉ္စပုဗ္ဗနိမိတ္တဆိုတဲ့သုတ်တော်ကို ဟောတော်မူတယ်....တဲ့။

ရဟန်းတော်က ဘုရားနဲ့အနီးကပ်ဆုံး အနီးဆုံးနေရတာကြောင့် မြတ်စွာဘုရားက ပရိသတ်ကြီး တရားဟောပြီဆိုရင် ဘိက္ခဝေ-ရဟန်း တို့ ရဟန်းတို့ ရဟန်းတွေကို ဦးတည်ပြီးတော့ ခေါ်ဟောတယ်။ အဲဒီ အတိုင်းပဲ အဲဒီနေ့မှာ ရဟန်းတော်ပရိသတ်ကြီးက ရှေ့ကဦးစီးပြီးနေလို့မို့ မြတ်စွာဘုရားက-

**ယဒါ ဘိက္ခဝေ ဒေဝေါ ဒေဝကာယာ စဝနဓမ္မောဟောတိ၊ ပဉ္စဿပုဗ္ဗနိမိတ္တာနိ ပါတုဘဝန္တိ ။**

ရဟန်းတို့ စတုမဟာတာဝတိံသာ နတ်ရွာခြောက်လီမှာရှိနေတဲ့ နတ်တွေ စုတေရွေ့လျား သေရခြင်းသဘောရှိလာတဲ့ အချိန်ခါမှာ အဲဒီနတ်ပြည် ခြောက်ထပ်မှာနေတဲ့ နတ်တွေထဲက နတ်သားတစ်ယောက်သော်ငြင်း၊ သို့မဟုတ် နတ်သမီး တစ်ယောက်သော်ငြင်း၊ အသက်တမ်း ကုန်၍သော်ငြင်း၊ ကံစွမ်းကုန်၍သော်ငြင်း၊ စုတေမနေ သေတော့မယ်လို့ ဆိုခဲ့ရင်....တဲ့၊ သူ့သဏ္ဍာန်မှာ ရှေ့ပြေးပုဗ္ဗနိမိတ်လို့ ခေါ်တဲ့ အရိပ်နိမိတ်လက္ခဏာ ၅ မျိုး ထင်လာတတ်တယ်....တဲ့၊ ထင်လာ တတ်တယ်။ အဲဒီ ၅ မျိုးက ဘာတွေတုန်းလို့ဆိုရင် **မာလာမိလာယန္တိ** - အဲဒီနတ်သား နေ့စဉ် ပန်ဆင်နေကျဖြစ်တဲ့ပန်းတွေ သုံးစွဲနေကျဖြစ်တဲ့ ပန်းတွေ ညှိုးလာတယ်။ အဲဒီနတ်သမီး ပန်ဆင်နေကျဖြစ်တဲ့ပန်းတွေ သုံးစွဲနေတဲ့ ပန်းတွေ ညှိုးလာတယ်။ အဲဒါ နံပါတ် (၁) အချင်းအရာပဲ ရဟန်းတို့။ နတ်ပြည်ဆိုတာ လူ့ပြည်လိုမဟုတ်ဘူး။ ကံအကျိုးကို ထိုင်ပြီးတော့ ခံစားတဲ့ဘုံဌာန၊ လူ့လောကနဲ့ ပြောရင် အလုပ်တွေ အကိုင်တွေ အနားယူပြီးတော့ အေးအေးလူလူ အလုပ် အကိုင်တွေ စီးပွားရေး ကြီးပွားရေးလို့ဆိုတဲ့ လုပ်ငန်းကိုင်ငန်း တာဝန်တွေ မှန်သမျှ ပြစ်ထားခဲ့ပြီးတော့ အေးအေးလူလူ အနားယူစခန်းကြီးမှာသွားပြီးတော့ နားနေကြတဲ့လူတွေနဲ့ တူတယ်။

အဲသလိုပဲ နတ်ပြည်လောကဆိုတာ အေးအေးလူလူ အနားယူကြတဲ့ ကံအကျိုးတရားကိုမှီပြီးတော့ အသက်မွေးကြတဲ့ ပုဂ္ဂိုလ်သတ္တဝါတွေ ဖြစ်သည့် အားလျော်စွာ နတ်ပြည်မှာ နတ်သားတွေပန်တဲ့ ပန်းတွေ ဘယ်တော့မှညှိုးတယ်လို့ မရှိဘူး။ လူ့ပြည်ကပန်းတွေက မနက်ကပန်တဲ့ပန်း နေ့လယ်လောက်ဆိုရင် နွမ်းတယ်၊ နေ့လယ်ကပန်တဲ့ပန်း ညနေလောက်ဆိုနွမ်းတယ်၊ ခံလှရင် တစ်ရက် နှစ်ရက် သုံးလေး ငါးရက် ရာသီဥတုကောင်းလှပါတယ်ဆိုရင် တစ်လ ဒီလောက်ပဲခံတယ်။ လူ့ပြည်လောကက နေပူဒဏ်တွေနဲ့မို့လို့။ နတ်ပြည် ခြောက်ထပ်မှာတော့ ဒီနေပူဒဏ် လေပူဒဏ် အအေးအပူရာသီဥတုတွေ မျှတနေတာဖြစ်လေသောကြောင့် ဒီမှတစ်ပါး သူတို့သန္တာန်ဖြစ်လာတဲ့ ပန်ဆင် ဘို့ရာဖြစ်တဲ့ ပန်းတွေ ခေါင်းပေါ်မှာပန်ဘို့ပန်းတွေ နားမှာပန်ဘို့ပန်းတွေ လည်ပင်းမှာ ပုတီးကုန်း ပန်းကုန်းဖြစ်တဲ့ ဆင်သဘို့ရာ ပန်းကုန်းတွေ အဲဒီ

အသီးသီးသော ကိုယ်ခန္ဓာဆင်မြန်းတဲ့ပန်းတွေ ဗိမာန်ထဲမှာရှိနေတဲ့ ပန်းတွေတဲ့ ကံကြောင့်ဖြစ်လာတဲ့ပန်းတွေဖြစ်တော့လေ ညှိုးတယ်လို့ မရှိဘူးတဲ့ ဟိုတုန်းက။ နွမ်းသွားတယ်လို့မရှိဘူး ဒီနတ်သား ဒီနတ်သမီး ဒီနတ်ဘဝမှာရှိနေသမျှ ဒီပန်းတွေက လန်းလန်းဆန်းဆန်းပဲရှိလာတာ။

အခုတော့တဲ့ အဲဒီနတ် ကွယ်လွန်အနိစ္စ ရောက်ခါနီးပြီးဆိုရင် အဲဒီ နတ်သမီး ကွယ်လွန်အနိစ္စရောက်ခါနီး နတ်ဘဝစုတေတော့မယ်ဆိုလို့ရှိရင် သူနဲ့ဆိုင်ရာဖြစ်တဲ့ပန်းတွေ ညှိုးလာတယ်....တဲ့၊ ညှိုးလာတယ်။ ညှိုးလာလို့ရှိရင် ကာယကံရှင်ဖြစ်တဲ့နတ်ကလည်း သိတာပဲ၊ ဘေးက မြင်ရတဲ့နတ်တွေကလည်း အကဲခတ်မိတာပဲ၊ ရိပ်မိတာပဲတဲ့ သတိ ထားမိတဲ့နတ်တွေက ရိပ်မိတယ်၊ ဒါ နံပါတ် ၁ ပုဗ္ဗနိမိတ် ရှေ့ပြေးနိမိတ်ကြီး။

"**ဝတ္ထာနိ ကိလိဿန္တိ**"။ ဝတ္ထာနိ-နတ်ဝတ်နတ်စား နတ်တန်ဆာ တို့သည်။ ကိလိဿန္တိ -ညစ်နွမ်းလာကြကုန်၏။ နတ်တွေရဲ့ ဝတ်စားတန်ဆာ ဆိုတာ လူ့ပြည်လောကက ဝတ်**စားတန်ဆာ**တွေလို ညှိုးလွယ် ညစ်လွယ် နွမ်းလွယ်မဟုတ်ဘူးတဲ့၊ လူ့ပြည်မှာကျတော့ **ချွေး**တွေနဲ့ ဖုံတွေနဲ့ မြူတွေနဲ့ ရာသီဥတု နေပူဒဏ်တွေ လေပူဒ**ဏ်တွေ**ကြောင့် အဝတ်တွေညှိုးတယ်, နွမ်းတယ်, အရောင်တွေပြယ်တယ်, ဟောင်းတယ်, ညစ်တယ်။ နတ်ပြည် နတ်လောကမှာကျတော့ ဒီလို ဝတ်စားတန်ဆာ ဒွါရယာတွေဟာ ရာသီဥတု အပူအအေးတွေ မျှနေတဲ့အပြင် ကံကြောင့်ဖြစ်တဲ့အရှိန်အဟုန်သတ္တိနဲ့ဖြစ်လာတဲ့ ဝတ်စားတန်ဆာ ဒွါရယာတွေဖြစ်လေသောကြောင့် ညှိုးတယ်, နွမ်းတယ်ဟူ၍မရှိ။ ပြီးတော့ နတ်တွေမှာ ခုနကပြောတဲ့ ဖုံတွေ မြူတွေ အမှိုက်တွေ သရိုက်တွေကျလို့ ညှိုးတယ် နွမ်းတယ်ဆိုတာ မရှိဘူး။ ချွေးတွေ သံတွေထွက်နေလို့ အဝတ်တွေ ပေကျံတယ်, အဝတ်လျှော်ရတယ်, ဖွတ်ရတယ်ဆိုတာ မရှိဘူး။

ဒီတော့ အဲဒီလို နဂိုတုန်းက လန်းပြီးတော့ အမြဲတမ်း တောက်ပနေတယ်၊ အမြဲတမ်း အသစ်အသစ်ပဲဖြစ်နေတယ်၊ အမြဲတမ်း သစ်လွင်တောက်ပနေတဲ့ နတ်ဝတ်တန်ဆာတွေ စုတေမနေ ကွယ်လွန်ခါနီးဖြစ်တဲ့ နတ်ရဲ့သန္တာန်မှာ ညှိုးလာတယ်....တဲ့။ အဝတ်စားတန်ဆာ တွေ ညှိုးလာတယ်, နွမ်းလာတယ်,

ဟောင်းလာတယ်, အရောင်တွေ ပြယ်ကုန်တယ်၊ ဒါ ကာယကံရှင်ကိုယ်တိုင် နတ်ကလည်း၊ နတ်သား, နတ်သမီးကလည်း သိတာပဲ၊ ဘေးကသတိထားတဲ့ နတ်သား, နတ်သမီး ကလည်း သိတာပဲ။

"**ကစ္ဆေဟိ သေဒါ မုစ္စန္တိ**"။ (၃)နံပါတ်ပုဗ္ဗနိမိတ်က ဘာဖြစ်လာ တတ်တုန်းလို့ဆိုတော့ လက်ကတီးကြားအစရှိတဲ့ အရပ်တွေမှာ ချွေးထွက် လာတယ်၊ နဂိုတုန်းက နတ်သား, နတ်သမီးတွေ ချွေးထွက်လိုက်တာ ချွေးတွေ သံတွေထွက်နေလို့ ရေချိုးရတယ်၊ အိုက်လွန်းလို့ ယပ်ခပ်ရတယ်မရှိဘူး၊ ရာသီဥတုက အပူအအေးမျှလို့၊ နေတွေ လတွေက မြင်းမိုရ်တောင်ခပန်းကနေ လှည့်နေတာဖြစ်တော့ အဲဒီနတ်ပြည် ခြောက်ထပ်မှာ နေပူဆိုတဲ့ ရာသီဥတုပူတာ လည်းမရှိဘူး၊ အေးလိုက်တာ ဆိုတာလည်းမရှိဘူး၊ ဒီတော့ သူတို့မှာ ချွေးတွေ ထွက်တယ် ချမ်းလွန်းလို့ စောင်ခြုံရတယ်၊ မီးလှုံရတယ်ဆိုတာမရှိဘူး ဒုက္ခတွေ အင်မတန်နည်းတယ် ချမ်းသာလို့ ချမ်းသာလို့။ ဒီတော့ အဲဒီလိုနေလာတဲ့ နတ်တွေမှာ ယခင်က ချွေးထွက်တယ် သံထွက်တယ် အဆီတွေထွက်တယ် ဆိုတာ မရှိခဲ့တဲ့ ထိုနတ်သား, ထိုနတ်သမီးရဲ့ခန္ဓာကိုယ်မှာ စုတေမနေ ကွယ်လွန်ခါနီး ရောက်လာပြီဆိုရင် လက်ကတီးကြား ချိုင်းကြားနှင့်တကွ ခန္ဓာကိုယ် ထိုထို အစိတ်ပိုင်းတွေကနေပြီးတော့ ချွေးတွေထွက်လာတယ်....တဲ့၊ ချွေးတွေယိုလာ တယ် ဒါ တတိယပုဗ္ဗနိမိတ်။

"**ကာယေ ဒုဗ္ဗဏ္ဏိယံ ဩက္ကမတိ**"။ ကာယေ-နတ်သားရဲ့ ခန္ဓာကိုယ်၌, နတ်သမီးရဲ့ ခန္ဓာကိုယ်၌။ ဒုဗ္ဗဏ္ဏိယံ-မလှသောအဆင်းရှိသူ၏ အဖြစ်သည်။ (ဝါ)-အဆင်းမလှတဲ့ အဖြစ်မျိုးသည်။ (ဝါ)-ရုပ်အဆင်း ပျက်ခြင်းသည်၊ ဩက္ကမတိ-သက်ရောက်၍လာ၏။ နဂိုတုန်းက နတ်သား, နတ်သမီး က အရှိန်သတ္တိနဲ့ စဖြစ်တုန်းလည်း ၁၅-နှစ် ၁၆-နှစ်အရွယ်၊ နောင်တစ်သက်လုံး နေတော့လည်း ၁၅-နှစ် ၁၆-နှစ်အရွယ်ပဲ၊ နတ်သား, နတ်သမီးများ သူတို့မှာ အသက်ကြီးလာလို့ အသက်တမ်းတွေ ရှည်ပေမယ့်လို့ ဆံပင်ဖြူကုန်တယ်, သွားကျိုးကုန်တယ်, ပါးရေတွေ တွန့်ကုန်တယ်, အသားတွေမည်းကုန်တယ်ဆိုတာ မရှိဘူး နတ်များမှာ။

ဒါ့ကြောင့် နတ်တို့ပရိယာယ် ပါဠိအဘိဓာန်မှာ နိဇ္ဇရာ-လို့ ပါဠိတစ်ပုဒ် ပါတယ်။ ဒေဝတာ-နတ်။ ဒေဝေါ-နတ်။ နိဇ္ဇရာ-နတ်တဲ့၊ နိဇ္ဇရာဆိုတာ ဇရာ-ဆံပင်ဖြူ, နားထိုင်း, ခါးကိုင်း, သွားကြွေ အသားရေတွန့်တဲ့ ယိုယွင်းအိုမင်းခြင်း ဆိုတဲ့ လူသိသူသိ လူမြင်သူမြင် အဖိုးအိုတွေ အဖွားအိုတွေ အိုသလို။ လူ့လောကက အဖိုးအို အဖွားအိုတွေအိုတဲ့ အအို၊ နိ-မရှိဘူးတဲ့၊ အဲဒါ နတ်တွေကို ပြောတာ။ ဒီတော့ နတ်ပြည် လောကမှာ အဲဒီ အအိုသက်သာတယ်၊ ရုပ်နာမ်ဓမ္မ သဘာဝတိုင်း ရင့်ရော်ဟောင်းမြေ့မှုဆိုတဲ့ ဥပါဒ် ဋ္ဌီ ဘင် ဇရာသဘော မကင်းဘူး၊ သို့သော် ထင်ထင်ရှားရှား မျက်မြင်မြင်ရတဲ့ အိုခြင်းတရားဆိုတာ မရှိလေ သောကြောင့် နတ်တွေကို နိဇ္ဇရာလို့ ပါဠိမှာသုံးတယ်။

ဒီတော့ နတ်သား, နတ်သ္မီးတွေ ခန္ဓာကိုယ်ရုပ်အဆင်းဟာ အမြဲတမ်း တောက်ပတယ်၊ ဖြူစင်တယ်၊ ကြည်လင်တယ်၊ ချောမောတယ်၊ လှပနေတယ်၊ အဲဒီ ကြည်လင်ဖြူစင်တောက်ပ ချောမောလှပပြီးတော့နေတဲ့ ရုပ်အဆင်းတွေဟာ ကွယ်လွန်ခါနီး စုတေမနေ ကွယ်လွန်ခါနီး သက်တမ်းကုန်၍သော်၎င်း၊ ကံစွမ်းကုန်၍သော်၎င်း၊ စုတေကွယ်လွန်ခါနီး ရောက်လာပြီဆိုရင် ရုပ်အဆင်းတွေ ညှိုးသွားတယ်....တဲ့၊ ရုပ်အလှတွေ ပျက်သွားတယ်၊ တောက်ပနေတဲ့ ကြည်လင် နေတဲ့ရုပ်တွေ ညှိုးမှိန်မှိန် ဖြစ်သွားတယ်။ ဒါ (၄) နံပါတ်မြောက် ပုဗ္ဗနိမိတ်၊ ရှေ့ပြေးနိမိတ် အတိတ် နိမိတ်ပဲ။

ပဌမမြောက် ပုဗ္ဗနိမိတ်က **"သကေ ဒေဝေါ ဒေဝါသနေ နာဘိရမတိ"**။ ဒေဝေါ-နတ်သားသည် နတ်သ္မီးသည်။ သကေဒေဝါ သနေ-မိမိရဲ့ ဘုံဗိမာန်အတွင်း၌ မိမိရဲ့ နေထိုင်ရာဖြစ်တဲ့ ဘုံဗိမာန်အတွင်း၌၊ နာဘိရမတိ-မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်ခြင်းမရှိတော့။ စုတေခါနီးပြီးဆိုရင်လေ စောစောတုန်းကတော့ သူ့ရဲ့စည်းစိမ်နဲ့ ရိပ်ငြိမ်ချမ်းသာတွေကြည့်ပြီးတော့ ပီတိဖြစ်၊ သူ့နေရာလေးသူပျော်လို့ နှစ်သက်လို့ ဝမ်းသာလို့၊ အဲ စုတေခါနီး ကွယ်လွန်ခါနီး အတိတ်နိမိတ်တွေနဲ့ ပြလာပြီဆိုရင် မိမိဘုံဗိမာန်ထဲမှာပင် မိမိမပျော်ပိုက်တော့၊ ငြီးငွေ့သလိုလို ပျင်းရိသလိုလို ဟိုသွားချင်တာလိုလို ဒီသွားချင်တာလိုလို ဖြစ်လာ တတ်တယ်၊ အဲဒါ နတ်များရဲ့ ပဌမပုဗ္ဗနိမိတ်ပဲ။

အဋ္ဌကထာကမှာတယ် ဒီနတ်များမှာဖြစ်လေ့ရှိတဲ့ အတိတ်နိမိတ် ငါးမျိုးဟာ လူ့လောကမှာလည်းပဲ သတိထားကြည့်လို့ရှိရင် လူ့လောကမှာလည်းပဲ **ဒီနိမိတ်ငါးမျိုးရဲ့ အလားသဏ္ဍာန်တူတွေ တစ်ခုမဟုတ်** တစ်ခုရှိတတ်ပါတယ်....တဲ့၊ သတိထား **ကြည့်ရင် သိသာပါတယ်**....တဲ့၊ အထူးသဖြင့် ဘုန်းရှိကံရှိ ပါရမီရှိတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီး ဆရာတော် သမားတော် ပြည့်ရှင်မင်း မှူးကြီးမတ်ရာအစရှိတဲ့ ပုဂ္ဂိုလ်ထူးတွေမှာ ဒီလက္ခဏာမျိုး ပေါ်တတ်ပါတယ်....တဲ့၊ ပေါ်တတ်ပါတယ်။ နတ်များမှုမဟုတ်ဘူးတဲ့ ဘုရားရှင်က နတ်ကိုတိုက်ရိုက် ဟောသော်လည်း လူ့ပြည်လောကလည်းပဲ သတိထားကြည့်ရင် တွေ့နိုင်တယ် .....တဲ့၊ တွေ့တတ်ပါတယ်တဲ့။

ဒီတော့ အဲဒီလို မြတ်စွာဘုရားက ရဟန်းတို့ နတ်ပြည်က နတ်သား တစ်ယောက် (သို့မဟုတ်) နတ်သမီးတစ်ယောက် စုတေမနေ ကွယ်လွန်တော့မယ် ဆိုရင် အဲဒီ ပြဆိုအပ်ခဲ့တဲ့ပန်းတွေ ညှိုးကုန်တယ်, ဝတ်စားတန်ဆာတွေ ညှိုးကုန်ခြင်း, ချွေးတွေ ထွက်လာခြင်း, ရုပ်ရေအဆင်းတွေ ပျက်ကုန်ခြင်း, အလှပျက်ကုန်ခြင်း, မိမိနေထိုင်ရာ ဘုံဗိမာန်အတွင်းမှာ မပျော်ပိုက် မနှစ်ခြိုက်ခြင်း ဆိုတဲ့ အဲဒီငါးမျိုး တစ်မျိုးမျိုးသော်၎င်း, နှစ်မျိုးသော်၎င်း, သုံးမျိုး လေးမျိုးသော်၎င်း, ငါးမျိုးလုံးသော်၎င်း ဖြစ်လာတတ်တယ်....တဲ့၊ ဖြစ်လာတတ်တယ်။ နိမိတ် ပြလာတတ်တယ်။ အဲဒီနိမိတ်ပြလာပြီဆိုရင် လေတဲ့—

"**တမေနံ ဘိက္ခဝေ ဒေဝါ စဝနဓမ္မော အယံဒေဝပုတ္တော–တိ ဣတိ ဝိဒိတွာ**"။ အဲဒီလို နိမိတ်ပြနေတဲ့ ထိုနတ်သားကို (သို့မဟုတ်) ထိုနတ်သမီးကို ဒီပြင်နတ်တွေက မြင်ကြတယ်.....တဲ့၊ တွေ့ကြတယ်။ မြင်ကြတွေ့ကြတယ်ဆိုရင်ပဲ ဒီလက္ခဏာတွေပြလာရင် စုတေမနေ ကွယ်လွန် တော့မယ်၊ ဒီနတ်သား မကြာခင် စုတေတော့မယ်၊ ဒီနတ်သမီး မကြာခင် စုတေတော့မယ်လို့သိကြလို့ လာလာပြီးတော့ မေးကြတယ်။ လာလာပြီးတော့ အားပေးကြတယ်။ စကားပြောကြ လာပြီးတော့ မေးကြမြန်းကြ။ အဲဒီလို မေးကြမြန်းကြတဲ့အထဲမှာ ဒီပြင်စကားသံတွေက သူတို့ အကြောင်းအားလျော်စွာ မေးကြတာပဲတဲ့၊ မေးကြမြန်းကြ ပြောကြ ဆိုကြ၊ ဒါပေမယ့်လို့ အများစုနတ် တွေက အဲဒီနတ်ကို သတိပေးတဲ့ စကားလေး သုံးခွန်းရှိတယ်။

## တံ အပရာ ဒေဝတာ တီဟိ ဝါစာဟိ အနုမောဒေန္တိ။

အပရာဒေဝတာ–အခြားသော နတ်တွေက။ တံ–နိမိတ်ငါးပါး ထင်နေတဲ့ ထိုနတ်သားကို၊ (သို့မဟုတ်) ထိုနတ်သမီးကို။ တီဟိဝါစာဟိ–စကားသုံးခွန်းတို့ဖြင့်။ အနုမောဒေန္တိ–ဝမ်းမြောက်စေကြကုန်၏။ မှာတမ်း ထိုးကြကုန်၏။ ဒီပြင်နတ်တွေက အဲဒီနတ်ကို လာပြီးတော့ ပြောကြတယ်.....တဲ့၊ မှာကြတယ်။ အဲဒီ မှာတဲ့အထဲမှာ စကားလေးသုံးခု အများစုမှာပုံခြင်းတူညီတယ် ဘယ့်နှယ်မှာကြတုန်းလို့ဆိုတော့၊ .....

## ဣတော ဘော သုဂတိံ ဂစ္ဆ။

ဘော–အမောင်။ ဘော–အမယ်။ ဣတော–ဤနတ်ပြည်မှ။ သုဂတိံ–အကောင်းဆုံးဖြစ်တဲ့ ဘုံဌာနဂတိသို့။ ဂစ္ဆ–ရောက်အောင် သွားပါ။ အမောင် (သို့မဟုတ်) အမယ် ကျုပ်တို့နတ်ပြည်ကနေပြီးတော့ စုတေမနေ ကွယ်လွန်မယ် ဆိုရင်လေ အကောင်းဆုံးဖြစ်တဲ့ ဘုံဌာနကို စိတ်ညွတ်ထားပါ။ အကောင်းဆုံးဖြစ်တဲ့ ဘုံဌာနကိုသွားပါလို့ ဟော ဒီလိုဝိုင်းပြီးတော့ သတိပေးရှာကြတယ်။ ဒါ နံပါတ် (၁) မှာတမ်း။

နံပါတ် (၂)က သုဂတိံ ကတွာ–ရောက်အောင်သွားပြီး၍ စိတ်ကို ညွှတ်ထားပြီး ရောက်အောင်သွားပြီး၍၊ သုလဒ္ဓလာဘံ–ရသင့်, ရထိုက် ကောက်ထိုက်တဲ့ ရတနာမျိုးစုံကိုလည်းပဲ။ လဘ–ရအောင်ကောက်ပါလေ။ အမောင်ရယ်...အမိရယ်....တဲ့ အကောင်းဆုံးဖြစ်တဲ့ ဘုံဌာနသို့ ရောက်အောင် သွားပါ၊ အဲဒီ အကောင်းဆုံးဖြစ်တဲ့ဘုံဌာနကို ရောက်ရင်လည်းပဲ အဲဒီဘုံဌာနမှာ ရသင့်ရထိုက် ယူသင့်ယူထိုက် သိမ်းပိုက်သင့် သိမ်းပိုက်ထိုက်တဲ့ ရတနာတွေကို များများကြီးကောက်ပါလေ..... ရတနာတွေကို များများကြီးရအောင်စုပါလေ၊ ရတနာတွေကို များများကြီး ရအောင် စုဆောင်းပါလေလို့ နံပါတ် (၂) မှာကြတယ်၊ ရဟန်းတို့ အဲဒီလိုမှာလေ့ရှိကြတယ်၊ ရဟန်းတော်များကဝိုင်းလို့ မြတ်စွာဘုရားကို လက်အုပ်တွေချီပြီး ရှိခိုးနေကြတယ်။ အချို့က မြတ်စွာဘုရား မျက်နှာတော်ကို မော့ကြည့်လို့ ထူးထူးဆန်းဆန်းဖြစ်နေလို့ နားစွင့်နေကြတယ်၊ တချို့ရဟန်းတွေက မော့ကြည့် နောက်ဆုံးစကားလေးက ဘယ့်နှယ်မှာကြတုန်း......

## သုလဒ္ဓလာဘံ လဘိတွာ သုပ္ပတိဋ္ဌိတော ဘဝါဟိ။

သုလဒ္ဓလာဘံ–ရသင့်ရထိုက်တဲ့ ရတနာကျောက် အမျိုးမျိုးကို ကောက်ယူပြီးတဲ့နောက်။ သုပ္ပတိဋ္ဌိတော–အဲဒီရတနာတွေ မိမိသန္တာန်က ပျောက်မသွားအောင် မိမိအိပ်ထဲက ပျောက်မသွားအောင် မိမိ ခန္ဓာကိုယ်ထဲက ပျောက်မသွားအောင် မြဲမြဲစွဲစွဲကြီး မိမိသန္တာန် တည်ရှိနေအောင် ကြိုးစားပါလို့ အဲဒီလိုမှာကြတယ် ရဟန်းတို့ မှာကြတယ်။ မြတ်စွာဘုရားက ရဟန်းတော်ဦးစီးတဲ့ ပရိသတ်ကြီးကို ပြောနေတာ။ နတ်တွေကလဲ ဝိုင်းပြီးတော့မှာကြတာ အကောင်းဆုံးဖြစ်တဲ့ ဘုံဌာနကို ရောက်အောင်သွားပါ နံပါတ် ၁ မှာကြတာ။ အကောင်းဆုံးဖြစ်တဲ့ ဘုံဌာနကိုရောက်ရင် ရသင့်ရထိုက်တဲ့ ရတနာတွေကိုစုပါ၊ များများကြီး စုပါ။ များနိုင်သမျှ များများစုပါ ကောက်ပါ သိမ်းပိုက်ပါ။ ၃ နံပါတ်က အဲဒီလို စုဆောင်းသိမ်းပိုက် ကောက်ယူထားတဲ့ ရတနာတွေလည်းပဲ ပျောက်မသွားအောင် ပျက်မသွားအောင် မိမိသန္တာန် မြဲမြန်ခိုင်ခံ့ အရှည်တည်တန့်နေအောင် ကြိုးစားပါလေ....လို့ အဲဒီလိုမှာတယ်။ ရဟန်းတို့....မှာကြတယ်။

အဲဒီလို မြတ်စွာဘုရားကဟောတော့ ရဟန်းတော်လေးတစ်ပါးက စိတ်ထဲမှာ မရှင်းလင်းတော့ မေးချင်တယ် သူက ပြဿနာမေးချင်တော့၊ သူက လက်အုပ်ကလေးချီပြီးတော့ မြတ်စွာဘုရားရှေ့ မတ်တတ်ရပ်ပြီးတော့–

## ဇဝံ ဝုတ္တေ အညတရော ဘိက္ခု ဘဂဝန္တံ ဧတဒဝေါစ။

အဲဒီလို မြတ်စွာဘုရား ဟောတယ်ဆိုရင်ဘဲ ရဟန်းတော်လေး တစ်ပါးက သူ့စိတ်ထဲ မရှင်းမလင်းဖြစ်နေတဲ့ ပြဿနာတရပ်ကို မေးချင်တဲ့ရဟန်းတော်လေး တစ်ပါးက မြတ်စွာဘုရားဘက် လက်အုပ် ချီမိုးရှိခိုး လက်ကတော့ထိုးပြီးတော့ သကာလ မေးလိုက်တယ်....တဲ့၊ လျှောက်လိုက်တယ်–

## ကိံ နုခေါ ဘန္တေ ဒေဝါနံ သုဂတိဂမန သင်္ခါတန္တိ ။

ဘန္တေ–ဘုန်းတော်နေဝန်း ထွန်းလင်းတော်မူသော မြတ်စွာဘုရား။ ဒေဝါနံ–နတ်ပြည်လောက,က နတ်တွေအတွက်။ သုဂတိ ဂမနသင်္ခါတံ–

အကောင်းဆုံးဘုံဌာနဆိုတာ။ ကိံနုခေါ-အဘယ်ဟာပါလဲ ဘုရား။ ရှင်တော်ဘုရား....တဲ့၊ ရှင်တော်ဘုရားဟောတော်မူတဲ့အထဲမှာ နတ်တွေက သူတို့နတ်ပြည်က စုတေသွားမယ့်နတ်သားတစ်ယောက်ကို နတ်သမီးတစ်ယောက်ကို အမောင် အမယ် ဒီဘုံဌာနကသွားလို့ရှိရင်ဖြင့် အကောင်းဆုံးဖြစ်တဲ့ဘုံဌာနကို ရောက်အောင်သွားပါလို့မှာကြတယ်လို့ ရှင်တော်ဘုရား ဟောတော်မူသွားပါတယ် ဘုရား။၊ ဒီတော့ ဘုရား နတ်ပြည်လောကဆိုတာ အကောင်းဆုံးဌာန မဟုတ်ဘူးလား အကောင်းဆုံးဂတိမဟုတ်ဘူးလား၊ ဒီတော့ နတ်တွေက နေပြီးတော့ အကောင်းဆုံးဖြစ်တဲ့ဂတိကို ရောက်အောင်သွားပါလို့ မှာနေတာဟာဖြင့်၊ ဘယ်ဘုံဘယ်ဌာနကို ရည်မှန်းပြီးတော့ မှာနေတာပါလဲဘုရားတဲ့၊ နတ်ပြည်အချင်းချင်းကို ရည်ရွယ်ပြီးတော့ မှာတာလား? အထက်က ဗြဟ္မာ့ပြည်တွေ ရည်ရွယ်ပြီးတော့ မှာတာလား? ဘယ်ဘုံဌာနကို ရည်ရွယ်ပြီးတော့ နတ်တွေကများ အကောင်းဆုံးဌာနလို့ မှာနေကြရပါသလဲ ဘုရားလို့ မရှင်းလို့ ထမေးကြတယ်၊ ဒီတော့ မြတ်စွာဘုရားက ဖြေတော် မူတယ်။

## မနုဿတ္တံ ခေါ ဘိက္ခု ဒေဝါနံ သုဂတိ ဂမန သင်္ခါတံ။

ဘိက္ခု-သိလိုရေးနဲ့မေးတဲ့ အိုရဟန်းလေး။ မနုဿတ္တံ-လူတို့ရဲ့အဖြစ်သည်။ ဝါ-လူ့ဘုံလူ့ဘဝ လူ့ဌာနဆိုတဲ့ ဒီဘုံဌာနကြီးသည်။ ဒေဝါနံ-နတ်ပြည်လောကက နတ်သားနတ်သမီးတွေအတွက်။ သုဂတိ ဂမနသင်္ခါတံ-အကောင်းဆုံး ဘုံဌာနကြီးပေတည်း။ ဝါ-အကောင်းဆုံး ဘုံဌာနကြီးသွားပါဆိုတာ လူ့ပြည်ကိုပြောတာရဟန်း....တဲ့။ အဲဒီ နတ်တွေဟာ သူတို့နတ်အချင်းချင်း မှာနေတဲ့ အကောင်းဆုံး ဘုံဌာနရောက်အောင် စိတ်ညွတ်ထားပါ၊ အကောင်းဆုံးဘုံဌာန ရောက်အောင်သွားပါလို့ဆိုတာ တခြားဘုံဌာနပြောတာမဟုတ်ဘူး ရဟန်း.....တဲ့၊ ဟောဒီလူ့ပြည်ကိုပြောတာ လူ့ပြည်ကိုပြောတာ၊

ဒီနေ့ အားလုံးသော ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေ နတ်ပြည် ခြောက်ထပ်က နတ်တွေကပင်လျှင် အကောင်းဆုံး ဘုံဌာနလို့ သတ်မှတ်ထားတဲ့ လူ့ပြည်လောကကြီး ယနေ့ ဒကာ-ဒကာမတွေ ရနေကြပြီ

ဘုရားရှင်ကိုယ်တော်တိုင်က နှုတ်မြွက်ထုတ်ဖော် ဟောပြတော်မူနေတဲ့ အကောင်းဆုံးဘုံဌာနဆိုတဲ့ လူ့ပြည်လောကကြီး။ ယနေ့ ဒကာ–ဒကာမတွေ ရနေကြပြီ ကြုံနေကြပြီ ဆုံနေကြပြီ ဘာပြုလို့ လူ့ပြည်လောကကြီး အကောင်းဆုံး ဘုံဌာနလို့ ပြောနေတာတုန်း လို့ဆိုတော့....တဲ့၊ ပါရမီ မျိုးစုံဖြည့်လို့ရနေတဲ့ ဌာနကြီးမို့လို့ ဘုရားဖြစ်ချင်တဲ့ပုဂ္ဂိုလ် ပါရမီဖြည့်၊ ဟောဒီလူ့ပြည်ကမှ ဖြည့်လို့ရတာ၊ ဘုရားဖြစ်ကြောင်း ပါရမီကောင်းမှုတွေကို ဖြည့်ကျင့်လို့ လူ့ပြည်ကမှ ရပါသည်။ ပစ္စေကဗုဒ္ဓါ အဂ္ဂသာဝက မဟာသာဝက ရဟန္တာယောက်ျား ရဟန္တာမကြီးတွေ အဖြစ် ရောက်ချင်တဲ့ ပုဂ္ဂိုလ်မှန်သမျှ ပါရမီဖြည့်လို့ ပါရမီစုလို့ကောင်းတာ လူ့ပြည်ဘုံဌာန ဖြစ်ပါသည်။ ဒါကြောင့် လူ့ဘုံကို အကောင်းဆုံးလို့ သတ်မှတ် လိုက်ပါတယ်၊ အကောင်းဆုံးလို့ ပြောကြတယ်။

နတ်ပြည်လောကမှာ ဒါန ပါရမီကုသိုလ်ဖြစ်ချင်ပါတယ်ဆိုလို့ မလွယ်ဘူး၊ သူ့မှာလည်းပြည့်စုံ ကိုယ့်မှာလည်းပြည့်စုံ သူကလည်းဗိမာန်နဲ့ သူကလည်းစည်းစိမ်နဲ့ ကိုယ်ကလည်းစည်းစိမ်နဲ့ဆိုသလို ဖြစ်နေတာ ဖြစ်တော့ စွန့်ကြဲပေးကမ်း လှူဒါန်းမှုဆိုတဲ့ဒါနတွေ အဖြစ်နည်းတယ်၊ အလှူခံမယ့်သူမရှိဘူး၊ သူ့ဟာနဲ့သူ ပြည့်စုံနေကြတာဖြစ်တော့ ဒါနပါရမီကြီးနည်းလိုက်တာ လှူမှုတန်းမှု ပေးကမ်းမှုဆိုတာကြီး မရှိသလောက်ရှားတယ် နတ်ပြည် လောက.က။ သီလဆောက်တည်မှု သီလထိန်းသိမ်းမှု လုံခြုံအောင် ထိန်းသိမ်းမှု မလွယ်ဘူးတဲ့၊ ငါးဖြာအာရုံ ကာမဂုဏ်တွေနဲ့ ပျော်ပြီးတော့....

**"အပေါင်းရွှေညီ ဘုံကိုယ်စီဝယ် ကျူးသည်မပြီး နတ်ထီး နတ်ငြိမ့် တသိမ့်သိမ့်နှင့် ခြိမ့်ခြိမ့်သဲသဲ ပျော်ပွဲဆူညံ နတ်တို့ထံဝယ်"**။ သူတို့ရဲ့ ဘုံဌာနမှာက ခုနကပြောခဲ့သလိုပဲ အနားယူနေတဲ့ဌာနကြီးတွေ ဖြစ်နေတာ၊ လူ့ပြည်က အနားသွားယူနေတဲ့ နေရာကြီးတွေလိုပဲ၊ ၃၁ ဘုံထဲမှာ အနားယူစခန်းကြီးတွေဖြစ်နေတော့ သူတို့ဟာနဲ့သူတို့ ပြည့်စုံနေတာဖြစ်တော့ ဒါနပါရမီထမြောက်ဖို့ကလည်း မလွယ်ဘူး။ သီလပါရမီ အထမြောက်ဖို့ကလည်း ဥပုသ်သီတင်း စောင့်သုံးဖို့ရာ မလွယ်ဘူး ကိုယ်က ဥပုသ်ကလေး ၈ ပါး

သီလကလေး ထိန်းထားပေမယ့် မလွယ်ဘူး ဟိုနားက တီးကြ, ဒီနားက မှုတ်ကြ ကကြ ခုန်ကြ ပျော်ကြမြူးကြ၊ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ လူ့ပြည် လောကမှာပဲ ပွဲလမ်းသဘင်တွေနဲ့ ဆူပွက်ပြီးတော့ ဟိုရေသဘင်တို့လို တီးကြ မှုတ်ကြ ကကြ ခုန်ကြတာတွေနဲ့ ဆူပွက်နေတဲ့အချိန်မှာ ၈ပါး သီလ စင်စင်ကြယ်ကြယ်ထိန်းဘို့ လွယ်သလားလို့ ကိုယ့်ဘာသာကိုယ် စဉ်းစားကြည့်စမ်း၊ မလွယ်ဘူးတဲ့၊ မလွယ်ဘူး။ ဒီလို တီးကြ မှုတ်ကြ ကကြ ခုန်ကြ ဆိုတာတွေနဲ့ ပြည့်နေတဲ့ ငါးဖြာအာရုံ ကာမဂုဏ်တွေနဲ့ ပြည့်နေတဲ့ ဌာနမျိုးမှာ သီလပါရမီဖြည့်ဘို့ရာလည်း မလွယ်ဘူး၊

ဒီတော့ လူ့ဘုံကျတော့ အဲဒါတွေ ဖြည့်လို့လွယ်လိုက်တာ ဖြည့်ဘို့ရာ စွန့်ကြလှူဒါန်းပေးကမ်းမှုဒါနတွေပြုဘို့ရာ ဘယ်နားသွားပေးမတုန်း အလှူခံပုဂ္ဂိုလ်တွေ အပြည့်ရှိတယ်၊ လိုနေတဲ့ပုဂ္ဂိုလ်တွေ အပြည့်ရှိတယ်၊ မြင့်မြတ်တဲ့ သာသနာတွင်း အလှူခံပုဂ္ဂိုလ်တွေ အပြည့်ရှိတယ်၊ သီလတွေ ထိန်းသိမ်း စောင့်ရှောက် စေချင်ရင်၊ ဥပုသ်ရှစ်ရက် ၈ပါး သီလ ၉ပါး သီလတွေ ထိန်းသိမ်းချင်ရင်၊ သီလကုသိုလ်ထူးကြီးတွေ ပါရမီထူးကြီးတွေ စုချင်ရင် လူ့ပြည်မှာ ဖြည့်လို့ရတယ်။

ဒါ့ကြောင့် ဘုန်းကြီးတို့ ဘုရားအလောင်းတော်ကြီးတွေ သိကြား သွားဖြစ်နေပေမယ်လို့ လူ့ပြည် ဆင်းပြီးတော့ ဥပုသ်စောင့်တယ်လို့ ဇာတ်တော်တွေထဲမှာလာတယ်၊ ဘာပြုလို့တုန်းဆိုတော့ ဟိုမှာ ငါးဖြာအာရုံ ကာမဂုဏ်တွေနဲ့တဲ့ ထူထပ်လွန်းလို့ ပေါများလွန်းလို့ သီလစင်ကြယ်အောင် ထိမ်းလို့မရလို့၊ ဒီတော့ လူ့ပြည် လူ့ဌာနဆိုတာ ဒါနပါရမီ ကုသိုလ်ကောင်းမှု ကြီးတွေ ပြုဘို့လည်း လွယ်တယ်၊ သမထဝိပဿနာ ဘာဝနာလုပ်ငန်းတွေ ကြိုးပမ်းအားထုတ်ဘို့ နတ်ပြည် ဝေးလိုက်တာ, ဝေးလိုက်တာ ဟိုမှာဆူပွက်လို့၊ ငါးဖြာအာရုံကာမဂုဏ်တွေနဲ့ တီးသံ မှုတ်သံ စားကြသံတွေ သောက်ကြ သံတွေ ပျော်ကြသံတွေ ရွှင်ကြသံတွေ ကခုန်မြူးတူးပျော်ကြတာတွေများတော့ ဘာဝနာတရားဆိုတာ အလွန်ဝေး။

ဒါ့ကြောင့်မို့လို့ နတ်ပြည်လောကမှာ ပါရမီဖြည့်ဖို့မလွယ်ဘူး ဘုန်းကြီးတို့ ဘုရားအလောင်း ပစ္စေကဗုဒ္ဓါအလောင်း အဂ္ဂသာဝကအလောင်းတွေ အထူးသဖြင့် ဘုရားအလောင်းတွေ အဓိမုတ္တိကာလ ကရိယာလို့ခေါ်တဲ့ ပါရမီဖြည့်ချင်လို့ လူ့ပြည်ကို နတ်သက်တမ်း မြန်မြန်စေ့အောင် နတ်စုတိအဓိဋ္ဌာန်ပြီးတော့ စုတေလာခဲ့ပြီးတော့ လူ့ပြည်ဆင်းလာပြီးတော့ ပါရမီဖြည့်တယ်ဆိုတာ ဒီဓိပ္ပာယ်။ ပါရမီမြန်မြန်ဖြည့်ချင်တယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေအတွက်ကတော့ ကြာကြာမနေချင်ဘူး အဲဒီဌာနမျိုး။

ဘုန်းကြီးတို့ လူ့လောကက ဒကာ-ဒကာမတွေ စီးပွားရေး ကြီးပွားရေးနဲ့ ကိုယ်ရည်မှန်းထားတဲ့ ပန်းတိုင်အထွဋ်အထိပ်ရောက်အောင် ကြိုးစားချင်တဲ့ပုဂ္ဂိုလ်က ခုနက စည်းစိမ်ခံပြီး အနားယူတဲ့နေရာ ကြာကြာမနေချင်ပါဘူး။ အဲဒီအတိုင်းပဲ နတ်ပြည်မှာ ကြာကြာမနေလိုကြဘူး ဒီတော့ နတ်ပြည် နတ်ဌာနကြီးဆိုတာ သက်သက်အနားယူပြီးတော့ ရေစုန်မျောနေကြတဲ့ဌာနကြီး သံသရာစခန်းနဲ့ပြောရင် ပေါလော ပေါ်ပြီးတော့ မျောနေကြတဲ့ ပေါ်မျောသမားတွေ၊ ဘုရားအလောင်း သူတော်ကောင်းကြီးတွေ နှစ်နှစ်ခြိုက်ခြိုက် ကြိုက်တဲ့နေရာမျိုး မဟုတ်ပါဘူး။ ဒါ့ကြောင့်မို့လို့ လူ့ဘုံလူ့ဌာနကြီးသည် "ဘုရားပစ္စေ ဖြစ်ကြလေလည်း လူ့ပြည်၌သာ ဖြစ်ရိုးရာတည်း" ဘုရားဖြစ်တယ်ဆိုတာ လူ့ပြည်မှာဖြစ်တာ၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးတွေ ပွင့်တော်မူကြတာ လူ့ပြည်မှာပွင့်တာ၊ လက်ယာရံ လက်ဝဲတော်ရံ ရဟန္တာ ယောကျ်ား ရဟန္တာမအရှင်မြတ်ကြီးတွေ ဖြစ်ကြတယ်ဆိုတာ လူ့ပြည်မှာ ဖြစ်ကြတာ။ ဒါ့ကြောင့်မို့လို့ လူ့ပြည်လောကက အကောင်းဆုံး ဖြစ်တဲ့ ဘုံဌာနလို့ သတ်မှတ်ရတယ် ရဟန်း....၊ သတ်မှတ်ရတယ်။ နတ်တွေက လူ့ပြည်ကို အကောင်းဆုံးဘုံဌာနလို့ ခေါ်ကြတယ်၊

ဒီတော့ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ လူ့ပြည်ဘုံဌာနကြီး နေရတာဟာ နတ်တွေကတောင်မှ လှမ်းပြီးတော့ ချီးမွမ်းကြတယ်၊ တောင့်တရတဲ့ ဌာနကြီး ရနေပါလားလို့ ပါရမီမျိုးစုံဖြည့်လို့ရတဲ့ဌာနကြီးလို့ သဘော ပေါက်လိုက်ပါ ဘဝပဒေသာကြီးလို့ ခေါ်ပါတယ်။ ဘဝပဒေသာဆိုတာ ဘယ်ဘဝသွားချင်တုန်း

ဘယ်ဘုံသွားချင်တုန်း ဘယ်ဌာနမျိုး ရောက်ချင်တုန်း ဒီလူ့ပြည်က အစုံသွားလို့ရတယ်။ အာ အဝီစိသွားလိုက်ချင်သေးတယ် ရပါတယ်၊ ငရဲကြီးရှစ်ထပ် ကြိုက်ရာသွားလို့ရတယ်။ တိရစ္ဆာန်ဘုံ ပြိတ္တာဘုံ အသူရကာယ်ဘုံ ဘယ်ဘုံကြိုက်တုန်း သွားလို့ ရတယ်။ လူ့ပြည်ကနေ လျှောက်လုပ်လိုက် မကောင်းတာဖြစ်ချင်တယ်။ ဘုရားရှင်ရဲ့ လက်ဝဲတော်ရံဖြစ်ချင်တယ် လက်ယာတော်ရံဖြစ်ချင်တယ် အစရှိသည်ဖြင့်ပေါ့လေ ဘဝပဒေသာတဲ့ ဘယ်ဘုံဘယ်ဌာနမဆို သွားလို့ဖြစ်တဲ့ ဘုံဌာနကြီးမို့လို့ ရောက်လို့ဖြစ်တဲ့ ဘုံဌာနကြီးမို့လို့ ဖြည့်ကျင့်လို့ဖြစ်တဲ့ ဘုံဌာနကြီးမို့လို့ အကောင်းဆုံးဖြစ်တဲ့ဘုံဌာန အကောင်းဆုံးဖြစ်တဲ့ ဂတိဆိုတာ လူ့ပြည်ကို ပြောတာ ရဟန်း....လို့ ဘုရားရှင်က ဖြေတော်မူလိုက်တယ်။ ဒီတော့ ရဟန်းကလေးက ဆက်မေးတယ်—

## ကိံ ပန ဘန္တေ ဒေဝါနံ၊ သုလဒ္ဓလာဘ သင်္ခါတံ။

ရှင်တော်ဘုရား ခုနက ဟောတော်မူတဲ့အထဲမှာ နတ်တွေက မှာကြတဲ့ စကားထဲမှာ ဘုရား.....။ အမောင် အကောင်းဆုံးဘုံဌာနကို ရောက်အောင် သွားပြီးတဲ့နောက် အဲဒီ အကောင်းဆုံးဘုံဌာနရောက်တဲ့အခါမှာ ရသင့်ရထိုက် ကောက်သင့်ကောက်ထိုက်တဲ့ ရတနာတွေကို ကောက်ပါ ရတနာတွေ များများရအောင်စုဆောင်းပါလို့ မှာတော်မူတာ ကကောဘုရား။ ဘယ်ရတနာတွေ ပြောတာပါလဲဘုရားလို့ မေးတယ်၊ မေးတော့ ဘုရားရှင်က—

## သဒ္ဓါခေါ ဘိက္ခု ဒေဝါနံ၊ သုလဒ္ဓလာဘ သင်္ခါတံ။

ဘိက္ခု-ရဟန်း....။ သဒ္ဓါ-သဒ္ဓါဆိုတဲ့ တရားသည်။ သဒ္ဓါ- ရတနာသုံးတန် ပစ္စုပ္ပန်နှင့် ကံ,ကံအကျိုး မြတ်နိုးကျေနပ် ဝိပဿနာ မဂ်ဖိုလ်နိဗ္ဗာန်တိုင်အောင် ယုံကြည် သက်ဝင်ကျေနပ်တတ်တယ်ဆိုတဲ့ သဒ္ဓါတရားသည်။ သဒ္ဓါ-ယုံကြည်မှုအခြေခံ၍ ပါရမီ (၁၀) တန်လို့ဆိုတဲ့ ကုသိုလ်ကောင်းမှု ပါရမီစု,တရားသည်။ သုလဒ္ဓလာဘသင်္ခါတံ-အကောင်းဆုံးဖြစ်တဲ့ ရတနာတွေကို ကောက်ယူခြင်းပေတည်း။

ရဟန်း.....တဲ့၊ အကောင်းဆုံးဖြစ်တဲ့ ရတနာကို ကောက်ပါဆိုတာ သဒ္ဓါတရားလို့ခေါ်တဲ့ ယုံကြည်မှုကိုခေါ်တယ်။ တစ်နည်း– အဲဒီ သဒ္ဓါတရား အခြေခံပြီးသကာလ ပါရမီ ၁၀ ပါး ကုသိုလ်တရားဆိုတဲ့ ရတနာကျောက်တွေကို ခေါ်တာ။ ဟော....ရတနာတွေစုပါဆိုတာ ဘာပြောတာတုန်းလို့ဆိုတော့ သဒ္ဓါတည်းဟူသော ရတနာ၊ နံပါတ် တစ်ကောက်ရမှာ၊ သဒ္ဓါဆိုတာ ယုံကြည်မှုကို ခေါ်ပါတယ်။ ဒကာ–ဒကာမတို့ အဲဒီယုံကြည်မှုက ဘာတွေယုံကြည်တာတုန်း ဆိုတော့ ရတနာသုံးတန် ဘုရားကိုယုံတယ်, တရားကိုယုံတယ်, သံဃာတော်တွေကို ယုံတယ် ဘုရားဂုဏ် တရားဂုဏ် သံဃာ့ဂုဏ်တွေယုံတယ်၊ ဒါ သဒ္ဓါ ခေါ်တယ်။ ယုံကြည်မှုရတနာကို သဒ္ဓါခေါ်တယ်။

ဒါတင်လားဆိုတော့ ကံ,ကံအကျိုးကို ယုံတယ်, ကောင်းတာလုပ်ရင် ကောင်းကျိုးရမယ်, မကောင်းတာလုပ်ရင် မကောင်းကျိုးရမယ် ဒါကိုလည်း ယုံတယ်၊ ဒါ သဒ္ဓါခေါ်ရတဲ့ ရတနာတစ်မျိုး။

ဒါတင်ပဲလား ဆိုတော့ ရတနာ သုံးတန် ကံ,ကံအကျိုး မြတ်နိုးကျေနပ် ဝိပဿနာ မဂ်ဖိုလ်နိဗ္ဗာန်တိုင်အောင် ယုံကြည်တတ်တဲ့ သဒ္ဓါစိတ်....။ ဒီ ဝိပဿနာ အလုပ်ကိုလုပ်ရင် ငါ့ သန္တာန်မှာ ကိန်းဝပ်နေတဲ့ အနုသယကိလေသာ ခေါ်တဲ့ အိုနာသေရေး ဒုက္ခဘေးကြီး တွေကို လက်ယပ်ခေါ်နေတဲ့ အတွင်းက လောဘ ဒေါသ မာန်မာနစတဲ့ ကိလေသာတွေကို အမြစ်ပြတ်အောင် သုတ်သင်နိုင်တဲ့ ဒီဝိပဿနာ လုပ်ငန်းကို ကြိုးစားအားထုတ်ခြင်းဖြင့် ငါ့မှာ ကိလေသာ အမှောင်ထုကြီးတွေ နည်းသွား ကျဲသွားမယ် ခေါင်းပါးသွားမယ် ပါးသွားမယ်၊ အဲဒီ ကိလေသာအမှောင်ထုကြီးတွေ နည်းသွား ပါးသွား ကျဲသွားမှ နိဗ္ဗာန်ကိုမြင်နိုင်တဲ့ မဂ်တရား ဖိုလ်တရားဆိုတဲ့ ဉာဏ်ထူးဉာဏ်မြတ်ကြီးတွေ မိမိနှလုံးသားထဲမှာဖြစ်ပေါ် ဥပါဒ်လာလိမ့်မယ်လို့ ယုံတယ်။ အဲဒါ ဝိပဿနာ ပေါ်မှာ ယုံတာ၊ ဝိပဿနာလုပ်ငန်းကို အားထုတ်ရင် ငါ့သန္တာန်မှာရှိနေတဲ့ ကိလေသာအမဲ အညစ်ကြီး နည်းသွားနိုင်တယ်, ကျဲသွားနိုင်တယ်လို့ ယုံတာ၊ အဲဒါ ဒီဝိပဿနာလုပ်ငန်းကို အားထုတ်ရင် ငါ့သန္တာန်မှာရှိနေတဲ့ ကိလေသာ မှောင်ထုကြီးတွေ တဖြေးဖြေးနဲ့ ပျောက်သွားနိုင်တယ်, ပြယ်သွားနိုင်တယ်လို့ ယုံတာ သဒ္ဓါ။ အဲဒါ ဝိပဿနာပေါ်မှာ ယုံတာ။

ဝိပဿနာ လုပ်ငန်းကို ကြိုးပမ်းအားထုတ်ရင် မဂ်လေးတန် ဖိုလ်လေးတန်ဆိုတဲ့ ဉာဏ်ထူးဉာဏ်မြတ်ကြီးတွေ မိမိနှလုံးသားထဲမှာ ဖြစ်ပေါ် ဥပါဒ် လာလိမ့်မယ်၊ ဖြစ်ပေါ် အဲဒီဥပါဒ်လာရင် မဂ်တရား ဖိုလ်တရားဆိုတဲ့ (၄) စုံက သူ့ဆိုင်ရာကိလေသာတွေကို အမြစ်ပြတ် သုတ်သင်နိုင်တယ်၊ ရှင်းလင်း နိုင်တယ်လို့ ယုံတယ်။ အဲဒါ မဂ်တရား ဖိုလ်တရားပေါ်မှာ ယုံတာ။

နိဗ္ဗာန်ဆိုတဲ့တရားသည် အိုဘေး, နာဘေး, သေဘေးကြီးတွေ ငြိမ်းအေး နေတဲ့ သန္တိသုခ အေးမြတဲ့ဓာတ်သဘာဝကြီးတစ်ခုသည် ကမ္ဘာလောကထဲမှာ ပရမတ္ထအားဖြင့် အမှန်ရှိနေတယ်၊ ရှိနေလို့ပဲ ဘုရားက ရှိတယ်လို့ ဟောတော် မူခဲ့တယ်၊ ဘုရားရှင်ကိုယ်တော်တိုင် မြင်ပြီးမှ ရှိတယ်လို့ ဟောတော်မူခဲ့တာ ဖြစ်သောကြောင့် တရားထူး တရားမြတ်ကြီးသည် အမှန်ရှိတယ်။ ငါက မြင်နိုင်တဲ့ဉာဏ်စွမ်း မရှိသေးလို့သာ မမြင်ဖြစ်တယ် အမှန်ရှိနေတယ်၊ ပစ္စေဗုဒ္ဓါ အဂ္ဂသာဝက မဟာသာဝက သူတော်ကောင်းကြီးတွေ နိဗ္ဗာန်ကို မြင်သွား ကြတယ်၊ မြင်လို့ ဒုက္ခခပ်သိမ်း အေးငြိမ်းကြတယ်၊ နိဗ္ဗာန် အမှန်ရှိနေတယ်လို့ စိတ်ထဲက လေးလေးပင်ပင်ယုံကြည်နေတယ် သက်ဝင်နေတယ်၊ အဲဒါ သဒ္ဓါ။ အဲဒီသဒ္ဓါကို ကိုယ့်သန္တာန်မှာရောက်အောင် စုပါ....စုပါ....။

ဒကာ-ဒကာမတို့ သဒ္ဓါဆိုတဲ့တရားဟာ အရေးကြီးဆုံးတရား ဖြစ်ပါတယ်၊ သဒ္ဓါဟာ အရင်းအနှီးပစ္စည်းနဲ့တူတယ်လို့လည်း ဘုရား ဟောထားတာ အရင်းအနှီး ပစ္စည်းရတနာနဲ့ တူတယ်။ အရင်းအနှီးပစ္စည်းဆိုတာ နောက်ထပ် နောက်ထပ်ရဘို့ ပစ္စည်းတွေကို အရင်းအနှီးမြှုတ်နှံပြီးမှ အမြတ်က ယူလို့ရတယ်။ အခု ဒကာ- ဒကာမတွေ တရားနာချင်လို့ ရှေ့မှာလာပြီးတော့ ဒူးတုတ်ထိုင်နေတာ အဲဒီသဒ္ဓါ အရင်းအနှီးပါတော့ စိတ်က ယုံကြည်တယ်လေ တရားသွားနာလို့ရှိရင်တော့ တစ်လုံးသိ, နှစ်လုံးသိရင်တော့ ငါ့ ဉာဏ်တိုးမှာပဲ၊ ဗဟုသုတရမှာပဲ၊ ဘုန်းကြီး ဟောသွားတဲ့ တစ်လုံးသိ, နှစ်လုံးသိတော့ ငါ သိရမှာပဲလို့ ယုံလို့ လာထိုင်တာ၊

နောက်ဆုံးလေ....ဒီလိုတရားနာလိုက်ခြင်းဖြင့် လာထိုင်ခြင်းဖြင့် တရားနာ နေတဲ့ အခိုက်အတန့်မှာ ဘုရားရှင်ရဲ့တရား နားထဲက ကြားနေတဲ့အခိုက်မှာ

"ကြားနာ ယုံပင် အပူစင်၍"ဆိုတဲ့အတိုင်း တရားတော်ရဲ့ ဂုဏ်တော်ဖြစ်သည့် အားလျော်စွာ ကြားနေတဲ့အခိုက်မှာ ငါ့သန္တာန်မှာ လောဘပူ, ဒေါသပူ, မောဟပူ သားရေး သမီးရေး စီးပွားရေးတွေနဲ့ ပတ်သက်ပြီးတော့ ပူပင်စရာစိတ်တွေ ငြိမ်းနေလိမ့်မယ်.....ခဏခေတ္တပဲဖြစ်ဖြစ် အေးနေလိမ့်မယ်လို့ ယုံတယ်။ အဲဒါ အမြတ်ထွက်တာပဲ အေးလဲအေးငြိမ်းတာပဲ၊

ဟော ဒါ တရားနာနေတဲ့အခိုက် ဒကာ-ဒကာမတွေရဲ့စိတ် အေးလို့၊ ကြည်လို့ ရွှင်လို့၊ အဲဒါ တရားတော်ရဲ့ဂုဏ်၊ တရားတော်ရဲ့ အရသာ၊ လောဘ, ဒေါသ ခဏလေးပဲဖြစ်ဖြစ် ကင်းနေပါတယ်၊ ဒကာ-ဒကာမတို့ ငြိမ်းနေပါတယ်၊ အဲဒါ ဘယ်သူ့အခြေခံလို့တုန်းဆိုတော့ ခုနက တရားနာရခြင်းဆိုတဲ့ ယုံကြည်တဲ့ သဒ္ဓါ၊ အဲဒီ သဒ္ဓါ အရင်းအနှီးကြောင့် တရားနာရတဲ့ ကုသိုလ်ကြီးဖြစ်တယ်. စိတ်ထဲမှာကြည်တယ်, အေးတယ်, ချမ်းမြေ့တယ် ဆိုတဲ့ဂုဏ်ကို ရနေတယ်။ ဟောလိုက် ပြောလိုက်တဲ့ထဲက တစ်လုံးမှတ်မိ နှစ်လုံးမှတ်မိ ဗဟုသုတ ဗဟုသစ္စ မဂ်လာအသိဉာဏ်တွေ တိုးပွားမှာဆိုတာတွေ ရနေတယ်၊ ရတဲ့အတိုင်း ဆက်ပြီးတော့ ဒကာ-ဒကာမတွေ ကျင့်ကြံကြိုးကုတ် အားထုတ်ရင် ရလိုက်မည့်အကျိုးတွေ မဂ်ဖိုလ်နိဗ္ဗာန်ထိအောင်သွားမယ်၊ သဒ္ဓါ အရင်းအနှီးပေါ်က တက်လာတဲ့ အမြတ်တွေတဲ့၊ အမြတ်တွေ။

ဒါ့ကြောင့် သဒ္ဓါဆိုတဲ့ အရင်းအနှီး ပစ္စည်းဟာ ဒကာ-ဒကာမတွေ စုရမယ့်ပစ္စည်း, ကောက်ရမယ့်ပစ္စည်း, ရှာရမယ့်ပစ္စည်း၊ ရှေးသဒ္ဓါတွေ ဒီထက်ဒီထက် တိုးသွားလို့ရှိရင် ပြောစရာမရှိဘူး၊ ကံ,ကံ အကျိုးပေါ် ယုံကြည်တယ်၊ ကောင်းတာလုပ်ရင် ကောင်းကျိုးရမယ်. မကောင်းတာလုပ်ရင် မကောင်းကျိုးရမယ် အဲဒီ သဒ္ဓါဟာ ကိုယ့်သန္တာန် ဘယ်လောက် ကောက်ပြီး ပြီတုန်း၊ ငါ့သန္တာန် သဒ္ဓါတရား ဘယ်လောက်ရှိပြီတုန်းဆိုတာ ကိုယ့်ဘာကို ချိန်ဆလို့ ရပါတယ်၊ ငါ ယုံကြည်မှုသဒ္ဓါ ဘယ်လောက်ရှိပြီလည်း မရှိဘူးလည်း ဆိုတာ ကိုယ့်ကိုယ်ကို ပြန်မေးပြီး ငါ တိတ်တိတ်ပုန်း သူများမမြင်ရင် အကုသိုလ် လုပ်ချင်သေးသလား မလုပ်ချင်ဘူးလားဆိုတာကို ကိုယ့်ဘာကို မေးကြည့်၊ လူမမြင် သူမမြင်ရင် ကျမ်းပိုးလေး သတ်ချင်သေးတယ်၊ ခြင်ကလေး

ပုတ်သတ်လိုက်ချင်သေးတယ်၊ သူများ အတင်းပြောလိုက် ချင်သေးတယ်၊ သူများပစ္စည်း မတော်မတရား သူများမသိဘူးဆိုရင် ယူလိုက်ချင်သေးတယ်၊ အကုသိုလ် ဒုစရိုက်တစ်ခု,ခုကို သူများမသိရင် လုပ်ချင်သေးတယ်ဆိုရင် ဒကာ–ဒကာမတွေသန္တာန်မှာ သဒ္ဓါဆိုတဲ့ ရတနာနည်းနေသေးတယ်လို့ မှတ်လိုက်ပါ၊

အဲဒါ သူများ လျှောက်ပြောမနေနဲ့၊ သူများလျှောက်မေး မနေနဲ့၊ သံဒိဋ္ဌိကောဓမ္မော တရားဆိုတာ ကိုယ်တိုင်သိ ကိုယ်တိုင်မြင် ကိုယ်တိုင် လုပ်ကြည့် ကိုယ်တိုင်သိ သဒ္ဓါ တရားအားကောင်းလာလို့ ယုံကြည်မှု အားကောင်းလာပြီဆိုတဲ့ ပုဂ္ဂိုလ်ကြတော့ မကောင်းတာလုပ်ရင် မျက်မှောက်မှာပဲဖြစ်ဖြစ်၊ မျက်ကွယ်မှာပဲ ဖြစ်ဖြစ် ဖြောင့်လို့ဖြူးလို့၊ အဲဒါ ဥဇုပဋိပန္နဂုဏ်တော်လို့ ခေါ်ပါတယ်၊ သံဃ ဂုဏ်တော်ထဲ ဖြောင့်ဖြောင့်ကျင့် မတ်မတ်ကျင့် အဲဒီ ဖြောင့်ဖြောင့်မတ်မတ်ကျင့်ရင် မဂ်ဖိုလ်နိဗ္ဗာန်ထိအောင် အကျိုးဆိုက်မယ်၊ အဲဒါ သဒ္ဓါဆိုတဲ့ အရင်းအနှီးပေါ်က ထွက်လာတဲ့ အမြတ်တွေ၊

ဒီတော့ သဒ္ဓါဆိုတဲ့တရားဟာ သဒ္ဓါဆိုတဲ့ယုံကြည်မှုဟာ ဒကာ–ဒကာမတွေ သိမ်းပိုက်ကောက်ယူရမယ့် ရတနာတွေဖြစ်ပါတယ်၊ ဒီတော့ ဒကာ–ဒကာမတွေမှာ ငါ့ရဲ့သန္တာန်မှာ သဒ္ဓါဆိုတဲ့ရတနာ ဘယ်လောက် ကောက်ပြီး ပြီတုန်း, ဘယ်လောက် စုပြီးပြီတုန်း, ဘယ်လောက် ငါ ယုံကြည်ပြီတုန်း၊ ဝိပဿနာမဂ်ဖိုလ်တရားတွေအပေါ် ငါ့ရဲ့ယုံကြည်မှုအား ဘယ်လောက်ရှိပြီတုန်း၊ ဒီကမ္မဋ္ဌာန်းရိပ်သာ လာပြီးတော့ တရားအားထုတ်ချင်တယ် အားထုတ်တယ်ဆိုတာ အဲဒီသဒ္ဓါတရားကြောင့် အားထုတ်တာ၊ ဒီလိုအားထုတ်လို့ရှိရင် ငါ့သန္တာန်မှာ ရှိနေတဲ့ လောဘ, ဒေါသ, မာန်မာနအစရှိတဲ့ ကိလေသာတွေ ခေါင်းပါးလိမ့်မယ်, နည်းပါးလိမ့်မယ်, ကဲ့သွား လိမ့်မယ်, ရှင်းသွားလိမ့်မယ်, တတ်နိုင်ရင် အမြစ်ပြတ် သုတ်သင်နိုင်လိမ့်မယ်လို့ယုံလို့ လာအားထုတ်တာ၊ မယုံသေးရင်း လုပ်ကို မလုပ်ဘူး။ ဒီတော့ သဒ္ဓါအခြေခံ သဒ္ဓါအရင်းအနှီးအပေါ်မှာ တည်ပြီးတော့ ရတဲ့အမြတ်တွေက ဝိပဿနာလုပ်ငန်း တွေလည်း ကြိုးပမ်းအားထုတ်ဖြစ်တယ်၊

ဒါတင်လားဆိုတော့ မကသေးဘူး ပါရမီ (၁၀)ပါး ဆိုတဲ့ အကျင့်တရားတွေ၊ အခု ဆရာလေးဆိုတာ နမူနာအနေနဲ့ မွေးနေ့မင်္ဂလာကို အကြောင်း

ပြုပြီးတော့ ငါ ဘုရားပူဇော်မယ်, တရားကို ပူဇော်မယ်, ယောဂီတွေ ဒီလိုကျွေးမယ်, သံဃာတော်တွေကို ဒီလို လှူဒါန်းမယ် ပူဇော်မယ်ဆိုတာ အဲဒီသဒ္ဓါပေါ် အခြေခံပြီးတော့ ဘာတွေ ဖြစ်လာတုန်း၊ စွန့်ကြဲပေးကမ်း လှူဒါန်းမှုဒါနတွေဖြစ်တယ်, ထိန်းသိမ်းမှု သီလတွေဖြစ်တယ်, ပူဇော်မှုဆိုတဲ့ ပူဇာဝန္တကုသိုလ်ထူးကြီးတွေဖြစ်တယ်၊ ဒီကုသိုလ်တွေအတွက် ကြိုးပမ်းအားထုတ် တစ်နစ်တာ ကြိုးပမ်းအားထုတ်နိုင်ဖို့အတွက် အစောကြီးသောအချိန်ကစပြီး သကာလ၊ ဒီ ကုသိုလ်အတွက် စုဆောင်းသိမ်းဆည်း အားထုတ်မှု ဝီရိယ ဓာတ်တွေ ဝီရိယပါရမီတွေလို့ခေါ်တယ်၊

ဒီကုသိုလ်လုပ်ငန်းကြီး ဒီလိုလုပ်ဖြစ်အောင် သည်းခံရမှုတွေ ရှိတယ်၊ အပူသည်းခံရတယ်, အအေးသည်းခံရတယ်, အားလုံးသော ဒကာ-ဒကာမ တွေလည်း ထိုနည်းလည်းကောင်းပဲလေ စွန့်ကြဲပေးကမ်း လှူခြင်းဒါနပါရမီလေး တစ်ခု အထမြောက်ရန်အတွက် အပူသည်းခံရ, အအေးသည်းခံရ သူတစ်ပါး ပြောတာဆိုတာတွေ သည်းခံရ-ဒေါသတွေချုပ်သည်းခံရ။ အဲဒီလို သည်းခံရမှု ဆိုတဲ့ ခန္တီပါရမီ၊ ဟောဒါ ရတနာတွေရတာပဲ၊

အခု ဆရာလေးဦးမြင့်စိန်မွေးနေ့ကို အကြောင်းပြုပြီးတော့ သဒ္ဓါဆိုတဲ့ ရတနာကျောက်ကြီးကို သိမ်းပိုက်ဖြစ် လိုက်နိုင်တဲ့အတွက် ဒါနကုသိုလ်တွေ ဒါနရတနာကျောက်တွေ သိမ်းပိုက်မိကြတယ်၊ ဒီဒါနကုသိုလ်ကြီး အထမြောက် အောင် ကြိုးပမ်းအားထုတ်မှုဆိုတဲ့ ကာယဝီရိယ စိတ္တဝီရိယလို့ခေါ်တဲ့ ကိုယ်မှာဖြစ်တဲ့ ကြောင့်ကြစိုက်မှု၊ စိတ်မှာဖြစ်တဲ့ ကြောင့်ကြစိုက်မှုလို့ခေါ်တဲ့ ဝီရိယဓာတ်တွေ၊ အဲဒါ ပါရမီဝီရိယကျောက်တွေ ကောက်မိပြီးသားဖြစ်တယ်၊ ဘယ်လောက်များတုန်းဆိုတော့ ဘယ်လောက်များတယ်လို့ မပြောနိုင်ဘူးတဲ့ သိမ်းပိုက်မိ ရက်သားဖြစ်သွားတယ်၊ အဲဒီလိုသိမ်းပိုက်မိတာ ဘယ်သူ့အခြေခံတုန်း ဆိုတော့ သဒ္ဓါပဲ၊ ဒီလိုကုသိုလ်ကောင်းမှုတွေ မွေးနေ့အကြောင်းပြု ပြီးတော့ ငါ့မှာ ကုသိုလ်တွေ များများကြီးရလိုက်ရရင်၊ များများကြီး စုလိုက်ရရင်၊ မဂ်ဖိုလ်နိဗ္ဗာန်ရရေးမှာ ဒီကုသိုလ်တွေက တွန်းအား ပေးလိမ့်မယ်လို့ ယုံနေတဲ့ ဒီသဒ္ဓါကြောင့် ဒီအလုပ်ကြီး ထပြီးတော့ လုပ်ခြင်းဖြစ်ပါတယ်၊

ဒီတော့ ဒီအလုပ်ကြီးလုပ်တဲ့နေရာမှာ ဝီရိယ ပါရမီတွေဖြစ်သလို ခန္တီပါရမီတွေကလဲပါရတယ်၊ အအေးအပူသည်းခံရ, မှက်, ခြင်, ကျမ်းပိုး သည်းခံရ၊ အဲ ထချိန်မတန်ပဲ ထသွားရ, သွားချိန်မတန်ပဲ ထသွားရဆိုတာ အဲဒါ ခန္တီပါရမီပါတယ်၊ အဲဒီ ခန္တီပါရမီပါသလို ပညာပါရမီက ဒီကုသိုလ် ဒီလုပ်ငန်းဟာ ကောင်းတဲ့လုပ်ငန်းတွေ ကြိုးပမ်းအားထုတ်သင့်တဲ့ လုပ်ငန်းတွေလို့ ခွဲခြမ်းစိတ်ဖြာပြီးတော့ သိနေတာ ပညာပါရမီ၊ ဒါန, သီလ, ခန္တီ, ဝီရိယ, မေတ္တာ, ဥပေက္ခာ ဆိုတဲ့ ပါရမီတွေဟာ အထိုက်အလျောက် သူ့ဟာနဲ့သူ အပြည့်အစုံ ဒီထဲမှာ ပါဝင်နေပါတယ်၊ ပါရမီတစ်ပါးကို ဖြည့်လိုက်လို့ရှိရင် ပါရမီဆယ်ပါး အလိုလိုပါပြီးသား ဖြစ်ပါတယ်၊ ထေရာအပါဒါန် အဋ္ဌကထာ ဆရာကြီးက ပြောထားပါတယ်။—

ဒီတော့ ဒီနေ့ ဆရာလေးဦးမြင့်စိန်ရဲ့သန္တာန်မှာ သဒ္ဓါလို့ခေါ်တဲ့၊ ယုံကြည်မှုတရားရတနာကြီး သိမ်းပိုက်ကောက်ယူနိုင်တဲ့အတွက် ပါရမီဆယ်ပါးလို့ခေါ်တဲ့ ကုသိုလ်တရားတွေ မြောက်များစွာ ဖြစ်ပွားပြီးတော့ လာခဲ့တယ်တဲ့၊ အဲဒါ ရတနာကျောက်တွေ ကောက်ယူနေတယ်လို့ ခေါ်တယ်၊ ဒီနေ့ ဆရာလေးဦးမြင့်စိန် ရတနာကျောက်တွေ ဘယ်လောက် ကောက်ယူနေသလဲ၊ ဘယ်လောက် ကောက်ယူခဲ့ပြီးသားဖြစ်သလဲဆိုတာကိုတော့ ဘုန်းကြီးတို့ မမြင်ကောင်းဘူး, မမြင်တတ်ဘူး၊ တော်တော် များများရတယ်လို့ပဲ သိနိုင်တယ်၊ မဂ်ဖိုလ်နိဗ္ဗာန် တွန်းအားပေးနိုင်တဲ့ သတ္တိရှိတဲ့ ရတနာကျောက်တွေ သိမ်းပိုက်ပြီးသားဖြစ်နေပြီလို့ဆိုတာ ဘုရားရှင်မှ မြင်လို့ရတယ်, ဘုရားရှင်ရဲ့ သဗ္ဗညုတဉာဏ်တော်ကြီးမှ ကြည့်လို့ရတယ်, မြင်လို့ရတယ်၊ ဘုန်းကြီးတို့က မှန်းခြေပဲပြောလို့ရမယ်....၊ ဒီတော့ ရတနာကျောက်တွေကို ကောက်ပါလို့, စုစည်းပါလို့ မှာလိုက်တာ ရဟန်း....။ ခုပြောခဲ့တဲ့ သဒ္ဓါတရားအခြေခံပြီးတော့ ပါရမီ ဆယ်ပါး ကုသိုလ်တရားတွေကို များများကြီး စုဆောင်းသိမ်းဆည်း နေတာကို ရတနာကျောက်တွေ ကောက်တယ်လို့ခေါ်တယ်။

ဒီတော့ ဘုန်းကြီးတို့ တရားနာနေကြတဲ့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေကလည်း ငါ ရတနာကျောက်တွေ ဘယ်လောက် ကောက်မိ

ပြီတုန်း၊ မြတ်စွာဘုရားသာသနာတော်ကြီးနဲ့ ကြုံတဲ့အခိုက်၊ လူ့ဘုံလူ့ဘဝ လူ့ဌာနလည်း ရောက်ကြတဲ့အခိုက်၊ ငါ ရတနာကျောက်တွေ ကောက်နိုင်တဲ့ လက်တွေလည်းပါတဲ့အခိုက် ငါ ဘယ်လောက် ကောက်မိပြီးတုန်း၊ ငါ့မှာ ဒါန, သီလ, ဘာဝနာဆိုတဲ့ ကုသိုလ်လုပ်ငန်း ဘယ်လောက် ကြိုးပမ်းအားထုတ် မိပြီတုန်း၊ ငါကောက်ထားခဲ့တဲ့ ရတနာကျောက်တွေဟာ တော်တော်ကြီးပြီလား၊ သိပ်တော်တော်သေးသလား၊ တော်တော်များများ စုမိပြီလား၊ နည်းနေသလား ဆိုတာကို ကိုယ့်ကိုယ်ကို ချိန်ထိုးကြည့်ပြီးသကာလ အဲဒီရတနာကျောက်တွေကို ငါ များများကြီးရအောင် ကောက်မယ်လို့ ဝိဋ္ဌာန်ပြီးတော့ထားပါတဲ့၊

အကြောင်းအမျိုးမျိုးနဲ့ မွေးနေ့အကြောင်းပြုလိုက်၊ ဟိုဟာလေး ရိုးမယ် ဖွဲ့လိုက်၊ ဟိုဟာလေး ရိုးမယ်ဖွဲ့လိုက်နဲ့ ကုသိုလ်ကောင်းမှုဆိုတာ အမျိုးမျိုးသော ဆင်ခြေတွေနဲ့ ရိုးမယ်ဖွဲ့ပြီးတော့ အားထုတ်ရတယ်၊ မကောင်းမှု အကုသိုလ် ဒုစရိုက်ကြတော့ အမျိုးမျိုးသော ဆင်ခြေဆင်လက်တွေ ပေးပြီးတော့ ရှောင်ရ တယ်တဲ့၊ ဒါ သူတော်ကောင်းတွေရဲ့ အဆုံးအမတစ်ရပ် ဖြစ်တယ်၊ ဒီတော့ ကုသိုလ်ပါရမီကောင်းမှုတွေ များများကြီး ကြိုးပမ်းအားထုတ်နေတာ အခွင့်သင့်တိုင်း အခါသင့်တိုင်း အားထုတ်နေတာကိုပဲ မြတ်စွာဘုရားက ရတနာကျောက်တွေ ကောက်နေတယ်လို့ ဒီသုတ်မှာ ဟောတော်မူလိုရင်း ဖြစ်ပါတယ်၊ ဒီတော့ ရဟန်းတော်ကလေးက မေးပြန်တယ်—

အရှင်ဘုရား ရှင်တော်ဘုရားဟောတဲ့အထဲမှာ အဲဒီ ရတနာကျောက် တွေကို ကောက်ပြီးတော့ မိမိသန္တာန်မှာ မြဲမြဲခိုင်ခန့် အရှည်ကြန့်ပြီးတော့ တည်တံ့အောင် ကြိုးစားပါဆိုတာကကော ဘာပါလဲ ဘုရားလို့ဆိုတော့။

ရဟန်း....တဲ့၊ အဲဒီ သဒ္ဓါကစ ပါရမီဆယ်ပါးဆိုတဲ့ ကုသိုလ်တရားတွေ မိမိသန္တာန် ဖြစ်ပွားနေတာ ပျောက်မသွားအောင်, ပျက်မသွား အောင်, လျော့မသွားအောင် ကြိုးစားနေခြင်းသည်၊ အဲဒီ ရတနာတွေကို မိမိသန္တာန် ကြာရှည်လေးမြင့် တည်တံ့အောင် ကြိုးစားနေခြင်းပဲတဲ့၊ သဒ္ဓါတရားလည်း ပြယ်မသွားအောင်၊ ယုံကြည်မှုလေး ပြယ်မသွားအောင်၊ ယုံကြည်မှုပြယ်သွားလိုက် သည်နှင့် တစ်ပြိုင်နက် ဒီတရား အားမထုတ်ချင်တော့ဘူး၊ ဒီလိုလူျတာ

တန်းတာတွေ မလုပ်ချင်တော့ဘူး၊ ဒီသီလတွေ မထိန်းချင်တော့ဘူး၊ ဒီဘာဝနာအလုပ်တွေကို အလကား အလုပ်လို့ထင်လာတယ်၊ အဲဒါ သဒ္ဓါ ပြယ်သွားတာ၊ သဒ္ဓါ ပြယ်တတ်တဲ့ အခြင်းအရာတွေက မတော်မတရား ရေးသားတဲ့စာတွေ ဖတ်, မတော်မတရား ဟောပြောဒါတွေ နာ, မသူတော်တွေနဲ့ ပေါင်းပြီဆိုရင် အဲဒီသဒ္ဓါတရား ပြယ်သွားတတ်တယ်၊ ပျက်သွားတတ်တယ်၊

တစ်ခါတစ်ခါ ဒကာ–ဒကာမတွေရဲ့သန္တာန်မှာ တရားအားထုတ်ချင် စိတ်တွေ ပြင်းပြင်းထန်ထန် ဖြစ်လာတတ်တယ်။ အဲဒါ သဒ္ဓါ တက်လာတာ၊ ဒီထဲ မတော်မတရားလူက အလကားသား အားထုတ်မနေပါနဲ့ ဘာမှ ပေါက်တာမှမဟုတ်ပါဘူး၊ ဘာမှဖြစ်တာမဟုတ်ပါဘူးလို့ ဖျက်လိုက်ရင်၊ ဟော သဒ္ဓါပြယ်သွားတယ်၊ အဲဒါ မြဲမြံမတည်တာ ခေါ်တယ်၊ သူတော်ကောင်းတွေနဲ့ တွေ့တဲ့အခါကြတော့ ကျုပ်လေ တရားအားထုတ်ချင်လိုက်တာ စိတ်ထဲ တရား အားထုတ်ချင်တဲ့စိတ်တွေ ပေါက်နေတယ်ဆိုရင် သူတော်ကောင်းများကြတော့၊ အို အားထုတ် အားထုတ် ဒီအချိန် သဒ္ဓါပေါက်နေတဲ့အချိန် ကောက်လုပ်လိုက် ကောင်းတဲ့ရည်ရွယ်ချက်တစ်ခုကို ဖျက်မပြစ်နဲ့၊ ဒီဝိပဿနာအလုပ် ကြိုးပမ်း အားထုတ်တယ်ဆိုတာ အနုသယကိလေသာဓာတ်ကို အမြစ်ဖြတ် ဖြိုနေတာ၊ အနုသယကိလေသာဆိုတာ ဒကာ–ဒကာမတို့ ခန္ဓာစိတ်အစဉ် သန္တာန်ထဲမှာ ဓာတ်သတ္တိအဖြစ်နဲ့ ကိန်းနေတဲ့ကိလေသာကိုခေါ်ပါတယ်။ ဝီတိက္ကမကိလေသာ, ပရိယုဋ္ဌာနကိလေသာ, အနုသယကိလေသာလို့ ကိလေသာ သုံးပါးရှိတာ ဖြစ်တော့ ….။

၁။ **ဝီတိက္ကမကိလေသာ** ဆိုတာကတော့ ဒုတ်တကား, ဓား တကားနဲ့ ဆိုပါတော့ ဒေါသနဲ့ပတ်သက်တာပြောရရင် ဒုတ်တကား, ဓား တကား၊ ပါဏာတိပါတသီလကြီးနဲ့ပြောရင် ဒုတ်တကား ဓားတကားကားနဲ့ သတ်မယ် ဖြတ်မယ်, ရိုက်မယ်နှက်မယ်, သတ်တယ်ဖြတ်တယ်ဆိုတဲ့အထိ ရောက်လာတာကို ဝီတိက္ကမကိလေသာလို့ခေါ်တယ်။ အဲဒီလို ဝီတိက္ကမကိလေသာကို သီလနဲ့ သတ်ရတယ်၊ သီလနဲ့ပယ်ရတယ်။ ဟော သီလ ကိုယ်ကထိန်းထားတော့ အဲဒီဒုတ်တကား, ဓားတကားနဲ့ သတ်တော့မယ်လို့လုပ်မှ ပါဏာတိပါတသီလတွေ ငါဆောက်တည် ထားလို့ သူတော်ကောင်းအလေ့အလာကြီး သတိရလိုက်တော့

မသတ်ဖြစ်တော့ဘူး၊ အဲဒါ ဝီတိက္ကမကိလေသာကို သီလနဲ့ပယ်သတ်တယ်လို့ ခေါ်တယ်။

**၂။ ပရိယုဋ္ဌာနဆိုတာ** စိတ်ထဲမှာတင်ထကြွနေတာ၊ ဒုတ်တွေ ဓားတွေ လက်ကမကိုင်သေးဘူး၊ စိတ်ကတော့လေ သတ်ချင်လိုက်တာ၊ မင်း ငါ့ကို မုန်းအောင်ပြောထားတာ၊ ငါ့အပြစ်တွေ ပြောထားတာနဲ့ ငါ့ကို ရန်လုပ်ထားတာ ဒင်းကိုတော့ သတ်လိုက်မယ်၊ သေအောင်လုပ် လိုက်မယ်၊ နာမည်ဖျက်လိုက်မယ်၊ ဘယ်လိုလုပ်လိုက်မယ်နဲ့ စိတ်ထဲမှာ ထကြွနေတာ။ အဲဒါ ပရိယုဋ္ဌာနလို့ ခေါ်တယ်။ အဲဒီပရိယုဋ္ဌာန ကိလေသာကို သမာဓိနဲ့သတ်ရတယ်၊ သမာဓိနဲ့ပယ်ရတယ်။

သမာဓိဆိုတာ ဘယ်လိုသဘောတုန်းဆိုတော့ သမာဓိဆိုတာ–သံ+အာဓိ ဆိုတဲ့ ပုဒ်ကလာတာ၊ သံ–ကောင်းတဲ့အာရုံထဲမှာ။ အာဓိ–မိမိရဲ့ကိုယ် မိမိရဲ့ စိတ်ကလေးကို ချထားနိုင်ရင်၊ ပြောင်းပစ်လိုက်နိုင်ရင်၊ ရွှေ့ထားလိုက်နိုင်ရင် အဲဒါ သမာဓိ။ အခု ဒကာ–ဒကာမတွေ တရားထိုင်ပြီး နာနေရင် အဲဒါ သမာဓိခေါ်ပါတယ်။ သံ–ကောင်းတဲ့တရားနာမှုဆိုတဲ့ အာရုံထဲမှာ။ အာဓိ–ဒကာ ဒကာမတွေရဲ့ ခန္ဓာကိုယ်နဲ့ စိတ်ကိုချထားနိုင်ခြင်း။ ဟော ဒီနား ထိုင်နေခြင်းသည် သမာဓိ။ သမာဓိဆိုတာက မြန်မာက တည်ကြည်တယ်လို့ ပြန်ကြတယ်၊ ဒကာ–ဒကာမတွေက တည်တယ်ဆိုတာနဲ့ နည်းနည်းနားဝေး နေတယ်၊ သမာဓိဆိုတဲ့သဘောက မိမိရဲ့ကိုယ် မိမိရဲ့စိတ်ကို ကောင်းတဲ့လုပ်ငန်း ထဲမှာ ချထားနိုင်တာကို သမာဓိလို့ခေါ်ပါတယ်။

ဒီတော့ စိတ်ထဲမှာ ဒေါသတွေဖြစ်ပြီးတော့ သတ်တော့မယ်. ဖြတ်တော့မယ်၊ ဒင်း ငါ့ကို ဘယ်လိုလုပ်တာ၊ ဘယ်လိုပြောထားတာနဲ့ ကြိတ်မနိုင်ခဲမရ ဒေါသတွေထနေရင် ဗုဒ္ဓါနုဿတိ ဘုရားအာရုံ စိတ်နဲ့ လှည့်ပြစ်လိုက်၊ ဟော မြတ်စွာဘုရားမှာ ဒီလို သတ်မယ်ဖြတ်မယ်ဆိုတဲ့ ဒေါသ ဓာတ်တွေ မြတ်စွာဘုရားရဲ့ စိတ်သန္တာန်တော်မှာ စိတ်သန္တာန်တော်ထဲမှာ မှုန်မှုန်မွှားမွှားကလေးမျှ ဖြစ်တော်မမူပဲ စင်ကြယ်တော်မူပါပေသော ဘုရားရှင်လို့ ဘုရားရှင်ရဲ့ အရဟံဂုဏ်တော်ကြီးကို အာရုံပြုလိုက်တာ၊ အဲဒါ တစ်ထောင့်ငါးရာ ကိလေသာတို့မှ ဝေးကွာတော်မူလို့၊ မြတ်စွာဘုရားကို အရဟံလို့ ခေါ်တယ်။

ဒီတော့ မြတ်စွာဘုရားရဲ့ စိတ်ဓာတ်တော်ကို ကိုယ်ဖြစ်နေတဲ့ ဒေါသဓာတ်ကြီး ဒေါသအပူဓာတ်ကြီးနဲ့ နှိုင်းယှဉ်ပြီးတော့ မိမိစိတ်ထဲဖြစ်နေတဲ့ ဒေါသဓာတ်ကြီးမျိုးမှ ဘုရားရှင်မှာ ကင်းတော်မူပါပေတယ်၊ စင်တော်မူပါပေတယ်၊ သူများ မသိအောင် စိတ်ထဲမှာဖြစ်ချင်နေတဲ့ ဒေါသဓာတ်မျိုးပင် ဘုရားရှင်မှာ ဖြစ်တော်မမူပါပေဘူးလို့ ဘုရားရှင် လှည့်ပြီးတော့ အာရုံပြုလိုက်သည်နှင့် တစ်ပြိုင်နက် ထကြွနေတဲ့ ဒေါသဓာတ်ကြီး ငြိမ်းသွားတယ်၊ ပျောက်သွားတယ်၊ ပြယ်သွားတယ်။ အဲဒါ ပရိယုဋ္ဌာနကိလေသာကို သမာဓိနဲ့ သတ်တယ်လို့ခေါ်တယ်။

သံ-ကောင်းမြတ်တဲ့ ဘုရားအာရုံထဲမှာ၊ ဘုရားရှင်ရဲ့ ကိလေသာ ဝေးကွာတော်မူတဲ့ အရဟံဂုဏ်တော်ဆိုတဲ့ ကောင်းတဲ့အာရုံထဲမှာ။ အာဓိ- မိမိရဲ့စိတ်ကလေးကို ထားလိုက်နိုင်ခြင်း။ အဲဒါ သမာဓိ၊ အဲဒီသမာဓိနဲ့ သတ်လိုက်တော့လေ ပြယ်သွားတာပဲ၊ အာ-သို့မဟုတ် မေတ္တာပို့ပြီးတော့ ကိုယ်မုန်းနေတဲ့ပုဂ္ဂိုလ်ကို၊ အော် သူ ငါ့ကောင်းကျိုးတွေ ဘယ်တုန်းက ဆောင်ထားတာပဲ၊ ကောင်းတဲ့အလုပ်တွေ ဘယ်တုန်းကလုပ်ထား ရှာတာပဲလို့ ကောင်းတဲ့ဘက် လှည့်လိုက်။ သံ+အာဓိ၊ အဲဒါ သမာဓိနဲ့သတ်တာ။

၃။ အဲ **အနုသယကိလေသာလို့ခေါ်တဲ့** ဓာတ်သတ္တိကြတော့ ပညာနဲ့သတ်မှရတယ်....တဲ့၊ အနုသယကိလေသာက စိတ်ထဲ ထကြွ လာတဲ့အထိကိုမဖြစ်ဘူး၊ အကြောင်းတိုက်ဆိုင်မှ ပေါ်မယ့်ဓာတ်မျိုး။ မျိုးစေ့ထဲမှာ အပင်ပေါက်စေတဲ့ ဓာတ်သတ္တိလေးလိုပဲ၊ မြေပဲစေ့လေး ထဲမှာ အပင်ပေါက်စေတဲ့ ဓာတ်သတ္တိလေးကိန်းနေတယ် ခွဲကြည့်ရင်တော့ မတွေ့ဘူး၊ မြေပဲစေ့ထဲမှာ အမြစ်တွေထွက်စေတဲ့ ဓာတ်သတ္တိလေး ရှိတယ်၊ အညွန့်တွေထွက်စေတတ်တဲ့ ဓာတ်သတ္တိလေးရှိတယ်၊ အပွင့် ပွင့်စေတတ်တဲ့ ဓာတ်သတ္တိလေးရှိတယ်၊ အဥ ဥစေတတ်တဲ့ ဓာတ်သတ္တိလေးရှိတယ် ခွဲကြည့်စမ်းဆိုတော့ မတွေ့ဘူး၊ **"ပေါက်စေသတ္တိ အတွင်းရှိ ခွဲကြည့်မမြင်ပါ"**။ ဒါဖြင့် ဘယ့်နှယ့်လုပ်ပြီးတော့ အဲဒီ သတ္တိလေး မပေါက်စေချင်ရင်၊ အပင်မပေါက်စေချင်ရင် ဘယ်နဲ့လုပ်ရ တုန်း **"အိုးခင်းအပေါ် မီးနှင့်လှော်၊ ကျွမ်းသော် မပေါက်ပါ"**။ အဲဒီ မြေပဲစေ့ကတော့ ပုံမပျက်ပါဘူး။ အတွင်းထဲက ဓာတ်သတ္တိက ခန်းသွား၊

ခြောက်သွား, နည်းသွား၊ ဟော အပင်မပေါက်တော့ဘူး၊ မြေကြီးထဲ ချစိုက်ပေမယ်လို့ မပေါက်တော့ဘူး၊

အဲဒါလိုပဲ ဒကာ–ဒကာမတွေရဲ့ စိတ်အစဉ်သန္တာန်ထဲမှာ လူပင်ပေါက်စေတတ်တဲ့ ဓာတ်သတ္တိတွေ, ငရဲကျစေတတ်တဲ့ ဓာတ်သတ္တိတွေ, ခွေးဖြစ်စေတတ် နွားဖြစ်စေတတ်တဲ့ ဓာတ်သတ္တိတွေ၊ အညွန့် အညှောင့်ပေါက်မယ့် အသီးအပွင့်,ပွင့်မယ့် ဓာတ်သတ္တိတွေ အများကြီးကိန်း နေတယ်၊ အဲဒါတွေကို ဝိပဿနာရှုပွားနေတာဟာ အိုးခင်းအပေါ် မီးနဲ့ လှော်တဲ့အနေနဲ့ ဝိပဿနာရှုပြီးတော့၊ ဝိပဿနာလုပ်ငန်း အားထုတ်နေတဲ့အချိန် ဝိပဿနာဖြစ်နေတဲ့ အချိန်ဟာ လှော်နေတာ၊ လှော်နေတာ။ အနုသယကိလေသာကြီးကို သတ်နေတာ၊ ဓာတ်တွေကို အားနည်းနေအောင်လုပ်နေတာ၊ ဓာတ်တွေနူးကုန်အောင်, ရှန်းကုန်အောင်, ဓာတ်တွေ အားနည်းကုန်အောင်, ကျဲကုန်အောင် ဓာတ်တွေ မစွမ်းမသန်ဖြစ်ကုန်အောင် လုပ်နေတာ၊ အဲဒီဓာတ်တွေ ခွန်အားကြီးပြီးတော့ ကျွမ်းသွားပြီဆိုရင် ရဟန္တာဖြစ်ပြီဆိုတော့ ဘယ်လိုဘဝမျိုးမှ မသွားတော့ဘူး ဘယ်လိုဒေါသဖြစ်စရာအာရုံ လာလို့မှလည်း မထတော့ဘူး၊ ဘယ်လိုလောဘဖြစ်စရာ လာလို့မှလည်း ထအပင် မပေါက်တော့ဘူး၊ ဘယ်လိုဘဝမှလည်း မသွားတော့ဘူး၊ ဒီဝိပဿနာအလုပ် အားထုတ်နေတယ်ဆိုတာ ဒီလိုအနုသယဓာတ်ကို သတ်နေတာပဲလို့ နားလည်တဲ့ သူတော်ကောင်းတစ်ယောက်က တိုက်တွန်းတယ်၊

တရားအားထုတ်ချင်တဲ့ သဒ္ဓါလေးပေါ်လာရင် အို–အားထုတ်, အားထုတ်, အားထုတ် ကြိုးစားအားထုတ်, ကြိုးစားအားထုတ်, ကြိုးစားလိုက်တိုင်း, ကြိုးစားလိုက်တိုင်း မောင်ရဲ့သန္တာန်မှာ မယ်ရဲ့သန္တာန် အနုသယကိလေသာဓာတ်တွေ တဖြေးဖြေးနဲ့ ခန်းသွားလိမ့်မယ်, ခြောက်သွားလိမ့်မယ် ပါးသွားလိမ့်မယ် ရှေးရှေးသောသူတော်ကောင်းကြီးတွေဟာ ဒီလို အနုသယကိလေသာဓာတ်တွေကို အမြစ်ပြတ် သုတ်သင်နိုင်သောကြောင့် အာသဝေါကင်းကွာ ရဟန္တာယောက်ျား, ရဟန္တာမကြီးတွေ ဖြစ်သွားကြတယ်လို့ ဒီလိုတိုက်တွန်းပေးတယ်၊ ကိုယ့် ဘာကိုလည်း ဒီလိုယုံကြည်နေတယ်၊ အဲဒါသဒ္ဓါရတနာ သဒ္ဓါရတနာဟာ အကောင်းဆုံးရတနာ ဖြစ်ပါတယ်၊

အဲဒီသဒ္ဓါလေးမြဲနေအောင် စွဲနေအောင် တည်နေအောင် ကြိုးစားခြင်းကို လည်းပဲ ရတနာတွေ မြဲနေအောင် ကြိုးစားရတယ်လို့ ခေါ်တယ် ရဟန်း .....။ မြတ်စွာဘုရားက ဖြေရှင်းပြောလိုက်တယ်၊

ဒီတော့ ပဋ္ဌပုဗ္ဗနိမိတ္တသုတ်တော်ကြီး နတ်ပြည်မှာဟောတဲ့ အကြောင်း နတ်ပြည်မှာဖြစ်တဲ့အကြောင်းတွေကို ဘုရားရှင်က ရဟန်းတော်တွေ ဟောနေတာဟာ၊ ယနေ့ တရားနာနေကြတဲ့ ဒကာ–ဒကာမတွေ ဘုရားရှင်က သိစေချင်လို့ ဒီသုတ်တော်ကြီးကို ထုတ်ဖော်ပြီးတော့ ဟောနေတာဖြစ်ပါတယ်။ ဒါ့ကြောင့် ယနေ့ ဆရာလေးဦးမြင့်စိန် ဆရာလေးဦးမြင့်စိန်နှင့်တကွ တရားနာ ပရိသတ် အပေါင်း သူတော်ကောင်းတွေ ဘုရားရှင်ဟောတော်မူတဲ့ အကောင်းဆုံး ဘုံဌာန ရောက်အောင် သွားပါဆိုတဲ့ အင်္ဂါကြီးက အလိုလိုပြည့်စုံနေကြပြီ ရတနာကျောက် တွေကို များများကြီးရအောင် ကောက်ပါဆိုတဲ့အင်္ဂါနဲ့ အဲဒီရတနာတွေ ပျောက် မသွားအောင်၊ ပျက်မသွားအောင်၊ မြဲမြန်နေအောင် ကြိုးစားပါ ဆိုတဲ့ ဒီပြဿနာ ၂ ရပ်သာလျှင် ဒကာ–ဒကာမတွေအတွက် ကြိုးစားအားထုတ်ရမယ့် လုပ်ငန်းကြီး (၂) ရပ်ဖြစ်နေပြီလို့ ဟောဒီလို ပဋ္ဌပုဗ္ဗ နိမိတ္တသုတ်တော်ဖြင့် ဘုရားရှင်က အသိပေးတော်မူပါတယ်။

ဘုရားရှင်ရဲ့ ကိုယ်စား ဘုန်းကြီးတို့ကတစ်ဆင့် ပြောပြပါတယ်၊ ဒါ့ကြောင့် ဒီရတနာ တွေကို များများကောက်ထားတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီး မှန်သမျှသည် ကုသိုလ်ပါရမီ ကောင်းမှုတွေကို များများကြီး တတ်စွမ်းသမျှ ကောက်ထားတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီး မှန်သမျှသည် ဝိသုဒ္ဓိနတ်လိုခေါ်တဲ့ ဘုရားပစ္စေကဗုဒ္ဓါ အဂ္ဂသာဝက မဟာ သာဝကဆိုတဲ့ သူတော်ကောင်းကြီးတွေဖြစ်ပြီးတော့ နောက်ဆုံး ပရိနိဗ္ဗာန်ဝင်စံတော်မူကြတယ်၊ ငါတို့ ဒီနေ့ မတွေ့ချင် မကြုံချင်ပဲနဲ့ တွေ့ရကြုံရမယ့် အိုနာသေရေး ဒုက္ခဘေးကြီး တွေမှ ကင်းဝေးတော်မူကြတယ်၊ ငါ့မှာလဲပဲ ယနေ့ (၅၇) နှစ်မြောက် မွေးနေ့ကို အကြောင်းပြုပြီးသကာလ အဲဒီရတနာတွေ အဲဒီ သဒ္ဓါအစရှိတဲ့ ရတနာ ပစ္စည်းတွေ ငါ့မှာ များများကြီးစုမိပြီလို့၊ ဆရာလေးဦးမြင့်စိန်အနေနဲ့ရော၊ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေအနေနဲ့ရော ငါ့မှာ ဘယ်လောက်

စုမိပြီတုန်း၊ ငါ့မှာ ဘယ်လောက်ရှိနေပြီတုန်း၊ ရှိနေရင် ငါ့မှာ သူတော်ကောင်း ရတနာတွေ ပစ္စည်းဥစ္စာတွေ ဂုဏ်တွေ ဘယ်လောက်ရှိနေပြီပဲလို့ ကိုယ့်ရဲ့ရှိနေတဲ့ ဂုဏ်သတ္တိတွေကို အာရုံပြု ပြီးတော့ ဝမ်းမြောက်ဝမ်းသာဖြစ်ဖို့ရာ–

**ယေဟိ သဒ္ဓါဒိ ဂုဏေဟိ, ဒေဝတာ ဒေဝတံဂတာ၊**
**မယှမ္ပိတေ သံဝိဇ္ဇန္တိ, အဟော မေ ဂုဏာဝန္တတာ။**

ဒေဝတာ–စတုမဟာ ဝတ်သာနှင့် နတ်ရွာခြောက်လီ ပြဟ္မာ့ပြည်ဝယ် ကိုယ်စီစံစား နတ်ပြဟ္မာများနှင့် ဘုရားပစ္စေကာ အရိယာမြင့်မြတ် ဝိသုဒ္ဓိနတ် တို့သည်။

ဘုရားပစ္စေကာဗုဒ္ဓါ အရိယာ သူတော်ကောင်းကြီးတွေကို ဝိသုဒ္ဓိနတ်လို့ ခေါ်တယ်၊ ဝိသုဒ္ဓိဆိုတာ ကိလေသာခပ်သိမ်း စင်ကြယ်တော်မူလို့ နတ်ဆိုတာက ကိုးကွယ်စရာ အားထားစရာကို နာထ။ သို့မဟုတ် မိမိရဲ့ သီလသမာဓိ ပညာဂုဏ် တွေဖြင့် တောက်ပနေတဲ့ပုဂ္ဂိုလ်ကို နတ်လို့ခေါ်တယ်။ ဒီတော့ ရဟန္တာ အရှင်မြတ် ကြီးတွေကို ဝိသုဒ္ဓိနတ်လို့ ခေါ်တယ်။ အဲဒီဝိသုဒ္ဓိနတ်ဖြစ်သွားတဲ့ ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာ ယောကျ်ား, ရဟန္တာမကြီးတွေ ယခုပြဆိုအပ်ခဲ့တဲ့ သဒ္ဓါအစရှိတဲ့ ပါရမီ ၁၀ ပါး အကျင့်တရားတွေ ပြည့်စုံကြလို့ ဒီစခန်းရောက်ကြတယ် .....လို့။

ဒေဝတာ–စတုမဟာ ဝတ်သာနှင့် နတ်ရွာခြောက်လီ ပြဟ္မာ့ ပြည်ဝယ် ကိုယ်စီစံစား နတ်ပြဟ္မာများနှင့် ဘုရားပစ္စေကာ အရိယာ မြင့်မြတ် ဝိသုဒ္ဓိနတ် တို့သည်။ ယေဟိသဒ္ဓါဒိဂုဏေဟိ–သဒ္ဓါသီလ များသုတနှင့် စာဂပညာ စဉ်လာ လောက်လုံ အကြင်ကျေးဇူးဂုဏ် တို့ကြောင့်။ ဒေဝတံ–ရောဂါမကပ် ဥပါဒ်မတွယ် စားသောက်ဖွယ်ရေး နေထိုင်ရေးနှင့် မင်းရေးစိုးတာ ကင်းစင်ကွာလတ် ပြဟ္မာ နတ်၏အဖြစ်သို့။ ဂတာ–ဤလူ့ပြည်မှ စုတေကြလျှင် ခဏမနေ ကပ်ရောက်ကြ လေကုန်၏။ တေဂုဏာ–နတ် ပြဟ္မာနန်း ကပ်ခါမြန်းဖို့ အစွမ်းလောက်လုံး ထိုကဲ့သို့သောဂုဏ်တို့သည်၊ မယှမ္ပိ–ဘုရားအကြိုက် တရားလိုက်၍ အားစိုက်နှစ်လို ဤငါ့ကိုယ်မှာလည်း။ သံဝိဇ္ဇန္တိ–အမြဲမပြတ် သတိချပ်သဖြင့် မလပ်ပုံသေ ရှိကြလေကုန်၏။ မေ–ဘုရားအကြိုက် တရားလိုက်၍ အားစိုက်နှစ်လို ဤ

ငါ့ကိုယ်၏။ ဂုဏာဝန္တတာ–သဒ္ဓါသီလ များသုတနှင့် စာဂပညာ စဉ်လာ လောက်လုံ ဂုဏ်ပေါင်းစုံသည်၏ အဖြစ်သည်။ အဟော–တမလွန်အရေး ကြံတိုင်းအေးဖို့ လေးလေးပင်ပင် အစဉ်မျိုးမှန် ဩဘ်….အဖိုးတန်လေစွ တကား။

သာဓု…. သာဓု…. သာဓု….

ဤကဲ့သို့ ပဋ္ဌပုဗ္ဗနိမိတ္တသုတ်တော်ကို နာကြားကြရသော ဓမ္မသဝန ကုသိုလ်စေတနာ အဖြာဖြာတို့ကြောင့်၎င်း၊ ဆရာလေး ဦးမြင့်စိန် အနေအားဖြင့် (၅၇)နှစ်ပြည့်မြောက် မွေးနေ့မင်္ဂလာအကြောင်း အထောက်ပံ့ပြု၍ ပါရမီကုသိုလ် ကောင်းမှု ရတနာကျောက်တို့ကို များများကြီး စုဆောင်းသိမ်းဆည်းလိုက်တဲ့ ကုသိုလ်စေတနာ အဖြာဖြာတို့ကြောင့်၎င်း။ ဝိသုဒ္ဓိနတ်လို့ခေါ်တဲ့ ဘုရားပစ္စေကာ အရိယာ အဂ္ဂ သာဝကအပေါင်း ရဟန္တာမအပေါင်း သူတော်ကောင်းကြီးတွေ ဖြစ်ရာ ဖြစ်ကြောင်း ရတနာတွေကို ဆတက်ထမ်းပိုး တိုးတက် အားထုတ် သိမ်းဆည်းနိုင်တဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ ဖြစ်ကြပါစေ ကုန်သတည်း။

ဤရတနာမျိုးတွေကို သူတော်ကောင်းရတနာမျိုးတွေကို များများကြီး အကြောင်းသင့်တိုင်း အခွင့်သင့်တိုင်း၊ ဆင်ခြေအမျိုးမျိုး၊ အကြောင်း အမျိုးမျိုးပြပြီးတော့ ကိုယ့်ကိုယ်ကိုပင် ဆုံးမ, အားထုတ်, ကောက်ယူနိုင်တဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ ဖြစ်ကြကုန်လျက်၊ ထိုကဲ့သို့ ကောက်ယူ နိုင်သော အမျိုးကောင်းသား, အမျိုး ကောင်းသမီးတို့ နောက်ဆုံးပန်းတိုင်အနေဖြင့် လှမ်းကိုင် တက်ရောက်အပ် သိမြင်အပ် ရယူအပ်သော နိဗ္ဗာနဓာတ် တရားတော် မြတ်ကြီးကို လျင်မြန် ဆောစွာ ရောက်ကြရ, ရကြရ, မြင်ကြရပါလိုကုန်သောဟူ၍ ပတ္ထနာ အောင်ဆု ပြုကြကုန်ရာသတည်း။

သာဓု…. သာဓု…. သာဓု…. ပါဘုရား။

## အမရပူရမြို့ သတ္တဌာနဘုရားပွဲတော်၌ ဟောကြားအပ်သော

# အပြန်လမ်းတရားတော်

လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကျော်ဆီတုန်းက၊ ဒီနေရာ, ဒီဌာန, ဒီပလ္လင်မျိုး ပေါ်မှာပဲ၊ ဘုန်းကြီးတို့ နေထိုင်ပြီးတော့ အောင်ခြင်းရှစ်ပါး တရားတော်ကို စတင်ပြီးတော့ ဘုန်းကြီးဟောခဲ့ပါတယ်၊ ဘုရားပွဲတော်ကြီးက သတ္တဌာနဘုရား ပွဲတော်ကြီးလို့၊ အမရပူရ မြို့မရပ်ကွက် အသီးသီး ရှိသမျှ ရှိရှိသမျှ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေနှင့်တကွ၊ မန္တလေးမြို့, တရုတ်တန်း, ရွှေတော်ပြေးဝင်း, တမာကုန်း, ကမ္ဗဝါတန်း အစရှိသော စပ်ရာစပ်ရာ ပါရမီဆက် ပဋ္ဌာန်းဆက်ရှိကြတဲ့ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေ၊ ကျောက်ဆည် မြို့က ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေ၊ အဲဒီလိုအားဖြင့် အမရပူရမြို့ အနေနဲ့ ပြောမယ်ဆိုရင်လည်း တစ်မြို့လုံးလောက်၊ ရပ်ကွက်ပေါင်းစုံက ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေရဲ့ ပူဇော်ကန်တော့ကြတဲ့ ဘုရားပွဲကြီး။

သတ္တဌာန ဘုရားပွဲ၊ သတ္တဆိုတာ-ခုနစ်၊ ဌာန-တည်ရာဌာန ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဘုရားဖြစ်တော်မူစ တစ်ဌာန, တစ်ဌာနမှာ ခုနစ်ရက်, ခုနစ်ရက် စံနေတော်မူပြီးတော့ သီတင်းသုံးတော်မူပြီးတော့ သမာပတ်ဝင်စားခြင်း, တရားတော်တွေကို ဆင်ခြင်သုံးသပ်ခြင်း, တရားဟောခြင်းအစရှိတဲ့ အမှုတွေကို ပြုတော်မူသွားတာမို့လို့ သတ္တ ဌာန ဘုရားပွဲ....လို့ ဘုရားရှင်ကိုတော်မြတ်ကြီးကို ရည်မှန်းပြီးတော့ ပူဇော်ကြတဲ့ထဲမှာ ပထမဆုံးသတ္တာဟက ဗောဓိသတ္တာဟ. ဗောဓိ သတ္တာဟဆိုတဲ့အတိုင်း ဗောဓိညောင်ပင် ရွှေပလ္လင်မှာ, မာရ်နတ်ရန်ကို အောင်မြင်တော်မူတဲ့၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို အာရုံပြုပြီးတော့ ပူဇော်နိုင်အောင်ဆိုပြီးတော့ ဗောဓိသတ္တာဟရယ်လို့ ပထမ ဆုံးသတ္တာဟ၊ ခုနစ်ရက်စံနေတော်မူတဲ့ဌာန ပါခဲ့တာဖြစ်တော့၊ အဲဒီ ဗောဓိသတ္တာဟကိုလည်း ပူဇော်ရင်းနဲ့ အောင်ခြင်းရှစ်ပါးတရားရဲ့ အစလည်းဖြစ်ရအောင် ဆိုပြီးတော့၊ ဘုန်းကြီးတို့ အောင်ခြင်းရှစ်ပါး ဂါထာနဲ့ ဒီနေရာကနေပြီးတော့ ဖွင့်ပြီး တရားဟောခဲ့ပါတယ်၊

အဲဒီ ဟောခဲ့တဲ့တရားဟာ အခုချိန်မှာတော့ တိက်ခွေသာမကတော့ပဲနဲ့ စာအုပ် ကျမ်းစာအုပ်တအုပ်အဖြစ် ရောက်ရှိပြီးတော့နေ၊ ဒီကြားထဲမှာတော့ အကြောင်းအားလျော်စွာ ဘုန်းကြီးတို့ရဲ့ မအားလပ်မှုတွေရော, အကြောင်းကြောင်း တွေကြောင့် တရားပွဲမဖြစ်မြောက်ဘဲ နေခဲ့ရာက၊ အခု အနှစ်နှစ်ရာမြောက် ဘုရားပွဲ ဗုဒ္ဓပူဇနိယ အနှစ် နှစ်ရာမြောက် ပူဇော်ပွဲ၊ ဒီပွဲကြီးကို အကြောင်းပြုပြီး တော့ အနှစ် နှစ်ရာမြောက်, အကြိမ်နှစ်ရာမြောက် ရောက်သည်အထိ၊ အားလုံး သော ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေက ဆက်လက်ပြီးတော့ ဘုရား ကိုယ်တော်မြတ်ကြီးအားပူဇော်, တရားတော်မြတ်တွေပူဇော်, သံဃာတော် အရှင်မြတ်တွေပူဇော်, သံဃာတော်တစ်ထောင်ကျော် တစ်ထောင်ကျော်တို့ကို ပူဇော်တဲ့ ကောင်းမှုမင်္ဂလာပွဲကြီး အနှစ်နှစ်ရာ မြောက်ရောက်လာသဖြင့်၊ တပည့်တော်တို့ အထူးတလယ် တရားပွဲများ ဆင်နွှဲကျင်းပပြီးတော့ ပူဇော် လိုပါတယ်....လို့ လျှောက်ထားလို့၊

အခု ဒီနေ့ည ဘုန်းကြီးက ပွဲဦးထွက်ဟောရမယ်၊ နက်ဖြန်ခါကြတော့ တောင်စလင်း ဘာဝနာတိုက်သစ်, ဝါခင်းကုန်းဆရာတော် ဦးတိက္ခချီးမြှင့်မယ်၊ နဂိုတုန်းကတော့ သုံးညပေါ့၊ မနေ့ညလိုက ဘုန်းကြီးကဟောပြီးတော့ ဒီနေ့ညလို ဦးတိက္ခချီးမြှင့်ပြီးတော့ နက်ဖြန်ညလိုမှာ သီတဂူဆရာတော် နာမည်ကျော်, နိုင်ငံကျော်, ကမ္ဘာကျော် သီတဂူဆရာတော် ချီးမြှင့်ဖို့ ဆိုပြီးတော့ ဂေါပကအဖွဲ့, တရားပွဲဖြစ်မြောက်ရေး ဒကာဦးထွန်းရှိန်တို့ ခေါင်းဆောင်တဲ့ အဖွဲ့ဝင်များက ကြိုးစားကြသော်လည်းပဲ၊ ဆရာတော်က တရားပွဲစဉ်တွေ ရက်တွေက လက်ခံ ထားတာဖြစ်နေလို့ မရတော့လို့၊ အခု ဒီကနေ့ညရယ် မနက်ဖြန်ညရယ် နှစ်ည၊ တရားပွဲဖြင့် ဓမ္မဒါနပြုပြီးတော့ ပူဇော်လိုပါတယ်ဆိုလို့၊ အခု ဘုန်းကြီးက သတ္တဋ္ဌာနဘုရား ပူဇော်ပွဲကြီးကို အခြေခံ အကြောင်းပြုပြီးတော့ ဖြစ်ပေါ်လာတဲ့ တရားပွဲမို့လို့၊ လွန်ခဲ့တဲ့ဆယ်နှစ်ကျော်က ဖွင့်ခဲ့တဲ့ အောင်ခြင်းရှစ်ပါးဂါထာနဲ့ပဲ ဒီတရားပွဲကို ဖွင့်မှာဖြစ်လို့။—

**မာရံ ယက္ခံ ဂဇံ စောရံ, စိဥ္စမာနဥ္စ သစ္စကံ၊**
**နာဂံ ဗကံ ဇိနော ဇိနိ, ဟောတုမေ ဇယမင်္ဂလံ။**

ဇိနော–အောင်သူတကာတို့၏အထွဋ်, တမွတ်ဥသျှောင်, ဘုန်းခေါင်ဘုန်းဖျား, ငါတို့မြတ်စွာဘုရားသည်၊ မာရဇ္ဇ–ဂိရိမေခလာ, ဆင်မဟာကို, လျင်စွာတက်စီး, ပလ္လင်နီးဝယ်, လေကြီးမိုးကြီး, ပြာပူ မီးနှင့်, မှောင်ကြီးတစ်တန်, ဓားလှံမကြွင်း, ပစ်ခတ်ခွင်းလျှက်, အချင်း သိဒ္ဓတ်, ပလ္လင်မြတ်မှ, အမြန်ထလော, စိမ်းမြည်ိုလွှင်, ဗောဓိပင်နှင့်, ပလ္လင်တော်ကား, ထင်အရှားပင်, သင်ကားမဆိုင်, ငါသာပိုင်ဟု, ဆွဲကိုင်လက်နက်, ရဲစစ်မက်ဖြင့်, အောက်ထက်ဝန်းရံ, သောသော ညံအောင်, အသံဟစ်ကြွေး, မယဉ်ကျေးသည့်, ရန်ဘေးတစ်သင်း, မာရ်နတ်မင်းကိုလည်းကောင်း။

ယက္ခဥ္စ–ဓားမိုးလှံမိုး, မီးကျီးမိုးကို, ရွာဖြိုးသွန်းချ, ယမ်းမီးကျသို့, ကောဓပြင်းထန်, ငါ့ဗိမာန်မှ, အမြန်ထွက်သွား, နှင်ရက်အားသည့်, တရားကင်းကွာ, ကြမ်းကြုတ်စွာသား, အာဠာဝက, တေဇထန်ပြင်း, ဘီးလူးမင်းကိုလည်းကောင်း။ ဂဇဥ္စ–အစွယ်ထက်ချွန်, အရက်မွန်လျှက်, အလွန်ဆိုးညစ်, အမုန်ယစ်၍, ရှင်ချစ်သေဌ်နင်း, သုံးလူ့မင်းကို, **အတင်းအကြပ်**, ဝိညာဉ်ပြတ်အောင်, ထိုးသတ်အံ့ငှာ, ရေးရှုလာသည့်, နာဠာဂိရိ, တောင်ရှိနီးနီး, ဆင်ပြောင်ကြီးကိုလည်းကောင်း။

စောရဥ္စ–ခရီးဝေးကွာ, ယူဇနာကို, လျင်စွာပြေးစွမ်း,တောမြိုင်တန်းက, လူဖမ်းလက်ဖြတ်, သေအောင်သတ်၍, နန်းရပ်ကကျော်, မွေးမယ်တော်ကို, မြင်သော်စိုက်စိုက်, ဓားဖြင့်လိုက်၍, မကိုင်မှထွင်မှတင်, ဘုရားရှင်ကို, အသင်ရှောင်ဝေး, ဘယ့်ကြောင်းပြေးဟု, ဓားရေးပြကာ, သတ်မည့်လာသား, လွန်စွာဆိုးဘိ, အင်္ဂုလိမာ် သူခိုးကျော်ကိုလည်းကောင်း။ စိဥ္စမာနဥ္စ–အလွန်ကောက်ကျစ်, တိတ္ထိညစ်တို့, အပြစ်ရှာကြံ, မကောင်းဉာဏ်ဖြင့်, စီမံဆုံးဖြတ်, စေလွှတ်လတ်၍, ပရိသတ်ထဲ, အရှက်ကွဲအောင်, စွပ်စွဲတတ်စွာ, စိဥ္စမာဟု သညာ ဖော်ထုတ်, မိန်းမယုတ်ကိုလည်းကောင်း။ သစ္စကဥ္စ–မစင်မဖြူ, မိစ္ဆာယူဖြင့်, မည်သူကိုမျှ, မာန်မချဘဲ, ဝါဒချင်းပြိုင်, သူကပိုင်အောင်, အနိုင်လွှမ်းမိုး, အယူဆိုးသည့်, တိတ္ထိမျိုးမိုက်, သစ္စကပရိဗိုဇ်ကိုလည်းကောင်း။

နာဂဥ္စ–ဒေါသလွှမ်းမိုး, မျက်စောင်းထိုးက, အရိုးကြေမွ, ဖွဲပြာကျသို့, တေဇထန်ပြင်း, နန္ဒောပနန္ဒနဂါးမင်းကိုလည်းကောင်း။ ဗကဥ္စ–ဉာဏ်မြင်ကင်းကွာ,

နိစ္စသာဟု, မိစ္ဆာလွှမ်းမိုး, အယူဆိုးသည့်, တနိုးအရောင်, ထိန်ပြောင်ညီးညီး, ဗကပြဟ္မာကြီးကိုလည်းကောင်း။ အဇိနိ-ဒိဋ္ဌိကိုချ, ဒေါသကိုပယ်, မာန်စွယ်ကိုချိုး, သဒ္ဓါဖြိုးလျက်, ရှိခိုးတုပ်ကွ, ပြားပြားကျအောင်, ဆုံးမသွန်သင်, အောင်ပွဲတော် ယင်ခဲ့လေပြီ။ တံ ဗုဒ္ဓံ-အောင်သူတကာတို့၏ထိပ်တင် အောင်ဘုရင်မကုဋ္ဌ အောင်တုလ သင်းကျစ် အောင်ဓမ္မရစ်ထွင့်ထား ထိုအောင်တော်မူမြတ်ဘုရားကို၊ မေ-ခန္ဓာငါးခု ပေါင်းစုမည့်ခေါ် ဘုရားတပည့်တော် တပည့်တော်မတို့က၊ ဝန္ဒေ ဝန္ဒာမ-သဒ္ဓါညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ကြပါကုန်၏ မြတ်စွာ ဘုရား။

သာဓု.... သာဓု.... သာဓု....

အောင်ခြင်းရှစ်ပါးထဲမှာ နံပါတ်(၁) မာရ်နတ်မင်းရဲ့ရန်ကို အောင်မြင်တော်မူပုံ....လို့ မာရ်နတ်မင်းရဲ့ရန်ကို အောင်မြင်တော်မူတဲ့ အောင်ခြင်းတရားကြီး ရှေ့ထိပ်ဆုံးကနေပြီးတော့ ပါတော်မူခဲ့တာဖြစ်တော့၊ ဒီမာရ်နတ်မင်းရဲ့ရန်ကို ဖြိုခွင်းတော်လှန် အောင်မြင်တော်မူတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ ဘယ်နေရာ, ဘယ်ဒေသက မာရ်နတ်ရန် အောင်တော်မူခဲ့ပါလဲ ဆိုရင်ဖြင့်၊ ဒီနေ့ အားလုံးသော ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေ၊ အနှစ် နှစ်ရာပြည့်မြောက် ရောက်သည်အထိ ပူဇော်ပွဲကြီး၊ အနှစ်နှစ်ရာပြည့် ဘုရား ပူဇော်ပွဲကြီး ဆင်နွဲကျင်းပတဲ့အထဲမှာပါတဲ့ သတ္တဋ္ဌာနထဲက ပထမဆုံးသတ္တာဟ ဖြစ်တဲ့ ဗောဓိသတ္တာဟခေါ်တဲ့ ဗောဓိပင်နှင့်ရွှေပလ္လင် အောင်မြင်တော်မူတဲ့ သတ္တာဟမှာ မာရ်နတ်ရန်ကို အောင်မြင်တော်မူခဲ့တယ်၊

အဲဒီ မာရ်နတ်ရန်ကို အောင်မြင်တော်မူခဲ့တဲ့ ဗောဓိသတ္တာဟ အပါဝင် ဒီနေ့ သတ္တဋ္ဌာန ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား တတ်စွမ်းသမျှ မိမိတို့ ပန်း, ရေချမ်း, ဆွမ်း, ဆီမီးအသီးသီးသော ပူဇော်ဖွယ်တို့ဖြင့် ပူဇော်ကြ၊ ဘုရားသားတော် သံဃာတော်အရှင်မြတ်တွေကို လှူဒါန်း ကော်ရော် ပူဇော်ကြတဲ့ပွဲမှာလို့ အဲဒီ ဘုရားရဲ့ မာရ်နတ်အောင်မြင်တော်မူပုံ အာရုံပြုပြီး ....တော့၊ ခုနကလို ဘုန်းကြီးတို့လို ဂါထာတွေ အနက်တွေနဲ့ ရွတ်ဖတ်သရဇ္ဈာယ်ပြီးတော့

မပူဇော်နိုင်သည့်တိုင်အောင်၊ အကျဉ်းချုပ် ပူဇော်နိုင်အောင်ဆိုပြီးတော့ ဘုန်းကြီးတို့ လင်္ကာလေးများ သီကုံးပြီးတော့ ချပေးပြီး ဘုရားအာရုံပြုရအောင်, ဘုရားကို ပူဇော်နိုင်အောင်၊ ဘုရားပူဇော်ခြင်းဖြင့် အောင်သူတကာတို့၏ထိပ်တင် အောင်ဘုရင်မကုဋ အောင်တုလသင်းကျစ် အောင်ဓမ္မရာဇ်ထွဋ်ထား အောင်တော်မူ မြတ်စွာဘုရားကြီးကို ပူဇော်ခြင်းကြောင့် မိမိတို့မှာလည်းပဲ အောင်ခါတ်တွေ ကူး....ပြီးတော့ လောကီကိစ္စတွေလည်းအောင်, လောကုတ္တရာကိစ္စတွေလည်း အောင်, ရောင်းရေးဝယ်ရေးတွေလည်းအောင်, လုပ်ရေးကိုင်ရေးတွေလည်းအောင်, ပညာရေးတွေလည်းအောင်, စီးပွားရေးတွေလည်းအောင်ဆိုတဲ့ အောင်ခါတ်တွေ ကူးရအောင်၊

ကိုင်း–ဘုန်းကြီးတို့ ပထမဆုံး အောင်ခါတ်သခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို ရှိခိုးကြရအောင် လက်အုပ်ကလေးတွေချီပြီးတော့၊ ဘုန်းကြီးချပေးတဲ့ လင်္ကာလေး လိုက်ဆိုရင်းနဲ့ အောင်မြင်တော်မူတဲ့ ဘုရားရှင် ကိုယ်တော်မြတ်ကို ရှိခိုးကန်တော့ကြရအောင်။

❖ **မာရ်ညစ်ရန်ဆိုး, ဖျက်ချိုးအောင်မြင်၊**
**ဘုန်းတော်ရောင်လျှမ်း, အောင်ပန်းသခင်။**
**လက်စုံမိုး၍, ရှိခိုးဦးတင်၊**
**အောင်စေကြောင်း, ဆုတောင်းပဏာဆင်။**

ဒကာ–ဒကာမတွေ အားထုတ်ပြုလုပ်နေတဲ့ ကိစ္စကြီးငယ် အသွယ်သွယ် အောင်မြင်ချင်ကြရင်၊ မိမိလုပ်ငန်း ကိုင်တာတွေမှန်သမျှ ချောမောပြေပြစ် အောင်မြင်ချင်ကြရင်၊ ပြေပြစ်ညက်ညော ချောမောပြီးတော့ အောင်မြင်ချင်ကြရင်၊ အောင်ခါတ်သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ညအိပ်ရာဝင်တစ်ကြိမ်, မနက်အိပ်ရာနိုးတစ်ကြိမ်, ယခုနက ပြဆိုခဲ့တဲ့ လင်္ကာလေးထဲက ဘယ်လင်္ကာပဲရရ အခု သတ္တဋ္ဌာနဘုရား ပူဇော်ပွဲမှာ ထိပ်ဆုံး အာဒိကမ္မိက ဗောဓိပင်နှင့်ရွှေပလ္လင် အောင်မြင်တော်မူတဲ့ မာရ်နတ်ရန် အောင်မြင်တော်မူတဲ့ ဘုရားရှင်ကိုယ်တော်မြတ် ကြီးကို အာရုံပြုပြီးတော့ နှုတ်ကလည်း ရွတ်, နှုတ်ကရွတ်သည်နှင့်တစ်ပြိုင်နက်

စိတ်က ဒီထဲမှာနေ, စိတ် ဒီထဲမှာနေသည်နှင့်တစ်ပြိုင်နက် ဘုရားရှင်ကိုယ်တော်မြတ်ကြီးနဲ့ စိတ်နဲ့တွေ့, ဘုရားနဲ့စိတ်နဲ့ပူး, ဘုရားနဲ့ စိတ်နဲ့ယှဉ်, ဘုရားထဲမှာ စိတ်ကဝင်, စိတ်ထဲမှာ ဘုရားကတည်,

အဲဒီ တည်တဲ့ဘုရားကလည်း သာမန်ဘုရားမဟုတ်ဘူး၊ ယခုနက ပြောဆိုခဲ့တဲ့ လက်ခြောက်ဖက်နှင့် လက်နက်ပေါင်းစုံကိုင်ပြီးတော့ **နောက်က** ၊အခြွေရံ သင်းပင်း, နဂါး, ဂဠုန်, ကုမ္ဘဏ်, ယက္ခ, မိချောင်း, **မကုဋ်ရဲ့ကျိုက်အစရှိတဲ့** တပ်ပေါင်းစုံ, ဘီလူးတပ်ပေါင်းစုံ၊ ကုမ္ဘဏ်တပ်ပေါင်းစုံ, နဂါးတပ်ပေါင်းစုံ, ရက္ခိုသ် တပ်ပေါင်းစုံ, နောက်ပါ တပ်ပေါင်းစုံနဲ့ ဘုရားကိုဝိုင်းပြီးတော့ ရန်ပြုခဲ့တဲ့ **မာန်နတ်ကို** အောင်တော်မူတဲ့ ဘုရားကိုယ်တော်မြတ်ကြီးကို အာရုံပြုပြီးတော့၊ ရှိခိုးလိုက်တာ ဖြစ်တော့ မိမိစိတ်ထဲဝင်လာတဲ့ ဘုရားက၊ အောင်ဓာတ်တွေ ကိန်းနေတဲ့ ဘုရား၊ မိမိစိတ်နဲ့ ဖူးလိုက်ကြတဲ့ဘုရားက အောင်ဓာတ်တွေ ကိန်းနေတဲ့ ဘုရားလို့ ဆိုတော့—အဲဒီဓာတ်တွေကူး, ဘုရားရဲ့တန်ခိုးတွေ ကူး, ဘုရားရဲ့သတ္တိတွေ ကူး, ဘုရားရဲ့အရှိန်တွေ ကိုယ်မှာကူးပြီးတော့ အောင်စရာရှိတာတွေ အောင်နိုင်တယ်၊ ချောချောမောမော ပြီးပြတ် ပြေငြိမ်းပြီးသကာလ အောင်မြင်စရာရှိတာတွေ အောင်နိုင်တဲ့ သတ္တိရှိတာမို့လို့ ရှိခိုးကန်တော့တဲ့ လင်္ကာလေးနဲ့ ရှိခိုးကန်တော့ရင်း အောင်ခြင်း တရား အရယူရအောင်မို့လို့ ပြန်ဆိုလိုက်စမ်းပါ။—

❖ **မာရ်ညစ်ရန်ဆိုး, ဖျက်ချိုးအောင်မြင်၊**
**ဘုန်းတော်ရောင်လျှမ်း, အောင်ပန်းသခင်၊**
**လက်စုံမိုး၍, ရှိခိုးဦးတင်၊**
**အောင်စေကြောင်း, ဆုတောင်းပဏာဆင်။**

အဲဒီလိုအားဖြင့် မာရ်နတ်ကို အောင်တော်မူခြင်း, အာဠာဝက ဘီလူးကို အောင်တော်မူခြင်းစသည်ဖြင့် အောင်ခြင်းရှစ်ပါးဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ ဘုန်းတော်အနန္တ, ဂုဏ်တော်အနန္တ, ဉာဏ်တော် အနန္တ, ကရုဏာတော်အနန္တ, သိဒ္ဓိတော်အနန္တ, တန်ခိုးတော်အနန္တသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရည်စူးပြီးတော့—

အမရပူရမြို့, ရပ်ကွက်ပေါင်းစုံမှာ နေထိုင်ကြတဲ့ ဒကာ–ဒကာမ အပေါင်း သူတော်ကောင်းတို့ကလည်းကောင်း၊ ပါရမီဆက်, ပဋ္ဌာန်းဆက်ရှိကြတဲ့ မန္တလေးမြို့

ရှေ့တော်ပြေးဝင်း, တရုတ်တန်း, ကမ္ဘဝါတန်း, တမာတန်း, တမာကုန်းအစရှိတဲ့ ရပ်ကွက်အသီးသီးက ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတို့အား လည်းကောင်း၊ ကျောက်ဆည်မြို့ ရပ်ကွက်အသီးသီးက ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတို့အားလည်းကောင်း၊ ယ္ခုနှစ်အနေနဲ့ အနှစ်နှစ်ရာမြောက် အကြိမ်ပေါင်း နှစ်ရာမြောက် ပူဇော်တဲ့အနေနဲ့ သတ္တဋ္ဌာနဘုရား ပူဇော်ပွဲကြီး၊

ကိုင်း–အဲဒီလိုအားဖြင့် အမရပူရမြို့ ဘုရားပွဲတော်ပေါင်း အသီးသီး ပူဇော်ကြတဲ့အထဲမှာဖြင့် အကြီးကျယ်ဆုံး ဘုရားပွဲတော်ကြီးလို့ ရာဇဝင် သမိုင်းနဲ့ ချီးပြီးတော့ ကျော်ကြားလာခဲ့တဲ့ သတ္တဋ္ဌာနဘုရားပွဲတော်ကြီး၊ သံဃာတော် အရေအတွက်ပေါင်း အလှူခံသံဃာတော်ပေါင်း တစ်ထောင်ခုနစ်ရာကျော်မို့လို့ သံဃာအရေအတွက် အလှူခံပင့် သံဃာလည်း အများဆုံး။ ပူဇော်ကြတဲ့ ဒကာ–ဒကာမတွေကလည်းပဲ အမရပူရမြို့ ရပ်ကွက် ပေါင်းစုံအပြင် မန္တလေး ရှေ့တော်ပြေးဝင်း, တရုတ်တန်း, တမာကုန်း, ကမ္ဘဝါတန်းနှင့်တကွ ကျောက်ဆည်မြို့တို့က အပါဝင်၊ ပူဇော်ကြတဲ့ ဆွမ်းလောင်းပွဲကြီးမို့လို့ အကြီးအကျယ်ဆုံးဖြစ်တဲ့ ဆွမ်းလောင်းပွဲကြီး၊

အဲ–ပူဇော်ရာဌာနကလည်းပဲ သတ္တဋ္ဌာနဘုရား ပွဲတော်လို့ဆိုတဲ့အတိုင်း သတ္တဋ္ဌာန ဘုရားကိုယ်တော်မြတ်ကြီး ခုနစ်ဌာန, ခုနစ်လီ, ခုနစ်နေရာမှာ, ခုနစ်ရက်, ခုနစ်ရက်စီ သီတင်းသုံးပြီးတော့ သွားတဲ့နေရာ၊ သီတင်း သုံးတော်မူခဲ့တဲ့ ဘုရားကိုယ်တော်မြတ်ကြီးများကို ပူဇော်ရတဲ့ပွဲ၊ ဒီပြင် ရပ်ကွက်တွေက ပူဇော်ရင်၊ ဘုရားတစ်ဆူကိုယ်ပဲ ပူဇော်တန် ပူဇော်ပါလိမ့်မယ်၊ သို့မဟုတ် ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဗောဓိပင်နှင့်ရွှေပလ္လင်တော်မှာ သီတင်းသုံးနေတာ၊ သို့မဟုတ် တရား ဟောဘို့ရာ ပရိသတ်အလယ် တရားဟောဘို့ ထိုင်တဲ့ပုံ၊ တစ်ခုလောက်ပဲ. တစ်ဌာနလောက်ပဲ, တနေရာလောက်ပဲ ပူဇော်ကြမှာများတယ်၊

အခု ဒီနေ့ ပူဇော်ကြတဲ့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေ ပူဇော်ကြတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ပူဇော်ဘွယ်ရာက သတ္တဋ္ဌာနဆိုတဲ့ အတိုင်း၊ ခုနစ်ဌာန, ခုနစ်လီ, ခုနစ်နေရာတို့မှာ ဘုရားကိုယ်တော်မြတ်ကြီး

သိတင်းသုံးတာကို ရည်မှန်းပြီးတော့ ပူဇော်ရတာ ဖြစ်တော့၊ လယ်ကေ တကေထဲ စိုက်ပျိုးရတာနဲ့ လယ်ကေ ခုနစ်ကေ စိုက်ပျိုးရတာ မတူသလို၊ လယ်ကေ တကေထဲ စိုက်ပျိုးလိုက်လို့ ထွက်လာမယ့် စပါးသီး, ပဲသီး, နှမ်းသီးအစရှိတဲ့ အသီးအနှံနဲ့ ခုနစ်ကေထဲမှာ စိုက်လိုက်ပျိုးလိုက်လို့ တိုးထွက်လာမယ့် အသီးအနှံတွေဟာ အထွက်ခြင်းမတူကြသလို....တဲ့၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ခုနစ်ဌာန, ခုနစ်နေရာမှာ သိတင်းသုံးတော်မူသွားတဲ့ နေရာဌာနကို အာရုံပြုပြီးတော့၊ ဒီနေ့ လှူဒါန်း ကော်ရော် ပူဇော်သမှုကိုပြုကြတယ်၊

နှစ်ပေါင်းနှစ်ရာကျော်ခဲ့တဲ့ သတ္တဌာန ဘုရား ဘယ်သူပူဇော်သွား ပါတုန်း, ဘယ်ခေတ်က ဘယ်မင်းခေတ်က တုန်းဆိုရင်ဖြင့် ဘိုးတော်မင်းတရားလက်ထက်၊ ဘုန်းကြီးတို့ သမိုင်းကြောင်းလေး ဒီနေရာမှာပဲ အကျဉ်းချုပ်ပြောခဲ့တဲ့အတိုင်း၊ ပြန်ပြီးသတိရအောင် ပြောရမယ်ဆိုရင်၊ သတ္တဌာနကိုပူဇော်ခဲ့တာက အမတ်ကြီး ဦးပညာ ကသဲဈေး ဈေးကောက်အမတ်ကြီး ဦးပညာလို့ သမိုင်းမှာ ဆိုပါတယ်လို့ ဘုန်းကြီးတို့ စာတစ်အုပ်ပေတစ်တန်နဲ့တော့ မတွေ့ရသော်လည်းပဲ၊ ဘုန်းကြီးတို့ ဒီ အမရပူရမြို့ ရှေးဟောင်းသုတေသနမှာ ဝါသနာပါပြီးတော့ စာတွေပေတွေလဲ ရေးနေတဲ့ တောင်လေးလုံးကျောင်းတိုက် ဆရာတော် ဦးပညာထံက တစ်ဆင့် သိရပါတယ်၊

အမတ်ကြီး ဦးပညာ တည်ထားခဲ့တဲ့ဘုရား၊ ဘာပြုလို့ သူက တည်ခဲ့တုန်းလို့ ဆိုတော့ သူ့ကို ဒီသတ္တဌာနဘုရားကပဲ သူ့ကို အမတ်ကြီးရာထူးပေးခဲ့လို့ ဘုရားက ဘယ်နယ်လုပ်ပြီး သူ့ပေးခဲ့တာတုန်း၊ အမတ်ကြီးဦးပညာဆိုတာ အမတ်ကြီး မဖြစ်လာခင်တုန်းက ဟိုး—အင်းဝမြို့ရဲ့ အစွန်အဖျားမှာ ကြိုးကျစ်ပြီး ရောင်းစားရတဲ့ ဆင်းဆင်းရဲရဲ နွမ်းနွမ်းပါးပါး အလုပ်သမားကြီးတစ်ယောက်၊ နွားချည်ကြိုးတွေ ကြိုးကျစ်ပြီးတော့ ရောင်းစားနေရှာတဲ့ အလုပ်သမားကြီး တစ်ယောက်၊ အဲဒီ အခါတစ်ပါးတော့ သူ့မှာ အဲဒီ ကြိုးကျစ်နေရာလာပြီးတော့ အမတ်ကြီး ဦးပေါ်ဦးရဲ့ စုံစမ်းထောက်လှမ်း ချက်အရ၊ အမတ်ဦးပေါ်ဦးရဲ့ ခေါ်မှုအရ၊ နေပြည်တော်ကြီးဖြစ်တဲ့ ဒီ အမရပူရမြို့ကို ရောက်ခဲ့ပါတယ်၊ ရောက်ခဲ့ ရတဲ့အကြောင်းကလည်းပဲ ဘိုးတော်မင်းတရားက မြတ်စွာဘုရားရဲ့

သတ္တဋ္ဌာနခေါ်တဲ့ ခုနစ်ဋ္ဌာန, ခုနစ်လီ သီတင်းသုံးတယ်ဆိုတာ စာထဲမှာ လာတာကို တွေ့ရသော်လည်း၊ အဲဒီ ခုနစ်ဋ္ဌာနဆိုတာ ဘာတွေ ဘာတွေ ဆိုတာကို သူက ဘိုးတော်မင်း တရားကြီးက မသိရှာဘူး၊ မသိတော့ ပညာရှိအမတ်ဦးပေါ်ဦးကို မေးတယ်၊

အဲဒီ ပညာရှိအမတ်ဦးပေါ်ဦး မေးတဲ့အခါ ပညာရှိအမတ်ကြီး ဦးပေါ်ဦး ကလည်း ရုတ်ကနဲ သူက သတိမထားမိတော့၊ ဟိုဟိုဒီဒီ လှည့်လည်စုံစမ်း ထောက်လှမ်းတယ်၊ အဲလို လှည့်လည်စုံစမ်း ထောက်လှမ်းတဲ့အခါကျတော့၊ ခုနက အင်းဝမြို့ရဲ့ အစွန်အဖျားမှာ ကြိုးကျစ်ပြီးတော့ အသက်မွေးဝမ်းကျောင်း ပြုပြီးတော့ နေရရှာတဲ့ ဦးပညာဆိုတဲ့ ဒကာကြီးတစ်ယောက်က၊ ဒီ သတ္တဋ္ဌာန ဘုရားရှိခိုးကို အမြဲရှိခိုးလေ့ရှိတယ်ဆိုတာကို သတင်းကြားလို့ အဲဒီ ဦးပညာကို ခေါ်ပြီးတော့၊ မေးမြန်းစုံစမ်း ထောက်လှမ်းလိုက်တဲ့အခါမှာ၊ ခုသတ္တဋ္ဌာန အကြောင်း ကောင်းကောင်းကြီး ဦးပေါ်ဦး သိရတယ်၊ အဲဒီလို သိရတဲ့အတွက် ဦးပေါ်ဦးက ဘိုးတော်ကို သံတော်ဦးတင်၊

အဲဒီလို ဘိုးတော်ကို သံတော်ဦးတင်လို့မို့၊ ဒီစကား ဘယ်ကရပါတုန်း၊ သတ္တဋ္ဌာနဘုရားအကြောင်း ဘယ်ကရခဲ့သတုန်းလို့ဆိုတော့က ဆက်ပြီးတော့ မေးတော့မှ၊ ဦးပေါ်ဦးက ဟုတ်မှန်တဲ့အတိုင်း ကြိုးကျစ်ရောင်းစားနေရရှာတဲ့ အသက်မွေးဝမ်းကြောင်းပြုနေရှာတဲ့ ဦးပညာဆိုတဲ့ ဆင်းရဲနွမ်းပါးတဲ့ ဒကာကြီးတစ်ယောက်ထံက ရတဲ့အကြောင်း၊ အဲဒီလို သံတော်ဦး တင်လိုက်တဲ့ အခါမှာ ဘိုးတော်က ငါကဲ့သို့ ဘုရား, တရား, သံဃာ, ရတနာသုံးပါး ကြည်ညိုကိုးကွယ်တဲ့ မင်းတရားလက်ထက်မှာ၊ အခုလို သတ္တဋ္ဌာနဘုရားရှိခိုးကို အမြဲရှိခိုးပြီးတော့၊ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်နေတဲ့ အမျိုးကောင်းသား တစ်ယောက်၊ တိမ်ငုတ်ပျောက်ကွယ်ပြီးတော့ မသွားသင့်ဘူး....၊ အညတြ သာမညအဖြစ်နဲ့ ဘဝလမ်း မဆုံးထိုက်ပါဘူးလို့၊ ရတနာကို ရတနာမှန်းသိသိ ဘိုးတော်ကလည်း သိတာမို့လို့ အမတ်ကြီးအဖြစ်နဲ့ ဦးပညာကိုခေါ်ပြီးတော့ အမတ်ရာထူး ပေးပြီးတော့ အမတ်ကြီးအဖြစ်နဲ့ ချီးမြှောက်တယ်တဲ့၊ ဟောဒီ ကသဲချေး ရပ်မှာ နေထိုင်တယ်လို့ သိရပါတယ်၊

အဲဒီလို သူ့ချီးမြှောက်ခံရတော့ ဦးပညာဟာပြန်ပြီးတော့ စဉ်းစား တယ်၊ တောကြိုအုံကြား တောသားတစ်ယောက် ဆင်းရဲနွမ်းပါးစွာနဲ့ အလုပ်လုပ် စားသောက်နေရတဲ့ ငါဟာ၊ ကြီးကျစ်ပြီးတော့ ရောင်းချ စားသောက်နေရတဲ့ ငါဟာ၊ အမတ်ရာထူးနဲ့ ဘယ်နည်းနဲ့မှ မနီးစပ်နိုင်တဲ့ အဖြစ်ကနေပြီး အခုလို အမတ်ကြီးရာထူးနဲ့ နေပြည်တော်ကိုရောက်၊ ဘုရင်မြတ်ရဲ့ ချီးမြှောက်ကော်ရော် ပူဇော်တဲ့အမှုကို ငါ ခံရတာဟာဖြင့်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ သတ္တဋ္ဌာန ခုနစ်ဌာန ခုနစ်လီ သီတင်းသုံးတော်မူတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးများကို ငါ နေ့စဉ် နေ့စဉ် ရှိခိုးပူဇော်တဲ့ ကောင်းမှုစေတနာရဲ့ အကျိုးပေးပဲ ....လို့။

ဟော—ကမ္ဘသကတာ သမ္မာဒိဋ္ဌိနဲ့ ဟုတ်မှန်တဲ့အတိုင်း မြင်သွားတယ်၊ ငါ့ကို အမတ်ကြီးရာထူးပေးတာ ဘိုးတော်ကပေးတယ် ဆိုသော်လည်း ဦးပေါ်ဦးက ခေါ်ပြီးတော့ ပေးတယ်ဆိုသော်လည်း အမှန်စင်စစ်က သတ္တဋ္ဌာန ဘုရားရှင် ကိုယ်တော်မြတ်ကြီးများက ပေးတော်မူတာ ဖြစ်ပါတယ်၊ သတ္တဋ္ဌာန ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို အမြဲရှိခိုးတဲ့ ကုသိုလ်စေတနာတွေက အားကောင်းပြီးတော့ လာတော့၊ အဲဒီ အားကောင်းတဲ့ ကုသိုလ်စေတနာက အကျိုးပေးလိုက်လို့၊ ငါ ဟောဒီ သတ္တဋ္ဌာနဘုရား ရှိခိုးခဲ့ရတဲ့ ကုသိုလ်စေတနာကြောင့် အမတ်ကြီး ရာထူးရပြီးတော့၊ သား, သမီး မြေးမြစ်နှင့်တကွ၊ တင့်တင့်တယ်တယ် ခန့်ခန့် ထည်ထည် စည်းစိမ်ဥစ္စာကြွယ်ဝတဲ့အဖြစ်ကို ရောက်ရပေတယ်လို့၊ သူ့ရဲ့ အကြောင်း ကောင်းနဲ့အကျိုးကောင်းကို ဆက်စပ်ပြီးတော့သိတဲ့ ကမ္ဘသကတာ သမ္မာဒိဋ္ဌိဉာဏ် အခြေခံသဘောပေါက်ပြီး၊ အဲဒီ သတ္တဋ္ဌာန ဘုရားကိုယ်တော်မြတ် ကြီးများကို တည်ထားကိုးကွယ် ပူဇော်မှုပဲလို့ဆိုပြီး။ ဟောဒီ ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ ဒီနေ့ ဘုရားပူဇော်တဲ့ အနှစ်နှစ်ရာပြည့်မြောက်ရောက်သည် အထိ ပူဇော်ခဲ့ကြတဲ့ သတ္တဋ္ဌာနဘုရား စေတီတော်များနှင့်တကွ ရုပ်ပွား ဆင်းတုတော်မြတ်များကို ထည်ထားကိုးကွယ် ပူဇော်ခဲ့ပါတယ်၊ ဒါ သမိုင်း အကျဉ်းချုပ်ပါပဲ၊ သတ္တဋ္ဌာနဘုရားသမိုင်း အကျဉ်းအချုပ်ပါပဲ။

အဲဒီလို အမတ်ကြီး ဦးပညာက ပူဇော်ခဲ့တဲ့အတွက်၊ ဒီနေ့ အမရပူရမြို့ ယနေ့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေရဲ့ ရှေးအထက်ထက်

အဆက်ဆက်က ဖြစ်ပျက်ခဲ့ကြတဲ့၊ အဘိုးတွေ, အဘွားတွေ, ဘေးတွေ, ဘီတွေက စပြီးတော့ မိမိတို့မိဘတွေတိုင်အောင် မိဘတွေမှစပြီးတော့ ဒီနေ့ ဒကာ-ဒကာမတွေတိုင်အောင်၊ သတ္တဌာန ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို လျှုဒါန်းကော်ရော် ပူဇော်ပြီးတော့ လာခဲ့ကြတာ နှစ်ပေါင်းနှစ်ရာမြောက် ရောက်ခဲ့ပြီ....တဲ့၊

အဲဒီလို နှစ်ပေါင်းနှစ်ရာမြောက် ရောက်သည်အထိ ပူဇော်ရခြင်းဖြင့် မိမိတို့ကိုမိမိတို့၊ **"အပြန်ရိက္ခာ လုံလောက်စွာ ပါတဲ့သူတွေ ဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်ပြီးတော့ နေကြတယ်"**လို့ ဒီနေ့ ကောင်းမှု ကုသိုလ်ပြုကြတဲ့ ကုသိုလ်ရှင်တွေက၊ ဒို့တတွေ ဘာလုပ်နေကြပါသလဲဆိုရင်— **"အပြန်ရိက္ခာ လုံလောက်စွာပါအောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်နေကြပါတယ်"**၊

ယနေ့ ဒကာ- ဒကာမအပေါင်းတွေ နေထိုင်တဲ့ လူ့ပြည် လူ့လောကကြီးက၊ သံသရာခရီးကြီးနဲ့ ကြည့်မယ်ဆိုရင် (၃၁) ဘုံ သံသရာ ခရီးကြီးနဲ့ကြည့်မယ်ဆိုရင်၊ ခရီးသွားတွေရဲ့ ခိုနားရာ, ကွန်းထောက်စရာ စခန်းသာကြီးတစ်ခုနဲ့ တူတယ်၊ လူ့ပြည် လူ့ဘုံ လူ့ဌာနကြီးက ခရီးသွားတွေ အတွက် ခိုနားရတဲ့ လမ်းခွတ်လပ်မှာ ခိုနားရတဲ့ ခရီးနားစရာဌာနကြီးတစ်ခုနဲ့ တူတယ်၊ ခရီးနားစရာဌာနကြီး ဆိုလို့ရှိရင် ခရီးသွားတွေ ဝင်လာတဲ့သူတွေကလဲ ဝင်လာမစဲ တသဲသဲ၊ နားလို့, ခိုလို့။ အမောပြေသဖြင့် ခရီးဆက်ပြီးတော့ ထွက်သွားတဲ့သူတွေကလည်း တသဲသဲ၊ ခရီးခိုနားရတဲ့ စခန်းသာကြီးတစ်ခုရှိရင် ဒီစခန်းသာထဲကို ခရီးသွားတွေ ဝင်လာတဲ့သူတွေကလည်း တသဲသဲရှိရသလို၊ ဒီခရီးကြီးကနေ ဆက်ပြီးတော့ လိုရာခရီးကို ဆက်ထွက် ထွက်သွားကြတဲ့ သူတွေကလဲပဲ အမြဲတမ်းရှိသလို....တဲ့။

ယနေ့ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေ နေထိုင်ရာဖြစ်တဲ့ ဒီ (၃၁) ဘုံထဲက လူ့ပြည်, လူ့လောက, လူ့ဘဝ, လူ့ဌာန, လူ့ပြည်ဆိုတဲ့ ဒီခရီးစခန်းသာကြီးထဲမှာလည်း ယခု ဟောဒီ တရား ဟောနေတဲ့အချိန်မှာပဲ

ခရီးသွားတွေအနေနဲ့ ဝင်လာတဲ့သူတွေကလည်း တသဲသဲ၊ လူ့ပြည်၊ လူ့လောကထဲကို အမိဝမ်းခေါင်း ပဋိသန္ဓေတည်နေ ကိန်းအောင်းကာ မွေးဖွားလာတဲ့သူတွေက လူ့ပြည်၊ လူ့လောကထဲ ဝင်လာတဲ့သူတွေလို့ ခေါ်တယ်၊

ဒီတော့ ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ တရားနာရင်းနဲ့ပဲ ခဏလေး စဉ်းစား အာရုံပြုပြီးတော့ မြန်မာနိုင်ငံ တလွှားလုံးရော၊ ကမ္ဘာပေါ်ရှိသမျှ လူသားတွေ နေထိုင်ကြတဲ့ မြို့တွေ၊ ရွာတွေ၊ နိုင်ငံတွေ အသီးသီးမှာရော လှမ်းပြီး အာရုံပြုပြီးကြည့်လိုက်စမ်းပါ။ ဒီလူ့ပြည်၊ လူ့လောကကြီးထဲမှာ အခုလို ဘုန်းကြီးတို့ တရားဟောနေတဲ့အခိုက် ဒကာ–ဒကာမတွေ တရားနာနေတဲ့အခိုက်မှာ လူသားအဖြစ်နဲ့ မွေးဖွားပြီးတော့လာတဲ့သူတွေ ပရိသတ်မရှိနိုင်ဘူးလား? ရှိနိုင်ပါတယ်ဘုရား။ အဲဒါ လူ့လောကထဲကို ဝင်လာကြတဲ့ ခရီးသွားတွေလို့ ခေါ်တယ်။ ဒါဖြင့် ဒီလူ့ပြည်၊ လူ့လောကစခန်းသာကြီးကနေပြီးတော့ ခရီးဆက်ဖို့ရာ ထွက်သွားတဲ့သူတွေလည်း မရှိနိုင်ဘူးလားလို့ မေးရင်ရှိနိုင်တယ်၊ ခရီးထွက်သွားတဲ့ သူတွေဆိုတာ ဘယ်သူတွေတုန်းလို့ ဆိုရင်ဖြင့်၊ လူ့ပြည်၊ လူလောက၊ က နေပြီးတော့ ကွယ်လွန်အနိစ္စ ရောက်သွားကြတဲ့သူတွေ ဘဝပြောင်းသွားတဲ့သူတွေလည်း ပရိသတ်ကြီး အခုတရားဟောနေတဲ့ အချိန်မှာလည်း မရှိနိုင်ဘူးလား? ရှိနိုင်ပါတယ် ဘုရား။

ဒါဖြင့် လူ့ပြည်၊ လူလောကကြီးကို ခရီးသွားတွေရဲ့ ခရီးနားစရာ စခန်းသာကြီးတစ်ခုလို့ သဘောထားခဲ့ရင် ဒီ လူ့ပြည်၊ လူလောကကြီးထဲကို ဝင်လာမစဲ တသဲသဲလူတွေ ရှိကြသလို၊ ဒီ လူ့ပြည်၊ လူ့လောက၊ က နေပြီးတော့ ထွက်ခွာပြီးတော့ ခရီးဆက်ခါသွားနေတဲ့ သူတွေလည်း မရှိနိုင်ဘူးလား? ရှိနိုင်ပါတယ်ဘုရား။ ဒါဖြင့် အဲဒီလူတွေကို အမျိုးအစား ခွဲခြားပြီးတော့ ကြည့်လိုက်ရင်…၊ ဒေသနာမျက်လုံးနဲ့တပ်ပြီး သုံးပြီးတော့ ကြည့်လိုက်ရင် လေးမျိုးလေးစား လေးပါးသော အမျိုးအစားကို တွေ့နိုင်တယ်လို့၊ အားလုံးသော ပရိသတ်ကြီး လိုက်ဆိုလိုက်စမ်းပါ။—

❖ **လာစဉ်ဗလာ၊ ပြန်ဗလာ၊ ထွက်ခွာသူလဲ၊ တစ်ယောက်ပဲ။**

အဲ—လူ့လောက, လူပြည်, လူ့စခန်းသာကြီးဆီကို ဝင်လာစဉ်တုန်းကလဲ ဘာပစ္စည်းမှမပါပဲနဲ့ ဗလာဝင်လာခဲ့ပြီး၊ လူပြည်, လူ့လောက, လူ့စခန်းသာကြီးကနေပြီးတော့ ခရီးဆက်ပြီးတော့ ထွက်သွားတဲ့အခါကျတော့လည်း ဘာပစ္စည်းမှ ပါမသွားတဲ့ လူစားမို့လို့ လာစဉ်ဗလာ လူစား....တဲ့၊ လာတုံးကလဲ ဗလာ, ပြန်တော့လဲ ဗလာမို့လို့၊ ဆိုလိုက်စမ်းပါ—

❖ **လာစဉ်ဗလာ, ပြန်ဗလာ၊ ထွက်ခွာသူလည်း, တစ်ယောက်ပဲ။**

အဲဒါ အရှုံးဆုံးလူပဲ, အဆိုးဆုံးလူပဲ၊ လာစဉ်တုံးကလည်း ဘာပစ္စည်းမှ မပါလာဘူး၊ သူ့မှာ ပြန်ထွက်သွားတော့လည်း ဘာပစ္စည်းမှ ယူမသွားတတ်လို့ မပါသွား။ ဒီတော့ လာတုန်းကလည်း ဗလာ, ပြန်တော့လည်း ဗလာ၊ အလာဗလာ အပြန်ဗလာမို့လို့ (၂) ရှုံးရှုံးပြီးတော့ သွားရတဲ့သူ၊ အဆိုးဆုံးလူ, မကောင်းဆုံးလူ၊ လူအမျိုးအစား အဲ နံပါတ် (၂)ကျတော့-

❖ **လာစဉ်ဗလာ, ပြန်တော့ပါ၊ ထွက်ခွာသူလည်း, တစ်ယောက်ပဲ။**

ဟော လာစဉ်တုန်းကတော့ ဗလာ,လာခဲ့ရသော်လည်း၊ ဘာ ပစ္စည်းမှ မပါခဲ့သော်လည်း၊ အပြန်ကျတော့ ယူတတ်, ငင်တတ်, သိမ်းတတ်, ထုပ်တတ်လို့ တပွေ့တပိုက်ကြီး ပစ္စည်းတွေ သိမ်းဆည်း ပြီးတော့ ပွေ့ထုပ်ယူသွားတတ်တဲ့သူတဲ့၊ ဒါကြောင့် သူက ဒုတိယ အမျိုးအစားလူက လာစဉ်တုန်းကဗလာ ပြန်တော့ပါ ပြန်တော့ပါသွားတယ်တဲ့၊ ယူလို့ဖြစ်တဲ့ပစ္စည်းတွေ ယူတတ်လို့, သိမ်းလို့ဖြစ်တဲ့ ပစ္စည်းတွေ သိမ်းတတ်လို့, ဆောင်ယူတတ်တဲ့ပစ္စည်းတွေ ဆောင်ယူနိုင်လို့ သူ့မှာ ပစ္စည်းတွေ အစုံပါသွားတယ်၊ ဒါကြောင့်—

❖ **လာစဉ်ဗလာ, ပြန်တော့ပါ၊ ထွက်ခွါသူလည်း, တစ်ယောက်ပဲ။**

ဟော (၃) နံပါတ်ကျတော့

❖ **လာစဉ်ကပါ, ပြန်ဗလာ၊ ထွက်ခွါသူလည်း, တစ်ယောက်ပဲ။**

ဟော (၃) နံပါတ်လူကျတော့ လာစဉ်တုံးကတော့ ပါပါရဲ့တဲ့ ပစ္စည်းတွေ အမျိုးစုံ အကုန်ပါတယ်၊ သူ့မှာ ပစ္စည်းတွေ, ဥစ္စာတွေ, တပွေ့တပိုက်ကြီး

ပါပြီးတော့လာတယ်၊ သို့သော် အပြန်ကျတော့ ဗလာပြန်ရရှာတယ်တဲ့၊ ဆက်ပြီးတော့ ပစ္စည်းတွေပါအောင် သူ ယူမသွား တတ်လို့ ယူတတ်တဲ့ အသိဉာဏ်မရှိလို့, ယူတတ်တဲ့ လက်မပါလို့ အပြန်ကျတော့ လူ့ပြည်, လူလောက, လူ့စခန်းသာကြီးက ခရီးဆက် ပြီးတော့ ထွက်တဲ့အခါကျတော့၊ ဗလာပြန် ပြန်ပြီးတော့ သွားရရှာတယ်၊ ဒါကြောင့်–

❖ **လာစဉ်ကပါ, ပြန်ဗလာ၊ ထွက်ခွါသူလည်း, တစ်ယောက်ပဲ။**

ဟော (၄) နံပါတ်ကျတော့–

❖ **လာစဉ်လည်းပါ, ပြန်လည်းပါ၊ ထွက်ခွါသူလဲ, တစ်ယောက်ပဲ။**

လူလေးမျိုးထဲမှာ အကောင်းဆုံးလူက လာစဉ်လည်းပါ, ပြန်လည်း ပါ၊ လာစဉ်တုန်းကလည်း ပစ္စည်းဥစ္စာတွေ အပြည့်စုံပါတယ်၊ လူ့ပြည် လူ့စခန်းကြီးကနေပြီးတော့ ခရီးဆက်ပြီး ထွက်တဲ့အခါကျတော့လဲပဲတပွေ့ကြီး, တပိုက်ကြီးပါသွားအောင် ယူသွားတယ်–တဲ့၊ ယူသွား တတ်လို့ ပါသွားတယ်၊ ဒါ့ကြောင့် အမြတ်ဆုံး, အကောင်းဆုံး လူက ဘယ်လိုလူတုန်းလို့ဆိုရင် ဆိုလိုက်စမ်းပါ။–

❖ **လာစဉ်လည်းပါ, ပြန်လည်းပါ၊ ထွက်ခွါသူလဲ, တစ်ယောက်ပဲ။**

အဲဒါ ဘုရားရှင်လက်ထက်က သက်သေသာဓကထုံးနဲ့ နှစ်လုံးထားပြီး ပြောရမယ်ဆိုရင်၊ အနာထပိဏ် ဝိသာခါတို့ကဲ့သို့သော သူတော်ကောင်းများ ....တဲ့၊ လာစဉ်လည်းပါ ပြန်လည်းပါဆိုတာ – ပါလို့ဖြစ်တဲ့ပစ္စည်း ပါတာပြောတာ၊ အတွင်းပစ္စည်းပါတာ ပြောတာ၊ အတွင်း ပါရမီကုသိုလ်ကောင်းမှုပစ္စည်းတွေ ပါလာရင် အပြင်ပစ္စည်းတွေက ဖန်တီးပြီးတော့ ပေါ်လာတယ်၊ အတွင်းပစ္စည်းပါမှ အပြင်ပစ္စည်းက ပေါ်လာတာ၊ အပြင်ပစ္စည်းဆိုတာ အပြင်ဘက်က အိမ်ယာ, ခြံ, မြေ, ဥယျာဉ်, တိုက်တာတွေ, ရွှေငွေ ဆန်ရေစပါး ဆင်မြင်း, ကျွဲနွားက စပြီးတော့ ဝတ်ထည်ဖျင်စင်းတွေ ဒါတွေကို အပြင်ပစ္စည်းလို့ ခေါ်တယ်။

အတွင်းပစ္စည်းဆိုတာက ဒါနကောင်းမှု, သီလကောင်းမှု, သမထ ကောင်းမှု, ဝိပဿနာကောင်းမှုဆိုတဲ့ ကောင်းမှုပစ္စည်းတွေ ပါရမီ ကုသိုလ် ကောင်းမှုဆိုတဲ့ ပစ္စည်းတွေက အတွင်းပစ္စည်း၊ ဒီတော့ ဝိသာခါ အနာထပိဏ်တို့ လာစဉ်ကလဲပါတယ်၊ ပါတဲ့အကြောင်း ဘယ့်နဲ့လုပ် သိတုန်း ဝိသာခါကျောင်းအမ ပဋိသန္ဓေတည်နေတယ်....၊ သူဟာ သူ့ အမေ အဖေတွေရဲ့ အိမ်ထဲရောက်လာလို့ သူ့ကို ကိုယ်ဝန်ရှိတယ် ဆိုရင်ပဲ၊ ဝိသာခါအမျိုးသမီး သူ့အမေက ကိုယ်ဝန်လွယ် ထားတယ်ဆိုရင်ပဲ၊ ဝိသာခါတို့ရဲ့ အမေ အဖေတွေမှာ စီးပွားဥစ္စာတွေတက် လိုက်တာ....၊ ပစ္စည်းတွေ ဖြစ်လိုက်တာ၊ စိုက်လိုက်ပျိုးလိုက်သမျှတွေကလည်း အောင်အောင်မြင်မြင် အသီးအပွင့်တွေရ, ရောင်းပန်းတွေလှ, ဝယ်ပန်းတွေလှ ဝယ်လို့ရောင်းလို့ကလည်းလှ, ရောင်းရေး ဝယ်ရေးတွေလည်း အဆင်ပြေ၊ ပေးထားတဲ့ ကမ်းထားတဲ့ ကြွေးတွေကလည်း ပြန်မရတော့ဘူး၊ ဆုံးပြီလို့ထားတဲ့ သူတွေဆီကတောင် ပြန်ပြီးတော့ ရောက်လာကြ၊ နောက်ဆုံးကုန်ကုန် ပြောလိုက် ရလို့ရှိရင် အိမ်မှာ မွေးထားတဲ့ နွားမတွေကပင်လျှင် နို့ရည် ခါတိုင်းထက် ပိုပြီးတော့ ထွက်ကြတယ်တဲ့၊ အဲဒါ ဝိသာခါရဲ့ ဘုန်းတံခိုးတေ ဇာ် အာနုဘော် သတ္တိ၊

ဝိသာခါ ကမ္ဘာတစ်သိန်းလုံးလုံး ပါရမီကုသိုလ်ကောင်းမှုတွေ ဖြည့်ဆည်း ပူးပြီးတော့ ပြုလာခဲ့တဲ့ ဒါနပါရမီ ကောင်းမှုအားတွေကြောင့် သူ ဒီအိမ်ထဲ ရောက်လာလိုက်သည်နှင့်တစ်ပြိုင်နက်၊ မမွေးဖွားသေး ပေမယ်လို့ ကိုယ်ဝန်အဖြစ်နဲ့ သူရှိနေလိုက်သည်နှင့်တစ်ပြိုင်နက်, သူ့ဘုန်း, သူ့ကံ, သူ့အရှိန်, သူ့ပါရမီကြောင့် အိမ်မှာ စီးပွားတွေ တက်လိုက်တာ၊ ပစ္စည်းဥစ္စာတွေ တိုးလိုက်တာ၊ ရောင်းလို့ ဝယ်လို့ ရောင်းပန်းဝယ်ပန်းတွေ လှလိုက်တာ, အမြတ်အစွန်းတွေ ရလိုက်တာ, လယ်ယာကိုင်းကျွန်းတွေကလည်း ဖြစ်လိုက်တာ၊ ယခုနက ပြောခဲ့သလို ပေးထား ကမ်းထား မရတော့ဘူးလို့ထင်တဲ့ ကြွေးတွေကတောင် ပြန်ပြီးတော့ လာပေးကြတဲ့ အဖြစ်ကို ရောက်ရတယ်။

အနာထပိဏ်လည်း ထို့အတူပဲ ဒါကြောင့် ဒီလိုပုဂ္ဂိုလ်တွေဟာ လာစဉ်တုန်းကလည်း ပါလာကြတဲ့ပုဂ္ဂိုလ်တွေ....တဲ့၊ ဘုန်းကြီးတို့ ဒကာ-

ဒကာမအပေါင်း သူတော်ကောင်းတွေလည်း ကိုယ့်အိမ်မှာ ကိုယ့်သား, ကိုယ့်သမီး, ကိုယ့်မြေး, ကိုယ့်မြစ် အကဲခတ်ရင်ရနိုင်တယ်၊ တချို့ သားလေးတွေ, သမီးလေးတွေ သူတို့ ကိုယ်ဝန်ရှိတယ်ဆိုကထဲက အိမ်မှာ စီးပွားရေးတွေကောင်း, ရောင်းလို့ဝယ်လို့ကောင်း, လုပ်ငန်း ကိုင်ငန်းတွေ အဆင်ပြေ, ကျန်းမာရေးတွေကောင်းကြ, မိသားစုတွေ ကျန်းမာရေးတွေ အဆင်ပြေကြ, အရာရာ ကောင်းကျိုးတွေချည်းပဲဖြစ်, စီးပွားဥစ္စာတွေ တိုးတက်ပြီးတော့လာ၊ အဲဒီလိုဆိုရင် ဟောဒီသား, ဟောဒီသမီးဟာ ပါရမီဘုန်းကံပါတဲ့ သားသမီးလို့ အကဲခတ်တတ်တဲ့ မိဘတွေက သိကြတယ်၊ အသိအလိမ္မာဉာဏ်ပညာရှိတဲ့ မိဘတွေက အကဲခတ်လို့ရပါတယ်၊

အဲဒီလို အမျိုးကောင်းသား, အမျိုးကောင်း သမီးတွေဟာ လာစဉ်ကလဲ ပါတဲ့သူတွေလို့ ခေါ်ရတယ်၊ ပြန်တော့လဲ ပါသွားတာတော့ အနာထပိဏ် ဝိသာခါတို့ အားလုံးသိကြတဲ့အတိုင်း ပြုလိုက်တဲ့ကောင်းမှုတွေ ဒါန, သီလ, ဘာဝနာကောင်းမှုပြု အရိယာ သူတော်စင်ကြီးတွေ ဖြစ်ပြီးတော့ ပြန်သွားကြတာမို့လို့၊ လာစဉ်ကလည်းပါ ပြန်တော့လည်းပါတဲ့ အကောင်းဆုံးလူစားဖြစ်ကြတဲ့ အနာထပိဏ် ဝိသာခါကျောင်းဒကာ, ကျောင်းအမတွေ အဲဒီနဲ့အလားတူဖြစ်ကြတဲ့ သူတော်ကောင်းတွေ၊ ဒီနေ့ ဒကာ–ဒကာမပေါင်း သူတော်ကောင်းတွေ ဖြစ်ဖို့ အကောင်းဆုံးဖြစ်တဲ့ ဖြစ်သင့်တဲ့၊ လာစဉ်လည်းပါ ပြန်လည်း ပါတဲ့သူတွေ ဖြစ်အောင် ကျင့်ဆောင်နိုင်ရတယ်....တဲ့။ ဒါ အကောင်းဆုံး လူ။

လာစဉ်ကဗလာ,လာခဲ့သော်လည်း၊ အပြန်မှာပါသွားတဲ့ လူ ဆိုတာကို ဘုရားလက်ထက်က သက်သေထုံးနဲ့ ပြောကြမယ်ဆိုရင်ဖြင့်၊ သုမနသူဌေးကြီးရဲ့ အိမ်မှာ ကျွန်ခံပြီးတော့ နေကြရာက နောက်ပိုင်း သူဌေးနဲ့သူဌေးကတော် ဖြစ်သွားတဲ့ မောင်ပုဏ္ဏနဲ့ မယ်ဥတ္တရာတို့ကို သက်သေထုတ်ရပါတယ်၊ မောင်ပုဏ္ဏမယ်ဥတ္တရာလို့ မဂဓတိုင်းကြီး ရာဇဂြိုလ်ပြည်မှာ သူဌေးကြီးသုမနအိမ်မှာ ကျွန်ခံနေရရှာတဲ့ လင်မယား နှစ်ယောက်၊ သူတို့မွေးလာတုန်းကလည်း ကျွန်မသားနဲ့ ကျွန်မသမီး၊ မောင်ပုဏ္ဏကလည်း ကျွန်မတစ်ယောက်ရဲ့သား၊ မယ်ဥတ္တရာကလည်း ကျွန်မတစ်ယောက်ရဲ့သမီး၊ လာဝင်စားကထဲက၊ သူတစ်ပါးရဲ့ အိမ်မှာ အစေအပါး အလုပ်အကိုင် လခရိက္ခာလေးနဲ့နေရတဲ့ ကျွန်မရဲ့သားလို့ ဆိုကထဲက အတွင်းပစ္စည်းမပါတာ သေချာပြီ၊ ပါရမီကုသိုလ်ကောင်းမှု မရှိရှာလို့

ကျွန်မသား, ကျွန်မသမီး လာပြီးတော့ ဖြစ်ရတယ်လို့ဆိုတော့ ပစ္စည်းမပါတာ သေချာသွားပြီ ဗလာ,လာခဲ့ရတာ၊

ဗလာပင်လာခဲ့ရသော်လည်း မောင်ပုဏ္ဏနဲ့မယ်ဥတ္တရာတို့သည် အသက်အရွယ် အချိန်အရွယ် ရောက်လာတဲ့အခါကျတော့ ကျွန်မသားနဲ့ ကျွန်မသမီးမို့ အချင်းချင်း လက်ဆက်ပေါင်းဖက်ပြီးတော့ နေကြရာက၊ သူဌေးကြီး သုမနရဲ့ အိမ်မှာ ဆက်လက်ပြီးတော့ ကျွန်ခံနေရင်း သူဌေးကြီးရဲ့ လှူဖွယ်တန်းဖွယ်တွေ သံဃာတော်အရှင်သူမြတ်တွေ လှူဒါန်းတဲ့ကိစ္စမှာ မိမိကိုယ်တိုင်က မလှူနိုင်ကြသော်လည်းပဲ၊ စေတနာ သဒ္ဓါတရား ထက်သန်စွာနဲ့ ဝေယျာဝစ္စတွေကို ဆောင်ရွက်ကြတယ်၊

အေး–ဒို့က သံဃာတစ်ပါးတောင် ချက်ကပ်နိုင်တဲ့ အားမရှိတော့လဲပဲ၊ သူဌေးကြီးလှူတဲ့ ဆွမ်းကပ်ပွဲမှာဖြင့် ဒို့ရဲ့စေတနာအားနဲ့ ဝေယျာဝစ္စတွေ မလစ်ဟင်းရအောင် ကြိုးစားပြီးတော့ပြုမယ်လို့ ဇနီးမောင်နှံနှစ်ယောက် တတ်စွမ်းသမျှ ဝေယျာဝစ္စကုသိုလ်တွေယူကြ၊ လှူချင်လိုက်တာ သူဌေးကြီး လှူသလို, ကျွေးချင်လိုက်တာ သူဌေးကြီး ဆွမ်းကျွေးသလို, ကပ်ချင်လိုက်တာ သူဌေးကြီး သင်္ကန်းတွေကပ်သလို၊ သို့သော် မိမိရဲ့ ဝမ်းရေးကိုပင်လျှင် မနည်းကြိုးစားပြီးတော့နေရတဲ့ ဘဝဖြစ်လို့ မလှူနိုင် မတန်းနိုင်သော်လည်းပဲ၊ လှူချင်တဲ့ စေတနာတွေ, ကပ်ချင်တဲ့ စေတနာတွေ, ကျွေးချင်တဲ့ စေတနာတွေ, ဝေချင်မျှချင်တဲ့ စေတနာတွေ ရှိရှာကြတယ်။

ဒီလိုနေရင်းနဲ့ အခါတစ်ပါးတော့ မောင်ပုဏ္ဏကလည်း မနက် စောစော လယ်ထွန်စရာရှိလို့ လယ်တောထဲသွား၊ မယ်ဥတ္တရာကလည်း အိမ်မှာ သူဌေးကြီးရဲ့အိမ် ထမင်းချက် ဟင်းချက် ရေခတ် အဝတ်လျှော် ကြမ်းတိုက် တံမျက်လှည်း အလုပ်တွေလုပ်ပြီးတော့ အချိန်ကျတော့ မောင်ပုဏ္ဏဆီ ထမင်းပို့လာ၊ လယ်တောထဲလိုက်ပြီးတော့ ပို့ရ။

အဲ ဒီတစ်နေ့မှာတော့ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်က သမာပတ် ဝင်စားပြီးတော့ သမာပတ်ကအထ ဘယ်သူ့များ ငါ ချီးမြှောက် ရမတုန်း၊

ဘယ်ဆင်းရဲသားတွေများ ငါ ချီးမြှောက်ရမတုန်းလို့၊ သမာပတ်ဝင်စားပြီးစ ရဟန္တာအရှင်မြတ်ကြီးများရဲ့ ခန္ဓာကိုယ် ရုပ်ခုံ နာမ်ခုံက ပိုပြီးတော့ စင်ကြယ်နေတယ်။

ရဟန္တာမို့လို့ နဂိုကထည်းကလည်း စင်ကြယ်ပြီးသားပါပဲ၊ သို့သော် သမာပတ်ဝင်စားပြီးစအချိန် မြေသြဇာကောင်းတွေ ဖြူးထားတဲ့ လယ်ရာမြေ ကောင်းကြီးလို ပိုပြီးတော့ စင်ကြယ်တယ်–တဲ့၊ အဲဒီလို ပိုစင်ကြယ်နေတဲ့အချိန် ဆွမ်းကလေး တစ်ဆွမ်းပဲ လောင်းလိုက်ရ, လောင်းလိုက်ရ၊ ဝတ်ထည်ဖျင်စင်းလေး တစ်ထည် တစပဲ လှူရလှူရ၊ အဲဒီ လှူလိုက်တဲ့ စေတနာမျိုးစေ့ဟာ အင်မတန် ကြီးထွားတဲ့ အကျိုး တရားကို ရစေတတ်တယ်.....တဲ့။ ဒီသတ္တိရှိတယ်၊

ဒါကြောင့် အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက သူ့ကိုယ်သူ သမာပတ် (၇) ရက်တိုင်တိုင် ဝင်စားပြီးတော့ သမာပတ်က ထတဲ့အချိန်မှာ၊ အင်မတန် လယ်ယာမြေသြဇာကောင်းကြီးနဲ့ တူနေတဲ့ သူ့ခန္ဓာကိုယ်ကို ဘယ်ဆင်းရဲသားရဲ့ အလှူခံရပါ့မတုန်းလို့ ဆင်းရဲသားတွေကို ချီးမြှောက်ချင်လို့ ကြည့်တော်မူလိုက်တော့ မောင်ပုဏ္ဏနဲ့မယ်ဥတ္တရာတို့ကိုမြင်၊ သူတို့ ဝမ်းထည်းက အင်မတန်ထက်သန်တဲ့ စေတနာသဒ္ဓါခုံအားကိုလည်း သိ၊ ဒါနဲ့ – အရှင်သာရိပုတ္တရာက မောင်ပုဏ္ဏ လယ်ထွန်တဲ့ ဘက် လိုက်သွားပြီးတော့ မျက်နှာသစ်ရေနဲ့ဒန်ပူ အလှူခံတော်မူတယ်၊

မနက်အစောကြီး ရှင်သာရိပုတ္တရာက မောင်ပုဏ္ဏ လယ်ထွန်တဲ့ နား ကြွလာတော့ မောင်ပုဏ္ဏက ဟင်–ပညာတေဒဂ် နံ့ထက်ကြွေငြာ သတင်းဖြာတဲ့ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးပါးလား။ ဘယ်ကနေ ဘယ်ခရီး ကြွတော်မူမလို့ပါလိမ့်မတုန်း၊ မနက် စောစောကြီး ကြွလာလိုက်တာ ဆိုပြီးတော့၊ အံ့အားသင့်ပြီးတော့ ကြည့်နေတုန်း အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက မောင်ပုဏ္ဏရဲ့ မလှမ်းမကမ်း လာပြီးတော့ ရပ်ပြီးတော့ ဆွမ်းခံသလို သပိတ်နဲ့ရပ်၊ ဒီတော့ မောင်ပုဏ္ဏက ဟာ– အရှင်မြတ်ကြီး ငါ့ဆီ ဆွမ်းခံလာတာပဲ ဘာများ အလိုရှိပါလိမ့်မတုန်းလို့ ပြေးပြီးတော့ကန်တော့ ရှိခိုးပြီးတော့ အရှင်မြတ်ဘုရား ဘာများအလိုရှိပါတုန်း ဘုရားလို့ လျှောက်တော့၊ မျက်နှာသစ်ရေနဲ့ဒန်ပူ

အလိုရှိတယ် ဒကာလို့ မိန့်လိုက်တော့၊ ဝမ်းသာလိုက်တာ၊ သူ့မှာ လောင်းစရာ ဆွမ်းမရှိဘူး၊ လောင်းစရာ ဟင်းမရှိဘူး၊ အဲ ဆွမ်းတို့ ဟင်းတို့ မရှိပေမယ်လို့ အလှူခံတာက မျက်နှာသစ်ရေနဲ့ဒန်ပူ အလှူခံတာဖြစ်တော့၊ သူတတ်နိုင်တဲ့ပစ္စည်း အလှူခံတော်မူတာ ဖြစ်တော့ ဝမ်းသာလိုက်တဲ့ဖြစ်ခြင်း၊

ဤကဲ့သို့ ပညာတေဒဂ် နှံ့ထက်ကြေငြာ ဘုရားရဲ့ လက်ျာရံ ဖြစ်တော်မူတဲ့ အရှင်မြတ်ကြီးကို ကောသလမင်းကြီးတွေက ဆွမ်းပင့်ကပ်၊ ဗိမ္ဗိသာရမင်းကြီး တွေက **နန်းတော်ပင့်နေ့** နေတဲ့၊ ဒီ ဆရာတော်ကြီးမျိုးကို သူတို့လို ဆင်းရဲသား ငပေါ့မွှားကဆွမ်းတစ်ထပ်ကပ်နိုင်ဖို့ ဆွမ်းတပွဲ ကပ်နိုင်ဖို့ အနားတောင်ပင့်ဖို့ရာ မသိနိုင်တဲ့ ဆရာတော်ကြီး၊ သံဃာတော် အရှင်မြတ်ကြီး၊ အခု မိမိထံမှောက် ရောက်လာပြီးတော့ မျက်နှာသစ် ရေနဲ့ဒန်ပူ အလှူခံတော်မူတယ်လို့ ဆိုတော့ ဝမ်းသာလိုက်တဲ့ဖြစ်ခြင်း မောင်ပုဏ္ဏက၊ အဲဒါနဲ့ ဝမ်းမြောက် ဝမ်းသာနဲ့ သူ့မျက်နှာသစ်ရေ ဒန်ပူကပ် အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက ဒန်ပူကို သုံးဆောင်, ဒန်ပူကို စားဝါး၊ သူ လှူလိုက်တဲ့ ရေတွေနဲ့ မျက်နှာသစ်, လက်ခြေတွေဆေး ကြည်နူးလို့ သူက ဘေးက ကြည့်ပြီးတော့၊ အဲ မောင်ပုဏ္ဏ သန္တာန်မှာ ကုသိုလ်စေတနာတွေ ဒီလောက်ဆိုရင် အကျိုးပေးဖို့ လုံလောက်ပြီ ဆိုတော့မှ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက ပြန်ကြွမယ်ဆိုပြီးတော့ မြို့ဘက်ကို ပြန်လာခဲ့တယ်။

မြို့ဘက်ကို ပြန်လာသော်လည်း မယ်ဥတ္တရာ ထမင်းပို့လာမှာက ကိုးနာရီ လောက်မှ လာမှာဖြစ်တော့ စောင့်လိုက်အုန်းမယ်ဆိုပြီးတော့၊ သစ်ပင်ကြီး တစ်ပင်အောက် ဝင်ပြီးတော့ သမာပတ်ဝင်စား၊ နောက် မယ်ဥတ္တရာ လာလောက် တဲ့ ကိုးနာရီအချိန်လောက် မှန်းပြီးတော့ ရာဇဂြိုလ်မြို့ ဦးတည်ပြီးတော့ ဆွမ်းခံ ကြွမယ်ဆိုပြီးတော့၊ သပိတ်ပိုက်ပြီးတော့ ကြွလာ၊ မယ်ဥတ္တရာကလည်း ကိုပုဏ္ဏ ထမင်းကလေး စားရအောင် လယ်ထွန်ချတ်ရင် ထမင်းလေးစားရအောင်ဆိုပြီး တော့ ရှိတဲ့ဟင်းလေးတွေနဲ့ ထမင်းကလေးစိမ်ပြီးတော့ ထမင်းအုပ်ကလေး ခေါင်းပေါ်တင်ပြီးတော့ ခပ်သုတ်သုတ်ထွက်အလာ၊ မြို့ကအထွက် တောစပ်အဝင် ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးကို မြင်တော့၊ အလို ပညာတေဒဂ် နှံ့ထက်ကြေငြာ သတင်းဖြာတဲ့ ဘုရင်မင်းမြတ်ကြီးတွေ ကိုးကွယ်တော်မူတဲ့၊

အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးပါလား ဆွမ်းခံကြွလာတော်မူတာနဲ့တူရဲ့ နေကလဲမြင့်လှပြီ။ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး အခုမှကြွလာတာ ဆွမ်းခံပြန်တာလည်း မဟုတ် သေးဘူး၊ မြို့ထဲကြွလာတာထောက်ရင်တော့ ဆွမ်းခံဝင်တာပဲလို့ဆိုပြီး။ အရှင်မြတ်ဘုရား အခုမှဆွမ်းခံဝင်ပါသလားဘုရား၊ ဆွမ်းများရခဲ့ပါပြီလား ဘုရားလို့ မေးတော့၊ အလှူ့အမ အချိန်ရှိပါသေးတယ်။

ဟော–မရခဲ့ဘူးလို့လဲမပြောဘူး, ရခဲ့ပြီလို့လဲ မပြောဘူး အချိန်ရှိပါသေးတယ်၊ ကာလောဒါနိုသေ–အချိန်ရှိပါသေးတယ်လို့ ပြောလိုက်တော့ ရိပ်မိတယ်၊ မယ်ဥတ္တရာ ရိပ်မိတယ်၊ ကေန္ဒ အခုမှ ဆွမ်းခံ ဝင်တာပဲ၊ ငါ့မှာ ဟိုတုန်းက လှူစရာတန်းစရာလေး လက်ထဲရှိတော့ လဲပဲ အလှူခံပုဂ္ဂိုလ်ကမရှိ– အလှူခံပုဂ္ဂိုလ်ကြီးတွေ သူဌေးအိမ် တဖွဲဖွဲ ကြွရောက်လာတော့လဲ ငါ့မှာ လှူစရာမရှိလို့ မလှူခဲ့ရ၊ အခုတော့ ငါ့လက်ထဲမှာ လှူစရာလဲပါတယ်၊ အလှူခံပုဂ္ဂိုလ်အရှင်မြတ်ကြီးကလဲထိတ်ထိတ်ကြဲ တွေ့နေရပြီ၊ ငါ ဒီပွဲကိုတော့ လက်လွှတ်ခံလို့မဖြစ်တော့ဘူးလို့ ဆိုပြီးတော့ ကိုပုဏ္ဏအတွက်ပါလာတဲ့ ဆွမ်းတွေ, ဟင်းတွေ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးရဲ့ သပိတ်ထဲမှာ စေတနာသုံးတန် ထက်သန်စွာနဲ့ လောင်းလှူလိုက်တယ်၊

ကိုယ်တော်မြတ်ကြီးကလဲ သူ့ရှေ့မှာပဲ သပိတ်ဖွင့်ပြီးအလှူခံ ဝမ်းသာ လိုက်တဲ့ဖြစ်ခြင်း၊ ဒါနဲ့ ကိုယ်တော်မြတ်ကြီး ဆွမ်းခံပြီးတော့ ပြန်ကြွသွားတယ် ဆိုရင်ပဲ၊ ခပ်သုတ်သုတ် သူ အိမ်ပြန်ပြီးတော့ ရှိတဲ့ ဆီ, ငရုတ်, ကြက်သွန်နဲ့ ထွင်းဟင်းချက်၊ ကိုပုဏ္ဏအတွက် ထွင်းလေး ခပ်သုတ်သုတ်ချက်ပြီးတော့– ရှိတဲ့ဟင်းလေးနဲ့ စီမံပြီးတော့ ပြန်ပြေးလာတော့ နေကတော်တော် မြင့်ပြီ။ မောင်ပုဏ္ဏလည်းပဲ မယ်ဥတ္တရာ ခါတိုင်းလာနေကျအချိန် ရောက်မလာပါလား၊ ငါ ဒီနေ့ပြုရတဲ့ ကောင်းမှုကြီး သာဓုခေါ်ရအောင် ပြောဦးမှပဲ ပြောဦးမှပဲနဲ့ ဇနီးသည်လေး ပြောမလို့ မျှော်နေ၊ မလာနိုင်, မလာနိုင်နဲ့ဆိုတာနဲ့ပဲ သူ အချိန်တန်တော့ ထွန်ချွတ်ပြီးတော့ နွားတွေလွှတ်၊ သစ်ပင်အောက်မှာ ထိုင်ပြီး တော့ လှမ်းမျှော်ပြီးတော့နေ–မယ်ဥတ္တရာကလည်း ခပ်လှမ်းလှမ်းကထဲက လှမ်းကြည့်လိုက်တော့ ကိုပုဏ္ဏ ထွန်ချွတ်သွားပြီ ခါတိုင်းဆိုရင် ငါထမင်းပို့လာရင် ထွန်တုန်း, ယက်တုန်းရှိသေးတယ်၊ အခု ထွန်ချွတ် သွားပြီနဲ့တူတယ်–

နွားတွေလည်း လွှတ်ထားပြီး၊ ထမင်းဆာရှာလှရော့မယ်လို့ စေတနာ သဒ္ဓါ မေတ္တာတွေရောက်ပြီးတော့ သူ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးကို ဆွမ်းလောင်းခဲ့ရတဲ့အကြောင်းကို ဝမ်းမြောက်ရအောင် ပြောအုန်းမှပဲလို့ ဝမ်းမြောက် ဝမ်းသာနဲ့လာ၊ အနား ရောက်လာ တယ်ဆိုရင်ပဲ ကိုပုဏ္ဏရေ.....၊ ဒီနေ့တော့ သာဓုသာခေါ်ပေတော့, သာဓုသာခေါ်ပေတော့လို့ လှမ်းပြီးတော့ ဝမ်းမြောက် ဖွယ်ရာသတင်းပေး၊ အာ—မောင်ပုဏ္ဏကလည်းပဲ သူ အရှင်သာရိပုတ္တရာ အရှင်မြတ်ကြီး ဒန်ပူ မျက်နှာသစ်ရေ ကပ်လိုက်ရတဲ့အကြောင်း ပြောပြီးတော့ သာဓုခေါ်ခိုင်း၊ အဲဒီလိုနဲ့ ဇနီးမောင်နှံနှစ်ယောက် သူပြုတဲ့ကုသိုလ်ကို ကိုယ်က သာဓုခေါ်၊ ကိုယ်ပြုတဲ့ကုသိုလ်ကို သူက အမျှယူပြီးတော့ ဝမ်းမြောက်ဝမ်းသာနဲ့ နှစ်ယောက်သား ပါလာတဲ့ထမင်းလေးစားပြီးတော့ အရိပ်ကလေး ခိုနားတဲ့ အနေနဲ့ နှစ်ယောက်သား အိပ်ပျော်သွားကြတယ်......။

အထူးသဖြင့် မောင်ပုဏ္ဏက မောမောပန်းပန်းနဲ့ အိပ်ပျော် သွားရာက၊ တရေးနိုးလို့ ကြည့်လိုက်တော့ ထယ်စာခဲ, ထွန်စာခဲတွေ မှန်သမျှ ရွှေတုံး, ရွှေခဲတွေဖြစ်၊ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကဲ့သို့သော ဒိတ်ဒိတ်ကြဲ ပုဂ္ဂိုလ်ကြီး သမာပတ်ဝင်စားထားစဖြစ်တဲ့, သမာပတ်မှထစ ပုဂ္ဂိုလ်ကြီး လှူလိုက်တဲ့ စေတနာကလည်းထက်သန်တဲ့၊ စေတနာသုံးတန် ထက်သန်မှု၊ လှူလိုက်တဲ့ ပစ္စည်းကလည်း ဓမ္မိယလဒ္ဓ ဘယ်သူ့ဆီကမှ ခိုးလာတဲ့ပစ္စည်းမဟုတ်, ဘယ်သူ့ဆီ ကမှ လိမ်လာတဲ့ပစ္စည်းမဟုတ်, ညာလာတဲ့ပစ္စည်းမဟုတ်၊ အဲဒီလိုနဲ့ အင်္ဂါ လေးချက်စုံညီတဲ့အတွက် ဒိဋ္ဌဓမ္မအကျိုးပေးနိုင်တဲ့ အင်္ဂါလေးချက် စုံညီတဲ့အတွက်၊ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးတည်းဟူသော ရဟန္တာအရှင်မြတ်ကြီး၊ ပြီးတော့ ဂုဏဝိသေသဂုဏ်ထူးက သမာပတ် ဝင်စားထားစ, သမာပတ်ထစ၊ မောင်ပုဏ္ဏ မယ်ဥတ္တရာတို့ကလဲ စေတနာ သုံးတန်ထက်သန်, ပစ္စည်းကလဲ စင်ကြယ်၊ အဲဒီလေးချက်စုံသဖြင့် ထွန်ထားတဲ့ လယ်တွေ, ယာတွေထဲက ထယ်စာခဲ, ထွန်စာခဲတွေ ရွှေတုံး, ရွှေခဲတွေဖြစ်လို့ အဲဒီ ရွှေတုံး, ရွှေခဲတွေကို ဒို့ချည်း ယူလို့ မဖြစ်ဘူး ဘုရင်မင်းမြတ် သံတော်ဦးတင်မှတော်တော့မယ် ဆိုပြီးတော့– ဘုရင်မင်းမြတ်သံတော်ဦးတင်၊ ဘုရင်မင်းမြတ်ကလဲ လှည်းတွေနဲ့ ထွက်ပြီးတော့တိုက်၊ လှည်းတွေနဲ့ ထွက်တိုက်တော့ မောင်ပုဏ္ဏတို့ ပစ္စည်းလို့

မဆိုပဲနဲ့ ရှင်ဘုရင်အတွက်ပစ္စည်း, ရှင်ဘုရင် ရွှေတွေ, ရှင်ဘုရင်အတွက် ငွေတွေ ဆိုပြီးတော့ တိုက်တော့ ထွန်စာခဲ, ထယ်စာခဲတွေက ထွန်စာခဲ, ထယ်စာခဲတွေ ပြန်ဖြစ်သွား။

အဲဒီ အကျိုးအကြောင်းကို နန်းတော်ပြေးပြီးတော့ သံတော်ဦး တင်တော့ ရှင်ဘုရင်က ပညာရှိတာမို့လို့၊ ဟော့ ငါတို့ကံနဲ့ဖြစ်တဲ့ ပစ္စည်းတွေမဟုတ်ဘူး၊ မောင်ပုဏ္ဏနဲ့မယ်ဥတ္တရာတို့ကံနဲ့ ဖြစ်တဲ့ပစ္စည်းမို့လို့ ငါ့ကံနဲ့ ငါ့အတွက်လို့ ပြောလိုက်တဲ့အခါမှာ မြေတွေ ပြန်ပြီးတော့ဖြစ်တာနဲ့ တူတယ်၊ ဒီတော့ မောင်ပုဏ္ဏ–မယ်ဥတ္တရာ တို့ရဲ့ပစ္စည်းလို့ ပြောပြီးတော့ သိမ်းဆည်းကြပေတော့လို့ အသိဉာဏ်ရှိတဲ့ ရှင်ဘုရင်မို့လို့ အသိဉာဏ်ပါတဲ့ အမတ်ကြီးတွေမို့လို့၊ အဲဒီလို ပြောလိုက်သည်နှင့်တစ်ပြိုင်နက် ရွှေတုံးတွေ, ရွှေတုံးတွေအတိုင်း ပြန်ဖြစ်လို့ နန်းတော်အထိ သိမ်းဆည်းပြီးတော့ ရှင်ဘုရင်က မောင်ပုဏ္ဏနှင့်မယ်ဥတ္တရာတို့ကို မြှောက်ပြင် သူဌေးကြီးရာထူးပေးပြီးတော့ သူဌေး ရာထူး စည်းစိမ် ဂုဏ်သိမ်နဲ့ ပြည့်ဖြိုးမောက်လျှံပြီးတော့လာရာက ကောင်းမှုတွေပြုလို့ နောက်ဆုံး သောတာပန် တည်ရတယ်၊ သောတာပန်တည်ပြီးတော့ ဒီနေ့ အရိယာ သူတော်စင်ကြီးတွေ ဖြစ်ပြီးတော့ အပါယ်တံခါး ပိတ်တော်မူသွားကြတယ်၊ လာစဉ်တုန်းက ကျွန်မ ဝမ်းခေါင်းမှာ ကိန်းအောင်းပြီး ဗလာ,လာခဲ့ရသော်လည်း၊ အပြန်မှာ သောတာပန် တည်သည့်အထိ သူတော်ကောင်း ပစ္စည်းတွေ ပါသွားတာမို့လို့ ပရိသတ်ကြီး လိုက်ဆိုလိုက်စမ်းပါ–

### ❖ လာစဉ်ဗလာ, ပြန်တော့ပါ၊ ထွက်ခွာသူလည်း, တစ်ယောက်ပဲ။ လာစဉ်ကပါ, ပြန်ဗလာ၊ ထွက်ခွာသူလည်း, တစ်ယောက်ပဲ။

အဲဒီ (၃) နံပါတ်ကျတော့,လာစဉ်တုန်းကတော့ ပါ,ပါရဲ့တဲ့ အပြန်ကျတော့ ဗလာပြန်ရရှာတယ်၊ အဲဒါလဲပဲ ဘုရားလက်ထက်က ထုံး သက်သေသာဓကနဲ့ ပြောရရင်၊ မဟာဓနသူဌေး၊ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး၊ အခါတစ်ပါးတော့ ဣသိပတန မိဂဒါဝုန်တောမှာ အရှင်အာနန္ဒာ နောက်ပါခေါ်ပြီးတော့ ကျောင်းစဉ် ဒေသစာရီလှည့်တဲ့အနေနဲ့ ကျောင်းထဲ လှည့်ပတ်ပြီးတော့ကြည့်၊ အဲလို ကျောင်းထဲ လှည့်ပတ်ပြီးတော့ကြည့်တော့ ကိုရင်လေးတွေ ဉူးဇင်းလေးတွေ ထွင်းကျန်,

ဟင်းကျန် စွန့်ကြဲတာကို မှီခိုပြီးတော့ စားသောက်ပြီးတော့ နေတဲ့ အဘိုးအိုနဲ့ အဖွားအိုနှစ်ယောက် တွေ့ရ၊ မျက်စိတွေကလဲ မသန်. လက်တွေခြေတွေကလဲ မဟန်တော့လို့မို့ ဘယ်ကိုမှ မသွားနိုင် မလာနိုင်တော့ပဲနဲ့ ဒီနေရာအနီးမှာပဲ အိပ်, ဒီနေရာအနီးမှာပဲ နေရရှာတဲ့၊ မသန်မစွမ်းရှာကြတဲ့ အဖိုးအိုအဖွားအို နှစ်ယောက်ကို မြင်တော်မူတော့ ဘုရားရှင်ကိုယ်တော်မြတ်က ပြုံးတော်မူလိုက်တယ်၊

ပြုံးတော်မူလိုက်တယ် ဆိုရင်ပဲ၊ အရှင်အာနန္ဒာကိုယ်တော်မြတ်က ပြုံးရယ်ရခြင်းအကြောင်းကို လျှောက်ထားတော့မှ။ အာနန္ဒာ ...ဟောဟိုက ကိုရင်လေးတွေ ဦးဇင်းလေးတွေ စွန့်ကြဲပေးကမ်းတဲ့ ထမင်းကျန်. ဟင်းကျန်ကို စားပြီးတော့ ဘယ်ကိုမှ မသွားနိုင်တော့ပဲနဲ့ အားကိုးရာမဲ့ မှီခိုရာမဲ့ ဖြစ်နေကြတဲ့ အဖိုးအို. အဖွားအိုနှစ်ယောက် မြင်တယ် မဟုတ်လား? မြင်ပါတယ်ဘုရား။ သူတို့ကြာလှပါပြီ၊ သူ ဒီမှာ မှီခို စားသောက်နေတာ၊

အေး....အဲဒီ အဖိုးအိုနဲ့အဖွားအိုနှစ်ယောက်ဟာ ဟိုတစ်ချိန်ကာလတုန်းက ဗာရာဏသီ မြို့ရဲ့တစ်နေရာမှာ သူဌေးသားတစ်ဦး ဖြစ်ခဲ့တယ် အဖိုးအိုက၊ အဖွားအိုကလည်းပဲ တစ်နေရာမှာ ကုဋေရှစ်ဆယ်ကြွယ်ဝတဲ့ သူဌေးရဲ့သမီး ဖြစ်ခဲ့တယ်၊ နှစ်ယောက်စလုံးဟာ ဒီဗာရာဏသီမြို့ရဲ့ မြို့နေရာရပ်ကွက် အသီးသီးမှာ ကုဋေရှစ်ဆယ်စီကြွယ်ဝတဲ့ သူဌေးသား. သူဌေးသမီး အသီးသီး ဖြစ်ခဲ့ကြတယ်။ သူဌေးသား. သူဌေးသမီး ဖြစ်ပါတယ် ဆိုကတဲကိုက၊ သူဌေးဝမ်းခေါင်း ကိန်းအောင်းပါတယ် ဆိုကတဲက-ရှေးကောင်းမှုကုသိုလ်ပါရမီ ပါခဲ့ပြီ၊ အလာတုန်းက ပါတာ သေချာကြပြီ ကောင်းမှုပစ္စည်းပါခဲ့လို့ သူဌေးသား. သူဌေးသမီးရယ်လို့ ဖြစ်ကြပြီ။ သို့သော်–အဲဒီ ကုဋေရှစ်ဆယ်ကြွယ်ဝတဲ့ သူဌေးသားရဲ့ အမေအဖေတွေက သူတို့သားလေး အခွဲခက်လို့ ကျောင်းမထားရက်ဘူးတဲ့။ ကျောင်းမှာမထားပဲနဲ့ အိမ်မှာပဲနေစေတယ်။ ဘာအတတ်ပညာမှ သင် မပေးဘူး။

ထို့အတူပဲ သူဌေးသမီးကလည်း ဘာအတတ်ပညာမှ သင်မပေးလို့ မတတ်ရှာ။ အမေတွေ. အဖေတွေက ခွဲရမှာခက်လို့ သမီးလေး တစ်ယောက်မို့၊

ဟိုကလည်း သားလေးတစ်ယောက်မို့ ခွဲရခက်လို့နဲ့ ဆိုပြီးတော့ ဘာအတတ်ပညာမှ မတတ်ရှာကြ၊ အဲ–သူတို့ ဘာတော့ တတ်တုန်း အကပညာ၊ အတီးပညာ၊ တီးမှုတ် ကခုံဆိုတဲ့ အတတ်တွေတော့ သင်ပေးထား။ ဒီသားလေး ကုဋေရှစ်ဆယ် ပစ္စည်းဥစ္စာ တစ်ဘဝစာထိုင်စားလို့ မကုန်ပါဘူးလို့။ ဟိုကလည်း ဒို့ သမီးလေး ကုဋေရှစ်ဆယ်ရတနာတွေ တစ်ဘဝလုံးထိုင်စားလို့ မကုန်ပါဘူးလို့ မိဘတွေက မိုက်မဲစွာ အကြံပြုကြတဲ့အတွက်၊ ဒီလိုနဲ့ ပညာမတတ်တဲ့ သူဌေးသားနဲ့ ပညာမတတ်တဲ့သူဌေးသမီး၊ နောက်တော့ အကြောင်းဆက် ပေါင်းဖတ်မိကြပြီးတော့၊ သူဌေးနဲ့သူဌေးကတော် ကုဋေရှစ်ဆယ်, ကုဋေ ရှစ်ဆယ်နှစ်အုပ်စုကြွယ်ဝတဲ့၊ သူဌေးနဲ့သူဌေးကတော်ဖြစ်၊

မိဘတွေ ကွယ်လွန်အနိစ္စ ရောက်သွားတဲ့အခါကြတော့၊ ဘာပညာမှ မတတ်တဲ့ သူတွေမို့လို့ ဘာမှ စာရင်းအင်းလည်းမသိ၊ အောက်လက်ငယ်သားတွေ ပြောသမျှယုံ။ အောက်လက်ငယ်သားတွေ အကုန်လုံး ပုံပြီးတော့ ထားရတာဖြစ်တော့ သောက်ပွဲကြီးတွေ, စားပွဲကြီးတွေ, ကပွဲကြီးတွေ ကျင်းပ သုံးကြ, ဖြုန်းကြနဲ့ အကုန်လုံး လူလုံးမလှဖြစ်ကုန်ကြပြီး သကာလ၊ နောက်ဆုံး အိမ်ကိုပါရောင်းချ ပေါင်နှံစားရတဲ့ ဘဝကိုရောက်။ နောက်ဆုံး တောင်းရမ်းစားသောက်ရတဲ့ အဖြစ်ကို ရောက်ပြီးတော့၊ အခုလို အားကိုးရာမဲ့ ခိုကိုးရာမဲ့ ဖြစ်ပြီးတော့ လာကြတယ် အာနန္ဒာ.....။ အခု ဒီကနေ့ပြီးတော့ ကွယ်လွန်အနိစ္စရောက် သေကြတယ်ဆိုရင်ဖြင့် သူတို့နှစ်ယောက်ဟာ ဘာကုသိုလ်, ကုသိုလ်ကောင်းမှုမှ မရှိရှာကြလို့ အပါယ်လေးပါး ရောက်ရှာတော့ မယ်လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဆုံးဖြတ်ပြီးတော့ အသိ ပေးတော်မူလိုက်တယ်။

ဒီတော့ လာစဉ်တုန်းက ပါခဲ့သော်လည်း ပရိသတ်ကြီး ဒီသူဌေးနဲ့ သူဌေးကတော် အပြန်မှာ ပါသေးရဲ့လား? မပါတော့ပါဘုရား။ ဒါန ကောင်းမှု သူတို့မှာ ရှိရဲ့လား? မရှိပါဘုရား။ သီလကောင်းမှု ဘာဝနာ ကောင်းမှုတွေ ပါရဲ့လား? မပါ,ပါ ဘုရား။ ဒါကြောင့် ဆိုလိုက်စမ်းပါ။–

❖ **လာစဉ်ကပါ, ပြန်ဗလာ၊ ထွက်ခွာသူလည်း, တစ်ယောက်ပဲ။**

အဲဒီလိုအားဖြင့် လာစဉ်ကမပါပင်မပါ ဗလာ,လာခဲ့ရသော်လည်း အပြန်မှာ ပါတဲ့သူဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ရတယ်။ သို့မဟုတ် လာစဉ်လည်းပါ, ပြန်လည်းပါတဲ့သူဖြစ်အောင်၊ ကျင့်ဆောင်ကြိုးကုတ် အားထုတ် နိုင်ရတယ်လို့, ဘုရားရှင်ကိုယ်တော်မြတ်ကြီးက လူလေးမျိုးသက်သေ ဥပမာ ထားပြီးသကာလ၊ ဖြစ်သင့်တဲ့ လူအစားကို ဟောကြားတော်မူခဲ့တဲ့ ဒေသနာနဲ့ လျော်ညီစွာ၊ ဒီနေ့ သတ္တဋ္ဌာန ဘုရားပွဲကြီး ဆင်နွဲကျင်းပပြီးသကာလ ယနေ့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေရဲ့ အဖိုးတွေ အဖွားတွေ ဘေးတွေ ဘီတွေ အဆက်ဆက်သော ရှေးရှေးက မိဘဖိုးဖွား ဆရာသွားတွေ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကိုပူဇော် ပူဇော်ကြပြီး လာခဲ့ကြခြင်းဖြင့်၊ သူတို့နောက် ပါမယ့် ရိက္ခာတွေကို ယူသွားကြတာလား, မယူပဲနေကြတာလား? ယူသွား ကြတာပါဘုရား။ ပါသွားကြတဲ့သူတွေလား, မပါကြတဲ့သူတွေလား? ပါကြတဲ့ လူတွေပါဘုရား။

အဲဒီ အဖိုးအဖွား ဘေး ဘီ ဆရာသမား အဆက်ဆက်တို့ရဲ့ ပေးအပ်တဲ့အမွေကို ရယူပြီးသကာလ၊ ဒီနေ့ အမရပူရမြို့ ရပ်ကွက် အသီးသီးမှ ဒကာ– ဒကာမအပေါင်းတို့တတွေက အနှစ်နှစ်ရာမြောက် အကြိမ်နှစ်ရာမြောက် ဘုရားပွဲတော်ကြီး ဆင်နွဲ ကျင်းပပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား တတ်စွမ်းသမျှ ပန်း, ရေချမ်း, ဆွမ်း, ဆီမီး, သီးမျိုးစုံ ခဲဘွယ်မျိုးစုံ, ဘောဇဉ်စုံတို့ဖြင့် ပူဇော်ပြီးတော့ နေကြခြင်းဖြင့်၊ မိမိတို့နောက်ပါမယ့် ရိက္ခာတွေကို ယူနေတဲ့အချိန်လား, မယူကြတဲ့အချိန်လား? ယူကြတဲ့အချိန်ပါဘုရား။ ကုသိုလ် ကောင်းမှု ပါရမီရိက္ခာတွေ ပါမယ့်သူတွေလား, မပါမယ့်သူတွေလား? ပါမယ့် သူတွေပါအရှင်ဘုရား။ သတ္တဋ္ဌာနဘုရား ပူဇော်ပွဲကြီးကို အကြောင်းခံပြီး သကာလ ဘုရားသားတော် သံဃာတော် တစ်ထောင်ခုနစ်ရာကျော်တို့ကို ဆွမ်းတန်းလုံး ပေါက် ဟင်းတန်းလုံးပေါက် ခဲဘွယ်တွေ သစ်သီးတွေ ဘောဇဉ်တွေ အပေါ်တင် တွေ လှူဖွယ်ပစ္စည်းမျိုးစုံတွေကို တတ်စွမ်းသမျှ လှူဒါန်းကော်ရော် ပူဇော်နေကြ ခြင်းဖြင့်၊ မိမိတို့ကိုယ် မိမိတို့နောက် ပါမယ့်ပစ္စည်း ယူနေတဲ့အချိန်လား, မယူတဲ့ အချိန်လား? ယူနေတဲ့ အချိန်ပါဘုရား။ လောကုတ္တရာ စီးပွားဥစ္စာပစ္စည်းဆိုတဲ့ ကောင်းမှု ပစ္စည်းတွေ ကိုယ့်နောက်ပါမယ့်သူတွေလား, မပါမယ့်သူတွေလား? ပါမယ့်သူတွေပါဘုရား။ ဆိုစမ်းပါ–

## ❖ လာစဉ်ဗလာ, ပြန်တော့ပါ၊ ထွက်ခွာသူလည်း, တစ်ယောက်ပဲ။ လာစဉ်လဲပါ, ပြန်လဲပါ၊ ထွက်ခွာသူလည်း, တစ်ယောက်ပဲ။

မိမိနောက် ပါမယ့်ပစ္စည်းတွေကို ဒီနေ့ ကောင်းမှုပစ္စည်းတွေကို သိမ်းဆည်းပြီးတော့ ယူသောအားဖြင့်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးများကို ပန်း, ရေချမ်း, ဆီမီးစသည်တို့ဖြင့် ပူဇော်ခြင်း၊ သံဃာတော် တစ်ထောင်ခုနစ်ရာကျော်တို့ကို ယခုနပြဆိုအပ်ခဲ့တဲ့အတိုင်း အသီးမျိုးစုံ ပစ္စည်းမျိုးစုံတို့ဖြင့် လှူဒါန်းကော်ရော် ပူဇော်ခြင်း။ ယနေ့ည ထိုနှစ် နှစ်ရာပြည့်ပွဲကို အကြောင်းပြုပြီးသကာလ တရားပွဲကြီး ဆင်နွှဲကျင်းပပြီးတော့ တရားတော်ကို နာယူခြင်းဖြင့်၊ ထို တရားတော်ကို ပူဇော်သောအားဖြင့်လည်း နဝကမ္မဝတ္ထုကျပ်ငွေ အသီးသီးတို့ဖြင့် ဓမ္မဒါန အလှူကြီးများကို ပြုလုပ်ကြခြင်းဖြင့်၊ မိမိတို့နောက်ပါမယ့်ပစ္စည်း ယူနေတဲ့အချိန်လား, မယူတဲ့အချိန်လား? ယူနေတဲ့အချိန်ပါဘုရား။

ဓမ္မဒါန တရားအလှူ အလှူကြီးကို ပေးလှူလိုက်ခြင်းဖြင့် တရားတော်ကို နာကြားရတဲ့ ပုဂ္ဂိုလ်အပေါင်းမှာ "**ကြားနာရလျှင် အပူစင် ပညာအသိတိုး ဆိုတဲ့အတိုင်းပဲ**"။ တရားတော်ကို နာတဲ့ အခိုက်မှာ အပူတွေစင်လို့ ကိလေသာ ခေါ်တဲ့ လောဘ, ဒေါသအပူတွေ စင်ကြယ်သွားပြီး အေးမြစေပြီးတော့၊ အသိပညာတွေ တိုးစေတတ်တာ ဖြစ်လို့ မိမိတို့ တရားတော်ကို ပူဇော်ခြင်းဖြင့် ဓမ္မဒါန တရားအလှူကြီးကို လှူခြင်းဖြင့်။ တရားနာ ပရိသတ်အပေါင်းတို့အား အပူငြိမ်းအေးခြင်း ဆိုတဲ့–အကျိုး။ အသိပညာဆိုတဲ့ အကျိုးထူးကြီး (၂) ပါးကို ပေးစေခြင်းဖြင့်၊ ဓမ္မဒါန တရားအလှူကြီးကို ပေးလှူနေကြတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့သည်၊ ကုသိုလ်ပါရမီကောင်းမှုဆိုတဲ့ လောကုတ္တရာရိက္ခာပစ္စည်းတွေကိုပါအောင် ယူကြတဲ့လူတွေလား, မယူကြတဲ့လူတွေလား? ယူကြတဲ့လူတွေပါ ဘုရား။

ဒီဘုရားပွဲကြီးကို အကြောင်းပြုပြီးသကာလ ဖိတ်မန္တကပြုသဖြင့် ကြွရောက်လာကြကုန်သော ပရိသတ်အပေါင်း သူတော်ကောင်းတို့အား တတ်စွမ်းသမျှ သဒ္ဒါပြုဖွေး ကျွေးမွေးညှော်ခံနေကြတဲ့ အမရပူရ တမြို့လုံးက ဒကာ–

ဒကာမအပေါင်း သူတော်ကောင်းတွေ, မန္တလေးမြို့ ရွှေတော်ပြေးဝင်း တရုတ်တန်း ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေ, ကျောက်ဆည်မြို့က ဒကာ–ဒကာမအပေါင်း သူတော်ကောင်း တွေက ကုသိုလ်ပါရမီရိက္ခာတွေ ကိုယ့်နောက်ပါမယ့်ရိက္ခာတွေ ယူတဲ့ အချိန်လား, မယူတဲ့အချိန်လား? ယူတဲ့အချိန်ပါဘုရား။—

## ❖ လာစဉ်လဲပါ, ပြန်လဲပါ၊ ထွက်ခွာသူလည်း, တစ်ယောက်ပဲ။

ဘုန်းကြီးတို့ ဒကာ–ဒကာမတွေက, လူ့ပြည်, လူ့လောက လူ့ရွာ စခန်းသာကြီးက ထွက်ခွာရမှာ သေချာသလား, မသေချာဘူးလား? သေချာပါတယ်ဘုရား။ ဒီနေ့ ဒကာ–ဒကာမတွေ ရှေ့သံသရာခရီးကြီး ဆက်ကြရမယ့်သူတွေလား, မဆက်ကြရမယ့်သူတွေလား? ဆက်ရမယ့် သူတွေပါဘုရား။ ဆက်သွားသည်နှင့်တစ်ပြိုင်နက် ရိက္ခာပါတာက ကောင်းသလား, မပါတာကကောင်းသလား? ပါတာကောင်းပါတယ် ဘုရား။ မဂ်ဖိုလ်နိဗ္ဗာန်စခန်း ရောက်သည့်တိုင်အောင် ရိက္ခာပါဘို့ မလိုဘူးလား? လိုပါတယ်ဘုရား။ ဒါဖြင့် ဒီနေ့ သတ္တဋ္ဌာနဘုရားပွဲကြီး နှစ်နှစ်ရာပြည့်မြောက် ကျင်းပပူဇော်ပြီးတော့ နေကြခြင်းဖြင့် မိမိနောက် ပါမယ့်ရိက္ခာတွေကို ယူနေကြတယ်လို့ မဆိုနိုင်ဘူးလား? ဆိုနိုင်ပါတယ် ဘုရား။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဖြစ်စေချင်တဲ့ ကိုယ့်နောက်ပါတဲ့ ရိက္ခာကို ယူတတ်တဲ့သူဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင် ရတယ်လို့ဆိုတဲ့ ဘုရားအဆုံးမတော်နဲ့ ညီတဲ့အချိန်လား, မညီတဲ့ အချိန်လား? ညီတဲ့အချိန်ပါဘုရား။

အဲဒီလိုအားဖြင့် ဘုရားအဆုံးမတော်နဲ့ညီတဲ့ ကိုယ့်နောက် ပါမယ့်ရိက္ခာ တွေကို စုဆောင်းယူငင်ပြီးတော့၊ ယနေ့ အကြီးအကျယ် ယူငင်နေကြသလို နေ့စဉ်နေ့စဉ်လည်းပဲ မိမိတို့အိမ်မှာ ကိုးကွယ်တည်ထား ပူဇော်အပ်တဲ့ အိမ်ဦးခန်း ဘုရားကိုယ်တော်မြတ်ကြီးအား စားဦးစားဖျားတို့ကို လှူဒါန်းကော်ရော် ပူဇော် ကြခြင်းဖြင့် ကိုယ့်နောက်ပါမယ့် ရိက္ခာတွေကို နေ့စဉ်စုဆောင်းပြီးတော့ ယူငင် တတ်ကြတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ ဖြစ်ကြပါစေ ကုန်သတည်း။

ဤကဲ့သို့ ဒါနကောင်းမှု, သီလကောင်းမှု, သမထဝိပဿနာ ဘာဝနာ ကောင်းမှုတွေကို နဲ့များမယုတ် ကြိုးပမ်းအားထုတ် ပြုလုပ်ကြပြီးသကာလ မိမိတို့နောက်ပါမယ့် ကောင်းမှုရိက္ခာပစ္စည်းတွေကို ကြိုးပမ်းအားထုတ် ပြုလုပ် ယူငင်တတ်ကြတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ ဖြစ်ကြကုန်လျက်၊ ဤကဲ့သို့ ယူငင်သွားတော်မူတတ်ကြသဖြင့် သံသရာဘဝခရီး အဆက်ဆက် အတွက် ချမ်းသာရုံမက။ အို, နာ, သေရေး ဒုက္ခဘေးကြီး ကင်းဝေးငြိမ်းပြတ် သန္တိသုခ နိဗ္ဗာနဓာတ်သို့ပင် စခန်းပေါက် ရောက်တော်မူကြပြီးသကာလ။ အို, နာ, သေရေး ဒုက္ခဘေးကြီးမှ ကင်းဝေးလွတ်မြောက်တော်မူသွားကြတဲ့ ဘုရားပစ္စေကာ အရိယာနွယ်လောင်း, သူတော်ကောင်း, သူတော်ကောင်းမကြီး တို့၊ ရောက်အပ်ရအပ် သိမြင်အပ်သော ချမ်းသာထူး ချမ်းသာမြတ် နိဗ္ဗာန်တရား ဓာတ်ကြီးကို လျင်မြန်သောစွာ ရောက်ကြရ ရကြရ မြင်ကြရ ပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုကြကုန်ရာသတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

# ဝေရဉ္ဇသုတ္တန်

# “ဇနီးမောင်နှံလေးမျိုးတရားတော်”

ယနေ့ **မြန်မာကောဇာ**သက္ကရာဇ် ၁၃၅၆ – ခုနှစ်၊ နယုန် လပြည့်ကျော် (၉)ရက်နေ့ **ခရစ်နှစ်** ၁၉၉၄–ခု ဇူလိုင်လ (၂)ရက် စနေနေ့မှာ၊ **အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ရှိ** ပရိယတ်, ပဋိပတ် သာသနာ့တာဝန်ကို ထမ်းဆောင်နေကြသော ဘုရားသားတော် သံဃာတော် (၁၂၀၀)ကျော်တို့အား၊ အရုဏ်ဆွမ်းနေ့ဆွမ်း နှစ်ထပ်သော ဘောဇဉ်ဆွမ်းများဖြင့်၊ လာရောက်လောင်းလှူ ဆပ်ကပ်ပြီးတော့ ကောင်းမှုပြုကြတဲ့ ကုသိုလ်ရှင်များက၊ မန္တလေးမြို့ နန်းရှေ့မှာ နေထိုင်ကြတဲ့၊ မန္တလေးခရိုင် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ– ဖြစ်တဲ့ ဒု–ဗိုလ်မှူးကြီးစောလွင် ဆွမ်းဒကာ–ဒုဗိုလ်မှူးကြီးစောလွင်+ ဆွမ်းအမ ဗိုလ်မှူးကတော်ဖြစ်တဲ့ အမရပူရ အ·လ·က ကျောင်း ဆရာမဒေါ်ဝင်းဝင်းမြင့်တို့ ဖြစ်ကြပါတယ်။

အဲဒီ ခရိုင်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌဖြစ်တဲ့ ဒု– ဗိုလ်မှူးကြီးစောလွင်နဲ့ဇနီး ဖြစ်သူဒေါ်ဝင်းဝင်းမြင့် ကျောင်းဆရာမ ဒေါ်ဝင်းဝင်းမြင့် တို့က မိမိတို့ရဲ့ လက်ထပ်မင်္ဂလာပွဲကို အကြောင်းပြုပြီးတော့၊ မိမိတို့ရဲ့ နှစ်ဘက်သော မိခင်,ဖခင် ကျေးဇူးရှင်တို့ကိုငဲ့၊ ထိုမှတစ်ပါး အမျိုးထားထိုက်တဲ့ ဦးကြီး ဦးလေး, ဒေါ်ကြီး ဒေါ်လေး, အစ်ကို အမစသော ကျေးဇူးရှင်တို့ကိုငဲ့ အမျိုးတင်ကြပြီးလျှင်၊ ဤဂန္ဓာရုံ ကျောင်းတိုက်သို့ လာရောက်ကြပြီးတော့ သံဃာတော် (၁၂၀၀)ကျော်တို့အား နံနက်အချိန် ထပ်တစ်ရာ ဆွမ်း. ပဲအာလူးဆွမ်း, လက်ဖက်ရည် ဆွမ်းများဖြင့် လောင်းလှူဆက်ကပ်ကြပါတယ်။ နောက်နေ့လည်အချိန်လဲ ဒီသံဃာတော် (၁၂၀၀)ကျော်ကိုပဲ မွန်မြတ်သော ဆွမ်းဘောဇဉ် ချိုချဉ် အရသာတို့ဖြင့် လောင်းလှူ ဆက်ကပ်ကြခြင်း။ အထူးသဖြင့် ခဲဘွယ် အထူးဖြစ်တဲ့ မွန်မြတ်တဲ့ ခဲဘွယ်အထူးဖြစ်တဲ့ ရေခဲမုန့်ဆွမ်း, ကိတ်မုန့်

ဆွမ်းများဖြင့်လည်း သံဃာတော် (၁၂၀၀) ကျော်တို့ကို လောင်းလှူ ဆက်ကပ် ကြပါတယ်၊ ရေခဲမုန့်ဆွမ်း, ကိတ်မုန့်ဆွမ်းပါတယ်လို့ သိလိုက်ရင် သံဃာတော်များ က ရေခဲမုန့်အလှူခံဖို့ရာ နေ့လည်မှာ မတ်ခွက်ယူဆောင် ပြီးတော့ ကြွခဲ့ကြပါ၊ ရေခဲမုန့်အလှူခံဖို့ မတ်ခွက်ပါ,ပါစေ။ မတ်ခွက်ထဲမှာ လောင်းထည့်ရမှာ ပုဂံတွေက အကုန်လုံးမလောက်ဘူး။ အဲဒီလိုအားဖြင့် ဆွမ်းဒကာ–ဆွမ်းအမတို့က ခဲဘွယ် အထူးဖြစ်တဲ့ ရေခဲမုန့်ဆွမ်း, ကိတ်မုန့် ဆွမ်းများဖြင့်လည်း သံဃာတော် (၁၂၀၀) ကျော်တို့ကို လောင်းလှူ ဆက်ကပ်သမှု ပြုကြပါတယ် ......။

ပြီးတော့မှ ဒီ အမရပူရမြို့ရဲ့ မြို့ဦးမြို့ထိပ်မှာ တည်ထားဆဲဖြစ်တဲ့ ရွှေမုဋ္ဌော မဟာသိမ်တော်ကြီးမြတ်စွာဘုရားအားလည်း၊ မိမိတို့ရဲ့ မင်္ဂလာဦး အလှူတော်အဖြစ်ဖြင့် ပူဇော်သောအားဖြင့် ငွေကျပ် (၁၀၀၀၀) ဘုရားပူဇော်တဲ့ ကောင်းမှုကိုလည်း ပြုကြပါတယ်။

ဒီတော့ ဘုရားပူဇော်တဲ့ကောင်းမှုပြုပြီးတော့၊ အခု လောလောဆယ် ရွှေမုဋ္ဌောမြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကို ရွှေသင်္ကန်းကပ်နေတယ်၊ ရွှေအဆင်းလို ဝါဝင်းတင့်တယ်တော်မူတဲ့ ဘုရားရှင်ရဲ့ သိရီဘုန်းတော်ကြီးကို အာရုံပြုပြီးတော့၊ (သို့မဟုတ်) ပီတရောင်ခြည်တော် ခေါ်တဲ့ ရောင်ခြည်တော် ခြောက်သွယ်ထဲမှာ ပီတရောင်ခြည်တော်ပိုင်ရှင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို အာရုံပြုပြီးတော့ ရွှေသင်္ကန်းများ ကပ်လှူ နေပါတယ်။

အဲဒီ ရွှေသင်္ကန်းကပ်လှူတဲ့အထဲမှာ ပါသွားအောင် မြင်လိုက် ရတဲ့သူတွေ, ဖူးလိုက်ရတဲ့သူတွေ အဝေးက လှမ်းကြည့်လိုက် ရတဲ့သူတွေ မှန်သမျှ စိတ်ထဲမှာ ဘုရားကိုသတိရစေတဲ့ ရွှေသင်္ကန်း၊ ကြည်နူးဝမ်းသာသွားစေတဲ့ ရွှေသင်္ကန်း၊ မျက်စိထဲမှာ ရွှေရောင်ဝင်းဝင်းနဲ့ စေတီတော်ကို ဖူးလိုက်ရသည့်နှင့်တစ်ပြိုင်နက်၊ ဘုရားကိုယ်တော်မြတ်ကြီး သက်တော် ထင်ရှားရှိစဉ်က ရွှေအဆင်းကဲ့သို့ ဝါဝင်းတဲ့ အသားအရေတော်ပေါ်မှာ ရွှေရောင်သင်္ကန်းကို လွှမ်းတော်မူပြီးတော့၊ ရွှေတောင် ကြီးအလားကဲ့သို့ မားမားမတ်မတ် ရပ်နေတော်မူပုံ၊ သံဃာတော်များ ရှေ့တော်ဖျား က စက်တော်ထိုဣ် ကြသွားတော်မူပုံ၊ ပရိသတ်အလယ် ရောင်ခြည်တော်

ခြောက်သွယ် လွှတ်ပြီးတော့ တရားဟောနေတော်မူပုံ၊ ညအခါမှာ နတ်ပြဟ္မာ တွေရဲ့ပြဿနာ ဖြေရှင်းပေးရင်းနဲ့ လျောင်းတော်မူနေတဲ့ပုံဆိုတဲ့ ရွှေအဆင်းလို ဝါဝင်းတဲ့ ဘုရားရှင်ကို၊ ရွှေရောင်သက်န်းနဲ့ ကပ်လှူနေပါတယ်၊ တစ်သိန်းလောက် အကုန်ကျခံပြီးတော့ ဘုန်းကြီးတို့ အဖွဲ့က အများကောင်းမှုနဲ့ လှူနေတာဖြစ်တော့၊ အဲဒီ အများကောင်းမှု ရွှေရောင် သင်္ကန်း ကပ်လှူတဲ့အထဲမှာ၊ ဒီနေ့ ဆွမ်းဒကာ-ဆွမ်းအမများ ဖြစ်ကြတဲ့ ဒု-ဗိုလ်မှူးကြီးစောလွင်တို့ မဝင်းဝင်းမြင့်တို့က ဘုရားရှင် ကိုယ်တော်မြတ်ကြီးကိုဒွိမင်္ဂလာဦးမှာ အထွဋ်အမြတ်ဖြစ်တဲ့ရွှေသင်္ကန်းနဲ့ကပ်လှူရတယ်၊

ကပ်လှူမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ငွေကျပ်တစ်သောင်း ကုသိုလ် ပါဝင် လှူဒါန်းကြပါတယ်၊ အထူးသဖြင့် ဆွမ်းအမက ဒီဘုရား စတင်ပြီးတော့ ပြုပြင်တဲ့ အချိန်ကစပြီးတော့၊ အဲ-လုပ်အားပေးပြီးတော့ ပါလာခဲ့တဲ့မိန်ကလေး၊ အထူးသဖြင့် ဒီဘုရားကြီးကို လုပ်အားပေးတဲ့ အထဲမှာလည်းပဲ နှစ်ပေါင်း နှစ်နှစ်ကျော်ကျော် သုံးနှစ်နီးပါး ကုသိုလ် ပါဝင်ခဲ့ပြီးတော့၊ နေ့စဉ် ပန်းတော်. ရေချမ်းတော်တွေနဲ့ ဆက်ကပ်လှူဒါန်းလာခဲ့တဲ့ ကောင်းမှုရှင်၊ ဒီတော့ ဒီဘုရားကြီး က အမရပူရမြို့ရဲ့ မြို့ဦးမြို့ထိပ်မှာ သမိုင်းတွင်ပြီးတော့ ကျန်ရစ်မယ့် ဘုရားကြီး၊ ရာဇဝင်တွင်ပြီးတော့ ကျန်ရစ်မယ့် ဘုရားကြီး၊ အဆက်ဆက်က မပြီးပြတ်လို့ အမရပူရမြို့ ဘိုးတော်လက်ထက်မှာ ဘုရားအပြီးမသတ်ဘူးတည်တာ၊ ဘိုးတော်ရဲ့ အမတ်ကြီးတစ်ဦးဖြစ်တဲ့ ဒီ ဦးခင်ရွှေတို့မိသားစုကလည်း ဘုရားကြီးကို တည်တာ အပြီးမသတ်ဘူး၊ ကံဇာတာက ပြတ်နေတဲ့ အချိန်မှာ အပြီးမသတ်အောင် ဖြစ်နေခဲ့တဲ့ ဘိုးတော်နဲ့ ဘိုးတော်ရဲ့ တပည့်သာဝကတွေ အသိုင်းဝိုင်းတွေ လုပ်သွားတဲ့ ဘုရားကို၊

ဒီနေ့ အပြီးသတ်ထိုက်တဲ့ ပုဂ္ဂိုလ်တွေပေါ်လာလို့ အပြီးသတ်နေတယ်၊ ဂန္ဓာရုံ ကျောင်းတိုက်က သံဃာတော်တစ်ထောင်ကျော်တို့က လုပ်အားပေးပြီးတော့ ပြုပြင် တည်ထားနေတယ်။ ထိုသံဃာတော်တို့ရဲ့ လုပ်အားတွေကို ကြည်ညို ကြတဲ့ ပါရမီဆက်ရှိကြ ပဋ္ဌာန်းဆက်ရှိကြ ဓာတ်ဆက် ရှိကြတဲ့ ရှေးက အကြောင်းကောင်းမှုဆက် ရှိကြသူတွေက ဝိုင်းဝန်းကူညီလို့မို့ ဒီနေ့ ဘုရားကြီးဟာ

ပြီးလုနီးပါးအချိန်ရောက်သွားပြီ၊ ရွှေမုဋ္ဌော မဟာသိမ်တော်ကြီးမြတ်စွာဘုရား အပြီးသတ်တော့မယ်၊

ဒီတော့ အဲဒီ အပြီးသတ်တော့သည့်အထိ မိမိတို့က ပါရမီဆက် ပဋ္ဌာန်း ဆက်ပြတ်မသွား မကျန်ရစ်ပဲနဲ့ ပါလာတဲ့ ကုသိုလ်ရှင်များအနေနဲ့ ဆက်လက် ပြီးတော့ ပါဝင်ပြီးတော့၊ အခုပြုနိုင်အောင် ငွေကျပ်တစ်သောင်း လှူဒါန်းတဲ့ ကောင်းမှုကြီးကိုလည်း ပြုရတယ်လို့ အာရုံပြုကြ၊ အမရပူရမြို့မှာ ကြီးလေးကြီး ကြီးလေးကြီးလို့ သမိုင်းတွင်ပြီးတော့ ရှိတယ်၊ အရှေ့ဘက်မှာ ကျောက်တော်ကြီး, မြောက်နားမှာ ပုထိုးတော်ကြီးတဲ့၊ အဲဒီ ပုထိုးတော်ကြီးအနောက်ဘက်က ရွှေဂူကြီးတဲ့၊ ဒီ တောင်ဘက် ပြန်လာလိုက်တော့ ဦးပိန်တံတားထိပ်မှာ တောင်မင်းကြီးလို့ ကြီးလေးကြီး၊ ဓာတ်ဆရာတွေ ဂိုဏ်းဆရာတွေလည်း ပုတီးလာစိပ်ကြ၊ ထွက်ရပ် ပေါက်ချင်တဲ့သူတွေလည်း ပုတီးလာစိပ်ကြ၊ ဆေးစီရင်တဲ့သူတွေလည်း ဆေးစွမ်းချင်တော့ ဒီကြီးလေးကြီးနယ်ထဲလာပြီး ဆေးစီရင်ကြ၊ အင်းအိုင်ခလဲ့ လက်ဖွဲ့ မန္တာန်သမားတွေက လာပြီးတော့ ပုတီးစိပ်ကြ၊ မန္တာန်ရွတ်ကြပေါ့၊ ဒါ ကြီးလေးကြီးနယ်ဆိုတာ နည်းတဲ့အား မဟုတ်ဘူး၊ အမရပူရမှာ။ အဲဒီထဲမှာ အခု ကြီးတစ်ကြီးအဖြစ်နဲ့ပါသွားပြီ၊ ရွှေမုဋ္ဌော မဟာသိမ်တော်ကြီးမြတ်စွာဘုရား၊

ဘုရားကိုလှူရင် ဘုရားကိုသာ လှူရာမကပဲနဲ့ သိမ်တော်ဆိုတဲ့ ကျောင်းတော်ကြီးကိုပါ လှူပြီးသား ဖြစ်တယ်၊ ပြီးတော့ ဒီဘုရားနဲ့ ဒီသိမ်က အဆက်လာခဲ့တဲ့ ဓာတ်ဆက် လာခဲ့တာက သီရိဓမ္မာသောက မင်းကြီးက ဆက်လာခဲ့တဲ့ ဘုရားနဲ့သိမ်၊ လောကမှာ—ပါရမီရှိတဲ့ပုဂ္ဂိုလ်တွေ ဓာက်ဆက် သဘာဝတွေ ရှိကြတယ်၊ သူ့အကြောင်းနဲ့ သူ့အကျိုး ရှိကြတယ်၊ လောကကြီးထဲ ဖြစ်နေတာ မှန်သမျှ အကြောင်းမဲ့ဖြစ်နေတာ တစ်ခုမှမရှိဘူးလို့ ဘုရားက ပဋ္ဌာန်း တရားတော်ကြီးနဲ့ဟောခဲ့တယ်၊ ထောက်ပြခဲ့တယ်။

ဒီတော့ သီရိဓမ္မာ သောကမင်းကြီးကဲ့သို့ သာသနာပြု စေတီပေါင်း ရှစ်သောင်းလေးထောင်, ကျောင်းပေါင်း ရှစ်သောင်းလေးထောင်, ရေကန်ပေါင်း

ရှစ်သောင်းလေးထောင်လှူ သွားတဲ့၊ ပစ္စည်းတန်ဖိုးအားဖြင့် (၉၀) နဲ့ (၆) ကုဋေ အကုန်ကျခံလှူနိုင်တဲ့ ဘုရင် မင်းတရား သာသနာပြုဘုရင် မင်းတရား တစ်ပါးရဲ့ လက်ရာခြေရာကို မိမိတို့က ဆက်ပြီးတော့ ကောင်းမှုပြုရတယ်ဆိုတာ နည်းတဲ့ပါရမီ ဆက်ကြီး မဟုတ်ဘူး၊ နည်းတဲ့ကုသိုလ် ဆက်ကြီး မဟုတ်ဘူး၊ အင်မတန်ကြီးမားတဲ့ ပါရမီကုသိုလ်ဆက်ကြီး ဖြစ်ပါတယ်။

အဲဒါ ပါရမီကုသိုလ်ဆက်ကြီးထဲမှာ အခု မိမိတို့က မင်္ဂလာဦး အဖြစ်နဲ့ ငွေကျပ် (၁၀၀၀၀) ကုသိုလ်ပါဝင် လှူဒါန်းရပါတယ်၊ အထူးသဖြင့် ရွှေရောင် အဆင်းကဲ့သို့ ဝါဝင်းတင့်တယ်တော်မူတဲ့ အသားရေနဲ့ပြည့်စုံတော်မူတဲ့ ဘုရား ကိုယ်တော်မြတ်ကြီးကို ရွှေသက်န်းရောင်ဖြင့် ဝါဝင်းတင့်တယ်တော်မူတဲ့ ဘုရားကိုယ်တော်မြတ်ကြီး၊ ပီတ ရောင်ခြည်တော်ခေါ်တဲ့ ရောင်ခြည်တော်တို့ဖြင့် ထွန်းလင်းတောက်ပပြီးတော့ လူနတ်ပြဟ္မာ သတ္တဝါတွေကို တရားရေအေး အမြိုက်ဆေး တိုက်ကျွေးတော်မူလေ့ရှိတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို၊ ဒို့ရဲ့ မင်္ဂလာဦးမှာ မင်္ဂလာယူတဲ့အနေနဲ့ မင်္ဂလာရှိသော နဝကမ္မ ငွေကျပ် တစ်သောင်းဖြင့် လှူဒါန်းပူဇော်သမှု ပြုပါ၏။

ဒီတော့ ဘုရားပူဇော်, တရားပူဇော်, သံဃာပူဇော် ရတနာ ၃ ပါး ပူဇော်ပြီးသားဖြစ်သွားပြီ၊ ဘုရားကိုပူဇော်ခြင်းဖြင့် ဓမ္မသာမိ တရားပိုင်ရှင် ဘုရားကို ပူဇော်လိုက်တော့ တရားကိုလည်း ပူဇော်ပြီးသား ဖြစ်သွားတယ်၊ သံဃာ (၁၂၀၀) ကျော် အရုဏ်ဆွမ်း, နေ့ဆွမ်း, ရေခဲမုန့် ကိတ်မုန့်ဆွမ်းတွေ လောင်းလှူခြင်းဖြင့် သံဃာပူဇော်လိုက်ခြင်းကြောင့် တရားကိုလည်း ပူဇော်ပြီးသား ဖြစ်သွားတယ်။

ဘုရားလက်ထက်တုန်းက ပုဏ္ဏား တစ်ယောက်က ဘုရား လာမေးတယ်၊ မြတ်စွာဘုရား ရတနာ (၃) ပါးရှိတဲ့ အနက်က ဘုရား ရတနာပူဇော်ရတာ တပည့်တော် စိတ်ရှင်းပါတယ်တဲ့၊ ဘုရားကို သွားပြီး ဆွမ်းလှူလိုက် သင်္ကန်း ကပ်လိုက်၊ ဒါ—ဘုရားပူဇော်တာပေါ့၊ သံဃာ ပူဇော်ရတာလဲ စိတ်ရှင်းပါတယ်တဲ့၊ သံဃာတွေကိုပင့်ပြီး ဆွမ်းကပ်လိုက် သင်္ကန်းကပ်လိုက် ထီးဖိနပ် လှူလိုက်၊

ဒါ သံဃာပူဇော်တာပေါ့၊ အရှင်ဘုရား တရားရတနာပူဇော်တာကြတော့ ဘယ်နဲ့လုပ်ရမှာတုန်းတဲ့ ဘာမှလဲ အကောင်းထည်က ရှာမတွေ့၊ တရားရတနာကို ပူဇော်ရတာ ဘယ်နဲ့လုပ် ပူဇော်ရမှာတုန်းဘုရားလို့ ပုဏ္ဏားတစ်ယောက်က ဘုရားကို မေးတယ်။ မေးတော့ မြတ်စွာဘုရားက ဘယ့်နဲ့ဖြေလိုက်တုန်း ဆိုတော့။—

## ဓမ္မဓရံ ဟိ ဗြဟ္မဏ ဘိက္ခုသံဃံ ပူဇေဟိ။

ဓမ္မဓရံ—တရားကို ဆောင်ရွက် သင်အံပို့ချ လေ့လာ ကျင့်ကြံ ကြိုးကုတ် အားထုတ်၍နေသော။ ဘိက္ခုသံဃံ—ရဟန်းအပေါင်းကို၊ ပူဇေဟိ—ပူဇော်လိုက်ပေတော့။ **"ဓမ္မဓရံ ဘိက္ခုသံဃံ ပူဇေန္တော ဓမ္မ ရတနံ ပူဇေတိနာမ"**။ ဓမ္မဓရံ – ဘိက္ခုသံဃံ – တရားစာပေတွေကို သင်အံပို့ချ ကျင့်ကြံ, သူတစ်ပါးတွေကိုလည်း ပြောဟော, ကျင့်နိုင်အောင် ကြံနိုင်အောင်, ပြောဆို ဆောင်ရွက် ရွတ်အံသရဇ္ဈာယ်နေတဲ့၊ သံဃာတော် အပေါင်းကို။ ပူဇေန္တော– ပူဇော်လိုက်သည်ရှိသော်။ ဓမ္မံ ပူဇေတိနာမ—ဓမ္မရတနာ တရားရတနာကြီးကို ပူဇော်ပြီးသားဖြစ်ပါပေ၏။

ဒါ—ဘုရားကိုယ်တော်တိုင် ပြောခဲ့တဲ့စကား သံဃာတော်တွေကို ပူဇော်လိုက်ရင် တရားပါ ပူဇော်ပြီးသားဖြစ်သွားတယ်၊ ဘာပြုလို့တုန်းဆိုတော့ ဒီသံဃာတော်ဝမ်းထဲမှာ တရားတွေရှိတယ်၊ တရားတွေကို နေ့စဉ်ရွတ်ဖတ် သရဇ္ဈာယ် ပို့ချ, သင်အံ, ဆောင်ရွက်, ကျင့်ကြံ သူများ ဟောပြော၊ ဒီလို အမြဲတမ်း ဝမ်းထဲမှာ တရားကိန်းနေကြတာ၊ လူတွေ ဝမ်းလိုမဟုတ်ဘူး သံဃာ့ ဝမ်းက၊ ဒါကြောင့် သံဃာကိုပူဇော်လိုက်ရင် တရားပူဇော်ပြီးသားဖြစ်ပါတယ်လို့ ဘုရားဖြေတော်မူခဲ့တဲ့စကားအရ၊ ဒီနေ့ ဆွမ်းဒကာ–ဆွမ်းအမများက ဒို့ သံဃာနဲ့ဘုရား, ဘုရားနဲ့သံဃာ ပူဇော်လိုက်ခြင်းဖြင့် တရားတော်ကိုလည်း ပူဇော်ပြီးသားဖြစ်သွားပြီ၊

အဲဒီလိုအားဖြင့် မိမိတို့ မင်္ဂလာဦးမှာ ဘုရားပူဇော်, တရားပူဇော်, သံဃာပူဇော်တဲ့ကောင်းမှုကြီးများ ပြုကြပြီးနောက်၊ နောက်ဆုံး မိမိတို့ ဖိတ်မန္တက

ပြုထားတဲ့ ပရိသတ်အပေါင်း ဓမ္မမိတ်ဆွေ သူတော်ကောင်း တွေကိုလည်းပဲ မနက်လည်း မနက်အလျောက် ထပ်တစ်ရာဆွမ်း, ပဲအာလူး လက်ဖက်ရည်များနဲ့ ညှော်ခံကျွေးမွေးသမှု ပြုကြပါတယ်၊ နေ့လယ်လည်း နေ့လယ်အလျောက် မွန်မြတ်တဲ့ ဆွမ်းခဲဘွယ် ဘောဇဉ်များဖြင့် အစာရေစာဘောဇဉ်များဖြင့် ကျွေးမွေးညှော်ခံသမှုပြုကြပါတယ်၊ အထူးသဖြင့် အခု ဒု-ဗိုလ်မှူးကြီးစောလွင်နဲ့ ဇနီး မဝင်းဝင်းမြင့်တို့က အခု ဩဝါဒလာတဲ့ ပရိသတ်တွေအားလုံးကို ဟောဒီဩဝါဒဆင်းလို့ရှိရင် ထပ်တစ်ရာ ပဲအာလူး လက်ဖက်ရည်နဲ့ ညှော်ခံမှုများကို သုံးဆောင်ကြပါ၊ သုံးဆောင်ဖို့ ကြွကြပါလို့ ဖိတ်မန္တကပြုပါတယ်၊ ဖိတ်ပါတယ်။ အဲလို ဖိတ်ရုံမကပဲနဲ့ ဩဝါဒလာပရိသတ်အားလုံး နေ့လည်မှာ မိမိတို့အားလပ်လို့ အချိန်ရလို့ရှိရင် သူကို့ ဆွမ်းလောင်းတဲ့ ဆွမ်း, ဆွမ်းခဲဘွယ်တွေ လောင်းတာ၊ ရေခဲမုန့်နဲ့ ကိတ်မုန့်ဆွမ်းလောင်းတဲ့ နေရာမှာလည်း လာရောက်ပြီးတော့ အတူတကွ ကုသိုလ်ယူ ကူညီလောင်းဖို့ရာ ဖိတ်ပါတယ်တဲ့။

အဲ ဖိတ်မန္တကပြုပြီးတော့၊ လောင်းလှူပြီးတော့ သူတို့ ဩဝါဒ အဖွဲ့လည်းပဲ ကျွေးမွေးညှော်ခံသမှု ပြုလိုပါတယ်လို့ ဖိတ်မန်စေပါတယ်၊ ဒါကြောင့် ဘုန်းကြီးက တစ်ဆင့် ဖိတ်မန်ပေးပါတယ်၊ ဩဝါဒလာ ပရိသတ်တွေရော အားလုံးပရိသတ်တွေ ဒီကဆင်းလို့ရှိရင် ထပ်တစ်ရာ ပဲအာလူး လက်ဖက်ရည်များ သုံးဆောင်သွားကြပါ၊ နေ့လယ်ကြတော့လည်း အချိန်ရလို့ ကိုယ့်အားလပ်လို့ရှိရင် ဆယ်နာရီမှာ ဆွမ်းလောင်းပါမယ်၊ အဲဒီအချိန် ဆွမ်းလောင်းအမှီလာပြီးတော့ ကုသိုလ် အတူတူ ပါဝင်ယူကြပါ၊ အဲ သူတို့က ညှော်ခံကျွေးမွေးပါလိမ့်မယ်၊

ကိုင်း ဒီနေ့ပြုတဲ့ ကုသိုလ်ရှင်တွေရဲ့ ကောင်းမှုလုပ်ငန်း အသိပေး ကြေငြာပြီး ပါပြီ၊ ပရိသတ်အပေါင်း သူတော်ကောင်းတွေ သဒ္ဓါဖြူဖွေး ကျွေးမွေး ညှော်ခံခြင်း၊ အဲဒီထဲက ဆွမ်းတွေ, ထပ်တစ်ရာတွေ ကိုယ်တိုင်လောင်း ကိုယ်တိုင် ကပ်ပြီးပြီ၊ အခု ရွှေမုဋ္ဌောမဟာသိမ်တော်ကြီး၊ ကြီးငါးကြီး ပါဝင်လာမယ့် ရွှေမုဋ္ဌော မဟာသိမ်တော်ကြီးမြတ်စွာဘုရားကို ရွှေသင်္ကန်း ရည်မှန်းပြီးတော့ကပ်တဲ့ ငွေကျပ်တစ်သောင်း၊ မကပ်ရသေးဘူး ကိုယ်ထိလက်ရောက်၊ ဒါကြောင့်

ဆွမ်းဒကာနဲ့ဆွမ်းအမ အဲဒီ ငွေကျပ် တစ်သောင်းကို ကိုယ်ထိလက်ရောက် သာဟတ္ထိကမြောက် ကပ်ရအောင်၊ ဟောဒီသံဃာတော်တွေကြားက လမ်းပေး ထားတာရှိတယ်၊ အဲဒီကနေပြီးတော့ ရှေ့ကို ခဏလေးလာခဲ့ပါ၊ ဖိုးသူတော် ကပ္ပိယကာရကနဲ့ လွဲအပ်ပြီးတော့ အလှူခံရပါမယ်။

## နဝကမ္မဆက်ကပ်လှူဒါန်းခြင်း

ကဲ–ဖိုးသူတော်တစ်ပါးလာ နှစ်ယောက်ကိုင်ပြီးတော့ ဖိုးသူတော် လက်ထဲ ကမ်းထားပြီးတော့ ဘုန်းကြီးဆိုတာလေးကို လိုက်ဆိုရမယ်၊ ဟိုအဝေးက ပရိသတ်တွေကလည်း အားပေးတဲ့အနေနဲ့ လိုက်ဆိုပေးကြပါ၊ ကဲ လိုက်ဆိုကြ။–

"**ဣမာနိ ဂဟာပဏာနိ ဗုဒ္ဓဿ ပူဇေမ**" ဤငွေကျပ် တစ်သောင်း တို့ကို အမရပူရမြို့, မြို့ဦးမြို့ထိပ်၌, တည်ထားဆဲဖြစ်သော, ပြုပြင်ဆဲ ဖြစ်သော၊ ရွှေမုဌော မဟာသိမ်တော်ကြီးမြတ်စွာဘုရားအား တပည့်တော်တို့၏ မင်္ဂလာဦး၌ နိဗ္ဗာန်ရည်မှန်း လှူဒါန်းပါကုန်၏ အရှင်ဘုရား။ ကိုင်း– ဘုန်းကြီးတို့က အလှူမခံကောင်းလို့ ဖိုးသူတော်က ကပ္ပိယကာရက အဖြစ်နဲ့ အလှူခံတာ၊ ဘုရားကိုယ်စား တစ်သောင်းကျပ်၊ ကဲ–ပြီးသွားပြီ၊ ခုနကနေရာ ပြန်သွားတော့၊

ကိုင်း အနုမောဒနာတရား ဟောကြားရမယ်ဆိုရင် ဒီနေ့ ဆွမ်းဒကာ– ဆွမ်းအမတို့က မိမိတို့ရဲ့မင်္ဂလာဦးမှာ၊ မင်္ဂလာယူသောအားဖြင့် ဘုရား, တရား, သံဃာ ရတနာ (၃) ပါး ပူဇော်တဲ့ ကောင်းမှုတွေကို ပြုလုပ်အားထုတ်ခြင်းဖြင့်၊ မိမိတို့ကိုယ်မိမိတို့ **သောတာပန်နဲ့ တူတဲ့ ဇနီးမောင်နှံဖြစ်အောင် ကျင့်ဆောင်ကြတဲ့နေ့တဲ့။** လောကမှာ ဇနီးမောင်နှံမြောက်များစွာရှိကြပေမယ့်လို့ အမျိုးအစားအားဖြင့် ခွဲခြားရင် ဇနီးမောင်နှံအစုံ လေးစုံပဲရှိတယ်လို့ ဘုရား ဟောထားတယ်၊ မြတ်စွာဘုရား •ဝေရဉ္ဇသုတ္တန်မှာဟောတယ် အင်္ဂုတ္တရ နိကာယ်။–

---

• (ဝေရဉ္ဇသုတ္တန်) ပဌမသံဝါသသုတ္တန်=အံ–၁–၃၆၈။ ၄–၃၁၀

ဝေရဥ္စသုတ္တန်မှာ ဘုရားဟောတော်မူတယ်၊ ဝေရဥ္စသုတ္တန်ဆိုတာ ဝေရဥ္စာမြို့ရဲ့ မင်္ဂလာလက်ထပ်ပွဲကြီးတစ်ခုကို အကြောင်းပြုဟောတာဖြစ်လို့ ဒီသုတ္တန်ကို ဝေရဥ္စသုတ္တန်လို့ ပိဋကသုံးပုံထဲမှာ ထင်ရှား နေရစ်တယ်၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ ကျွတ်ထိုက်တဲ့ နတ် လူများကို ထောက်ထားရှုမျှော် ဒေသစာရီ ထိုထို၌ဤ လှည့်လည်တော်မူတဲ့အခါ၊ အခါတစ်ပါးမှာ ရဟန်းတော် နောက်ပါငါးရာနဲ့ ဒေသစာရီ လှည့်ပြီးတော့လာရင်းနဲ့ ဝေရဥ္စာမြို့ရဲ့ အရှေ့တောင် ဘက်က တောအုပ်ကြီးထဲရောက်လာတယ်၊ ဝေရဥ္စာမြို့ရဲ့ အရှေ့တောင်ဘက်က တောအုပ်ကြီးထဲမှာ ဘုရား သီတင်းသုံးပြီးနေတယ်၊ ညကရောက်လာပြီးတော့ အဲဒီထဲ သီတင်းသုံးနေတယ်။

မနက်စောစောကြတော့ အခုလိုအချိန် မနက်စောစောမှာ၊ ဝေရဥ္စာ မြို့ရဲ့ ပတ်ဝန်းကျင် မြို့ဂေါ္ဝရွာတွေက အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ၊ အဝတ်သစ် အစားသစ်တွေ တောက်တောက်ပြောင်ပြောင် အရောင်လက်လက် အဝတ်စားတွေဝတ်၊ လက်ကောက်, လက်စွပ်, ပုတီနားဋောင်း လည်ဆွဲတန်ဆာ တွေ ဆင်ပြီးတော့ စကားတပြောပြော၊ တသောသောနဲ့ တပျော်တစ်ပါး၊ ဝေရဥ္စာမြို့ဘက်ကို ဦးတည်ပြီးတော့ လာကြတယ်၊ ဘုရားရှင်ကိုယ်တော်မြတ်က လည်းပဲ ဝေရဥ္စာမြို့ဘက်ကို သွားတဲ့လမ်း လမ်းဘေး သစ်ပင်ကြီး တစ်ပင်အောက်မှာ သီတင်းသုံးနေတာ၊

အဲ ဒီတော့ အဲဒီအမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ ဘုရားနား ရောက်လာတော့ ဘုရားမြင်တော့ ဝင်ပြီးတော့ ကန်တော့ကြ၊ ဦးတိုက်ကြ၊ ရှိခိုးကြတယ်ပေါ့၊ ရှိခိုးကြတော့ မြတ်စွာဘုရားက မေးတယ်၊ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ ဘယ်သွားကြမလို့တုန်းလို့ မေးလိုက်တယ်၊ ဒီတော့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေက ဖြေတယ်၊ တပည့်တော်တို့ဘုရား ဒီဝေရဥ္စာမြို့ထဲက မင်္ဂလာလက်ထပ်ပွဲပြုမယ့် အမျိုးသား, အမျိုးသမီးတို့ရဲ့ မင်္ဂလာလက်ထပ်ပွဲ အကြောင်းပြု ဖိတ်မန္တကပြုသဖြင့် တပည့်တော်တို့ လာရောက်ကြပါတယ်ဘုရား။ ဒီတော့ မြတ်စွာဘုရားက အေး–မင်းတို့ သွားကြမှာ လက်ထပ်မင်္ဂလာပွဲ သွားကြမယ်ဆိုတော့၊ ဇနီးမောင်နှံအစုံဆီသွားကြမှာ။

ဒီတော့ သင်တို့သွားမယ့် အခု ဇနီးမောင်နှံအစုံက ဇနီးမောင်နှံ လေးမျိုး ထဲမှာ ဘယ်အမျိုးစားထဲကတုန်းလို့ ဘုရားကမေးတာ၊ မေးတော့။ ဒကာ– ဒကာမတွေက ဘယ်သိလိမ့်မှာတုန်း ဇနီးမောင်နှံလေးမျိုးရှိတာမှ နဂိုက သိမှ မသိပဲနဲ့၊ ဒီတော့ တပည့်တော်တို့ဘုရား မြတ်စွာဘုရား ဟောကြားမှ တပည့်တော်များ သိကြရမယ့်အစားတွေ ဖြစ်ကြပါတယ်၊ အဲဒီ ဇနီးမောင်နှံ အမျိုးအစားလေးပါးကို တပည့်တော်များ နာကြားပါရစေ, သိပါရစေ။ အဲလိုသိမှ တပည့်တော်တို့သွားမယ့် ဇနီးမောင်နှံဟာ ဘယ်လို ဇနီးမောင်နှံမျိုးဖြစ်တယ်ဆိုတာ တပည့်တော်တို့ ဖြေနိုင်မှာဖြစ်ပါတယ် ဘုရား။

"**ဘဂဝတော သုတွာ ဓမ္မံ စာရေဿာမ**" မြတ်စွာဘုရား ဟောမှ တပည့်တော်တို့ မြတ်စွာဘုရားဆီကတစ်ဆင့် နာကြားပြီးတော့ မှတ်သားကြရမှာ ဖြစ်ပါတယ်ဘုရား။ ဒီတော့မှ မြတ်စွာဘုရားက၊ အေး–လောကမှာ ဇနီးမောင်နှံတွေ အသီးအသီး မရေတွက်နိုင်အောင် ဘယ်လောက်ပဲ များပြားသော်လည်းပဲ အမျိုးအစားအားဖြင့် ခွဲခြားရင်၊ "**ဒေဝေါ ဆဝိယာ သဒ္ဓိံ သံဝသတိ**"။ ခင်ပွန်းသည်က သောတာပန်နဲ့ တူပြီးတော့ ဇနီးသည်က တိရစ္ဆာန်နဲ့တူတဲ့ ဇနီးမောင်နှံတစ်စုံတဲ့။ "**ဆဝေါ ဒေဝိယာ သဒ္ဓိံ သံဝသတိ**"။ ခင်ပွန်းသည်က တိရစ္ဆာန်နဲ့တူပြီးတော့ ဇနီးသည်က သောတာပန်နဲ့တူတဲ့ ဇနီးမောင်နှံတစ်စုံ။ "**ဆဝေါ ဆဝိယာ သဒ္ဓိံ သံဝသတိ**" ဇနီးသည်ရော ခင်ပွန်းသည်ရော တိရစ္ဆာန်နဲ့တူတဲ့ ဇနီးမောင်နှံတစ်စုံ။ "**ဒေဝေါ ဒေဝိယာ သဒ္ဓိံ သံဝသတိ**"။ ခင်ပွန်းသည်ရော ဇနီးသည်ရော သောတာပန်နဲ့တူတဲ့ ဇနီးမောင်နှံတစ်စုံ၊ လေးစုံ ရှိတယ်....တဲ့။

(၁) နံပါတ်က ခင်ပွန်းသည်က သောတာပန်နဲ့တူပြီး ဇနီးသည်က တိရစ္ဆာန်နဲ့တူတဲ့အစုံ၊ ခင်ပွန်းသည်ကမြတ် ဇနီးသည်က ယုတ်ညံ့နေတဲ့ အစုံ။ (၂) နံပါတ်အစုံကြတော့ ဇနီးသည်က သောတာပန်နဲ့တူပြီး ခင်ပွန်းသည်က တိရစ္ဆာန်နဲ့တူတဲ့အစုံ၊ ခင်ပွန်းသည်က ယုတ်ညံ့ပြီး ဇနီးသည်က မြတ်တဲ့အစုံ။ တတိယအစုံကြတော့ ခင်ပွန်းသည်ရော ဇနီးသည်ရော တိရစ္ဆာန်နဲ့တူနေကြတယ် ယုတ်ညံ့တယ် နှစ်ယောက်စလုံး။ စတုတ္ထ အစုံကြတော့ ခင်ပွန်းသည်ရော ဇနီးသည်ရော သောတာပန်နဲ့တူ၊ နှစ်ယောက်စလုံး မြတ်တဲ့အစုံ။

သောတာပန်နဲ့တူတယ်ဆိုတာ ဘာပြောတာတုန်းဆိုတော့— သောတာပန် အပါယ်မကျသလို သူတို့ကလည်း အပါယ်မကျဘူး။ သောတာပန် လူ့ရွာနတ်ထံ ချမ်းသာဘုံစံပြီး နိဗ္ဗာန်ဝင်သွားသလို သူတို့ကလည်း အဲဒီလို ဝင်သွားမယ့်သူ၊ ဒါကို သောတာပန်နဲ့ တူတယ်လို့ ပြောတာ၊ ဒီတော့ ပထမအစုံ ခင်ပွန်းသည်က သောတာပန်နဲ့တူ၊ ဇနီးသည်က တိရစ္ဆာန်နဲ့တူ၊ ဒီတော့ သောတာပန်နဲ့တူတယ် ဆိုတာ ဘာဂုဏ်ရည်သတ္တိတွေနဲ့ ပြည့်စုံရတာတုန်းဆိုတော့ များများမဟုတ်ဘူး သုံးချက်ပဲ။

❖ **သရဏဂုံတည်, ပဉ္စသီ, အာဇီသန့်ရှင်းစေ။**
**သောတာပန်အလား, ပါယ်မသွား, မမှားမှတ်ကြလေ** ....တဲ့။

ဂုဏ်ရည်သတ္တိတွေ သုံးချက်ထဲပဲရှိတယ်။ (၁) သရဏဂုံ တည်ရမယ်, နှုတ်ဆိုကိုယ်လုပ် နှစ်မျိုးလုံးနဲ့ သရဏဂုံတည်ရမယ်၊ သရဏဂုံဆိုတာ သရဏ ဆိုတာ ဘုရား, တရား, သံဃာ ရတနာသုံးပါး အားကိုးအားထားရာကို သရဏလို့ခေါ်တယ်၊ ဂုံဆိုတာ ဂမနဆိုတဲ့ ပါဠိပျက်ကလာတာ၊ ဂမနဆိုတာ ဆည်းကပ်တယ်, ကိုးကွယ်တယ်, အားထားတယ်, ရှိခိုးတယ်, မြတ်နိုးတယ်, ပူဇော်တယ် ဒါကို ဂုံလို့ ခေါ်တယ်၊ သရဏဂုံ၊ ဒီတော့ သရဏဂုံတည်တယ်ဆိုတာ ဘုရား, တရား, သံဃာ ရတနာသုံးပါးကို ဆည်းကပ်တယ်, ကိုးကွယ်တယ်, အားထားတယ်, ရှိခိုးတယ်, မြတ်နိုးတယ် နှုတ်ကလည်းဆို ကိုယ်ကလည်း ပါပြီးတော့ ဆည်းကပ်တယ်၊ ပါးစပ်က **"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"**—လို့ ဆိုတဲ့အခိုက် ဆိုရုံလေးမဟုတ်ဘူးတဲ့ သူက၊ နှုတ်ကလည်းဆိုသလိုပဲ လက်ကလည်းပါတယ်၊ သောတာပန်နဲ့တူတဲ့ အရည်အချင်းဆိုတာ သုံးချက်ပဲ ရှိတယ်။

**(၁) သရဏဂုံတည်ရတယ်။ (၂) ပဉ္စသီခေါ်တဲ့ ပဉ္စသီလ ကျင့်ဝတ်ငါးပါးမြဲရတယ်။ (၃) သမ္မာအာဇီဝခေါ်တဲ့ အသက်မွေး ဝမ်းကျောင်း စင်ကြယ်ရတယ်။** အဲဒီသုံးချက်စုံရင် သောတာပန်နဲ့ တူတာပဲ၊ သောတာပန်အပါယ်မကျသလို သူလည်း အပါယ်မကျဘူး၊ ဒီတော့ သရဏဂုံတည်ဆိုတာ နှုတ်အဆိုကိုယ်အလုပ် နှစ်မျိုးလုံး တည်ရတယ်၊

**"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ, ဓမ္မံ သရဏံ ဂစ္ဆာမိ, သံဃံ သရဏံ ဂစ္ဆာမိ"**လို့ နှုတ်ကဆိုတာ ဒါ နှုတ်လိုတည်တာ၊ နှုတ်နဲ့ဆိုရုံတင် မပြီးဘူးတဲ့ ကိုယ်အလုပ် စိတ်အလုပ်လဲပါရတယ်၊ ညအိပ်ရာဝင်ပြီဆိုရင် ဘုရား, တရား, သံဃာ ရတနာ(၃)ပါး လက်အုပ်မိုး ရှိခိုးကြတော့၊ ဒါ–ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ, ဓမ္မံ သရဏံ ဂစ္ဆာမိ, သံဃံ သရဏံ ဂစ္ဆာမိ ကိုယ်ပါ,ပါတာ လက်ပါ,ပါတာ၊ ဦးညွတ်ဦးချရှိခိုး တစ်ကိုယ်လုံးပါတာ၊ အဲ ဘုရားကို စားဦးစားဖျား ဆွမ်းတော်တင်, ပန်းတော်တင်, ရေချမ်းတော်ကပ်, မီးတော်တွေကပ်, အမွှေးတိုင်တွေလှူ ကိုယ်ပါ,ပါတာ၊ ဗုဒ္ဓံ သရဏံ, ဓမ္မံ သရဏံ, သံဃံ သရဏံပါးစပ်က မဆိုပေမဲ့လို့ ကိုယ်ကပါနေပြီ၊ အဲဒီလိုအားဖြင့် သရဏဂုံတည်ရတယ်တဲ့၊ နံပါတ်(၁)။

ပဥ္စသီခေါ်တဲ့အတိုင်း ကျင့်ဝတ်ငါးပါး၊ ကျင့်ဝတ်ငါးပါး ဆိုတော့ ခင်ပွန်းသည်ဘက်ကဆိုတော့ ကျင့်ဝတ်ငါးပါး၊ ရှောင်ရမယ့် ငါးပါးလည်း ရှောင်ရတယ်, ဆောင်ရမယ့်ငါးပါးလည်း ဆောင်ရတယ်၊ ဒါ ပဥ္စသီလငါးပါး၊ သီလကျင့်ဝတ်ကြီးတွေ၊ အဲဒီကျင့်ဝတ်ငါးပါးကြီးဆိုတာ ရှောင်ရမယ့် ကျင့်ဝတ် ငါးပါးလည်းရှိတယ်, ဆောင်ရမယ့် ကျင့်ဝတ်ငါးပါးလည်းရှိတယ်၊ ရှောင်ရမယ့် ကျင့်ဝတ်ငါးပါးဆိုတာတော့ ငါးပါးသီလပြောတာ၊ ဒါ အားလုံးသိပြီးသား၊ သူ့အသက်သတ်တာရှောင်, သူ့ဥစ္စာခိုးတာရှောင် ဆိုပြီးတော့ ဒါ ရှောင်သီလ၊ အဲဒီရှောင်သီလ ငါးပါးလည်း ရှောင်ပြီးတော့ ကျင့်နိုင်ရတယ်၊

ဆောင်သီလငါးပါး ဆိုတာကျတော့ မရှောင်ရဘူး သူက ကျင့်ရတာ, ဖြည့်ရတာ, အားထုတ်ရတာ အဲဒါဘာတုန်းဆိုတော့ စာရိတ္တ သီလလို့ခေါ်တဲ့ လူတို့ရဲ့ကျင့်ဝတ်တရား၊ ခင်ပွန်းသည်ဖြစ်တော့ ခင်ပွန်းသည်ကျင့်ဝတ်တရား ငါးပါးပေါ့၊ **"မထေမဲ့ကင်း, အပ်နှင်းဥစ္စာ, မိန္တာမမှား, ဝတ်စားဆင်ပြင်, မြတ်နိုးကြင်, ငါးအင်လင်ကျင့်ရာ"**ဆိုတဲ့ သိင်္ဂါလောဝါဒသုတ်၊ ဘုရားဆုံးမတော်မူ ထားခဲ့တယ်။ မိမိဇနီးသည်နှင့် ဇနီးသည်ဘက်က သွေးသားမျိုးသားတွေပေါ်မှာ အထင်တသေးနဲ့ မဆက်ဆံရဘူး၊ အင်း ငါ့လုပ်စာ မှီစား နေရတာတွေပဲ၊ ငါ့ မှီခိုနေရတာ တွေပဲလို့ အထင်တသေးနဲ့ မဆက်ဆံမိ စေရဘူး၊ မေတ္တာနဲ့၊ အင်း–ပါရမီဖြည့်ဘက်မို့ ဆုံကြတယ်၊ ပါရမီ ဖြည့်ဘက်မို့

ဒို့တွေ တွေ့ကြတယ်လို့ ဒီလိုသဘောထားပြီးတော့ ဆက်ဆံရင်၊ ခုနက အထင်တသေးတွေ သူ့ဘာသူ ပျောက်သွားတယ်၊ ဒီလိုမဟုတ်ပဲနဲ့ ငါမှငါ. ငါ့မှီနေရတာ, ငါရှာကျွေးနေရတာ, ငါ ငါ့ရဲ့ ဂုဏ်သိက္ခာ ဒင်းတို့မှီနေရတာနဲ့ဆိုရင် အထင်သေး။

အဲဒီအထင်သေးမှုဆိုရင် မေတ္တာပျက်သွားပြီ၊ မေတ္တာပျယ်သွားပြီ အစေးပျယ်သွားပြီ။ အစေးပျယ်သွားရင် တစ်ခုခု ဇလုံးဇခု လာပြီးဖြစ်တော့မှာပဲ တစ်ယောက်နဲ့တစ်ယောက်၊ အဲဒီ ဇလုံးဇခု ဖြစ်ရာကနေပြီးတော့ တစ်ယောက်နဲ့ တစ်ယောက် ကပေါက်ကဆတွေ ဖြစ်ပြီးတော့၊ အကုန်လုံး ဟိုဘက်ဒီဘက် မျက်နှာမလှဖြစ်ကုန်ကြပြီးတော့ အကုန်လုံး ကျော်မကောင်းကြားမကောင်း ဖြစ်ကုန်ကြ၊ အင်း ရှင်းခန်း လင်းခန်း ဖြတ်ခန်းတွေ ဖြစ်ကုန်ကြတယ်၊ ဒါ မကောင်းဘူးပေါ့၊ ဒါကြောင့် မထေမဲ့ကင်း, အပ်နှင်းဥစ္စာ၊ မိမိရှာလို့ရလာတဲ့ ပစ္စည်းကို ဇနီးသည်လက် အပ်ရတယ် ပစ္စည်းစာရင်းနှင့်တကွအပ်၊ ပြီးတော့မှ ကိုယ်လိုတာ ယူသုံး၊ ဒီလိုလုပ်ရတယ်။ ဒီလိုမဟုတ်ပဲနဲ့ ကိုယ်ကလျှို့ဝှက် လျှို့ဝှက်နဲ့ယူထားရင် တစ်ယောက်နဲ့တစ်ယောက် အထင်လွဲအထင်မှားတွေဖြစ်၊ ဒီကနေပြီးတော့ ကပေါက်ကဆတွေဖြစ်ပြီးတော့ ခုနကလို ရှင်းခန်းလင်းခန်းတွေ ထိအောင် ဟိုဘက်ဒီဘက် ရုံးရောက်ဂတ်ရောက်တွေထိ ဖြစ်သွားတတ်တယ်။

"မထေမဲ့ကင်း, အပ်နှင်းဥစ္စာ, မိစ္ဆာမမှား" ....တဲ့၊ မိစ္ဆာမမှားဆိုတဲ့ အတိုင်းပဲ သုရာဓုတ္တခေါ်တဲ့ သောက်ဟာ, မူးဟာ၊ ဣတ္ထိဓုတ္တခေါ်တဲ့ အမျိုးသမီး တွေနဲ့ လိုက်စားဟာဆိုတဲ့။ နောက် အက္ခဓုတ္တလို့ခေါ်တဲ့ ကစားပွဲတွေ လောင်းပွဲတွေ ဝင်ပါဟာဆိုတဲ့ ဒီလို မိစ္ဆာအမှုတွေကိုလည်းပဲ ရှောင်ရတယ်၊ စီးပွားဥစ္စာပျက်စီးကြောင်း အကျင့်စာရိတ္တပျက်စီးကြောင်းဖြစ်တဲ့ ဒီအမှုတွေကို မပြုရဘူး၊ ကုသိုလ်နည်းပြီး အကုသိုလ်ပွားစေ တတ်တဲ့အမှုတွေ၊ ကလျာဏမိတ် ဆိုတဲ့ မိတ်ဆွေကောင်းတွေနဲ့ မတွေ့ပဲ၊ ပါပမိတ်ခေါ်တဲ့ ယုတ်မာတဲ့မိတ်ဆွေနဲ့ တွေ့တတ်တဲ့ပွဲတွေ မပါရဘူး ကိုယ်က။

"မထေမဲ့ကင်း အပ်နှင်းဥစ္စာ မိစ္ဆာမမှား ဝတ်စားဆင်ပြင်" —တဲ့၊ မိမိဇနီးသည်ကို မိမိတတ်စွမ်းသမျှ ဝတ်ကောင်းစားကောင်း ဝယ်ဆင်ရတယ်၊

ဒါ ခင်ပွန်းသည်ဝတ္တုရား။ ဝတ်စားဆင်ပြင် မြတ်နိုးကြင်တဲ့၊ ဟော မြတ်နိုးဆိုတာက မေတ္တာ၊ ကြင်ဆိုတာ ကြင်နာဆိုတာ ကရုဏာ၊ မေတ္တာကရုဏာနှစ်ပါးနဲ့ သူတို့ကို ဆက်ဆံနိုင်ရတယ်၊ သူတို့မှာ ယောက်ျားသားတွေနဲ့မတူတဲ့ သီးခြားဒုက္ခ အာဝေဏိကဒုက္ခလို့ခေါ်တဲ့ သီခြားဒုက္ခတွေရှိတယ်။ ယောက်ျားသားတွေ မခံစားရတဲ့ဒုက္ခတွေ သူတို့မှာ ခံစားရတာတွေရှိတယ်။

ဥပမာတစ်ခု ကိုယ်ဝန်လွယ်ရခြင်း (၉)လ (၁၀)လတိုင်တိုင် လွယ်ရခြင်း၊ ဒီကိုယ်ဝန်ကို အကြောင်းပြုပြီးတော့ အစားဆင်းရဲ အနေဆင်းရဲဖြစ်ရခြင်းက စပြီးတော့ သီးခြားဒုက္ခတွေရှိကြတယ်၊ အာဝေဏိက ဆိုတာ ယောက်ျားတို့မှ သီးခြား။ ဒုက္ခဆိုတာ ဆင်းရဲ။ အဲဒီ သီးခြား ဆင်းရဲတွေကို ကိုယ်က သနား ပြီးတော့ စောင့်ရှောက်နိုင်ရတယ်၊ အဲဒီလို ဆိုရင် ခင်ပွန်းသည်ရဲ့ဝတ္တုရားကြီးငါးပါး ကျေတာပဲ၊ သောတာပန်ပဲတဲ့၊ ဒီခင်ပွန်းသည်က ဒါကြောင့်။—

**"သရဏဂုံတည် ပဉ္စသီ အာဇီသန့်ရှင်းစေ"** ၃–နံပါတ် အရည်အချင်းကတော့ အသက်မွေးဝမ်းကျောင်း စင်ကြယ်ရတယ်၊ ထမင်းလေး တစ်လုပ်စားဘို့ သူများအသက်တွေ သတ်ပြီးတော့ စားရတဲ့ ထမင်း မစားရဘူး၊ မစားချင်ရဘူး။ ကိုယ့် ထမင်းလေးတစ်လုပ်၊ ခါးလေးတစ်ခု လုဖို့ဝဖို့ ဝတ်ဖို့ ဆင်ဖို့အတွက်၊ သူများပစ္စည်းတွေ ခိုးပြီးတော့၊ စားတဲ့ ဝတ်တဲ့အလုပ်မျိုး မလုပ်ရဘူး၊ အဲ အသက်မွေး ဝမ်းကျောင်းပြု၊ တောင်သူလယ်ယာ လုပ်ပြီးတော့၊ အသက်မွေး ဝမ်းကျောင်းပြု၊ အရောင်းအဝယ်လုပ်ပြီးတော့ စသည်ဖြင့် တရားသော အသက်မွေးဝမ်းကျောင်းနည်းနဲ့ ဝမ်းကျောင်းရတယ်။

အဲဒီလိုဆိုရင် သောတာပန်နဲ့ အတူတူပါပဲတဲ့၊ ဒါ ခင်ပွန်းသည်က အဲဒီလို အရည်အချင်းတွေနဲ့ပြည့်စုံပြီးတော့ ဇနီးသည်လုပ်တဲ့သူကတော့ ဘုရားမေ့. တရားမေ့. သံဃာမေ့. ဘုရားကျောခိုင်း. တရားကျောခိုင်း. သံဃာကျောခိုင်း ငါးပါးသီလလည်း ဖောက်ဖောက်ပြန်ပြန်၊ သူက ဘာလုပ်နေတုန်း၊ မနက် လင်းလာလို့ရှိရင် တစ်ခါတည်း စားဖို့သောက်ဖို့ ဝတ်ဖို့ဆင်ဖို့ မော်ဖို့ကြွားဖို့ ဖီးဖို့လိမ်းဖို့ ဒါပဲအာရုံပြုနေတဲ့သူ၊ ဘုရား. တရား. သံဃာ ရတနာသုံးပါး

တစ်နေ့လုံးနေလို့ ဘုရားဘက် လက်အုပ် တစ်ချက် မချီမိဘူး၊ စားဦး စားဖျားတွေ အကောင်းတွေချည်း နေ့တိုင်း စားနေရက်သားနဲ့ ဘုရားသတိမရဘူး၊ ဆွမ်းတော် တင်ဖို့ သူ သတိမရဘူး၊ အဲ–ဖောက်ဖောက်ပြန်ပြန်နဲ့ လုပ်ချင်ရာတွေလျှောက်လုပ် နေရင် ဇနီးသည်က တိရစ္ဆာန်တဲ့။ မယားတိရစ္ဆာန်. လင်သူမွန်တည့်. သောတာပန်လား, မယားသောတာပန်. လင်တိရစ္ဆာန်တို့ ကျင့်ဟန်မတူ။ ဒါ ပထမအစုံက ခင်ပွန်းသည်က သောတာပန်နဲ့တူ ဇနီးသည်က တိရစ္ဆာန်နဲ့တူတာ။

အဲ–ဇနီးသည်က သောတာပန်နဲ့တူပြီးတော့ ခင်ပွန်းသည်က တိရစ္ဆာန်နဲ့တူတဲ့ အစုံကျတော့လည်း ပြောင်းပြန်ပြန်လိုက်ရုံပဲ၊ ဇနီးသည်က သရဏဂုံတည်တယ်။ ဘုရား, တရား, သံဃာဆည်းကပ်တယ်. ရှိသေတယ်. ကိုင်းညွှတ်တယ်. ပန်းလှူ ရေချမ်းလှူ. ဆွမ်းတော်ကပ်. ပန်းတော်ကပ် ဒီလိုနေတယ်။ ဒါ သရဏဂုံတည့်,တည့်တာပေါ့၊ ပဉ္စသီ ခေါ်တဲ့အတိုင်း ဇနီးသည်က ကျင့်ဝတ်ငါးပါး ငါးပါးသီလလည်း လုံအောင်နေတယ် မကျိုးမပေါက်စေဘူး၊ ပြီးတော့ မယားဝတ္တရား ငါးပါးခေါ်တဲ့–

❖ **အိမ်တွင်းမှုလုပ်. သိမ်းထုပ်သေချာ၊**
**မိတ္တာကြည်ရှောင်. ဆွေ့ကျော်အောင်ဖြန့်ချီ၊**
**ပျင်းရိမမူ. ဝတ်ငါးဆူ. အိမ်သူမယ်တို့တာ** – ဆိုတဲ့ သိင်္ဂါလောဝါဒသုတ် ဘုရားဆုံးမတဲ့ အဆုံးအမကြီး (၅) ပါးကို လိုက်နာတယ်၊ အိမ်တွင်းမှုလုပ်ဆိုတဲ့အတိုင်း ခင်ပွန်းသည်က အပြင်ထွက် နေပူမိုးရွာမရှောင် ထွက်အလုပ်လုပ် စီးပွားဥစ္စာရှာ ရှာဖွေလို့ရတဲ့ ရွှေငွေ အစရှိတဲ့ ရတနာတွေကို လည်းပဲ မပျောက်မပျက်ရအောင် သိမ်းသိမ်းထုပ်ထုပ် သိုသိုသိပ်သိပ် ကိုယ်ရှာရနေ သလိုပဲ သဘောထားပြီးတော့ သိမ်းထုပ်ရတယ်။

တချို့က ကိုယ်ရှာတာမဟုတ်တော့ ခင်ပွန်းသည်ရှာတာပဲ ဆိုပြီးတော့ ကြွေးတင်ရင် ရှင်ဘုရင်ဆပ်လိမ့်မယ်ဆိုတဲ့ သဘောနဲ့ သူက သုံးဖို့ဖြုန်းဖို့ ဝတ်ဖို့စားဖို့ ဝတ်သင့်တာထက်ပိုဝတ်မယ်၊ သုံးသင့်တာထက် ပိုသုံးမယ်၊ ဖြုန်းသင့်တာထက် ပိုဖြုန်းမယ်ဆိုတဲ့ ရည်ရွယ်ချက်ကြီးနဲ့ တချို့ဇနီးသည်တွေက နေတတ်တယ်၊ ရှာရတာ သူရှာရတာ မဟုတ်တော့ သူ့ခင်ပွန်းသည် နေပူမိုးရွာ

ဘာဖြစ်နေနေ ရှာလိမ့်မယ် ဆိုပြီးတော့ မေတ္တာမရောက်ဘူး၊ ကိုယ်ရှာရသလိုပဲ သဘောထားပြီးတော့ ရလာတဲ့ပစ္စည်း၊ ကုန်သင့်မှကုန် ကျသင့်မှကျအောင် စာရင်းအင်းနှင့်တကွ သုံးတတ် စွဲတတ်ရတယ်။

ဒါ့ကြောင့် **"အိမ်းတွင်းမှုလုပ်. သိမ်းထုပ်သေချာ. မိတ္တာကြင်ရှောင်"**— တဲ့။ အတူတူပဲ ဒါကြတော့ ခုနက အသောက်အစားတွေ အကစားတွေဆိုတဲ့ မိတ္တာမှုတွေ ရှောင်ရတယ်။ **"လျော်အောင် ဖြန့်ချီ"**—တဲ့။ ခင်ပွန်းသည်ဘက်နဲ့ ကိုယ့်ဘက်နဲ့ နှစ်ဘက်ရှိတယ်၊ အဲဒီနှစ်ဘက်ကို လျော်အောင် ကိုယ့်ဘက်ကို တစ်ထောင်ဖိုးပေးနိုင်ရင် ခင်ပွန်းသည်ဘက်ဆွေမျိုးကိုလည်း တစ်ထောင်ဖိုး ပေးနိုင်ရတယ်၊ ကိုယ့်ဘက်ကို တစ်သောင်းဖိုး ကျွေးနိုင်လို့ရှိရင် ခင်ပွန်းသည်ဘက်လာတဲ့ သူကိုလည်း တစ်သောင်းဖိုး ကျွေးနိုင်ရတယ်၊ ပေးနိုင်ရတယ်။ အဲဒီ မဟုတ်လို့ရှိရင် ကိုယ့်ဘက်ကဟာကျတော့ သာသာ တိုးတိုးနဲ့ လက်သိပ် ထိုးပြီးတော့ ပေး,ကျွေး။ ခင်ပွန်းသည်ဘက်ကဟာ လာတဲ့ဟာကျတော့ ဟန်လေးနဲ့ အပေါ်ယံလေး နှမ်းဖြူးပြီးတော့ ဟန်လေးနဲ့ ဒီလိုလုပ်ဆိုရင် မေတ္တာမမှန်ဘူး။ မမှန်လို့ရှိရင် အဲ့ဒီမေတ္တာ မမှန်မှုကြီးက ပေါက်ကွဲပြီးတော့ တော်ကြာတော့ ဒေါသအိုးတွေဖြစ်ပြီးတော့ ပေါက်ကွဲပြီးတော့၊ ခုနက တကာထဲ သတင်းစာ ကြေငြာရတဲ့အထိ ရောက်ပြီးတော့ ကွဲခန်း ဖြတ်ခန်းတွေနဲ့ ရုပ်ကုန်တတ်တယ်၊

ဒါ့ကြောင့် "လျော်အောင် ဖြန့်ချီ"ဆိုတဲ့အတိုင်း ဇနီးသည်လုပ်တဲ့သူက ကိုယ့်ခင်ပွန်းသည်ရဲ့မိဘဟာ ငါ့မိဘပဲ၊ ငါ့မိဘ တော်ခဲ့ဖူးမှာပဲလို့ ဒီလို သဘောထားလိုက်ရတယ်။ ကိုယ့်ခင်ပွန်းသည်ဘက်က ဆွေမျိုးတွေ မှန်သမျှ ငါ့ဆွေမျိုးတွေ ဖြစ်ခဲ့ဖူးမှာပဲလို့ သဘောထားလိုက်ရတယ်။ ဖြစ်လည်းဖြစ်ခဲ့ရတာ ကြီးပဲ၊ မြတ်စွာဘုရားကိုယ်တော်ကလည်း ဟောထားတယ်။ လောကကြီးထဲမှာ အမေ, အဖေ မတော်ဖူးတဲ့သူ, ညီအစ်ကို မောင်နှမမတော်ဖူးတဲ့သူ, ဆွေမျိုးမိတ်ဆွေမတော်ဖူးတဲ့သူ မရှိသလောက် ရှားတယ်။

အခု ဒီတစ်ဘဝကလေးတစ်ခုကြည့်ရင်တော့ ဒီအမေ, ဒီအဖေ နှစ်ယောက်တွေ့တာပေ့ါ၊ ဒီညီအစ်ကိုမောင်နှမလေး လေးငါးယောက် တွေ့မှာပေ့ါ၊

ဒီသံသရာနဲ့ချည်ပြီး ကြည့်လိုက်တော့ ဘဝများစွာ သံသရာ ကျင်လည်လာခဲ့ကြတာ၊ အမေတွေ အဖေတွေ တော်ခဲ့ဖူးတဲ့သူတွေ လက်ညှိုးထိုးမလွဲဘူးတဲ့၊ ညီကိုမောင်နှမ တော်ခဲ့ဖူးတဲ့သူတွေ လက်ညှိုးထိုး မလွဲဘူး။ ဒီတော့ ဘဝက ဖုံးလွှမ်းထားလို့ မမြင်ကြရလို့၊ ဒါကြောင့်မို့လို့ တစ်ယောက်နဲ့တစ်ယောက် တွေ့ကြဆုံကြ ကုသိုလ်ကောင်းမှု အတူပြုကြ၊ ကြုံကြဆုံကြတယ်ဆိုတာ ရေးအကြောင်းမကင်းဘူးဆိုတာ၊ အဲဒါ ဘုရားကိုယ်တိုင်ဟောထားခဲ့တာ၊ ဒါ—ပဋ္ဌာန်းတရားတော်ကြီးပဲ၊

ဒါကြောင့်မို့လို့ ခင်ပွန်းသည်ဘက်က အမေ, အဖေ ငါ့အမေ. အဖေ၊ ခင်ပွန်းသည်ဘက်က ညီကိုမောင်နှမ ငါ့ ညီကို မောင်နှမပဲလို့ သဘောထားလိုက်ရင်၊ အဲဒီ အခုနက လျော်အောင်ဖြန့်ချီဆိုတာကြီး သူ့ဘာသူ အလိုလိုပြီးသွားတာ၊ ဒီလိုမဟုတ်ပဲနဲ့ ကိုယ်က သူ့ဟာတော့ သူစိမ်း, ငါ့ဟာတော့ အရင်းလို့ အစိမ်းအကျက်ခွဲနေလို့ရှိရင်တော့ မေတ္တာကိုက မလာတော့ဘူး၊ ကိုယ့်ဘက်ကဟာပဲ ကိုယ်က ဖို့ချင်ယက်ချင်ဖြစ်နေကြတယ်၊ အဲလိုမဖြစ်စေရဘူး၊ ဒါ့ကြောင့်—

❖ **အိမ်တွင်းမှုလုပ်. သိမ်းထုပ်သေချာ၊**
**မိတ္တာကြဉ်ရှောင်. လျော်အောင်ဖြန့်ချီ၊**
**ပျင်းရိမမှု. ဝတ်ငါးဆူ. အိမ်သူမယ်တို့တာ။**

မပျင်းရဘူးတဲ့ အိမ်ထောင်တစ်ခု ထိန်းသိမ်းတဲ့အမျိုးကောင်း သ္မီးဟာ၊ အိမ်ထောင်ကြီးတစ်ခုကို သန့်ရှင်းစင်ကြယ်ပြီးတော့ သပ်သပ် ရပ်ရပ်ဖြစ်နေအောင်ဟာ အပျင်းထူနေလို့မဖြစ်ဘူး၊ အိမ်ဝင်းတလင်း တံမျက်စည်းလှည်းသင့်တာ ဆင်းလှဲ၊ အိမ်ပေါ် ချက်သင့်တာချက် ပြုတ်သင့်တာပြုတ် လျှော် သင့်တာလျှော် ဖွတ်သင့်တာဖွတ် စသည်ဖြင့် လုပ်စရာတွေ ပြည့်နေတာပဲ၊ ဘုရားခန်း ဘုရားခန်းမို့လို့ သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ် ဖြစ်နေအောင်၊ ဧည့်ခန်း ဧည့်ခန်းမို့လို့ သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်ဖြစ်နေအောင်၊ မီးဖိုဆောင် မီးဖိုဆောင်မို့လို့ သန့်သန့် ရှင်းရှင်း သပ်သပ်ရပ်ရပ် ဖွန်းနေရာဖွန်း ခွက်နေရာခွက် ပုဂံနေရာ ပုဂံဖြစ်နေအောင်၊ မပျင်းရဘူး။

အဲ ပျင်းလိုက်ပြီ အိမ်ထောင်ရှင်မ တစ်ယောက် ပျင်းလိုက်ပြီ ဆိုသည်နှင့်တစ်ပြိုင်နက် အိမ်ဝင်းကြီးလည်း ကျက်သရေမရှိ၊ အမှိုက်တွေနဲ့ သရိုက်တွေနဲ့ ခွေးချီးတွေနဲ့၊ ဘုရားခန်းလည်းပဲ ပိုးမျှင်တွေတန်းလို့၊ ပန်းခြောက်တွေနဲ့ ရေတွေလဲ ကျွမ်းထိုး ကောင်တွေကျလို့ ကျက်သရေကို မရှိတော့ဘူး၊ ဧည့်ခန်းကြည့်လိုက်တော့လည်းပဲ စားပွဲကုလားထိုင်တွေက ဖုံတွေပေလို့ ညစ်ပေရှုပ်ပွ ခြေချစရာမရှိဘူး၊ မီးဖိုခန်းထဲဝင်မသွားလိုက်နဲ့ မီးဖိုခန်းထဲကျတော့လည်း အိုးတွေရော ခွက်တွေရော ပုဂံတွေရော ဇွန်းတွေရော ထိုးထိုး ထောင်ထောင် ကို့ရို့ကားရားတွေ ပြည့်နေတာပဲ၊ ဒီတော့ အဲဒီလို မဖြစ်စေပဲနဲ့–

"**တစ်အိမ်လုံးရဲ့ကျက်သရေ အိမ်ရှင်မ လက်ထဲမှာနေ**"–တဲ့ ရှေးလူကြီးတွေက၊ တစ်အိမ်လုံးရဲ့ကျက်သရေဟာ အိမ်ရှင်မလက်ထဲမှာ နေတာပဲ များသောအားဖြင့်၊ ခင်ပွန်းသည်တွေ ယောကျ်ားသားတွေက အပြင်ထွက်ပြီး စီးပွားရှာနေရတာ အလုပ်လုပ် နေရတာ၊ အိမ်ထဲ သူတို့ ကြည့်နိုင်တာမဟုတ်ဘူး များသောအားဖြင့်၊ အိမ်ရှင်မတွေက အိမ်ကျက်သရေရှိအောင် နေတတ်ရတယ်၊ အဲဒါဆို မယားဝတ္တရား ကျေတာပဲတဲ့ သောတာပန်ပါပဲ ဒီဇနီးသည်က၊ အဲ ဇနီးသည်က သရဏဂုံတည်တယ်၊ ပဉ္စသီလခေါ်တဲ့ ကျင့်ဝတ်ငါးပါး ရှောင်ရမယ့် ငါးပါးသီလ ရှောင်တယ်၊ ဆောင်ရမယ့်ငါးပါးသီလ ဆောင်တယ်၊ အာဇီဝ ပါရိသုဒ္ဓိ အသက်မွေးဝမ်းကျောင်းစင်ကြယ်အောင်နေတယ်၊ အဲ ခင်ပွန်းသည် လုပ်တဲ့သူကတော့ မူးလိုက်ရူးလိုက် သောက်လိုက် စားလိုက် ပျော်လိုက်ပါးလိုက် ပေးလားဝါးလား ဘုရားမေ့ တရားမေ့နေရင် တိရစ္ဆာန်ပဲတဲ့ ခင်ပွန်းသည်က။ ဒါကြောင့်–**မယားတိရစ္ဆာန် လင်သူမွန်တည့် သောတာပန်လား၊ မယားသောတာပန် လင်တိရစ္ဆာန်တို့ ကျင့်ဟန်မတူ**...တဲ့၊ ကျင့်ပုံကျင့်ဟန်ခြင်း မတူကြဘူးတဲ့၊ တစ်ယောက် တစ်ယောက်မတူတော့ ဘာဖြစ်တုန်းလို့ဆိုတော့–

✣ **မယားတိရစ္ဆာန် လင်သူမွန်တည့် သောတာပန်လား၊**
**မယားသောတာပန် လင်တိရစ္ဆာန်တို့ ကျင့်ဟန်မတူ၊**
**မကောင်းသူက မီးပူကျရောက် ကောင်းကျင့်သူကား သုခပွား၏။**

အဲဒီလို သောတာပန်နဲ့တူ တိရစ္ဆာန်နဲ့တူဆိုတဲ့ ဒီလိုအတူ တူပြီးတော့၊ မကောင်းတာကျင့်တဲ့သူကလဲ မီးလိုပူမှာပဲ၊ ဒီဘဝလည်း သူ မီးလိုပူလိမ့်မယ်၊ နောင်သံသရာလည်း ပူလိမ့်မယ်၊ ကောင်းကောင်းကျင့်တဲ့သူက ကောင်းကျိုးချမ်းသာတွေရပြီးတော့၊ ဒီဘဝရော ချမ်းသာ၊ နောင်ဘဝရော ချမ်းသာလိမ့်မယ်တဲ့ သူ့လမ်းနဲ့သူ ခွဲသွားကြမှာ။

**✣ မယားတိရစ္ဆာန်, လင်သူမွန်တည့်, သောတာပန်လား၊**
**မယားသောတာပန်, လင်တိရစ္ဆာန်တို့, ကျင့်ဟန်မတူ၊**
**မကောင်းသူက, မီးပူကျရောင်း, ကောင်းကျင့်သူကား သုခပွား၏၊**
**မယားကိုလင်, လင်ကိုမယား, တရားသဖြင့်, ကောင်းစွာကျင့်မှု,**
**ငါးဆင့်နတ်ရွာ, ဘုံနိမ္မာဝယ်, ချမ်းသာနှစ်ပါး, တူခံစားလိမ့်။**

နှစ်ယောက်လုံးက အဲဒီလိုပြောခဲ့ကြတဲ့ အရည်အချင်းသုံးချက်နဲ့ ပြည့်စုံကြတယ်၊ သရဏဂုံလည်းတည်တယ်၊ ပဥ္စသီခေါ်တဲ့ ကျင့်ဝတ်ငါးပါး ရှောင်ရမှာကိုလည်း ရှောင်တယ်၊ ဆောင်ရမှာကိုလည်း ဆောင်တယ်၊ အသက်မွေးဝမ်းကျောင်းလည်း စင်ကြယ်အောင်နေကြတယ်ဆိုရင်၊ သူတို့နှစ်ယောက် ဒီဘဝလဲ ချမ်းသာပြီးတော့၊ နောက် သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာကြီးတွေထိ ဖြစ်မသွားသေးသည့် တိုင်အောင်တောင် အထက်နတ်ပြည်ရောက်ရင် နိမ္မာနရတိခေါ်တဲ့ ငါးဆင့်မြောက်နတ်ပြည်မှာ သွားပြီးတော့ ဘုရားအလောင်းတော် ယသော်ဓရာအလောင်းတို့လို ပါရမီကောင်းမှုတွေ ဆတက်ထမ်းပိုး ဖြည့်ပြီးတော့၊ ဘုရားတစ်ဆူဆူလက်ထက်မှာ ကျွတ်တန်းဝင်တတ်တယ် ဝင်နိုင်ကြတယ်တဲ့၊ ဒါကြောင့်—

**ငါးဆင့်နတ်ရွာ, ဘုံနိမ္မာဝယ်၊ ချမ်းသာနှစ်ပါး, တူခံစားလိမ့်၊ လင်မယားနှစ်, အကျင့်ညစ်မှုတဲ့။**

လင်မယားနှစ်ယောက်လုံးက အကျင့်ကညစ်လို့ပေလို့ နှစ်ယောက် စလုံး ဘုရား, တရား, သံဃာ ရတနာသုံးပါးလည်းကျောခိုင်း ငါးပါး သီလလည်းမလုံ. အသက်မွေးကျောင်းတွေကလည်း တံငါလုပ်ပြီး အသက်မွေး၊ မုဆိုးလုပ်ပြီးတော့ အသက်မွေးနဲ့ လုပ်ချင်ရာတွေ လုပ်ကုန်ကြပြီးတော့—

**လင်မယားနှစ်. အကျင့်ညစ်မှု၊ နှစ်ဆူငရဲ. မကျွတ်ဝေး၊. သံပြိုင် ထွေးသည်၊ ငိုကြွေးအော်ဟစ်. ဆူညံတည်း ...တဲ့။**

ဒီဘဝမှာလဲ ငိုရယိုရ မျက်ရည်တွေကျရ ဒုက္ခတွေရောက်ရ၊ သံသရာ ကြတော့လည်း အပါယ်လေးပါးကြီးထဲ ကျသွားတတ်တယ်တဲ့၊ ဒါ ဇနီးမောင်နှံ လေးစုံ၊ ဒါ ဘုရားက မင်္ဂလာဆောင်လာတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီး တွေ ဘုရားက ဟောတာ၊ ဝေရဉ္ဇာမြို့ရဲ့ မြို့ဦးမြို့ထိပ်ဟောလို့ ဝေရဉ္ဇသုတ္တန်လို့ တွင်ရစ်တယ်၊

ဒါကြောင့် အဲဒီထဲကနေ ဆွမ်းဒကာ–ဆွမ်းအမ အလှူ့ဒါယကာ– အလှူ့အမဖြစ်ကြတဲ့ ဒု–ဗိုလ်မှူးကြီးစောလွင်+မဝင်းဝင်းမြင့်တို့က မိမိတို့ကိုယ် မိမိတို့ တပည့်တော်တို့ သံဃာတော် တစ်ထောင်နှစ်ရာကျော်တို့ကို နံနက်အချိန် ထပ်တစ်ရာဆွမ်း, ပဲအာလူးဆွမ်း, လက်ဖက်ရည်ဆွမ်းတွေ ဆက်ကပ် လှူဒါန်း ကြခြင်းဖြင့်၊ နေ့လည်အချိန်လည်း ဒီသံဃာတော် တစ်ထောင့်နှစ်ရာကျော်တို့ကို မွန်မြတ်သော ဆွမ်းခဲဘွယ်ဘောဇဉ်တွေနှင့်တကွ ရေခဲမုန့်ဆွမ်း, ကိတ်မုန့်ဆွမ်းတွေ လောင်းလှူကြခြင်းဖြင့်၊ ရွှေမုဋ္ဌော မဟာသိမ်တော်ကြီးမြတ်စွာဘုရားအားလည်း ရွှေသင်္ကန်းကို ရည်မှန်း၍ ငွေကျပ်တစ်သောင်း လှူဒါန်းပူဇော်ကြခြင်းဖြင့်၊ ဖိတ်မန္တက ပြုထားတဲ့ ပရိသတ်အပေါင်း သူတော်ကောင်းတွေကို တပည့်တော်တို့ မနက်,မနက် အလျောက်၊ နေ့လယ်,နေ့လယ်အလျောက် သဒ္ဓါဖြူဖွေး ကျွေးမွေး ညှိခံကြခြင်းဖြင့်၊ အခု တရားတော်ကို သဒ္ဓါကြည်ဖြူ နာယူရခြင်းဖြင့်၊ တပည့်တော်တို့ကို တပည့်တော်တို့ သောတာပန်နဲ့တူတဲ့ ဇနီးမောင်နှံဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်ကြပါကုန်၏။

ဟော– အခုချိန်ဟာ သောတာပန်နဲ့တူအောင် ကျင့်ဆောင်နေတဲ့ အချိန် တဲ့၊ သောတာပန်လုပ်တဲ့ အလုပ်,လုပ်နေတာပဲ အခု သောတာပန်တွေ လုပ်လေ့ ရှိတဲ့ အလုပ်ကို လုပ်လို့မို့ သောတာပန်တွေ အပါယ်မကျသလို အပါယ်မကျမယ့် လုပ်ငန်းကြီး လုပ်နေတာပဲ၊ ဒါကြောင့် မိမိတို့ကိုယ် မိမိတို့ ယနေ့ ယခုအချိန်မှာ သောတာပန်နဲ့တူတဲ့ ဇနီးမောင်နှံဖြစ်အောင် အထူးတလည် အကြီးအကျယ်. ကျင့်ဆောင်ကြိုးကုတ်. အားထုတ်ကြသလို, နေ့စဉ်နေ့စဉ်လည်းပဲ သောတာပန်နဲ့

တူတဲ့ ဇနီးမောင်နှံဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ကြပါစေ ကုန်သတည်း။

သောတာပန်နဲ့တူတဲ့ ဇနီးမောင်နှံဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ကြ ကုန်သည်ဖြစ်၍၊ ဤကဲ့သို့ သောတာပန်နဲ့တူတဲ့ ဇနီးမောင်နှံ ဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်တော်မူသွားကြတဲ့၊ အနာထပိဏ်, သီရိသုမနဒေဝီ, ပုညဝန္တသူဌေး, ဝိသာခါအစရှိတဲ့ ကျောင်းအမ–ကျောင်းဒကာ အရိယာသူတော်ကောင်း သူမြတ်လောင်းကြီးတို့ ရအပ်, ရောက်အပ်, သိမြင် အပ်သော နိဗ္ဗာနဓာတ်, ချမ်းသာထူး, ချမ်းသာမြတ်ကြီးကို လျင်မြန်သောစွာ ရောက်ကြရ, ရကြရ, မြင်ကြရပါလိုကုန်သော ဟူ၍–ပတ္ထနာအောင်ဆု ပြုကြကုန်ရာသတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

# "ဥဂ္ဂသုတ္တန်"
# သုံးသပ်စစ်တရားတော်

ကဲ တရားစရအောင်–

**ယေဟိ သဒ္ဓါဒိဂုဏေဟိ, ဒေဝတာ ဒေဝတံ ဂတာ၊**
**မယှမ္ပိတေ သံဝိဇ္ဇန္တိ, အဟော မေ ဂုဏဝန္တတာ။**

ဒေဝတာ–စတုမဟာ တာဝတိံသာနှင့် နတ်ရွာခြောက်လီ ပြဟ္မာ့ပြည်ဝယ်, ကိုယ်စီစံစား နတ်ပြဟ္မာအများနှင့်, ဘုရားပစ္စေကာ အရိယာမြင့်မြတ် ဝိသုဒ္ဓိနတ်တို့သည်။ ယေဟိသဒ္ဓါဒိဂုဏေဟိ–သဒ္ဓါ သီလများသုတနှင့်, စာဂပညာ စဉ်လာလောက်လုံ အကြွင်ကျေးဇူး ဂုဏ်တို့ကြောင့်။ ဒေဝတံ–ရောဂါမကပ် ဥပါဒ်မတွယ်, စားသောက်ဖွယ်ရေး နေထိုင်ရေးနှင့်, မင်းဘေးစိုးတာ ကင်းစင်ကွာလတ် ပြဟ္မာနတ်နှင့်, မြင့်မြတ်ဖြူလွင် ဝိသုဒ္ဓိသူတော်စဉ်အဖြစ်သို့။ ဂတာ–ဉာဏ်လျှပ်ပြည်မှ စုတေကြွလျှင် ခဏမနေ ကပ်ရောက်ကြလေကုန်ပြီ။ ဂတာ–ပါရမီစွမ်းသလောက် စခန်းပေါက်၍ လှမ်းရောက်တော်မူကြလေကုန်ပြီ။ တေဂုဏာ–ဝိသုဒ္ဓိစခန်း ကပ်ခါမြန်းဖို့, အစွမ်းလောက်လုံ ထိုကဲ့သို့သော ဂုဏ်ပေါင်းစုံတို့သည်။ မယှမ္ပိ–ဘုရားအကြိုက်, တရားလိုက်၍, အားစိုက်နှစ်လို ဉာဏ်ငါ့ကိုယ်မှာလည်း။ သံဝိဇ္ဇန္တိ–အမြဲမပြတ် သတိချပ်သဖြင့်, မလပ်ပုံသေ ရှိကြပေကုန်၏။ မေ–ဘုရားအကြိုက် တရားလိုက်၍ အားစိုက်နှစ်လို ဉာဏ်ငါ့ကိုယ်၏။ ဂုဏဝန္တတာ–သဒ္ဓါသီလ များသုတနှင့် စာဂပညာ စင်လာလောက်လုံ ဂုဏ်ပေါင်းစုံသည်၏ အဖြစ်သည်။ အဟော–တမလွန်အရေး ကြံတိုင်းအေးဖို့, လေးလေး ပင်ပင် အစဉ်မျိုးမှန် အော် အဖိုးတန်လေစွတကား။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

ယနေ့ အားလုံးသော ယောဂီသူတော်စင် တရားနာပရိသတ်အပေါင်း **သူတော်ကောင်းတို့** မိမိရဲ့ဘဝ, မိမိရဲ့အဖြစ်, မိမိရဲ့ လက်ရှိ ဂုဏ်ကျေးဇူးပစ္စည်း ဥစ္စာ, ဘယ်လိုပစ္စည်းဥစ္စာတွေနဲ့ ပြည့်စုံပြီးတော့ နေရမယ်၊ ဘယ်လိုပစ္စည်းဥစ္စာ အနှစ်တွေကို ရှာဖွေရမယ်၊ ဘယ်လို ပစ္စည်းဥစ္စာအနှစ်တွေနဲ့ ပြည့်စုံနေမှသာလျှင်၊ လူ့ဘဝ တန်ဖိုးရှိတယ်၊ လူ့ဘဝ ရကျိုးနပ်မယ်လို့ဆိုတာလေး သိရအောင်၊ သုံးလောကထွဋ်တင် သဗ္ဗညု ဘုရားသခင်ကိုယ်တော်မြတ် ဟောပြတော်မူအပ်တဲ့ "**အဂ္ဂုတ္တရ နိကာယ်လာ ဥဂ္ဂသုတ္တံ**" ဆိုတဲ့ ဒေသနာတော်ကို ဒီနေ့ နာကြရမယ်။

ဥဂ္ဂသုတ်တော် – "**ဧကံသမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ**"။ အားလုံးသော တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့ရဲ့ ကိုးကွယ်ရာသခင် ဘုရားရှင်ကိုယ်တော် မြတ်သည်၊ အခါတစ်ပါး သာဝတ္ထိပြည်မှန် ဇေတဝန်ရွှေကျောင်း ကိန်းအောင်း မွေ့လျော် စံနေတော်မူတဲ့အခါ။ "**တေနခေါ ပန သမယေန ဥဂ္ဂေါ၊ ရာဇမဟာမတ္တော ယေနဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ**"။ ထိုကဲ့သို့ သဗ္ဗညုတ ရွှေဉာဏ်သခင် ဘုရားရှင်ကိုယ်တော်မြတ်, သာဝတ္ထိပြည်မှန် ဇေတဝန်ရွှေကျောင်း ကိန်းအောင်း မွေ့လျော် စံနေတော်မူသည့်အခိုက်။

တစ်နေ့သောအခါမှာ ..... တဲ့၊ သာဝတ္ထိမြို့ကြီးကို စည်ထီးခရိုင် နိုင်ငံ အုပ်ချုပ် မင်းလုပ်နေသော ကောသလမင်းကြီးရဲ့ အတိုင်ပင်ခံ အမတ်ချုပ်ကြီး ဥဂ္ဂလို့ နာမည်ရှိနေတဲ့ အမတ်ချုပ်ကြီး၊ တစ်နေ့သောအချိန်မှာ၊ တစ်ခုသောနေ့ တစ်ချိန်သောအခါမှာ ဘုရားရှင်ကိုယ်တော်မြတ်ထံမှောက် ရောက်လာပြီး၊ ဘုရား ထံမှောက် ရောက်လာပြီး....တဲ့၊ နောက် သင့်လျော်လျောက်ပတ် ကောင်းမြတ်တဲ့ အပြစ်ခြောက်ပါး ကင်းလွတ်တဲ့၊ ဝေးနီး လေညာ, မြင့်မောက်ရာနှင့်, မျက်နှာ ချင်းကပ်, နောက်ကျောရပ်ဟု, ခြောက်ရပ်ကင်းကွာ, သင့်လျော်လျောက်ပတ်တဲ့ ဒေသမှာ၊ ဘုရားရှင်ရဲ့ အထံမှောက်မှာ ရောက်လာပြီးတော့ ထိုင်နေတယ်။

ထိုင်နေပြီးသကာလ **"ကေမန္တံ နိသိန္နော ခေါ ဥဂ္ဂေါရာဇ မဟာမတ္တော ဘဂဝန္တံ ဧတဒဝေါစ"**။ အဲဒီ ကောသလမင်းရဲ့ အမတ်ချုပ်ကြီး၊ အတိုင်ပင်ခံအမတ်ချုပ်ကြီး ဥဂ္ဂလို့ဆိုတဲ့ အမတ်ချုပ် ကြီးက၊ ဘုရားထံမှောက် ရောက်လာပြီးတော့ သူက ဘာစကား လျှောက်တုန်းလို့ဆိုတော့၊ သူလျှောက်တဲ့ စကားက—

**ယာဝ အဗ္ဘုတံ ဘန္တေ မိဂါရော ရောဟဏေယျော ယာဝမဟဒ္ဓနော ယာဝ မဟာဘောဂေါတိ"**။

မြတ်စွာဘုရားတဲ့ တပည့်တော်တို့ သာဝတ္ထိမြို့ထဲက ရောဟဏ သူဌေးရဲ့ မြေးတော်တဲ့၊ မိဂါရသူဌေးသည်၊ ယာဝအဗ္ဘုတံ–အလွန်ကြွယ်ဝပါပေသည်ဘုရား။ ယာဝမဟဒ္ဓနော–မြေဝယ်မြှုပ်ထား, ဘဏ်ဝယ်ထားတဲ့ များသောဥစ္စာလည်း ရှိပါပေသည်ဘုရား။ ယာဝမဟာဘောဂေါ–နေ့စဉ်အမြဲ သုံးစွဲဖို့ရာ တွင်းပ သုံးဆောင်, များမြောင်သော စည်းစိမ်ဥစ္စာ အသုံးအဆောင်တွေနဲ့လည်း ပြည့်စုံပါပေသည်ဘုရား။ ဥဂ္ဂအမတ် ချုပ်ကြီးက ဘုရားထံမှောက် ရောက်လာပြီးတော့၊ သူက မိဂါရသူဌေး ပစ္စည်းပေါကြောင်းလာပြီးတော့ လျှောက်တယ်။

မြတ်စွာဘုရားတဲ့ တပည့်တော်တို့ သာဝတ္ထိမြို့ထဲက မိဂါရ ခေါ်တဲ့သူဌေး၊ အဲဒီ မိဂါရသူဌေးက ဘယ်သူရဲ့မြေး ဘယ်သူရဲ့ အနွယ်တုန်းလို့ဆိုတော့ ရောဟဏ သူဌေးရဲ့မြေး မိဂါရအမည်ရှိတဲ့ သူဌေးဟာ အလွန်ကြွယ်ဝပါတယ် ဘုရား၊ အလွန်ပေါများပါတယ်ဘုရား၊ အလွန်ပစ္စည်းဥစ္စာတွေနဲ့ ပြည့်စုံပါတယ် ဘုရား၊ နေ့စဉ် အမြဲသုံးစွဲတဲ့ အသုံးအဆောင်ပရိဘောဂတွေကလည်း၊ အင်မတန် အလွန်အကဲ ပြည့်စုံလှပါတယ်ဘုရား။ မိဂါရသူဌေးဆိုတာ သူများမဟုတ်ဘူး၊ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေ သိပြီးသားဖြစ်တဲ့ ဝိသာခါ ကျောင်းအမကြီးရဲ့ ယောက္ခမ, အားလုံးသော သာသနာ့ဂိုဏ်းဝင် သူတော်စင် ဒကာ–ဒကာမအပေါင်းတို့ သိနေ, ကြားနေ, ရင်းနှီးနေကြတဲ့ ကျောင်းအမကြီး ဒေါ်ဝိသာခါရဲ့ ယောက္ခမ။ အဲဒီယောက္ခမဖြစ်တဲ့ မိဂါရသူဌေး, ပစ္စည်းပေါပုံ, ကြွယ်ဝပုံ, ချမ်းသာပုံ, အသုံးအဆောင်တွေနဲ့ ပြည့်စုံပုံ, အဲဒါ ဥဂ္ဂဆိုတဲ့ အမတ်ချုပ်ကြီးက ဘုရားထံမှောက် လာရောက်ပြီးတော့ အကြောင်းဆိုက်လို့ ဆိုပါတော့၊ လျှောက်နေတာ၊ ဒီတော့ မြတ်စွာဘုရားက မေးတော်မူတယ်—

**ကိဝအဿော ပနဂ္ဂ မိဂါရော ရောဟဏေယျော ကိဝ မဟဒ္ဓနော ကိဝ မဟာဘောဂေါ။**

ဥဂ္ဂ....မိဂါရသူဌေးရဲ့ ပစ္စည်းဥစ္စာကြွယ်ဝပုံတွေကို ငါ့ထံမှောက် လာရောက်ပြီးတော့ လျှောက်နေတဲ့ ဥဂ္ဂအမတ်ချုပ်ကြီး။ ရောဟဏေ ယျော-ရောဟဏာသူဌေးရဲ့ မြေးဖြစ်တဲ့။ မိဂါရော-မိဂါရသူဌေးသည်။ ကိဝ အဗော-ဘယ်လောက် ကြွယ်ဝတာတုန်း.....တဲ့၊ ဘယ်လောက် ပစ္စည်းပေါတာတုန်း။ ကိဝ မဟဒ္ဓနော-မြေဝယ်မြုပ်ထား ဘဏ်ဝယ် သိမ်းထားတဲ့ ပစ္စည်းဥစ္စာ ဘယ်လောက်များနေလို့တုန်း။ ကိဝ မဟာ ဘောဂေါ-တွင်းပသုံးဆောင် များမြောင် လှစွာ စည်းစိမ်ဥစ္စာတွေနဲ့ ဘယ်လောက်များ ပြည့်စုံနေလို့တုန်း ....။

ဥဂ္ဂအမတ်ကြီး ငါဘုရားရှေ့ လာပြီးတော့၊ သင်က မိဂါရသူဌေး ပစ္စည်းဥစ္စာကြွယ်ဝပုံတွေ ပေါများပုံတွေ လျှောက်နေတယ်တဲ့။ သင်လျှောက်တဲ့ ရောဟဏာရဲ့မြေး မိဂါရ သူဌေး ပစ္စည်းဥစ္စာ ပေါတာက၊ သင်ပေါလှပါတယ်၊ ကြွယ်ဝလှပါတယ်လို့ လျှောက်ရလောက်အောင် သင်လျှောက်နေရလောက်အောင် ဆိုတော့ ဘယ်လောက်ပေါနေလို့လဲ ဘယ်လောက်ပေါတာတုန်း။ တရားဟော ချင်လို့ ဘုရားကမေးတာ။ အလကား ဘုန်းကြီးတို့လို အပျင်းပြေ လျှောက်မေး နေတာမဟုတ်ဘူး၊ တရားပြချင်လို့ ဘုရားကမေးတာ။

အဲဒီလိုမေးလိုက်တော့ ဥဂ္ဂအမတ်ကြီးက ဘယ့်နဲ့ပြန်ဖြေတုန်း- **"သတံ ဘန္တေ သတသဟဿာနံ ဟိရညဿ၊ ကောပန ဝါဒေါ ရူပိယဿ"**။ ဘန္တေ-ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ဟိရညဿ- ရွှေပြား ငွေပြား ရွှေဒင်္ဂါးပြား၏ပင်လျှင်။ သတံသတသဟဿာနံ- သိန်းပေါင်း တစ်ရာ တို့သည်။ ဟောန္တိ-ရှိပါကုန်တော့သည်ဘုရား။ ရူပိ ယဿ-ရွှေရေခွက်, ရွှေဇွန်း, ရွှေပန်းကန်, ရွှေလင်ပန်း, ရွှေသင်ဖြူး အစ ရှိသည်ဖြင့်၊ ရွှေအသုံးဆောင်ဖြင့် ပြုလုပ်ထားတဲ့ ရွှေကုရင်, ရွှေ ကုလားထိုင်စသည်ဖြင့် ပြုလုပ်ထားတဲ့ ပစ္စည်းဥစ္စာ တို့၏ကား။ ဝါဒေါ-ပြောဆိုဖွယ်သည်။ ကောပန-အဘယ်မှာရှိပါတော့အံ့နည်း ဘုရား။

မြတ်စွာဘုရား....၊ ပေါပုံတော့ တပည့်တော်ပြောရမယ်ဆိုလျှင် ရှင်တော်ဘုရား မေးလို့ ပြောရမည်ဆိုလျှင်၊ ရောဟဏသူဌေးရဲ့ မြေးဖြစ်တဲ့ မိဂါရသူဌေးရဲ့ ပေါပုံကို တပည့်တော် လျှောက်ရမည်ဆိုလျှင်တဲ့၊ ရွှေဒင်္ဂါးသုံးစွဲဖို့ ရွှေဒင်္ဂါးပြား၊ ရွှေကျပ်ဒင်္ဂါးလုပ်ထားတဲ့ ပစ္စည်းဝတ္ထုသည်ပင်လျှင်၊ သတံသတသဟဿာနိ- သိန်းပေါင်းတစ်ရာတို့ ရှိကြပါသည်ဘုရား။ အဲဒီ ရွှေဒင်္ဂါးချည်း သက်သက်က သိန်းပေါင်းတစ်ရာဖိုးရှိပါတယ်ဘုရား။ ဒင်္ဂါးလုပ်ထားတာ ဒင်္ဂါးပြားလုပ်ထားတာ။ အဲဒီလိုမဟုတ်ပဲနဲ့ ရွှေတို့ ငွေတို့ဆိုတာတွေ အသာထားလိုက်ဘုရား ရွှေချည်းပဲ အသုံးအဆောင် ပစ္စည်းအနေနဲ့ လုပ်ထားတဲ့ ရွှေဖလား, ရွှေတကောင်း, ရွှေခရား, ရွှေလင်ပန်း, ရွှေဇွန်း, ရွှေပုဂံ အစရှိသည်ဖြင့် အမျိုးမျိုးသော ပစ္စည်း ဥစ္စာတွေ လုပ်ထားတဲ့ အမျိုးမျိုးသော အသုံးအဆောင်တွေလုပ်ပြီးတော့ သုံးဆောင်နေတဲ့ ရွှေကိုချည်း အသုံးဆောင်တွေလုပ်ပြီးတော့ ပြုထားတဲ့ အသုံးအဆောင်တွေ ကတော့ဖြင့် ဘယ်လောက်ရယ်လို့ ရေတွက်လို့ မရလောက်အောင် ပေါလှပါတယ် ဘုရားလို့။ အဲသလို လျှောက်ထားတယ်၊

အဲသလို လျှောက်ထားတော့ မြတ်စွာဘုရားက ဘယ့်နဲ့ပြောပြန်တုန်း။ **"အတ္ထိ ခေါ တေ ဥဂ္ဂဝန်၊ နေတံ နတ္ထီတိ ဝဒါမိတိ"**။ ဥဂ္ဂ- အမတ်ချုပ်ကြီး ဥဂ္ဂ။ တေံဝန်-ဤ သင်ခုပြောနေတဲ့ ရွှေကျပ်ဒင်္ဂါးကိုကပဲ သိန်းပေါင်းတစ်ရာ ဒိပြင် ရွှေကိုအသုံးဆောင် အမျိုးမျိုးလုပ်ပြီးတော့ သုံးစွဲနေတဲ့ ရွှေဘဏ္ဍာ, ငွေဘဏ္ဍာအစရှိတဲ့ ပစ္စည်းတွေပင် ဘယ်လောက်များတယ်လို့ မပြောနိုင်လောက် အောင် ပေါများလှပါတယ်ဆိုတဲ့ သင်ပြောတဲ့ ဒီပစ္စည်းသည်။ အတ္ထိခေါ အတ္ထိယေဝ-ရှိပါပေတယ်၊ ရှိတယ်လို့တော့ ငါဝန်ခံပါတယ်။

**"နေတံ နတ္ထီတိ ဝဒါမိ"**။ တေံ-အဲဒီပစ္စည်းတွေကို ပစ္စည်းအပေါင်း တွေကို။ နတ္ထီတိ-မရှိဘူးဟူ၍။ န ဝဒါမိ-ငါမပြောလိုပါ။ ဥဂ္ဂ အမတ်ချုပ်ကြီးတဲ့ သင်အခုလျှောက်နေတဲ့ ဒီရွှေတွေ, ဒင်္ဂါးတွေရော ရွှေအသုံးဆောင်, ငွေ အသုံးဆောင်စတဲ့ ပစ္စည်းတွေ မိဂါရသူဌေးမှာပေါတဲ့ ပစ္စည်းတွေဟာ ရှိပါပေတယ်, ဟုတ်ပါ ပေတယ်, ရှိပါပေတယ်လို့ပဲ ငါပြောပါတယ်။ မရှိဘူးလို့တော့ ငါ မပြောလိုပါဘူးတဲ့။ သို့သော် **"တဉ္စ ခေါ တေ ဥဂ္ဂဝန်၊ သာဓာရဏံ**

**အဂ္ဂိနာ ဥဒကေန ရာဇူဟိ စောရေဟိ အပ္ပိယေဟိ ဒါယာဒေဟိ**"။

စခေါ်-ထိုသို့ပင် ပေါ်များတယ်လို့ ငါဝန်ခံရပါသော်လည်း၊ ငါပြောရပါသော်လည်း၊ ချီးမွမ်းပါသလားလို့ ဆိုတော့။ တဥ္စခေါ် တော်ခန့်-ထိုပစ္စည်းသည်။ ယ္ဖု သင်ပြော လိုက်တဲ့ မိဂါရသူဌေးမှာ ပေါ်များပါတယ်ဆိုတဲ့၊ ထိုပစ္စည်းသည်။ အဂ္ဂိနာ-မီးရန်သူကြီးနှင့်၎င်း။ ဥဒကေန-ရေရန်သူ ကြီးနှင့်၎င်း။ စောရေဟိ-သူခိုးဓားပြလူဆိုး ရန်သူမျိုးတို့နှင့်၎င်း။ ရာဇူဟိ-မတရားသိမ်းပိုက်တဲ့ မင်းဆိုးတို့နှင့်၎င်း။ အပ္ပိယေဟိ ဒါယာဒေဟိ-အမွေခံဆိုး သားဆိုးသမီးဆိုးတို့နှင့်၎င်း။ သာဓာရဏံ-ဆက်ဆံ၍နေ၏။

အမတ်ချုပ်ကြီး၊ သင်က မိဂါရသူဌေး ပစ္စည်းဥစ္စာ ပေါ်များတယ်ဆိုတဲ့ ပစ္စည်းတွေ၊ မရှိဘူးလို့တော့ ငါမဆိုလိုပါဘူး။ ရှိတယ်လို့ပဲ ဝန်ခံပါတယ်။ သို့သော် အဲဒီပစ္စည်းတွေဟာ သူ့မှာရှိပင်ရှိငြားသော်လည်းပဲ၊ အဟုတ် ပိုင်ပြီးတော့ ရှိတဲ့အရှိ မဟုတ်ဘူး ဥဂ္ဂတဲ့။ ကိုယ်တစ်ယောက်ထဲဆိုင်ပြီး၊ ကိုယ်တစ်ယောက်ထဲ ပိုင်ပြီးတော့ အဟုတ်ပိုင်နေတဲ့ပစ္စည်းလို့ ငါမဆိုလိုဘူး။ ငါမပြောလိုဘူး။ ဘာပြုလို့တုန်းဆိုတော့ အဲဒီပစ္စည်းတွေဟာ အဂ္ဂိနာ-မီးနှင့်လည်းပဲ။ သာဓာရဏံ-ဆက်ဆံနေတယ်၊ (ဝါ) – မီး ကလည်းပိုင်နေတယ်။

ဥဂ္ဂအမတ်ချုပ်ကြီး၊ သေချာစဉ်းစားစမ်း၊ အဲ သူ့ထံမှာရှိနေတဲ့ ပစ္စည်းတွေ မရှိဘူးလို့တော့ ငါမပြောလိုပါဘူးတဲ့၊ ရှိပါတယ်။ သို့သော်လည်းပဲ သူတစ်ယောက်ထဲ ပိုင်တာမဟုတ်ဘူးတဲ့၊ လူငါးဦးက ဝိုင်းပြီးတော့ ပိုင်ကြသေးတယ်၊ ရန်သူကြီး ငါးယောက်က ဝိုင်းပြီးတော့ ပိုင်ကြသေးတယ်။ ရန်သူကြီး ငါးယောက်က လက်လှမ်းနေကြသေးတယ်၊ ရန်သူကြီးငါးယောက်က လက်နိုက်နေကြသေးတယ်၊ သင်က အဲဒါ သူတစ်ယောက်ထဲပိုင်တာ ထင်တာကိုး ဥဂ္ဂ။ ငါဘုရား အမြင်နဲ့ ပြောရရင် သူတော်ကောင်း အဆက်ဆက် ပုဂ္ဂိုလ်တွေအမြင်နဲ့ ပြောရရင်၊ ဒို့ ဘုရားရှင်အဆူဆူနဲ့ သူတော်ကောင်းအဆက်ဆက်တို့ရဲ့ ဉာဏ်အမြင်နဲ့ ပြောရရင်၊ အဲဒီပစ္စည်းတွေဟာ မိဂါရတစ်ယောက်ထဲ ပိုင်တဲ့ပစ္စည်း မဟုတ်ဘူးလို့ ဒို့က မြင်တယ်။ ဘယ်သူတွေက ပိုင်နေသေးတုန်း။

အဂ္ဂိနာသာဓာရဏံ-မီးကလည်းပိုင်နေသေးတယ်, မီးကလည်း ဆိုင်နေ သေးတယ်။ ဥဒကေနသာဓာရဏံ-ရေကလည်း ပိုင်နေသေးတယ်၊ ရေကလည်း

ဆိုင်နေသေးတယ်။ စောရေဟိသာစာရဏံ–ယုတ်မာညစ်ဆိုး သူခိုးဓားပြတွေနဲ့လည်း ပိုင်နေသေးတယ်။ ရာဇူဟိ သာစာရဏံ–မင်းစိုးရာဇာတွေနဲ့လည်း ပိုင်နေသေးတယ်, ဆိုင်နေသေးတယ်။ အပ္ပိယေဟိ ဒါယာဒေဟိသာစာရဏံ–အမွေခံဆိုး သားဆိုး သမီးဆိုး တူဆိုး တူမဆိုးတွေနဲ့လည်းပဲ ဆိုင်နေသေးတယ်, ပိုင်နေသေးတယ်တဲ့၊ ဆက်ဆံနေသေးတယ်။ ဥဂ္ဂ....၊ ငါက အဲဒီပစ္စည်းတွေကို သူ့အဟုတ် ပိုင်တယ်လို့ မပြောလိုသေးဘူး၊ ပြောလို့မဖြစ်သေးဘူး ဥဂ္ဂ၊

အေး–ကိုယ်ချည်းပိုင်တဲ့ပစ္စည်းက ဘယ်လိုပစ္စည်းတုန်းလို့ ဆိုတော့။ **"သတ္တခေါ ဣမာနိ ဥဂ္ဂဓနာနိ အသာဓာရဏာနိ အဂ္ဂိနာ ဥဒကေန ရာဇူဟိ စောရေဟိ အပ္ပိယေဟိ ဒါယာဒေဟိ"**။ ဥဂ္ဂ–အမတ်ချုပ်ကြီး ဥဂ္ဂ။ ဣမာနိ သတ္တဓနာနိ–အခု ငါဘုရားပြောဆိုမယ့် ပစ္စည်းဥစ္စာ ခုနစ်မျိုး တို့သည်ကား။ အဂ္ဂိနာ–မီးနှင့်ၿငင်း။ ဥဒကေန–ရေနှင့်ၿငင်း။ စောရေဟိ–ယုတ်မာညစ်ဆိုး သူခိုးဓားပြတို့နှင့်ၿငင်း။ ရာဇူဟိ–မင်းစိုးရာဇာတို့နှင့်ၿငင်း။ အပ္ပိယေဟိ ဒါယာဒေဟိ–အမွေခံဆိုး သားဆိုး သမီးဆိုး မြေးဆိုး မြစ်ဆိုး တူဆိုး တူမဆိုး တို့နှင့်ၿငင်း။ အသာဓာရဏာနိ–မဆက်ဆံကုန်၊ (ဝါ) – ကိုယ်ပိုင် ဖြစ်ကုန်၏။

ဥဂ္ဂ....၊ ငါအခုပြောမယ့် ပစ္စည်းဥစ္စာ (၇) မျိုးသည်ကား၊ ကိုယ်တစ်ယောက်ထဲပိုင်, ကိုယ်တစ်ယောက်ထဲဆိုင်, ကိုယ်လုပ်ရင် ကိုယ်ရ, ကိုယ်ပြုရင် ကိုယ်ရ, မီးရန်သူ ရေရန်သူ သူခိုး ဓားပြရန်သူ မင်းစိုးရာဇာ ရန်သူ အမွေခံဆိုး ရန်သူဆိုတဲ့ ရန်သူကြီးငါးမျိုး လက်မလှမ်းနိုင်တဲ့၊ လက်မနိုက်နိုင်တဲ့၊ မနှောက်ယှက်နိုင်တဲ့၊ မဖျက်ဆီးနိုင်တဲ့၊ ကိုယ်ပိုင် စင်စစ်ပစ္စည်းလို့ ငါသတ်မှတ်တော်မူတဲ့ပစ္စည်း (၇) မျိုးရှိတယ်တဲ့။ (၇) မျိုးရှိတယ်။ မြတ်စွာဘုရားက ဒါပြောချင်လို့ စကားတွေ ခေါ်မေးလာတာ၊ ဒီတော့ အဲဒီပစ္စည်း (၇) မျိုးက ဘာတွေတုန်းဆိုတော့–

**သဒ္ဓါဓနံ သီလဓနံ, ဟိရီဩတ္တပ္ပိယံဓနံ၊**
**သုတဓနဉ္စ စာဂေါစ, ပညာဝေ သတ္တမံဓနံ။**

သဒ္ဓါဓနံ–ရတနာသုံးတန် ကံကံအကျိုး ဝိပဿနာမဂ်ဖိုလ် နိဗ္ဗာန် တိုင်အောင်, မြတ်နိုးကျေနပ် ယုံကြည်တတ်တဲ့ သဒ္ဓါဆိုတဲ့ ပစ္စည်းမျိုးၿငင်း။

သီလခန်း–ငါးပါးရှစ်ပါး ကိုးပါးမယုတ် သိက္ခာပုဒ် သီလတွေကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုတဲ့ ဝါရိတ္တသီလ၊ မျိုးရိုးကောင်းတို့ ကျင့်ကြံအားထုတ်မြဲဖြစ်တဲ့ အဘိဝါဒန–ရှိခိုးမှု၊ အဉ္ဇလီ ကမ္မ–လက်အုပ်ချီမှု၊ ပစ္စုဋ္ဌာန–ခရီးဦးကြိုဆိုမှု၊ အပစာယန–အရိုအသေ ပေးမှုဆိုတဲ့ စာရိတ္တသီလဆိုတဲ့ ပစ္စည်းမျိုးရင်း။ "သဒ္ဓါခန်း သီလခန်း ဟိရီဩတ္တပ္ပိယံခန်း"။ ဟိရီခန်း–မကောင်းမှုဒုစရိုက်တရားတွေပြုရမှာ ရှက်ခြင်း, ဩတ္တပ္ပခန်း–ကြောက်ခြင်းဆိုတဲ့ ပစ္စည်းဥစ္စာမျိုးရင်း။ သုတ ခနဥ္စ–မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်းဖြစ်တဲ့ အကျင့်ကောင်းနဲ့ပတ်သက်တဲ့ တရားထူးတရားမြတ်တွေကို အဆုံးမတော်တွေကို တလုံးတပါဒမျှဖြစ်စေ၊ ကြားဘူးနားဝရှိအောင် စုဆောင်းခြင်းဆိုတဲ့ သုတပစ္စည်းမျိုးရင်း။ စာဂေါစ–မိမိမှာရှိနေတဲ့ ပစ္စည်းဥစ္စာကို တတ်စွမ်းသမျှ နဲများ မဟူ စွန့်ကြဲပေးကမ်း ဝေငှလှူဒါန်း မှုတခြင်းဆိုတဲ့ စာဂပစ္စည်းမျိုးရင်း။ ဝေ–စင်စစ်ကေန် အမှန်အားဖြင့်။ သတ္တမံ–(၇) ခုမြောက်ဖြစ်သော။ ပညာခန်–ဉာနာဉာန ကောသလ္လမှ စဉ်ဆင့်ပွား, သမထဝိပဿနာ တိုင်အောင်သော ပညာတရားဆိုတဲ့ ပစ္စည်းမျိုးရင်း။

**"ယဿ ဧတေ ဓနာအတ္ထိ၊ ဣတ္ထိယာ ပုရိသဿဝါ"**။ ယဿဣတ္ထိယာဝါ–အကြင် အမျိုးသမီးမှာသော်၎င်း။ ယဿပုရိသဿဝါ – အကြင်အမျိုးသားမှာသော်၎င်း။ ဧတေဓနာ–ဤပြဆိုအပ်ခဲ့တဲ့ (၇) မျိုးသော ပစ္စည်းတို့သည်၊ အတ္ထိ–မုချပုံသေ ရှိကြပေကုန်၏။ **"သဝေ မဟဒ္ဓနော လောကေ၊ အဇေယျော ဒေဝမာနုသေ"**။ သသော–ထို ငါပြဆိုအပ်ခဲ့တဲ့ (၇) မျိုးသော ပစ္စည်းကို, စုဆောင်းထားခဲ့တဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးကိုသာလျှင်။ သသော–ထို ငါပြဆို အပ်ခဲ့တဲ့ (၇) မျိုးသော ပစ္စည်းကိုပင် နေ့စဉ်မှန်မှန် လစဉ်မှန်မှန် နှစ်စဉ်မှန်မှန် စုဆောင်းရမှန်း သိမ်းဆည်းရမှန်း သိပြီးတော့, စုဆောင်းထား, သိမ်းဆည်းထားတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးမျိုးကို သာလျှင်။ လောကေ–ကမ္ဘာလောကကြီး၌၊ အဇေယျော–မီးရန်သူကလည်း မဖျက်ဆီးနိုင်, ရေရန်သူကလည်း မနှောက်ယှက် မဖျက်ဆီးနိုင်, သူခိုးဓားပြ, မင်းစိုးရာဇာ, အမွေခံဆိုး သားဆိုး သမီးဆိုးတွေကလည်း

မနှောက်ယှက် မဖျက်ဆီးနိုင်သဖြင့် မအောင်အပ် မအောင်နိုင်သော၊ သူ့ကို လွှမ်းမိုးနိုင်သူမရှိသော။ မဟဒ္ဓနောတိ-ကိုယ်ပိုင်ဥစ္စာဖြင့် အဆီအနှစ်ရှိသူဟူ၍။ ဝုစ္စတိ-ဗျူပ္ပတ် အလိုက် ရုပ်ဓာတ်ကိုက်အောင် သမိုက်အပ်လေတော့သတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

ဥဂ္ဂအမတ်ချုပ်ကြီး....တဲ့၊ သင်ပြောလိုက်တဲ့ပစ္စည်းတွေ ငါက မရှိဘူးလို့ မဆိုလိုပါ၊ ရှိတာမှန်ပါသည်။ သို့သော် အဲဒီပစ္စည်းက ဘုံဆိုင်ပစ္စည်းပဲ ဥဂ္ဂတဲ့။ ဘုံဆိုင်ပဲတဲ့။ ဘုံဆိုင်ကို သင်တို့တတွေက ကိုယ့်ဟာ ထင်ပြီးနေကြလို့ အဲဒီ ဘုံဆိုင်တွေနဲ့ အချိန်ကုန်ကြလို့ ကိုယ်ပိုင်ပစ္စည်းမပါဘဲ မရလိုက်ဘဲ ရှိကြ တယ်.......တဲ့။ ငါဟောတော်မူတဲ့ သဒ္ဓါဓနလို့ခေါ်တဲ့ ပစ္စည်း၊ သဒ္ဓါဓနဆိုတာ ယုံကြည်မှု၊ ဘုရား တရား သံဃာ ရတနာသုံးပါးပေါ်မှာယုံကြည်တယ်၊ အဲဒါ သဒ္ဓါပစ္စည်းလို့ ခေါ်တယ်။

ယနေ့ ဒကာ-ဒကာမတွေ ဘုရားရှင်ရှေ့မှာ လက်အုပ်ကလေးတွေ ချီလို့ ပန်းတွေကပ်လို့ ဆွမ်းတော်တွေတင်လို့ ဘုရားဂုဏ်တွေ အာရုံပြု ရှိခိုးလို့ ဆိုတာ၊ အဲဒါ သဒ္ဓါဓနလို့ခေါ်တဲ့ ပစ္စည်းရှိတာ။ ပစ္စည်းကြွယ်ဝနေလို့ ဘုရားပေါ် ယုံတယ်၊ ဘုရားကို ကိုးကွယ်ဆည်းကပ်ရင် ငါတို့မှာ မကောင်းတဲ့ဘေးရန် အန္တရာယ်တွေ ကင်းနိုင်တယ်။ ကောင်းကျိုးချမ်းသာ မင်္ဂလာတွေနဲ့ ပြည့်စုံ နိုင်တယ်လို့ ယုံကြည်တယ်၊ အဲဒါ သဒ္ဓါဓန။ အဲဒီသဒ္ဓါဓနပစ္စည်း ရှိပြီဆိုရင် နောက်ထပ် အမြတ်တွေဟာ တိုးထွက်လာတာပဲ၊ သဒ္ဓါဆိုတဲ့ ယုံကြည်မှုပစ္စည်းက အရင်းအနှီး။ ပစ္စည်းထဲမှာ အကောင်းဆုံးပစ္စည်းလို့ အာဠာဝကသုတ္တန်ကြ ဘုရားကဟောတယ်။

ဒကာ-ဒကာမတွေ ပစ္စည်းဥစ္စာရှာတဲ့နေရာမှာ အရင်းအနှီး မြုပ်ရတယ် မဟုတ်လား၊ အရင်းအနှီး အခြေခံထားရတယ်၊ အရင်းအနှီး အခြေခံထားမှ အမြတ်တွေ နောက်ကလိုက်လာတာ၊ ဈေးရောင်းရာမှာ ဖြစ်ဖြစ်, လယ်လုပ်ရာမှာ ဖြစ်ဖြစ်, အရင်းအနှီးအခြေခံ စတင်စိုက်ပျိုးလိုက်မှ၊ စတင်တူထောင်လိုက်မှ၊ အမြတ်ဆိုတာ နောက်ကပေါ်လာတယ်။

အဲသလိုပဲ သဒ္ဓါဆိုတဲ့ပစ္စည်းသည် အရင်းအနှီး။ ပစ္စည်းတွေထဲမှာ အကောင်းဆုံးပစ္စည်း။ ဘာပြုလို့တုန်းဆိုတော့ သဒ္ဓါဆိုတဲ့ ယုံကြည်မှု မရှိရင် ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ၊ ဘုန်းကြီးတို့ ဟောဒီနားကို မထိုင်ဘူး။ တရားလာပြီးတော့ နာတယ်ဆိုကတည်းကိုက တရားနာ လိုက်ရလို့ရှိရင် ဘုရားရှင်တရားတော်ထဲက ဒွိ တလုံးတပါဒဖြစ်ဖြစ် မှတ်မိလိမ့်မယ်၊ သံဃာတော်တစ်ပါး ရဟန်းတော်တစ်ပါး ဆရာတော်တစ်ပါး ဟောသွားတဲ့ထဲက၊ တလုံးဖြစ်စေ ကြားလိုက်ရရင် မှတ်မိလိမ့်မယ်၊ နာလိုက်ရရင် မမှတ်မိသည့်တိုင်အောင် တရားတော်ကို နာရုံနှင့်ပဲ စိတ်ထဲမှာ ကြည်နေလိမ့်မယ်. အေးနေလိမ့်မယ်. သားရေး သမီးရေး စီးပွားရေးတွေနဲ့ပတ်သက် ပြီးတော့ ဖြစ်ပွားနေတဲ့ လောဘပူ. ဒေါသပူ. မောဟပူတွေ ခေတ္တခဏပဲဖြစ်ဖြစ် ငြိမ်းနေလိမ့်မယ်လို့ ယုံတယ်။

ယုံတဲ့အတိုင်း တရားနာလာတယ်၊ နာတဲ့အတိုင်း ဟောဒီ တရား ဟောနေတဲ့အခိုက် ဘုန်းကြီးတို့ ပြောနေတဲ့ တရားထဲမှာ စိတ်စိုက်ပြီး နေတဲ့အခိုက်၊ ဒကာ–ဒကာမတွေ သန္တာန်မှာ လောဘပူ. ဒေါသပူ. မောဟ အပူကြီးတွေ ငြိမ်းနေပါတယ်။ ငြိမ်းနေပါတယ်။ တရားတော်ကို နာရနားပေါက်ကနေ ကြားရခြင်းကြောင့် ဟဒယဝတ္ထု နှစ်လုံးသားတိုင်အောင် အေးနေပါတယ်၊ ကြည်နေပါတယ်၊ ပီတိဖြာနေပါတယ်၊ အသိတွေတိုးနေပါတယ်၊

ဒီတော့ အဲဒီ သဒ္ဓါဆိုတဲ့ ပစ္စည်းအခြေခံပြီးတော့၊ ဓမ္မသဝန ကုသိုလ်ကြီးမှ စပြီးတော့ သုတခေါ်တဲ့ပစ္စည်း အကြားအမြင် ဗဟုသုတ တွေတိုး၊ ကျင့်နည်း. ကြံနည်းတွေ သိနားလည်ဆိုတဲ့ ပစ္စည်းတွေ. ကုသိုလ်ကောင်းမှု ပါရမီဆုတွေ တက်လာတယ်၊ အကျိုးတက်လာတယ်. ရလာတယ်။ ဒါကြောင့် သဒ္ဓါဆိုတဲ့ ပစ္စည်းဟာလည်း စုဆောင်းရမည့်ပစ္စည်း၊ ရှိထားရမည့် ပစ္စည်း။ ဘယ်ထိအောင် သူကယုံကြည်ရမှာတုန်း၊ ရတနာသုံးတန် ကံကံ၏အကျိုး ဝိပဿနာမဂ်ဖိုလ်နိဗ္ဗာန် တိုင်အောင် မြတ်နိုးကျေနပ် ယုံကြည်တတ်တဲ့ သဒ္ဓါမျိုး။ သဒ္ဓါဆိုတဲ့ ပစ္စည်းမျိုး။ ဘယ်ထိအောင်ယုံရမှာတုန်းဆိုတော့ ရတနာသုံးပါးလည်းယုံရမှာ ကံနဲ့ကံ အကျိုးကောင်းတာ လုပ်ရင်ကောင်းကျိုးရမယ်၊ မကောင်းတာလုပ်ရင် မကောင်းကျိုးရမယ်ဆိုတာ ယုံကြည်မှုသဒ္ဓါခေါ်ပါတယ်။ အဲဒီ ကောင်းတာလုပ်

ကောင်းကျိုးရ, မကောင်းတာလုပ် မကောင်းကျိုးရဆိုတဲ့ ယုံကြည်မှုသဒ္ဓါ အားကောင်းလေလေ မျက်မှောက်ရော မျက်ကွယ်ရော မကောင်းမှုဒုစရိုက် အကုသိုလ်တရားတွေ မိမိသန္တာန်မှာ နည်းသွားလေလေ။ ကုသိုလ်တရားတွေ တိုးပွားလာလေလေ။

ဒီတော့ မိမိရဲ့သဒ္ဓါအား ဘယ်လောက်ရှိတုန်း မိမိသဒ္ဓါအား အရင်းအနှီး ဘယ်လောက်ထုထယ်ကောင်းတုန်း၊ အဲဒါ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ ကိုယ့်ဘာကိုစဉ်းစား။ ကိုယ့် ဘာကို သတိထားကြည့်။ ငါ လူ့ရှေ့သူ့ရှေ့သာ အကုသိုလ်ဒုစရိုက် ရှောင်တာလား၊ ဆိတ်ကွယ်ရာများ ငါ ဘယ်နှဲ့နေသေးတုန်းလို့ မေးကြည့်ပါ ကိုယ့်ကိုယ်ကို၊ ဆိတ်ကွယ်ရာ တိတ်တိတ်ပုန်းကြတော့ မှက်ခြင် ကြမ်းပိုးလေးတွေ ငါ သတ်ချင်သေးသလား၊ သူများမသိရင် မတော်မတရား အကုသိုလ် လေးတွေ တိတ်တိတ်ပုန်း လုပ်ချင်သေးသလားလို့ မေးကြည့်၊ လုပ်သေးတယ်ဆိုရင် သဒ္ဓါအားနည်းသေးတယ်။ သဒ္ဓါပစ္စည်း အစုအဆောင်း နည်းသေးတယ်။ သဒ္ဓါပစ္စည်း မတက်သေးဘူး၊

သောတာပန်လောက်များ ဖြစ်သွားပြီဆိုတော့ မျက်မှောက်ရော, မျက်ကွယ်ရော ဘယ်တော့မှ အကုသိုလ်မပြုတော့ဘူး၊ လုံသွားလိုက်တာ သီလကလည်း၊ အကုသိုလ်ဒုစရိုက်တရား လူ့ရှေ့သူ့ရှေ့လည်း မလုပ်ဘူး၊ မျက်ကွယ်တစ်ယောက်ထဲလဲ မလုပ်ဘူး။ မင်းသတ်မယ် ဆိုလို့တောင် မလုပ်တော့ဘူး။ အဲဒါ သဒ္ဓါအားခေါ်ပါတယ် ဒကာ-ဒကာမတို့၊ သဒ္ဓါဆိုတဲ့ ပစ္စည်းဟာ အင်မတန်ဆန်းကျယ်ပါတယ်၊ ဒီတော့ မိမိကိုယ်မိမိ မေးကြည့်ပါ၊ ငါ သဒ္ဓါအား ဘယ်လောက်ရှိပြီတုန်း၊ ကွယ်ရာ တိတ်တိတ်ပုန်းကြတော့ ငါလုပ်ချင်သေးသလား လုပ်ချင်နေ သေးတယ်ဆိုရင် သဒ္ဓါအား ငါနည်းသေး တယ်၊ ငါ့သဒ္ဓါပစ္စည်း နည်းသေးတယ်၊ ဘုရားရှင်ချီးမွမ်းတော်မူတဲ့ သဒ္ဓါပစ္စည်း ငါနည်းသေးတယ်လို့ မှတ်ပြီးတော့ တိုးတက်အောင် စုဆောင်း။

သီလဓနံ - သီလဆိုတဲ့ ပစ္စည်းဉစ္စာ ငါးပါးသီလ ရှစ်ပါးသီလ ကိုးပါးသီလတွေ လုံလုံခြုံခြုံ ထိန်းသိမ်း စောင့်ရှောက်ပြီးတော့နေ။ ဒါ သီလပစ္စည်းလို့ခေါ်တယ်။ ဟီရိဩတ္တပ္ပံ ဓနံ - မကောင်းတဲ့အကုသိုလ်

ဒုစရိုက်တွေမှာ လုပ်ရမှာကြောက်, လုပ်ရမှာရှက်, ကွယ်ရာရော ရှေ့မှောက်ရော ဘယ်နေရာမှာမဆို အကုသိုလ်ဒုစရိုက်တရားတွေကို မလုပ်မိအောင် သတိထား ပြီးတော့ ရှောင်ကြဉ်။ ဒါ ဟိရိဩတ္တပ္ပ ပစ္စည်းစုတယ်လို့ခေါ်တယ်။ သုတဓနလို့ ဆိုတာကြတော့ ခုလို တရားနာတယ်၊ ဒါ သုတပစ္စည်းရှာတာ၊ အကြားအမြင် ဗဟုသုတ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်းဖြစ်တဲ့ အကြားအမြင် ဗဟုသုတတွေရှာတယ်၊ စာပေကြည့်တယ်, တရားတိတ်ခွေနာတယ်, တရားဟောပွဲတွေ လိုက်ပြီးတော့ နာတယ်, ဟိုဆရာသွားထံ, ဒီဆရာသွားထံ ချဉ်းကပ်ပြီးတော့ မေးတယ်။ ဒါ သုတဓန၊ သုတပစ္စည်း ရှာတယ်လို့ခေါ်တယ်။

စာဂေါစ-ယနေ့ ဒကာ-ဒကာမတွေ နည်းများမဟူ စွန့်ကြဲပေးကမ်း ဝေငှလှူဒါန်း မျှတနေကြတယ်ဆိုတဲ့ စာဂ။ အဲဒီ စာဂပစ္စည်းကြီးကလည်း ကိုယ်ပိုင်စုနေကြတာ, နေ့စဉ်စုရတာ။ ဒကာ-ဒကာမတွေ နေ့စဉ်နဲ့အမျှ စည်းပွားဥစ္စာတွေ ရှာကြသလို, အမြတ်အစွန်းတွေရအောင် နေ့စဉ်နှင့် အမျှ စီးပွားဥစ္စာတွေ ရှာကြသလို ရှာပြီးတော့၊ ရလာတော့ စုကြသလို, ဆောင်းကြ သလို, စာဂဆိုတဲ့ ဒါန ပစ္စည်းဥစ္စာကြီးကိုလည်းပဲ နည်းများ မဟူ ရက်စဉ်မှန်မှန်, လစဉ်မှန်မှန် စုရတယ်တဲ့၊ စုဆောင်းထားရတယ်။ အဲဒီလို စုဆောင်းထားတော့မှ ပစ္စည်းဥစ္စာ ထုထယ်အားကောင်းလာပြီဆိုတော့-

ဘုန်းကြီးတို့ ဒကာ- ဒကာမတွေ လောကီပစ္စည်းတွေ၊ ကိုယ့်မှာ ထုထယ်အားကောင်းလာပြီဆိုတော့၊ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ လောကီ ပစ္စည်းတွေ ကိုယ့်မှာ အားကောင်းနေပြီ၊ ပစ္စည်းဥစ္စာ ထုထယ် အခြေခံ စုဆောင်းလာခဲ့လို့ ခြွေတာစုဆောင်းပြီးလာခဲ့လို့ ထုထယ် အားကောင်းနေပြီ ဆိုတော့-ဝယ်ချင်တဲ့ပစ္စည်း လွယ်လွယ်နဲ့ ထဝယ်လို့ ရတာပဲ။ တန်ဖိုးကြီးတဲ့ ပစ္စည်းတွေ အရောင်းလာပြီဆိုရင် ကိုယ်က လွယ်လွယ်နဲ့ ထဝယ်နိုင်တယ်၊ တန်ဖိုးကြီးတဲ့ ပစ္စည်းကြီးတွေကို ရောင်းချင်တဲ့သူကလည်း ဝယ်နိုင်အားရှိတဲ့ သူတွေကို ကြည့်ပြီးတော့ ရောင်းကြတယ်။

အဲဒါလိုပဲ ဘုရားသခင်ကိုယ်တော်မြတ်တို့လို ပစ္စေကဗုဒ္ဓါ အဂ္ဂသာဝက မဟာသာဝကတို့လို အရှင်ကောင်း အရှင်မြတ်ကြီးတွေက နိဗ္ဗာန်ဆိုတဲ့

ကုန်ပစ္စည်းရောင်းဖို့လာရင် မင်လေးတန်ဖိုလ်လေးတန် ပစ္စည်းကြီးတွေ ရောင်းဖို့လာရင်၊ ဒီလို သူတော်ကောင်းတရားဆိုတဲ့ လောကုတ္တရာ ပစ္စည်း၊ ဘဝများစွာ စုဆောင်းလာခဲ့တဲ့ အမျိုးကောင်းသား အမျိုးကောင်း သမီးတွေက ဝယ်နိုင်တယ်။ သူတို့ကလည်းပဲ ဒီလိုဝယ်နိုင် အားရှိတဲ့ ပုဂ္ဂိုလ်တွေကို ကြည့်ပြီးတော့ ရှာပြီးတော့ ရောင်းကြတယ်၊

ဘုရားသခင်ကိုယ်တော်မြတ်ကြီးများက ကျွတ်ထိုက်တဲ့သတ္တဝါ ရှာပြီလို့ဆိုတာ ဝယ်နိုင်အားရှိတဲ့ ပုဂ္ဂိုလ်ရှာတာ၊ သဗ္ဗညုတဉာဏ်တော်ဖြင့် ဖြန့်ကျက်ပြီးတော့ ကမ္ဘာလောကထဲ လှည့်ပြီးတော့ ကြည့်လိုက်ပြီဆိုရင် .....ဘယ်ပုဂ္ဂိုလ်များ ကျွတ်ထိုက်တဲ့သတ္တဝါ ဖြစ်ပါလိမ့်မတုန်း။ ဘယ်သူ့ ငါ ဒီနေ့ သွားပြီးတော့ တရားပြရပါမတုန်း ဘယ်သူ့ ဟောရပါမတုန်းဆိုရင် ဘယ်သူ့ဆီ ငါသွားရောင်းရပါမတုန်း၊ ဘယ်သူသည် ငါရောင်းမည့် မင်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာ ကိုးတန်ပစ္စည်း၊ တန်ဖိုးကြီးတဲ့ပစ္စည်းကြီးကို ဝယ်နိုင်ပါ့မတုန်း ဝယ်နိုင်အားရှိပါ့မတုန်းလို့ ကြည့်တာ။

အဲလို ကြည့်လိုက်ပြီဆိုရင် အခုကို လောကုတ္တရာပစ္စည်းတွေ ရှာလာတဲ့, စုဆောင်းလာတဲ့, လူ့ဘုံ လူ့ဘဝ လူ့ဌာနဆိုတဲ့ တန်ဖိုးရှိတဲ့ဘဝကို ရတဲ့အလျောက်၊ တန်ဖိုးရှိတဲ့ လောကုတ္တရာပစ္စည်းတွေ ကိုယ်ပိုင်ဖြစ်မည့် ပစ္စည်းတွေကို ရှာဖွေလာတတ်တဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ ဉာဏ်ထဲမှာ ထင်လာပြီးတော့၊ အဲဒီအမျိုးသား အမျိုးသမီး ရှိရာကို ဘုရားရှင်တို့လို မျက်နှာရင့်မာကြီး ပုဂ္ဂိုလ်ကပင်လျှင် မရောက်ရောက်အောင် သွားရတယ်။ သူနဲ့ တည့်အောင် တရားဟောရတယ်၊ သူ့ကို ချော့တန် ချော့ပြီးတော့ ပြောရတယ်၊ မြှောက်တန် မြှောက်ပြီးတော့ ပြောရတယ်၊ သူ့ရဲ့အလိုလိုက် အကြိုက်ပေးပြီးတော့ ဟောတော်မူရ ပြောတော်မူရတယ်၊ အဲဒါ ကိုယ့်အစွမ်း၊ သူ့အစွမ်းမဟုတ်ဘူး၊ ကိုယ်ဟုတ်လို့ ဟုတ်နေတာ နဂိုရှိလို့ နဂိုဏ်းထွက်တာ၊

ဒီတော့ ဘုရားရှင်တို့လို ကိုယ်တော်မြတ်ကြီးတွေကပင်လျှင် အလိုလိုက် အကြိုက်ပေးပြီးတော့ တရားလာပြီးတော့ ပြရ, တရား လာပြီးတော့ ဟောတော်မူရ၊ ခြေချုတ်တော်မူရသည့်အထိရှိအောင် မိမိတို့မှာ လောကီပစ္စည်း ဥစ္စာတွေ စုဆောင်းကြသလို လောကုတ္တရာ ပစ္စည်းကိုလည်း စုဆောင်းရတယ်တဲ့၊

စာဂပစ္စည်းလည်း စုထားရ.....။ "**ပညာဓေ သတ္တမံဓနံ**"။ အဲဒီပစ္စည်း (၇) မျိုးထဲမှာ အကောင်းဆုံး နံပါတ်**တစ်**ထိတ်ထိတ်ကြဲကတော့ ပညာဆိုတဲ့ပစ္စည်း။ အဲဒီ ပညာဆိုတဲ့ ပစ္စည်းက၊ **ဌာနာဌာနကောသလ္လမှစ၍** ဆင့်ပွား, သမထ ဝိပဿနာတိုင်သော **ပညာတရားဆိုတဲ့** ပစ္စည်းမျိုး။ လောကမှာ ပညာဆိုတဲ့ ပစ္စည်းဟာ အထွ**ဋ်အ**ထိပ်ပစ္စည်း ၊ **အ**ကောင်းဆုံးပစ္စည်း။ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဆိုတဲ့ **လောကုတ္တ**ရာ ရတနာကြီးကိုးပါးကို ရဖို့ရာအတွက်, အနီးကပ်ဆုံးပစ္စည်း။ တန်ဖိုးအကြီးဆုံးပစ္စည်း ပြောစမ်းပါဆိုရင် ပညာဆိုတဲ့ပစ္စည်း သည် တန်ဖိုးအကြီးဆုံး။ အထိုက်တန်ဆုံးပစ္စည်း။

ဒီတော့ ဌာနာဌာနကောသလ္လဆိုတာ သူ့နေရာနဲ့သူ လိမ္မာရေးခြား ရှိတာကိုပြောတာ။ ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ ရပ်ရွာထဲမှာ အသိလိမ္မာ ဉာဏ် ပညာဦးစီးတဲ့ ပုဂ္ဂိုလ်က ရှေ့ဆောင်တာပဲ။ အိမ်ထောင်စု တစ်စုမှာ ယောကျ်ားက အသိလိမ္မာဉာဏ်ပညာ သွက်သွက်လက်လက် ထက်ထက်မြက်မြက် ပြောသင့်တဲ့စကား **ပြော**၊ ဆိုသင့်တဲ့စကား ဆို၊ လုပ်သင့်တဲ့အလုပ် လုပ်၊ ဝေဖန်ပိုင်းခြား**ခွဲ**ခြမ်း **သိ**တဲ့ဉာဏ်ပညာ ပါနေပြီဆိုရင်၊ သူ ဦးဆောင်တာပဲ။ **အာ** ယော**ကျ်ားက** ထူထူ, ထိုင်းထိုင်း မိန်းမလုပ်တဲ့သူက,ဇနီးလုပ်တဲ့သူက ဒီပညာဓာတ်ပါနေ၊ ဌာနာဌာနကောသလ္လဆိုတဲ့ ပညာပါနေရင်၊ **သူ**က ဒီအိမ်ကြီး ဦးဆောင်သွားတာပဲ၊ ထို့အတူ အိမ်ထောင်စုတစ်စုမှာ ဦးဆောင်သလို၊ ရပ်ကွက် တစ်ခု ဦးဆောင်သလို မြို့နယ်တစ်ခု, တိုင်းတစ်ခု, တိုင်းပြည်တစ်ခု, ကမ္ဘာတစ်ခု ဒီပညာ ဓာတ်လွှမ်းတဲ့ပုဂ္ဂိုလ်တွေ, ပညာဓာတ်အားကောင်းတဲ့ ပုဂ္ဂိုလ်တွေက ဦးဆောင်ကြပါတယ်။ ဒါက လောကီနယ်ပြောတာ။

ထို့အတူ လောကုတ္တရာနယ်ကလည်းပဲ၊ ပညာဓာတ်ဦးဆောင်တဲ့ ပုဂ္ဂိုလ်သည်သာလျှင် လောကုတ္တရာနယ်မှာ သွက်လက်, ချက်ချာပြီး သကာလ, မဂ်ဖိုလ်နိဗ္ဗာန် လျှင်မြန်စွာရနိုင်တယ်။ ဒီတော့ အခုပြဆိုအပ်ခဲ့တဲ့ သဒ္ဓါဓနက စပြီးတော့ ပညာဓနတိုင်အောင် ဒီပစ္စည်းမျိုးတွေသည်သာလျှင်။ ဥဂ္ဂ အမတ်ချုပ်ကြီး.... တဲ့၊ အဲဒီပစ္စည်း (၇) မျိုးကိုသာလျှင် ငါကတော့ ရေ မီး မင်း ခိုး မွေခံဆိုးဟု ရန်သူမျိုးငါးတန်နှင့်လည်း မဆက်ဆံလေသောကြောင့် ကိုယ်ပိုင်လည်း ကိုယ်ပိုင်၊ ကိုယ်နဲ့လည်း ဆိုင်တဲ့ပစ္စည်းလို့ ငါသတ်မှတ်တော်မူတယ် ဥဂ္ဂ....။

အဲဒီပစ္စည်း (၇) မျိုးထဲမှာမှ ပညာ ဆိုတဲ့ပစ္စည်း၊ အဲဒီပညာဆိုတဲ့ပစ္စည်း ထဲမှာမှ လောကီနယ်က ဈာနာဈာန ကောသလ္လကစပြီးတော့ သမထဝိပဿနာ တိုင်အောင်သော ပစ္စည်း။ အဲဒီ ဝိပဿနာဆိုတဲ့ပစ္စည်းဟာ မဂ်ဖိုလ်နိဗ္ဗာန် ဆိုတဲ့ လောကုတ္တရာ ကိုးတန် ရတနာကြီးကိုရဖို့ရာ ဝယ်ယူနိုင်ဖို့ရာ၊ အကောင်းဆုံး အနီးကပ်ဆုံးပစ္စည်းပဲလို့၊ ဟော ဘုရားရှင်က နောက်ဆုံး ဝိပဿနာပညာ ထိအောင် ဆိုက်အောင် ပစ္စည်းဥစ္စာစုဆောင်းဖို့ ပြလာတာ။

ဒီတော့ ဘုန်းကြီးတို့ အားလုံးသော ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေ၊ မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်သောရတနာကြီးကို ပန်ချင်ရင်၊ ဝတ်ဆင်ချင်ရင် ဝိပဿနာပညာခေါ်တဲ့ ပစ္စည်းကြီးကို အရေးတကြီး စုရမယ်၊ ဆောင်းရမယ်၊ ကိုယ့်သန္တာန် ရအောင်ယူရမယ်။ ဒီတော့ စုဆောင်းမယ်လို့ဆိုတော့ ဝိပဿနာ ပညာပစ္စည်းကြီး မိမိသန္တာန် မှန်မှန် ဖြစ်ပွားနေဖို့၊ မကြာမကြာ ဖြစ်ပွားနေဖို့ စုဆောင်းပြီးသားဖြစ်အောင် ဘယ်နှယ်လုပ်ရမတုန်းလို့ဆိုတော့ ဝိပဿနာဆိုတာ ဘာကိုဝိပဿနာ ခေါ်တုန်း၊ "**ဝိသေသေန ပဿတီတိ ဝိပဿနာ**"။ ဝိသေသေန-မြင်နေ ကျ သိနေကျတဲ့ ထူးသောအားဖြင့်။ ပဿတိ-မြင်တတ် သိတတ်၏။ ဣတိ- ထို့ကြောင့်။ ဝိပဿနာ-ဝိပဿနာ။

ဝိပဿနာဆိုတဲ့ ပညာ ပစ္စည်းကြီး ကိုယ့်သန္တာန်ဖြစ်အောင် စုဆောင်း နည်း ဘယ့်နှဲ့လုပ် စုဆောင်းရမှာတုန်းဆိုရင်၊ မင်းတို့ မြင်နေကျ သိနေကျထက် ထူးပြီးတော့ ထိုးထွင်းပြီးတော့ မြင်အောင်ကြည့်စမ်းပါ ....တဲ့။ အဲလိုဆိုရင် ဝိပဿနာ ပစ္စည်းကြီး ကိုယ့်သန္တာန် စုဆောင်းနေရာရောက်ပါတယ် ဘုရားက။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ ဒီစကားလေး သတိထား ကြည့်ပါ။ မြင်နေကျ သိနေကျထက် ထူးပြီးတော့၊ ဝိပဿနာမှာ ဝိဆိုတဲ့ပုဒ်နဲ့ ပဿနာဆိုတာ ကြည့်နေရှုနေတာ ဝိပဿနာပညာကို နေ့စဉ် စုဆောင်းနေရာ ရောက်ပါတယ်....တဲ့။ စုဆောင်းနေရာ ရောက်ပါတယ်။ ဒါဖြင့် ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ ဝိပဿနာဆိုတဲ့ ပညာဥစ္စာ ပစ္စည်းကြီး နေ့စဉ် လစဉ် နှစ်စဉ် စုဆောင်းပြီးသားဖြစ်အောင်၊ မြင်နေကျ သိနေကျပေါ်မှာ ထူးခြားထိုးထွင်း ပြီးတော့ သိတဲ့အသိကို ကြိုးစားရမယ်။ ဒါဖြင့် မြင်နေကျ သိနေကျထက် ထိုးထွင်း ထူးခြား ပြီးတော့ သိတယ်ဆိုတဲ့ စကားလေး ကောက်ချက်ချလိုက်ရင်၊

မြင်နေကျ သိနေကျဆိုတဲ့အသိ ရှိတယ်လို့ ပရိသတ်ကြီး ပေါ်လာပါတယ်။ ဘုန်းကြီးတို့ အခုပြောနေတဲ့ စကားလေးကို ပရိသတ် သတိထားပြီး ကြည့်စမ်းပါ။ မြင်နေကျ သိနေကျ အမြင်ကြီးလေးမျိုးရှိပါတယ်။ ပရိသတ်ကြီး ဘယ်နှစ်မျိုး ရှိတုန်း? လေးမျိုးပါ ဘုရား။ ဒကာ–ဒကာမ များမှာ မြင်နေကျ အမြင်ကြီးလေးမျိုး ရှိနေတယ်....တဲ့။ အဲဒီလေးမျိုး ဆိုတာ ဘာတုန်းလို့ဆိုရင်–

## အမြင် (၄) မျိုး

အဲဒီ(၄)မျိုးဆိုတာ ဘာတုန်းလို့ဆိုရင် ပရိသတ်ကြီး၊ ဘုန်းကြီး မေးပြီးတော့ ပြောသွားမယ်။ ပညတ်လေးမျိုးနဲ့ ပရမတ်ကို ခွဲပြီးတော့ ပေးမလို့ ဒီနေ့။ သမူဟပညတ်အမြင် ဘာအမြင်တဲ့တုန်း? သမူဟပညတ် အမြင်ပါဘုရား။ သမူဟပညတ်အမြင် နံပါတ် (၁) က။ နံပါတ် (၂) က သန္တတိပညတ်အမြင် ဘာတဲ့တုန်း နံပါတ် (၂) က? သန္တတိပညတ် အမြင်ပါဘုရား။ သန္တတိပညတ် အမြင်။ နံပါတ် (၃) က သဏ္ဍာနပညတ် အမြင်၊ နံပါတ် (၃) က ဘာတဲ့တုန်း? သဏ္ဍာနပညတ်အမြင်ပါဘုရား။ နံပါတ် (၄) က သုဘပညတ်အမြင်။ နံပါတ် (၄) ဘာတဲ့တုန်း? သုဘပညတ် အမြင်ပါဘုရား။

ပြန်ပြောမယ် ဒကာ–ဒကာမတွေ။ မိမိတို့ နေ့စဉ် ဘယ်အရာကို ကြည့်လိုက်,ကြည့်လိုက်။ ဘယ်အသံကို နားထောင်လိုက် နားထောင်လိုက်။ ဘယ်အနံ့ကို ရှူလိုက်,ရှူလိုက်။ ဘယ်အရသာ စားလိုက်,စားလိုက်။ ဘယ်အထိတွေ့ ထိတွေ့လိုက်,ထိတွေ့လိုက်။ ဘာကို စိတ်ကူးလိုက် စိတ်ကူးလိုက်။ ဟောဒီ မြင်နေကျဖြစ်တဲ့, သိနေကျဖြစ်တဲ့, ဒီလေးမျိုး ရှေ့ကခံနေတယ် ....တဲ့။ အဲဒါခံနေရင် ဝိပဿနာ ဘယ်တော့မှ မဖြစ်ဘူး။ ဝိပဿနာမဖြစ်ရင် ဝိပဿနာ ပညာ တက်မလာဘူး။ ကိုယ့်သန္တာန် ပစ္စည်းမတက်ဘူး အဲဒီနေ့။ ပစ္စည်း မတက်ရင် ခုနကပြောတဲ့ မဂ်လေးတန် ဖိုလ်လေးတန် လောကုတ္တရာ ကိုးတန်သော ရတနာပစ္စည်းကြီးနဲ့ နီးဖို့ရာ ဝေးတယ်တဲ့။ မနီးသေးဘူး။

ဒါဖြင့် အဲဒီလောကုတ္တရာကိုးတန် ပစ္စည်းကြီးကို ဒကာ–ဒကာမတွေက လိုချင်နေကြတယ်၊ ဘာပဲပြောပြော ဩကာသကန်တော့ကျိုးလေး ရှိခိုးတာတောင်

နိဗ္ဗာန်ရ,ရပါလို၏ ဆိုနေကြတော့ လိုချင်တာတော့ အမှန်ပဲ။ လိုချင်ရုံ လိုချင်နေပြီးတော့ စုနည်းယူနည်းကို မယူတတ်ရင် ဒုက္ခ ရောက်တတ်တယ်။ ဒါ့ကြောင့် ပညတ် (၄)မျိုးလို့ခေါ်တဲ့ မြင်နေကျ အမြင်။ ပြန်ပြောမယ် သမူဟပညတ်။ ဘာတဲ့တုန်း? သမူဟပညတ်ပါ ဘုရား။ သမူဟပညတ်အမြင်ဆိုတာ တပေါင်းတည်း တတွဲတည်း တလုံးတည်း တခဲတည်း မြင်နေတဲ့အမြင်။ သမူဟပညတ်အမြင်ဆိုတာ ဘယ်လိုအမြင်တုန်း ပရိသတ်ကြီး? တတွဲတည်း တပေါင်းတည်းပါ ဘုရား။ အဲ တတွဲထည်း တပေါင်းထည်း တခဲထည်းလို့မြင်တာ၊ ဒကာ–ဒကာမတွေ ဘာကိုပဲကြည့်လိုက်ကြည့်လိုက် တတွဲထည်း တစ်ခဲထည်း တပေါင်းထည်းလို့ပဲ မြင်ပါတယ်။ ဝိပဿနာဉာဏ်ဖြစ်နေတဲ့အချိန်က လွဲရင်၊ ဒီအမြင်နဲ့ချည်းပဲ မြင်တယ်။ ရုပ်နာမ်ဓမ္မသဘာဝတွေရဲ့အပေါ်မှာ။

ဒီတော့ ဥပမာတစ်ခု ပြောကြစို့၊ အိမ်ကြီးတစ်လုံးမြင်တယ် အိမ်ကြီးထဲမှာ အဟုတ်ရှိနေတာက အသားတွေရယ်, ဝါးတွေရယ်, သံတွေရယ်, သွပ်တွေရယ်, တိုင်တွေရယ် အဟုတ်ရှိနေတာက အဲဒါ တွေရှိနေတာ။ အဲဒါတွေကို စုပေါင်းပြီးတော့ ထားလိုက်တော့ အိမ်ဆိုတဲ့ အလုံး အခဲကြီး ဖြစ်လာတော့ ဒကာ–ဒကာမတွေက အိမ်ကိုကြည့်လိုက် ရင် ဘာ ရုတ်တရက်မြင်လိုက်တုန်းလို့ဆိုတော့ အိမ်ကြီးလို့ဆိုတဲ့၊ ပြီးတော့ အဲဒီ အတုန်းအခဲ အလုံးအခဲကြီးအနေနဲ့ မြင်လိုက်တယ်, သိလိုက်တယ်, အာရုံပြုလိုက်တယ်, အသိမှတ်ပြုလိုက်တယ်။ အဲဒီ အတွင်းမှာ အဟုတ်ရှိနေတဲ့ တိုင်တွေ, ဝါးတွေ, သစ်တွေ, အသားတွေ, သံတွေ, သွပ်တွေ ဒီထိအောင် ထွင်းဖောက်ပြီးတော့၊ ထိုးထွင်းပြီးတော့ ထူးခြားပြီးတော့ မြင်မသွားပါဘူးတဲ့။ မြင်နေကျမဟုတ်တော့ မမြင်ဘူး။

အဲဒါလိုပဲ ယနေ့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေ ယောကျ်ား, မိန်းမ သူသူငါငါကို ကြည့်လိုက်ရင် ပုဂ္ဂိုလ်သတ္တဝါ တစ်ယောက်ကို ကြည့် လိုက်ရင် ဘယ့်နှယ့်မြင်တုန်း။ အပေါင်း အခဲ အတွဲအနေနဲ့ မြင်တယ်။ အမှန်ရှိနေတာက အပေါင်း အခဲ အတွဲလို့ဆိုတဲ့ ပုဂ္ဂိုလ်သတ္တဝါ တစ်ယောက်ရဲ့ သန္တာန်မှာ၊ (၃၂)ကောဋ္ဌာသဉာဏ်နဲ့ ထိုးထွင်းပြီးတော့ စိတ်ထားလိုက်မယ်ဆိုရင် ဆံပင်တွေ, မွေးညှင်းတွေ, ခြေသည်း, လက်သည်း, အရိုးတွေ, အရေထူ, အရေပါးတွေ, အသားတွေ, အသွေး တွေ, အကြောတွေ, အဟုတ်ရှိနေတာက သူတို့။

အဲဒီ အသား အကြော အရိုးတွေကို ထပ်ပြီး မှန်းပြီးတော့ စိတ်လိုက်မယ် ဆိုရင်၊ ရုပ်စု ရုပ်ပုံ ဆိုတဲ့ ရုပ်အစုအဝေးကြီးရယ်။ အဲဒီ ရုပ်အစုဝေးကြီးရဲ့ အတွင်းမှာရှိနေတဲ့ နာမ်စု နာမ်အပုံဆိုတဲ့ နာမ်အစုအဝေးကြီးရယ်။ ရုပ်စု ရုပ်ပုံဆိုတာ ပါဠိလိုခေါ်ရင် ရူပက္ခန္ဓာ။ ရုပ်အစု ရုပ်အပုံဆိုတာ ရုပ်ဆိုတာပါဠိလို ရူပ။ အစုအပုံဆိုတာ ခန္ဓသဒ္ဒါကလာတာ။ ဒီတော့ ရူပက္ခန္ဓာကို မြန်မာပြန်ပြောရင် ရုပ်အစု ရုပ်အပုံ။ ဒီတော့ ဘယ်သူ့ပဲကြည့်လိုက်ကြည့်လိုက် ရုပ်စု ရုပ်ပုံကြီးက အဟုတ်ရှိတာ။ အဲဒီ အတွင်းကလှုပ်ရှားစေ, သွား လာစေ, ကြံစည်စေ, စိတ်ကူးစေတတ်တဲ့ နာမ်အစု နာမ်အပုံခေါ်တဲ့ နာမက္ခန္ဓာကြီးက အဟုတ်ရှိတာ။

အဲဒီ ရုပ်စု ရုပ်ပုံ, နာမ်စု နာမ်ပုံကြီးက အဟုတ်ရှိ နေတာကို မမြင်တော့ပဲ ဘယ်သူ့ကိုပဲကြည့်လိုက်, ကြည့်လိုက်၊ တတွဲထည်း တခဲထည်း တစ်စုထည်း အနေနဲ့ မြင်တယ်။ အဲဒီတော့ ဘာအမြင်က အပေါ်ကမြင်နေကျဖြစ်နေတုန်း ဆိုတော့၊ ဘာ ကြည့်လိုက်, ကြည့်လိုက် ဘုန်းကြီးတို့ ဒကာ–ဒကာမတွေမှာ အိမ်ကြည့်လိုက်, ကြည့်လိုက်၊ ကျောင်းကြည့်လိုက်,ကြည့်လိုက်၊ တိုက် ကြည့်လိုက်, ကြည့်လိုက် အတုံးအခဲအနေနဲ့ မမြင်ကြဘူးလား ပရိသတ်ကြီး? မြင်ပါတယ်ဘုရား။ မြင်နေကြတာက အဲဒါပဲမြင်နေတယ် မဟုတ်လား။ မှန်ပါဘုရား။

အဲဒီ မြင်နေကျဖြစ်တဲ့ အတုံး အတွဲ အခဲကြီးလို့ထင်ပြီးတော့ မြင်တဲ့အမြင်၊ မြင်နေကျအမြင် ပေါ်–ဝိ။ အဲဒီမြင်နေကြအမြင်ပေါ်မှာ ထွင်းဖောက် ပြီးတော့ ထိုးထွင်းပြီးတော့။ ပဿနာ–မြင်လိုက်ရမှာတဲ့။ အဲဒါမှ ဝိပဿနာ ဖြစ်သွားမှာဆိုတော့။ ခုနက အိမ်ကြီးလို့ အတုံးအခဲကြီးအနေနဲ့ တစ်လုံးတစ်ခဲကြီး အနေနဲ့ မြင်လိုက်တဲ့အမြင်ကို ထွင်းဖောက်ပြီးတော့ အိမ်ကြီးဆိုတာ အတုံး အခဲကြီးမရှိပါလား။ အမှန်စင်စစ်ကတော့ တိုင်တွေ, သစ်တွေ, ဝါးတွေ, သံတွေ, သွပ်တွေ, ပျဉ်တွေ, ပျဉ်ထောင်တွေ, ပျဉ်ခင်းတွေ စုပေါင်းပြီးတော့ နေတာ ပါလားလို့၊ ဒီလိုသွားမြင်မှ အမြင်မှန်ရောက်သလိုပဲ ပုဂ္ဂိုလ်သတ္တဝါ မည်သူ့မဆို မြင်လိုက်သည်နှင့် တစ်ပြိုင်နက်၊ ရုပ်စု ရုပ်ပုံ, နာမ်စု နာမ်ပုံပဲ။ (ဝါ) ရုပ်နာမ်ပဲလို့ လှမ်းပြီးတော့မြင်လိုက်မှ၊ အဲဒါ ဝိပဿနာ။ ရုပ်နာမ်ဆိုက်သွားတဲ့ ဝိပဿနာဉာဏ် ရောက်လာတယ်။

အဲဒီ ရုပ်နာမ်တွေ အမြဲတမ်း ဖြစ်ပျက်ပြောင်းလဲနေတဲ့ ရုပ်နာမ်ပဲလို့ ဖြစ်ပျက်ပါ လှမ်းပြီးတော့ မြင်လိုက်ပါ ဒီတော့ ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ ဘယ်သူ့ကိုပဲမြင်မြင်၊ ပုဂ္ဂိုလ်သတ္တဝါတစ်ယောက် မြင်ရင်၊ တစ်လုံးထည်း တခဲထည်း တတွဲထည်းဆိုတဲ့အမြင်က မြင်နေကျကြီး ဖြစ်နေတော့၊ အဲဒီ အမြင်မှန်တွေ ရုပ်ရုပ်သွားတယ်။ ရုပ်နာမ်ဆိုတဲ့ ရုပ်စုရုပ်ပုံ နာမ်စုနာမ်ပုံ ဆိုတဲ့အမြင်ကို ဆိုက်သွားအောင် ရောက်သွားအောင် ထွင်းဖောက်သွားအောင်, မြင်တဲ့အမြင် မမြင်ပါ။

ဒီတော့ ဝိပဿနာသမား ဝိပဿနာဉာဏ်အသုံးချပြီဆိုတော့၊ ဘာမြင်လိုက်, မြင်လိုက် အဲဒီအပေါ် ကျော်ဖောက်ပြီးတော့ မြင်တယ်။ ခုနက အတုံး လိုက်, အတွဲလိုက်, အခဲလိုက်ဆိုတဲ့ပညတ်ကို ကျော်ဖောက်သွားပြီးတော့၊ ရုပ်နာမ်ဖြစ်ပျက် သွားမြင်တယ်၊ ဒီတော့ ကိုယ်က အလေ့အလာ ပြုထားရမှာက၊ ဘာမြင်လိုက်မြင်လိုက်, ရုပ်နာမ်ဖြစ်ပျက်, ရုပ်နာမ် ဖြစ်ပျက်, ရုပ်နာမ်ဖြစ်ပျက်၊ ဒီအလေ့အလာလေးလုပ်ထားရင် အလေ့အလာလုပ်ပါများလို့ရှိရင် လေ့လာလို့ရှိရင် လာလိမ့်မယ် ဉာဏ်တွေ။ ဒီတော့ အားလုံးသော ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေမှာ သမူဟပညတ်လို့ခေါ်တဲ့ ပညတ်တံတိုင်းကြီးကို ထွင်းဖောက်ပြီးတော့ ရုပ်နာမ်ဆိုက်အောင်, ရုပ်နာမ်ရဲ့ဖြစ်ပျက်ဆိုက်အောင် မြင်တတ်တဲ့ အလေ့ရှိပြီလို့ဆိုရင်၊ အဲဒါ ဝိပဿနာပညာဉစ္စာ နေ့စဉ်စုပြီတဲ့။ ဒီ အမျိုးသား စုဆောင်းနေပြီ။

နံပါတ် (၂) သန္တတိပညတ်။ နံပါတ် (၂)က ပရိသတ်ကြီး ဘာပညတ်တဲ့တုန်း? သန္တတိပညတ်ပါဘုရား။ အဲဒီ သန္တတိပညတ် ဆိုတာ ဘာပြောတာတုန်းဆိုရင် အစဉ်သန္တာန်အနေနဲ့ တစ်ခုထဲလို့ ထင်တာကို သန္တတိပညတ်လို့ ခေါ်ပါတယ်။ ဒီတော့ အားလုံးသော ဒကာ–ဒကာမတွေ ကိုယ့်ကိုယ်ကိုပဲကြည့်ကြည့်, သူများကိုပဲကြည့်ကြည့်၊ မနေ့ကလဲ ဒီငါပဲ၊ ဒီနေ့လဲ ဒီငါပဲလို့ထင်တယ်။

သားခန္ဓာ သမီးခန္ဓာကြည့်ပြန်တော့လည်းပဲ မနေ့ကလည်း ဒီသားလေးပဲ, ဒီသမီးလေးပဲ ဒီနေ့လည်း ဒီသား ဒီသမီးပဲလို့ထင်တယ်။ ဒီတော့ ဘယ်သူ့ကိုပဲ

ကြည့်လိုက် ကြည့်လိုက်, မနေ့ကလည်းသူပဲ, ဒီနေ့လည်းသူပဲလို့ ပရိသတ်ကြီး မထင်ကြဘူးလား? ထင်ပါတယ်ဘုရား။ အဲဒါ သန္တတိ ပညတ်ဆိုတဲ့ ပညတ် အမြင် နေ့စဉ်မြင်နေကြဖြစ်တဲ့အမြင်။ ဒကာ–ဒကာမတွေရဲ့ ရိုးရာဓလေ့ ဓမ္မတာ။ ကမ္ဘာလောကရဲ့ နှစ်ဆန်းတစ်ရက်က စပြီးတော့ မြင်လာတဲ့အမြင်၊ အဲဒီအမြင်၊ ပညတ် အမြင် သန္တတိ ပညတ်အမြင်ကြီးကို ထွင်းဖောက်ပြီးတော့ မြင်ရမှာ၊ အမှန်စင်စစ်ကတော့ အဲဒီ မနေ့ကလည်း ငါပဲ, ဒီနေ့လည်း ငါပဲလို့ ကိုယ်ကထင်လို့သာ၊ အမှန်စင်စစ်ကတော့မဟုတ်ပါ။

မနေ့ကဖြစ်ခဲ့တဲ့ ရုပ်နာမ်ဓမ္မသဘာဝတွေသည် မနေ့ကပင်ဖြစ်ပြီးသကာလ ပျောက်ခဲ့ကြ ကုန်ပြီ၊ ပျက်ခဲ့ကြကုန်ပြီ။ ရုပ်နာမ်ဓမ္မသဘာဝတို့သည် တဆံချည် ကလေးမျှ ရွှေ့ပြောင်းနိုင်တဲ့ သတ္တိမရှိ။ ဖြစ်ရာမှာသာလျှင် ပျက်ကြ ကုန်သည်, ပျက်ရာမှာသာလျှင် ဖြစ်ကြကုန်သည်, ဖြစ်ပျက်ရာမှာတင် ပျောက်ကြကုန်သည် **"သင်္ခတ သင်္ခါရာ အနိစ္စာ"**။ ဘုရားရှင် အဆူဆူက ပညတ်တော်မူခဲ့ကြတယ်၊ ဟောတော်မူခဲ့ကြတယ်, ထုတ်ဖော်ပြီးတော့ ကြွေးကြော်တော်မူခဲ့ကြတယ်။

**"သင်္ခတ သင်္ခါရာ အနိစ္စာ ရူပံအနိစ္စာ, ဝေဒနံအနိစ္စာ"** စသည်ဖြင့် ဖြစ်ပေါ်နေတဲ့ ရုပ်နာမ်ဓမ္မတွေဟာ ရှိနေတဲ့ ဖြစ်တဲ့နေရာ ပျောက်တာချည်းပဲ၊ ပေါ်တဲ့နေရာ ပျက်တာချည်းပဲလို့ ဂင်္ဂါဝါလုသဲစုအတူ ဘုရားရှင် အဆူဆူတွေက အော်တော်မူခဲ့ကြတယ်, ကြွေးကြော် တော်မူခဲ့ကြတယ်၊ ဟောတော်မူခဲ့ကြတယ်, ပြောတော်မူခဲ့ကြတယ်။ သတ္တဝါတွေ ဉာဏ် နားထိုင်းလွန်းလို့ ဘုရားရှင်အဆူဆူ အော်တော်မူခဲ့ကြတယ်။ ဒါပေမဲ့လို့ ဘုန်းကြီးတို့ အဝိဇ္ဇာနား ဆို့ပိတ်ထားလို့ မကြားကြဘူး၊ အဝိဇ္ဇာက မျက်လုံးဖုံးထားလို့ မမြင်ကြဘူး။

ဒီတော့ သန္တတိပညတ်ကြီးက ဖုံးပြီးတော့ထားလိုက်တော့၊ မနေ့ကလည်း ငါပဲ, ဒီနေ့လည်း ငါပဲ, မနက်ဖန်ခါလည်း ငါပဲလို့ထင် သန္တတိပညတ်။ အမှန်စင်စစ်က ရုပ်နာမ် ဓမ္မ သဘာဝတွေဟာ နဒီသောတောဝိယ–မြစ်ရေယာဉ် ကဲ့သို့။ ဧရာဝတီမြစ်နှုတ်ခမ်း သွားပြီးတော့ ရပ်ကြည့်စမ်းပါလား၊ အမှတ် တမဲ့ လူကတော့ ဟုတ်တယ်။ ခုနကလည်း ဒီရေပဲ၊ ငါးမိနစ်လောက် ကြာတော့လည်း ဒီရေပဲလို့ထင်တယ် ပရိသတ်ကြီး၊ မထင်တတ်ဘူးလား?

ထင်ပါတယ်ဘုရား။ အမှန် စင်စစ်တော့ ရေဟာ ရပ်နေတယ်လို့ရှိရဲ့လား? မရှိပါဘုရား။ အမြဲတမ်း တသွင်သွင်စီးပြီးတော့ ပြောင်းလဲနေတယ်။

အဲဒါလိုပဲ ယနေ့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတို့ရဲ့ ရုပ်နာမ် ခန္ဓာဟူသမျှတို့သည် တသွင်သွင် တဒိုင်းဒိုင်း တဟောဟော တဖျောဖျော စီးပြီးတော့နေတဲ့ မြစ်ရေယာဉ်လိုပဲ၊ တသွင်သွင် တဟောဟော တဒိုင်းဒိုင်း ပြောင်းလဲပြီးတော့နေတယ်။ တဖြုန်းဖြုန်း တရှန်းရှန်း ဖြစ်ပျက်ပြီးတော့နေတယ်။ ဒီတော့ မနေ့ကနဲ့ဒီနေ့ မဆိုထားနဲ့ အခု ခဏလေးသည်ပင် တစ်စက္ကန့် လောက်ကလေး တစ်မိနစ်လောက်ကလေး အချိန်သည်ပင် ရပ်နေတယ်လို့မရှိပါ။ ရုပ်နာမ်ဓမ္မ သဘာဝတွေ အမြဲတမ်း ဖြစ်ပျက်ဖြစ်ပျက် ဖြစ်ပျက်ဖြစ်ပျက်ပြီးတော့ နေကြတယ်၊ အဲဒီ ဖြစ်ပျက် ပြောင်းလဲနေတဲ့သဘာဝကြီးကို ထွင်းဖောက်ပြီးတော့ မြင်တဲ့အမြင်က ဝိပဿနာအမြင်၊ ဒီတော့ သန္တတိပညတ်ကြီးကို ထွင်းဖောက် ပြီးတော့ မြင်ရမည့်အမြင်။ ယနေ့ အားလုံးသော တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့နှင့်တကွ ကမ္ဘာလောကသား မြောက်များစွာ သတ္တဝါတွေက၊ အဲဒီ သန္တတိပညတ်အမြင်က မြင်နေကျ အမြင်။

ဒီတော့ အဲဒီမြင်နေကျအမြင်ကြီးကို ဝိ–ထိုးထွင်း ထိုးဖောက်ပြီးတော့၊ ပဿနာ–မြင်အောင်ကြည့်နိုင်မှ၊ ဝိပဿနာ–ပညာမျိုးစေ့ တွေ၊ ဝိပဿနာ ပညာပစ္စည်းတွေ မင်းတို့သန္တာန် တက်လာမယ်တဲ့ ဘုရားက။ အဲဒီပစ္စည်း စုခိုင်းနေတာ ဘုရားက၊ မဂ်ဖိုလ်နိဗ္ဗာန် လိုချင်ရင် အဲဒီပစ္စည်း များများစုရမှာ။ ဒကာ–ဒကာမတွေ လောကီဉစ္စာ ပစ္စည်းတွေကြတော့ နေ့စဉ်မရှာကြဘူးလား? ရှာကြပါတယ်ဘုရား။ နေ့တောင်မှ မနက်ပိုင်း နေ့လယ်ပိုင်း ညနေပိုင်း အအားမပေး အနားမပေးပဲ မရှာကြဘူးလား? ရှာပါတယ်ဘုရား။ အချိန်လေး နည်းနည်းလပ်သွားမယ်ဆိုရင် ကိစ္စလေးတစ်ခုနဲ့ သွားစရာရှိရင် အမလေး ဒီအချိန် ရောင်းကောင်း ဝယ်ကောင်းတဲ့အချိန်, ဒီအချိန်ဆိုရင် ကံတက်တဲ့အချိန်လို့ မပြောကြဘူးလား? ပြောပါတယ်ဘုရား။ ဝိပဿနာပညာခေါ်တဲ့ ပစ္စည်းကြီး ကိုလည်း ဘုရားရှင်က အဲဒီလိုရှာစေချင်တာ၊ အဲဒီလိုရှာရမှာတဲ့ ....။ အဲဒီလိုရှာမှ မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်သော လောကုတ္တရာတရားကြီးက ဝယ်လို့ရမှာ။

ဒီတော့ သန္တတိပညတ်အပေါ် ကျော်ဖောက်ပြီးတော့ မြင်ဖို့ အမြင်၊ ဘယ်နဲ့မြင်ရမှာတုန်း ရှုကွက်လုပ်ကွက်ကတော့ တစ်ခုပဲ။ ရုပ်နာမ်ဖြစ်ပျက်, ရုပ်နာမ်ဖြစ်ပျက်, ရုပ်နာမ်ဖြစ်ပျက် ဒါ ရှုတ်လိုက်လို့ရှိရင် ခုန သန္တတိပညတ် အမြင်ကြီးကိုလည်း မြင်နေကျအမြင်ကြီးကိုလည်း ကျော်သွားပါတယ်။

သဏ္ဌာနပညတ်အမြင်၊ နံပါတ်(၃) သဏ္ဌာနပညတ်အမြင်ဆိုတာ ပုံသဏ္ဌာန်တွေနဲ့မြင်တာ၊ ဒါက ရှည်ရှည်ပဲ, ဒါက တိုတိုပဲ, ဒါက ဝိုင်းဝိုင်းပဲ, ဒါက ပြားပြားပဲစသည်ဖြင့် မြင့်တဲ့ အမြင်ကို သဏ္ဌာန ပညတ်အမြင်လို့ ခေါ်ပါတယ်။ ပုံသဏ္ဌာန်နဲ့ သူက အရပ်ရှည်တယ်, သူက အရပ်တိုတယ်, သူက ပုတယ်, သူက ရှည်တယ်, သူက ဝတယ်, သူက ပိန်တယ်ဆိုတာတွေဟာ အဟုတ် ရှိတာမဟုတ်ဘူး ဒကာ–ဒကာမတို့၊ ဒီလောကကြီးမှာ အဟုတ်မရှိပဲနှင့် အမြင်ခံနေရတာက ပညတ်တဲ့, အဟုတ်ရှိပါလျှက်နဲ့ အမြင်မခံရတာက ပရမတ်တဲ့။ ဘုန်းကြီးတို့ ပရိသတ်ကြီး ထပ်ပြောပါ့မယ် အဟုတ်မရှိပဲနဲ့ အမြင်ခံရတာကပညတ်၊ အဟုတ်ရှိနေပါလျှက်နဲ့ အမြင်မခံရတာက ပရမတ်။ ပရိသတ်ကြီး ဖြေစမ်းပါ ဘုန်းကြီးပြောမယ်၊ အဟုတ်မရှိပဲနဲ့ အမြင်ခံနေရတာ ပညတ်တဲ့။ အဟုတ်မရှိပဲ အမြင်ခံနေရတာဘာတုန်း? ပညတ်ပါဘုရား။ အဟုတ်ရှိပါလျှက်နဲ့ အမြင်မခံရတာက ပရမတ်၊ အဟုတ်ရှိပါလျှက် အမြင်မခံရတာ ဘယ်သူတုန်း? ပရမတ်ပါဘုရား။

ရုပ်နာမ်ဓမ္မ ပရမတ်တွေက ဒကာ–ဒကာမတွေ သန္တာန်တွေထဲမှာ အဟုတ်မရှိဘူးလား? ရှိပါဘုရား။ ကမ္ဘာလောကကြီးပေါ်မှာ အဟုတ် မရှိဘူးလား? ရှိပါတယ်ဘုရား။ အဟုတ်ရှိပေမယ့်လို့ ဒကာ–ဒကာမတွေ မြင်ကြရဲ့လား? မမြင်ပါဘုရား။ ဝိပဿနာဉာဏ်နဲ့ ရှုနေတဲ့ အချိန်ကလွဲရင် မြင်ရဲ့လား? မမြင်ပါဘုရား။ ဒါဖြင့် ကမ္ဘာလောကမှာ အဟုတ်ရှိနေတဲ့ ရုပ်နာမ်ဓမ္မ ပရမတ်တွေကို မြင်နေတဲ့သူနဲ့, မမြင်ပဲ နေတဲ့သူ ဘယ်သူက များတုန်း? မမြင်တဲ့သူကများပါတယ်ဘုရား။ မမြင်တဲ့သူကများတယ်။

အဲဒါကို မြတ်စွာဘုရားက အန္ဓဗာလ ပုထုဇဉ်အကန်းတွေတဲ့၊ မမြင်ဘူးတဲ့၊ ပကတိမျက်စိက မြင်နေပေမယ့်လို့ ဉာဏ်မျက်စေ့မမြင်ရင် အန္ဓပဲ။ ဒီတော့

ဒကာ–ဒကာမတို့ အဟုတ်ရှိပါလျက်နဲ့ အမြင်မခံရတာက ပရမတ်။ အဟုတ်မရှိပဲနှင့် အမြင်ခံနေရတာက ပညတ်။ ပညတ်ဆိုတာ အဟုတ်မရှိဘူး။ ဒါ့ကြောင့် ဘုန်းကြီးတို့ ဂန္ဓာရုံဆရာတော်ဘုရားကြီးက......

❖ **ပညတ်ဟူသည် အဟုတ်မရှိ. ရုပ်နာမ်သာ အဟုတ်ရှိ။**
**ယောကျ်ားဟူသည် အဟုတ်မရှိ. ရုပ်နာမ်သာ အဟုတ်ရှိ။**
**ဆံပင်ဟူသည် အဟုတ်မရှိ. ရုပ်နာမ်သာ အဟုတ်ရှိ။**

ပညတ် ပရမတ်ခွဲခန်းလေးမှာ ဒါလေးနဲ့ သင်ပေးတယ်၊ ဒီတော့ သဏ္ဌာန ပညတ်ဆိုတာ အတိုအရှည် အဟုတ်မရှိဘူး။ ကိုင်း ဥပမာ တစ်ခု ...၊ လေးတောင်လောက်ဒုတ်တစ်ခုနဲ့ နှစ်တောင်လောက်ဒုတ် တစ်ခု ယှဉ်ကြည့်တော့၊ နှစ်တောင်လောက်ဒုတ်ကို အတိုလို့ မပြောကြ ဘူးလား? ပြောပါတယ်ဘုရား။ လေးတောင်လောက်ဒုတ်ကို အရှည်လို့ မပညတ်ဘူးလား? ပညတ်ပါတယ်ဘုရား။ အဲဒီ အတိုအရှည်ဆိုတာ အမှန်စင်စစ်ကတော့ ဒီဒုတ်ထဲမှာရှိတဲ့ ရုပ်စုရုပ်ပုံက အဟုတ်ရှိတာ။

အဲဒီ အတိုအရှည်ဆိုတာ နှိုင်းယှဉ်လို့ပေါ်လာတာ။ အဲဒီ လေးတောင်ဒုတ်ရဲ့အနီးမှာ ဆယ်တောင်ဒုတ်တစ်ခုလာချရင်၊ အဲဒီ လေးတောင်ဒုတ် အရှည်ဆိုတဲ့ လေးတောင်ဒုတ်ဟာ အရှည်ဟုတ်သေးလား? မဟုတ်ပါ ဘုရား။ ပညတ်ဆိုတာ အဟုတ်မရှိရင် ပျောက်သွားတာ။ ပရမတ်ဆိုတဲ့သဘောက အဟုတ်ရှိတာဖြစ်လို့ ဘယ်တော့မှ မပျောက်ဘူး။ လေးတောင်ဒုတ်ထဲမှာရော ရုပ်စုရုပ်ပုံ မရှိဘူးလား? ရှိပါတယ်ဘုရား။ လေးတောင်ဒုတ်ထက်ရှည်တဲ့ ဆယ်တောင်ဒုတ်ရောက်လာတော့ကော လေးတောင်ဒုတ်ထဲကရုပ်တွေ ပျောက်သွားသေးလား? မပျောက်ပါ ဘုရား။ ပရမတ်က ဘယ်တော့မှ မပျောက်ဘူး၊ ပညတ်ကပျောက်တယ်။ ပညတ်ဆိုတာ အဟုတ်မရှိဘူး နှုတ်ပြောမှာသာရှိတာ။ လူနာမည်တွေ ဒကာ–ဒကာမတွေ ခေါ်နေကြတယ်။ ယောကျ်ားရယ်. မိန်းမရယ်. သားရယ်. သမီးရယ် ခေါ်နေကြတယ်။ ပါးစပ်ဖျားလေးတင်ရှိတာ၊ အဟုတ် မရှိဘူး။ အဟုတ်ရှိတာက ပရမတ္ထတရား၊ အဟုတ်ရှိတဲ့တရား။ ပညတ်တရားက အဟုတ်မရှိတဲ့ တရား။

ယနေ့ ဒကာ–ဒကာမတွေ အဟုတ် မရှိတဲ့တရားတွေ အသိလုပ်နေကြလို့ ဒုက္ခရောက်နေကြပါသည်၊ အဟုတ် မရှိတဲ့တရားနဲ့ အချိန်ကုန်လာခဲ့ကြတာ၊ သံသရာ ကမ္ဘာလဆန်း တစ်ရက်က ယနေ့တိုင်အောင် ဖြစ်ကြပါတယ်။ ဒါ့ကြောင့် မြတ်စွာ ဘုရားက အပ္ပမာဒေန သမ္ပာဒေထ–အဟုတ်မရှိတာတွေကို ဖယ်ပြီးတော့၊ အဟုတ်ရှိတဲ့ တရားကို သတိကပ်ပြီးတော့ထားကြ မမေ့ကြနဲ့လို့ ဘုရားရှင်က ပရိနိဗ္ဗာန်စံခါနီးထိအောင် မှာတော်မူခဲ့ပါသည်။ ဒါ့ကြောင့် သဏ္ဍာနပညတ်ဆိုတဲ့ မြင်နေကျအမြင်ကြီးကို ကျော်ဖောက်ပြီးတော့၊ ထူးခြားထူးထွေတဲ့ ရုပ်နာမ်ဓမ္မ သဘာဝတွေကို သိအောင်. မြင်အောင်. ထိအောင် မြင်နိုင်တဲ့အမြင်က ဝိပဿနာပညာ။

ဒီတော့ ဘာပဲမြင်လိုက် မြင်လိုက် ရှည်တာမြင်မြင်. တိုတာမြင်မြင်. ဝတာမြင်မြင်, ပုတာ မြင်မြင်. ဖြူတာမြင်မြင်. မဲတာ မြင်မြင် ဒကာ–ဒကာမတွေ သိလိုက်ဖို့ အရေးက ရုပ်နာမ်ဖြစ်ပျက်။ သို့မဟုတ် မိမိတို့ဆရာသမားတွေပြထားတဲ့ ဝိပဿနာနည်းနဲ့ရှုပွား၊ ရုပ်နာမ်စိုက်ပြီးတော့ အဲဒီရုပ်နာမ်ဓမ္မ သဘာဝရဲ့ ဖြစ်ပျက်သွားပုံလေး ဉာဏ်ထဲမှာ ထင်းကနဲ လင်းကနဲမြင်ပြီဆိုရင်၊ အာရုံပြုလျှက် ဖြစ်နေပြီ ဆိုရင်၊ အလေ့အလာများလာလို့ အဲဒီ ဝိပဿနာပညာ မိမိသန္တာန်မှာ၊ ဘာကိုပဲမြင်မြင် ဘာကိုပဲကြားကြား ဘာကိုပဲ နံနံ အာရုံ (၆) ပါး ဒွါရ (၆) ပါးကနေပြီးတော့ ရှုပွားနိုင်ခဲ့ပြီဆိုရင်၊ မြင်နေကျထက် ထူးခြား ထိုးထွင်း ပြီးတော့ မြင်တာလို့ခေါ်တယ်။

(၄) နံပါတ် သုဘပညတ်ဆိုတာ လှတယ် တင့်တယ်.တယ် ခင်စရာ ကောင်းတယ် မက်စရာကောင်းတယ်လို့ မြင်တဲ့အမြင်။ အဲဒီ သုဘ ပညတ်ဟာ အဆိုးဆုံးတဲ့ ဒကာ–ဒကာမတွေအတွက်၊ သုဘ ပညတ်ဆိုတာ တင့်တယ်.တယ် လှပတယ်လို့မြင်တဲ့အမြင်၊ အဲဒီ လှပတယ်, တင့်တယ်.တယ်ဆိုတာ အဟုတ်ရှိတာ မဟုတ်ဘူး။ ရုပ်နာမ် အဟုတ်ရှိတာ။ ဥပမာတစ်ခုဆိုကြစို့ လက်ကိုင်ပုဝါလေးတစ်ခု၊ လက်ကိုင်ပုဝါလေးတစ်ခု ပန်းရောင်ကလေး, နီနီလေး ပန်းပျောက် ကလေးတွေနဲ့ အားလုံးသော ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေက ပန်းရောင်လေးနဲ့ နီနီလေး, ဝါဝါကလေး, လှတယ်လို့ မြင်လိုက်ကြတယ်။ အဟုတ်ရှိ နေတာက

ချည်ချောင်းတွေ ပရိသတ်ကြီး၊ လက်ကိုင်ပုဝါလေးတထည် ဖြစ်လာအောင် ချည်ချောင်းတွေ ယက်ထားတာ မဟုတ်ဘူးလား? ဟုတ်ပါတယ်ဘုရား။

ဘုန်းကြီးတို့ ချည်ခေတ်နဲ့ပြောကြပါစို့၊ နိုင်လွန်ခေတ် မပြောနဲ့နော်၊ အဲဒီလို ချည်ချောင်းတွေ တချောင်းချင်း၊ တချောင်းချင်း စုပေါင်းထားတော့မှ လက်ကိုင်ပုဝါဆိုတဲ့ သဏ္ဌာန်လေး၊ (၄) ထောင့် သဏ္ဌာန်လေး ဖြစ်ပေါ်လာ သဏ္ဌာနပညတ်ကဝင်။ အဲဒီပေါ်မှာ ပန်းရောင်ကလေးဆိုးထားလိုက်တော့ လှတယ်လို့ဆိုတဲ့ သုဘပညတ်ကလေးက ဝင်။ ဒီတော့ တကယ်ရှိနေတဲ့ ချည်ချောင်းကို မြင်သေးရဲ့လား ပရိသတ်ကြီး? မမြင်ပါဘုရား။ ချည်ချောင်း မမြင်တော့ဘဲနဲ့ ဘာမြင်တုန်းလို့ဆိုတော့၊ အဲဒီချည်ချောင်းတွေ ပေါင်းထားလို့၊ လေးထောင့်သဏ္ဌာန် ဖြစ်နေတဲ့ သဏ္ဌာနပညတ်စွဲ၊ အဲဒီအပေါ်မှာ ပန်းရောင် ကလေး ဆိုးထားတော့၊ အဲဒီအရောင်လေးကို လှတယ်လို့ စွဲဆိုတော့ လှတယ်တို့ လေးထောင့်တို့လို့ဆိုတော့ အဲဒီပညတ်အစွဲတွေ ဝင်လာတော့၊ ပညတ် နိမိတ် အရိပ်စွဲလာရင် လောဘဝင်, ဒေါသဝင်။ ဒီတော့ မြတ်စွာဘုရားက ပညတ်နိမိတ် စွဲနေလာသမျှ မင်းတို့ လောဘ ဒေါသဖြစ်နေမှာပဲ ပညတ်ကိုကျော်ဖောက်ပြီးတော့၊ ပညတ်ကို ထွင်းဖောက်ပြီးတော့၊ ပရမတ်ဆိုက်လာပြီဆိုရင် အဲဒီ လောဘ ဒေါသ သေတယ်လို့။

**"န နိမိတ္တဂ္ဂါဟီ ဟောတိ နာနု ဗျဉ္ဇနဂ္ဂါဟီ"**။ ပညတ်နိမိတ်တွေ ယူမနေနဲ့တဲ့၊ ပညတ်နိမိတ် ကျော်သွားလိုက်တဲ့၊ ပရမတ်ဆိုက်အောင် မြင်လိုက်၊ ဒီတော့ အဲဒီလက်ကိုင်ပုဝါလေးမှာ ချည်ချောင်းတွေ၊ အဲဒီ ချည်ချောင်းတွေကလဲပဲ တစ်ချောင်းတစ်ချောင်းမှာ ဝါမှုံကလေးတွေ, ဝါဂွမ်းစ ကလေးတွေ, ဝါဂွမ်းဆိုင် ကလေးတွေ, အမျှင်အမျှင်ကလေးတွေ စုပေါင်းထား။ အဲဒီအမျှင် အမျှင်ကလေး တွေမှာလည်းပဲ ရုပ်စုရုပ်ပုံတွေ၊ ပထဝီ အာပေါ တေဇော ဝါယောဆိုတဲ့ ရုပ်စုရုပ်ပုံတွေ တွဲနေ, ပေါင်းနေ, စပ်နေ, ယှဉ်နေ။ အဲဒါတွေပေါင်းစုထားတော့ ချည်ချောင်း၊ ချည်ကြောင်းတွေ ပေါင်းစုထားတော့ လက်ကိုင်ပုဝါ။ လက်ကိုင်ပုဝါ ပေါ်ကနေ လေးထောင့်ပြော၊ အစင်းလေးတွေနဲ့လို့ပြော၊ ပန်းပျောက်ကလေးတွေနဲ့ ပြော၊ ပန်းရောင်ကလေးလို့ပြော၊ သုဘပညတ်ဝင်။

ဒီတော့ အဲဒီလို အမြင်နဲ့ချည်း ဒကာ–ဒကာမတွေ အမြင်မများကြဘူးလား? များပါတယ် ဘုရား။ ဘာပဲမြင်လိုက်မြင်လိုက် တင့်တယ်, တယ်၊ လှပတယ်ဆိုတဲ့ အမြင်နဲ့ချည်း မြင်တဲ့အမြင် မများကြဘူးလား? များပါတယ်ဘုရား။ ဒီတော့ အဲဒါ မြင်နေကျအမြင်ဆိုတာ သူ့ပြောတာ။ ဒီတော့ သမ္မုဟ ပညတ်အမြင်၊ အပေါင်းအတွဲအခဲလို့ မြင်တဲ့အမြင်။ သဏ္ဌာနပညတ် အမြင်–အရှည်အတို အဝိုင်း အပြား စသည့်ဖြင့် ပုံသဏ္ဌာန်နဲ့ မြင်တဲ့အမြင်။ သန္တတိပညတ်အမြင် မနေ့ကလည်းဒါပဲ ဒီနေ့လည်း ဒါပဲလို့ တစည်းထဲ တတွဲထည်း တဆက်တည်းလို့ မြင်တဲ့ အမြင်။ သုဘပညတ်အမြင် လှတယ် တင့်တယ်,တယ် ရှု့ချင်ဖွယ် ကောင်းတယ်လို့ မြင်တဲ့အမြင်ဆိုတဲ့ ဒီအမြင် (၄) မျိုးကို ဝိ–ထူးခြား ထွင်းဖောက်ပြီးတော့။ ပဿနာ–မြင်တဲ့အမြင်။ အဲဒါမှ ဝိပဿနာစစ်တယ်။

ဒါ့ကြောင့် "ပညတ်ကိုရှင်း ပရမတ်သွင်း"၊ ပညတ်ကို ကျော်ဖောက်ပြီးတော့ ပရမတ်ဆိုက်အောင်ကြည့်။ အဲဒီပရမတ် ဆိုက်အောင်ကြည့်တော့ ရုပ် နာမ်ဓမ္မ သဘာဝမြင်၊ အရှိဟုတ်တဲ့ ရုပ်နာမ်ကိုမြင်၊ အဲဒီအရှိဟုတ်တဲ့ ရုပ်နာမ်ကိုမြင်တော့မှ အဲဒီရုပ်နာမ်ဓမ္မ သဘာဝရဲ့ အမြဲတမ်း ဖြစ်ပျက် ပြောင်းလဲနေတာလေးတွေကိုမြင်၊ အဲဒီလိုမြင်အောင် ဘယ့်နဲ့လုပ်ရမှာတုန်းဆိုတော့၊ ကိုယ့်ဆိုင်ရာဆိုင်ရာ ဆရာသမားတွေ နည်းပေး လမ်းပြထားတဲ့အတိုင်းမြင်အောင်၊ ဝိပဿနာ ဉာဏ် မိမိသန္တာန် ဖန်ဖန်ဖြစ်ပွားနေအောင် လေ့လာအသုံးပြု၊ အဲဒီ အသုံးပြုပြီးတဲ့နောက် ဘယ်နေရာသွားသွား သွားလေရာတိုင်း သွားလေရာတိုင်း မြင်သမျှ တွေ့ပေါ်မှာ ဖမ်းရှု၊ သွားရင်းလည်းပဲ အလုပ်,လုပ်လို့ရတယ်၊ စားရင်းလဲ အလုပ်,လုပ်လို့ရတယ်၊ နေရင်းလဲ အလုပ်,လုပ်လို့ရတယ်၊ နည်းအရင်ဆုံး ရဖို့ အရေးကြီးတယ်၊ အဲဒီ မြင်နေကျပေါ်မှာ ထူးခြားထိုးထွင်းပြီးတော့ မြင်တတ်တဲ့ အလေ့အကျင့်လေး ဆရာသမားထံမှာ နည်းယူပြီးတော့ နည်းရပြီဆိုတော့၊ အဲဒီနည်းကို အသုံးချသွားရုံပဲ၊

ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ လက်နက်များလိုချင်လို့ တစ်စုံတစ်ခု ပစ်ဖို့ ခတ်ဖို့ လက်နက်ကို အသုံးချဖို့ လက်နက်ရုံတစ်ခု လက်နက်သွားဝယ်၊ ဝယ်ပြီး ရလာတော့ အဲဒီလက်နက်ကို သွားလေရာမှာ အသုံးချလို့မရဘူးလား?

ရပါတယ်ဘုရား။ လက်ထဲမှာ လက်နက် ရောက်လာပြီဆိုလို့ရှိရင် အဲဒီလက်နက် အသုံးချလို့ ရတာပဲ။ ဒီတော့ ဝိပဿနာ ဉာဏ်ပညာဆိုတဲ့ လက်နက်နဲ့ သွားရာ လာရာ, နေရာ ထိုင်ရာ, တွေ့သမျှ, ကြုံသမျှ, ဆုံသမျှ, ကြားသမျှ, မြင်သမျှ, ဒွါရခြောက်ပေါက်, အာရုံခြောက်တန် ထင်လာသမျှ **အသုံးချ** တတ်ပြီလို့ဆိုရင်၊ မြင်နေကျ အမြင်ပညတ်လေးပါးကို ကျော်လွှား၍ ပရမတ်ဆိုက်အောင် မြင်ပြီ။ ပရမတ်ဆိုက်အောင်မြင်ရင်၊ ရုပ်နာမ်ဓမ္မ သဘာဝကို အရှိကိုအရှိအတိုင်းမြင်ပြီ။ အရှိကိုအရှိအတိုင်း သိပြီ၊

သိတဲ့အတိုင်း အဲဒီရုပ်နာမ်ဓမ္မ သဘာဝတွေရဲ့ ဖြစ်ပျက် ပြောင်းလွဲနေပုံ ကိုမြင်ပြီ၊ မြင်ပြီဆိုရင် ရုပ်နာမ်ကို မြင်သည်နှင့်တစ်ပြိုင်နက် သက္ကာယ ဒိဋ္ဌိ ဝိစိကိစ္ဆာတွေကွာ။ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာတွေကွာလို့ ဖြစ်ပျက်ကို မြင်နေပြီဆိုတော့ ဒီတရားသဘာဝတွေဟာ ဖြစ်ပြီးတော့ ပျက်တတ်တဲ့ ဓမ္မသဘာဝတွေပဲလို့ ဉာဏ်ထဲမှာ သိလိုက်သည်နှင့်တစ်ပြိုင်နက် လာနေကျဖြစ်တဲ့ လုတယ်ဆိုတာတွေ ရှည်တယ်ဆိုတာတွေ တိုတယ်ဆိုတာတွေ အပေါင်းအခဲဆိုတာတွေ တဆက်တည်းပဲဆိုတဲ့ ပညတ် နိမိတ်တွေပျောက်၊

ပညတ်နိမိတ်တွေပျောက်ရင် ဒကာ–ဒကာမတွေ လောဘ ဒေါသ မောဟတရားတွေ ကျဲသွား, ပါးသွား, ကုန်သွား, ခန်းသွားရာက တဖြေးဖြေးနဲ့ လောဘတောင်ကြီးတွေ, ဒေါသတောင်ကြီးတွေ, မောဟတောင်ကြီးတွေ, လောဘထုထယ်, ဒေါသထုတယ်, မောဟ ထုထယ်ကြီးတွေ၊ တစ်နေ့တစ်နေ့မှာ မရေမတွက်အောင် ဖြစ်ပွားနေတဲ့ လောဘထုထယ်ကြီး တဖြေးဖြေးနဲ့ ဖြိုဖျက် ဖြိုဖျက်လာခဲ့တော့ လောဘ အမှောင်ကြီးတွေ ပျောက်, ဒေါသအမှောင်ကြီးတွေ ပျောက်, မောဟ အမှောင်ကြီးတွေ ပျောက်ရင် ပညာအလင်းဓာတ်ကြီး ဝင်ပြီး သကာလ၊ နောက်ဆုံး မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ တရားထူးတရားမြတ်ကို မြင်နိုင် တယ်....လို့၊

ဘုရားရှင်က၊ ဥဂ္ဂ....တဲ့၊ ငါကလေ အဲဒီ **"သဒ္ဓါဓနံ သီလဓနံ ဟိရိဩတ္တပ္ပိယံဓနံ သုတဓနဉ္စ စာဂေါစ ပညာဝေသတ္တမံ ဓနံ"** အဲဒီပြဆိုခဲ့တဲ့

သဒ္ဓါဓနေ သီလဓနေ သုတဓနေ စာဂဓနေ ဟိရိဓနေ ဩတ္တပ္ပဓနေ ပညာဓနေဆိုတဲ့ ဒီပစ္စည်းဥစ္စာ (၇)မျိုးကို ကြိုးစားပြီးတော့ စုဆောင်းတဲ့ ပုဂ္ဂိုလ်ကိုသာလျှင် ငါဘုရားက ပစ္စည်းရှင်, ဓနရှင်, ဥစ္စာရှင် အစစ်လို့ ငါဘုရား ချီးမွမ်းတော်မူတယ်....တဲ့။ မင်း လောကီပစ္စည်းတွေကို မစုရဘူးလို့တော့ ငါမတားပါဘူး၊ ရှိတာကိုလည်း မရှိဘူးလို့ ငါမပြောပါဘူးတဲ့၊ သို့သော် ငါချီးမွမ်းတော်မူတာကတော့ သဒ္ဓါဓနစတဲ့ ပစ္စည်းဥစ္စာတွေကိုသာ ငါဘုရားရှင် ချီးမွမ်းတော်မူတယ် ....တဲ့။ ကိုယ်ပိုင်လည်းဖြစ်လို့။ မဂ်ဖိုလ်နိဗ္ဗာန် လောကုတ္တရာကိုးတန်ဆိုတဲ့ ရတနာပစ္စည်းကြီးတွေကို အရဝယ်ယူနိုင်တဲ့ ပစ္စည်းသည်ကား သဒ္ဓါစတဲ့ ဥစ္စာ၊ သူတော်ကောင်း ဥစ္စာပစ္စည်းသည်သာလျှင် တန်ဖိုးရှိတဲ့ ပစ္စည်းဖြစ်တယ်လို့။ ဘုရားရှင်ကိုယ်တော်မြတ်က ဥဂ္ဃအမတ်ချုပ်ကြီးကို ဟောတော်မူပါတယ်။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေ ရွှေငွေ ကျောက်သံအစရှိတဲ့ ပစ္စည်းတွေ နည်းများမဟူ မိမိတို့ အိမ်မှာ စုဆောင်းထားကြတယ်၊ ရှာဖွေထားကြတယ်၊ အဲဒီ စုဆောင်း ရှာဖွေထားတဲ့ ပစ္စည်းဥစ္စာတွေဟာ ငါတို့ချည်း ကိုယ်ပိုင် မဟုတ်ပါလားလို့ ဘုရားရှင်ကိုယ်တော်မြတ် ဥဂ္ဃသုတ္တန်မှာ ဟောတော်မူတဲ့အတိုင်း ဘုံဆိုင်ပစ္စည်းတွေပဲ၊ ရန်သူမျိုးငါးပါးနဲ့လည်း ဆိုင်နေသေးသောကြောင့် ဘုံဆိုင်ပစ္စည်း။ သားအတွက်, သမီးအတွက်လည်း မျှပြီးတော့ ကျွေးရတဲ့အတွက်လည်း ဘုံဆိုင်ပစ္စည်း၊ ဆွေအတွက်, မျိုးအတွက်လည်း ကူရပ့်ရ , ထောက်ရလို့ ဘုံဆိုင်ပစ္စည်း၊ ကိုယ်တစ်ယောက်ထဲ ရှာသော်လည်းပဲ မျှပြီးတော့စားရ၊ ဝေပြီးတော့စားရ, မင်းစိုးရာဇာ အခွန်တွေပေးရလို့လည်းပဲ ဘုံဆိုင်ပစ္စည်း၊

အဲဒီ ဘုံဆိုင် ပစ္စည်းတွေ ရှာဖွေနေရုံနဲ့ ငါ အချိန်မကုန်စေပဲ၊ ငါ့အတွက် မဂ်ဖိုလ် နိဗ္ဗာန် ကိုးတန်သော လောကုတ္တရာတရားကြီးတွေကို အရဝယ်ယူနိုင်မယ့် ကိုယ်ပိုင်ပစ္စည်းကိုလည်းပဲ ကိုယ်စီကိုယ်ငှ ရှာဖွေအုန်းမှ ငါ တော်တော့မယ် ....လို့ အဲဒီလို သတိတရား လက်ကိုင်ထားပြီးသကာလ၊ သဒ္ဓါဓနေ သီလဓနေစတဲ့ ပစ္စည်းဥစ္စာတွေ တစ်နေ့ထက်တစ်နေ့ တိုးလာအောင်, တစ်ရက်ထက် တစ်ရက် တိုးလာအောင်, တစ်လထက် တစ်လ စုဆောင်းမိအောင်, တစ်နှစ်ထက်တစ်နှစ်

စုဆောင်းမိအောင်၊ ကိုယ်စီကိုယ်ငှ ရှာဖွေစုဆောင်း နိုင်တဲ့ အမျိုးကောင်းသား အမျိုးကောင်း သမီးဖြစ်အောင် ကျင့်ဆောင် ကြိုးကုတ် အားထုတ်နိုင်ကြပါစေ။

အဲဒီလို ကျင့်ဆောင်ကြိုးကုတ် အားထုတ်ပြီးသကာလ မိမိရှိနေတဲ့ ပစ္စည်းကို လောကီဥစ္စာပစ္စည်းတွေကို တစ်နေ့တစ်ခါ, တစ်လ တစ်ခါ, တစ်နှစ် တစ်ခါ စာရင်းတွက်ပြီးတော့, စာရင်းချုပ်ပြီးတော့, ငါတို့မှာ ပစ္စည်း ဘယ်လောက် ရှိလာပြီ၊ ငါတို့မှာ ပစ္စည်းတွေ ဘယ်လောက်တက်လာပြီ၊ ငါတို့မှာ ဥစ္စာပစ္စည်း ဘယ်လောက်ကြွယ်ဝလာပြီလို့ လောကီပစ္စည်းတွေ စာရင်းတွက်ကြသလို၊ လောကုတ္တရာ ပစ္စည်းလို့ခေါ်တဲ့ သဒ္ဓါစနေလို့ ခေါ်တဲ့ ပစ္စည်းတွေကိုလည်းပဲ ငါတို့မှာ ဘယ်လောက်ရှိလာပြီ, ငါ့မှာ ဘယ်လောက်ရလာပြီလို့၊ အသီးအသီး ပစ္စည်းစာရင်းတွက်ကြပါ။

အဲဒီလို ပစ္စည်းစာရင်းတွက်ပြီးတော့ မိမိမှာ ပစ္စည်းဥစ္စာ အဲဒီ ပစ္စည်း ဥစ္စာတွေ ပေါ်များကြွယ်ဝလာလေလေ၊ ဒီပစ္စည်းဥစ္စာမျိုး ပိုင်ရှင်ဖြစ်တော်မူကြတဲ့ ဘုရားရှင်တို့လို ပုဂ္ဂိုလ်ကြီးတွေ, ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့လို ပုဂ္ဂိုလ်ကြီးတွေ, အဂ္ဂသာဝက မဟာသာဝက ရဟန္တာ ယောကျ်ား ရဟန္တာမဆိုတဲ့ အရှင်ကောင်း အရှင်မြတ်ကြီးတွေ၊ ဒီလို ပစ္စည်းတွေ စုဆောင်းသွားကြတဲ့ အမျိုးကောင်းသား အမျိုးကောင်း သမီးကြီးတွေ ဝိသုဒ္ဓိနတ်လို့ ခေါ်တဲ့ ရဟန္တာအရှင်မြတ်ကြီးတွေ, ဝိသုဒ္ဓိနတ် လို့ခေါ်တဲ့ ရဟန္တာမ အရှင်မြတ်ကြီးတွေ၊ ဝိသုဒ္ဓိနတ်လို့ခေါ်တဲ့ ထောင့်ငါးရာကိလေသာမှ စင်ကြယ်မြင့်မြတ်တော်မူတဲ့ ဘုရားပစ္စေကာ စတဲ့ ပုဂ္ဂိုလ်ထူးကြီးတွေ ဖြစ်တော်မူခဲ့ကြတယ်....လို့၊

ကိုယ့်မှာရှိနေတဲ့ပစ္စည်းကို လောကီပစ္စည်းတွေ ပြန်ပြန်စာရင်း တွက် တွက်ပြီးတော့ ပီတိဖြစ်သလိုပဲ၊ လောကုတ္တရာ ပစ္စည်းတွေ ဘယ်လောက်စုဆောင်း မိနေပြီ၊ ဒီပစ္စည်းမျိုးတွေ ပြည့်စုံလို့ပဲ ဘုရားဖြစ်သွားကြတယ်၊ ပစ္စေကဗုဒ္ဓါ ဖြစ်သွားကြတယ်၊ ရဟန္တာ ယောကျ်ား ရဟန္တာမကြီးတွေ ဖြစ်တော်မူပြီးတော့ ကျွတ်တန်းခိုတော်မူခဲ့ကြတယ်၊ ငါ့မှာလည်း အဲဒီပစ္စည်းတွေ ရှိနေပါပကောလို့ ဓမ္မာနုဿတိ, စာဂါနုဿတိ, သီလာနုဿတိ မိမိရှိနေတဲ့ သီလအားတွေ၊ ဓမ္မာ နုဿတိ မိမိမှာရှိနေတဲ့ တရားအားတွေ ပါရမီအားတွေ၊ စာဂါနုဿတိ

မိမိစွန့်ကြဲပေးကမ်း လှူဒါန်းခဲ့ရတဲ့ ပစ္စည်းဥစ္စာတွေ ပြန်လည်ပြီးတော့ သတိရတဲ့ စာဂါနုဿတိ ကုသိုလ်အားတွေတဲ့၊ ပြန်လည်ပြီးတော့ ဝမ်းမြောက်ဝမ်းသာ ပီတိဖြစ်နိုင်ဖို့ရာ အထူးအားဖြင့် မိမိတို့ မျက်စိ မှိတ်ခါနီး ဘဝတစ်ပါးပြောင်းသွား၊ ကူးပြောင်းခါနီးမှာ ယ္ခုဘဝတင်ပဲ အရဟတ္တမဂ် အရဟတ္တဖိုလ်ဖြင့် ကျွတ်တန်း မနိုနိုင်ခဲ့လျှင်၊ ထိုကဲ့သို့ ဘဝကူးခါနီးမှာ မိမိမှာရှိနေတဲ့ ပစ္စည်းဥစ္စာတွေကို အာရုံပြုပြီးတော့ ပြုံးနိုင်အောင် အာရုံပြုပြီးတော့ ပီတိဖြစ်နိုင်အောင် ယ္ခုကထဲက ကြိုတင် ပြီးသကာလ စုဆောင်းထားရမယ်လို့.......။

**ယေဟိ သဒ္ဓါဒိဂုဏေဟိ. ဒေဝတာ ဒေဝတံ ဂတာ၊**
**မယှမ္ပိတေ သံဝိဇ္ဇန္တိ. အဟော မေ ဂုဏဝန္တတာ။**

ဒေဝတာ–စတုမဟာ တာဝတိံသာနှင့်. နတ်ရွာခြောက်လီ ပြဟ္မာ့ပြည်ဝယ်. ကိုယ်စီစံစား နတ်ပြဟ္မာအများနှင့်. ဘုရားပစ္စေကာ အရိယာမြင့်မြတ် ဝိသုဒ္ဓိနတ်တို့သည်။ ယေဟိသဒ္ဓါဒိဂုဏေဟိ–သဒ္ဓါ သီလများသုတနှင့်. စာဂပညာ စဉ်လာ လောက်လုံ အကြင်ကျေးဇူး ဂုဏ်တို့ကြောင့်။ ဒေဝတံ–ရောဂါမကပ် ဥပါဒ်မတွယ်. စားသောက်ဖွယ်ရေး နေထိုင်ရေးနှင့်. မင်းဘေးစိုးတာ ကင်းစင်ကွာလတ် ပြဟ္မာ နတ်နှင့်. မြင့်မြတ်ဖြူလွင် ဝိသုဒ္ဓိသူတော်စဉ်အဖြစ်သို့။ ဂတာ–ဤ လူ့ပြည်မှ စုတေကြလျှင် ခဏမနေ ကပ်ရောက်ကြလေကုန်ပြီ။ ဂတာ–ပါရမီစွမ်းသလောက် စခန်းပေါက်၍ လှမ်းရောက်တော်မူကြလေကုန်ပြီ၊ တေဂုဏာ–ဝိသုဒ္ဓိစခန်း ကပ်ခါမြန်းဖို့. အစွမ်းလောက်လုံ ထိုကဲ့သို့သော ဂုဏ်ပေါင်းစုံတို့သည်။ မယှမ္ပိ–ဘုရားအကြိုက်. တရားလိုက်၍. အားစိုက်နှစ်လို ဤငါ့ကိုယ်မှာလည်း။ သံဝိဇ္ဇန္တိ–အမြဲမပြတ် သတိ ချပ်သဖြင့်. မလပ်ပုံသေ ရှိကြပေကုန်၏။ မေ–ဘုရားအကြိုက် တရားလိုက်၍ အားစိုက်နှစ်ကို ဤငါ့ကိုယ်၏။ ဂုဏဝန္တတာ–သဒ္ဓါသီလ များသုတနှင့် စာဂပညာ စဉ်လာလောက်လုံ ဂုဏ်ပေါင်းစုံသည်၏ အဖြစ်သည်။ အဟော–တမလွန်အရေး ကြံတိုင်းအေးဖို့. လေးလေး ပင်ပင် အစဉ်မျိုးမှန် အော် အဖိုးတန်လေစွတကား။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

ဤကဲ့သို့ ဥဂ္ဂသုတ္တန်ကို နာကြားရသောအချိန်မှစ၍၊ ဘုရားရှင်ကိုယ်တော်မြတ် စုဆောင်းစေတော်မူလိုတဲ့၊ လောကုတ္တရာ ပစ္စည်းဥစ္စာတွေကိုလဲပဲ နည်းများမဟူ နေ့စဉ်မှန်မှန်. လစဉ်မှန်မှန်. နှစ်စဉ်မှန်မှန် စုဆောင်းနိုင်တဲ့ အမျိုးကောင်းသား. အမျိုးကောင်းသမီးများ ဖြစ်ကြပါစေကုန်သတည်း။ အဲဒီလို စုဆောင်းနိုင်သော အမျိုးကောင်းသား. အမျိုးကောင်းသမီးများ ဖြစ်ကြကုန်လျှက်၊ မိမိသန္တာန် ရှိနေ. ရနေသော လောကုတ္တရာပစ္စည်းတွေကို ပြန်လှန်ပြီးတော့ တွေးတော ဆင်ခြင်စဉ်းစား။ ဓမ္မာနုဿတိ. သီလာနုဿတိ. စာဂါနုဿတိ တရားဖြင့် ဝမ်းမြောက်ဝမ်းသာ ပီတိဖြာနိုင်တဲ့ အမျိုးကောင်းသား. အမျိုးကောင်းသမီးများ ဖြစ်ကြပါစေကုန်သတည်း။

ထိုကဲ့သို့ ပီတိဖြာနိုင်ကြကုန်လျှက်. လောကုတ္တရာပစ္စည်းဥစ္စာဖြင့် ကြွယ်ဝသော ပစ္စည်းဥစ္စာနေရှင် ဖြစ်ကြကုန်လျှက်၊ ထိုကဲ့သို့ လောကုတ္တရာ ပစ္စည်းဖြင့် ကြွယ်ဝချမ်းသာသော အမျိုးကောင်းသား. အမျိုးကောင်းသမီးတို့ ဝယ်ယူအပ်. ဝယ်ယူနိုင်. ရရောက်အပ်. ရရောက်နိုင်တဲ့. ပိုင်ဆိုင်အပ်. ပိုင်ဆိုင်နိုင်သော မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဆိုတဲ့ တရားထူး တရားမြတ်ကြီးကို လျှင်မြန်ဆောစွာ ရကြရ ရောက်ကြရ မျက်မှောက်ပြုကြရပါလိုကုန်သော ဟူ၍ ပတ္ထနာအောင်ဆု ပြုကြကုန်ရာသတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

# "ဝေဠုဒွါရေယျသုတ္တန်"

**သံသာရမှာ သာမညေန, နမုစ္စေယျ တဟိံတဟိံ၊**
**ဂတိံဂတိံ ဘဠ္ဌနတ္ထာယ, သဋ္ဌယသဿထ ပါရမိံ။**

တဟိံတဟိံ–တွေ့ကြုံဆုံကြ, ဘုံဘဝဝယ်, ကြုံရလေတောင်း, သောင်းပြောင်းအာရုံ, အဖုံဖုံ၌။ သာမညေန–သူများနည်းတူ, သူ့မှု မပျက်, သူ့ထက်မသာ, လိမ္မာဟန်မျှ, စံမပြလောက်သေးပါမူကား။ သံသာရမှာ–မဟာပြဖော့, လျှာကုဋ္ဌေဖြင့်, ရှာဖွေမှန်းဆ, ဂဏန်းပြဖို့, နှမ်းမျှမလွယ်, တကယ်မှန်စွာ, မကြုံသာသည့်, သံသရာခရီး, ကန္တာကြီးမှ၊ နမုစ္စေယျ–ဘုန်းစကံချွန်, သမ္မာမွန်သဖြင့်, တံခွန်ဆောက်ကိုင်, မလွန်မြောက်နိုင်သေးရာ။ အမုတ္တတ္တာ–လွတ်ဖို့ဝေးရဲ့, မတွေးနဲ့တော့, ဘေးတကယ့်စုံ, အဖုံဖုံဇာတ်ပြား၍, ထပ်မနားအပါယ်ခရီး၌, တလည်တည်းလည်ရအုန်းမည်အရေးကြောင့်၊ ဂတိံဂတိံ–ဒေဝမနုဿ, နိရယနှင့်, ပေတတိရစ္ဆာန်, လားရန်အရှိ, ငါးတန်ဂတိကို။ ဘဋ္ဌနတ္ထာယ–ကောင်းရာမြန်းလင့်, စခန်းတင့်လည်း, ငြိမ်းဖြင့်တက်ပြီး, ငြိမ်းဖျက်နည်းသို့, ဖျက်ဆီးလွန်မြောက်, နိဗ္ဗာန်ရောက်ဖို့အကျိုးငှာ။ ပါရမိံ–နိဗ္ဗာန်နန်းခွင်, စခန်းဝင်ဖို့, လမ်းစဉ်အကျ, ဒါနစသည်, ပါရမီမျိုး, ကောင်းမှုကျိုးကို။ သဋ္ဌယသဿထ–တစ်မြင့်ထဲမြင့်, ဆင့်ကဲတင့်ဖို့, အသင့်မကွာ, ချင့်စာတိုးပွား, တစ်မျိုးအားဖြင့်, ကြိုးစား ဆည်းပူးလိုက်ကြ ကုန်ရာသတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

ယနေ့ မြန်မာကောဇာသက္ကရာဇ် ၁၃၅၁–ခုနှစ်၊ တပေါင်းလပြည့်ကျော် (၆)ရက်နေ့ည၊ ခရစ်နှစ် ၁၉၉၀ –ပြည့်ခုနှစ် မတ်လ (၁၆)ရက်နေ့ညမှာ အမရပူရမြို့ ပိန်းတန်းရပ် အလှူ့ဒါယကာ ဒကာ ဦးညိမ်+အလှူ့ဒါယိကာမ

• သံ–၃/၃၀၆။

ဒကာမဒေါ်စိန်ဆင်တို့၏ နေအိမ်ဥပစာအတွင်း ခင်းကျင်းဆောက်လုပ်ထား အပ်သော ဤရတနာရောင်ပေါင်း ခြောင်း စုံဖြာ မင်္ဂလာမဏ္ဍပ်ကြီးအတွင်း၌ ကျင်းပပြုလုပ်အပ်သော ယနေ့ည တရားပွဲသည်ကား အမရပူရမြို့ ပိန်းတန်းရပ်မှာ နေထိုင်ကြတဲ့ အလှူ့ဒါယကာ ဒကာ ဦးညိမ် + အလှူ့ဒါယိကာမ ဒကာမဒေါ်စိန်ဆင်နဲ့ အမကြီး အလှူ့အမကြီးဖြစ်တဲ့ အမကြီးဖြစ်သူ ဒေါ်ဒေါ်ပျို၊ သားသမီး အလှူ့ဒကာ အလှူ့အမများဖြစ်ကြကုန်သော အမရပူရမြို့ နန်းမတော် ရပ်မှာ နေထိုင်ကြတဲ့ သားအလှူ့ဒကာဦးစိန်မောင်+သမီးအလှူ့ဒါယိကာမ ဒေါ်ဦး၊

အမရပူရမြို့ သိမ်ကြီးရပ်၌နေထိုင်ကြကုန်သော သား အလှူ့ ဒါယကာ ဦးဝင်းရွှေ+သမီးအလှူ့ဒါယိကာမ ဒေါ်ခင်စိန်၊ အမရပူရမြို့ ပိန်းတန်းရပ်၌ နေထိုင်ကြ ကုန်သော သမီးအလှူ့အမများဖြစ်ကြတဲ့ မဝင်းဝင်းတို့ မယဉ်ယဉ်တို့ မစန်းစန်းမြင့် တို့နဲ့ သားအလှူ့ဒကာမောင်စိန်လွင်၊ မန္တလေးမြို့၌ နေထိုင်ကြကုန်သော သားအလှူ့ဒါယကာ ကိုရွှေသွေးတို့ သမီးအလှူ့အမ မကြည်ကြည်လွင်တို့ မိသားစုက သံဃဒါန ပဏ္ဍ ဆွမ်းဟင်း လောင်းလှူခြင်းလို့ဆိုရတဲ့ မင်္ဂလာ၊ ကျမ်းဂန်ဒေသနာတော်နဲ့ ပြောရင်တော့ **အနုကူလယညနိစ္စဒါန နိစ္စဘတ်** ဆွမ်းလောင်းလှူတဲ့ ကောင်းမှုမင်္ဂလာပွဲကြီး (၄၁) နှစ်မြောက် ရောက်လာခဲ့တဲ့ အောင်ပွဲ မင်္ဂလာကြီးကတစ်ရပ်၊

မိမိတို့ရဲ့ရင်နှစ်သည်းချာ သားရတနာ မြေး ရတနာလေးတွေကို ရှင်ပြုခြင်း, နားသခြင်းဆိုတဲ့ မင်္ဂလာလို့ဆိုတဲ့ အဲဒီ ရှင်ပြုနားသမင်္ဂလာနဲ့ နိစ္စဘတ်ဆွမ်း (၄၁) နှစ်မြောက် အောင်ပွဲ မင်္ဂလာဆိုတဲ့ ဒီမင်္ဂလာ (၂) ရပ်ကို အခြေခံအကြောင်းပြုပြီးသကာလလာမည့် တပေါင်းလပြည့်ကျော် (၈) ရက်နေ့ အလှူမင်္ဂလာပွဲကြီး ကျင်းပ ဆင်နွှဲမှာကို အကြောင်းပြုပြီးသကာလ အကြိုပွဲဖြစ်တဲ့ ဒီနေ့ညတရားပွဲတဲ့နက်ဖြန်ခါညကျတော့လည်းပဲစစ်ကိုင်းတောင်ရိုးက မြစကြဲ ဆရာတော်၊ နောက် အောင်ပွဲအလှူပွဲကြီးအဖြစ်နဲ့လည်း အောင်ပွဲကြီးခံဝ အနေနဲ့လည်းပဲ ဆရာတော် ဦးဉာဏိဿရ သီတဂူဆရာတော်ကလည်း ချီးမြှင့်အုန်းမှာဖြစ်တော့ ဒီနေ့ည အကြိုပွဲအနေနဲ့ ပထမဆုံး တရားပွဲတဲ့၊

ဒီတော့ အခုပြဆိုအပ်ခဲ့တဲ့ အလှူ့ဒါယကာ ဦးညိမ်+ အလှူ့ဒါယိကာမ ဒေါ်စိန်ဆင်နဲ့ အမကြီး အလှူ့အမ ဒေါ်ဒေါ်ပျိုနှင့် တကွ သားသမီး အလှူ့ဒကာ အလှူ့အမအပေါင်း သူတော်ကောင်းတွေက (၄၁) နှစ်မြောက် ရောက်လာသည် အထိ တစ်နှစ် တစ်နှစ်မှာ သံဃာတော်ပေါင်း တစ်သောင်းရှစ်ပါး၊ တစ်သောင်း ရှစ်ပါး၊ တစ်သောင်းကျော်, တစ်သောင်းကျော်တို့ကို နိစ္စဘတ်ဒါန၊ နိစ္စဒါန နိစ္စဘတ် ဆွမ်းများ လောင်းလှူလာခဲ့ကြတယ်၊ တစ်လတစ်လမှာ လဆန်း (၄) ရက်၊ လဆုတ် (၄) ရက်ရယ်လို့ ထိုလဆန်း(၄)ရက်၊ လဆုတ်(၄) ရက်တို့ဖြင့် အထူးတလည် စီမံထားအပ်တဲ့ ဆွမ်းဟင်းများ ဆွမ်းဘောဇဉ်များကို လောင်းလှူခြင်းဖြင့် သံဃာတော် (၄၀၀) ကျော်တို့ကို လောင်းလှူခြင်း၊

တစ်လလျှင် ၂ ကြိမ် ၂ ကြိမ်အားဖြင့် တစ်နှစ်လျှင် (၂၄) ကြိမ်သော အလှူမင်္ဂလာတို့ကို ပြုလုပ်ခြင်းဖြင့် တစ်နှစ်တစ်နှစ်မှာ သံဃာဦးရေ တစ်သောင်းကျော်, တစ်သောင်းကျော်တို့ကို လောင်းလှူ ဆက်ကပ်ခြင်းဖြင့် ယခုနှစ် (၄၁) နှစ်မြောက်ဆိုခဲ့တော့ သံဃာတော် လေးသိန်းကျော်၊ တစ်နှစ် တစ်နှစ်ကို သံဃာတစ်သောင်းနဲ့ရှစ်ပါး, တစ်သောင်းနဲ့ရှစ်ပါး ပျမ်းမျှစာရင်း တွက်ရတယ်လို့ဆိုတော့ ဘုန်းကြီးတို့ (၄၁) နှစ်နဲ့ တွက်လိုက်တဲ့အခါကျတော့ သံဃာတော် လေးသိန်း တစ်သောင်းသုံးရာနှစ်ဆယ့်ရှစ်ပါး၊ ကိုင်း ဒီတော့ လွယ်လွယ် ပြောလိုက်ကြစို့ လဆန်း (၄) ရက်၊ လဆုတ် (၄) ရက် အထူးတလည် ဆွမ်းဘောဇဉ်ဟင်းများ လောင်းလှူပြီးတော့လာခဲ့တာ တစ်နှစ်တစ်နှစ် တစ်သောင်းကျော်, တစ်သောင်း ကျော်အားဖြင့် နှစ်ပေါင်း (၄၁) နှစ်မှာ လေးသိန်းကျော် လောင်းလှူ ဆက်ကပ်ပြီးတော့လာခဲ့ရတဲ့ ဘုရားသားတော် သံဃာတော်အရှင်မြတ် တွေကို ကျေးဇူးပြုခဲ့ရတဲ့ နိစ္စဘတ်ဒါန ဆွမ်းအလှူတော်ပွဲ အောင်ပွဲ မင်္ဂလာ၊

အဲဒီလိုအားဖြင့် နိစ္စဘတ်ဒါန ဆွမ်းအလှူပွဲမင်္ဂလာလို့ခေါ်ရတဲ့ ဒေသနာ ပြောနဲ့ပြောရင် အနုက္ကူလယည်၊ နိစ္စဒါနနိစ္စဘတ် ဆွမ်းအလှူ၊ အဲဒီအနုက္ကူလဒါန ခေါ်တဲ့ နိစ္စဘတ်ဆွမ်းအလှူသည် ပြုနိုင်ခဲသောအလှူ၊ ဖြစ်နိုင်ခဲသောအလှူ၊

ခုနက အလှူ့ဒကာကြီး ဒကာကြီးဦးညိမ်း ပြောသွားသလိုပဲ ၁၃၁၁–ခုနှစ် တော်သလင်းလပြည့်ကျော် (၄)ရက်နေ့က စပြီးတော့ လောင်းလှူပြီးတော့လာခဲ့တဲ့ နိစ္စဘတ်ဆွမ်းသည် ခေတ်တွေ အမျိုးမျိုးပြောင်း၊ မင်းတွေအမျိုးမျိုးပြောင်း၊ ကာလတွေအမျိုးမျိုးပြောင်း။ ခေတ်တွေအမျိုးမျိုး, ကာလတွေအမျိုးမျိုး ပြောင်းခဲ့ ပေမယ်လို့ မိမိတို့က မပြောင်းဘဲနဲ့ နိစ္စဘတ်ဒါနလို့ခေါ်တဲ့အတိုင်း အမြဲကြောင့်ကြ စိုက်ပြီးတော့ လှူဒါန်းနိုင်ခဲ့ခြင်းသည် လွယ်သောကိစ္စမဟုတ်ပါတဲ့၊ အဲဒီ လွယ်သော ကိစ္စမဟုတ်တာကို ဒကာကြီးဦးညိမ်းကပြောသလို ဘုရားရှင် ကိုယ်တော်မြတ်ကြီး ကလည်း ပြောတော်မူခဲ့တယ်။

**ဒုက္ကရံ နိစ္စဒါနံ နာမ။** နိစ္စဒါနံနာမ–အမြဲနိစ္စဘတ်ထားပြီးတော့ လောင်းရ လှူရတဲ့ဆွမ်းအလှူသည်။ ဒုက္ကရံ–ခဲယဉ်းစွာပြုအပ်၏၊ (ဝါ)–ပြုနိုင်ခဲ၏, ပြုဖို့မလွယ်။ နေမကောင်းလည်းပြုရတာပဲ၊ နေကောင်းလည်း ပြုရတာပဲ၊ စီးပွားရေးအဆင်ပြေလည်း ပြုရတာပဲ၊ အဆင်မပြေလည်း ပြုရတာပဲ၊ ကျန်းမာရေး အဆင်ပြေမှု မပြေမှု, စီးပွားရေး အဆင်ပြေမှု မပြေမှု၊ ခေတ်ကာလ အဆင်ပြေမှု မပြေမှုကို ကျော်လွှားပြီးတော့ ပြုရတဲ့ ဒီနိစ္စဘတ်ဒါန ဆွမ်းအလှူသည် ပြုနိုင်ခဲတဲ့ အလှူလို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက သီလက္ခန္ဓဝဂ္ဂပါဠိတော် • **ကူဋဒန္တသုတ်မှာ** မိန့်တော်မူခဲ့သည်၊ ပြုနိုင်ခဲတဲ့အလှူဖြစ်တဲ့အပြင် ကြောင့်ကြဗျာပါဒ စိုက်ရမှုနည်းပြီးတော့ တန်ဖိုးငွေ အကုန်ကျနည်းပြီးသကာလ အကျိုးကြီးမားစွာ ရစေနိုင်တဲ့ အလှူထုပ်ကြီးလို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ကူဋဒန္တပုဏ္ဏားကြီးကို ပြောခဲ့ပါတယ်၊

ဘုန်းကြီးတို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဒေသစာရီ ကြွပြီးတော့ သံဃာတော်ငါးရာနဲ့ လှည့်လာတော့ မဂဓတိုင်းထဲ ဒေသစာရီ လှည့်လာတော့၊ ခါဏုမတကဆိုတဲ့ရွာကြီး ရောက်လာတယ်၊ အဲဒီ ရွာကြီးမှာ ကူဋဒန္တဆိုတဲ့ ပုဏ္ဏားကြီးက ရွာရဲ့ အကြီးအမှူးအဖြစ်နဲ့ အုပ်စိုးပြီးတော့နေတာ၊ အဲဒါ သူက ဘုရားကြွလာတယ်ဆိုတော့ ဘုရားထံမှောက် ရောက်လာပြီးတော့ သူက စကားတစ်ခု ပြောတယ်၊ အရှင်ဂေါတမ တပည့်တော်တို့ရဲ့ ဝိဇိတာဝီမည်တဲ့

---

• ဒီ–၁/၁၂၀။ ဒီဋ္ဌ–၁/၂၆၃။

မင်းကြီးသည် အခု အလှူမင်္ဂလာပွဲကြီး ဆင်နွဲကျင်းပပြီးတော့ နေပါတယ်၊ ယဇ်ပွဲကြီး ကျင်းပပြီးတော့နေပါတယ်၊ အဲဒီယဇ်ပွဲကြီးက နွားတွေလည်း မသတ်ပါဘူး၊ ဆိတ်တွေလည်း မသတ်ပါဘူး၊ သိုးတွေလည်း မသတ်ပါဘူး၊ ကြက်တွေလည်း မသတ်ပါဘူးဘုရား….တဲ့၊ အေး ဘာတွေနဲ့ယဇ်ပွဲကြီး လှူပွဲကြီး ကျင်းပနေပါတုန်းဆိုတော့—

**သပ္ပိ တေလ နဝနီတ ဒဓိ မဓု ဖာဏိတေဟိ သမ္ပိသော ယောဝ ယာဂုစရွက ဘတ္တ ဗျဥ္ဇန ပါနကာဒီဟိ မဟာဇနံ သန္တပ္ပေတိ။**

ထောပတ်တွေနဲ့ရောထားတဲ့အစာတွေ, ဆီဦးနဲ့ရောထားတဲ့ အစာတွေ, ပျားရည်နဲ့ရောထားတဲ့အစာတွေ အစရှိသည်ဖြင့် ထောပတ် ဆီဦး ဒိန်ချဉ် ဒိန်ခဲ မသကာ မသကပ်အစရှိသည်တို့ဖြင့် ရောနှောထားအပ်တဲ့ အစာတို့ဖြင့် မြောက်များစွာသော လာလာသမျှ အယုတ် အလတ် အမြတ်မရွေး စတုဒိသာ ကျွေးပြီးတော့ နေပါတယ်ဘုရားတဲ့၊ ဒီတော့ အဲဒီအလှူမင်္ဂလာပွဲကြီးက အင်မတန် မြတ်ပါတယ်၊ အင်မတန် အံ့ဩစရာလည်းကောင်းပါတယ်၊ အင်မတန် ချီးကျူးစရာ လည်း ကောင်းပါတယ်၊

အဲဒီထက် အားထုတ်ရမှုကလည်းနည်း ကုန်ကျစရိတ်လည်း နည်းပြီး တော့ ဒီအလှူပွဲကြီးမျိုးထက်မြတ်တဲ့ အလှူမျိုးများ ရှိပါသေးသလား ဘုရား ….လို့ ပုဏ္ဏားကြီးက ဘုရားလျှောက်တယ်ကိုး၊ သူပြုနေတဲ့ ယဇ်ပွဲကြီးက၊ သူ့မင်းကြီး ဝိဇိတာဝီမင်းကြီးပြုနေတဲ့ ယဇ်ပွဲကြီးက သတ်သတ်လွတ်ပေါ့၊ နွားတွေလည်း မသတ်ဘူး, ကြက်တွေလည်း မသတ်ဘူး၊ အကောင်ဘလောင်သတ်တာ မပါ. ပါဘူးတဲ့၊ အဲပြီးတော့ နွားနို့တို့ ထောပတ်တို့ ဒိန်ချဉ်ဒိန်ခဲအစရှိသည်တို့ဖြင့် ရောနှောထားအပ်တဲ့ အစာရေစာတွေနဲ့ လာလာသမျှ အယုတ် အလတ် အမြတ် မရွေး စတုဒိသာကျွေးပြီးတော့နေပါတယ်၊ အဲဒီလို မြတ်တဲ့ယဇ်ပွဲ ပူဇော်ပွဲကြီးထက် မြတ်တဲ့အလှူများ ရှိပါသေးသလား ဒီထက်ကောင်းတဲ့ အလှူများ ရှိပါသေး သလား၊ ခုဟာကတော့ ပရိသတ်ပေါင်းများစွာ ကျွေးမွေးညှော်ခံတာဖြစ်တော့ သတ်သတ်လွတ်လည်း ကျွေးနေတာဖြစ်တော့ အင်မတန်မြတ်တယ် အင်မတန် ကောင်းတယ်လို့ တပည့်တော်တို့ ယူဆပါတယ်၊ ဒီထက်မြတ်တဲ့အလှူများ

ရှိပါသေးသလား ဒီထက်ကုန်ကျစရိတ်နည်းပြီးတော့ ဒီထက်အားထုတ်မှု နည်းပြီးတော့ ဒီထက်အကျိုးကြီးမားတဲ့ အလှူထုပ်များ ရှိပါသေးသလားဘုရားလို့ ဘုရားကို လျှောက်တော့၊ မြတ်စွာဘုရားက **"အတ္တိခေါ် ဗြဟ္မဏ"** ရှိပါတယ် ပုဏ္ဏား–

**ယာနိ ခေါ်ပန ဗြဟ္မဏ နိစ္စဒါနာနိ အနုကူလယညာနိ သီလဝန္တေ ပဗ္ဗဇိတေ ဥဒ္ဒိဿ ဒီယျန္တိ၊ အယံခေါ် ဗြဟ္မဏ အပ္ပဋ္ဌတရောစ မဟာနိသံသတရော။**

မြတ်စွာဘုရားက မိန့်လိုက်တယ်၊ ပုဏ္ဏား....တဲ့ အနုကူလ ယညလို့ခေါ်ရတဲ့ နိစ္စဘတ်ဆွမ်း နေ့စဉ် မိမိတို့တတ်စွမ်းသမျှ သံဃာတော် ဆယ်ပါး တတ်နိုင် ဆယ်ပါး၊ ငါးဆယ်တတ်နိုင် ငါးဆယ်၊ တစ်ရာ တတ်နိုင် တစ်ရာ စသည်ဖြင့် ဒီနေ့ ဒကာကြီးဦးညိမ်တို့ပြုသလို တစ်ပတ် တစ်ပတ်လေးရာ. လေးရာကျော်ပျှမ်းမျှနှုန်း အဲဒီလို မိမိတို့တတ်နိုင် တတ်နိုင်သလို၊ မိမိတို့စားမယ့် ထဲက ခွဲပြီးသကာလ အစာရေစာဘောဇဉ်တွေကို ပြုပြင်စီမံပြီး၊ နိစ္စဘတ်ဆွမ်း အနေအားဖြင့် အချိန်ကာလ ရက်သတ်မှတ်ပြီးသကာလ ဒီသံဃာတော်အရှင်မြတ်တွေကို အချိန်ကာလသတ်မှတ်ပြီးသကာလ ယခုနပြဆိုအပ်ခဲ့တဲ့ ဆွမ်းဘောဇဉ် အလှူကို လှူဒါန်းတဲ့အလှူသည်၊ သီလဝန္တပဗ္ဗဇိတလို့ခေါ်ရတဲ့ သီလရှိတဲ့ပုဂ္ဂိုလ်တွေကို ရည်စူးပြီးတော့ နေ့စဉ် (သို့မဟုတ်) ကိုယ်သတ်မှတ်ထားတဲ့ ရက်အတိုင်း ပြုတဲ့ နိစ္စဘတ်ဆွမ်း အလှူသည်၊ လုပ်ရကိုင်ရတဲ့ ကာယ ဉာဏ အလုပ်ကိစ္စ လည်းနည်းတဲ့အပြင်. ကုန်ကျစရိတ်လည်း ယခုန ပြောခဲ့တဲ့ စတုဒိသာအလှူကြီး လို မကြီးကျယ်တဲ့အပြင်. အကျိုးကြတော့ ကြီးမားသောအကျိုးရင်းနဲ့. ကြီးမားသောအကျိုးဆက်ကို ရစေနိုင်တယ် ပုဏ္ဏား.....လို့၊ ဘုရားက ဖြေလိုက်တယ်။

နိစ္စဘတ္တခေါ်တဲ့ နိစ္စဘတ် ဆွမ်းအလှူဟာ ခုနက စတုဒိသ လာလာသမျှကျွေးတဲ့. အလှူကြီးထက် လုပ်ရကိုင်ရတာလည်းနည်းတယ်၊ ငွေကုန်ကြေးကျလည်း သက်သာတယ်၊ အကျိုးကြတော့ကြီးတယ်၊ အကျိုးရင်း

အကျိုးဆက်ကြတော့ ကြီးတယ်လို့ ဘုရားကဖြေလိုက်တော့ ပုဏ္ဏားကြီး သဘောမကျဘူး၊ ဒီတော့ အရှင်ဘုရား ဘယ့်နှယ်ကြောင့် ဟိုက အင်မတန် ကြီးကျယ်တဲ့ အလှူကြီးဖြစ်ပါရဲ့သားနဲ့ ဒီကသံဃာတော် လေးဆယ်ပါ (သို့မဟုတ်) ငါးဆယ် (သို့မဟုတ်) တစ်ရာ (သို့မဟုတ်) သုံးလေးငါးရာကို ကျွေးတဲ့ အလှူက လာလာသမျှ အပိုင်းအခြားမရှိ အရပ်လေးမျက်နှာ လာသမျှကို လှူတဲ့အလှူထက် ဘာ့ကြောင့် မြတ်ရတာတုန်းဘုရားလို့ ဆက်မေးတော့၊ မြတ်စွာဘုရားက—

**အာဂမိဿန္တိ ဘောတော ယည် ပါဏာတိပါတိနောပိ ပါဏာတိ ပါတာ ပဋိဝိရတာပိ။**

ဗြဟ္မဏ–အိုပုဏ္ဏား၊ တောသံခေါ်ပနယည်–ထိုသင်တို့ရဲ့ ဝိဇိတာဝီ မင်းကြီး စတုဒ္ဒိသာကျွေးတယ်ဆိုတဲ့ အလှူပွဲကြီးဆီသို့၊ ပါဏာတိ ပါတိနောပိ–သူ့အသက်ကို သတ်လေ့ရှိတဲ့ မဆိုးတံငါဆိုတဲ့ ဒုစရိုက် သမားတို့သည်လည်း။ အာဂမိဿန္တိ–လာရောက်၍ စားသောက်ကြလေကုန်၏။ ပါဏာတိပါတာ ပဋိဝိရတာပိ–သူ့အသက်ကို သတ်မှုမှ ရှောင်ကြဉ်ကြတဲ့ သူတော်ကောင်းတွေကလည်းပဲ။ အာဂမိဿန္တိ –လာရောက်ပြီးတော့ စားသောက်ကြလေကုန်၏။

ပုဏ္ဏား....တဲ့ အဲဒီ စတုဒ္ဒိသခေါ်တဲ့ အရပ်လေးမျက်နှာ လာလာသမျှ ကျွေးတဲ့ အဲဒီ အလှူပွဲကြီးကိုလာတဲ့ပုဂ္ဂိုလ်တွေက၊ သူကအယုတ် အလတ် အမြတ် မရွေး ကျွေးပါတယ်လို့ဆိုလိုက်တာ ဖြစ်လေသောကြောင့်၊ သူ့အသက်ကို သတ်လေ့ဖြတ်လေ့ရှိတဲ့ **သူသတ်သမားတွေလည်း** လာရောက်ပြီးတော့ စားကြတယ်၊ သူ့အသက်ကိုသတ်မှုမှ ရှောင်ကြဉ်ကြတဲ့ သီလဝန္တ ပုဂ္ဂိုလ်တွေလည်း လာပြီးတော့ စားကြသောက်ကြတယ်။

**အဒိန္နာဒါယိနောပိ အာဂမိဿန္တိ၊ အဒိန္နာဒါနာ ပဋိဝိရတာပိ အာဂမိဿန္တိ ။**

သူများပစ္စည်းကို ခိုးနေ တိုက်ခိုက်နေကြတဲ့ သူခိုး ဓားပြတွေလည်း လာပြီးတော့ စားကြကုန်၏၊ အဒိန္နာဒါနမှ ရှောင်ကြဉ်ကြတဲ့ သီလဝန္တပုဂ္ဂိုလ်

တွေလည်း လာပြီးတော့ စားကြ သောက်ကြ အလှူခံ ကြကုန်၏၊ အဲဒီလိုအားဖြင့် ကာမေသုမိစ္ဆာစာရသမားတွေ၊ မုသာဝါဒ သမားတွေ၊ သူများကုန်းတိုက်တတ်တဲ့ ချောပြစ်ကုန်းတိုက်တတ်တဲ့ ပိသုဏဝါစာသမားတွေ၊ နားမချမ်းသာ အိမ်နီးချင်းရော ကိုယ့် အိမ်သားချင်းတွေပါ နားမချမ်းသာအောင် အော်ဟစ်ဆဲဆို ငေါက်ငန်းလေ့ ရှိတဲ့ ဖရုသဝါစာ ဒုစရိုက်သမားတွေ၊ အဲဒီလိုအားဖြင့် ဒုစရိုက်ပေါင်းစုံကို ကျူးလွန် နေတဲ့သူတွေလည်း လာရောက်ပြီးတော့ စားကြတယ်တဲ့၊ အလှူခံကြတယ်၊

အေး ခုနက နိစ္စဒါနလို့ခေါ်တဲ့ သီလဝန္တပဗ္ဗဇိတာ ရသေ့ရဟန်း ရှင်ရဟန်း တွေကို ရည်မှန်းပြီးတော့ပြုတဲ့ အနုက္ကလဒါန. နိစ္စဒါနဆိုတဲ့ ဆွမ်းအလှူက ဒုစရိုက်သမားလို့ဆိုကြတဲ့ လယ်ယာမြေ ညံ့နဲ့တူတဲ့ ပုဂ္ဂိုလ်တွေ မလာကြဘူးတဲ့၊ ရည်စူးထားတာကိုက သီလဝန္တ ပုဂ္ဂိုလ်တွေ ရည်စူးထားတာဖြစ်လေသောကြောင့် မြေကောင်း ရေကောင်း မြေသြဇာကောင်းတစ်ကွက်ထဲကို စိုက်ပျိုးရတာနဲ့ မြေသြဇာညံ့ ကြပ်ဟည်းကုန်း ကေပေါင်းတစ်ရာ စိုက်ပျိုးရတာနဲ့ ကွာခြားသလို အကျိုးရင်းလည်း ကြီးကြကုန်၏၊ အကျိုးရလည်း ကြီးကြကုန်၏၊ သီလဝန္တပုဂ္ဂိုလ် တွေကို ရည်စူးပြီးတော့ပြုတဲ့ နိစ္စဒါနကမြတ်တယ် ပုဏ္ဏား....လို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဖြေတော်မူလိုက်ပါသည်၊

ဒီတော့ ဒီနေ့ ဒကာဦးညိမ်တို့ ဒကာမဒေါ်စိန်ဆင်တို့ရဲ့ နိစ္စဒါန လေးရက် ဘုံလောင်းလို့ နာမည်ကြီးနေတဲ့ လဆန်း (၄)ရက် လဆုတ် (၄)ရက် ဆွမ်းအလှူပွဲဆီသို့ ပရိသတ်ကြီး မှဆိုးတံငါတွေ လာပါ့မလား? မလာပါ ဘုရား။ သူခိုးဓားပြတွေကော လာခဲ့သလား? မလာပါဘုရား။ လိမ်ညာ ကောက်ကျစ် ပြီးတော့နေကြတဲ့ ဒုစရိုက်သမားတွေကော လာကြသလား? မလာပါဘုရား။ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတွေ မလာဘူးလား? လာပါဘုရား။ သာသနာ့ ဝန်ထမ်း ရှင်ရဟန်းဖြစ်တဲ့ ပဗ္ဗဇိတ သာမဏေတွေ ရဟန်းတော်တွေ လာကြတယ်တဲ့။ ဒါကြောင့် သီလဝန္တဖြစ်တဲ့ ပုဂ္ဂိုလ်တွေကြွရောက်ပြီးတော့ အလှူခံကြတာ ဖြစ်လေသောကြောင့်၊ ဤကဲ့သို့ နိစ္စဒါန နိစ္စဘတ် ဆွမ်းအလှူသည် မြတ်သောအလှူ ဖြစ်တယ်လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မိန့်တော်မူခဲ့တာ ဖြစ်လေသောကြောင့်၊

ဒီနေ့ အလှူ့ဒါယကာ ဒကာဦးညိမ်းတို့ အလှူ့ဒါယိကာမ ဒကာမဒေါ်စိန်ဆင်တို့နှင့်တကွ မိသားစုတို့သည်၊ (၄၁) နှစ်တိုင်တိုင် ဒို့ ခေတ်အမျိုးမျိုးပြောင်းခဲ့သော်လည်း၊ ကာလအမျိုးမျိုးပြောင်းခဲ့သော်လည်း၊ ကျန်းမာရေးတွေ အမျိုးမျိုး ကောင်းခြင်းမကောင်းခြင်း ရှိခဲ့သော်လည်း၊ စီးပွားရေးတွေ ကောင်းခြင်း မကောင်းခြင်း ရှိခဲ့သော်လည်းပဲ၊ အဲဒီ လောကဓံ လှိုင်းတွေ ကျော်လွှားပြီးသကာလ ဘုရားရှင်ကိုယ်တော်မြတ်ကြီးများ ချီးမွမ်းတဲ့ နိစ္စဒါန နိစ္စဘတ် ဒါနအလှူကြီးကို သီလဝန္တဖြစ်တော်မူတဲ့ ဘုရားသားတော် သံဃာတော် လေးသိန်းကျော်တို့အား လှူဒါန်းသမှုကို ပြုနိုင်ကြတဲ့နေ့ပဲ၊ အောင်ပွဲခံတဲ့ နေ့ပဲလို့၊ ဟော နံပါတ် (၁) ဝမ်းသာရမည့်အလုပ်၊

နံပါတ် (၂) အနေအားဖြင့် အခုအလှူ့ဒကာ အလှူ့အမများ ဖြစ်ကြတဲ့ ဒကာဦးညိမ်းတို့ ဒကာမဒေါ်စိန်ဆင်တို့က လည်းကောင်း၊ အမကြီးအလှူ့အမကြီး ဒေါ်ဒေါ်မျိုကလည်းကောင်း၊ သားသမီးအလှူ့ဒကာ အလှူ့အမများဖြစ်ကြတဲ့ ဦးဆန်းမောင်+ဒေါ်ဦးတို့ ဦးဝင်းရွှေ+ ဒေါ်ခင်စိန်တို့ ကိုရွှေသွေး+မကြည်ကြည်လွင် တို့ကလည်းပဲ မိမိတို့ရဲ့ ရင်နှစ်သည်း၊ချာ မြေးရတနာလေး လေးယောက်တို့ကို၊ ဘုရားပစ္စေကာ အရိယာအပေါင်း သူတော်ကောင်းကြီးတွေရဲ့ အဆင်တန်ဆာ ဖြစ်တဲ့ သင်္ကန်းသပိတ်ပရိက္ခရာ ဆင်မြန်းပြီးတော့ သာမဏေဘောင်ရောက် သွပ်သွင်းချီးမြှောက်ကြခြင်း၊ မြေးမရတနာလေးဖြစ်တဲ့ မမင်းမင်းဦးကိုလည်းပဲ ကဏ္ဏဝိဇ္ဈနခေါ်တဲ့ နားသမင်္ဂလာ ဆင်ယင်ကျင်းပသမှု ပြုလုပ်ကြခြင်း၊

အဲဒီလိုအားဖြင့် နိစ္စဒါန နိစ္စဘတ် ဆွမ်းအလှူ (၄၁) နှစ်မြောက်အောင်ပွဲ နှင့် ရှင်ပြုနားသမင်္ဂလာပွဲကြီးနှစ်ခုကို အခြေခံအကြောင်းပြုပြီးသကာလ တတ်စွမ်း သမျှ ဗုဒ္ဓမြတ်စွာသာသနာတော်ကို လှူဒါန်းကော်ရော် ပူဇော်ကြမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဘုရားပူဇော်တဲ့ ကုသိုလ်ကောင်းမှုကြီး လေးမျိုးလေးထုပ်၊ တရားတော်ကိုပူဇော်တဲ့ ကုသိုလ်ကောင်းမှုကြီး လေးမျိုးလေးထုပ်၊ သံဃာတော် အရှင်မြတ်တွေကို လှူဒါန်းပူဇော်တဲ့ ကုသိုလ်ကောင်းမှုကြီး ဆယ်မျိုးဆယ်ထုပ်၊ လူပုဂ္ဂိုလ် အိမ်ရာတည်ထောင် လူ့ဘောင်မှာနေကြတဲ့ လူပုဂ္ဂိုလ်တွေသက်သက်ကို လှူဒါန်းတဲ့ ကုသိုလ်ကောင်းမှုနှစ်မျိုး၊ လူရောရှင်ရော ရောနေတဲ့ ကုသိုလ်ကောင်းမှု

သုံးမျိုးနဲ့၊ သီလရှင်ဆရာတွေကို လှူဒါန်းတဲ့ကုသိုလ် ကောင်းမှုကြီးတစ်မျိုးလို့ အားလုံး ကုသိုလ်ကောင်းမှုနှစ်ဆယ်နဲ့ လေးမျိုးသော ကုသိုလ်ကောင်းမှု တွေကိုလည်း ပြုလုပ်အားထုတ်ကြတယ်၊

ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရည်မှန်းပြီးတော့ ဘုရားပူဇော်တဲ့ ကုသိုလ်ကောင်းမှုကြီးလေးမျိုးက ဘိုးဘွားမိဘများ တည်ထားကိုးကွယ်ခဲ့တဲ့ လောကမာန်အောင် **မြတ်စွာဘုရားစေတီ** တော်မြတ်အား အသစ်မွမ်းမံခြင်း၊ **ထီးတော်တင်ခြင်းတန်ဆောင်းအသစ်ဆောက်လုပ်လှူဒါန်းခြင်းဆိုတဲ့**ငွေကျပ် နှစ်သောင်းကျော် **အကုန်အကျခံပြီးတော့** လှူဒါန်းတဲ့ **ကောင်းမှု**မင်္ဂလာ၊ ထို့မှတစ်ပါး အမရပူရမြို့ ပိန်းတန်းရပ် ဘုရားဓမ္မာရုံ အာရုံခံကြီး၌ မှန်စီရွှေချရာ၌ လိုအပ်နေတဲ့ ပြုပြင်ဖွယ်ရာတို့ကို ရည်မှန်းပြီးတော့ ငွေလေးထောင်လေးရာ လေးဆယ်လေးကျပ်တို့ကို ပထမအကြိမ် လှူဒါန်းခြင်းဆိုတဲ့ ဘုရားနဲ့စပ်တဲ့ ကုသိုလ်ကောင်းမှုမင်္ဂလာ၊

ထို့မှတစ်ပါး အမရပူရမြို့ ပိန်းတန်းရပ် ဘုရားဓမ္မာရုံ၌ပင် လိုအပ်နေသမျှ ပြင်ဆင်မွမ်းမံဖို့ရာ ဘုရားရဲ့ ဂန္ဓကုဋိ ကျောင်းဆောင်အဖြစ်လည်းပဲ လေးထောင် လေးရာလေးဆယ်လေးကျပ်တို့ကို ဒုတိယအကြိမ် လှူဒါန်းပူဇော်ကြခြင်းဆိုတဲ့ ကောင်းမှုမင်္ဂလာ၊ ထို့မှတစ်ပါး အမရပူရမြို့ အောင်မြေရွှေဘုံမြတ်စွာဘုရား ထီးတော် ရွှေချရာအတွက် လှူဒါန်းခြင်းဆိုတဲ့ လေးထောင်လေးရာလေးဆယ်ကျပ် ဆိုတဲ့ ထီးတော်အလှူ ကောင်းမှုမင်္ဂလာလို့ ဘုရားနဲ့စပ်တဲ့ ကုသိုလ်ကောင်းမှု လေးမျိုး လေးထုပ်တို့ကိုလည်းပဲ ကျင်းပပြုလုပ် ပူဇော်ကြခြင်း၊ တရားတော်မြတ်နဲ့ စပ်တဲ့ ကုသိုလ်ကောင်းမှုကြီးလေးမျိုးကို ကျင်းပပြုလုပ် ပူဇော်ကြခြင်း၊ တရားတော် မြတ်နဲ့စပ်တဲ့ ကုသိုလ်ကောင်းမှုကြီး လေးမျိုးကို ကျင်းပပြုလုပ်သောအားဖြင့် အားထုတ်သောအားဖြင့်လည်းပဲ အမရပူရမြို့ တူးမောင်းတိုက် စွန်းလွန်းဝိပဿနာ တရားအားထုတ်ရာဓမ္မာရုံကြီး ဆောက်လုပ်ရန်အတွက် ပထမလှူဒါန်းခြင်း အနေအားဖြင့် လေးထောင်လေးရာလေးဆယ်လေးကျပ်ကိုလည်းကောင်း၊ ဒုတိယ အကြိမ် လှူဒါန်းခြင်းအားဖြင့် လေးထောင်လေးရာလေးဆယ်လေးကျပ်တို့ကို လှူဒါန်းခြင်းဖြင့် တရားတော်ကို ပူဇော်ကြခြင်းအမှုကို ပြုကြခြင်း၊

ထိုမှတစ်ပါး ဓမ္မကထိကအရှင်မြတ်သုံးပါးတို့အား ဓမ္မကထိက အရှင်မြတ် တစ်ပါးတစ်ပါးလျှင် လေးရာလေးဆယ်လေးကျပ်အားဖြင့် ဓမ္မကထိကအရှင်မြတ် သုံးပါးတို့အား တစ်ထောင့်သုံးရာကျော်သော ဝတ္ထုငွေတို့ဖြင့် လှူဒါန်းပူဇော်တဲ့ ဓမ္မပူဇာကောင်းမှုမင်္ဂလာ၊ ထိုဓမ္မ ကထိကအရှင်မြတ်တို့ကို သက်နှီးခွံစုံ (၃) စုံတို့ဖြင့် လှူဒါန်းပူဇော်ခြင်းဆိုတဲ့ ဓမ္မပူဇာ ကောင်းမှုမင်္ဂလာအားဖြင့် တရားတော်ကိုပူဇော်တဲ့ ကောင်းမှုမင်္ဂလာကြီးလေးထုပ်၊

သံဃာတော်အရှင်မြတ်တွေကို ပူဇော်တဲ့ ကောင်းမှုမင်္ဂလာအနေအားဖြင့် ပင့်သံဃာတော်အရှင်မြတ် ဒီအလှူ မင်္ဂလာပွဲကြီးမှာ ပင့်သံဃာတော်အရှင်မြတ် လေးဆယ်လေးပါးတို့အား တစ်ပါးတစ်ပါးလျှင် နဝကမ္မ လေးရာလေးဆယ် လေးကျပ်သော ဝတ္ထုငွေတို့ကို ထောက်ပံ့လှူဒါန်းခြင်း၊ ငါးဆူတိုက်ကျောင်း ဆောက်လုပ်ရန်အတွက် ပထမလှူဒါန်းခြင်းအနေအားဖြင့် လေးထောင်ကျော်ကို လည်းကောင်း၊ ဒုတိယလှူဒါန်းခြင်းအားဖြင့် လေးထောင်ကျော်ကိုလည်းကောင်း၊

အမရပူရမြို့ တူးမောင်းတိုက် သာသနာ့ဝေပုလ္လကျောင်း ဆောက်လုပ်ရန် အတွက် လေးထောင်လေးရာလေးဆယ်လေးကျပ်ဆိုတဲ့ လေးထောင်ကျော်နဝကမ္မ တို့ကို ထောက်ပံ့လှူဒါန်းခြင်း၊ အမရပူရမြို့ မဟာဂန္ဓာရုံ ဆေးကျောင်း၌ လိုအပ်သော ဆေးပစ္စည်းတို့ ကပ္ပိရန်အတွက် လေးထောင်ကျော်သော ဝတ္ထုငွေ တို့ကို ထောက်ပံ့လှူဒါန်းခြင်း၊ အမရပူရမြို့ ပြည်သူ့ဆေးရုံကြီး သံဃာ့ ကျောင်းဆောင်၌ လိုအပ်နေသောဆေးများ ဝယ်ယူရန်အတွက် လေးထောင်ကျော် သော ဝတ္ထုငွေတို့ကို လှူဒါန်းခြင်း၊

စစ်ကိုင်းတောင်ရိုး သီတဂူရေအလှူတော်အတွက် လေးထောင်ကျော် သော ဝတ္ထုငွေတို့ကို ထောက်ပံ့လှူဒါန်းခြင်း၊ စစ်ကိုင်းတောင် ရွှေဟင်္သာကျောင်း တိုက်၌ ဆွမ်းဘောဇဉ်အထောက်အပံ့ ဖြစ်စိမ့်သောငှာ လေးထောင်ကျော်သော ဝတ္ထုငွေကို ထောက်ပံ့လှူဒါန်းခြင်း၊ အမရပူရမြို့ တူးမောင်းတိုက်၌ စက်ရေတွင်း အတွက် နဝကမ္မ လေးထောင်ကျပ်တို့ကို လှူဒါန်းခြင်းအားဖြင့် သံဃာတော် အရှင်မြတ်တွေနဲ့ ဆက်စပ်နေတဲ့ ကုသိုလ်ကောင်းမှုကြီးဆယ်မျိုးတဲ့၊ ဘုရားပူဇော်တဲ့

ကုသိုလ်ကောင်းမှုလေးမျိုး၊ တရားတော်ကိုပူဇော်တဲ့ ကုသိုလ်ကောင်းမှု လေးမျိုး၊ သံဃာတော်အရှင်မြတ်တွေကိုပူဇော်တဲ့ ကုသိုလ်ကောင်းမှု ဆယ်မျိုး၊

အဲဒီနောက် မိမိတို့မွေးမိတ်ဆွေလူဥပါသကာ ဒကာ-ဒကာမ အပေါင်း သူတော်ကောင်းတွေနဲ့ ဆက်စပ်နေတဲ့ **အမရပူရမြို့** လူနာဆောင်အား လိုအပ်တဲ့ စားသေး ထိုးဆေးများ ဝယ်ရန်အတွက် လေးထောင်ကျော်သော ဝတ္ထုငွေတို့ကို လည်းကောင်း၊ အမရပူရမြို့ သားဖွားဆောင်၌ လိုအပ်နေတဲ့ စားဆေး ထိုးဆေး များ ဝယ်ယူရန်အတွက် နဝကမ္မ လေးထောင်ကျပ်တို့ကို လှူဒါန်းခြင်းအားဖြင့် လည်းကောင်း၊ အဲဒီလိုအားဖြင့် လူဝတ်ကြောင်တွေနဲ့ပတ်သက်တဲ့ လူသက်သက်နဲ့ ပတ်သက်တဲ့ အလှူထုပ်မင်္ဂလာကိုလည်းကောင်း၊ လူ ရှင် ရဟန်း အားလုံးဆိုင်ဖြစ်တဲ့ အမရပူရမြို့ဆေးရုံမှာ လိုအပ်နေတဲ့ မီးစက်အတွက် လှူဒါန်းခြင်းနှင့်တကွ မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ လှူဒါန်းခြင်းဆိုတဲ့ အလှူမင်္ဂလာ ကောင်းမှုမင်္ဂလာ၊ အမရပူရမြို့ ဦးပိန်တံတားအတွက် လှူဒါန်းခြင်း ဆိုတဲ့ ကောင်းမှုမင်္ဂလာ၊ အဲဒီလိုအားဖြင့် လူရှင်ရဟန်း နှစ်ပါးစုံရတဲ့ ကုသိုလ် ကောင်းမှုမင်္ဂလာကြီး သုံးထုပ်နှင့်တကွ သီလရှင်ဆရာတို့ကိုလည်း တတ်စွမ်းသမျှ လှူဒါန်း ထောက်ပံ့သမှုကို ပြုကြခြင်းလို့၊

အဲဒီလိုအားဖြင့် ဒီနေ့ အလှူ့ဒကာ ဒကာဦးညိမ်+အလှူ့ဒကာမ ဒကာမဒေါ်စိန်ဆင်နှင့်တကွ မိသားစုတို့သည် နိစ္စဒါန နိစ္စဘတ်ဒါနခေါ်တဲ့ အမြဲဆွမ်းလှူတဲ့ ပက္ခဒါန ဆွမ်း အလှူကြီး (၄၁) နှစ်မြောက် အောင်ပွဲကို လည်းကောင်း၊ မိမိတို့ သား ရတနာ မြေးရတနာတို့ရဲ့ ရှင်ပြုမင်္ဂလာ၊ မြေးမရတနာရဲ့ နားသမင်္ဂလာကိုလည်းကောင်း၊ အကြောင်းခံကြပြီး သကာလ ဘုရားပူဇော်တဲ့ကောင်းမှု၊ တရားပူဇော်တဲ့ကောင်းမှု၊ သံဃာပူဇော်တဲ့ကောင်းမှုဆိုတဲ့ ကောင်းမှု မင်္ဂလာကြီးတွေကို ကြီးပမ်းအားထုတ် ပြုလုပ်ပြီးတော့ နေကြခြင်းဖြင့်— **"လေးကိုခွာ၍ လေးကိုရှာတဲ့အချိန်၊ လေးနဲ့ခွဲပြီးသကာလ လေးနဲ့တွဲတဲ့ အချိန်"**.....လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက **ဝေဠုဒွါရေယျ သုတ္တန်မှာ** ဟောတော်မူခဲ့ပါသည်။

အခုလို ကုသိုလ်ကောင်းမှုတွေ ပြုပြီးတော့ နေတဲ့အချိန်မျိုးကို ဘာလုပ်နေတဲ့ အချိန်တုန်းလို့ မေးခဲ့ရင်ဖြင့် လေးကိုခွာ၍ လေးကိုရှာတဲ့ အချိန်၊ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက သူ့ရှေ့ တရားနာရောက်လာတဲ့ ပရိသတ်တွေ ဝေဠုဒ္ဒါရဆိုတဲ့ရွာက ဝေဠု ရွာသူ ရွာသား အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေ တရားနာရောက်လာတာကို ဖမ်းပြီးတော့ စကားပြောလိုက်တယ်၊ အေး ယခုလို တရားနာရောက်လာကြတဲ့ သင်တို့တတွေ ကုသိုလ်ကောင်းမှုပြုပြီးတော့နေတဲ့ အချိန်မျိုးကို လေးကိုခွာ၍ လေးကိုရှာတဲ့အချိန်လို့ မှတ်ရမယ်လို့၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဥပဒေသတော်မူခဲ့တယ်၊

ဒကာကြီး ဦးညိမ်တို့ ဒကာမကြီးဒေါ်စိန်ဆင်တို့ကလည်း လဆန်း (၄)ရက် လဆုတ် (၄)ရက်၊ လေးရက် ဘုံလောင်းလောင်းလာလိုက်တာ (၄၁)နှစ်မြောက် ရောက်တဲ့ အထိမ်းအမှတ်နဲ့ လှူလိုက်တဲ့အလှူကလည်းပဲ ငွေကျပ် လေးထောင်လေးရာလေးဆယ်လေးကျပ်၊ အဲဒီလို လေးနဲ့ချည်းပဲ အဆုံးသတ်ပြီးတော့ လှူခဲ့တာဖြစ်တော့ လေးဟာ အရေးကြီးဆုံး ဖြစ်လေသောကြောင့် လေးနဲ့ဆက်ပြီးတော့ လှူကြပါတယ်လို့ ရည်ရွယ်ချက် နှလုံးထားလည်းရှိကြတာ ဖြစ်လေသောကြောင့်၊ ဘုန်းကြီးတို့ကလည်း ဘုရားရှင်ကိုယ်တော်မြတ်ကြီးက လေးကိုအရေးပေးပြီးတော့ ဟောတော်မူခဲ့တဲ့ လေးသုတ်တော်နဲ့ ဒီနေ့ ဟောရမယ်။

အဲဒီ လေး သုတ်တော်က ဘာတုန်းဆိုရင် ဝေဠုဒ္ဒါရေယျသုတ္တန်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ရဟန်းငါးရာနဲ့ ဒေသစာရီ လှည့်ပြီးတော့လာတော့ ဝေဠုဒ္ဒါရဆိုတဲ့ ကောသလတိုင်းထဲက ရွာကြီး တစ်ရွာ ရောက်လာတယ်၊ အဲဒီရောက်လာတော့ ဝေဠုဒ္ဒါရရွာဆိုတာ ဝါးတွေ ဝါးရုံတွေ ရွာစည်းမှာပတ်ပတ်လည်ကာထားလို့ သူတို့ကို ဝေဠုဒ္ဒါရရွာလို့ ခေါ်ထားတာ၊ ဝါးရုံတွေ ရွာစည်းရိုးများရှိလို့ အခုကာလ ဘုန်းကြီးတို့ မြန်မာလို ခေါ်ရင်တော့ ဝါးရုံကုန်းရွာပေါ့၊ အဲဒီဝါးရုံကုန်းရွာကြီး ရောက်လာတော့ ဘုရားရှင်ကိုယ်တော်မြတ်တောထဲမှာ သီတင်းသုံးတယ်ဆိုတော့ ဝေဠုဒ္ဒါရရွာက ပုဏ္ဏားတွေ၊ အမျိုးသားအမျိုးသမီးတွေ တရားနာမယ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးထံ တရားနာမယ်

ဆိုပြီးတော့ ထွက်လာကြ၊ ထွက်လာပြီးတော့ အဲဒီပုဏ္ဏားတွေက ဘုရားရှင် ကိုယ်တော်မြတ်ကြီးနဲ့ သံဃာတော်အရှင်မြတ်တွေ ရှေ့မှောက်ရောက်တော့ သူတို့ လျှူဖွယ် တန်းဖွယ်ရှိတာတွေ လျှူတန်းပြီးတော့ ဘာလျှောက်တုန်းလို့ဆိုတော့—

**မယံ ခေါ ဘောဂေါတမ ဝေကာမာ ဝေဆန္ဒာ ဝေအဓိပ္ပါယာ။**

အရှင်ဂေါတမဘုရား တပည့်တော်တို့ ရှင်းရှင်းပဲလျှောက်ပါရစေ၊ တပည့်တော်တို့ စိတ်ထဲရှိတာကို တပည့်တော်တို့ အလိုဆန္ဒရှိတာတွေကို ရှင်းရှင်းပဲ လျှောက်ပါရစေ၊ တပည့်တော်တို့ ဖြစ်ချင်တာတွေ တပည့်တော်တို့ လိုချင်တာတွေ တပည့်တော်တို့ ဆန္ဒရှိတာတွေကို ရှင်းရှင်းပဲ လျှောက်ရမယ်ဆိုရင်ဖြင့်။—

**ပုတ္တသမ္ဗာဓသယနံ အဇ္ဈာဝသေယျာမ။** တပည့်တော်တို့သည် အရှင်ဘုရားတို့လို တောကြိုအုံကြား ချုပ်ကြိုချုပ်ကြားမှာလည်း တစ်ပါးတည်း ထွက်ပြီးတော့ တရားအားထုတ်နိုင်တဲ့ အဆင့်အတန်းတွေ မဟုတ်ကြလေ သောကြောင့်၊ သားနဲ့သမီးနဲ့ မြေးနဲ့မြစ်နဲ့ အိမ်ရာတည်ထောင် လူ့ဘောင်မှာပဲ နေချင်ကြပါကုန်သည်ဘုရား။ **ကာသိကစန္ဒနံ ပစ္စာနု ဘဝေယျာမ။** အရှင်ဘုရားတို့လို မာလာဂန္ဓဝိလေပနဆိုတဲ့ သိက္ခာပုဒ်ကြီးကို ထိမ်းပြီးသကာလ ကိုယ့်ကိုယ်ကို ခြယ်သတဲ့သဘောရောက်တဲ့ သနပ်ခါးလိမ်းခြင်း, ပန်းပန်ခြင်းဆိုတဲ့ အမှုတွေကိုမပြုဘဲနဲ့ တပည့်တော်တို့ မနေနိုင်ကြတာဖြစ်တော့၊ တပည့်တော် ပွဲလမ်းသဘင် အခမ်းအနားတွေကို သွားရလာရတဲ့အခါ အလျှူမင်္ဂလာအစရှိတဲ့ အခမ်းအနားတွေကို သွားရတဲ့အခါမှာ ပယ့်တပည့်တော်တို့သည် ပန်းပန်ခြင်း, နံ့သာ လိမ်းခြင်း, ရေမွှေးပေါင်ဒါဆွတ်ဖြန်းခြင်းဆိုတဲ့ အမှုတွေကိုလည်း ပြုကြရတာ ဖြစ်တော့ တပည့်တော်တို့ အဲဒီလို ကာသိတိုင်းဖြစ် စန္ဒကူးမှ စပြီးသကာလ ပေါင်ဒါသနပ်ခါး, ပန်းပန်နံ့သာလိမ်းအစရှိတဲ့ အမှုတွေကိုလည်း တပည့်တော်တို့ ပြုမြဲပဲ ပြုနေချင်ကြပါသည်ဘုရား။

**ဇာတရူပရဇတံ သာဒိယေယျာမ။** အရှင်ဘုရားတို့ကဲ့သို့ သစ်ခေါက်ဆိုး အဝတ်ကြီးကိုဝတ်ပြီး တောထဲထွက်ပြီးတော့ မကျင့်နိုင် ကြသေးတာဖြစ်သောကြောင့် တပည့်တော်တို့ ပိုးဖဲထီလွှာကတီပါဆိုတဲ့

ကောင်းပေ့ညွှန့်ပေ့ ခေတ်ပေါ်အဝတ်တွေလဲဝတ်ပြီးတော့ နေချင်ကြပါ ကုန်သေးသည်ဘုရား၊ ရွှေငွေစိန်ကျောက် ထိန်တောက်ဝင်းလက် ကျောက်မျက် ရတနာအစရှိတဲ့ ရတနာတွေကိုလည်း တပည့်တော်တို့ ဝတ်ဆင်ပြီးတော့ နေချင်ကြပါသေးတယ်ဘုရား။ **ကာယဿဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇေယျာမ။** စ-ထိုကဲ့သို့ သားကြား သွီးကြားမှာ၊ မြေးကြား မြစ်ကြားမှာ၊ ဖီးလိမ်းပြင်ဆင် ဝတ်ကောင်းစားကောင်းတွေ ဝတ်၊ ကောင်းကောင်းမွန်မွန်တွေ စားသောက်၊ နေရာထိုင်ခင်းတွေလည်း ကောင်းကောင်းမွန်မွန်နေ ဝတ်ကောင်းစားကောင်းတွေလည်း ဝတ်၊ ရွှေငွေ စိန်ကျောက်အစရှိတဲ့ ထိန်တောက်ဝင်းလက်တာတွေလည်း ဝတ်ဆင်ပြီးတော့ နေကြရင်းနဲ့ပင်၊

**ကာယဿ ဘေဒါ ပရံ မရဏာ။** ဒီခန္ဓာကိုယ် ရုပ်နာမ်ကွဲပြီးတော့ နောက်ဆုံးစုတေရတဲ့ အချိန်ကာလရောက်တော့ သေရတဲ့အခါ ကြတော့လည်းပဲ ဘဝကူးရတဲ့အခါကြတော့လည်းပဲ၊ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇေယျာမ။ လူ့ရွာနတ်ထံ ချမ်းသာစံပြီးသကာလ နိဗ္ဗာန်အထိ ရောက်ရှိချင်ကြပါတယ်ဘုရား။ **တေသံ နော ဘဝံ ဂေါတမော အမှာကံ ဝေဒ ကာမာနံ ဝေဒ ဆန္ဒာနံ ဝေဒ အဓိပ္ပါယာနံ။** အခုလျှောက်လိုက်တဲ့ စကားသည် တပည့်တော်တို့ မကွယ်မထောက် တပည့်တော်တို့ စိတ်ထဲရှိတဲ့အတိုင်း အဖြောင့်လျှောက်လိုက်ခြင်း ပါပဲ ရှင်တော်ဘုရား။

**တထာဓမ္မံ ဒေသေတု (ယထာမယံ ဝေဒ ဘဝိမ)။** တပည့်တော်တို့ အခု စိတ်ထဲရှိတာ လျှောက်လိုက်သလို၊ အခု လျှောက်လိုက်တဲ့အတိုင်းလည်း နေချင်ကြပါတယ်ဘုရား။ အဲဒီလို နေလို့ဖြစ်တဲ့တရားမျိုး တပည့်တော်တို့အား ဟောတော်မူပါဘုရား....လို လျှောက်ကြတယ်။

ဘုန်းကြီးတို့ အခုတရားနာနေတဲ့ ပရိသတ်ကြီးလည်း ဒီတိုင်းရှိမှာပဲ၊ ပရိသတ်ကြီး မရှိဘူးလား? ရှိပါတယ်ဘုရား။ သင်္ကန်းတွေ ဝတ်ပြီးတော့ တောကြိုအုံကြား ရုတ်တရက်ထွက်သွားပြီးတော့ တရားအားထုတ်တဲ့ အမှု

လူတိုင်း ပရိသတ်ပြုနိုင်ရဲ့လား? မပြုနိုင်ပါ ဘုရား။ အိမ်ရာ တည်ထောင် လူ့ဘောင်မှာ သားနဲ့သမီးနဲ့ မြေးနဲ့မြစ်နဲ့ ပျော်ပျော်ပါးပါးပဲ နေချင်ကြတဲ့သူ မများဘူးလား? များပါဘုရား။ ဒီလို လိမ်းလို့ပြင်လို့ ဆင်လို့ ရွှေငွေစိန်ကျောက် ထိန်တောက်ဝင်းလက် ဝတ်ဆင်ပြီးတော့လည်း နေချင်ကြတယ်၊ နောက်ဆုံး ကွယ်လွန်အနိစ္စ ရောက်ပြီဆိုတော့လည်း လူ့ရွာနတ်ထံ ချမ်းသာစံပြီးတော့ နိဗ္ဗာန်အထိလည်း မရောက်ချင်ဘူးလား? ရောက်ချင်ပါတယ်ဘုရား။ တစ်နည်း ပြောရင် အပါယ်လေးပါးကို ကျမသွားချင်တာ မသေချာဘူးလား? သေချာပါတယ် ဘုရား။

အဲ ဘုရားကို သူတို့က အဲဒီအတိုင်းလျှောက်နေတာပဲ ပုဏ္ဏားတွေ၊ ဒီတော့ မြတ်စွာဘုရား တပည့်ဟော်တို့စိတ်ထဲရှိတာ ဒီအတိုင်းပါပဲ ဟပည့်တော်တို့ ဆန္ဒ ဒီအတိုင်းပါပဲ၊ အဲဒီလို ခုနကဆိုခဲ့တဲ့အတိုင်း သားသမီးမြေးမြစ်နဲ့ ပျော်ပျော်ပါးပါး အိမ်ရာတည်ထောင် လူ့ဘောင်မှာ နေပြီးသကာလ၊ နောက်ဆုံး ကွယ်လွန်အနိစ္စရောက်တဲ့အခါ လူ့ရွာ နတ်ထံ ချမ်းသာစံ နိဗ္ဗာန်အထိ ရောက်ချင်တယ်ဆိုရင်ဖြင့်၊ "**သုံးကိုလည်း မဖျောက်နဲ့၊ ငါးကိုလည်း မခွာနဲ့၊ ခြောက်ရွာနဲ့လည်း မလွဲစေနဲ့၊ လေးရွာ ကလည်း မဆွဲစေနဲ့**"၊ ဟော ဘုရားက နည်းလမ်းပေးပြီ၊ ဘုန်းကြီး ဒီကနေ့ညဟောမည့်စကားလုံးလည်း ဒါပဲပရိသတ်ကြီး၊ သုံးကိုလည်း မဖျောက်နဲ့၊ ငါးကိုလည်း မခွာနဲ့၊ ခြောက်ရွာနဲ့လည်း မလွဲစေနဲ့၊ လေးရွာကလည်း မဆွဲစေနဲ့၊ သုံးကိုလည်းမဖျောက်နဲ့တဲ့ ပရိသတ်ကြီး သုံးကို ဘာတဲ့တုန်း? မဖျောက်နဲ့။ ငါးကိုလည်း မခွာနဲ့၊ ခြောက်ရွာနဲ့လည်း မလွဲစေနဲ့၊ လေးရွာကလည်း မဆွဲစေနဲ့။

## ❖ သုံးဖျောက်လို့ ငါးခွာ, ခြောက်ရွာနဲ့လွဲ၊ လူ့ဘုံမှာ အပျော်ကဲရင်, လေးရွာကဆွဲ။

လူ့ဘုံမှာအပျော်ကဲရင် လေးရွာကဆွဲတတ်တယ်၊ ပရိသတ်ကြီး လူ့ဘုံမှာကဲရင် ဘာရွာကဆွဲတတ်တယ်? လေးရွာကပါဘုရား။ သုံး ဖျောက်တယ်လို့ဆိုတာ ဘုရား တရား သံဃာဆိုတဲ့ ရတနာသုံးပါးကို

ဖျောက်မထားနဲ့တဲ့၊ ဘုရား တရား သံဃာ ရတနာသုံးပါး ကိုယ့်နားမှာ အမြဲကပ်နေအောင် ကိုယ့်နားအမြဲရှိနေအောင် ဖော်ပေးရတယ်၊

**"အိပ်ရာဝင်လျှင် ဘုရားရှင်. ဦးတင်လက်အုပ်ချီရတယ်"** အိပ်ရာဝင်ပြီဆို အမျိုးကောင်းသားတစ်ယောက် အမျိုးကောင်းသမီး တစ်ယောက် ဘုရားကို လက်အုပ်ချီပြီး ရှိခိုးနေပြီဆိုရင် ဘုရားကို မဖျောက်ပဲနဲ့ ဘုရားကို ဖော်နေတဲ့သူ၊ ဘုရားနားကပ်နေတဲ့သူ၊ ဘုရားကို ဖော်ပေးတဲ့သူ၊ အာ– အိပ်ရာဝင်တာတောင်မှ ဘုရားသတိမရနိုင်ပဲနဲ့ ထိုးပြီးတော့အိပ်လိုက်တဲ့သူ ဆိုရင် ဘုရားကိုဖျောက်တဲ့သူ၊ တရားကိုဖျောက်တဲ့သူ၊ သံဃာကို ဖျောက်တဲ့သူ၊ ရတနာသုံးပါးကို ဖျောက်လိုက်လို့ အဲဒါ သုံးကို ဖျောက်တယ်လို့ခေါ်တယ်။

**"အိပ်ရာနိုးလျှင် ဘုရားရှင်. ဦးတင်လက်အုပ် ချီရတယ်"**၊ မနက်အိပ်ရာက ဖျတ်ကနဲ့နိုးလာလိုက်သည်နှင့်တပြိုင်နက် လက်အုပ်ကလေး ချီမိအောင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို အာရုံပြုပြီးသကာလ လက်အုပ်ချီမိ အောင်ချီလိုက်တဲ့ အမျိုးကောင်းသားသည်၊ ပရိသတ်ကြီး ဘုရားကို ဖျောက်တာလား ဘုရားမဖျောက်တာလား? မဖျောက်တာပါ ဘုရား။ ဒါဖြင့် အနည်းဆုံး အိပ်ရာဝင်အိပ်ရာထ ဘုရားကို လက်အုပ်ချီမိုး ရှိခိုးပြီးတော့နေတဲ့ အမျိုးကောင်းသား အမျိုးကောင်း သမီးသည် ဘုရားကို မဖျောက်သလို၊ အမှတ်ရတိုင်း သတိရတိုင်း ဘုရား ပန်းတော်တင် ဆွမ်းတော်တင် ရေချမ်းတော်ကပ်ကစပြီးသကာလ ဘုရားနဲ့စပ်တဲ့ ကုသိုလ်ကောင်းမှု၊ တရားနဲ့စပ်တဲ့ ကုသိုလ်ကောင်းမှု၊ သံဃာနဲ့စပ်တဲ့ ကုသိုလ်ကောင်းမှုတွေကို ပြုပြီးတော့ သုံးကိုလည်း မဖျောက်နဲ့တဲ့၊

ငါးကိုလည်း မခွာနဲ့တဲ့၊ ငါးပါးသီလကိုလည်း လုံနေအောင် နေရတယ်၊ ငါးကိုမခွာနဲ့ဆိုတာ ငါးပါးသီလလုံအောင်နေ ပြောတာတဲ့ ပရိသတ်၊ သုံးကိုလည်း မဖျောက်နဲ့. ငါးကိုလည်း မခွာနဲ့. ခြောက်ရွာ နဲ့လည်း မလွဲစေနဲ့၊ ခြောက်ရွာနဲ့ မလွဲစေနဲ့ဆိုတာ အဲဒီလို သရဏဂုံ သုံးပါးတည်၊ ငါးပါးသီလ မြဲပြီးနေခဲ့ရင်၊ ဤဘဝမှစုတေမနေ သေလွန် ခဲ့ရင် လူ့ရွာမှာရင်လည်းပြန်ဖြစ်၊ (သို့မဟုတ်)

နတ်ရွာခြောက်လီ တစ်လီလီရင်လည်း ပြန်ပြီးတော့ ဖြစ်လေသောကြောင့် နတ်ရွာ ခြောက်လီမှာ ရောက်နိုင်လေသောကြောင့် နတ်ရွာနဲ့မလွဲတဲ့သူ၊

အဲဒီလို နတ်ရွာနဲ့မလွဲခဲ့လို့ရှိရင် အပါယ်လေးပါးက အဆွဲ သက်သာမယ်၊ အပါယ်လေးပါးကို မကျနိုင်လေသောကြောင့် အပါယ်လေးပါးက အဆွဲခံရတဲ့သူ မဖြစ်လေသောကြောင့်၊ ဒီလိုမဟုတ်ဘဲနဲ့ သရဏဂုံ သုံးပါးလည်း ဘုရားကျောနိုင်း, တရားကျောနိုင်း, သံဃာ ကျောနိုင်း, ငါးပါးသီလကလည်း ကျိုးကျိုးပေါက်ပေါက် သတ်စရာရှိသတ်, ခိုးစရာရှိ ခိုး, လိမ်စရာရှိ လိမ်, ညာစရာရှိ ညာ၊ အဲဒီလို သရဏဂုံသုံးပါးနဲ့ ငါးပါးသီလ ကျိုးပေါက်ပျက်ပြားပြီးတော့ နေခဲ့ရင်ဖြင့် ထိုသူသည် ခြောက်ရွာနဲ့လွဲတဲ့အပြင် လေးရွာကဆွဲလိမ့်မယ်တဲ့ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်လေးဘုံရောက်လိမ့်မယ်၊ ဂျိုပေါက် အမြီး ပေါက်လိမ့်မယ်၊ ပြိတ္တာကြီးဖြစ်လိမ့်မယ်၊ အသူရကာယ်ကြီး ဖြစ်လိမ့်မယ်၊ ငရဲကောင်ကြီး ဖြစ်လိမ့်မယ်လို့၊ ဒါဖြင့် ကျင့်ရမယ့်တရားက။—

### ❖ သုံးကပ်လို့ ငါးလုံ့. ခြောက်ဘုံရောက်မြဲ၊ လူ့ဘုံမှာ အနေတတ်ရင် လေးကပ်ဖို့ပဲ။

ဟောဒီမှာ ဘုရားဟောတော်မူတဲ့တရား ရှောင်ရမှာက သုံး ကိုလည်း မဖျောက်နဲ့, ငါးကိုလည်း မခွာနဲ့၊ ခြောက်ရွာနဲ့လည်း မလွဲစေနဲ့၊ လေးရွာကလည်း မဆွဲစေနဲ့၊ ဒါက ရှောင်ရမည့်တရား ဘုရားဟောလိုက် တယ်၊ ကျင့်ရမည့်တရားက ဘာတုန်းလို့ဆိုတော့—သုံးကပ်လို့ ငါးလုံတဲ့၊ ဟော သုံးကပ်တယ်ဆိုတော့ ရတနာသုံးပါး ဘုရား တရား သံဃာ ရတနာသုံးပါးကို အမြဲဆည်းကပ်ထား အမြဲကိုးကွယ်ထား၊ အိပ်ရာဝင် အိပ်ရာထကစပြီးတော့ ဘုရား တရား သံဃာ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ထား၊ ငါးလုံဆိုတဲ့အတိုင်း ငါးပါးသီလ လုံအောင်နေ အဲဒီလို သရဏဂုံသုံးပါးနဲ့ ငါးပါးသီလလုံအောင်နေခဲ့ရင် မင်းတို့ အိမ်ရာတည်ထောင် လူ့ဘောင်မှာ ပျော်ပျော်ပါးပါးနဲ့နေကြသော်လည်းပဲ ခြောက်ရွာနဲ့ မလွဲဘဲနဲ့ ခြောက်ဘုံရောက်မယ် နတ်ပြည်ခြောက်ထပ် တစ်ထပ်ထပ်ကိုရောက်မယ်၊ ဒါ့ကြောင့်......

## ❖ သုံးကပ်လို့ ငါးလုံ. ခြောက်ဘုံရောက်မြဲ၊ လူ.ဘုံမှာ အနေတတ်ရင် လေးကပ်ဖို့ပဲ။

လေးကပ်ဖို့ဆိုတာ ဘာတုန်းလို့ဆိုတော့ သစ္စာလေးပါးတရားကို သိဖို့ရာ၊ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာဆိုတဲ့ သစ္စာလေးပါး တရား သိဖို့ရာဖြစ်လိမ့်မယ်တဲ့၊ သစ္စာလေးပါးတရားကို သိလိမ့်မယ်၊ ရလိမ့်မယ်၊ သောတာပန် သကဒါဂါမ် အနာဂါမ်ဖြစ်လိမ့်မယ်၊ ဒီတော့ မြတ်စွာဘုရားက ရှောင်ရမည့်အချက်ထဲမှာလည်းပဲ နောက်ဆုံးက လေးလို့ မပါဘူးလား? ပါ,ပါတယ်ဘုရား။ အခုရ,ရမည့် ဆောင်ရမည့် ထဲမှာလဲပဲ လေးလို့မပါဘူးလား? ပါ,ပါတယ်ဘုရား။ ဒါဖြင့် ပရိသတ်ကြီး ဆိုလိုက်စမ်းပါ—

## ❖ ကြောက်ရမှာလည်းလေး၊ ရောက်ရမှာလည်းလေး။

ကြောက်ရမှာလည်းလေး၊ ကြောက်ရမှာလည်းလေးဆိုတာက အပါယ် လေးပါးပြောတာ၊ ပရိသတ်ကြီး ကြောက်ရမည့်လေးဆိုတာ ဘာလေးပါလိမ့်? အပါယ်လေးပါးပါဘုရား။ ရောက်ရမည့်လေးဆိုတာက သစ္စာလေးပါး၊ ရောက်ရမည့်လေးက ဘာပါလိမ့်? သစ္စာလေးပါးပါဘုရား။ ဆိုလိုက်စမ်းပါ။—

## ❖ ခွာရမှာလည်းလေး၊ ရှာရမှာလည်းလေး။

ခွာရမည့်လေးဆိုတာက အပါယ်လေးပါး၊ ခွာရမည့်လေးက ဘာပါလိမ့်? အပါယ်လေးပါးပါဘုရား။ ရှာရမည့်လေးဆိုတာက သစ္စာလေးပါး၊ ရှာရမည့်လေးက ဘာပါလိမ့်? သစ္စာလေးပါးပါဘုရား။

ဒီနေ့ ဒကာဦးညိမ်တို့ ဒကာမဒေါ်စိန်ဆင်တို့က နိစ္စဘတ် ဆွမ်းလောင်း လှူပြီးသကာလ မိမိတို့ရဲ့ ဇားမယ့်ထဲက ခွဲခြမ်းစိတ်ဖြာပြီးတော့ သံဃာတော် အရှင်မြတ်တွေ တစ်နှစ်တစ်နှစ် တစ်သောင်းကျော် တစ်သောင်းကျော်သော သံဃာတော်အရှင်မြတ်တွေကို ခွဲခြမ်းစိတ်ဖြာပြီးတော့ နိစ္စဘတ် ဆွမ်းလောင်း လှူပြီးတော့ လာခဲ့ခြင်းဖြင့်၊ ပရိသတ်ကြီး လေးကို ခွာပြီးတော့ လေးကိုရှာခဲ့ရာ

မရောက်ဘူးလား? ရောက်ပါတယ် ဘုရား။ အခု (၄၁)နှစ် ရောက်လာတဲ့အခါ ကြတော့ သံဃာတော် လေးသိန်းသုံးသောင်းကျော်တို့ကို မွန်မြတ်သော နိစ္စဘတ် ဆွမ်းတို့ဖြင့် မိမိတို့ စားမယ့်ထဲက ခွဲခြမ်းစိမ်ဖြာပြီးတော့ လှူခဲ့တဲ့ ဒီအလှူထုပ် ကောင်းမှု မင်္ဂလာကြီးသည် ဒကာဦးညိမ် ဒကာမဒေါ်စိန်ဆင်တို့က လေးကို ခွာပြီးတော့ လေးကိုရှာရာမရောက်ဘူးလား? ရောက်ပါတယ်ဘုရား။

အေး ဒီတော့ မြတ်စွာဘုရားက မင်းတို့ အိမ်ရာတည်ထောင် လူ့ဘောင် မှာ သားနဲ့သမီးနဲ့နေပါတော့တဲ့၊ ဖီးလို့လိမ်းလို့လည်းနေပါတော့၊ ဝိသာခါ ကျောင်းအမတို့ အနာထပိဏ်တို့လည်း ဒီလိုပဲနေကြပါတယ် နေပါတော့တဲ့၊ ပရိသတ်ကြီး ဝိသာခါကျောင်းအမ ဖီးလိမ်းပြင်ဆင်ပြီးတော့ မနေဘူးလား? နေပါတယ်ဘုရား။ သားကြားသမီးကြားလည်း မနေဘူးလား? နေပါတယ်ဘုရား။ ပွဲလမ်းသဘင်ရှိတော့လည်း မသွားဘူးလား? သွားပါတယ်ဘုရား၊ စိန်တွေ ရွှေတွေလည်း မဝတ်ဘူးလား? ဝတ်ပါတယ်ဘုရား။ ဝိသာခါကျောင်းအမကြီးများ ဝတ်လိုက်တာ တကထဲ သိန်းကိုးရာတန်တဲ့ မဟာလတာတန်ဆာကြီး ဝတ်တယ်ဆိုတာ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ မကြားဖူးဘူးလား? ကြားဖူးပါတယ် ဘုရား။ အေး ဒါပေမယ့်လို့ ဝိသာခါကျောင်းအမကြီး သုံးကပ် ပြီးတော့ ငါးလုံးတဲ့အတွက် ခြောက်ဘုံနဲ့မလွဲတဲ့အပြင် လေးကောရမသွားဘူးလား? ရပါတယ်ဘုရား။ ဒါဖြင့် ဆိုလိုက်စမ်းပါ—

❖ **ခွာရမှာလည်းလေး၊ ရှာရမှာလည်းလေး၊ ရှောင်ရမှာလည်းလေး၊ ဆောင်ရမှာလည်းလေး၊ လေး...လေး....လေး....။**

ဟာ ပရိသတ်ကြီးဆိုပါ ဒီမှာ လေးတရားဟောနေတာနော်၊ လေးတရားဟောနေတာ၊ လိုက်ရမှာ၊ လိုက်ရမှာ၊ ခုကြောက်ရမှာလည်း လေး၊ ရောက်ရမှာလည်းလေး၊ ခွာရမှာလည်းလေး၊ ရှာရမှာလည်း လေး၊ ရှောင်ရမှာလည်းလေး၊ ဆောင်ရမှာလည်းလေးဆိုတော့ လေး သုံးလုံး

ဖြစ်မသွားဘူးလား? ဖြစ်ပါတယ်ဘုရား။ အကျယ်လျှောက်တွက်လို့ ရှိရင် လေးတောင် ခြောက်လုံးတောင်မနေဘူးလား? နေပါတယ်ဘုရား။ ကဲ ဒါဖြင့် လိုက်ဆိုလိုက်စမ်းပါ—

❖ **ရှောင်ရမှာလည်းလေး၊ ဆောင်ရမှာလည်းလေး၊ လေး....လေး....လေး....။**

ဒီကဒကာကြီးတွေကလည်း လှူလို့ရှိရင် လေးထောင်လေးရာ လေးဆယ်နဲ့လေးကျပ် လှူတာဆိုတော့ ပရိသတ်ကြီး လေးလေးလေး တရား ဒီနေ့ညဟောမှဖြစ်မှာမို့ ခု ဘုန်းကြီး လေးတရားဟောနေတာ၊ ဘုန်းကြီးက ဟောတာမဟုတ်ဘူး၊ မြတ်စွာဘုရားကိုက လေးကိုလည်း ရှောင်ကြ. လေးကိုလည်းကပ်ကြလို့ ဝေဠုဒ္ဒါရရွာမှာ ပုဏ္ဏားတွေကို ဟောနေပါတယ် ပရိသတ်ကြီး၊ ကဲ ဒါဖြင့် ဆိုလိုက်စမ်းပါ—

❖ **ဖြတ်ရမှာလည်းလေး၊ ကပ်ရမှာလည်းလေး။**

ဖြတ်ရမှာလေးက အပါယ်လေးပါး၊ ကပ်ရမည့်လေးက သစ္စာလေးပါး၊ ပရိသတ် ဖြတ်ရမည့်လေးကဘာပါလိမ့်? အပါယ်လေးပါး.ပါ ဘုရား။ အပါယ်လေးပါးမရောက်အောင်. အပါယ်လေးပါးမကျမယ့် အလုပ်တွေ မလုပ်မိအောင်. အပါယ်လေးပါး မရောက်ကြောင်းဖြစ်တဲ့ အလုပ်တွေ ကြိုးပမ်း အားထုတ်ခြင်းဖြင့် ဖြတ်ရမှာလည်းလေး၊ ကပ်ရမှာ လည်းလေး ....တဲ့၊ ကပ်ရမည့်လေးဆိုတာ ဘာတုန်းလို့ဆိုတော့ သစ္စာလေးပါး၊ ဒီလိုလည်း ပြောလို့မရဘူးလား? ရပါတယ်ဘုရား။ တစ်နည်းပြောရင် နိဝိကဏ္ဍသုတ်တော်နဲ့ ပြောမယ်ဆိုရင်—

**ယဿဒါနေန သီလေန. သံယမေန ဒမေနစ၊**
**နိဓိသုနိဟိတော ဟောတိ. ဣတ္ထိယာ ပုရိသဿဝါ။**

မြတ်စွာဘုရားက ဟော မင်းတို့ ကပ်ရမည့်လေး၊ ဆောင်ရမည့် လေး၊ တွဲရမည့်လေးဆိုတာ တစ်နည်းပြောမယ်ဆိုရင်– (၁) ဒါနကောင်းမှု၊ (၂) သီလကောင်းမှု၊ (၃) သမထကောင်းမှု၊ (၄) ဝိပဿနာကောင်းမှုလို့ ကောင်းမှုကြီးလေးမျိုးတဲ့၊ ယဿဒါနေနဆိုတော့ ဒါနကောင်းမှုပေါ့၊ သီလေနဆိုတော့ သီလကောင်းမှုပေါ့၊ သံယမေနက သမထကောင်းမှု၊ ဘုရားရှိခိုးခြင်း မေတ္တာပို့ခြင်းဆိုတဲ့ သမထကောင်းမှု၊ ဒမေနဆိုတော့ ဝိပဿနာကောင်းမှု၊ ဒါဖြင့် ဒါန. သီလ. သမထ. ဝိပဿနာ ကောင်းမှု လေးမျိုး ပရိသတ် ကောင်းမှုဘယ်နှစ်မျိုးပါလိမ့်? လေးမျိုးပါဘုရား။ ဒါဖြင့် ဆိုလိုက်စမ်းပါ–

## ❖ ရှောင်ရမှာလည်းလေး၊ ဆောင်ရမှာလည်းလေး။

အဲဒီ ဆောင်ရမည့်လေးက ဘာတုန်းလို့မေးရင် ဒါန. သီလ. သမထ. ဝိပဿနာ ကောင်းမှုကြီးလေးမျိုးလို့ပြောရင် မရဘူးလား? ရပါတယ်ဘုရား။ တစ်နည်းပြောရင် သစ္စာလေးပါးလို့ပြောရင်လည်း မရဘူးလား? ရပါတယ်ဘုရား။ ဆို–

## ❖ ခွာရမှာလည်းလေး၊ ရှာရမှာလည်းလေး၊ ဖြိုရမှာလည်းလေး၊ ခိုရမှာလည်းလေး။

ဖြိုရမှာလေးဆိုတာက အပါယ်လေးပါး၊ ခိုရမည့်လေးဆိုတာက ခုနကပြောသလို ဒါန. သီလ. သမထ. ဝိပဿနာ ကောင်းမှုလေးမျိုးလို့ ပရိယာယ်၊ နိဝိကဏ္ဍသုတ်ကြတော့ ဘုရားက အဲလိုဟောတယ်၊ တစ်နည်း ပြောမယ်ဆိုရင် မဟာသတိပဋ္ဌာနသုတ်တော်ကြတော့ သတိပဋ္ဌာန်တရား လေးပါးလို့ မဟောပြန်ဘူးလား ပရိသတ်? ဟောပါတယ် ဘုရား။

သစ္စာလေးပါးလို့ပြောရင်လည်း မမှန်ဘူးလား? မှန်ပါတယ်ဘုရား။ ဒါဖြင့် ဒီနေ့ အလှူ့ဒကာ ဒကာဦးညိမ်+အလှူ့အမဒေါ်စိန်ဆင်တို့က အဲဒီ ဒါနရယ်, သီလရယ်, သမထရယ်, ဝိပဿနာရယ် လေးမျိုးနဲ့ သူတို့ရဲ့ရှာဖွေလို့ရတဲ့ စီးပွားဥစ္စာတွေကို သံဃာတွေနဲ့ ခွဲခြမ်းစိတ်ဖြာ မျှတပြီးတော့ စားခြင်းဖြင့် ဒါနနဲ့စားရာ မရောက်ဘူးလား? ရောက်ပါတယ် ဘုရား။ ဒါဖြင့် သူတို့စားနေတဲ့အစာသည် လေးကိုရှာရင်းစားတာလား လေးကိုမရှာပဲစားတာလား? လေးကိုရှာရင်းစားတာပါ ဘုရား။

တစ်နှစ် တစ်နှစ် သူတို့ရှာဖွေလို့ရလိုက်တဲ့ ယက်ကန်းအလုပ် ဟိုအလုပ်ဒီအလုပ်နဲ့ ရလာတဲ့အထဲက လဆန်း(၄)ရက်ဆိုရင် ဒို့လောင်းရမှာပေါ့ လဆန်း(၄)ရက်ဆိုရင် သံဃာ(၄၀၀)ကျော် ဆွမ်း ဘောဇဉ်လောင်းမယ်ပေါ့လို့ ဆိုပြီးတော့ (၄)ရက်နေ့ လောင်းလိုက်ကြ၊ ဟာ လပြည့်ကျော်(၄)ရက် ရောက်လာပြန်တော့ လောင်းမယ်လောင်း မယ်နဲ့ဆိုပြီးတော့ မိမိတို့ စားမည့်ထဲက ခွဲခြမ်းစိတ်ဖြာပြီးတော့ မလှူခဲ့ဘူးလား? လှူခဲ့ပါတယ်ဘုရား။ အဲဒီလိုခွဲခြမ်းစိတ်ဖြာပြီးတော့ မိမိတို့ စားမည့်ထဲက ခွဲခြမ်းစိတ်ဖြာပြီးတော့ လှူရင်းလှူရင်းနဲ့ စားလာခဲ့ခြင်းကြောင့် ဒီနေ့ ဒကာဦးညိမ်တို့ + ဒကာမဒေါ်စိန်ဆင်တို့သည် လေးကို ရှာတဲ့ ဒါနကောင်းမှုနဲ့ စားရာမရောက်ဘူးလား? ရောက်ပါတယ် ဘုရား။

အဲဒီလို ဒါနကောင်းမှုပြုဖို့ရာအတွက် ချက်ဟာပြုတ်ဟာ ဟင်းသီး ဟင်းရွက်တွေဝယ်ဟာ ခြမ်းဟာဆိုတဲ့ အမှုတွေပြုခြင်းဖြင့် သီလနဲ့လည်း မစားဘူးလား? စားပါတယ်ဘုရား။ ဒီသံဃာတော်အရှင်မြတ်တွေ စာသင်သား သံဃာတော် အရှင်မြတ်တွေ ချမ်းသာကြပါစေ၊ ခုနက ဒကာကြီးဦးညိမ်ပြောသွား သလို မိဝေးဖဝေး, ဆွေပြတ်မျိုးပြတ် လာကြပြီးတော့ ပရိယတ်, ပဋိပတ် သာသနာ့ အလုပ် အားထုတ်တော်မူနေကြတဲ့ သံဃာတော်အရှင်မြတ်တွေ၊ တတ်စွမ်းသမျှ မိမိတို့ဆွမ်းဟင်းကို အထောက်ပံ့ရပြီးတော့ ချမ်းသာကြပါစေဆိုတဲ့ စိတ်ဓာတ်၊ ဒကာဦးညိမ်တို့ ဒကာမဒေါ်စိန်ဆင်တို့ မိသားစုရဲ့သန္တာန်မှာ ဒီ(၄)ရက် ဘုံလောင်း လောင်းတိုင်းလောင်းတိုင်း၊ လောင်းမယ်လို့ ပြင်တိုင်းပြင်တိုင်း၊ သံဃာတွေ

ချမ်းသာစေချင်တဲ့ မေတ္တာစိတ် ပရိသတ်ကြီး ကိန်းသလား, မကိန်းဘူးလား? ကိန်းပါတယ်ဘုရား။ အဲဒီမေတ္တာစိတ်က သမထ ဘာဝနာ၊ သံဃာ့ဂုဏ်တွေ အာရုံပြုတာက သမထဘာဝနာ၊ ဒီထဲကနေပြီးတော့ မိမိတို့လောင်းရင်း လျှုရင်းနဲ့ လောင်းတယ် လောင်းတယ် ဟူသော်လည်းကောင်း၊ လျှုတယ် လျှုတယ် ဟူ၍သော်လည်းကောင်း၊ လောင်းလျှုနေတဲ့ရုပ်နာမ်ကိုရှုပွားတဲ့ ဝိပဿနာ ဘာဝနာကိုပွားများခြင်းဖြင့် ဝိပဿနာဘာဝနာကောင်းမှုလည်း မဖြစ် ဘူးလား? ဖြစ်ပါတယ်ဘုရား။ ဒါဖြင့် သူတို့သည် (၄) ရက် ဘုံလောင်း အဖြစ်ဖြင့် လဆန်း (၄) ရက် လဆုတ် (၄) ရက် လောင်းတိုင်းလောင်းတိုင်း, လျှုတိုင်းလျှုတိုင်း လေးဆိုတဲ့ သစ္စာလေးပါးတရားကိုရှာတဲ့ ဒါန, သီလ, သမထ, ဝိပဿနာဆိုတဲ့ လေးအလုပ်ကို မလုပ်ဘူးလား? လုပ်ပါတယ် ဘုရား။ ဒါဖြင့် ဆိုစမ်းပါ—

❖ **ဖြို့ရမှာလည်းလေး၊ နိရမှာလည်းလေး၊**
**ဖြတ်ရမှာလည်းလေး၊ ကပ်ရမှာလည်းလေး။**
**လွဲရမှာလည်းလေး၊ တွဲရမှာလည်းလေး။**

လွဲအောင်လုပ်ရမှာက အပါယ်လေးပါး၊ တွဲရမှာက ဒါန, သီလ, သမထ, ဝိပဿနာ၊ တစ်နည်းပြောရင် သတိပဋ္ဌာန်လေးပါး၊ တစ်နည်းပြောရင် သစ္စာလေးပါး၊ လေးတရားကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ပရိယာယ်နဲ့ နိမိကဏ္ဍသုတ်ကြတော့ ဒါန သီလ သမထ ဝိပဿနာလို့ဟောတယ်၊ မဟာသတိပဋ္ဌာနသုတ်တော်ကြီးကြတော့ ကာယာနုပဿနာ, ဝေဒနာနုပဿနာ, စိတ္တာနုပဿနာ, ဓမ္မာနုပဿနာလို့ မဟောဘူးလား? ဟောပါတယ်ဘုရား။ ထိုထိုတရားတွေကြတော့ ဘယ်တရားမှာပဲဖြစ်ဖြစ် ဘုရားဟောသမျှတရားမှာ "**စတုသစ္စ ဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ**"—ဆိုတဲ့အတိုင်း ဘယ်တရား ဟောလိုက် ဟောလိုက် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် သစ္စာလေးပါးနဲ့ အဆုံးသတ်တာ ဖြစ်လေသောကြောင့် ဝံရားတိုင်း တရားတိုင်းရဲ့ အဆုံးမှာ သစ္စာလေးပါးတရား ရှာရမည့်တရား, ကပ်ရမည့်တရား, တွဲရမည့်တရားကို ပြလေသောကြောင့်၊ ပရိယာယ်အားဖြင့် ဆောင်ရမည့်တရား, တွဲရမည့်တရား,

နိရမည့်တရား, မိုရမည့်တရား, ကပ်ရမည့်တရား မှန်သမျှသည် ပထမ နည်းအလို နိမိကဏ္ဍသုတ်တော်အလို ဒါန, သီလ, သမထ, ဝိပဿနာလေးဖြာ၊ မဟာသတိပဋ္ဌာနသုတ်တော်ကြီးနဲ့ ပြောရင် သတိပဋ္ဌာန်လေး၊ ထိုထိုတရားတော်တွေရဲ့ အဆုံးအဆုံးမှာ ဘုရားဟောတော်မူတဲ့ ဒေသနာ တော်နဲ့ပြောကြမယ်ဆိုရင် သစ္စာလေးပါး၊ ပရိသတ်ကြီး အဲဒီလို မပြောနိုင်ဘူးလား? ပြောနိုင်ပါတယ်ဘုရား။ ဒါဖြင့် ဆိုလိုက်စမ်းပါ–

## ❖ လေးကိုမမြင်, လေးပါယ်ခွင်, တွင်တွင်ရောက်တတ်မြဲ။

လေးကိုမမြင်ဆိုတာ သစ္စာလေးပါးမမြင်တာ၊ သစ္စာလေးပါးကို မမြင်လို့ရှိရင် လေးပါယ်ခွင်တဲ့ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်လေးခွင်ကို ပရိသတ်ကြီး မရောက်တတ်ဘူးလား? ရောက်တတ်ပါတယ်ဘုရား။ သစ္စာလေးပါးမမြင်သမျှ သောတာပန်မဖြစ်ဘူး၊ သောတာပန် မဖြစ်လို့ ပုထုဇ္ဇဉ်ဘဝနဲ့နေလို့ရှိရင် ဂတိက မမြဲသေးတာ ဖြစ်တော့၊ ဘယ်လောက်ပဲ ဗြဟ္မာကြီးဖြစ်ပြီးတော့ အထက်မှာ တစ်ဝင်းဝင်းဖြစ်ပေမယ်လို့၊ နောက်ဆုံး အောက်ကျလာပြီးတော့ ဝက်စားကျင်းမှာ တရှုပ်ရှုပ်ဖြစ်တတ်တယ်လို့ အဆိုကောမရှိဘူးလား ပရိသတ်? ရှိပါတယ်ဘုရား။ ဒါဖြင့် သစ္စာလေးပါးကိုမမြင်သမျှ အပါယ် လေးပါးနဲ့ အိုးစားကွဲရဲ့လား? မကွဲသေးပါအရှင်ဘုရား။ ဆိုလိုက်စမ်းပါ–

## ❖ လေးကိုမမြင်, လေးပါယ်ခွင်, တွင်တွင်ရောက်တတ်မြဲ၊ လေးကိုမြင်မှ, လေးခွင်က, မုချလွတ်စမြဲ။

လေးကိုမြင်မှဆိုတာ ဘာလေးတုန်းလို့ဆိုတော့ သစ္စာလေးပါး၊ အဲဒီသစ္စာလေးပါးကိုမြင်မှ လေးခွင်လို့ခေါ်တဲ့ အပါယ်လေးခွင်က လွတ်နိုင်တယ်၊ အပါယ်လေးခွင်က လွတ်နိုင်တယ်ဆိုတာက **အပါယ သုတ်တော်နဲ့ပြော၊** သံသရာကို (၃၁) ဘုံဒုက္ခကြီးက လွတ်နိုင်တာကိုလည်း လေးခွင်က လွတ်နိုင်တယ်လို့ဆိုတော့ သစ္စာလေးပါးမြင်လိုက်ရင် အပါယ်ရယ်, လူရယ်, နတ်ရယ်, ဗြဟ္မာရယ်ဆိုတဲ့ လေးခွင်က လွတ်နိုင်တယ်၊ အပါယ်လေးဘုံဆိုတဲ့ အပါယ်ဘုံရယ်, လူ့ဘုံရယ်, နတ်ဘုံရယ်, နတ်ပြည်ခြောက်ထပ်, ဗြဟ္မာနှစ်ဆယ်၊

(၃၁) ဘုံလို့ခေါ်ထား တာလို့၊ လေးနဲ့သိမ်းရင် (၁) အပါယ်, (၂) လူ (၃) နတ်ပြည် ခြောက်ထပ်(၄) ဗြဟ္မာနှစ်ဆယ် ကုန်မသွားဘူးလားပရိသတ်? ကုန်သွား ပါတယ်ဘုရား။ အဲဒီလိုအားဖြင့် လေးခွင်ကိုမြင် လေးကိုမြင်လိုက်ရင် သစ္စာလေးပါး တရားမြင်ပြီးတော့ ရဟန္တာအရှင်ဖြစ်သွားတဲ့ ရဟန္တာဖြစ် ရဟန္တာမ ဖြစ်တော်မူကြတဲ့ အရှင်ကောင်းအရှင်မတွေ အပါယ်လေးပါးကိုလည်း မကျတော့ဘူး၊ လူပြည်, နတ်ပြည်, ဗြဟ္မာပြည်ဆိုတဲ့ (၃၁) ဘုံလည်း မကျင်လည် ကြလေသောကြောင့် လေးခွင်ကမလွတ်ဘူးလား? လွတ်ပါတယ်ဘုရား။ ဒါဖြင့် ဆိုလိုက်စမ်းပါ—

❖ **လေးကိုမြင်မှ, လေးခွင်က, မုချလွတ်စမြဲ၊**
**လေးကိုမမြင်, လေးပါယ်ခွင်, တွင်တွင်ရောက်တတ်မြဲ၊**
**လေးကိုမြင်လို, များလူမိုက်, လေးကိုကျင့်ရမြဲ။**

လေးကိုမြင်ချင်ရင် ပရိသတ်ကြီး ဘာကျင့်ရမှာတုန်း? လေး ကျင့်ရမှာပါဘုရား။ လေးကိုကျင့်ရမယ်၊ လေးကိုမြင်ချင်ရင်ဆိုတာ ဘာလေးတုန်း ဆိုရင် ပရိသတ်ကြီး သစ္စာလေးပါး၊ လေးကိုမြင်ချင်ရင်ဆိုတာ ဘာပါလိမ့်? သစ္စာလေးပါးပါဘုရား။ အဲဒီသစ္စာလေးပါး မြင်ချင်ရင် လေးကိုမြင်ချင်ရင် **"လေးကိုမြင်လို များလူမိုက် လေးကို ကျင့်ရမြဲ"**၊ လေးကိုမြင်ချင်တဲ့ များလူမိုက်တို့သည် လေးကိုကျင့်ရမယ်တဲ့၊ အဲဒီလေးက ဘာတုန်းလို့ဆိုရင်ဖြင့် ခုနက နိမိကဏ္ဍသုတ်နဲ့ပြောရင် ဒါနကိုကျင့်ရမယ်, သီလကိုထိန်းရမယ်, သတိပဋ္ဌာနသုတ်တော်နဲ့ ပြောရင် ကာယာနုပဿနာ, ဝေဒနာနုပဿနာ, စိတ္တာနုပဿနာ, ဓမ္မာနုပဿနာပွားရမယ်၊ မသေချာဘူးလားပရိသတ်? သေချာပါတယ် ဘုရား။ ဒါဖြင့် ဆိုလိုက်စမ်းပါ—

❖ **လေးကိုမြင်လို, များလူမိုက်, လေးကိုကျင့်ရမယ်။**

အဲ လေးကိုကျင့်ရမယ်ဆိုတာ ဒါန–စွန့်ကြဲပေးကမ်း လှူဒါန်းမှုကိုပြုနေပြီ၊ သီလငါးပါးရှစ်ပါးစတဲ့ သီလတွေကို ထိန်းနေပြီ၊ ဘုရား အာရုံ ဘုရားဂုဏ်တော်

အာရုံပြုခြင်း၊ မေတ္တာပို့ခြင်းအစရှိတဲ့ သမထဘာဝနာကို ပွားနေပြီ၊ ဝိပဿနာဘာဝနာ ရှုပွားပြီးတော့နေခဲ့ပြီဆိုရင် လေးကိုလိုလို့ လေးကိုကျင့်နေတာ ဖြစ်လေသောကြောင့်၊ တစ်နည်းပြောရင် ခုနကပြောတဲ့ "ကာယဝေဒနာ. စိတ္တံပါ" ဆိုတဲ့ သတိပဋ္ဌာန် တရားလေးပါး ရှုပွားပြီးတော့နေခဲ့ရင်၊ ပရိသတ်ကြီး လေးကိုကျင့်ရာ မရောက်ဘူးလား? ရောက်ပါတယ်ဘုရား။

အဲဒီလိုအားဖြင့် လေးကို လိုတဲ့ များဗိုလ်လူတို့သည် လေးကိုကျင့်ကြံကြိုးကုတ် အားထုတ်ရမှာ ဖြစ်လေသောကြောင့် အခု အလှူ့ဒကာကြီးဦးညိမ်+အလှူ့အမကြီး ဒေါ်စိန်ဆင်တို့က အရေးကြီးတဲ့ ကြောက်ရမည့်လေးကို လည်းကောင်း၊ အရေးအကြီးဆုံးဖြစ်တဲ့ သိရမည့်သစ္စာလေးပါးကိုလည်းကောင်း၊ အာရုံ ပြုကြပြီးသကာလ၊ လဆန်း(၄)ရက် လဆုတ်(၄)ရက်ဆိုတဲ့ ဤနှစ်ပက္ခ အလှူပွဲကြီးကို ဆင်နွဲကျင်းပခြင်းဖြင့်၊ စံပြနမူနာတင်ရတဲ့ မိသားစုလို့ ဆိုလိုက်ရင် ပရိသတ် မှားပါ့မလား? မမှားပါဘုရား။

သံသရာထဲမှာ ကျင်လည်ပြီးတော့ ဘုန်းကြီးတို့တတွေ လာကြတာ၊ သားရယ်သမီးရယ်. သားသမီးနဲ့မိဘရယ်. ဆရာနဲ့တပည့်ရယ်. မိတ်ဆွေသင်္ဂဟ အချင်းချင်း၊ မင်းစိုးရာဇာနဲ့တိုင်းသူပြည်သားရယ်လို့ အဲလို တွေ့ကြကြုံကြဆုံကြတဲ့ နေရာမှာ၊ အဲဒီလို စံပြအဖြစ်မျိုးမှ အားမထုတ် နိုင်သေးသမျှ သူများ နည်းတူ သူ့မူမပျက် သူထက်မသာသေးသမျှ နိဗ္ဗာန်မင်္ဂဖိုလ်ဆိုတဲ့ တရားဖြင့် သစ္စာလေးပါး တရားကို သိခြင်း မြင်ခြင်းဆိုတဲ့ အကျိုးထူးတရား ရကြဖို့ရာ ဝေးသေးတယ်လို့ သိစေချင်လို့–

**သံသာရမှာ သာမညေန. နမုဗ္ဗေယျ တဟိံတဟိံ၊**
**ဂတိံဂတိံ ဘဋ္ဋနတ္တာယ. သဋ္ဌယဿထ ပါရမိံ။**

တဟိံ တဟိံ–တွေ့ကြဆုံကြ ဘုံဝဘဝယ်. ကြုံရလေတောင်း သောင်းပြောင်းအာရုံ. အဖုံဖုံ၌။ သာမညေန–သူများနည်းတူ. သူ့မူ မပျက်. သူ့ထက်မသာ. လိမ္မာဟန်မျှ. စံမပြလောက်သေးပါမူကား။ သံသာရမှာ–

မဟာဗြဟ္မေ့ လျှာကုဋေဖြင့်. ရှာဖွေမှန်းဆ. ဂဏန်းပြဖို့. နှမ်းမျှမလွယ်. တကယ်မှန်စွာ. မကြံသာသည့်. သံသရာခရီး. ကန္တာရ ကြီးမှ။

ဘုန်းကြီးတို့တတွေ အခု ဒကာဦးညိမ်တို့+ဒကာမဒေါ်စိန်ဆင်တို့တတွေ ကျင်လည်လာခဲ့တဲ့ သံသရာကြီးသည် မည်မျှလောက် ရှည်လျား ပါသလဲလို့ဆိုရင်၊ အဲဒီ ရှည်လျားတဲ့အဖြစ်ကို လူသာမန်က တွက်တာကို မဆိုထားနဲ့ သာမန်လူက တွက်ပြတာကို မဆိုထားနဲ့၊ ဟို—အထက် မိုးကောင်းကင်က ဗြဟ္မာကြီးတွေ ကုဋေပေါင်းများစွာသော ဗြဟ္မာကြီးတွေ ဆင်းလာကြပြီးသကာလ၊ ဥပမာဆိုပါတော့ ဒကာကြီးဦးညိမ်ရဲ့ ကျင်လည် ပြီးတော့လာခဲ့ရတဲ့ ဘဝတွေနဲ့ ရုပ်နာမ်ခန္ဓာတွေ အထပ်ထပ်ဖြစ်ခဲ့တာတွေကို ဗြဟ္မာကြီးတွေက၊ ကိုင်း ငါတို့ ဆင်းပြီးတော့ ရေပြမယ်ဟေ့၊ ဦးညိမ်ရဲ့ သံသရာကျင်လည်လာပုံကို ဒို့ ဘယ်ကစပြီးတော့ ဘယ်ဆုံးတယ်ဆိုတာ ရေတွက်မယ်ဟေ့လို့ ဆိုပြီးတော့တဲ့–

မဟာဗြဟ္မေ့ လျှာကုဋေဖြင့်၊ ဗြဟ္မာမှ တစ်ယောက်မဟုတ်ဘူး တစ်ကုဋေလောက် ဗြဟ္မာတွေ ဆင်းလာပြီးတော့၊ တစ်ယောက်က ဒကာဦးညိမ်ရဲ့ ရုပ်နာမ် ခန္ဓာအစကစပြီးတော့ ငါကရေမယ်ဟေ့ ဆိုပြီးတော့ (၁. ၂. ၃. ၄. ၅. ၆) နဲ့ ရေလိုက်တာ၊ သူ တော်တော်မော‌ သွားတော့ နောက်ဗြဟ္မာက ဆက်ပြီးတော့ ရေတွက်တယ်၊ နောက် သူမောတော့ တတိယဗြဟ္မာက ဆက်ပြီးတော့ရေတွက်တယ်၊

အဲဒီလိုနဲ့ မဟာဗြဟ္မေ့ လျှာကုဋေဖြင့်. ရှာဖွေမှန်းဆ. ဂဏန်းပြဖို့. နှမ်းမျှမလွယ်။ သတ္တဝါတစ်ယောက်ရဲ့ သံသရာကျင်လည်လာခဲ့တဲ့ ဘဝ အဆက်ဆက်နဲ့ ရုပ်နာမ်ခန္ဓာကိုယ် အဲဒီဗြဟ္မာကြီးတွေ သွက်သွက်လက်လက် လျှာနဲ့ရေတွက်တတ်တဲ့ ဗြဟ္မာကြီးတွေ တစ်ကုဋေလောက် ဆင်းပြီးတော့ ရေတွက်တာသည်ပင်လျှင်၊ သတ္တဝါ တစ်ယောက်ရဲ့သံသရာ မဆုံးပါလို့ဆိုတော့၊ ပရိသတ် သံသရာကြီးက မရှည်ဘူးလား? ရှည်ပါတယ်ဘုရား။ အဲသလောက် ရှည်လျား လာတဲ့အပြင်၊ နောက်လဲပဲ ဆက်ဆက်ပြီးသကာလ မဂ်ဖိုလ်နိဗ္ဗာန် မရသမျှ ရဟန္တာယောက်ျား ရဟန္တာမ မဖြစ်သမျှ မရှည်ပေဘူးလား? ရှည်ပါတယ် ဘုရား။

မဟာမြဖွေ့, လျှာကုဋ္ဌေဖြင့်, ရာဇဖွေမှန်းဆ, **ဂဏန်း ပြဖို့** နှမ်းမျှမလွယ်, တကယ်မှန်စွာ, မကြွသာသည့်, သံသရာ**ခရီး, ကန္တာကြီးမှ**။ **သာမညေန–** သူများနည်းတူ သူ့မှုမပျက်, သူ့ထက်မသာ, **လိမ္မာဟန်မျှ, စံမပြ**လောက်သေး ပါမှုကား။ သူများထက်သာအောင်, သူများထက်ထူးအောင်, လိမ္မာဟန်မျှ စံပြဖြစ်အောင်မှ မလုပ်နိုင်သေးသမျှ။ ဘုန်းကြီးတို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးများလက်ထက် ရဟန္တာ ယောက်ျား ရဟန္တာမတွေဖြစ်သွားပြီဆိုမှဖြင့် တေဒဂ်ရတယ်။ တေဒဂ် တေဒဂ်ဆိုတာ စံပြဖြစ်တာပဲ၊

အဲဒီလိုအားဖြင့် တရားထူး တရားမြတ်ကို ရဖို့ရာအတွက် ဟိုဘက်နည်းနဲ့သော်၎င်း၊ ဒီဘက်နည်းနဲ့သော်၎င်း၊ စံပြဖြစ်အောင် ဒါနနည်းနဲ့သော်၎င်း၊ သီလနည်းနဲ့သော်၎င်း၊ သမထ နည်းနဲ့သော်၎င်း၊ ဝိပဿနာနည်းနဲ့သော်၎င်း၊ တစ်နည်းနည်းသောနည်းနဲ့၊ တစ်နည်းပြောရင် ပါရမီ (၁၀) ပါးတို့တွင် တစ်ပါးပါးသောနည်းနဲ့ စံပြဖြစ်အောင် မပြုနိုင်ကြသေးရင်၊ ယနေ့ (၄) ရက် ဘုံလောင်း၊ (၄) ရက် ဘုံလောင်းလို့ နာမည် သာသနာလောက သံဃာတော် လောကနယ်မှာ မြန်မာနိုင်ငံအနှံ့ ပြန့်ပြီးတော့ သွားသလောက် ဖြစ်ခဲ့တာ ဖြစ်လေသောကြောင့် ကျော်ကြားနေတာ ဖြစ်လေသောကြောင့်၊ ဤ ဒကာဦးညိမ်းတို့+ဒကာမဒေါ်စိန်ဆင့်တို့ ပြုလိုက်တဲ့ အမှုသည် သာသနာ့ဝန်ထမ်း လောကမှာဖြင့် ပရိသတ်ကြီး စံပြမဖြစ်ဘူးလား? ဖြစ်ပါတယ်ဘုရား။

အဲဒီလိုစံပြဖြစ်အောင် သူတို့ စားမည့်သောက်မည့်ထဲက ခွဲခြမ်း စိတ်ဖြာပြီးတော့ မလှူခဲ့ရဘူးလား? လှူခဲ့ရပါတယ်ဘုရား။ သူတို့ ဝတ်မည့် စားမည့်ထဲက သားတွေသမီးတွေ ဆင်မည့်ထဲက ခွဲခြမ်း စိတ်ဖြာပြီးတော့ သံဃာတွေကို မမျှခဲ့ရဘူးလား? မျှခဲ့ရပါတယ်ဘုရား။ နေဖို့ရာ တိုက်တာ အဆောက်အအုံတွေနဲ့နေရင် ဖြစ်ပါရဲ့သားနဲ့ မနေသေးပဲနဲ့ သံဃာတွေကို မျှပြီးတော့ မကျွေးခဲ့ရဘူးလား? ကျွေးခဲ့ရပါတယ်ဘုရား။ ဒါဖြင့် စံပြလို့ မဆိုထိုက်ဘူးလား? ဆိုထိုက်ပါတယ်ဘုရား။

တဟဲတဟဲ–တွေ့ကြ ဆုံကြ, ဘုံဘဝဝယ်, ကြုံရလေတောင်း, သောင်းပြောင်းအာရုံ, အဖုံဖုံ၌။ သာမညေန–သူများနည်းတူ, သူ့မှုမပျက်,

သူ့ထက်မသာ, လိမ္မာဟန်မျှ, စံမပြလောက်သေးပါမူကား။ သံသာရမှာ–မဟာပြဟွေ, လျှာကုဋေဖြင့်, ရှာဖွေမှန်းဆ, ဂဏန်းပြဖို့, နှမ်းမျှမလွယ်, တကယ်မှန်စွာ, မကြုံသာသည့်, သံသရာခရီး, ကန္တာ ကြီးမှ။ နမုစေ့ယျ–ဘုန်းစက်ချွန်, သမ္မာမွန်သဖြင့်, တံခွန်ဆောက်ကိုင်, မလွှန်မြောက်နိုင်သေးရာ။ အမုတ္တတ္တာ–လွတ်ဖို့ ဝေးရဲ့, မတွေးနဲ့တော့, ဘေးတကယ်စုံ, အပုံဖာတ်ပြား၍, ထပ်မနား အပါယ်ခရီး၌, တလည်တည်းလည်ရ အုန်းမည့်အရေးကြောင့်။ ဂတိ ဂတိ–ဒေဝမနုဿနိရယနှင့်, ပေတတိရစ္ဆာန်, လားရန်အရှိ, ငါးတန် ဂတိကို။ ဘဥ္စနုတ္တာယ–ကောင်းရာမြန်းလင့်, စခန်းတင့်လည်း, ငြိမ်းဖြင့် တက်ပြီး, ငြိမ်းဖျက်နည်းသို့, ဖျက်ဆီးလွန်မြောက်, နိဗ္ဗာန်ရောက်ဖို့ အကျိုးငှာ။

အခု ဒကာဦးညိမ်တို့ ဒကာမဒေါ်စိန်ဆင်တို့က သူတို့ရဲ့ ရရှိထားတဲ့ လူ့ဘဝ လူ့ခန္ဓာ၊ ရရှိထားတဲ့စည်းစိမ်း၊ ရရှိထားတဲ့ သား သွီး မြေးမြစ်တွေကို ငြိမ်းအဖြစ်နဲ့ဆင်ပြီးတော့ တက်နေကြခြင်း....တဲ့။ ငြိမ်းဆင်တက်နေတာ။ ကိုယ် ရထားတဲ့ လူ့ဘဝ လူ့ခန္ဓာဟာ သုဂတိ ဘဝ, သုဂတိခန္ဓာ ရထားတယ်လို့ ဆိုရသော်လည်းပဲ၊ ဒုက္ခသစ္စာသဘော ဤဒုက္ခသစ္စာသဘောဖြစ်တဲ့ ရုပ်နာမ် ခန္ဓာထဲကနေပြီးသကာလ ဒါန, သီလ, သမထ, ဝိပဿနာဆိုတဲ့ ကုသိုလ် ကောင်းမှုတွေပြုပြီးတော့ လူ့ဘဝ လူ့ခန္ဓာ အသုံးချ၊ ရရှိထားတဲ့စည်းစိမ်းတွေကို အသုံးချပြီးတော့ ပြုခြင်းဖြင့် ငြိမ်းဆင်ပြီးတော့ တက်တတ်ရတယ်တဲ့၊ ကိုယ့်ခန္ဓာ လေးကို ငြိမ်းဖြစ်စေရတယ်၊ ပရိသတ် ငြိမ်းဆိုတာ အထက်ကိုတက်တာလား, အောက်ဆင်းတာလား? အထက်တက်တာပါဘုရား။ ဘုရားတည်တဲ့အခါများ ငြိမ်းမဆင်ကြဘူးလား? ဆင်ရပါတယ်ဘုရား။ အဲဒီလို အထက်တက်သွား အထက်တက်သွားပြီးတော့ ဘုရားပြီးတဲ့အခါကျတော့ ဒီငြိမ်းကို မဖျက်ရဘူးလား? ဖျက်ရပါတယ်ဘုရား။

အဲဒီလိုပဲ မိမိတို့ရရှိထားတဲ့ လူ့ဘဝ လူ့ခန္ဓာရရှိထားတဲ့ စည်းစိမ်း ဥစ္စာတွေကို ငြိမ်းအဖြစ်နဲ့ နင်းတက်ပြီးတော့ မဂ်ဖိုလ်နိဗ္ဗာန် ကျွတ်တန်း ဝင်အောင် စခန်းပေါက်အောင် ရောက်အောင် ကျင့်ဆောင် နိုင်ရတယ်လို့၊ ဂတိ ဂတိ–ဒေဝမနုဿ, နိရယနှင့်, ပေတတိရစ္ဆာန်, လားရန်အရှိ, ငါးတန် ဂတိကို။

ဘဋ္ဋနတ္တာယ–ကောင်းရာမြန်းလင့်, စခန်းတင့်လည်း, ငြိမ်းဖြင့် တက်ပြီး, ငြိမ်းဖျက်နည်းသို့, ဖျက်ဆီးလွန်မြောက်, နိဗ္ဗာန်ရောက်ဖို့ အကျိုးငှာ။ ပါရမီ–နိဗ္ဗာန်နန်းခွင်, စခန်းဝင်ဖို့, လမ်းစဉ်အကျ, ဒါနစသည်, ပါရမီကျိုး, ကောင်းမှုမျိုးကို။ သဋ္ဌယသဿထ–တစ်မြင့်တဲ့မြင့်, ဆင့်ကဲတင့်ဖို့ အသင့်မကွာ, ချင့်စာတိုးပွား, တစ်မျိုးအားဖြင့်။ ကြိုးစားဖြည့်ကျင့် လိုက်ကြကုန်ရာသတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

ယနေ့ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ကလည်း တရားတော်ကို နာကြားကြရတဲ့ ကုသိုလ်ကောင်းမှုစေတနာ အစုတို့ကြောင့်၊ အပါယ်လေးပါးလို့ခေါ်တဲ့ လေးမှလွတ်ရာလွတ်ကြောင်း ဒါန, သီလ, သမထ, ဝိပဿနာ လေးဖြာသောကောင်းမှုတို့ကို နှစ်စဉ် ကြိုးပမ်းအားထုတ် ဖြည့်ကျင့်နိုင်ကြပါစေကုန်သတည်း၊ တစ်နည်း အပါယ်, လူ, နတ်, ဗြဟ္မာဆိုတဲ့ (၃၁)ဘုံ ရုပ်နာမ်ခန္ဓာမှ လွတ်ကြောင်းဖြစ်တဲ့ သတိပဋ္ဌာန်တရားလေးပါးကို ပွားများမယုတ် အားထုတ်နိုင်ကြ ကုန်သည်ဖြစ်၍၊ ဘုရားရှင်အဆူဆူတို့ မြင်တော်မူအပ်တဲ့ လေးပါးသော သစ္စာတရားတို့ကို၊ ပစ္စေက ဗုဒ္ဓါအဆူဆူ မြင်တော်မူအပ်တဲ့ လေးပါးသော သစ္စာတရားတို့ကို၊ ရဟန္တာယောက်ျား ရဟန္တာမမှစ၍ အရိယာ သူတော်ကောင်းမှန်သမျှ မြင်တော်မူအပ်တဲ့ လေးပါးသော သစ္စာတရားကို ဉာဏ ဉာဏ်ကိုယ်ဖြင့်ပင်၊ (သို့မဟုတ်) ဝေဒနာဝတိုတိုဖြင့်ပင် လျင်မြန်သောစွာ မြင်ကြရ ရကြရ ရောက်ကြရပါလိုကုန်သောဟူ၍ ပတ္ထနာ အောင်ဆု ပြုကြကုန်ရာသတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

# "နိဓိကဏ္ဍသုတ္တန်"
# ရွှေအိုးမြှုပ်နည်းတရားတော်

**စေတိယမှိ စ သံဃေဝါ, ပုဂ္ဂလေ အတိထိသုဝါ၊**
**မာတရိ ပိတရိ စာပိ, အထော ဇေဋ္ဌမှိ ဘာတရိ။**

စေတိယမှိစ–ပူဇော်ဖွယ်အလီလီ စေတီသမိုက်, ဘုရားမြတ်စွာဆိုတဲ့ ရတနာဘဏ္ဍာတိုက်ကြီး၌ငှင်း။ သံဃေဝါ–ပရမတ္ထ သမ္မုတိ မည်ရှိနှစ်ဖြာ သညာသမိုက် သံဃာဆိုတဲ့ ရတနာဘဏ္ဍာတိုက်ကြီး၌ငှင်း။ ပုဂ္ဂလေဝါ–မိမိတို့ကြည်ညို မှီခိုအားထား ကိုးစားရာသမိုက် ပုဂ္ဂိုလ်ဆိုတဲ့ ရတနာဘဏ္ဍာတိုက်ကြီး၌ငှင်း။ အတိထိသုဝါ–ကိစ္စကြီးငယ် အသွယ်သွယ်ဖြင့် အိမ်ဝယ်ရောက်လာ မိမိနေရာကိုရောက်လာ သညာသမိုက် ဧည့်သည်ဆိုတဲ့ ရတနာဘဏ္ဍာတိုက်ကြီးတို့၌ငှင်း၊ မာတရိစာပိ–မြင့်မိုရ်တောင်ဦး မကကျူးသည့် ကျေးဇူးအရှင် မွေးမိခင်ဟု ခေါ်တွင်သမိုက် မိခင်ဆိုတဲ့ ရတနာဘဏ္ဍာတိုက်ကြီး၌ငှင်း။ ပိတရိစာပိ–မြင့်မိုရ်တောင်ဦး မကကျူးသည့် ကျေးဇူးအရှင် မွေးဖခင်ဟု ခေါ်တွင်သမိုက် ဖခင်ဆိုတဲ့ ရတနာဘဏ္ဍာတိုက်ကြီး၌ငှင်း။ အထောပိ–ထိုမှတစ်ပါးလည်း။ ဇေဋ္ဌမှိ ဘာတရိ–မိဘအရာ တည်ရှိပါသည့် နှစ်ဖြာ အကို–အမ ခေါ်ရ သမိုက် အစ်ကိုကြီး အစ်မကြီးဆိုတဲ့ ရတနာဘဏ္ဍာတိုက်ကြီး၌ငှင်း။ နိဓေယော–အရိပ်ပမာ သွားရာပါ၍ ချမ်းသာဆောင်ပို့ ရတနာရွှေအိုး ငွေအိုးတို့ကို၊ သုနိဟိတာ ဟောန္တု–ကောင်းစွာမသွေ မြှုပ်နှံသင့်ကြပေကုန်သတည်း။

ယနေ့ မြန်မာကောဇာသက္ကရာဇ် ၁၃၄၄–ခုနှစ် တပို့တွဲလဆန်း (၁၅) ရက် တပို့တွဲလပြည့်နေ့မှာ မန္တလေးမြို့ မဟာဗောဓိ ဝိပဿနာ ရိပ်သာကြီးအတွင်းရှိ ဉာဏမွှာရုံကြီး၌ ကျင်းအပ်သော ဉာဏမွှေသဘင် တရားပွဲသည်ကား၊ မဟာဗောဓိ

---

ဝိပဿနာရိပ်သာကြီးရဲ့ တရားပြဆရာ ဖြစ်တဲ့ ဆရာဦးမြင့်စိန်၏ အသက် (၅၉) နှစ်ပြည့် မွေးနေ့မင်္ဂလာကို အကြောင်းပြုပြီးသကာလ (၁၀) ကြိမ်မြောက် (၁၀) နှစ်မြောက် ဓမ္မသဘင် ဆင်ယဉ်ကျင်းပရင်း မိမိပြုလုပ်အားထုတ်ထားခဲ့တဲ့ ကုသိုလ်ကောင်းမှု အစုစုတွေကို ရေစက်သွန်းချ အမျှဝေတဲ့ပွဲတဲ့၊

ဒီတော့ နံပါတ် (၁) အနေနဲ့ ပြီးခဲ့တဲ့ တပို့တွဲလွှန်း (၁၄) ရက်နေ့က ဤမဟာဗောဓိ ပဋိပတ္တိ သာသနာ့ဗိမာန်တော်ကြီး၌ သီတင်းသုံးနေထိုင်တော်မူသော ဗုဒ္ဓမြတ်စွာအား မြသပိတ်တော်, ထီးဖြူတော်, လျှပ်စစ်မီး ရောင်စုံတို့ဖြင့် ပူဇော်ထွန်းညှိခြင်း, ဆွမ်းတော်ပွဲများ ပြင်ဆင်စီမံခြင်း။ နံပါတ် (၂) အနေနဲ့ ၎င်း တပို့တွဲလွှန်း (၁၄) ရက်နေ့ညနေမှာ၊ ထိုထိုဤဤ အရပ်ဒေသမျိုးစုံမှ ဤမဟာဗောဓိဝိပဿနာ ရိပ်သာသို့ ကြွရောက်လာကြပြီးသကာလ တရားဘာဝနာအလုပ်ကို အားထုတ်နေကြသော ယောဂီသူတော်စင်တို့အား၊ စတုမဓုလို့ ခေါ်တဲ့ ဆေးပစ္စည်းတို့ဖြင့် ကျွေးမွေးလှူဒါန်းခြင်း။

နံပါတ် (၃) အနေနဲ့ တပို့တွဲလပြည့်နေ့ ယနေ့ နံနက် (၇) နာရီ အချိန်က စပြီးသကာလ ဤဗိမာန်တော်အတွင်းဝယ် သီတင်းသုံးနေတော်မူတဲ့ ဘုရားရှင်ကိုယ်တော်မြတ်အား, အားလုံးသော ယောဂီသူတော်စင် အပေါင်းတို့နှင့် ညီညာဖြဖြ စုပေါင်းကြပြီးလျှင်၊ ပြင်ဆင်ထားအပ်သော အမျိုးမျိုးသော မွန်မြတ်လှစွာသော ဆွမ်း ခဲဖွယ် ဘောဇဉ် ချိုချဉ်အရသာ သစ်သီးဆွမ်း အစရှိသည်တို့ဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်ကြခြင်းဆိုတဲ့ အာမိသပူဇာ၊ ထိုအာမိသပူဇာမျှမက ထိုယောဂီသူတော်စင်တို့နှင့်တကွ ဘုရားရှင် အနှစ်သက်ဆုံး ပူဇော်မှုလို့ခေါ်တဲ့ တရားဘာဝနာအလုပ် ပွားများအားထုတ်ခြင်းဆိုတဲ့ ဓမ္မပူဇာ၊ ဤပူဇာ (၂) ပါးတို့ဖြင့် ပူဇော်ကြခြင်း။

နံပါတ် (၄) ယနေ့အချိန် ယခုအချိန်မှာ ဤဓမ္မဗိမာန်တော် အတွင်း၌ ယောဂီသူတော်စင် အပေါင်းတို့ အားထုတ်နေဆဲဖြစ်တဲ့ တရားဘာဝနာအတွက် သံပဂ္ဂဟလို့ ခေါ်တဲ့ ချီးမြှောက်မှု၊ အာရုံထားနိုင်မှု၊ စိတ်ကို တည့်မတ်အောင် ပြုစွမ်းနိုင်မှုအတွက် ဘုရားရှင် ဓမ္မက္ခန္ဓာ တရားတော်တည်းဟူသော ပဲ့ထိန်းဖြင့်

ထိန်းပေးခြင်း၊ တရားတော် တည်းဟူသော မြတ်စွာဘုရား တရားတော်ဖြင့် မြှင့်တင်ပေးခြင်းဆိုတဲ့ ဓမ္မပူဇာ.....တဲ့၊ ဓမ္မသဘင် တရားပွဲ ဆင်ယင်ကျင်းပခြင်း။

နံပါတ်(၅)အနေနဲ့ ဒီနှစ် ထူးလာတာက တပို့တွဲလပြည့်ကျော် (၂)ရက်နေ့မှာ မိုးကုတ်မြို့ သတိပဋ္ဌာန်ကျောင်းတိုက် စာချဆရာတော် ဓမ္မာစရိယ ဦးသောကအား ပရိက္ခရာ (၈)ပါးတို့ဖြင့် တန်ဆာဆင်ပြီး သကာလ ယခု တရားပြဆရာ ဆရာဦးမြင့်စိန်က မြဲရာသံပတ် မြတ်ရာ အထွဋ်တင်ဆိုသကဲ့သို့၊ ထိုဦးသောက ထိန်းသိမ်းစောင့်ရှောက်နေတဲ့ ဓမ္မက္ခန္ဓာ သီလသိက္ခာတော် ကုဋေကိုးထောင်ကျော်ဆိုတဲ့ သိက္ခာသီလတော်တွေ ဖြူစင်သထက်ဖြူစင်၊ သန့်ရှင်းသထက် သန့်ရှင်း၊ မြင့်မြတ်သထက် မြင့်မြတ်အောင် ပရိက္ခရာ ထပ်မံ လှူဒါန်းပြီး သကာလ သိက္ခာတင် ရဟန်းပြု၍ ပူဇော်ခြင်းဆိုတဲ့ ကုသိုလ်မင်္ဂလာ။ အဲဒီ မင်္ဂလာတွေကို ပြုလုပ်အားထုတ်တယ်.....တဲ့၊

ဒီတော့ အဲဒီ ကုသိုလ်မင်္ဂလာတွေ အားထုတ်တဲ့ပွဲမှာ ဒီနေ့ ဘုန်းကြီးက, နိဓိကဏ္ဍ သုတ်တော်မှာ ဘုရားရှင်ကိုယ်တော်မြတ် ဟောတော်မူတဲ့၊ လောကီ စီးပွားဖြင့် ကြီးပွားချမ်းသာလိုတဲ့ အမျိုးကောင်း သား, အမျိုးကောင်း သမီးအပေါင်း သူတော်ကောင်းတို့သည်၊ မိမိတို့ရဲ့ လောကီရွှေရတနာ, ငွေရတနာ, ကျောက်သံ ပတ္တမြားစတဲ့ ရတနာတွေကို သေတ္တာတွေထဲ သံသေတ္တာတွေထဲ ထည့်ပြီးတော့စ၊ အသားသေတ္တာတွေထဲ ထည့်ပြီးတော့သိမ်း၊ မီးခံသေတ္တာကြီးတွေထဲမှာ ထည့်ပြီးတော့စ၊ ဘဏ္ဍာတိုက် ကြီးတွေထဲမှာ ထည့်ပြီးတော့ သိမ်းဆည်းကြသလို ....တဲ့၊ သိမ်းဆည်းရသလို၊ မင်္ဂဖိုလ်နိဗ္ဗာန်ထိအောင် မြင့်ခေါင်ကြီးထွား လောကုတ္တရာ စီးပွားဖြင့် ကြီးပွားချမ်းသာလိုကြတဲ့ အမျိုးကောင်းသား အမျိုးကောင်း သမီးအပေါင်း သူတော်ကောင်းတို့သည်လည်း ပါရမီ ကုသိုလ်ဆိုတဲ့ ရတနာရွှေအိုး ငွေအိုး ရတနာအိုးကြီးတို့ကို မြှုပ်နှံ သိမ်းဆည်းထိုက်တဲ့ ရတနာဘဏ္ဍာတိုက်ကြီး (၇)တိုက်ရှိတယ်လို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က ခုဒ္ဒကနိကာယ်ဝင် ခုဒ္ဒကပါဌ ပါဠိတော် နိဓိကဏ္ဍသုတ်တော် ဒေသနာတော်မှာ ဆုံးမတော်မူခဲ့ပါသည်။

ဒါကြောင့် ယနေ့ ဆရာဦးမြင့်စိန် ဒီနေ့လုပ်တဲ့အလုပ်သည် ဘာတွေကို ပြုလုပ်အားထုတ် နေပါသလဲလို့ နိမိကဏ္ဍသုတ်တော် ဒေသနာတော်သွားနဲ့ ကြည့်ခဲ့ရင် နိမိကဏ္ဍသုတ်တော် ဒေသနာရှု့ဒေါင့်နဲ့ ကြည့်ခဲ့ရင်ဖြင့်၊ ယနေ့ ဆရာ ဦးမြင့်စိန်သည် ဘဏ္ဍာတိုက်ကြီး (၄)တိုက်ထဲမှာ ရတနာအိုး ရွှေအိုး ငွေအိုးတွေကို ထည့်သွင်း မြှုပ်နှံနေတဲ့နေ့လို့ ဆရာဦးမြင့်စိန်ကို အကြောင်းပြုပြီး သကာလ ရောက်လာကြတဲ့ ယောဂီ သူတော်စင်အပေါင်းတို့ကလည်းပဲ ငါတို့သည် ဒီနေ့ ထည့်သွင်းသိမ်းပိုက်ထိုက်တဲ့ ဘဏ္ဍာတိုက်ကြီး ဒို့လည်းပဲ တတ်နိုင်သမျှ ထည့်သွင်း သိမ်းပိုက်နေကြတယ်လို့ ဟောဒီလို အာရုံပြုထားပါ။

ဒီတော့ မင်္ဂိုလ်နိဗ္ဗာန်ထိအောင် မြင့်ခေါင်ကြီးထွား လောကုတ္တရာ စီးပွားနဲ့ ကြီးပွားချမ်းသာချင်တဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ၊ ကုသိုလ်ပါရမီဆိုတဲ့ ရတနာတွေကို ထည့်သွင်းသိမ်းပိုက်ထိုက်တဲ့ ရတနာဘဏ္ဍာ တိုက်ကြီး (၇)တိုက်လို့ ဆိုတာ ဘယ်သူတွေတုန်းလို့ဆိုရင်၊ ဘုရားရှင် ကိုယ်တော်မြတ်က–

စေတိ ယမိုစ–ပူဇော်ဖွယ်အလီလီ စေတီသမိုက် ဘုရားမြတ်စွာ ရတနာဘဏ္ဍာ တိုက်ကြီး၌ရင်းတဲ့။ လောကီစီးပွား ကြီးပွားချမ်းသာချင်ကြတဲ့ အမျိုးသား အမျိုးသမီးများဟာ စုရတာပဲ ရတနာတွေ၊ အဝတ် ချမ်းသာချင်တယ်, အစားချမ်းသာချင်တယ်, အနေချမ်းသာချင်တယ်ဆိုရင် ဘဏ္ဍာတိုက်ကြီး တွေထဲမှာ အပ်ပြီးတော့သိမ်းတယ်၊ မြေထဲမှာမြှုပ်ပြီးတော့ သိမ်းတယ်၊ အဲသလိုပဲတဲ့ မင်္ဂိုလ်နိဗ္ဗာန်ထိအောင် ကြီးပွားချမ်းသာလိုတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ သိမ်းဆည်းရမည့် ဘဏ္ဍာတိုက်ကြီးဆိုတာ ဘုရားမြတ်စွာ ရတနာဘဏ္ဍာတိုက်ကြီး။ မြတ်စွာဘုရားဆိုတာဟာ ရတနာဘဏ္ဍာတိုက်ကြီး တစ်တိုက်ပါပဲ၊ ဘဏ္ဍာတိုက်ကြီး တစ်တိုက်ပါပဲ။

နံပါတ် (၂)က ဘာတုန်းလို့ဆိုတော့–သံဃေဝါ–ပရမတ္ထသမ္မုတိ မည်ရှိ နှစ်ဖြာ သညာသမိုက် သံဃာဆိုတဲ့ ရတနာဘဏ္ဍာတိုက်ကြီး၌ရင်း။ သံဃာ ဟာလည်း ဘဏ္ဍာတိုက်ကြီးတစ်တိုက်ပဲ၊ သံဃာဆိုတာ ပရမတ္ထ သံဃာ

သမုတိသံဃာလို့ သံဃာနှစ်မျိုးရှိတယ်၊ ပရမတ္ထသံဃာ ဆိုတာ အရိယာဖြစ်ပြီးသား ဖြစ်တဲ့ သံဃာတော်အရှင်သူမြတ်တွေ၊ သမ္မုတိသံဃာ ဆိုတာက ပုထုဇဉ် သံဃာတော်အရှင်မြတ်တွေ၊ ဘယ်သံဃာပဲဖြစ်ဖြစ် အဲဒီ သံဃာဆိုတဲ့ ရတနာဘဏ္ဍာတိုက်ကြီးထဲလည်း ထည့်သိမ်းလို့ ရတယ်....တဲ့၊ ရတယ်။

နံပါတ် (၁) က စေတီလို့ခေါ်တဲ့ ဘုရား၊ စေတီလို့ ဆိုလိုက်ရင်၊ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေက ရွှေတိဂုံတို့လို အိမ်တော်ရာတို့လို ဒီလိုစေတီကြီးကိုမှ စေတီခေါ်တယ်လို့ထင်နေတာ၊ စေတီဆိုတာ ဘုရားကိုပြောတာ၊ စေတီ ဆိုတဲ့ စကားကိုက ပူဇော်ဖွယ်ရာကို စေတီလို့ခေါ်တာ၊ ဒီတော့ ပူဇော်ဖွယ်ရာဟာ ဘုရားကိုပြောတာပဲ၊ အဲဒီ အိမ်တော်ရာတို့လို သကျသီဟတို့လို စေတီတော်ကြီး တွေလဲ စေတီလို့ခေါ်တယ်၊ ဆင်းတုတော် ရုပ်ပွားတော်တွေကိုလည်း စေတီလို့ ခေါ်တယ်၊ မြတ်စွာဘုရားရဲ့ ဓာတ်တော်တွေကိုလည်း စေတီလို့ခေါ်တယ်၊ မြတ်စွာဘုရားရှင်ရဲ့ ကျမ်းစာတွေ ကိန်းဝပ်နေတဲ့ စာအုပ်ကြီးတွေကိုလည်း စေတီလို့ ခေါ်တယ်၊ ဒီတော့ စေတီဆိုလို့ရှိရင်ဘုရားပဲ။

အဲဒီစေတီက (၄) မျိုးလောက် ကွဲပြားနေတာမို့လို့ ဓာတုစေတီ, ဥဒ္ဒိဿစေတီ, ဓမ္မစေတီ, ပရိဘောဂစေတီ ဒီလိုစေတီက (၄) မျိုး (၄) စား ကွဲနေတာ၊ အဲဒီ (၄) မျိုး (၄) စားလုံး အကုန်လုံးပါသွားတယ်၊ စေတီလို့ ဆိုလိုက်ရင်၊ ဒါကြောင့် မြတ်စွာဘုရားက စေတီနဲ့ စကားကို ကိုင်ပြီးတော့ ဟောလိုက်တာ၊ ဒီတော့ စေတီလို့ဆိုလိုက်သည်နှင့် တစ်ပြိုင်နက် ဘုရားကို ပြောလိုပါသည်၊ ဒီတော့ အဲဒီစေတီက ဓာတုစေတီဆိုတာ မြတ်စွာဘုရားရဲ့ ဓာတ်ကြွင်း ဓာတ်တော်တွေ၊ ဒါလည်း ပူဇော်ရတာပဲ၊ ဒါ့ကြောင့် သူ့ကို ဓာတုစေတီဘုရားပဲ၊ အမှန်ကတော့ အရိုးကြွင်းဓာတ်တွေ, ဓာတ်ကြွင်းတွေ၊ ဥဒ္ဒိဿစေတီဆိုတာကျတော့ အခု ရုပ်ပွားတော်တွေ, ထိုင်တော်မူပုံ, လျောင်းတော်မူပုံ, ရပ်တော်မူပုံ ဆိုတဲ့ ဆင်းတုတော်မြတ်တွေမှန်သမျှက ပရိသတ်ကြီး ဥဒ္ဒိဿစေတီတဲ့၊ ဥဒ္ဒိဿ-သက်တော်ထင်ရှား မြတ်စွာဘုရားကို ရည်စူးပြီးတော့၊ စေတီယ-ပူဇော်စရာဖြစ်တဲ့ ပူဇော်ဖွယ်ရာ၊ ဒါ့ကြောင့် ရုပ်ပွား ဆင်းတုတော်တွေကလည်း ရုပ်ပွားဆင်းတုတော်တွေကျတော့ဥဒ္ဒိဿစေတီလို့ ခေါ်တယ်။

ပရိဘောဂစေတီဆိုတာကျတော့ဘုရားရှင်ကိုယ်တော်မြတ် သုံးစွဲသွားတဲ့ သပိတ်တော်တို့ ရေစစ်တော်တို့ တောင်ဝှေးတော်တို့ သင်္ကန်းတော်တို့ ဖိနပ်တော်တို့ ကျောင်းဆောင်တော်တို့ဟာ ဒါ ပရိဘောဂစေတီလို့ခေါ်တယ်၊ ပရိဘောဂဆိုတာ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ အသုံးအဆောင်ဖြစ်တဲ့၊ စေတီက ပူဇော်စရာ၊ ဒီတော့ မြတ်စွာဘုရားက ကျောင်း သင်္ကန်း ဖိနပ် တောင်ဝှေးအစရှိသည်တွေကို လည်းပဲ ပူဇော်ထိုက်တယ်၊ ဒါ ဘုရားပဲ ဘုရားနဲ့စပ်နေတာ၊

ဓမ္မစေတီလို့ ဆိုတာကျတော့ ဘုရားရှင်ဟောတော်မူခဲ့တဲ့ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင် ဆိုတဲ့ တရားတော်မြတ်တွေ ကိန်းဝပ်နေရာဖြစ်တဲ့ စာအုပ်ကြီးတွေ၊ အမှန်ကတော့ မြတ်စွာဘုရားဟောတော်မူခဲ့တဲ့ တရားပေ့ါ၊ ကျောက်စာထဲ နေရင်လည်းပဲ အဲဒါ စေတီပဲ၊ စာအုပ်ထဲနေရင်လည်း စေတီပဲ၊ ပေချပ်ထဲ ရေးထားရင်လည်း စေတီပဲ၊ ပူဇော်စရာမို့ မဂ်ဖိုလ် နိဗ္ဗာန်ထိအောင် သတ္တဝါတွေရဲ့ အကျိုးကိုဆောင်တဲ့ စကားလုံးတွေမို့လို့ ပူဇော်ဖွယ်ရာတဲ့၊ သူကလည်း၊ ဒီတော့ စေတီဆိုတဲ့စကားဟာ ဘုရားပြောတာချည်းပဲ၊ အဲဒီ ဘုရား (၄) မျိုး ကွဲပြားနေငြားသော်လည်းပဲ အကုန်လုံး သိမ်းကြုံးမိအောင် ဘုရားရှင်ကိုယ်တော်မြတ်က၊ စေတိယမိုစ-ပူဇော်ဖွယ် အလီလီ စေတီသမိုက် ဘုရားမြတ်စွာ ရတနာဘဏ္ဍာတိုက်ကြီး၌ဌင်းလို့၊ အဲဒီ (၄) မျိုးလုံးသော ပူဇော်ဖွယ်ရာတွေဟာ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ ရတနာတွေသိမ်းပိုက်ဖို့ ဘဏ္ဍာတိုက်ကြီးပါပဲတဲ့၊

နောက် သံဃာဆိုတဲ့ဘဏ္ဍာတိုက်ကြီး သံဃေဝါ-ပရမတ္ထသမ္မုတိ မည်ရှိ နှစ်ဖြာ သညာသမိုက် သံဃာဆိုတဲ့ ရတနာဘဏ္ဍာတိုက်ကြီး၌ဌင်း။ (၂) နံပါတ်က သံဃာဆိုတဲ့ ရတနာဘဏ္ဍာတိုက်ကြီး ပရမတ္ထသမ္မုတိ မည်ရှိနှစ်ဖြာ ...တဲ့၊ အရိယာဂိုဏ်းဝင်ဖြစ်တော်မူကြတဲ့ ပရမတ္ထသံဃာနှင့်တကွ၊ ယခုလက်ရှိ သမ္မုတိ သံဃာတော်အရှင်မြတ်တွေ၊ ဒါ သံဃာဆိုတဲ့ ရတနာဘဏ္ဍာတိုက်ကြီး တွေပါပဲ....တဲ့။ သံဃာတော်တွေကို ရည်မှန်းပြီးတော့ ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးနဲ့ လှူဒါန်းနေတာ ဒါ သံဃာဆိုတဲ့ ရတနာဘဏ္ဍာတိုက်ကြီး ထဲ ထည့်သိမ်းတယ်....လို့ ခေါ်ပါတယ်။

နံပါတ်(၃)က ပုဂ္ဂလေဝါ–မိမိတို့ကြည်ညို မှီခိုအားထား ကိုးစားရာသမိုက် ပုဂ္ဂိုလ်ဆိုတဲ့ ရတနာဘဏ္ဍာတိုက်ကြီး၌ဌင်း။ နံပါတ်(၃) ဘဏ္ဍာတိုက်ကြီးက ဘာတုန်းလို့ဆိုတော့ ပုဂ္ဂိုလ်တဲ့၊ မိမိတို့ကြည်ညိုတဲ့ မှီခိုအားထားရာဖြစ်တဲ့ပုဂ္ဂိုလ်၊ မိမိတို့ သီလ သမာဓိ ပညာ မိမိထက် သာတယ်လို့ယူဆတဲ့ ဆရာတော်တွေ၊ အင်း–လူပုဂ္ဂိုလ်တွေ၊ မိမိတို့ရဲ့ ကျေးဇူးရှင်ဆရာသမားတွေ၊ လျှုတယ်တန်းတယ် ကိုးကွယ်ဆည်းကပ်တယ်၊ အဲဒါ ပုဂ္ဂိုလ်ဆိုတဲ့ဘဏ္ဍာတိုက်ကြီး တစ်တိုက်ပါပဲတဲ့။

နံပါတ်(၄)က အတိထိသုဝါ–ကိစ္စကြီးငယ် အသွယ်သွယ်ဖြင့် အိမ်ဝယ် ရောက်လာ မိမိတို့နေရာဌာနသို့ ရောက်လာသည့် သညာသမိုက် ဧည့်သည်ခေါ်တဲ့ ရတနာဘဏ္ဍာတိုက်ကြီး၌ဌင်း။ ဧည့်သည်ဟာလည်းပဲ ဘဏ္ဍာတိုက်ကြီး တစ်တိုက် ပဲတဲ့၊ မိမိအိမ်မှာ မိမိကျောင်းမှာ မိမိတို့ ရိပ်သာမှာ အကြောင်းအားလျော်စွာ သူ့အကြောင်း ကိုယ့်အကြောင်း ဒီအကြောင်းဖြင့် အကြောင်းအားလျော်စွာ ရောက်လာကြတဲ့ ပုဂ္ဂိုလ်တွေ မှန်သမျှ ဧည့်သည်လို့ခေါ်တယ်၊ အဲဒီဧည့်သည်ဟာ လည်းပဲ ဘဏ္ဍာတိုက်ကြီးတစ်တိုက်ပဲ။

နံပါတ်(၅) မာတရိစ–မိခင်...တဲ့၊ ပိတရိစာပိ–ဖခင်။ ဟော မိခင်တို့ ဖခင်တို့ဟာလည်းပဲ ဘဏ္ဍာတိုက်ကြီးတွေပဲတဲ့၊ နောက် အစ်ကိုကြီး အစ်မကြီး၊ အထောဓမ္မေမိဘာတရိ။ (၇)နံပါတ်က မိဘအရာ တည်ရှိပါသည့် သညာသမိုက် အစ်ကိုကြီး အစ်မကြီးဆိုတဲ့ ဘဏ္ဍာတိုက်ကြီး၌ဌင်း။ အစ်ကိုကြီး အစ်မကြီးများဟာ များသောအားဖြင့် မိဘအရာ တည်ရှိတယ်၊ အစ်ကိုကြီးတော့ အဖအရာ၊ အစ်မကြီးတော့ အမိအရာ ဆိုတဲ့အတိုင်း မိဘအရာမှာ တည်ရှိကြတယ်၊ မိဘတွေ အသက်ထင်ရှား ရှိတုန်းကလဲပဲ မိမိတို့ကို ချီပိုးလို့ စောင့်ရှောက်လို့ ပြောဆိုလို့ ဆုံးမလို့ သွန်သင်လို့ နည်းပေးလို့ ထောက်ပံ့လို့ ဒီလိုနေတတ်ကြလို့ အစ်ကိုကြီး အစ်မကြီးတွေကို ဘဏ္ဍာတိုက်ကြီး တစ်တိုက်တဲ့။ အဋ္ဌကထာ ဆရာကြီးက ပြောတယ်၊ အစ်ကိုကြီး အစ်မကြီး ဆိုတာ ဥပလက္ခဏာ နည်းနဲ့ မှတ်ပြောတာပါတဲ့၊ ဦးကြီး ဦးလေး ရှိရင်လည်း အတူတူပါပဲတဲ့၊ ဒေါ်ကြီး ဒေါ်လေးရှိရင်လဲ အတူတူပါပဲတဲ့၊ အဲဒီလိုအားဖြင့် အစ်ကိုကြီး အစ်မကြီး ဆိုတဲ့ (၇)နံပါတ်မြောက် ဘဏ္ဍာတိုက်ကြီး၌ဌင်း။ နိဓယော–အရိပ်ပမာ

သွားရာပါမည့် ချမ်းသာဆောင်ပို့ ရတနာငွေအိုး ရွှေအိုး ရတနာအိုးကြီးတို့ကို၊ သုနိဟိတာဟောန္တု-ကောင်းစွာမသေ့ မြှုပ်နှံသိမ်းဆည်းကြလေ ကုန်သတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

အဲဒါ မြတ်စွာဘုရားက ပထမဆုံး ဘဏ္ဍာတိုက်ကြီး (၇) တိုက်လို့ ပြလိုက်တယ်၊ ဘဏ္ဍာတိုက်ကြီး (၇) တိုက် ပြလိုက်ပြီးတော့မှ အဲဒီ ဘဏ္ဍာ တိုက်ကြီး (၇) တိုက်ထဲ ဘယ့်နဲ့လုပ်ရမှာတုန်း ထည့်ပုံ ထည့်နည်းက၊ ခုနက ပကတိသေတ္တာတွေ ဘဏ္ဍာတွေ မီးခံသေတ္တာတွေ ဘဏ္ဍာတိုက်ကြီးတွေ ပြပြီးတော့ အဲဒီထဲ ထည့်နည်းကား ပြရသေးတယ်၊ ဟောဒီထဲ ဟောဒီလို စုရတယ်၊ ဒီလိုထည့်ရတယ်၊ ဒီလိုသော့ခတ်ရတယ်၊ သိမ်းရတယ်လို့၊ ထည့်ပုံ ထည့်နည်းကို ပြရတယ်၊ အဲဒါကိုပဲ ဘုရားရှင် ကိုယ်တော်မြတ်က ဘဏ္ဍာ တိုက်ကြီး (၇) တိုက်ရှိတယ်၊ မဂ်ဖိုလ်နိဗ္ဗာန်ထိအောင် ကြီးပွားချမ်းသာချင်ရင် မင်းတို့ ဒီဘဏ္ဍာတိုက်ကြီး (၇) တိုက်ထဲမှာ ထည့်ကြလို့ ဘဏ္ဍာတိုက်ကြီး (၇) တိုက်ကို ပြပြီးတော့မှ၊ ထည့်ပုံ ထည့်နည်းကို ဆက်ပြီးတော့ ဘုရားရှင်က ဘယ့်နဲ့ဟောတုန်း—

**ယဿ ဒါနေန သီလေန, သံယမေန ဒမေန စ၊**
**နိဓိ သုနိဟိတောဟောတိ, ဣတ္ထိယာ ပုရိသဿဝါ။**

ယဿာ ဣတ္ထိယာဝါ-မဂ်ဖိုလ်နိဗ္ဗာန်ထိအောင် မြင့်ခေါင်ကြီးထွား. လောကုတ္တရာစီးပွားဖြင့် ကြီးပွားချမ်းသာလိုတဲ့ အကြင်အမျိုးသမီးသည်သော်၎င်း။ ယဿ ပုရိသဿဝါ-မဂ်ဖိုလ်နိဗ္ဗာန်ထိအောင် မြင့်ခေါင်ကြီးပွား လောကုတ္တရာ စီးပွားဖြင့် ကြီးပွားချမ်းသာလိုတဲ့ အကြင် အမျိုးသားသည်သော်၎င်း။ ဒါနေန-စွန့်ကြဲပေးကမ်း လှူဒါန်းဝေငှ မျှတပူဇော်ခြင်းဆိုတဲ့ ဒါနမှုဖြင့်၎င်း။ သီလေန-ရှေးသူတော်ကောင်း ဗောဓိလောင်းတို့ ထုံးဟောင်းမမွတာ ကျင့်သိက္ခာကို ကောင်းစွာမသေ့ လိုက်နာ၍ နေခြင်းဆိုတဲ့ သီလမှုဖြင့်၎င်း။ သံယမေနဒမေနစ-စိတ်နေကြီးထွား ပညာပွားအောင် တရားဘာဝနာအလုပ် အားထုတ်ခြင်းဆိုတဲ့

ဘာဝနာမှုဖြင့်ရင်း။ နိဗ္ဗာန်-အရိပ်ပမာ သွားရာပါမည့် ချမ်းသာဆောင်ပိုး ရတနာမြတ်ရွှေအိုးကို။ သုနိဟိတောဟောတိ-ကောင်းစွာမသေ့ မြှုပ်နှံအပ်ပြီး ဖြစ်ပါပေတော့သတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

ဒီတော့ ဘဏ္ဍာတိုက်ကြီး (၇)တိုက်ထဲကို ဘယ့်နဲ့လုပ်ပြီးတော့ ဘဏ္ဍာထည့်ရမှာတုန်း ရွှေအိုး ငွေအိုးတွေ မြှုပ်ရမှာတုန်းလို့ ....ဆိုတော့၊ မြတ်စွာဘုရားက မြှုပ်နည်း (၃)မျိုးတဲ့၊ လောကီရတနာ ဘဏ္ဍာတွေ ထည့်တာကတော့ နည်းပေါင်းစုံနဲ့ ထည့်ကြတယ်၊ လောကုတ္တရာ ရတနာ ဘဏ္ဍာတွေ ထည့်တာကျတော့ (၃)မျိုးပဲရှိတယ်တဲ့ (၃)မျိုးပဲ ရှိတယ်၊ အဲဒီသုံးမျိုးကို ပြုလုပ်အားထုတ်နေခြင်းဖြင့် ထည့်ကြ၊

အဲဒီ သုံးမျိုးက ဘာတွေတုန်းလို့ဆိုတော့ ဒါနေန-စွန့်ကြဲပေးကမ်း လှူဒါန်းဝေငှ မျှတမှုကို ပြုခြင်းဖြင့်ရင်း။ စွန့်ကြဲပေးကမ်း လှူဒါန်းပူဇော်မှုကို ပြုနေပြီဆိုရင် ဘဏ္ဍာတိုက်ထဲ ထည့်နေတာတဲ့၊ ထည့်နေတာ။ သီလေန-ရှေးသူတော်ကောင်း ဗောဓိလောင်းတို့ ရှေးဟောင်းဓမ္မတာ ကျင့်သိက္ခာကို ကောင်းစွာမသေ့ လိုက်နာ၍ နေခြင်းဆိုတဲ့ သီလမှုဖြင့်ရင်း။ စာရိတ္တသီလ ဝါရိတ္တသီလ (၂)ပါးကို ဖြည့်ကျင့်ဆည်းပူး အားထုတ်နေပြီဆိုရင် ထည့်နေတာတဲ့၊ သံယမေနဒမေနစ-စိတ်နေကြီးထွား ပညာပွားအောင် တရားဘာဝနာအလုပ် ကြိုးကုတ်အားထုတ်ခြင်းဆိုတဲ့ ဘာဝနာမှုဖြင့်ရင်း။ ဘာဝနာအလုပ် ပြုလုပ်အားထုတ်နေပြီဆိုရင်လည်း အဲဒါ ထည့်နေတာလို့ ခေါ်တယ်တဲ့၊

ဒီတော့ ဒီနေ့ ဆရာဦးမြင့်စိန် ဘယ်ဘဏ္ဍာတိုက်ကြီးတွေထဲ ထည့်ပါသလဲ၊ ဘဏ္ဍာတိုက်ကြီး (၄)တိုက်ထဲမှာ ထည့်နေတယ်၊ ပထမဆုံး ဘုရားမြတ်စွာအား တပို့တွဲလဆန်း (၁၄)ရက်နေ့က စပြီးသကာလ မြသပိတ်ထီးဖြူတော် လျှပ်စစ်မီးရောင်စုံတို့ဖြင့် ပူဇော်ကြ၊ ဆရာဦးမြင့်စိန်ကို အကြောင်းပြုပြီးတော့သကာလ ယောဂီသူတော်စင် အပေါင်းတို့မှာလည်းပဲ ပူဇော်ဖွယ်တို့ဖြင့် တတ်စွမ်းသမျှ ဝိုင်းဝန်းကူညီ ပူဇော်ပြီးတော့ နေကြတယ်လို့

ဆိုတော့ အဲဒါ ဒါန၊ ယ္ဘု ဆွမ်းတော်ပွဲ ခန်းနားလှပတဲ့ ဆွမ်းတော်ပွဲတို့ဖြင့် ဘုရားရှင် ကိုယ်တော်မြတ်အား၊ အတုမရှိ ဘုန်းတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော ပူဇော်ဖွယ်အထူးထူး တို့ကို အလီလီသောနည်းတို့ဖြင့် ပူဇော်ချင်သလို ပူဇော်တာကို ခံနိုင်တော်မူတဲ့ ဘုရားရှင်ကိုယ်တော်မြတ်အား၊ ခံနိုင်စွမ်းရှိတော်မူတဲ့ ဘုရားရှင် ကိုယ်တော်မြတ်အား ပူဇော်ဖွယ်တို့ဖြင့် လှူဒါန်းပူဇော်ပြီးတော့ နေကြတယ်၊ အဲဒါ ဒါန၊ ဘုရားရှင်ကိုယ်တော်မြတ်ကို ပူဇော်လှူဒါန်း. ဆက်ကပ် အဲဒါ ဘုရားဆိုတဲ့ ဘဏ္ဍာတိုက်ကြီးထဲမှာ ဒါနကုသိုလ်ပါရမီဆိုတဲ့ ရွှေအိုးကြီးတွေ. ငွေအိုးကြီးတွေ ရတနာအိုးကြီးတွေ ထည့်ပြီးတော့ သိမ်းနေရာ ရောက်တယ် ....တဲ့၊ သိမ်းနေရာ ရောက်တယ်။

အခု ဘုရားမြတ်စွာ ရတနာဘဏ္ဍာတိုက်ထဲ ဆရာ ဦးမြင့်စိန်အနေနဲ့ သိမ်းလာလိုက်တာ၊ အခု စာထဲမှာရိုက်ထားတဲ့အတိုင်း ဆိုရင် (၁၀) ကြိမ်ရှိပြီ (၁၀ ) နှစ်ရှိပြီ သိမ်းလာတာ၊ ပျောက်မသွားဘူး၊ မီးလောင်မသွားဘူး၊ ဒီရတနာတွေက ရေမျှောမသွားဘူး. ဒီရတနာတွေက အဇေယျရွှေအိုးကြီးတွေ. အဇေယျရတနာအိုးကြီးတွေ မြှုပ်နှံနေတာ ထည့်နေတာတဲ့၊ အနုဂါမိက ရတနာအိုးကြီးတွေ ထည့်နေတာလို့ ခေါ်တယ်....တဲ့၊ မြတ်စွာဘုရားက။ အဲဒါကို အဲဒီ နိဓိကဏ္ဍသုတ်တော်မှာ ဆက်ပြီးတော့ပြောတယ် မြတ်စွာဘုရားက—

## သောနိဓိ သုနိဟိတော. အဇေယျော အနုဂါမိကော။

သော–အဲဒီလို ဘဏ္ဍာတိုက်ကြီး (၇) တိုက်ထဲမှာ ထည့်ပြီးတော့ သိမ်းပိုက်တဲ့ ရတနာ၊ ဒါန သီလ ဘာဝနာဆိုတဲ့ ရတနာဘဏ္ဍာအိုးကြီးတွေကား။ သောနိဓိ–အဲဒီ ဘုရားအစရှိတဲ့ ဘဏ္ဍာတိုက်ကြီး (၇) တိုက်ထဲမှာ ထည့်ပြီးတော့ သိမ်းပိုက်တယ်ဆိုတဲ့ ရတနာထုပ် ရတနာအိုး ရွှေအိုး ငွေအိုး ရတနာအိုးကြီးဆိုတဲ့ ကုသိုလ်ပါရမီအိုးကြီးတွေကား။ အဇေယျော–ရန်သူငါးတန်တို့ နှောက်ယှက်ဖျက်ဆီး ခြင်းငှာ မတတ်ကောင်းသဖြင့် အဇေယျခေါ်တဲ့ ရွှေအိုး ငွေအိုး ရတနာအိုး၊ ပကတိ လောက သေတ္တာတွေထဲမှာ သိမ်းကြတယ်ဆိုတဲ့ ရွှေထုပ် ငွေထုပ် ရတနာထုပ်တွေက မီးလောင်နိုင်တယ်တဲ့၊ သူခိုး ခိုးနိုင်တယ်၊ ဓားပြ တိုက်နိုင်တယ်၊

ဒါကြောင့် သူ့ကို ဓေယျရွှေအိုးလို့ခေါ်တယ်၊ ရန်သူတွေ လွှမ်းမိုးဖျက်ဆီးနိုင်တဲ့ ရွှေအိုး ငွေအိုးမို့လို့ သူ့ကို ဓေယျရွှေအိုး ငွေအိုး ရတနာအိုး၊

အခု ဘုရားရှင်ကိုယ်တော်မြတ်နှင့်တကွ ဘဏ္ဍာတိုက်ကြီး (၇)တိုက်ထဲမှာ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ အမြင် ကျယ်ကျယ်နဲ့ စုဆောင်းလေ့ သိမ်းဆည်းလေ့ရှိကြတဲ့၊ ဒီ ဒါနဆိုတဲ့ ရတနာဘဏ္ဍာထုပ်ကြီးက၊ သီလဆိုတဲ့ ရတနာဘဏ္ဍာထုပ်ကြီးက၊ ဘာဝနာဆိုတဲ့ ရတနာဘဏ္ဍာထုပ်ကြီးကတော့ အဓေယျခေါ်တဲ့ ရတနာ ဘဏ္ဍာထုပ်ကြီး ရတနာရွှေ**အိုးကြီး**ငွေအိုးကြီးတွေတဲ့၊ ဘာပြုလို့တုန်းလို့ဆိုတော့ မီးမလောင်နိုင်လို့၊ ရေမမျောနိုင်လို့၊ သူခိုး ခါးပြ မလုယက်နိုင်လို့ မင်းစိုးရာဇာတွေ အတင်းအကျပ် မသိမ်းပိုက်နိုင်လို့ မင်းစိုးရာဇာ တွေက အခွန်ဘဏ္ဍာ မကောက်နိုင်လို့၊ အမွေခံဆိုး သားဆိုး သမီးဆိုးတွေက မနှောက်ယှက် မဖျက်ဆီးနိုင်လို့....တဲ့၊အဓေယျ ရတနာရွှေအိုး ငွေအိုးလို့ ခေါ်တယ်တဲ့၊

ဒါတင်မကသေးဘူး အနုဂါမိကခေါ်တဲ့ ရွှေအိုး ငွေအိုး ရတနာအိုးလို့ လဲခေါ်တယ်တဲ့၊ ပကတိလောကထဲ ရွှေအိုး ငွေအိုးတွေက, ဘဏ္ဍာတိုက်ထဲ ထည့်ကြတဲ့ ရွှေထုပ် ငွေထုပ်တွေက အဂါမိကပစ္စည်း တွေလို့ခေါ်တယ်၊ အဂါမိကဆိုတာ မိမိသွားရာလိုက်ပါပြီးတော့ မလာတဲ့ ပစ္စည်း၊ မိမိ မျက်စိမှိတ် လိုက်သည်နှင့်တစ်ပြိုင်နက် သူတို့က အိမ်မှာပဲ ကျန်ရစ်ကြတယ်၊ မိမိ မျက်စိ မှိတ်တဲ့အချိန်မှာ မိမိနောက်သို့ အနည်းဆုံး သုသာန်ထိအောင်တောင်မှ လိုက်ပို့ဖော် မရတဲ့ ပစ္စည်းတွေမို့လို့ သူ့ကို အဂါမိကပစ္စည်း၊ နောက်ဘဝ ဆိုတာတော့ အသာထားအုန်း မိမိခန္ဓာ အလောင်းကြီး ထင်ရှားရှိနေတဲ့ သုသာန် ထိအောင်တောင် လိုက်ဖော်မရဘူး၊

ဒါကြောင့် မရဏကာလေ-မရဏ မင်း သူ့လက်တွင်းသို့ သက်ဆင်း လိုက်ပါ သေကြရသော နောက်အခါ၌၊ အတ္တာ-လယ်ယာ မိုးမြေ ရွှေငွေပစ္စည်းများ စိန်ကျောက်စတဲ့ မိမိတို့ သိမ်းဆည်းထားတဲ့ ရတနာဘဏ္ဍာထုပ်တို့သည်၊

ဂေဟာဝ-မိမိတို့နေရာ အိမ်ဂေဟာ၌ သာလျှင်၊ နိဝတ္တန္တိ -ကျန်ရစ်သူတွေ စံစားဖို့ အခန့်သားစုပုံ နေရစ်ကြ ပေကုန်သတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

ဒါ့ကြောင့် သူ့ကို အဂါမိကရွှေအိုး ငွေအိုး ရွှေထုပ် ငွေထုပ် ရတနာထုပ်လို့ ခေါ်တယ်တဲ့၊ အခု သူတော်ကောင်းတွေ အဆက်ဆက် အမြင်ကျယ်ကျယ်နဲ့ ဒီဘဏ္ဍာတိုက်ကြီး (၇) တိုက်ထဲမှာ ထည့်ပြီးတော့ သိမ်းတဲ့ ရတနာဘဏ္ဍာတွေကြတော့ အနုဂါမိက ရတနာဘဏ္ဍာထုပ်လို့ ဘုရားရှင်က အမွှန်းတင်တော်မူတယ်၊ ချီးမွမ်းတော်မူတယ်၊ ဘာပြုလို့တုန်း၊ မိမိသွားရာ လိုက်ပါပြီးသကာလ မဂ်ဖိုလ်နိဗ္ဗာန်စခန်း ပေါက်သည့်တိုင်အောင် အကျိုးဆောင်မည့် ရတနာဘဏ္ဍာထုပ်ကြီးတွေ ဖြစ်လို့၊

ဒီတော့ ဒီနေ့ ဘုရားမြတ်စွာအား ပူဇော်ကြတဲ့ကုသိုလ်စေတနာတွေ (၁၀)နှစ်တိုင်တိုင် ပူဇော်လာခဲ့တဲ့ ကုသိုလ်ကောင်းမှုစေတနာ စုတို့သည်၊ ဓမ္မသဘာဝထုံးစံအတိုင်း၊ ပဋ္ဌာန်းဒေသနာတော်နည်းနဲ့ ကြည့်ရင်-ဥပနိဿယပစ္စည်း အနန္တရပစ္စည်း ကမ္မပစ္စည်းတို့ရဲ့ ထုံးစံအတိုင်း၊ လိုက်ပါလာပြီးသကာလ မိမိ မဂ်ဖိုလ်နိဗ္ဗာန်ဝင်သည့်တိုင်အောင်၊ နောက်ဆုံး အရဟတ္တမဂ် အရဟတ္တဖိုလ် ဓာတ်ကြီးဖြင့် နိဗ္ဗာနဓာတ် တရားမြတ်ကြီးကို မြင်ပြီးတော့ ဒိရုပ်နာမ်ခန္ဓာ အပူဇာတ်သိမ်းပြီးတော့ အေးငြိမ်းရာကာလတိုင်အောင်၊ ဒါနရွှေအိုး ငွေအိုးတွေက မဆင်းရဲအောင် အစားမဆင်းရဲ အဝတ်မဆင်းရဲ အနေမဆင်းရဲအောင်၊ သီလဆိုတဲ့ ရွှေထုပ်ငွေထုပ်တွေက အန္တရာယ်ကင်းအောင် ဘေးကင်းအောင် ဥပဒ် ရုပ်အဆင်းတွေ အပျက်အစီးမရှိအောင် ရန်သူတွေဝေးအောင်၊ ဘာဝနာ ဆိုတဲ့ ရွှေအိုးငွေအိုးတွေက ဖြစ်လေရာဘဝမှာ အသိဉာဏ်ကြွယ်အောင်၊ လိမ္မာရေးခြားရှိအောင် ထက်ထက်မြက်မြက် သွက်သွက်လက်လက်ဖြစ်အောင် ခက်ခဲနက်နဲသိမ်မွေ့တဲ့ တရားဓမ္မတွေကိုပဲ မြင်စွမ်းနိုင်အောင် လိုက်ပြီးတော့ အကျိုးဆောင်ကြမယ်၊ ဒါ့ကြောင့် အနုဂါမိကဘဏ္ဍာ၊ အနုဂါမိကရွှေအိုး အနုဂါမိကငွေအိုး၊ အဲဒီအနုဂါမိက ရွှေအိုး အဇေယျ ဆိုတဲ့ရွှေအိုးကြီးကို အခု ဘုရားဆိုတဲ့ ရတနာဘဏ္ဍာတိုက်ကြီးထဲမှာ ဆရာဦးမြင့်စိန်က မြှုပ်နှံပြီးတော့နေတယ်၊ ထည့်သွင်းပြီးတော့နေတယ်၊

ဒါတင်ပဲလားဆိုတော့ သံဃေဝါ–ပရမတ္ထသမ္မုတိ မည်ရှိနှစ်ဖြာ သညာသမိုက် သံဃာဆိုတဲ့ ရတနာဘဏ္ဍာတိုက်၌ဒင်း၊ ဒီနေ့ ဆရာ ဦးမြင့်စိန်က သံဃာတော်အရှင်မြတ်တွေကို ဆွမ်းဘောဇဉ်တွေနဲ့ကပ်တယ်၊ အထူးသဖြင့် ဘုန်းကြီးတို့ အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက်က သံဃာတော်တွေကို ပင့်ပြီးတော့ ကပ်တော့ ဘယ်ပုဂ္ဂိုလ်လို့ မသုံးသပ်ဘူး၊ ဒီတော့ ဘုန်းကြီးတို့ ဒီကြွလာတဲ့ သံဃာတွေ သံဃာတော်တွေ (၅၀၀) ကျော်ရဲ့ ကိုယ်စားကြွလာ ရခြင်းသည်၊ သံဃာတော် (၅၀၀) ကျော်က ညွှန်ချလိုက်လို့ လိုက်ပါလာတဲ့ သံဃာတွေဖြစ်သည်၊

ဒီတော့ ဒီသံဃာတွေက သံဃာ့ကိုယ်စား သံဃာ (၅၀၀)ကျော်ရဲ့ ကိုယ်စား ကြွလာတာ၊ ဒီကြွလာတဲ့ သံဃာတော်တွေရဲ့နောက်က သံဃာ (၅၀၀) ရဲ့ အရှိန်တွေ သီလတွေ သမာဓိတွေ ပညာတွေ အရှိန်အဟုန် တွေပါတယ်၊ ဒီတော့ ဆွမ်းဒကာ ဆွမ်းဒကာမများက အထူးသဖြင့် ဆရာဦးမြင့်စိန်က ဒီနေ့ ကပ်တဲ့ ဆွမ်းကပ်မှုသည် ဂန္ဓာရုံတိုက် သံဃာတော် (၅၀၀) ကျော်ကို ရည်မှန်းပြီး ကပ်တဲ့အကပ်၊ ဒီဆွမ်းကပ်တာက ပုဂ္ဂလိက သံဃိက ရှိတယ်လေ၊ ပုဂ္ဂလိကဆိုတာ ကိုယ်ကြည်ညိုတဲ့ ပုဂ္ဂိုလ်ရွေးပြီးတော့ ကပ်လိုက်တာ၊ အခုဟာက ဘယ်ပုဂ္ဂိုလ်လို့ မသုံးသပ်ဘူး၊ ဂန္ဓာရုံတိုက်က သံဃာတော် (၅) ပါးကြွပါ၊ ဘယ်ကျောင်းတိုက်က သံဃာတော် ဘယ်နှစ်ပါးကြွပါ ဆိုတာ ဒါ သံဃိကပင့်လို့ ခေါ်ပါတယ်၊ ဒီတော့ သံဃာဆိုတဲ့ ရတနာဘဏ္ဍာ တိုက်ကြီးထဲလည်းပဲ ထည့်ရတယ်တဲ့၊ ဆွမ်း ဘောဇဉ်တွေ ဆက်ကပ်လှူဒါန်းပြီး သကာလ ဒါနကုသိုလ်ပါရမီ စေတနာတွေကို စုပြီးသားဖြစ်သွား၊ ဒါနကုသိုလ်ပါရမီ ရတနာတွေကို စုရင်းနဲ့ပဲ သီလကုသိုလ် ပါရမီကုသိုလ်ရတနာတွေလည်း စုပြီးသား ဖြစ်သွားတယ်၊ ထည့်ပြီးသားဖြစ်သွားတယ်၊ ဒါနပြုရင်းနဲ့ သီလပါသလားလို့ဆိုတော့ ပါသွားတယ်၊

သီလဆိုတာက (၂) မျိုးရှိတယ်၊ ဝါရိတ္တသီလ စာရိတ္တ သီလ၊ ဝါရိတ္တသီလဆိုတာ ဘုရားရှင်ကိုယ်တော်မြတ်က မလုပ်ကောင်းဘူး ရှောင်ရမယ်လို့

မိန့်တော်မူထားလို့ ရှောင်ရတဲ့သီလကို ဝါရိတ္တ သီလလို့ ခေါ်တယ်၊ ငါးပါးသီလ အနည်းဆုံး ဒါ ဝါရိတ္တသီလ၊ သူ့ အသက် သတ်တာကို ရှောင်ရတယ်၊ သူ့ဥစ္စာခိုးတာကို ရှောင်ရတယ်၊ ဒါကြောင့်မို့လို့ ရှောင်ရတဲ့ဝါရိတ္တသီလ၊ ခုနက ဆောက်တည်လိုက်ကြတယ်၊ ဝါရိတ္တသီလ စာရိတ္တသီလ ရောသွားတာပဲ၊ ငါးပါး သီလတွေ ဆိုတာက ရှောင်ရတဲ့သီလတွေ၊ စာရိတ္တသီလဆိုတာကြတော့ ဆောင်ရတဲ့သီလ၊ ဆောင်ရတဲ့သီလဆိုတာကြတော့ အခု ဘုရားရှင်ကို ဘုရားရှင် ကိုယ်တော်မြတ်အား အခုလို ပူဇော်ဖွယ်တို့ဖြင့် ပူဇော်ကြမယ်လို့ ဆိုတော့ ဝိုင်းဝန်းပြီးတော့ ယောဂီတွေပါ ပြင်ကြဆင်ကြ၊ နေရာထိုင်ခင်းတွေ ခင်းကြ၊ ဘုရားရှင်ကိုယ်တော်မြတ်ရှေ့မှာ ဖုံတွေ အမှိုက်တွေ သလဲတွေ ရှင်းကြလင်းကြ၊ စားပွဲတွေ ခင်းကြကျင်းကြ၊ ပုဂံခွက်ရောက်တွေ ပြင်ကြ၊ အဲဒါ ဝေယျာဝစ္စကုသိုလ် လို့ခေါ်တယ်၊

အဲဒီဝေယျာဝစ္စ ကုသိုလ်သည် ဒါနရွှေအိုး သီလရွှေအိုး ဘာဝနာ ရွှေအိုး (၃)မျိုးထဲ သွင်းစမ်းပါဆိုရင် သီလရွှေအိုးလို့ခေါ်တယ်၊ သီလ ငွေအိုးလို့ ခေါ်တယ်၊ သီလရတနာအိုးလို့ခေါ်တယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ဝေယျာဝစ္စတွေ ပြုနေတယ်၊ သံဃာ့ဝေယျာဝစ္စတွေ ပြုနေတယ်၊ ဓမ္မဝေယျာဝစ္စ တွေ ပြုနေတယ်လို့ဆိုရင် အဲဒါ သီလလို့ ခေါ်ပါတယ်၊ သီလဆိုတာ ရှေးရှေးသော သူတော်ကောင်း အဆက်ဆက်တို့ရဲ့ အလေ့အလာကောင်းကို သီလလို့ ပါဠိလိုခေါ်ပါတယ်၊

ဒီတော့ အခုလို ဗုဒ္ဓဝေယျာဝစ္စ. ဓမ္မဝေယျာဝစ္စ. သံဃာ့ ဝေယျာဝစ္စ တွေကို ပြုလေ့ပြုထရှိတယ်ဆိုတာ သူတော်ကောင်းတွေပြုတဲ့ အလေ့၊ အဲဒီလို ဝေယျာဝစ္စပြုမှုနဲ့ အရှိအသေ ပေးမှုလို့ဆိုတဲ့ အပစာယန ကုသိုလ်၊ အခု ဘုရားရှင်ကို ပူဇော်ဖွယ်တို့ဖြင့် ပူဇော်တဲ့နေရာမှာ၊ မိမိခန္ဓာကိုယ်ကို သပ်သပ်ရပ်ရပ် ဝတ်လို့ ဘုရားရှေ့လာတော့၊ အဲ အကျႌတုန်းလုံး လုံချည်အစုတ်နဲ့ မလာဘူး၊ ဘုရားရှေ့ သွားမှာမို့လို့ သပ်သပ်ရပ်ရပ် ဝတ်လို့ ဆင်လို့ ဘုရားရှင် ကိုယ်တော်မြတ် ရှေ့မှာသွားတော့ ရိုရိုသေသေ ကိုင်းကိုင်းညွတ်ညွတ် သွားလို့၊ ဘုရားရှင်ရဲ့ ရှေ့မှာ လှည်းကျင်းခင်းကျင်း ရှင်းလင်း သုတ်သင်နေတဲ့အချိန်မှာ ခန္ဓာကိုယ်ကို

ဘုရားဘက်ကို ကိုင်းညွတ်လို့ ဘုရားကို နောက်ပေးပြီးတော့ ကျောပေးပြီးတော့ ပြောချင်ရာပြော ဆိုချင်ရာဆိုတဲ့ အမူအရာမျိုးမဟုတ်ပဲနဲ့ ဘုရားရှင်ကို ရိုရိုသေသေ အရိုအသေပေးလို့ အဲဒါ သီလလို့ခေါ်ပါတယ်၊ အရိုအသေပေးနေတာ မှန်သမျှ သီလ၊ မင်္ဂလာနဲ့ပြောရင် ဂါရဝေါစ နိဝါတောစ–မိမိကိုယ်ကိုနိမ့်ချ ရှိသေပြီးတော့ နေတာ၊ မင်္ဂလာနဲ့ပြောတော့ ဂါရဝမင်္ဂလာ နိဝါတမင်္ဂလာ၊ ပုညကြိယာ ဝတ္ထုနဲ့ ပြောတော့ အပစာယနခေါ်တဲ့ အရိုအသေပေးမှု၊ အဲဒီ အမူတွေဟာ သူတော်ကောင်းတွေအဆက်ဆက် လုပ်လေ့လုပ်ထရှိတဲ့ အလေ့အလာမို့လို့ သူ့ကိုသီလ၊

ဒီတော့သီလဆိုတဲ့ ရတနာဘဏ္ဍာတွေကလည်းပဲ ဒါနကုသိုလ်ထုပ်တွေ ပြုရင်းနဲ့ တွဲပြီးတော့ပါနေတယ်၊ သံဃာတော်အရှင်မြတ်တွေကို ဆွမ်းဘောဇဉ် တွေနဲ့ ဆက်ကပ်လှူဒါန်းတဲ့ နေရာမှာလည်းပဲ ဆွမ်းဘောဇဉ်တွေ ဆက်ကပ် တာက ဒါန၊ သံဃာတော် အရှင်မြတ်တွေရဲ့အပေါ်မှာ ရှိသေကိုင်းညွတ်စွာနဲ့ တဘက်ကို လက်ကတော့ထိုးလို့၊ သံဃာတော်တွေကို ရှိသေတဲ့အမူအရာနဲ့ လက် နှစ်ဖက်နဲ့ကိုင်လို့၊ ဒူးကလေးတုတ်လို့၊ လက်အုပ်ကလေးချီလို့ဆိုတာက သီလ၊ သံဃာ့ကိစ္စကြီးငယ်တွေ ဆောင်ရွက်နေတာက သီလ၊ ဒီတော့ ဒါန ရွှေအိုးမြှုပ်ရင်း ဒါနငွေအိုး ရတနာအိုးကြီးတွေမြှုပ်ရင်း၊ မြှုပ်ရင်းဆိုတာ ဒါနကုသိုလ်တွေ မိမိသဏ္ဍာန်မှာဖြစ်အောင် ကြိုးစားနေတာ အဲဒါ ရတနာအိုးတွေမြှုပ် နေတယ်လို့ တင်စားပြီးတော့ ဘုရားက ဟောတာ၊

အဲဒီလို ဒါနကုသိုလ်ရတနာအိုးတွေ မြှုပ်ရင်းနဲ့ သီလဆိုတဲ့ ရတနာအိုးကြီး တွေလဲ မြှုပ်ပြီးသားဖြစ်သွားတယ်တဲ့၊ စာရိတ္တသီလအနေနဲ့ သံဃာတော်အရှင်မြတ် တွေကို အရိုအသေပေးနိုင်တယ်၊ မိမိကိုယ်ကို နှိမ့်ချပြီးတော့ အရိုအသေ ပေးနိုင်တယ်၊ လေးစားနိုင်တယ်၊ လက်အုပ်ချီနိုင်တယ်၊ ဒူးတုတ်နိုင်တယ်ဆိုတာ သီလကုသိုလ်၊ အတွင်းက ရှိသေတဲ့စိတ်ကြောင့် ဒူးလေးကတုတ်သွားတာ၊ ဒီပုဂ္ဂိုလ် ငါ့ထက် သီလသမာဓိသာတယ်လို့ အရိုအသေပေးနိုင်တဲ့ နှိမ့်ချနိုင်တဲ့စိတ် ကြောင့် လက်အုပ်ကလေးချီနိုင်တာ၊ ဒီလိုမှမဟုတ်လို့ရှိရင် လူလူချင်းပဲ ဘာထူးတုန်း၊ သူလဲ ပခုံးနှစ်ဘက်ကြားက ခေါင်းပေါက်တာပဲ သူလဲ ခြေနှစ်ဖက် လက်နှစ်ဖက် ဘာထူးတုန်းလို့ မာနဝင်လာလိုက်လို့ရှိရင် ဒူးမတုတ်နိုင်ပါဘူး၊

လက်အုပ်မချီနိုင်ပါဘူး၊ ချီရင်လည်းပဲ ဟန်ချီပဲ ဖြစ်ပါမယ်၊ တုတ်ရင်လည်း ဟန်တုတ်ပဲဖြစ်ပါမယ်၊ အဲမာနဝင်လာရင် ဒီလိုဖြစ်ပါမယ်၊ အဲ သီလပျောက်သွားပြီး ဟန်ဆောင်လက်အုပ်, ဟန်ဆောင် ဒူးတုတ်ဖြစ်သွားမယ်၊ ယနေ့ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေရဲ့ လက်အုပ်, ဒူးတုတ်တွေက အများအားဖြင့် ဂါရဝ နိဝါတခေါ်တဲ့ မိမိစိတ်ထဲက အရိုအသေပေးနိုင်တဲ့ သီလကုသိုလ် စေတနာကြီးကြောင့် လက်အုပ်ချီနေနိုင်ကြတယ်၊ ဒူးတုတ်နေနိုင်ကြတယ်၊ အခု တရားနာတဲ့အချိန်မှာ ဒူးတုတ်ပြီးတော့ နေနိုင်ကြတယ်ဆိုတာ သီလ၊

ဒီတော့ သံဃာတော်အရှင်မြတ်တွေကို ဆွမ်းဘောဇဉ်တွေနဲ့ ဆက်ကပ်လှူဒါန်းတဲ့ နေရာမှာ ဆွမ်းကပ်လိုတာက ဒါန၊ အရိုအသေ ပေးလိုက်တာက သီလ၊ ဒီတော့ သံဃာတော်အရှင်မြတ်တွေကို ဆွမ်း ဘောဇဉ်တွေနဲ့ ဆက်ကပ်လှူဒါန်းတဲ့နေရာမှာ ဆွမ်းကပ်လိုက်တာက ဒါန၊ သံဃာ့ဝေယျာဝစ္စတွေ ကိစ္စကြီးငယ်တွေကို ဆောင်ရွက်တာက သီလ၊ ဒီတော့ သီလကုသိုလ် ဒါနကုသိုလ်တွေဟာ သူနဲ့ငါ သူ့ထက် သူက ရှေ့ကဖြစ်လိုက် ငါက နောက်ကဖြစ်လိုက် သူက ရှေ့ကဖြစ်လိုက် ငါက နောက်ကဖြစ်လိုက်ဆိုတော့ တဝေါဝေါနဲ့ ဘဏ္ဍာတိုက်ကြီးထဲမှာ ရတနာတွေ စုဆောင်းထည့်နေကြတယ်၊ ဘယ်လောက်ထည့်ပြီးသား ဖြစ်သွားပြီတုန်းဆိုတော့ ကျမ်းဂန်ကပြတယ် ကုသိုလ်ပဲဖြစ်ဖြစ် အကုသိုလ်ပဲဖြစ်ဖြစ် စိတ်စေတနာဓာတွေဟာ လက်ဖျောက် တစ်ချက်တီး၊ မျက်စိတစ်ချက်မှိတ်၊ လျှပ်တပြက်ဆိုတဲ့ ကာလမှာ၊ အခုကာလနဲ့ ပြောရင် တစ်စက္ကန့်လောက် အချိန်အတွင်းမှာ ကုဋေ တစ်သိန်းလောက် ဖြစ်နိုင်တယ်၊ ဖြစ်ပြီးတော့ ပျက်နိုင်တယ်၊

စိတ်တွေရဲ့ ဓာတ်သဘာဝဟာ တစ်စက္ကန့် ကုဋေတစ်သိန်းလောက် ဖြစ်နိုင်တယ်လို့ဆိုတော့ ဘုရားကိုယ်တော်မြတ်အား ပူဇော်နေတဲ့အချိန်အတွင်းမှာ၊ တစ်စက္ကန့် တစ်စက္ကန့် ကုသိုလ်စေတနာ ဒါန ကုသိုလ်စေတနာ ကုဋေ တစ်သိန်းနှုန်းနဲ့ ဆိုရင်၊ တစ်မိနစ်ဆိုရင် စက္ကန့် (၆၀) စက္ကန့်ပေါင်း (၆၀) ကုဋေသိန်းပေါင်း (၆၀) အလီ စုပြီးသား ဖြစ်တယ်၊ အဲဒါ အဲဒီနှုန်းနဲ့ စုပြီးသား ဖြစ်နေတာပဲ၊ သီလရွှေအိုး ငွေအိုးတွေ ထည့်ပြီးသားဖြစ်သွား၊ ဒါဖြင့် ဘာဝနာက

ဘယ်လိုတုန်းလို့ဆိုတော့ ဘာဝနာဆိုတာ တရားနာမှုကစ ဝိပဿနာ ရုပ်နာမ် ဖြစ်ပျက်ကို ရှုတာမှဘာဝနာ၊ အစပြောစမ်းပါဆိုရင် တရားနာတာကစတယ်၊ လောကုတ္တရာနဲ့သက်ဆိုင်တဲ့ စာပေ ဖတ်နေတာကစတယ်၊ ဘာဝနာဆိုတဲ့ သဘောကိုက စိတ်နေကြီးထွား ပညာပွားအောင်တဲ့၊ စိတ်နေကြီးထွား လာအောင် ပညာတွေပွားလာအောင်၊ မိမိရဲ့ရုပ်ခန္ဓာမှာ ဝဖြိုး အားရှိလာအောင် အစာအာဟာရတွေနဲ့ ထောက်ပံ့ကျွေးမွေးသလိုပဲ၊ စိတ်လို့ခေါ်တဲ့ ခန္ဓာမှာလည်းပဲ နာမက္ခန္ဓာမှာလည်းပဲ၊ ကြီးလာအောင် ဝလာအောင် ထွားလာအောင် ပြည့်ဖြိုး လာအောင်၊ အဲဒါ တရားဆိုတဲ့ အစာကျွေးရပါတယ်၊

ဘုရားရှင် ကိုယ်တော်မြတ်ရဲ့ တရားဆိုတဲ့ စာနာခြင်းဖြင့်၎င်း၊ ကြည့်ခြင်းဖြင့်၎င်း၊ ကျွေးရပါတယ်၊ ဒီတော့ အဲဒီလို ကျွေးလိုက်တော့မှ တစ်လုံးမှတ်မိ နှစ်လုံးမှတ်မိ အသိတွေတိုး သဒ္ဓါတွေတိုး ပညာတွေတိုး၊ အဲ့ဒီလို တရားနာခြင်းသည် စိတ်နေကြီးထွား အသိဉာဏ်ကို ပွားစေတတ်တယ်၊ အခု တရားနာလိုက်တော့ မသိသေးတာတွေ သိရတယ် ပညာတွေ တိုးလာတယ်၊ သိပြီးသားတွေ ထပ်ပြီးတော့ သိရတယ်၊ ဝိုးတိုးဝါးတား ဖြစ်နေတာတွေ စင်ကြယ်သွားတယ်၊ အဲဒါ တရားနာမှုဟာ ဘာဝနာ ကုသိုလ်တဲ့၊ ဘာဝနာရွှေအိုး ငွေအိုးမြှုပ်တယ်လို့ ခေါ်တယ်၊

ဒီတော့ တရားဘာဝနာကို နာကြားနေခြင်းသည် (ဝါ) မိဘစတဲ့ ဆရာသမားစတဲ့ သူတော်ကောင်းတွေရဲ့ အဆုံးအမကို နာကြားနေခြင်းသည်၊ တရားနာတယ်ဆိုတာက ဘုန်းကြီးတွေဆီက တရားနာတာသာ မကဘူး မိဘဆရာသမားတွေထံမှ အဆုံးအမကို နာယူနေတာလည်းပဲ တရားနာတယ်လို့ ခေါ်တယ်၊ ခုနက ဒါန သီလ ဘာဝနာ ရွှေအိုးသုံးချက်နဲ့ ပြောရင် ဘာဝနာရွှေအိုး မြှုပ်နေတယ်လို့ခေါ်တယ်၊ ဘာဝနာငွေအိုး ရွှေအိုးကြီးတွေ ဘဏ္ဍာတိုက်ထဲ ထည့်နေတယ်လို့ခေါ်တယ်၊

ဒါ့ကြောင့် မြတ်စွာဘုရားက မိဘကို ဘဏ္ဍာတိုက်ကြီးတစ်တိုက်လို့ ပြောထားတာ၊ အဲဒီလိုအားဖြင့် ဒါနကုသိုလ်လုပ်ငန်းတစ်ခုကို ပြုတဲ့နေရာမှာ စွန့်ကြဲပေးကမ်း လှူဒါန်းတာက ဒါန၊ ဝေယျာဝစ္စတွေပြုတာက အရိုအသေ

ပေးတာက သီလ၊ အဲဒီပုဂ္ဂိုလ်ရဲ့ အဆုံးအမတော်ကို နာယူနိုင်ခြင်း, အဲဒီ အလှူခံပုဂ္ဂိုလ်တွေရဲ့အပေါ်မှာ မေတ္တာသက်ရောက်နေခြင်းက ဘာဝနာ၊ မေတ္တာကလည်းသက်ရောက်နေတယ် အလှူခံပုဂ္ဂိုလ်တွေ အပေါ်မှာ၊ သံဃာတော်တွေ ဆွမ်းကပ်တယ် ယောဂီတွေကို ကျွေးမွေးတယ်ဆိုရင်၊ အခု ဆရာဦးမြင့်စိန်ရဲ့ သဏ္ဍာန်မှာ မေတ္တာဘာဝနာက အတွင်းဝင်ပြီးတော့ ပါနေတယ်၊ အလှူခံပုဂ္ဂိုလ်တွေ ချမ်းသာစေချင်တယ်၊ မိမိလှူလိုက် တန်းလိုက်တဲ့ ပစ္စည်းကို ကောင်းကောင်းမွန်မွန် ဘုန်းပေးနိုင်စေချင်တယ်၊ ယောဂီသူတော်စင်တွေ စတုမဓုကို စားသုံးရပြီးတော့ အားရှိသွားစေချင်တယ်၊ တရားဘာဝနာအလုပ်တွေ အားထုတ်တဲ့ နေရာမှာ ကျန်းကျန်းမာမာ အားရှိပါးရှိ အားထုတ်နိုင်စေချင်တယ် ဆိုတာ၊ အဲဒါ မေတ္တာဘာဝနာခေါ်ပါတယ်၊

ဒါကို ကျမ်းဂန်က **"ယာ ပဋိဂ္ဂါဟကေသု ပုဂ္ဂလေသု ဟိတေသိတာ အယံ မေတ္တာ"**။ ယာ ပဋိဂ္ဂါဟကေသု ပုဂ္ဂလေသု-အကြင် အလှူခံပုဂ္ဂိုလ်တို့ရဲ့ အပေါ်၌။ ယာဟိတေသိတာ-အကြင်ကြီးပွားစေလို စီးပွားကိုလိုလားတဲ့ သဘောလေးသည်။ အတ္ထိ-ရှိ၏။ သာ-ထိုစီးပွားကို လိုလားတဲ့ သဘောကလေးသည်။ မေတ္တာ-မေတ္တာဘာဝနာပေတည်း။

ဒီတော့ ဒါနပြုတယ်ဆိုလို့ ဒါနတင်မဟုတ်ဘူးတဲ့၊ အဲဒီဒါန ပြုရင်းနဲ့ ဘာဝနာလည်းပါသွားတယ်၊ ဘာ,ဘာဝနာတုန်း သမထလို့ ခေါ်တဲ့ မေတ္တာဘာဝနာ ပါနေတယ်၊ ချမ်းသာစေချင်တဲ့သဘောလေး၊ အဲဒီ မေတ္တာဘာဝနာများ စူးရှပြင်းထန် အားထုတ်လို့ ပေါက်သွားလို့ရှိရင် ဗြဟ္မာ့ပြည်တောင်ရောက်နိုင်တယ် သူက၊ ဒါကြောင့် စွန့်ကြဲပေးကမ်း လှူဒါန်းမှုပြုတိုင်းပြုတိုင်း ဒကာ-ဒကာမတွေရဲ့ သန္တာန်မှာ မေတ္တာဘာဝနာပါနေတယ်လို့ ကိုယ့်ကိုယ်ကိုလည်း သိရမယ်၊ သူများ ပြုနေရင်လည်း သိရမယ်၊

ဒီတော့ မိမိမှာ ဘာကုသိုလ်တွေဖြစ်နေတယ်၊ ဘာ ဘဏ္ဍာတွေ စုပြီးသား ဖြစ်နေတယ်၊ ဘာတွေစုဆောင်းပြီးသား ဖြစ်နေတယ်ဆိုတာ လေးကိုသိဖို့ ဘုရားရှင် ကိုယ်တော်မြတ်က အင်မတန်လိုလားတယ်၊ အဲဒီလို သိပြီးပြုတာကိုမှ ဘုရားရှင်ကိုယ်တော်မြတ်က တိဟိတ်ကုသိုလ်လို့ ခေါ်တယ်၊ ဟောတော်မူတယ်၊

ဉာဏ်ပါတဲ့ကုသိုလ်၊ အဲဒီလိုအားဖြင့် ဆရာဦးမြင့်စိန်သည် ဘုရားဆိုတဲ့ ရတနာ ဘဏ္ဍာတိုက်ကြီးထဲမှာလည်းပဲ ပူဇော်ဖွယ်အလီလီဖြင့် ပူဇော်နေခြင်းဆိုတဲ့ ဒါန ရတနာထုပ်တွေ ထည့်ပြီးတော့နေတယ်၊ ဗုဒ္ဓဝေယျာဝစ္စပြုပြီးတော့၊ ဘုရားရှင်ကို အရိုအသေပေးပြီးတော့ နေခြင်းဖြင့်လည်းပဲ သီလဆိုတဲ့ ရတနာဘဏ္ဍာတွေကို စုဆောင်းပြီးသား ဖြစ်နေတယ်၊ အဲဒီ ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ အဆုံးအမ ဩဝါဒကို လိုက်နာ၍နေခြင်း, နားထောင်၍နေခြင်းဖြင့်လည်း ဘာဝနာကုသိုလ် ရတနာတွေဖြစ်နေ၊ အလှူခံပုဂ္ဂိုလ်တွေရဲ့အပေါ်မှာ မေတ္တာသက်ရောက်နေခြင်းဖြင့် မေတ္တာဘာဝနာရတနာတွေ သိမ်းဆည်းပြီးသားဖြစ်နေတယ်၊ ဒါတင်ပဲလားဆိုတော့–

အတိထိသုဝါ – မိမိတို့နေရာသို့ အကြောင်းအားလျော်စွာ ရောက်လာကြတဲ့ ဧည့်သည်ဆိုတဲ့ ရတနာဘဏ္ဍာတိုက်ကြီးတို့၌ငှင်း။ အခု ယောဂီသူတော်စင် တွေကို ကျွေးမွေးဧည့်ခံတယ်လို့ ဆိုတော့ ယောဂီသူတော်စင်တွေဆိုတာ ဗောဓိရိပ်သာကြီးမှာ အမြဲနေကြတဲ့သူတွေ မဟုတ်ပါဘူး၊ ဟိုက ဒီက အကြောင်း အားလျော်စွာ တရားအားထုတ် ရောက်လာကြတာမို့လို့ ဧည့်သည်တွေတဲ့ ဧည့်သည်တွေ။ ဒီတော့ အဲဒီဧည့်သည်ဟာလည်း ဘဏ္ဍာတိုက်ကြီးတစ်တိုက်ပါ ပဲတဲ့ မြတ်စွာဘုရားက၊ မဂ်ဖိုလ်နိဗ္ဗာန်ထိအောင် လိုလားတဲ့ အမျိုးသား, အမျိုးသမီး အတွက် ဘဏ္ဍာစုချင်ရင် ဧည့်သည်ဟာလည်း ဘဏ္ဍာတိုက်ကြီးတစ်တိုက် ပဲဟေ့....တဲ့၊

စုတတ်ရင် မင်းတို့ ဧည့်သည်ဆိုတဲ့ ဘဏ္ဍာတိုက်ကြီးထဲလည်း ထည့်တဲ့၊ ဘာနဲ့ထည့်မတုန်း ဧည့်သည်ရောက်လာတော့ ဧည့်ဝတ် ကျေအောင်ပြုရတယ် လေ၊ ထွင်းချိန်ထွင်း, ကွမ်းချိန်ကွမ်း, ဆေးချိန်ဆေး, လဖက်ချိန်လဖက် ကျွေးမွေးဧည့်ခံတော့ ဒါန၊ အဲဒီဧည့်သည်ရဲ့ ဝေယျာဝစ္စ ကိစ္စကြီးငယ် ဆောင်ရွက်ပေးတော့ သီလ၊ အဲဒီဧည့်သည်ရဲ့ ပြောဆိုဆုံးမတဲ့ အဆုံးအမကို တစ်လုံးတစ်ပါဒမျှ ဖြစ်စေ မှတ်သား နာယူလိုက်တော့ ဘာဝနာ၊ ဒီတော့ ဧည့်သည်ဆီကလည်းပဲ ဒါန သီလ ဘာဝနာဆိုတဲ့ သုံးချက်ထွက်လာတာပဲ စုတတ်ရင် စုတတ်ရင်၊ ဒီလိုမဟုတ်ပဲနဲ့ ရှုပ်တယ်လို့သတ်မှတ်လို့ ရှိရင်တော့ ကုန်တာပဲအဖတ်တင်လိုက်တယ်၊ ကိုယ့်မှာ ရတနာမရလိုက်ဘူး၊ ထည့်ပြီးသား

မဖြစ်ဘူး။ အဲ ဒေါသနဲ့ကျွေးလိုက် မွေးလိုက်ရင် ဒေါသနဲ့ ညှော်ခံလိုက်ရင်တော့ ရတနာအဖတ်မတင်ရစ်ဖူးပေါ့။

ဒီတော့ အမျိုးကောင်းသား, အမျိုးကောင်းသမီး မဂ်ဖိုလ်နိဗ္ဗာန်ထိအောင် ကြီးပွားချမ်းသာချင်တဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးကျတော့ညှော်သည် လာရင်ပဲ အဲဒီ ညှော်သည်ကိုပင် ဘဏ္ဍာတိုက်ကြီးတစ်တိုက်လို့ အာရုံပြုပြီးသကာလ ညှော်ဝတ်ကျေအောင်၊ ညှော်ဝတ်လည်းကျေ မိမိအတွက်လည်း ဘဏ္ဍာစုမိပြီးသား ဖြစ်အောင် ညှော်ခံကျွေးမွေးခြင်း၊ သူ့ရဲ့ ဝေယျာဝစ္စ ပြုပေးခြင်း၊ သူပြောဆိုသွားတဲ့ စကားကို မှတ်သားနာယူခြင်းဖြင့် ဒါန သီလဘာဝနာ ဘဏ္ဍာတွေကို စုရတယ်။ ဒီတော့ ဆရာဦးမြင့်စိန်အနေနဲ့ ယောဂီတွေကို ကျွေးမွေးညှော်ခံတယ်ဆိုတာ ညှော်သည်ဆိုတဲ့ ဘဏ္ဍာတိုက်ကြီးဆီက ရအောင်ယူလိုက်တယ်လို့ ခေါ်ပါတယ်၊

ပုဂ္ဂလေဝ-မိမိတို့ကြည်ညို မှီခိုအားထား ကိုးစားရာသမိုက် ပုဂ္ဂိုလ်ဆိုတဲ့ ရတနာ ဘဏ္ဍာတိုက်ကြီး၌ရင်း၊ ဒီတော့ ဉးသေကကို ရဟန်းခံတယ်ဆိုတော့ ဉးသေကကို ပရိက္ခရာ (၈) ပါးတို့နဲ့ လှူဒါန်းပူဇော်တယ်၊ ဒါ ပုဂ္ဂလိက ခေါ်တယ်။ မိမိ ကြည်ညို မှီခိုအားထားတဲ့ ပုဂ္ဂိုလ်ကို လှူဒါန်းတယ် ဒါန၊ သူ့ရဲ့ဝေယျာဝစ္စကို ပြုလုပ်ပေးတယ် သီလ၊ သူ့ကို အရိုအသေပေးတယ် သီလ၊ သူ့အပေါ်မှာ ချမ်းသာစေချင်တဲ့မေတ္တာ သက်ရောက်နေတယ် ဘာဝနာ၊ သူဟောပြောဆုံးမတဲ့ တရားစကားကို နားထောင်တယ် ဘာဝနာ၊

တရားဟောတဲ့ဘုန်းကြီးအား တတ်စွမ်းသမျှ ဓမ္မပူဇာအနေနဲ့ ပူဇော် လှူဒါန်းတယ် ဒါန၊ ဒါ ပုဂ္ဂလိကပဲ၊ ဟောပြောတဲ့တရားကို နာကြားတဲ့ ဘာဝနာ၊ မေတ္တာသက်ရောက်နေတယ် ဘာဝနာ၊ ဒီပုဂ္ဂိုလ်ရဲ့ ဝေယျာဝစ္စတွေ ပြုလုပ်နေတဲ့ သီလ၊ ဒီပုဂ္ဂိုလ်ရဲ့အပေါ်မှာ အရိုအသေ ပေးနိုင်တယ်၊ လှူဖွယ်တန်းဖွယ် ကပ်တဲ့အချိန်မှာ လက်နှစ်ဖက်နဲ့ ရိုသေစွာ ကိုယ်ကိုကိုင်းညွှတ်ပြီးတော့ ကပ်နိုင်တယ်ဆိုတာ သီလ၊ ဒီတော့ ဒါန သီလ ဘာဝနာဆိုတာ တစ်ခုဖြစ်ရင် နှစ်ခုကကျန် နေရစ်တာမဟုတ်ဘူး, ဖြစ်ပြီးတော့နေတယ်လို့ ဒါကိုမြင်တော်မူလို့ ဘုရားရှင်ကိုယ်တော်မြတ်က၊ ဒါန သီလ ဘာဝနာဆိုတဲ့ (၃) ချက်ဖြင့် ရတနာ ရွှေအိုးတွေကို မြှုပ်ကြ၊ ရှေးရှေးသောသူတော်ကောင်းတွေလည်းပဲ ဒီလိုပဲမြှုပ်ကြ

တယ်လို့ ဟော နံပါတ်(၁)က ဘုရားတဲ့၊ နံပါတ်(၂)က သံဃာတဲ့၊ နံပါတ် (၃)က ပုဂ္ဂိုလ်တဲ့၊ နံပါတ် (၄) က ဉေ့်သည်တဲ့၊

နံပါတ်(၅)က မိဘတဲ့၊ အမေရှိလို့ရှိရင် အမေဟာ ဘဏ္ဍာတိုက်ကြီးပါပဲ၊ အဖေရှိရင် အဖေဟာ ဘဏ္ဍာတိုက်ကြီးပါပဲ၊ အမေ,အဖေ ဆိုတာ မှတ်ပြောတာ အဘိုး,အဖွားရှိလည်း အတူတူပဲပေါ့၊ ဒီတော့ မိခင်ရှိရင် ဖခင်ရှိရင် မိခင်,ဖခင်ကို ကျွေးတယ်မွေးတယ်၊ ပေးကမ်းထောက်ပံ့တယ်၊ အဝတ်အစား ဆင်ပေးတယ်၊ ထီး, ဖိနပ် ဝယ်ပေးတယ်စသည်ဖြင့် ဒါန၊ ရတနာဘဏ္ဍာ စုနေတယ်၊ နေ့စဉ်နေ့စဉ် လစဉ်လစဉ် နှစ်စဉ်နှစ်စဉ် သတိထားပြီးတော့ စုဆောင်းသွားမယ်ဆိုရင်၊ ဒါ စုဆောင်းတတ်တဲ့ အမျိုးသား အမျိုးသမီးအတွက် ရတယ်တဲ့၊ ဒါ ဘဏ္ဍာတိုက်ကြီး တစ်တိုက်ပဲတဲ့၊ အမေအဖေရဲ့ ဝေယျာဝစ္စတွေ ပြုပေးနေပြီဆိုတော့ သီလ၊ အမေအဖေရဲ့ ကိစ္စကြီးငယ်တွေ ဆောင်ရွက်နေတယ်၊ မိခင်ဖခင်ကို အရိုအသေပေးပြီးတော့ လုပ်ကျွေးတယ်၊ အရိုအသေပေးနေတာက သီလ၊ သူတို့ရဲ့ ဝေယျာဝစ္စတွေကို ပြုပြီးတော့ လုပ်ကျွေးနေတာက သီလ၊ အမေအဖေ ဆုံးမလိုက်တဲ့ စကားကို နာယူလက်ခံ ကျင့်သုံးတာက ဘာဝနာ၊ ဒီတော့ မိခင်,ဖခင်ဆီကနေ နေ့စဉ် အိမ်တွင်း ဘဏ္ဍာတိုက်ကြီးတွေ၊ မိခင်ဖခင်ဆိုတာ အိမ်တွင်းဘဏ္ဍာတိုက်ကြီးတွေ အပြင်ဘက်တောင် ထွက်မရှာရဘူး၊ ယူတတ်ရင် ထည့်တတ်ရင် ဘဏ္ဍာတိုက်ကြီးတွေ။

အထောဇ္ဇေမိဘာတရိ-အစ်ကိုကြီး အစ်မကြီး, (သို့မဟုတ်) ဦးကြီး ဦးလေး ဒေါ်ကြီး ဒေါ်လေးစတဲ့ မိမိထက် အသက်ကြီးပြီးသကာလ ကျေးဇူးရှိကြတဲ့ ဦးကြီး ဦးလေး ဒေါ်ကြီး ဒေါ်လေးတွေ သူတို့ကို တတ်စွမ်းသမျှ ထောက်ပံ့လှူဒါန်း ကျွေးမွေး ဒါန၊ ဝေယျာဝစ္စတွေပြု သူတို့ကို အရိုအသေပေး သီလ၊ သူတို့ဆုံးမသမျှတွေကိုလိုက်နာ ဘာဝနာ၊ အဲဒီလိုအားဖြင့် ယနေ့ ရတနာဘဏ္ဍာတိုက်ကြီး (၇) တိုက်တဲ့ (၇)တိုက်၊ အဲဒီ (၇)တိုက်ထဲမှာ နေ့စဉ်နေ့စဉ် လစဉ်လစဉ် နှစ်စဉ်နှစ်စဉ် သိမ်းပိုက်ကြလို့၊ နိဗ္ဗာနဂါမိက-အရိပ်ပမာ သွားရာပါသည့် အနုဂါမိကခေါ်ရိုး အဇေယျခေါ်ရိုး ငွေအိုး ရွှေအိုး ရတနာအိုးကြီးတို့ကို၊ သုနိဟိတာဟောန္တု-ကောင်းစွာမသေ့ မြှုပ်နှံသင့်ကြပေကုန်သတည်း။

သာဓု.... သာဓု.... သာဓု....

အဲဒီလို အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ ထည့်သွင်းသိမ်းပိုက်ထိုက်တဲ့ ဘဏ္ဍာတိုက်ကြီး (၇) တိုက်ထဲမှာ၊ ဒါန သီလ ဘာဝနာ သုံးချက်ကိုပြုခြင်းဖြင့် ထည့်သွင်းသိမ်းပိုက်ကြလို့ ဘုရားရှင် ကိုယ်တော်မြတ် တိုက်တွန်းတော်မူသည့်အတိုင်း၊ ယနေ့ ဆရာဦးမြင့်စိန်သည် အသက် (၅၉) နှစ်ပြည့်မြောက်တဲ့ မွေးနေ့မင်္ဂလာ (၁၀) ကြိမ် မြောက် အခန်းအနားမှာ၊ ဘုရား, သံဃာ, ပုဂ္ဂိုလ်, ဌေးသည် ဆိုတဲ့ ဘဏ္ဍာတိုက်ကြီး (၄) တိုက်ထဲမှာ အထူးတလည်အားဖြင့် ငါ သိမ်းပိုက် နေတဲ့နေ့၊

ဆရာဦးမြင့်စိန်ကို အကြောင်းပြု၍ ယောဂီသူတော်စင်တွေကလည်း စုပေါင်းပြီးသကာလ ပါဝင်ကြခြင်းဖြင့်၊ ဒီနေ့ သိမ်းပိုက်တဲ့နေ့၊ ထည့်တဲ့ နေ့လို့၊ ဒီလိုအာရုံပြုပြီးတော့မှ၊ အဲဒီထည့်လိုက်တဲ့ ရတနာဘဏ္ဍာတွေနဲ့ ဘာလုပ်ကြမတုန်း၊ လောကမှာ ကိုယ့်အသီးသီး လောကီစီးပွားတွေ ဘဏ္ဍာတိုက်တွေထဲ ထည့်ထားကြတာ ဘာလုပ်ဖို့ထည့်ကြတာတုန်း, ဘာလုပ်ဖို့ စုကြတာတုန်းလို့ ဆိုတော့ နောင်ချမ်းသာအောင်လို့၊ နောင် အရေးပေါ်ရင် သုံးကြရအောင်လို့၊ ကိုယ်စုထားတဲ့ မီးခံသေတ္တာထဲက ရွှေတွေ ငွေတွေ ကျောက်သံပတ္တမြားတွေ၊ ဟိုဘဏ် ဒီဘဏ်မှာ အပ်ထားတဲ့ ရွှေငွေ ကျောက်သံပတ္တမြားတွေ ဘာလုပ်ကြတုန်း, ဘာ ထုတ်လုပ်ကြတုန်း၊ အစားချမ်းသာအောင် သုံးရတယ်၊ အဝတ်ချမ်းသာအောင် သုံးရတယ်၊ အနေချမ်းသာအောင် သုံးရတယ် ထုတ်ပြီးတော့၊ အစားချမ်းသာဖို့၊ အစားအသောက်တွေနဲ့ လဲကြတယ်၊ အနေချမ်းသာအောင် အဝတ်ချမ်းသာအောင် အနေအထိုင်တွေနဲ့ လဲကြတယ်၊

အဲဒါလိုပဲ ဒီနေ့ စုဆောင်းလိုက်တဲ့ ဘုရား တရား သံဃာ အစရှိတဲ့ ဘဏ္ဍာတိုက်ကြီး (၇) တိုက်ထဲမှာ ဘုရားအစရှိတဲ့ ဘဏ္ဍာတိုက်ကြီး (၇) တိုက်ထဲမှာ၊ ယနေ့ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေ နည်းများမဟုနေ့စဉ်နေ့စဉ် လစဉ်လစဉ် နှစ်စဉ်နှစ်စဉ် စုဆောင်းထားတဲ့ ဘဏ္ဍာရတနာတွေနဲ့ ဘာတွေကို လဲလှယ်ယူကြမလဲတဲ့၊ ဘာတွေကို လဲလှယ်ပြီးတော့ သိမ်းဆည်းကြမလဲ၊ ဒီတော့ လဲယူကြမှာတော့အမှန်ပဲ၊ ဘာလဲယူကြမလဲဆိုတော့ မြတ်စွာဘုရားက လဲနည်း လဲယူနည်း မမှားအောင် ညွှန်ပြတယ်၊ ပရိယေသနသုတ်တော်နဲ့ လဲယူနည်းမမှားအောင် ညွှန်ပြတယ်၊ လောက ခုနကပြောတဲ့ စုထားတဲ့ ရွှေအိုး

ငွေအိုး ရတနာအိုးတွေနဲ့ ဒကာ–ဒကာမတွေ ထွက်ပြီးတော့ လဲကြတယ်၊ ကိုယ်လိုရာ ဈေးဝယ်ကြတာပဲ၊ ဝယ်တော့ ဘာဝယ်တုန်းလို့ဆိုတော့ ကိုယ်လိုရာ ဝယ်ကြတယ်ပေါ့၊

အဲဒါလိုပဲ အခုလည်း ကိုယ်လိုရာ ဝယ်လို့ရတယ်၊ ဘာတွေဝယ်လို့ရတုန်း၊ လူ့ဘဝစည်းစိမ် ရိပ်ငြိမ်ချမ်းသာ ကြီးတွေကိုလည်း ဝယ်လို့ရတယ်၊ လဲလို့ရတယ်၊ နတ်ဘဝစည်းစိမ် ရိပ်ငြိမ်ချမ်းသာကြီးတွေကိုလည်း ဝယ်လို့ရတယ်၊ လဲလို့ရတယ်၊ ဗြဟ္မာဘဝ ဗြဟ္မာစည်းစိမ် ရိပ်ငြိမ်ချမ်းသာကြီးတွေကိုလည်း ဝယ်လို့ ရတယ်၊ လဲလို့ရတယ်။ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဆိုတဲ့ တရားထူး တရားမြတ်ကြီးတွေကိုလည်း ဝယ်လို့ရတယ်၊ လဲလို့ရတယ်။ အသက်ရှည်ခြင်း အဆင်းလှခြင်း ချမ်းသာကြီးခြင်းဆိုတဲ့ ပစ္စည်းတွေ ကိုလည်း ဝယ်လို့ရတယ်၊ လဲလို့ရတယ်လို့ မြတ်စွာဘုရားက–

**• အာယုံ အရောဂတာ ဝဏ္ဏံ, သဂ္ဂံ ဥစ္စာကုလီနတာ၊
အသခ်တဥ္စ အမတံ, အတ္ထိ သဗ္ဗာပဏော ဇိနော။**

ငါဘုရားရှင် သင်တို့လို လောကုတ္တရာရတနာတွေ သိမ်းထုပ်လာတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ လဲလှယ်ဝယ်ယူဖို့ရာ ငါကလဲ ဈေးဆိုင်ကြီး တည်ခင်းထားပါတယ်၊ တည်ခင်းထားပါတယ်။ အေး ငါ့ဈေးဆိုင်ကြီး ထဲမှာ သင်တို့ကြိုက်ရာယူဖို့ပဲ၊ ငါ့ဆီမှာ ကုန်ပစ္စည်းတွေ လဲလှယ်ဖို့ ကုန်ပစ္စည်းတွေက–

အာယုံ–အသက်ရှည်ခြင်း ဆိုတဲ့ ကုန်ပစ္စည်းမျိုးတွေလည်းရှိတယ်။ အရောဂတာ–အနာရောဂါကင်း ကျန်းမာခြင်းဆိုတဲ့ ကုန်ပစ္စည်းမျိုးတွေလည်းရှိတယ်။ ဝဏ္ဏံ–ဥပဓိ ရုပ်ဆင်း လှပခြင်းဆိုတဲ့ ကုန်ပစ္စည်းမျိုးတွေလည်းရှိတယ်။ သဂ္ဂံ–လူ့ဘဝစည်းစိမ် ရိပ်ငြိမ်ချမ်းသာ, နတ်ဘဝ စည်းစိမ် ရိပ်ငြိမ်ချမ်းသာဆိုတဲ့ ကုန်ပစ္စည်းမျိုး ကြီးတွေလည်းရှိတယ်။ အသခ်တဥ္စ အမတံတဲ့–အသခ်တ, အမတလို့ခေါ်တဲ့ ကုန်ပစ္စည်းမျိုးကြီး တွေလည်းရှိတယ် .... တဲ့၊ ရှိတယ် ။ ဒီတော့ ဘာလဲယူချင်တုန်း၊ ဘာကို ကြိုက်ကြတုန်း၊

---

• မိလိန္ဒပဥှပါဠိ–အနုမာနပဥှ=၃၂၄

ကြိုက်ရာ ယူနိုင်တယ်၊ သို့သော် .... တဲ့၊ မြတ်စွာဘုရားက အလဲတတ်ဖို့ ဈေးဝယ်တတ်ဖို့တော့ လိုတယ်....တဲ့။ အလဲတတ်ရင်တော့ မင်းတို့ ကောင်းတဲ့ ပစ္စည်းကို ရလိမ့်မယ်တဲ့၊ အလဲမတတ်ရင်တော့ ခဏခံပစ္စည်းနဲ့ တွေ့လိမ့်မယ်လို့–

**"ဥပါဒါနိယေသု ဓမ္မေသု အဿာဒါနုပဿိတော ဝိဟရတော"**။

ဥပါဒါနိယေသုဓမ္မေသု–ဥပါဒါန်ရဲ့ အာရုံဖြစ်ပြီးသကာလ ခဏပန်းခံတဲ့ ခဏတဖြုတ်နဲ့ ပျက်စီးတတ်တဲ့ ကုန်ပစ္စည်းမျိုးတွေရဲ့ အပေါ်၌။ အဿာဒါနုပဿိတော–အကောင်းထင်ပြီးသကာလ။ ဝိဟရတော–ဈေးဝယ်တဲ့ ပုဂ္ဂိုလ်အတွက်။ အဲဒီကုန်ပစ္စည်းတွေ လဲတဲ့နေရာမှာတော့ ဟော့.... အသိဉာဏ်တော့ လိုတယ်တဲ့၊ ဉာဏ်လိုတယ် ဉာဏ်ပါးထုတ်တတ်ဖို့တော့ လိုတယ်၊

ဒီတော့ ဝယ်တဲ့နေရာမှာ ဒီပစ္စည်းဟာ လောကပကတိ ဈေးဝယ်တဲ့နေရာမှာပဲ၊ ဒီပစ္စည်းဟာ ကုန်အစစ်လား, ကုန်အတုလား, ကြာကြာခံမည့်ပစ္စည်းလား ဆိုတာ ရွေးရချယ်ရသလို၊ ရွေးတတ်ချယ်တတ်ဖို့လိုသလို၊ ရွေးတတ်ချယ်တတ်တဲ့လူမှ ကုန်ပစ္စည်းကောင်းကို ရသလိုတဲ့၊ ငါဘုရားရှင်ကိုယ်တော်မြတ် တည်ခင်းရောင်းချလိုက်တဲ့ ခုနက သာသနာ့ဈေးရုံကြီးဟူသော ဈေးကြီး အတွင်းမှာ နိဗ္ဗာန်ဈေးကြီး အတွင်းမှာ၊ အသက်ရှည်ခြင်း, အဆင်းလှခြင်း, ခွန်အားကြီးခြင်း, ကျန်းမာခြင်း, လူ့ဘဝစည်းစိမ် ရိပ်ငြိမ်ချမ်းသာက စပြီးသကာလ ကုန်ပစ္စည်းမျိုးစုံတွေကို ဝယ်ယူချင်သပဆိုရင် ရနိုင်ပါရဲ့၊ သို့သော် ကောင်းမကောင်း ကိုတော့ ကိုယ့်ဟာကိုယ် ဉာဏ်နဲ့ကြည့်ပြီးတော့၊ အလိမ္မာဖက်ပြီးတော့ ဝယ်ကြပေတော့၊

ဒီတော့ အသက်ရှည်ခြင်းဆိုတဲ့ ကုန်ပစ္စည်းကြီးကိုဝယ်ကြည့်၊ ဘယ်လောက်အသက်ရှည်တာကြီးဖြစ်ဖြစ် နောက်ဆုံး ဘယ်မှာလပ်းဆုံးတုန်း၊ ဇရာအောက်မှာ လက်မြှောက်ရတယ်၊ သေမင်းအောက်မှာ လက်မြှောက်ရတယ်၊ ဒီတော့ ဒီကုန်ပစ္စည်းက ကြာကြာခံတဲ့ကုန်ပစ္စည်း မဟုတ်ဘူး၊ အနာရောဂါကင်း ကျန်းမာခြင်းဆိုတဲ့ ကုန်ပစ္စည်း၊ ဘယ်လောက်ပဲ ကောင်းတယ်ပြောပြော နောက်ဆုံး ဗျာဓိအောက်မှာ လက်မြှောက်ရတယ်၊ ဘယ်လောက်ကျန်းမာတဲ့သူ

ဖြစ်ဖြစ် အိုခြင်း တရားအောက် လက်မြှောက်ရတယ်၊ နာခြင်းတရားအောက် လက်မြှောက်ရတယ်၊ သေခြင်းတရားအောက် လက်မြှောက်ရတယ်၊ ကြာကြာခံတဲ့ ပစ္စည်းမဟုတ်ဘူးတဲ့၊

ဝဏ္ဏံ-ဥပမိရုပ်ဆင်း လှပခြင်း ဆိုတဲ့ ကုန်ပစ္စည်း၊ ဘယ်လောက် လှတယ်ပြောပြော၊ ဘယ်လောက် ချောတယ်ပြောပြော၊ ဘယ်လောက် ဥပမိတွေ ကောင်းတယ် ပြောပြောတဲ့၊ အိုခြင်းတရားအောက်မှာ လက်မြှောက်ရတယ်၊ နာခြင်းတရားအောက်မှာ လက်မြှောက်ရတယ်၊ သေခြင်းတရားအောက်မှာ လက်မြှောက်ရတယ်၊ ဒီတော့ သူတို့ ကြာကြာခံတဲ့ပစ္စည်းတွေ မဟုတ်ဘူးတဲ့၊ ကွဲလွယ် ရှလွယ်တဲ့ပစ္စည်းတွေနဲ့ တူတယ်တဲ့၊ ပုပ်လွယ်သိုးလွယ်တဲ့ ပစ္စည်းတွေနဲ့ တူတယ်၊ လူ့ဘဝ စည်းစိမ် ရိပ်ငြိမ်ချမ်းသာဆိုတဲ့ ပစ္စည်းကြီးတွေ, နတ်ဘဝ စည်းစိမ် ရိပ်ငြိမ်ချမ်းသာဆိုတဲ့ ပစ္စည်းကြီးတွေ, ဗြဟ္မာဘဝဆိုတဲ့ ရိပ်ငြိမ်ချမ်းသာ ဆိုတဲ့ ပစ္စည်းကြီးတွေ, ကောင်းသလောက်ကောင်းတယ်၊ သို့သော် ပုပ်လွယ် သိုးလွယ်တဲ့ ပစ္စည်းတွေနဲ့တူတယ်၊ ကွဲလွယ်ရှလွယ်တဲ့ ပစ္စည်းတွေနဲ့တူတယ်၊ ဘာပြုလို့တုန်း အိုနာသေမှုကြီး မလွတ်လို့၊ ဒီတော့ မိမိတို့ယူလိုက်တဲ့ ပစ္စည်းနဲ့၊ အဲဒီပစ္စည်းတွေကို ကျော်လွှားပြီးတော့ အသခ်တ အမတခေါ်တဲ့ကုန်ပစ္စည်းကို ဝယ်မိအောင်, လဲမိအောင် ဝယ်မိအောင် လဲမိအောင်ဖြစ်ချင်ရင် ဘယ့်နှယ် ဉာဏ်ပါး ထုတ်ရတုန်းဆိုတော့ မြတ်စွာဘုရားက—

## • ဇရာဝမ္မေ အာဒိနဝံ ဝိဒိတွာ....တဲ့။

ဇာရာဓမ္မေ-ဆွေးမြေ့ယိုယွင်း အိုမင်းတတ်တဲ့ အဲဒီ အသက်ရှည်မှု, အဆင်းလှမှု, ခွန်အားကြီးမှု, ကျန်းမာမှု, လူ့ဘဝစည်းစိမ် ရိပ်ငြိမ်ချမ်းသာစတဲ့ ပစ္စည်းပဲ၊ ကြာကြာမခံတဲ့ပစ္စည်းပဲလို့ အသိဝင် လိုက်ပြီးသကာလ အပြစ်ကို ရှုလိုက်ပါတဲ့၊ အပြစ်မြင်အောင် ရှုလိုက်ပါတဲ့။ အပေါ်ယံလေးရှုပ်ပြီးတော့ မကြည့်လိုက်ပါနဲ့တဲ့၊ အတွင်း ထိအောင် ဒီပစ္စည်းဟာ ဘယ်လောက်ခံမယ့် ပစ္စည်းတုန်း၊ ဘယ်လောက် ကြာကြာခံမယ့် ပစ္စည်းတုန်းလို့ဆိုတာ ကြည့်ပြီးတော့၊

• ပရိယေသနာသုတ်၊ အံ-၁/၅၇၀။

အတွင်းက ရှိနေတဲ့ပစ္စည်းကို မြင်အောင် ဉာဏ်မျက်စိနဲ့ကြည့်လိုက်တဲ့၊ ကြည့်လိုက်တော့ ဘယ့်နှယ်ဖြစ်သွားတုန်း၊

**"ဇရာဓမ္မေ အာဒီနဝံ ဝိဒိတွာ အဇရံ အနုတ္တရံ ယောဂက္ခေမံ ပရိယေသတိ"**။ အဲဒီလို ကြည့်လိုက် သည်နှင့်တစ်ပြိုင်နက် မြင်လိုက် သည်နှင့်တစ်ပြိုင်နက် ဒီအသက်ရှည်မှု ကျန်းမာမှု ရုပ်အဆင်းလှမှုကစလူ့ဘဝစည်းစိမ် ရိပ်ငြိမ်ချမ်းသာတွေ အပေါ်မှာ အပြစ်မြင်လိုက်သည်နှင့်တစ်ပြိုင်နက် တွယ်တာနှစ်သက် ခင်မင်မှုဆိုတာ ပျောက်သွားတယ်ဝဲ့၊ အဲပျောက်သွားလို့ရှိရင် ဒါကို မလိုချင်ရာရောက်သွားတာပဲတဲ့ ဉာဏ်နဲ့ကျော်သွားတာပဲ ကျော်သွားလိုက်သည်နှင့်တစ်ပြိုင်နက် ဘယ်သွားတွေ့တုန်း၊ အဇရံ–ဒီလိုကွဲလွယ် ရလွယ်မဟုတ်တဲ့၊ ပုပ်လွယ်သိုးလွယ် မဟုတ်တဲ့၊ ပျက်လွယ်စီးလွယ် မဟုတ်တဲ့၊ ခိုင်မြဲတဲ့ အသခ်တအမတ ခေါ်တဲ့ပစ္စည်းနဲ့ ဉာဏ်နဲ့ ဝင်ပြီးတော့ တွေ့မယ်တဲ့၊ အဲဒီလိုတွေ့ပြီးတော့ အဲဒီပစ္စည်းကြီးကို လိုချင်သောကြောင့် တပည့်တော်တို့ ဒီဘဏ္ဍာတိုက်ထဲမှာ ဒီရတနာတွေကို စုပါတယ်၊ ဒီရတနာတွေဟာ အဲဒီ အသခ်တ အမတပစ္စည်းကြီးကို ရဖို့ရာအတွက် စုဆောင်းပါတယ်လို့၊ အဲဒီလိုစုပြီး ဆောင်းပြီးသား ဖြစ်သွားစေရမယ်၊

**"ဗျာဓိဓမ္မေ အာဒီနဝံ ဝိဒိတွာ မရဏဓမ္မေ အာဒီနဝံ ဝိဒိတွာ"**။ အတူတူပဲ နာတတ်တဲ့သဘော၊ ကုန်တတ် ပျောက်တတ် ပျက်စီးတတ် သေဆုံးတတ်တဲ့ သဘောတွေရဲ့ အပေါ်၌ အပြစ်ကိုမြင်ပြီးတော့၊ အပြစ်ကို ရှုပြီးတော့၊ အပြစ်ကို ရှုလိုက်သည်နှင့် တစ်ပြိုင်နက်၊ အဿာဒါနုပဿီ မဟုတ်တော့ဘူး ဉပါဒါနိယဓမ္မတွေပေါ်မှာ အဿာဒါနုပဿီ မဖြစ်စေနဲ့တဲ့၊ အဿာဒါနုပဿီဆိုတာ ရုပ်နာမ်ဓမ္မ သင်္ခါရဝဋ္ဋ ပျက်လွယ်စီးလွယ်. အိုလွယ်နာလွယ်တဲ့. အိုတတ်နာတတ်တဲ့ ပစ္စည်းတွေရဲ့အပေါ်မှာ သာယာဖွယ်လို့ အထင်မရောက်လိုက်နဲ့တဲ့၊ မရောက်စေနဲ့ အထင်မရောက်အောင်က အမြင်မှန်၊ အပြစ်ကို ရှုလိုက်၊ အမြင်မှန် အပြစ်ကိုရှုတဲ့ ဝိဇ္ဇာဉာဏ်ဝင်လာလိုက်သည်နှင့်တစ်ပြိုင်နက် အဿာဒ ဆိုတဲ့ သာယာမှုသမုဒယသစ္စာက ပယ်ပြီးသားဖြစ်သွားပါတယ်၊

သစ္စာ(၄)ပါး။ သစ္စာ(၄)ပါးဆိုတာ တစ်ခုပြီးမှတစ်ခု လာနေတာ မဟုတ်ဘူး။ တစ်ခုဖြစ်ရင် (၄)ချက်စလုံး ဝင်လာတယ်၊ မီးကိုထွန်းလိုက်လို့ရှိရင် အလင်းရောင်ကိုလဲပြတယ်၊ အမှောင်ကိုလည်း ဖျောက်တယ်၊ ဆီကိုလည်း ခန်းစေတယ်၊ မီးစာကိုလည်းကုန်စေတယ်၊ တောက်တော့ မီးတောက်ကလေး တတောက်ပဲ၊ သို့သော် သူကလုပ်သွားတာ ကိစ္စလေးချက် တစ်ပြိုင်ထဲ လုပ်သွားတယ်၊ ဆီကိုခန်းစေတယ်၊ မီးစာကိုကုန်စေတယ်၊ အလင်းရောင်ကို ပေးတယ်၊ အမှောင်ကို ဖျောက်တယ်၊

အဲဒါလိုပဲတဲ့ သစ္စာလေးပါးတရား သစ္စာလေပါးတရားဆိုတာ အမြင်တချက်ရှင်းလိုက်သည်နှင့် တစ်ပြိုင်နက်၊ သမ္မာဒိဋ္ဌိ အမြင်မှန် ပေါက်လိုက်သည်နှင့်တစ်ပြိုင်နက်၊ အိုခြင်းတရား, နာခြင်းတရား, သေခြင်းတရားရဲ့အပေါ်မှာ ဒုက္ခ ဒုက္ခအတိုင်း မြင်လိုက်သည်နှင့် တစ်ပြိုင်နက်၊ အဲဒီဒုက္ခကို ဒုက္ခလို့မြင်လိုက်တဲ့ သမ္မာဒိဋ္ဌိ အလင်းဓာတ် ဖြန့်လိုက်သည်နှင့်တစ်ပြိုင်နက်၊ ဒီတရားတွေရဲ့ အပေါ်မှာ အပြစ်ကို မမြင်တဲ့ အဝိဇ္ဇာအမိုက်တိုက်ကြီး ခင်တွယ်တဲ့လောဘ ပယ်ရှင်းခြင်း၊ အဝိဇ္ဇာအမှောင်ကြီးကို ခွင်းခြင်း၊ ခင်တွယ်တတ်တဲ့ လောဘတဏှာကို ပယ်သတ်ခြင်းဆိုတဲ့ တရားတွေ တစ်ပြိုင်နက် ပြီးတယ်။ ပြီးတော့ ဒီတရားက ဘယ်ညွှတ်နေတုန်းလို့ဆိုတော့၊ အဲဒီ အမြင်မှန်တရားလေးက ဩော် ဒီပစ္စည်းက မကောင်းတဲ့ပစ္စည်းပဲဆိုရင် နောက်တစ်ခု ကောင်းတဲ့ပစ္စည်းကိုမျှော်တယ်၊

ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ ဈေးထဲသွားကြည့်၊ ဈေးဝယ်တဲ့ အခါကြတော့ ကုန်အမျိုးမျိုးရှေးတဲ့နေရာမှာ ဆိုင်တစ်ဆိုင်ရောက်လို့ ကိုယ်လိုချင်တဲ့ ပစ္စည်းလေးတွေ့တော့၊ ဟာ ဒီပစ္စည်း ကောင်းလိမ့်မယ်ထင်တယ် ဆိုပြီးတော့ ကောက်ကိုင်လိုက်တယ်၊ ကောက်ကိုင်ပြီးတော့ လှည့်ပတ်ပြီးတော့ ကြည့်လိုက် တော့၊ သူက နဂိုကကျွမ်းကျင်ထားတာဖြစ်တော့ ဒီပစ္စည်း ဒီအမှတ်လက္ခဏာမျိုး ပါရင်အတု ကြာကြာမခံဘူး၊ ကွဲလွယ် ရှလွယ်တယ်လို့ နဂိုက လေ့လာထားလို့ သိနေတယ်ဆိုရင် ကောက်ကိုင်လိုက်တုန်းကတော့ ဒါတွေမသိသေးဘူး၊ နောက် ကောက်ကိုင်လိုက်ပြီးတော့ သေသေချာချာ လှည့်ပတ်ကြည့်လိုက်တော့၊ ဩော် ဒီပစ္စည်းက အတုကြီးပဲ–လို့ သိလိုက်သည်နှင့်တစ်ပြိုင်နက် လက်ထဲက

မချသေးသော်လဲပဲ ဒီပစ္စည်းကအတုပဲလို့ ဆိုလိုက်သည်နှင့် တစ်ပြိုင်နက် မလိုချင်တော့ဘူး၊ မဝယ်ချင်တော့ဘူးဆိုတာ ပေါ်လာတယ်၊ မလိုချင် မဝယ်ချင်ရုံ မကဘူး ဒီပစ္စည်းမှတခြား အစစ်ဖြစ်တဲ့ ပစ္စည်းဘက်ကို စိတ်ညွတ်သွားတယ်၊ ဘယ်ဆိုင်မှာတွေ့မယ်တော့ မသိဘူး၊ ဒီပစ္စည်းတော့ မယူချင်တာတော့ အမှန်ပဲ၊ မယူချင်သည်နှင့်တစ်ပြိုင်နက် နောက်ထပ်အစစ်ကို စိတ်ညွတ်နေတယ်၊ ဘယ်ဆိုင်တွေ့ပါ့မတုန်းလို့ စိတ်ကလေးက ညွတ်သွားပါတယ်၊

အဲသလိုပဲတဲ့ ဒုက္ခသစ္စာဖြစ်တဲ့ ဇရာ ဗျာဓိ မရဏ ဓမ္မ တရားတွေရဲ့အပေါ်မှာ အပြစ်ကို မြင်လိုက်သည်နှင့်တစ်ပြိုင်နက်၊ ကုန်ပစ္စည်း အတုကို သိသွားသလို၊ အပြစ်ကို မြင်လိုက်သည်နဲ့တပြိုင်နက် လိုချင်မှု ဆိုတဲ့ သမုဒယ သစ္စာတဏှာသေ၊ ဒီပစ္စည်းအတုမှတစ်ပါး အစစ်တယ်နား ရှိပါ့မတုန်း၊ ဘယ်နားက ရပါ့မတုန်း၊ အဲဒီအစစ်ရှိရာကို ညွတ်တဲ့စိတ်ပေါ်လာတယ်၊ အဲဒီအစစ် ရှိရာက အစစ်ဆိုတာ နိရောဓသစ္စာ နိဗ္ဗာန်တရား ခေါ်ပါတယ်၊ အကယ်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် လောကုတ္တရာ မဂ်ဖိုလ် တရား၊ အဲဒီနားများအား ကောင်းလို့ပေါ်လာရင် အဲဒီအစစ်တရားကြီးကို ဖွားကနဲမြင်နိုင်ပါတယ်၊ သို့သော် ဝိပဿနာဉာဏ်နဲ့ မြင်နေတာ၊ သံဝေ ဉာဏ် ဝိပဿနာ ဉာဏ်နဲ့ မြင်နေတဲ့အမြင်မို့လို့ အမှန်းမြင်ပဲ မြင်ရပါတယ်၊ သို့သော် အမှန်းမြင်ပေမယ်လို့ အဲဒီအမြင်ဟာ နိဗ္ဗာန်ကို အနီးကပ်ဆုံး မြင်တဲ့ အမြင်လို့ခေါ်ပါတယ်၊ မှန်းနိုင်တဲ့သူတွေထဲမှာ အကောင်းဆုံးမှန်းနိုင်တဲ့ သူလို့ ခေါ်ပါတယ်၊ ဘာပြုလို့တုန်းလို့ဆိုတော့ ဒုက္ခရဲ့ပြောင်းပြန် ဆန့်ကျင်ဘက်တရား၊ ဒုက္ခရဲ့ နောက်ကွယ်မှာရှိနေတဲ့ အစစ်တရားကို မှန်းနေတဲ့အချိန်မို့လို့တဲ့၊

ဒါ့ကြောင့် နိဗ္ဗာန်လိုချင်တယ် နိဗ္ဗာန်မှန်းတယ် ဆိုလို့ ကောင်းကင်မော့ပြီး မှန်းနေတဲ့အမှန်းက အဝိဇ္ဇာနဲ့ အမှန်း ခေါ်တယ်၊ ဘာမှမသိတဲ့ အမှန်း ခေါ်တယ်၊ ပါးစပ်ပြောအမှန်းခေါ်တယ်၊ ဘဝဂ်ရဲ့အထက် နတ်ပြည်ရဲ့အထက် နိဗ္ဗာန်ရှိလိမ့်မယ်၊ ဟိုနား နိဗ္ဗာန် ရှိလိမ့်မယ်၊ ဒီနား နိဗ္ဗာန်ရှိလိမ့်မယ်လို့ မှန်းတဲ့အမှန်းက အကန်းမှန်းလို့ ခေါ်ပါတယ်၊ ဝေးသောအမှန်းလို့ ခေါ်ပါတယ်၊ အခုလို ရုပ်နာမ်ဓမ္မ သဘာဝတွေရဲ့ အပြစ်ကို မြင်ပြီးတော့၊ ဒီအပြစ်မျိုးမရှိရာလို့ ဆိုလိုက်သည်နှင့် တစ်ပြိုင်နက်၊ ဒီအိုခြင်းမျိုး နာခြင်းမျိုး သေခြင်းမျိုး မရှိရာလို့

ဆိုလိုက်သည်နှင့်တစ်ပြိုင်နက်၊ အဲဒီ ရုပ်နာမ်ဓမ္မ သဘာဝတွေရဲ့ နောက်ကွယ်မှာ ရှိနေတဲ့၊ အဲဒီ ရုပ်နာမ်ဓမ္မသဘာဝတွေရဲ့ ကွယ်ကာ ဖုန်းထားတတ်လို့ မမြင်ရတဲ့ နိဗ္ဗာန် မှန်းပြီးသားဖြစ်သွားတယ်၊ ကပ်ပြီးတော့ မှန်းပြီးသား ဖြစ်သွားတယ်၊

ဒီတော့ ပျောက်နေတဲ့ပစ္စည်း တစ်ခုရှာတဲ့နေရာမှာ အနားကပ်ပြီးတော့ ရှာနေတဲ့သူဟာ တော်တော် သေချာတာပဲ၊ ပစ္စည်းတစ်ခုပျောက်နေတယ် ရှာကြတယ်၊ ပုဂ္ဂိုလ် တစ်ယောက်ကတော့ အဲဒီပစ္စည်းနဲ့ တထွာတမိုက် တလံလောက် အတွင်းမှာ သူက ဝေ့လည်ဝေ့လည်နဲ့ ရှာနေတယ် မတွေ့တော့ မတွေ့သေးဘူး၊ ဟိုပုဂ္ဂိုလ်တစ်ယောက်ကတော့ ပျောက်တဲ့ပစ္စည်းနဲ့ ဟို ....အထိ အလှမ်းပေါင်းများစွာ၊ အတောင်ပေါင်း တစ်ရာ နှစ်ရာလောက်အကွာမှာ သူက သွားရှာနေတယ်ဆိုရင်၊ ဒီပုဂ္ဂိုလ် နှစ်ယောက်ဟာ ပျောက်တဲ့ပစ္စည်း တွေ့ဖို့ အရေးမှာ အနားကပ်ပြီးတော့ ဝေ့နေတဲ့သူက တွေ့ဖို့ရာ နီးတယ်၊ အဲသလိုပဲ ရုပ်နာမ်ဓမ္မသဘာဝတွေရဲ့ အပြစ်ကို မြင်ပြီးတော့ ရှာနေတဲ့ပုဂ္ဂိုလ်သည် နိဗ္ဗာန်ဆိုတဲ့ ပျောက်နေတဲ့ ပစ္စည်းကြီးကို တွေ့ဖို့ရာ နီးကပ်နေပြီ နီးကပ်နေပြီ မြတ်စွာဘုရားက ဒါ့ကြောင့် အဲဒီလိုရှာ....တဲ့၊

"**ဇရာဓမ္မေ အာဒီနဝံ ဝိဒိတွာ အဇရံ အနုတ္တရံယောဂက္ခေမံ ပရိယေ သတိ**"။ ဇရာဓမ္မဖြစ်တဲ့ ရုပ်နာမ်ဓမ္မသခ်ါရ ဝဋ္ဋပစ္စည်းစုံတို့ရဲ့ အပေါ်၌ ဒီတရားတွေဟာ မခိုင်မြဲတဲ့တရားတွေပဲ၊ ပုပ်လွယ်သိုးလွယ်တဲ့ တရားတွေပဲလို့ အပြစ်ကိုရှုပြီး၊ အပြစ်ကို မြင်ပြီးတော့ အပြစ်ကိုမြင်တဲ့ သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်နဲ့ သိပြီးတော့၊ အဇရံ-အဲဒီ ဇရာမျိုးမရှိတဲ့, ကွဲလွယ်ရှလွယ်တဲ့ပစ္စည်းမျိုးမဟုတ်တဲ့၊ ပုပ်လွယ်သိုးလွယ်တဲ့ပစ္စည်းမျိုး မဟုတ်တဲ့၊ အနုတ္တရံ-အတုမရှိမြတ်သော၊ ယောဂက္ခေမံ-ယောဂ (၄)ပါး တို့ရဲ့ ငြိမ်းရာကုန်ရာ အေးရာဖြစ်သော။ နိဗ္ဗာနံ- နိဗ္ဗာန်ဆိုတဲ့ပစ္စည်းကို၊ ပရိယေသတိ-ရှာလိုက်ပါ။ ဒီတော့ သစ္စာ (၄)ချက် တစ်ပြိုင်ထဲဝင်လာပါတယ်၊ အဲဒီလိုဝယ်နည်းနဲ့ အဲဒီလိုလဲလှယ်နည်းနဲ့ လဲလှယ် ပြီးတော့ ယူတဲ့၊ အဲဒီလိုလဲပါများတော့၊ အနားကပ်နေတဲ့ပစ္စည်းဟာ မကြာမတင် စောလျင်စွာ ခုနက ဝိပဿနာဉာဏ် သံဝေဂဉာဏ်နဲ့ အရှိန်အဟုန် ကောင်းလာပြီ ဆိုတော့ မြင်ရော ကပ်ပြီးတော့၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် ပေါ်လာလိုက်သည်နှင့်

တစ်ပြိုင်နက် တိုက်ရိုက် နိဗ္ဗာန်ဆိုတဲ့ပစ္စည်းကြီးကို တိုက်ရိုက်ဝယ်မိရက်. တိုက်ရိုက်ရရက်ဖြစ်ပြီ၊

ဒါကြောင့် ဒီနေ့ ဒကာ–ဒကာမအပေါင်းတွေရဲ့ သဏ္ဍာန်မှာ ဖြစ်ပွား သွားတဲ့ ဒါန သီလ ဘာဝနာဆိုတဲ့ ရွှေ ငွေ ရတနာအိုးတို့သည်၊ အဲဒီနိဗ္ဗာန်ဆိုတဲ့ ကုန်ပစ္စည်းကို အရဝယ်ယူနိုင်ဖို့ရာအတွက် စုဆောင်းပါတယ်၊ စုဆောင်းရာ ရောက်အောင် စုဆောင်းနိုင်ရမယ်လို့၊ နိဝယော–အရိပ်ပမာ သွားရာပါ၍ မင်္ဂဖိုလ်နိဗ္ဗာန်တိုင်အောင် ချမ်းသာဆောင်မည့် ရတနာရွှေအိုး ငွေအိုးတို့ကို၊ သုနိဟိတာ ဟောန္တု–ကောင်းစွာမသွေ မြှုပ်နှံသင့်ကြ ပေကုန်သတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

အဲဒီလိုအားဖြင့် နိဓိကဏ္ဍသုတ်တော်မှာ မြတ်စွာဘုရား ဟောတော်မူတဲ့ အတိုင်း ဒီနေ့ ဆရာဦးမြင့်စိန်သည် ရတနာဘဏ္ဍာတိုက် (၄)တိုက်ထဲမှာ ထည့်လိုက်တဲ့၊ ဒါန သီလ ဘာဝနာဆိုတဲ့ ရဘနာ ရွှေအိုးငွေအိုး ရတနာအိုး တို့သည်၊ အဇရာ အဗျာဓိ အ,မရဏာလို့ ခေါ်ရတဲ့ နိဗ္ဗာန်ဆိုတဲ့ ဝတ္ထုပစ္စည်းကို အရလဲယူဖို့ရာ အားကောင်းသော အထောက်အပံ့ဖြစ်ပါစေသတည်း ....လို့ အဲဒီလို စိတ်ညွတ်ပြီးတော့ ရေစက်ချနိုင်ရင် ဒီနေ့ပြုတဲ့ ကုသိုလ်ကောင်းမှုတွေ၊ (၁၀)နှစ်တိုင်တိုင် ပြုလာတဲ့ ကုသိုလ်ကောင်းမှုတို့သည်၊ နိဗ္ဗာန်ဆိုတဲ့ဘက်ကို ပို့မည့် ဥပနိဿယပစ္စည်းနဲ့ ကျေးဇူးပြုမယ့် တရားတို့သည် မုချကေန် အမှန် ဖြစ်ကြကုန်ပြီ၊

ဤအတူ ယနေ့ တရားနာရောက်လာကြတဲ့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတို့သည်လည်း တတ်စွမ်းသမျှ နေ့စဉ် နေ့စဉ်. လစဉ်လစဉ်. နှစ်စဉ်နှစ်စဉ် ပြုထားကြသမျှသော ကုသိုလ် ကောင်းမှု စေတနာစုတို့သည်၊ ကုသိုလ်ကောင်းမှု စေတနာစုလို့ခေါ်တဲ့ ရွှေအိုးငွေအိုး ရတနာအိုးတို့သည်၊ ယခုနပြခဲ့ဆိုအပ်ခဲ့တဲ့ အသင်္ခတ အမတလို့ခေါ်တဲ့ ကုန်ပစ္စည်းကြီးကို ရအောင်လဲ ယူနိုင်ဘို့ရာ၊ ရအောင် ဝယ်ဖို့ရာအတွက် စုဆောင်းထားတဲ့ပစ္စည်းတွေ ဖြစ်ကြရအောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း၊

ထိုကဲ့သို့ ပစ္စည်းကြီးကို ရအောင်လဲယူတတ်ကြတဲ့၊ လဲယူသွားကြတဲ့ ရှေးရှေးသော သူတော်ကောင်း သူမြတ်လောင်းကြီးတို့ အသိဉာဏ် ကြွယ်ကြွယ်ဖြင့် လဲလှယ်ပြီးတော့ ယူတတ်ကြသလို၊ မိမိတို့သည်လည်း ထိုကုန်ပစ္စည်းမျိုးကို အရလဲယူနိုင်တဲ့ ဉာဏ်ပညာအသိကြွယ်တဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီး တွေဖြစ်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း၊ ထိုကဲ့သို့ ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ကြကုန်လျက်၊ ဤကဲ့သို့ ကျင့်ဆောင် ကြိုးကုတ် အားထုတ်သွားကြကုန်သော ရှေးရှေးသော သူတော်ကောင်း သူမြတ်လောင်းတို့ ရအပ် ရောက်အပ် သိမြင်အပ်သော နိဗ္ဗာနဓာတ် တရားတော် မြတ်ကြီးကို၊ လျင်မြန်သောစွာ ရောက်ကြရ ရကြရ မြင်ကြရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုကြကုန်ရာသတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

# "ကောင်းမှုခစ်မဲ့ တရားတော်"

၁၃၅၂-ခုနှစ်၊ နယုန်လပြည့်ကျော် (၁၂)ရက်နေ့ ခရစ်နှစ်-၁၉၉၀-ပြည့်နှစ် ဇွန်လ (၁၉)ရက် အင်္ဂါနေ့မှာ၊ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ရှိ ပရိယတ်, ပဋိပတ် သာသနာ့တာဝန် ထမ်းဆောင်နေကြသော၊ ဘုရားသားတော် သံဃာတော် တစ်ထောင်ကျော်တို့အား၊ အာရုဏ်ဆွမ်း နေ့ဆွမ်း နှစ်ထပ်သောဘောဇဉ်ဆွမ်းများဖြင့် လာရောက်လောင်းလှူ ဆက်ကပ်ပြီးတော့၊ ဒါ ဒုတိယအကြိမ် လာရောက်ဆက်ကပ်လှူဒါန်းခြင်း ကုသိုလ်ကောင်းမှုပြုကြတဲ့ ကုသိုလ်ကောင်းမှုရှင်များက၊ မိုးကုတ်မြို့ ပန်းမရပ်မှာ နေထိုင်ကြတဲ့ အလှူ့အမကြီး, ဆွမ်းအမကြီး, ရဟန်းအမကြီး ဒကာမကြီး ဒေါ်မြသန်း၊ နောက် သမီးဖြစ်သူ အလှူ့အမ, ရဟန်းအမ, ဒကာမဒေါ်ခင်ကြည်နဲ့ သားသမီးများ မိသားစုတို့ ဖြစ်ကြပါတယ်၊

အဲဒီအလှူ့အမကြီး ရဟန်းအမကြီးများဖြစ်တဲ့ မိုးကုတ်မြို့ ပန်းမရပ်က၊ မိခင်ဖြစ်တဲ့ အလှူ့အမကြီး ဒေါ်မြသန်းနဲ့ သမီးဖြစ်သူ အလှူ့အမ မခင်ကြည်တို့ မိသားစုက၊ မိမိတို့ရဲ့ မြေးရဟန်းပေါ့ ဒကာမကြီး ဒေါ်မြသန်းနဲ့ဆိုရင်တော့ မြေးပေါ့၊ ဒေါ်ခင်ကြည်နဲ့ဆိုရင်တော့ သားရဟန်းပေါ့၊ အဲဒီ မြေးရဟန်း သားရဟန်းဖြစ်တဲ့ အခု ဒီဂန္ဓာရုံကျောင်းတိုက် အရှေ့ဥယျာဉ်မှာ သီတင်းသုံးနေပြီးတော့ ပရိယတ် ပဋိပတ် သာသနာ့တာဝန် ထမ်းဆောင်နေတဲ့ ရဟန်းတော် ဦးဉာဏိန္ဒ၊ အဲဒီဦးဉာဏိန္ဒအား နိုင်ရာသံဃ္ဃ မြဲရာသံပတ်, မြတ်ရာအထွဋ်တင်ဆိုတဲ့ စကားလိုပဲ၊ သူထိန်းသိမ်းစောင့်ရှောက်နေတဲ့ ကုဋေကိုးထောင်ကျော် သိက္ခာသီလတွေကို ဖြူစင်သထက် ဖြူစင်, သန့်ရှင်းသထက် သန့်ရှင်း, စင်ကြယ်သထက် စင်ကြယ်အောင်၊ သိမ်ထပ်မင်္ဂလာ အခု ပြုလုပ်သောအားဖြင့် ရဟန်းတော်တို့ရဲ့ အသုံးအဆောင်ဖြစ်တဲ့ တိစီဝရိတ်, ခါးပန်း, သပိတ် ပရိက္ခရာများ ထပ်မံလှူဒါန်းပြီးတော့၊ အထူးသဖြင့် အဖွား ဖြစ်တဲ့ ဒေါ်မြသန်းက မြေးကို ထပ်မံပြီးတော့

ကံထပ်တာ၊ နဂိုတုန်းက ဒေါ်ခင်ကြည်က မိခင်ဖြစ်တဲ့ ဒေါ်ခင်ကြည်က ရဟန်းပြု ပေးထားတာ၊ လွန်ခဲ့တဲ့ နတ်တော်လလေးကက မြေးရဟန်းကို ထပ်မံပြီးတော့ သိမ်ထပ်မယ်ဆိုပြီးတော့ ဒါ သိမ်ထပ်မင်္ဂလာ၊ ခုနက ထိန်းသိမ်း စောင့်ရှောက်တဲ့ သိက္ခာသီလတွေကို ပိုပြီးတော့ တောက်ပသန့်ရှင်း စင်ကြယ်အောင်ပေါ့၊ ရွှေဖလားကြီး ထပ်ပွတ်တော့ ပိုဝင်းဘာပေါ့၊ ရွှေဖလားကြီးက နဂိုရွှေဖလားမို့လို့ ကောင်းပြီးသား ဝင်းပြီးသားပါပဲ သို့သော် တော်တော်လေးကြာတော့ နည်းနည်း ချေးလေးတင်. ညစ်နွမ်းချင်တာပေါ့၊ အဲဒါကို ထပ်ပြီးတော့ ဆေးကြောသုတ်သင် ပွတ်တိုက် လိုက်တော့ ပိုဝင်း, ပိုသစ်, ပိုလွင်လာတာပေါ့၊ အဲဒီသဘောပါပဲ၊

ကုဇ္ဈေကိုးထောင်ကျော် သိက္ခာသီလတွေနဲ့ နဂိုသန့်ရှင်းပြီးသား စင်ကြယ်ပြီးသားကိုပဲ ထပ်မံ သန့်ရှင်းစင်ကြယ်အောင်, မြင့်မြတ်အောင် ဆိုပြီးတော့ ရဟန်းပြုပေးတဲ့ သိမ်ထပ်မင်္ဂလာ၊ နောက် မြေးရတနာ သားရတနာလေးများ ဖြစ်ကြတဲ့ မောင်သန်းထိုက်နဲ့ မောင်ဇေယျာမင်း ဆိုတဲ့ ရှင်သာမဏေလောင်းလေး နှစ်ပါးကိုလည်းပဲ၊ ရှင်လောင်းနှစ်ပါးကိုလည်းပဲ ဘုရားပစ္စေကာ အရိယာအပေါင်း သူတော်ကောင်းတို့ရဲ့ အဆင်တန်ဆာဖြစ်တဲ့ သင်္ကန်းသပိတ် ပရိက္ခရာများ တန်ဆာဆင်ပြီးတော့ ရှင်သာမဏေဘောင်ရောက် သွပ်သွင်းချီးမြှောက်တဲ့ ပဗ္ဗဇ္ဇ မင်္ဂလာ၊ အဲဒီလိုအားဖြင့် သိမ်ထပ်မင်္ဂလာနဲ့, ရှင်ပြုမင်္ဂလာ၊ မင်္ဂလာနှစ်ခုကို လာရောက်ပြီးတော့ ပြုကြခြင်းဖြစ်ပါတယ်၊

အဲဒီလို ပြုကြရင်းနဲ့ သူတို့ ဂန္ဓာရုံကျောင်းတိုက်ရှိ ဒီကျောင်းတိုက်ရှိ သံဃာတော်တစ်ထောင်ကျော်တို့အား နံနက်အချိန် ကော်ဖီဆွမ်း, စမူစာဆွမ်း ကြက်သွန်ချဉ်အစရှိတဲ့ ဆွမ်းများဖြင့်လည်း အာရုံဆွမ်းအဖြစ်ဖြင့် သံဃာတော် တစ်ထောင်ကျော်ကို လောင်းလှူဆက်ကပ်ခြင်း၊ နေ့လယ်အချိန်လည်းပဲ မွန်မြတ် သော ဆွမ်း ဘောဇဉ်များ, မွန်မြတ်သော ဆွမ်းဘောဇဉ် ခဲဘွယ်များနှင့်တကွ၊ ကိတ်မုန့်များ လဖက်ရည်များအစရှိတဲ့ ခဲဘွယ် အချိုပွဲများကိုလည်း၊ဆက်ကပ် လောင်းလှူခြင်း၊ အဲဒီလို နှစ်ထပ်သော ဘောဇဉ်ဆွမ်းများဖြင့် လောင်းလှူ ဆက်ကပ်သမှုပြုကြပါတယ်၊ ထို့မှတစ်ပါး ဘောဇနဒါန ဆွမ်းအလှူအပြင် သင်္ကန်း

အလှူဖြစ်အောင် သင်္ကန်းဒွိစုံငါးစုံတို့ကိုလည်း စီဝရဒါနအဖြစ်ဖြင့် ဆက်ကပ်လှူဒါန်းခြင်း၊ နောက် ပညာပါရမီ အထောက်အကူဖြစ်တဲ့ ဗလာစာအုပ် တစ်ဒါဇင်ခဲတံ တစ်ဒါဇင် ဒီပစ္စည်းတွေကိုလည်းပဲ ပညာပါရမီ အထောက်အကူဖြစ်စိမ့်သောငှာ ဆက်ကပ်လှူဒါန်းခြင်း၊ နောက် သွားတိုက်ဆေး ခြောက်ဗူးကိုဆေးပစ္စည်းအဖြစ်ဖြင့် လှူဒါန်းခြင်း၊ ထိုမှတစ်ပါး ဒီကျောင်းတိုက်ရှိ အခုသံဃာတော် တစ်ထောင်ကျော်နှင့်တကွ နောက်ထပ် နောက်ထပ် ဒီကျောင်းတိုက်ရောက်လာမည့် သံဃာတော်တွေအတွက် ကြာရှည်လေးမြင့်စွာ ပစ္စည်းလေးပါးအထောက်အပံ့ကြီးဖြစ်အောင်ဆိုပြီးတော့ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးပစ္စည်းလေးပါး အထောက်အပံ့ ဖြစ်အောင်ဆိုပြီးတော့၊ ငွေကျပ်တစ်ထောင်ကိုလည်းပဲငွေပဒေသာပင် စိုက်ထူပြီးတော့ လှူဒါန်းခြင်းလို့၊ ဒီလို ဒီကောင်းမှုတွေကိုသံဃာအတွက် ရည်စူးပြီးတော့ ပြုကြပါတယ်၊

အဲလိုပြုပြီးတော့မှ သူတို့ ဖိတ်မန္တကပြုထားတဲ့ ပရိသတ်တွေကိုလည်းပဲဒီနေ့ သဒ္ဒါဖြူဖွေး ကျွေးမွေးညှော်ခံသမှုပြုကြပါတယ်၊ အဲဒီလိုပြုတဲ့ ပရိသတ်ထဲမှာအထူးသဖြင့် သြဝါဒလာတဲ့ ပရိသတ်တွေလည်းပဲ ကျွေးမွေးလိုပါတယ်ဆိုလို့၊ သြဝါဒလာ ပရိသတ်အပေါင်း သူတော်ကောင်းတွေကိုလည်းပဲ အခုမနက် စမူစာနဲ့ကော်ဖီအစရှိတဲ့ ခဲဖွယ်များ သုံးဆောင်ပြီးမှ ပြန်ကြွကြပါတဲ့၊ ဒီက သြဝါဒဆင်းလို့ရှိရင် ဓမ္မမိတ်ဆွေတွေကို ကျွေးမွေးလိုပါတယ်၊ အဲဒီသြဝါဒ ပရိသတ်ကိုလည်း ဖိတ်ပါတယ်၊ ဒို့ပြင်လည်း သူတို့ဖိတ်ထားတဲ့ ပရိသတ်နဲ့ အခြားပရိသတ်ကို ကျွေးမွေး ညှော်ခံမယ်ပေါ့၊

ကဲ ဒီတော့ သင်္ကန်းကပ်နဲ့ ငွေပဒေသာပင်စိုက်ပါလာတော့ကို အဲဒီသင်္ကန်းကပ်နဲ့ ငွေပဒေသာပင်စိုက်ကို ပဌမဆုံး ရေစက်မချခင် ကပ်ကြရလှူကြရအောင်၊ ကိုင်း အလှူ့အမကြီး ဒေါ်မြသန်းရော အလှူ့အမသမီးဒေါ်ခင်ကြည်နဲ့ မိသားစု၊ ဟောဒီရှေ့ကို သင်္ကန်းကပ်ဖို့ရယ် ငွေပင်စိုက်ဖို့ရယ်ခဏလေးလာခဲ့ပါ၊ ဟောဒီ သံဃာတွေကြားက လမ်းပေးထားတာရှိတယ်။

## သက်န်းကပ်အလှူ

ဟောဒီသင်္ကန်းကို ကပ်လှူတော့မယ်ဆိုရင်၊ အမှတ်တမဲ့ သင်္ကန်းကို ပေါ့ပေါ့လေး သဘောမထား မကပ်ဘဲနဲ့၊ ဤသင်္ကန်းသည် ဂေါ်ဝါလူ**သဲစုမက** ပွင့်တော်မူသွားကြတဲ့ ဘုရားရှင် အဆူအဆူ ဝတ်ရုံတော်မူ သွားကြတဲ့ သင်္ကန်းလို့....၊ ဟော–သင်္ကန်းကို လက်ထဲကိုင်ထားပြီးတော့ စိတ်က ဂင်္ဂါဝါလူ**သဲ**စုမက ပွင့်သွားတဲ့ ဘုရားရှင် အဆူဆူကို သတိရလိုက်ပါ၊ အိုဘေးလွတ် နာဘေးလွတ် သေဘေး လွတ်သွားတဲ့ ပုဂ္ဂိုလ်တွေဝတ်သွားတဲ့ သင်္ကန်းလို့....၊ ဟောဒီလို အာရုံပြုလိုက်ပါ၊

ဒီလို သင်္ကန်းဝတ်သွားတာ ဘုရားရဟန္တာ ပစ္စေကဗုဒ္ဓါတွေကို၊ ဒီတော့ သူတို့ဟာ အိုဘေး, နာဘေး, သေဘေး လွတ်သွားကြတယ်၊ ဒါ အိုဘေး လွတ်ချင်, နာဘေးလွတ်ချင်, သေဘေး လွတ်ချင်တဲ့ ပုဂ္ဂိုလ်တွေဝတ်သွားတဲ့ သင်္ကန်းလို့၊ ဒီလိုလေးသိလိုက်ပါအုန်း၊ ဒီသင်္ကန်းက သူတော်ကောင်းတွေ ဝတ်တဲ့သင်္ကန်းပါ၊ သူယုတ်မာတွေက တစ်ခါတစ်ခါ အတုအယောင်နဲ့ ဝတ်တာတော့ ရှိပါတယ်၊ သို့သော် များသောအားဖြင့် သူတော်ကောင်းအကျင့်. ကျင့်တဲ့ ပုဂ္ဂိုလ်တွေ ဝတ်တဲ့ အဝတ်ပါ၊ ဒီအဝတ်က၊

ဒီလိုသိလိုက်ခြင်းဖြင့် ဗုဒ္ဓါနုဿတိနဲ့ သံဃာနုဿတိဝင်လာတယ်၊ သင်္ကန်းကိုင်ထားပြီးတော့ ဘုရားသတိရ, သံဃာတွေသတိရ, သူတော်ကောင်း တွေသတိရ, သတိရပြီးတော့မှ ဒီသင်္ကန်းသည် ဒို့ခန္ဓာကိုယ်ပေါ် ပြန်ရောက် လာမယ့်သင်္ကန်း ဒို့ကို ကယ်မယ့်သင်္ကန်း၊ တစ်ချိန် ဒို့နဲ့ ပြန်တွေ့မယ့်သင်္ကန်းလို့ ဟောဒီလို သတိရလိုက်ပါအုန်း၊ ဒကာမကြီး ဒေါ်မြသန်းဟာ ဒီသင်္ကန်းနဲ့ ပြန်ကိုတွေ့ရမှာ၊ ရဟန္တာမကြီးဖြစ်ပြီး နောက်ဆုံး ကျွတ်တန်းဝင်ပြီဆိုတော့ ဘိက္ခုနီမကြီးဖြစ်ပြီးတော့ ကျွတ်တန်းဝင်ရမှာ များသောအားဖြင့်၊ ဟို နတ်ဘဝ ပြဟ္မာဘဝနဲ့ ဝင်သွားရင်တော့ မပြောတတ်ဘူးပေါ့လေ၊ အဲဒီလိုဆိုရင်တော့လည်း သင်္ကန်းနဲ့မတွေ့တော့ဘူး၊ သို့မဟုတ် ဒီ လူဝတ်ကြောင်ဘဝနဲ့ ဒီသန္တတိ အမတ်ကြီးတို့လို ဘုရားရှင်ခမည်းတော်တို့လို ဒီလို လူဝတ်ကြောင်နဲ့ ရဟန္တာ ဖြစ်တာတော့ ရှိပါတယ် နည်းနည်းလေးပဲရှိတယ်၊ များသောအားဖြင့် ဒီသင်္ကန်း

ဝတ်ပြီးတော့ ဝင်ကြတယ်၊ ဒါ့ကြောင့် ဒီအဝတ်ဟာ ဒို့ကို နောက်ဆုံး ကျေးဇူးပြုမည့်အဝတ်လို့၊ သမီးများကရော မိခင်ကြီး ဒေါ်မြသန်းကရော အဲလို အာရုံပြုလိုက်ပြီးတော့၊ ဒီသင်္ကန်းပေါ်မှာ အားကိုးတဲ့စိတ် ဝင်လာတယ်၊ မြတ်နိုးတဲ့ စိတ်ဝင်လာတယ်၊ ပြန်တွေ့ချင်တဲ့စိတ် ဝင်လာတယ်၊ အဲဒါ အကောင်းဆုံး၊ အဲဒါ ဘုရားနဲ့တွေ့ချင်တာနဲ့အတူတူပဲ၊ သင်္ကန်းနဲ့တွေ့ချင်တာ ဘုရားနဲ့တွေ့ချင်တာ၊ သင်္ကန်းအားကိုးတာ၊ ဘုရားအားကိုးတာပဲ၊ အဲဒီစိတ်နဲ့ စိတ်ထားပြီးတော့ လှူရတယ်၊ ကိုင်း လိုက်ဆိုလိုက် ဒီနားကလည်း လိုက်ဆို ဟိုနောက်က ပရိသတ်တွေလည်း လိုက်ဆိုကြ။

## ဣမာနိ စီဝရာနိ သံဃဿ ဒေမ။

ဘုရားပစ္စေကာ, အရိယာအပေါင်း, သူတော်ကောင်းကြီးများ၊ နှစ်ထောင်းအားရ, ဝတ်ရုံတော်မူကြ၍, အိုနာသေရေး, ဒုက္ခဘေးကြီးမှ, ကင်းဝေးကြောင်း, လွတ်မြောက်ကြောင်းဖြစ်သော, ဤသင်္ကန်းတို့ကို၊ တစ်ချိန်သောကာလဝယ်, တပည့်တော်တို့ကို, အိုနာသေရေး, ဒုက္ခဘေးမှ, ကင်းဝေးလွတ်မြောက်အောင်, ကယ်ဆောင်မည်ဖြစ်သော, ဤသင်္ကန်းတို့ကို, ဂန္ဓာရုံကျောင်းတိုက်, သံဃာတော်တို့အား, နိဗ္ဗာန်ရည်မှန်း, လှူဒါန်းဆက်ကပ် ပါကုန်၏ အရှင်ဘုရား။

## ဒဒ္ဒပင်နဂကမ္မအဂဒ့

ဖိုးသူတော်လေးတစ်ပါး လာပါအုန်းဟေ့၊ ငွေပင်စိုက်ရအောင်၊ ဒီနားထိုင်၊ ဒကာမကြီးက ဖိုးသူတော်လက်ထဲ ကမ်းထားပြီးတော့ လိုက်ဆိုရမှာနော်၊ ကဲ လိုက်ဆိုလိုက်အုန်း......

## ဣမာနိ ဂဟာပဏာနိ နဝကမ္မဿ ဒေမ။

ဤငွေကျပ် တစ်ထောင်ကို, ဂန္ဓာရုံကျောင်းတိုက်, ယှုလက်ရှိ, သံဃာတော်, တစ်ထောင်ကျော်နှင့်တကွ, နောက်ထပ်နောက်ထပ်, ဤကျောင်းတိုက်ကြီးသို့, ရောက်လာကြမည့်, အတိုင်းတာပရှိသော, ဘုရားသားတော်, သံဃာတော်အပေါင်း၏, ဆွမ်းသင်္ကန်းကျောင်းဆေး,

ပစ္စည်းလေးပါး, ကြာရှည်စွာ, အထောက်အပံ့ဖြစ်ပါစိမ့်သောငှာ, ငွေ ပဒေသာပင်, စိုက်ထူ၍, လှူဒါန်းပါကုန်၏ အရှင်ဘုရား။

ကိုင်း အလှူ့အမကြီး ဒေါ်မြသန်းနဲ့ သမီးဖြစ်သူ ဒေါ်ခင်ကြည် မိသားစုများက ဒီနေ့ ဂန္ဓာရုံကျောင်းတိုက် သံဃာတော်တစ်ထောင်ကျော်တို့ကို ဒါနဆိုတဲ့ အလှူဝတ္ထုထုပ်ကြီးကို ပြုလုပ်တဲ့နေရာမှာ၊ တစ်ခုစီ တစ်ခုစီကတော့ ခုနကလိုပေါ့၊ အာရုံ စမူစာဟဲ့ ကော်ဖီဟဲ့ နေ့ကျတော့ ဆွမ်းတွေ, ဘောဇဉ်တွေ, ကိတ်မုန့်တွေ, လဖက်တွေ, သင်္ကန်းတွေ, ဗလာစာအုပ်တွေ, ခဲတံတွေ, သွားတိုက်ဆေးတွေ, ငွေပဒေသာပင်တွေနဲ့ ဒီလိုရှောက်ပြီးတော့ ပြောရရင်တော့ အမယ်ပေါင်းများစွာပေါ့၊ ဟာ ပရိသတ်တွေလည်းပဲ ဘယ်လိုကျွေးတာမွေးတာ၊ အကျဉ်းချုံးလိုက်တဲ့ အခါကျတော့ အပိုင်းခြားရှိတဲ့ အလှူနဲ့, အပိုင်း အခြားမရှိတဲ့အလှူလို့ အဲဒီလို အလှူထုပ်ကြီးနှစ်ထုတ်၊

တစ်နည်းပြောရင် အခိုက်အတန့်အလှူနဲ့ တာရှည်အလှူ၊ တာဝကာလိက ဒါန–အခိုက်အတန့် အလှူခံပုဂ္ဂိုလ်တွေကို ကျွေးမွေးပြုတဲ့ အလှူထုပ်နဲ့၊ ထာဝရဒါန–အလှူခံပုဂ္ဂိုလ်တွေကို ကြာရှည်လေးမြင့်စွာ ကျွေးမွေးပြုရတဲ့ အလှူထုပ် နှစ်ထုပ်၊ ဒီနေ့ ဒို့လှူရတယ်လို့၊ ဒီလိုသိလိုက် မြင်လိုက်ကြ၊ အခိုက်အတန့် ကျွေးမွေးပြုအလှူဆိုတာ အခု မနက်ကော်ဖီ ဆွမ်းတွေ, စမူစာဆွမ်းတွေ၊ နေ့လယ် ဆွမ်းဘောဇဉ်တွေ, မုန့်အချိုပွဲ ဆွမ်းတွေနှင့်တကွ၊ သင်္ကန်းအစရှိတဲ့ ပစ္စည်းတွေ လှူတာ၊ အခိုက်အတန့် ကျွေးမွေးပြုတာဆိုတာက တစ်ရက်သော်လည်းကောင်း, တစ်လသော်လည်းကောင်း, တစ်နှစ်သော်လည်းကောင်း, ဒီအတွင်း ကျွေးမွေးပြုတဲ့ ဝတ္ထုပစ္စည်းပေါ့ သူတို့က၊

ဒီနေ့ ဆွမ်းတွေကပ်လိုက်တော့ ဒီနေ့ သံဃာတော်တွေ ဘုဉ်းပေးရပြီးတော့ ကျွေးမွေးပြုလိုက်တာ၊ အများဆုံး (၇)ရက် ကျွေးမွေးပြုတာ၊ ဒီနေ့ ဘုဉ်းပေးလိုက်တဲ့ ဆွမ်းတွေ, ဟင်းတွေ, ဘောဇဉ်တွေကို ဒကာမကြီး ဒေါ်မြသန်း တို့ လှူလိုက်တဲ့ ဆွမ်းတွေ ဟင်းတွေ ဘောဇဉ်တွေ သံဃာတော်တစ်ထောင်ကျော် ဘုန်းပေးရပြီး၊ နောက်ထပ် ဘာမှမစားရဘူးထား၊ (၇)ရက်တော့ ဒီအာဟာရက

ဒီ သံဃာ တစ်ထောင်ကျော် အသက်ပြတ်မသွားအောင် ဆောင်ထားလိမ့်မယ်၊ ဒါ့ကြောင့် အများဆုံး (၇)ရက် ကျေးဇူးပြုတယ်၊ ဒါပဲ ဟိုဘက်ကျတော့ သူက ပျောက်သွားတယ်၊

ငွေပင်တစ်ထောင် ငွေကျပ် တစ်ထောင် ငွေပင်စိုက်လိုက်တယ် ဆိုတဲ့ ဒီအလှူကြတော့ သူက တစ်ရက်သာမကဘူး၊ ရက်ပေါင်းများစွာ၊ တစ်လသာ မကဘူး လပေါင်းများစွာ၊ တစ်နှစ်သာမကဘူး နှစ်ပေါင်းများစွာ ကျေးဇူးပြုမည့် အလှူတဲ့ သူက၊ ငွေပင်စိုက်တာ၊ သိတဲ့အတိုင်းပဲ သူက ခဏနဲ့ ပျောက်မသွား ဘူး၊ ငွေပင်အဖြစ်နဲ့ ဒီကျောင်းတိုက်က ဒီကျောင်းတိုက်အတွက် စပ်နေကြတဲ့ ဒကာ–ဒကာမတွေ စုပေါင်းနေတဲ့ ငွေပင်ကြီးထဲ ရောက်သွားပြီးတော့၊ သူ့အားနဲ့ သူနဲ့ အနည်းဆုံး တစ်နှစ်တစ်ကြိမ် သူက အတိုးအညွန့်တွေ ထွက်လာ ပြီးတော့ အဲဒီကနေ ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါး ထောက်ပံ့လိမ့်မယ်၊

အဲဒီငွေပင်ကြီးက ထောက်ပံ့ပြီဆိုရင် ထောက်ပံ့တာသည်ပင် ဒကာမကြီး ဒေါ်မြသန်းရဲ့ အထောက်အပံ့ပဲ၊ ငွေပင်ကြီးကလှူနေတဲ့ အလှူသည်ပင်လျှင် ဒေါ်ခင်ကြည်ရဲ့ အလှူပဲ၊ ငွေပင်ကြီးက ပေးနေတဲ့ အလှူသည်ပင်လျှင် ဒေါ်မြသန်းတို့ ဒေါ်ခင်ကြည်တို့ မိသားစုရဲ့ အလှူပဲတဲ့၊ ဒါ့ကြောင့် ကြာရှည် လေးမြင့်စွာအလှူ. အခိုက်အတန့်ဆိုတဲ့ အလှူနှစ်လှူကို ဒို့လှူရတယ်၊ အဲဒီလှူမှုကို အကြောင်းပြုပြီးတော့ ခုနက သီလ၊ ဒီအလှူနဲ့ ပတ်သက်ပြီးတော့ ငါးပါးသီလမပျက်စေရဘူး၊ ပြီးတော့ ဒီအလှူထုပ်ကြီး လှူနိုင်အောင်ဆိုပြီးတော့၊ မိုးကုတ်က နေပြီးတော့ သယ်ပိုးဆောင်ရွက် စီမံဝေဖန် လုပ်လာခဲ့ရတဲ့ ဝေယျာဝစ္စ ကုသိုလ်တွေ၊ သံဃာတော်တွေပေါ်မှာ ချမ်းသာစေချင်တဲ့ သံဃာတော် တစ်ထောင်ကျော် ချမ်းသာစေချင်တဲ့ မေတ္တာတွေ၊ သံဃာတွေဟာ ဒို့ထက်သာတဲ့ အကျင့်တွေ ကျင့်နေတာပဲလို့သိတဲ့ သုပ္ပဋိပန္နဂုဏ်အာရုံပြုတဲ့ သံဃာနုဿတိ ဂုဏ်တွေ၊ ဒီသံဃာတော်တွေဟာ ဘုရားသားတော်တွေပဲ၊ ဘုရားသာသနာ ထမ်းရွက်နေကြတာပဲ၊ ဘုရားရှင်ကိုယ်တော်မြတ် ကြီးရဲ့ ကမ္ဘာ့ငြိမ်းချမ်းရေး ဓမ္မတရား၊ သစ္စာလေးပါးတရားတွေကို ကိုယ်တိုင်ကျင့်ပြီးတော့ မပျောက်အောင် မပျက်အောင် သူများတွေကိုလည်း တစ်ဆင့် ဟောနေကြတာ၊

အဲဒီ တရားပိုင်ရှင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ သာသနာပဲ၊ သာသနာကို စောင့်ရှောက်နေတာပဲလို့သိတော့ ဘုရားပါ ပါလာတော့ ဗုဒ္ဓါနုဿတိ၊ အဲဒီလိုအားဖြင့် ဒါန သီလ သမထ ကောင်းမှုတွေ ဖြစ်ပွားတယ် မိမိတို့သန္တာန်၊ အဲဒီလိုဖြစ်အောင် ဒီလို ပြုနိုင်အောင်၊ အထူးသဖြင့် ဒါနဆိုတဲ့ ကောင်းမှုတစ်ပွဲ ပြုနိုင်တာကို မြတ်စွာဘုရားက စစ်ပွဲကြီးတစ်ပွဲ နိုင်တာထက်သာတယ်၊ လောကမှာ စစ်ပွဲကြီးတစ်ပွဲ တိုက်ရတာထက် သာတယ်တဲ့၊ ဒါနကောင်းမှုတစ်ပွဲ ပြုပြီးတာကို–

**"ဒါနဉ္စ ယုဒ္ဓဉ္စ သမာန မာဟု"** တဲ့ သံယုတ်ပါဠိတော်မှာ ဒါနဉ္စ–စွန့်ကြဲပေးကမ်း လှူဒါန်းရခြင်းဆိုတဲ့ ဒါနကောင်းမှုကိုဎင်း။ ယုဒ္ဓဉ္စ–သူနိုင်ငါနိုင် အပြိုင်ကြဲ၍ ဆင်နွှဲရသည့်စစ်ပွဲကြီးတစ်ပွဲကိုဎင်း။ သမာနံ–တူလှ၏ဟူ၍၊ တူမျှ၏ဟူ၍။ အာဟု–ဂဂ်ါဝါလု သဲစုအတူ ပွင့်တော်မူသည့် ဆူဆူထွန်းထား မြတ်ဘုရားတို့က လေးစားကြည်ဖြူ မိန့်မြွက်တော် မူကြပါပေကုန်သတည်း။

အလှူထုပ်ကြီးတစ်ခု အထမြောက်တယ်ဆိုတာ၊ အလှူထုပ် ဆိုတာ ဒါနကို ဦးတည်ပြောတာ၊ အလှူပဲဖြစ်ဖြစ်၊ ဒါနကို အမှီ ပြုပြီးတော့ သီလ ဆောက်တည်တဲ့ အလှူပွဲတစ်ပွဲ၊ ဘာဝနာတရား အားထုတ်တဲ့အလှူပွဲကြီးတစ်ပွဲ၊ ဒါန သီလ ဘာဝနာကောင်းမှုပါပဲ အကျဉ်းချုပ်က၊ ဒီတော့ အဲဒီဒါနဆိုတဲ့ လှူဒါန်းမှု၊ သီလဆိုတဲ့ ထိန်းသိမ်းမှု၊ ဘာဝနာဆိုတဲ့ ပွားများမှုဆိုတဲ့ ကောင်းမှုပွဲကြီး တစ်ပွဲကို ပြုနိုင်တယ်ဆိုတာ စစ်ပွဲကြီးတစ်ပွဲ အောင်မြင်တာနဲ့အတူတူပဲတဲ့ ....၊ စစ်ပွဲကြီးတစ်ပွဲ ဆင်နွှဲရတာနဲ့ အတူတူပဲ၊

ဒါကို မြတ်စွာဘုရားက– **"ဒါနဉ္စ ယုဒ္ဓဉ္စ သမာန မာဟု"** ပါဠိတော်မှာ ဟောတယ်။ အဲဒါကို မန်လည်ဆရာတော်ဘုရားကြီး က– **"လောကလူတွင်. အလှူပေးခြင်း. စစ်ထိုးခြင်းက. မယွင်းတူမျှ. ဟူကုန်စွတည်း"** လို့ မဃဒေဝမှာ မှတ်တမ်း တင်ထားခဲ့တယ်။

---

သံ–၁/၂၀။ အံ–၄–၂/၄။ ဇာ–၁/၁၈၃။

**• "လောကလူတွင်. အလှူပေးခြင်း. စစ်ထိုးခြင်းက. မယှဉ်းတူမျှ. ဟူကုန်စွတည်း၊ အလောဘဟိတ်. ကြောက်ထိတ်ကင်းစွာ. စွန့်ကြရာ၌. သဒ္ဓါသူရဲ. ဗိုလ်ထုခွဲလျှက်. စစ်ကဲဝီရိယ. လုံးလအထူး. ရဲခေါင်ကြူးသား. ဗိုလ်မှူးရွှေဉာဏ်. ဆုတ်မလှန်ဘဲ. စိတ်သန်နိုင်ကျန်း. စွဲယူမှန်းလော့"။**

စစ်ပွဲကြီးတစ်ပွဲ တိုက်ပြီဆိုလို့ရှိရင် ဗိုလ်မှူးချုပ်. စစ်သေနာပတိ ဗိုလ်မှူးချုပ်၊ အဲ အောက်က ဗိုလ်မှူးတွေ. ဗိုလ်တွေ. အကြပ်တပ်သားတွေ စုံပြီးတော့ လက်ညီတက်ညီ. တိုက်နိုင်ခိုက်နိုင်၊ ရန်သူက တစ်ဖက်ကရှိတယ်၊ အဲဒီရန်သူရဲ့ အနေအထား၊ ဘယ်ရန်သူလာရင် ဘယ်တပ်က ခြေမှုန်း၊ ဘယ်ရန်သူဝင်လာလို့ရှိရင် ဘယ်တပ်နဲ့ ခြေမှုန်း၊ ဘယ်လိုအမြောက်နဲ့ပစ်၊ ဘယ်လို သေနတ်နဲ့ခုခံ၊ ကတုပ်ကျင်းက ဘယ်လိုဘက်ထားနဲ့ ဒီလို၊ စစ်ပွဲကြီးတစ်ပွဲ တိုက်လို့ရှိရင်. သေသေချာချာ စည်းစနစ်တစ်ကျနဲ့ တိုက်ရခိုက်ရ၊ သူက လာတိုက်ခိုက်လို့. ကိုယ်ကခုခံ ကိုယ်ကနိုင်လောက်ပြီဆိုတော့ တက်တိုက်ပြန် လွှမ်းမိုး၊ လွှမ်းမိုးပြီးတော့ တစ်ခါတည်း အမြစ်ပြုတ်အောင် လိုက်သတ်၊ ဒီလို လုပ်ရတာ၊

အဲလိုပဲတဲ့ စစ်ပွဲကြီးတစ်ပွဲ ဆင်နွှဲရသလိုပဲ စစ်ပွဲကြီး တစ်ပွဲကို တိုက်ရသလိုပဲ၊ အလှူပွဲကြီးတစ်ခုပြု သီလပွဲကြီး. သို့မဟုတ် ဘာဝနာပွဲကြီး၊ ကောင်းမှုပြုပွဲကြီးတစ်ပွဲပြုတယ်ဆိုတာ စစ်တိုက်ရတာနဲ့ အတူတူပဲတဲ့၊ ဒီတော့ စစ်မြေပြင်မှာ စစ်တိုက်တဲ့ပုဂ္ဂိုလ်ဟာ စစ်အောင်မြင်ချင်တဲ့ ပုဂ္ဂိုလ်ဟာ တဖက်သတ် အနိုင်ယူ တိုက်ရတယ်၊ အဲဒီလိုပဲ ဒီလှူတဲ့အလှူပွဲကြီးတစ်ခု ပြုတဲ့နေရာမှာလဲပဲ၊ အလှူ့အမကြီး ဒေါ်မြသန်း ခန္ဓာကိုယ်ဆိုတဲ့ စစ်မြေပြင်ကြီးထဲမှာ၊ အခု ကောင်းမှု ပြုမယ် ကောင်းမှုပြုမယ် ပြုမယ်ဆိုတဲ့ဆန္ဒ၊ ပြုပဟော့ဆိုတဲ့ ပြုဖို့ရာ အားထုတ် နေတဲ့ ဝီရိယ၊ ပြုတာမှန်တယ် ပြုသင့်တယ်လို့ ဆုံးဖြတ်တဲ့ပညာ၊ ဒီလို ပြုတဲ့အတွက် ဒီလိုကောင်းမှုပြုတော့မှ ရှေးရှေး ဘုရား ပစ္စေကာ အရိယာ သူတော်ကောင်းကြီးတွေ မဂ်ဖိုလ်နိဗ္ဗာန်ရကြ. လူ့ရွာ နတ်ထံ ချမ်းသာစံ မဂ်ဖိုလ်နိဗ္ဗာန်ထိ စခန်းပေါက်ကြတယ်လို့ ယုံကြည်နေတယ်၊ သူတို့ ဒီလို

မဃဒေဝလင်္ကာသစ်–နာ–၂၁၆။ ပိုဒ်–၂၈၈။

လုပ်သွားလို့ ဒီလို စခန်းပေါက်တာပဲ ငါလဲ ဒီလိုလုပ်ရင် ဒီလိုဖြစ်ရမှာပဲလို့ ယုံကြည်နေတဲ့သဒ္ဓါ၊

အဲဒီလို သဒ္ဓါတို့ ပညာတို့ ဝီရိယတို့ စေတနာတို့ ဆန္ဒတို့ ဒီဓာတ်တွေ၊ ကောင်းတဲ့ဖက်က ဓာတ်တွေ၊ အဲ ဆန့်ကျင်ဖက်ရန်သူ တပ်ကလည်းလာတယ်၊ ဘယ်သူတုန်းဆိုတော့ မပေးချင် မကမ်းချင် မလှူချင်တဲ့ နှစ်မြောတဲ့ မစ္ဆရိယ၊ နမော်နမဲ့ မှုးမှုးမှေ့မှေ့နေတဲ့ မောဟ၊ ကိုယ့်ပစ္စည်းလေးကို သူများပေးလိုက်ရင် ငါ ဘာစားတော့မတုန်း၊ သူများပေးလိုက်ရင် ငါ ဘာဝတ်တော့မတုန်း၊ မပေးနိုင်ပါဘူး၊ မကမ်းနိုင်ပါဘူး၊ မလှူနိုင်ပါဘူးဆိုတဲ့ လောဘ၊ အဲဒီလိုပဲ ဒီဖက်ကလည်း လောဘနဲ့မိုလ်မှူးကြီး ဦးစီးတဲ့ အကုသိုလ်တပ်ကြီးကလဲ၊ နည်းတဲ့အထုအထည်မဟုတ်ဘူး သူက၊

ဒီတော့ ကိုယ့်ခန္ဓာကိုယ် စစ်မြေပြင်ထဲမှာ၊ လှူတော့မယ် ဆိုလို့ရှိရင် လှူချင်တယ်ဆိုတဲ့သဒ္ဓါနဲ့ စေတနာတွေဦးစီးပြီးတော့ ကုသိုလ်တပ်တွေက ထွက်လာတယ်၊ လှူအုန်းမှပါပဲ၊ မလှူလို့ ငါ ဒီလိုမွဲနေတာ၊ ဖြစ်လေရာဘဝမှာ မရှိလို့မလှူ မလှူလို့မရှိနဲ့ ပဋိစ္စသမုပ္ပါဒ် လည်ပြီးတော့ ဒုက္ခဖြစ်တတ်တယ်၊ အဲ လှူဒါန်းပေးကမ်း စွန့်ကြဲတာ ငါ့အတွက်၊ သံသရာစခန်း မဂ်ဖိုလ်နိဗ္ဗာန် သွားလမ်းကြီးမှာ ချမ်းချမ်းသာသာသွားဖို့ပဲ....၊ နောက်ဆုံး မဂ်ဖိုလ်နိဗ္ဗာန်အထိ စခန်း ပေါက်နိုင်တယ်တဲ့လို့ သိလာ၊ ဒါက ပညာ သဒ္ဓါ စေတနာတို့ ဝီရိယတို့ ကုသိုလ်တပ်တွေ, ကုသိုလ်စစ်သားတွေက တက်လာတော့ နိုင်တော့မလို ဖြစ်နေတယ်၊

ဖြုန်းကနဲဆို အင်း.....လှူတာတော့ ဟုတ်ပါတယ်၊ သံဃာတစ်ထောင် ကျော်တယ် နည်းတာမဟုတ်ဘူး၊ သံဃာတစ်ထောင်ကျော် မနက်ရော နေ့ရော ဆိုရင် နှစ်သောင်းခွဲကုန်တယ်လို့ကြားတယ်၊ နှစ်သောင်းခွဲဆို နည်းတာ မဟုတ်ဘူးတဲ့၊ အမလေး နှစ်သောင်းခွဲဆို နည်းတာမဟုတ်ဘူး၊ သားကျွေးဖို့က ရှိသေးတယ်၊ သမီးဆင်ဖို့က ရှိသေးတယ်၊ ပြီးတော့ ကိုယ့်အတွက်ကလည်း ချန်အုန်းမှဖြစ်မှာ၊ အင်း....လှူတာတော့ ကောင်းပါတယ်လေ၊ နောင်များမှ

လှူတော့မယ်တဲ့၊ ဟော ပစ္ဆရိယဝင်ပြီ လုချသွားပြီ၊ မစ္ဆရိယကဝင်ပြီး တိုက်ချသွားတာ၊ သဒ္ဓါတို့ ဝီရိယတို့တပ်တွေ နောက်ဆုတ်သွားတယ်၊

**"လောကလူတွင်. အလှူပေးခြင်း. စစ်ထိုးခြင်းက. မယှဉ်းတူမျှ. ဟူကုန် စွတည်း"**၊ ခန္ဓာကိုယ် စစ်မြေပြင်ပေါ်မှာ လောဘ တပ်နဲ့ အလောဘ တပ်၊ လောဘဦးစီးတဲ့ လောဘမိုလ်မှူးကြီးဦးစီးတဲ့ အကုသိုလ်တပ်နဲ့ အလောဘ လှူမယ်တန်းမယ် ပေးမယ် ကမ်းမယ်ဆိုတဲ့ အလောဘ မိုလ်မှူးကြီးဦးစီးတဲ့ ကုသိုလ်တပ်တို့ တိုက်ကြတာတဲ့၊ တိုက်ပွဲဆင်ကြတာ၊ အဲဒါ အဓိက.ကတော့ လှူချင်တယ်, လှူမယ် လှူမယ်လို့ ဖြစ်လာရင် ဒါ နိုင်လာပြန်တာ၊ ဟာ မဖြစ်သေးပါဘူး ထင်ပါတယ်၊ သိပ်အကုန်ကျခံ ပေးလိုက်လို့ မဖြစ်သေးဘူးထင်တယ်၊ သားအတွက်ချန်အုန်းမှ. သားစာချန်အုန်းမှ . သမီးစာ ချန်အုန်းမှ, မြေးစာချန်အုန်းမှ တော်ကြာ သားသမီးတွေအတွက် အမွေနည်းနေ လိမ့်မယ်၊ ဘာမယ်နဲ့ဆိုတာက အကုသိုလ်တပ်က နိုင်လာတာ၊ ချိုတုန်ချတုန်၊

အဲဒါ ဒို့ ကေသာဋ္ဌကပုဏ္ဏားဝတ္ထုဟာ ဒါပဲ၊ ကဿပဘုရားရှင် ကိုယ်တော်မြတ်ကြီးက တရားဟော၊ ညတရားဟောတော့၊ တရားနာ ပရိသတ်ကြီးက စိတ်စိုက်ပြီး နာနေကြတယ်၊ မြတ်စွာဘုရားက ဒါနနဲ့ ပတ်သက်ပြီးတော့ဟောတော့၊ လောကမှာ မရှိတာနဲ့ မလှူ. မလှူ ပြန်တော့မရှိ မရှိလို့ တစ်ခါမလှူ၊ မလှူပြန်တော့ မရှိနဲ့ ဒီလိုပဲ ပဋိစ္စ သမုပ္ပါဒ် မွဲတဲ့ဓာတ်ကြီးက လည်တယ်တဲ့၊ လှူတယ် လှူတယ်ဆိုတာ အမှန်စင်စစ်ကတော့ ကိုယ့်ရှိတဲ့ပစ္စည်း သူများကို ပေးလိုက်ရလို့ ကုန်သွား တယ်လို့ ထင်ရသော်လည်းပဲ၊ အမှန်ကတော့ ကိုယ်ရတာ၊ ကိုယ့်ဟာကို ကိုယ်ပြန်ရတာ၊ ကိုယ့်ပစ္စည်း ကိုသိမ်းတာ၊ လှူတယ် လှူတယ်ဆိုတာ ကိုယ့်အတွက် ကိုယ်ယူတာ၊ ကုန်တာမဟုတ်ဘူး ရတာ၊ မြင်တာကတော့ ဘေးက မြင်တာကတော့ ကုန်တယ်လို့မြင်လိမ့်မယ်၊ ကိုယ့်ရှိတဲ့ပစ္စည်းတွေ ပျောက်သွားတာကိုး၊ ဒီတော့ ကုန်တယ်လို့မြင်တာ၊ အမှန်ကတော့ အဲဒီအကုန်ဟာ မျိုးကြဲတဲ့အကုန်မျိုး၊၊ အမှိုက်သွန်တဲ့ အကုန်မျိုး မဟုတ်ဘူး၊

ကဿပဘုရားရှင် ကိုယ်တော်မြတ်ကြီးက ပရိသတ် ဟောနေတာနော်၊ ကုန်တာက နှစ်မျိုးရှိတယ်ပေ့ါ၊ ကုန်နည်းက နှစ်မျိုးရှိတယ်၊ ပြန်ပြီးတော့ အစားပြန်မဝင်တဲ့အကုန်က၊ ကိုယ့်အိမ်က ရှိတဲ့ အမှိုက်တွေကို, ရေထဲသွန်, ရေထဲစွန့်, ကိုယ့်ရှိနေတဲ့ပစ္စည်း အမှိုက်သရိုက်စတဲ့ ပစ္စည်းတွေ၊ ကိုယ်မသုံးလို့တဲ့ အိုးတို ခွက်ပဲ့တွေ, သွန်ချ စွန့်ချ, အဲဒါက ပြန်မလာတဲ့အကုန်၊ အဲဒီအစွန့်က ပြန်မဝင်တဲ့ အစွန့်၊ အဲ လှူတယ် လှူတယ်ဆိုတာ စွန့်ရတာ၊ အကုန်ခံရတာ ဖြစ်တော့ အဲဒီ အခုနကလိုကုန်တဲ့အကုန်က ပြန်အစားမဝင်ဘူး၊ မျိုးကြဲတဲ့ အကုန်က အစားပြန်ဝင်တယ်တဲ့ အစားပြန်ရတာ၊ ကိုယ့်မှာ ရှိနေတဲ့ မျိုးစပါးတွေ ပဲတောင်း စပါးတောင်းမျိုးတွေ, လယ်ထဲသွား ပက်လိုက်တော့ ကြဲလိုက်တော့၊ ကိုယ့်နားပျောက်သွားတာ, ကုန်သွားတာ၊ သို့သော် ဒီအကုန်က၊ တစ်ဆုပ်ကြဲတာ တစ်လှည်းတိုက်လည်း ဝင်နိုင်တယ်၊ ဆယ်လှည်းတိုက်လည်း ဝင်နိုင်တယ်၊ တစ်တင်းကြဲတာ တင်းတစ်ရာလည်း ဝင်နိုင်တယ်၊ တင်းငါးရာလည်း ဝင်နိုင်တယ်၊ ဒီလို ပြန်လာမည့် အကုန်ပေ့.....။ မြတ်စွာဘုရားက၊ ကဲဒီတော့ လှူတယ် လှူတယ် ဆိုတာ ကုန်သွားအောင်လုပ်တယ်ဆိုပေမယ်လို့ ပြန်ပြီးတော့ အစားပြန် ဝင်လာမည့်အမှု၊ အဲဒီလိုဒါနနဲ့ စွန့်ကြဲပေးကမ်းတဲ့အမှုကို ပြုပြီးတော့ အစွန့်လေ့ကျင့်ခန်းကြီး ဆင်းတော့မှ နောက်ဆုံး အပြင်ဘက်က ပစ္စည်း စွန့်ရုံတင်မက၊ အတွင်းကပစ္စည်းပါ စွန့်နိုင်တယ်၊

ကဿပဘုရားရှင် ကိုယ်တော်မြတ်ကြီးက ပရိသတ်ကြီး တရား ဟောတော့၊ ပုဏ္ဏားကြီးက ဘယ်သူတုန်းဆိုတော့ ကေသာဋ္ဌကပုဏ္ဏား တဲ့, ဘာပြုလို့တုန်းဆိုတော့ သူ့ အဝတ်တစ်ထည်၊ လင်မယားနှစ်ယောက် မှာ အပေါ် ချုံလေး တစ်ထည်ပဲရှိတယ်၊ ပုဏ္ဏားဇနီးမောင်နှံနှစ်ယောက် အောက်ပိုင်းက အဝတ်ကလေးကတော့ရှိပါရဲ့ တစ်ယောက်တစ်စုံဆီ, အပေါ်က ထသွား ထလာ ဟိုနားဒီနားသွားတဲ့အခါမျိုးဖြစ်တဲ့ ခြုံထည်က တစ်ထည်ပဲရှိတယ်၊ လင်မယားနှစ်ယောက်မှာ၊ အဲဒါ ခင်ပွန်းသည် ပုဏ္ဏားက အပြင်သွားစရာရှိလို့ဆို အပေါ်ခြုံကလေး အပေါ်ဝတ်ကလေး ဝတ်သွားရင်၊ ဇနီးသည်က အိမ်ထဲ အောင်းနေရတယ်၊ ဇနီးသယ် အပြင်ထွက်စရာရှိလို့ အလှူအတန်းကိစ္စလေး

သွားရင်, ပုဏ္ဏားကြီးက အိမ်ကမထွက်ရဲဘူး၊ အပေါ်ပိုင်းဝတ်စရာမရှိလို့၊ အဲဒါကြောင့် သူတို့ကို ကေသာဋကပုဏ္ဏားလို့ ခေါ်တယ်၊ အဝတ်တစ်ထည်သာ ရှိတဲ့ ပုဏ္ဏားပေါ့၊

အဲဒါ သူက ခုညတရားနာ ရှင်မဟာကဿပဘုရား ရှင်ကိုယ်တော်မြတ်ကြီး တရားပွဲရှိတယ်ဆိုတော့၊ အဲဒါ တရားနာထွက်တော့မယ် ဆိုတော့၊ နှစ်ယောက်သား ဝေကြတယ်၊ ကဲ နေ့ဟောတဲ့တရားကိုတော့ ညည်းသွားနာချေ။ ပုဏ္ဏေားမကို လွှတ်တယ်၊ နေ့ဟောတဲ့တရားတော့ နေ့ပိုင်းဆိုတော့ အမျိုးသမီးတွေ သွားလို့လာလို့ကောင်းတာကိုး၊ ဒါနဲ့ နေ့ဟောတဲ့တရားကိုတော့ ညည်းသွားနာချေ၊ ငါက အိမ်မှာစောင့်ရစ်မယ် ပုဏ္ဏားကြီးက၊ အဲ ညကျတော့ ငါသွားနာမယ် ဆိုပြီးတော့ ညလာပြီးတော့ နာတာ၊ တရားနာတဲ့အချိန် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဟောနေတာ ဒါနအကြောင်း၊ စစ်တိုက်ရတာနဲ့ တူတဲ့ အကြောင်း၊

အေး ဒီတော့ ဒါနဆိုတာ ကုန်တယ်ကုန်တယ်လို့ မြင်ကြသော်လည်းပဲ အမှန်ကတော့ ကိုယ့်အတွက် ကိုယ်ယူတာ၊ ကိုယ့်အတွက် ကိုယ်ရတာ၊ သိမ်းတာ အတိုးအပွားနှင့်တကွရအောင် ယူတာ၊ စွန့်ကြဲ ပေးကမ်း လှူဒါန်းလိုက်လို့ ကိုယ့်နားကုန်သွား ကုန်သွားပေမယ်လို့ ပစ္စည်းတွေ ကုန်သွားပေမယ်လို့ ဒီပစ္စည်းတွေက အဆပေါင်းများစွာ တိုးပြီးတော့ ပြန်ဝင်လာတာ၊

ဘာနဲ့တူတုန်းဆိုတော့ မျိုးကြဲတာနဲ့တူတယ်၊ မျိုးစပါးတွေ တစ်တင်း ကြဲလိုက်တော့ တင်းတစ်ရာ ပြန်ဝင်တယ်၊ တင်းနှစ်ရာ ပြန်ဝင်တယ်၊ ပဲမျိုးတွေ တစ်ခွဲ တစ်စိတ် တစ်တင်း ကြဲလိုက်တော့၊ တင်းပေါင်းများစွာ ပြန်ဝင်တယ်၊ ဒီလို ဒါနရဲ့သဘောက ဒီသဘော ရှိတယ်နဲ့ဟောတော့ ပုဏ္ဏားကြီးက၊ အမယ်လေး.....ဟုတ်လိုတ်တာ၊ ဟုတ်လိုက်တာ၊ ငါ့ လှူအုန်းမှပဲနဲ့၊ ပါ့ လှူစရာ ဘာမှမပါဘူး ဒီ အဝတ်ကလေးတစ်ခုပါတာ၊ အပေါ်ခြုံထည်လေးပါတာ၊ ကိုင်း သံသရာတုန်းက မင်း ဒီလိုမလှူခဲ့လို့ ဒီလိုမွဲနေတာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးလို လယ်ယာမြေကောင်း မျိုးကောင်းကြီးထဲမှာ၊ မင်း ဒီလို

အဝတ်ပိုင်းလေးတစ်ပိုင်း အဝတ်ခြုံထည်လေး၊ ဘုရား ခြေသုတ်သုတ် ဘာလုပ်လုပ် လှူလိုက်ရရင်တော့ မင်း မျိုးတွေစိုက်လိုက်သလို ဖြစ်သွား ပြီးတော့၊ လာလိုက်မည့် ကောက်ပဲသီးနှံတွေ မင်း တစ်ဆုပ်ကြဲတာ လှည်းဆယ်စီးတိုက်ဝင်လာသလို ဝင်လာလိမ့်မယ်၊ လှူမှာဘဲဆိုပြီးတော့၊ သူ့ကိုယ်ရုံလေး အပေါ်ကိုယ်ရုံလေး အသာချပြီးတော့ ခေါက်လိုက်၊ ပြီးတော့ ကျကျနန ဘုရားရှေ့ လှူတော့မလို့ ခေါက်ထည့်နေရင်းနဲ့ အင်း–ဒီတစ်ထည်နဲ့ ဒို့ဇနီးမောင်နှံနှစ်ယောက် သွားစရာရှိ သွား, လာစရာ ရှိလာတာ၊ ငါက ကိစ္စမရှိဘူး ငါ့မိန်းမ ထွက်ချင်လို့မှ ပြင်ဘက်မထွက်ရ ခက်တာပဲ နေပါစေ အုန်းတော့လေဆို၊ ပြန်ပြီးတော့ ဖြေပြီးတော့ ကိုယ်ပေါ် ပြန်ဝတ်လိုက်ပြန်ရော၊

အာ မြတ်စွာဘုရားက ဟိုကဟောပြန်၊ အဲ ဒါနများ ဒါန ကောင်းမှုဆိုတာ အစွန့်လေ့ကျင့်ခန်းကြီး ဆင်းနေတာခေါ်တယ်၊ အစွန့် လေ့ကျင့်ခန်းကြီး ဆင်းရတယ်ဆိုတာ စွန့်ကြဲပေးကမ်း လှူဒါန်းတဲ့ ကိုယ့်ဗဟိဒ္ဓပစ္စည်းကိုအရင် စွန့်ရတယ်၊ အဲဒီ ဗဟိဒ္ဓပစ္စည်းတွေ စွန့်ပါ များတော့၊ အစွန့်လေ့ကျင့်ခန်းတွေ ရလာတော့ နောက်ဆုံး ဒါ ကိုယ့်ရဲ့ အတွင်းက ရုပ်နာမ်ခန္ဓာကိုယ်ကိုလဲ စွန့်နိုင်ရတယ်၊ နောက်ဆုံး ရဟန္တာဖြစ် ရဟန္တာမဖြစ်တယ်ဆိုတာ ရုပ်နာမ်ပေါ်ကို မခင်တွယ်တော့ဘူး၊ မမက်မောတော့ဘူး၊ မတွယ်တာတော့ဘူး၊ ဒါ အစွန့် လေ့ကျင့်ခန်းကြီး၊ အဲဒီအထိအောင် သွားရမှာ၊ ဒါနဆိုတာ အဲဒီအထိအောင် သွားရမှာ၊ ဒီတော့ အဲဒီထိအောင်သွားတဲ့ ကောင်းမှုက အထောက်အကူပြုတာက၊ ဟော ဒီတစ်ဘဝတင် ကျေးဇူးပြုတာမဟုတ်ဘူး၊ ဘဝပေါင်းများစွာ ကျေးဇူးပြုတယ်၊

ကိုယ့်ရှိနေတဲ့ပစ္စည်း သူများလှူတယ်ဆိုတာ၊ အမှန်စင်စစ်ကတော့ ကိုယ့်ပစ္စည်း သူခိုး ခိုးနိုင်တဲ့နေရာကနေ သူခိုး မခိုးနိုင်တဲ့နေရာ ရွှေ့သိမ်းတာနဲ့ အတူတူပဲ၊ မီးလောင်နိုင်တဲ့နေရာကနေပြီးတော့ မီးမလောင်နိုင်တဲ့နေရာ ရွှေ့သိမ်း တာနဲ့ အတူတူပဲ၊ ကိုယ့်ရှိနေတဲ့ အခုပစ္စည်းတွေကို လှူလိုက်တန်းလိုက်ဆိုတော့ ကုန်သွားတယ်၊ သူများဆီပေးလိုက် ရတယ်လို့ မြင်တာကိုး၊ အမှန်စင်စစ်ကတော့ ကိုယ့်ပစ္စည်းကို ရွှေ့သိမ်းတာ၊ ရွှေ့သိမ်းတာ၊ သူခိုး ခိုးနိုင်တဲ့နေရာကနေပြီးတော့

သူခိုး မခိုးနိုင်တဲ့ နေရာရွှေ့သိမ်းတာ၊ အခု ဒကာမကြီးဒေါ်မြသန်းတို့ဆိုပါတော့ အခု လှူလိုက်တာ နှစ်သောင်း သုံးသောင်း အကုန်ကျခံပြီးတော့ လှူလိုက်တော့ ပျောက်သွားတယ်လို့ ထင်တာ၊ မဟုတ်ဘူး အမှန်က၊ သူခိုး မခိုးနိုင်တဲ့ နေရာကနေပြီးတော့ သူခိုး ခိုးလို့မရတဲ့နေရာ ရွှေ့သိမ်း ခြင်း....တဲ့၊

အဲဒီ ငွေကျပ်အနေနဲ့ပြောရင် နှစ်သောင်းဆိုပါတော့၊ နှစ်သောင်း နှစ်သောင်းကျော်ပစ္စည်း မိုးကုတ်ကျပ်ပြင် ပန်းမရပ်မှာ အိမ်ထဲထားရင် သူခိုး ခိုးနိုင်တဲ့နေရာပဲ အဲဒါ မီးလောင်နိုင်တဲ့နေရာပဲ ရေမျောနိုင်တဲ့ နေရာပဲ ဓားပြတိုက်နိုင်တဲ့ နေရာပဲ မင်းစိုးရာဇာက သိမ်းနိုင်တဲ့နေရာပဲ ရန်သူမျိုးငါး ဖျက်ဆီးလို့ဖြစ်တဲ့ နေရာခေါ်တယ်၊

အဲဒါ အခု လှူလိုက် တန်းလိုက်တော့ ကိုယ့်ခန္ဓာကိုယ်ထဲ ကုသိုလ်အဖြစ်နဲ့ မြှုပ်နှံသိမ်းဆည်းပြီး ပြောင်းသိမ်းလိုက်တာ ဒီငွေနှစ်သောင်းကျော်ကို၊ အဲဒီတော့ အဲ ဒီငွေနှစ်သောင်းကျော် ပြောင်းသိမ်းလိုက်တဲ့ ဒါနကောင်းမှုကြီးကျတော့၊ သူခိုး ခိုးလို့လည်း မရ, ဓားပြတိုက်လို့လည်း မရ, မီးလောင်လို့လည်း မရ, ရေမျော လို့လည်း မရ, မင်းစိုးရာဇာသိမ်းလို့လည်း မရ၊ ဟော–ရွှေ့ပေးတာ၊

အဲဒီတင် ပုဏ္ဏားကြီးက အဲဒီတရားကြားပြန်တော့၊ ဟင်–လှူအုန်းမှပဲ....လို့၊ သဒ္ဓါတရားတွေ တက်လာပြီးတော့ အဝတ်ကလေး ချွတ်ခေါက်ပြန်ရော၊ ခေါက်ပြီးတော့ လှူမယ် ရုပ်တရက် စိတ်ကူးလိုက်ပြန်၊ နောက်တစ်ခါ အင်း....ငါနဲ့ငါ့ဇနီးနှစ်ယောက် ဒီတစ်ခုရှိတာ၊ ဒါလှူလိုက်လို့ရှိရင် ငါတို့ ထသွား ထလာလေးတောင် ရှိမှာမဟုတ်ဘူး မဖြစ်သေးပါဘူး ဆိုပြီးတော့၊ ပြန်ဝတ်လိုက်ပြန်၊

ဟာ မြတ်စွာဘုရားက ရှေ့ဆက်ဟောပြန်၊ အေး....လှူတယ် တန်းတယ်, ပေးတယ်, ကမ်းတယ်ဆိုတဲ့ ဒါနကောင်းမှုစတဲ့ ကောင်းမှု တွေဆိုတာ၊ ကိုယ့်နောက် မပါမည့်ပစ္စည်းကို ကိုယ့်နောက်ပါမည့်ပစ္စည်း လုပ်ပြီးတော့ ပညာတပ်နဲ့ သဒ္ဓါစာတ်တွေ ဝီရိယဓာတ်တွေနဲ့ နိုင်အောင်တိုက်တဲ့၊ နိုင်အောင်တိုက်၊ ဒီလိုမဟုတ်လို့ရှိရင် မစ္ဆရိယနဲ့ လောဘတပ်တွေက နိုင်သွားလို့

ရှိရင် မလှူဖြစ်တော့ဘူး, မလှူချင်တော့ ဘူး၊ မလှူဖြစ်တော့ဘူး၊ မလှူချင်ရင် ကိုယ်ရှုံးပြီ။ ကိုယ်လှူခြင်းကြောင့် ရလာမည့် အို နာ သေရေး ဒုက္ခဘေး ကင်းဝေးရာ နိဗ္ဗာန်ရွာထိအောင် ရောက်မည့်ခရီးကြီးကို လောဘ မစ္ဆရိယစတဲ့ တရားတွေက ဆီးတား လိုက်တာပဲ၊

အကုသိုလ်တရားက ဘယ်တော့မှ လမ်းကောင်းမပို့ဘူး၊ လမ်းမှားချည်း ပို့တာ၊ အကုသိုလ်တရားက သတ္တဝါတွေကို ဘယ်တော့မှ ကောင်းရာမပို့ဘူး၊ မကောင်းရာ ပို့တယ်၊ ဘယ်တော့မှ ကောင်းကျိုး မဆောင်ဘူး၊ မကောင်းကျိုး ဆောင်တဲ့လူကိုမှ မိတ်ဆွေထင်နေတယ်၊ ငါ့သားလေး စားရအုန်းမှာ၊ ငါ့သမီးလေး ကျွေးရအုန်းမှာ၊ ငါ့သားဆင်ရအုန်း မှာ၊ ငါ့သမီး ဆင်ရအုန်းမှာနဲ့ ဆိုပြီးတော့ သူက တရားဟောကောင်းတယ်၊ အကုသိုလ်တရား၊ လောဘတရားက တရားဟောကောင်းတော့၊ အဲဒီ ဘက် ပါ,ပါသွားတယ်၊ အဲဒါ ကိုယ့်ဘာကိုယ် အကုသိုလ်ကဆွဲနေတာ၊ အကုသိုလ်နောက် သူလိုက်နေရတယ်၊ ရန်သူနောက် ငါပါနေတယ်လို့ မသိဘဲနဲ့၊ မိတ်ဆွေ ထင်တော့၊ အချစ်ဝင်ပြီးတော့၊ အဲဒီ အကုသိုလ်စကား၊ လောဘစကား နားထောင်ပြီးတော့ နစ်မွန်းကြရတယ်၊

အဲဒါ ကေသာင္ကကပုဏ္ဏားကြီး အဲလိုပဲ၊ ပထမ ညဦးယာမ်, ဒုတိယ သန်းခေါင်ယာမ် **နောက်ဆုံးပစ္ဆိမယာမ်မိုးသောက်ခါနီး**ကျတော့.မှင့်<u>ဘာကထဲ</u> လှူရမည့်ဒီအလှူထုပ် ကလေး တစ်ခုပဲ၊ မလှူနိုင် မတန်းနိုင်ဖြစ်နေလိုက်တာ ကိုင်း ယောက်ျားဘသား ဖြစ်ချင်ရာဖြစ် နောက်မှ၊ ဆိုပြီးတော့ မြတ်စွာဘုရား ခြေတော်ရင်းနား ထသွားတဲ့ပြီးတော့၊ အဝတ်ခေါက်ကလေး ခြေတော် သုတ်တော်မူပါဘုရား၊ လက်တော်သုတ်တော်မူပါဘုရား၊ အလိုရှိတော်မူသလို သုံးတော်မူပါဘုရား....ဆိုပြီးတော့၊ မြတ်စွာဘုရားရှေ့ ပုံချ လှူလိုက်ပြီးတော့ ဝမ်းသာနေတာ သူ့ဘာသူ၊ တရားပွဲကလည်းပြီးပြီ၊ သူ့အလှူလည်း အောင်သွားပြီဆိုတော့ ဝမ်းထဲမှာ လှိုက်လှိုက် လှိုက်လှိုက်နဲ့ နေတယ်တဲ့၊ ဝမ်းသာလွန်းလို့ မနေနိုင်တော့ ထအော် ဟစ်တယ်တဲ့၊

"**ဇိတံမေ....ဇိတံမေ....**" လို့ လက်ရုံးမြှောက်အော် လိုက်တယ်၊ အဓိပ္ပာယ်ကတော့ ငါအောင်ပြီ အောင်ပြီလို့ အော်လိုက်တာ၊ အဲဒီမှာ

တရားနာရာက ကောသလမင်းကလည်း တရားနာတဲ့ထဲ ပါတယ်၊ အဲဒီတော့ မင်းများဆိုတာတဲ့ အောင်ပြီ အောင်ပြီဆိုတဲ့အသံ ဘယ်တော့မှ မကြားချင်ဘူးတဲ့၊ နားကြားပျင်းကတ်တယ်တဲ့၊ အဲဒီအသံ၊ သူကသာအောင်ချင်တယ် သူများအောင်တယ်ဆိုတာ မကြားချင်ဘူး၊

ဒီတော့ ရှင်ဘုရင်က တရားနာနေရင်းနဲ့ တစ်နေရာ ပုဏ္ဏားကြီးက အောင်ပြီဟေ့ ငါအောင်ပြီဟ–လို့ အော်တာကို ကြားတော့ ကောသလမင်းက ဟဲ့ဟဲ့ စုံထောက်တွေ ထောက်လှမ်းစမ်း ဘာတုန်း ဟိုနား အောင်ပြီ အောင်ပြီနဲ့ ဘာအောင်တာတုန်း အောင်ခြင်းအောင် ငါကသာ အောင်ရမှာ၊ ဘယ်က ကောင်က လာအောင်နေတာတုန်း ဆိုပြီးတော့ မေးတော့မှ၊ ပုဏ္ဏားကြီးတွေ့၊ အကျိုးအကြောင်း မေးတော့မှ၊ ကျွန်တော်မျိုး ဒီလိုပဲ တစ်ညလုံး လောဘနဲ့ အလောဘ စစ်တိုက်ရပါတယ် လှူချင်တဲ့ အလှူလေးတစ်ခု တစ်ညလုံး ကျုပ် လှူရရင်ကောင်းနိုးနိုး မလှူပဲထား ကောင်းနိုးနိုး လှူမှဖြစ်မယ်၊ မလှူမှဟုတ်မယ်နဲ့ ဖြစ်ပြီး....တစ်ညလုံး ဒီအဝတ်ကလေး လှူဖို့ရာအတွက် တစ်ညလုံး စစ်ပွဲကြီးတိုက်ပြီးတော့ အခု ကျုပ်စစ်အောင်လို့ အောင်ပြီလို့ အော်မိ ပါတယ် ....လို့ ဆိုတော့မှ၊

ရှင်ဘုရင်က သဘောကျပြီး၊ အော် ပုဏ္ဏားကြီး တော်ရှာပေတယ် ဆိုပြီးတော့၊ ကိုင်း အဘကို ကျုပ်က ပူဇော်ပါ့မယ်ဆိုပြီးတော့ ဝတ်ထည် ဖျဉ်စင်းတွေပေး၊ အဲဒီ ပေးသမျှ သူက ဘုရားလှူ၊ အာ လှူတော့ ကောသလမင်းကြီးက ထပ်ပေး ထပ်လှူ၊ ထပ်ပေး ထပ်လှူနဲ့ နောက်ဆုံး ကျတော့ ပုဏ္ဏားကြီးရော ပုဏ္ဏားကတော်ကြီးရော ရွှာဆုတွေ နယ်ပယ်ဆု တွေရပြီးတော့ ရှင်ဘုရင်က အမေအဖေအဖြစ်နဲ့ ခေါ်ယူကျွေးမွေး တရား ထူးပါ ရပြီးတော့ သွားတယ်။ ဒိဋ္ဌဓမ္မအကျိုးကတော့ ချက်ခြင်း၊ မြတ်စွာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟူသော လယ်ယာကောင်းကို လှူလိုက်တဲ့ စေတနာက၊ ဒိဋ္ဌဓမ္မ ထအကျိုးပေးတာ၊ ရွာဆု. ဆင်ဆု. ရွှေဆု. ငွေဆုတွေရပြီးတော့ ရှင်ဘုရင်ရဲ့အမေ အဖေအဖြစ်နဲ့ ကျွေးမွေးခံရတဲ့ အထိ ရောက်သွားတယ်။

**"လောကလျှုံတွင်, အလှူပေးခြင်း, စစ်ထိုးခြင်းက, မယှဉ်းတူမျှ, ဟူကုန်စွတည်း, အလောဘဟိတ်, ကြောက်ထိတ်ကင်းစွာ, စွန့်ကြဲရာ၌, သဒ္ဓါသူရဲ, မိုလ်ထုခွဲလျှက်, စစ်ကဲဝီရိယ, လုံးလအထူး, ရဲခေါင်ကြူးသား, မိုလ်မှူးရှေ့ဉာဏ်, ဆုတ်မလှန်ပဲ, စိတ်သန်နိုင်ကျန်း, စွဲယူမှန်းလော့"** နိုင်အောင် တိုက်....တဲ့၊ နိုင်အောင်တိုက်၊

**"အလောဘနှင့်, တက္ကမက္ကာ, သဒ္ဓါစေတနာ, ဓာတ်၌လာ၍, ဂဏ္ဍာလောဘ, သေဆုံးရ၏၊ လောဘမသေ, ဖြစ်ရှိ နေမူ, ပေးဝေလှူမှု, ဘယ်မှာပြုလိမ့်"** အဲဒီ လောဘဓာတ်နဲ့ အလောဘဓာတ်နဲ့ ဒကာမကြီး ဒေါ်မြသန်း ခန္ဓာကိုယ်စစ်မြေပြင်ထဲမှာ တိုက်လာကြတာ အခု အလောဘ ဓာတ်ကြီးက နိုင်သွားပြီ၊ အလောဘဓာတ် သဒ္ဓါဓာတ် စေတနာဓာတ် ဝီရိယဓာတ်တွေ၊ လှူတာတန်းတာက ဘုရား ပစ္စေကာ အရိယာအပေါင်း သူတော်ကောင်းကြီးတွေရဲ့ လမ်းစဉ်၊ ဒါ သူတော်ကောင်းတွေလုပ်တဲ့အလုပ်၊ လုပ်ထိုက်တဲ့အလုပ်လို့ သိတာ ပညာ၊ ဟာ လုပ်မှလုပ်မှ လုပ်မှ သိပ်ပေါ့နေလို့ မဖြစ်ဘူး ဝီရိယ၊ တစ်ခါလုပ်ပြီးရင် နောက်ထပ်တိုး ကြိုးစားအုန်းမှ, ထပ်ကြိုးစားအုန်းမှ ဝီရိယ၊ ဟာ ဒီလိုလုပ်တဲ့အတွက် သေချာပေါက် သံသရာ စခန်း မဂ်ဖိုလ်နိဗ္ဗာန်သွားလမ်းမှာ ဒို့မရှုံးနိုင်ဘူး မမွဲနိုင်ဘူး၊ မငတ် နိုင်ဘူး၊ သူများဆီ လက်ဖြန့် မတောင်းရဘူး၊ ခွက်ကလေး မထိုးရ ဘူးလို့ ယုံနေတဲ့သဒ္ဓါ၊ နောက်ဆုံး ပဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်တယ်လို ယုံတဲ့သဒ္ဓါ၊

**"အလောဘနှင့်, တက္ကမက္ကာ, သဒ္ဓါစေတနာ, ဓာတ်၌ လာ၍, တဏှာလောဘ, သေဆုံးရ၏"** အဲဒီဓာတ်တွေက အခုနိုင်လို့ အမလေး သံဃာတစ်ထောင်ကျော်ဆို နည်းတာမဟုတ်ဘူး ကုန်ကျ စရိတ်က၊ နှစ်သောင်း ကျော်တဲ့ သွားတာ လာတာနဲ့ သုံးသောင်းလောက် ကုန်မှာ၊ နည်းတာမဟုတ်ဘူး၊ အမလေး ဒါတွေဆိုရင်ဆိုတဲ့ နှမြောတဲ့ မစ္ဆရိယ, နှမြောတဲ့ လောဘ, တွယ်တာတတ်တဲ့ လောဘ, မပေးချင်တဲ့ လောဘ, ဒါတွေမရှိလို့ရှိရင် ကိုယ့်သား ကိုယ့်သမီး ဘယ့်နဲ့လုပ်မတုန်း တော်ကုန်မှာပေါ့၊ ကိုယ့်သား ကိုယ့်သမီး ကိုယ့်မြေး

မဆင်ရဘဲနဲ့ ဒုက္ခဖြစ်ကုန်မှာ ပေါ့လို့ စိုးရိမ်တဲ့သောက၊ အဲဒီဓာတ်တွေ အခုဆုပ်သွားတယ်, ယုတ်သွားတယ်, ရှုံးသွားတယ်, ချုပ်သွားတယ်,

**"အလောဘနှင့်, တက္ကမက္ကာ, သဒ္ဓါစေတနာ, ဓာတ်၌လာ၍, တဏှာ လောဘ, သေဆုံးရ၏၊ လောဘမသေ, ဖြစ်ရှိနေမှု, ပေးဝေလှူမှု, ဘယ်မှာပြုလိမ့်"** အဲဒီ လောဘဦးစီးတဲ့ ဗိုလ်မှူးတပ်ကြီး အကုသိုလ် တပ်ကြီးကသာ ဦးစီးနေ၊ ဒကာမကြီး ဒေါ်မြသန်း ခန္ဓာကိုယ်စစ် မြေပြင်ထဲ သူက လွှမ်းမိုးနေလို့ရှိရင်၊ သူကနိုင်နေရင်, သူက အလံထောင်နေရင်, ဒီဘက်က လှူချင်တန်းချင်တဲ့ အလောဘတို့ စေတနာတို့ သဒ္ဓါတပ်တွေက နောက်ဆုတ် ကြရတယ်၊ ပေါ်ကိုမလာဘူး၊ သူပုန်တပ်က နိုင်နေရင်၊ ဒီက အစိုးရတပ်က နောက်ဆုတ်ရတာပဲ၊ "လောဘ မသေ, ဖြစ်ရှိနေမှု, ပေးဝေလှူမှု, ဘယ်မှာ ပြုလိမ့်" အဲလို သူပုန်တပ်က နိုင်နေရင် လောဘဒေါသက နိုင်နေရင်လဲ ဒီလှူတယ် လှူတယ် ဒီဆွမ်းလောင်းတယ်ဆိုတဲ့ဟာ ရှိကိုမရှိဘူး၊ ပန်းမကကို ဒီရောက် မလာဘူး၊ မိုးကုတ်ကနေ ဒီမလာခဲ့ဘူး၊ ဟော အခု လာတယ်၊ လာတယ်ဆိုကတဲကိုက ' နိုင်လာတာ။

**"လောဘမသေ, ဖြစ်ရှိနေမှု, ပေးဝေလှူမှု, ဘယ်မှာပြုလိမ့်၊ ယှဉ်လှူကြောင်း, ဝတ္ထုကောင်း၌၊ တပ်ကြောင်းတဏှာ, ကင်းကွာ လောဘ, အနိစ္စကြောင့်, ဒါနမင်္ဂလာ, ထမြောက်ပါ၏"။**

ဒီပစ္စည်းဝတ္ထုတွေပေါ်မှာ တွယ်တာတတ်တဲ့လောဘ ချုပ်ဆုံး သွားတယ်၊ အဲဒီ ချုပ်ဆုံးတာတွေကို ကိုယ်က လက်လွှတ်မခံဘဲ ဖမ်းရှုလိုက်၊ ရုပ်နာမ် ဖြစ်ပျက်၊ ရုပ်နာမ်ဖြစ်ပျက်၊ ရုပ်နာမ်ဖြစ်ပျက်၊ လောဘအနိစ္စ, လောဘအနိစ္စ, လောဘအနိစ္စ ရှုရင် ဒါနထဲ ဝိပဿနာ ရောက်လာတယ်၊ အဲဒါ ဗိုလ်မှူးဉာဏ်က, ကပ်လိုက်လာတော့ ဒီ ဉာဏ်နဲ့ပဲ ဒီလောဘ နောက်ဆုံးသတ်တာ၊ ဒီလောဘနဲ့ ဒီဉာဏ် ဒီလောဘနဲ့ ဒီအလောဘကတော့ သံသရာထဲနေသမျှ တလုံးတထွေး သူနိုင် ကိုယ်နိုင် ဒီလိုချည်းနေရတာ၊ နောက်ဆုံးတော့ သူ့ကို ကိုယ်ကနိုင်အောင် သတ်ရတယ်၊ ရဟန္တာဖြစ်ပြီ ရဟန္တာမ,ဖြစ်ပြီဆိုတော့၊ နောက်ဆုံး ကိုယ်က နိုင်သွားတာပဲ၊ အဲဒီထိအောင် သွားရမှာ။

ဒီတော့ စွန့်တယ် စွန့်တယ်ဆိုတာ၊ တခဏတော့ အစ အပြင်ဗဟိဒ္ဓ ပစ္စည်းကို စွန့်ရတယ်၊ အခုလို ရွှေငွေ ကျောက်သံအစရှိတဲ့ ဆန်ရေစပါးကိုစွန့်၊ အဲဒီ အစွန့်ကနေပြီးတော့ တစ်ဆင့်တက်ပြီးတော့ စွန့်ရအုန်းမှာက၊ သားတောင် စွန့်ရအုန်းမှာ သမီးတောင်စွန့်ရတဲ့အထိ တက်ရအုန်းမှာ၊ အဲဒီအဆင့်တက်တော့မှ ကိုယ့်ခန္ဓာကိုယ်ကို စွန့်နိုင်ရတယ်၊ ကိုယ့် ခန္ဓာကိုယ်ရှိနေတဲ့ ဆံပင် မွေးညှင်း ခြေသည်း လက်သည်း အစရှိတဲ့ ရုပ်ခတ် နာမ်ခတ်တွေပေါ်ကို မတွယ်တာ တော့ဘူး၊ ရဟန္တာဖြစ်သွား၊ ရဟန္တာမ ဖြစ်သွားတယ်ဆိုတာ ကိုယ့်ခန္ဓာကိုယ်ကို စွန့်တာပဲ၊ အဲဒီထိအောင် သွားရမှာ အစွန့်လေ့ကျင့်ခန်းကြီးက၊

"**တစ်စတစ်စ စွန့်ဝန့်မှ လျှင်. ဘဝနောက်နောင်း ကောင်းထက် ကောင်းလိမ့်**" ဟော- သံဝရပျို့က ဆိုးမထားတာ၊ တစ်စတစ်စ အစွန့်လေ့ကျင့်ခန်းကြီးဆင်းကြ၊ နိဗ္ဗာန်ရသည့်အထိ၊ ကိုယ့်ခန္ဓာကို စွန့်သည်အထိ စွန့်ရမှာ၊ အတွင်းပစ္စည်း စွန့်သည်အထိ စွန့်ရတာ၊ အဲဒီ အတွင်းပစ္စည်း ကိုယ့်ခန္ဓာကိုယ် အစွန့်၊ စွန့်နိုင်အောင် အပြင်ဘက်က ရှိတာတွေ စွန့်ပေး လေ့ကျင့်ခန်း ဆင်းပေး.....၊ ဘုရားပစ္စေကာ အရိယာအပေါင်း သူတော်ကောင်း ကြီးတွေရဲ့ အလေ့အလာ အားထုတ်ပေးကြလို့၊ ကဿပဘုရားရှင် ကိုယ်တော်မြတ်ကြီးကလည်း ဟောခဲ့တယ်၊ ဒါ့ကြောင့်-

## ဒါနဉ္စ ယုဒ္ဓဉ္စ သမာန မာဟု။

ဒါနဉ္စ-စွန့်ကြဲပေးကမ်း, လှူဒါန်းခြင်းဆိုတဲ့ ဒါနကောင်းမှုမှ စပြီးတော့ သီလကောင်းမှု ဘာဝနာကောင်းမှုဆိုတဲ့ ကောင်းမှုပွဲကြီး တစ်ပွဲကိုလည်းကောင်း။ ယုဒ္ဓဉ္စ-သူနိုင်ငါနိုင် အပြိုင်ကြ၍ ဆင်နွှဲရတဲ့ စစ်ပွဲကြီး တစ်ပွဲကိုလည်းကောင်း။ သမာနံ-တန်းတူညီမျှ တူလှ၏ဟူ၍။ အာဟု-ဂရိဝါလု သဲစုအတူ ပွင့်တော်မူသည့် ဆူဆူထွင့်ထား မြတ်ဘုရား တို့က လေးစားကြည်ဖြူ ဟောမိန့်တော်မူကြပါပေကုန်သတည်း။

သာဓု.... သာဓု.... သာဓု....

ဒီတော့ ဒီနေ့ ဒကာမကြီး ဒေါ်မြသန်းနဲ့ သမီးအလှူ့အမ မခင်ကြည်တို့ အမှူးပြုတဲ့ မိသားစုတို့သည်၊ ဒို့စစ်ပွဲကြီးတစ်ပွဲကို အောင်နိုင်တဲ့နေ့.....ပဲ၊ ဘုရားပစ္စေကာ အရိယာအပေါင်း သူတော် ကောင်းကြီးတွေ အောင်နိုင်သွားတဲ့ အတွင်းစစ်ပွဲကြီးတစ်ပွဲကို ဒို့ အောင်မြင်အောင် ဆင်နွှဲနိုင်တဲ့နေ့ပဲ၊ သိမ်းတာပဲ၊ လှူတယ် လှူတယ်ဆိုတာ ကိုယ့်နောက်မပါမည့်ပစ္စည်းတွေကို ကိုယ့်နောက် ပါမည့်နေရာ ရောက်အောင် ရွှေ့ပေးတာပဲ၊ အခုရှိနေတဲ့ ဒကာမကြီး ဒေါ်မြသန်းတို့ ရှိနေတဲ့ပစ္စည်းတွေအကုန်လုံး ထားခဲ့ရမည့်ပစ္စည်းတွေပဲ၊ အခု မိုးကုတ် ကျပ်ပြင် ပန်းမရပ်မှာရှိနေတဲ့ အိမ်ရာခြံမြေ ဥယျာဉ်တိုက်တာ ရွှေငွေရှိသမျှပစ္စည်း သက်ရှိသက်မဲ့ဟာ နောက်ဆုံးထားခဲ့ရမည့် ပစ္စည်းချည်းပဲ၊

အခု ဒီမှာ ဒီနေ့ သံဃာတစ်ထောင်ကျော်ကို မနက်ဆွမ်း နေ့ဆွမ်း ဆက်ကပ်လှူဒါန်း သင်္ကန်းငါးစုံ ဆက်ကပ်၊ ငွေပင် တစ်ထောင် ကပ်နဲ့ လှူလိုက်တဲ့ ကောင်းမှုပစ္စည်းတွေက ကိုယ်ယူသွားရမည့်ပစ္စည်း၊ ကိုယ့် နောက်ပါမည့်ပစ္စည်း၊ ခုန ကေသာဋကပုဏ္ဏားကြီး, သူ့ခန္ဓာကိုယ် စစ်မြေပြင်မှာ စစ်တိုက်လိုက်ရတာ သဒ္ဓါအားတွေ ထက်လာတဲ့အခါ လှူမယ်လှူမယ်နဲ့ ဖြစ်လာတယ်၊ ပုဏ္ဏားကြီးရဲ့ ခန္ဓာကိုယ် စစ်မြေပြင်ထဲမှာ လှူမယ်လှူမယ်ဆိုတဲ့ စေတနာတွေ, ယုံကြည်ချက် သဒ္ဓါတွေ, အလောဘကဦးစီးတဲ့ ကုသိုလ်တပ်တွေ တက်လာတယ်၊ အာ— တော်ကြာကျတော့တစ်ခါ အခုနပြောတဲ့ လောဘ နမြောတဲ့ မလှူချင်တဲ့ မစ္ဆရိယ၊ ကိုယ့်ပစ္စည်း တွယ်တာတဲ့လောဘ၊ ကိုယ်နဲ့ ကိုယ့်ခင်ပွန်းသည် ဇနီးသည်အပေါ် ဒုက္ခတွေရောက်မှာ စိုးရိမ်တဲ့ သောကတွေနဲ့ စစ်တိုက် လိုက်ရတာ၊ နောက်ဆုံးမှ သူက နိုင်အောင်တိုက်နိုင်တယ်၊ အဲဒီလိုပဲ

**"လောကလှူ့တွင်, အလှူပေးခြင်း, စစ်ထိုးခြင်းက, မယှဉ်းတူမျှ, ဟူကုန်စွတည်း"။ "အလောဘဟိတ် ကြောက်ထိတ်ကင်းစွာ, စွန့်ကြဲရာဉ်, သဒ္ဓါသူရဲ, ဗိုလ်ထုခွဲလျှက်, စစ်ကဲဝိရိယ, လုံးလအထူး, ရဲခေါင်ကြူးသား, ဗိုလ်မှူးရွှေဉာဏ်, ဆုတ်မလှန်ပဲ, စိတ်သန်နိုင်ကျန်း, စွဲယူမှန်းလော့".....။**

အဲဒီလို ဆင်နွှဲနိုင်ခြင်းကြောင့် အတွင်းစစ်ပွဲ အောင်မြင်အောင် ဆင်နွှဲသွားတော်မူကြတဲ့ ဘုရားပစ္စေကာ အရိယာအပေါင်း သူတော်ကောင်းကြီးတို့၊ ရအပ် ရောက်အပ် သိမြင်အပ်သော အောင်လံလွှင့်အပ်သော နိဗ္ဗာနဓာတ် တရားမြတ်ကြီးကို လျှင်မြန်ဆောစွာ ရကြရ, ရောက်ကြရ, မြင်ကြရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုကြကုန်ရာသတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

# " သပ္ပုရိသဒါနသုတ္တန် "
# သူတော်ကောင်းအလှူတရားတော်

၁၃၅၁–ခုနှစ်, ကဆုန်လဆန်း (၂)ရက်နေ့, ခရစ်နှစ် ၁၉၈၉–ခု မေလ (၆)ရက်, စနေနေ့မှာ အမရပူရမြို့ မဟာဂန္ဓာရုံ ကျောင်းတိုက်ရှိ ပရိယတ် ပဋိပတ် သာသနာ့တာဝန် ထမ်းဆောင်တော်မူကြသော ဘုရားသားတော် သံဃာတော် (၅၀၀) ကျော်တို့အား နေ့ဆွမ်းအဖြစ်ဖြင့် မွန်မြတ်သော ဆွမ်းခဲဖွယ် ဘောဇဉ်တို့ဖြင့်၎င်း၊ ငှက်ပျောသီးဆွမ်း, လှူ်ကိဆွမ်း အစရှိတဲ့ အချိုပွဲဆွမ်းများဖြင့်၎င်း၊ လာရောက်ပြီးတော့ စုပေါင်းအားနဲ့ လာရောက် ဆက်ကပ် လောင်းလှူသမှု ပြုကြတဲ့ ကုသိုလ်ကောင်းမှုရှင်များက၊ မန္တလေးမြို့ မန္တလေး တက္ကသိုလ် ပထဝီဝင်ဌာန ဆွမ်းအမ ပါမောက္ခဒေါ်ကြင်ဌွေး, ဆွမ်းအမ တွဲဖက်ပါမောက္ခဒေါ်ညွန့်ညွန့်ဝင်း ဦးဆောင်သော ပါမောက္ခနှစ်ယောက် ဦးဆောင်သော ကထိက ဒကာ, ဒကာမများ၊ လက်ထောက်ကထိက ဆွမ်းဒကာ, ဆွမ်းအမများ၊ နည်းပြ ဆွမ်းဒကာ, ဆွမ်းအမများနဲ့ ရုံးအမှုထမ်းသားများ, ရုံးအမှုထမ်းသူများဆိုတဲ့ ဆွမ်းဒကာ, ဆွမ်းအမ အပေါင်း သူတော်ကောင်းတွေ ဖြစ်ကြပါတယ်၊

အဲဒီလိုအားဖြင့် မန္တလေး မြို့ မန္တလေးတက္ကသိုလ် ပထဝီဝင်ဌာန ယခုပြောခဲ့တဲ့ ပါမောက္ခ ဒေါ်ကြင်ဌွေး, တွဲဖက်ပါမောက္ခ ဒေါ်ညွန့်ညွန့်ဝင်း အမှူးပြုတဲ့ ပထဝီဝင် ဒကာ, ဒကာမအပေါင်း သူတော်ကောင်းတွေက၊ အမျိုးကောင်းသား, အမျိုးကောင်းသမီး ဆွမ်းဒကာ, ဆွမ်းအမပေါင်း (၈၀) ကျော် တို့က၊ အထူးအားဖြင့် မိမိတို့ရဲ့ ယှူပြီးခဲ့တဲ့ ဧပြီလ လစာရိက္ခာ တိုးတက်ပြီးတော့ နိုင်ငံတော်အစိုးရက ထောက်ပံ့ကူညီချီးမြှင့်တဲ့ လစာ ရိက္ခာကို ဦးဦးဖျားဖျား, မိမိတို့ ထူးထူးခြားခြား ဦးဦးဖျားဖျား အလှူဆိုပြီးတော့၊ အဲဒီလို အလှူ

အနေအားဖြင့် အာရုံပြုပြီးတော့ ယနေ့ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် သံဃာ (၅၀၀)ကျော်တို့အား ငွေကျပ် တစ်သောင်းနီးပါး အကုန်အကျခံပြီးတော့ အခု မွန်မြတ်သော ဆွမ်း ခဲဖွယ်ဘောဇဉ်များဖြင့် သံဃိကဒါန လောင်းလှူသမှု ပြုကြပါတယ်။ အဲဒီလို လောင်းလှူနိုင်အောင်ဆိုပြီးတော့ စီမံကြ၊ ခန့်ခွဲကြ၊ ဝေဖန်ကြဆိုတဲ့ အလုပ်တွေလည်း လုပ်ကြပါတယ်၊ ပြီးတော့မှ ဖိတ်မန္တက ပြုထားတဲ့ ပရိသတ်အပေါင်း သူတော်ကောင်းတွေကို ကျွေးမွေး ညှိခံသမှု ပြုကြပါတယ်၊

ဒီတော့ ဒီနေ့ မန္တလေးတက္ကသိုလ် ပထဝီဝင်ဌာန ပါမောက္ခနှစ်ဦး ဦးဆောင်သော ဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းအပေါင်းတွေ ဒီနေ့ ပြုလုပ်လှူဒါန်းတဲ့ဒါနက၊ ကာလဒါနလို့ ခေါ်တယ်၊ ဘုရားအလောင်း သူတော်ကောင်းကြီးတွေ ပြုလေ့ပြုထရှိတဲ့ ဒါနကြီး ၅ မျိုး ထဲက ကာလဒါန၊ ပစ္စေကဗုဒ္ဓအလောင်း၊ အဂ္ဂ သာဝက မဟာသာဝက ရဟန္တာဝယောကျ်ား အလောင်း၊ ရဟန္တာမ အလောင်းတော်ကြီးတွေ ပြုလုပ်လေ့ အားထုတ်လေ့ရှိတဲ့ ဒါနကြီးငါးမျိုးထဲက၊ ကာလဒါနလို့ခေါ်တဲ့ အလှူထုပ်ကြီး၊ ဒီနေ့ ပြုကြရတယ်၊ ဒို့ ဒီနေ့ပြုတဲ့ဒါနသည် ဘုရားအလောင်း၊ ပစ္စေကဗုဒ္ဓအလောင်း၊ အဂ္ဂသာဝက မဟာသာဝကအလောင်း သူတော်ကောင်းကြီးတွေ ပြုလေ့ပြုထရှိတဲ့ ဒါန ငါးမျိုးထဲက ကာလဒါနခေါ်တဲ့ ဒါနကြီးကို ဒို့ အားထုတ် ရတဲ့နေ့ပဲ ....လို့၊ အထူးသဖြင့် ဒီဂေါတမဘုရားရှင် သာသနာတော်မှာ ရှေးဦးစွာ တရားထူးကို သိမြင် သွားတဲ့ အရှင်ကောဏ္ဍည မထေရ် အလောင်းကြီး ကြိုးပန်းအားထုတ် ပြုလုပ်ခဲ့တဲ့ဒါနကို ဒို့ ပြုလုပ်နိုင်တဲ့ နေ့ပဲ.....လို့၊ ရှေးဦးစွာ အဲဒီလို ဘုန်းကြီးတို့ ဆွမ်းဒကာ၊ ဆွမ်းအမ တွေကသိလိုက်ပါ၊

စွန့်ကြဲပေးကမ်း လှူဒါန်းမှုပြုရင်တော့ ဒါနလို့ချည်းပဲ ခေါ်တယ်၊ လှူရင်ဒါနပေါ့၊ ပေးရင်ဒါနပေါ့၊ စွန့်ရင်လည်းဒါနပေါ့၊ ပူဇော်တာလည်း ဒါနပေါ့၊ စွန့်ကြဲပေးကမ်း လှူဒါန်းပူဇော် ဝေငှမျှတ မြန်မာပရိယာယ် ဘယ်လောက်ပဲသုံးသုံး ပါဠိကတော့ ဒါန၊ ဒါန။ အဲဒီလိုဒါနက သူတော် ကောင်းကြီးတွေ ပြုလေ့ပြုထရှိတဲ့

ဒါနငါးမျိုးရှိတယ်....လို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက အင်္ဂုတ္တရနိကာယ် ပဉ္စကနိပါတ်မှာ ဟောသွားတယ်။

## ပဉ္စမာနိ ဘိက္ခဝေ သပ္ပုရိသ ဒါနာနိ။

ဘိက္ခဝေ–မင်္ဂလိုလ်နိဗ္ဗာန်လိုလား အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့၊ သပ္ပုရိသဒါနာနိ–သူတော်ကောင်းကြီးများ ပြုလေ့ပြုထရှိတဲ့ ဒါနတို့သည်။ သပ္ပုရိသဒါနာနိ–ဘုရားအလောင်းကြီးများ ပြုလေ့ ပြုထရှိတဲ့, ပစ္စေကဗုဒ္ဓါ အလောင်းကြီးများ ပြုလေ့ပြုထရှိတဲ့, အဂ္ဂသာဝက မဟာသာဝက ရဟန္တာ ယောက်ျား ရဟန္တာမအလောင်းကြီးတွေ ပြုလေ့ပြုထရှိတဲ့, ကျောင်းဒကာ ကျောင်းအမအပေါင်း သူတော်ကောင်းကြီးတွေ ပြုလေ့ပြုထရှိတဲ့ ဒါနတို့သည်။ ဣမာနိပဉ္စ –ဤ ငါးမျိုးငါးစား အပိုင်းအခြားအားဖြင့် ငါးပါးတို့သာလျှင် ရှိကြလေကုန်၏။ လှူဒါန်း ပေးကမ်း စွန့်ကြဲတယ်ဆိုတာတော့ ဒါနလို့ခေါ်တာပဲ .....တဲ့၊ သို့သော် ပြုပုံအခြင်းအရာ ကွာသွားပြီးတော့၊ ပြုပုံအခြင်းအရာလိုက်ပြီးတော့ အကျိုးပေးတွေ ကွာသွားပြီးတော့ ဒါနငါးမျိုးဖြစ်ရတယ်။

### ဒါန (၅)မျိုး –

အဲဒီဒါနငါးမျိုးက ဘာတွေတုန်းလို့ဆိုတော့ **(၁) သဒ္ဓါယ ဒါနံ ဒေတိ။** ယုံကြည်မှုအပြည့်နဲ့လှူခြင်း၊ ယုံသောစိတ်, ကြည်သောစိတ် ကလေနဲ့လှူခြင်း။ **(၂) သက္ကစ္စံ ဒါနံ ဒေတိ။** အလှူဝတ္ထုပစ္စည်းနဲ့, အလှူခံပုဂ္ဂိုလ်ကို အရိုအသေပေးပြီးတော့လှူခြင်း။ **(၃) ကာလေန ဒါနံ ဒေတိ။** သင့်လျော်တဲ့ အချိန် အလှူခံပုဂ္ဂိုလ်အား လိုအပ်နေတဲ့ ပစ္စည်းကို လိုအပ်တဲ့အချိန်, သို့မဟုတ် မိမိရဲ့ ပစ္စည်းဦးဦးဖျားဖျား ပေါ်ဦးပေါ်စအချိန် ဖမ်းပြီးတော့လှူတဲ့ ကာလဒါန။ **(၄) အနုဂ္ဂဟိတ စိတ္တော ဒါနံ ဒေတိ။** ကပ်ညှိတွယ်တာသောစိတ် မရှိပဲ၊ (ဝါ) ပြန်ရ လိုသောစိတ် မရှိပဲ၊ (ဝါ) တွန့်တိုသွားတဲ့စိတ် မရှိပဲနဲ့ လှူတဲ့ဒါန။ **(၅) အနုပဟစ္စ ဒါနံ ဒေတိ။** သူတစ်ပါးကို မထိခိုက်စေပဲ, သူတစ်ပါးကို မနှိပ်စက်ပဲ, သူတစ်ပါးကို မညှင်းဆဲပဲ, သူတစ်ပါးကို နှိပ်စက်ကလူ

ညှင်းဆဲမှုကို ပြုခြင်းမပါပဲနဲ့ ပြုတဲ့ဒါန။ ဟော သူတော်ကောင်းကြီးတွေ ပြုလေ့ရှိတဲ့ ဒါန (၅) မျိုးတဲ့။

ဒီတော့ နံပါတ် **( ၁ ) က သဒ္ဓါယ ဒါနံ ဒေတိ။** ယုံကြည်ပြီးတော့ လှူတယ်, ယုံတဲ့စိတ်နဲ့လှူတယ်, ကြည်တဲ့ စိတ်နဲ့လည်းလှူတယ်, ယုံကြည်တဲ့ စိတ်နဲ့လှူတယ်၊ ဒါ သူတော်ကောင်းတွေ လှူတဲ့ဒါန၊ ယုံတဲ့ စိတ်, ကြည်တဲ့စိတ်, ယုံကြည်တဲ့စိတ်နဲ့ လှူတယ်ဆိုတော့၊ ပြောင်းပြန်က ဘာတုန်းဆိုတော့ မယုံတဲ့စိတ်နဲ့ လှူတယ်၊ မကြည်တဲ့စိတ်နဲ့လှူတယ်၊ ဒါကရှိသေးတာကိုး၊ ပေးရင် ကမ်းရင်တော့ ဒါနချည်းပဲ၊ ယုံလို့ပေးပေး၊ မယုံလို့ပေးပေး ဒါနပဲ၊ ပေးတယ်ဟော့ ဆိုရင် ဒါနပဲ၊ စွန့်တယ်ဟော့ဆို ဒါန၊ လှူတယ်ဟော့ဆိုရင် ဒါနပဲ၊ သို့သော် ရှေ့ပြေးလေးက မယုံသော စိတ်နဲ့လှူတယ်၊ မကြည်သော စိတ်နဲ့လှူတယ်၊ အဲလိုဆိုရင် အသဒ္ဓဒါန ဖြစ်သွားတယ်၊ ပြီးတော့ မယုံသောစိတ်, မကြည်သော စိတ်ဆိုတာ ဘာတုန်းဆို မကြည်ပါဘူးဆိုမှတော့ နောက်နေတာပေါ့၊ မယုံပါဘူး ဆိုမှတော့ နောက်နေတာပေါ့၊ ယုံတဲ့စိတ်က ကြည်တယ်၊ ကြည်လို့လည်း ယုံတယ်၊ ယုံလို့လည်း ကြည်တယ်၊၊ ဒါ ယုံကြည်တယ်၊

ဒီတော့ ဘာယုံတာတုန်းလို့ဆိုတော့၊ ဘုရားကို ယုံတယ်၊ တရားလို့ဆိုတဲ့ ဒါနနှင့်ဒါနအကျိုးကို ယုံတယ်၊ သံဃာတော်တွေရဲ့ဂုဏ်ကို ယုံတယ်၊ အဲဒါ ယုံတယ်ဆိုတာ ရတနာ သုံးပါးအပေါ် ယုံတာ၊ အထူးသဖြင့် မိမိတို့ပြုလုပ်တဲ့ ဒါနကောင်းမှုကြီးနဲ့ ဒါနကောင်းမှုက ဖြစ်ပေါ်လာမည့်အကျိုးကို ယုံတယ်၊ စွန့်ကြဲပေးကမ်း လှူဒါန်းမှုက ကောင်းတဲ့အလုပ် ဒီအလုပ်က၊ ဒါ ဘုရားပစ္စေကာ အရိယာသူတော် ကောင်းကြီးတွေ လုပ်တဲ့အလုပ်လို့ ယုံတယ်၊ ဘုရား ပစ္စေကာ သူတော်ကောင်းကြီးတွေ ဒီအလုပ်ကိုလုပ်ပြီးတော့ မဂ်ပေါက် ဖိုလ်ဝင် နိဗ္ဗာန်မြင်သွားကြတယ်လို့ ယုံတယ်၊ သံသရာစခန်း နိဗ္ဗာန်သွားရာ လမ်းကြီးမှာ ဒီလိုဒါနကောင်းမှုပါမှ ဖြစ်လေရာဘဝ အောက်မကျပဲနဲ့ အထက်တန်းက မျက်နှာပန်းလှလှ စည်းစိမ်ဥစ္စာနဲ့ ပြည့်စုံ, စားစရာ သောက်စရာပြည့်ပြည့်စုံစုံ၊ ဝတ်စရာ ဆင်စရာပြည့်ပြည့်စုံစုံ၊ နေစရာ ထိုင်စရာပြည့်ပြည့်စုံစုံ မဂ်ဖိုလ်နိဗ္ဗာန် စခန်း ဝင်နိုင်လိမ့်မယ်လို့ ယုံတယ်၊ အဲဒါ ယုံတယ်ဆိုတာ တရားကိုအဓိက ယုံလိုက်တာပါပဲ၊

ဒါနကောင်းမှုနဲ့ ဒါနကောင်းမှုကြောင့် ဖြစ်ပေါ်လာမယ့်အကျိုးတွေကို ယုံတယ်၊ အဲဒါ ယုံရင် ဘုရားယုံပြီးသားဖြစ်သွားတယ်၊ ဒီတရားက ဘုရားက ဟောထားတာဖြစ်တော့ တရားကိုယုံပါတယ်ဆိုမှတော့၊ သူ့ဝါဒယုံပါတယ်ဆိုရင် သူ့လမ်းစဉ်ယုံပါတယ်ဆိုရင်၊ သူ့ယုံပြီးသားပေါ့၊ ဒါ့ကြောင့် ဘုရားကို ယုံတယ်၊ တရားကိုယုံတယ်၊ သံဃာတွေကိုယုံတယ်၊ သံဃာတွေဟာ ဒီအလုပ်မျိုးကို အားထုတ်နေကြတယ်၊ ကိုယ်တိုင်လည်း အားထုတ်နေကြတယ်. သူတစ်ပါး ကိုလည်း ဟောပြောနေကြတယ်၊ သံဃာတော်တွေသည် ဒီအလုပ်မျိုးကို ကြိုးကုတ်အားထုတ်ပြီးတော့ နေကြတယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့တရား ပျောက်ကွယ်မသွားအောင်၊ ကိုယ်တိုင်လည်းကျင့်ပြီးတော့ သူတစ်ပါးကိုလည်း ကျင့်စေဘို့ရာ ဟောပြောဆုံးမ သာသနာတော်ကြီး ပျောက်မသွားအောင် ဆုံးမနေကြ တယ်လို့ ယုံတယ်၊

ဒို့ဘုရားကို ကိုးကွယ်နိုင်တာ သံဃာ့ကျေးဇူး၊ ဒို့ ဒီလိုလှူတတ် တန်းတတ်တာ သံဃာ့ကျေးဇူးလို့ယုံတယ်၊ ဘုရား တရား သံဃာ ရတနာ သုံးပါးမှာ ဘုရားရတနာ ပရိနိဗ္ဗာန်စံသွားလို့ ငြိမ်နေပြီ၊ တရား ရတနာတော် ဆိုတာလည်းပဲ ငြိမ်နေတဲ့ဓာတ်ကြီး၊ ဘီရိုထဲ, စာအုပ်ထဲ အောင်းနေတာ၊ သံဃာ့ရတနာကသာ ဒကာ–ဒကာမတွေနဲ့ ပေါင်းကူး မပေးဘူးလို့ဆိုရင် ဒကာ–ဒကာမတွေ ဘုရားရတနာလည်း သိခွင့်မရှိဘူး၊ တရားရတနာလည်း သိခွင့်မရှိဘူး၊ ရတနာသုံးပါးမှာ ဒီနေ့ သံဃာ့ ရတနာက လှုပ်ရှားပေးနေတာ၊ သံဃာ့ရတနာက ပေါင်းကူးပေးနေတာ၊ သံဃာ့ရတနာကျေးဇူးကြောင့် ဘုရား အကြောင်း ဒကာ–ဒကာမတွေ သိကြတယ်၊ သံဃာ့ရတနာတော် ဆရာတော် တွေက ဟောကြတယ်၊ စာအုပ်တွေထဲ ရေးထားခဲ့ကြတယ်၊ တစ်ဆင့် လက်ဆင့်ကမ်း အဆုံးအမ ပေးတဲ့အနေနဲ့ ပြောကြတယ်၊ ဒကာ–ဒကာမတွေ သိချင်ပါတယ်ဆိုတဲ့ အခါ သူတို့က လိုက်ပြီးတော့ ပြောပေးတယ်၊ ဟောပေးတယ်၊ ရေးပေးတယ်၊ ဆုံးမပေးတယ်၊ ဒါ ဘုရားရတနာတော်အကြောင်း ဒကာ–ဒကာမတွေသိအောင် သံဃာက ကျေးဇူးပြုနေတာ၊

တရားရတနာတော်အကြောင်း လူ့ရွာနတ်ထံ ချမ်းသာစံပြီးတော့ နိဗ္ဗာန်ဝင်သွားဖို့ရာအထိ ဓမ္မလမ်းစဉ်ကြီးတွေ ဘုရားက ချပေးခဲ့တယ်၊ သို့သော် သံဃာတွေကသာ မပြောရင် စာအုပ်ထဲမှာ ဝပ်နေတယ်၊ ဗီရိုကြီးတွေထဲ ဝပ်နေတယ်၊ အဲ အခု ဒကာ-ဒကာမတွေ နားပေါက်ရောက်အောင်၊ ဒကာ-ဒကာမတွေရဲ့ မျက်လုံးပေါက်ရောက်အောင်၊ ဒကာ-ဒကာမတွေ လက်ထဲရောက်လာအောင်၊ လက်ထဲရောက်လာအောင်ဆိုတာ အခု လှူတယ်, လောင်းတယ်, လက်ကလှူမှာ လောင်းမှာကိုး၊ လက်အုပ် ချီတယ်, ဒူးလေး ဘုပ်တယ် အရိုအသေပေးတယ် အဲသလို နူတုပ်တတ်အောင်၊ လက်အုပ်ချီတတ်အောင် သံဃာရဟန်းနဲ့တွေ့ရင်, ရတနာသုံးပါးနဲ့ တွေ့ရင် ဒူးတုပ်, လက်အုပ်ချီမှုတွေသည် သက္ကစ္စဂါရဝ ကုသိုလ်ကြီး၊ အဲဒီကုသိုလ်ကြီးကြောင့် ဖြစ်လေရာဘဝမှာ အမျိုးမြတ်တယ်၊ မျိုးကြီး ဆွေကြီးတွေထဲဖြစ်တယ်၊ မင်းမျိုးစိုးမျိုးဖြစ်တယ်၊ သူဌေးမျိုး သူကြွယ်မျိုး ဖြစ်တယ်၊

အဲဒီလက်အုပ်ချီ ရှိခိုးမှု ကောင်းမှုနဲ့၊ အဲဒီကောင်းမှုကြောင့်ရမယ့် အရိုအသေပေးလိုက်ခြင်းကြောင့်ဖြစ်မယ့် ကောင်းမှုအကျိုးတွေ, ဘုရားဟောထားခဲ့တာတွေ, ပျောက်မသွားအောင်, ရှေးသူတော်ကောင်းကြီးတွေ လက်အုပ်ချီသလို ဒကာ-ဒကာမတွေ လက်အုပ်ချီတတ်အောင်၊ ရှေးသူတော်ကောင်းကြီးတွေ လှူတဲ့တန်းတဲ့ အမှုပြုသလို ဒကာ-ဒကာမတွေ ပြုတတ်အောင်၊ အကျင့်ကောင်းကြီးတွေ အကောင်းကျင့် ကြီးတွေ၊ ဒကာ-ဒကာမတွေ မဂ်ဖိုလ်နိဗ္ဗာန် စခန်း သွားရာလမ်းကြီးမှာ မျက်နှာပန်းလှလှအထက်တန်းကျကျ သွားကြောင်းဖြစ်တဲ့ အလုပ်ကောင်း, အကျင့်ကောင်းကြီးတွေ ဒကာ-ဒကာမတွေရဲ့ ခန္ဓာကိုယ်ထဲ ရောက်လာအောင် သံဃာက ထည့်ပေးတာ၊ သံဃာက တည်ထောင်ပေးတာ၊ သံဃာကပေါင်းကူးပေးတာ၊ အဲဒါ သံဃာ့ကျေးဇူး၊ အဲဒီသံဃာ့ ကျေးဇူးတွေကို ယုံတယ်၊ သံဃာတော်တွေက ဒို့ထက်ကောင်းတဲ့ အကျင့်တွေ ကျင့်နေတာပဲ၊ ဒို့မကျင့်နိုင်တဲ့ အကျင့်တွေ ကျင့်နေတာပဲလို့ အနည်းဆုံး အကျဉ်းချုပ်ပြီးတော့ ဒီလောက်တော့ယုံတယ်၊ ဒါ သံဃာကိုယုံတာ၊

အဲဒီလို ယုံပြီးမှလှူတော့ စိတ်ကလေးက ကြည်လို့, ရှင်းလို့, ဝင်းလို့, လင်းလို့၊ လှူတဲ့ဒါနရဲ့ ရှေ့ပြေးစိတ်ကလေးက ကြည်လင်တဲ့ စိတ်ကလေးနဲ့ လှူတာ၊ အဲဒါ သဒ္ဓါဒါနလို့ခေါ်တယ်၊ သူ့ပြောင်းပြန်ပြန်လိုက်ရင် လှူတော့ လှူတယ် နောက်နေတဲ့စိတ်နဲ့ လှူတာရှိသေးတယ်၊ ဘယ်လိုနောက်နေတာတုန်း ဆိုတော့ ကြောက်လို့လှူတာရှိသေး–ဘယဒါန လို့ခေါ်တယ် ပါဠိလို၊ ကြောက်လို့ လှူတာ၊ ဘာကြောက်တာတုန်း၊ ကဲ့ရဲ့မှာကြောက်တာ၊ လှူဖော်တန်းဖော်တောင် မရဘူး၊ ပစ္စည်းတွေရှိရဲ့ သားနဲ့ လှူဖော်တန်းဖော်တောင်မရ, ဆွမ်းလေး တဇွန်းတောင် လောင်းဖော်မရဘူးလို့ အိမ်နီးချင်း ကဲ့ရဲ့မှာကြောက်လို့ ဆွမ်းလောင်းတယ်၊ အိမ်နီးချင်းကဲ့ရဲ့မှာ ကြောက်လို့ လှူတယ်၊ ဒါကြောက်လှူ၊

ဒီတော့ ကြောက်တယ်ဆို ကတည်းကိုက ကြောက်တဲ့တရားက ဒေါသတရား၊ အကုသိုလ်တရား, အမဲတရား, အနောက်တရား, အညစ်တရား လှူတော့ လှူတဲ့အမှုက ပြုပါတယ် သူကလှူတာတော့အကောင်းသား၊ သို့သော် ရှေ့က လွှမ်းနေတဲ့တရားကြီးက အနောက်တရားကြီး, အမဲ တရားကြီး, အညစ်တရားကြီးဖြစ်နေတော့၊ အမဲဦးစီးတဲ့အလှူ, အနောက် ဦးစီးတဲ့အလှူ, အညစ်ဦးစီးတဲ့အလှူ၊ ဒီတော့ ကြောက်လို့လှူတာ၊

တစ်ခါ ချီးမွမ်း ခံချင်လို့လှူတယ်၊ ဒါရှိသေးတယ်၊ အမလေး .... လှူဖော်ရလိုက်တာ သိပ်တော်တာပဲလို့ အရပ်ထဲက ချီးမွမ်းတာကို ခံချင်လို့ လှူတယ်၊ သူက မင်္ဂလိုလ်နိဗ္ဗာန်လည်းမမှန်းဘူး၊ ဒါကောင်းတဲ့ အလုပ် သူတော်ကောင်းကြီးတွေ လုပ်တဲ့အလုပ်တွေ ဘာတွေ နားမလည်ဘူး၊ သူက ဘေးက ချီးမွမ်းတာခံချင်တာနဲ့ မဏ္ဍပ်ကြီးထိုးပြီးတော့လှူ၊ အဲဒီတော့ ချီးမွမ်း ခံချင်တယ်ဆိုတော့ လောဘ၊ လောဘဆိုတာ အကုသိုလ်တရားကြီး, အညစ် တရားကြီး, အပေတရားကြီး, အမဲတရားကြီး၊ ဒီတော့ ဒါ ယုံကြည်လို့လှူတဲ့ အလှူမဟုတ်ဘူး၊ သူ့ဟာက လှူမှုရဲ့ ရှေ့ပြေးက နောက်နေတယ်, မဲနေတယ်, ညစ်နေတယ်, ပေနေတယ်၊

ဒီတော့ သဒ္ဓါဒါနက ဒီလိုမဟုတ်ဘူး၊ သူများ မချီးမွမ်းချင်နေ, ချီးမွမ်းချင်နေ၊ သူများ မကဲ့ရဲ့ချင်နေ, ကဲ့ရဲ့ချင်နေ၊ ဒါ ငါလုပ်ထိုက်တဲ့ အလုပ်,

သူတော်ကောင်းကြီးတွေ လုပ်သွားတဲ့အလုပ်၊ သူတော်ကောင်း ကြီးတွေ ဒီအလုပ်လုပ်ပြီးတော့ လူ့ရွာနတ်ထဲ ချမ်းသာစံပြီးတော့ မဂ်ဖိုလ်နိဗ္ဗာန်စခန်း ပေါက်ရောက်သွားကြတယ်၊ ဒီတော့ ငါလုပ်ထိုက် တယ်၊ လုပ်ရမည့်အလုပ်ပဲလို့ ယုံကြည်ပြီးတော့ လုပ်တယ်၊ ဒါ ကြည်ပြီးတော့ လုပ်တဲ့သဒ္ဓါဒါန၊ ဒီတော့ အဲဒီလို သဒ္ဓါဒါနနဲ့ အခုနက အမဲ အမှောင် ဒါနနှစ်မျိုး အကျိုးပေးပြီဆိုတော့ ဘယ့်နှယ်ကွာသွားတုန်း ဆိုတော့....

**သဒ္ဓါယ ခေါပန ဘိက္ခဝေ ဒါနံ ဒတွာ ယတ္ထ ယတ္ထ တဿ ဒါနဿ ဝိပါကော နိဗ္ဗတ္တတိ။**

အဲဒီလို ကြည်လင်တဲ့စိတ်နဲ့လှူခြင်းကြောင့် ဖြစ်လေရာဘဝမှာ **အဍ္ဎော ဟောတိ မဟဒ္ဓနော မဟာဘောဂေါ။** အဍ္ဎော-ကြွယ်ဝပေါများသည်။ မဟာဘောဂေါ-တွင်းပသုံးဆောင် များမြောင်သောစည်းစိမ်နဲ့ ပြည့်စုံသည်။ မဟဒ္ဓနော-မြေဝယ်မြုပ်ထား များသောဥစ္စာရှိသည်။ မဟာဘောဂေါ-တွင်းပ သုံးဆောင် များမြောင်သော စည်းစိမ်ဥစ္စာနဲ့ ပြည့်စုံသည်။ ဟောတိ-ဖြစ်၏။ လှူဒါန်းပေးကမ်း စွန့်ကြဲမှုကိုပြုတဲ့အတွက် ရောက်လေရာဘဝမှာ ကြွယ်ဝတယ်၊ မြေထဲမြေပြင် စည်းစိမ်နဲ့ ပြည့်စုံတယ်၊ နေ့စဉ်သုံးဆောင်တဲ့ အသုံးအဆောင်တွေနဲ့ ပြည့်စုံတယ်၊ ဝတ်စရာ စားရစရာပြည့်စုံတယ်၊ စားစရာသောက်စရာပြည့်စုံတယ်၊ နေစရာ ထိုင်စရာပြည့်စုံတယ်၊ စီးစရာ ထီးဖိနပ် မော်တော်ကားက စပြီးတော့ ပြည့်စုံတယ်၊ ဒါ ဒါနရဲ့အကျိုးရင်း သူက၊ ပြီးတော့မှ သဒ္ဓါဒါန ကြည်လင်တဲ့ စိတ်ကလေးနဲ့ လှူတဲ့အတွက် ဘာဖြစ်တုန်း—

**အဘိရူပေါ စ ဟောတိ ဒဿနီယော ပါသာဒိကော ပရမာယ ဝဏ္ဏပေါက္ခရတာယ သမန္နာဂတော။**

အဘိရူပေါ-လှန်ကဲသောအဆင်းရှိသည်။ (ဝါ) အလှန်အဆင်း လှသည်။ ဒဿနီယော-ကြည့်တဲ့သူတွေက တစ်ခါကြည့်ပြီးရင် သူ့ကို ထပ်တလဲလဲ ကြည့်ချင်လောက်အောင် ဆွဲဆောင်နိုင်စွမ်းရှိသည်။ ပရမာယ ဝဏ္ဏပေါက္ခရတာယ သမန္နာဂတော-အရွယ်, အရပ်, အလုံး, ကိုယ်နေ, ကိုယ်ဟန်,

လက်ခြေသဏ္ဍာန်ကစပြီးတော့ ကောင်းခြင်း ငါးဖြာနဲ့ပြည့်စုံသည်။ ဟောတိ-ဖြစ်၏။

ဖြစ်လေရာဘဝမှာ သဒ္ဓါဒါနနဲ့ ကြည်လင်တဲ့စိတ်, ယုံကြည်တဲ့ စိတ်နဲ့ လှူလာတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးက ဖြစ်လေရာဘဝ အကျိုးပေးတော့ ပဉ္စည်းဥစ္စာ ပေါတဲ့အပြင်တဲ့ သူဌေးသား, သူဌေးသမီး သွားဖြစ်တဲ့အပြင် ဘာပြုတုန်းဆိုတော့ ရုပ်ချောတယ်။ ဒဿနီယောတဲ့–သူ့ကို ကြည့်ရတာ ကြည့်လို့ကိုး မဝဘူး၊ သူ့မျက်နှာ ကြည့်ရတာ တစ်နေ့လုံး ကြည့်နေရလည်း ပီတိဖြစ်လို့ပဲ ကြည့်ရတဲ့သူ အဲဒီလောက်ဆွဲဆောင်နိုင်တဲ့ ရုပ်ရည်ရှိတယ်။

**ပရမာယ ဝဏ္ဏ ပေါက္ခရတာယ သမန္နာဂတော** ....တဲ့၊ အရွယ်, အရပ်, အလုံး, အဖန်နဲ့ပြည့်စုံတယ်၊ လက်ဆန့်, ခြေဆန့်, ဆံပင်, သွား, မျက်လုံး, နှုတ်ခမ်းအစရှိတဲ့ ကောင်းခြင်းငါးဖြာနဲ့ ပြည့်စုံတယ်၊ လှတယ်ဆိုတာ တစ်ချို့က လှတော့လှပါရဲ့ ပုညက်ညက်ကလေး အရပ်က ဖြစ်နေ၊ သေးသေးကလေးဖြစ်နေ၊ ဒါ အလုံးအဖန်မရှိတာ၊ တချို့က လှတော့လှပါရဲ့ ခန္ဓာကိုယ်ကသာလှတာ မျက်နှာကမလှဘူး၊ တချို့က မျက်နှာကတော့လှပါရဲ့ ခန္ဓာကိုယ်က အဆင်မပြေဘူး၊ လှတော့ လှပါရဲ့ လက်ကတိုနေ.ခါးကတိုနေ. ခြေကတိုနေနဲ့ ဒီလို၊ လှတော့ လှတယ် ပြည့်စုံအောင် လှတဲ့အလှမဟုတ်ဘူး၊

အဲဒီလိုမဟုတ်ဘူးတဲ့ ခုနကလို ကြည်လင်ပြီးတော့ သဒ္ဓါနဲ့လှူတဲ့ သူက အလုံး, အရပ်နဲ့လည်း ပြည့်စုံတယ်၊ အရပ်အမောင်းလည်း ကောင်းကောင်း ပေမိကိုက်မိ တောင့်တောင့်တင်းတင်း ပြည့်ပြည့်ဖြိုးဖြိုး၊ လက်ဆံ ခြေဆံ ကောင်းကောင်း၊၊ သွားလှလှ, မျက်နှာလှလှ, အကုန်လုံး လက်ဖဝါး ခြေဖဝါးတွေလည်း နီရဲလို့, လက်သည်းခြေသည်း တွန့်တာ ချိတ်တာ, ပုပ်တာ မဲတာ မပါဘူး၊ အဲဒီလိုလှတာကို ပရမာယ ဝဏ္ဏ ပေါက္ခရ တာယ သမန္နာဂတော–ကောင်းခြင်းငါးဖြာနဲ့ ပြည့်စုံတယ်၊ ပဉ္စည်း ဥစ္စာ ပေါတဲ့အပြင်၊ ရုပ်ရည်ချောမောလှပတယ်၊ အကျဉ်းချုပ် ကတော့ ဒါပါပဲ၊ သဒ္ဓါဒါနအကျိုး၊

အဲ ပြောင်းပြန်ပြန်လိုက်ရင် အသဒ္ဓဒါနအကျိုး ပစ္စည်းဥစ္စာတော့ ပေါတယ်၊ သူဌေးသား, သူဌေးသမီးတော့ဖြစ်တယ်၊ ရုပ်အဆင်းဥပဓိက ဆိုးတယ်၊ သူ့တစ်ခါကြည့်ပြီးရင် နောက်ထပ် ပြန်မကြည့်ချင်ဘူး၊ အဲဒီလောက် အရုပ်ဆိုးတယ်၊ ခန္ဓာကိုယ် ပုံပန်း မကျဘူး၊ အဲဒီလိုအားဖြင့် အရုပ်ဆိုးတယ်ပေါ့၊ ဒါ အသဒ္ဓဒါနရဲ့အကျိုး၊ ဒီတော့ သူတော်ကောင်းကြီးများက သဒ္ဓါဒါနကို ပြုလေ့ရှိတယ်၊ သဒ္ဓါ ဒါနခေါ်တဲ့ ယုံကြည်မှုနဲ့ပြုတယ်၊

ဒီနေ့ ဘုန်းကြီးတို့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေက သဒ္ဓါဒါန ဖြစ်စေရမယ်။ နဂိုတုန်းက အမှတ်တမဲ့နဲ့ နမော်နမဲ့ လာတာ ဖြစ်ချင်ဖြစ်မယ်၊ အခု ပြင်လိုက်၊ မကောင်းအစဉ် ပြင်ခဏဆိုတာ စိတ်အပေါ်မှာ မူတည်ပြီးတော့ပြောတာ ပိုမှန်တယ်၊ ရုပ်နဲ့နာမ်, ရုပ်နဲ့စိတ်ကို ပြင်တဲ့နေရာမှာ စိတ်က အပျက်လည်းလွယ်တယ်၊ အပြင်လည်းလွယ်တယ်၊ ရုပ်က အပျက်လည်း နှေးတယ်၊ အပြင်လည်း နှေးတယ်၊ ရုပ်ပျက်သွားတာ ရုပ်ပိန်သွားတာကို ဝအောင် နေချင်းညချင်း လုပ်လို့မရဘူး၊ တဖြေးဖြေးနဲ့ အစာတွေ စားမှ ဝပြီး ပြည့်ဖြိုးလာတယ်၊ ပိန်သွားတုန်းကလည်း တစ်နေ့တည်းနဲ့ ဟောက်ကနဲ ပိန်သွားတာ မဟုတ်ဘူး တဖြေးဖြေးပိန်တာ၊ ဒီတော့ ရုပ်က အပျက်လည်း နှေးတယ်၊ အပြင်လည်းနှေးတယ်၊

အဲ စိတ်က ဒီလိုမဟုတ်ဘူး မကောင်းအစဉ် ပြင်ခဏဆိုတာ စိတ်ပေါ်မှာ ပြောရင် ပိုမှန်တယ်၊ အခု ကိုယ်ကမသိသေးလို့ သဒ္ဓါတရားနဲ့ ကြည်တဲ့စိတ်, ယုံတဲ့စိတ်နဲ့မဟုတ်ခဲ့ပဲနဲ့ နမူးနထူးနဲ့ပါလာတာ ဖြစ်သည့်တိုင်အောင်၊ အခု ပြောလိုက် ဟောလိုက်တဲ့ တရားသံကို ကြားသည်နှင့် တစ်ပြိုင်နက် ယုံကြည်တဲ့စိတ်နဲ့ ပြောင်းပြစ်လိုက် ချက်ချင်း၊ အကျိုးထူး သွားမယ်၊ နမူးနထူးနဲ့လှူရင် နမူးနထူးကျိုးလာလိမ့်မယ်၊ ကုသိုလ်နဲ့ အကျိုးပေးဆိုတာ မျိုးစေ့နဲ့အပင်လိုပဲ မျိုးစေ့ကချိုရင် အပင်ကအချိုသီး မယ်၊ မျိုးစေ့ကခါးရင် အပင်ကအခါးသီး သီးလိမ့်မယ်၊

ဒါ့ကြောင့် **သဒ္ဓါယ ဒါနံ ဒေတိ။** ယုံကြည်သောစိတ်နဲ့လှူခြင်း၊ ပေဟာ သူတော်ကောင်းများက အဲဒီသဒ္ဓါဒါနဖြစ်အောင် ကြိုးစားကြတယ် ….တဲ့

ဒါ့ကြောင့်—

❖ **သပ္ပုရိသ. မြတ်ဒါန. မှတ်ကြပါလေ. ငါးမျိုးပေ။**
**သဒ္ဓါဒါန. ရုပ်ဆင်းလှ. တွင်းပကျက်သရေ. လက်လက်ဝေ။**

ဘုန်းကြီးတို့ မစိုးရိမ်တိုက်က ပုံတော်မူသွားတဲ့ ပဌာန်းဆရာတော်ကြီးက သပ္ပုရိသဒါနငါးမျိုးကို ဒကာ–ဒကာမတွေ လွယ်လွယ် သိအောင်ဆိုပြီးတော့ လင်္ကာလေးတွေနဲ့ လုပ်သွားတာ၊

နံပါတ်(၂) သက္ကစ္စဒါနဆိုတာ ဘယ်လို ဒါနတုန်းဆိုတော့ ရိုရိုသေသေ လှူတာ၊ ဘာရိုသေတာတုန်း အလှူပစ္စည်းကို ရိုသေ၊ အလှူခံပုဂ္ဂိုလ်ကို ရိုသေ၊ အလှူခံပုဂ္ဂိုလ်ကို ကိုရင်လေး ဖြစ်ပေမယ်လို့ အမှတ်တမဲ့ မရိုမသေ မလေးမစား မလုပ်ဘူး၊ ရော့ အင့် ဆိုပြီးတော့ ပြစ်မပေးဘူး၊ ရော့ကိုရင်ဆိုပြီးတော့ လက်တစ်ဖက်နဲ့ ကမ်းပြီးတော့ တကထည်း ဒီလိုမဟုတ်ဘူး၊ အော် သူက အလှူခံ ငါက မဂ်ဖိုလ်နိဗ္ဗာန်အတွက်နဲ့ သူ့ကို အလှူခံအဖြစ်နဲ့ထားပြီးတော့ ငါက မဂ်ဖိုလ်နိဗ္ဗာန်အတွက် ပစ္စည်းရှာတာ၊ အလှူခံဖြစ်တဲ့ ဒီကိုရင်လေးသည် ငါ့ထက် သီလသမာဓိ ကျင့်နေတဲ့အကျင့်သာတယ်၊ သူ့ဝတ် ထားတဲ့အဝတ်က ဘုရားအဝတ်ဝတ်ထားတယ်၊ ဒီလိုအာရုံပြုပြီးတော့ ကိုရင်လေးပင်ဖြစ်လင့်ကစား လေးလေးစားစား၊ တရိုတသေ၊ ဟို ထိုင်ပြီးတော့ ကုန်းပြီး ရှိုးနေရမယ်ဆိုလိုတာ မဟုတ်ပါဘူး၊ အရိုအသေ ပေးပြီးတော့ လှူ တချို့ဆရာတော်ကြီးတွေ ကိုရင်လေးတွေ သက်နှ်း စွန့်တာတောင်မှ ကိုရင် ကဲလာပါအုန်း ထိုင်ပါအုန်း၊ နေရာထိုင်လေးနဲ့ ထိုင်ပါအုန်းဆိုပြီး တော့ ဆရာတော်ကြီးက လက်ကတော့ များထိုး သင်္ကန်းလေး လက်နှစ်ဖက်နဲ့ကိုင်ပြီးတော့ ကိုင်း အလှူခံပါအုန်း ဒီလိုလှူတာ၊ ဒါ သက္ကစ္စဒါနခေါ်တယ်၊ အလှူခံကို အလေးဂရုပြုလှူတာ၊

အလှူဝတ္ထုပစ္စည်းကို အလေးဂရုပြုလှူခြင်း၊ အလှူပစ္စည်းဆိုတာ ကိုယ့်ဆွမ်းလေး တဇွန်းလောင်းတာပင် ဖြစ်လင့်ကစား၊ ဆွမ်းဇလုံကို ညစ်တီး ညစ်ပေ ဖြစ်ကရ ဇလုံနဲ့ကောက်ပြီးတော့ ခူးပြီးမလောင်းဘူး၊ သန့်သန့်ရှင်းရှင်းရှိတဲ့ ပန်းကန်ခွက်ယောက်ကလေး သန့်သန့်ရှင်းရှင်း ဆေးကြော ပွတ်တိုက်ပြီးတော့၊

သန့်သန့်ရှင်းရှင်းနဲ့ လောင်းတယ်၊ သန့်သန့်ရှင်းရှင်းနဲ့ ဘုရားကို ဆွမ်းတော် ကပ်တယ်၊ သန့်သန့်ရှင်းရှင်း ပန်းကန်လေးတွေနဲ့ ဘုရားကို ဆွမ်းတော်တင်တယ်၊ ပန်းတော်ကပ်တယ်၊ ရေချမ်းတော်ကပ်တယ်၊ ညစ်တီးညစ်ပေ ရှုပ်တီးရှုပ်ပွ ဒီလိုမလုပ်ရဘူး၊ ဒါ သက္ကစ္စဒါန၊ ဒီတော့ အဲဒီလို အလှူဝတ္ထုပစ္စည်းကိုရင်း၊ အလှူခံကို ၎င်း ရိုရိုသေသေ လှူဒါန်းခြင်းကြောင့် ဘာဖြစ်တုန်း၊ ဖြစ်လေရာဘဝ ဘာဖြစ်တတ်တုန်းလို့ဆိုတော့......

## ❖ သက္ကစ္စမှာ. ခြွေရံကာ. ဩဇာကျက်သရေ.လက်လက်ဝေ....တဲ့။

လှူတယ်ဆိုတဲ့ အလှူဒါနကြောင့် ဖြစ်လေရာဘဝမှာ ပစ္စည်းကတော့ ပေါတာပေါ့၊ ယုံလို့လှူလှူ မယုံလို့လှူလှူ လှူတယ်ဟေ့ဆိုရင် ဖြစ်လေရာဘဝ ပစ္စည်းကတော့ပေါမယ်၊ ပစ္စည်းပေါတဲ့ အမေ အဖေတွေဝမ်းခေါင်း ရောက်မယ်၊ ပစ္စည်းပေါတဲ့ အမေ အဖေတွေနဲ့ သွားတွေ့မယ်၊ ဆွေသားမျိုးသားအလယ် ရောက်မယ်၊ ဒါ သေချာပေါက်ပဲ ဒါ ဒါနရဲ့အကျိုးက၊ သို့သော် .... ရိုရိုသေသေ လုပ်ပြီးတော့ လှူလာတဲ့အတွက် ဖြစ်လေရာဘဝမှာ ဘာဖြစ်တုန်းဆိုတော့— **သက္ကစ္စမှာ ခြွေရံကာ ....**တဲ့၊ အခြွေရံပေါတယ်၊ သားသမီးအခြွေရံတွေပေါ၊ မြေးမြစ်အခြွေရံတွေ. တူ. တူမအခြွေရံတွေ. လုပ်သူကိုင်သား အခြွေရံ. တပည့်တပန်း အခြွေရံပေါတယ်၊

အခြွေရံပေါရုံတင်မကသေးဘူးတဲ့ ဩဇာညောင်းတယ်၊ ဩဇာ ညောင်းတယ်ဆိုတာ သူ့စကား သူပြောလိုက်ရင် နားထောင်တယ်၊ သူမို့လို့ တစ်လုံးမပြောလိုက်နဲ့ အကုန်လုံး ညိမ်သွားတယ်. နားစိုက်တယ်. နားထောင်တယ်. လိုက်နာတယ်. လိုက်နာတဲ့သားသမီးတွေနဲ့ တွေ့တယ်၊ စကားကိုနားထောင်တဲ့ သားသမီးတွေကိုရတယ်၊ စကားကိုနားထောင်တဲ့ မြေး မြစ်တွေနဲ့ တွေ့တယ်၊ စကားကိုနားထောင်တဲ့ တူ တူမတွေနဲ့ တွေ့တယ်၊ စကားကို လေးစားလိုက်နာကြတဲ့ တပည့်တပန်းတွေနဲ့ ကြုံတယ်၊ အခြွေရံ ပေါရုံတင် မကဘူး ဩဇာညောင်းတယ်၊

အဲ ပြောင်းပြန်ပြန်လိုက် အသက္ကစ္စ ဒါနကျတော့ပစ္စည်းတော့ ပေါပါရဲ့ အခြွေရံမရှိဘူး၊ သားသမီးအခြွေရံ မရှိ၊ တကောင်ကြွက် တမျက်နှာ ဆေးပေးမီးယူ လေးတောင် လုပ်မည့်ကိုင်မည့်သူမရှိ၊ ပစ္စည်းတွေကတော့ ပေါပါတယ်၊ ထမင်းကိုယ်တိုင် ချက်ရ, ရေ ကိုယ်တိုင် ခတ်ရ, မီး ကိုင်တိုင်မွှေးရ, နောက်ဆုံး ဆေးပေး မီးယူလေးတောင်မှ မကျန်းမာလို့တောင်မှ ဆေးပေးမီးယူ လုပ်ပေးမည့် သူမရှိ၊ အဲဒါ အသက္ကစ္စဒါနရဲ့အကျိုးပဲ၊ မရိုမသေလုပ်လာခဲ့တဲ့ အလှူရဲ့အကျိုး၊ ဒါ့ကြောင့် "သက္ကစ္စမှာ ခြွေရံကာ ဩဇာကျက်သရေ လက်လက်ဝေ"၊ ဩဇာတိက္ကမရှိတယ်....တဲ့။

(၃) **ကာလဒါန၊** ဟော ယနေ့ ဒကာ–ဒကာမတွေ အားထုတ်တဲ့ဒါနက ကာလဒါန၊ ကာလဒါနဆိုတာ ဘာတုန်းဆိုတော့–

✣ **"ကာလဒါန, လိုတိုင်းရ, ပြည့်ဝစုံပေ, တင့်ဖြိုးဝေ"....တဲ့။**

ကာလဒါနဆိုတာ ဘယ်လိုဟာကို ကာလဒါနခေါ်တုန်းလို့ ဆိုတော့ လိုအပ်နေသောအချိန်မှာ လိုနေသောပုဂ္ဂိုလ်အား လိုနေတဲ့ ပစ္စည်းကို လှူခြင်း၊ ဒါလည်း ကာလဒါနပဲ၊ မိမိရဲ့ကောက်ခင်းက ဦးဦးဖျားဖျား, ပေါ်ဦးပေါ်စ ကောက်ပဲစပါးကို၊ သို့မဟုတ် မိမိရဲ့ ယာခင်း က ဦးဦးဖျားဖျားပေါ်လာတဲ့ ပဲ, ဂျုံ အစရှိသည်ကို၊ သို့မဟုတ် မိမိ စိုက်ပျိုးလိုက်တဲ့ သစ်ပင်၊ ပန်းပင်က ဦးဦးဖျားဖျားသီးတဲ့ သစ်သီး၊ ဦးဦးဖျားဖျားပွင့်တဲ့ ပန်းပွင့်၊ ဦးဦးဖျားဖျားထွက်လာတဲ့ အရွက်အညွန့်တို့ကို လှူခြင်း၊ သို့မဟုတ် မိမိရရှိထားတဲ့ လုပ်ငန်း ကိုင်ငန်းကိစ္စ တရပ်က ဦးဦးဖျားဖျားရလာတဲ့ လာဘ်လာဘကို လှူခြင်း၊ မိမိတို့ ရရှိထားတဲ့ လစာရိက္ခာက ဦးဦးဖျားဖျားဖြစ်တဲ့ လစာရိက္ခာကို အချိန်ကိုက် အချိန်မှီ လှူခြင်း....လို့၊ ဟော ကာလဒါနက ငါးမျိုးထပ်ကွဲ သွားတယ်၊

ကာလဒါနကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ငါးမျိုး ထပ်ဟော လိုက်တယ်– (၁) အာဂန္တုများကို လှူခြင်း၊ အာဂန္တုဧည့်သည်ဆိုတာ သူ့ ရောက်လာစဖြစ်နေတော့ ဆွမ်းတို့ဘာတို့ ဘယ်တိုင်ပင်ရမှန်း မသိဘူး၊ ဘယ်သွားရမှန်းမသိ၊ လမ်းမသိ၊ ဒါ ရဟန်းဧည့်သည် ရှင် ဧည့်သည်ဆိုရင်ပေါ့၊

လူဖြစ်လည်း လူမို့လို့ ညှော်သည်ဆိုတာ အိမ်ရှင် အကဲကြည့်ပြီးတော့နေရတာ သူကျွေးမှစားရတာ၊ ပေးပါအုန်း ကျွေးပါ အုန်း ပြောရဲတာမဟုတ်ဘူး၊ ဒါကြောင့် **အာဂန္တုကဿ ဒါနံ ဒေတိ** – ညှော်သည်အား ကျွေးမွေးလှူဒါန်းခြင်း၊ ဒါ ကာလဒါနပဲ။

**ဂိလာနဿ ဒါနံ ဒေတိ** – မမာမကျန်းဖြစ်တဲ့ ဂိလာနကိုလှူခြင်း၊ မမာမကျန်းတဲ့ဂိလာန ဆေးလိုနေမယ် ဒီအချိန်၊ ဓာတ်စာလေး ဆန်ပြုတ်ကလေး လိုနေမယ်၊ စွပ်ပြုတ်ကလေး လိုနေမယ် စသည်ဖြင့် သူ့ အချိန်ကိုက် ဆေးဝါးဓာတ်စာ အစာရေစာ ကြည့်ပြီးတော့ လှူ ဒါ ကာလဒါန။ **ဂမိကဿ ဒါနံ ဒေတိ** – ခရီးသွားမယ့်ပုဂ္ဂိုလ်ကို လှူခြင်း၊ ခရီးသွားမယ့်ပုဂ္ဂိုလ်ဆိုတော့ များသောအားဖြင့် လမ်း ရိက္ခာလိုမယ်၊ အင်း ခရီးရိက္ခာလိုမယ်၊ အဲဒါကြည့်ပြီးတော့ လှူခြင်း၊ ဒါ ကာလဒါန။ **ဒုဗ္ဘိက္ခေ ဒါနံ ဒေတိ** – အစာရေစာ ငတ်မွတ် ခေါင်းပါးတဲ့အခါမှာ လှူခြင်း၊ အများစု အစာရေစာ ငတ်မွတ်ခေါင်းပါးမှု ဖြစ်နေပြီ အဲဒီအချိန် ဖမ်းလှူ ဒါ ကာလဒါန။

**ယာနိ တာနိ နဝသဿာနိ နဝဖလာနိ တာနိ ပဌမံ သီလဝန္တေသု ပတိဋ္ဌာပေသိ။** ကိုယ့်မှာရလာတဲ့ ကိုယ်လုပ် လိုက်တဲ့လယ်က ကောက်ဦး ပေါ်တဲ့အချိန် ဖမ်းပြီးတော့လှူ၊ လယ်ဦး ယာဦး ကောက်ဦးပေါ်လာတဲ့အချိန်မှာ လှူ၊ ကိုယ်လုပ်ကိုင်တဲ့အလုပ်က ပထမဦးဆုံးထွက်လာတဲ့ ပစ္စည်းကို လှူ ကိုယ်ရမည့် လစာရိက္ခာ ပထမဆုံးရလာတဲ့ လစာရိက္ခာကို လှူ ဟော ဒါ ကာလဒါန။ ဒီတော့ ကာလဒါနက ဘာအကျိုးသယ်တုန်း–

## ❖ ကာလဒါန. လိုတိုင်းရ. ပြည့်ဝစုံပေ. တင့်ဖြိုးဝေ။

ကာလဒါနများရဲ့ အကျိုးက ဘယ့်နှဲ့ဖြစ်တုန်းလို့ဆိုတော့ ဖြစ်လေရာဘဝ ပစ္စည်းပေါ်တဲ့အပြင်၊ ဥစ္စာစည်းစိမ်နဲ့ ပြည့်စုံတဲ့အပြင်၊ လိုတဲ့ပစ္စည်း၊ လိုတဲ့အချိန်မှာ မကြာမတင် ဆောလျှင်စွာရတယ်၊ ဦးဦးဖျားဖျား ရလေ့ရှိတယ်၊

ရှေးတုန်းက ဗာရာဏသီမှာ ညီအစ်ကို နှစ်ယောက် လယ်လုပ်ကြတယ်၊ ကဿပဘုရားရှင်လက်ထက် လယ်လုပ်ကြတော့ အကြီးက မဟာကာဠ

အငယ်က ရှင်ငှကာလ ညီအစ်ကို နှစ်ယောက်၊ စီးပွားမခွဲဘူး။ ညီအစ်ကိုနှစ်ယောက် အတူတူနေပြီးတော့၊ တစ်အိုးထဲစားပြီးတော့ မိသားစုတွေကတော့ ကိုယ့်မိသားစုနဲ့ ကိုယ်ပေါ့၊ အဲဒါ လယ်လုပ်ကြတော့ လယ်တွေစိုက်ပျိုးထားလို့ တန်ဆောင်မုန်း ဖုန်းတုန်းလုံးတုန်း တန်ဆောင်မုန်းဆိုတဲ့အတိုင်း တန်ဆောင်မုန်း ကျော်ကျော် လောက်ရောက်တော့ ညီက တောထဲသွားပြီးတော့ လယ်တွေကြည့်တော့ ဟိုမှာ စပါးလုံးကလေးတွေ နို့ရည်ခဲပြီးတော့နေတယ်၊ စပါးတွေ သန္ဓေတည်စပေါ့၊ အဲဒါ ယူပြီးတော့ သူက စပါးနှံကလေးတွေ စပါးစေ့ကလေးတွေ စုပ်ကြည့်တော့ ချိုသကိုး၊ အဲဒင် သူ့စိတ်ထဲမှာ ဒို့လယ်က အခု ဦးဦးဖျားဖျား ကောက်ဦး. သီးဦးအနေအားဖြင့် နို့များနဲ့ရောကျိုပြီးတော့ ဒီနို့ရည်တည်နေတဲ့ ဆန်စပါး နုလေးတွေကို နို့ရည်များနဲ့ ရောကျို သကြားများနဲ့ ရောကျိုပြီးတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးနဲ့ သံဃာတော်တွေလှူရင် ကောင်းမှာပဲလို့ အကြံပေါ်၊

အကြံပေါ်တဲ့အတိုင်း တစ်ဆုပ်လောက် လက်ထဲမှာ နယ်ယူလာ ခဲ့ပြီးတော့ အိမ်ကျတော့ အကိုကြီးတိုင်ပင်၊ အကိုကြီးရေ အခုချိန် ချိုလိုက်တာ စပါးစေ့လေး တွေက၊ အခုမှ နို့ရည်ခဲတုန်းရှိသေးတယ်၊ ခဲစရှိသေးတယ်၊ ဒို့ ဘုရားနဲ့သံဃာတော် အရှင်မြတ်တွေကို ကောက်ဦး လှူရအောင် မကောင်းဘူးလား။ အကိုကြီး လုပ်တဲ့သူက ဟာ မင်းကရွတ်လိုက်တာ ဘယ် လယ်တွေပျက်ကုန်မှာပေါ့ မလုပ်ပါနဲ့၊ ညီလေးက လှူချင်၊ အစ်ကိုကြီးကတား ညီလေးက မဟုတ်ပါဘူး အကိုကြီးရာ သိပ်မပျက်ပါဘူး၊ ကျုပ်တို့နိုင်သလောက်ပေါ့၊ အို ....ရှုပ်တယ်ကွာ မင်း စကားများတဲ့ကောင် မလှူဘူး၊

ညီလေးကလည်း နေကိုမနေနိုင်ဘူး စိတ်ထဲက လှူချင်လိုက်တာ ဒီကောက်ဦးဆွမ်းလေး ကပ်ချင်လိုက်တာ၊ ဒီတော့ မနေနိုင်လွန်းလို့ မဟုတ်ပါဘူးအစ်ကိုကြီးရာ နဲနဲဖြစ်ဖြစ် လှူရ အောင်ပါ အစ်ကိုကြီးရာ။ ဟာ စကားများတယ်ကွာ မင်း၊ မင်းလှူချင် မင်းဟာကို တစ်ဝက်ခွဲကွာ၊ မင်းပိုင်တဲ့ အထဲက မင်းဟာမင်း အကုန်လှူလှူ၊ သွန် လှူလှူ မှောက်လှူလှူ၊ ငါ့ထဲက တစ်စေ့မှမလှူနဲ့၊ ကောင်းပါပြီ အစ်ကိုကြီးရာ ကျွန်တော်တော့ မလှူရမနေနိုင်လို့ ကဲ တစ်ဝက်ခွဲပါ့မယ်၊ လယ်တစ်ဝက်ခွဲပါ့မယ်ဆိုပြီးတော့ ညီလေးက

သူပိုင်တဲ့ထဲကစပါးကို ဖုန်းတုန်းလုံးတုန်း တန်ဆောင်မုန်းဆိုတဲ့ နို့ရည်ခဲတဲ့ အချိန်လည်း လှူ၊ နောက်ကြတော့လည်းပဲ စပါးပေါ်စကြတော့လည်း ပေါ်ဦးအလှူ၊ စပါးတွေနယ်ပြီဆိုတော့ နယ်ဦးအလှူ၊ ကျည်ထဲသွင်းပြီ ဆိုတော့ ကျည်ဦး အလှူ၊ ဆန်ကြိတ်ပြီဆိုတော့ ကြိတ်ဦးအလှူနဲ့ ဦးဦးဖျားဖျားချည်း သူက လျှောက်ပြီးတော့လှူလိုက်တာ အားရပါးရ ကာလဒါန။

နောက်တော့ ခုနက အစ်ကိုကြီးလုပ်တဲ့သူက ဘုရား ဆွမ်းတစ်ခါ တော့ လှူတယ်၊ သူ့ကောက်ခင်းက၊ နောက်ဆုံးမှ နောက်ဆုံးမှ သူများတွေ အကုန်လုံးသိမ်းဆည်းပြီးလို့ ကောက်တွေ ဘာတွေ ကျည်ထဲ သွင်းပြီးလို့ အကြာကြီးနေမှ နောက်ဆုံးမှလှူတယ်၊ အဲဒီညီအစ်ကိုနှစ်ယောက် ဘုန်းကြီးတို့ ဘုရား လက်ထက်ကြတော့ ဘယ်ရောက်လာတုန်းဆိုတော့ ဦးဦးဖျားဖျား လှူချင်တဲ့စိတ်နဲ့ လှူဒါန်းလာခဲ့တဲ့ ညီလေးက အရှင်ကောဏ္ဍညတဲ့ ဘုန်းကြီးတို့ ဂေါတမဘုရားလက်ထက်မှာ ဓမ္မစကြာ တရားဦးဟောတော့၊ ဓမ္မစကြာတရားကို နာတဲ့ ပဉ္စဝဂ္ဂီငါးဦးထဲက အကြီးဆုံးဖြစ်တဲ့ အရှင်ကောဏ္ဍညအဖြစ်နဲ့ တရားဦးကို ရပြီးတော့၊ တရားဦးနာရပြီးတော့ တရားဦးရ သောတာပန် အရင်ဆုံး ဖြစ်တော်မူခဲ့တယ်၊

နောက်ဆုံးမှလှူခဲ့တဲ့ ခုနက အကိုကြီးက ဘယ်သူလာဖြစ်တုန်းဆိုတော့ ဘုန်းကြီးတို့ဘုရားလက်ထက်မှာ နောက်ဆုံး ကျွတ်တန်းဝင်တဲ့ သုဘဒ္ဒရဟန်း ပရိနိဗ္ဗာန်စံခါနီး၊ ဘုရားသက်တော် (၈၀) ပြည့်လို့ ပရိနိဗ္ဗာန်စံခါနီး ညောင်စောင်းပေါ် လျောင်းနေတဲ့အချိန်ကြမှ ကပ်ရောက်လာပြီးတော့၊ ရှင်အာနန္ဒာကို မနည်းတောင်းပန်ပြီးတော့ ဝင်ပြီးတော့ ဘုရားတရားလေး နာပါရစေဆိုပြီးတော့ နာသွားလို့၊ နောက်ဆုံး ဘုရားရှင်ကိုယ်တော်မြတ်ကြီး ချွတ်တော်မူသွားလို့ ရဟန္တာဖြစ်တော်မူတဲ့ သုဘဒ္ဒရဟန်း၊ ဥပကရဲ့သား၊ မဆာဝါတို့ရဲ့သားပေါ့၊ အဲဒါ ကာလဒါန သမားက အစောကြီးဘုရားနဲ့တွေ့၊ အစောကြီး သူရချင်တဲ့တရားထူးရ၊ အစောကြီးကျွတ်၊ အဲ နောက်ဆုံးမှလှူတဲ့ သူက၊ ဒါ လှူလိုက်သေးလို့ မလှူရင် သူ ဘယ်ကြမှကျွတ်မှန်း မသိဘူး၊ ဒါ့ကြောင့်—

## ❖ ကာလဒါန. လိုတိုင်းရ. ပြည့်ဝစုံပေ. တင့်ဖြိုးဝေ။

ဒီနေ့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေ လှူတဲ့ အလှူက ကာလဒါန်။

**"အနုဂ္ဂဟံ. ကောင်းအမွန်. သုံးရန်မသွေ. စိတ်ညွတ်ပေ"....တဲ့။**

(၄) နံပါတ်အလှူက အနုဂ္ဂဟိတဒါနဆိုတာ တွန့်တိုသောစိတ်မရှိတဲ့အလှူ။ လှူပြီးတော့ ပြန်ပြီးတော့ တွန့်တာရှိသေးတယ်၊ လှူတုန်းကတော့ သူများ လှူလှူဆိုတော့ လှူလိုက်တယ် ထပြီးတော့၊ ပြီးတော့မှ မှားလိုက်တာ ငါစားရရင် တော်တော်စားရမှာ မှားလိုက်တာ ငါ့သားကျွေးရရင် ဟန်ကျမှာ၊ ငါ့သမီးကျွေးရရင် ဟန်ကျမှာ၊ ဒီလိုတွန့်သွားတဲ့စိတ်ကို အနုဂ္ဂဟိတဒါနစိတ်လို့ ခေါ်တယ်၊ တွန့်တိုတဲ့ စိတ်၊၊ အဲဒီတွန့်တိုတဲ့စိတ်နဲ့ လှူလို့ရှိရင် ဖြစ်လေရာဘဝမှာ ဘာဖြစ်နေတတ်တုန်း၊ အနုဂ္ဂဟံ. ကောင်းအမွန်. သုံးရန်မသွေ. စိတ်ညွတ်ပေ...တဲ့၊ အနုဂ္ဂဟိတဒါန မတွန့်တိုတဲ့စိတ်နဲ့ လှူခဲ့တဲ့သူများက ဖြစ်လေရာဘဝမှာ ပစ္စည်းဥစ္စာပေါတဲ့အပြင် အကောင်းအမွန်ကိုမှ သုံးချင်တဲ့စိတ်ရှိတယ်။ သူ့လက်ထဲရရင် အကောင်းအမွန်မှ ရတယ်။ နံပါတ် (၁) မှရတယ်။ ပထမတန်းစားပစ္စည်းမှ သူ့လက်ထဲရောက်တယ်၊ ရတယ်။

အဲဒီလို မဟုတ်ဘဲနဲ့ တွန့်တိုတဲ့စိတ်နဲ့ လှူခဲ့တဲ့သူက ဘာဖြစ်တတ်တုန်း ပစ္စည်းတော့ပေါတယ်။ အကောင်းမသုံးချင်ဘူး၊ အကောင်းဆို သူက မစားချင်ဘူး၊ သိမ်းထားလိုက်သေးတယ်၊ သိုးပြီပုတ်ပြီဆိုမှ ထုတ် ထုတ်စားတယ်၊ အကောင်းဆို မဝတ်ချင်ဘူး သူက သိမ်းထားလိုက် သေးတယ်၊ အစုတ်ကလေးတွေ ဖာထေး ပြီးတော့ဝတ်နေ၊ အကောင်းဆိုလို့ရှိရင် သူက ဖိနပ်လည်းမစီးချင်ဘူး၊ ထီးလည်း မဆောင်းချင်ဘူး သူက၊ ကောင်းကောင်းမွန်မွန်ဆို သူက ဘာမှမစားချင်ဘူး၊ ဘာမှ မဝတ်ချင်ဘူး၊ ဘာမှ မသုံးစွဲချင်ဘူး၊ နှမျောပြီးတော့ သိမ်းထားတာပဲ၊ ဟောင်းပြီ ပိုးကိုက်ပြီ ချစားပြီဆိုမှ ထုတ်ဝတ်တယ်၊ အဲဒီလိုဖြစ်နေ တတ်တယ်၊

အဲဒါ ဘုန်းကြီးတို့ ဘုရားရှင်လက်ထက်တုန်းက ပုဏ္ဏားကြီး တစ်ယောက် အဲဒီလိုပေါ့ ကောသလမင်းရဲ့ နယ်ထဲမှာ ကုဋေရှစ်ဆယ့် ခုနစ်ကုဋေကြွယ်ဝတဲ့

ပုဏ္ဏားကြီး သားလည်း သမီးလည်းမရှိဘူး၊ ဇနီးကလည်း အစောကြီးသေသွား၊ သူသေပြီဆိုတော့ ပစ္စည်းတွေ ကောသလမင်းကြီးက မင်းဘဏ္ဍာအဖြစ်နဲ့ သိမ်းတယ်၊ အဲဒီပုဏ္ဏားကြီးက ဒီလောက် ကုဋေရှစ်ဆယ်ကျော်ပစ္စည်းတွေ ရှိပါရက်သားနဲ့ နေ့စဉ် ဘာစားနေတုန်းဆိုတော့ ပုန်းရည်ထမင်းလေး စားနေတယ်၊ ပုန်းရည် ဟင်းနဲ့ စားကွဲထမင်းလေး စားပြီးတော့နေတယ်၊ နေ့တိုင်း၊ အဝတ်ကျတော့ ဖာထေးပြီးတော့ဝတ်တယ်၊ ဆောင်းစရာထီးကျတော့ သစ်ရွက်ထီးလေးဆောင်းတယ်၊ သွားစရာလာစရာရှိတော့ ရထားအိုလေးနဲ့သွား၊

အဲဒါ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဒီပုဏ္ဏားဟာ ရှေးတုန်း က ပစ္စေကဗုဒ္ဓါတစ်ပါးကို ဆွမ်းလောင်းတယ်တဲ့ ဆွမ်းတော့လောင်းတယ်၊ သူက သူဌေးမျိုးမှာဖြစ်ပြီးတော့ ဇနီးမောင်နှံနှစ်ယောက်နေကြတာ ရှင်ပစ္စေကဗုဒ္ဓါက နေ့တိုင်း ဆွမ်းလာရပ်တယ်၊ သူကမလောင်းဘူး၊ နေ့တိုင်း ဆွမ်းရပ်တယ် ပစ္စေကဗုဒ္ဓါကလည်း၊ သူကလည်း နေ့တိုင်း မလောင်းဘူးပဲ၊ တစ်နေ့တော့ သူက ရွာထဲ မြို့ထဲသွားစရာကိစ္စရှိလို့ မနက်စောစော စားသောက်ပြီးတော့ စိတ်ကလေး ကြည်ကြည်လင်လင်နဲ့ ခရီးထွက်တော့မလို့ မြို့ထဲ ထွက်တော့မလို့ အလုပ်၊ ပစ္စေကဗုဒ္ဓါက လာရပ်တော့၊ ဆွမ်းလာရပ်မြဲရပ်တော့ အဲဒီသူက ဒီနေ့တော့ ကြည်နေတဲ့ စိတ်ကလေးနဲ့ ဒီကိုယ်တော် ငါ ဆွမ်းမလောင်းပဲနဲ့ နေ့တိုင်း ရပ်တယ်နော် ဖွဲကောင်းလိုက်တာ၊ ကဲ ဒီနေ့တော့ အိမ်ရှင်မ အလောင်းခိုင်းလိုက်အုန်းမှပဲ ဆိုပြီးတော့။ ရှင်မရေ ဟောဒီကိုယ်တော် ဆွမ်းရပ်နေတယ် လောင်းလိုက်စမ်းပါလို့ ပြောသွားတယ်။ တစ်ဖွန်းတစ်ယောက်မ လောင်းဖို့ ပြောသွားတာ သူက။

အိမ်ရှင်မကတော့ သဒ္ဓါတရားရှိတယ် လောင်းချင်နေရှာတာ သူ့ယောက်ျားကြောက်လို့ နေရတာ။ အာ အိမ်ရှင်မက ဝမ်းမြောက် ဝမ်းသာနဲ့ အမလေး....ငါ့ယောက်ျား ခါတိုင်း ဆွမ်းဘယ်တော့မှ မလောင်းခိုင်းဘူး ဒီနေ့ အလောင်းခိုင်းတာ၊ အားရပါးရ လှူမယ်ဆိုပြီးတော့ အရှင်ပစ္စေကဗုဒ္ဓါကို အိမ်ထဲပင့်ပြီးတော့ ကောင်းကောင်းမွန်မွန် ချက်ပြုတ်လုပ်ကိုင်ပြီးတော့ ဘယ်အိမ်မှ

နောက်ထပ် ဆွမ်းမခံရအောင် သပိတ်ထဲ ဆွမ်းအပြည့်, ဟင်းအပြည့်, အပေါ်က မုန့်တွေ, ပစ္စည်းတွေ အပြည့်လောင်း။ ဒီတော့ ခုန သူဌေးက တော်တော် ကြာတော့ မြို့ထဲ သွားစရာရှိတာ သွားပြီးတော့ ပြန်လာတော့ ရှင်ပစ္စေကဗုဒ္ဓါနဲ့ အိမ်ပေါက်အထွက် တွေ့ကြတော့၊ ဟင်....ကိုယ်တော် အခုမှ ဒီရှိသေးလား။ ဟုတ်တယ်၊ ကိုယ်တော့ ဆွမ်းလောင်းခိုင်းတာ လောင်းရဲ့လား၊ လောင်းပါတယ်။ ဘာတွေများ ဒီလောက်လောင်းလို့ ကြာနေရတာပါလိမ့်၊ ပြစမ်းပါအုန်း။ ဟောဒါတွေပဲ သင့်ဇနီးက လောင်းလိုက်တာ၊ ဟောဒါ ဆွမ်းတွေ ဟင်းတွေ သပိတ်ထဲရှိတာရော အပေါ်တင်ရောပြတော့ အမလေး ဒါတွေဆို နည်းတာ မဟုတ်ဘူး ကြည့်ပါအုန်း။ ငါက အလောင်းခိုင်းတာက တကတည်း ဆွမ်းလေး တစ်ဇွန်းလောင်းဖို့ပြောတာ ကြည့်ပါအုန်း တကတည်း မိန်းမကလည်း သဒ္ဓါတရား ကောင်းလိုက်တာ လောင်းလိုက်တာ ဒီကိုယ်တော် ဒါတွေစားပြီးတော့ တစ်နေ့လုံး အိပ်တော့မှာပဲ။

ဒါတင်မကသေးဘူး သူက ငါ့အိမ်ကကျွန်တွေ ကျွေးလိုက်ရတာကမှ ဒီလောက်ကောင်းတဲ့ ထမင်းတွေ ဟင်းတွေ မုန့်ပဲသရေစာတွေ ငါ့အိမ်ကကျွန်တွေ အလုပ်သမားတွေ ကျွေးလိုက်ရတာကမှ ငါ့ ကျေးဇူးတင်လိမ့်အုန်းမယ် ....တဲ့၊ ငါ့အလုပ် တိုးလုပ်ဖော်ရလိမ့်အုန်းမယ်၊ ဒီကိုယ်တော်လောင်းလိုက် လှူလိုက်ရတာ ဖြင့် ဘာတစ်စေ့မှ ငါ့ အကျိုးရှိမှာမဟုတ်ဘူးလို့ တွန့်တိုတဲ့စိတ်တွေ ဖြစ်လို့ ပြန်လုချင်တဲ့စိတ်တွေ ပေါ်တယ်။ အဲဒါကြောင့် ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ရှင်းဟောတာ၊

အဲဒါကြောင့် ဒီပုဏ္ဏားဟာ ဒီသူဌေးဟာ အရှင်ပစ္စေကာဗုဒ္ဓါကို ဆွမ်းလောင်းခိုင်းခဲ့တဲ့ ကောင်းမှုကြောင့် အင်မတန် သန့်ရှင်းစင်ကြယ်တဲ့ အလှူခံကြီးဖြစ်တဲ့ ဘုရားငယ် တစ်ဆူတဲ့ ရှင်ပစ္စေကဗုဒ္ဓါ လယ်ယာ ကောင်းကြီးထဲမှာ စိုက်ခဲ့ပျိုးခဲ့လို့ ဒီဘဝ ကုဋေရှစ်ဆယ်ကျော်ကြွယ်ဝတဲ့ သူဌေးကြီးတော့ဖြစ်ပါရဲ့၊ သို့သော် သူ့ပစ္စည်း သူ့အကောင်းကို မစားချင် မသုံးချင် မဝတ်ချင်ဖြစ်ပြီးတော့ နေတယ်တဲ့၊ အဲဒါ အနုဂ္ဂဟိတဒါနရဲ့ ပြန်ရလိုမှုနဲ့

လျှုမှုကြီးရဲ့ အပရ စေတနာချိုပြီးတော့ လှူမှုကြီးရဲ့အပြစ်၊ ဒါကြောင့် လှူရင် စိတ်ကို ဖြတ်ထား၊ အစကထဲက တစ်ရာလှူမှာဖြင့် တစ်ရာအပြတ်လှူ၊ နောက်ထပ် မစဉ်းစားနဲ့၊ တစ်ထောင်လှူမှာဖြင့် တစ်ထောင်အပြတ်ထား နောက်ထပ် မစဉ်းစားနဲ့ သူနဲ့ပတ်သက်ပြီး၊ **မုတ္တစာဂီ အနဒ္ဓရော....**တဲ့၊ စိတ်ဖြတ်ထားလိုက် ပြန်ပြီးတော့ မတွေးနဲ့၊ နှမျောလိုက်ထာတွေ မလုပ်နဲ့၊ အဲဒီလိုလှူမှသာလျှင် "**အနဂ္ဂဟံ. ကောင်းအမွန်. သုံးရန်မသေ့. စိတ်ညွတ်ပေ**"။

အနဂ္ဂဟိတဒါနသမားက အကောင်းအမွန်ချည်း သုံးချင်တယ်၊ ရတာလည်း အကောင်းအမွန်ချည်းရတာပဲ၊ ပစ္စည်းလေးတစ်ခု အားလုံး လိုက်ဝေပြီ။ ဆိုပါတော့ ယပ်တောင်လေးဝေပြီ၊ ကဲ ယပ်တောင်ဆိုကြပါစို့ ဝေပြီ သူ့ဆီအပဲ့တို့ အရွဲ့တို့ရောက်လာတယ်၊ အဂ္ဂဟိတသမားက။ အနဂ္ဂဟိတသမားက သူ့ဆီရရင် အကောင်းအမွန်ချည်းရတာ၊ အဲဒီလို ကွာကွာသွားတယ်၊

နောက်ဆုံး "**အနုပဟစ္စ. မြတ်ဒါန. တွင်းပရန်တွေ. ရှင်းရှင်းပေ**"။ အနုပဟစ္စဒါနဆိုတာ ဘယ်သူမှ မထိခိုက်စေပဲ လှူတာ။ ကိုယ့်အလှူကြောင့် သူများမျက်ရည်ကြီးငယ် မကျတဲ့အလှူမျိုး။ တစ်ချို့က လှူတော့လှူတယ် နွားတွေသတ်ပြီးတော့ လှူတယ်၊ ယစ်ပူဇော်တဲ့အနေနဲ့ ဆိတ်လည်ချောင်းသွေး နဲ့လှူ၊ ကြက်တွေ သတ်လှူ၊ ဝက်တွေသတ်လှူနဲ့ ဒီလို သူများထိခိုက် ဆင်းရဲဒုက္ခ ရောက်ပြီးမှ လှူတဲ့အလှူက ဥပဟစ္စဒါန အဲဒီဒါနက ဖြစ်လေရာဘဝ အကျိုးပေးရင် ပစ္စည်းတော့ပေါတယ်၊ အန္တရာယ်တွေ အမျိုးမျိုးကြုံတယ်၊ ပစ္စည်းလေး ပေါနေ မီးကလောင်းသွားပြန်၊ ပစ္စည်းလေးပေါနေတယ် ရေကမျော သွားပြန်။ ပစ္စည်းလေးပေါနေ ဓားပြတိုက်ခံရပြန်၊ ပစ္စည်းလေး ပေါနေ အမွေခံဆိုး သားဆိုးသမီးဆိုး ဖျက်စီးလို့ကုန်၊ ပစ္စည်းလေး ပေါနေ မင်းက သိမ်းသွားနဲ့ ဒီလိုရန်သူမျိုးငါးပါး ပေါ်တတ်တယ်၊ အဲ "**အနုပဟစ္စ. မြတ်ဒါန. တွင်းပရန်တွေ. ရှင်းရှင်းပေ**"။ အတွင်းအပြင် ရန်ကင်းတယ်တဲ့ အနုပဟစ္စဒါနက၊

ဒါ သုတော်ကောင်းများလှူလေ့ရှိတဲ့ သပ္ပုရိသဒါနငါးမျိုး။ အဲဒီ သပ္ပုရိသဒါနငါးမျိုးထဲက ဒီကနေ့ မန္တလေးတက္ကသိုလ် ပထဝီဝင်ဌာန ပါမောက္ခဒေါ်ကြင်ဌေး တွဲဖက်ပါမောက္ခ ဒေါ်ညွန့်ညွန့်ဝင်း ဦးဆောင်သော ဒီနေ့ ဒကာ–ဒကာမအပေါင်း သုတော်ကောင်းတွေ လှူဒါန်းတဲ့ဒါနက ကာလဒါန၊ သုတော်ကောင်းကြီးများ အားထုတ်လေ့ရှိတဲ့ ကာလဒါန၊ ဒီတော့ "**ကာလဒါန့. လိုတိုင်းရ. ပြည့်ဝစုံပေ. တင့်ဖြိုးဝေ**"။ ကာလဒါနကြောင့်လိုချင်တဲ့ အချိန် လိုချင်တဲ့ပစ္စည်း တောင်းတလိုက်ရင် မကြာမတင်ဆောလျှင်စွာ ရမယ်။

ဒီတော့ အဲဒီဒါနကိုပြုလို့ အဲဒီဒါနကြောင့် လိုချင်တဲ့အချိန်. လိုချင်တဲ့ ပစ္စည်းရမှာတော့ ဟုတ်ပြီ၊ ဘုန်းကြီးတို့ ဒကာ–ဒကာမတွေက ဘာကိုလိုချင်ရ မတုန်း၊ ဟော လိုချင်တဲ့ပစ္စည်း၊ လိုတဲ့အချိန်ရမှာတော့ ဟုတ်ပြီ၊ ဘာလိုချင် ကြတုန်း ဒီနေ့၊ ရွှေတွေ ငွေတွေလိုချင်သလား၊ စိန်တွေကျောက်တွေကို လိုချင် သလား၊ လူ့စည်းစိမ် လူ့ဘဝစည်းစိမ် ရိပ်ငြိမ်ချမ်းသာတွေ လိုချင်ကြသလား၊ ဗြဟ္မာဘဝစည်းစိမ် ရိပ်ငြိမ်ချမ်းသာတွေ လိုချင်သလား။ အေး လိုတော့လိုချင်တယ်၊ အကောင်းဆုံးကို လိုချင်တတ်ရတယ်၊ ပိုးထိုးလောက်တက် ချစားမကောင်းတဲ့ ပစ္စည်းတွေ မလိုချင်နဲ့၊ ပိုးထိုး လောက်ကိုက် ချစားကောင်းတဲ့ပစ္စည်းကို လိုချင်တတ် ရတယ်၊ ကိုယ့်လက်ထဲရှိနေတဲ့ မြေအင်တုန်ပဲ့နဲ့ နောက်ထပ် မြေအင်တုန်း ပဲ့ခြင်းလဲ လည်းရတယ်၊ ကြေးဖလားနဲ့လဲ လည်းရတယ်၊ ဒန်ဖလားနဲ့လဲ လည်းရတယ်၊ ရွှေဖလားနဲ့လဲ လည်းရတယ်ဆိုရင် ရွှေဖလားရအောင် လဲမှ၊ ဒါ ပါးတယ်ခေါ်မှာပေါ့၊ လက်ထဲရှိနေတဲ့ မြေအင်တုန်ပဲ့နဲ့ နောက်ထပ် မြေအင်တုန်ပဲ့တစ်ခုကိုသာ လဲယူတတ်တယ် ဆိုရင်၊ ဒါ ပါးတယ်လို့မခေါ်သေးဘူး၊ ရွှေဖလားကြီးထိရအောင် လဲယူနိုင်မှ၊ ရွှေဖလားကြီးထိရအောင် လဲတတ်မှ၊ အဲဒါ ပါးတယ်၊ နပ်တယ်ခေါ်တာ၊

လိုချင်စရာဖြစ်တဲ့ ပစ္စည်းထဲမှာ အကောင်းဖြစ်တဲ့ လိုချင်စရာ ပစ္စည်းက နိဗ္ဗာန်၊ အိုမှုကြီးကင်း, နာမှုကြီးကင်း, သေမှုကြီး ကင်းတဲ့ နိဗ္ဗာန်ရွှေဖလား။ နိဗ္ဗာန်ရွှေဖလားကို ရအောင်လဲတတ်ရမယ်၊ ဒီတော့ အဲဒီ နိဗ္ဗာန်ဆိုတဲ့ပစ္စည်းက

အိုခြင်းကင်း, နာခြင်းကင်း, သေခြင်းကင်းတဲ့ ပစ္စည်းကြီးလို့ဆိုတာကို သိချင်ရင် ကိုယ့် လက်ရှိခန္ဓာရဲ့ သဘောကို ပြန်ပြီးတော့ သုံးသပ်ရတယ်။ အခု မိမိရရှိနေတဲ့ လူ့ဘဝ လူ့ခန္ဓာ လူ့စည်းစိမ်ဆိုတဲ့ပစ္စည်းက အိုခြင်းမကင်း, နာခြင်းမကင်း, သေခြင်း မကင်းတဲ့ပစ္စည်း၊ အခု ထိုင်ပြီးတော့ တရားနာနေရင်းပဲ မိမိတို့ ရုပ်ခန္ဓာ ကိုယ်ကြီးက အအိုမရပ်ဘူး၊ အိုမှုဆိုတဲ့ ရင့်ရော်မှုကြီးမရပ်ဘူး၊ တရားထိုင် နာနေတယ် ကောင်းတဲ့အလုပ်လုပ်နေတာကိုပဲ သူက အိုမှုကြီးဆိုတဲ့ ရင့်ရော်မှုကြီး မရပ်ဘူး, မနားဘူး, တဖြုန်းဖြုန်း တရုံးရုံးနဲ့, အိုနေတယ်, ရင့်ရော်နေတယ်, ဟောင်းမြေ့နေတယ် ဆွေးနေတယ်၊

ဒီတော့ မိမိတို့ခန္ဓာကိုယ်ကြီးက ဆွေးတတ်တဲ့ပစ္စည်းကြီး, အိုတတ်တဲ့ ပစ္စည်းကြီး, ဟောင်းတတ်တဲ့ပစ္စည်းကြီး။ အဲဒီ မိမိခန္ဓာကိုယ်ရဲ့ ရုပ်နာမ် ခန္ဓာကိုယ်ရဲ့ အိုတတ်, ဟောင်းတတ်, ဆွေးတတ်, နာတတ်တဲ့ သဘောကြီးကို ဉာဏ်နဲ့ အာရုံပြုပြီးတော့မှ၊ အဲဒီလို အိုတတ်တဲ့ ပစ္စည်းမဟုတ်တဲ့၊ ဆွေးတတ်တဲ့ ပစ္စည်းမဟုတ်တဲ့၊ အိုမင်းယိုယွင်း ရင့်ရော်ခြင်းသဘောမရှိတဲ့ ပစ္စည်းကို ရဖို့ရာ တပည့်တော်တို့ မြန်မြန်ရဖို့ရာ ဒီကာလဒါနအလှူကြီးကို ပြုကြပါကုန်၏ ....ဆိုရင်၊ အဲဒါ နိဗ္ဗာန်နဲ့ တည့်သွားပြီ၊ ဝိပဿနာပါတဲ့ ကုသိုလ်ဖြစ်သွားပြီ၊

ကိုယ့်ရဲ့ ရုပ်နာမ် ခန္ဓာပေါ်မှာ အိုမင်းရင့်ရော်တတ်တဲ့သဘောကို ပြန်အာရုံပြုတာ ဒုက္ခ သစ္စာကိုကြည့်တာ။ ဒုက္ခသစ္စာရဲ့ ပြစ်ချက်ကို မြင်တာ၊ အဲဒီ ဒုက္ခသစ္စာရဲ့ ပြစ်ချက်မြင်မှ ဒီပြစ်ချက်မျိုးမရှိတဲ့ သင်္ခတ နိဗ္ဗာနဓာတ် တရားမြတ်ကြီးကို ပြောင်းပြန် ဆန့်ကျင်ဘက်အနေနဲ့ အာရုံယူလို့ရတယ်၊ နိဗ္ဗာန်ဆိုတာ ဘုန်းကြီးတို့ ပုထုဇဉ်တွေ မှန်းရုံမှန်းနိုင်တယ်၊ တိုက်ရိုက် မမြင်ဘူး၊ ဒီတော့ မှန်းတဲ့အထဲမှာ ပိုမှန်းတတ်တဲ့သူက မြန်မြန်ရတယ်၊ ပိုမှန်းတတ်ချင်ရင် နိဗ္ဗာန်ကိုကြည့်ချင်ရင် နိဗ္ဗာန်ကို မြင်ချင်ရင်၊ ကိုယ့်လက်ရှိခန္ဓာကိုယ်ကိုကြည့်တဲ့ ဘုရားက၊ နိဗ္ဗာန်ကို မြင်ချင်ရင် လက်ရှိ ခန္ဓာမြင်အောင် ကြည့်တဲ့၊ ကိုယ့် လက်ရှိခန္ဓာ ကြည့်လိုက်တော့ အိုတတ်တဲ့ ပစ္စည်းကြီး၊ ဆံပင်ဖြူမယ့်ပစ္စည်းကြီး, သွားကျိုးမယ့်ပစ္စည်းကြီး, နား ထိုင်းမယ့်ပစ္စည်း, ခါးကိုင်းမယ့်ပစ္စည်း,

ပါးရေတွန့်မယ့်ပစ္စည်းကြီး၊ ကိုယ့်ခန္ဓာကိုယ်က အဲဒီ အိုတတ်, နာတတ်တဲ့ သေတတ်တဲ့ပစ္စည်းကြီးရဲ့ ပြောင်းပြန်ဖြစ်တဲ့ တရားမြတ်ကြီးကို လိုချင် ရချင်လို့ တပည့်တော်တို့ အလှူထုပ်ကြီးကို ပြုကြပါကုန်၏....။ ဟော နိဗ္ဗာန်နဲ့တည့်သွားပြီ၊ ဒီလိုမဟုတ်လို့ရှိရင် နိဗ္ဗာန်ရရပါလို၏ ပါးစပ်က ဆိုတယ်၊ နိဗ္ဗာန်က ဘယ်လိုမှန်းလဲမသိ ဘယ်ဆီမှန်းလည်း မသိ၊ ရမ်းသမ်းပြီးတော့ တောင်းတော့ အမှန်းမတည့်ဘူး၊ အခုဟာက အမှန်းတည့်တယ်၊

ကိုယ့်ခန္ဓာကိုယ်ရဲ့ ဒုက္ခသစ္စာမြင်တော့ ဤဒုက္ခသစ္စာရဲ့ ပြောင်းပြန် မအိုတတ်တဲ့အရာ၊ နိရောဓသစ္စာ နိဗ္ဗာန်ကိုမြင်တယ်၊ အဲဒီ နိဗ္ဗာန် တရားကြီးက နိရောဓသစ္စာ၊ ရုပ်နာမ်ခန္ဓာကြီးက ဒုက္ခသစ္စာ၊ အဲဒီ ဒုက္ခသစ္စာကို ဒုက္ခလို့သိရင် ဒီဒုက္ခမျိုးမလိုချင်ဘူး၊ လူ့ဘဝစည်းစိမ် ရိပ်ငြိမ်ချမ်းသာ စကြာမင်းကြီးဖြစ်ပါစေ မလိုချင်ဘူး၊ သမုဒယသစ္စာ တဏှာသေတယ်။ မလိုချင်တာ သမုဒယသစ္စာ တဏှာသေတာပဲ။ နိရောဓသစ္စာ နိဗ္ဗာန်ကိုလိုချင်တာက မဂ္ဂသစ္စာ၊ ရချင်တာက မဂ္ဂသစ္စာ၊ ဟော သစ္စာ ၄ ပါးလည်း ဆိုက်သွားတယ်၊ ဒုက္ခသစ္စာလည်းမြင်တယ်၊ နိဗ္ဗာန်ကိုလည်း မှန်းနိုင်တယ်၊

ထို့အတူပဲပေါ့ ဒီခန္ဓာကိုယ်ကြီးက (၉၆) ဖြာ (၉၈) ဖြာ ဘေးရောဂါတို့ နှိပ်စက်တတ်တဲ့ပစ္စည်းကြီး။ အဲဒီ (၉၆) ဖြာ (၉၈) ဖြာ ကျင်နာခံခက် ရောဂါစွဲရခြင်းသဘောမရှိတဲ့ နိဗ္ဗာန် ရလိုပါသောကြောင့်၊ သေခြင်းပေါင်းစုံဆိုတဲ့ ရေနစ်သေ, မီးလောင်သေ, အဆိပ်သင့်သေ, ဓားခုတ်လှံထိုးနဲ့သေ, အဖျားကြီးနဲ့ သေ, အဖျားငယ်နဲ့ သေ သေတတ်တဲ့ ပစ္စည်းကြီး၊ ကိုယ့်ခန္ဓာကိုယ်ကြီးက။ အသေပေါင်းစုံ အောင်းနေတဲ့ ခန္ဓာကိုယ်ကြီး၊ ဒီခန္ဓာကိုယ်ကြီးက၊ အသေပေါင်းစုံ အောင်းနေတဲ့ ခန္ဓာကိုယ်မျိုးမရှိရာ ငြိမ်းရာအေးရာ အမတလို့ခေါ်တဲ့ မတခေါ်တဲ့ သေခြင်းအမျိုးမျိုး၊ အ-မရှိရာဖြစ်တဲ့ သန္တိသုခ နိဗ္ဗာနဓာတ် တရားမြတ်ကြီးကို ရလိုရောက်လိုပါသောကြောင့် တပည့်တော်တို့ ဒီသံဃာတော် ငါးရာကျော်တို့အား မွန်မြတ်သော ဆွမ်းဘောဇဉ်တို့ကို လောင်းလှူ ဆက်ကပ်ကြပါကုန်၏။

တပည့်တော်တို့ ရရှိထားတဲ့ လစာရိက္ခာ ဦးဦးဖျားဖျား ကာလဒါန အလှူကို လှူသောအားဖြင့် သံဃာတော် ငါးရာကျော်တို့အား မွန်မြတ်သော ဆွမ်းဘောဇဉ်တို့ဖြင့်၎င်း၊ ငှက်ပျောသီး ဆွမ်း လက်ဖက် ပဲကြော်စသည်ဖြင့် အချိုပွဲတို့ဖြင့်၎င်း, လှူဒါန်းသမှု ပြုကြပါကုန်၏။ ဖိတ်မန္တကပြုထားတဲ့ ပရိသတ်အပေါင်း သူတော်ကောင်းတွေ ကျွေးမွေး ညှိခံတဲ့ ကာလဒါန, ဦးဦးဖျားဖျားအလှူကြီးကို ပြုကြပါကုန်၏။ ဤကဲ့သို့ ပြုရတဲ့ ကာလဒါန အလှူကြောင့် တပည့်တော်တို့ အရိယာသူတော်ကောင်းကြီးတွေ အလိုချင်ဆုံး ဖြစ်တဲ့ အဒိုလွတ်, အနာလွတ်, အသေ လွတ်ခါတ်ကြီးကို လျှင်မြန်ဆောစွာ ရောက်ကြရ, ရကြရ, မြင်ကြရပါလို ကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုကြကုန်ရာသတည်း.......။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

# “ ကထိန်အကျိုးငါးမျိုး တရားတော် ”

မြန်မာကောဇာသက္ကရာဇ် ၁၃၅၆–ခုနှစ် သီတင်းကျွတ်လပြည့်ကျော် (၃)ရက်နေ့ ခရစ်နှစ် ၁၉၉၄–အောက်တိုဘာလ(၂၂)ရက် စနေနေ့မှာ၊ အမရပူရမြို့ ရှမ်းကလေးကျွန်းရွာ ရွာဦးကျောင်း၌ ခင်းကျင်းပြုလုပ်အပ်တဲ့ ယနေ့ကောင်းမှုလုပ်ငန်းများနဲ့ ကုသိုလ်ရှင်များက၊ မန္တလေးမြို့ တရုတ်တန်းလမ်း (၈၀) စောင်းကောက်ဖိနပ်လုပ်ငန်းပိုင်ရှင်များ ဖြစ်ကြကုန်သော၊ အလှူ့ဒါယကာဦးချစ်ဆွေ + အလှူ့ဒါယိကာမဒေါ် မိမိခင်နဲ့ သားသမီးမြေးမိသားစုတို့ ဖြစ်ကြပါတယ်၊

အဲဒီ စောင်းကောက်ဖိနပ် လုပ်ငန်းပိုင်ရှင်များဖြစ်ကြတဲ့၊ ဦးချစ်ဆွေ+ ဒေါ်မိမိခင်နှင့် သားသမီးမြေး မိသားစုတို့က၊ မဂ်ဖိုလ်နိဗ္ဗာန်ရည်မှန်းပြီးတော့၊ မိမိတို့ရဲ့ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်တဲ့၊ နယ်မြေမှာ၊ ရှေးကလဲပဲ ဒီနယ်မြေ, ဒီဒေသ, ဒီဌာနမှာ၊ အလှူရေစက်လက်နှင့်မကွာ ကောင်းမှုရတနာတို့ကို ပြုခဲ့ပြီးလို့ ဘူမိနက်သန်မှန်တဲ့ ဒီနယ်မြေ, ဒီဒေသမှာ ပေါက်ဖွားပြီးလာခဲ့ပြီးတော့၊ သူတော်ကောင်းဖြစ်တဲ့ မိကောင်း, ဖကောင်း, ဆရာကောင်း, ဘိုးကောင်း, ဖွားကောင်း, ဆွေကောင်း, မျိုးကောင်းတွေရဲ့ အစောင့်အရှောက်နဲ့၊ မိမိတို့ အခုဒီဘဝမှာလဲပဲ လောကီစည်းပွားအားဖြင့်၊ သူတစ်ပါးတို့ထက် အောက်တန်းမကျ၊ အထက်တန်းမရောက်သည့်တိုင်အောင်၊ သူတစ်ပါးတို့ကဲ့သို့ တန်းတူတန်းမျှ နေနိုင်တဲ့ဘဝကို ရရှိခဲ့တဲ့အပြင်၊ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ပါရမီကောင်းမှုတို့ကိုလည်း တတ်စွမ်းသမျှ စုဆောင်းအားထုတ် ကြိုးပမ်းပြုလုပ်တတ်တဲ့ မိကောင်း, ဖကောင်း, ဆရာသမားကောင်းတို့ရဲ့ အဆုံးမကို ရကြတဲ့ သူတော်စင်များ ဖြစ်ကြသည့်အလျောက်၊ အခုလည်းပဲ နှစ်ဘက်သော အဘိုးအဖွား မိဘများအား ရည်စူးမှန်းထားပြီးတော့၊ ကွယ်လွန်ခဲ့ကြတဲ့ မိဘဘိုးဘွား ဆရာသမားတို့ကို ရည်စူးမှန်းထား၊ အသက်ထင်ရှား ရှိကြသေးတဲ့ ဦးကြီး, ဦးလေး, ဒေါ်ကြီး, ဒေါ်လေး, အကို, အမစတဲ့ ကျေးဇူးရှင်တွေကိုလည်း အမှူးထားပြီးတော့၊

နံပါတ်(၁) ရဟန်းခံမင်္ဂလာ၊ နံပါတ်(၂) ရှင်ပြု မင်္ဂလာ၊ နံပါတ် (၃) ဘိက္ခုနီနှယ်ဝင် သီလရှင်ဘဝ ဝတ်ဆင်တဲ့ သီလရှင်ဝတ်မင်္ဂလာ၊ နံပါတ်(၄) ကထိန်ခင်းမင်္ဂလာ၊ နံပါတ်(၅) သက်ကြီး ပူဇော်ပွဲမင်္ဂလာနဲ့ နံပါတ်(၆) သက်ငယ်ပေးကမ်းလှူဒါန်းတဲ့ မင်္ဂလာအပြင်၊ နံပါတ်(၇) မိမိဇာတိရပ်ရွာနယ်ပယ်ရှိ ကလေးများရဲ့ ပညာရေးအထောက်အကူ ပေးထားသောအားဖြင့်၊ ပညာပါရမီ အထောက်အကူ ပစ္စည်းလှူသောအားဖြင့်၊ မူလတန်းကျောင်းအား နဝကမ္မ ကျပ်တစ်သောင်း လှူဒါန်းတဲ့ကောင်းမှု၊ ဒီမျှသာမကသေး မဟာဂန္ဓာရုံ ကျောင်းတိုက်ကြီး၌ ပရိယတ်, ပရိပတ်, သာသနာ့တာဝန်ထမ်းဆောင်နေကြတဲ့ သံဃာတော်အရှင်သူမြတ်တို့အားလည်းပဲ ရာသက်ပန် ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးပစ္စည်းလေးပါး လှူရာရောက်အောင်၊ ငွေကျပ် (၁၀၀၀၀)ငွေပင် စိုက်ထူပြီးတော့ လှူဒါန်းမှုလို့ အဲဒီလိုအားဖြင့် များပြားစွာသော ကောင်းမှုမင်္ဂလာတို့ကို ဒီနေ့ပြုလုပ်ကြပါတယ်၊

ဒီတော့ နံပါတ်(၁) ရဟန်းခံမင်္ဂလာကြီးအနေနဲ့၊ လွန်ခဲ့တဲ့ရက်က မဟာဂန္ဓာရုံကျောင်းတိုက်ကြီးသို့ သွားရောက်ကြပြီးတော့၊ ဓမ္မာစရိယတန်းသို့ ရောက်နေပြီးဖြစ်တဲ့ ရဟန်းလောင်း(၃)ပါးတို့အား၊ အမကြီးဒေါ်သန်းရင်က ပစ္စည်းလေးပါးခံယူပြီးတော့ တစ်ပါး၊ ဦးချစ်ဆွေ + ဒေါ်မိမိခင်တို့ကိုယ်တိုင်က၊ ဓမ္မာစရိယတန်း ရောက်နေတဲ့ ရဟန်းလောင်းတစ်ပါး၊ သားသမီးများဖြစ်ကြတဲ့ မောင်စိုးစိုး + မဝေဝေမာတို့က ရဟန်းလောင်း ဓမ္မာစရိယတန်း ရောက်နေတဲ့ ရဟန်းလောင်းတစ်ပါး၊ အဲဒီလိုအားဖြင့် ပညာအဆင့်အားဖြင့် ဓမ္မာစရိယတန်းသို့ ရောက်နေကြပြီးဖြစ်တဲ့၊ သာမဏေဘဝနဲ့ ဓမ္မာစရိယတန်းရောက်နေတဲ့ ရဟန်းလောင်းသုံးပါးတို့ကို အသီးသီး တိစီဝရိက် ခါးပန်း သပိတ် ပရိက္ခရာများ ဆင်မြန်းပြီးတော့ ရဟန်းဘောင်ရောက် သွတ်သွင်းချီမြှောက်တဲ့ ဥပသမ္ပဒ ကံဆောင်မင်္ဂလာကြီးလဲ အောင်မြင်စွာကျင်းပခဲ့ပါပြီ၊ ထိုမှနောက်၌ တူရတနာ အမျိုးကောင်းသားလေး(၁၅)ဦးတို့အားလည်း ရှင့်ပရိက္ခရာ(၁၅)စုံ တန်ဆာဆင်မြန်း လှူဒါန်းပြီးတော့ ရှင်သာမဏေဘောင်အရောက် သွတ်သွင်းချီမြှောက်တဲ့ ပဗ္ဗဇ္ဇမင်္ဂလာကြီးကလည်း ကျင်းပပြုလုပ်ခဲ့ပါပြီ၊ ထိုမှတစ်ပါး ဘိက္ခုနီနှယ်ဝင်

သီလရှင်အဖြစ်သို့ ပို့ဆောင်ဖို့ တူမရတနာလေးနှစ်ဦးတို့ကိုလည်းပဲ သရဏဂုဏ် သုံးပါးနှင့် ရှစ်ပါးသီလ အမြဲထိန်းသိမ်းရတဲ့ နိယတသီလအဖြစ်နဲ့ ထိန်းသိမ်းရတဲ့ သီလရှင်ဘဝသို့ ပို့ဆောင်ခြင်းဆိုတဲ့ ပဗ္ဗဇ္ဇာရဂ်ပဗ္ဗဇ္ဇာကောင်းမှုမင်္ဂလာကြီးလဲ အောင်မြင်ခဲ့ပြီ၊

ထိုမှတစ်ပါး ဤရှမ်းကလေးကျွန်း ရွာဦးကျောင်း၌ ဝါကပ်တော်မူ၍ ပထမပဝါရဏာ ပြုထားသော သံဃာတော်အရှင်သူမြတ်တို့အားလည်းပဲ၊ ကထိန် ဥတ်သင်္ကန်းကြီးလို့ခေါ်တဲ့ နှစ်ထပ်သင်္ကန်းကြီးနှင့်တကွ၊ ကထိန်လျာအဖြစ်ဖြင့် အခြံအရံဖြစ်တဲ့ သီးမျိုးစုံတို့ကိုလည်း ဆက်ကပ်လှူဒါန်းပြီးတော့ ကထိန်မင်္ဂလာ ကောင်းမှုမင်္ဂလာတို့ကိုလည်းပဲ ကျင်းပပြုလုပ်ကြခြင်း၊ ထိုမှတစ်ပါး ရဟန်းခံ, ရှင်ပြု, သီလရှင်ဝတ်, ကထိန်းခင်းဆိုတဲ့ ဤမင်္ဂလာကို အကြောင်းပြုပြီး သကာလ၊ ဘုရားအမှူးရှိသော သံဃာတော် ပင့်သံဃာတော်(၃၂)ပါး အပါဝင် သံဃာတော်ရှင်သူမြတ်တို့အားလည်းပဲ မွန်မြတ်သော ဆွမ်းခဲဖွယ်ဘောဇဉ် ချိုချဉ်အရသာ အဖြာဖြာတို့ဖြင့် သဒ္ဓါပြဋ္ဌာန်း ဆက်ကပ်လှူဒါန်းကြခြင်း၊ ထိုမှတစ်ပါး ပင့်သံဃာတော် အရှင်မြတ်(၃၂)ပါးတို့အားလည်းပဲ သင်္ကန်းဒွိစုံ (၃၂)စုံ၊ ဖိနပ် (၃၂)ရံ၊ မျက်နှာသုတ်ပဝါ (၃၂)ထည်၊ ဓာတ်မီး (၃၂)လက်၊ မတ်ခွက် (၃၂)လုံး အစရှိသော ပဒေသာပင် သီးမျိုးစုံပဒေသာပင် (၃၂) ပင်တို့ဖြင့်လည်း၊ ဆက်ကပ်လှူဒါန်းသမှုကို ပြုကြခြင်း၊

ထိုမှတစ်ပါး ရှမ်းကလေးကျွန်းရွာရှိ ကလေးများရဲ့ ပညာရေးအထောက်အကူ ဖြစ်စေသောငှာ၊ ရှမ်းကလေးကျွန်းရွာ မူလတန်းကျောင်းကြီး ပြင်ဆင်နိုင်ဘို့ အတွက်၊ ငွေကျပ်(၁၀၀၀၀)တစ်သောင်းတို့ကို ပညာပါရမီကောင်းမှု တိုးပွားစိမ့် သောငှာ၊ လှူဒါန်းကော်ရော် ပူဇော်ကြခြင်း....တဲ့၊ အမရပူရ မဟာဂန္ဓာရုံ ကျောင်းတိုက် သံဃာတော်အရှင်သူမြတ်တို့ရဲ့ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါးအတွက်လည်း နဝကမ္မကျပ် (၁၀၀၀၀) တစ်သောင်း လှူဒါန်းပူဇော်ခြင်း၊ ဒီမှတစ်ပါး ယွ-ခုနကပြခဲ့တဲ့ အသက်ကြီး အဘိုး- အဖွားတို့ရဲ့ သီလ, သမာဓိ, ပညာဂုဏ်ကို အာရုံပြုပြီးတော့၊ အထူးသဖြင့် မိမိတို့ထက် အသက်သိက္ခာ ဂုဏ်ဝါကြီးတဲ့ဂုဏ်ကို အာရုံပြုပြီးတော့ သက်ကြီး

ပူဇော်သောအားဖြင့်လည်းပဲ၊ ဝတ်စားတန်ဆာများ စားဖွယ်သောက်ဖွယ်များ, လှူဖွယ်တန်းဖွယ်များ, ထောက်ပံ့ ပူဇော်ကြခြင်း, အသက်ငယ် ပေးကမ်းပူဇော်တဲ့ ကောင်းမှု မင်္ဂလာအဖြစ်နဲ့လည်း သက်ငယ်အမျိုးကောင်းသား အမျိုးကောင်း သမီးတွေ၊ လှူဖွယ်တန်းဖွယ် အသွယ်သွယ်တို့ဖြင့် ပေးကမ်းထောက်ပံ့ လှူဒါန်းပူဇော်ကြခြင်းမှစ နောက်ဆုံး ဖိတ်မန္တကပြုထားတဲ့ ပရိသတ်အပေါင်း သူတော်ကောင်းတို့အား သဒ္ဓါဖြူဖွေး ကျွေးမွေးညှော်ခံကြခြင်းလို့ အဲဒီ ကောင်းမှု ရတနာ မင်္ဂလာအမျိုးမျိုးကို ဒီနေ့ စောင်းကောက် မိသားစုတို့က လာရောက် ပြုလုပ်ကြတယ်၊

အဲဒီ ကောင်းမှုတွေထဲမှာ ကာလဒါနလို့ ခေါ်ဆိုရတဲ့၊ သူ့အချိန်နဲ့ သူ့အခါ၊ အချိန်မှီ အချိန်ကိုက်၊ အခါမှီ အခါကိုက်၊ ဖမ်းပြီးတော့ အားထုတ်ရတဲ့ ကောင်းမှုမင်္ဂလာကြီးက၊ ကထိန်ကောင်းမှုမင်္ဂလာကြီး၊ ရဟန်းခံမင်္ဂလာ တစ်နှစ် (၁၂) လရှိတဲ့ (၁၂) လလုံး ရဟန်းခံပေးကောင်းတယ်, ရှင်ပြုကောင်းတယ်, သီလရှင်ဝတ်လည်း ပြုကောင်းတယ်၊ အဲ ကထိန်ခင်းတယ်ဆိုတဲ့ ကောင်းမှု ကြတော့ တစ်နှစ်မှာ တစ်လ, တစ်လမှာ တစ်ကြိမ်, တစ်သိမ်မှ တစ်ခါ၊ သူက အချိန်မရွေးလုပ်လို့မရဘူး၊ တစ်နှစ်လုံးမှ တစ်လ၊ သီတင်းကျွတ် လပြည့်ကျော် (၁) ရက်နေ့က တန်းဆောင်မုန်းလပြည့်နေ့ထိအောင် တစ်လ၊ တစ်နှစ်မှာ တစ်လ, တစ်လမှာ တစ်ကြိမ်တခါ၊ ကထိန်ခင်းပြန်တော့လည်းပဲ၊ ဒီကျောင်းမှာ ကထိန်လှူတယ်ဆိုရင်၊ ဒီတစ်ကြိမ်ပဲလှူကောင်းတယ်၊ နောက်ထပ် ဒီကျောင်းထပ်ပြီးတော့ ကထိန်လှူလိုက်ဦးမယ် ခင်းလိုက်ဦးမယ်ဆိုပြီးတော့၊ ထပ်ခင်းချင် လှူချင်လို့မရဘူး၊ ဒါကြောင့် တစ်နှစ်မှာ တစ်လ, တစ်လမှ တစ်ကြိမ်, တစ်သိမ်မှ တစ်ခါ၊ အဲဒီကထိန်ကံကို သံဃာတော်အရှင်သူမြတ်တွေ သိမ်ထဲသွားပြီးတော့ ကံဆောင်ကြပြန်တော့လည်း၊ တစ်သိမ်မှ တစ်ခါ၊ အဲဒီလို ထူးထူးခြားခြား၊ အခါကာလသမယမိအောင်ပြုရတဲ့၊ ကထိန်ကံဆိုတဲ့ ကထိန် ကောင်းမှု မင်္ဂလာကြီးကိုလည်းပဲ ဒီနေ့–ယှဉ်တွဲပြီးတော့ ကြိုးပမ်းအားထုတ် နိုင်ကြတယ်.....တဲ့။

ဒီတော့ သင်္ကန်းအလှူတော့ သင်္ကန်းအလှူချင်းအတူတူပဲ၊ ရဟန်းခံ တော့လည်း သင်္ကန်းလှူရတယ်၊ ရှင်ပြုတော့လည်း သင်္ကန်းလှူရတယ်၊

သီလရှင်ဝတ်တော့လည်း သင်္ကန်း လှူပါတယ်၊ ကထိန်ခင်းတော့လည်း သင်္ကန်း လှူပါတယ်၊ ဒါပေမယ့်လို့ သင်္ကန်းအလှူချင်းတူပေမယ်လို့ အကျိုးကြီးပုံခြင်းက မတူကြဘူးတဲ့၊ ဒါကြောင့် **"သင်္ကန်းမှာကထိန်, ကျောင်းမှာသိမ်, ဘုရားမှာစိန်"** လို့ ရှေးကလူကြီးများက မှတ်တမ်းတင် ထားခဲ့ကြတယ်၊ **"ဘုရားမှာ စိန်, ကျောင်းမှာသိမ်, သင်္ကန်းမှာကထိန်"** တဲ့၊

ဘုရားများ တည်ထားကိုးကွယ် ပူဇော်ရတဲ့နေရာမှာ စိန်ဖူးတော်တင်လှူရတဲ့ သူက အမြတ်ဆုံးပဲ၊ သူသူ ကိုယ်ကိုယ် ဘုရားမှန်လှူတဲ့သူက လှူ, စောင်းတန်းလှူတဲ့ သူက လှူ, ဆင်းတုတော်လှူတဲ့သူက လှူ၊ အဲဒီ လှူကြတဲ့အထဲမှာ စိန်ဖူးတော် လှူရတဲ့သူက အမြတ်ဆုံး, အသာဆုံး၊ ဘာပြုလို့တုန်း အထွဋ်အမြတ် အလှူ–လှူရတာကတစ်မျိုး၊ အဲဒီစိန်ဖူးတော်ကို၊ အဝေးကနေပြီးတော့ နေရောင်နဲ့ လရောင်နဲ့ မီးရောင်နဲ့လှမ်းပြီးတော့ ဘုရားဆီလှမ်းပြီးတော့ တဖျပ်ဖျပ်, တဝင်းဝင်း, တလင်းလင်း, တလက်လက် တောက်ပနေတဲ့ အရောင်ကို မြင်လိုက်ရရင်၊ ဘုရားသတိရစေတယ်, တရားသတိရစေတယ်, သံဃာသတိရစေတယ်၊ ဘုရားအာရုံ, တရားအာရုံ, သံဃာ အာရုံ ထုံလာစေတတ်တယ်။ ဒါကြောင့် ကိုယ်တင်မကဘူး၊ ပတ်ဝန်းကျင် ရှိရှိသမျှ လူတွေ, နတ်တွေပါ၊ ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, ကုသိုလ်တရား ပွားစေတတ်တာမို့လို့ စိန်ဖူးအလှူတော်သည် အမြတ်ဆုံးအလှူ၊

သိမ်တဲ့–ကျောင်းဆောက်လှူတဲ့ အလှူတွေထဲမှာ သိမ်ကျောင်းဆောက် လှူတဲ့သူက အသာဆုံး၊ ကျောင်းဆိုတာ ကျင်ငယ်အိမ်လေး ဆောက်လှူ တာလည်း ကျောင်းပဲ၊ သံဃာနေကျောင်း, ဆွမ်းစားကျောင်း အမျိုးမျိုးဟာ ကျောင်းချည်းပဲ၊ အဆောက်အဦး အလှူမှန်သမျှ ကျောင်းချည်းပဲ၊ ဒါပေမယ်လို့ အဲဒီအထဲမှာမှ သိမ်ကျောင်းဆောက်ပြီး လှူနိုင်တဲ့သူက အသာဆုံး။ ဘာပြု လို့တုန်း သိမ်ဆိုတာ သာသနာ့အာဇာနည်တွေ ပေါက်ဖွားရာဌာနကြီး၊ ဒီသိမ် ကျောင်းဆောင်ထဲက၊ သာသနဓဇသိရီပဝရ ဓမ္မာစရိယ ဆရာတော်ကြီးတွေ ပေါက်ဖွားတယ်၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီးတွေ ပေါက်ဖွားတယ်၊ အဘိဓဇမဟာရဋ္ဌဂုရုဆရာတော်ကြီးတွေ ပေါက်ဖွားတယ်၊ သောတာပန်

ဆရာတော်တွေ၊ သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်တော်မူကြတဲ့ အရှင်သူမြတ်တွေ၊ ဒီသိမ်ထဲက ထွက်ကြရတယ်၊ ဒီသိမ်ထဲက ရဟန်းဖြစ်ကြရတယ်၊ ဒါကြောင့် သိမ်ဆိုတဲ့ ကျောင်းကြီးက သာသနာရဲ့ အရင်းမူလ ဘူတပဘာဝရဲ့ အခြေခံကြီး ဖြစ်လို့မို့ သိမ်ကျောင်း ဆောက်လှူရတဲ့အလှူသည် အသာဆုံး၊ ကျောင်း အလှူထဲမှာ သိမ်ကျောင်းဆောက်လှူတဲ့အလှူက သာတယ်တဲ့၊

ဒါကြောင့် **"ဘုရားမှာ စိန်, ကျောင်းမှာ သိမ်, သင်္ကန်းမှာ ကထိန်"** သင်္ကန်းအလှူထဲကြတော့ ကထိန်သင်္ကန်းအလှူက အသာဆုံး ခုနက ရဟန်းခံတော့လဲ သင်္ကန်းလှူတာပဲ၊ ရှင်ပြုတော့လည်း သင်္ကန်း လှူတာပဲ၊ သီလရှင်ဝတ်တော့လည်း သင်္ကန်းလှူတာပဲ၊ ဟိုကိစ္စ ဒီကိစ္စ အကြောင်း အားလျော်စွာ မင်္ဂလာဦးသင်္ကန်းအလှူ၊ ရှင်ပြု သင်္ကန်းအလှူနဲ့ လှူနေကြတဲ့ အထဲမှာဖြင့်၊ ကထိန်သင်္ကန်း လှူလိုက်ရတဲ့ သင်္ကန်းအလှူက အသာဆုံး၊ ဘာပြုလို့တုန်းဆိုတော့ လှူရတာကိုက သံဃိကလှူရတာမို့ တစ်ချက်၊ ကထိန်သင်္ကန်း ပုဂ္ဂလိကလှူရတာ မဟုတ်ဘူး သံဃိက သံဃာများကို အာရုံပြုပြီး လှူရတာ၊ အဲဒါအတွက်က တစ်ချက်သာသွားတယ်၊ ဒီထဲမှာမှ အရှားပါးဆုံး သင်္ကန်း အခေါင်းပါးဆုံး အနွမ်းနယ်ဆုံးပုဂ္ဂိုလ်ဆီ ရောက်သွားတာမို့လည်း မြတ်တယ်၊ ကထိန်သင်္ကန်းကို လှူလိုက်ရင် ဒီကထိန်သင်္ကန်းကို သံဃာတော် တွေက သိမ်ထဲ သွားပြီးတော့ ကမ္မဝါစာတ်နဲ့ ရွတ်ဖတ်ပြီးတော့၊ အရှားပါးဆုံး ပုဂ္ဂိုလ်ကို ပေးရတယ်။ သင်္ကန်းလိုနေတဲ့ ပုဂ္ဂိုလ်၊ သင်္ကန်းရှားပါးနေတဲ့ ပုဂ္ဂိုလ်ကို ပြည့်စုံစေတတ်လို့မို့လည်း သံဃိကလှူဒါန်းရတာမို့ သံဃာကို ရည်မှန်းပြီး လှူဒါန်းရတာမို့ ပုဂ္ဂလိကထက်သာလို့ မြတ်တယ်၊ သင်္ကန်း အရှားပါးဆုံးပုဂ္ဂိုလ်ကို ပြည့်စုံသွားစေတတ်တာမို့လို့လည်း မြတ်တယ်၊

ဒါတင်မကသေးဘူးတဲ့၊ ဒီသင်္ကန်းကို အလှူခံလိုက်ရတဲ့ သံဃာတော် အပေါင်းမှာ၊ သင်္ကန်းကိုသာမက ဆုလာဘ်ကြီးငါးမျိုးကိုလည်းပဲ ထပ်ပိုးပြီးရကြ တာမို့ မြတ်တယ်....တဲ့။ ခုနက ဒကာ ဦးချစ်ဆွေတို့ ဒကာမဒေါ်မိမိခင်တို့ ကထိန်သင်္ကန်းကြီး ထပ်ပြီးတော့ကပ်ကြတော့ ဒီကျောင်းတိုက်သံဃာ

ရည်မှန်းပြီးကပ်ကြတော့၊ လက်ထဲကိုင်ထားတာကတော့ သင်္ကန်းပဲမြင်ရတယ်၊ မျက်စိနဲ့မမြင်ရပဲနဲ့ ဉာဏ်နဲ့ကြည့်မှ မြင်ရတဲ့ အလှူထုတ်ကြီးငါးမျိုးက ထပ်ပိုးပြီး ပါသွားတယ်....တဲ့၊ သံဃာတော် အရှင်သူမြတ်တွေမှာ ဒီသင်္ကန်းကို ရလိုက်သည်နှင့် တစ်ပြိုင်နက် ဒီကျောင်းတိုက်မှာ ဝါကပ်တော်မူကြတဲ့ သံဃာတော်တွေ ကထိန်အာနိသင်ကိုရကြတဲ့ သံဃာတော်တွေမှာ သင်္ကန်း ကိုသာမက၊ သင်္ကန်းမှတစ်ပါး အခြားသော လှူဖွယ်ဝတ္ထုပစ္စည်းကြီး ငါးမျိုးကိုလည်းပဲ ထပ်ပိုးပြီးတော့ရကြတယ်။

အဲဒီငါးမျိုး ဘာငါးမျိုးတုန်းဆိုတော့ **"ကထိန်အကျိုးငါးပါးလို့ခေါ်တဲ့ အကျိုးထူးတရားကြီးငါးပါးရသွားတယ်"**၊ အဲဒီ အကျိုးထူးတရားကြီးငါးပါးက ဘာတွေတုန်းလို့ သိချင်ရင်၊ အဲဒီအကျိုးထူး ကြီးငါးပါး သံဃာတော်တွေရအောင် လုပ်ပေးသဖြင့်၊ ကထိန်လှူတဲ့ ဒကာ–ဒကာမတွေမှာလည်း တန်ပြန်ပြီးတော့ တာထိုးပြီးတော့ရတဲ့ အကျိုးကြီးငါးပါးရှိတာမို့လို့၊ မိမိတို့ရတဲ့ အကျိုးကနေပြီး တော့တာ ထိုးပြီးကြည့်တတ်မှ သံဃာတော်တွေရတဲ့အကျိုးကို သဘောပေါက်မှာ ဖြစ်လို့မို့၊ ကထိန်ဒကာ, ကထိန်ဒကာမတွေရကြတဲ့ အကျိုးထူးတရားကြီး တရားငါးပါးက စပြီးတော့ ပြောရမယ်ဆိုရင်။

## ❖ ကထိန်လှူရ. မြတ်ဖလ၊ မှတ်ကြပါလေ. ငါးမျိုးပေတဲ့။

ကထိန်လှူဒါန်းရခြင်းကြောင့် ကထိန်ဒကာ, ကထိန်ဒကာမတွေ မှာ ရကြတဲ့ အကျိုးထူးကြီးတရားငါးပါးရှိတယ်၊ "ကထိန်လှူရ. မြတ်ဖလ၊ မှတ်ကြပါလေ ငါးမျိုးပေ"၊ ကထိန်လှူရတဲ့ ဒကာ–ဒကာမတွေမှာ အကျိုးထူးတရားကြီးငါးပါး ပြန်ရမယ်တဲ့၊ ဘာပြုလို့တုန်းဆိုတော့–သူက သင်္ကန်းကိုလှူရင်းနဲ့ သံဃာတော် တွေကို အကျိုးထူးကြီးတရားငါးပါးကိုပါ အလှူခံလို့ သင်္ကန်းလှူလိုက်သည်နှင့် တစ်ပြိုင်နက် ပါသွားတဲ့ အကျိုးထူးတရားကြီးငါးပါးက သံဃာတော်တွေကို လှူပြီးသားဖြစ်နေလို့၊ ကထိန်ဒကာ, ကထိန်ဒကာမတွေမှာလည်း ပြန်ပြီးတော့ အဲဒီအကျိုးထူး ကြီးငါးပါးကို ပြန်ရကြတယ်၊

အဲဒါ သိစေချင်လို့၊ **"ကထိန်လှူရ မြတ်ဖလ, မှတ်ကြပါလေ. ငါးမျိုးပေ"**၊ အဲဒီငါးမျိုးကဘာတုန်း ဒကာ–ဒကာမတွေရတာ ဘာတုန်းဆိုတော့ **"မပန်မကြား မခစား, လာသွား နိုင်ပေ ရပ်ထွေထွေ"** တဲ့ ကထိန်လှူဒါန်းလေ့ရှိတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ သံသရာစခန်း မဂ်ဖိုလ်နိဗ္ဗာန်သွားလမ်းမှာ သူများထက်ထူးခြားတဲ့ အကျိုးထူးတရားကြီး ဘာရတတ်တုန်းဆိုတော့ **"မပန်မကြား မခစား, လာသွားနိုင်ပေ ရပ်ထွေထွေ"** ကိုယ်နေတဲ့ နေရာဒေသကနေပြီးတော့ တခြားတစ်ပါးသွားချင်ရင်, တစ်စုံတစ်ခု လုပ်ချင်ရင်, သူများကို ပန်ပြောရ, တိုင်တောရ, ခွင့်တောင်းရ ဆိုတာတွေ မရှိပဲနဲ့ ကိုယ်စိုး ကိုယ်ပိုင် သွားနိုင်, လာနိုင်, ပြုနိုင်, ကိုင်နိုင်, လုပ်နိုင်ခြင်းဆိုတဲ့ အကျိုးထူးကြီးကို ရကြတယ်တဲ့၊ သူတစ်ပါးတွေထံ ခွင့်ပန်မနေရဘူး၊ ကိုယ်သွားလိုရာ လွတ်လွတ်လပ်လပ် သွားနိုင်တယ်၊ သူတစ်ပါးတွေကို တိုင်တောပြီးတော့ လုပ်မနေရဘူး ကိုယ်လုပ်လိုရာကို ကိုယ်စိုး ကိုယ်ပိုင်လုပ်နိုင်တယ်၊ သူများခွင့်မပန်ရဘူး, သူများတိုင်တော မနေရဘူး ဆိုကတည်းက ဣဿရိယဂုဏ်နဲ့ ပြည့်စုံတယ်ဆိုတာ သိသာနေပြီ၊ သူဖြစ်တဲ့ နေရာမှာ သူဟာအကြီးဆုံး၊ သူနေတဲ့နေရာမှာ သူဟာ အာဏာအပိုင်ဆုံး၊ သူရောက်နေတဲ့ဘုံဘဝမှာ သူဟာအသာဆုံး, ထိပ်ဆုံး က ရောက်နေပြီဆိုတော့ သိသာသွားတာပေါ့၊

အဲဒါကြောင့် **"မပန် မကြား မခစား, လာသွားနိုင်ပေ ရပ်ထွေထွေ"** တဲ့၊ ဘယ်ကိုသွားချင် သွားချင် သူများတိုင်တောမနေရဘူး၊ ပန်ပြောမနေရဘူး၊ သူများကို ခွင့်ပန်မနေရဘူး၊ အဲဒီကတည်းက သူဟာ အောက်တန်းမဟုတ်တော့ဘူး၊ အထက်တန်းရောက်နေပြီ၊ အာဏာတန်ခိုး ပိုင်စိုးနေပြီ၊ အဲဒီအပြင် ဣဿရိယဂုဏ်နဲ့ ပြည့်တဲ့အဖြစ်ကို သိသာနိုင်တာပေါ့၊ အဲဒါ ဘာပြုလို့ တုန်းဆိုတော့ သူက သံဃာတော်တွေကို သင်္ကန်းလှူတုန်းက သံဃာတော်တွေကို ပန်ပြောသွားရတဲ့အဖြစ်ကြီးမှ လွတ်လပ်အောင် ပြုပေးခဲ့တယ် ....တဲ့။

ဘုန်းကြီးတို့ သံဃာတော်တွေမှာ ဝိနည်းကံကြီး တစ်ခုရှိတယ်၊ ရွာထဲ, မြို့ထဲသွားချင်လို့ရှိရင် မိမိအထက် ကြီးတဲ့ပုဂ္ဂိုလ်တွေကို ပန်ပြောရခြင်း, သို့မဟုတ်

အနီးနားမှာရှိတဲ့ သီတင်းသုံးဖော် အချင်းချင်း ပန်ပြောသွားရတယ်၊ မပန်ပြောပဲ သွားရင် အာပတ်သင့်စေလို့ ဘုရားက အမိန့်ထုတ်ထားတာ တစ်ခုရှိတယ်၊ အဲဒါ.....ဟော ဒီကထိန် သင်္ကန်း အလှူခံရတဲ့အချိန်ကစပြီးတော့၊ တပေါင်းလပြည့်တိုင်အောင် ငါးလအတွင်းမှာ၊ ကထိန်အာနိသင်ရတဲ့အနေနဲ့ သံဃာတော်အရှင်သူမြတ်တွေ သွားလိုတဲ့နေရာကို သွားတဲ့နေရာမှာ မပန်မပြော သွားရခြင်းကြောင့် ဝိနည်းအာပတ် သင့်ခြင်းမရှိပဲ၊ ဝိနည်းပြစ် လွတ်ကင်းခြင်းဆိုတဲ့ အကျိုးကိုရကြပါတယ်။ ဒါ သံဃာတော်တွေရသွားတဲ့အကျိုး၊ ဒီသင်္ကန်းကို ကထိန်သင်္ကန်းအဖြစ်နဲ့ အလှူခံပြီးတော့ ကထိန်ခင်းပြီးလို့ အာနိသင်ရတဲ့ အချိန်ကစပြီးတော့၊ တပေါင်းလပြည့်တိုင်အောင် ငါးလလောက်အတွင်းမှာဖြင့်၊ မပန်မပြောပဲနဲ့ သွားခြင်းကြောင့် ခါတိုင်းသင့်နေကျ ဝိနည်းအပြစ်တွေ မသင့်တော့ပဲနဲ့၊ ချမ်းချမ်းသာသာ သီလ သိက္ခာပြည့်စုံစွာနဲ့ နေရခြင်းဆိုတဲ့အကျိုးကို ရဟန်းသံဃာတော်တွေ ရကြတယ်။ အဲဒီ မပန်မပြောပဲနဲ့ သွားနိုင်ခြင်းဆိုတဲ့ အကျိုးကို ကထိန်ဒကာတွေက ပေးရာရောက်တယ်တဲ့၊ ကထိန်ဒကာတွေက လှူလိုက်ရာ ရောက်တယ်၊

ဒါကြောင့် မိမိတို့မှာလည်းပဲ ဖြစ်လေရာဘဝကျတော့ **"မပန်မကြား မခစား, လာသွားနိုင်ပေ ရပ်ထွေထွေ"** ဒီအကျိုးထူးကြီး ပြန်ရတယ်၊ ဒါလေးကို သတိရအောင် (၂)ခေါက် (၂)ခေါက် လိုက်ဆို ရအောင်။။

❖ **ကထိန်လှူရ. မြတ်ဖလ၊ မှတ်ကြပါလေ. ငါးမျိုးပေ။**
**မပန်မကြား. မခစား၊ လာသွားနိုင်ပေ. ရပ်ထွေထွေ။**
**ကိုယ်ပိုင်ဥစ္စာ. ထားလိုရာ၊ ထားပါလျှက်ပေ. ရန်ကင်းချေ။**

ကထိန်လှူလေ့ရှိတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးများ ဖြစ်လေရာဘဝသံသရာစခန်း မဂ်ဖိုလ်နိဗ္ဗာန်သွားလမ်းမှာ၊ ရရှိနိုင်တဲ့ ဒုတိယအကျိုးထူးကြီးက **"ကိုယ်ပိုင်ဥစ္စာ. ထားလိုရာ၊ ထားပါလျှက်ပေ. ရန်ကင်းချေ"**.....တဲ့၊ ကိုယ်ပိုင်ဥစ္စာပစ္စည်း အကြောင်းအားလျော်စွာ အရောင်းအဝယ်လုပ်ခြင်းဖြင့်သော်လည်းကောင်း လယ်ယာကိုင်းကျွန်းကြောင့်သော်လည်းကောင်း၊ သွားရင်းလာရင်းနဲ့

ကိုယ်ပိုင်ဥစ္စာပစ္စည်းလေး ဟိုရွာ အပ်ထားခဲ့, ဒီရွာ အပ်ထားခဲ့, ဟိုနားထားခဲ့, ဒီနားထားခဲ့, ကိုယ့်ရွာထဲကိုပင်ဖြစ်လင့်ကစား၊ အရှေ့အရပ်ကလူက အနောက်အရပ် ခဏထားခဲ့ရတာရှိတယ်၊ အနောက်အရပ်ကလူက အရှေ့အရပ်ထားခဲ့ရတာ ရှိတယ်စသည်ဖြင့်၊ အဲဒီလိုထားခဲ့ရတဲ့ ပစ္စည်းတွေမှန်သမျှ **"ကိုယ်ပိုင်ဥစ္စာ. ထားလိုရာ၊ ထားပါလျှက်ပေ. ရန်ကင်းချေ"**၊ အဲဒီ ပစ္စည်းတွေ ရန်သူမျိုးငါးပါး အဖျက်ဆီးမခံရဘဲနဲ့ ခိုင်ခိုင်, တည်တည်, တန့်တန့်, ခိုင်ခိုင်မတ်မတ်ပြန်ပြီးရခြင်း, သုံးစွဲရခြင်းဆိုတဲ့ အကျိုးကို ရတယ်တဲ့၊

တချို့ ကိုယ်ပိုင်ဥစ္စာပစ္စည်းလေး ဟိုမြို့အပ်ထားခဲ့တာ မီးလောင်လို့ပါသွား ပျက်စီးပါရော၊ ဒီနားထားခဲ့တဲ့ ပစ္စည်းကလည်း ရေမျောတဲ့အထဲ မျောသွားလို့၊ ဒီဘက်နားထားတဲ့ ပစ္စည်း ကလည်း ခြတွေစားတာနဲ့ ပျက်စီးလို့တဲ့စသည်ဖြင့်၊ ကိုယ်ပိုင်ဥစ္စာပစ္စည်းလေးတွေ၊ ဟိုနားဒီနားထားတဲ့ ပစ္စည်းလေးတွေ၊ ပျက်စီးလို့ ဖျက်ဆီးခံရတယ်၊ အဲဒီ ကထိန်းလှူလေ့ရှိတဲ့ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတို့မှာ၊ ကိုယ်ပိုင်ပစ္စည်း ဥစ္စာပစ္စည်း ဘယ်နားပဲထားထား မီးလောင်လို့ ပျက်စီးခြင်း, ရေမျောလို့ ပျက်စီးခြင်း, သူခိုးဓားပြလုယက်လို့ ပျက်စီးခြင်း, ပိုးမွှားတိရစ္ဆာန်ဖျက်ဆီးလို့ ပျက်စီးခြင်း, သဘာဝဘေးဒဏ် ဖျက်ဆီးလို့ ပျက်စီးခြင်းမရှိပဲ၊ **"ကိုယ်ပိုင်ဥစ္စာ. ထားလိုရာ၊ ထားပါလျှက်ပေ. ရန်ကင်းချေ"**။ ရန်မာန်အန္တရာယ်ကင်းပြီးတော့ ကိုယ့်ပစ္စည်းကိုယ်သွားယူတဲ့အချိန်၊ အချိန်မရွေးပြန်ပြီးတော့ ရတတ်တယ်တဲ့၊ အဲဒီအကျိုးကို ရကြတယ်၊ ဘာပြုလို့တုန်းဆိုတော့ သံဃာတော်တွေကို ကထိန်သင်္ကန်း လှူရင်းနဲ့ သူက၊ သံဃာတော်တွေ သူတို့ပစ္စည်း ထားလိုရာထားပြီးတော့၊ ဘာအပြစ်မှမသင့်အောင် ပြုပေးခဲ့ဖူးလို့၊

ဘယ်လိုပြုပေးခဲ့တာတုန်းဆိုတော့၊ ဘုန်းကြီးတို့သံဃာတော်တွေမှာ၊ တိစီဝရိက်ခေါ်တဲ့ ခါးမှာ ဝတ်တဲ့ သင်းပိုင်, ကိုယ်မှာရန်းတဲ့ သင်္ကန်း, အပေါ်ကခြုံတဲ့ နှစ်ထပ်သင်္ကန်းကြီးဆိုတဲ့ တိစီဝရိတ်ဓုတင်ဆောင်တဲ့ ရဟန်းတော်များ၊ အဲဒီ တိစီဝရိတ်ဓုတင်ဆောင်တဲ့ ရဟန်းတော်များဟာ

ကိုယ်သွားရာ ဒီသုံးထည် အမြဲယူပြီး သွားရတယ်၊ ဘယ်မှမထားခဲ့ရဘူး၊ အထူးသဖြင့် ညအိပ် ညနေသွားရင် ခွဲမနေရဘူး ယူသွားရတယ်၊ သွားရာ ပါစေရတယ်၊ မပါရင် အပြစ်သင့်တယ်၊ အာပတ်သင့်တယ် ဘုရားက ပညတ်ထားတယ်၊

အဲ....ကထိန်သင်္ကန်းအလှူခံရလို့ ကထိန်အာနိသင်ရတဲ့ အတွင်းမှာ ကျတော့ ဒီနေ့ကစပြီးတော့၊ အဲဒီ ရမ်းကလေးကျွန်း ရွာဦးကျောင်းဆရာတော် သံဃာတော်တွေမှာ၊ ဒီကနေ့ကစပြီးတော့ တပေါင်းလပြည့်တိုင်အောင် ငါးလအတွင်းမှာ၊ အဲဒီ ကိုယ်ပိုင်ဖြစ်တဲ့ နှစ်ထပ်သင်္ကန်းကြီးကို သော်လည်းကောင်း, သင်းပိုင်ကိုသော်လည်းကောင်း, ကောသီကိုသော်လည်းကောင်း, ကိုယ်သွားရာ ယူမသွားပဲနဲ့ ထားချင်ရာထားခဲ့တဲ့၊ ဝိနည်းပြစ်မသင့်ခြင်းဆိုတဲ့အကျိုးကို ရကြပါတယ်၊ နှစ်ထပ်သင်္ကန်းကြီး ဒီပြင်ထားခဲ့ပြီးတော့ ရမ်းကလေးကျွန်း ဆရာတော်က မန္တလေးထသွား၊ ကိစ္စမရှိဘူး၊ ဘာအပြစ်မှ မသင့်ဘူး၊ ဘာဝိနည်း အပြစ်မှ မသင့်ဘူး၊ အပြစ်လွတ်တယ်။ အဲဒီ အပြစ်လွတ်ခြင်းဆိုတဲ့အကျိုးကို ကထိန်အာနိသင်ကြောင့် ရပါတယ်၊ ကထိန်အလှူခံရလို့ ရပါတယ်၊

ဒါကြောင့် ကထိန်ကို လှူဒါန်းကြတဲ့ ဒကာ-ဒကာမများက သံဃာတော် အရှင်သူမြတ်တွေကို၊ ကိုယ်ပိုင်ဥစ္စာပစ္စည်းတွေ ထားလိုရာထားခဲ့သော်လည်းပဲ ဘာအပြစ်မှ မသင့်အောင်, မပျက်မစီးအောင်, စောင့်ရှောက်ပေးရာရောက်လေ သောကြောင့်၊ မိမိတို့မှာလည်းပဲ သံသရာစခန်း မဂ်ဖိုလ်နိဗ္ဗာန်သွားလမ်းမှာ၊ ဆိုလိုက်စမ်းပါ့။—

**❖ ကိုယ်ပိုင်ဥစ္စာ, ထားလိုရာ၊ ထားပါလျက်ပေ, ရန်ကင်းချေ။**
**ဝတ်စားဖုံဖုံ, လွှန်ပြည့်စုံ၊ ကုံလုံကျက်သရေ, လက်လက်ဝေ။**

အဲ....ဖြစ်လေရာဘဝသံသရာစခန်း မဂ်ဖိုလ်နိဗ္ဗာန်သွားလမ်းမှာ ကထိန် လှူလေ့ရှိတဲ့ ဒကာ-ဒကာမများ၊ အဝတ်စားအဖုံဖုံနဲ့ အဝတ်စား တန်ဆာအဖုံဖုံနဲ့ ပြည့်စုံတဲ့အကျိုးကိုလည်း ရကြတယ်တဲ့၊ ဘာပြုလို့တုန်းဆိုတော့—ကထိန်

အလှူက အဝတ်စားတန်ဆာအလှူကို၊ နှစ်ထပ်သင်္ကန်းကြီးကို လှူလိုက်တယ် ဒါအဝတ်အလှူပဲ၊ နှစ်ထပ်သင်္ကန်းကြီး လှူလိုက်သည်နဲ့တစ်ပြိုင်နက် ကထိန်အရံ အဖြစ်နဲ့ အခုပစ္စည်းပရိက္ခရာတွေစုံလို့၊ ဝတ်စားတန်ဆာတွေရော၊ အရံသံဃာ တွေလည်း သင်္ကန်း (၃၂) စုံ၊ တဘက်တွေ၊ ဝတ်ထည်ဖျဉ်စဉ်းတွေ အထူးသဖြင့် ရကြတယ်၊

ဒီကထိန်ခံကြတဲ့ ကျောင်းသံဃာတော် အရှင်သူမြတ်တွေမှာလည်းပဲ၊ တဘက်တို့၊ သင်္ကန်းတို့၊ စောင်တို့၊ အိပ်ရာခင်းတို့ကစ၊ ဝတ်ထည် ဖျဉ်စဉ်းတွေအဖုံဖုံ အပြည့်အစုံရကြတယ်၊ ဒါကြောင့် ဝတ်ထည် ဖျဉ်စဉ်းကို လှူတဲ့အတွက်၊ ကထိန်သင်္ကန်းလှူတဲ့ အလှူရှင်တွေမှာ၊ အဝတ်ထည်ဖျဉ်စဉ်းကို အဓိကထားပြီးတော့ လှူဒါန်းကြတာမို့လို့၊ ဖြစ်လေရာ ဘဝသံသရာစခန်း မဂ်ဖိုလ်နိဗ္ဗာန်သွားလမ်းမှာ၊ ဝတ်ထည်ဖျဉ်စဉ်းနဲ့ ပြည့်စုံခြင်းဆိုတဲ့ အကျိုးကို အလှူ့ဒကာတွေက ပေးခဲ့တယ်။

ဘုန်းကြီးတို့ သံဃာတော်တွေမှာ ဝိနည်းကံကြီးတစ်ခုရှိတာက၊ ကိုယ် ရလာတဲ့သင်္ကန်း၊ ခါးမှာဝတ်ထားတဲ့သင်းပိုင်၊ ကောသီ၊ နှစ်ထပ်သင်္ကန်းကြီးအပြင် နောက်ထပ် သင်္ကန်းတစ်စုံရပြီဆိုရင် ဆယ်ရက်အတွင်း ဝိနည်းကံတစ်ခုခု ပြုရင်ပြု၊ မပြုလို့ရှိရင် အာပတ်သင့်တယ်၊ မဝတ်ကောင်းတဲ့သင်္ကန်းကြီး ဖြစ်သွားတယ်၊ ဟော.....ကထိန်အခင်းခံရလို့၊ ကထိန်အလှူခံရလို့၊ ကထိန်အာနိသင်ရနေတဲ့ တပေါင်းလပြည့်အတွင်းမှာကြတော့၊ နောက်ထပ် သင်္ကန်းတွေ တစ်စုံမက ဆယ်စုံရချင်ရ၊ အစုံတစ်ရာရချင်ရ၊ အစုံတစ်ထောင် ရချင်ရ၊ ဘာဝိနည်းကံမှမပြုပဲနဲ့ ဒီအတိုင်းထားကောင်းတယ်၊ ထားတဲ့အတွက် ဘာပြစ်မှုမသင့်ဘူး၊ သင်္ကန်းတွေပြန်ပြီးတော့ ဝတ်ကောင်းတယ်၊ ဝတ်လို့ဖြစ်တယ်၊

ဒီတော့ အဝတ်စားတန်ဆာတွေ လိုသလောက်ထားပြီးတော့၊ ဒီ လိုသလောက် ဝတ်နိုင်ခြင်းဆိုတဲ့ အကျိုးတွေ သံဃာတော်တွေ ရသွားအောင်၊ ကထိန်ဒကာ၊ ကထိန်အမတွေက ပြုခဲ့ရာရောက်လေသောကြောင့်၊ မိမိတို့မှာ လည်းပဲ ဖြစ်လေရာ ဘဝသံသရာ မဂ်ဖိုလ်နိဗ္ဗာန်သွားလမ်းကြီးမှာ၊ ဆိုလိုက်စမ်းပါ။—

## ❖ ဝတ်စားဖုံဖုံ, လွန်ပြည့်စုံ၊ ကုံလုံကျက်သရေ. လက်လက်ဝေ၊ မန္တာန်အပင်း. ပြစ်မျိုးကင်း၊ သန့်ရှင်းစာရေ. ရန်မျိုးတွေ။

ကထိန်သင်္ကန်းလှူဒါန်းလေ့ရှိတဲ့ အမျိုးကောင်းသား, အမျိုးကောင်း သမီးများမှာ (၄) နံပါတ်ရနိုင်တဲ့ အကျိုးထူးကြီးက၊ မိမိကိုယ်မလို တမာသူတွေက မလိုမုန်းထားသဖြင့်၊ မန္တာန်တွေစုတ်ပြီးတော့ အစာကျွေး, ဂါထာတွေစုပ်ပြီးတော့ အစာကျွေး, အပင်းတွေသွင်းပြီးတော့ အစာကျွေး, အဆိပ်တွေခပ်ပြီးတော့ အစာကျွေးသော်လည်းပဲ၊ မအောင်မြင်ခြင်းဆိုတဲ့ ဆုလာဘ်, အောင်မြင်မှုမရှိခြင်း ဆိုတဲ့ ဆုလာဘ်, မန္တာန်အသွင်း မန္တာန်အစုပ်, ဂါထာစုပ် ဂါထာသွင်း, အပင်းသွင်း, အဆိပ်သွင်းခြင်းဆိုတဲ့ အမှုကိုလည်းပဲ မပြုနိုင်ခြင်းဆိုတဲ့ဆုလာဘ်၊ ပြုသော်လည်းပဲ မအောင်မြင်ခြင်းဆိုတဲ့ဆုလာဘ်ကြီးနဲ့ ပြည့်စုံတယ်တဲ့၊

မလိုမုန်းထားတဲ့သူတွေက ကိုယ့်ကို မန္တာန်တွေနဲ့စုပ်ပြီးတော့ အစာတွေ ကျွေး, ကိုယ်စားလိုက်ရင် မန္တာန်တွေ အကုန်ပြယ်ပြီးတော့ အကောင်း ပကတိပြန်ဖြစ်၊ အပင်းတွေသွင်းပြီးတော့ အစာတွေကျွေး သူသွင်းလိုက်တဲ့ အပင်းတွေ မအောင်မြင်ပဲနဲ့ ကိုယ်စားလိုက်တဲ့ အခါကျတော့ အကောင်း တွေပြန်ဖြစ်၊ အဲလိုအားဖြင့် အဆိပ်တွေဘာတွေခပ်ပြီးတော့ ကျွေးသည့် တိုင်အောင်တောင် အဲဒီအဆိပ်ဟာ အဆိပ်ပြယ်ပြီးတော့ အန္တရာယ်ကင်းသွားစေ တတ်တဲ့ သတ္တိမျိုးတွေနဲ့ ပြည့်စုံတယ်....တဲ့။ အဲဒါ ဘာပြုလို့တုန်းဆိုတော့ သံဃာတော်အရှင်သူမြတ်တွေကို ကထိန်သင်္ကန်း လှူတုန်းက၊ သံဃာတော် တွေကို အစာရေစာနဲ့ ပတ်သက်ပြီးတော့၊ အဆိပ်မသင့်အောင် ပြုခဲ့ဘူးလို့၊ အပင်းမသင့်အောင် ပြုခဲ့ဘူးလို့၊ ဘယ်လို အဆိပ်မသင့်အောင်, အပင်းမသင့် အောင် ပြုခဲ့တာတုန်းဆိုတော့၊

ဘုန်းကြီးတို့ သံဃာတော်အရှင်သူမြတ်တွေမှာ ဝိနည်းကံကြီး တစ်ခု ရှိတယ်၊ ဆွမ်းစားလာပင့်တဲ့ သူတွေက အပင့်မတတ်တဲ့စကားနဲ့ ပြောပြီးတော့ ပင့်ရင်၊ ဘုန်းကြီးတို့ လိုက်မစားကောင်းဘူး၊ လိုက်စားရင် ဝိနည်းအပြစ်တွေ သင့်တယ်၊ အပင်းသင့်သလိုပဲ, အစာတွေဟာ အဆိပ်သင့်သလိုပဲ, အာပတ်တွေ သင့်ကုန်တယ်၊

မပင့်တတ်တဲ့သူတွေက ပင့်နည်းဆိုတာ ရပ်သုံးရွာသုံးနဲ့ လာပြီးတော့ပင့်တာ၊ ဘုန်းတော်ကြီး တစ်ပါး ဆွမ်းစားလာပင့်တာ မပင့်တတ်တဲ့လူက အရှင်ဘုရား တပည့် တော်တို့အိမ် နက်ဖန်ခါ ထမင်းစားလာခဲ့ပါလို့ပင့်ရင်၊ ဟောဒါ– သာသနာသုံး ဝိနည်းသုံးမဟုတ်တော့ဘူး အရပ်သုံးကြီးနဲ့ သူကပင့်တယ်၊ အရှင်ဘုရား တပည့်တော်တို့အိမ် ထမင်းစားကြွခဲ့ပါ, ငါးကြော်စား ကြွခဲ့ပါ, မုန့်ဟင်းခါးစား ကြွခဲ့ပါ, မုန့်တီစား ကြွခဲ့ပါ လူသုံးတွေနဲ့ ပင့်နေရင် သံဃာတော်တွေ လိုက်မစားကောင်းပါ၊ ဖွတ်လိုက်စားရင် အာပတ်သင့်မယ်, အပြစ်သင့်မယ်၊ အာပတ်သင့်တယ် အပြစ်သင့်တယ်ဆိုတာ၊ မစားကောင်းတဲ့ အစာကြီး စားလိုက်တိုင်း, စားလိုက်တိုင်း လည်ချောင်းထဲ မျိုလိုက်တိုင်း, မျိုလိုက်တိုင်း။ ဒုက္ကဋ်, ဒုက္ကဋ်, ဒုက္ကဋ်, ဒုက္ကဋ်, အာပတ်, အာပတ်, အာပတ်, အာပတ်တွေသင့်နေတာ အဆိပ်သင့်နေတာနဲ့ အတူတူပဲ၊ အပါယ်ငရဲ ကျတော့မယ်၊ ဒီ အာပတ်ကြောင့် အပါယ်ငရဲထိအောင် ကျရောက်သွားတော့မှာမို့လို့ အဆိပ်သင့်တဲ့ အစာစားရတာမှ တစ်ဘဝတည်းသေတယ်၊ အာပတ်သင့်တဲ့ အစာတွေစားရတာက ဘဝများစွာသေရတယ်၊

ဒါကြောင့် ဝိနည်းကို နားမလည်၊ အပင့်ဖိတ်ကို နားမလည်တဲ့ ဒကာတွေက၊ တပည့်တော်တို့အိမ် ထမင်းစား လာခဲ့ပါ, ငါးကြော်စား လာခဲ့ပါ, မုန့်တီစား လာခဲ့ပါစသည်ဖြင့် ပင့်ပြီဆိုရင်–သာသနာတော်သုံး ဝိနည်းသုံးနဲ့ ပင့်တာမဟုတ်လို့ လိုက်မစားရဘူးတဲ့၊ မြတ်စွာဘုရားက အဲ ဘယ်လိုပင့်မှတုန်း၊ ဆွမ်းဘုဉ်းပေး ကြွတော်မူပါ ဆွမ်းဆိုတဲ့စကားလုံးလေးပါအောင် ထည့်ပြီးတော့ပင့်ရင် လိုက်စားစေ၊ ငါ့သားတော်ကြီးများ အပြစ်မသင့်ဘူးတဲ့၊ အဲဒီလိုမဟုတ်ပဲနဲ့ နားမလည် ပါးမလည်တဲ့ သူတွေကပင့်တဲ့ ဝိနည်းလွတ်ပြီးတော့ပင့်တဲ့ အစာရေစာ လိုက်စားရင်တော့၊ အာပတ်တွေသင့်ပြီ၊ အာပတ်တွေသင့်တာဟာ သံတွေ, ခဲကြီးတွေ မျိုလိုက်ရသလိုပဲ၊ အဆိပ်တုံးကြီးတွေ မျိုလိုက်ရသလိုပဲ၊ အပင်းသွင်းအစာတွေ စားလိုက်ရသလိုပါပဲတဲ့....။ နောက်ဘဝမှာဖြင့် အပါယ်ငရဲနဲ့ နီးစပ်တယ်၊ ဒါကြောင့် သံဃာတော်အရှင်သူမြတ်တွေမှာ မပင့်တတ်, မဖိတ်တတ်တဲ့သူတွေက ပင်ဖိတ်မှုကြောင့် အပြစ်မလွတ်တဲ့ အစာတွေဟာ အပင်းသွင်းတဲ့အစာတွေနဲ့ တူကြတယ်၊ အဆိပ်သင့်တဲ့ အစာတွေနဲ့ တူကြတယ်....တဲ့။

အဲ–အခု ကထိန်အာနိသင်ရထားတဲ့ အတွင်းကျတော့၊ အခု ဒကာ ဦးချစ်ဆွေတို့ ဒကာမဒေါ်မိမိခင်တို့က ကထိန်ခင်းလိုက်လို့ တပေါင်းလပြည့် တိုင်အောင် ကထိန်အာနိသင် ဒီကျောင်းက သံဃာတော်တွေရထားတဲ့ အတွင်းကျတော့၊ ယခုန ပြောခဲ့တဲ့ နားမလည်, ပါးမလည်တဲ့လူက၊ ထမင်းစားလာခဲ့ပါဆိုလဲ လိုက်စားတော့ ကိစ္စမရှိဘူး, အပြစ်မသင့်တော့ဘူး, နားမလည်လို့ မုန့်စားလိုက်ခဲ့ပါလို့ ကလေးကလာခေါ် လိုက်သွားတော့လဲ၊ အပြစ်မဖြစ်တော့ဘူးဆိုတာ အပင်းမသင့်သလို အဆိပ်မသင့်တော့သလို ဖြစ်သွားတယ်၊

ဒါကြောင့် သံဃာတော်အရှင်မြတ်တွေမှာ၊ ဝိနည်းကံ မလွတ်တဲ့ အစာတွေကိုစားရင် အပင်းသင့်သလို အဆိပ်သင့်သလိုဖြစ်တဲ့ အစာတွေကို ကထိန်ခင်းထားလိုက်တဲ့အတွက်၊ ကထိန်အာနိသင်ရတဲ့ အတွင်းမှာ၊ အဲဒီလို မပင့်တတ် မဖိတ်တတ်တဲ့သူက ပင့်ဖိတ်သော်ငြား လည်းပဲ၊ လိုက်စားခြင်းကြောင့် ဘာပြစ်မှ မဖြစ်တော့ဘဲနဲ့၊ အစာရေစာနဲ့ပတ်သက်ပြီးတော့ ဘာအပြစ်မှမဖြစ်၊ အပင်းမသင့်တဲ့, အဆိပ်မသင့်တဲ့အစာကို စားရသလိုဖြစ်လေအောင်၊ ကထိန်လှူတဲ့ ဒကာ–ဒကာမတွေက ကြိုးပမ်းအားထုတ် ပြုလုပ်ရာရောက်လေ သောကြောင့်၊ မိမိတို့မှာလည်း သံသရာစခန်း မဂ်, ဖိုလ်, နိဗ္ဗာန် သွားလမ်းကြီးမှာ၊ ဆိုလိုက်စမ်းပါ။–

❖ **မန္တာန်အပင်း, ပြစ်မျိုးကင်း၊ သန့်ရှင်းစာရေ, ရန်မျိုးတွေ။**
**သူနှင့်မဆိုင်, လွန်ကြဲနိုင်၊ စိုးပိုင်လှပေ, ပစ္စည်းတွေ။**

ဟော....ကထိန်ခင်းတဲ့ ဒကာ–ဒကာမများ နောက်ဆုံးရတဲ့ ပဉ္စမမြောက် (၅)နံပါတ်မြောက် အကျိုးထူးက ဘာအကျိုးထူးကြီးတုန်းလို့ဆိုတော့– "**သူနှင့်မဆိုင်, လွန်ကြဲနိုင်၊ စိုးပိုင်လှပေ, ပစ္စည်းတွေ**" တဲ့၊ ကိုယ့်အတွက်လို့ ရည်ညွှန်းတဲ့ပစ္စည်း၊ ကိုယ်ရဖို့ ရည်စူးတဲ့ပစ္စည်း, ကိုယ်နဲ့ဆိုင်တယ်, ပိုင်တယ်လို့ ဆိုတဲ့ ပစ္စည်းတွေမှန်သမျှ၊ သူတစ်ပါးနဲ့မဆိုင်၊ သူတစ်ပါးတွေပြောလို့ မလှုပ်ရှား၊ သူတစ်ပါးတွေ နှောက်ယှက်လို့မရ၊ သူတစ်ပါးတွေ လုလို့, ယက်လို့မရ၊

သူတစ်ပါးတွေ ကြံစည်လို့မရ၊ သူတစ်ပါးနှင့်မဆိုင် လွှန်ကြဲ့ခိုင်ပြီးတော့ ကိုယ်စိုး, ကိုယ်ပိုင် ပစ္စည်းဥစ္စာတွေကို စိုးစိုးပိုင်ပိုင်ရခြင်းဆိုတဲ့ အကျိုးထူးတရားကို ရကြတယ်၊

ကိုယ့်အတွက်ဆိုပြီးတော့ အဝေးကနေပြီး လက်ဆောင် ပစ္စည်းတစ်ခု ပို့လိုက်တယ်၊ ကိုယ့်ဆီရောက်မလာဘူး၊ ကြားထဲက ဟိုလူက ဖြတ်ယူသွား, ဒီလူက ဖြတ်ယူသွားခံရ၊ ဒါ ကောင်းတာမဟုတ်ဘူး၊ သို့မဟုတ် ကိုယ့်အတွက် ဆိုပြီးတော့ အမွေပေးတဲ့အနေနဲ့ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်ကပေးရင်၊ ကိုင်း....ဒီပစ္စည်း မင်းယူစေ, မင်းရစေ, မောင်ရစေမယ်ဆိုပြီးတော့၊ စာချုပ်စာတမ်းနဲ့ လက်မှတ်ပါ ထိုးပြီးတော့ပေး၊ ကြားဖြတ်ပြီးတော့ လုမယ့်သူတွေ ပေါ်လာပြီး၊ သူက ဆိုင်တယ်, ငါက ဆိုင်တယ်၊ သူပိုင်တယ်, ငါပိုင်တယ်၊ သူလည်း ဆိုင်သင့်တယ်, ငါလည်း ဆိုင်သင့်တယ်နဲ့ ရုံးကစကားပြော, ဂတ်က စကားပြော၊ ဟိုကနေပြော, ဒီကနေပြောနဲ့၊ ကိုယ်ရ,ရမယ့်ပစ္စည်း လေးတွေ ပိုင်ပိုင်နိုင်နိုင် မရတော့ဘူး၊ တစ်ဝက်ပဲ ရတော့တယ်၊ (သို့မဟုတ်) သုံးပုံတစ်ပုံပဲ ရတော့တယ်။ (သို့မဟုတ်) လုံးလုံးမရတော့တဲ့အဖြစ် ရောက်ရတယ်၊ ဒါ ကောင်းတဲ့လက္ခဏာမဟုတ်ဘူး၊

ကထိန် လှူဒါန်းလေ့ရှိတဲ့ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေမှာ ကြတော့၊ ကိုယ်ရဖို့ရာ ပိုင်ဆိုင်လာတဲ့ပစ္စည်းမှန်သမျှ၊ ကိုယ်ရဖို့ရာ ဦးတည်လာတဲ့ ပစ္စည်းမှန်သမျှ၊ ကိုယ့်အတွက်ပို့လိုက်တဲ့ ပစ္စည်းမှန်သမျှ၊ ကိုယ့်ကိုပေးမယ်လို့ စာချုပ်စာတမ်းနဲ့ အမွေးပေးတဲ့ ဥစ္စာပစ္စည်းမှန်သမျှ၊ သူတစ်ပါးတွေ လုပ်ရှားလို့၊ သူတစ်ပါးတွေ ဟန့်တားလို့မရ၊ သူတစ်ပါးတွေ နှောက်ယှက်လို့မရ၊ သူတစ်ပါးတွေ ပိုင်စိုးပိုင်နင်း ဝင်လို့မရအောင်၊ ကိုယ်စိုးကိုယ်ပိုင် ပိုင်ပိုင်နိုင်နိုင်ကြီးရခြင်းဆိုတဲ့ အကျိုးကို ရကြတယ်တဲ့၊ ဒါကြောင့် လိုက်ဆိုစမ်းပါ။-

## ❖ သူနှင့်မဆိုင်, လွှန်ကြဲ့ခိုင်၊ စိုးပိုင်လှပေ, ပစ္စည်းတွေ။

အဲဒါ ဘာပြုလို့ ဒီအကျိုးကိုရတာလဲဆိုတော့၊ သူက သံဃာတော်တွေကို သံဃာတော်တွေရတဲ့ ပစ္စည်းကို ပိုင်စိုးပိုင်နင်း သူတို့ရတဲ့ ပစ္စည်း သူတို့ချည်း

ပိုင်အောင် ကထိန်လှူခြင်းဖြင့် ပြုခဲ့တယ်၊ ဘယ်လိုပြုခဲ့တုန်း ဥပမာလေး တစ်ခုပြောမယ် ရှမ်းကလေးကျွန်းရွာကျောင်းက သံဃာတော်တွေ၊ အခုလို ကထိန်မခင်းခင်တုန်းက၊ ကထိန်ခင်းတဲ့ကံကို မဆောင်ခင်တုန်းက၊ သူတို့မှာရှိနေတဲ့ သင်္ကန်းတွေဆိုပါတော့၊ ဥပမာ ဒို့ကျောင်းသံဃာက(၃၀)ရှိတယ်ပေါ့၊ သင်္ကန်း ကလည်း အစုံ(၃၀) ဟိုကဒီကရထားတာ၊ ဒို့ဝေကြဦးစို့ပေါ့ ဒို့ကျောင်းကထိန်လည်း ဘယ်ကမှ လာခင်းမှာမဟုတ်ဘူး၊ ရှိတဲ့သင်္ကန်းလေး အပါး(၃၀) ရှိတာနဲ့ သံဃာ ကလည်း(၃၀) ရှိတာနဲ့ သင်္ကန်းကလည်း ဟိုကဒီကရ ဆွမ်းကြီးလောင်းကရ ဟိုကဒီကရနဲ့ စုထားတာ သင်္ကန်းအစုံ(၃၀) ရှိတယ်ပေါ့ တစ်ပါးတစ်စုံတော့ရမှာ၊ ဝေရအောင်. ဝေရအောင်ဆိုပြီးတော့၊ သံဃာတော်တွေ အကုန်စုပြီးတော့၊ သင်္ကန်းတွေလည်း အစုံ(၃၀)ချပြီးတော့ ဝေနေတယ်၊ သင်္ကန်းဝေမလို့လုပ်နေတုန်း၊

အဲဒီအချိန် အာဂန္တု ကိုယ်တော်နှစ်ပါးက ယောင်လည်ယောင်လည်နဲ့ ဒီကျောင်းထဲရောက်လာ၊ အဲ ရောက်လာရင် ဥပစာသိမ်လို့ခေါ်တဲ့ ကျောင်းဝင်း အတွင်း သံဃာနှစ်ပါးရောက်လာခဲ့ရင်၊ အာဂန္တုသံဃာရောက်လာခဲ့ရင် အဲဒီ အာဂန္တု သံဃာကိုထည့်ပြီးတော့ ဝေရမယ်တဲ့ မဝေရင် ဝစီအပြစ်သင့်မယ်၊ ဘုရားက ပညတ်ထားတာ၊ ဘုရားသားတော် သံဃာတော်အချင်းချင်း ဖြစ်နေတော့၊ အာဂန္တုကိုယ်တော်နှစ်ပါးကို ပင့်ရတယ်၊ ကျောင်းပေါ်ကို ကြွပါ ကြွပါဘုရား, ဘယ်ကကြွလာတာတုန်း၊ ဩော် တပည့်တော်တို့ အမရပူရမြို့က ကြွလာတာပဲ၊ တပည့်တော်တို့ သင်္ကန်းဝေမလို့ လုပ်နေတုန်း၊ အရှင်ဘုရားတို့က ရောက်လာ၊ အရှင်ဘုရားတို့ပါ ဝေရမှာဘုရား ဆိုပြီးတော့၊ သင်္ကန်းက အစုံ(၃၀)၊ ဝေရင် သံဃာက (၃၂) ပါး၊ ကိုင်း အဲဒီ ကိုယ့်ရှိကားယားဖြစ်ကုန်ရော၊ မဲချရတော့မှာ၊ ကိုရင်လေးတွေလည်း မရတာ၊ မရဖြစ်ကုန်၊ ဒီ အပါးသုံးဆယ်နဲ့ သင်္ကန်းသုံးဆယ် သူစိုးသူပိုင် သူ့ဟာသူ ယူရရင်၊ တစ်စုံစီ ပရဘူးလား ပရိသတ်?။

အခုတော့ ယောင်လည်ယောင်လည်နဲ့ ဂန္ဓာရုံက ကိုယ်တော်နှစ်ပါးက ပေါက်လာတော့၊ သူတို့ ထည့်ပြီးတော့ မဝေရဘူးလား? ဝေရတော့မှာပါဘုရား။

အဲ–ဂန္ဓာရုံက ကိုယ်တော်တွေက၊ ဝိနည်းနားလည်တော့ ပါးတော့၊ ကထိန် မခင်းတဲ့ကျောင်းတွေ အဲဒီလို သက်နှ်းသွားပြီး လုတတ်တယ် သတိထားကြနော်၊ အဲဒီလိုနဲ့ သက်နှ်းက အစုံ (၃၀) အာဂန္တုကိုယ်တော် နှစ်ပါးနဲ့ပါလာတော့ (၃၂) ပါးဆိုတော့၊ မဲချရရော၊ (သို့မဟုတ်) ကိုင်း မင်းက ကေသီယူ, မင်းက သင့်ပိုင်ယူနဲ့ လုပ်ရတော့ ကိုယ့် ကိုယ်ပိုင် ရှိသေးလား? မရှိပါဘုရား။ နှစ်ပါးလာ တော်သေးတာပေါ့၊ ဂန္ဓာရုံက သံဃာတစ်ထောင်ကျော် အားကောင်းကောင်းနဲ့ ရှမ်းကလေးကျွန်း သွားလိုက်မယ်ပေ့ ဆိုပြီးတော့ တစ်ထောင်များလာရင် မခက်ပေဘူးလား။

ရှမ်းကလေးကျောင်းကိုယ်တော်တွေ ရပါဦးမလား၊ အဲဒီတော့ ကိုယ်စိုး ကိုယ်ပိုင် ရပါဦးမလား? မရပါဘုရား။ ကိုယ်ရထားတဲ့ သက်နှ်းလေး တစ်ဝါတွင်းလုံး ဆွမ်းကြီးခံလိုက်၊ အသုဘရ, အလှူကရနဲ့ ရထားတာလေး၊ ကိုယ်စိုးကိုယ်ပိုင် ရှိသေးရဲ့လား? မရှိပါဘုရား။ အဲ–ကထိန်ခင်းရလို့ စောင်းကောက်မိသားစုတို့ရဲ့ ကထိန်ကို အလှူခံရတဲ့ အချိန်ကစပြီးတော့ တပေါင်းလပြည့်အတွင်း ငါးလအတွင်းမှာဖြင့်၊ မိမိတို့ကျောင်းရတဲ့သက်နှ်း၊ ဟော ဒီ ရှမ်းကလေးကျွန်း ရွာကျောင်း သံဃာတော်တွေသာ ပိုင်စေတဲ့၊ ဘယ်ကအာဂန္တုလာလို့မှ ပေးဖို့ မလိုတော့ဘူးဆိုတော့၊ ဟော–သူတို့ပိုင်မသွားဘူးလား? ပိုင်သွားပါဘုရား။ အာဂန္တုတွေ ဘယ်နှစ်ပါးလာလာ ဂန္ဓာရုံကကိုယ်တော်တွေ စောင်းကန်း စောင်းကန်းနဲ့ရောက်လာ မောင်းထုတ် နားလည်လား၊ မင်းတို့နဲ့မဆိုင်ဘူး ဒို့ပဲဆိုင်တယ်ဆိုပြီးတော့၊ ဒို့ပဲဝေယူတော့တဲ့ ဘုရားက၊ အဲဒီတော့ ကိုယ်စိုးကိုယ်ပိုင် သူ့ပစ္စည်း သူမပိုင်ဘူးလား? ပိုင်သွားပါဘုရား။ ဒါကြောင့်။–

**"သူ့နှင့်မဆိုင်, လွန်ကြဲ့နိုင်၊ စိုးပိုင်လှပေ, ပစ္စည်းတွေ"**။ အဲဒီ သူနဲ့မဆိုင် လွန်ကြဲ့နိုင်ပြီးတော့ ကိုယ်စိုးကိုယ်ပိုင်ဖြစ်တဲ့အကြောင်းကို သက်သေသာဓကဝတ္ထုလေး အဋ္ဌကထာဆရာ ထုတ်ပြတာ၊ အဇာတသတ်နဲ့ ဇောတိကသူဌေး ထုတ်ပြတာ ဇောတိကသူဌေးဆိုတာ ဖန်မြေမှန်မြေတွေနဲ့ တိုက်တာတွေ မြေကပေါက်ပြီးတော့ ရွှေပုံငွေပုံနဲ့ ခံစားနေတာ ဇောတိကသူဌေး

ဘုရားလက်ထက်က ရာဇဂြိုဟ်မှာ၊ အဲဒါ အဇာတသတ်က သူ့အဖေ ဗိမ္ဗိသာရ မင်းရှိတုန်းကတည်းက သူ့အဖေနဲ့ အကြောင်းအားလျော်စွာ ဇောတိကသူဌေး အိမ်က၊ အခုလိုပေါ့ ကောင်းမှုမင်္ဂလာပြုပွဲ ဆွမ်းကျွေးပွဲရှိရင် လိုက်လိုက်သွားတယ်၊ ဗိမ္ဗိသာရမင်းနဲ့ လိုက်လိုက်သွားရကထဲကိုက၊ သူက ငါ့အဖေရှင်ဘုရင်ကတော့ သစ်သားအိမ်ကြီးနဲ့ နေရတယ်၊ အဖေလက်အောက်ခံဖြစ်တဲ့ ဒီသူဌေးကျတော့ တကထဲ ဖန်မြေမှန်မြေတွေနဲ့ နေရတယ်၊ ငါသာ ရှင်ဘုရင်ဖြစ်ရင် မထားဘူး၊ ဒီသူဌေးကို သူက လက်အောက်ခံကျွန်ဥစ္စာပဲ ဒီဖန်မြေ မှန်မြေနေရာ ကိုယ်က ပြောင်းနေပြီးတော့ သူ့ သစ်သားအိမ်ကြီး ပေးရမှာပေါ့၊ ဒီလိုစိတ်က အမြဲတမ်း ဖြစ်လာခဲ့တယ်၊

နောက်တော့ ဗိမ္ဗိသာရမင်းကြီး နတ်ရွာစံ ကံတော်ကုန်သွားပြီးတဲ့နောက်၊ အဇာတသတ် မင်း ရှင်ဘုရင်ဖြစ်လာတော့ အဲဒီတင် ဇောတိကသူဌေးအိမ်ကို သွားပြီးတော့ ဖန်မြေမှန်မြေအိမ်တွေလုမယ်ဆိုပြီးတော့ စစ်တပ်ကြီးနဲ့ ချီပြီးတော့သွား၊ သွားတော့ ဟိုက ဇောတိကသူဌေးက၊ အဲဒီအချိန်မှာ ဘုရားကျောင်းရောက်နေတယ်၊ သွားပြီးတော့ ဘုရားထံရောက်နေတယ်၊ သူကမသိဘူး သူ့စစ်တပ်ကြီးနဲ့ သွားပြီးတော့ ဖန်မြေမှန်မြေရွှေနန်းအိမ် တွေကို လုမယ်လို့ဆိုပြီးတော့ သွားလိုက်တာ၊ သွားသာသွားရတာ သူကလဲ ခတ်ကြောက်ကြောက်ပဲ သူဌေးကသိပြီးတော့များ သူ့တန်ခိုးနဲ့ နတ်တွေ ဘာတွေများ တန်ခိုးဣဒ္ဓိပါဒ်နဲ့ ထွက်လုပ်လေမလားလို့ ကြောက်ကြောက်နဲ့ သွားရတာဖြစ်တော့၊ သူ့စစ်တပ်ကြီးနဲ့ ဝိုင်းပြီးတော့ ချီတက်သွားလိုက်တာ ဟိုဖန်တံတိုင်း၊ မှန်တံတိုင်းတွေထဲမှာ သူ့စစ်တပ်ရဲ့ အရိပ်တွေပေါ်ပြီးတော့၊ ဟိုဘက်ကလဲ စစ်တပ်ကြီးတတပ် တက်လာတယ်ဆိုပြီးတော့၊ တစ်ခါတည်း လန့်ပြီးတော့ စစ်သားတွေ ပြေးကုန်ကြ၊ ပြေးကုန်ကြတော့၊ သူလဲပဲ ရက်ရက်နဲ့ ဘုရားကျောင်းထွက်လာခဲ့တယ်၊

ဘုရားကျောင်းကျတော့ ဇောတိကသူဌေးနဲ့ ဝင်တိုးနေတယ်၊ "ဟင်– သူဌေး ဒီရောက်နေသလား၊ မှန်လှပါအရှင်မင်းကြီး ဒီရောက်နေပါတယ်၊" "ဟာ မဟုတ်ပါဘူး၊၊ ခုနက အိမ်ကနေ မင်း စစ်တပ်နဲ့ ငါ့ထွက်တိုက်တာ မဟုတ်လား၊"

ဟာ မဟုတ်ရချီပါဘူး အရှင်မင်းမြတ်။ ကျွန်တော်မျိုး ဒီရောက်နေတာပါ၊ ဘာကိစ္စရောက်နေတာတုန်း၊ အာ–ဘုရားဖူးရင်းနဲ့ ဒီကိုရောက်နေတာပါ၊ နေပါအုန်း အရှင်မင်းကြီးက ကျွန်ုပ်အိမ် ဘာကိစ္စ သွားတာတုန်း၊ အင်း မေးလေတော့လဲပြောရမှာပဲ ရှက်တော့ ရှက်ရှက်ပဲ၊ အဲဒီ ဖန်မြေမှန်မြေအိမ်ကြီး ဖန်တံတိုင်းမှန်တံတိုင်းနဲ့အိမ်ကြီးကို လိုချင်လို့ ကျွန်တော် ယူမလို့သွားပါတယ်၊

အရှင်မင်းမြတ် အဲ–ကျွန်တော်မျိုး သံတော်ဦးတင်ပါရစေ၊ ကျွန်တော်မျိုး ပိုင်ဆိုင်တဲ့ ပစ္စည်းမှန်သမျှ ကျွန်တော်မျိုးကမပေးရင် ဘယ်သူမှ တစိုးတစိယူလို့ မရစကောင်းပါဘူး၊ ယူလို့မရတဲ့ ကောင်းမှုတွေနဲ့ ကျွန်တော်မျိုး ဆည်းပူးအားထုတ် ပြုလုပ်ပြီးတော့ လာခဲ့ရပါတယ်၊ မယုံလို့ရှိရင် ကျွန်တော်မျိုးလက်မှာ ဝတ်ထားတဲ့ ဟောဒီ လက်ဝတ်ရတနာ လက်စွပ်(၁၀)ကွင်းတို့ကို အရှင်မင်းမြတ် ကျွန်တော်မျိုး မပေးပဲနဲ့ ရယူနိုင်တဲ့ အစွမ်းသတ္တိရှိရင် ယူတော်မူပါလို့ လက်ကိုထိုးပေးတယ်၊ ကျွန်တော်မျိုးမပေးဘူး၊ အရှင်မင်းကြီးလိုချင်ရင် ရတဲ့နည်းနဲ့ ယူပေတော့လို့ဆိုတော့၊ ဟာ လက်စွပ်တွေကလည်းပဲ ရတနာအမျိုးမျိုးနဲ့ချယ်သထားတဲ့ တကယ့် သောင်းတန်, သိန်းတန် လက်စွပ်ကြီးတွေဖြစ်တော့၊ အဇာတသတ်က တစ်ခါတည်း ဆွဲပြီးတော့ ချွတ်လိုက်တာ၊ အဇာတသတ်ရဲ့အားဟာ ဘယ်လောက် အားကြီးတုန်းဆိုရင်တဲ့ နေရင်းထိုင်ရင်းနဲ့ ခုန်လိုက်ရင် ထန်းသုံးဆင့်လောက် မြင့်အောင် ခုန်နိုင်တယ်၊ မတ်တပ်ရပ်ပြီးမှ ခုန်လို့ရှိရင် ထန်းဆယ်ဆင့်လောက် မြင့်အောင် ခုန်နိုင်တယ်၊ ဒါလောက် အားကောင်းတယ်၊ ဒါပေမယ်လို့ ဇောတိက သူဌေးလက်က လက်စွပ်ကို ချွတ်လိုက်တာ၊ ချွေးဒီးဒီးကျသည့်အထိ လက်စွပ်ကကျွတ်မလာ၊

အဲဒီတော့မှ သူဌေးက အရှင်မင်းကြီး သည်းခံတော်မူပါ၊ ကျွန်တော်မျိုး ကြည်ကြည်ဖြူဖြူ ပေးပါ့မယ်....တဲ့။ ကြည်ကြည်ဖြူဖြူပေးမှ ရမယ့်ပစ္စည်း ဖြစ်လို့မို့ အရှင်မင်းကြီးလိုချင်ရင် ပုဆိုးကို ဖျန့်ခင်းတော်မူပါလို့ဆိုပြီးတော့ ပုဆိုးခါးပုံ တောင်ရှည်ပုဆိုး ရှေ့ကပုဆိုးကို ဖြန့်ခင်းလိုက်တော့မှ လက်စွပ် လက်(၁၀)ချောင်းကို အောက်စိုက်ပြီးတော့၊ လက်ကလေးတွေ လှုပ်လှုပ်ပြီးတော့ ခါချလိုက်တာ လက်စွပ် (၁၀)ကွင်း၊ အကွင်းအကွင်းလိုက် အဇာတသတ်ပုဆိုးရဲ့

ပုဆိုးခင်းထဲမှာ ကျကြတယ်၊ ကိုယ်နဲ့ပိုင်ဆိုင်လာတဲ့ ပစ္စည်းမှန်သမျှ ကိုယ်က မပေးရင် ဘယ်သူမှ ဖျက်ဆီးလို့ မရလောက်အောင်၊ ဇောတိကသူဌေး ဘဝ သံသရာ အဆက်ဆက်က ကထိန်သင်္ကန်းလှူဒါန်းခဲ့တဲ့ ကောင်းမှုကြောင့် သူ့ပစ္စည်းမှန်သမျှ ဘယ်သူကမှ ဖျက်ဆီးလို့ မပျက်စီးခြင်းဆိုတဲ့ အကျိုးထူးကို ရပါတယ်လို့ အဋ္ဌကထာဆရာကြီးက မှတ်ချက်ချပြပါတယ်၊ ဒါကြောင့်၊ —

## ❖ သူနဲ့မဆိုင်. လွန်ကြံ့နိုင်၊ စိုးပိုင်လှပေ. ပစ္စည်းတွေ။

အဲဒီလိုအားဖြင့် ကထိန်လှူတဲ့ ဒကာ–ဒကာမများမှာ အကျိုးထူးတရားကြီး ငါးပါးကို ရကြတယ်၊ ဘာပြုလို့ရတာတုန်း၊ သံဃာတော်အရှင်သူမြတ်တွေကို ကထိန်သင်္ကန်းလှူလိုက်ခြင်းဖြင့် ဤကျောင်းတိုက်ရှိ သံဃာတော်အရှင်မြတ်တွေကို ပြဆိုအပ်ခဲ့တဲ့ အကျိုးထူးတရားကြီး ငါးပါးကိုလည်း လှူပြီးသားဖြစ်လေ သောကြောင့်၊ ဒါကြောင့် သင်္ကန်းဟာ နှစ်ထပ်သင်္ကန်းကြီးကို ကိုင်ပြီးတော့၊ လက်ကကိုင်ပြီးတော့ လှူငြားသော်လည်း မျက်စိက နှစ်ထပ်သင်္ကန်းကြီးသာ မြင်ရသော်လည်း မမြင်ရတဲ့ အကျိုးထူးတရားကြီးငါးပါးကို ထပ်ပိုးပြီးတော့ လှူဒါန်းရာ ရောက်လေသောကြောင့် သင်္ကန်းမှာကထိန်တဲ့၊ သင်္ကန်းအလှူတွေ ထဲမှာ ကထိန်သင်္ကန်းဟာ အမြတ်ဆုံး, အသာဆုံး၊

ဒါကြောင့် အဲဒီ အမြတ်ဆုံး, အသာဆုံးဖြစ်တဲ့ သင်္ကန်းအပါဝင်၊ ရဟန်းခံရှင်ပြု သီလရှင်ဝတ် ကထိန်ခင်း သင်္ကြီးပူဇော် သင်္ကယ်ပေးကမ်းမှ စပြီးသကာလ ပညာပါရမီအထောက်အကူ ပစ္စည်းမျိုးစုံတို့ကို ကြိုးပမ်းအားထုတ် ပြုလုပ်ကြတဲ့၊ ဒီနေ့ ကုသိုလ်ကောင်းမှု စေတနာအစုကြောင့်၊ ဤကဲ့သို့သော ပါရမီကုသိုလ်ကောင်းမှုတွေကို ကြိုးပမ်းအားထုတ် ပြုလုပ်သွားတော်မူတတ်ကြတဲ့ ရှေးရှေးသော အရိယာနွယ်လောင်း သူတော်ကောင်း, သူတော်ကောင်းမကြီးတို့၊ ရောက်အပ်ရအပ်သိမြင်အပ်သော နိဗ္ဗာန်နစာတ် ချမ်းသာထူး, ချမ်းသာမြတ်ကြီးကို တပည့်တော်တို့ လျင်မြန်ဆောစွာ ဆိုက်ရောက်ကြရပါလိုကုန်သောဟူ၍၊ ပတ္ထနာအောင်စု ပြုကြလေကုန်ရာသတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

# ရေစက်ချ

အလှူရှင်များရဲ့ ကောင်းမှုထဲမှာ၊ ဒီရှမ်းကလေးကျွန်းရွာ ဒကာ–ဒကာမ အပေါင်း သူကောင်းတွေကလည်းပဲ တတ်စွမ်းသမျှ ကုသိုလ် ပါဝင်ထားတာက၊ တိစီဝရိတ်သင်္ကန်း(၃)ထည်၊ နဝကမ္မ(၃)ထောင်ကျော်တန်ဖိုးရှိတဲ့ တိစီဝရိတ် သင်္ကန်း(၃)ထည်ကိုလည်း ကုသိုလ်ပါဝင်လို့ လှူဒါန်းကြပါတယ်တဲ့၊ ပင့်သံဃာတော် ဆရာတော်(၃၂)ပါးတို့၏ လိုအပ်ရာရာ ပစ္စည်း(၄)ပါး နဝကမ္မအားရည်မှန်း ပြီးတော့လည်း (၃၂၀၀) ကျပ် ရပ်ရွာဆွေမျိုးတွေက လှူဒါန်းကြပါတယ်၊ ကိုင်း ဒီကောင်းမှုလည်း ရေစက်ချတဲ့အခါမှာ ပါသွားရအောင်၊ ကိုင်း ရေစက်ချ အမျှဝေရအောင်–ကျန်တဲ့ပရိသတ်တွေကလည်း အားလုံးလိုက်ဆို အားပေးတဲ့ အနေနဲ့ လိုက်ဆိုကြရအောင်–

အရှင်မြတ်တို့ဘုရား, ဘုရားတပည့်တော်တို့သည်၊ ကံကောင်းထောက်မ၍, လူ့ဘုံလူ့ဘဝ, လူ့ဉာနဖြင့်, ဗုဒ္ဓမြတ်စွာ, သာသနာတော်ကြီးကို, တွေ့ကြုံ, ဆုံဆည်းရသည့်, ဖြစ်ကြပါ၍၊ သာသနာတော်ကို, အမှီပြုလျက်, မိမိတို့ အတွက်, မဂ်ဖိုလ်နိဗ္ဗာန်, ရရန်အကြောင်း, ပါရမီကောင်းမှုတို့ကို၊ နေ့စဉ်နေ့စဉ်, တတ်စွမ်းသမျှ, ကြိုးပမ်းအားထုတ်, ပြုလုပ်နေကြပါကုန်၏။

ဤယနေ့အဖို့၌, အထူးတလည်, ကြိုးပမ်းအားထုတ်, ပြုလုပ်လိုကြသည်, ဖြစ်ကြပါသောကြောင့်၊ တပည့်တော်တို့၏, ဇာတိရပ်ရွာ, နယ်ပယ်ဖြစ်သော, အမရပူရမြို့, ရှမ်းကလေးကျွန်းရွာသို့, လာရောက်ကြလျက်, ကွယ်လွန် ခဲ့ကြသော, မိဘဘိုးဘွား, ဆရာသမား, ဆွေမျိုးမိတ်ဆွေအပေါင်း တို့ကိုလည်း, ရည်စူးမှန်းထား၍, အသက်အားဖြင့်, ထင်ရှားရှိကြသော, ဦးကြီး ဦးလေး, ဒေါ်ကြီး ဒေါ်လေး, အစ်ကို အစ်မအစရှိသော ကျေးဇူးရှင်တို့ကို၊ အမျှးတင်ကြ ပြီးလျှင်၊ မဟာဂန္ဓာရုံကျောင်းတိုက်မှ, ရဟန်းလောင်း (၃)ပါးတို့အား, ရဟန်း ပရိက္ခရာ, စုံလင်စွာဖြင့်, တန်ဆာဆင်၍, ရဟန်းဘောင်ရောက်, ချီမြှောက်ကြ ပါကုန်၏။

ရှမ်းကလေးကျွန်း ရွာမှ တူရတနာ အမျိုးကောင်းသားကလေး (၁၅) ဦးတို့ကို ရှင့်ပရိက္ခရာ, (၁၅) စုံ တန်ဆာဆင်၍ ရှင်သာမဏေဘောင်ရောက်ချီမြှောက်ကြပါ ကုန်၏၊ တူမရတနာ နှစ်ဦးတို့ကိုလည်း, သရဏဂုံ(၃) ပါးနှင့်တကွ, ရှစ်ပါးသီလကို, ထိန်းသိမ်းရသော, သီလရှင်အဖြစ်ဖြင့်, ချီမြှောက်ကြပါကုန်၏၊ ဤ ရှမ်းကလေးကျွန်းရွာ, ရွာဦးကျောင်း၌ ဝါကပ်တော်မူသော၊ သံဃာတော်အပေါင်းအား ကထိန်ခင်းဖို့ရာ, နှစ်ထပ်သင်္ကန်းကြီးကိုင်း, ကထိန်သင်္ကန်း၏ အခြံအရံအဖြစ်ဖြင့်, သီးမျိုးစုံပဒေသာပင်တို့ဖြင့်, သီးထားအပ်သော, လှူဖွယ်တန်းဖွယ်, အသွယ်သွယ်တို့ကိုင်း, နိဗ္ဗာန်ရည်မှန်း, လှူဒါန်းကြပါကုန်၏၊

ပင့်သံဃာတော် (၃၂) ပါးတို့အား သင်္ကန်းဒွိစုံ, ဖိနပ်, မျက်နှာသုတ်ပဝါ, ဓာတ်မီး, မတ်ခွက်အစရှိသော, ပစ္စည်းတို့ဖြင့်လည်း, နိဗ္ဗာန်ရည်မှန်း, လှူဒါန်းပါကုန်၏၊ နဝကမ္မအလှူငွေတို့ဖြင့်လည်း, ထောက်ပံ့လှူဒါန်းပါကုန်၏၊ အထူးအားဖြင့်, ရှမ်းကလေး ကျွန်းရွာ မူလတန်းကျောင်း, ပြင်ဆင်ရန်အတွက်, ငွေကျပ် တစ်သောင်းကိုင်း, မဟာဂန္ဓာရုံ ငွေပဒေသာပင်အား, ကျပ်တစ်သောင်းကိုင်း၊ နိဗ္ဗာန်ရည်မှန်း, လှူဒါန်းပါကုန်၏၊

သက်ကြီးရွယ်ကြီး, ပုဂ္ဂိုလ်ကြီးတို့အား, သက်ကြီးပူဇော်အနေအားဖြင့်, ဝတ်ထည်ဖျင်စဉ်း, စားဖွယ်သောက်ဖွယ်, အသွယ်သွယ်တို့ကို၊ ပူဇော်ကြလျက်, သက်ကြီးပူဇော် ကောင်းမှုတော်ကိုင်း၊ အသက်အရွယ် ငယ်ရွယ်ကြသော, အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့အား, ဝတ်စားတန်ဆာ, စားဖွယ်သောက်ဖွယ်, အသွယ်သွယ်တို့ဖြင့်, ထောက်ပံ့ရကြောင်း, သက်ငယ်အလှူတို့ကိုင်း၊ နိဗ္ဗာန်ရည်မှန်း လှူဒါန်းထောက်ပံ့ပါကုန်၏၊

ဖိတ်မန်ထားအပ်သော တစ်ရွာလုံးရှိ ပရိသတ်အပေါင်း, သူတော်ကောင်းတို့အား, သဒ္ဓါဖြူဖွေး, ကျွေးမွေးညှော်ခံကြပါကုန်၏၊ ရပ်ရွာနယ်ပယ်, ဆွေသားမျိုးသား, တပည့်များက, ငွေကျပ်သုံးထောင်ကျော်တန်, တိစီဝရိတ်သင်္ကန်း (၃) ထည်ကိုင်း၊ ပင့်သံဃာတော် (၃၂) ပါးတို့၏၊ လိုအပ်ရာရာ, ပစ္စည်း(၄)ပါး နဝကမ္မအား (၃၂၀၀) ကျပ်ကိုင်း၊ ပါရမီကူညီသောအားဖြင့်, နိဗ္ဗာန်ရည်ရော်, ပူဇော်ကြပါကုန်၏၊

**"ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု"** တပည့်တော်တို့၏ ဤယနေ့ယျ, ရတနာသုံးရပ်ကို, လေးမြတ်ကော်ရော်, ပူဇော်ရကြောင်း, ကောင်းမှုစေတနာ, အဖြာဖြာသည့်, အို, နာ, သေရေး ဘေးကြီးသုံးတန်, ငြိမ်းရာမှန်သော, သန္တိသုခ, နိဗ္ဗာနဓာတ်, တရားမြတ်ကြီးကို, လွယ်ကူလျင်မြန်, အသိဉာဏ်ဖြင့်, မြင်ရာမြင်ကြောင်း, အားကောင်းသော, အထောက်အပံ့ကြီးသည်၊ မုချမသွေ, ဖြစ်ပါစေသတည်း။

ဤကောင်းမှု၏, အဖို့ဘာဂကို, ကြွရောက်လာသော, ဤပရိသတ်အပေါင်း, သူတော်ကောင်းတို့အားရင်း၊ အသက်အားဖြင့်, ထင်ရှားရှိကြ, မရှိကြသော, မိဘဘိုးဘွား, ဆရာသမား, ဆွေမျိုးပေါက်ဖော်, တော်စပ်သမျှ, ပုဂ္ဂိုလ်တို့အားရင်း၊ တိုင်းပြည်သနင်း အစိုးရမင်း၊ နတ်တို့သနင်း, သိကြားမင်း၊ ငရဲသနင်း ယမမင်းတို့အားရင်း၊ ကိုယ်စောင့်နတ်, ကျောင်းစောင့်နတ်, အိမ်စောင့်နတ်, ရွာစောင့်နတ်, မြို့စောင့်နတ်, တောစောင့်နတ်, တောင်စောင့်နတ် အစရှိသော နတ်မြတ် နတ်ကောင်း, နတ်အပေါင်းတို့အားရင်း၊ (၃၁)ဘုံ၌ ကျင်လည်ကြကုန်သော သတ္တဝါအပေါင်းတို့အား အမျှ အမျှ ပေးဝေပါကုန်၏။ အမျှရ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြသည် ဖြစ်ကြပါစေသော်။

အမျှ.... အမျှ.... အမျှ..... ယူတော်မူကြပါကုန်လော။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

# "အမာတာပုတ္တိကသုတ္တန်"

**• အတ္တာနံ စေ ပိယံ ဇညာ, ရက္ခေယျ နံ သုရက္ခိတံ၊**
**တိဏ္ဏံ အညတရံ ယာမံ, ပဋိဇဂ္ဂေယျ ပဏ္ဍိတော။**

အတ္တာနံ–ဘဝဖန်ခါ သံသရာက, ငါဟုစွဲဆို မိမိကိုယ်ကို။ ပိယံ–အရင်းစစ်လျှင် ပြစ်မတင်ပဲ, နှစ်စဉ်မမုန်း အချစ်ခင်ဆုံးဟူ၍။ စေဇညာ–အရာရာအခါခါဝယ် စာနာထောက်ထား, အကယ်၍ နားလည်ငြားအံ့၊ ဝံသတိ–ကိုယ့်ကိုသာလျှင် အခင်မင်ဆုံး, အချစ်ဆုံးဟု လုံးလုံးခွဲခြား, ဤကဲ့သို့ နားလည်ထားသည်ရှိသော်။ နံအတ္တာနံ–ခုလဲကိုယ့်ကိုယ် နောင်ကိုယ့်ကိုယ်ဟု, သို့ကလိုသိရှိ ထိုမိမိကို။ သုရက္ခိတံ–တရား ကြောင်းအရာ မစောင်းပါပဲ, ကောင်းစွာမပြတ် စောင့်ရှောက်အပ်သည် မည်လောက်အောင်။ ရက္ခေယျ–သတိတရား လက်ကိုင်ထား၍, မမှား ပံ့သေ စောင့်ရှောက်လေရာ၏။ ပဏ္ဍိတော–ပြုသမျှအသစ် ဖြစ်သမျှ အဟောင်း, မကောင်းလည်းငါ ကောင်းလည်းငါဟု, ကောင်းစွာမြင်သိ ပညာရှိသည်။ တိဏ္ဏံ–နှစ်ဆယ့်ငါးနှစ် သင့်အောင်ဆစ်၍, သုံးရစ်ပိုင်းခြား အရွယ်သုံးပါးတို့တွင်။ အညတရံယာမံ–ယုတ်စွာ့အဆုံး နောက်ပိတ်တုံးဟု, ခေါ်ထုံးမည်ရ ပစ္ဆိမအရွယ်ကို။ ပဋိဇဂ္ဂေယျ–အပြစ်မနော စင်းလုံးချောအောင်, ဆေးကြောသုတ်သင်လိုက်နိုင်ရာသတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

ယနေ့ မြန်မာကောဇာသက္ကရာဇ် ၁၃၅၄–ခုနှစ်၊ တော်သလင်းလဆန်း (၈) ရက်နေ့၊ ခရစ်နှစ် ၁၉၉၂–ခုနှစ်၊ စက်တင်ဘာလ (၄) ရက်နေ့မှာ၊ မန္တလေးမြို့ မဟာလောကရံသီ အိမ်တော်ရာဘုရား စေတီတော်မြတ်ကြီးရဲ့ ပရိဝုဏ်အတွင်း (၁၄)ခန်းဇရပ်ကြီးတည်းဟူသော ဓမ္မာရုံကြီး၌ ကျင်းပပြုလုပ်

---

• ဓမ္မပဒ–အတ္တဝဂ် ဗောဓိရာဇကုမာရဝတ္ထု–(၃၇) ၄=၂ (၈၄)

အပ်သော၊ ယနေ့ တရားပွဲသည်ကား။ မန္တလေးမြို့ အိမ်တော်ရာမြတ်စွာဘုရား မြောက်ဘက်လမ်း ဝဲယာမှာ နေထိုင်ကြကုန်သော၊ မဂ်ဖိုလ်နိဗ္ဗာန်လိုလားကြတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးအပေါင်း သူတော်ကောင်းတို့က၊ ပုညသုကရိက အသင်းကြီးလို့ တည်ထောင်ထားအပ်တဲ့၊

မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ကောင်းမှုတွေကို အတူတကွ လက်တွဲပြီးတော့ ပြုလုပ်ကြဘို့, အားထုတ်ကြဘို့, မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ မဂ္ဂင် လမ်းမကြီးပေါ်မှာ အတူလက်တွဲပြီးတော့ သွားနိုင်ကြဘို့ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ဖြစ်တဲ့ ဒါန, သီလအစရှိတဲ့ ပါရမီကောင်းမှုရိက္ခာစုတွေကို၊ အတူလက်တွဲပြီးတော့ ရှာဖွေဆည်းပူး အားထုတ်ပြုလုပ်ကြဘို့ ဖွဲ့စည်းထားအပ်တဲ့၊ နာယကဆရာကြီး ဦးဘဌေး, ယခု လက်ရှိဥက္ကဋ္ဌ ဦးခင်မောင်လွင်, အကျိုးဆောင်က ကိုအောင်နိုင်ဦး အမှူးပြုသော ပုညသုကရိကအသင်းကြီး တည်ထောင်ကြပြီးသကာလ၊ အသင်းကြီး တည်ထောင်လာခဲ့တာ (၃၅) နှစ်ကျော်ပြီလို့ သိရတယ်။

အဲဒီ ပုည သုကရိကအသင်းကြီး (၃၅) နှစ် သက်တမ်းရှိပြီဖြစ်တဲ့ ကောင်းမှုတွေကို အတူလက်တွဲပြီးတော့ပြုကြတဲ့ ပုညသုကရိကအသင်းကြီးက ဦးစီးဦးဆောင်ပြုပြီးတော့၊ ဤအိမ်တော်ရာမြတ်စွာဘုရားဝင်းအတွင်း (၁၄) ခန်း ဇရပ်ဓမ္မာရုံကြီးမှာ, ဝါတွင်းကာလ, ဝါတွင်းကာလမှာ နေ့အခါ၌ရှင်း, ညအခါ၌ရှင်း အကြောင်းအားလျော်စွာ ဓမ္မသဝနတရားနာယူတဲ့ပွဲကြီး ဆင်နွှဲကြပြီးသကာလ တတ်စွမ်းသမျှ ကုသိုလ်ကောင်းမှုပြုပြီး လာခဲ့ကြတာက (၁၅) နှစ်မြောက် ရောက်လာတဲ့ ဒီနှစ်, ဒီချိန်, ဒီအခါမှာလည်းပဲ ဝါတွင်းကာလ သီတင်းစဉ် တရားပွဲလို့ သီတင်းနေ့တိုင်း, သီတင်းနေ့တိုင်း ဒီဓမ္မာရုံကြီးအတွင်းမှာ မဂ်ဖိုလ် နိဗ္ဗာန်ကိုလိုလားတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ အသိပညာ တိုးပွားကြောင်းဖြစ်တဲ့, ပညာပါရမီတို့ပွားကြောင်းဖြစ်တဲ့ တရားတော်ကို စုပေါင်းပြီးတော့ နာယူကြတဲ့ သီတင်းစဉ်တရားပွဲလို့ ဆင်နွှဲကျင်းပပြီးတော့ လာလိုက်ကြတာ။

ဒီနေ့ တော်သလင်းလဆန်း (၈) ရက်နေ့ သတင်းစဉ်တရားပွဲ၊ အဲဒီ သတင်းစဉ်တရားပွဲကို အကြောင်းပြုပြီးသကာလ ဒီနေ့ဖြစ်ပေါ်လာတဲ့ တရားပွဲတဲ့၊

အဲဒီ ပုညသုကရိကအသင်းကြီးက ဦးစီဦးဆောင်ပြုပြီးတော့၊ ယခုနကပြောခဲ့တဲ့ မန္တလေးမြို့ အိမ်တော်ရာမြတ်စွာဘုရား မြောက်ဘက်လမ်း ဝဲယာဘေးမှာ နေထိုင်ကြကုန်သော မင်္ဂလာနိဗ္ဗာန်လိုလား အမျိုးကောင်းသား၊ အမျိုးကောင်းသမီး တို့ရဲ့ စုပေါင်းကောင်းမှုပြုလုပ်ကြတဲ့ပွဲမှာ ဒီနေ့ ဓမ္မပူဇာအဖြစ်နဲ့ တရားတော်ကို လှူဒါန်းပူဇော်ကြ၊ တရားတော်ကို ပူဇော်ကြ၊ ဓမ္မဒါနပြုပြီးတော့ ....၊

တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေကိုလည်း တတ်စွမ်းသမျှ ကျမ်းစာအုပ်ဆိုတဲ့ ဓမ္မဒါနအလှူတွေပြုကြ၊ အဖျော်ရည် ယမကာတွေ တိုက်ကျွေးပြီးတော့ ကုသိုလ်ကောင်းမှုပြုကြတဲ့ ဓမ္မဒါန ကုသိုလ်ရှင်များက၊ ကွယ်လွန်သူသားကလေး မောင်ထူးရဲအောင်ကို ရည်စူးပြီးတော့ အိမ်တော်ရာ ဘုရားမြောက်ပေါက် အမှတ် (၄၄) နေ အိမ်အမှတ်၊တိုက်အမှတ် (၄၄) မှာ နေထိုင်ကြတဲ့ အရောင်းအဝယ်ကုန်သည် အလှူ့ဒါယကာဦးလှမြင့် + အလှူ့ဒါယိကာမဒေါ်ထွေးထွေးမြင့် မိသားတစုတို့က မိမိတို့ရဲ့ နှစ်ဘက်သော မိခင်၊ဖခင်၊ ကျေးဇူးရှင်တို့ကိုင်း၊ အမှူးထားတိုက်တဲ့ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေး၊ အကို၊ အမစသော ကျေးဇူးရှင်တို့ကိုင်း အမှူးတင်ကြပြီးလျှင်။ အထူးအားဖြင့် မကြာမီသောကာလက ကွယ်လွန်အနိစ္စရောက်သွားခဲ့တဲ့ သားငယ်ကလေး သားထွေးလေး မောင်ထူးရဲအောင်ကို ရည်စူးမှန်းထားပြီးတော့ ဓမ္မဒါနကုသိုလ်ကြီးကို ဒီနေ့ ဆည်းပူးအားထုတ် ပြုလုပ်ကြပါတယ်......တဲ့။

မောင်ထူးရဲအောင်ကလေး ရောက်ရာဘဝက၊ ဒီနေ့ မိဘ၊ ဘိုးဘွား တွေက ပြုလိုက်တဲ့ ဓမ္မဒါနကုသိုလ်ထူးကြီးကို အမျှရပြီးတော့၊ မင်္ဂလိုလ်နိဗ္ဗာန် ရောက်ကြောင်း ကောင်းမှုတွေတိုးပါစေ၊ အမေတို့ အဖေတို့ ကုသိုလ်တွေတိုးသလို သားကလေးလည်းတိုးပါစေ၊ အမေတို့၊ အဖေတို့ မင်္ဂဖိုလ်နိဗ္ဗာန်ချဉ်းကပ်သလို သားကလေး မင်္ဂဖိုလ်နိဗ္ဗာန်ချဉ်းကပ်နိုင်ပါစေလို့၊ မောင်ထူးရဲအောင်ကို ရည်စူးပြီးတော့ ကုသိုလ်ကောင်းမှု ပြုသောအားဖြင့် ဓမ္မဒါနကုသိုလ်ပြုကြတယ်။

အဲဒီလို ဓမ္မဒါနကုသိုလ်ပြုသောအားဖြင့် ဓမ္မဒါန ကန်တော့ပွဲအဖြစ်နဲ့ ခေတ်ကာလအလျောက် မွန်မြတ်တယ်လို့သတ်မှတ်အပ် တန်ဖိုးအားဖြင့်

(၁၅၀၀) ကျော်တန်ဖိုး ရှိတဲ့ တက်ထရွန်သင်္ကန်းဒွိစုံ တစ်စုံ, ကတီပါယပ်တောင် တစ်ချောင်း, ဖျော်ရည်ဘူး (၂) ဒါဇင်, ဆေးပစ္စည်း ရွှေဝါဆပ်ပြာတောင့် အချောင်း (၅၀) နှင့် ဆီမီးအလှူ ပညာပါရမီ တိုးပွားစေတတ်တဲ့ ဆီမီးအလှူ, ဖယောင်းတိုင် အထုတ် (၃၀) နှင့်တကွ၊ လှူဖွယ်တန်းဖွယ်တို့ကို လှူဒါန်းခြင်း၊ ထိုမှတစ်ပါး ဤဓမ္မကထိက ဆရာတော်အရှင်မြတ်အား ယခုလှူဒါန်းခဲ့တဲ့ သင်္ကန်း, ယပ်တောင်, ဖျော်ရည်, ဆေးပစ္စည်း ဆပ်ပြာအစရှိသည့်တို့မှတစ်ပါး၊ နောက်ထပ် နောက်ထပ် လိုအပ်ရာရာ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါးလို့ ခေါ်တဲ့ ပါဠိလို နဝကမ္မ မြန်မာလိုအားဖြင့် နောက်ထပ် နောက်ထပ် လိုအပ်တဲ့ ပစ္စည်းလေးပါးအလို့ငှာ ရည်မှန်းပြီးတော့လည်း နှစ်ထောင်ကျော်သော ဝတ္ထုငွေ တို့ကိုလည်း ထောက်ပံ့လှူဒါန်းကြခြင်း၊

ထိုမှတစ်ပါး အိမ်တော်ရာမြောက်ဘက် ဝဲယာ ပုညသုကရိကာအသင်း ကြီးရဲ့ တရားပွဲ, သီလပွဲ ဖြစ်မြောက်ရေးကော်မတီအတွက် လိုအပ်ရာ မဂ်ဖိုလ် နိဗ္ဗာန်ရကြောင်း ကုသိုလ်ကောင်းမှုတွေကို ကြိုးပမ်းအားထုတ် ပြုလုပ်ဘို့ရာအတွက် ငွေကျပ် သုံးထောင်တို့ကိုလည်းပဲ အသင်းကြီးကို ထောက်ပံ့လှူဒါန်းကြခြင်း၊ ထိုမှတစ်ပါး တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့အား ဓမ္မလက်ဆောင် ဓမ္မဒါနပြုသောအားဖြင့်၊ အမရပူရမြို့ ကျေးဇူးရှင် ကျမ်းပြုအကျော် မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး ရေးသားတော်မူခဲ့တဲ့ ဘာသာရေးပြဿနာများဆိုတဲ့၊ ကျမ်းစာအုပ် (၄၅၀) တို့ကိုလည်းပဲ ပရိသတ်အပေါင်း သူတော်ကောင်းတို့အား အသိဉာဏ်တိုးပွားစေသောငှာ ဓမ္မဒါနအဖြစ်ဖြင့် လှူဒါန်းထောက်ပံ့ခြင်း။ ဘာသာရေးပြဿနာများစာအုပ် လေးရာနဲ့ငါးဆယ် လှူဒါန်းလိုက်တယ်ဆိုတာ တရားပွဲကြီး (၄၅၀) ကျင်းပပေးလိုက်တာနဲ့ အတူတူပဲ၊ ဒီဘာသာရေးပြဿနာ စာအုပ်ကို ရသွားတဲ့ သူတော်ကောင်း အမျိုးကောင်းသား, အမျိုးကောင်းသမီးက အိမ်ကြတော့ ဖတ်ကြည့်မယ် ဒီစာအုပ်ကို၊ ဖွင့်ဖတ်ကြည့်လိုက်သည်နှင့် တစ်ပြိုင်နက် ဆရာတော်ဘုရားကြီးက မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးက စာအုပ်ထဲကနေပြီးတော့ ထိုအမျိုးကောင်းသားကို ဆိုဆုံးမမယ်, ထိုအမျိုးကောင်း သမီးကို ဆိုဆုံးမနေလိမ့်မယ်၊ ထိုအမျိုးကောင်းသားကို တရားဟောပြီး နေပေလိမ့်မယ်, ထိုအမျိုးကောင်းသမီးကို တရားဟောပြီး နေပေလိမ့်မယ်၊

စာအုပ်တစ်အုပ်ဖတ်တယ်ဆိုတာ တရားတစ်ပွဲနာတာနဲ့ အတူတူပဲ၊ ဒီစာအုပ်ထဲကနေပြီးတော့ ဆရာတော်ဘုရားကြီးက ကိုယ့်ကိုဆုံးမမှာ ဒီစာအုပ်ထဲကစာတွေ စကားလုံးတွေက စကားလုံးတိုင်း စာတိုင်းက အပါယ်လေးပါး ကျသွားမယ့်စကားလုံး တစ်လုံးမှမပါဘူး၊ သူများအသက် သတ်ဘို့ နည်းညွှန်တာ တစ်လုံးမှမပါဘူး၊ သူများပစ္စည်းခိုးဘို့ လမ်းညွှန်တာ တစ်လုံးမှ မပါဘူး။ ဘာတွေပါမတုန်း လူ့ရွာနတ်ထံ ချမ်းသာစံပြီးတော့ နိဗ္ဗာန်တိုင်ပေါက် စခန်းရောက်ဘို့ နည်းတွေ, လမ်းတွေ, နည်းလမ်းတွေ, စည်းတွေ, ကမ်းတွေ, စည်းကမ်းတွေ ဒီစာအုပ်ထဲက ပြောလိမ့်မယ်, ဟောလိမ့်မယ်, ဆရာတော်ဘုရားကြီးရဲ့ စကားလားလို့ဆိုတော့ ဘယ်ကမတုန်း, ဘယ်ဟုတ်မတုန်း ဆရာတော်ဘုရားကြီး ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ အဆုံးမတော်ကို ယူပြီးတော့ ရေးထားတာမို့လို့ ဤ ဘာသာရေးပြဿနာစာအုပ်ထဲမှာပါတဲ့ စကားလုံးတိုင်း, စကားလုံးတိုင်းသည်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့စကား၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ တရား။

ဒါဖြင့် ဒီစာအုပ်ကို ဖွင့်ပြီးတော့ ဖတ်လိုက်တဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးကို ဘုရားရှင် ကိုယ်တော်မြတ်ကြီးက တရားဟောတော်မူလိမ့်မယ်၊ ဖွင့်ဖတ်လိုက်တဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးကို ဒီစာအုပ်ထဲက ဘုရားရှင် ကိုယ်တော်မြတ်ကြီးက တရားဟောတော်မူလိမ့်မယ်တဲ့......။

ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး တွေ့တာပဲ၊ ဒီစာအုပ် ဖွင့်ဖတ်လိုက်တိုင်း, ဖွင့်ဖတ်လိုက်တိုင်း ဘုရားရှင်ကိုယ်တော်မြတ်ကြီးနဲ့ တွေ့မယ်, ဘုရားရဲ့တရားသံကို ကြားမယ်, ဘုရားရဲ့တရားသံကို နာရမယ်၊ အဲဒီလိုနာရတော့ အသိဉာဏ်တွေတိုးပြီးတော့ အသိဉာဏ်တွေ ရင့်ကျက်ပြီးတော့၊ တစ်ဆင့်ထက် တစ်ဆင့် သိမှုကနေ ရှေ့တစ်ဆင့်တက်ပြီးတော့ ကျင့်ကြံကြီးကုတ် အားထုတ်မှုဆိုတဲ့, ရင့်ကျက်မှုတွေ တိုးပွားပြီးတော့ မိမိတို့အတွက် လူ့ရွာနတ်ထံ ချမ်းသာစံ၍ မဂ်ဖိုလ်နိဗ္ဗာန် စခန်းပေါက် ရောက်စေကြောင်းဖြစ်တဲ့ ဘာသာရေးပြဿနာစာအုပ် (၄၅၀) သော ကျမ်းစာအုပ်တို့ကို တစ်နည်းပြောရင် တရားပွဲကြီး (၄၅၀)

တရားပွဲကြီးကိုလဲ, တနည်းပြောရရင် ဘုရားအဆူပေါင်း (၄၅၀)တို့ကို လည်းပဲ အမျိုးသား, အမျိုးသမီး ဓမ္မမိတ်ဆွေ သူတော်ကောင်းတို့လက်ထဲ လွှဲအပ်လှူဒါန်း တဲ့ပွဲ....တဲ့။

ကျမ်းစာအုပ် (၄၅၀) လှူလိုက်တာ တရားလှူလိုက်တာလို့ ပြောနိုင်တယ်၊ ဘုရားတည်ပြီးတော့ ဘုရားလှူလိုက်တာလည်း ပြောနိုင်တယ်၊ ဘုရား (၄၅၀) ဘုရားအဆူပေါင်း (၄၅၀) အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေရဲ့လက်ထဲ အပ်လိုက်တာပဲ၊ ဒီထက်အသေးစိတ် ပြောရမယ်ဆိုရင်ဖြင့်။—

## အက္ခရာစေ မေကဥ္စ၊ ဗုဒ္ဓရူပ သမံ သိယာ။

အက္ခရာစေမေကံ-တစ်လုံးတစ်လုံးသော ဘုရားစကားတော်သည်။ ဘုရားစကားတော် ဘုရားစကားနဲ့စပ်တဲ့ စကားလုံးတစ်လုံးတိုင်း, တစ်လုံးတိုင်း သည် ဘုရားတစ်ဆူတစ်ဆူနဲ့တူပါတယ်လို့ ကျမ်းဂန်ဒေသနာက ပြောတဲ့ စကားအရဆိုရင်ဖြင့်၊ ဒီနေ့ အလှူ့ဒကာဦးလှမြင့် အလှူ့အမဒေါ်ထွေးထွေးမြင့် တို့က ဘုရားအဆူပေါင်းများစွာ ဂင်္ဂါဝါလု သဲစုမက ပွင့်တော်မူကြတဲ့ ဘုရား ကိုယ်တော်မြတ်ကြီး အဆူဆူ ဆိုသကဲ့သို့ ဒီနေ့ ဘုရားအဆူပေါင်းများစွာတို့ကို ဓမ္မမိတ်ဆွေသူတော်စင်တွေရဲ့ လက်ထဲမှာ လွှဲအပ်လှူဒါန်း ပူဇော်ပွဲတဲ့။ ဒီစာအုပ် (၄၅၀) ထဲမှာပါတဲ့ စကားလုံးတစ်ပုဒ်, တစ်ပုဒ်က၊ ဒီစာအုပ်ကိုဖတ်တဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးကို အသိဉာဏ်တိုးအောင် ပြောလိမ့်မယ်, ဟောလိမ့်မယ်၊ ဘယ်လိုအလုပ်ဆို မလုပ်ကောင်းဘူး, ဘယ်လိုအလုပ်ဆို လုပ်ကောင်းတယ်၊ ဘယ်လိုအလုပ်ကိုလုပ်ရင် လူ့ရွာနတ်ထံ ချမ်းသာစံပြီးတော့ နိဗ္ဗာန်ရတယ်။ ဘယ်လိုအလုပ်တွေကိုလုပ်ရင် အပါယ်လေးပါးချောက်ကြီးထဲ ကျတတ်တယ်လို့ ဟောလိမ့်မယ်၊ ပြောလိမ့်မယ်။ အဲဒါ ဘုရားရဲ့ အဟောပဲ. ဘုရားရဲ့ အပြောပဲ. ဘုရားမကွယ်သေးဘူး စာအုပ်ထဲမှာ ဘုရားရှိတယ်။ မြတ်စွာဘုရား ကိုယ်တော်တိုင်ကလဲ ပြောထားခဲ့တယ်၊ အာနန္ဒာ....ငါဘုရား ပရိနိဗ္ဗာန် စံသွားလို့များ ဘုရားပျောက်သွားပြီလို့ မထင်လိုက်ပါနဲ့။ ငါဘုရား ပရိနိဗ္ဗာန် စံသွားလို့ လောကကြီးထဲ ဘုရားကွယ်သွားပြီ ဘုရားပျောက်သွားပြီလို့လဲ မထင်လိုက်ကြနဲ့။

## အနတီတ သတ္တုကမေဝ ပါဝစနံ။

ပါဝစနံ–ငါဘုရားဟောထားခဲ့တဲ့ စကားလုံးတိုင်း, စကားလုံး တိုင်းသည်၊ အနတီတသတ္တုကမေဝ–ငါဘုရားရှိနေတာနဲ့ အတူတူပဲတဲ့၊ အဲဒီတော့ ဒီစာအုပ်ထဲမှာရှိနေတဲ့ စကားလုံးလေးတွေ တစ်လုံးတစ်လုံးဟာ ဘုရားတစ်ဆူ တစ်ဆူနဲ့ တူပါတယ်ဆိုခဲ့ရင်၊ စာအုပ်တစ်အုပ်တစ်အုပ် အတွင်းမှာရှိနေတဲ့ စကားလုံးပေါင်းများစွာသည် ဘုရားရှင်အဆူဆူနဲ့ တူပါသည်။ စာအုပ် (၄၅၀) ထဲမှာရှိနေတဲ့ စကားလုံးတွေဟာဖြင့် ဘုရားအဆူပေါင်းများနဲ့ တူသည်ဖြစ်လေ သောကြောင့် ယနေ့ မောင်ထူးရဲအောင်အတွက် မိဘနှစ်ပါးက ဘုရားပေါင်းများစွာ တို့ကို မင်္ဂလိနိဗ္ဗာန်ရရေး အသိပေးနေမယ့် ဘုရားပေါင်းများစွာတို့ကို ဘုရား အဆူပေါင်းများစွာတို့ကို ဒီနေ့ ဓမ္မမိတ်ဆွေ သူတော်စင်တွေလက်ထဲ လွှဲအပ် လှူဒါန်းတဲ့ပွဲလို့လဲ ပြောနိုင်တယ်။ အဲဒီလိုအားဖြင့် ဓမ္မဒါနအလှူ, ဘုရားပူဇော်တဲ့ အလှူကုသိုလ်, ကုသိုလ်ကောင်းမှုကိုပြုသောအားဖြင့် ဘာသာရေး ပြဿနာ ကျမ်းစာအုပ် (၄၅၀) တို့ကိုလဲ ဓမ္မဒါနအလှူ,လှူဒါန်းကြခြင်း၊ ထိုမှတစ်ပါး ကြွရောက်လာကြတဲ့ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေကိုလည်းပဲ၊ တတ်စွမ်းသမျှ ဖျော်ရည်စသော ဆေးပစ္စည်းတို့ဖြင့် တိုက်ကျွေးသမှုပြုကြခြင်း– လို့၊ အဲဒီ ကုသိုလ်ကောင်းမှု တွေကိုပြုပြီးတော့ နောက်ဆုံး သားလေး မောင်ထူးရဲအောင်ကို အမျှဝေကြမယ်၊ အဲဒီလိုအားဖြင့် အလှူ့ဒကာ ဓမ္မဒါန ကုသိုလ်ရှင်တို့က ဓမ္မဒါန ကုသိုလ်ကောင်းမှုကို ပြုနေကြခြင်းဖြင့်ငင်း။

ယနေ့ ပုညသုကရိကအသင်းဝင် ဒကာ–ဒကာမအပေါင်းတွေလည်း တတ်စွမ်းသမျှ လှူဒါန်းသမှုကိုပြုကြ၊ သရဏဂုံ (၃)ပါးနှင့် (၈)ပါးသီလခေါ်တဲ့ ဘုရားပစ္စေကာ အရိယာနွယ်လောင်း သူတော်ကောင်း သူတော်ကောင်းမကြီးတွေ ထိန်းလေ့ရှိတဲ့ (၈) ပါးသီလကို ဒီနေ့ ထိန်းသိမ်းစောင့်ရှောက်ကြခြင်း။ တတ်စွမ်း သမျှ မေတ္တာပွားလို့, ဗုဒ္ဓါနုဿတိ ဘုရားဂုဏ်ကို အာရုံပြုလို့. မေတ္တာပို့လို့ဆိုတဲ့. သမထဘာဝနာ ပွားများကြခြင်း, ရုပ်နာမ် (၂) တန် အရှိမှန်တရားတွေရဲ့ အဖြစ်မှန်တရားကို မြင်အောင်ရှုပွားတဲ့ ဝိပဿနာဘာဝနာ အလုပ်တွေကို ယနေ့ ကြိုးပမ်းအားထုတ် ပြုလုပ်နေကြခြင်းဖြင့်။ ဒီနေ့ ဒကာ–ဒကာမအပေါင်း

သူတော်ကောင်းတို့သည် **"ကိုယ့်ကိုယ်ကို ကယ်တင်မှုကို ကိုယ် ပြုနေကြတဲ့အချိန်တဲ့."**။ ကိုယ့်ကိုယ်ကို ကယ်တင်တဲ့အမှုကို ကိုယ် ပြုနေ ကြတယ်။

လောကမှာ ကယ်တင်ခြင်း (၂) မျိုးရှိတယ်။ ကိုယ့်ကိုယ်ကို ကယ်တင်ခြင်း, သူများကိုကယ်တင်ခြင်း, ကိုယ့်ကိုယ်ကို ကယ်တင်မှု, သူများကိုကယ်တင်မှုလို့ (၂)မျိုးရှိတယ်၊ သူများ ကယ်တင်တယ်ဆိုတာ—သားစာ, သမီးစာတွေရှာပြီးတော့ ကျွေးနေတာ၊ အဲဒါ သူများကယ်တင်နေတာ။ သားတွေ, သမီးတွေဝတ်ရ, ဆင်ရအောင် လူချင်းတူတူ, သူချင်းမျှမျှ ဝတ်ဆင်နိုင်အောင်ဆိုပြီးတော့ ရှာဖွေပြီးတော့ ပြုစုလုပ်ကျွေးနေတယ်။ အဲဒါ သူများကယ်တင်နေတာ၊ သားတွေ, သမီးတွေ အဆင့်တန်းမြင့်မြင့် နေနိုင်, ထိုင်နိုင်အောင်ဆိုပြီးတော့ နေရေး, ထိုင်ရေးတွေ အဆင့်မှီအောင်ဆိုပြီးတော့ ရှာဖွေပြီးတော့ ပေးနေ၊ အဲဒါ သူများကယ်နေတာ၊ ဆွေတွေမျိုးတွေအတွက် စားရေး, ဝတ်ရေး, နေရေး, ပြုစုစောင့်ရှောက်ရေးဆိုပြီးတော့ ပေးနေ၊ အဲဒါ သူများကယ်နေတာ၊ မင်းရေးစိုးတာ ကိစ္စကြီးငယ်နဲ့ သွားလာလှုပ်ရှား ပြီးတော့နေရ၊ အဲဒါ သူများကယ်တင်နေရတဲ့အချိန်။ အဲဒီလို သူများကယ်တတ်ရုံနဲ့ မိမိရဲ့အရေးကြီးတဲ့ အိုနာသေရေး ဒုက္ခဘေးကြီးက လွတ်ရေး မပေါ်သေးဘူးတဲ့၊ ကိုယ့်ကိုယ်ကို ကယ်တတ်မှ မိမိရဲ့ အိုနာသေရေး ဒုက္ခဘေးကြီးမှ ကင်းဝေးလွတ်မြောက်နိုင်တယ်–လို့၊ ပရိသတ်ကြီး ဆိုလိုက်စမ်းပါ။—

## ❖ ကိုယ့်ကိုယ်ကိုကယ်, သူ့ကိုကယ်, အကယ်နှစ်မျိုးပေ။ သူ့သာကယ်တတ်, ဘဝဇာတ်, လွတ်လပ်မရှိချေ။

သူများကယ်တင်ရုံနဲ့ ကိုယ့်ရဲ့ဘဝဇာတ်ကြီး၊ ဘဝဇာတ်ကြီး ဆိုတာ ထပ်တလဲလဲ ဖြစ်တဲ့အရာကို ဘဝဇာတ်ကြီးလို့ခေါ်တယ်၊ ဘဝဇာတ်ခုံပေါ်မှာ ဒကာ–ဒကာမတွေ လူ့ဘဝ, လူ့ဇာတ်ခုံကြီးပေါ်ရောက်လာတော့ ဘာတွေ ထပ်တလဲလဲကြုံရတုန်း၊ အိုမှုကြီး, နာမှုကြီး, သေမှုကြီးလို့ဆိုတဲ့ ဒီအမှုကြီး (၃)မှု ကြုံကြရတယ်၊ ကပြကြရတယ်။ လူ့ဘဝ လူ့ဇာတ်ခုံပဲရောက်ရောက်, နတ်ဘဝ နတ်ဇာတ်ခုံပဲ ရောက်ရောက်, ဗြဟ္မာဘဝ ဗြဟ္မာဇာတ်ခုံပဲ

ရောက်ရောက်၊ အပါယ် လေးဘုံလို့ဆိုတဲ့ ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ် အပါယ် (၄)ဘုံ ဇာတ်ခုံကြီးပဲရောက်ရောက်၊ အဲဒီ အိုခြင်း, နာခြင်း, သေခြင်းဆိုတဲ့ ဒီသုံးပါးကိုတော့ မ,ကရတာ ဘယ်သူမှမရှိဘူး၊ အိုမှုအိုဟန်ဖြင့် ကျွန်ုပ် မကပါရစေနဲ့လို့ ရှောင်လွှဲလို့မရဘူး၊ ပြေးလို့မရဘူး၊ ပုန်းလို့လဲမရဘူး၊ တိမ်းလို့လဲ မရဘူး။

ဒီဇာတ်ခုံကြီးပေါ် ရောက်လာရင် (၃၁)ဘုံဆိုတဲ့ ဇာတ်ခုံကြီးပေါ် ရောက်လာရင် အိုမှုအိုဟန်ကြီးနဲ့လည်း ကကြရတယ်၊ နာမှု နာဟန်ကြီးနဲ့လည်း ထွက်ကြရတယ်၊ သေမှုသေဟန်ကြီးနဲ့လည်း ကပြကြရတယ် ....တဲ့။ ဒီ ဇာတ်သူဇာတ်သားတွေ အိုမှု, နာမှု, သေမှုဆိုတဲ့ ဇာတ်ကွက်ကို မကချင် ပါဘူးဆိုလို့ တိမ်းလို့မရဘူး, ရှောင်လို့ မရဘူး, ပြေးလို့မရဘူး, ပုန်းလို့မရဘူး ပရိသတ်ကြီး ရရဲ့လား? မရပါအရှင်ဘုရား။ အိုမှု, နာမှု, သေမှုဆိုတဲ့ ဇာတ်ကွက် ဇာတ်ထုတ်ကြီးကို ကျွန်တော်ဖြင့် မကပါရစေနဲ့ ကျွန်မဖြင့် မကပါရစေနဲ့လို့ ပြောလို့မရဘူး၊ ပကတိလောက ဇာတ်ခုံကြီးပေါ်မှာတော့ ဇာတ်အုပ်ကြီးကို မင်းသားက, မင်းသမီးက (သို့မဟုတ်) ဇာတ်ရန်ဖြစ်တဲ့သူတွေက၊ အာ .... ကျွန်တော် အဲဒီအခန်းတော့ ကျွန်တော် မကပါရစေနဲ့ ကျွန်တော် မပိုင်လို့ပါ, မနိုင်လို့ပါ၊ ကျွန်တော် မကျွမ်းကျင်လို့ပါ, ကျွန်တော် မကပါရစေနဲ့လို့ပြောရင် ရနိုင်သေးတယ်။

လောကပကတိ ဇာတ်ကွက်ကြီးတွေ ဇာတ်ခုံကြီးတွေပေါ်မှာ ကပြနေတဲ့ ဇာတ်ကွက်ကြီးတွေမှာကြတော့၊ ကိုယ်မနိုင်တဲ့ဇာတ်ကို မကပါရစေနဲ့လို့ ဇာတ်အုပ်ကြီးကိုပြောရင် မရဘူးလား? ရပါတယ်ဘုရား။ (၃၁) ဘုံ ဇာတ်ခုံကြီးပေါ် ရောက်လာတဲ့ ဒကာ-ဒကာမတွေ (၃၁) ဘုံ ဇာတ်ရုံကြီး လွှမ်းခြုံအုပ်စိုးနေတဲ့ (၁၅၀၀)-ကိလေသာ မာရ်မင်းလို့လဲ ခေါ်ရတဲ့၊ ဇာတ်အုပ်ကြီးကို ကျွန်တော်ဖြင့် ဒီ အိုတဲ့ဇာတ်ကို မကပါရစေနဲ့, အိုခြင်း အိုဟန်တွေပေါက်ပြီးတော့ ကကြရတဲ့ ဇာတ်ကွက်ကို ကျွန်တော် မကပါရစေနဲ့, ကျွန်မ မကပါရစေနဲ့လို့ ရှောင်လွှဲလို့ ရရဲ့လား? မရပါဘုရား။ အာ....ပြောလို့မှ မရရင်တော့ တံစိုးလက်ဆောင် ထိုးပြီးတော့ ဇာတ်အုပ်ကြီးကို တံစိုးလက်ဆောင် ထိုးပြီးတော့ ငွေတွေ.

ငွေတွေပုံပေးလိုက်ရင် ငါ ဒီလိုကရတဲ့ အို နာသေဇာတ်ကြီးက လွတ်မှာပဲလို့ ဆိုပြီးတော့ တံစိုးလက်ဆောင် ထိုးလို့လဲ လွတ်ရဲ့လား? မလွတ်ပါအရှင်ဘုရား၊ ဆိုလိုက်စမ်းပါ။—

❖ **လက်ဆောင်ထိုးလဲ, အိုတာပဲ, အိုရဲအောင်သာ ကြိုးစားပါ၊**
❖ **လက်ဆောင်ထိုးလဲ, နာတာပဲ, နာရဲအောင်သာ ကြိုးစားပါ၊**
❖ **လက်ဆောင်ထိုးလဲ, သေတာပဲ, သေရဲအောင်သာ ကြိုးစားပါ။**

လက်ဆောင်ထိုးလို့ရရဲ့လား? မရပါဘုရား။ အာ....လက်ဆောင် ထိုးလို့မှ မရရင်တော့ ဘာပဲဖြစ်ဖြစ် သူသေ ကိုယ်သေ, သူလဲ သူမိုက်သလို, ငါလဲ ငါမိုက်ရမှာပဲ၊ စစ်တပ်တွေ ဆင်တပ်, မြင်းတပ်, ရထားတပ်, ကားတပ်, လေယာဉ်တွေ, ဒုံးပျံတွေနဲ့ ခုခံတော်လှန်ပြီးတော့ တိုက်ခိုက်မယ်လို့ ခုခံ တိုက်ခိုက်လို့ရော ရရဲ့လာ? မရပါဘုရား။

❖ **ခုခံသော်လည်း, မရပဲ, အိုမြဲ အိုရပါ။**
❖ **ခုခံသော်လည်း, မရပဲ, နာမြဲ နာရပါ။**
❖ **ခုခံသော်လည်း, မရပဲ, သေမြဲ သေရပါ။**

အာ....ဒီလိုခုခံလို့မရရင်တော့ ချော့မော့ပြီးတော့ တောင်းပန်ရမှာပဲလို့ ဆိုပြီးတော့ ခုနကပြောသလို ကျွန်တော်ဖြင့် မကပါရစေနဲ့, အိုမှု အိုခန်းကြီးဆိုတဲ့ ဇာတ်ကွက်ကို ကျွန်တော် မကပါရစေနဲ့, ကျွန်မဖြင့် မကပါရစေနဲ့၊ နာမှု နာခန်းကြီးနဲ့ မကြုံပါရစေနဲ့, သေမှု သေခန်းကြီးဆိုတဲ့ ဇာတ်ကွက်ကြီး ကျွန်တော် မကပါရစေနဲ့, ကျွန်မ မကပါရစေနဲ့လို့ ခြေသလုံးဖက်ပြီးတော့ လက်အုပ်ချီမိုး ရှိခိုးတောင်းပန်လို့လဲ ရရဲ့လား? မရပါဘုရား။

❖ **တောင်းပန်သော်လည်း, မရပဲ, အိုမြဲ အိုရရှာ။**
❖ **တောင်းပန်သော်လည်း, မရပဲ, နာမြဲ နာရရှာ။**
❖ **တောင်းပန်သော်လည်း, မရပဲ, သေမြဲ သေရရှာ။**

ကိုင်း ဒီတော့ တောင်းပန်လို့လဲ မရ, တံစိုးထိုးလို့လဲ မရ, လက်ဆောင်ပေးလို့လဲ မရ, ရှောင်ပြေးပုန်းတိမ်းပြီးတော့နေလို့လဲ မရ, တစ်ပါးရှောင်ပြီးတော့ ပြေးမယ်, တစ်ပါးရှောင်ပြီးတော့ တိမ်းသွားမယ်၊ အို့ဇာတ်ကွက်ကြီး မကရအောင်, နာဇာတ်ကွက်ကြီး မကရအောင်, သေဇာတ်ကွက်ကြီး မကရအောင်ဆိုပြီးတော့ တနေရာရာ ချောင်ထဲပြေးပြီးတော့ ပုန်းအောင်းတိမ်းခိုမယ်လို့ဆိုလို့ ရရဲ့လား? မရပါဘုရား။

အဲဒီလိုအားဖြင့် မရတဲ့ဘေးကြီးတွေက ကိုယ့်ကိုယ်ကို ကယ်တင်ရင် လွတ်နိုင်တယ်.....တဲ့၊ သူများအကယ် စောင့်မနေနဲ့ ကိုယ့်ကိုယ်ကို ကယ်တတ်ရင်တော့ လွတ်တယ်...တဲ့။ ဒါဖြင့် ဘုန်းကြီးတို့ ပရိသတ်ကြီး ကိုယ့်ကိုယ်ကို ကယ်ဘို့ မလိုဘူးလား? လိုပါတယ်ဘုရား၊

ဒီနေ့ ပုညသုကရိကအသင်းကြီး ထူထောင်ပြီးတော့ နေ့စဉ်, သတင်းစဉ် ကောင်းမှုတွေပြုနေကြတဲ့ လှူဒါန်းပေးကမ်းစွန့်ကြဲမှု ကောင်းမှုတွေကို ပြုနေကြတဲ့ အချိန်သည် ကိုယ့်ကိုယ်ကို ကယ်နေတဲ့အချိန်။ သရဏဂုံ သုံးပါးနှင့် ငါးပါးသီလ မပျက်စေရဘူးဟဲ့လို့၊ နေ့စဉ်နေ့စဉ် ငါးပါးသီလ စီးပွားဥစ္စာရှာနေရင်းနဲ့ မိမိသားစာသွီးစာရှာရင်းနဲ့ ငါးပါးသီလ အပျက်မခံဘူးရယ်လို့ ထိန်းထားနိုင်တဲ့ အမျိုးသား, အမျိုးသွီး ယခုလို အခါကြီးရက်ကြီးတွေမှာ သရဏဂုံသုံးပါးနှင့် ရှစ်ပါးသီလခေါ်တဲ့ ဘုရားပစ္စေကာ အရိယာအပေါင်း သူတော်ကောင်းကြီးများ ဖြည့်လေ့ရှိ ထိန်းလေ့ရှိတဲ့ သီလကုသိုလ်ကြီးကို ထိန်းသိမ်းစောင့်ရှောက်လေ့ရှိတဲ့ အမျိုးသား, အမျိုးသွီးသည် ကိုယ့်ကိုယ်ကို ကယ်တဲ့အချိန်။

သီလ ကုသိုလ်ကြီး တစ်ပါးထိန်းရင်ပဲ ငါးပါးသီလထဲက ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ သူ့အသက်သတ်မှုမှ ရှောင်ပါ၏လို့ ဒီသီလကို ထိန်းထားရင်ပဲ၊ အဲဒီသီလအားကြီးက ထိုအမျိုးသားကို, ထိုအမျိုးသွီးကို အပါယ်လေးပါးဆိုတဲ့ ချောက်ကြီးထဲမကျသွားအောင်၊ ထမ်းထားတယ်, ပင့်ထားတယ်, မြှင့်ထားတယ်, ဆောင်ထားတယ်, သူ့သက်သတ်မှုဆိုတဲ့ ပါဏာတိပါတရှောင်ကြဉ်တဲ့ သီလတစ်ပါး ထိန်းထားရုံနဲ့ပဲ၊ ထိုအမျိုးသား,

အမျိုးသမီးကို ထိုသီလကုသိုလ်ကြီးက အပါယ်လေးပါးချောက်ထဲ ကျမသွားအောင် မြှင့်ထားနိုင်တယ်, ပင့်ထားနိုင်တယ်, ထမ်းထားနိုင်တယ်, မ-ထားနိုင်တယ်, ပင့်ထား, မြှင့်ထား, ထမ်းထားရုံမက (၃၁)ဘုံဆိုတဲ့ အိုနာသေရုံကြီး ဇာတ်ရုံကြီးက လွတ်ကင်းရာဖြစ်တဲ့ အိုနာသေလွတ်တဲ့ နိဗ္ဗာန်ရွာတိုင်အောင် ပို့ဆောင်နိုင်တယ်တဲ့။ သီလကုသိုလ်တစ်ပါးရဲ့ စွမ်းအားသတ္တိ မကြီးဘူးလား ပရိသတ်? ကြီးပါတယ်အရှင်ဘုရား။

(၅) ပါးသီလထဲက သူ့သက်သတ်မှုမှ ရှောင်ကြဉ်မှုဆိုတဲ့ ဒီကုသိုလ် ကောင်းမှုတစ်ခုကို ထိန်းထားတာနဲ့ပဲ အပါယ်လေးပါးချောက်ထဲ ကျမသွားတဲ့ အပြင်၊ လူ့ရွာနတ်ထံ ချမ်းသာစံ နိဗ္ဗာန်တိုင်ထိ မဝင်နိုင်ဘူးလား? ဝင်နိုင်ပါတယ် ဘုရား။ ဝိသာခါ ကျောင်းအမ အနာထပိဏ်သူဌေးတို့ သောတာပန်တည်ပြီး သကာလ အပါယ်လေးပါး မကျတော့ပဲနဲ့ ဒီနေ့ ဘုံစဉ်စံပြီးတော့ နိဗ္ဗာန်ဝင်တဲ့ ကိစ္စကြီးမှာ၊ အဲဒီငါးပါးသီလရဲ့ စွမ်းအားသတ္တိကြီးက တစ်ဝက်ပါတယ် ....တဲ့၊ ဝိသာခါ အပါယ်မကျတဲ့ကိစ္စမှာ ငါးပါးသီလ သတ္တိရဲ့ သတ္တိတစ်ဝက်ပါတယ်။ သောတာပတ္တိရဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရဲ့ သတ္တိတစ်ဝက်ပါတယ်၊ ဒါဖြင့် ဘုန်းကြီး တို့က သောတာပန် မဖြစ်သေးပေမယ့်လို့ (၅) ပါး သီလအား တစ်ဝက်ဆောင် နိုင်တဲ့ (၅) ပါးသီလကိုတော့ ဘုန်းကြီးတို့ မထမ်းနိုင်ဘူးလား? ထမ်းနိုင်ပါတယ်ဘုရား။

ဒီနေ့ ဒကာ-ဒကာမတွေ အဲဒီငါးပါးသီလကို မပျက်အောင် သတိနဲ့ ထိန်းသိမ်းမယ်ဆိုရင် မရနိုင်ဘူးလား? ရနိုင်ပါတယ်ဘုရား။ အဲဒီငါးပါးသီလကို ထိန်းသိမ်းထားခြင်းဖြင့် မိမိကိုယ်ကိုယ်မိမိ အပါယ်လေးပါးမကျအောင် ထမ်းထား တာကော မရောက်ဘူးလား? ရောက်ပါတယ်ဘုရား။ အဲဒီထက်သာတဲ့ သရဏဂုံ (၃) ပါးနှင့် ရှစ်ပါးသီလကို ဒီနေ့ ပုညသုကရိကအသင်းဝင် ဒကာ-ဒကာမ အပေါင်း သူတော်ကောင်းတွေ ထိန်းသိမ်းစောင့်ရှောက်နေတဲ့အချိန်သည် ကိုယ့်ကိုယ်ကို ကယ်နေတဲ့အချိန်၊ ဘုရားရှိခိုးခြင်း ညအိပ်ရာဝင် ဘုရားရှိခိုးခြင်း၊ မနက်အိပ်ရာနိုး ဘုရားရှိခိုးပြီးတော့ နိုးလာအောင်ကြိုးစားခြင်း၊ မေတ္တာပွားခြင်း, ပုတီးစိတ်ခြင်းဆိုတဲ့ သမထဘာဝနာ၊ ရုပ်နာမ် (၂) တန် အရှိမှန်တရားတွေရဲ့

အဖြစ်မှန် တရားလို့ခေါ်တဲ့ ဖြစ်ပျက်တတ်တဲ့ သဘောတွေကို မြင်အောင်ရှုပွားတဲ့ ဝိပဿနာဘာဝနာတရားကို ပွားများမယုတ် အားထုတ်နေတဲ့ အချိန်သည် ကိုယ့်ကိုယ်ကို ကယ်နေတဲ့အချိန်။

ဒီတော့ ကိုယ့်ကိုယ်ကို ကယ်တဲ့အလုပ်က (၃) လုပ်ပဲရှိတယ်၊ ကိုယ့်ကိုယ်ကို ကယ်တဲ့အလုပ်က ဘယ်နှစ်လုပ်ပါလိမ့်? (၃) လုပ်ပါဘုရား၊ အဲ သူများကယ်တဲ့ အလုပ်တွေကတော့ ပြည့်လို့ ရောင်းဝယ်ပြီးတော့ကယ်, စိုက်ပျိုးပြီးတော့ကယ်, လက်မှုပညာနဲ့ကယ်, နှုတ်မှုပညာနဲ့ကယ်, လုပ်ငန်းပေါင်းစုံနဲ့ ကယ်ပြီးတော့–

သူများကယ်တဲ့အလုပ်တွေက မြောက်များစွာရှိပြီးတော့ ကိုယ့် ကိုယ်ကို ကယ်တဲ့အလုပ်က မဂ်ဖိုလ်နိဗ္ဗာန်ရည်မှန်းပြီး စွန့်ကြဲပေးကမ်း လှူဒါန်းမှု, ဒါနကောင်းမှု၊ မဂ်ဖိုလ်နိဗ္ဗာန်ရည်မှန်း၍ (၅) ပါးသီလလုံအောင် ထိန်းနေတဲ့ သီလကောင်းမှု၊ တတ်စွမ်းသမျှ သရဏဂုံသုံးပါးနှင့် (၈) ပါးသီလ, (၉) ပါးသီလ, ဒီထက်တတ်နိုင်သေးရင် ဒုလ္လဘသီလရှင်တွေ ဝတ်, ဒုလ္လဘကိုရင်ဝတ်, ဒုလ္လဘ ရဟန်းပြုပြီးတော့ သီလအထွဋ် အထိပ်ဖြစ်တဲ့ ဘုရားသာသနာတော်နဲ့ကြုံမှ ထိန်းရတဲ့ အဓိသီလခေါ်တဲ့ လွန်ကဲတဲ့သီလတွေကို ထိန်းသိမ်းမှု၊ သမထ ဝိပဿနာဘာဝနာ တရားများ ပွားများမှုဆိုတဲ့ ဒီအလုပ်ကြီးသုံးလုပ်သည် ကိုယ့်ကိုယ်ကို ကယ်တဲ့အချိန်။ ဒါဖြင့် ဒီနေ့ ပုညသုကရိကအသင်းကြီးက ဦးစီး ဦးဆောင်ပြီးတော့ ဒီနေ့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေ နံနက်စောစော ဘုရားကို ဆွမ်းတော်, ပန်းတော်, ရေချမ်းတော် ကပ်တာက စပြီးတော့ လှူဒါန်းပေးကမ်း စွန့်ကြဲမှုပြုနေတဲ့အချိန်သည် သူများကယ်နေတာလား ကိုယ့်ကိုယ်ကို ကယ်နေတာလား? ကိုယ့်ကိုယ်ကို ကယ်နေတာပါဘုရား။

သရဏဂုံ (၃) ပါးနဲ့ (၈) ပါးသီလ စောင့်ရှောက်ထိန်းသိမ်းပြီးတော့ နေတဲ့အချိန်သည် ကိုယ့်ကိုယ်ကို ကယ်တဲ့အချိန်လား သူများကယ်တဲ့အချိန်လား? ကိုယ့်ကိုယ်ကို ကယ်ချိန်ပါဘုရား။ ညအိပ်ရာဝင် ဘုရားရှင် ဦးတင်လက်အုပ်ချီ နေတဲ့ အချိန်သည် သူများကယ်ချိန်လား ကိုယ့်ကိုယ်ကို ကယ်ချိန်လား? ကိုယ့်ကိုယ်ကို ကယ်ချိန်ပါဘုရား။ ဝိပဿနာတရား နေ့စဉ်မှန်မှန် ပွားပြီးတော့

နေတဲ့ အမျိုးသား, အမျိုးသမီးသည် ကိုယ့်ကိုယ်ကို ကယ်တာလား သူများ ကယ်တာလား? ကိုယ့်ကိုယ်ကို ကယ်တာပါဘုရား။ ဆို—

❖ **ကိုယ့်ကိုယ်ကိုကယ်, သူ့ကိုကယ်, အကယ်နှစ်မျိုးပေ။**
❖ **သူ့သာကယ်တတ်, ဘဝဇာတ်, လွတ်လပ်မရှိချေ။**
❖ **ထို့ကြောင့်သာပဲ, ကိုယ့်ကိုလည်း, အမြဲကယ်ကြလေ။**

အေး—ဒီတော့ ကိုယ့်ကိုယ်ကို ကယ်တဲ့အမှုကို နေ့တိုင်းပါအောင်ပြုတဲ့၊ ဘုရားကိုယ်တော်မြတ်ကြီးက သံယုတ်ပါဠိတော်မှာ ဟောတော်မူခဲ့တယ်။— ကိုယ့်ကိုယ်ကိုကယ်တဲ့ အမှုကိုလဲ နေ့တိုင်းပါအောင်ပြု၊ သူများကယ်တဲ့ အမှုတွေနဲ့ချည်း အချိန်ကုန်မသွားစေနဲ့၊ သူများ ကယ်တဲ့အမှုကို မကယ်နဲ့လို့ ဘုရားမတားဘူး ကယ်ပါ၊ ဝတ်တရား ရှိသလောက် သားစာ, သမီးစာရှာကျွေး၊ မြေးစာ, မြစ်စာရှာကျွေးစတဲ့ အလုပ်တွေကိုလဲ လုပ်ပါ၊ အဲ—ကိုယ့်ကိုယ်ကိုကယ်တဲ့ အမှုကိုလဲ နေ့တိုင်းပါအောင်ပြု။ ဘာပြုလို့တုန်းဆိုတော့ ကိုယ့်ကိုယ်သည်သာလျှင် လောက အချစ်ဆုံး၊ လောကမှာ အချစ်ဆုံးအရာတွေရှာရင် ကိုယ့်ကိုယ်ကိုသာ အချစ်ဆုံး၊

ဘုရားရှင်ကိုယ်တော်မြတ်ကြီး သက်တော်ထင်ရှားရှိစဉ်က သာဝတ္ထိမြို့ကို ထီးနန်းအုပ်ချုပ် မင်းလုပ်တာက ကောသလမင်းကြီး။ အဲဒီ "ကောသလမင်းကြီးရဲ့ နန်းတော်မှာ လွှတ်တော်မှာ အမတ်ကြီးလေးဦး တာဝန်ထမ်းကြတယ်၊ လွှတ်တော် ဝန်ကြီးလေးပါး တစ်ခါတော့ အဲဒီလွှတ်တော်ဝန်ကြီးတွေ စကားစပ်ရာ ပြောကြရင်းနဲ့၊ လောကမှာ ချစ်စရာအကောင်းဆုံးဖြစ်တဲ့အရာဟာ ဘယ်ဟာ တုန်းလို့ သူတို့အချင်းချင်း ဆွေးနွေးကြ၊ ဒီတော့ ဝန်ကြီးတစ်ပါးကပြောတယ်။

## နတ္ထိ ဧည သမံ ပိယံ။

**လောကေ—လောက၌၊ ဧညသမံ—ဆန်စပါးနှင့်တူသော၊ ပိယံ နာမ—ချစ်အပ်သောအရာဝတ္ထုမည်သည်၊ နတ္ထိ—မရှိရိုးကေန် အမှန် သာလျှင်တည်း။** လောကမှာ ချစ်စရာအကောင်းဆုံး, မြတ်နိုးစရာ အကောင်းဆုံး အရာကို ပြောစမ်းပါဆိုရင်ဖြင့် ဆန်စပါးပေါ့တဲ့, ဆန်စပါးပေါ့။ ခင်ဗျားတို့ကျုပ်တို့

အသက်ရှည်နေရတာ ဆန်စပါး စားပြီးတော့ အသက်ရှည်နေရတာ၊ ဒီဆန်စပါး စားရလို့ အသက်ရှည်ပြီးတော့ ကိုယ်လုပ်ချင်တဲ့ကိစ္စတွေ, ကိုယ်ဆောင်ရွက်ချင်တဲ့ ကိစ္စတွေ ဆောင်ရွက်နေနိုင်ကြတာဖြစ်တော့ လောက ဆန်စပါးလောက် ချစ်စရာ ကောင်းတဲ့အရာ ဘယ်ရှိလိမ့်မတုန်းလို့ အမတ်ကြီးတစ်ယောက်က ပြော။ ဒီတော့ တခြားအမတ်ကြီးတစ်ယောက်က ကျုပ်အထင်ကတော့ ခင်ဗျားရဲ့ ဆန်စပါး အသုံးဝင်တာတော့မှန်တယ်။ သို့သော် ကျုပ် ထင်မြင်ချက်ကို ပြောရမယ် ဆိုရင်ဖြင့်—

## နတ္ထိ ဂေါသမိတံ ပိယံ။

**ဂေါသမိတံ–နွားနှင့်တူသော၊ ပိယံနာမ–ချစ်အပ်သော အရာ ဝတ္ထုမည်သည်၊ နတ္ထိ–မရှိရိုးကေန်အမှန်သာလျှင်တည်း။** လောကမှာ နွားဟာ ချစ်စရာအကောင်းဆုံးလို့ ကျုပ်ကတော့ ထင်ပါတယ်၊ ခင်ဗျား ဆန်စပါး နွားကဖန်တီးပေးမှ ကျုပ်တို့ရတာ၊ နွားဟာ ချစ်စရာအကောင်းဆုံးပေါ့ လောကမှာ၊ ဘာပြုလို့တုန်းဆိုတော့ ခင်ဗျား ဆန်စပါးကိုလဲ နွားကဖန်တီးပေးမှ ထွန်ယက်ပေးမှ ကျုပ်တို့ရနိုင်တယ်၊ ဒါတင်မကသေးဘူး ကျုပ်တို့ရဲ့ စားကောင်း သောက်ဖွယ်တွေမှန်သမျှ ဆန်စပါး, ပဲနှမ်း, ပြောင်း နွားကဖန်တီးပေးတယ်၊ နွားက ထွန်ယက်ပေးတယ်၊ ဒါတင်မကသေးဘူး ကျုပ်တို့ရဲ့ နေရေး, ထိုင်ရေး အတွက် အိမ်ရာတိုက်တာ ဆောက်တဲ့နေရာမှာလည်းပဲ သစ်တုံး သစ်လုံး ဝါးတွေကို နွားတွေကတိုက်ပြီးတော့ ဆွဲပြီးတော့ ပေးကြတယ်။ ကျုပ်တို့ ဝတ်တဲ့ အဝတ်တွေ, ဝါချည်တွေ, ဂွမ်းလိပ်တွေကိုလဲပဲ နွားတွေနဲ့ ထွန်ယက်ပြီးတော့ ဝတ်ရေးအတွက်လဲပဲ နွားတွေပါရတယ်၊ စားရေးအတွက်လည်း နွားတွေပါရတယ်၊ ကျုပ်တို့ရဲ့ အိမ်ရာတိုက်တာ အဆောက်အအုံတွေအတွက်လဲ နွားပါရတယ်၊ ဒါတင်မကသေးဘူး ကျုပ်တို့ရဲ့စားရေး အားအင်ဗလပြည့်ပြည့်စုံစုံနဲ့ စားရေး, သောက်ရေး အတွက် နွားတွေက နွားနို့ပေးတယ်, ထောပတ်ပေးတယ်, ဒိန်ခဲ ပေးတယ်, နို့ချဉ်နို့ဓမ်းတွေကျွေးတယ်၊ ဒါတင်မကသေးဘူး အသက်ရှင်တုန်း ကျေးဇူးပြုရုံတင်မကသေးဘူးတဲ့ သူတို့သေသွားတာတောင်မှ, သူတို့အသားကို ကျုပ်တို့ကို စားရအောင် ပေးခဲ့တဲ့အပြင်, ကျုပ်တို့ရဲ့ ပျော်ရွှင်မြူးတူးရေးအတွက်

နွားရဲ့သားရေနဲ့ ပတ်မကြီးတွေ, အိုး စည်တွေ, ဒိုးပတ်တွေ, ဗုံတွေ, တီးစရာ, မှုတ်စရာ တူရိယာတွေ ကျုပ်တို့ရဲ့ ပျော်ရေးရွှင်ရေး ပျော်ရွှင်ရေးအတွက်လဲပဲ ကျေးဇူးပြုခဲ့တဲ့ နွား။ ဒီထက်ချစ်စရာကောင်းတဲ့ပစ္စည်း လောကရှိအုန်းမလားလို့ ဒုတိယအမတ်ကြီးက အဆိုတင်တယ်။

ဒီတော့ တတိယ အမတ်ကြီးတစ်ယောက်က ခင်ဗျားတို့ ဘာတွေပဲ ဘယ်လောက်ပြောပြော ကျုပ်ထင်မြင်ချက်ပြောရလျှင်။—

## နတ္ထိ ပုတ္တသမံ ပိယံ။

**ပုတ္တသမံ-သားသွီးနှင့်တူသော၊ ပိယံနာမ-ချစ်အပ်သောသူမည်သည်၊ နတ္ထိ-မရှိကေန် အမှန်သာလျှင်တည်း။** လောကမှာ သား, သွီးလောက် ချစ်စရာကောင်းတာ ဘယ်ရှိလိမ့်မတုန်းတဲ့။ ခင်ဗျားတို့ ကျုပ်တို့ အလုပ်အကိုင်နဲ့ တစ်နေ့လုံး သွားလာလှုပ်ရှားလုပ်ကိုင်ပြီး မောလာပန်းလာ အိမ်ပြန်ရောက်လို့မှ သားလေးရဲ့မျက်နှာ မြင်လိုက်ရရင် သွီးလေးရဲ့မျက်နှာ မြင်လိုက်ရရင်, ပန်းသမျှတွေပြေပြီးတော့ နွမ်းသမျှတွေ ပျောက်တယ်။

**"သားတို့ရုပ်ရည် သီတာမည်သား ရေကြည်ချမ်းမြ တစ်ပေါက်ကျက မိဘတို့ဝမ်း ငြိမ်းစတန်း"** လို့ ကျမ်းဂန်ကလဲဆိုတယ်၊ ဒီတော့ ကျုပ်တို့ သားသွီးလောက် ချစ်စရာကောင်းတာ ဘယ်ရှိလိမ့်မတုန်းတဲ့။ လိမ္မာရေးခြားရှိတဲ့ သားလေးတွေ, သွီးလေးတွေဆိုတာ ပြောမထားနဲ့, မိုက်တူးပြီးနေတဲ့ သားသွီးကိုပင်လျှင် ကျုပ်တို့ တောင်းဆိုး ပလုံးဆိုးသာပြစ်ရိုးရှိတယ်၊ သားဆိုးသွီးဆိုး ပြစ်ရိုးမရှိဘူးလို့များ စကားပုံ လုပ်ထားပြီးတော့။ ကျုပ်တို့ ချစ်ကြရတယ်မဟုတ်လားတဲ့၊ ဒီတော့ သားသွီးက ချစ်စရာအကောင်းဆုံးပဲလို့ တတိယအမတ်ကြီးက အဆိုတင်တယ်။ ပထမအမတ်ကြီးကလည်း သူ့ဆန်စပါးမှ ချစ်စရာအကောင်းဆုံး မလျော့ဘူး။ ဒုတိယအမတ်ကြီးလလည်း နွားဟာ ကျေးဇူးအများဆုံး အကောင်းဆုံး ချစ်စရာအကောင်းဆုံးလို့ မလျော့ဘူး။ တတိယအမတ်ကြီးကလည်း သားသွီးဟာ ချစ်စရာအကောင်းဆုံးပဲလို့ အဆိုကို မလျော့ဘူး။ သူနိုင်, ငါနိုင် အပြိုင်ကြပြီးတော့ စကားလုပွဲ ပြောနေကြတော့ ၄ နံပါတ်မြောက် အမတ်ကြီးက ထောက်တယ်။

ကိုင်း ခင်ဗျားတို့ တစ်ယောက်နဲ့တစ်ယောက် အနိုင်ပေးမှာလဲ မဟုတ် အရှုံးပေးမှာလည်းမဟုတ်။ ကျုပ်ပြောမယ် ကျုပ်တို့ဘုရားရှင် ကိုယ်တော်မြတ်ကြီး မြို့ဦးမြို့ထိပ် ဇေတဝန်ကျောင်းမှာ သီတင်းသုံး ပြီးတော့နေတယ်၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီးထံ သွားပြီးတော့ ဒီအဆိုတွေကို ကျုပ်တို့တင်ပြမယ်၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဆုံးဖြတ်တဲ့အတိုင်း အရှုံးအနိုင်လက်ခံကြစို့ရဲ့ ဆိုပြီးတော့၊ ဘုရားထံ မှောက်ရောက်ကြတယ်။ ရောက်လာပြီးတော့ ဘုရားကို အကျိုးကြောင်း တွေကို အကုန်ပြန်ပြီးတော့ လျှောက်ကြတယ်၊ အဲလိုလျှောက်ပြီးတော့ အဆုံးအဖြတ် ခံယူတဲ့အခါကြတော့ ဘုရားကိုယ်တော်မြတ်က ဘယ့်နဲ့ ဟောလိုက်တုန်း။—

## နတ္ထိ အတ္တသမံ ပေမံ။

**အတ္တသမံ-မိမိကိုယ်နှင့်တူသော၊ ပေမံနာမ-ချစ်အပ်သောသူ တစ်စုံတစ်ယောက်သောသူမည်သည်၊ နတ္ထိ-မရှိရိုးကေန် အမှန်ပင် ဖြစ်ပါပေတော့သတည်း။**

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

အမတ်ကြီးတို့ သင်တို့ပြောတဲ့ ဆန်စပါး ချစ်စရာကောင်းတာ မှန်သလောက်တော့ မှန်ပါတယ်။ နွားကကျွဲရွှေများလို့မို့ ချစ်စရာ ကောင်းတာ. မြတ်နိုးစရာကောင်းတာ မှန်သလောက် မှန်ပါတယ်။ သားသွီးကလည်းပဲ ချစ်စရာကောင်းတာ မှန်သလောက် မှန်ပါရဲ့တဲ့။ သို့သော်—လောကမှာ တကယ့်အရေး တကယ့်ဘေးနဲ့ ကြုံတဲ့အခါကျတော့ "ကိုယ့်ကိုယ်ကိုသာလျှင် အချစ်ဆုံး"....တဲ့။ သားသမီးနဲ့မိဘ တစ်ယောက်နဲ့တစ်ယောက် မကယ်နိုင်တဲ့ ဘေးကြီးတွေ့ရင်၊ ကိုယ့်ကိုယ်ကိုသာလျှင် အချစ်ဆုံး။ မီးဘေး, ရေဘေး, လေဘေး, ပြည်ပျက်ဘေးကြီးတွေစသည်ဖြင့် ဘေးအန္တရာယ်ကြီးတွေ ဖြုန်းကနဲ ပေါ်လာရင်၊ ကိုယ့်ရဲ့ အသက်လွတ်ရေးအတွက် ခြေဦးတည့်ရာ ပြေးကြရတယ်။ နောက်မှ သတိရပြီးတော့ သားသတိရလို့ ကယ်. သမီးသတိရလို့ ကယ်. သားကယ်သမီးကယ်တယ်ဆိုတာ ကယ်နိုင်စွမ်းရှိလို့ ကယ်ကြတယ်။ ကူနိုင်ခွင့်ရှိလို့

ကူကြတယ်။ တကယ့်အရေး တကယ့်ဘေးဆိုရင်ဖြင့် ကိုယ့်အသက်ဘေး လွတ်ရေးကိုသာ နံပါတ်တစ်ထားပြီးတော့ သတ္တဝါများ စဉ်းစားကြတာမို့လို့၊ ကမ္ဘာလောက ရှိရှိသမျှသတ္တဝါအားလုံး၊ ကိုယ့်ကိုယ် ကိုသာလျှင် အချစ်ဆုံး။

ဒါဖြင့် ကိုယ့်ကိုယ်ကို အချစ်ဆုံးဖြစ်တာ လက်ခံနိုင်ခဲ့ရင်၊ အချစ်ဆုံးဖြစ်တဲ့ ကိုယ့်ကိုယ်ကို ကယ်တင်တဲ့အမှုကို နေ့တိုင်းပါအောင် ပြုရတယ်။ သူများက ကယ်လို့ရတဲ့ဘေးရှိတယ်၊ ကိုယ့်ကိုယ်ကို ကယ်မှဖြစ်တဲ့ဘေးလို့ ဘေးက နှစ်မျိုးရှိတယ်။ သူများ ကယ်လို့ရတဲ့ဘေး၊ အဲ သူများကယ်လို့ဖြစ်တဲ့ ဘေးအန္တရာယ်၊ သူများကယ်လို့ကိုမရ ကိုယ့်ကိုယ်ကို ကယ်မှရတဲ့ ဘေးအန္တရာယ်လို့ နှစ်သွယ်ရှိတယ် နှစ်မျိုးရှိတယ်။ အဲဒီ နှစ်သွယ်နှစ်မျိုး ရှိတဲ့အနက်က ကမ္ဘာလောကသားတွေနဲ့ ငါဘုရားနဲ့ ဝါဒကွဲကြတယ်လို့ဆိုပြီး မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက ကိုယ့်ကိုယ်ကိုကယ်မှဖြစ်တဲ့ ဘေးစစ်ကြီးနဲ့ ကိုယ့်ကိုယ်ကိုကယ်လို့မဖြစ်တဲ့ ဘေးတုကြီးနှစ်ပါးကို ခွဲခြားပြီးတော့ ဟောတော်မူလို့–

**ဟောတိ သော ဘိက္ခဝေ သမယော၊ ယံ မဟာ အဂ္ဂိဍာဟော ဝုဋ္ဌာတိ။**

ချစ်သားတို့ ချစ်သမီးတို့ ငါ ဥပမာစကားနဲ့ပြောမယ်၊ လောက ကြီးမှာ တစ်ခါတစ်ရံ သတ္တဝါတွေရဲ့ အကုသိုလ်ကံကြောင့် မီးအကြီးအကျယ် လောင်တယ်ဆိုတာ ဖြစ်လာတတ်တယ်။ ဘယ်လောက်ထိ ကြီးကျယ်တုန်း ဆိုတော့–

**တေန ဂါမာပိ ဍယှန္တိ၊ နိဂမာပိ ဍယှန္တိ၊ နဂရာပိ ဍယှန္တိ။**

အဲဒီမီးကြီးက ဘယ်လောက်ကြီးကျယ်တုန်းဆိုတော့–ရွာတွေ ရွာလုံးကျွတ်လောင်တယ်။ နိဂုံးကြီးတွေ နိဂုံးကျွတ်လောင်တယ်။ ရွာ အကြီးစားဖြစ်တဲ့ နိဂုံးကြီးတွေ နိဂုံးကျွတ်လောင်တယ်။ မြို့ကြီးတွေ တစ်မြို့ပြီးတစ်မြို့ ဆက်ဆက်ပြီးတော့ မီးကြီးအကြီးအကျယ်လောင်တဲ့ ဘေးကြီး လောင်တယ်၊ တစ်ခါတစ်ခါ သတ္တဝါတွေရဲ့ အကုသိုလ်ကံကြောင့် ဖြစ်ပေါ် လာတတ်တယ်။ အဲဒီလိုဖြစ်လာပြီဆိုရင် ဘာပြုတုန်း–

*** တတ္ထ မာတာပိ ပုတ္တံ နပ္ပဋိလဘတိ၊ ပုတ္တောပိ မာတရံ နပ္ပဋိလဘတိ။**

တတ္ထ–ထိုကဲ့သို့ မီးကြီးအကြီးအကျယ် ပတ်ဝန်းကျင်က ဝိုင်း ပြီးတော့ လောင်မြိုက်လာရာ၌။ မာတာပိ–မိဘနှစ်ပါးကလည်း။ ပုတ္တံ–သားသမီးကို။ နပ္ပဋိလဘတိ–ကယ်ခွင့်မရ မကယ်နိုင်။ ပုတ္တောပိ–သား သမီးကလည်း။ မာတရံ–မိဘနှစ်ပါးကို။ နပ္ပဋိလဘတိ–ကယ်ခွင့်မရ မကယ်နိုင်။ အဲဒီလို မီးကြီးက အကြီးအကျယ် ပတ်ဝန်းကျင်ကနေ လောင်မြိုက်လာတာဖြစ်တော့ လေတွေကလည်း တဟူးဟူးနဲ့, တရှန်းရှန်းနဲ့တိုက်တော့၊ ရှေ့ကလဲလောင်, နောက်ကလဲ လောင်, တောင်ကလဲ လောင်, မြောက်ကလဲလောင် လောင်လာတာဖြစ်တော့၊ မီးက ကိုယ့်ဆီ မရောက်သေးပေမယ့် မီးညွှန့်ကြီးတွေက တရှိန်ရှိန် တဟုန်းဟုန်းနဲ့ ကိုယ့်အိမ်ရိပ် လာရိုက်, ကိုယ့်ခေါင်းပေါ် လာဟပ်, ကိုယ့်မှာ အရှိန်တွေဟပ်တော့ အသက်လွတ်ရေးအတွက် ပြေးကြရတယ်..တဲ့။ မိဘကလည်း သားသမီးကို မကယ်နိုင်၊ သားသမီးကလည်း မိဘကို မကယ်နိုင်အောင် ကိုယ့်အသက် လွတ်ရေးအတွက် ကိုယ့်ခြေဦးတည့်ရာ ပြေးကြရတယ်တဲ့။ အဲဒီလို မီးကြီး ကမ္ဘာလောက သတ္တဝါတွေရဲ့အကုသိုလ်ကံကြောင့် တစ်ခါတစ်ရံ ပေါ်တတ်တယ်။ အဲဒီမီးဘေးကြီးကို–

**ဣဒံ ဘိက္ခဝေ ပဌမံ၊ အမာတာပုတ္တိကံ ဘယန္တိ၊ အဿုတဝါ ပုထုဇ္ဇနော ဘာသတိ။**

တံ–ထိုကဲ့သို့ ကြီးကျယ်လှတဲ့ မီးဘေးကြီးကို၊ အမာတာပုတ္တိကံ ဘယန္တိ–သားသမီးနဲ့မိဘ အချင်းချင်းမကယ်နိုင်တဲ့ဘေးကြီးဟူ၍။ (ဝါ)–ကြောက်စရာ အကောင်းဆုံး နံပါတ် (၁) ဘေးကြီး, ပထမတန်းစား ဘေးကြီးဟူ၍။ အဿုတဝါပုထုဇ္ဇနော–အသိလိမ္မာ ဉာဏ်ပညာတိုတဲ့ ပုထုဇဉ်အပေါင်းက။ ဘာသတိ–ပြောဟော၍နေ၏။

---

* တိတ္ထာယတနသုတ် (အမာတာပုတ္တိကဘယ) အံ–တိကနိပါတ–၁၇၄ (၁၇၈)

အဲဒီလိုဘေးကြီးကို ပုထုဇဉ်သား ကမ္ဘာလောကသားတွေက နံပါတ်(၁) ကြောက်စရာအကောင်းဆုံးဖြစ်တဲ့ ဘေးကြီးပဲလို့ ကမ္ဘာလောက,က ပြောကြတယ်။ ဒါ နံပါတ်(၁) ဘေးကြီး။ နံပါတ်(၂) တစ်ခါတစ်ရံ သတ္တဝါတွေရဲ့ အကုသိုလ်ကံကြောင့် ရေဘေးကြီး ကြုံတတ်တယ်၊ မဟာမေဃောဝုဋ္ဌာတိ-မိုးကြီးက အရပ်လေးမျက်နှာ ကနေပြီးတော့ တစ်ပြိုင်နက် အုံးအုံးဖြုန်းဖြုန်း ရွာသွန်းဖြိုး ပြီးတော့ ချလိုက်တော့-

**မဟာမေဃော ခေါ ပန ဘိက္ခဝေ ဝုဋ္ဌောတေနဂါမာပိ ဝုယှန္တိ၊ နိဂမာပိ ဝုယှန္တိ၊ နဂရာပိ ဝုယှန္တိ။**

အဲဒီလို မိုးတွေက အရပ်လေးမျက်နှာကနေပြီးတော့ အဆက် မပြတ် ရွာသွန်းဖြိုးတော့ တောင်တွေပေါ်ကကျလာတဲ့ ရေတွေ, ဟို မြင့်ရာကုန်းတွေက နေပြီးတော့ တဟုန်ထိုးကျလာတဲ့ ရေလုံး ရေလှိုင်းတွေက, ရွာတွေရွာလုံးကျွတ်. အိမ်တွေပြုတ်ထွက်အောင်, လူတွေ, နွားတွေ, ကျွဲတွေအကုန်လုံး တိုက်မျော ပြီးတော့ ပစ်တဲ့ ရေဘေးကြီး။ နိဂုံးကြီးတွေ ရွာကြီးအကြီးစားဖြစ်တဲ့ နိဂုံးကြီးတွေ. အိမ်တွေ, တိုက်တာအိမ်ရာတွေ အကုန်လုံးပြုတ်ပြုတ်ပြုန်း ပြိုကျပြီးတော့၊ သစ်ပင်တွေပါ လဲပြိုပြီးတော့၊ မျောပါကုန်တဲ့ ရေဘေးကြီး။ မြို့ကြီးတွေ မြို့လုံးကျွတ်, အိမ်တွေကျွတ်ပါ, နွားတွေ, ကျွဲတွေမျောပါ, လူတွေလည်း အကုန်လုံး မျောပါပြီးတော့သွားအောင် မျောတဲ့ ရေဘေးကြီးနဲ့ တစ်ခါတစ်ရံ သတ္တဝါတွေ အကုသိုလ်ကံကြောင့် ပေါ်တတ်တယ်။

**တတ္ထ မာတာပိ ပုတ္တံ နပ္ပဋိလဘတိ၊ ပုတ္တောပိ မာတရံ နပ္ပဋိလဘတိ။**

အဲဒီဘေးကြီး ထင်လာပြီဆိုရင် သားသမီးကလဲမိဘကို မကယ်နိုင် တော့ဘူး၊ မိဘကလဲသားသမီးကို လှည့်မကြည့်နိုင်တော့ဘူး၊ ကိုယ်လွတ် ရုန်းပြီး တော့ ခြေဦးတည့်ရာကို ကိုယ့်အသက်လွတ်ရေးအတွက် ပြေးကြရတယ်တဲ့။

**ဣဒံ ဘိက္ခဝေ ဒုတိယံ အမာတာပုတ္တိကံ၊ အဿုတ္တာ ပုထုဇ္ဇနော ဘာသတိ။**

အဲဒီလိုရေဘေးကြီး သတ္တဝါတွေရဲ့ အကုသိုလ်ကံကြောင့် တစ်ခါ တစ်ရံ လောကထဲမှာပေါ်တတ်တဲ့ အဲဒီရေဘေးကြီးမျိုးကိုလည်း ကြောက်စရာ အကောင်းဆုံးဖြစ်တဲ့ ဘေးကြီး၊ သားသွီးနဲ့မိဘတောင်မှ တစ်ယောက်နှင့် တစ်ယောက် မကယ်နိုင်တဲ့ ဘေးကြီးပါပဲလို့ ကမ္ဘာလောက.က ပြောကြတယ်။ ဒါ နံပါတ် (၂) ဘေးကြီး။

**ယံ ဘယံ ဟောတိ အဋဝိသင်္ကောပေါ၊ စက္ကသမာရုဠှာ ဇနပဒါ ပရိယာယန္တိ ။**

နံပါတ် (၃) တစ်ခါတစ်ရံ သတ္တဝါတွေရဲ့ အကုသိုလ်ကံကြောင့် သူပုန်သကန်တွေ ပုန်းကန်ထကြွ သောင်းကြမ်းတဲ့ဘေးကြီး၊ တောအုပ်ထဲမှာ ပုန်းအောင်းနေတဲ့ သူပုန်တွေ သူကန်တွေက ထကြွသောင်းကျန်း ပြီးတော့ ရွာတွေမီးနဲ့ရှို့, လူတွေကို သတ်, ပစ္စည်းတွေကို ယူ၊ အဲဒီလို သူပုန်သူကန် ထကြွသောင်းကျန်းတဲ့ တိုင်းပြည်ပျက်ဘေးကြီးနဲ့ တစ်ခါတစ်ရံ ကြုံတတ်တယ် .....တဲ့။ အဲဒီလို သူပုန်တွေ သူကန်တွေ သူခိုးဓားပြတွေက ဝိုင်းပြီးတော့ ရွာကိုဝိုင်းပြီးတော့ ရွာလုံးကျွတ်, မြို့တွေ ဝိုင်းပြီးတော့ မြို့လုံးကျွတ် လုယက်ကြ, သတ်ကြဖြတ်ကြနဲ့ လုပ်ပြီဆိုမှဖြင့်၊ သားသွီးနဲ့မိဘ တစ်ယောက်နဲ့တစ်ယောက် မကယ်နိုင်ပဲနဲ့ ခြေဦးတည့်ရာ ပြေးကြရတယ်။ ကိုယ့်အသက်လွတ်ရေးအတွက် ပြေးကြရလို့မို့ အဲ ဒီတိုင်းပြည်ပျက်ဘေးကြီးကိုလည်းပဲ သားသွီးနဲ့ မိဘ မကယ်နိုင်တဲ့ဘေးကြီးပါပဲ၊ ကြောက်စရာကောင်းတဲ့ နံပါတ် (၁) ဘေးကြီးပါပဲ၊ ဒီဘေးကြီးထက် ကြီးတဲ့ဘေးဖြင့် မရှိတော့ဘူးလို့ ကမ္ဘာလောကက ပြောကြတယ်။

ဒါ မြတ်စွာဘုရားက လောကက အကြီးဆုံးဘေးကြီးတွေ သားသွီးနဲ့ မိဘတောင်မှ မကယ်နိုင်တဲ့ဘေး, သားသွီးနဲ့မိဘတောင် မကယ်နိုင်တဲ့ **ပါဠိလိုတော့ အမာတာပုတ္တိက မြန်မာလိုတော့ သားသွီးနဲ့မိဘတောင်**

**မကယ်နိုင်တဲ့ဘေး** သားသွီးနဲ့ မိဘဆိုတာ အချစ်ဆုံး အခင်ဆုံး၊ မေတ္တာအသန့်ဆုံး သည်းခံဆုံး, ဖွဲ့မျိုးအခံဆုံး သားသွီးနဲ့မိဘဆိုတာ၊ ဆရာနဲ့တပည့် ဒီလောက် သည်းမခံနိုင်ဘူး။ လင်နဲ့မယား ဒီလောက်သည်းမခံဘူး။ ဆွေမျိုးအချင်းချင်း ဒီလောက်ဖွဲ့မျိုးမခံဘူး။ အဲ သားသွီးနဲ့မိဘကြတော့ တစ်ယောက်နဲ့ တစ်ယောက် အင်မတန်မေတ္တာမှန်တယ်, မေတ္တာခိုင်တယ်, မေတ္တာ စွဲတယ်, အချစ်စွဲတယ်, အချစ်သန်တယ်, တစ်ယောက်ရဲ့ဖွဲ့မျိုးကို တစ်ယောက်က သည်းခံတယ်, အဲသလောက်ချစ်ခင်ပါတယ်ဆိုတဲ့ သားသွီးနဲ့မိဘတောင်မှ မကယ်နိုင်လောက်အောင် ကြီးတဲ့ဘေးမို့လို့ သားသွီးနဲ့မိဘ မကယ်နိုင်တဲ့ဘေးလို့ ခုနကပြောခဲ့တဲ့ မီးဘေး, ရေဘေး, ပြည်ပျက်ဘေးကြီးတွေကို ကမ္ဘာလောက,က ပြောကြတယ်တဲ့ ပြောကြတယ်။

ဒါပေမယ်လို့ ငါဘုရားကိုယ်တော်မြတ်ရဲ့ အလိုဆန္ဒအရ အစစ်အမှန် သဘာဝနဲ့ ပြောရရင်ဖြင့်၊ ကမ္ဘာလောကသားတွေဟာ ဒုတိယတန်းစားဘေးကြီးကို ပထမတန်းစားဘေးကြီးလုပ်ပြီးတော့ ပြောနေကြတယ်တဲ့။ တကယ့်သားသွီးနဲ့မိဘ အဟုတ်ကို မကယ်နိုင်တဲ့ ဘေးစစ်ကြီး (၃) ပါးကို သူတို့မမြင်တတ်ရှာကြလို့။ သားသွီးနဲ့မိဘ တကယ့်ကို မကယ်နိုင်တဲ့, အဟုတ်ကို မကယ်နိုင်တဲ့, မှချကို မကယ်နိုင်တဲ့ ဘေးစစ်ကြီး (၃)ပါးရှိသေးတာကို သူတို့က မသိကြတော့။ အဲဒီ မီးဘေးကြီး, ရေဘေးကြီး, ပြည်ပျက်ဘေးကြီးကိုသာလျှင် သားသွီးနဲ့မိဘ မကယ်နိုင်တဲ့ တကယ့်ဘေးအစစ်ကြီးလို့ အထင်မှားပြီးတော့ ပြောကြားနေကြတယ်....တဲ့၊ ချစ်သားတို့ ချစ်သွီးတို့ ခုနပြောခဲ့တဲ့ မီးဘေးကြီး, ရေဘေးကြီး, ပြည်ပျက်ဘေးကြီးတွေ ကြီးကျယ်တာမှန်ပါတယ်။ သားသွီးနဲ့မိဘ မကယ်နိုင်ဘူးဆိုတာလည်း မှန်သင့်သလောက် မှန်ပါတယ်။

သို့သော် ငါဘုရား အခုဟောမည့်ဘေးကြီး (၃)ပါးကို မသိကြသေးလို့၊ ခုနက မီးဘေး, ရေဘေး, ပြည်ပျက်ဘေးလောက်ကိုသာလျှင် အကြီးမားဆုံးဘေးလို့ ကမ္ဘာလောက,က ပြောနေကြပါတယ်။ ဒီတော့ ငါဘုရား ကိုယ်တော်မြတ်ရဲ့ အလိုအရ ပြောရမယ်ဆိုရင်ဖြင့်–

## * တိဏိမာနိ ဘိက္ခဝေ အမာတာပုတ္တိကာနိ ဘယာနိ။

သားသမီးနဲ့မိဘ အဟုတ်ကိုမကယ်နိုင်, တကယ့်ကို မကယ်နိုင်, ဘယ်နည်းနဲ့မှ ကယ်လို့မရတဲ့ဘေးကြီးတို့သည် (၃) ပါး အပြားရှိကြပေကုန်၏။ အဲဒီဘေးကြီး (၃) ပါးက ဘာဘေးကြီးတွေတုန်းဆိုရင် ဇရာဘယံ-ဆံဖြူ နားထိုင်း ခါးကိုင်း သွားကြွေ အသားရေယိုယွင်း၍ အိုမင်းရခြင်းဆိုတဲ့ ဇရာဘေးကြီးငှင်း။ ဗျာဓိဘယံ-ကယ်ပါယူပါ တစာစာဖြင့် ဘယ်ညာလိမ့်လူး အထူး မခံသာ နာကြင်ကိုက်ခဲ ရောဂါစွဲရခြင်းဆိုတဲ့ ဗျာဓိဘေးကြီးငှင်း။ မရဏဘယံ-စည်းစိမ်ဥစ္စာ ဆွေညာတာသင်း ချစ်သူတွေကိုပါ ကွေကွင်း၍ သေခြင်းကြီးသေရခြင်း ဆိုတဲ့ မရဏ ဘေးကြီးငှင်း။ က္ကတိ က္ကမာနိ တိဏိ-ဤ အိုခြင်း, နာခြင်း, သေခြင်း ဆိုတဲ့ ဒီဘေးကြီး (၃) ပါးတို့ကိုသည်သာလျှင်။ အမာတာပုတ္တိကာနိ ဘယာနိ-သားသမီးနဲ့မိဘ အဟုတ်ကိုမကယ်နိုင်, တကယ့်ကို မကယ်နိုင်, အစစ်အမှန်ကို မကယ်နိုင်တဲ့ဘေးကြီးတို့ဟူ၍။ ဝဒ္ဓန္တိ-မှချမသွေ မိန့်ဆိုအပ်ကြပါပေကုန်သတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

ကမ္ဘာလောကက ပြောကြတာက သားသမီးနဲ့မိဘ အဟုတ်မကယ်နိုင်တဲ့ ဘေးကြီးတွေကို မီးဘေးကြီး, ရေဘေးကြီး, ပြည်ပျက် ဘေးကြီးလို့ ပြောကြတယ်၊ ငါဘုရားကိုယ်တော်မြတ်ကြီးက ပြောချင်တာက အိုဘေးကြီး, နာဘေးကြီး, သေဘေးကြီး (၃) ပါးသာလျှင် သားသမီးနဲ့မိဘ အဟုတ်မကယ်နိုင်တဲ့ဘေးလို့ ဘုရားရှင်အဆူဆူ ဟောတော်မူကြတယ်လို့ ဘုရားရှင် ဘေးအစစ်နဲ့ဘေးတု ခွဲပြလိုက်တယ်။

ခုနက မီးဘေးကြီး မကြီးကျယ်ဘူးလား ကြီးကျယ်ပါတယ်။ မဆိုး ဘူးလား ဆိုးပါတယ်။ သားသမီးနဲ့မိဘ ကိုယ်လွတ်ရုန်းပြီးတော့ ပြေးကြ ရတယ်မဟုတ်ဘူးလား? ဟုတ်ပါတယ်ဘုရား။ သို့သော်တဲ့ တကယ်စွန့်စား ပြီးတော့ကယ်မယ့်သားက မီးကြီးက အကြီးအကျယ် လောင်လာတယ်၊ အမေအို

* တိတ္ထာယတနသုတ် (အမာတာပုတ္တိကဘယ) အံ-တိကနိပါတ-၁၇၄ (၁၈၀)

အဖေအိုက အိမ်ပေါ်မှာကျန်ရစ်တယ်, (သို့မဟုတ်) မသန်မစွမ်းရောဂါစွဲနေတဲ့, အမေတွေ, အဖေတွေက အိမ်ပေါ်မှာ ကျန်ရစ်တယ်။ အဲဒါကိုသိတဲ့ သားက အဲဒါကိုသိတဲ့သမီးက ကိုင်း ငါသေချင် သေပါစေ ငါ့အဖေနဲ့ ငါ့အမေ အသေ မခံနိုင်ဘူးဆိုပြီးတော့ မီးလောင်တဲ့ ကြားထဲမှာဝင်ပြီးတော့ အမေအို အဖေအိုကို ထမ်းထုတ်, ပွေ့ထုတ် သယ်ထုတ်ပြီးတော့ ကယ်မယ်ဆိုရင် ကယ်နိုင် ပါသေးတယ်....တဲ့။ ပရိသတ်ကြီး ကယ်လို့မရဘူးလာ? ကယ်လို့ရပါတယ် ဘုရား။

ခုနက ပြောခဲ့တဲ့ ဆံဖြူ နားထိုင်း ခါးကိုင်း သွားကြွေ အသားအရေ ယိုယွင်း၍ အိုမင်းရခြင်းဆိုတဲ့ ဇရာဘေးကြီးသင့်နေတာကို၊ အမေ့မှာ ဖြူနေတဲ့ ဆံပင်တွေကို မကြည့်ရက်တဲ့သမီးက အမေ့ခေါင်းပေါ်မှာ အိုကြတဲ့ ဆံပင်တွေရယ် အမေ့မှာ ဆံတွေဖြူပြီးတော့ ကြည့်မကောင်း ရှုမကောင်းဖြစ်တာကို မကြည့်ရက်လို့ ကျွန်တော်မက အိုပါ့မယ်, ကျမရဲ့ခေါင်းမှာ ပြောင်းပြီးတော့ အမေ့ခေါင်းမှာ အိုတဲ့ဆံပင်တွေ တစ်ဝက်မျှပြီးတော့ အိုလိုက်ပါလို့ အိုခြင်းတရားကို တစ်ဝက်မျှပြီးတော့ ယူလို့ ရရဲ့လား? မရပါဘုရား။ အဖေ့မှာ ကျိုးနေတဲ့သွားတွေကို မကြည့်ရက်တဲ့သားက အဖေ့မှာ မာမာတောက်တောက် အစာအာဟာရလေးမှ မစားရဘူး သွားတွေနာလို့ သွားတွေကျိုးလို့ သွားတွေအိုလို့ဆိုတဲ့ သွားအိုမှုကြီးကို မကြည့်ရက်တဲ့သမီးက, မကြည့်ရက်တဲ့ သားက၊ အဖေ့မှာ အိုနေတဲ့သွားတွေရယ် ကျမတစ်ဝက်မျှပြီးတော့ နာပါ့မယ်, ကျွန်တော်တစ်ဝက်မျှပြီးတော့ နာပါ့မယ်၊ ကျွန်တော့်တစ်ဝက် မျှပြီးတော့ အိုလိုက်ပါလို့ သွားအိုမှုကြီးကို အမေ, အဖေရဲ့ သွားအိုမှုကြီးကို သားသမီးက ကယ်လို့ရရဲ့လာ? မရပါဘုရား။

နာခြင်းဆိုတဲ့ဘေး, သားသမီးမှာသင့်နေတဲ့ နာခြင်းတွေ, အမေအဖေက မကယ်နိုင်၊ အမေအဖေမှာ သင့်နေတဲ့ နာခြင်းဘေး၊ သားသမီးကမကယ်နိုင်, သားသမီး ခံစားနေတဲ့ ရောဂါဝေဒနာတွေကို မကြည့်ရက်တဲ့ အဖေက, မကြည့် ရက်တဲ့ အမေက, သားလေးမှာ ဖြစ်ပွားနေတဲ့ ရောဂါရယ်, ကျွန်တော် တစ်ဝက်မျှပြီးတော့ ခံပါ့မယ်၊ ကျုပ်တစ်ဝက်မျှပြီးတော့ ခံပါ့မယ်၊ ကျုပ် တစ်ဝက်မျှပြီးတော့ နာလိုက်ပါ၊ ကျမတစ်ဝက်မျှပြီးတော့ နာလိုက်ပါလို့

သားမှာဖြစ်နေတဲ့ ဗျာဓိဘေးကြီးသင့်နေတာကို အမေက တစ်ဝက်မျှ ယူလို့ရရဲ့လား? မရပါဘုရား။ အဖေက တစ်ဝက်မျှပြီးတော့ယူလို့ ရရဲ့လား? မရပါဘုရား။

သားလေး သေငယ်ဇောနဲ့ မြောပြီးနေတာကို အမေက မကြည့်ရက်တဲ့ အမေက, မကြည့်ရက်တဲ့ အဖေက, သေမင်းရယ် ကျွန်တော်တို့သားလေး ကျွန်မတို့သားလေး၊ လူ့လောကအကြောင်း ကောင်းကောင်းမှ မသိရတဲ့ သားလေး လူ့လောက ဇာတ်ခုံပေါ်မှာ ရောက်လာခါစဖြစ်တဲ့သားလေး၊ အရှင်သေမင်း ခေါ်တော်မမူ ပါနဲ့ သားလေးကိုခေါ်မည့်အစား ကျမကို ခေါ်လိုက်ပါ ကျွန်တော့ကို ခေါ်လိုက်ပါလို့ သေစားဝင်ပြီးတော့ သေလို့ရရဲ့လား? မရပါဘုရား။ ဘယ်လောက်ပဲ ချစ်လှပါတယ်၊ ခင်လှပါတယ်ဆိုပေမယ်လို့ သေငယ် ဇောနဲ့ မြောနေတဲ့သားကို သေခြင်းဘေးကို ဆိုက်တော့မလို့ အရိပ်နိမိတ်ပြပြီးတော့ သေဖို့ ရာအတွက် နီးစပ်နေတဲ့သားလေးကို ချစ်လှပါတဲ့ အမေက, ရင်ခွင်ထဲမှာ ပွေ့ပြီးတော့၊ ငါ့သားလေး မသေပါစေနဲ့, ငါ့သားလေး မသေပါစေနဲ့ သားလေးရဲ့ ကိုယ်စား အမေ တစ်ဝက်မျှပြီးတော့ သေပါ့မယ်၊ (သို့မဟုတ်) အမေက ကိုယ်စားသေလိုက်ပါ့မယ်ဆိုလို့ ရရဲ့လား? မရပါဘုရား။

## လူ့ဒုက္ခကြီးဘိ သားအမိပင်, မချိကယ်ရေး ကိုယ်လွတ်ပြေးလည်း, မီးဘေးရေဘေး, ပြည်ပျက်ဘေးလည်း, ဆယ်ရေးတစ်ရေး ကယ်နိုင်သေး၏။

ခုနက ကမ္ဘာလောကပြောနေကြတဲ့ နံပါတ်တစ် ထားနေကြတဲ့ မီးဘေး, ရေဘေး, ပြည်ပျက်ဘေးကြီးတွေ ကြီးကျယ်တာ မှန်ပါတယ်...တဲ့၊ မှန်ပါတယ်။ သို့သော် သားသွီးနဲ့မိဘာ အဟုတ် မကယ်နိုင်တဲ့ ဘေးစစ်ကြီးတော့ မဟုတ်သေး ပါဘူးတဲ့ ကယ်မယ်ဆိုရင် ကယ်လို့ရပါသေးတယ်၊ ကယ်လို့မရဘူးလား? ရပါတယ်ဘုရား။

**လူ့ဒွိကြီးဘိ, သားအမိပင်, မချိကယ်ရေး, ကိုယ်လွတ်ပြေးလည်း, မီးဘေး ရေဘေး, ပြည်ပျက်ဘေးလည်း, ဆယ်ရေးတစ်ရေး, ကယ်နိုင်သေး၏၊ အိုဘေးနာဘေး, သေခြင်းဘေးဟု, ဤဘေးသုံးပါး, လွန်ကြီးမားက, သားနှင့်အမိ, ဖြစ်တုံဘိလည်း၊ မျက်စိအောက်တွင်, ရင်ခွင်တင်လျက်, သက်ပင်ရေးပိုင်, မကယ်နိုင်ဘူး, လက်မှိုင်ချကာ, နေရစ္စာရှင်။**

ကိုယ့်သားလေး သေတော့မယ်ဆိုတာ သေချာပေါက် သိတယ်....တဲ့၊ အသက်ငင်နေပြီ၊ အတိတ်နိမိတ်တွေ အရိပ်အရောင်တွေကလည်း ပြနေပြီ၊ အသက်ရှူတွေကလည်းပဲ မှုန်းလာပြီ၊ မောနေ ဟိုက်နေပြီလို့ သေမှာကို သေချာပေါက်သိတဲ့အမေက, အဖေက ကိုယ့်သားလေးရဲ့အသက်ကို တစ်သက်လုံး အသက်ရှင်နေရစ်ပြီးတော့၊ ငါသေစားသေလိုက်ပါ့မယ်လို့ အစားဝင်ပြီးတော့သေလို့ မရပဲနဲ့။ သေမင်းခေါ်ရာ လိုက်ပါသွားရတဲ့သားကို လက်မှိုင်ချပြီးတော့ ကြည့်ပြီးတော့ နေရတယ်....တဲ့။ ဒါကြောင့်–

**"အိုဘေး နာဘေး သေခြင်းဘေးဟု, ဤဘေးသုံးပါး လွန်ကြီးမားက, သားနှင့်အမိ ဖြစ်တုံဘိလည်း, မျက်စိအောက်တွင် ရင်ခွင်တင်လျက်, သက်ပင်ရေးပိုင် မကယ်နိုင်ဘူး, လက်မှိုင်ချကာ နေရစ္စာရှင်"**။

ပရိသတ်ကြီး ကယ်နိုင်သေးရဲ့လား? မကယ်နိုင်ပါဘုရား။ သားသမီးနဲ့ မိဘ မကယ်နိုင်တဲ့ဘေးလို့ဆိုတဲ့ ဘေးစစ်ကို ပြောမယ်ဆိုရင် အိုဘေး, နာဘေး, သေဘေးကြီး (၃) ပါးကို ပြောကြတဲ့။

ဘုရားက မင်းတို့တတွေက သတ္တဝါများစွာက မီးဘေးရေဘေး ပြည်ပျက်ဘေးကြီးလောက်ကိုသာ အရေးထားပြီးတော့၊ မီးဘေးကြီး လွတ်အောင်ဟ ဆိုပြီးတော့၊ မီးလုံအောင်ဟဆိုပြီးတော့၊ မီးခံသေတ္တာထည်း ပစ္စည်းတွေ ထည့်သိမ်း။ မီးဘေးကြီးတွေ့လို့ရှိရင် ကာကွယ်နိုင်အောင်ဆိုပြီးတော့ ပစ္စည်းတွေ ဟိုမှာဒီမှာ မြှုတ်နှံသိမ်းဆည်းပြီးတော့ မီးဘေးကြီး လွတ်ရုံလောက်သာ ကြိုးပမ်းအားထုတ်နေတာကို ဘုရားက အားရတော်မမူ၊ ရေဘေးကြီးလွတ်ရုံ

လောက်သာ အားထုတ်နေတာကို ဘုရားက အားရတော်မမူ၊ တိုင်းပြည်ပျက် ဘေးကြီးနဲ့ကြုံလာရင် ကာကွယ်နိုင်အောင် ဆိုပြီးတော့ ကာကွယ်ပြီးသာနေကြတဲ့ ဒီအရေးလောက်ကိုသာ လုပ်နေကြတာကို ဘုရား အားရတော်မမူ။ တကယ့် အရေး တကယ့်ဘေးလို့ဆိုတဲ့ ဘဝတိုင်းကြုံရမယ့် အိုဘေး, နာဘေး, သေဘေးကြီးက လွတ်ရေးအတွက် ကြိုးပမ်းအားထုတ် ပြုလုပ်နေတာကို ဘုရားရှင်ကိုယ်တော်မြတ် ချီးကျူးတော်မူတယ်၊ ဝမ်းသာတော်မူတယ်၊ ကျေနပ်တော်မူတယ်။ ဒါဖြင့် ဒီနေ့ ဤ (၁၄) ခန်း ဓမ္မာရုံကြီးမှာ အားလုံးစည်းဝေးညီညာ ရောက်လာကြတဲ့ ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေ၊ လျှုဒါန်းပေးကမ်း စွန့်ကြဲမှုဆိုတဲ့ကောင်းမှုတွေကို စုနေကြတာ ပရိသတ်ကြီး ကိုယ့်ကိုယ်ကို ကယ်တာလား သူများ ကယ်တာလား? ကိုယ့်ကိုယ်ကို ကယ်တာပါဘုရား။

သားသမီးနဲ့မိဘ မကယ်နိုင်တဲ့ဘေးကြီး၊ အိုဘေး, နာဘေး, သေဘေး ကြီးကလွတ်အောင် ကယ်နေရာမရောက်ဘူးလား? ရောက်ပါဘုရား။ ဒီနေ့ ကုသိုလ်ကောင်းမှုတွေကို ပြုလိုက်ခြင်းကြောင့် မအိုတတ်တဲ့ နိဗ္ဗာန်ကို မရဘူးလား? ရပါတယ်ဘုရား။ မနာတတ်တဲ့နိဗ္ဗာန်နဲ့ မတည့်ဘူးလား? တည့်ပါဘုရား။ မသေတတ်တဲ့နိဗ္ဗာန်နဲ့ နီးမသွားနိုင်ဘူးလား? နီးသွားပါတယ်ဘုရား။ ဒီနေ့ သရဏဂုံ (၃) ပါးနဲ့ (၈) ပါး သီလ ထိန်းသိမ်းစောင့်ရှောက်လိုက်တဲ့ကောင်းမှု ပရိသတ်ကြီး နိဗ္ဗာန်နဲ့ နီးသွားမှာလား, ဝေးသွားမှာလား? နီးသွားမှာပါဘုရား။ နိဗ္ဗာန်နဲ့ နီးသွားအောင် ကိုယ့်ကိုယ်ကို ကယ်တာလား သူများကိုကယ်တာလား? ကိုယ့်ကိုယ်ကို ကယ်တာပါဘုရား။ သရဏဂုံသုံးပါးနှင့် ရှစ်ပါးသီလ ထိန်းသိမ်းပြီး ဥပုသ်စောင့်သုံးခြင်းဖြင့်, အိုနာသေလွတ်တဲ့ ဘေးကြီး (၃) ပါးလွတ်တဲ့ နိဗ္ဗာန်နန်းကို မိမိ ကပ်မသွားဘူးလား? ကပ်သွားပါတယ်ဘုရား။ သမထဝိပဿနာ ဘာဝနာတရားတွေကို ပွားများမယုတ် အားထုတ်လိုက်ခြင်းဖြင့် အိုဘေး, နာဘေး, သေဘေးလွတ်တဲ့ နိဗ္ဗာန်နဲ့နီးသွားမှာလား ဝေးသွားမှာလား? နီးသွားမှာပါဘုရား။ အဲဒီလို နီးသွားအောင် သူများက ပို့ပေးတာလား ကိုယ့်ကိုယ်ကို ပို့ပေးတာလား? ကိုယ့်ကိုယ်ကို ပို့ပေးရတာပါဘုရား။

❖ **ဤလောကမှာ, သတ္တဝါ, ကိုယ့်ကိုယ်သာ, အချစ်ဆုံး။**
❖ **အချစ်ဆုံးသူ, လွတ်ကြောင်းကူ, ဆူဆူအားထုတ်အုန်း။**

ကိုယ့်ကိုယ်ကိုအချစ်ဆုံးလို့ နားလည်ခဲ့ရင် ကိုယ့်ကိုယ်ကို အချစ်ဆုံးဖြစ်တဲ့ ကိုယ့်ကိုယ်ကို ကယ်တင်တဲ့အမှုကို နေ့တိုင်းပါအောင် ပြုရတယ်လို့–

**အတ္တာနံ စေ ပိယံ ဇညာ, ရက္ခေယျနံ သုရက္ခိတံ၊**
**တိဏ္ဏံ မညတရံ ယာမံ, ပဋိဇဂ္ဂေယျ ပဏ္ဍိတော။**

အတ္တာနံ–ဘဝဖန်ခါ သံသရာက ငါဟုစွဲဆို မိမိကိုယ်ကို။ ပိယံ–အရင်းစစ်လျှင် ပြစ်မတင်ပဲ နှစ်စဉ်မမုန်း အချစ်ခင်ဆုံးဟူ၍။ စေဇညာ– အခါအခါ အရာရာဝယ် စာနာထောက်ထား အကယ်၍ နားလည် ငြားအံ့။ ဝံသတိ–ကိုယ့်ကိုယ်သာလျှင် အခင်မင်ဆုံး အချစ်ဆုံးဟု လုံးလုံးခွဲခြား ဤကဲ့သို့ နာလည်ထားသည်ရှိသော်။ နံ အတ္တာနံ–ခုလဲကိုယ့်ကိုယ် နောင်ကိုယ့်ကိုယ်ဟု သို့ကလိုသိရှိ ထိုမိမိကို။ သုရက္ခိတံ–တရားကြောင်းအရာ မစောင်းပါပဲ ကောင်းစွာမပြတ် စောင့်ရှောက်အပ်သည် မည်လောက်အောင်။ ရက္ခေယျ–သတိတရား လက်ကိုင်ထား၍ မမှားပုံသေ စောင့်ရှောက်လေရာ၏။ ပဏ္ဍိတော–ပြုသမျှအသစ် ဖြစ်သမျှအဟောင်း မကောင်းလည်းငါ ကောင်းလည်းငါဟု ကောင်းစွာမြင်သိ ပညာရှိသည်။ တိဏ္ဏံ–နှစ်ဆယ့်ငါးနှစ် သင့်အောင်ဆစ်၍ သုံးရစ်ပိုင်းခြား အရွယ်သုံးပါးတို့တွင်။ အညတရံယာမံ–ယုတ်စွာအဆုံး နောက်ပိတ်တုံးဟု ခေါ်ထုံးမည်ရ ပစ္ဆိမအရွယ်ကို။ ပဋိဇဂ္ဂေ ယျ–အပြစ်မနှော စင်းလုံးချောအောင် ဆေးကြောသုတ်သင်လိုက်နိုင်ရာသတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

ဤကဲ့သို့အားဖြင့် သံယုတ်ပါဠိတော်လာ ပိယသုတ္တန်နှင့် အမာတာပုတ္တိက သုတ်လို့ခေါ်တဲ့ သားသွီးနဲ့မိဘ မကယ်နိုင်တဲ့ ဘေးတု ဘေးစစ်ကို ခွဲခြား ပြီးတော့ဟောတဲ့၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ တရားတော်ကို နာကြားရတဲ့အချိန်ကစ၍ အချစ်ဆုံးဖြစ်တဲ့ မိမိကိုယ်ကို ကယ်ရာရောက်တဲ့ ဒါနသီလ ဘာဝနာဆိုတဲ့ သုံးပါးသောကောင်းမှုကြီး တရားတို့ကို၊ နေ့စဉ်

ကြိုးပမ်းအားထုတ် ပြုလုပ်ပြီးတော့ ကယ်တင်နိုင်ကြတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ ဖြစ်ကြပါစေကုန်သတည်း။ နေ့စဉ်နေ့စဉ် ကိုယ့်ကိုယ်ကို ကယ်တင်တဲ့ အမှုကြီးကိုပါအောင် ကြိုးပမ်းအားထုတ် ပြုလုပ်နိုင်ကြပါစေကုန်သတည်း။ နေ့စဉ်နေ့စဉ် ကိုယ့်ကိုယ်ကို ကယ်တင်တဲ့ အမှုကိုပါအောင် ကြိုးပမ်းအားထုတ် ပြုလုပ်နိုင်ကြကုန်သည်ဖြစ်၍၊ ဤကဲ့သို့ ကိုယ့်ကိုယ်ကို ကယ်တဲ့အမှုကို ပြုတော်မူသွားတတ်ကြတဲ့ ဘုရားပစ္စေကာ အရိယာနွယ်လောင်း သူတော်ကောင်း, သူတော်ကောင်းမကြီးတို့ ရောက်အပ်, ရအပ်, သိမြင်အပ်သော နိဗ္ဗာနဓာတ် ချမ်းသာထူးတရားမြတ်ကြီးကို လျင်မြန်ဆောစွာ ရောက်ကြရ ရကြရ မြင်ကြရပါလိုကုန်သောဟူ၍ ပတ္ထနာအောင်ဆု ပြုလိုက်ကြကုန်ရာ သတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

# "သေမင်းအောင်လံ တရားတော်"

ယနေ့ **မြန်မာကောဇာသက္ကရာဇ်** ၁၃၄၉–ခုနှစ်၊ တပေါင်းလဆန်း (၄)ရက်နေ့၊ **ခရစ်နှစ်** ၁၉၈၈–ခု၊ ဖေဖော်ဝါရီလ(၂၀)ရက် စနေနေ့မှာ၊ အမရပူရမြို့ **မဟာဂန္ဓာရုံ**ကျောင်းတိုက်ရှိ ပရိယတ် ပဋိပတ် သာသနာ့တာဝန် ထမ်းဆောင်နေကြသော၊ ဘုရားသားတော် သံဃာတော်ခြောက်ရာကျော်တို့အား၊ နံနက်အချိန် အရဏ်ဆွမ်းအဖြစ်ဖြင့် မွန်မြတ်သော သစ်သီးဒန်ပေါက်ဆွမ်း, ဆွမ်းဟင်းများနှင့်တကွ လာရောက်ပြီးတော့ လောင်းလှူဆက်ကပ်ကြတဲ့ ကုသိုလ်ကောင်းမှုရှင်များက၊ ဒို့ ဒီအမရပူရမြို့ ရှမ်းခေါင်းရပ်မှာ နေထိုင်ကြတဲ့ ဆွမ်းဒါယကာ ဒကာ ဦးချစ်စိန်နဲ့ သားသမီးများ မိသားစုတို့ဖြစ်ကြပါတယ်၊

ယနေ့ အမရပူရမြို့ ရှမ်းခေါင်းရပ်မှာ နေထိုင်ကြတဲ့၊ အခု ဆွမ်းဒါယကာ ဒကာဦးချစ်စိန်နဲ့ သားသမီးများ မိသားစုက၊ ဒကာဦးချစ်စိန်ရဲ့ ဝိဇာယနမင်္ဂလာခေါ်တဲ့၊ မွေးနေ့မင်္ဂလာ အထိမ်းအမှတ်ကို အကြောင်းပြုပြီးတော့ အဲဒါ ဘုရားအမျိုးရှိတဲ့ သံဃာတော် (၆၀၀) ကျော်တို့အား၊ နံနက်အချိန် မွန်မြတ်သော သစ်သီးဒန်ပေါက်ဆွမ်း, ဘောဇဉ်ဆွမ်းတို့ဖြင့် "**သံဃဿ ဒေမ နိဗ္ဗာနဿ ပစ္စယောဟောတု**" ဆိုပြီးတော့ သံဃိကဒါန လောင်းလှူ ဆက်ကပ်ကြပါတယ်၊ ပြီးတော့ သူတို့ဖိတ်မန္တကပြုထားတဲ့ ပရိသတ်အပေါင်း (၃၀၀) ကျော်ကိုလည်းပဲ ဒီနေ့ အဲဒီ သစ်သီးဒန်ပေါက်ဆွမ်း၊ မွန်မြတ်တဲ့ အစာအာဟာရများဖြင့် အဲဒီပရိသတ်အပေါင်း (၃၀၀) ကျော်ကိုလည်း ကျွေးမွေးညှော်ခံသမှုကို ပြုကြပါတယ်။ အခုလည်းပဲ တရားတော်မြတ်ကို သဒ္ဓါကြည်ဖြူ နာယူနေကြပါတယ်၊

ဒီတော့ အခု ရှမ်းခေါင်းရပ်က ဒကာ ဦးချစ်စိန်ဆိုတာ သူ့အိမ်မှာလည်းပဲ နေ့စဉ်နေ့စဉ် ပိဏ္ဍပါတ်ဆွမ်းအဖြစ်နဲ့ ဒါလောင်းလှူနေတာ၊ ဆွမ်းလောင်းနေတာ အပြင်၊ အခုလို အထူးတလည်ပေါ့လေ၊ ဒါက သံဃာ (၆၀၀) ကျော်ကို

တစ်ပြိုင်နက်လောင်းတဲ့ ဆွမ်းပေါ့ ဒီဆွမ်းက၊ ဟို....နေ့စဉ် အိမ်ကနေ လောင်းပြီးနေတာလည်း နှစ်ပေါင်းကြာလှပါပြီ ထားပါတော့ တစ်နေ့ ဆယ်ပါးနှုန်းနဲ့ တွက်အုန်း၊ တစ်နေ့ဆယ်ပါး, ဆယ်ပါးလောင်း၊ တစ်လဆိုတော့ အပါးသုံးရာ၊ တစ်နှစ်ဆိုတော့ အပါးသုံးထောင်ကျော်၊ တစ်နှစ်လည်းမကဘူး၊ ဆယ်နှစ်လည်း မကဘူး၊ အနှစ်,နှစ်ဆယ်လည်း မကဘူး၊ သုံးဆယ်လည်းမကဘူး၊ သူတို့ ဒီလိုပဲ အိမ်ကနေပြီးတော့လည်းပဲ ဒါ လောင်းလှူနေတာ၊

ဒီတော့ ဒီနေ့တော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးများရဲ့ အသုံးအဆောင် ပစ္စည်းဖြစ်တဲ့ သပိတ်အလုံးပေါင်း (၆၀၀) ကျော်ထဲမှာ ဒီနေ့ တစ်ပြိုင်နက်, တစ်ကြိမ်နက်, တစ်ပြိုင်နက် မိမိရော မိမိရဲ့သားတွေ သမီးတွေရော၊ ဆွေသား မျိုးသားတွေရော၊ တစ်ပြိုင်နက် ဒီနေ့ လောင်းကြတဲ့နေ့၊ နေ့စဉ်နေ့စဉ်ကလည်း အခုနပြောသလိုပဲ ဘုရားရှင်ကိုယ်တော်မြတ်ကြီးများရဲ့ သပိတ်၊ အရ သံဃာတော်တွေလက်ထဲ ပွေ့ပြီးလာတဲ့ သပိတ်က ဘုရားရဲ့အသုံးအဆောင် သပိတ်၊ အဲဒီ ဘုရားအသုံးအဆောင် သပိတ်၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးများရဲ့ အသုံးအဆောင် သပိတ်၊ အဂ္ဂသာဝက မဟာသာဝက ရဟန္တာအရှင်မြတ်ကြီးများ, ရဟန္တာမ,အရှင်မြတ်ကြီးများ သုံးစွဲသွားတဲ့ သပိတ် ဒီသပိတ်က၊ စိတ်ကို ဒီထိအောင် မြှင့်ပို့လိုက်ရတယ်၊

အဲဒီ ဘုရားရှင်ကိုယ်တော်မြတ်ကြီးများရဲ့ အသုံးအဆောင် သပိတ်ထဲကို လောင်းထည့်ပြီးတော့ ပေးပြီးတော့ယူတာပဲ၊ အမှန်ကတော့ ဒကာဦးချစ်စိန်က မွေးနေ့မင်္ဂလာ အကြောင်းပြုပြီးတော့ သံဃာ (၆၀၀) ကျော် (ဝါ) ဘုရားရှင် ကိုယ်တော်မြတ်ကြီးများ၊ ပစ္စေက ဗုဒ္ဓါအရှင်မြတ်ကြီးများရဲ့၊ အဂ္ဂသာဝက မဟာသာဝက ရဟန္တာယောကျ်ား ရဟန္တာမအရှင်မြတ်ကြီးများရဲ့ အသုံးအဆောင် ဖြစ်တဲ့ ဒီ သပိတ်လို့ခေါ်တဲ့၊ လောကုတ္တရာပစ္စည်းကြီးထဲကို လောင်းထည့်ပြီးတော့ ယူတာပဲ၊ ဘေးကမြင်တော့ ပေးလိုက်တာလို့ မြင်လိမ့်မယ်၊ အမှန်ကတော့ ဦးချစ်စိန်ကယူတာ၊ ပေးပြီးတော့ ယူတာခေါ်တယ်၊ ဘာပေးတာတုန်းလို့ဆိုတော့၊ ပေးလိုက်တာက သေမင်းပိုင် ကိုင်နိုင်တဲ့ပစ္စည်းကြီးကို ပေးတာ၊ သေမင်းပိုင် ပစ္စည်းကို ပေးပြီးတော့ ယူလိုက်တာ၊ သေမင်းမပိုင်တဲ့ပစ္စည်းကို ယူတာ၊

ဘုရားရှင်ကိုယ်တော်မြတ်ကြီးများရဲ့ အသုံးအဆောင်ဖြစ်တဲ့ သပိတ်အလုံး (၆၀၀) ထဲက ဒီနေ့ သေမင်းမပိုင်တဲ့ ပစ္စည်းကြီးကို နှိုက်ယူတာ၊ သူတော်ကောင်းတွေက အဲဒီလိုမြင်ကြတယ်၊ ဉာဏ်တိုတဲ့ပုဂ္ဂိုလ်တွေကတော့ ပေးလိုက်ရတယ်, လောင်းလိုက်ရတယ်, ပေးလိုက်ရတယ်, ကိုယ့်ကုန်သွားတယ်လို့ မြင်ကြတယ်၊

ဒီလို ဆွမ်း လောင်းတာ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ကြွလာပြီး ဆွမ်းခံကြွလာ၊ အဲဒီတင် ဆွမ်းလောင်းတယ်, ဆွမ်းလောင်းတဲ့ပြီးတော့ မြတ်စွာဘုရားထံက တရားနာလိုက်၊ သို့မဟုတ် မြတ်စွာဘုရား ဆွမ်းလောင်း ရတဲ့ကုသိုလ် အခြေခံပြီးတော့ သောတာပန်ဖြစ်သွားတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ၊ သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်သွားတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ၊ ဘုရားလက်ထက်က မရေတွက်နိုင်ဘူး၊ အတူတူပေါ့ အရှင်သာရိပုတ္တရာ သပိတ်ထဲက, အရှင်မောဂ္ဂလ္လာန်, ရှင်မဟာကဿပ သပိတ်ထဲက၊ အထူးသဖြင့် အရှင်သာရိပုတ္တရာတို့ ရှင်မဟာကဿပတို့က နိရောဓသမာပတ်ကများ ထလာရင်၊ သမာပတ်ဝင်စားပြီးတော့ နိရောဓသမာပတ်, ဖလသမာပတ် ကထလာရင် ဘယ်သူ့ချီးမြှောက်ရပါ့မတုန်း ....။ ဟော စဉ်းစားတာကိုက၊ ဘယ်သူ့ချီးမြှောက်ရပါမတုန်း၊ ဘယ်သူ့ပေးရပါမတုန်း၊ ငါ့ သပိတ်ထဲက မသေဓာတ်ကြီး ဘယ်သူ့ကို နှိုက်ခိုင်းရပါ့မတုန်း၊ မသေဓာတ်ကြီး ဆိုတာ ပါဠိလို အမတ၊ မတ–ဆိုတာ သေ၊ အ–ဆိုတာ မဟုတ်ဘူး၊ သေခြင်း မဟုတ်ဘူး၊ သေခြင်းကင်းနေတာ၊ အမတဓာတ်ကြီးဆိုတာ နိဗ္ဗာန်ပါပဲ၊

ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးများရဲ့ သပိတ်ထဲက အမတ ဓာတ်လုံးကြီးတွေ နှိုက်ယူလို့ရတယ်၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးတွေထဲက နှိုက်ယူလို့ရတယ်၊ အဂ္ဂသာဝက မဟာသာဝက ရဟန္တာအရှင်မြတ်ကြီးတွေရဲ့ သပိတ်ထဲက ရဟန္တာမအရှင်မြတ်ကြီးတွေ သပိတ်ထဲက၊ အမတဓာတ်လုံးကြီး နှိုက်လို့ရတယ်၊ သူတော်ကောင်းတွေက နှိုက်ကြတယ်၊ နှိုက်တယ်ဆိုတာ ဒီတိုင်းနှိုက်လို့ မရဘူး၊ ပေးပြီးတော့ နှိုက်ရတယ်၊ အဲ ဆွမ်းလောင်းလိုက်တယ် ဆိုတာ ပေးလိုက်တာ၊ ဒါက မတပစ္စည်းတွေ ပေးလိုက်တာ၊ သေမင်းပိုင် ပစ္စည်းတွေ ပေးလိုက်တာခေါ်တယ်၊ လောင်းလိုက်တဲ့ အခုန ဆွမ်းတွေ,

ဟင်းတွေက၊ သူက ဖြစ်ပျက်မလွတ်ပစ္စည်းတွေ၊ သင်္ခါရပစ္စည်းတွေ၊ ကုန်ပျောက်ပြုန်းတီး ပျက်စီးတတ်တဲ့ပစ္စည်းမှန်သမျှ သေမင်းပိုင်ပစ္စည်းလို့ ခေါ်တယ်၊

ကိုယ်ယူလိုက်တာက **"နိဗ္ဗာနဿ ပစ္စယော ဟောတု"** ခုန ဆွမ်းလောင်းတယ် **"သံဃဿ ဒေမ"**၊ ဟော သံဃာအားလှူပါ၏. လောင်းပါ၏၊ ဘာတွေလောင်းလိုက်တာတုန်း၊ ဆွမ်းတွေ ဟင်းတွေ ခဲဘွယ်တွေ ဘောဇဉ်တွေ၊ ဒါက သင်္ခါရဝတ္ထုပစ္စည်းတွေပဲ၊ ကုန်ပျောက်ပြုန်းတီး ပျက်စီးတတ်တဲ့ပစ္စည်းတွေ လောင်းထည့်နေတာ၊ ပြီးတော့ **"နိဗ္ဗာနဿ ပစ္စယော ဟောတု၊ နိဗ္ဗာန်ရဲ့ အထောက်အပံ့ဖြစ်ပါစေ"**၊ ဒီလောင်းလှူရတဲ့ ကုသိုလ်စေတနာက နိဗ္ဗာန်ရဲ့ အထောက်အပံ့ဖြစ်ပါစေဆိုတော့၊ ဒါက သေမင်းမပိုင်တဲ့ပစ္စည်းကြီး ဆွဲယူလိုက်တာ၊ ထုတ်ယူလိုက်တာ၊ ဆုတ်ယူလိုက်တာ၊ အဲဒီလိုယူလို့ပဲ သူတော်ကောင်းတွေ ရ.ရသွားကြတာပဲ၊

ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက ငါ ဒီနေ့ ဘယ်သူ့ချီးမြှောက်ရပါမတုန်း၊ ဆင်းရဲတဲ့သူတွေကြည့်တယ်၊ အရှင် မောဂ္ဂလ္လာန်ကလည်း ဒီလိုပဲ၊ ရှင်မဟာကဿပကလည်း ဒီလိုပဲ၊ ဘုရားရှင် ကိုယ်တော်မြတ်ကလည်း ဒီနေ့ ဘယ်သူ့ကို ချွတ်ရပါ့မတုန်း၊ ဘယ်သူဖြင့် ကျွတ်တမ်းဝင်လိမ့်မယ်၊ သူ့ဆီ ငါ ဆွမ်းသွားခံလို့ရှိရင် သူက ဆွမ်းလောင်းလိမ့်မယ်၊ ဆွမ်းလောင်းရင် ငါက ဆွမ်းလောင်းပေးတဲ့ကုသိုလ် အခြေခံပြီး တရားစကားပြောဆို၊ မဂ်ဖိုလ်နိဗ္ဗာန်ရလိမ့်မယ်၊ ပဉ္စဂ္ဂ ဒါယက ပုဏ္ဏားလယ်သမား ဇနီးမောင်နှံ အနာဂါမ်ထိအောင် တည်လိမ့်မယ်၊ ဟောသွားတာပဲ ဘုရားက၊ သပိတ်နဲ့သွားရပ်၊ ဟိုက ဆွမ်းထွက်လောင်း၊ လောင်းလဲပြီးရော ထိုင်ပြီးတော့ တရားနာလိုက်တာ အနာဂါမ်ထိအောင်ဖြစ်၊ ဒါ အမတခေတ်လုံးကြီးကို ယူတာပဲ၊

အဲဒီလိုပဲ သူတော်ကောင်းတွေက ဘုရားရှင်ကိုယ်တော်မြတ်ကြီးများရဲ့ အသုံး အဆောင်ဖြစ်တဲ့ သပိတ်ထဲက၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကြီးများရဲ့ အသုံးအဆောင်ဖြစ်တဲ့ သပိတ်ထဲက၊ အဂ္ဂသာဝက မဟာသာဝက ရဟန္တာ ယောကျာ်း. ရဟန္တာမ အရှင်မြတ်ကြီးတွေရဲ့ အသုံးအဆောင်ဖြစ်တဲ့ ဒီသပိတ်ထဲက၊

သေမင်းပိုင်ပစ္စည်းတွေကို လောင်းထည့်ပြီးတော့ သေမင်းမပိုင်တဲ့ပစ္စည်းကို နှိုက်ယူတတ်ကြတယ်....တဲ့၊ နှိုက်ယူတတ် ရတယ်၊

ဆွမ်းလောင်းတယ်ဆိုတာ အမှန်က အဲဒီလို နှိုက်ယူခြင်း တစ်မျိုးပဲ၊ အဲဒီလိုနည်းနဲ့ ဒီနေ့ ဒကာဦးချစ်စိန်က မွေးနေ့မင်္ဂလာကို အကြောင်းပြုပြီးတော့ နေ့စဉ်နေ့စဉ် မိမိတို့အိမ်ကနေပြီးတော့ နိစ္စဘတ် ဘုရားအသုံးအဆောင်ဖြစ်တဲ့ သပိတ်တွေထဲမှာ နေ့စဉ်လောင်းပြီးတော့၊ ထည့်ပြီးတော့ ယူနေရင်း အားမရသေးလို့၊ ဒီနေ့ မွေးနေ့မင်္ဂလာ အကြောင်းပြုပြီးတော့ သံဃာ (၆၀၀) ကျော်ကို တစ်ပြိုင်နက် တစ်ကြိမ်နက် တစ်ပြိုင်နက် လောင်းလှူပြီးတော့၊ ဒါ ယူတာပဲ၊ ယူတာပဲ။ အဲလိုယူတတ်ရတယ်....တဲ့ ဘုရားက ယူကြတဲ့၊ ယူရအောင်ကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးများက တစ်ခါတစ်ခါ လိုက်ပြီးတော့ကို ပေးရှာတာ၊ ဒီတော့ အဲဒီလို သံဃာ (၆၀၀) ကျော်ကို မွေးနေ့မင်္ဂလာ အကြောင်းပြုပြီးတော့ မွန်မြတ်သော ဆွမ်းခဲဘွယ်တွေ, ဘောဇဉ်တွေကို လောင်းလှူခြင်းဖြင့်၊ အမတဓာတ်ကို နှိုက်ယူတော့ ဒါ သေမင်း ရင်ဆိုင်နိုင်တယ် ခေါ်တာ၊ သေမင်းကို မကြောက်တဲ့အောင်လံ ထူတာလို့လည်း ခေါ်တယ်၊

ဒါနဲ့ပတ်သက်ပြီးတော့ ဘုန်းကြီးတို့ ပေါရိသာဒဇာတ်က စကားလေး ပြောရအောင်၊ ပေါရိသာဒဇာတ်မှာ ဘုရားလောင်းတော် သုတသောမမင်းနဲ့၊ ခုအင်္ဂုလိမာလအလောင်း ပေါရိသာဒတို့ ပြောကြဆိုကြတဲ့ စကားလေး၊ ဘုန်းကြီးတို့ ဘုရားလက်ထက်ကြတော့ အင်္ဂုလိမာလ ခိုးသားလက်ညှိုးတွေ ဖြတ်တဲ့ ခိုးသားကြီး, လူကြမ်းကြီးဖြစ်လာမည့် အင်္ဂုလိမာလ ရဟန္တာ အရှင်မြတ်ကြီးအလောင်းက ဟိုး....တစ်ချိန်တုန်းက ပေါရိသာဒမင်းရယ်လို့ ဖြစ်တယ်၊ ပေါရိသာဒ ဆိုတာ လူသားစားတဲ့မင်း အစကတော့ ရိုးရိုး တိုင်းပြည်အုပ်ချုပ်နေတာပဲ၊ အဲဒီလို အုပ်ချုပ်နေရာကနေပြီးတော့ တစ်ခါတော့၊ သူ့ပွဲတော် မနက်ပွဲတော်အတွက် ဆက်ဖို့ရာဝယ်ထားတဲ့ အသား ခွေးစားသွားလို့ အဲဒါ ပွဲတော်ဆက်က အသားကလည်း ရတ်တရက် လွယ်လွယ်နဲ့မရတော့၊ နောက်တစ်ရက်မှာလည်းပဲ သူက အချိန်မှီချက်ရမှာဆိုတော့၊ သူက ဒီနေ့သေတဲ့ ကလေးလေးရဲ့အသားကို ချက်ပြီးတော့ ပွဲတော်ဆက်လိုက်တာ၊ အဲဒီတင် လူသား

ကောင်းမှန်းသိသွားပြီးတော့ တစ်ခါတည်း မလွှတ်နိုင်တော့ဘူး၊ ဒါပဲ နောက်ချက်ပြီးတော့ ပွဲတော်ဆက်ဆိုတော့ ဟို ထောင်ထဲရှိတဲ့လူတွေသတ်၊ အသားတွေချက်ကျွေးနဲ့၊ နောက်တော့ ရှင်ဘုရင် လူသားစားတယ်, လူသားစားတယ်, တိုင်းပြည်က မခံနိုင် မရပ်နိုင်ဖြစ်တော့ နှင်ထုတ်၊ ဒီတော့ တောထဲကိုထွက်သွား၊ ထီးနန်းကို စွန့်ထွက်သွားတာ၊

အဲဒီလိုနဲ့ တောထဲမှာ သူရောက်နေ လူသားတွေ စားနေတာ တစ်ခါတော့ ပုဏ္ဏားသူဌေးကြီးတစ်ယောက်က လှည်းငါးရာနဲ့ သူက ကုန်သည်ပုဏ္ဏားကြီး၊ သူ့အခြံအရံလူတွေလည်း သူက ပိုက်ဆံပေးပြီးတော့ ဒုတ်တွေ ဓားတွေနဲ့ အခြံအရံ ကိုယ်ရံတော်တပ်နဲ့ တိုင်းပြည်ကနေသွားတာ၊ အဲဒါကို ပေါရိသာဒက တစ်ခါတည်း ပုဏ္ဏားကြီးကို ဝင်ပြီးတော့ဆွဲတာ၊ ဖမ်းတာပေါ့လေ၊ သူကလည်း အားခွန်ဗလကောင်းကောင်းနဲ့၊ ဒီတော့ ပုဏ္ဏားကြီးကတော့ ဝဝဖိုင့်ဖိုင့် ပုဏ္ဏားသူဌေးကြီးဆိုတော့၊ ဖြူဖြူဖွေးဖွေးကြီး၊ အဲဒါ သူက သွားရည်ကျပြီးတော့ တစ်ခါတည်းဝင်ပြီး လှည်းပေါ်က အတင်းဝင်ဆွဲပြီးတော့ ပခုံးပေါ် ထမ်းပြီးတော့ ပြေးတာပဲ၊ နောက်က ကိုယ်ရံတော်တပ်တွေက ဓားတွေ, ဒုတ်တွေ လှံတွေနဲ့ လိုက်ကြတာ၊ လိုက်တော့ သူလည်းပဲ သေဘေးဆိုတော့ ကြောက်ပြေး ပြေးတာ၊ ပြေးရင်းနဲ့ တစ်နေရာ ချောက် ကမ်းပါးကြီးတစ်ခုတွေ့တော့ ချောက်ကြီးရဲ့ ဟိုဘက်ကို ပုဏ္ဏားကြီး ထမ်းပြီးတော့ ဒီဘက်ကမ်းကနေ ဟိုဘက် လှမ်းခုန်လိုက်တာ၊ အခုန်လိုက်မှာ ဟိုဘက်တော့ရောက်ရဲ့ ရှားငုတ်ကြီးတစ်ခုက ခြေထောက် ထိုးလိုက်တာ တစ်ခါတည်း သူ့ခြေထောက်ကြီးကို ပေါက်သွားတာပဲ၊ ရှားငုတ်ချွန်ကြီးနဲ့ ထိုးလိုက်တာ၊

အဲဒီတင် ပုဏ္ဏားကြီးကို သူ ချပြီးတော့၊ သူ့ခြေထောက် ရှားငုတ် ထိုးတော့၊ သူ့ဒဏ်ရာကြီးနဲ့ လွတ်အောင်၊ သူ့အသက်လွတ်အောင်တော့ ပြေးရတော့တာပဲ၊ ဒါနဲ့ အဲဒီ ရှားငုတ် ဒဏ်ရာကြီးနဲ့ သူ ဘယ်မှမသွားနိုင်ပဲနဲ့ ချုံကြား တောကြား လှည့်ပြီးတော့ ဒီဒဏ်ရာကမန်းတွေ တက်ပြီးတော့ ခံနေရတာ၊ အဲဒီတင် သူက အနီးရှိတဲ့ ညောင်ပင်ကြီး၊ ဒီညောင်ပင်ကြီးတော့ ရက္ခစိုးကြီး ရှိမှာပဲပေါ့လေ၊ ကြီးကြီးမားမား ရက္ခစိုးကြီးရှိမှာပဲ၊ ရက္ခစိုးမင်းကြီး ....

ကျုပ်ကို မ,စပါ၊ ကျုပ်အနာကြီး ပျောက်အောင်ကူညီပါ၊ စောင့်မပါ၊ ကျုပ် ထမင်းလည်းမစားရ, အစာလည်းမစားရ, ရေလည်းမသောက်ရ၊ ကျုပ် သေတော့မှာပဲ၊ ဒါ့ကြောင့် ကျုပ်ကို မ,စပါ၊ မ,စလို့ ကျုပ် အနာပျောက်လို့ရှိရင် သင့်ကို မင်းပေါင်း တစ်ရာ့တစ်ပါးရဲ့ လည်းချောင်း သွေးနဲ့ ယဇ်ပူဇော်ပါ့မယ်လို့ သူက ဒီလိုပြောပြီးတော့ တိုင်တည် လိုက်တယ်၊ တိုင်တည်လိုက်တော့ သူ့ အစာမစားရတာနဲ့ သူ့ဘာသူ အနာက မကြာမီ ကျက်သွားပြီးတော့ ပျောက်သွားတာပါ နတ်ကြီးက မ,တာလည်းမဟုတ်ပါဘူး။

ဒါပေမယ်လို့ သူက နတ်ကြီးမလို့ ပျောက်တယ်လို့ သူက ယူဆတာ၊ ယူဆပြီးတော့ အနာပျောက်သွားပြီး အားအင်တွေ ပြန်ရှိလာတော့၊ ငါတော့ ရက္ခစိုးမင်းကြီး ငါပြောမိတဲ့ဂတိရှိတယ်၊ ငါ မင်းပေါင်း တစ်ရာ့တစ်ပါးသော မင်းတွေရဲ့လည်းချောင်းသွေးနဲ့ ယဇ်ပူဇော်ပါ့မယ်လို့ ငါတိုင်တည်ထားမိတယ်၊ ငါ့တော့အနာက ပျောက်သွားပြီ နတ်ကြီးကမ,တာနေမှာပဲ၊ ငါ နတ်ကြီးမပူဇော်ရင် ငါ ပြန်ခံရလိမ့်ဦးမယ်၊ သူများသာသတ်နေတာ သူသေမှာတော့ အကြောက်ကြီး သူက၊ အဲဒီလိုတွေးပြီးတော့ သူက တိုင်းပြည်နယ်ပယ်ထဲရှိတဲ့ မင်းတွေ လိုက်ဖမ်းတော့တာပဲ၊ မင်းတွေဖမ်း၊ ဖမ်းပြီးတော့ ဒီရောက်လာပြီဆိုရင် တစ်ခါတည်း သူ့ညောင်ပင်ကြီးမှာ နွယ်ကြိုးနဲ့ လက်ကိုဖောက်ပြီးတော့ နွယ်ကြိုးနဲ့ထိုးပြီးတော့ ချည်ထား၊ လက်ဖောက် ချည်ထားတယ်ဆိုတော့ မရုန်းနိုင်တော့ဘူး၊ အဲဒီလိုနဲ့ မင်းတွေ လိုက်ဖမ်းလိုက်တာ၊ နောက်တော့ ဘုရားလောင်း သုတသောမမင်း ဖမ်းရမယ့်အလှည့် ရောက်လာတယ်၊ ဒီမင်းတစ်ပါးပဲ ကျန်တော့တယ်၊ ဒီတော့ ဘုရားလောင်းတော် သုတသောမမင်း သူသွားဖမ်းတယ်၊ မဖမ်းလို့ကလည်း မဖြစ်တော့ သုတသောမမင်းဟာ သူရဲ့ဆရာတော်ခဲ့ဘူးတယ်၊ တက္ကသိုလ် နေတုန်းက၊ ဆရာလည်းဟုတ်၊ ဆရာတူတပည့်လည်းဟုတ်တယ်၊ တပည့်ကြီးအနေနဲ့ ပညာပြန်သင်ပေးတော့ သူက ဆရာလည်း နဲနဲ တော်တယ်၊ သူက နဲနဲကြောက်တယ်၊ သုတသောမမင်းကို ဒါပေမဲ့လို့ မတတ်နိုင်ဘူး သူက တစ်ရာ့တစ်ပါးပြည့်အောင် ဖမ်းရမှာဆိုတော့၊ တစ်ရာ့တစ်ပါးပြည့်အောင် သွားဖမ်း။

ဒီတော့ ဘုရားအလောင်းတော် သုတသောမမင်းက မင်္ဂလာရေကန်ထဲ ခေါင်းဆေးမင်္ဂလာပြုတဲ့အချိန် သူက ဝင်ဖမ်းပြီးတော့ခေါ်လာ၊ စစ်တပ်တွေက လိုက်ပေမယ်လို့ သူက အားကောင်းအပြေးသန်ဆိုတော့ မလိုက်နိုင်ကြဘူး၊ ဒါနဲ့ တောထဲရောက်တော့မှ၊ ညောင်ပင်အောက်ရောက်တော့၊ သုတသောမမင်းက ပေါရိသာဒ၊ မင်း ငါ့ကို ဘာအတွက်ဖမ်းတာတုန်း၊ အာ ဒီလိုဒီလိုပဲ တစ်ရာ့တစ်ပါးသောမင်းတွေရဲ့ လည်ချောင်းသွေးနဲ့ ယဇ်ပူဇော်ပါ့မယ်လို့ ရုက္ခစိုးမင်းကြီးကို အာမခံ ပဋိညာဉ်ပေးထားတယ်၊ အဲဒါကြောင့် ဖမ်းတာပဲဆိုတော့၊ ကောင်းပြီ မင်းဖမ်းတာကတော့ ဟုတ်ပြီ ဖမ်းပေ့ါ၊ ဒီတော့ မင်းလုပ်စရာရှိတာလည်း လုပ်ပေ့ါ၊ သို့သော် ငါ့မှာ ဒီ ခေါင်းဆေး မင်္ဂလာထွက်ခါနီးမှာ ပုဏ္ဏားလေးယောက် ဂါထာမန္တာန်တော်များ ဆက်မယ်ဆိုပြီးတော့ မြို့ပေါက်ဝမှာ တွေ့တယ် ....။ သတာရဟဂါထာလို့ ခေါ်တယ်၊ ဒီဂါထာတစ်ခု တစ်ခုကို တစ်ရာတစ်ရာ တန်တယ်လို့ ဆိုတယ်၊ ဒါ ရှေးဘုရားလက်ထက် အဆက်ဆက်က ဆောင်လာတဲ့ ဂါထာမန္တရားကြီးလေးပုဒ်လို့ပြောတယ်၊

အဲဒါ ငါ ခေါင်းဆေးမင်္ဂလာ ထွက်လာရင်း လမ်းခရီးမှာတွေ့တာဖြစ်လို့ နန်းတော်ကိုသွားနှင့် ဆိုပြီးတော့ နန်းတော်မှာ ကောင်းကောင်းမွန်မွန် ပုဏ္ဏား တွေကို ကျွေးမွေးညှော်ခံထားဆိုပြီးတော့ စီမံပြီး ထားခဲ့တယ်၊ ခေါင်းဆေးမင်္ဂလာ ပြီးလို့ အပြန်မှ အဲဒီတရားတော်တွေ ဂါထာတော်တွေ နာမယ်ဆိုပြီးတော့ ငါ စီမံထားခဲ့တာရှိတယ်၊ အဲဒါ ပြန်ပြီးတော့ နာစမ်းပါရစေအုန်းဆိုတော့၊ ဟာ....ဆရာ့နှယ် မဖြစ်နိုင်တာပဲ ဘယ့်နဲ့ ဒီကဖမ်းထားလို့ သတ်ရမယ့်ကိစ္စကြီး၊ ဆရာက ဟို ပြန်သွားပြီးတော့ ဂါထာတွေ နာပြီးမှတော့ ဘယ်ပြန်လာမှာတုန်း၊ ဆရာရာ မဖြစ်နိုင်တာ။ မဟုတ်ပါဘူး။ ပေါရိသာဒငါသစ္စာရှိတယ်၊ ငါမလိမ်ပါဘူး။ ဟာ မဖြစ်နိုင်တာ ဆရာကလည်း။ မဟုတ်ဘူးလေ မင်းစဉ်းစားကြည့် မင်းနဲ့ငါနဲ့ တက္ကသိုလ် အတူတူနေလာတာ၊ မင်းကိုလည်း ငါ ဆရာလုပ်ပြီးသင်လာတာ၊ မင်းကို ငါဘယ်တုန်းကများ လှည့်စားဘူးတုန်း၊ မင်းကို လိမ်ညာပြီးတော့များ ဘာတစ်ခုလုပ်ဖူးတုန်း၊ မင်းပြန်စဉ်းစားစမ်းဆိုတော့။

အင်း ဟုတ်တယ် ဒီလိုတော့ ဆရာဟာ အင်မတန်သစ္စာရှိတယ်။ အင်း ဟုတ်တယ်၊ ဒီလိုဆိုတော့ ဆရာ့အပေါ်မှာ သူ နည်းနည်းယုံသွားတယ်၊

ယုံသွားပြီးတော့ သူ့စိတ်ထဲက ကဲလေ ပြန်လာလည်းလာပေါ့၊ မလာလည်း ကိစ္စမရှိပါဘူး။ ကိုယ့်ဆရာသမားပဲဆိုပြီးတော့ ပြန်မလာလည်း ရက္ခစိုး မင်းကြီး တစ်ရာ့တစ်ပါးတော့ တစ်ရာနဲ့ပဲ ကျေနပ်ပါတော့လို့ တောင်းပန်ရင် ပြီးလောက် ပါတယ်ဆိုပြီးတော့ ကဲ ဆရာ ဒီလိုဆိုလဲသွားပါ၊ အဲ ပြန်တော့လာမယ်ဆိုတာ လေးတော့ ပြန်လာခဲ့ပါအုန်းနော်။ အေးလာမယ်, လာမယ် စိတ်သာချ, စိတ်သာချ ဆိုပြီးတော့ သုတသောမမင်းက ပြန်လာ၊ နန်းတော်ပြန်လာပြီးတော့ နန်းတော် ရောက်တော့၊ ဟိုက တအံ့တသြပေါ့လေ၊ ရှင်ဘုရင်လွတ်လာပဟာဆိုပြီးတော့။ ကဲကဲ စကားများမနေကြနဲ့ ငါ ပုဏ္ဏားတော်တွေရဲ့ဂါထာ နာချင်လို့ပြန်လာတာ၊ ကဲ ပုဏ္ဏားတော်များ မြင့်မြတ်တဲ့နေရာမှာ ခင်းကျင်းပြီးတော့ ပေးကြ၊ အထက်ကျတဲ့နေရာမှာတင်၊ မြင့်မြတ်တဲ့ ခုံတွေ, ခမ်းနားတဲ့ပလ္လင် တွေပေါ် တင်ပြီးမှ အောက်က ရှင်ဘုရင်က၊ သူနဲ့တကွ မိဖုရားတွေနဲ့ လက်အုပ်ချီပြီးတော့ နာတယ်၊

အဲဒီမှာ ကဿပဘုရားရှင်လက်ထက်ကတည်းက ဆင်းသက်လာတဲ့ ဂါထာတော်ကြီးလေးပုဒ်၊ ဒါ သူနာရတယ်၊ နာရတော့ ကြည်ညိုပြီးတော့ အဆုံးအမတော်တွေ ကြည်ညိုပြီးတော့ ဟိုက သတာရဟာလို့ဆိုတယ်၊ ဒီဂါထာတစ်ပုဒ် တစ်ရာပဲ တန်ပါတယ်၊ ထိုက်ပါတယ်။။ ဒါပေမယ်လို့ ဘုရား အလောင်းတော်က မှန်မြတ်လို့ ကြည်ညိုလွန်းလို့ တစ်ရာမကဘူး။ တစ်ထောင် ပူဇော်မယ်....ဆိုပြီးတော့ ဂါထာတစ်ပုဒ်ကို တစ်ထောင်၊ ဂါထာတစ်ပုဒ် တစ်ထောင်၊ ဂါထာတစ်ပုဒ် တစ်ထောင် လေးပုဒ်ပူဇော်၊ ပုဏ္ဏားတော်တွေလည်း ဆုတော် ငွေတော်တွေပေး။ ကောင်းကောင်းမွန်မွန်ကျွေးမွေး ပြန်လွတ်ပြီးတော့မှ၊ ကိုင်း ငါ့မှာ ကိစ္စမပြီးသေးဘူး၊ ဒီလိုဒီလိုပဲ ငါ ပဋိညာဉ်ပေးပြီး ပြန်လာခဲ့တာ၊ ငါပြန်မယ် တောထဲဆိုတော့။ ဟာ— စစ်တပ်ကရော တိုင်းပြည်ကရော ဘာလို့ပြန်ရမှာတုန်း၊ ဒီလူသတ် သမားဆီ၊ ဘာလို့ပြန်ရမှာတုန်း လူယုတ်မာဆီ၊ ဘာလို့ပြန်ရမှာတုန်း ကျွန်တော်မျိုး သတ်မယ် ဒီကောင်းကို ကျွန်တော်မျိုးကြီးတို့ သတ်ပါ့မယ်–ဆိုတော့၊

အလောင်းတော်က ဟာ မဟုတ်ဘူး အားလုံးနားထောင်ကြ၊ မင်းမှာသစ္စာလူမှာဂတိတဲ့ ငါ့သစ္စာနဲ့ပြန်လာတာ၊ ငါ သစ္စာအပျက်မခံနိုင်ဘူး၊ ငါ သစ္စာပါရမီအဖျက်မခံနိုင်ဘူး....မလုပ်ကြနဲ့၊ မလုပ်ကြနဲ့။ ဟာ အရှင်မင်းကြီး မဟုတ်တာပဲပြန်ပြီးတော့ ကြွတော် မမူပါနဲ့....လို့ ဝိုင်းတားတော့၊ မရဘူး ကဲ ငါသွားမယ်-ဆိုတော့ ဝိုင်းပြီးတော့ ငိုယိုပြီးတော့ပေါ့လေ တောင်းပန်လိုက်ကြ၊ နောက်ကနေငိုပြီးတော့ လိုက်ကြတယ် နောက်တော့၊ တော်တော်သွားပြီးတော့၊ ကဲ မလိုက်ခဲ့ကြနဲ့၊ မလိုက်ခဲ့ကြနဲ့ ပြောလည်း မရဘူး စစ်သူကြီးတွေကလည်း သူတို့ဝိုင်းသတ်မယ်, ဖြတ်မယ်နဲ့၊ နောက်တော့ ကိုင်း ဒီနိုင်ငံ ဘယ်သူနိုင်ငံတုန်း။ အရှင်မင်းကြီးနိုင်ငံပေါ့။

လမ်းခရီးဝမှာရောက်တော့ ဟို တောကြားထဲရောက်ပြီ လမ်းကလည်းပဲလှည်းတစ်စီး သွားသာရုံလောက်ပဲရှိတော့တယ်၊ လမ်းကြားရောက်ပြီ၊ ဘေးကတောတွေ တောင်တွေ ဖြစ်ကုန်ပြီ၊ ဒီတော့ ဒီနိုင်ငံ ဘယ်သူနိုင်ငံတုန်း။ အရှင်မင်းကြီးနိုင်ငံပါ။ ကောင်းပြီ ငါ့နိုင်ငံဆိုရင် ငါပိုင်တယ် ဟောဒီမှာ ဟောဒီလှည်းသွားလောက်တဲ့လမ်းကြားမှာ ငါစည်းတားပြီ၊ အဲဒီ စည်းကိုကျော်တဲ့သူဟာငါ့အမိန့်ကို ကျူးကျော်တဲ့သူပဲ၊ ဒီစည်းကို မကျော်တဲ့သူဟာ ငါ့အမိန့်နာခံတဲ့သူပဲ၊ ငါ့ကိုချစ်ရင် ဒီစည်းမကျော်ကြနဲ့၊ ငါ့အမိန့်နာခံရင် ဒီစည်းမကျော်ကြနဲ့၊ စည်းတားလိုက်တော့ လူးလိမ့်ပြီးတော့ ငိုကြတာ၊ ဘုရားလောင်းတော်ကတဖြေးဖြေးနဲ့ စိုက်စိုက် စိုက်စိုက်နဲ့ပြန်သွား၊ ပေါရိသာဒကလည်း ဆရာကြီးလာမှလာပါ့မလား၊ ဟုတ်မှဟုတ်ပါ့မလားနဲ့ သူ စိတ်မချ,တချနဲ့ သူ ညောင်ပင်ကြီးပေါ်က တက်ပြီးတော့ ကြည့်နေတာ၊ လှမ်းကြည့်နေတော့ ဘုရားအလောင်းတော်က လာလိုက်တာ စိုက်စိုက်, စိုက်စိုက်နဲ့ တစ်ခါတည်း ရဲရဲတင်းတင်း, ပြုံးပြုံးရွှင်ရွှင်, မျက်နှာလည်းမပျက်ဘူး၊

ဒီတော့ ပေါရိသာဒ အံ့သြသွားတယ်၊ ဟာ ဒီမှာရောက်ရင် သေရမှာ၊ သတ်မယ်ဆိုတာ အသိသားနဲ့ ငါ့ဆရာလာပုံကတော့ ရဲလိုက်တာ၊ ကျေနွှာသူဝမ်းထဲတော့ ရဲဆေးတော့ရှိပြီ....၊ သေချာပြီ, သေချာပြီ, သေရမည့်သေမင်းကိုရင်ဆိုင်နိုင်မယ့်ရဲဆေးတော့ ရှိတာသေချာပြီ၊ ကြည့်ပါအုန်း လာပုံက၊ တွန့်တွန့်

တွန့်တွန့် နောက်လှည့်ကြည့်၊ ဘာကြည့် ဒီလိုမဟုတ်ဘူး၊ ကြည့်ပါအုန်း လာလိုက်တာ၊ တကထဲ ရွှေတုံး ငွေတုံးရမယ့်နေရာ သွားသလိုပဲ၊ ဒါနဲ့ သူက ကဗျာကယာ သစ်ပင်ပေါ်က ဆင်းပြီးတော့၊ အောက်ဆင်းပြီးစောင့်။ ဘုရားအလောင်းက အနားရောက်လာ၊ ကဲ ပြန်လာခဲ့ပြီ၊ မင်းလုပ်စရာရှိတာ လုပ်၊ ငါ့ကိစ္စပြီးပြီ။

နေပါအုန်းဆရာ မေးစမ်းပါရစေအုန်း၊ ဆရာ ဒီကိုလာရင် အသတ်ခံရမှာ သေမယ်ဆိုတာ သိတယ် မဟုတ်လား။ အေး သိသားပဲ၊ ဒီတော့ ဆရာလာပုံက ရွံ့တွန့် ရွံ့တွန့်၊ ကြောက်ရွံ့ ကြောက်ရွံ့လည်းမဟုတ်ဘူး၊ ပြီးတော့ နောက်က တပ်တွေဘာတွေများ၊ ကျုပ်နောက်က ဝိုင်းထားပြီးတော့၊ ဘေးကနေ တပ်တွေချထားပြီးတော့၊ တိတ်တိတ်ပုန်းပြီးတော့၊ ကျုပ် ဆွယ်ပြီးတော့ ဖမ်းမလားလို့ ကျုပ်က သစ်ပင်ပေါ်တက်ကြည့်နေတာ၊ အခု ဆရာလာပုံက ရဲလိုက်တာ၊ အဲဒီတော့ ဆရာ့ဝမ်းထဲတော့ ရဲဆေး ရှိပြီထင် ....တယ်။ ရှိတာပေါ့ ပေါ်ရိသာဒ ရှိတာပေါ့။ အဲဒီရဲဆေး လေးတော့ ကျုပ်မသိရဘူးလား ဆရာ။ ဟာ မင်းသိချင်ရင် ငါပြောနိုင်တာပေါ့ ရဲဆေးဆိုတာရှိတယ်ကွ၊ ရှိအောင် လုပ်ထားရတယ်။ ဒီလိုဆို ဆရာရယ် အဲဒီရဲဆေးလေး၊ သေမင်း ရင်ဆိုင်နိုင်တဲ့ ရဲဆေးလေး များတော့ ပြောပါအုန်း။ ကောင်းပြီလေ သေမင်းကိုရင်ဆိုင်နိုင်တဲ့ အောင်လံလေးခုရှိတယ်.....တဲ့၊ ရှိတယ်။ ငါ့မှာ အဲဒီအောင်လံလေးခု ထူပြီးပြီ ဟော–

**ဘုတ္တာ ဘောဂါ ဘတာဘစ္စာ၊ ဝိတိဏ္ဏာ အာပဒါသုမေ။**

ဘုရားလောင်းက ပြောချလိုက်တယ်၊ **ဘုတ္တာ ဘောဂါ။** ဘောဂါ– စည်းစိမ်ဥစ္စာ အဖြာဖြာတို့ကိုလည်းပဲ။ ဘုတ္တာ–စားသုံးသင့်သမျှ စားသုံး၍ ပြီးခဲ့ကုန်လေပြီ။ လောကမှာ သေမင်းကို မကြောက်ဘူး, သေမင်းရင်ဆိုင် နိုင်အောင် အရည်အချင်းလေးချက်ပြည့်စုံရင် ဝါ–အောင်လံလေးခု ထူထားပြီဆိုရင်၊ ကြောက်စရာမလိုဘူးကွ၊ သေမင်း, အိုမင်း, နာမင်းကို တော်လှန်နိုင်တဲ့ အောင်လံလေးချက်ရှိတယ်။

---

အံ–၁/၃၇၆။

နံပါတ်(၁) **ဘုတ္တာ ဘောဂါ**။ ဘောဂါ-စည်းစိမ်ဥစ္စာ အဖြာဖြာတို့ကို။ ဘုတ္တာ-စားသုံးသင့်သမျှ စားသုံး၍ပြီးခဲ့ကုန်လေပြီ။ ကိုယ့်သုံးစားသင့် သုံးစားထိုက်တာတွေ စားသုံးပြီးပြီလေ....တဲ့။ စားစရာရှိတာ စားပြီးပြီ၊ ဆင်စရာရှိတာ ဆင်ပြီးပြီ ကိုယ့်ကိုယ်ကို ဝတ်စရာရှိတာ ဝတ်ပြီးပြီ ခံစားစရာရှိတာ ခံစားပြီးပြီ၊ နေစရာရှိတာ နေပြီးပြီတဲ့၊ နောက် ဝိတိဏ္ဏာ အာပဒါသုမေ- အန္တရာယ်တွေ ပေါ်လာလို့ရှိရင်၊ အာပဒါသု-ဘေးရန် တို့သည်။ သန္တေသု- ဖြစ်ပေါ်လာခဲ့ကုန်သည်ရှိသော်၊ ဝိတိဏ္ဏာ-အဲဒီ ဘေးရန်တွေကို ကာကွယ်ဆီးတား နိုင်ဖို့ရာအတွက်လည်းပဲ ထားသင့်တာကိုထား၊ ကာကွယ်သင့်စရာရှိတာ ကာကွယ်ဖို့ရာ စီမံ၍ ပြီးခဲ့ကုန်လေပြီ....၊

ကိုယ့်အရေးရော ကိုယ့်ရဲ့မိသားစုအရေးရော၊ နောင် မီးအန္တရာယ် ပေါ်တယ်ဆိုပါတော့၊ မီးမလောင်နိုင်အောင် **စီမံပြီးပြီ**၊ မီးလောင်ပြန်ရင်လည်းပဲ၊ လောင်သွားတဲ့ ပစ္စည်းရဲ့အစား၊ အစားထိုးပြီးတော့ နောက်ထပ် ထူထောင် နိုင်အောင်၊ ဟိုမှာဒီမှာ မြေထဲမြုပ်၍၊ ဟိုမှာ ဒီမှာသိမ်း၍ စသည်ဖြင့် ဒီနေရာက ပျက်ရင် ဟိုနေရာကယူပြီး အစားထိုးသုံးနိုင်အောင် လုပ်ပြီးပြီလေတဲ့၊ ရေက မျှောမယ်၊ ရေရန်သူကြီးနဲ့ ပတ်သက်ပြီးတော့လည်း ရေရန်သူကြီး မမျှောနိုင်အောင် ကာကွယ် ထိန်းသိမ်း စီမံမှုတွေလုပ်ပြီးပြီ၊ ဟာ မျှောအုန်းတော့ နောက်ထပ် အစားထိုးလုပ်နိုင်အောင်။ သူခိုး ဓားပြ မခိုးမတိုက်နိုင်အောင် စီမံပြီးပြီ၊ ခိုးအုန်း တိုက်အုန်းတော့၊ နောက်ထပ် အစားထိုးပြီးတော့ ကာကွယ်နိုင်အောင်၊ အဲဒီလိုပေါ့ ရန်သူမျိုးငါးပါး မဖျက်ဆီးနိုင်အောင်လည်း စီမံထားတယ်၊ ပျက်စီးသွားတောင် မတော်တဆ သူက ဖျက်ဆီးနိုင်လို့ ပျက်စီးသွားတောင်မှ ဒီနေရာက ပျက်စီးသွား ဟိုနေရာပေါ်အောင်၊ အဲဒီလို အဖက်ဖက်က ကာကွယ်ထားပြီးပြီလေ ....တဲ့။ စားသင့်တာလည်း စားပြီးပြီ၊

**ဘတာဘစ္စာ**။ ဘစ္စာ-မွေးကျွေးသုတ်သင် ပြုပြင် စောင့်ရှောက်ထိုက်တဲ့ သားတော် သ္မီးတော် မြေး,မြစ်. ဆွေတော်မျိုးတော် တူသား နောင်မယ် မိဘ

ဆွေမျိုးတွေကိုလည်းပဲ၊ ဘတာ–မွေးကျွေးသုတ်သင် ပြုပြင်မှုထားအပ်ကုန်ပြီ။ ကိုယ့်သားသမီးတွေလည်း၊ ကိုယ့်မှုသင့်တာမှုပြီးပြီတဲ့၊ သူတို့ ကျွေးသင့်တာတွေကျွေး၊ ဆင်သင့်တာတွေဆင်၊ ပြင်သင့်တာတွေပြင်၊ တတ်သင့် တတ်ထိုက်တဲ့ ပညာတွေ သင်ပေး၊ သူတို့အတွက် စီးပွားရေးတွေ ထူထောင်ပေး၊ ဒါ မှုသင့်တဲ့ သူတွေလည်း မှုပြီးပြီတဲ့ ငါ့မှာ၊ မိဖုရားတွေ, သမီးတော်တွေ ပြီးတော့ မှူးကြီးမတ်ရာတွေ ပေးသင့်ပေးထိုက်တာတွေနဲ့ သူတို့ကိုလည်း မှုသင့်တာ မှုပြီးပြီ၊ မိဘာဘိုးဘွားတွေကိုလည်း မှုသင့်တာတွေ မှုပြီးပြီ၊ ကိုယ့် ဝတ္တရားကြီး ရှိနေတဲ့ မိဘာဝတ္တရားရှိတာတွေ မှုပြီးပြီ၊ သားသမီးဝတ္တရားရှိတာတွေ အကုန်လုံး ပြည့်စုံအောင် လုပ်ပေးပြီးပြီ၊ ဒါကို မှုသင့်တာ မှုတယ်လို့ခေါ်တယ်။ **ဘတာဘစ္စာတဲ့ ပါဠိက** ဘစ္စာ–မွေးကျွေးသုတ်သင် ပြုပြင်စောင့်ရှောက်ထိုက်တဲ့ ပုဂ္ဂိုလ်တို့ကိုလည်းပဲ။ ဘတာ–မွေးကျွေးသုတ်သင် ပြုပြင်စောင့်ရှောက်ပြီးတော့ မှုသင့်သမျှ မှုပြီးပြီ။ ဟော စားသင့်တာတွေလည်း စားပြီးပြီ၊ ထားသင့်တာ တွေလည်း ထားပြီးပြီ၊ မှုသင့်တာတွေလည်း မှုပြီးပြီ။

(၄) **"အထောကတံ ကရဏီယံ ပစ္စာအနနုတာပိယံ"**။ အထော– ထိုမှတစ်ပါး။ ပစ္စာအနနုတာပိယံ–နောင်တတစ်ဖန် မပူပန်ရကြောင်းဖြစ်တဲ့။ ကရဏီယံ–မချွတ်ပြုရမည့် ကိစ္စကိုလည်း။ ကတံ–ပြုအပ်ခဲ့လေပြီ။ နောင်မှ နောင်တရပြီးတော့၊ အမလေး မပြုရလေခြင်း၊ အမလေး မပြုရလေခြင်းနဲ့၊ ဒီလို နောင်တတစ်ဖန် မပူပန်ရကြောင်းဖြစ်တဲ့ မချွတ်ပြုရမည့် အမှုတွေလည်း ငါ ပြုပြီးပြီကွ ပေါရိသာဒ....တဲ့။ **"တသ္မာဟံ နဘာယာမိ"**။ တသ္မာ– ထို့ကြောင့်။ အဟံ–ငါသည်။ ဒုက္ခကာရိနော–ဆင်းရဲဒုက္ခအပေါင်း ထောင်သောင်း ကို ပြုလုပ်လေ့ရှိသော။ မစ္စုနော–သုံးဆယ့်တစ်ဘုံ လွှမ်းခြုံပိုင်နင်း ရှင်သေမင်း ကြီးမှ။ န ဘာယာမိ–မကြောက်ရွံ့ဘဲ ရဲကြီး ရဲ၍, အမြဲပုံသေ ရွှင်လန်း၍ နေရပါပေသတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

အေး (၄)နံပါတ်အနေနဲ့ ငါပြုသင့်တာလည်း ပြုပြီးပြီ ပေါရိ သာဒ ....တဲ့၊ ပြုသင့်တာပြုပြီးပြီ၊ ပြုသင့်တာပြုပြီးပြီဆိုတာ နောင်တ တစ်ဖန် မပူပန်

ရကြောင်းဖြစ်တဲ့ ကောင်းမှုတွေကိုပြောတာ၊ စွန့်ကြဲပေးကမ်း လှူဒါန်းမှုဆိုတဲ့ ကောင်းမှု၊ မျက်နှာမငယ်ရကြောင်းဖြစ်တဲ့ ကောင်းမှု၊ သံသရာစခန်း မဂ်ဖိုလ် နိဗ္ဗာန်သွားရာလမ်းကြီးတစ်လျှောက်လုံး မျက်နှာမငယ်ရကြောင်းဖြစ်တဲ့ ဒါနကောင်းမှုလည်း ငါပြုပြီးပြီ၊ ဒါန ကောင်းမှုမပါမှုဖြင့် မျက်နှာငယ်ရ သကိုး....သံသရာစခန်းမှာ၊ မဂ်ဖိုလ်နိဗ္ဗာန်သွားတဲ့ လမ်းတစ်လျှောက်မှာ မျက်နှာငယ်ရတယ်၊ အစားအစာ ဆင်းရဲလို့ မျက်နှာငယ်ရ၊ အဝတ်အောက်ကျလို့ မျက်နှာငယ်ရ၊ သူများဝတ်သလို မဝတ်နိုင်တော့ မျက်နှာငယ်ရ၊ သူများနေသလို မိုးလုံ လေလုံမှ မနေနိုင်တော့ မျက်နှာငယ်ရ၊ ဒါ ဒါနဆိုတဲ့ကောင်းမှုကို မပြုရင် အဲဒီလိုမျက်နှာငယ်ပြီး နောင်တတစ်ဖန် ပူပန်နေရတယ်၊ အဲဒီလို မဖြစ်အောင်လည်းပဲ ငါပြုပြီးပြီတဲ့၊ လှူသင့်တာတွေ လှူပြီးပြီ၊ လောင်း သင့်တာတွေ လောင်းပြီးပြီ၊ ပေးသင့်တာတွေ ပေးပြီးပြီ၊ ကမ်းသင့်တာတွေ ကမ်းပြီးပြီ၊ ဒါနဆိုတဲ့ ကောင်းမှုအစား လှူပြီးပြီ၊ အဝတ်လှူဖူးပြီးပြီ၊ ထီး ဖိနပ် လှူဖူးပြီးပြီ၊ နေရာထိုင်ခင်း လှူဖူးပြီးပြီ၊

သံသရာမှာ ရောဂါမကြွယ်ကြောင်းဖြစ်တဲ့ သီလတွေလည်း ငါထိန်းထား ပြီးပြီ၊ ထိန်းထားပြီ၊ သီလမပါပြီဆိုမှဖြင့် သံသရာမှာ ရောဂါတွေဖြစ်တတ်တယ်၊ အသက်တိုတတ်တယ်၊ ကျန်းမာရေးတွေ ချို့တတ်တယ်၊ အနာရောဂါတွေ နှိပ်စက်တတ်တယ်၊ ဒီတော့ အဲဒီလိုမဖြစ်အောင်လည်းပဲ နောင်တ မဖြစ်ရအောင် ငါ သီလလည်းထိန်းထားပြီးပြီ....တဲ့။ ငါးပါးသီလ အနည်းဆုံး လုံအောင် ထိန်းခဲ့တယ် တစ်သက်လုံး။

သံသရာမှာ စိတ်အားမငယ်ကြောင်းဖြစ်တဲ့ သမထဆိုတဲ့ အလုပ်ကိုလည်း ငါ လုပ်ပြီး ပြီတဲ့၊ စိတ်အားမငယ်ကြောင်းလုပ်တဲ့ အလုပ်ဆိုတာ သမထ။ သမထ မပါရင် စိတ်အားငယ်တယ်၊ စိတ်ငယ်တယ်၊ **"သမထမပါ သံသရာ စိတ်မှာ ပူရတယ်"....တဲ့**၊ သည်းခံနိုင်ရည်မရှိဘူး၊ လောကဓံ သည်းခံ နိုင်ရည်မရှိဘူးဆိုတာ သမထဘာဝနာ နည်းနေတဲ့ပုဂ္ဂိုလ်ရဲ့သန္တာန်သည် သည်းခံနိုင်ခြင်းမရှိဘူး၊ လောကဓံခံနိုင်ရည်မရှိဘူး၊ ထစ်ခနဲ့ရှိသူက စိတ်ပူ၊ ထစ်ခနဲ့ရှိဆို စိတ်ပျက်၊ ထစ်ခနဲ့ဆို စိတ်ဆိုး၊ ထစ်ခနဲ့ဆို စိတ်အားငယ်၊

ဒီလိုဖြစ်ကုန်။ သမထဘာဝနာခေါ်တဲ့ ဗုဒ္ဓါနုဿတိ၊ ဘုရားအာရုံပြုပြီးတော့ နေ့စဉ်ထားတော့ ဘုရားနဲ့စိတ်နဲ့ ကပ်ပူးထားတော့၊ ဘုရားဆီ စိတ်က ရောက်ရောက်နေတော့၊ ဘုရားနဲ့ စိတ်နဲ့ နေ့စဉ် ကပ်ထားလိုက်တော့၊ ဘုရားဓာတ်က ကူးတယ်-ကိုယ့်ကို၊

ဒီတော့ ဘုရားဓာတ်က ကူးတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သည်းခံနိုင်တဲ့ ခန္တီပါရမီ အပြည့်ရှိတယ်၊ သစ္စာပါရမီ အပြည့်ရှိတယ်၊ ဒါနပါရမီ၊ သီလပါရမီ၊ မေတ္တာပါရမီ၊ နေက္ခမ္မပါရမီအစရှိတဲ့ ပါရမီဓာတ်တွေ အပြည့်ရှိတာ ဆိုတော့၊ အဲဒီကနေ ကိုယ့်ဓာတ်ကူးပြီးတော့ သူတစ်ပါးက၊ ကိုယ့် မောက်ကျော် စော်ကားလည်း၊ ကိုယ်က သည်းခံနိုင်တယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးများ သည်းခံတယ်၊ ဘုရား အတုခိုး၊ ဘုရားနဲ့ကပ်ထားတဲ့စိတ်က၊ ကြီးပြီး ရင့်ထွား နေတော့၊ ဘာပြောပြော သည်းခံနိုင်တယ်၊ မကောင်းမှု လောကဓံတွေနဲ့ ကြုံလာတိုင်း၊ ဆင်းရဲဒုက္ခရောက်တိုင်း၊ အနိုပ်စက်ခံရတိုင်း၊ ရှာလို့ဖွေလို့ မရတိုင်း၊ အခြံအရံတွေ ပျက်သွားတိုင်း၊ သူက သည်းခံနိုင်တယ်၊ သည်းခံနိုင်တာဟာ ပါရမီတစ်မျိုးပဲ၊ စိတ်အားမငယ်ဘူး၊

ဒီလိုမဟုတ်ရင် ထစ်ခနဲ့ရှိ ဝမ်းနည်းပက်လက်ဖြစ်ရ၊ ဒါနဲ့ ရောဂါတွေဖိစီးပြီး အသက်တိုကုန်၊ မေတ္တာပါရမီအားလေးနဲ့ ကိုယ်က အားဖြည့်ထားတော့ ပတ်ဝန်းကျင်လည်း အေးမြလို့ ကိုယ်ကလည်း ခံနိုင်ရည်ရှိတယ်၊ ဒီလိုမဟုတ်လို့ သမထမပါရင် ကလေးနဲ့တူတယ်တဲ့၊ ကလေးအရွယ်ဆိုတော့ အားနည်းနေတော့ ဘာပြောပြော သူဟာ ဟိုက ကစားပြောတာမှန်းလည်း မသိ၊ အဟုတ်ပြောတာ မှန်းလည်း မသိ၊ မဟုတ်ပြောတာမှန်းလည်း မသိ၊ သူက ထစ်ခနဲ့ဆို မခံနိုင် မရပ်နိုင်ဖြစ်တယ်၊ ဝမ်းသာစရာရှိလည်း အတင်းဝမ်းသာ၊ ဝမ်းနည်းစရာရှိလည်း ဝမ်းနည်းပက်လက်ဖြစ်နေတယ်။ ဒါ ကလေးစိတ်လိုပဲ သမထမပါတဲ့ပုဂ္ဂိုလ်၊ သမထဘာဝနာကင်းတဲ့ သူ့ရဲ့စိတ်က၊ ကလေးစိတ်လိုပဲ နုတယ်။ မြှောက်တိုင်း လည်း မြှောက်ချင် မြှောက်သွားတာ၊ ခြောက်တိုင်းလည်း ကြောက်ချင် ကြောက်သွားတာ၊ သမထဘာဝနာပါလာတဲ့ပုဂ္ဂိုလ်က၊ မြှောက်တိုင်းလည်း မမြှောက်ဘူး ခြောက်တိုင်းလည်း မကြောက်ဘူး၊ အဲဒီလို မြှောက်တိုင်း မမြှောက်၊

ခြောက်တိုင်း မကြောက်နိုင်တဲ့ သမထဘာဝနာ ဆိုတဲ့ အလုပ်တွေလည်း ငါလုပ်ပြီးပြီ....တဲ့၊

နောက်ဆုံး နိဗ္ဗာန်ကို မလွဲမဖယ်ပေးနိုင်တဲ့ ဝိပဿနာအလုပ်တွေလည်း အားထုတ်ပြီးပြီ....။ ဝိပဿနာဘာဝနာတရားတွေလည်း ပွားပြီးပြီ၊ အဲဒီလို ပြုသင့်တာ ပြုတယ်ဆိုတာ အကျဉ်းချုပ်လိုက်တော့ ဒါနကောင်းမှုပြုပြီးပြီ၊ သီလ ကုသိုလ်တွေ ထိန်းထားပြီးပြီ၊ သမထဝိပဿနာ အလုပ်တွေ လုပ်သင့်တာ လုပ်ပြီးပြီ၊ ဒါကို ပြုသင့်တာပြုလို့ခေါ်တယ်၊ ဒါ့ကြောင့် **"စားသင့်တာစား. ထားသင့်ထား. နှစ်ပါးဝတ်ကျေသူ၊ မှုသင့်တာမှု. ပြုသင့်ပြု. လေးခု အောင်လံထူ"**....တဲ့၊ ဒါ အောင်လံကြီးလေးခု ထူထားတာ၊ ကိုယ့်ပတ်ဝန်းကျင်ကိုယ်၊ လေးဘက်လေးတန်ကနေပြီးတော့ အောင်လံကြီး လေးခု ထူပြီးတော့ ကိုယ်က အလယ်ဝင်ရပ်နေလို့ရှိရင်—

❖ **တရားလေးစင်း. လက်ကိုင်းသွင်း. သေမင်းတော်လှန်သူ။**
**တရားလေးစင်း. လက်ကိုင်းသွင်း. သေမင်းအောင်နိုင်သူ။**

အဲဒီတရားလေးစင်း အောင်လံလေးစင်းထူထားတဲ့သူဟာ သေမင်းကြောက်ကို မကြောက်တာ၊ မွေးလာတဲ့သူသေတာ အဆန်းမဟုတ်ဘူး၊ သေချင်တဲ့အချိန်သေလိုက်၊ ငါအပြည့်အစုံ ငါက ဒီဘဝမှာ လုပ်သင့်လုပ်ထိုက်တာ လုပ်ပြီးပြီ၊ ဟော စားသင့်တာတွေလည်း စားသုံး၊ ဝတ်ဆင်နေထိုင်ပြီးပြီ၊ ကိုယ့်အတွက်လည်း၊ မှုသင့်တာတွေလည်း မှုပြီးပြီ၊ သားတွေသမီးတွေ ပညာတတ်အောင်. သူ့ရဲ့ဥစ္စာစီးပွားတွေနဲ့ လုပ်နိုင်ကိုင်နိုင်အောင်. သူတို့ခြေပေါ် သူတို့ရပ်နိုင်အောင် အကုန်လုံး ငယ်စဉ်တောင်ကျေးကစပြီးတော့ အကုန်ပြုပြီးပြီ ဘာမှမပူရတော့ဘူး၊ စိတ်ထဲမှာ ဘယ်သူ့ဖြင့် ဘာမလုပ်ရသေးဘူး၊ ဘယ်သူ့ဖြင့် ဘာ ကျန်သေးတယ်မရှိဘူး စိတ်ကိုအေးလို့....။ စားသင့်တာစား. ထားသင့်တာထား၊ ထားသင့်ထားထိုက်တာတွေ ထားတယ်ဆိုတာ၊ ခုန ကာကွယ်သင့် ကာကွယ်ထိုက်တဲ့၊ နောင်ရေးအတွက်၊ သားတွေသမီးတွေအတွက်. အမွေပစ္စည်းတွေလည်း ထားပေးခဲ့ပြီ၊ အန္တရာယ်ပေါ်လို့ ရှိရင်၊ ဒီအန္တရာယ် ပေါ်အုန်းတော့၊

မပေါ်အောင်လည်း ကာကွယ်ပေးပြီးပြီ၊ ပေါ်လာရင်လည်းပဲ၊ အစားထိုးကုစားနိုင်အောင်၊ ထူထောင်နိုင်အောင်၊ အကုန်လုံး စီမံပေးပြီးပြီ၊ စားသင့်တာလည်း စားပြီးပြီ၊ ထားသင့်တာလည်း ထားပြီးပြီ၊ မှုသင့်တာလည်း မှုပြီးပြီ၊ ပြုသင့်တာလည်း ပြုပြီးပြီ၊

ပြုသင့်တဲ့ ကုသိုလ်ကောင်းမှုတွေလည်း ပြုပြီးပြီဆိုတော့ ဘာမှမပူပန်ရဘူး၊ အဲဒီလိုမပြုလို့ရှိရင် သေကာနီးကြမှ၊ အမလေး ငါဘာမှလည်းမပြုရသေးဘူး၊ ငါ ကောင်းမှုဘာမှလည်း မရှိသေးဘူး၊ သားကိစ္စ, သမီးကိစ္စ, ဆွေကိစ္စ, မျိုးကိစ္စနဲ့ အချိန်ကုန် နေရတာနဲ့ ဘာမှ ငါ အားကိုးစရာမရှိပါလား....ဆိုပြီးတော့ အဲဒီတင် မျက်ရည်လေးတလည်လည်နဲ့၊ ဟိုမော့ကြည့် ဒီမော့ကြည့်၊ ဟိုဆွေ မော့ကြည့်, ဒီဆွေမော့ကြည့်၊ ဟိုလှမ်းလက်ဆွဲ, ဒီလှမ်းလက်ဆွဲ၊ နိမိတ်တွေကထင်ကုန်ပြီ၊ သေကာနီး ဂတိနိမိတ်တွေက ထင်ကုန်၊ မကောင်းတဲ့နိမိတ်တွေကထင်၊ ဟိုအားကိုးနဲ့လှမ်းဆွဲ ဒီအားကိုးနဲ့ လှမ်း လက်မောင်းလှမ်းကိုင် ဘာမှမရဘူး၊ ကိုယ့်ဘာကို ကိုယ့်ကုသိုလ်နဲ့ ကိုယ်နဲ့ ကောင်းမှုတွေ အပြည့်လုပ်ထားတဲ့သူက ပြုံးလို့နေတာပဲ၊ တစ်ခါတည်း ဘေးကလူတွေက ငိုနေပေမယ်လို့ သူကပြုံးလို့ သူ့အာရုံနဲ့ သူ၊ ဒါ ပြုသင့်တာပြုဆိုတာ အဲဒါပြောတာပဲ၊

ဒီတော့ အဲဒီ ပြုသင့်တာ ပြုဆိုတဲ့နေရာမှာ ဘယ်ထိအောင်ပြုသင့်တာ ပြုရမှာတုန်း၊ စာက လိုက်လာပြန်တယ်၊ ပြုသင့်တာပြု ဆိုတဲ့နေရာမှာ ကိုယ့်ကိုယ်ကို အောက်တန်းလူ, အလယ်တန်းလူ, အထက်တန်းလူလို့ လူသုံးဆင့် ရှိတဲ့အနက်က အထက်တန်းလူထိအောင် ဖြစ်သွားတာကိုမှ ပြုသင့်တာ ပြုတဲ့နေရာမှာ ကိစ္စဆုံးပြုတယ်လို့ခေါ်တယ်....တဲ့၊ အောက်တန်းလူ ဆိုတာ မူလတန်းလူပေါ့၊ အလယ်တန်းလူ အထက်တန်းလူ လူသုံးမျိုး ရှိတယ်၊

အဲဒီထဲက အထက်တန်းလူဆိုတာ ဘယ်လိုပုဂ္ဂိုလ်တုန်းဆိုတော့ အရိယာ ဖြစ်ပြီးတော့ နောက်ဆုံး ရဟန္တာဖြစ်သွားတဲ့ပုဂ္ဂိုလ်၊ ရဟန္တာဖြစ်သွားတဲ့ ပုဂ္ဂိုလ်များက သူတို့ပြောပြောသွားတဲ့ စကားလေးတွေ နားထောင်ကြည့်။ ခီဏာဇာတိ-ငါဘဝကုန်ပြီတဲ့၊ နောက်ထပ်ဘဝသစ် ဖြစ်ဖို့မရှိဘူးတဲ့၊ ဟော

ဘုရားကလည်းပြောတယ်, ရှင်သာရိပုတ္တရာ ကလည်းပြောတာပဲ, ရှင်မောဂ္ဂလ္လာန် ကလည်းပြောတာပဲ၊ မိထွေးတော် ဂေါတမီကလည်းပြောတယ် ဒီစကားလေး၊ ခီဏာ ဇာတိ ဝုတိတံ ဗြဟ္မစရိယံ–ကျင့်သင့်ကျင့်ထိုက်တဲ့ ဗြဟ္မစရိယတွေကိုလည်း ကျင့်ပြီးပြီတဲ့၊

**ကတံ ကရဏီယံ** – တဲ့။ ကရဏီယံ–ပြုသင့်ပြုထိုက်တဲ့ ကိစ္စမှန်သမျှကိုလည်း၊ ကတံ–ပြုလို့လမ်းဆုံးပြီ။ သူတို့က ရဟန္တာယောကျ်ား ရဟန္တာမဖြစ်သွားပြီဆိုတော့ နောက်ထပ်ပြုစရာကိုမရှိဘူး ပြုပြီးပြီတဲ့၊ ဒို့အဆုံးသတ်ပြုပြီးပြီတဲ့၊ **"ကတံ ကရဏီယံဆိုတဲ့ စကားလေး ရဟန္တာတိုင်းပြောတယ်"၊** ရဟန္တာဖြစ်ပြီဆိုမှဖြင့် သူတို့ပြောကြပြီ ဒီစကားလေး၊ ဒီတော့ ပြုသင့်တာပြုဆိုတာဟာ အဆုံးသတ်ပြုသင့်တာ ပြုတာ၊ အဲဒီ ရဟန္တာ ဖြစ်တဲ့အထိဟာ ထိပ်ဆုံးပဲ၊ အဲဒါ အထက်တန်းစားလူ ဖြစ်သွားတာ၊ အဲဒီလောက် မရောက်သေးရင် အလယ်တန်းစားလူပေါ့၊ အဲဒီလောက် မရောက်သေးရင် မူလတန်းစားလူပေါ့၊ အောက်တန်းစားလူပေါ့၊ ဒီလောက်တော့ ဖြစ်ရတယ်၊ အဲဒီ အောက်တန်းစားလူမှ မဖြစ်ရင် အဲဒီအောက်ကတော့ အန္ဓပုထုဇဉ် ရှိတော့တယ်၊ တိရစ္ဆာန်နဲ့ တူတဲ့လူပဲ ရှိတော့တယ်၊

ဒီတော့ လူသုံးဆင့်လောက်ရှိတယ်၊ ဒီကိစ္စ ပြုသင့်တာတော့ ပြုတော့ပြုတယ် မဆုံးသေးဘူးပေါ့ မူလတန်းလူက၊ ဒို့အထက်တန်း, တန်းကျောင်းတွေ လိုပေါ့၊ အထက်တန်းကျောင်း ဆယ်တန်းထိအောင်နေရမည့် သူက မူလတန်း အောင်ရုံနဲ့ သူက မူလတန်းတော့ ပြီးသွားပြီ၊ ပြီးသွားပြီလား, ပြီးသွားပြီ၊ အောင်သွားပြီ၊ သို့သော် သူက မဆုံးသေးဘူး၊ သူက အလယ်တန်းဆက်တက် ရအုန်းမှာ၊ နောက် အလယ်တန်းအောင်သွားတော့ ပြီးသွားပြီလား, ပြီးပြီ အလယ်တန်း အောင်သွားပြီ၊ လုံးဝပြီးတာလား၊ ဒီလိုတော့မဟုတ်တတ်သေးဘူး၊ သူ့ဟာက အထက်တန်းဆက်တက်၊ နောက် အထက်တန်းအောင်သွား ဆယ်တန်းမှာ အောင်သွားပြီးဆိုတော့ ပြီးပြီ၊ ဒီအထက်တန်းကျောင်းနဲ့ ပတ်သက်လို့ကတော့ ပြီးပြီ၊ ကုန်တော့တာပဲ၊ အဲဒီလိုသဘောပေါ့ အဓိပ္ပာယ်က၊ သို့မဟုတ် အထက်တန်းဆိုတာ တက္ကသိုလ်လို့ သဘောထားရင်လည်း၊

တဏှာကိလေသာနစ်နေပြီးတော့ ဘွဲ့ရပြီးပြီဆိုရင် ဒီ အမျိုးသား အမျိုးသမီးဟာ ပြီးပြီ၊ နောင် တဏှာကိလေသာနေဖို့ မလိုတော့ဘူး။ ခုအဲဒီအပြီးမျိုးကို ရဟန္တာ ပြီးလို့ခေါ်တယ်၊ ရဟန္တာမအပြီး။

ဒါ့ကြောင့် အောက်တန်းမူလလူဆိုတာ ဘယ်လိုလူတုန်းဆိုတော့— **"အောက်တန်း မူလ, ဗုဒ္ဓဘာသာ၊ ကံကိုယ်ပိုင်ရှိ, မြင်သိပေရာ"** ....တဲ့၊ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်ရပြီဆိုတဲ့လူဟာ အဲဒါ မူလတန်းအောင်တဲ့ လူပဲ၊ လုပ်သင့် လုပ်ထိုက်တာ လုပ်တာပဲ၊ **"အလယ်ထင်လင်း မြင်ရှင်း လက္ခဏာ"** ....တဲ့၊ အလယ်တန်းစားလူဆိုတာ ဘာတုန်းဆိုတော့၊ ရုပ်နာမ်ဓမ္မ သဘာဝရဲ့ ဖြစ်ပျက်လက္ခဏာရေးကို မြင်ပြီဆိုရင်၊ ဝိ–ဝိပဿနာဉာဏ် ဖြစ်ဖူးပြီ ဆိုရင် အဲဒါ အလယ်တန်းစားလူ။

❖ **အောက်တန်းမူလ ဗုဒ္ဓဘာသာ၊ ကံကိုယ်ပိုင်ရှိ မြင်သိပေရာ။ အလယ်ထင်လင်း မြင်ရှင်းလက္ခဏာ၊ အထက်တန်း လေးခဏ်းမြင်သစ္စာ ..... တဲ့ ။**

အထက်တန်းစားလူဆိုတာ ဘယ်လိုလူတုန်းဆိုတော့၊ အောက်ထစ်ဆုံး သောတာပန်ဖြစ်သွားတာ၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ ဖြစ်သွားတဲ့လူ၊ အဲဒါ ပြုသင့်ပြုထိုက်တဲ့ကိစ္စဆုံးသွားတဲ့လူပဲ၊ ဒီတော့ ကမ္မဿကတာ သမ္မာဒိဋ္ဌိဆိုတာ ကံ,ကံအကျိုးကိုယုံတာ၊ ကောင်းတာလုပ်ရင် ကောင်းကျိုး ရတယ်, မကောင်းတာလုပ်ရင် မကောင်းကျိုးတွေဖြစ်လိမ့်မယ်လို့ ယုံတဲ့ဉာဏ် ပေါ်တာ၊ အဲဒီဉာဏ်အဆင့် ရောက်ပြီဆိုရင် ကမ္မဿကတာသမ္မာဒိဋ္ဌိ လူပဲ၊ ဒီလို ဆွမ်းဘောဇဉ်တွေ ကျွေးတယ်, မွေးနေ့အထိမ်းအမှတ်နဲ့ ကျွေးတယ်ဆိုတာ ကံ,ကံအကျိုး ယုံကြည်တဲ့ဉာဏ်ပါတယ် အခြေခံ၊ အဲဒါကြောင့် ပြုတာ၊ အဲဒါပြုတော့ ကိုယ်က နိဗ္ဗာန်ထိအောင် မှန်းထားပါ၊ ဒီလိုပြုတဲ့အတွက် နောက် ဘဝခံစားဖို့, စံစားဖို့ ဒီလောက်တင် စိတ်ကို မရပ်လိုက်ပဲနဲ့၊ ဒီလို ပြုလိုက်ရတဲ့ ကုသိုလ်ကောင်းမှုကြောင့်၊ ခုန အစကပြောခဲ့သလို ဘုရားရှင် ကိုယ်တော်မြတ်ကြီး များရဲ့ သပိတ်အလုံးပေါင်း (၆၀၀) ထဲကို လောင်းထည့်ပြီးတော့ အသေလွတ်

ခေတ်ကြီးကို ယူတဲ့နေ....၊ အမတ ခေတ်ကြီးကို ယူတဲ့နေ....၊ အိုနာသေလွတ်တဲ့ ပစ္စည်းကြီးကို နှိုက်ယူ ခြင်းပဲလို့ ဒီလိုသဘောထားလိုက်လို့ရှိရင် အဲဒီ ခုနတုန်းက သောတာပန် နီးနီးဖြစ်သွားတယ်၊

နိဗ္ဗာန်ကို အာရုံပြုပြီးတော့ လျှုတဲ့ကုသိုလ် ဖြစ်နေတာကိုး၊ အိုနာသေလွတ်ချင်လို့ ပြုတာဖြစ်နေတာ၊ ခန္ဓာဒုက္ခ ငြိမ်းချင်လို့ပြုတာ ဖြစ်နေတာကိုး၊ ဝိဝဋ္ဋနိဿိတကုသိုလ်လို့လည်း ခေါ်တယ်၊ အဲဒီထိအောင် စိတ်က မျှော်ရတယ်၊ ဒီလိုမဟုတ်လို့ရှိရင် ကမ္မဿကတသမ္မာဒိဋ္ဌိ ဉာဏ်လေးလောက်နဲ့ဆိုရင် ဘာဖြစ်နေတတ်တုန်းဆိုတော့၊ အခု ဒီလိုလှူလိုက် လောင်းလိုက်ပြီးတော့ နောက်ဘဝ, ဒီထက်သာတဲ့ သူဌေးပြန်ဖြစ်ချင်နေတယ် သူက၊ ဒီလို လှူလိုက် လောင်းလိုက်ပြီးတော့ နောက်ဘဝ ဒီထက် စားကောင်းသောက်ဖွယ်ပေါ၊ အသက်တွေရှည်, ရုပ်တွေချော, ဥစ္စာတွေပေါတဲ့လူ ပြန်ဖြစ်ချင်နေတယ်၊ ဖြစ်တော့ဖြစ်တယ် ဒုက္ခ, ဒုက္ခချင်းပြန်လဲတာ၊ ခုရှိတဲ့လူ့ဘဝကလည်းပဲ၊ စည်းစိမ် ဥစ္စာနဲ့ အထိုက်အလျောက်ရှိနေတဲ့ လူ့ဘဝလည်းဒုက္ခပဲ၊ သူ့ဟာ အိုမယ်, နာမယ်, သေမယ်၊ အအိုမလွတ်, အနာမလွတ်, အသေမလွတ်ပစ္စည်းတွေ၊ နောက်ထပ် သူဌေးကြီးဖြစ်ချင်တယ်ဆိုတော့လည်း၊ သူဌေးကြီးလို့ ဆိုင်းဘုတ် ကသာ ပြောင်းတာ၊ အအိုမလွတ်, အနာမလွတ်, အသေမလွတ်ကြီး၊ သူ့ဟာ ဒုက္ခ, ဒုက္ခချင်း လဲယူတာ၊ ဒုက္ခ,ဒုက္ခချင်း ဖလှယ်တာ၊ ဒါကြောင့် အဲဒီ ကမ္မဿကတသမ္မာဒိဋ္ဌိ ဉာဏ်လောက်တင်မနေပဲနဲ့၊ ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် ဆိုက်လောက်တဲ့ ဝိပဿနာဉာဏ် သံဝေဂဉာဏ်ပါပြီးတော့ ယူလိုက်ရတယ်၊ အဲဒါမှ အထက်တန်းစားလူထဲ ဝင်လာတယ်၊ ဒါကြောင့်–

**"အောက်တန်းမူလ ဗုဒ္ဓဘာသာ၊ ကံကိုယ်ပိုင်ရှိ မြင်သိပေရာ"**

**......တဲ့ ။** ကမ္မဿကတသမ္မာဒိဋ္ဌိဉာဏ် ပေါက်တယ်ဆိုရင်ပဲ၊ လူဟာ တော်တော်တော့ ဟုတ်လာပါပြီ၊ ဒီကမ္မဿကတသမ္မာဒိဋ္ဌိဉာဏ် မပေါက်လို့ ခု လုပ်ချင်ရာလုပ်နေတဲ့သူတွေဟာ အဲဒီရဲ့ဉာဏ် မရှိလို့ပေါ့၊ ကံ,ကံအကျိုး မယုံကြည်တော့ သူများသတ်လို့လည်း ဘာမှမဖြစ်ဘူး ထင်နေတာ၊ ခိုးလို့

ကိုယ်ရဲ့ရ စားရတာပဲလို့ချည်းတွက်နေတာ၊ ဒီတော့ အဲဒီ ကမ္မဿကတာသမ္မာဒိဋ္ဌိ ဉာဏ်ရှိရင်ပဲ အောက်တန်းမူလဗုဒ္ဓဘာသာ ဖြစ်ပြီ၊ အလယ်ထင်လင်း မြင်ရှင်း လက္ခဏာ—တဲ့၊ ဝိပဿနာဉာဏ်နဲ့ ရုပ်နာမ်ဖြစ်ပျက်ကို ရှုတော့ ဝိပဿနာနဲ့ ရုပ်နာမ်ဖြစ်ပျက်ကို မြင်ပြီဆိုတော့ အဲဒါ အလယ်လူ၊ အလယ်တန်းအောင်တဲ့လူ ဖြစ်လာတာ၊ အဲဒီကနေတစ်ဆင့်တက်တော့ အထက်တန်းလူဖြစ်သွားတာပဲ၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်သွားတယ်၊ အဲဒီထိအောင် ရောက်မှ ကတံကရဏီယံလို့ မချေါ်တယ်၊ ဝါ–အထွဋ်အထိပ် ပြောလို့ ရှိရင် ရဟန္တာယောကျ်ား, ရဟန္တာမဖြစ်ပြီ....ဆိုမှ အဲဒါ ပြုသင့်တာ ပြုတဲ့ကိစ္စကြီး ပြီးတယ်လို့ ခေါ်တယ်၊ အဲဒီအောက်တော့ ခုနပြောသလိုပေါ့၊ အနာဂါမ်, သကဒါဂါမ်, သောတာပန်၊ အဲဒီအောက်ဆင်းလိုက်တော့ ကလျာဏပုထုဇဉ်လို့ ခေါ်တဲ့ ဝိပဿနာနဲ့ ရုပ်နာမ်ဖြစ်ပျက် မြင်တဲ့ သူ၊ ဉာဏ်ပေါ်တဲ့သူ၊ အဲဒီအောက် ကမ္မဿကတာသမ္မာဒိဋ္ဌိရှိတဲ့သူ၊ အဲဒါဆိုရင် ဒါ ပြုသင့်တာပြုတဲ့လူထဲ ဝင်ပါတယ်၊ သို့သော် အဆင့်ဆင့်တက်သွားရအုန်းမှာ ဒါကြောင့်—

**"စားသင့်တာစား၊ ထားသင့်ထား၊ နစ်ပါးဝတ်ကျေသူ။**
**မှုသင့်တာမှု၊ ပြုသင့်ပြု၊ လေးခုအောင်လံထူ။**
**တရားလေးစင်း၊ လက်ကိုင်ရှင်း၊ သေမင်းတော်လှန်သူ"...တဲ့။**

သေမင်းတော်လှန်နိုင်တဲ့သူ၊ သေမင်းရင်ဆိုင်နိုင်တဲ့သူ၊ သေမင်း ကို အောင်လံထူပြီး နိုင်တဲ့သူပဲ....တဲ့၊ တစ်လောကလုံးက ကြောက်ရတဲ့ သေမင်းကို နိုင်တာသူပဲ၊ ပြုံးပြီးတော့ပေါ့လေ။ ပေါရိသာဒ ငါ အဲဒီ တရားလေးပါး လက်ကိုင်ထားပြီးနေလို့၊ လက်ကိုင်ထားလို့ ငါ ခု လာခဲ့တယ်....လို့။ အဲဒါ ဘုရားအလောင်းတော်က ပေါရိသာဒကို ပြောတဲ့စကား၊

အဲဒါ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဘုရားဖြစ်တော့ ပြန်ပြီးတော့ ဒီဇာတ်ကြောင်း ပြန်ဟောတာ၊ ဒီတော့ ပြန်ဟောတာက ဘုရားရှင်ရဲ့ ရည်ရွယ်ချက်က ဒကာဦးချစ်စိန်တို့လို၊ ဒကာ–ဒကာမအပေါင်း သူတော်ကောင်း တွေ မိမိကိုယ်မိမိ သေမင်းကိုရင်ဆိုင်နိုင်တဲ့ အကျင့်ကောင်းကြီးလေးခုကို

ကျင့်တတ်ကြပါစေ....လို့ ရည်စူးပြီးတော့ ဘုရားက မဟာကရုဏာတော်ကြီးနဲ့၊ အင်မတန်သနားတဲ့ ကရုဏာတော်ကြီးနဲ့ ဟောတော်မူခဲ့တာ၊ အဲဒီတရားတော်ကြီး ပျောက်မသွားအောင်လို့ ဒကာဦးချစ်စိန်လောင်းတဲ့ လျှုတဲ့ သံဃာတော်တွေက ဆက်ပြီးတော့ ဆောင်လာကြတာ၊ ခု ဒီတရားတော်ကြီး သေမင်းအောင်လံ၊ သေမင်းကို ရင်ဆိုင်နိုင်တဲ့ အရည်အချင်းလေးချက် ပြည့်စုံတဲ့ တရားကြီးမျိုး ပျောက်မသွားအောင်၊ နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်က ဟောထားတဲ့တရားကြီး ပိဋကတ်ကျမ်းစာအုပ်တွေထဲ ရောက်သွားပြီးတော့ ပြန်ပျောက်မသွားအောင်၊ ပိဋကတ်တွေ ကွယ်ပြီးတော့ ပျောက်မသွားအောင်၊ ဟောဒီသံဃာတော်တွေက ဆောင်လာခဲ့ကြတယ်၊ ဟောဒီသံဃာတော်တွေရဲ့ရှေ့က ဆရာတော်တွေက ဆောင်လာခဲ့ ကြတယ်၊ အဲဒီဆရာတွေရှေ့က ဆရာတွေ. ဆရာတွေ. ဆရာတွေ ရှေ့တက်သွားစမ်း ဘယ်ထိအောင်ရောက်မတုန်း၊

ဘုရားလက်ထက်က ရှင်မဟာကဿ. ရှင်အာနန္ဒာ. ရှင်အနုရုဒ္ဓါ ကိုယ်တော်မြတ်ကြီးတွေက စပြီးတော့ လောကသားတွေ ကျင့်ကြံချင်တဲ့ ပုဂ္ဂိုလ်တွေ ကျင့်နိုင်ကြပါစေ၊ သိချင်တဲ့ပုဂ္ဂိုလ်တွေ သိနိုင်ကြပါစေ....လို့၊ အဆက်ဆက် ပခုံးပြောင်းပြီးတော့ သင်. အံ. ပို့ချ. ရွတ်အံ. သရဇ္ဈာယ်၊ တစ်ယောက်နဲ့ တစ်ယောက် ခေါင်းပြောင်း. ခေါင်းပြောင်း. ကိုယ်ပြောင်း. ကိုယ်ပြောင်းပြီးတော့ ရွတ်အံသရဇ္ဈာယ်၊ တစ်ခါတစ်ခါများ ဒီလိုဆွမ်းအထောက် အပံ့တွေမရှိလို့ အစားဆင်းရဲ. ငတ်ငတ်ပြတ်ပြတ်နဲ့ နေရင်းနဲ့လည်း မပျက်စေရဘူး၊ ဒီ ဘုရားတရားတော်တွေ မပျောက်စေရဘူး၊ လူတွေ နတ်တွေ သတ္တဝါတွေ ချမ်းသာစေကြောင်းဖြစ်တဲ့ ဒီတရားတွေ မပျက်စေရဘူးဟာဆိုပြီးတော့ ဆောင်ရွက်တော်မူလာကြတဲ့ သံဃာတော် အရှင်မြတ်တွေ၊ အဲဒီသံဃာတော် တွေကို ဒီနေ့ ဒကာဦးချစ်စိန်က ဆွမ်းဘောဇဉ်တွေ လောင်းပြီးတော့ ခုနက အကျင့်ကောင်းကြီး လေးမျိုးကိုလည်း ငါ ကျင့်ရရောက်ပြီ ......လို့၊

အဲဒီလို သေမင်းကိုရင်ဆိုင်နိုင်တဲ့ အောင်လံလေးမျိုးကို ထူပြီးသကာလ၊ ဘုရားပဋ္ဌေကာ အရိယာအပေါင်း သူတော်ကောင်းကြီးတွေ သေမင်းကို ရင်ဆိုင်ပြီးတော့၊ သေမင်းလက်မှ လွတ်ရာဖြစ်တဲ့၊ သေမင်းမကိုင်နိုင်တဲ့

အမတဓာတ်ကြီးကို ရကြသလို၊ တပည့်တော်တို့ ဒီနေ့ မွေးနေ့မင်္ဂလာကို အကြောင်းပြုပြီးတော့ ပြုလုပ်အားထုတ်ရတဲ့ သံဃာတော် (၆၀၀) ကျော်ကို သစ်သီးဒန်ပေါက်ဆွမ်း, ခဲဖွယ်, ဘောဇဉ်ဆွမ်း, မွန်မြတ်သောဆွမ်းတို့ဖြင့် လောင်းလှူရတဲ့ ကုသိုလ်ကောင်းမှုစေတနာစုသည်ငှင်း၊ ဤကဲ့သို့ လောင်း နိုင်အောင် စီမံရ, ရွက်ဆောင်ရတဲ့ ဝေယျာဝစ္စစေတနာကုသိုလ်ကောင်းမှု စေတနာ အစုသည်ငှင်း၊ ဤကဲ့သို့ လောင်းလှူလိုက်ခြင်းဖြင့် သံဃာတော်အရှင်မြတ်တွေ ပရိယတ်, ပဋိပတ် ဘုရားအဆုံးမတွေကို ပျောက်မသွားအောင်, ပျက်မသွားအောင် ဆောင်ရွက်တော်မူတဲ့ ကိစ္စကြီးမှာ၊ ချမ်းသာတော်မူကြပါစေ .....။ ချမ်းချမ်းသာသာ ဆောင်ရွက်တော်မူနိုင်ကြပါစေ.....လို့။ ချမ်းသာစေလိုတဲ့ မေတ္တာဘာဝနာ ကုသိုလ်ကောင်းမှု စေတနာစုသည်ငှင်း၊ နေ့စဉ်ရှုပွားရတဲ့ ဝိပဿနာဘာဝနာ ကုသိုလ် ကောင်းမှုစေတနာစုသည်ငှင်း၊ ပြဆိုအပ်ခဲ့သော သေမင်းကိုရင်ဆိုင်နိုင်တဲ့၊ အောင်လံထူတဲ့၊ လေးခုသော အောင်လံကြီးကို လျင်မြန်ဆောစွာ ရရာရကြောင်း အားကောင်းသော အထောက်အပံ့ဖြစ်ပါစေသားဟူ၍ ကိုယ်စီကိုယ်ငှ နိရောဓသစ္စာ နိဗ္ဗာန်အာရုံပြုပြီးတော့၊ မဂ္ဂသစ္စာထိုက်တဲ့ ကုသိုလ်ကောင်းမှုမျိုးတွေကို ပြုစွမ်းနိုင်ကြတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ ဖြစ်ကြပါစေကုန် သတည်း။

ဤကဲ့သို့ နိရောဓ သစ္စာ နိဗ္ဗာန်ကို အမှန်းအထားအားဖြင့် အာရုံပြုပြီး၊ မဂ္ဂသစ္စာထိုက်တဲ့ ကုသိုလ်ကောင်းမှု ဝိဝဋ္ဋနိဿိတ ကုသိုလ်ကောင်းမှုတွေကို ပြုစွမ်းနိုင်ကြကုန်သော အမျိုးကောင်းသား, အမျိုးကောင်းသမီးတွေ ဖြစ်ကြ ကုန်လျက်၊ ဤကဲ့သို့ ပြုစွမ်းသွားတော်မူတတ်ကြတဲ့ ရှေးရှေးသော ဘုရားပစ္စေကာ အရိယာအပေါင်း သူတော်ကောင်းကြီးတို့ ရအပ်, ရောက်အပ်, သိမြင်အပ်သော နိဗ္ဗာနဓာတ် နိရောဓသစ္စာ တရားမြတ်ကြီးကို၊ လျင်မြန်ဆောစွာ ရောက်ကြရ, ရကြရ, မြင်ကြရပါလိုကုန်သောဟူ၍၊ ပတ္ထနာအောင်ဆု ပြုကြကုန်ရာသတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

# “ဒေဝဒူတသုတ္တန်”
# နတ်တမန်တရားတော်

ကိုင်း တရားပွဲစရအောင်—

**စောဒိတာ ဒေဝဒူတေဟိ, ယေပမဇ္ဇန္တိ မာဏဝါ၊**
**တေဒီဃရတ္တံ သောစန္တိ, ဟိနကာယူပဂါ နရာ။**

ဒေဝဒူတေဟိ–အိုနာသေသူ သုံးလူမကြွင်း, အကျဉ်းသမားကလေး အားဖြင့် ငါးပါးသော နတ်တမန်တို့သည်။ စောဒိတာ–အမြဲ မသေ စိတ်သံဝေဖြင့်. နေစေပြည့်နှိုး တိုက်တွန်းအပ်ပါကုန်လျက်။ ယေမာဏဝါ–တရားမပိုက် အမှား လိုက်၍ အားစိုက်စဉ်လာ အကြင်သတ္တဝါတို့သည်။ ပမဇ္ဇန္တိ–သံဝေအသိ မရရှိဘဲ သတိကင်းပေ့ါ မေ့လျော့၍ နေကြလေကုန်၏။ နရာ–လူတွင်ပေါက်ဖွား လူခေါ် ငြားလည်း, တရားဝေးလံ လူသာမာန်ဖြစ်ကြကုန်သော။ တေမာဏဝါ–သူ့လို ငါ့လို ဉာဏ်မပိုပဲ ထိုထိုမခြား သတ္တဝါအများတို့သည်။ ဟိနကာယူပဂါ–ယုတ်ညံ့ဖျင်းတောင်း အပါယ်ပေါင်းသို့ အကြောင်းတိုက်ဆုံ ကပ်ရောက် ရကုန်သည်ဖြစ်၍။ ဒီဃရတ္တံ–အကာသိုလ်ဟုန် မကုန်သ၍ ရှည်မြင့် စွာသော ညဉ့်နေ့ပတ်လုံး။ သောစန္တိ–မလွတ်နိုင်ပဲ ဒုက္ခထဲမှ အမြဲ မသေ စိုးရိမ်ဆင်းရဲ၍ နေရကြလေကုန်သတည်း။

ယနေ့ မြန်မာကောဇာသက္ကရာဇ် ၁၃၅၄–ခုနှစ်၊ ဝါဆိုလဆန်း (၆)ရက်နေ့ညမှာ၊ အမရပူရမြို့ ငယ်တိုးကျေးရွာအုပ်စု၊ ရက်ကန်းတော်ရပ် ဥယျာဉ်ကျောင်းတိုက်ကြီးအတွင်း၌ ယနေ့ည ကျင်းပပြုလုပ်အပ်တဲ့ တရားပွဲ သည်ကား၊ အမရပူရမြို့ ငယ်တိုးကျေးရွာအုပ်စု.ရက်ကန်းတော်ရပ် ဥယျာဉ်

• အံ–၁/၁၃၇။ မ–၃/၂၁၆။

ကျောင်းတိုက်ကြီးရဲ့ ဦးစီးနာယက ပဓာနဖြစ်တော်မူသော၊ သက်တော် (၈၃)နှစ် သိက္ခာတော် (၆၃)ဝါရှိသော သက်တော်ရှည် ဆရာတော်တစ်ပါးလည်း ဖြစ်တော်မူသော၊ အမရပူရမြို့ မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော် ဘုရားကြီးတစ်ပါးအဖြစ်ဖြင့်၊ အမရပူရမြို့နယ်ရဲ့ သာသနာရေး ဘာသာရေးကိစ္စတို့ကို ဆောင်ရွက်ထမ်းပိုးတော်မူခဲ့သော၊ အမရပူရမြို့ ရွှေကူးကြီးမြတ်စွာဘုရား၊ ပေါဓိသံတောင် မြတ်စွာဘုရား၊ ဂေါပကအဖွဲ့တို့၏ ဩဝါဒါစရိယ ဆရာတော် ဘုရားကြီး တစ်ပါးအဖြစ်ဖြင့်၊ ဘာသာရေး၊ သာသနာရေး နည်းပေးလမ်းညွှန် ပြသ ဆိုဆုံးမတော်မူခဲ့သော၊ ကျေးဇူးတော်ရှင် ဥယျာဉ်ဆရာတော်ဘုရားကြီး သည်၊ လူ့ပြည်ငြီး၍ နတ်ထီးစံတော်မူသောအားဖြင့် ဘဝနတ်ထံ စံလွန်တော် မူခဲ့သည်ဖြစ်၍၊ ထိုကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ခန္ဓာအလောင်းတော်မြတ်ကို-

ယနေ့ အားလုံး စည်းဝေးညီညာ ရောက်လာကြတဲ့ တပည့်၊ ရှင်၊ ရဟန်း၊ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတို့က ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးရဲ့ ကျေးဇူးဂုဏ်အနန္တကို အာရုံပြုကြ ပြီးလျှင်၊ မိမိတို့ရဲ့ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးအား၊ လက်တွေ့ မျက်တွေ့ နောက်ဆုံး ပူဇော်ကြသောအားဖြင့်၊ ဆရာတော်ဘုရားကြီးရဲ့ ရုပ်ခန္ဓာတော်ကို ဖူးမျှော် ချင်သေးတယ်လို့ဆိုရင် မျက်စိနဲ့လည်း အခု ဖူးလို့ရသေးတယ် မျက်တွေ့၊ ဆရာတော်ဘုရားကြီးရဲ့ ရခဲလှပါတဲ့ လူ့ဘဝ လူ့ခန္ဓာကို ရတဲ့အပြင် ပဗ္ဗဇိတဘာဝ ဒုလ္လဘဆိုတဲ့ ဒုလ္လဘ ရဟန်းဘဝကိုလည်း ရယူခံယူထားတဲ့ ခန္ဓာဓာတ်တော် ကြီးကို၊ ဖူးချင်ပါတယ်၊ မျှော်ချင်ပါတယ်၊ ဖူးမျှော်ချင်ပါတယ်၊ ဖူးကြည့်ချင်ပါတယ် ဆိုရင် မြင်လို့ရသေးလို့မို့လို့ မျက်တွေ့၊ ဆရာတော်ဘုရားကြီးရဲ့ ရုပ်ခန္ဓာတော်ကို စမ်းသပ်ကိုင်တွယ်ပြီးတော့ ကြည့်ချင်သေးတယ်ဆိုရင်လဲပဲ စမ်းသပ်ကိုင်တွယ်လို့ ရသေးတဲ့ လက်တွေ့၊ အဲဒီလိုအားဖြင့် မျက်တွေ့ လက်တွေ့အားဖြင့် ဒီနေ့ ဝါဆိုလွှန်း (၆)ရက် (၇)ရက် (၈)ရက်ဆိုတဲ့ ရက်ပိုင်းမှာ၊ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးရဲ့ ရုပ်ခန္ဓာတော် အလောင်းတော်ကို ပူဇော်ကြသောအားဖြင့်၊ ယနေ့ည တရားပွဲကြီး ဆင်နွဲကျင်းပပြီးတော့ ပူဇော်ကြ၊ နက်ဖြန်ခါည သဘက်ခါ

ည နက်ဖြန်ခါနဲ့ သဘက်ခါဆိုတဲ့ ဝါဆိုလွှန်း (၇) ရက် (၈) ရက်နေ့မှာ အန္တိမ ဈာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပပြီးသကာလ၊ တတ်စွမ်းသမျှ ပူဇော်ဖွယ်တို့ဖြင့် ပူဇော်ကြခြင်းဆိုတဲ့ နောက်ဆုံး ပူဇော်တဲ့ပွဲတဲ့၊ အန္တိမဈာပန နောက်ဆုံးဈာပနမှုပြုပြီးတော့ ပူဇော်တဲ့ပွဲ၊

ဝါဆို လွှန်း (၈) ရက်နေ့ရဲ့ နောက်ပိုင်းကျတော့ဆရာတော်ဘုရားကြီးကို ဖူးချင်လို့ မျက်စိနဲ့ ဖူးလို့မရတော့ဘူး၊ ဓာတ်ပုံတို့ ပုံတူရုပ်ထုတို့ပဲ ဖူးရတော့၊ ဆရာတော်ဘုရားကြီးရဲ့ အသားအရေ ကိုယ်ကာယကို စမ်းသပ်ကြည့်ချင်ပါတယ် ဆိုလို့ စမ်းလို့မရတော့ဘူး။ စိတ်အာရုံနဲ့ မှန်းပြီးတော့ပဲ အာရုံပြုကြရတော့မှာဖြစ်လို့ ယခုအခါ စည်းဝေးညီညာ ရောက်လာကြတဲ့ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတို့သည်၎င်း၊ တပည့်တပန်း ရှင်ရဟန်းအပေါင်းတို့သည်၎င်း၊ ထိုမှတစ်ပါး ဤပတ်ဝန်းကျင်မှာ စောင့်ကြပ်နေကြတဲ့ ကိုယ်စောင့်နတ်, ရွာစောင့် နတ်, အိမ်စောင့်နတ်, သာသနာတော်စောင့်နတ်အစရှိတဲ့ နတ်အပေါင်း တို့သည်၎င်း၊ ဆရာတော်ဘုရားကြီးရဲ့ သီလ သမာဓိ ပညာဂုဏ်နဲ့ ဟောပြော ဆုံးမသွန်သင်တာတွေကို နာကြားရပြီးတော့ ကွယ်လွန်အနိစ္စ ရောက်သွားကြရတဲ့ အဘိုးတွေ အဖွားတွေ အသက်ကြီး အရွယ်အိုတွေထဲက၊ ဒီပတ်ဝန်းကျင်မှာ နတ်သားတွေ နတ်သမီးတွေ ဖြစ်ပြီးတော့၊ ရုက္ခစိုး, ဘုမ္မစိုး, အာကာသစိုးစတဲ့ နတ်သား နတ်သမီးတွေ ဖြစ်ပြီးတော့ နေကြတဲ့သူတွေ မရှိပေဘူးလို့ မပြောနိုင်ဘူး၊

ဆရာတော် ဘုရားရဲ့ ဆုံးမသွန်သင်ချက်ကြောင့်၊ ဆရာတော်ဘုရားရဲ့ အပေါ်မှာ ကြည်ညိုတဲ့ သဒ္ဓါစိတ်ဖြင့် လှူဒါန်းကော်ရော် ပူဇော်ခဲ့ခြင်းကြောင့်၊ ဆရာတော်ဘုရား ပေးသနားတဲ့ သီလတွေ (၈) ပါး (၉) ပါး သီလတွေ ဆောက်တည်ပြီးတော့ ကုသိုလ်ကောင်းမှု ပြုခဲ့ကြလေသောကြောင့်၊ ဆရာတော် ဘုရားကို ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်း (၄) ပါးဖြင့် လှူဒါန်းကော်ရော် ခဲ့ဖူးသောကြောင့်၊ ထိုကုသိုလ်ကောင်းမှု အရှိန်ဟတ်ပြီးသကာလ နတ်ပြည် နတ်ရပ် ရောက်နေကြတဲ့၊ အထူးသဖြင့် နတ်ပြည် နတ်ရွာ ရောက်နေကြတဲ့၊ နတ်သား နတ်သမီးတွေ မရှိဘူးလို့ မဆိုနိုင်တာဖြစ်တော့၊

ဒီနေ့ အားလုံးသော ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတို့နှင့်တကွ ပတ်ဝန်းကျင် စောင့်ကြပ်နေကြတဲ့ နတ်အပေါင်းတို့ အပါအဝင်၊ ဆရာတော်ဘုရားကြီးရဲ့ အန္တိမစျာပန ရုပ်ကလာပ်တော် ပူဇော်တဲ့ပွဲမှာ၊ ဆရာတော်ဘုရားသည် အသက်ထင်ရှား ရှိစဉ်ကလည်းပဲ သူ့နားရောက်လာသမျှ တပည့်ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတို့ကို၊ ဤကားကုသိုလ် အကုသိုလ်တည်း၊ ထိုထိုပုည ကုသလ ပြုကြနေစဉ်၊ မေတ္တာယှဉ်ပြီးတော့ သွန်သင်ဆုံးမပြောခဲ့တဲ့ ဩဝါဒတွေ၊ သူ့နားရောက်လာတဲ့သူတွေ ဒါက အကုသိုလ်ခေါ်တယ်ကွယ့်၊ ဒါက ကုသိုလ်ခေါ်တယ်ကွယ့်၊ ဒီအလုပ်မျိုး မလုပ်ကောင်းဘူးဟဲ့၊ ဒီလိုအလုပ်မျိုးကို လုပ်ရတယ်ဟဲ့လို့၊ မကောင်းမေတ္တာ ကောင်းရာ ညွှန်လတ်ဆိုတဲ့အတိုင်းပဲ၊ ဆရာသမားတို့ရဲ့ ဝတ္တရားရှိသည်အားလျော်စွာ သွန်သင်ဆုံးမ ဩဝါဒပေးတော်မူခဲ့တယ်၊

အသက်ထင်ရှားရှိစဉ်က ဩဝါဒတွေ ပေးတော်မူခဲ့သလို၊ ယခုလည်းပဲ ဆရာတော်ဘုရားကြီးက သူနားရောက်လာသမျှ တပည့် ဒကာ–ဒကာမအပေါင်း သူတော်ကောင်းတွေကို အသံတိတ် ဩဝါဒပေးပြီးတော့ နေတော်မူခဲ့တယ်တဲ့၊ အခု ဆရာတော်ဘုရားကြီးက ဟောတုန်းပဲ သူကတော့၊ သက်တော်ထင်ရှား ရှိစဉ်တုန်းက သူ့နားရောက်လာတဲ့သူတွေကို တရားဟောပြ ဆုံးမသလို၊ အခုလည်းပဲ ဆရာတော်ဘုရားကြီးက သူ့အနီးရောက်လာတဲ့သူတွေ၊ သူ့နားရောက်လာတဲ့ တပည့်တပန်း ရှင်ရဟန်း လူသူပရိသတ်တွေကို တရားဆုံးမ ဩဝါဒ ဟောပြပြီးတော့ နေတော်မူတယ်တဲ့၊ ဒါပေမယ်လို့ မကြားတဲ့သူက များပြီးတော့ ကြားတဲ့သူက နည်းပါးတယ်၊ ဆရာတော် ဘုရားကြီးက အခု တရားဟောတုန်း ရှိသေးတယ်၊ သူနားရောက်လာတဲ့ သူတွေမှန်သမျှကို တရားဟောတုန်းပဲရှိသေးတယ်၊ တရားပြတုန်းပဲ ရှိသေးတယ်၊ သို့သော် ရောက်လာတဲ့သူတွေထဲမှာ ဆရာတော် ဟောလိုက်တဲ့တရားကို ကြားတဲ့သူက နည်းပါး၊ မကြားတဲ့သူက များတယ်လို့၊ ဘုန်းကြီးတို့က ဒီစကားကို မြတ်စွာဘုရားရဲ့ **ဒေဝဒူတ သုတ္တန်** ကို အမှီပြုပြီးတော့ ပြောပါတယ်၊ ဒီတော့ ယနေ့ တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတွေက ငါသည်

ဆရာတော်ဘုရား ကြီးနားသွားတော့ ကန်တော့စဉ်က ဆရာတော်ဘုရားကြီးရဲ့ ရုပ် ကလာပ်တော်က ငါ့ကို ဟောလိုက်တဲ့တရား ငါကြားခဲ့တဲ့သူလား, မကြားခဲ့တဲ့သူလား.....လို့ ဘုန်းကြီးတို့ပရိသတ် စဉ်းစားရပါလိမ့်မယ်၊

ကောင်းပြီ ဆရာတော်ဘုရားကြီးက ဘယ်လိုဟောလိုက်တုန်း၊ မိမိတို့က ကြားခဲ့တာလား မကြားခဲ့ဘူးလားဆိုတာ ဘယ်လိုစဉ်းစားရမှာတုန်းလို့ ဆိုတော့ ဘုရားရှင်ဟောတော်မူတဲ့ **ဒေဝဒူတသုတ္တန်** ကို အမှီပြုပြီးတော့၊ အသိတရား ဝင်စားပြီးတော့ နာကြားကြရမယ်တဲ့၊ ဒေဝဒူတ သုတ္တန်၊ ဒေဝဒူတ သုတ္တန်ဆိုတာ နတ်တမန်တော်ကြီး ငါးဦးတို့က သတိပေး ပြောကြားတဲ့စကားကို နာကြားကြတဲ့သူတွေ၊ ကြားနာ ကြတဲ့သူတွေ၊ နတ်တမန်တော်ကြီး ငါးဦးတို့သည် ယနေ့ ဒကာ-ဒကာမအပေါင်းတို့ရဲ့ နေထိုင်ရာ ဤကမ္ဘာလောကကြီးအတွင်းမှာ ထိုထိုဤဤ လှည့်လည်ကူးကာ သွားလာမပြတ် လှည့်ပတ်ပြီးတော့ နေကြတယ်လို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက—

## ပဉ္စိမာနိ ဘိက္ခဝေ ဒေဝဒူတာနိ။

ဘိက္ခဝေ-မင်္ဂိုလ်နိဗ္ဗာန်လိုလား အမျိုးကောင်းသား, အမျိုးကောင်းသမီး အပေါင်း သူတော်ကောင်းတို့။ ဒေဝဒူတာနိ-နတ်မင်းကြီးတို့က စေလွှတ်ထား အပ်တဲ့ တမန်တော်ကြီးတို့သည်။ ဣမာနိ ပဉ္စ-ဤငါးမျိုးငါးစား အပိုင်းအခြား အားဖြင့် ငါးပါးမသွေ ရှိကြလေကုန်၏။

လောကမှာ နတ်တမန်တော်ကြီးငါးပါး ရှိတယ်တဲ့၊ နတ်တမန်တော်ကြီး ငါးပါး၊ နတ်မင်းကြီးတွေက စေလွှတ်ထားလို့ လှည့်လည်သွားလာနေတဲ့ နတ်တမန်တော်ကြီးငါးပါး၊ ဘယ်နတ်မင်းကြီးတွေက လွှတ်တာတုန်းလို့ဆိုတော့— ဝိသုဒ္ဓိနတ်မင်းကြီးတွေက လွှတ်တာ၊ နတ်က သုံးမျိုးရှိတယ် သမ္မုတိနတ်တဲ့၊ ဥပပတ္တိနတ်တဲ့၊ ဝိသုဒ္ဓိနတ်လို့ နတ်သုံးမျိုး။

သမ္မုတိနတ်ဆိုတာ လောကလူ့ရွာက ရှင်ဘုရင်တွေ, သမ္မတ တွေ, ဝန်ကြီးချုပ်တွေ, မင်းစိုးရာဇာဆိုတဲ့ ပုဂ္ဂိုလ်တွေကို သမ္မုတိနတ်လို့ ခေါ်တယ်၊

ဘာပြုလို့ သမ္မုတိနတ်ခေါ်တုန်း ဝိုင်းပြီးတော့ သမုတ်ထားလို့၊ မဲပေးထားလို့၊ ဆန္ဒပေးထားလို့၊ မဲပေးဆန္ဒပေးထားလို့ ဝိုင်းပြီးတော့ သူ့ကို ရှင်ဘုရင်ပဲ၊ သူ့ကို သမ္မတပဲ၊ သူ့ကို ဝန်ကြီးချုပ်ပဲလို့ ဝိုင်းသမုတ်ထားလို့ဖြစ်တဲ့ နတ်မို့လို့ သမ္မုတိနတ်၊ နတ်ဆိုတာ ကိုးကွယ်စရာ အားထားစရာကို နာထ-နတ်လို့ ခေါ်တာ ဖြစ်တော့၊ ဝိုင်းပြီးတော့ သမုတ်ထားတဲ့ ရှင်ဘုရင်ကိုလည်းပဲ သမ္မုတိနတ်လို့ ခေါ်ရတယ်၊ မင်းကိုလည်းပဲ သမ္မုတိနတ်လို့ ခေါ်ရတယ်၊ ဒါ သမ္မုတိနတ်။

ဥပပတ္တိနတ်ဆိုတာကျတော့ဇာတိမျိုးနွယ်အားဖြင့် ပဋိသန္ဓေတည်နေကိန်းနေကတဲက နတ်မျိုးနတ်နွယ်မှာ ပဋိသန္ဓေ တည်နေကိန်းအောင်းပြီးတော့ မွေးဖွားလာတဲ့နတ်၊ မွေးလာကတဲက နတ်၊ နတ်သားက နတ်သမီးကမွေးလို့ နတ်ဖြစ်လာတဲ့နတ်၊ အဲဒါကျတော့ ဥပပတ္တိနတ် ခေါ်လိုက်တယ်။

ဝိသုဒ္ဓိနတ်ဆိုတာကျတော့ဘုရားပစ္စေကာ ရဟန္တာအရှင်မြတ်ကြီးတွေ ရဟန္တာမအရှင်မြတ်ကြီးတွေ၊ ဝိသုဒ္ဓိဆိုတာ-စင်ကြယ်သော၊ နာထက-ကိုးကွယ်စရာ အားထားစရာ၊ ဘုရားပစ္စေကာ အရိယာရဟန္တာအရှင်မြတ် ရဟန္တာမအရှင်မြတ်ကြီးတို့သည်၊ ထောင့်ငါးရာ ကိလေသာတို့မှ ဝေးကွာစင်ကြယ်တော်မူသောကြောင့် ဝိသုဒ္ဓိ၊ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့ရဲ့ အားကိုးအားထားစရာဖြစ်လေသောကြောင့် နာထ-နတ်၊ နှစ်ရပ်ပေါင်းလိုက်တော့ ဝိသုဒ္ဓိနတ်လို့ဆိုတာ ဘုရားကိုယ်တော်မြတ်ကြီး အဆူဆူ၊ ပစ္စေကာဗုဒ္ဓ အဆူဆူ၊ ရဟန္တာအရှင်မြတ် အဆူဆူ၊ ရဟန္တာမအရှင်မြတ် အဆူဆူကို ဝိသုဒ္ဓိနတ်လို့ ခေါ်တယ်၊ အဲ အခု ဒေဝဒူတနတ်မင်းကြီးများ စေလွှတ်ထားလိုက်တဲ့ တမန်တော်လို့ဆိုတဲ့ စကားမှာ ဘယ်နတ်မင်းကြီးများတုန်းဆိုတော့၊ အဲဒီ ဘုရားပစ္စေကာ အရိယာဖြစ်တော်မူကြတဲ့ ဝိသုဒ္ဓိနတ်ကြီးများက စေလွှတ်ထားတဲ့ တမန်တော်တွေ၊ အဲဒီ ဝိသုဒ္ဓိ နတ်မင်းကြီးတွေ စေလွှတ်ထားတဲ့ တမန်တော်ကြီး ငါးဦး ရှိကြတယ်တဲ့၊ လောကကြီးမှာ တမန်တော်ငါးဦး တမန်တော်ကြီးတွေငါးဦး ရှိကြတယ်၊ အဲဒီ နတ်တမန်တော်ကြီးတွေ ငါးဦးတို့က၊ တစ်နေရာရာမှာ ငြိမ်ပြီးတော့ ပုန်းနေကြတာမဟုတ်ဘူး၊ အောင်းနေကြတာ မဟုတ်ဘူး ကိန်းနေကြတာ မဟုတ်ပဲနဲ့၊ ယနေ့ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေရဲ့

နေထိုင်ရာဖြစ်တဲ့ မြို့တွေ ရွာတွေ နယ်ပယ်တွေထဲမှာ ထိုထိုဤဤ လှည့်လည်ကူးကာ သွားလာမပြတ် လှည့်ပတ်ပြီးတော့နေကြတယ်တဲ့၊ နတ်တမာန်တော်ကြီးတွေက ရွာတွေ ရွာကြား၊ မြို့တွေ မြို့ကြား၊ အိမ်ကြို အိမ်ကြားမကျန် လှည့်ပတ်ပြီးတော့ နေကြတယ်၊ အဲဒီလို လှည့်ပတ်ပြီးတော့ သွားနေသော်လည်းပဲ ထူးဆန်းတာက၊ အဲဒီနတ်တမန်တော်ကြီးတွေကို မမြင်ဖူးတဲ့ သူကများပြီးတော့ မြင်ဖူးတဲ့သူကနည်းပါတယ်။ အဲဒါ ထူးဆန်းတာပဲ၊ နတ်တမန်တော်ကြီးတွေကတော့ သွားလာလှည့်ပတ်ပြီးတော့ နေလိုက်ကြတာ ရွာကြို ရွာကြား အိမ်ကြို အိမ်ကြားမကျန် ရောက်တယ်၊ သို့သော်လည်းပဲ အဲဒီနတ်တမန်တော်ကြီးတွေကို မမြင်ဖူးတဲ့သူက များပြီးတော့ မြင်ဖူးတဲ့သူက နည်းပါးတယ်....။

ဒီတော့ ဘုန်းကြီးတို့ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေက ငါက နတ်တမန်တော်ကြီးတွေ မြင်ဖူးတဲ့အထဲကလား, မမြင်ဖူးတဲ့အထဲကလား ....လို့ စဉ်းစားရပေလိမ့်မယ် တစ်ချက်။ ဒါတင်မကသေးဘူးတဲ့ နတ်တမန်တော်ကြီးတွေက၊ ထိုထို ဤဤ လှည့်လည်ကူးကာ သွားလာမပြတ် လှည့်ပတ်ပြီးတော့ နေတဲ့အပြင်၊ သူတို့နဲ့တွေ့သမျှ ဆုံသမျှ ကြုံသမျှပုဂ္ဂိုလ်တို့အားလဲပဲ၊ ပြောဆိုပြည့်နှင်း တိုက်တွန်းဟစ်အော်ကြွေးကြော်ဆုံးမ တရားပြပြီးတော့ နေကြတယ်.....တဲ့၊ နတ်တမန်တော်ကြီးတွေက အသံတိတ်သွားနေတာ မဟုတ်ဘူး၊ အသံတိတ်လှည့်နေတာ မဟုတ်ဘူးတဲ့၊ သူတို့နဲ့ တွေ့လိုက်သမျှ ကြုံလိုက်သမျှ ဆုံလိုက်သမျှသူတွေကို တရားပြပြီးတော့ နေကြတယ်၊ တရားဟောပြီးတော့ နေကြတယ်။ ဟောလိုက်တာမှ တိုးတိုးတိတ်တိတ်မဟုတ်ဘူး ပြောဆိုပြည့်နှင်း တိုက်တွန်း ဟစ်အော် ကြွေးကြော်ဆုံးမ တရားပြပြီးတော့လည်း နေကြတယ်။ ဒါပေမယ်လို့ ထူးဆန်းတာက အဲဒီနတ်တမန်တော်ကြီးတွေ ဟောလိုက်ပြောလိုက် ကြွေးကြော်ဆုံးမလိုက်တဲ့ တရားသံကို မကြားဖူးတဲ့သူက များပြီးတော့၊ ကြားဖူးတဲ့သူက နည်းပါးတယ်.....တဲ့၊ အဲဒါလဲ ထူးဆန်းတာပဲ တစ်ချက်၊ ဒီတော့ ကောင်းပြီ။ ဒီတော့ ဘုန်းကြီးတို့ပရိသတ်က နတ်တမန်တော်ကြီးတွေ ရွာကြို ရွာကြား အိမ်ကြို အိမ်ကြား လှည့်ပြီးတော့ နေတယ်လို့ဆိုတယ်၊

အဲဒီနတ်တမန်တော်တွေကို မမြင်ဖူးတဲ့သူက များပြီးတော့ မြင်ဖူးတဲ့သူက နည်းပါးတယ်လို့ဆိုတယ်၊ ငါက အဲဒီနတ်တမန်တော်ကြီးတွေကို မြင်ဖူးတဲ့ လူထဲကလား, မမြင်ဖူးတဲ့လူထဲကလား....လို့ စဉ်းစားရမှာက တစ်ချက်။

ထိုနတ်တမန်ကြီး ငါးဦးတို့က ထိုထိုဤဤ လှည့်လည်ကူးကာ သွားလာနေရှုံမှုမက သူတို့က တွေ့သမျှ ကြုံသမျှ ဆုံသမျှပုဂ္ဂိုလ်တွေကို ပြောဆိုပြည့်နှင်း တိုက်တွန်း ဟစ်အော် ကြွေးကြော်ဆုံးမ တရားပြပြီးတော့ နေကြတယ်လို့ ဆိုတယ်၊ အဲဒီ ဟောလိုက်ပြောလိုက်တဲ့ တရားသံကိုလည်းပဲ မကြားဖူးတဲ့သူက များပြီးတော့ ကြားဖူးတဲ့သူက နည်းပါတယ်လို့ ဆိုတာဖြစ်တော့ ငါက ကြားဖူးတဲ့ သူထဲကလား, မကြားဖူးတဲ့သူထဲကလားလို့၊ ဒီနေ့ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတွေက စဉ်းစားရမယ်။ ကောင်းပြီ ဒါဖြင့် အဲဒီနတ်တမန်တော် ဆိုတာ ဘယ်သူတွေတုန်းလို့ဆိုတော့။

ဒေဝဒူတေဟိ-အိုနာ သေသူ သုံးလူမကြွင်း အကျဉ်းသမားကလေး အားဖြင့် ငါးပါးသောနတ်တမန်တို့သည်။ နတ်တမန်တော်ငါးပါးတို့တွင် ပထမဆုံး နတ်တမန်တော် ရှေးဦးစွာဖြစ်တဲ့ နတ်တမန်တော်ဆိုတာ ဘယ်သူတုန်းလို့ ဆိုခဲ့ရင်ဖြင့်၊ သမ္ဘတိ ဇာတော-မကြာမီကမှ မွေးဖွားချလာခဲ့သော။ ဥတ္တာနသေယျကော-ပက်လက်ကလေးထားရင် ပက်လက်ကလေးနေရ။ မှောက်ရက်ထားရင် မှောက်ရက်ကလေးနေရသော။ ထညပါယီ-အမိရဲ့နို့ရေကိုသာ အစာအာဟာရအဖြစ်ဖြင့် သောက်စို့လေ့ရှိသော။ ဒါရကော-မွေးဖွားကာစဖြစ်တဲ့။ သမ္ဘတိဇာတော-မကြာမီအခါမှာ မွေးဖွား၍ လာခဲ့သော၊ ဒါရကော-နီးနီတွေးတွေး ကလေးကလေးတဲ့။ နတ်တမန်တော်ကြီး ငါးဦးထဲမှာ ပထမဆုံးနတ်တမန်တော် ဆိုတာ ဘယ်သူတုန်းလို့ဆိုရင် မကြာမီသောကာလ၊ မကြာမှီသောလပိုင်း, ရက်ပိုင်းကမှ မွေးဖွား၍ လာခဲ့သော၊ အမိရဲ့နို့ရေကိုသာလျှင် အစာအာဟာရဖြင့် မှီဝဲလေ့ရှိသော၊ ပက်လက်ထားရင်ပက်လက်နေရသော၊ မှောက်ရက်ထားရင် မှောက်ရက်နေရတဲ့ ကလေး ကလေးတဲ့ ကလေး ကလေး။ ပထမဆုံး နတ်တမန်တော်ဆိုတာ ဘယ်သူတုန်းလို့မေးရင် ကလေး ကလေးတဲ့။

ဒီတော့ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေက ပြောလိမ့်မယ်၊ ဩော် နတ်တမန်တော်ကြီး ငါးဦးထဲမှာ ပထမဆုံး နတ်တမန်တော်က ကလေး ကလေး။ အဲဒီကလေး ကလေးသာဆိုခဲ့ရင်ဖြင့် တပည့်တော်တို့ ဒီကလေးကို ဘယ်နေရာ သွားသွား တွေ့ကြပါတယ်၊ ဘယ်နေရာရောက်ရောက် ကြုံရပါတယ်၊ မြင်ဘူးကြပါတယ်....လို့၊ ဟော ဒီလို စောဒကတက်စရာရှိတယ်၊ ဒီတော့ ကလေးဆိုတဲ့ နတ်တမန်တော်ကို မြင်ဖူးတဲ့ သူလား. မမြင်ဖူးတဲ့သူလားဆိုတဲ့ ကိစ္စမှာ၊ ကလေးဆိုတဲ့ နတ်တမန်တော်ကို မြင်တဲ့နေရာမှာ တဏှာနဲ့မြင်ခြင်း ပညာနဲ့မြင်ခြင်းလို့ မြင်ခြင်းနှစ်မျိုး ကွဲသွားတယ်။

တဏှာနဲ့မြင်ခြင်းဆိုတာ ကလေးလေးကို မြင်လိုက်တယ်ဆိုရင်ပဲ "အမလေး" ကလေးလေးက ချစ်စရာကောင်းလိုက်တာ လှလိုက်တာ ချောလိုက်တာ မျက်ခုံးကဘယ်လို. မျက်လုံးကဘယ့်နှယ်. နှာတံကဘယ်သို့ စသည်ဖြင့် ကလေးရဲ့ အဆင်းရူပါရုံကို အာရုံပြုပြီးသကာလ သာယာနှစ်သက် တွယ်တာမက်မောတဲ့ တဏှာစိတ်နဲ့ မြင်တဲ့အမြင်၊ အဲဒါက တစ်မျိုး၊ အဲဒီတဏှာစိတ်နဲ့ မြင်တဲ့အမြင်ကို ကလေးဆိုတဲ့ နတ်တမန်တော်လေးနဲ့ တွေ့နေသော်လည်းပဲ၊ တွေ့ရုံသာတွေ့နေသော်လည်းပဲ မြင်တဲ့အမြင်လို့ မခေါ်ရဘူးတဲ့၊ ဘာပြုလို့တုန်းဆိုတော့ ပညာနဲ့မြင်တဲ့အမြင် မဟုတ်လို့ ကလေး ဆိုတဲ့ နတ်တမန်တော်ကို ပညာနဲ့မြင်တဲ့ အမြင်ကြတော့ (၁) သံဝေဂ ဉာဏ်နဲ့ မြင်ခြင်း။ (၂) ဝိပဿနာဉာဏ်နဲ့ မြင်ခြင်း။ (၃) မဂ်ဖိုလ်ဉာဏ်နဲ့ မြင်ခြင်းလို့၊ မြင်ခြင်းသုံးဆင့်ရှိတယ်၊ ကလေးဆိုတဲ့ နတ်တမန်တော်ကို မြင်တယ်ဆိုတဲ့ကိစ္စမှာ နံပါတ်(၁) သံဝေဂဉာဏ်နဲ့ မြင်ခြင်း၊ သံဝေဂဉာဏ်နဲ့ မြင်တယ်ဆိုတာ ကလေးလေး သွားပြီးတော့ကြည့်ကြ၊ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ အကြောင်းအားလျော်စွာ ကိုယ့်ထဲက သားရတနာလေး ဖွားသတဲ့၊ သမီးရတနာလေး ဖွားသတဲ့လို့ဆိုရင် သွားပြီးတော့ ကြည့်ကြ၊ ကလေးမေးကြ၊ လက်ဆောင်ပဏ္ဏာ ပေးကြ၊ နှုတ်ဆက်ကြ။

အဲဒီလို နှုတ်ဆက်တယ်ဆိုရင်ပဲ ကလေးဆိုတဲ့ နတ်တမန်တော် ကလေးကိုမြင်လိုက်သည်နဲ့ တစ်ပြိုင်နက်၊ ကလေးကို မြင်လိုက်သည်နဲ့

တစ်ပြိုင်နက်၊ အချို့သော အမျိုးသား အမျိုးသမီးတို့ရဲ့ သန္တာန်မှာ၊ ငါလဲပဲ ဤကလေးလေးကဲ့သို့ ပဋိသန္ဓေတည်နေ ကိန်းအောင်းရခြင်းဆိုတဲ့ အမိဝမ်းခေါင်းမှာ ကိုးလဆယ်လတိုင်တိုင် ပဋိသန္ဓေ တည်နေကိန်းအောင်းရခြင်းဆိုတဲ့ ဒုက္ခကို ငါခံခဲ့ရပါလားလို့၊ ပဋိသန္ဓေနေရတဲ့ ဇာတိဒုက္ခကြီး ဖျတ်ကနဲ သတိရပြီးတော့၊ သံဝေဂဉာဏ်ဖြစ်သွား၊ သံဝေဂဉာဏ်ဆိုတာ ထိပ်လန့်တာ ကြောက်ရွံ့တာ၊ ပဋိသန္ဓေတည်နေ ကိန်းအောင်းရတဲ့ (၁၀)လတိုင်တိုင် အမိဝမ်းခေါင်းထဲမှာ ကျဉ်းမြောင်းမဲမိုက် အမိဝမ်းခေါင်းကြီးထဲမှာ နေခဲ့ရတဲ့ဒုက္ခကို ငါကြုံခဲ့ရပါလား.....။ ဒီကလေးလေး (၉)လ (၁၀)လ အမိဝမ်းခေါင်းထဲမှာ နေခဲ့ရသလို ငါလဲပဲ နေခဲ့ရပါလား....။

ဒီကလေးလေးနေခဲ့ရတဲ့ ဒီဇာတိဒုက္ခမျိုးကို ငါ ရှေးကလဲပဲ အကြိမ်ကြိမ် ကြုံခဲ့ရပါလား၊ နောင်လည်းပဲ ဒီအမိဝမ်းခေါင်း ပဋိသန္ဓေတည်နေ ကိန်းအောင်း ရတယ်ဆိုတဲ့ ဇာတိဒုက္ခကုန်တဲ့ ရဟန္တာ,မဖြစ်သမျှ ရဟန္တာမ မဖြစ်သမျှ၊ ဒီဒုက္ခမျိုး ငါ အကြိမ်ကြိမ် တိုးရအုန်းမှာပါလား....လို့ ဟောသလို ကလေးလေး မြင်လိုက်သည်နဲ့တစ်ပြိုင်နက် ဇာတိဒုက္ခကြီး ပြန်ပြောင်းသတိရပြီးတော့၊ အဲဒီ ဇာတိဒုက္ခကြီးကို ထိတ်လန့်ခြင်း, ကြောက်ရွံ့ခြင်း၊ ဇာတိဒုက္ခကြီးနဲ့ ကြုံရမှာကို ရွံ့ရှားခြင်း စက်ဆုပ်ခြင်း၊ ဒီဇာတိဒုက္ခအပေါ်မှာ ငြီးငွေ့ခြင်းဆိုတဲ့ သံဝေဂဉာဏ် နိဗ္ဗိန္ဒဉာဏ်၊ ဒီဇာတိဒုက္ခမျိုးမှ လွတ်မြောက်ဖို့ရာအတွက် လွတ်ချင်တဲ့စိတ်တွေ ကျွတ်ချင်တဲ့စိတ်တွေ ပေါ်ခြင်းဆိုတဲ့ မုဥ္စိတုကမျတာ ဉာဏ်၊ အဲဒီလိုအားဖြင့် သံဝေဂဉာဏ်, နိဗ္ဗိန္ဒဉာဏ်, မုဥ္စိတုကမျတာဉာဏ်ခေါ်တဲ့ ထိတ်လန့်တဲ့ဉာဏ် သံဝေဂဉာဏ်၊ ငြီးငွေ့တဲ့ဉာဏ် နိဗ္ဗိန္ဒဉာဏ်၊ လွတ်မြောက်ချင်တဲ့ ဇာတိမှ လွတ်မြောက်ချင်တဲ့ မုဥ္စိတုကမျတာဉာဏ်။ အဲဒီဉာဏ်မျိုး တစ်မျိုးမျိုး ပေါ်လာတဲ့ သူသည်သာလျှင် ကလေးဆိုတဲ့နတ်တမန်တော်ကို မြင်တဲ့သူတဲ့၊

အဲလိုမဟုတ်ပဲနဲ့ ကလေးကချောလိုက်တာ, ကလေးလေးက လှလိုက်တာ, အမလေး အမေနဲ့တူတယ်ဟဲ့၊ အဖေနဲ့တူတယ်ဟဲ့၊ နှုတ်ခမ်း ပါးလေးနဲ့ ချစ်စရာကောင်းလိုက်တာဟဲ့လို့ မြင်တဲ့သူက၊ ကလေးဆိုတဲ့ နတ်တမန်တော်ကို တွေ့ရုံသာတွေ့ပြီးတော့ မြင်တဲ့သူမဟုတ်၊ တွေ့ရုံသာ တွေ့ပြီးတော့ မမြင်တဲ့သူ၊

ပညာနဲ့မြင်တဲ့အမြင်မှ အမြင်လို့ ခေါ်တာဖြစ်တော့၊ ယွန်းက ပြောခဲ့သလိုပဲ ကလေးဆိုတဲ့နတ်တမန်တော်ကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက်၊ သံဝေဂဉာဏ်. နိဗ္ဗိန္ဒဉာဏ်. မုဥ္စိတုကမျတာဉာဏ်ဖြစ်တဲ့သူက နည်းပါးပြီးသကာလ၊ မိရိုးဖလာ အတိုင်းကလေးကို မြင်ပြီးတော့ ချစ်ခင်တဲ့ တဏှာဝင်၊ သို့မဟုတ်ရင်လည်းပဲ ကလေးလေးက အရုပ်ဆိုးနေရင်၊ ကလေးလေးက အချိုးမကျရင်ဖြင့်၊ အမလေး ကလေးလေးကလည်း အရုပ်ဆိုးလိုက်တာ၊ ကြည့်လို့လည်းမကောင်း ရှုလို့လည်း မကောင်း မုန်းစရာကောင်းလိုက်တာလို့ ဒေါသရင်လည်းဝင်၊ ချစ်ပြန်တော့ တဏှာဝင်, မုန်းပြန်တော့ ဒေါသဝင်၊ အဲဒီလိုအားဖြင့် ကိလေသာ တဏှာ လောဘ ဒေါသတို့ဖြင့် မြင်တဲ့အမြင်ကို ကလေးဆိုတဲ့နတ်တမန်တော်ကို တွေ့ရုံသာ တွေ့ပြီးတော့ မမြင်တဲ့သူတဲ့၊

ဒါဖြင့် ကလေးဆိုတဲ့နတ်တမန်တော်ကို မြင်တဲ့သူဆိုတာ ဘယ်လိုတုန်း ဆိုရင် (၁) သံဝေဂဉာဏ်နဲ့ မြင်ခြင်း၊ ဇာတိဒုက္ခကြီးကို ထိတ်လန့်ကြောက်ရွံ့ ပြီးတော့၊ ငါလည်းပဲ ဒီကလေးလေးလို ပဋိသန္ဓေတည်နေ ကိန်းအောင်းရတဲ့ ဒုက္ခကြီး၊ ကိုးလ ဆယ်လ အမိဝမ်းခေါင်းအောင်းရတဲ့ ဒုက္ခကြီး ငါ ကြုံခဲ့ရ ပါလားလို့ ထိတ်လန့် သွားတဲ့ဉာဏ်၊ အဲဒီ ဇာတိဒုက္ခတွေကို ငြီးငွေ့တဲ့ နိဗ္ဗိန္ဒဉာဏ်၊ အဲဒီ ဒုက္ခတွေမှ လွတ်ချင်ကျွတ်ချင် လွတ်မြောက်ချင်တဲ့ မုဥ္စိတုကမျတာ ဉာဏ်ခေါ်တဲ့ ဒီဉာဏ်သုံးတန် တစ်တန်တန်ဖြစ်တဲ့သူကိုမှ ကလေးဆိုတဲ့ နတ်တမန် တော်ကို မြင်တဲ့သူ၊ ဒါတင်မကသေးဘူး ကလေးဆိုတဲ့ နတ်တမန်တော်လေးက ပြောတဲ့စကားကို ကြားတဲ့သူ မကြားတဲ့သူလို့ ရှိသေးတယ်၊ ဒီတော့ ကလေးဆိုတဲ့ နတ်တမန်တော်ကလေးက ဘာပြောလိုက်တုန်း သူ့ကိုလာပြီးတော့ ကြည့်တဲ့သူ တွေ မှန်သမျှကို ကလေးဆိုတဲ့နတ်တမန်တော်လေးက စကားမပြော သော်လည်းပဲ တရားသဘောနဲ့ ပြောပြီးတော့နေတာက

**"များစွာခပင်း. လူကြီးမင်းတို့. ဖျင်းငယ်သေးနုပ်. အကျွန်ုပ်ကို. ပြယုဂ်ပမာ. ကြည့်ကြပါတော့၊ ကျွန်ုပ်မှာလည်း. သင်တို့နည်းပင်. ကိုင်မှီး စရာ. အင်္ဂါ ခြေလက်. ရှိကုန်လျှက်နှင့်. ပက်လက် စောင်းယိုင်မထနိုင်ခဲ့"**

ကလေးဆိုတဲ့ နတ်တမန်တော်လေးက သူ့ကိုလာကြည့်တဲ့သူတွေကို သူက စကားမပြောပေမဲ့ သူက တရားသဘောနဲ့ ပြောနေတယ်တဲ့၊ ပြောနေတယ်။ ဘယ်လိုပြောတုန်းဆိုတော့ "များစွာခပင်း လူကြီးမင်းတို့ ဖျင်းငယ်သေးနုပ် အကျွန်ုပ်ကို ပြယုဂ်ပမာ ကြည့်ကြပါလော"။ လူကြီးမင်းတို့ ကျုပ်ကို လာပြီးတော့ ကြည့်ကြတဲ့ လူကြီးမင်းတို့၊ ကျုပ်ကို စံနမူနာထားပြီးတော့ ကြည့်ကြစမ်းပါ၊ ကျုပ်ကို ကြည့်ပြီးတော့ သာယာမနေကြနဲ့ ကျုပ်ကိုကြည့်ပြီးတော့ မက်မောမနေကြနဲ့၊ ချောလိုက်တာ လှလိုက်တာဆိုတဲ့ တဏှာစာတ်တွေ ဖြစ်မနေကြနဲ့၊ မုန်းစရာကောင်းလိုက်တာဆိုတဲ့ ဒေါသတွေ ဝင်မနေကြပါနဲ့၊ ကျုပ်ကို ကြည့်ပြီးတော့ သံဝေဂဉာဏ်ဖြစ်အောင် သတိရှိကြပါ၊ ကျုပ်ရဲ့ဒုက္ခ မသေးဘူးတဲ့ မသေးဘူး။ "ဖျင်းငယ်သေးနုပ် အကျွန်ုပ်ကို ပြယုတ်ပမာ ကြည့်ကြပါတော့၊ ကျွန်ုပ်မှာလည်း သင်တို့နည်းပင် ကိုင်မိုးစရာ အင်္ဂါခြေလက် ရှိကုန်လျှက်နဲ့"၊ လူကြီးမင်းတို့.....တဲ့၊ ကျုပ်မှာလည်းပဲ အသင်လူကြီးမင်းတို့လို လက်နှစ်ဖက် ခြေနှစ်ဖက်ပါ,ပါရဲ့၊ လက်နှစ်ဖက် ခြေနှစ်ဖက် ပါပေမယ်လို့ လက်နှစ်ဖက် ခြေနှစ်ဖက်ကလေ လူကြီးမင်းတို့လို သွားချင်ရာလည်း မသွားနိုင်၊ ကျုပ် အိပ်ယာထဲကနေပြီးတော့ ထချင်လို့မှ မထနိုင်၊ ဟိုဘက် ဒီဘက် ကျောပူလို့မို့ ဟိုဘက် ဒီဘက် စောင်းချင် လှန်ချင်လို့မှလည်း မစောင်းနိုင် မလှန်နိုင်၊ ကျုပ် ဖြစ်ချင်တာမှန်သမျှကို ငိုပြရပါတယ်.....လို့။

**"များစွာခပင်း. လူကြီး မင်းတို့. ဖျင်းငယ်သေးနုပ်. အကျွန်ုပ်ကို. ပြယုဂ်ပမာ. ကြည့်ကြပါတော့၊ ကျွန်ုပ်မှာလည်း. သင်တို့နည်းပင်. ကိုင်မိုးစရာ. အင်္ဂါခြေလက်. ရှိကုန်လျှက်နှင့်. ပက်လက်စောင်းယိုင်. မထနိုင်ခဲ့၊ ပြွမ်းဆိုင်ကျင်ကြီး. တသီးကျင်ငယ်. ရွှံသဖွယ်ကို. လွှဲဖယ်သုတ်သင်. ရေလျှင်တစ်မျိုး. ချိုး၍ပေးပါ. ဆေးပေးပါဟု. နှုတ်လျှာထင်ရှား. ရှိပါငြားလည်း. ပြောကြားမပိုင်. မဆိုနိုင်ခဲ့"။**

လူကြီးမင်းတို့.....ကျုပ်မှာလေ ကျင်ကြီးတွေပေ ကျင်ငယ်တွေပေနေလို့ အမေရေ....ကျုပ်ရဲ့ ကျင်ကြီး ကျင်ငယ်တွေကို ဆေးပေးကြောပေးပါအုန်း၊ ဆောင်းအခါကြီး ချမ်းလွန်းလို့၊ အေးလွန်းလို့၊ ကျင်ကြီးကျင်ငယ်တွေ

ဆေးကြောပြီးတော့ အနီးလေးနဲ့ လဲပေးပါအုန်း၊ ကျုပ်ပြောချင်ပါလျက်ကယ်နဲ့ ပါးစပ်ထဲမှာ လျှာရှိပါလျက်ကယ်နဲ့ ကျုပ်မပြောနိုင်ဘူးတဲ့၊ "နူတ်လျှာထင်ရှား ရှိပါငြားလည်း ပြောကြားမပိုင် မဆိုနိုင်ခဲ့" အဲလို မပြောနိုင်တော့ ဘာလုပ်ရတုန်း **"ငိုမှိုင်မစဲ. ထိုသည့်ထဲတွင်. လူးလဲအိပ်ခါ နေရပါ၏"** ကျုပ်ပြောချင် တာတွေမှန်သမျှ၊ အလိုမကျတာတွေမှန်သမျှ ငိုပြနေရပါတယ် ....တဲ့။

ကလေးလေးက သူပြောချင်တာတွေမှန်သမျှ မပြောနိုင်တော့ ငိုငို ပြီးတော့ ပြရှာတယ်၊ အူဝဲ အူဝဲလို့ငိုပြ၊ ဟီး ဟီး ဟား ဟားနဲ့ ငိုပြီးတော့ ပြရတယ်။ ငိုရတယ်ဆိုတာ ဒုက္ခတစ်မျိုး၊ ငိုရတယ်ဆိုတာ ဒုက္ခသစ္စာ၊ ငိုရတယ်ဆိုတာ ချမ်းသာ၍ ငိုရတာမဟုတ် ဆင်းရဲ၍ ငိုရပါတယ်။ ပရိသတ်ကြီး ငိုရတာ ချမ်းသာလို့ငိုတာလား ဆင်းရဲလို့ ငိုတာလား? ဆင်းရဲလို့ ငိုတာပါဘုရား။ ငိုရတယ်ဆိုတဲ့သဘောတရားသည် ချမ်းသာတဲ့ သဘောတရားလား ဆင်းရဲတဲ့ သဘောတရားလား? ဆင်းရဲတဲ့ သဘောတရားပါဘုရား။ ဒါဖြင့် ကလေးလေးက အူဝဲ အူဝဲနဲ့ ငိုပြနေတာ အလိုမကျသမျှ ငိုပြနေရပါတယ်လို့ဆိုတော့ ကလေးလေး ငိုနေတဲ့သဘောက ဒုက္ခသစ္စာသဘောလား သုခသစ္စာ သဘောလား? ဒုက္ခသစ္စာ သဘောပါဘုရား။ ကလေးလာကြည့်တဲ့ သူတွေက ကလေးက အဲဒီလို ငိုပြနေပေမယ်လို့ သူက ဉာဏ်ထဲမှာ စိတ်မရောက် ဉာဏ်နားမပေါက် သံဝေဂဉာဏ်ထဲမှာ စိတ်မရောက် တရားသဘောထဲမှာ စိတ်မရောက်လေ သောကြောင့် ကလေးလေးက ချော့တယ်ဟဲ့လို့ လှတယ်ဟဲ့လို့ တဏှာဘက် ယိုင်လိုက်၊မုန်းစရာကောင်းလိုက်တာ ချစ်စရာမကောင်းဘူး မုန်းစရာကောင်းလိုက် တာလို့ ဒေါသဘက်ယိုင်လိုက်ရင် ကိလေသာဘက်ကို ယိုင်ကြတယ်၊ကလေး လေးက ပြောတဲ့စကားကို ဉာဏ်နားဖြင့်မကြားဘဲ ရှိနေကြလေသောကြောင့်၊ ကလေးလေးပြောတဲ့စကားမှန်သမျှကို မကြားတဲ့သူက များပြီးတော့ ကြားတဲ့သူက နည်းပါးတယ် ....တဲ့၊

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ ကလေးလေးတွေ သွားသွား ပြီးတော့ ဟိုဟိုဒီဒီ ကလေးမေးဆိုပြီးတော့ မသွားကြဘူးလား? သွားကြပါတယ် ဘုရား။ အဲဒီလိုသွားတဲ့ လူအုပ်ကြီးထဲမှာ ကလေးကိုမြင်ပြီးတော့ ဇာတိဒုက္ခကြီး

ပေါ်မှာ ထိတ်လန့်သံဝေဂဉာဏ်၊ ဇာတိဒုက္ခကြီးပေါ်မှာ ငြီးငွေ့တဲ့ နိဗ္ဗိန္ဒာဉာဏ်၊ ဇာတိဒုက္ခမှ လွတ်ချင်ကျွတ်ချင်တဲ့ မုဉ္စိတုကမျတာဉာဏ်ခေါ်တဲ့ ဉာဏ်ဖြစ်တဲ့သူက မနည်းဘူးလား? နည်းပါဘုရား။ ဒါဖြင့် ကလေးဆိုတဲ့နတ်တမန်တော်သည် ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေရဲ့ ရွာတွေထဲ၊ ရပ်တွေထဲ၊ ဟိုနားဒီနား ဟိုအိမ်ဒီအိမ်မှာ ကလေးဆိုတဲ့ နတ်တမန်တော် မရှိဘူးလား? ရှိပါဘုရား။ အဲဒါ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ကလေးဆိုတဲ့နတ်တမန်တော်ဟာ ရွာကြီးရွာကြား အိမ်ကြီးအိမ်ကြားတွေမှာ လှည့်ပတ်ပြီးတော့ သွားနေတယ်-လို့ ပရိယာယ်နဲ့ တင်စားပြီးတော့ ဟောတော်မူတဲ့အပြင်၊ အဲဒီကလေးဆိုတဲ့ နတ်တမန်တော်က သူနဲ့တွေ့သမျှသူတွေကို တရားပြပြီးတော့နေတယ်၊ သံဝေဂဉာဏ် နိဗ္ဗိန္ဒာဉာဏ် မုဉ္စိတုကမျတာဉာဏ် ပေါ်လာအောင် ဟောပြောဆုံးမပြီးတော့နေပေမယ်လို့ ကလေးဆိုတဲ့ နတ်တမန်တော်ကို တွေ့ရှုံသာတွေ့ပြီးတော့ သံဝေဂဉာဏ်မဖြစ်တဲ့ သူတွေက များကြတယ်....လို့၊ အဲဒါလေးကိုသိအောင် ပရိသတ်ကြီး လိုက်ဆိုလိုက်စမ်းပါ-

❖ **ကလေးလေးက၊ မြတ်ဓမ္မ၊ ဟောပြတွေ့တိုင်းသာ၊**
**ကျွန်ပ်လိုပဲ၊ သင်တို့လဲ၊ ဖြစ်မြဲဓမ္မတာ၊**
**ဇာတိလွတ်ရေး၊ မျှော်ထောက်တွေး၊ မနေးကျင့်ကြပါ။**

ကိုးလဆယ်လတိုင်တိုင် ကျဉ်းမြောင်းမဲမိုက် အမိဝမ်းတိုက်ထဲမှာ နေခဲ့ရတဲ့ ဇာတိဒုက္ခကြီးလည်းပဲ ကြုံခဲ့ရပါလား၊ နောင်လည်းပဲ ရဟန္တာမဖြစ်သမျှ ရဟန္တာမ. မဖြစ်သမျှ ဒီဒုက္ခမျိုး ငါ ကြုံရအုန်းမှာပါလား၊ ရှေးရှေးဘဝတွေတုန်းကလည်း ဒီဇာတိဒုက္ခမျိုး အကြိမ်ကြိမ် ငါ ကြုံခဲ့ရပါလားလို့၊ ဒီလို ထိတ်လန့်သွားတဲ့ သံဝေဂဉာဏ် ပေါ်တဲ့သူက မရှားဘူးလား? ရှားပါတယ်ဘုရား။ ယနေ့ ဘုန်းကြီးတို့ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေ သံဝေဂဉာဏ် ဖြစ်ပွားပြီးသကာလ၊ နိဗ္ဗိန္ဒာဉာဏ် မုဉ္စိတုကမျတာဉာဏ် ဖြစ်ပွားတဲ့သူက နည်းပါတယ်လို့ဆိုတဲ့အတိုင်း၊ ဉာဏ်ဖြစ်တဲ့သူက နည်းပါးပြီးတော့၊ ခုနက ပြောခဲ့သလို ချစ်စရာ ခင်စရာ အနေနဲ့သော်၎င်း၊ မုန်းစရာအနေနဲ့သော်၎င်း၊ ကိလေသာဝင်ပြီးသကာလ ချစ်ခင်ခြင်း မုန်းချင်းဆိုတဲ့ ဒီတရားနှစ်ပါးသာလျှင် ဖြစ်ပွားပြီးတော့ နေကြတာမို့လို့

ကလေးဆိုတဲ့ နတ်တမန်တော်က ပြောလိုက်တဲ့ တရားသံကို မကြားတဲ့သူက များတယ်လို့ဆိုတာ မမှန်ဘူးလား? မှန်ပါဘုရား။

ဟော ကလေးက အူဝဲ အူဝဲနဲ့ ငိုပြနေတာ တရားဟောနေတာ၊ အူဝဲ အူဝဲနဲ့ ငိုနေတာ ပရိသတ် ဘာလုပ်နေတာတဲ့တုန်း? တရားဟောနေတာပါ ဘုရား။ ကျုပ်ငိုနေရတာ အလိုမကျလို့ ငိုနေရတာ လူကြီးမင်းတို့ ..... သင်တို့ လည်းပဲ ကျွန်ုပ်လိုပဲ ကျွန်ုပ်အရွယ်တုန်းက ငိုခဲ့ကြရပါတယ်၊ ကျင်ကြီး ကျင်ငယ်တွေပေနေလို့ အလိုမကျလို့ ငိုပြရတယ်၊ လူးလဲပြီးတော့ ထချင်နေတာ မထနိုင်လို့ ငိုပြရတယ်၊ အဲဒီ ငိုရတဲ့ဒုက္ခတွေ သင်တို့လည်း ကြုံခဲ့ရပါတယ်၊ နောင်လည်းပဲ ရဟန္တာမဖြစ်သမျှ ရဟန္တာမ,မဖြစ်သမျှ ကြုံကြရပါအုန်းမယ်၊ ဒီဇာတိဒုက္ခကြီး လွတ်မြောက်ရေးအတွက် ဒါန သီလ သမထ ဝိပဿနာ လေးဖြာသော ကောင်းမှုကို ပြုကြပါလေ....လို့။ ပါးစပ်က မပြောသော်လည်း ဓမ္မသဘောနဲ့ ပြောပါတယ်၊ ပါးစပ်ကတော့ ကလေးလေးက အဲဒီလို ထုတ်မပြော ဘူးတဲ့ သို့သော် ဓမ္မသဘောနဲ့ ပြောပါတယ်၊ ဓမ္မသဘောနဲ့တော့ ပရိသတ် မပြောဘူးလား? ပြောပါတယ်အရှင်ဘုရား။ အဲဒီ ပြောတဲ့စကားကို မကြားတဲ့သူက များတယ်၊ ကြားတဲ့သူက နည်းပါးတယ်၊ မကြားတဲ့သူက ဘာတဲ့တုန်း? များတယ်၊ ကြားတဲ့သူက နည်းပါးတယ်၊ ဆို–

❖ **ကလေးလေးက, မြတ်ဓမ္မ, ဟောပြတွေ့တိုင်းသာ၊**
**ကျွန်ုပ်လိုပဲ, သင်တို့လဲ, ဖြစ်မြဲဓမ္မတာ၊**
**ဇာတိလွတ်ရေး, မျှော်ထောက်တွေး, မနေးကျင့်ကြပါ။**

ဒီတော့ ကလေးဆိုတဲ့ နတ်တမန်တော်တင်လားလို့ဆိုတော့၊ ဘယ်က မတုန်းတဲ့ ဒုတိယ နတ်တမန်တော်က သူအိုကြီး၊ **အသီတိကဝါ နဝုတိကဝါ–** အသက်ရှစ်ဆယ်ရှိနေပြီလည်းဖြစ်သော အသက်ကိုးဆယ်ရှိနေပြီလည်းဖြစ်သော၊ **ပဝေဓမာနံ ဂစ္ဆန္တံ**–တုံတုံနိုက်နိုက် သွား၍နေရသော။ **ဝင်္ကသိရံ**–အသားအရေ တွေ ပိန်ချပ်ပြီးသကာလ, နံရိုးကိုင်းကိုင်း အပြိုင်းပြိုင်းထ၍နေသော၊ မျက်စိ တွေလဲမှုံ နားတွေလည်း ထိုင်း၊ ခါးတွေလည်း ကိုင်းပြီးတော့၊ သွားစရာလာစရာ

ရှိသမျှ ဟိုတုံခိုက်ခိုက်နဲ့ သွားနေရတဲ့ အသက်ရှစ်ဆယ်ကျော် ကိုးဆယ်ကျော်ဖြစ်တဲ့ သူအိုကြီးကလည်းပဲ၊ ယနေ့ ဒကာ–ဒကာမတွေကို သူ့ကိုသွားပြီးတော့ မြင်လိုက်တိုင်း မြင်လိုက်တိုင်း အမောင်တို့....။ ရှေးတုန်းက ကျုပ် အမောင်တို့လိုပဲ လက်ရုံးအား နှလုံးအားတွေ သန်မာထက်မြက်စွာနဲ့ ကျုပ်ရဲ့ခန္ဓာကိုယ်သည် ကျုပ်ရဲ့အလိုသို့ မလိုက်ပါပဲနဲ့ ဇရာသဘောကြီးကြောင့် အိုမင်းမစွမ်းဖြစ်ပြီးတော့ နေရပြီမောင်တို့....၊ သင်တို့လည်းပဲ ကျုပ်လို တစ်နေ့ အိုကြရပါအုန်းမယ်၊ ကျုပ်လို သင်တို့လည်းပဲ မသန်မစွမ်းတွေ ဖြစ်ကြရပါအုန်းမယ်၊ အရှေ့ရယ်လို့ လှမ်းလိုက်သော်လည်း အနောက်ကို ခြေထောက်ရမ်းပြီးတော့သွားတဲ့ အဖြစ်မျိုးနဲ့ ကြုံကြရပါအုန်းမယ်၊ မြင်ချင်တာတွေ ပြည့်ပြည့်စုံစုံ မမြင်ရလို့ ဆင်းရဲတဲ့ ဒုက္ခ၊ စားချင်တာတွေ မစားရလို့ဖြစ်တဲ့ မစားနိုင်လို့ဖြစ်တဲ့ဒုက္ခ၊ အိပ်ချင်သလို မအိပ်နိုင်ဖြစ်တဲ့ ဒုက္ခတွေမှစပြီးတော့ အိုသူတို့ရဲ့ဖြစ်မြဲဓမ္မတာ ဇရာဒုက္ခ အမောင်တို့ ကြုံကြရပါအုန်းမယ်....လို့၊ သူအိုကြီးကို မြင်လိုက်ရင် သူအိုကြီးက တရားသဘောနဲ့ ပြောပြီးတော့နေပါတယ်၊ ပါးစပ်က မပြောသော်လည်း ဓမ္မသဘောနဲ့ ပြောပြီးတော့နေပါတယ်၊ ဒါ့ကြောင့် ဆိုလိုက်စမ်းပါ–

❖ **သူအိုကြီးက. မြတ်ဓမ္မ. ဟောပြတွေ.တိုင်းသာ၊**
**ငါအိုသလိုပဲ. သင်တို့လဲ. အိုမြဲဓမ္မတာ၊**
**မအိုခင်က. ကုသလ. ပြုကြဖန်ခါခါ၊**
**အိုဘေးလွတ်ရေး. မျှော်ထောက်တွေး. မနေးကျင့်ကြပါ။**

ဟော သူအိုကြီးတွေသွားပြီး အဘိုးကြီးတွေ အဖွားကြီးတွေ သူအိုကြီးတွေ မြင်ပြီဆိုရင် တွေ့ပြီဆိုရင်၊ အဲဒီသူအိုကြီးတွေက စကား ပါးစပ်က မပြောသော် လည်းပဲ ဓမ္မသဘောနဲ့ အမောင်တို့ ကျုပ်တို့လိုပဲ သင်တို့လည်း အိုကြလိမ့် အုန်းမယ်၊ မအိုခင်က ကောင်းမှုကုသိုလ်တွေကို ကြိုးစားပြီးတော့ပြုကြ ....လို့၊ မတိုက်တွန်းသော်လည်း တိုက်တွန်းသကဲ့သို့ နေပါတယ်၊ သို့သော် ထိုသူအိုကြီး ပြောလိုက်တဲ့ စကားကို မကြားတဲ့သူက များတယ်၊ ကြားတဲ့သူက နည်းပါးတယ်၊ မကြားတဲ့သူက များတယ်၊ ပရိသတ် ဘာကများတာတဲ့တုန်း? မကြားတဲ့သူက များတာပါဘုရား။ ကြားတဲ့သူက နည်းပါတယ်၊ ကြားတဲ့သူက ဘာတဲ့တုန်း?

နည်းပါးပါတယ်ဘုရား။ ကြားလိုက်ပြီဆိုပြန်တော့လည်း ကြားတတ်လို့ ကြားလိုက်တော့လည်း အဲဒီသူအိုကြီးကိုမြင်ပြီး သံဝေဂဉာဏ် နိဗ္ဗိန္ဒာဉာဏ်တွေ ထင်ပြီးတော့ ပြေးလိုက်တာ၊ (၃၁) ဘုံသံသရာဝဋ်က ကျွတ်လွတ်သွားတဲ့ ပုဂ္ဂိုလ်ထူးလေး (၇) နှစ်သားနဲ့ ကျွတ်လွတ်သွားတဲ့ ပုဂ္ဂိုလ်ထူးလေး ပြောရရင် ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးရဲ့ ညီထွေးလေး ရေဝတ၊ အရှင်သာရိပုတ္တရာ ပညာအရာမှာ တေဒဂ်ရတော်မူတဲ့ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးရဲ့ ညီအထွေးဆုံးလေး ရေဝတ၊ သူအိုကြီးက တရားပြလိုက်လို့ ပြေးလိုက်တာ ရဟန္တာဖြစ်ပြီး အိုနာသေရေး ဒုက္ခဘေးက ကျွတ်လွတ်တော်မူသွားတယ်။

ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ အားလုံးသိနေတဲ့ လက်ျာရံ ရှင်သာရိပုတ္တရာမှာ ညီကိုမောင်နှမ (၇) ယောက်ရှိတာ၊ နှမတွေက (၃) ယောက်တောင်ရှိတာ၊ အဲ ညီအကိုကလည်းပဲ (၄) ယောက်ရှိ၊ အဲဒါ အကုန်လုံး ရဟန်းဘောင်ရောက်ကုန်ကြ၊ ညီထွေးလေးတစ်ယောက်ပဲ ကျန်တော့တယ်၊ အရှင်သာရိပုတ္တရာကသာ ညီကိုမောင်နှမတွေ ကျွတ်အောင် ဒီလိုချွတ်နေတာ၊ သူ့အမေကြတော့ ဖြဟ္မဏ ဟိန္ဒူ ဖြဟ္မဏဝါဒယူပြီးတော့ ဗုဒ္ဓဘာသာကို မယူဘူး၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိကို မဆိုနိုင်ဘူးဖြစ်နေ။

ဒါနဲ့ ညီထွေးလေးတစ်ယောက်ကျန်တော့တယ်-ဆိုပြီး အရှင်သာရိပုတ္တရာကလည်း သာသနာမှာ ကြေငြာထားတယ်၊ ငါ့ရှင်တို့ ငါ့မှာ ညီလေးတစ်ယောက်ကျန်သေးတယ်၊ သာသနာဘောင် မရောက်လာသေးတာ ညီလေးတစ်ယောက် ကျန်တော့တယ်၊ အဲဒီ ညီလေးများ ရောက်လာလို့ရှိရင် ရှင်ပြုချင်တယ်လို့များ ပြောရင် ငါသည်ပင်လျှင် အမေ၊ ငါသည်ပင်လျှင် အဖေဖြစ်ပါတယ်၊ ငါ့ရဲ့ မိခင်ကြီးက ဗုဒ္ဓဘာသာမဟုတ်လို့၊ မိခင်ကြီးရဲ့ ခွင့်ပြုချက် ကျေနပ်ချက် သဘောတူချက်ယူဖို့ မလိုပါဘူး၊ ရှင်ပြုပေးလိုက်ကြပါလို့၊ ကြေငြာထားတယ် တစ်သာသနာတော်လုံး၊ အဲဒါ မိခင်ကြီးကလည်းပဲ အရှင်သာရိပုတ္တရာ သားကြီး အရှင်သာရိပုတ္တရာအပေါ်မှာ မကျေနပ်ဘူး၊ သူ့အဖေ ကွယ်လွန်သွားတဲ့နောက် သူက သားကြီးဖြစ်ရက်သားနဲ့ သူကဦးဆောင်ပြီးတော့ အိမ်မှာ ငါမုဆိုးမကြီးနဲ့ ညီကိုမောင်နှမတွေကို သူကဦးဆောင်ပြီးတော့ လုပ်ကျွေးရမှာ မလုပ်ကျွေးပါပဲနဲ့

ဂေါ်တမနောက် လိုက်သွားတယ်၊ ဂေါတမတရား နှစ်ခြိုက်တယ်ဆိုပြီးတော့ ရဟန်းပြု သွားတယ်၊ ငါ့ကိုလည်း စွန့်သွားတယ် သူ့ညီ သူ့နှမတွေကိုလည်း ပြစ်ထားခဲ့တယ်ဆိုပြီးတော့ အမေကြီးကလည်း ရှင်သာရိပုတ္တရာ အပေါ်ကို မကျေနပ်၊

အဲဒီလိုနဲ့ အရှင်သာရိပုတ္တရာအပေါ် မကျေနပ်နေတော့ သူ့သားလေး သားထွေးလေး ငယ်ငယ်လေးနဲ့ အိမ်ထောင်ချမှပဲဆိုပြီးတော့ သူတို့နဲ့ ပစ္စည်းတူ ဂုဏ်ရည်တူ အရွယ်တူ အရပ်တူ သူတို့ရွာမှ သူတို့မြို့မှတစ်ပါးသော ရွာမှာရှိတဲ့ သူဌေးသမီးလေးနဲ့ ပေးစားမယ်ဆိုပြီးတော့ သွားပြီးတော့ မင်္ဂလာလက်ထပ်ပွဲကြီး သွားကျင်းပ၊ မင်္ဂလာလက်ထပ်ပွဲကြီး သွားကျင်းပတော့ လှည်းတွေနဲ့ သွားရတာ၊ ရှေးခေတ်ကတော့ လှည်းခေတ်ဆိုတော့ လှည်းတွေနဲ့သွား၊ သွားပြီးတော့၊ ဟိုကြတော့ ကျွေးမွေးညှော်ခံပြီးတော့ (၇) နှစ်သားနဲ့ (၇) နှစ်သမီးလေး လက်ထပ် မင်္ဂလာပွဲကျင်းပတော့၊ အဖွားကြီးတစ်ယောက်က အကန်တော့ခံတဲ့အထဲမှာ ပါတယ်၊

အသက် (၁၂၀) ရှိပြီ အသက် (၁၂၀) ရှိတဲ့ အဘွားကြီးက သားနဲ့သမီး သတိုးသားနဲ့သတိုးသမီး ကန်တော့လိုက်တော့ ကျမ္မာကြပါစေ ချမ်းသာကြပါစေ၊ အသက်ရှည်ကြပါစေ၊ အဖွားကဲ့သို့ အသက် (၁၂၀) ရှည်ကြပါစေ–လို့ ဆုပေးတော့၊ ရေဝတ သတိုးသားလေးက မော့ကြည့်တယ်၊ အဖွားကြီးကို မော့ကြည့်လိုက်....တော့၊ အဘွားကြီးက ပါးချောင်ကြီးကလည်း ကျ၊ နဖူးကြီး ကလည်း ပိန်၊ သွားတွေကလည်းမရှိ၊ မျက်စိတွေကလည်း မွဲ၊ ခါးကြီးကလည်း ကိုင်းပြီးတော့၊ ဆံပင်တွေကလည်း ဖြူစွတ်ပြီးတော့ အိုချင်းကြီးမက အိုမင်း နေတဲ့ရုပ်ကို မြင်လိုက်ရက၊ အသက် (၁၂၀) ရှည်ပါစေလို့ ဆုပေးနေပါပေ့လား၊ အသက် (၁၂၀) ရှည်ပါစေဆိုတာ ငါကဲ့သို့ အိုပါစေလို့ ပြောတဲ့စကားနဲ့ မခြားပါလား....လို့၊ သူ့အိုမကြီး မြင်ပြီးတော့ အမလေး ငါလဲပဲ တစ်ချိန် ဒီလိုအိုရအုန်းမှာပါလား၊ ငါနဲ့လက်ထပ်တဲ့ ငါ့ရဲ့ဇနီးလေးလဲပဲ ဒီလိုပဲ အိုမင်းမစွမ်း ဖြစ်ရအုန်းမှာပါလား....လို့၊ အိုခြင်းတရားရဲ့ အပေါ်မှာ ထိတ်လန့်တဲ့ သံဝေဂ ဉာဏ်တွေ ပြင်းစွာဖြစ်၊ ဒီအိုခြင်းဒုက္ခမှ လွတ်မြောက်ချင်တဲ့ မုဥ္စိတုကမျတာ

ဉာဏ်တွေ ပြင်းစွာဖြစ်ပြီးတော့၊ ငါ့ရဲ့နောင်တော်ဖြစ်တဲ့ အရှင်သာရိပုတ္တရာ့ရဲ့ ညီအစ်ကိုတွေဖြစ်တဲ့ စုန္ဒတို့ အရှင်ဥပသေနတို့၊ အမတွေဖြစ်တဲ့ စာလာ၊ ဥပစာလာတို့ အစ်ကိုတော်တွေ၊ အစ်မတော်တွေက ဒီဘေးဒုက္ခတွေ မြင်လို့ ရဟန်းဘောင်ဘဝ တက်ပြီးတော့ အလွတ်ရုန်းတော်မူကြတာပဲ ....လို့၊ သံဝေဂ ဉာဏ်တွေ ပြင်းစွာဖြစ်ပွားပြီးတော့၊ ရဟန်းပြုချင်စိတ်တွေ တဖွားဖွားပေါ်လာတယ်၊

အဲဒါနဲ့ မင်္ဂလာလက်ထပ်ပွဲ ပြီးပြီဆိုပြီးတော့ အချိန်ကျတော့ အိမ်ပြန်ကြ အချိန်တန်တော့ အိမ်ပြန်ကြ၊ လှည်းတွေနဲ့ ပြန်လာတော့ သူက လမ်းမှာ ထွက်ပြေးဖို့ကြံတယ်၊ ထွက်ပြေးဖို့ ကြံတဲ့အတိုင်း ဟန်ဆောင်ရတယ်ပေါ့လေ လမ်းမှာ ဓာတ်ပျက်လို့ ဆိုပြီးတော့ အမေ ကျွန်တော် လှည်းပေါ်က ခဏ ဆင်းအုန်းမယ် နောက်ဖေး နောက်ပြင်သွားချင်လို့၊ အမေကြီးကမယုံဘူး တော်ကြာထွက်ပြေးမှာစိုးလို့ သူ့အစ်ကိုတွေဆီ လိုက်သွားမှာစိုးလို့၊ စောင့်ပြီး ခေါ်တယ်၊ တော်တော်လေးကြာတော့ သူက ချုံကြားက နောက်ဖေး သွားတဲ့ ဟန်နဲ့ ထွက်လာ၊ လှည်းပေါ်ပြန်တက်၊ မောင်းကြပြန် တော်တော်လေး ရောက်တော့ အမေ ကျွန်တော် ဗိုက်နာနေလို့ပါ ခဏဆင်းပါအုန်းမယ်ဆိုပြီးတော့ ဆင်းပြန်၊ မယုံသေးဘူး လှည်းတွေ ရပ်ပြီးတော့စောင့်၊ နောက်တစ်ခါ တတိယအကြိမ် စတုတ္ထအကြိမ် ဒီလိုပဲ ခဏခဏဆင်းတော့၊ အမေကြီးက အင်း သူ ဗိုက်အဟုတ် နာလို့နေမှာပဲ ကဲ သွားကြပါ လှည်းမောင်းနှင့်ကြပါ၊ ကျွန်တော်လိုက်လာခဲ့ပါ့မယ်လို့ လိမ်ညာပြောလိုက်ပြီးတော့၊ အမေရော အဖော် တွေရော လှည်းတွေ ပြတ်သွားတယ်ဆိုရင်ပဲ တစ်ခါတည်း တောစပ်ကို ဝင်ပြေးပြီးတော့၊ သူ့အစ်ကိုကြီး ရှင်သာရိပုတ္တရာတို့ရှိမည့် အရပ်ဆီ ရည်မှန်း ပြီးတော့၊ ဦးတန်းပြီးတော့ ပြေးခဲ့တယ်၊

အဲဒီလို ပြေးလာပြီးတော့ တောရဆောက်တည်နေတဲ့ ရဟန်းတော် အရှင်မြတ်တွေထံ ဝင်ပြီးတော့၊ တပည့်တော် အရှင်သာရိပုတ္တရာရဲ့ညီ ဖြစ်ပါတယ်၊ ရှင်ပြုပေးတော်မူကြပါလို့၊ တောင်းပန်ပြီးတော့ ရဟန်းပြုပြီးတော့ တောရ ဆောက်တည်ပြီးတော့ ရဟန်းတရား ဘာဝနာအလုပ်လုပ်လိုက်တာ ရဟန္တာ ဖြစ်တော်မူသွားတယ်....တဲ့၊ အိုဘေး နာဘေး သေဘေးကြီးက လွတ်တော်မူ

သွားတယ်၊ ရှင်ရေဝတလို့ သာသနာမှာ ထင်ရှားတဲ့ ရဟန္တာအရှင်မြတ်ကလေး (၇) နှစ်သားနဲ့ ဖြစ်ပွားသွားတော်မူခဲ့တယ်၊ အဲဒါ သူအိုဆိုတဲ့နတ်တမန်တော်ကြီး ဟောလိုက်တဲ့တရားကို ကြားသွားတဲ့ကလေး ....တဲ့၊ ဒါ့ကြောင့် ဆိုလိုက်စမ်းပါ—

**သူအိုကြီးက. မြတ်ဓမ္မ. ဟောပြတွေ့တိုင်းသာ၊**
**ငါအိုသလိုပဲ. သင်တို့လဲ. အိုမြဲဓမ္မတာ၊**
**မအိုခင်က. ကုသလ. ပြုကြဖန်ခါခါ၊**
**အိုဘေးလွတ်ရေး. မျှော်ထောက်တွေး. မနေးကျင့်ကြပါ။**

ဒီတော့ အဲဒီလို သူအိုကြီးတွေဆိုတဲ့ အဘိုးအို အဖွားအိုတွေ ဟိုရွာ ဒီရွာတွေထဲမှာ ပရိသတ်ကြီး မရှိဘူးလား? ရှိပါတယ်ဘုရား။ အဲဒါ မြတ်စွာဘုရားက တင်စားပြီးတော့ ဟောလိုက်တာ၊ နတ်တမန်တော်ကြီးတွေ ထိုထိုဤဤ လှည့်လည်ကူးကာ သွားလာမပြတ် ရွာကြား ရပ်ကြား မြို့ကြား လှည့်ပတ်ပြီးတော့ နေကြတယ်—လို့ တင်စားပြီးတော့ ဘုရားဟောတော်မူပါတယ်။ ဟော (၃) နံပါတ် နတ်တမန်တော်ကြတော့ သူနာကြီး ဆိုလိုက်စမ်းပါ—

❖ **သူနာကြီးက. မြတ်ဓမ္မ. ဟောပြတွေ့တိုင်းသာ၊**
**ငါနာသလိုပဲ. သင်တို့လဲ. နာမြဲဓမ္မတာ၊**
**မနာခင်က. ကုသလ. ပြုကြဖန်ခါခါ၊**
**နာဘေးလွတ်ရေး. မျှော်ထောက်တွေး. မနေးကျင့်ကြပါ။**

ဟိုနေရာ ဒီနေရာ ဟိုအရပ် ဒီအရပ်မှာ နေမကောင်း ထိုင်မသာ ရှိတဲ့သူကို သွားပြီးတော့ ဂိလာနမေးကြတယ်၊ နေမကောင်း ထိုင်မသာ သွားပြီးတော့ မေးကြမြန်းကြတော့၊ သူနာကြီးက သူ့နားလာတဲ့သူတွေမှန်သမျှကို တရားပြတယ်.....တဲ့၊ အမောင်တို့ အမယ်တို့ ကျန်းကျန်းမာမာရှိစဉ်က ကုသိုလ်ကောင်းမှုတရားတွေကို ကြိုးပမ်းအားထုတ် ပြုလုပ်ကြပါ ....၊ ငါကဲ့သို့ အိပ်ရာ ကျောကပ်ဖြစ်တဲ့အခါကြတော့ ဟရားပွဲလေး သွားပြီးတော့ နာချင်လို့မှ တရားမနာနိုင်တော့ဘူး အမောင်တို့......လို့၊ ၉၆-ဖြာ ၉၈-ဖြာ ဘေးရောဂါနဲ့ အိပ်ရာပေါ်မှာ အိပ်ရာကျောကပ်ဖြစ်နေတဲ့ နာတာရှည် နာတာတိုရောဂါစွဲနေတဲ့

မထနိုင် မသွားနိုင်ခဲ့တဲ့သူက၊ အခုလို တရားပွဲကြီး ဆင်နွဲကျင်းပပြီးတော့ အများတရားနာကြသော်လည်း သူက လာနိုင်သေးရဲ့လား? မလာနိုင်ပါဘုရား။ စွန့်ကြဲပေးကမ်း လှူဒါန်းမှုဆိုတဲ့ ဒါနကောင်းမှုတွေ ပြုနိုင်သေးရဲ့လား? မပြုနိုင်ပါဘုရား။ ဥပုသ်သီတင်းစောင့်သုံးခြင်းဆိုတဲ့ သီလဆောက်တည်မှုတွေ ပြုနိုင်သေးရဲ့လား? မပြုနိုင်ပါဘုရား။ ဆို—

❖ **သူနာကြီးက. မြတ်ဓမ္မ. ဟောပြတွေ့တိုင်းသာ၊**
**ငါနာသလိုပဲ. သင်တို့လဲ. နာမြဲဓမ္မတာ၊**
**မနာခင်က. ကုသလ. ပြုကြဖန်ခါခါ၊**
**နာဘေးလွတ်ရေး. မျှော်ထောက်တွေး. မနေးကျင့်ကြပါ။**

ဟော နံပါတ်တစ်က ကလေးဆိုတဲ့ နတ်တမန်တော်။ နံပါတ်နှစ်က သူအိုဆိုတဲ့ နတ်တမန်တော်။ နံပါတ်သုံးက သူနာဆိုတဲ့ နတ်တမန်တော်။ နံပါတ်လေးက—

❖ **သေသူကြီးက. မြတ်ဓမ္မ. ဟောပြတွေ့တိုင်းသာ၊**
**ငါသေသလိုပဲ. သင်တို့လဲ. သေမြဲဓမ္မတာ၊**
**မသေခင်က. ကုသလ. ပြုကြဖန်ခါခါ၊**
**သေဘေးလွတ်ရေး. မျှော်ထောက်တွေး. မနေးကျင့်ကြပါ။**

ဟော သူသေကြီးတဲ့ စတုတ္ထ နတ်တမန်တော်က၊ အဲဒီ သူသေကြီးကို သွားပြီးတော့ ကြည့်ကြတဲ့သူတွေ၊ သူ့နားရောက်လာတဲ့သူ မှန်သမျှကို၊ သူသေကြီးက အမောင်တို့ အမယ်တို့ အသက်ထင်ရှားရှိစဉ် ဒါန သီလ သမထဝိပဿနာ (၄) ဖြာသော ကောင်းမှုရိက္ခာကို စုဆောင်းပြီးသကာလ၊ ဒီ သေတဲ့သဘောကြီးက လွတ်မြောက်အောင် ကျင့်ကြပါလေ.....။ လွတ်မြောက်တဲ့ ရဟန္တာဖြစ်အောင်, ရဟန္တာမ ဖြစ်အောင် ကျင့်ဆောင်ကြပါလေ၊ ဤကဲ့သို့ ငါကဲ့သို့ သေတဲ့သဘောကို သင်တို့လည်း မလွန်ဆန်နိုင်ကြသည် ဖြစ်လေသောကြောင့်၊ ငါကဲ့သို့ သေကြရပါလိမ့်အုန်းမည်၊ တစ်ဘဝမျှသာ သေမှုကို ရအောင် ပြုကြပြီးသကာလ ဆက်လက်ပြီးတော့ သေတဲ့အဖြစ်မျိုး မတိုးရအောင်၊

ဒီ ရုပ်နာမ်ခန္ဓာမျိုးမရတဲ့ ဇာတိဇာရာ ဗျာဓိမရဏ ဒုက္ခငြိမ်းရာဖြစ်တဲ့ နိဗ္ဗာနဓာတ် တရားမြတ်ကြီးကို ရဟန္တာယောက်ျား ရဟန္တာမအဖြစ်နဲ့ ရအောင်ယူကြပြီးတော့၊ သေဘေးကြီးလွတ်တဲ့ သဘောရောက်အောင် ကျင့်ဆောင်ကြပါလေ....လို့၊ သေသူကြီးက သူ့နားလာတဲ့သူတွေမှန်သမျှ တရားပြပါတယ်၊ တရားပြတယ်လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဟောတော်မူခဲ့ပါတယ်၊

အဲဒီလို ဟောတော်မူခဲ့တဲ့အတိုင်း အခု ဥယျာဉ်ကျောင်း ဆရာတော်ဘုရားကြီးကလည်းပဲ သူ့နားရောက်လာတဲ့ တပည့်တပန်း ရဟန်းရှင်လူ မည်သူမဆို၊ မောင်တို့...မယ်တို့၊ ငါ့ကိုသာ ကြည့်ကြပေတော့၊ ငါ အခုချိန်မှာ ပြောချင်တဲ့စကားကိုလည်း ငါ မပြောနိုင်၊ ဟောချင်တဲ့တရားကိုလည်းပဲ ပါးစပ်က ငါမဟောနိုင်တော့ပဲနဲ့ ဓမ္မသဘောနဲ့ သင်တို့ကို ငါပြောခဲ့မယ်....၊ ငါ့လိုပဲ သင်တို့တတွေ သေကြရလိမ့်အုန်းမယ်....၊ အဲဒီသေခြင်းသဘောတရားကြီး မရောက်လာခင်၊ ဒါန သီလ သမထ ဝိပဿနာ လေးဖြာသော ကောင်းမှုကို ကြိုးပမ်းအားထုတ် လုပ်ကြလေလော၊ သေခြင်းသဘော တရားကြီး လွန်မြောက်တဲ့ လွတ်ရာဖြစ်တဲ့ နိဗ္ဗာန်ကို ဝဋ္ဋဘဝတိုတိုနဲ့ ရနိုင်အောင် ကျင့်ဆောင်ကြိုးကုတ်အားထုတ်ကြလေ....လို့၊ ဆရာတော် ဘုရားကြီးက သူ့နားလာသမျှ တပည့်တပန်းတွေ, ရဟန်းရှင်လူ ပြည်သူအားလုံးကို ဟောတော်မူနေပါတယ်၊ ပြောတော်မူနေပါတယ်၊ တရားဟောပြီးတော့ နေပါတယ်၊ တရားပြပြီးတော့ နေပါတယ်၊ ပရိသတ်ကြီး မပြဘူးလား? ပြပါတယ်ဘုရား။

ဒါဖြင့် ဆရာတော်ဘုရားကြီးသည် သက်တော်ထင်ရှားရှိစဉ်ကလည်း သူ့နား ရောက်လာရင် ဤကအကုသိုလ်ဟဲ့၊ ဒါက ကောင်းမှုကုသိုလ်ဟဲ့၊ ဒီလိုအလုပ်ကို လုပ်ကြ၊ ဒီအလုပ်ကို မလုပ်ကြနဲ့၊ ကုသိုလ် အကုသိုလ်ခွဲခြားပြီးတော့ ဟောတော်မမူဘူးလား? ဟောပါတယ်ဘုရား။ အခု ကွယ်လွန်အနိစ္စရောက်ပြီးတော့ ဘဝနတ်ထံ စံလွန်တော်မူပြီးတော့ ရုပ်ခန္ဓာ ကြွင်းကျန်ရစ်တဲ့ အချိန်မှာလည်း ဒီရုပ်ခန္ဓာကြီးကို ပြပြီးတော့ ဆရာတော်ဘုရားကြီးက ပါးစပ်က မပြောသော်လည်း ဓမ္မသဘောနဲ့ တရားဟောပြီးတော့ မနေဘူးလား? ဟောပါတယ်ဘုရား။ အဲဒီလို ဟောတော်မူနေတဲ့ တရားကို သွားပြီးတော့

သူ့နားသွားကြတဲ့ တပည့်တပန်းတွေထဲက မကြားတဲ့သူကများတယ် ....တဲ့၊ ကြားတဲ့သူကနည်းပါးတယ်၊ ဟော မကြားတဲ့သူက ဘာတဲ့တုန်း? များပါတယ်။

**"သူသေကြီးက. မြတ်စမ္မ. ဟောပြတွေ့တိုင်းသာ. ငါသေ သလိုပဲ. သင်တို့လည်း သေမြဲဓမ္မတာ"**၊ ဆရာတော်ဘုရားကြီးက သူ့နားလာတဲ့သူတွေ၊ အေး.....ငါသေသလိုပဲ သင်တို့လည်း တစ်နေ့ သေကြရမယ်....လို့ ဓမ္မသဘောနဲ့ မပြောဘူးလား? ပြောပါတယ်ဘုရား။ အဲဒီပြောတဲ့စကားကို ကြားတဲ့လူဆိုတာ ဘယ်လိုလူတုန်းဆိုတော့၊ သူ့နားသွားပြီး ဆရာတော်ဘုရားကြီး ဦးချ ဝတ်ချပြီးတော့၊ အော် ရုပ်နာမ်ခန္ဓာရလို့ ဇာတိဒုက္ခကစပြီး နောက်ဆုံး မရဏဒုက္ခဆိုတဲ့ အဖြစ်ရှိလို့ အပျက်ရှိရတယ်၊ အမွေးရှိလို့ အသေရှိရတယ်၊ ငါလည်းပဲ ဒီရုပ်နာမ်ခန္ဓာကြီးကို ရထားတာပါလား၊

**အဟံ ခေါမှိ မရဏဓမ္မော** - ငါလည်းပဲ ဒီသေရခြင်းသဘောကြီး ရှိပါတကား။ **မရဏံ အနတီတော-** သေရခြင်းသဘောကို မလွန်မြောက် နိုင်သေးပါတကား။ ဒီသေရခြင်း သဘောတရားကြီး ငါလည်းပဲ၊ ကြုံရအုန်းမှာ ပါလား.....၊ ဒီသေခြင်း တရားသဘောကြီးမလာခင် ဒါန သီလ သမထ ဝိပဿနာ လေးဖြာသော ကောင်းမှုတရားကို ကြိုးစားပြီးတော့ စုဆောင်းမှ ငါတော်တော့မှာပဲ....လို့၊ အဲဒီလို အသိဉာဏ်ဖြစ်တဲ့သူက ဆရာတော်ဘုရားကြီး ဟောတဲ့အသံတိတ်တရားကို ကြားတဲ့သူ....တဲ့၊ ကြားတဲ့သူ။ အဲဒီ သံဝေဂဉာဏ် ဖြစ်တဲ့သူကို ပရိသတ်ကြီး ကြားတဲ့သူလို့ ခေါ်သလား. မကြားရတဲ့သူလို့ ခေါ်သလား? ကြားရတဲ့သူပါဘုရား။ အဲဒီ ဆရာတော် ဘုရားကြီးဟောတဲ့တရားကို သံဝေဂဉာဏ် ဖြစ်ပွားပြီးတော့ ကြားတဲ့တပည့်တပန်းက မနည်းဘူးလား? နည်းပါတယ်ဘုရား။ မကြားတဲ့ သူတွေက မများဘူးလား? များပါတယ်ဘုရား။

❖ **သူသေကြီးက. မြတ်စမ္မ. ဟောပြတွေ့တိုင်းသာ၊**
**ငါသေသလိုပဲ. သင်တို့လဲ. သေမြဲဓမ္မတာ၊**
**မသေခင်က. ကုသလ. ပြုကြဖန်ခါခါ၊**
**သေဘေးလွတ်ရေး. မျှော်ထောက်တွေး. မနေးကျင့်ကြပါ။**

ဟော နောက်ဆုံး ငါးနံပါတ်မြောက် နတ်တမန်တော်ဆိုတာ ဘယ်သူတုန်းဆိုတော့ အကျဉ်းသမား....တဲ့၊ အကျဉ်းသမား။ ဆိုလိုက် စမ်းပါ–

❖ **အကျဉ်းသမားက, မြတ်ဓမ္မ, ဟောပြတွေ့တိုင်းသာ၊**
**ကျွန်ပ်လိုပဲ. သင်တို့လည်း. ဖြစ်မြဲဓမ္မတာ၊**
**နောင်ဖွဲ့လွတ်ရေး. မျှော်ထောက်တွေး. မနေးကျင့်ကြပါ။**

ရာဇဝတ်မှုတစ်ခုခု ကျူးလွန်မိလို့၊ တစ်စုံတစ်ခုသော ဒုစရိုက် တရားကို ကျူးလွန်မိလို့၊ အချုပ်ခံရ, အနှောင်ခံရ, လက်ထိပ်ခတ်ခံရ, ခြေထိပ်ခတ်ခံရ, အချုပ်ခန်းကြီးထဲ ချတာခံရ၊ ထောင်ကြီးထဲ သွင်းထားခံရတဲ့ အကျဉ်းသမား.....တဲ့၊ အကျဉ်းသမား။ အဲဒါလည်း ပဉ္စမမြောက် နတ်တမာန်တော်ကြီး၊ သူက ဘယ်လိုပြောတုန်းလို့ဆိုတော့၊ ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ လက်ထိပ် ခြေထိပ်တွေ ခတ်ထားပြီး၊ ရဲတွေက ခေါ်လာတဲ့ အကျဉ်းသမားတွေ ပရိသတ်ကြီး မတွေ့ကြရဖူးလား? တွေ့ပါတယ်ဘုရား။ အဲဒီ အကျဉ်းသမားကို မြင်လိုက်တယ်ဆိုရင်ပဲ သံဝေဉာဏ်ဖြစ်သွားရ၊ သူက ပါးစပ်က မပြောသော်လည်း ဓမ္မသဘောနဲ့ အကျဉ်းသမားက ဘယ့်နဲ့ပြောတုန်း ဆိုတော့၊ မောင်တို့.... မယ်တို့၊ ကျုပ်လေ အခု လက်ကြီးနှစ်ဖက်ကို မလှုပ်နိုင်အောင် လက်ထိပ်ခတ်ခံရတယ်၊ ခြေထောက်ကြီးနှစ်ဖက်ကိုလည်း သံခြေချင်းတွေ စွပ်ပြီးတော့ အထားခံရတယ်၊ ဒီကပြန်သွားရင်လည်း အချုပ်ခန်းကြီးထဲ ဝင်ပြီးတော့ နေရတယ်၊ ထောင်ကြီးထဲမှာ နေရတယ်၊ သွားချင်ရာ မသွားရ, လာချင်ရာ မလာရ, စားချင်သလို မစားရ, အိပ်ချင်သလို မအိပ်ရ, ဒုက္ခမျိုးစုံ ကြုံပြီးတော့ နေရပါတယ်၊ အဲဒီလို လက်ထိပ် ခြေထိပ်တွေ အခတ်ခံနေရတာဟာဖြင့် ကျုပ်ဘာပြုလို့တုန်းဆိုတော့ ကျုပ်မကျူးလွန်ထိုက်တဲ့၊ မပြုထိုက်တဲ့၊ လူတွေမပြုသင့် မပြုထိုက်တဲ့ သူများအသက်ကိုသတ်မှု၊ သူများဥစ္စာခိုးမှုဆိုတဲ့ ဒုစရိုက်မှုကိုပြုမိလို့ ကျုပ် ဒီလိုအဖြစ်မျိုးကို ရောက်ရပါတယ်....၊

အဲဒီ သူများအသက်ကို သတ်ခြင်း၊ သူများဥစ္စာခိုးခြင်းဆိုတဲ့ အမှုတွေကို ပြုအောင်၊ ကျုပ်ရဲ့ ဝမ်းထဲက လောဘဆိုတဲ့ ကိလေသာ, ဒေါသဆိုတဲ့ ကိလေသာ, သူများပစ္စည်းတွေကို မတော်မတရား လိုချင်နေတဲ့ လောဘကြောင့် ခိုးမိပါတယ်၊ သူများအပေါ်မှာ မတော်မတရားနည်းနဲ့ စိတ်တွေ ကြမ်းတမ်းလာပြီးတော့ သတ်မိဖြတ်မိတဲ့ဒေါသကြောင့် သတ်မိပါတယ်၊ သတ်ချင်ဖြတ်ချင်တဲ့ ဒေါသကြောင့် ကျုပ် သတ်မိပါတယ်၊ အဲဒီလို လောဘ ဒေါသဆိုတဲ့ တရားဆိုးတွေ ဝမ်းထဲမှာရှိနေလို့ ကိန်းနေလို့ ကျုပ်သူများအသက် သတ်မိတယ်၊ သူများဥစ္စာ ခိုးမိတယ်၊ သူများ သားမယား ကျူးလွန်မိပါတယ်၊ အဲဒီပြစ်မှုတွေ ကျူးလွန်မိလို့ ကျုပ်ရဲ့ လက်မှာ ဟောဒီလို လက်ထိပ်ကြိုး ခတ်ခံရပါတယ်၊ ခြေထိပ်ကြိုးတွေ ခတ်ခံရပါတယ်....၊

ဟော ဒီလက်ထိပ် ခြေထိပ်တွေ ခတ်ကြောင်း ဖြစ်တဲ့ ဝမ်းထဲက၊ ကျုပ်ရဲ့ ဝမ်းထဲက လောဘ ဒေါသ ကိလေသာတွေ ရှိသလို မောင်တို့.... မယ်တို့မှာလည်းပဲ ဝမ်းထဲမှာ ဒီကိလေသာမျိုးတွေ အပြည့်ရှိကြပါတယ်၊ မောင်တို့.....အပြည့်ရှိကြပါတယ်။ မောင်တို့... မယ်တို့ အခု ထိမ်းထားနိုင်သေးလို့ မပေါက်ဖွားသေးသော်လည်း မောင်တို့ရဲ့ဝမ်းထဲမှာ သူများအသက်ကို သတ်ချင်တဲ့ ဒေါသတွေ ရှိကြပါတယ်၊ သူများပစ္စည်း ခိုးချင်တဲ့ ခိုးတတ်တဲ့လောဘတွေ အပြည့်ရှိကြပါတယ်၊ ပရိသတ် မရှိဘူးလား? ရှိပါတယ်ဘုရား။ ဘုန်းကြီးတို့ အခု သီလနဲ့ထိန်းပြီးထားလို့ ရဟန်းရယ်, သူတော်ကောင်းရယ်, သူတော်စင်ရယ်, ကိုရင်ရယ်, ဥပုသ်သည်ရယ်, ယောဂီရယ်လို ဖြစ်နေကြသော်လည်း၊ ဘုန်းကြီးတို့ ဝမ်းထဲမှာ လက်ထိပ်ခတ် ခံရကြောင်းဖြစ်တဲ့ လောဘတွေ အပြည့်မရှိဘူးလား? ရှိပါတယ်ဘုရား။ လက်ထိပ်ခတ် ခြေထိပ်ခတ် ခံရကြောင်းဖြစ်တဲ့ သူများ သတ်ချင်တဲ့ဒေါသဓာတ်တွေ ကိလေသာတွေ မရှိဘူလား? ရှိပါဘုရား။ ဒါဖြင့် အခု ထိမ်းထားနိုင်တဲ့အခိုက် တော်နေသော်လည်းပဲ၊ ထိန်းမထားနိုင်တဲ့အခိုက်နဲ့ ကြုံကြရင်၊ ကံဆိုးမိုးမောင်ကျကြရင် ဖြစ်ချင်ရာဖြစ် နောင်မှခါးစီးခံတော့မယ်ဟေ့လို့–ဆိုပြီးတော့ ကျူးလွန်မိခဲ့ရင်၊ ဒီ အကျဉ်းသမားကဲ့သို့ လက်ထိပ်ခတ်မခံရပေဘူးလား? ခံရပါတယ်ဘုရား။ အချုပ်ခန်း

ကြီးတွေထဲ မရောက်ရပေဘူးလား? ရောက်ရပါတယ်ဘုရား။ ဒီ ကိလေသာတွေ ရှိလာခဲ့တဲ့အတိုင်း သုံးဆယ့်တစ်ဘုံ ကျင်လည်လာတုန်းကလည်းပဲ အကျဦးသွား ကြီးတွေ အကြိမ်ကြိမ် မဖြစ်ခဲ့ကြရပေဘူးလား? ဖြစ်ခဲ့ရပါတယ်ဘုရား။

အဲဒါကို အကျဦးသွားက ပြောတယ်....တဲ့၊ မောင်တို့ မယ်တို့ ကျုပ်ကို ကြည့်ပြီးတော့လေ.... အကျဦးသွားကြီး၊ အကျဦးသွားကြီးနဲ့ ကျုပ်ကို အထင်သေးသေး လုပ်မနေကြနဲ့၊ ကျုပ်ဝမ်းထဲမှာ လောဘ ဒေါသတွေကြောင့်၊ ကျုပ် ဟော အခုလို လက်ထိပ်ခတ်ခံရတယ်၊ ခြေထိပ်ခတ်ခံရတယ်၊ အကျဦးချ ခံရတယ်၊ အဲဒီလို လက်ထိပ်ခတ်ကြောင်း, ခြေထိပ်ခတ်ခံရကြောင်း၊ အချုပ်ခန်း ကြီးထဲ ဝင်ရကြောင်းဖြစ်တဲ့ လောဘ ဒေါသ ကိလေသာခါတ်တွေ မောင်တို့ ဝမ်းထဲမှာ အပြည့်ရှိနေပါတယ်....၊ အဲဒီကိလေသာတွေကို ပယ်သတ်ကြောင်း ဖြစ်တဲ့ တရားကောင်းတွေကို ကျင့်ကြံကြိုးကုတ် အားထုတ်ပြီးတော့၊ အကျဦးသွား ဖြစ်ကြောင်းဖြစ်တဲ့ မကောင်းတဲ့ ကိလေသာတွေကို ပယ်သတ်ကြပါလို့၊ အကျဦးသွားက ပါးစပ်က မပြောသော်လည်း ဓမ္မသဘောနဲ့ ပြောပြီးတော့ နေပါတယ်၊ မပြောဘူးလား? ပြောပါတယ်ဘုရား။ ဆိုလိုက်စမ်းပါ—

❖ **အကျဦးသမားက, မြတ်ဓမ္မ, ဟောပြတွေ့တိုင်းသာ၊**
**ကျွန်ုပ်လိုပဲ, သင်တို့လည်း, ဖြစ်မြဲဓမ္မတာ၊**
**နှောင်ဖွဲ့လွတ်ရေး, မျှော်ထောက်တွေး, မနေးကျင့်ကြပါ။**

အဲဒီလို အကျဦးသွားက ပြောလိုက်သော်လည်းပဲ၊ အကျဦးသွားက ပြောတဲ့စကားကို မကြားတဲ့သူကများတယ်၊ ပရိသတ်ကြီး မကြားတဲ့သူက ဘာတဲ့တုန်း? များပါဘုရား။ ကြားတဲ့သူက နည်းပါတယ်၊ ကြားတဲ့သူက ဘာတဲ့တုန်း? နည်းပါးပါတယ်ဘုရား။ ဒါဖြင့် နတ်တမန်တော်ကြီးငါးဦး ပြည့်မသွားဘူးလား? ပြည့်သွားပါတယ်ဘုရား။ တစ်နံပါတ် ကလေးဆိုတဲ့ နတ်တမန်တော်၊ နှစ်နံပါတ် သူအို၊ သုံးနံပါတ်က သူနာ၊ လေးနံပါတ်က သူသေ၊ ငါးနံပါတ်က အကျဦးသွားလို့၊ အဲဒီ နတ်တမန်တော်ကြီးငါးပါးဟာ လူ့လောကကြီးထဲမှာ ဘယ်နားသွားသွား မတွေ့နိုင်ဘူးလား? တွေ့နိုင်ပါဘုရား။

ကလေးတို့ သူအိုတို့ သူနာတို့ သူသေတို့ ဘယ်ရွာရောက်ရောက် မရှိဘူးလား? ရှိပါဘုရား။ ဘယ်မြို့သွားသွား မတွေ့ဘူးလား? တွေ့ပါဘုရား။

အဲဒါကြောင့် ဘုရားက၊ နတ်တမန်တော်ကြီးငါးဦးတို့သည် ယနေ့ ဒကာ-ဒကာမအပေါင်း သူတော်ကောင်းတွေနေထိုင်ရာ မြို့တွေ ရွာတွေ နယ်တွေထဲမှာ ထိုထိုဤဤ လှည့်လည်ကူးကာ သွားလာမပြတ် လှည့်ပတ်ပြီးတော့နေကြတယ်၊ နေ့ရုံမက သူတို့နဲ့တွေ့သမျှ ကြုံသမျှ ဆုံသမျှ ပုဂ္ဂိုလ်တို့ကိုလည်းပဲ ပြောဆိုပြသွန်း တိုက်တွန်းဟစ်အော် ကြွေးကြော်ဆုံးမ တရားပြပြီးတော့လည်း နေကြတယ် ....လို့ ဘုရားဟောတဲ့စကား မမှန်ဘူးလား? မှန်ပါဘုရား။ သို့သော် အဲဒီနတ်တမန်တော်တွေ ပြောလိုက်တဲ့စကားကို မကြားတဲ့သူက များပြီးတော့. ကြားတဲ့သူက နည်းပါးတယ်ဆိုတဲ့စကားလည်း မမှန်ဘူးလား? မှန်ပါဘုရား။ ဒါဖြင့် ငါက အဲဒီနတ်တမန်တော်ပြောတဲ့စကားကို ကြားတဲ့သူထဲကလား မကြားတဲ့သူထဲကလားဆိုတာ၊ ဒီတရားကိုနာကြားပြီးသည်နှင့်တစ်ပြိုင်နက် ကိုယ့်ကိုယ်ကို မေးဖို့ မလိုဘူးလား? လိုပါတယ်ဘုရား။

**စောဒိတာ ဒေဝဒူတေဟိ. ယေပမဇ္ဇန္တိ မာဏဝါ၊**
**တေဒီဃရတ္တံ သောစန္တိ. ဟိန ကာယူပဂါ နရာ။**

ဒေဝဒူတေဟိ-အိုနာသေသူ သုံးလူမကြွင်း, အကျဉ်းသမားကလေးအားဖြင့် ငါးပါးသော နတ်တမန်တို့သည်။ စောဒိတာ-အမြဲမသွေ စိတ်သံဝေဖြင့်. နေစေပြသွန်း တိုက်တွန်းအပ်ပါကုန်လျက်။ အနည်းဆုံး သံဝေဂဉာဏ်ဖြစ်အောင် သူတို့က ပြောကြတယ်....တဲ့။ ကလေးလေးကလည်း ပြောတယ်၊ သူအိုကြီးကလည်း ပြောတယ်၊ သူနာကြီးကလည်း ပြောတယ်၊ အကျဉ်းသွားကလေးကလည်း ပြောတယ်၊ သံဝေဂဉာဏ် နိဗ္ဗိန္ဒာဉာဏ် မုဉ္စိတုကမျတာဉာဏ်ကစပြီးတော့ ဝိပဿနာဉာဏ် မဂ်ဉာဏ်ဖိုလ်ဉာဏ်ပေါ်သည်အထိ သူတို့က ပြောကြ ဟောကြသော်လည်းပဲ၊ ယနေ့ အားလုံးသော အများစုသတ္တဝါတွေက သံဝေဂဉာဏ်ခေါ်တဲ့ ထိတ်လန့်တဲ့ဉာဏ်လေးတောင်မှ မဖြစ်ကြလို့မို့၊

ဒေဝဒူတေဟိ–အိုနာသေသူ သုံးလူမကြွင်း အကျဉ်းသွားကလေးအားဖြင့် ငါးပါးသော နတ်တမန်တို့သည်၊ စောဒိတာ–အမြဲမသေ့ စိတ်သံဝေဖြင့် နေစေပြည့်နှုန်း တိုက်တွန်းအပ်ပါကုန်လျှက်။ ယေမာဏဝါ–တရားမပိုက် အမှား လိုက်၍ အားစိုက်စဉ်လာ အကြင်သတ္တဝါတို့သည်။ ပမဇ္ဇန္တိ–သံဝေအသိ မရရှိဘဲ သတိကင်းပေါ့ မေ့လျော့ကြလေကုန်၏။ နရာ–လူတွင်ပေါက်ဖွား လူခေါ်ငြားလည်း တရားဝေးလံ လူသာမန်ဖြစ်ကြကုန်သော။ တေ မာဏဝါ–သူ့လို ငါ့လို ဉာဏ်မပိုဘဲ ထိုထိုမခြား သတ္တဝါများတို့သည်။

လူတော့ လူဖြစ်လာပါရဲ့သားနဲ့ သူလိုငါလိုပဲ....တဲ့၊ ဉာဏ်မပိုဘူး၊ သံဝေဂဉာဏ် ပိုမလာဘူး၊ နိဗ္ဗိန္ဒဉာဏ် ပိုတက်မလာဘူး၊ မုဥ္စိတုကမျတာဉာဏ် ခေါ်တဲ့ ဇာတိဇရာ ဗျာဓိမရဏ ဒုက္ခဘေးတို့မှ လွတ်မြောက်ချင်တဲ့ မုဥ္စိတုကမျတာဉာဏ် ပေါ်မလာပဲနဲ့၊ သူလိုငါလိုပဲ ကလေးကိုမြင် ချစ်ချင်လည်း ချစ်လိုက်, မုန်းချင်လည်း မုန်းလိုက်၊ သူအိုကြီးတွေ သူနာကြီးတွေ သူသေကြီး တွေတော့ ရွံ့လိုက် မုန်းလိုက် ကြောက်လိုက် ဒေါသတွေဖြစ်လိုက်ဆိုရင်ဖြင့်၊ လူကမွေးဖွားလာတဲ့ လူသားဖြစ်ကြသော်လည်းပဲ ဉာဏ်ပိုတဲ့သူမဟုတ်, ဉာဏ်စွန်း ထွက်တဲ့သူ မဟုတ်လို့ ပရိသတ်ကြီး လွတ်မြောက်နိုင်ပါ့မလား? မလွတ်မြောက် နိုင်ပါဘုရား။ နရာ–လူတွင်ပေါက်ဖွား လူခေါ်ငြားလည်း တရားဝေးလံ လူသာမန်ဖြစ်ကြကုန်သော။ တေ မာဏဝါ–သူ့လိုငါ့လို ဉာဏ်မပိုဘဲ ထိုထိုမခြား သတ္တဝါများတို့သည်။ ဟီနကာယူပဂါ–ယုတ်ညံ့ဖျင်းတောင်း အပါယ်ပေါင်းသို့ အကြောင်းတိုက်ဆုံ ကပ်ရောက်ရကုန်သည်ဖြစ်၍။ ဒီဃရတ္တံ–အကုသိုလ်ဟုန် မကုန်သ၍ ရှည်မြင့်စွာသော ညဉ့်နေ့ပတ်လုံး။ သောစန္တိ–မလွတ်နိုင်ပဲ ဒုက္ခထဲမှ အမြဲမသေ့ စိုးရိမ်ဆင်းရဲ၍ နေကြရလေကုန်သတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

# "ကျေးမင်းဇာတ်"
# ဟောင်းမှုသုံးမျိုးတရားတော်

ကိုင်း (၇) နာရီခွဲလို့ (၁၀) မိနစ်တောင်လွန်သွားပြီနော်၊ ကိုင်း တရားပွဲ စရအောင်၊ တရားပွဲစတော့ ဘုန်းကြီးတို့ တရားပွဲသိမ်းမယ့် အချိန်ကြိုပြီး ဘုန်းကြီးပြောထားမယ် ၉-နာရီထက် မကျော်ဘူး ဘုန်းကြီးဟောမည့် တရား၊ ဟုတ်လား ဦးထွန်းရီ၊ ၉-နာရီဆိုရင် ဘုန်းကြီးသိမ်းမယ်၊ အခု ကာလံ ဒေသံ အင်္ဂ ဝန် သူ့ကာလ သူ့အချိန် သူ့အခါကိုကြည့်ပြီးတော့ ဟောရတာ၊ ၉-နာရီရဲ့ဟိုဘက်ကို ဘုန်းကြီးဟောနိုင်လို့ ဟောနေပေမယ့်လို့ ပရိသတ် စိတ်မငြိမ်တော့ဘူးဆိုတာ ဘုန်းကြီးတို့သိတယ်နော်၊ ဘာပြုလို့တုန်းဆိုတော့ ၉-နာရီ နဲနဲကျော်ရင်ပဲ လက်ပတ်နာရီပါတဲ့သူကလည်း လက်ပတ်နာရီလေး မြှောက်ကြည့် မြှောက်ကြည့်နဲ့ ဟုတ်တယ်မဟုတ်လား၊ မပါတဲ့သူကလည်းပဲ ဒီအချိန်ဆို ၉-နာရီကျော်ပြီထင်တယ်နော်၊ ဘုန်းကြီးကလည်း တရားက ပြီးခဲလိုက်တာ၊ ဒို့ပြန်ရမှာကလည်းပဲ တော်တော်ခပ်လှမ်းလှမ်း ခတ်ဝေးဝေး ပြန်ရအုန်းမှာနဲ့ သူ့အချိန် သူ့ခါ သူ့ကာလ ဘုန်းကြီးကလည်း သိမှသိရဲ့လေလား. သိမှသိရဲ့လေလားဆိုတော့ ဝိတက်တွေဝင်လာတော့ တရားထဲမှာ စိတ်မနေ တော့ဘူး၊ ၉-နာရီကျော်ရင် တရားထဲစိတ်မနေတော့ဘူး၊ ဒါ သူ့အချိန် သူ့ကာလ အားလျော်စွာ ဖြစ်လာတတ်တယ်၊

ဒါကြောင့် ဘုန်းကြီးတို့က ၉-နာရီရဲ့ဟိုဘက် မကျော်စေရဘူး၊ ၉-နာရီအတွင်း ပြီးအောင်ဟောမယ်၊ ဒါလေးကို ပရိသတ်က သိပြီးထား၊ အဲဒီလိုသိထားတော့ ဘုန်းကြီးဟောလို့ပြီးရင် ၉-နာရီကျော်တောင်မှ ငါးမိနစ် ဆယ်မိနစ် ဒီထက်မကျော်ဘူး၊ စိတ်အေး လက်အေးနဲ့ နာပါလို့ ဘုန်းကြီးတို့က

---

တိုက်တွန်းတယ်နော်၊ ဘာပြုလို့တုန်းဆိုတော့ ဘုန်းကြီးတို့ဟောတဲ့ ဘုန်းကြီး ကလည်း အပင်ပန်းခံဟောရ၊ နာတဲ့ပရိသတ်က စိတ်တွေ ဟိုရောက်ဒီရောက် လွင့်နေပြီဆိုမှဖြင့် မှောက်ထားတဲ့ ရေအိုးထဲ ရေလောင်းရသလို ဖြစ်တတ် တယ်....တဲ့၊ မှောက်ထားတဲ့ ရေအိုးထဲ ရေလောင်းတော့ ပရိသတ်ကြီး ရေဝင်သေးရဲ့လား? မဝင် ပါဘုရား။ မဝင်ဘူး....အဲလိုဖြစ်တတ်တယ်၊ ဒါကြောင့် ၁-နာရီ ၁-နာရီခွဲ နာတဲ့အတွင်းလေးမှာဖြင့် မှတ်မှတ်သားသား နာသွားကြပါလို့ သူ့အချိန်နဲ့သူ ဘုန်းကြီးရပ်ပေးမယ်၊ ဖြတ်ထားတယ်၊ ကိုင်း ဒီတော့ ဒီနေ့ည တရားပွဲ စရအောင်ဆိုရင်ဖြင့်......

**ကတံ ကတံ ဝိဇာနေယျ, နိပါတေယျ နဝံနဝံ၊**
**နိဓိကုမ္ဘံ နိဓာပေယျ, သဝေမှော သန္တနော။**

ပဏ္ဍိတော-လူ့နွယ်လူ့ရိုး, လူ့ဇာတ်မျိုး၌, ကြောင်းကျိုးသိမြင်, ပညာရှင်သည်။ ကတံ ကတံ-သူတစ်ပါးတို့, ပြုထားအပ်ဖူး, မြတ်ကျေးဇူးဟု, အထူးရှိတောင်း, ကြွေးအဟောင်းကိုလည်း။ ဝိဇာနေယျ-အမြဲမပြတ်, သတိချပ် သဖြင့်, မလတ်ပုံသေ, ပေးဆပ်လေရာ၏။ နဝံ နဝံ-နောင်ခါနောင်ရေး, မျှော်ထောက်တွေး၍, မနေးမလစ်, ကြွေးအသစ်ကိုလည်း။ နိပါတေယျ-တာဝန် မကွက်, ဝတ်မပျက်အောင်, ဆက်လက်ပုံသေ, ပေးချလေရာ၏။ နိဓိကုမ္ဘံ- အရိပ်ပမာ, သွားရာပါ၍, ချမ်းသာဆောင်ပို့, ရတနာမြတ်ရွှေအိုးကိုလည်း။ နိဓာပေယျ-သိုမှီး သိမ်းထုပ်, ကောင်းစွာလုပ်၍, မယုတ်ရစေ, မြှုပ်နှံလေရာ၏။ သဝေ သဝော-ကြွေးဟောင်းကိုချေ, ကြွေးသစ်ဝေ၍, အမြဲတေရွှေအိုး, မြှုပ်ရိုး စဉ်ဆက်, ဤ (၃) ချက်သည်။ သန္တနော-ဘုရားပစ္စေကာ, အရိယာအပေါင်း သူတော်ကောင်းကြီးတို့၏ ထုံးဟောင်းစဉ်လာ ဓမ္မတာကြီး ဖြစ်ပါပေတော့သည် တကား။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

ယနေ့ မြန်မာကောဇာသက္ကရာဇ် ၁၃၅၁-ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၆) ရက်နေ့ည၊ ခရစ်နှစ် ၁၉၉၀-ပြည့်ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅)ရက်

နေ့ညမှာ၊ အမရပူရမြို့ စစ်ကိုင်းစုရပ် အလှူ့ဒါယကာ ဒကာဦးအောင်ငွေ + အလှူ့ဒါယိကာမ ဒကာမဒေါ်လှသိန်းတို့ရဲ့ နေအိမ်တိုက်တာ ဥပစာအတွင်း၌ ခင်းကျင်းဆောက်လုပ်ထားအပ်သော ဤမင်္ဂလာမဏ္ဍပ်၌၊ ယနေ့ ကျင်းပပြုလုပ်အပ်သော အကြိုတရားပွဲသည်ကား၊ အမရပူရမြို့ စစ်ကိုင်းစုရပ်၌ နေထိုင်ကြကုန်သော အရောင်းအဝယ်ကုန်သည်များဖြစ်ကြပြီး ကားပိုင်ရှင်များဖြစ်ကြကုန်သော အလှူ့ဒါယကာ ဒကာ ဦးအောင်ငွေ + အလှူ့ဒါယိကာမ ဒကာမဒေါ်လှသိန်းနဲ့ သားအလှူ့ဒကာကိုဇော်မင်းထွန်း + သ္မီးအလှူ့အမ မမိမိခိုင်တို့ မိသားစုက၊ နှစ်ဘက်သောမိခင်ဖခင် ကျေးဇူးရှင်တို့ကိုလည်းကောင်း၊ အမှူးထားထိုက်တဲ့ ဦးကြီး ဦးလေး ဒေါ်ကြီး ဒေါ်လေး အကို အမစသော ကျေးဇူးရှင်တို့ကိုလည်းကောင်း အမှူးတင်ကြပြီးလျှင်၊ မိမိတို့ရဲ့ ရင်နှစ်သည်းချာ သားရတနာဖြစ်တဲ့ မောင်စိုးပိုင်ကိုလည်းကောင်း၊ မိမိတို့ရင်မှ ဆက်နွယ်ပေါက်ဖွားတဲ့ တူရတနာ အမျိုးကောင်းသားလေး (၅) ဦးတို့ကိုလည်းကောင်း၊

ဤကဲ့သို့အားဖြင့် သားရတနာ (၁) ဦး, တူရတနာ (၅) ဦးလို့ဆိုတဲ့ အမျိုးသားလေး ခြောက်ဦးတို့ရဲ့ ကိုယ်ပေါ်၌၊ ဘုရားပစ္စေကာ အရိယာအပေါင်း သူတော်ကောင်းကြီးတို့ရဲ့ အဆင်တန်ဆာဖြစ်သော သင်္ကန်းပရိက္ခရာခြောက်စုံ တန်ဆာဆင်လွှမ်းပြီးသကာလ ဘုရားသားတော်လေးအဖြစ်သို့ရောက်အောင် ပို့ဆောင်ခြင်းဆိုတဲ့ ရှင်ပြုမင်္ဂလာ၊ ထိုမှတစ်ပါး မိမိတို့ရဲ့ ရင်နှစ်သည်းချာ သ္မီးရတနာဖြစ်တဲ့ မသင်းသင်းနိုင်ကိုလည်းကောင်း၊ မိမိတို့ရင်မှ ဆက်နွယ်ပေါက်ဖွားတဲ့ တူမရတနာ အမျိုးသ္မီးလေး (၅) ဦးတို့ကိုလည်းကောင်း၊ ဤကဲ့သို့အားဖြင့် သ္မီးရတနာ (၁) ဦး, တူမရတနာ (၅) ဦးဆိုတဲ့ အမျိုးကောင်းသ္မီးလေး ခြောက်ဦးတို့ကိုလည်းပဲ၊ လောကီလူတို့ ထုံးတမ်းမင်္ဂလာ (၁၂) ခန်းတို့တွင် အပါဝင်ဖြစ်တဲ့ ကဏ္ဏဝိဇ္ဈနခေါ်တဲ့ နားသမင်္ဂလာ၊ သ္မီးရတနာ (၁) ဦး, တူမရတနာ (၅) ဦးတို့ရဲ့ နားသမင်္ဂလာဆိုတဲ့ ဤ ရှင်ပြု,နားသမင်္ဂလာကြီး နှစ်ရပ်ကို ကျင်းပပြုလုပ်ကြရင်းနဲ့ တတ်စွမ်းသမျှ ဗုဒ္ဓမြတ်စွာသာသနာတော်ကို လျှူဒါန်းကော်ရော် ပူဇော်ကြမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့၊ လာမယ့်တပို့တွဲ လပြည့်ကျော် (၇) ရက်၊ (၈) ရက်ဆိုတဲ့နေ့ အလှူမင်္ဂလာအဝင် အလှူမင်္ဂလာ နေ့ထူးနေ့မြတ်တို့၌၊ ဘုရားအမှူး

ရှိသော သံဃာတော် (၅၀) ကျော်တို့အားလည်းပဲ ဤမင်္ဂလာမဏ္ဍပ်တွင်းသို့ ပင့်ဖိတ်ပြီးသကာလ နံနက်စောစောကာလ မွန်မြတ်သော ဆွမ်းခဲဘွယ် ဘောဇဉ် ချိုချဉ်အရသာ အဖြာဖြာတို့ဖြင့် သဒ္ဓါပြဒါန်း ဆက်ကပ်သမှုကို ပြုကြခြင်း၊

ထိုမှတစ်ပါး ပင့်သံဃာတော်အရှင်မြတ် ဆရာတော် (၁၀) ပါးတို့အား လည်းပဲ အလှူမင်္ဂလာပွဲကြီးနေ့မှာ သင်္ကန်းဒိုစုံ ၁၀–စုံ၊ သပိတ် ၁၀–လုံး၊ ဖိနပ် ၁၀–ရံ၊ ဆွမ်းဆန်တော်အိပ် ၁၀–အိတ်၊ ဆီပုံး ၁၀–ပုံး၊ ကတ္တီပါယပ်တောင် ၁၀–ချောင်း၊ သွားတိုက်ဆေး ၁၀–ဘူး၊ သွားတိုက်တန် ၁၀–ချောင်းဆိုတဲ့ သွားတိုက်ဆေး သွားတိုက်တံ ၁၀–စုံ၊ ဤကဲ့သို့အားဖြင့် မိမိတို့တတ်စွမ်းသမျှ တစ်မှစ၍ ၉–တိုင်အောင် ဂဏန်းထိုးထားအပ်တဲ့ ပစ္စည်း ၉–မျိုးတို့ဖြင့်လည်းပဲ၊ ထောက်ပံ့ လှူဒါန်းသမှု ပြုကြတဲ့အပြင်၊ ထိုဆရာတော် သံဃာတော်အရှင်မြတ်တို့ အား မိမိတို့ ယ္ခုလှူဒါန်းလိုက်တဲ့ သင်္ကန်း, သပိတ်, ဆန်, ဆီအစရှိတဲ့ ပစ္စည်းတို့မှတစ်ပါး၊ နောက်ထပ်နောက်ထပ် လိုအပ်ရာရာ ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးလို့ခေါ်ရတဲ့ နဝကမ္မအား ရည်မှန်းပြီးတော့လည်းပဲ တစ်ပါးတစ်ပါး၏ နဝကမ္မ ၁၀၀–ကျပ်စီ တစ်ရာကျပ်စီအားဖြင့် ဝတ္ထုငွေ တစ်ထောင်တို့ကိုလည်းပဲ ထောက်ပံ့သမှုကို ပြုကြခြင်း၊

ထိုမှ တစ်ပါး ဖိတ်မန္တကပြုထားအပ်တဲ့ ပရိသတ်အပေါင်း ၁၂၀၀– ကျော်တို့ အားလည်းပဲ၊ ခေတ်ကာလအလျောက် တန်ဖိုးရှိတယ်လို့ သမုတ်အပ်, သတ်မှတ်အပ်တဲ့ တန်ဖိုးရှိတဲ့, မွန်မြတ်တဲ့ ဒန်ပေါက်ထွင်း ဒန်ပေါက် ဟင်းဘောဇဉ် တို့ဖြင့်လည်းပဲ၊ ပရိသတ်အပေါင်း ၁၂၀၀–ကျော်တို့ကို သဒ္ဓါဖြူဖွေး, ကျွေးမွေး ညှော်ခံသမှုကို ပြုကြခြင်း....လို့၊ အဲဒီလိုအားဖြင့် ဒီနေ့ အလှူ့ဒကာ ဦးအောင်ငွေ + အလှူ့အမဒေါ်လှသိန်းနဲ့ သားသမီး အလှူ့ဒကာ အလှူ့အမများ ဖြစ်ကြတဲ့ ကိုဇော်မင်းထွန်း+မမီမီခိုင်တို့ မိသားစုက ရှင်ပြု,နားသဆိုတဲ့ မင်္ဂလာကြီး နှစ်ရပ်ကို အခြေခံအကြောင်းပြုပြီးတော့ ဘုရားကိုပူဇော်, တရားကိုပူဇော်, သံဃာကို ပူဇော်၊ ပရိသတ်အပေါင်း သူတော်ကောင်းတွေကို ကျွေးမွေးညှော်ခံခြင်း ဆိုတဲ့ ကောင်းမှုမင်္ဂလာတွေကို ကျင်းပပြုလုပ်ကြရင်းနဲ့ ဒီနေ့လည်းပဲ၊ ပရိသတ် အပေါင်း သူတော်ကောင်းတွေကို ဓမ္မအစာ ကျွေးမွေးညှော်ခံသောအားဖြင့်

ဓမ္မဒါနအလှူကို ပြုလုပ်သောအားဖြင့် တရားပွဲဆင်နွှဲပြီးသကာလ တရားတော်ကို နာယူကြတယ်....တဲ့၊

ဒကာဦးအောင်ငွေ + ဒေါ်လှသိန်းတို့က အခုလို တရားပွဲထည့်ပြီးတော့ ပေးလိုက်ခြင်းဖြင့် ပရိသတ်အပေါင်း သူတော်ကောင်းတွေကို အာမိသအစာနဲ့ ကျွေးရုံသာမက၊ ဓမ္မအစာနဲ့ပါ ကျွေးတယ်လို့ခေါ်တယ်၊ အာမိသအစာကို ကျွေးလိုက်တာက တစ်ဘဝစာဝစေတယ်၊ လှစေတယ်၊ မျှစေတယ်၊ ဓမ္မအစာ ကျွေးလိုက်တာက ဘဝများစွာအတွက် ဝစေတယ်၊ လှစေတယ်၊ မျှစေတယ်၊ ဒီနေ့ တရားဟောပြီးတော့ တရားနာတယ်ဆိုတော့ တစ်ချက်ခုတ် (၂) ချက်ပြတ်၊ မိမိတို့လည်းနာရ၊ ပရိသတ်တွေကိုလည်း နာစေ၊ မိမိတို့အတွက်ကလည်း လှူခါနီး ဒါနကုသိုလ်ကောင်းမှုပြုခါနီး တစ်ဘဝမှာတစ်ခါ၊ (သို့မဟုတ်) (၂) ခါ, (၃)ခါ မျှသာပြုထိုက်တဲ့ သား ရှင်ပြု, သမီးနားသမင်္ဂလာကို ပြုလုပ်ခါနီးမှာ စိတ်နေတွေ စိတ်ထားတွေ ထားတတ်အောင်၊ စေတနာတွေ ထားတတ်အောင်၊ ဝဋ္ဋနိဿိတ ကုသိုလ်မဖြစ်စေဘဲ ဝဋ်ဆင်းရဲထဲမှာလည်ပြီးတော့နေမယ့် ကုသိုလ်မဖြစ်စေဘဲ၊ ဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်းဖြစ်တဲ့ ကုသိုလ်ကောင်းမှု ဖြစ်ရအောင်ဆိုပြီး သကာလ၊ ဘုရားတရားတော်မြတ်ကို နာရတယ်၊ မှတ်ရတယ်၊ သားရတယ်၊

နဂိုတုန်းကလည်း တရားတွေတော့ နာထားကြတာပဲ၊ ဒါပေမယ့်လို့ ကိုယ်ပြုလုပ်အားထုတ်ခါနီးမှာ ထပ်ပြီးတော့ နာလိုက်ခြင်းဖြင့်၊ လောကဥပမာနဲ့ ပြောရလို့ရှိရင် ထွင်းတွေ ဟင်းတွေ ချက်ပြုတ်ထား၊ စားခါနီးကြတော့ နွေးပြီး စားလိုက်တော့ အရသာရှိ၊ အဆီဩဇာပိုဖြစ်၊ အစာတွေပိုကြေညက်၊ အဲဒီလိုပဲ တရားမြတ်တွေ ထပ်တလဲလဲ နာယူပြီးတော့နေကြငြားသော်လည်းပဲ မိမိတို့ ပြုလုပ်အားထုတ်တဲ့ ကုသိုလ်ကောင်းမှုအလုပ်ကြီး၊ အားထုတ်ခါနီးမှာ မိမိတို့ကိုယ်တိုင် တရားတော်ကိုနာယူခြင်းဖြင့် စိတ်ထားတတ်တယ်၊ မဂ်ဖိုလ် နိဗ္ဗာန်အတွက် ရည်မှန်းချက်ချတတ်တယ်၊ စေတနာ သဒ္ဓါ တရားတွေ ကြွလာ စေတတ်တယ်၊ တက်လာစေတတ်တယ်၊ မြင့်လာစေတတ်တယ်၊ အဲဒီလိုအားဖြင့် မိမိတို့အတွက်လည်း တရားနာ, ပရိသတ်အပေါင်း သူတော်ကောင်းတွေလည်းပဲ တရားဓမ္မ တစ်လုံးမှတ်မိမှတ်မိ, နှစ်လုံးမှတ်မိမှတ်မိ, တစ်လုံးအသိတိုးတိုး.

နှစ်လုံးအသိတိုးတိုး နာကြ ပါစေလို့ တရားပွဲကြီးဆင်နွဲ ကျင်းပပြီးသကာလ ဓမ္မအစာကိုလည်း ကျွေးကြခြင်း။

အဲဒီလိုအားဖြင့် အလှူ့ဒကာဦးအောင်ငွေ + အလှူ့အမ ဒေါ်လှသိန်းတို့ မိသားစုက ဒီနေ့ သားရှင်ပြု, တူရှင်ပြု, သွီးနားသ, တူမနားသမင်္ဂလာတွေ အကြောင်းပြုပြီးတော့ ဒီနေ့ ကောင်းမှုတွေ ကြီးပမ်းအားထုတ် ပြုလုပ်ပြီးတော့ နေကြတဲ့အချိန်မျိုးကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ **ဝဿလသုတ္တန်ဒေသနာ** ကေဒါရဇာတ်သွားနဲ့ ပြောကြမယ်ဆိုရင်ဖြင့် ဒီနေ့ **"ကြွေးဟောင်းချေ, ကြွေးသစ်ဝေ, ရွှေအိုး မြှုပ်, အလုပ်သုံးလုပ် လုပ်တဲ့နေ့"....**တဲ့။ ဒီနေ့ အလှူ့ဒကာဦးအောင်ငွေ + အလှူ့အမဒေါ်လှသိန်းတို့ မင်္ဂလာမဏ္ဍပ်ကြီး ဆောက်လုပ်ပြီးတော့ ပရိသတ်တွေ ဖိတ်မန္တကပြုပြီးတော့ ဘာအလုပ် လုပ်နေကြပါတုန်းလို့ မေးရင်...ဒေသနာသွားနဲ့ ပြောကြမယ်ဆိုရင်ဖြင့်—အလုပ်ကြီးသုံးလုပ် လုပ်နေကြပါတယ်၊ ဘာအလုပ်ကြီး သုံးလုပ်တုန်းဆိုတော့ (၁) ကြွေးဟောင်းကိုချေ၊ (၂) ကြွေးသစ်တွေဝေ၊ (၃) ရွှေအိုးတွေမြှုပ်အလုပ်ကြီး သုံးလုပ်ကို လုပ်နေကြပါတယ်....လို့ အဖြေပေးပါတဲ့ဘုရားက၊ ကြွေးဟောင်းချေ, ကြွေးသစ်ဝေ, ရွှေအိုးမြှုပ်အလုပ်သုံးလုပ် လုပ်ကြပါသည်၊

အဲဒီအလုပ်သုံးလုပ် လုပ်တဲ့လူကို **"တံဇညာ ဝဿဘော ဣတိ"**။ ဟော မြတ်စွာဘုရားက ဝဿလသုတ်ကျတော့လောကရှိတဲ့လူတွေကို နှစ်မျိုးနှစ်ပုံ နှစ်စုနှစ်ပုံ ပုံပြတယ် ဘုရားက၊ လောကမှာရှိနေတဲ့လူတွေ တစ်ယောက် နှစ်ယောက် သုံးယောက် လျှောက်ရေတွက်ရင်တော့ အများကြီးပဲ၊ လူမျိုးနဲ့ ပြောရင်လည်းပဲ လူမျိုး ၁၀၁–ပါးဆိုတဲ့အတိုင်း အမျိုးပေါင်းများစွာပဲ၊ သို့သော် သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် လူအစု အပုံကြီး ပုံလိုက်တဲ့အခါကျတော့ နှစ်ပုံပဲတွေ့တယ်....တဲ့။

(၁) လူမြတ်လူတော်ဆိုတဲ့အပုံ, လူအုပ်စုကြီးကတစ်ပုံ၊ (၂) လူညံ့ လူယုတ်ဆိုတဲ့ လူအပုံကြီးကတစ်ပုံ....လို့ လူနှစ်အုပ်စုပဲရှိတယ်၊ လူနှစ်ပုံပဲရှိတယ်၊ လူတွေအကုန်သိမ်းလိုက်ရင် အဲဒီလူနှစ်အုပ်စုထဲ အကုန်ဝင်သွားမယ်၊ ဒီတော့

**အဲဒီလူနှစ်အုပ်စု လူနှစ်ပုံတို့တွင် လူမြတ်လူတော်ဆိုတာ ဘယ်လိုလူတုန်းလို့ ဆိုတော့... သေသော–ကြွေးဟောင်းကိုချေ၊ ကြွေးသစ်ဝေ၍၊ အမြဲတေရွှေအိုး မြှုပ်ရိုးစဉ်ဆက် ဤ** သုံးချက်သည်။ သနန္တနော–ဘုရားပစ္စေကာ အရိယာ **နွယ်လောင်း** သူတော်ကောင်းဖြစ်တဲ့ လူမြတ်အပေါင်းတို့၏ ထုံးဟောင်းစဉ်လာ **ဓမ္မတာကြီး** ဖြစ်ပါပေတော့သည်တကား......။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

လောကမှာ လူတွေရှိသမျှကို နှစ်ပုံ့ပုံလိုက်တော့ လူမြတ်လူတော် လူကောင်းက တစ်ပုံ၊ လူယုတ် လူညံ့ လူဖျင်းတွေက တစ်ပုံလို့ နှစ်ပုံရှိတဲ့ အနက်က၊ လူမြတ် လူတော် လူကောင်းဆိုတာ ဘယ်လိုပုဂ္ဂိုလ်တွေတုန်းလို့ ဆိုတော့ အလုပ်ကြီးသုံးလုပ်ကိုလုပ်တဲ့သူ၊ တာဝန်ကြီးသုံးထွေ ကျေတဲ့သူ၊ အဲဒီတာဝန်ကြီးသုံးထွေက ဘာတွေတုန်းလို့ဆိုတော့– "**ကြွေးဟောင်းကိုချေ. ကြွေးသစ်ဝေ. မြှုပ်လေ မြတ်ရွှေအိုး**"။ "**တာဝန်သုံးထွေ. ဝတ်ကြီးကျေ. မှတ်လေလူမြတ်မျိုး**"။ ဟော ဝသလသုတ်တော်ကျတော့ ဘုရားက တာဝန်ကြီးသုံးထွေကို ကျေတဲ့သူသည် လူမြတ်မျိုးပါပဲ၊ လူတော်မျိုးပါပဲ၊ လူကောင်းမျိုးပါပဲ၊ "**တာဝန်သုံးထွေ. ဝတ်မကျေ. မှတ်လေလူယုတ်မျိုး**"။ အဲဒီတာဝန်ကြီးသုံးထွေ မကျေတဲ့သူသည် လူညံ့မျိုး လူယုတ်မျိုး .....တဲ့၊ ဟော လူနှစ်ပုံ ပုံပြတယ်၊ ပရိသတ် လူဘယ်နှစ်ပုံတဲ့တုန်း? နှစ်ပုံပါဘုရား။ ဆိုလိုက်စမ်းပါ–

❖ **ကြွေးဟောင်းကိုချေ. ကြွေးသစ်ဝေ. မြှုပ်လေမြတ်ရွှေအိုး။**
**တာဝန်သုံးထွေ. ဝတ်ကြီးကျေ. မှတ်လေလူမြတ်မျိုး။**

ဟော လူမြတ်မျိုးဆိုတာ တာဝန်ကြီးသုံးထွေ ဝတ်ကြီးကျေရင် လူမြတ်မျိုးပါပဲ၊ ဘုရားအလောင်း လူမြတ်မျိုး၊ ပစ္စေကာဗုဒ္ဓါအလောင်း ကြီးတွေကဲ့သို့ လူမြတ်မျိုး၊ အဂ္ဂသာဝက ရဟန္တာယောက်ျား ရဟန္တာမ အလောင်း သူတော်ကောင်းကြီးတွေကဲ့သို့ လူမြတ်မျိုး၊ အဲဒီတာဝန်ကြီး သုံးထွေက

ဘာတုန်းဆို–(၁) ကြွေးဟောင်းချေခြင်း,၊ (၂) ကြွေးသစ်တွေဝေခြင်း, ကြွေးသစ်တွေချပေး, ဝေပေး, မျှပေးခြင်း၊ (၃) အမြုတေ ရွှေအိုးဆိုတဲ့ရွှေအိုးကို မြှုပ်နှံခြင်း။ အဲဒါ လူမြတ် လူတော် လူကောင်း၊ **တံဇညာ ဝသဘော ဣတိ။** ဝသလသုတ် ဘုရားနှုတ်တော်ထွက်၊ တံ–ထိုကဲ့သို့ ကြွေးဟောင်းချေ, ကြွေးသစ်ဝေ, အမြုတေရွှေအိုး, မြှုပ်ရိုးစဉ်ဆက်, ဤသုံးချက်ကိုလုပ်တဲ့ အမျိုးကောင်းသား, အမျိုးကောင်း သမီးအပေါင်း သူတော်ကောင်းကို။ ဝသဘောဣတိ–လူမြတ်ထိပ်ခေါင်, လူဘောင်ထိပ်လွှား, လူအမြတ်စားဟူ၍။ ဇညာ–ကောင်းစွာမသေ, သိအပ်ပါပေသတည်းလို့.....ဘုရားရှင် ကိုယ်တော်မြတ်ကြီး ကိုယ်တော်တိုင် လူမြတ်စာရင်းသွင်းသွားတယ်၊ အဲဒီရဲ့ပြောင်းပြန် ပြန်လိုက်တော့ ဆိုလိုက်စမ်းပါ–

❖ **ကြွေးဟောင်းကိုချေ, ကြွေးသစ်ဝေ, မြှုပ်လေမြတ်ရွှေအိုး။**
**တာဝန်သုံးထွေ, ဝတ်မကျေ, မှတ်လေလူယုတ်မျိုး။**

အဲဒီသုံးထွေ ဝတ်မကျေရင်တော့ လူယုတ်ပါပဲ, လူညံ့ပါပဲ, လူဖျင်းပါပဲ၊ အပါယ်လေးပါးကိုသွားမယ့် လူစားပါပဲ၊ ဟော လူနှစ်မျိုး ခွဲပြတယ်။ ဒီတော့ အဲဒီနှစ်မျိုးတို့တွင် ကြွေးဟောင်းချေတယ်ဆိုတာက ဘာတုန်း၊ ကြွေးသစ်ဝေတယ် ဆိုတာက ဘာတုန်း၊ ရွှေအိုးမြှုပ်တယ်ဆိုတာက ဘာလဲ....လို့ဆိုတာကို သိရအောင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက **ကေဒါရဇာတ်တော်ဖြင့်** ရှင်းလင်း ပြီးတော့ ပြတော်မူတယ်၊ ကေဒါရဇာတ်ဆိုတာ–ကျေးသားကလေး, ဘုရား အလောင်းတော် ကျေးသားကလေးဘဝတုန်းက ဖြစ်ပျက်ခဲ့တဲ့ အတ္ထုပ္ပတ်၊ မဂဓတိုင်းကြီးရဲ့ နေပြည်တော် ရာဇဂြိုဟ်မြို့ရဲ့ အရှေ့မြောက်ယွန်းယွန်း တောစပ် တောင်ကြောမှာ လက်ပံတောကြီးတဲ့၊ လက်ပံတောကြီးတစ်အုပ်ရှိတယ်၊ အဲဒီ လက်ပံတောကြီးရဲ့ အထက်ဖျားမှာ ကျေးသားတွေ အသင်းအပင်း ဖွဲ့ပြီးတော့ နေကြတာ ကျေးသားပေါင်း(၅၀၀) အုပ်စုဖွဲ့ပြီးတော့နေကြ၊ အဲဒီလို ကျေးသားတွေ အုပ်စုဖွဲ့ပြီးတော့ လက်ပံတောကြီးရဲ့ ထိပ်ဖျားမှာ အသိုက်အအုံပြုပြီးတော့ နေကြတဲ့အချိန်၊ အဲဒီလက်ပံတောကြီးရဲ့ မနီးမဝေး ခမ်းလှမ်းလှမ်းမှာလဲ **သာလိန္ဒိယခေါ်တဲ့** ရွာကြီးတစ်ရွာ ရှိတယ်၊ အဲဒီ **သာလိန္ဒိယ** ခေါ်တဲ့ရွာကြီးမှာ

လယ်သမားပုဏ္ဏားကြီး တစ်ယောက်ကလည်းပဲ လယ်ယာကိုင်းကျွန်းလုပ်ကိုင်ပြီးတော့ တောင်သူရိုးရာဓမ္မတာလုပ်ကိုင်ပြီးတော့ စားသောက်တယ်၊

အဲဒီလိုနဲ့ သူ နှစ်စဉ် နှစ်တိုင်း ထုံးစံအတိုင်း လယ်ယာတွေလုပ်ထားလို့ စပါးနှံတွေ ကောင်းမွန်စွာ ထွက်တဲ့အချိန်, အငှားလယ်သမားတစ်ယောက် ငှား။ လယ်ရှင်ပုဏ္ဏားကြီးက လယ်ကေပေါင်းမြောက်များစွာ လုပ်ရတာဖြစ်တော့ သူတစ်ယောက်ထည်း လယ်ကိုစောင့်ရှောက်ဖို့ မနိုင်လို့ လယ်ကူလီသမားတွေ ငှားပြီးတော့ အဲဒီလယ်ကထွက်လာတဲ့ သုံးပုံပုံ၊ တစ်ပုံကို အဲဒီလယ် စောင့်ရှောက်တဲ့သူကို ပေးတယ်၊ လယ်ကိုစောင့်ရှောက်ရမယ်၊ ရိတ်လည်း ရိတ်ရမယ်၊ သိမ်းလည်းသိမ်းရမယ်၊ နယ်ရမယ်၊ လှေ့ရမယ်၊ အဲ ပြီးလို့ရှိရင်တော့ သုံးပုံပုံ, တစ်ပုံကို သူ့ကိုပေးမယ်၊ နှစ်ပုံကို လယ်ရှင်ပုဏ္ဏားကြီးကယူတယ်၊ သူကဒီလိုထုံးစံ၊ အဲဒီလိုနဲ့ သူ့လယ်တွေ လုပ်ထားတဲ့အတိုင်း၊ တောင်ပိုင်း, မြောက်ပိုင်း, အလယ်ပိုင်း, အနောက်ပိုင်းစသည်ဖြင့် ခွဲခြားစိတ်ဖြာပြီးတော့ အငှားသမားလေးယောက်ကို ငှားထားပြီးတော့ ပြုလုပ်နေတဲ့အနက်က၊

အဲဒီ သာလိန္ဒိယရွာရဲ့ အရှေ့မြောက်ကျော တောစတောင်ကြော လက်ပံတောကြီးနဲ့နီးတဲ့ လယ်ဘက်မှာ ထိမ်းကျောင်းနေတဲ့ လယ်သမား လယ်ကူလီပုဏ္ဏားက၊ နေ့စဉ်နေ့စဉ် လယ်ဘက်ထွက်ပြီးတော့ စပါးနှံ ကောက်ခင်းတွေ ကြည့်ပြီးနေရာက၊ အဲဒီ ခုနကကျေးတွေ၊ လယ်ထဲကျ. ကျပြီးတော့ စပါးနှံတွေ ကို စားကြသောက်ကြ၊ စပါးနှံတွေ စားကြသောက်ကြ၊ အဲ သူ ချောက်တန်သလောက်တော့ ချောက်တာပေါ့လေ....၊ သို့သော် သူတို့ လည်းလေ....တိရစ္ဆာန်တွေပဲ၊ သူတို့လည်း စားချင်ရှာမှာပဲ၊ စားကြပါစေတော့ ....လို့ တစ်စိတ်တစ်ပိုင်းလည်း ခွင့်ပြုထားတယ်။ သို့သော် အဲဒီအထဲမှာ အင်မတန်ခန္ဓာကြီးထွားတဲ့ ကျေးသားကြီးတစ်ကောင် က, သူတစ်ပါးတွေလို လယ်တွင်းမှာဆင်းပြီးတော့ စားရုံနဲ့အားမရဘဲ၊ ကျေးတွေ အစာဝလို့ ဌာန ပြန်ကြပြီဆိုမှဖြင့် အဲဒီခန္ဓာကိုယ်ကြီးထွားတဲ့ ကျေးသားကြီးတစ်ကောင်က၊ ကောင်းပေ့ဆိုတဲ့ စပါးနှံတွေကို ခြေထောက်ကတစ်သီး, နှုတ်သီးကတစ်တန်. ကိုက်ချီ, ကိုက်ချီပြီးတော့ ပြန်ပြန်ပြီးတော့ သွားလေ့ရှိ၊

ဒီတော့ လယ်စောင့်တဲ့ ပုဏ္ဏားက မြင်တယ်၊ ဒီပြင် ကျေးသားတွေက ဒီလယ်ခင်းထဲတင် ကောက်ပင်ပေါ်နားပြီးတော့ စားကြတာပါ၊ စားပြီးပြန်လို့ရှိရင် ဒီတိုင်းပြန်သွားကြတာပါ ခြောက်လို့ လှန့်လိုက်လို့ ပြန်ရင်လည်း ဒီတိုင်းပြန်ကြ၊ ဒီ ခန္ဓာကိုယ်ကြီးကြီးထွားထွားနဲ့ သူတစ်ပါးထက် ထူးခြားနေတဲ့ ဒီကျေးသားကြီး ကတော့ လယ်တွင်းမှာလည်းပဲ အဝအတင်းစားသေးတယ်၊ ပြန်ခါနီးပြီ .... လက်ပံပင် တောဆီကို ပြန်ခါနီးပြီဆိုမှဖြင့်လည်း ခြေထောက်က တစ်သီး, နှုတ်သီးက တစ်တန်း စပါးနှံတွေ ကိုက်ချီ, ကိုက်ချီပြီးတော့ ပျံသွားတယ်၊

ဒီထဲ စားတာက မထောင်းသာဘူး၊ ပြန်ခါနီး ကိုက်ချီ, ကိုက်ချီပြီး သွားတာက ကောင်းပေ့ ညွှန့်ပေ့လို့ဆိုတဲ့စပါးနှံတွေ တစ်ခါတစ်ခါ ပျံလိုက်ပြီ ဆိုမှဖြင့် လေးငါးခြောက်နှံ၊ နေ့တိုင်းနေ့ ဒီလိုသာ စပါးနှံတွေကိုက်ချီပြီးတော့ ပြန်နေခဲ့ရင်ဖြင့်၊ ငါ့လယ် အထွက်နည်းတော့မှာပဲ၊ ငါ့လယ်က စပါး အထွက်နည်းတော့မှာပဲ၊ စပါးအထွက်နည်းရင် ပုဏ္ဏားကြီးက ငါ့ကို သုံးပုံပုံ တစ်ပုံပေးမှာဆိုတော့ ဒီနှစ် စပါးရနည်းတော့မှာပဲ၊ စပါးရ နည်းမယ်လို့ဆိုမှဖြင့် ငါ့သားသမီး ကျွေးရေးမွေးရေး, သားကျွေးမှု, မယားကျွေးမှုအတွက် လုပ်ရတာ လယ်ယာကောက်ခင်းကစပါးနဲ့ မလောက်ရင်ဖြင့် ငါ ဒုက္ခဖြစ်တော့မှာပဲ ....လို့၊ ကျေးသားကြီးက စပါးနှံတွေ ကိုက်ချီ ကိုက်ချီပြီး ပျံတဲ့ကိစ္စနဲ့, သူ့ရဲ့ သားကျွေးမှု, မယားကျွေးမှုထိ စိုးရိမ်ပူပန်ပြီးတော့လာတော့၊ မဖြစ်ဘူး ဒီကျေးကြီးတော့ ဖမ်းမှပဲဆိုပြီး၊ အဲဒါ လယ်ရှင်ပုဏ္ဏားကြီး သွားပြောတယ်၊ အရှင် လယ်ရှင် ပုဏ္ဏားကြီး ကျွန်ုပ်စောင့်တဲ့အပိုင်းမှာ ဟောဒီလိုကျေးကြီးတစ်ကောင် ထူးထူး ဆန်းဆန်းလာပြီး လယ်တွင်းထဲ စားရုံသောက်ရုံ သာမက၊ မဝသေးပဲနဲ့ ကိုက်ချီ ကိုက်ချီပြီးတော့ ပျံနေပါတယ်၊ စပါး အထွက်နည်းခဲ့လို့ရှိရင် ကျွန်ုပ် အစောင့်အရှောက်ညံ့လို့မဟုတ်ပါဘူး၊ အဲဒီကျေးမင်းကြီးရဲ့ အနှောက်ယှက်ကြောင့် ဖြစ်ရပါလိမ့်မယ်၊ ဒီတော့ လယ်ရှင်ပုဏ္ဏားကြီးကလည်း ကဲ ဒီလိုဆိုရင် အဲဒီကျေးကြီး ထူးဆန်းတဲ့ ကျေးကြီးမင်း ရအောင်ဖမ်းစမ်းကွာလို့ဆိုပြီးတော့ ခိုင်းတော့၊ ညွှတ်ကွင်းတွေ ဘာတွေချပြီးတော့ ဒီကျေးကြီးကျတတ်တဲ့နေရာ ညွှတ်ကွင်းတွေ ထောင်ထားပြီး ဖမ်းတယ်၊ ဖမ်းတော့ မိတာပါပဲ၊ မိတယ်ဆိုရင်ပဲ

လယ်ရှင်ပုဏ္ဏားကြီးလက်ကို သွားပြီးတော့အပ်တယ်၊ အဲဒီလယ်ရှင် ပုဏ္ဏားကြီး လက်ထဲ အပ်လိုက်တယ်ဆိုရင်ပဲ ညွတ်ကွင်းတမ်းလန်းနဲ့ ဖမ်းထားပြီးတော့ လယ်ရှင်ပုဏ္ဏားကြီး အပ်လိုက်တယ်ဆိုရင်ပဲ လယ်ရှင်ပုဏ္ဏားကြီးကမေးတယ် ကျေးသားကို–

**ဥဒရံ နူန အညေသံ, သုဝ အစ္စောဒရံ တဝ၊**
**ဘုတွာ သာလိံ ယထာကာမံ, တုဏ္ဍေနာ ဒါယ ဂစ္ဆသိ။**

အမောင်ကျေးသား.....တဲ့၊ သူတစ်ပါးတွေကတော့ လယ်အတွင်းမှာ သက်ဆင်းပြီးတော့ အတူတကွစားကြရလို့ရှိရင် မျှလွယ်, ဝလွယ် ဝမ်းစာအိမ် ငယ်သောကြောင့် လက်ပံတောဆီကို ပျံတဲ့အခါကျတော့ချီသယ်, ချီသယ်ပြီးတော့ သွားတယ်လို့မရှိပါ၊ အမောင် ကျေးသားကတော့ သူတစ်ပါးတွေထက် ထူးပြီးတော့ လယ်အတွင်းမှာလည်း သက်ဆင်းပြီးတော့ အဝအတင်းစားလိုက်သေးတယ်၊ ဒီ လယ်တွင်းကနေပြီးတော့ ပြန်တော့မယ်ဆိုပြန်တော့လည်း၊ အစာဝလို့ ဌာနကိုပြန်တော့မယ်ဆိုပြန်ရင်လည်း၊ ကျုပ်ရဲ့ကောက်ခင်းက ကောင်းပေ့ဆိုတဲ့ စပါးနှံတွေကို ခြေထောက်တသီး နှုတ်သီးကတတန် ကိုက်ချီ, ကိုက်ချီပြီးတော့ အမောင်ပြန်သွားခဲ့တာက သူတစ်ပါးတွေ ဝမ်းတွေထက် ပိုမောက်ပြီးတော့ အမောင့်ဝမ်းက အစောက်နက်နေလို့လား.....တဲ့၊ အမောင်က ဝမ်းခေါင်းကျယ် လို့လား၊ ဒီလယ်တွင်းသက်ဆင်းပြီးစားရုံနဲ့ အားမရသေး၊ စပါးနှံတွေကို ကိုက်ချီယူသွားတာက အမောင့်ဝမ်းက သူတစ်ပါးတွေထက် ထူးပြီးတော့ ဝမ်းခေါင်းကျယ်နေလို့လား.....တဲ့။ သို့မဟုတ်ပြန်ရင်လည်း–

**ကောဋ္ဌံနု တတ္ထ ပူရေသိ, သုဝ ဝေရံ နုတေမယာ၊**

တေ–သင်၏။ ကောဋ္ဌ–လက်ပံပင်ဖျားမှာ စပါးကျီကျ, စပါးလှောင်ရတဲ့ တိုက်တာကျီကျများသည်။ အတ္ထိနု–ရှိ၍နေပါသလား။ ဒီလိုမှမဟုတ် လယ်အတွင်း မှာ စားရတာမဝလို့ ချီသယ်သွားတာမဟုတ်ဘဲနဲ့ ဟိုမှာထပ်စားတာ မဟုတ်ပြန်ရင် လည်းပဲ၊ ကျွန်ုပ်ဆီက ချီယူသွားတဲ့ စပါးနှံတွေကို ဟိုလက်ပံပင်ထိပ်ဖျားမှာ

အမောင်တို့နေတဲ့ အသိုက်ထဲမှာ တိုက်တာကျိုကျ စပါးလှောင်တဲ့ ဘဏ္ဍာတိုက် တွေများ လုပ်ပြီးတော့ လှောင်ထားသလားတဲ့၊

**သုဝ ဝေရံ နုတောမယာ။** အထ-ထိုသို့မဟုတ်ပါလျှင်။ တေ-သင်သည်၊ မယာ-ကျွန်ုပ်နဲ့။ ဝေရံ-ငြိုးထားရန်ဖက် မုန်းမုန်ကွက်၍ ပျက်မှပျက်စေ စိတ်အမျက်မပြေတာနဲ့ အခုလို အကျိုးပျက်စီးရာ ပျက်စီးကြောင်းအလုပ်ကို လုပ်ပါသလား။ အဲဒီလို လှောင်စရာ|ကျိုကျတိုက်တာ ဘဏ္ဍာတိုက်များ မရှိပါဘူးဆိုခဲ့ရင်ဖြင့်၊ ကျုပ်အပေါ်မှာ အမျက်မပြေတာနဲ့ ကျုပ်လယ်တွေ ပျက်မှ ပျက်စေတော့....လို့ ဒီလို သဘောနဲ့ မနောဆိုးနဲ့လုပ်တာလား အသင် ကျေးမင်း....၊ ကျွန်ုပ်ကို ပြောစမ်းပါအုန်းလို့၊ ကျေးသားနဲ့လူ ဖြစ်နေပေမယ့်လို့ သူတို့ကသာ မသိတာ ဓာတ်ကသိနေတယ်၊ ကျေးသားက ဘုရားအလောင်း၊ လယ်သွား ပုဏ္ဏားကြီးက အရှင်သာရိပုတ္တရာအလောင်း၊ လယ်ကူလီက အရှင် အာနန္ဒာအလောင်းဖြစ်နေ၊ အလောင်းတော်တွေဆိုတာ ပါရမီဖြည့်ဖက်တွေ ဖြစ်ကျတော့ ဖြစ်လေရာဘဝ ချုပ်ုးသောရေစက်. ပန္နက်ဖူးသော သစ္စာနဲ့ တစ်ယောက်နဲ့တစ်ယောက်တွေ့ပြီး ကူညီရိုင်းပင်းပြီး လာခဲ့ကြတာဖြစ်တော့၊ မြင်လျှင်မြင်ခြင်း မေတ္တာသက်ဆင်းပြီးသကာလ အရှင်သာရိပုတ္တရာ အလောင်းတော်ဖြစ်တဲ့ လယ်သမားပုဏ္ဏားကြီးက၊ ဘုရားလောင်းတော်ဖြစ်တဲ့ ကျေးမင်းကို, ကြင်ကြင်နာနာ ယုယုယယနဲ့ မေးပြီးတော့နေပါတယ်၊ လူက မသိပေမယ့် ဓာတ်ကသိတယ်၊ လူက မပြောပေမယ့် ဓာတ်ကပြောတယ်၊ လူကမပြောပေမယ့် သွေးကပြောတယ်၊ ဒါ လောကသဘာဝ၊ တစ်ယောက်နဲ့ တစ်ယောက် မြင်လျှင်မြင်ခြင်း ချစ်ခင်ခြင်းဖြစ်ကြ၊ ကြင်နာခြင်းဖြစ်ကြ၊ မေတ္တာ သက်ရောက်ကြတယ်ဆိုတာ ရေးကရေစက်ရှိတဲ့၊ ပါရမီဖြည့်ဘက်တွေဟာ ဒီလိုပဲ သဘောတံထွာ ဓမ္မတာရှိတယ်၊

ဒါကြောင့် အခု လယ်ရှင်ပုဏ္ဏားကြီးက သူ့လယ်တွေ စားရပါမလားလို့ စိတ်ဆိုးမာန်ဆိုးနဲ့ ရက်ရက်စက်စက် နှိမ်တဲ့အနေမျိုးမလုပ်ဘူး၊ ကျေးသားကို ယုယုယယ ပွေ့ပိုက်ပြီးတော့ မေးတယ်၊ အမောင်ကျေးသား ....လယ်တွင်းမှာ သူတကာတွေနဲ့ အတူဆင်းပြီးတော့ စားသောက်တဲ့အပြင် စပါးနှံတွေ ကိုက်ချိ

ကိုက်ချီ ပြီးတော့ ပြန်သွားရတဲ့အကြောင်း ပြောစမ်းပါအုန်းတဲ့၊ သူများတွေ ဝ,သလို လယ်တွင်းမှာဆင်းပြီးတော့ စားရင်းနဲ့ မဝသေးလို့ ကိုက်ချီ ပြန်သွားပြီးတော့မှ လက်ပံပင်ထိပ်ဖျားမှာ ထပ်ပြီးတော့ စားရတာလား၊ တစ်အချက်မေးတယ်။

နှစ်အချက်က—သို့မဟုတ် ဒီက ကိုက်ချီပြီးသွားတဲ့ စပါးနှံတွေကို၊ ဟိုး....လက်ပံပင်ထိပ်ဖျားမှာ စပါးလှောင်ဘို့ရန် တိုက်တာ ကျီကျ ဘဏ္ဍာများ ရှိသလား....တဲ့၊ လှောင်ဘို့ရာ ယူသွားတာလား၊ နှစ်အချက်မေးတယ်။ သုံးအချက်က—သို့မဟုတ် ကျွန်ုပ်ရဲ့အပေါ်မှာ ငြိုးထားရန်ဖက် မုန်းမာန်ကွက်လို့ ပျက်မှပျက်စေ စိတ်အမျက်မပြေတာနဲ့ အခုနေမျိုးပြုတာလား၊ ဒီပုဏ္ဏားကြီး လယ်တွေ ပျက်မှပျက်စေတော့ကွာ ဆိုပြီးတော့ စပါးထွက်မှ နည်းစေတော့ဟ၊ စပါးတွေ အရနည်းစေတော့ဟ၊ ဒီပုဏ္ဏားကြီးစပါးတွေ တယ်ပြီးတော့ လယ်တွေ ကောက်ခင်းတွေ ပေါလှတယ်၊ စပါးထွက်မှ နည်းစေတော့၊ အခုကာလ စပါးဈေးကတန်, ဆန်ဈေးကတန်နဲ့ တစ်ခါတည်း ဒီ ပုဏ္ဏားကြီးတော့ စပါးအရနည်း၊ စပါးရောင်းရ ဆန်ရောင်းရ နည်းစေတော့လို့ဆိုပြီးတော့ ကျုပ်ရဲ့ ပစ္စည်းတွေ ဥစ္စာတွေ ပျက်စီးအောင်လို့ပြုတာလား....တဲ့။

**ကောင္ဒနုတတ္ထ ပူရေသိ. သုဝ ဝေရံ နုတေမယာ၊**
**ပုဋ္ဌော မေ သမ္မအက္ခာဟိ. ကုဟိံ သာလိံ နိဒါဟသိ။**

အထ–ထိုသို့မဟုတ်ရင်လည်း၊ သာလိံ–ဒီက ချီယူသွားတဲ့ ကောက်စပါးတွေကို။ ကုဟိံ–ဘယ်နေရာမှာ။ နိဒါဟသိ–သိုးမှီးမြှုပ်နှံ. သိမ်းဆည်းပြီးတော့ နေပါသလဲ။ အဲဒီလို ပုဏ္ဏားကြီးကမေးတော့ ကျေးသားက ပြန်ပြောတယ်—

**နမေ ဝေရံ တာယာသဒ္ဓိံ. ကောဋ္ဌော မယှံ နဝိဇ္ဇတိ၊**
**ဣဏံ မုဉ္စာမိ ဣဏံ ဒမ္မိ. သမ္ပတ္တော ကောဋသိမ္ဗလိံ။**

ကောသိယ–ကောသိယဟု နာမထင်ရှား အိုလယ်ရှင့်ပုဏ္ဏား။ မေ–ကျွန်ုပ်၏။ တယာ–လူမှပေါက်ဖွား လူ့ဇာတ်ရှိတဲ့အသင်လူသားနဲ့။ ဝေရံ–

ညှိုးထားရန်ဖက် မုန်းမာန်ကွက်၍ ပျက်မှုပျက်စေ စိတ်အမျက် မပြေတာနဲ့ အကျိုးမဲ့ပျက်စီးဘို့ရာ ပြုလုပ်တဲ့ ရန်ငြိုးရန်ဖက်ဆိုတဲ့ အမှုသည်လည်း။ နဝိဇ္ဇတိ-မရှိရုံးကေန် အမှန်ပင်ဖြစ်ပါ၏။ အရှင်ပုဏ္ဏား....တဲ့၊ ကျွန်ုပ်က တိရစ္ဆာန် အသင်ကလူသား၊ တိရစ္ဆာန် နဲ့လူသားလို့ဆိုတာဟာဖြင့် တစ်ယောက်နဲ့ တစ်ယောက် ရန်ညိုးရန်ဖက် ရှိဘို့ရာလည်းပဲ အင်မတန်ဝေးတဲ့ကိစ္စဖြစ်ပါတယ်၊ အရှင်ပုဏ္ဏားရဲ့ အပေါ်မှာ ကျုပ် ရန်ငြိုးရန်ဘက်ရှိလို့လဲ ဒီအလုပ်ကို လုပ်သည် မဟုတ်ပါ။

**ကောဋ္ဌေ မယှံ နဝိဇ္ဇတိ။** မယှံ-ကျွန်ုပ်မှာ။ ကောဋ္ဌေ-စပါး ထောင်သောင်း ကိန်းအောင်းလှောင်ထားဘို့ရာ တိုက်တာ ဘဏ္ဍာ ကျီကျဆိုတာ သည်လည်း။ နဝိဇ္ဇတိ-မရှိရုံးကေန် အမှန်ပင်ဖြစ်ပါ၏။ ကျွန်ုပ်တို့ တိရစ္ဆာန်ဖြစ်တဲ့ ကျေးသားများ၊ လက်ပံပင်ထိပ်ဖျားနေကြတာဖြစ်တော့ စပါးလှောင်ဘို့ရာတွက် ဂိုဒေါင်ဆိုတဲ့ တိုက်တာ ကျီကျ ဘဏ္ဍာများလည်း မရှိရုံးအမှန်ဖြစ်ပါတယ် အရှင်ပုဏ္ဏား၊ ဒါဖြင့် ကျွန်ုပ် ဘာပြုလို့ ဒီလိုစပါးနှံတွေကို ကိုက်ချီ ကိုက်ချီ ပြီးတော့ ပျံသွားရပါသလဲဆိုရင်ဖြင့်-

**ဣဏံ မုဉ္စာမိ ဣဏံ ဒမ္မိ သမ္ပတ္တော ကောဋသိမ္ဗလိံ။** ကောဋသိမ္ဗလိံ-ငှက်သံသောသော ဟောဟိုက လက်ပံတောကြီးဆီသို့၊ သမ္ပတ္တော-သလေးနှံသီး ရွေးကျန်စိ၍ ထိုဤရှာကောက် ချီကာ ရောက်ခဲ့သည်ရှိသော်၊ တတ္ထ-ထိုငှက်သံ သောသော လက်ပံတောကြီး၌။ ဣဏံမုဉ္စာမိ-ရှေးကတင်ဆောင်း ကြွေးအဟောင်း ကိုလည်း။ မုဉ္စာမိ-ကျေအေးဘို့ရာ ပေးဆပ်ရပါ၏။ ဣဏံဒမ္မိ-သနားစဖွယ် အားငယ်ငယ်နှင့် များကြွယ်ဆူဆူ ကြွေးအသစ်ချေးငှားလာသူ အပေါင်းကိုလည်း။ ဒမ္မိ-အတိုးအထ တန်ဘိုးကြွအောင် ဝေငှဖြန့်ခါ ပေးကမ်းရပါ၏။ နိဓိမ္ပိ- သလုံးမညှိုး နောင်အားကိုးဘို့ အကျိုးပြီးစီး ရတနာရွှေအိုးကြီးကိုလည်း။ နိဒဟာမိ- သိုမှီးသိမ်းထုပ် ကောင်းစွာလုပ်၍ မယုတ်ရစေ မြှုပ်နှံရပါပေ၏။ ကောသိယ- ကောသိယဟု နာမထင်ရှား အရှင်လယ်သမား ပုဏ္ဏား။ ဝံ-ဤကဲ့သို့လျှင်

ကြောင်းသုံးအင်ကြောင့် တွင်တွင်စပါး ချီသွားရတဲ့အကြောင်းကို။ ဇာနာပဟိ-သန္တာနကရ မေတ္တာမှုဖြင့် အမှုသင့်စွာ သိတော်မူလိုက်ရာပါသတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

အရှင်လယ်သမား ပုဏ္ဏားကြီး....တဲ့၊ ကျွန်ုပ် စပါးနှံတွေကို ကိုက်ချီကိုက်ချီပြီးတော့ ပျံသွားရခြင်းရဲ့ အကြောင်းဟာဖြင့် (၁) ကျွန်ုပ်အပေါ်မှာ တင်ရှိနေခဲ့တဲ့ ကြွေးဟောင်းကို ဆပ်ပေးဘို့ရာအတွက် ချီရပါတယ်၊ (၂) ဣဏမွိ-သနားစဖွယ် အားငယ်ငယ်နှင့်, များကြွယ်ဆူဆူ, ကြွေးသစ်ချေငှားလာသူ အပေါင်းကိုလည်းပဲ။ ဒမွိ-အတိုးအထ, တန်ဘိုးကြွအောင် ဝေငှဖြန့်ကာ ပေးကမ်းရပါ၏။ ကျုပ်ဆီကို လာပြီးတော့ ကြွေးသစ်တောင်းကြတဲ့သူတွေ ရှိပါတယ်....တဲ့၊ ကျုပ်နား ဝိုင်းပြီးတော့ လာကြပြီးတော့၊ သနားစဖွယ် အားငယ်ငယ်ဖြင့်, များကြွယ်ဆူဆူ ကြွေးအသစ်ချေးငှားလာတဲ့သူ အပေါင်းကိုလည်း၊ ကျုပ်တို့ကို ချေးပါအုန်း၊ ကျုပ်တို့ကိုပေးပါအုန်း၊ ကျုပ်တို့ကို ကြွေးသစ်ကလေး ချေးပါအုန်း နောင်တော့ ပြန်ဆပ်ပါ့မယ်လို့ဆိုပြီးတော့ လက်ဖြန့်ပြီးတော့ တောင်းကြ၊ ငိုကြွေးပြီးတော့ တောင်းကြ၊ ပူဆာပြီးတော့ တောင်းကြတဲ့၊ ကြွေးသစ်လာပြီးတော့ တောင်းကြတဲ့သူတွေကိုလည်း ကျုပ်က ကြွေးသစ်များ ပေးရပါတယ် အရှင်ပုဏ္ဏား....၊

နံပါတ် (၃)အလုပ်က နိဓိမွိ-သလုံးမညီး, နောင်အားကိုးဘို့ အကျိုးပြီးစီး. ရတနာရွှေအိုးကြီးကိုလည်း။ နိဒဟာမိ-သိမ်းသိမ်းထုပ် ကောင်းစွာလုပ်၍ မယုတ်ရစေ မြှုပ်နှံရပါ ပေ၏။ အဲ နောင်တစ်သက်လုံး အားကိုးဘို့ရာအတွက်ကို လည်းပဲ ရွှေအိုးကြီးများလည်းလုပ်ပြီးတော့ မြှုပ်ရပါတယ် အရှင်ပုဏ္ဏား .....၊ အဲဒီလိုအားဖြင့် ကြွေးဟောင်းကိုချေဘို့ရာ (၂) ကြွေးသစ်ကို ဝေဘို့ရာ၊ (၃) ရွှေအိုးမြှုပ်ဘို့ရာဆိုတဲ့ ဒီကိစ္စသုံးချက်ကြောင့် အရှင်ပုဏ္ဏားရဲ့ လယ်ထဲက ကောက်စပါးတွေကို ကျွန်ုပ်သည်....နေ့စဉ်နေ့စဉ် ခြေထောက်က တသီး. နှုတ်သီးကတစ်တန် ချီသယ် ချီသယ်ပြီးတော့ ပြန်သွားရတယ်ဆိုတဲ့ အကြောင်းကို၊ ကျုပ်အပေါ်မှာ သနားကရ မေတ္တာမှုနဲ့ သိတော်မူလိုက်ပါ

အရှင်ဘုရား….၊ ကျွန်ုပ်ကို ချမ်းသာ ပေးပြီးတော့ ဒီအကြောင်း ဒီအရေးကြောင့် ချိုးရ, သယ်ရတယ်ဆိုတာ သိတော်မူပါ အရှင်ဘုရား….လို့ ကျေးသားက ပြောတယ်၊

ပြောတော့ ဘုရားကြီးက အံ့ဩလို့….အမယ် အမောင်တို့ ကျေးသား တိရစ္ဆာန်များမှာလည်းပဲ ကျွေးဟောင်းချေဆပ်ရတယ်ဆိုတာ ရှိသလား….၊ ကြွေးသစ်လာပြီးတော့ ချေငှားကြတဲ့သူတွေကလည်း ရှိသလား….၊ ရွှေအိုး မြှုပ်ရတယ်ဆိုတာကော ရှိသလား….၊ အမောင်ကျေးသား ရှင်းစမ်းပါအုန်း…. ကြွေးဟောင်းချေရတယ်ဆိုတာ ဘာကိုပြောတာတုန်း၊ ကြွေးသစ်တွေ ဝေရတယ် ဆိုတာက ဘာကိုဆိုလိုတာတုန်း၊ ရွှေအိုးမြှုပ်တယ်ဆိုတာက ဘာကိုပြောလို တာတုန်း အမောင်ကျေးသား ရှင်းစမ်းပါအုန်း လင်းစမ်းပါအုန်းလို့ပြောတော့မှ၊ ကျေးသားလေးက ပြန်ပြောတယ်—

**မာတာပိတာစ မေ ဝုဍ္ဎိ, ဇိဏ္ဏကာ ဂတယောဗ္ဗနာ၊**
**တေသံ တုဏ္ဍေန ဟာတူန, မုဉ္စေ ပုဗ္ဗေကတံ ဣဏံ။**

အရှင်လယ်သမား ဘုရား…..တဲ့၊ ကျွန်ုပ်မှာ အသက်အရွယ် ယိုယွင်း၍ အိုမင်းရင့်ရော်ပြီးနေကြတဲ့ ကျွန်ုပ်ရဲ့ မွေးသမိခင် မွေးသဖခင် ကျေးဖိုးရှင်နှစ်ပါး တို့သည်၊ ဟိုလက်ပံပင်ထိပ်ဖျားက အသိုက်ထဲမှာ မသွားနိုင် မလာနိုင်, မပျံနိုင် မထနိုင်, ယိမ်းယိုင်ရိရော် သစ်သီးမှည့် ပျော်တာလို အိုမင်းရင့်ရော်ပြီးတော့ နေကြပါပြီ…တဲ့၊ ကျွန်ုပ်ရဲ့ အမေအို အဖေအိုတွေ ရှိကြပါတယ်၊ အဲဒီအမေအို အဖေအိုတို့သည် ကျွန်ုပ် ငယ်စဉ်တောင်ကျေး ကလေးကစပြီးတော့ ကျွန်ုပ်ကို အစာရေစာ ရှာဖွေကျွေးမွေးသုတ်သင် ပြုစုစောင့်ရှောက်ခဲ့လေသောကြောင့်၊ ကျွန်ုပ်က သူတို့ထံမှ ကြွေးယူပြီးတော့ စားခဲ့ရသလိုဖြစ်လေသောကြောင့်၊ ကျွန်ုပ် အပေါ်မှာ သူတို့ပြုထားခဲ့တဲ့ ကျေးဇူးတွေ၊ ကြွေးဟောင်းတွေ ရှိကြပါတယ်၊ အဲဒီကြွေးဟောင်းတွေကို ဆပ်သောအားဖြင့် မိခင်ဖခင် ကျေးဇူးရှင်၊ အတောင် ရှိသော်လည်း မပျံနိုင်, မျက်စိပါသော်လည်း မမြင်ရ, ခြေထောက်ပါသော်လည်း

မသန်ကြတော့တဲ့ မိအို ဖအို၊ အိုမင်းရင့်ရော်ပြီးတော့နေကြတဲ့ မိခင်ဖခင် ကျေးဖူးရှင်နှစ်ပါးကို လုပ်ကျွေးသမှု ကျွန်ုပ်ပြုရပါတယ် ....။

အဲဒီ မိခင်ဖခင် ကျေးဇူးရှင်နှစ်ပါး ကျွေးတုန့် မွေးတုန့်ပြန်တာကိုပဲ ရှေးရှေးသော ဘုရားပစ္စေကာ အရိယာအပေါင်း သူတော်ကောင်းကြီးတွေက ကျေးဇူးဟောင်းကိုဆပ်ခြင်း....လို့ တင်စားပြီးတော့ ကြွေးဟောင်းကိုဆပ်ခြင်းလို့ တင်စားတော်မူခဲ့ကြတာဖြစ်သောကြောင့် အဲဒီ အလောင်းတော် သူတော်ကောင်းကြီးတွေထုံး နှစ်လုံးမူပြီးသကာလ ကျွန်ုပ် ကြွေးဟောင်းချေတဲ့အနေနဲ့ မိဘတွေကိုလည်း ကျေးဇူးဆပ်ပါရတယ် အရှင်ပုဏ္ဏားး....၊ ဒီတော့ ပုဏ္ဏားကြီး သဘောကျသွားတယ်၊ အမယ် တော်လိုက်တဲ့ကျေးသားလေးပါလား ...၊ ကိုင်း ကြွေးသစ်ချတယ်ဆိုတာက ပြောပါအုန်း အမောင်ကျေးမင်း ....၊ ကြွေးသစ်ချတယ် ဆိုတာက ဘာတုန်းလို့ဆိုတော့—

**အဇာတပက္ခာ တရုဏာ. ပုတ္တကာ မယှံကောသိယ၊**
**တေ မံ ဘတာ ဘရိဿန္တိ. တသ္မာတေသံ ဣဏံ ဒဒေ။**

အဇာတပက္ခာတရုဏာ။ မေ—ကျွန်ုပ်၏။ အဇာတပက္ခာ—အမွေးအတောင် မပေါက်ကြကုန်သေးသော၊ (ဝါ)—အမွေးအတောင် ပေါက်သော်လည်း မစုံကြကုန်သေးသော။ (ဝါ)—အမွေးအတောင် မစုံကြကုန်သေးသောကြောင့် မပျံနိုင်ကြကုန်သေးသော။ တရုဏာ—ပျိုမြစ်နုနယ် ငယ်ရွယ်သေးသည်သာလျှင် ဖြစ်ကြကုန်သေးသော။ တရုဏာ—ဥတွင်းက ပေါက်စမို့ သေးငယ်ကြကုန်သေးသော။ ပုတ္တကာ—သားငယ်သမီးငယ်တို့သည်။ ဇာယန္တိ —အဲဒီလက်ပံပင်ထိပ်ဖျားမှာ ထင်ရှားမသေ ရှိနေကြပါပေကုန်၏။

အရှင်ပုဏ္ဏား....တဲ့၊ ကျွန်ုပ်ရဲ့ သားငယ်သမီးငယ်လေးတွေလည်း ရှိကြပါသေးတယ်၊ အဲဒီ သားငယ်သမီးငယ်လေးတွေဟာ ဥတွင်းက ပေါက်စမို့လို့ မထနိုင် မပျံနိုင်၊ ယိမ်းရိုင်ပြိုလဲ တကျိုကျို တတွဲတွဲနဲ့ ကျုပ် ဟောဒီကပြန်သွားလို့ လက်ပံပင်ထိပ်ဖျား နားလိုက်တယ်ဆိုရင်ပဲ နုတ်သီးလေးတွေ ပါးစပ်ကလေးတွေ ဟပြီးတော့ တကျိုကျို တကြွကြွနဲ့ တောင်းကြပါတယ်....တဲ့၊ အစာတောင်းကြ

ပါတယ်၊ အဲဒီလို အစာ တောင်းတာကလေးကိုပင် ဣဏာ-သနားစဖွယ်. အားငယ်ငယ်နှင့်, များကြွယ်ဆူဆူ ကြွေးအသစ် ချေငှားလာသူအပေါင်း ကိုလည်းပဲလို့ ရှေးသူတော်ကောင်းကြီးတွေက တင်စားပြီးတော့ ပြောခဲ့ပါတယ် ..... တဲ့၊ ဟော သားကလေးတွေ သမီးကလေးတွေက၊ ကျွန်ုပ်ရောက်သွားပြီ ဆိုမှဖြင့် ပါးစပ်ကလေးတွေ ဟပြီးတော့ အသိုက်ထဲကနေ ထပြီးတော့ တကျိကျိ တကျက်ကျက် မြည်ပြီးတော့ တောင်းကြပါတယ်၊ အဲဒီလို တောင်းကြတာ သည်ပင်လျှင် ကြွေးသစ်ကိုလာပြီးတော့ ချေးငှားတာနဲ့ တူပါတယ် အရှင်ပုဏ္ဏား....၊

ဒီတော့ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေလည်းပဲ သားကလေးတွေ သမီးကလေးတွေက ဒကာ-ဒကာမတွေ မပြောတတ်သေးရင်လဲ မပြောတတ်သေး သည့်အလျောက် အိပ်ယာထဲ ပက်လက်နေရတဲ့အရွယ်ပင် ဖြစ်လင့်ကစား အုဝဲအုဝဲနဲ့ငိုတော့ ဒကာ- ဒကာမတွေဆီကို ကြွေးသစ်ချေးတာခေါ်ပါတယ်။ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ ကလေးလေးတွေက ပုခက်ထဲကနေပြီးတော့၊ အိပ်ယာထဲ ကနေပြီးတော့ အုဝဲအုဝဲနဲ့ နို့မတောင်းကြဘူးလား ပရိသတ်? တောင်းပါတယ်ဘုရား။ အဲဒါ ကြွေးသစ်တောင်းနေတာ၊ ချေးပါ ကျွန်နော် တို့ကို ချေးပါ၊ ကျမတို့ကို ချေးပါ၊ နောင်တော့ ပြန်ဆပ်ပါ့မယ်၊ နို့ကလေး တိုက်ပါအမေရေ၊ နို့ကလေးတိုက်ပါအုန်း အမေရဲ့၊ ထမင်းလေး မုန့်ပဲသရေစာလေး ရှာကြွေးပါအုန်း အဖေရဲ့လို့ အုဝဲအုဝဲနဲ့ စကားမပြောတတ်သေးလို့ တောင်းကြတယ်။ နောက်ပြောတတ် ဆိုတတ်တဲ့အရွယ်ကျတော့ မေမေရေ နိုင်နိုင်, ဖေဖေရေ နိုင်နိုင်လို့ ပြောကြတယ်၊ ဒါ ကြွေးသစ်တောင်းနေတာပဲ၊ ကြွေးသစ်လာပြီးတော့ ချေးငှားနေတာ ....တဲ့၊

အာ ဒီကတစ်ဆင့်တက်လာတော့ ကျွန်တော့်ကို ဘာဝယ်ပေးပါအုန်း မေမေရဲ့၊ ကျမကို ဘာဝယ်ပေးပါအုန်း မေမေရဲ့၊ အစားအသောက်ကလေးတွေ တောင်း၊ မုန့်ဖိုးကလေးတွေ တောင်း၊ လုံချည် အင်္ကျီလေးတွေ တောင်း၊ နောက်တော့ စီးစရာဖိနပ်, ဆောင်းစရာထီး, ဦးထုပ်ကလေးတောင်း၊ ဒကာဦးအောင်ငွေ + ဒကာမဒေါ်လှသိန်းတို့ကို တောင်းစရာရှိတာတွေ သားတွေ

သွီးတွေက ပရိသတ်ကြီး မတောင်းဘူးလား? တောင်းပါတယ်ဘုရား။ ဒကာ-ဒကာမတွေလည်း သားတွေသွီးတွေ ရှိနေကြတာဆိုတော့ သားတွေသွီးတွေက ဟိုကပူဆာဒီကပူဆာ၊ ဟိုဟာတောင်း, ဒီဟာတောင်း မတောင်းကြဘူးလား? တောင်းပါတယ်ဘုရား။ ဂျိုင်းအင်္ကျီကလေးဝယ်ပေးပါအုန်း မေမေရဲ့၊ ဂျင်းအင်္ကျီလေး ဝယ်ပေးပါအုန်း အဖေရဲ့၊ အခုကာလပေါ်နေတဲ့ ဂျိုင်းတို့ ဂျင်းတို့တဲ့ ဦးထွန်းရီနော်၊ အဝတ်တွေ အမျိုးမျိုးတောင်းကြတယ်ပေါ့၊ ဒီတော့ တောင်းတော့ ဆင်ပေးကြရတယ်၊ ဝယ်ပေးကြရတယ်၊ အစာရေစာရှာပြီးတော့ ကျွေးကြရတယ်၊ ဆင်ပေးကြရတယ်၊

အဲဒါ ဘာလုပ်နေတာတုန်းဆိုတော့ ....ဣဏမွိ-သနားစဖွယ်, အားငယ်ငယ်နှင့်, များကြွယ်ဆုဆု, ကြွေးအသစ် ချေးငှားလာသူအပေါင်းကိုလည်း။။ ကြွေးအသစ်လာပြီးတော့ ချေးကြတာ....တဲ့၊ သားတွေသွီးတွေ မြေးတွေမြစ်တွေ တူတွေတူမတွေ၊ အဲဒါကိုလည်းပဲ မချေးပဲနေလို့ မရလို့ ဝတ်တရားကြီးရှိနေတာမို့လို့၊ ဣဏမွိ-သနားစဖွယ်, အားငယ်ငယ်နှင့်, များကြွယ်ဆုဆု, ကြွေးအသစ် ချေးငှားလာသူ အပေါင်းကိုလည်းပဲ။ ဒမွိ-အတိုးအထ, တန်ဘိုးကြွံ့, ဝေဖြန့်ကာ, ပေးကမ်းရပါ၏။ နောင် အတိုးအနေနဲ့ ရလိမ့်မယ်၊ နောင်ကျတော့ ဒီသားသွီးတွေက ပြန်ပြီးတော့ ပြုစုဖော်ရလိမ့်မယ်၊ စောင့်ရှောက်ဖော် ရလိမ့်မယ်၊ ပြုစုဖော်ရလိမ့်မယ်၊ ကျွေးတုန့် မွေးတုန့် ပြန်လိမ့်မယ်လို့ ဆိုပြီးတော့ ကျွေးကြ, မွေးကြ, ပေးကြ, ကမ်းကြရတယ်.....တဲ့၊ အဲဒီလိုပဲ ကျွန်တော်မျိုးလည်းပဲ ကျွန်တော့်ရဲ့သားလေးတွေ သွီးလေးတွေက တောင်းကြ, ရမ်းကြရတာတွေကို ကျွန်တော် ပေးရပါတယ်၊ ကြွေးချတဲ့အနေနဲ့ ဝေရပါတယ်၊ ဒီတော့ သားသွီး မြေးမြစ် ပြုစု လုပ်ကျွေးတာ ကြွေးသစ်ချတာပဲ၊ ဒီတော့ ပုဏ္ဏားကြီး သဘောကျသွားတယ်၊ ကောင်းပြီ ဒီလိုဆိုရင် နှစ်ချက်တော့ သဘောကျပါပြီ အမောင် ကျေးသား၊ အေး ရွှေအိုးမြှုပ်တယ်ဆိုတာက ဘာကိုဆိုလိုတာတုန်းလို့ မေးတော့-

**အညေပိ တတ္ထ သကုဏာ, ဓိဏာပက္ခာ သုဒုဗ္ဗလာ၊**
**တေသံ ပုညတ္ထိကော ဒမ္မိ, တံနိဓိံ အာဟု ပဏ္ဍိတာ။**

အရှင်ပုဏ္ဏား.....တဲ့၊ အဲဒီလက်ပံပင်ထိပ်ဖျား အသိုက်တွေ ကြားမှာ ကျွန်ုပ်ရဲ့ မိခင်ဖခင် ကျေးဖူးရှင်လည်းမဟုတ်ကြ၊ ကျွန်ုပ်ရဲ့ သားငယ်သမီးငယ် မြေးမြစ် တူသားနောင်မယ်လည်း မဟုတ်ကြတဲ့၊ ဇရာဒုဗ္ဗလဖြင့် အားနည်း ပြီးတော့နေကြလို့ သားထောက်သမီးခံ, မြေးထောက်မြေးခံ အခြွေအရံမရှိကြတဲ့၊ တစ်ကောင်ကြွက် တစ်မျက်နှာ ဖြစ်နေကြတဲ့ ကျေးအို ကျေးမင်းတွေလည်း ရှိကြပါသေးတယ်တဲ့၊ အတောင်ရှိသော်လည်း မပျံနိုင်၊ ခြေထောက်ရှိသော်လည်း မသွားနိုင်၊ မျက်စိနှစ်လုံးပါသော်လည်း မမြင်ကြရပဲနဲ့၊ အိုမင်းရင့်ရော်ပြီးတော့ နေကြတဲ့ မိဘမှတစ်ပါး သားသမီးမှတစ်ပါးဖြစ်ကြတဲ့ ကျေးတသင်းလည်း ရှိကြပါသေးတယ်၊ အဲဒီ မိမိနဲ့မဆိုင်တဲ့ တစ်ပါးသောကျေးသားတွေကိုလည်းပဲ အစာရေစာ ပိုလျှံတဲ့အစာရေစာ ရှာဖွေကျွေးမွေးခြင်းဖြင့် သံသရာစခန်း မင်္ဂလမ်းကြီးဖောက်သလို၊ မင်္ဂလမ်းကြီးထွင်သလို, ဖိုလ်လမ်းကြီးထွင်သလို၊ သံသရာစခန်း မင်္ဂလမ်းဖောက်သလို၊ ဖိုလ်လမ်း ဖောက်သလို ရတနာရွှေအိုး ကြီးများ မြှုပ်သလို လုပ်တဲ့အနေနဲ့ လှူဒါန်းပေးကမ်း စွန့်ကြဲခြင်းအမှုကိုလည်း ပြုရပါတယ် အရှင်ပုဏ္ဏား....၊

**တံ နိဓိံ အာဟု ပဏ္ဍိတာ။** တံ-ထိုကဲ့သို့ အမေအဖေမဟုတ်, သား သမီး မြေးမြစ်မဟုတ်, ဆွေသားမျိုးသားမဟုတ်တဲ့ တစ်ပါးသောပုဂ္ဂိုလ်တွေ အလှူခံပုဂ္ဂိုလ်၊ လိုအပ်နေတဲ့ပုဂ္ဂိုလ်တွေကို စွန့်ကြဲပေးကမ်း လှူဒါန်းဝေငှ မျှတပူဇော်ခြင်းဆိုတဲ့အမှုကို ပြုလုပ်ခြင်းကို၊ နိဓိံ-အရိပ်ပမာ သွားရာပါ၍ ချမ်းသာဆောင်ပို့ ရတနာရွှေအိုးကြီး မြှုပ်နှံခြင်းဟူ၍။ အာဟု-ဂင်္ဂါဝါလု သဲစုအတူ ပွင့်တော်မူပြီး ဆုဆုဘုရားတို့က, လေးစားကြည်ဖြူ မိန့်မြွက်တော်မူကြပါ ပေကုန်သတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

အဲဒီလိုအားဖြင့် မိဘမှတစ်ပါး, သားသမီးမှတစ်ပါး ကျေးသား တွေကိုလည်းပဲ ကျွန်ုပ် တတ်စွမ်းသမျှ ကျွေးမွေးညှော်ခံ ပူဇော်သမှုကို ပြုရပါတယ် အရှင်ပုဏ္ဏား.....၊ အဲဒီလိုပြုတာကိုတော့ ရွှေအိုးကြီးများ မြှုပ်နှံတယ်လို့

ရှေးသူတော်ကောင်းတို့ စကားရှိတဲ့အတိုင်း ကျွန်ုပ် ရတနာရွှေအိုး မြှုပ်တဲ့အလုပ်ကို လုပ်ရပါတယ် အရှင်ပုဏ္ဏားလို့ အဖြေပေးလိုက်တော့ ပုဏ္ဏားကြီး အင်မတန် သဘောကျသွားတယ်၊ အင်မတန် သဘောကျသွားပြီးတော့ ပုဏ္ဏားကြီးက ဘာပြောတုန်းလို့ဆိုတော့—

**ဘဒ္ဒကော ဝတ ’ယံ ပက္ခီ ဒိဇော ပရမ ဓမ္မိကော၊**
**ကေစ္စေသု မနုဿေသု အယံ ဓမ္မော နဝိဇ္ဇတိ။**

အယံပက္ခီ–ဤတိရစ္ဆာန်မျိုးဇာတ်မှဖြစ်တဲ့ ဤငှက်သည်။ ပရမ ဓမ္မိကော– အင်မတန် တရားနှဲပြည့်ဝသည်ဖြစ်၍။ ဘဒ္ဒကောဝတ–အလွန် သူတော်ကောင်း ဖြစ်တဲ့ ငှက်ပါပေတကား။ ကြည့်ပါအုန်း အမျိုးဇာတ်ကတော့ တိရစ္ဆာန်မျိုးဇာတ်၊ တိရစ္ဆာန်မျိုးဇာတ်ပင်ဖြစ်သော်လည်းပဲ သူလုပ်နေတဲ့အလုပ်တွေက အင်မတန် တရားပြည့်ဝ တရားနဲ့ကိုက်ညီတဲ့ အလုပ်တွေကို လုပ်နေတာမို့လို့ အင်မတန် သူတော်ကောင်းတဲ့ ငှက်ပါလား၊ သူတော်ကောင်း ငှက်ပါလား .....။

**ကေစ္စေသု မနုဿေသု အယံဓမ္မော နဝိဇ္ဇတိ။** ကေစ္စေသု မနုဿေသု–ဒို့လူ့ပြည်က လူသားလို့ ဆိုတဲ့ အချို့သောလူအများရဲ့ သန္တာန်မှာပင်၊ အယံဓမ္မော–ဤတိရစ္ဆာန်ဖြစ်တဲ့ငှက် ပြုလုပ်အားထုတ်နေတဲ့ ဒီအလုပ် သုံးလုပ်မျိုးသည်။ နဝိဇ္ဇတိ–မရှိရိုးကေန် အမှန်ပင်ဖြစ်ပြီးတော့နေတာ တွေ့ရပါတကား။ ကြည့်ပါအုန်း တိရစ္ဆာန်က တရားနဲ့ညီ၊ တရားနဲ့ပြည့်ဝ၊ ဒို့လူလောက ထဲမှာ မြင့်မြတ်ပါတယ်ဆိုတဲ့ လူသားတွေဖြစ်နေတဲ့ လူတွေမှာပင်လျှင်၊ တချို့လူတွေ ဒီတရားမျိုး ကင်းပြီးနေတာ တွေ့ရပါလား ....၊

လူသားဖြစ်နေပါလျက် ဒီအချက် (၃)ချက် မပြည့်စုံတဲ့လူတွေ တွေ့နေရ ပါလားလို့ ပုဏ္ဏားကြီးက တိရစ္ဆာန်နဲ့လူ နှိုင်းယှဉ်ပြီးတော့ ဂုဏ်တင်ပြီးတော့ ချီးကျူးနေတယ်၊ တိရစ္ဆာန်လောက်တောင်မှ မသိတတ်တဲ့လူတွေ လောကထဲ ရှိပါလား၊ တိရစ္ဆာန်လောက်မှ မလိမ္မာတဲ့လူတွေ လောကထဲ ရှိပါလား ....၊ တိရစ္ဆာန်လောက်မှ မလိမ္မာတဲ့၊ တိရစ္ဆာန်လောက် မသိတတ်တဲ့၊ တိရစ္ဆာန်

လောက်မှ နားမလည်တဲ့လူတွေ လောကကြီးထဲ ရှိပါသေးသလားလို့ ပုဏ္ဏားကြီးက တိရစ္ဆာန်နဲ့လူ ယှဉ်ပြီးတော့ ဆင်ခြင်မိသကိုး....ဟုတ်လဲဟုတ်တာပဲ လူဖြစ်နေပေမယ့်လို့ တိရစ္ဆာန်လောက်မှ မသိတတ်တဲ့လူတွေ လောကမှာ ရှိကြတယ်၊ လူတော့ဟုတ်ပါရဲ့၊ ကျေးဇူးတုံ့ပြန်ဆပ်ရမယ့် ကြွေးဟောင်းကိုလည်း မချေချင်ဘူး၊ အခု ဒီကျေးကလေးက ကြွေးဟောင်းဆပ်တဲ့အနေနဲ့ မိဘတွေကို ကျေးဇူး ဆပ်တယ်....၊ ဒို့လူလောကထဲမှာ လူသားလို့ခေါ်ပြီးတော့ လူဘဝက မွေး၊ လူကမွေးဖွား၊ လူကပေါက်ဖွားလာတဲ့ လူသားဖြစ်ပါရဲ့သားနဲ့ မိဘကျေးဇူး မကျေတဲ့လူတွေ လောကမှာ ရှိနေကြပါလား.....၊

အဲဒီ လူတွေဟာဖြင့် တိရစ္ဆာန်လောက်မှ မလိမ္မာတဲ့သူတွေ, တိရစ္ဆာန်လောက်မှ အသိဉာဏ်မရှိတဲ့သူတွေ, တိရစ္ဆာန်လောက်မှ မပါးနပ်တဲ့သူတွေ ဖြစ်နေကြပြီ၊ ပုဏ္ဏားကြီးကပြောနေတာ ဘုန်းကြီးကပြောတာ မဟုတ်ဘူး ဦးထွန်းရီ.....နော်၊ ပုဏ္ဏားကြီးကကြိမ်းနေတာ တိရစ္ဆာန်လောက်မှ မသိတတ်တဲ့ ကောင်တွေ, တိရစ္ဆာန်လောက်မှ မသိတတ်တဲ့လူတွေ, ဒို့လူတွေထဲမှာ ရှိပါလား၊ ဟုတ်တယ်လေ ပုဏ္ဏားကြီးပြော, ပြောချင်စရာပဲ၊ တချို့ သားတွေသမီးတွေက အမေတွေ အဖေတွေ သူတို့ငယ်စဉ်တောင်ကျေး အကလေးကစ....ပြီး နို့ချို တိုက်ကျွေး, မုန့်ပဲ သွားရေစာ ရှာဖွေကျွေး, လုပ်ကျွေး, ပြုစုစောင့်ရှောက်ပြီး တော့လာ၊ အတတ်ပညာတွေသင်ပေး၊ နောက်တော့မှ အရင်းအနှီးတွေထုပ်ပေးနဲ့ လူလားမြောက်အောင် စောင့်ရှောက်ခဲ့ရသော်လည်း၊ သားသမီးဆိုတဲ့ လူသား တွေဟာ သူတို့ အိုးလေးအိမ်လေးနဲ့ သူတို့ပစ္စည်းဖြစ်ပြီဆိုမှဖြင့် အမေတွေ အဖေတွေ ပြုစုလုပ်ကျွေးဘို့အရေးကြတော့ တွက်ကပ်ချင်ကြတယ်၊ တစ်ယောက်နဲ့ တစ်ယောက် အလုည့်ချချင် ကြတယ်၊

**နစ်ယောက်သာဖြစ်တဲ့ အမေ အဖေက (၁၀)ယောက်လောက် ဖြစ်တဲ့ သားသမီးကို ဝအောင်ရှာပြီးတော့ ကျွေးနိုင်ခဲ့သော်လည်း၊ အဝတ် အဆင်တွေချမ်းသာအောင် ဆင်ပြီးတော့ ပေးနိုင်ခဲ့သော်လည်း၊ (၁၀) ယောက်လောက်ဖြစ်တဲ့ သားသမီးက နစ်ယောက်သာဖြစ်တဲ့ အမေအို အဖေအိုကို**ကျတော့ **ဝအောင်မကျွေးချင်ကြ၊ လှအောင်မထားချင်ကြ၊**

သူ့အိမ်တော့မသွားဘူး, ငါ့အိမ်ချည်းလာတယ်၊ ဟိုသားအိမ်တော့ မသွားဘူး. ဒီသမီးအိမ်ချည်းလာတယ်၊ အမေအဖေကနည်းနည်း အိုမင်းမစွမ်းဖြစ်ပြီ၊ ရစရာ ပြုစရာလည်းတယ်ပြီးတော့ မမြင်တော့ဘူး အမွေလေး ဘာလေးကလဲ ရစရာ မရှိတော့ဘူးဆိုမှဖြင့် သားတွေသမီးတွေက သူ့အိုး, သူ့အိမ်ကလေးနဲ့ ဖြစ်လာပြီဆိုရင် တွက်ကပ်ချင်ကြတယ်.....တဲ့၊ တွက်ကပ်ချင်ကြတယ်။ အမေအဖေပစ္စည်းကျတော့ သုံးလားစွဲလား၊ သားသမီးပစ္စည်းကျတော့ မူတင်းပဲတင်း, အမေအို အဖေအို ကိုယ့်အိမ် လာမှာကို စိုးနေတယ်၊ ကိုယ့်အိမ်ဝင်မှာကို စိုးနေတယ်၊ **"မိဘ နောက်ယှက် သားသမက်တဲ့ မိဘညှိုးရှု ချွေးမပူတဲ့"**၊ မကြည်ဖြူချင်တော့ သူတို့ရောပါပြီးတော့ ကိုယ့်အိမ် လာမှာစိုး, မလာစေချင်၊ ကိုယ်က ပြုစုရမှာစိုး၊ မပြုစုချင်၊ အမေအဖေ ကိုယ့်အိမ်ပြန်ပြီးတော့ မှီခိုကပ်ရပ်နေရင် ဝန်လေးတယ်လို့ထင်၊ ဒီအမေအဖေကပဲ ဒီသားသမီးတွေကို ဝန်လေးမှန်းမသိ, ဝန်ထုပ်ကြီးမှန်းမသိ. ထမ်းခဲ့ရတဲ့ အမေ အဖေကို ကိုယ့်က ပြန်ထမ်းတော့ လေးတယ်ထင်၊ ဒါ့ကြောင့် စာကဆိုတယ်—

သမုဒ္ဒရာကြီးထဲမှာ အင်မတန်မြောက်များတဲ့ ရေတွေကို မြင်ရငြား သော်လည်းပဲ သောက်သုံးရန် ရေချိုတစ်ခွက်ရဘို့ရန် ခက်တယ်....တဲ့၊ သမုဒ္ဒရာကြီးထဲမှာ ပရိသတ်ကြီး သမုဒ္ဒရာကြီးထဲ ရေတွေတော့ မများဘူးလား? များပါတယ်ဘုရား။ သို့သော် သောက်ဖို့ သုံးဖို့ ရေချိုတစ်ခွက်ကိုတော့ ရဖို့မခက် ဘူးလား? ခက်ပါတယ်ဘုရား။ သမုဒ္ဒရာထဲ ရေတွေတော့ ဘယ်ကြည့်လိုက် ကြည့်လိုက် ရေတွေပြည့်လို့ ဘယ်နား သောက်မြည်းကြည့်ကြည့် ငံကြွက်ကြွက်၊ ဘယ်နားရေ ကောက်ပြီးတော့ သောက်ကြည့်ကြည့် ငံကြွက်ကြွက်၊ ဒါကြောင့် သမုဒ္ဒရာထဲမှာ အင်မတန် မြောက်များလှစွာသောရေတွေကို တွေ့ရသော်လည်း၊ သောက်သုံးရန် ရေချိုတစ်ခွက်ရဘို့ရန် ခက်သလိုပဲတဲ့၊ သားတွေသမီးတွေ မြောက်များစွာ ပေါက်ဖွားပြီးတော့ ထားကြရငြားသော်လည်းပဲ၊ ဝတ်တရား ကျေကျေ တာဝန်သိသိနဲ့ပြန်ပြီးတော့ ကျေးဇူးသိတတ်တဲ့ သားလိမ္မာ သမီးလိမ္မာကို ကြတော့ ရဘို့ခဲရင်းတယ်.....တဲ့၊ ရဘို့ခက်တယ်။

## သား(၄)ယောက်ဖခင် ပုဏ္ဏားကြီး

ဘုန်းကြီးတို့ မြတ်စွာဘုရားရှင် လက်ထက်က သာဝတ္ထိမြို့မှာ၊ **ပုဏ္ဏားကြီးတစ်ယောက်** ပစ္စည်းဥစ္စာ (၈) သိန်းလောက် ကြွယ်ဝတယ်၊ အဲဒီ (၈) သိန်းလောက်ကြွယ်ဝတဲ့ ပုဏ္ဏားက၊ နောက်တော့ ဇနီး ပုဏ္ဏေးကတော်ကြီး ကလည်းသေသွား၊ သားလေးယောက်ကျန်ရစ်၊ စောစောတုန်းက အဲဒီ သားလေးယောက်ကို အိုးအိမ်ထူထောင်ပေးပြီးတော့ တစ်သိန်းစီ တစ်သိန်းစီ အမွေပေးပြီး၊ အဲဒါ လေးသိန်းသူ့ဆီမှာ ပစ္စည်းကျန်တယ်၊ အဲဒီပစ္စည်းလေးသိန်း ကျန်တော့ သားလေးယောက်က အဖေရာ ခင်ဗျား ကျုပ်တို့သားတွေဆီ ကျန်တဲ့လေးသိန်းလည်း ဝေပေးပါ၊ အဖေလည်းပဲ ဘာမှလုပ်နိုင်ကိုင်နိုင်တာမှ မဟုတ်တော့ပဲနဲ့ ကျွန်တော်တို့က အဖေ့ကို ကျွေးမှာပေါ့၊ ဟိုသားအိမ် တစ်လှည့် ဒီသားအိမ် တစ်လှည့်၊ အဖေ စားသောက်ပြီးတော့ နေပေါ့လို့ ပြောလွန်း မကပြောတော့ သားတွေရဲ့စကားကိုယုံပြီး အဖေလုပ်တဲ့သူက ကျန်တဲ့ငွေ (၄) သိန်းကို အမွေခွဲပြီးတော့ ပေးလိုက်တယ်၊

အဲဒီလို အမွေခွဲပေးလိုက်လို့ အမွေလည်းရသွားရော ပုဏ္ဏားကြီးက အားကိုးအားထားနဲ့ ကိုင်း သားကြီးအိမ် သွားပြီးတော့ စားသောက်ပြီး နေမယ်ဆိုပြီးတော့ သွားနေ၊ တစ်လလောက်တော့ ကြည်ကြည်ဖြူဖြူရှိသေး၊ အဲ တစ်လ လောက်ကလည်းကျော်လာရော၊ ချွေးမက နဲနဲသောင့်သောင့် အောင့်အောင့်ဖြစ်လာ၊ ထမင်းပြင်ကျွေးရတာ သောင့်သောင့်အောင့်အောင့်ဖြစ်၊ လုပ်တာကိုင်တာ မကျေမချမ်းနဲ့အမူယာတွေပြ၊ အဲဒီလိုနဲ့ ချွေးမက မကြည်ဖြူ၊ ချွေးမကမကြည်ဖြူတာကို သားသိအောင်လို့ အရိပ်အခြည်ပြတော့လည်း သားကလည်းပဲ တသဘောတည်းဖြစ်နေဟော့ ကိုင်း မဖြစ်ပါဘူး သားလတ်အိမ် ပြောင်းမှပဲဆိုပြီးတော့ သားလတ်အိမ်ပြောင်း သားလတ်အိမ်ရောက်တော့လည်း နဲနဲကြာလာတယ်ဆိုရင်ပဲ၊ မကြည်မသာတွေဖြစ်လာ, အရိပ်အရောင်တွေ

---

• ပရိဇိဏ္ဏဗြာဟ္မဏဝတ္ထု-ဓမ္မ-ဋ္ဌ-၂/၃၁၁

ပြလာတော့၊ နောက် တတိယသားငယ်အိမ်ပြောင်း ဒီလိုဖြစ်နေ၊ နောက် သားထွေးအိမ်ပြောင်း ဘယ်သားအိမ်ကမှ ကြည်ကြည်ဖြူဖြူရှိတာ မတွေ့ရတော့ ပုဏ္ဏားကြီးက ပြောရှာတယ်–

*** ယေဟိ ဇာတေဟိ နန္ဒိဿံ, ယေသဉ္စ ဘဝမိစ္ဆိသံ၊**
**တေ မံ ဒါရေဟိ သံပုစ္ဆ, သာဝ ဝါရေန္တိ သူကရံ။**
**(တေ မံ ဃရာ နိစ္ဆုဘန္တိ. ဇာတံ သရဏတော ဘယံ)။**

ယေဟိဇာတေဟိ–သားတို့ရုပ်ရည် သီတာမည်သား, ရေကြည် ချမ်းမြ. တစ်ပေါက်ကျက, မိဘတို့ဝမ်း, ငြိမ်းစတမ်းဟု, ကျမ်း၌ထင်ရှား. အကြင်သား တို့ဖြင့်လည်း။ နန္ဒိဿံ–ကြီးလျှင်တသွယ်, ငယ်လျှင်တစ်မျိုး, အမျိုးမျိုး အချစ် မပျက်နိုင်ပဲ, နှစ်သက်ရွှင်လန်း ဝမ်းမြောက်ခဲ့ရပါပေ၏။ ယေသံစ–ရင်သွေးဟူက, ချစ်မဝမို့ လောကအားလုံး, သားသွီးကို မှန်းသည်ဟူ၍, ထုံးစံမရှိ အသိထင်ရှား အကြင်သားတို့၏လည်း။ ဘဝံ–ဥစ္စာစည်းစိမ်, ငြိုးထိန်ပြိုးပျက်, တန်ခိုးထွက်ဘို့ အကျိုးငှာ။ ဣစ္ဆိသံ–စိတ်ကနှိုးဆော် တကျော်ကျော်ဖြင့်, အလောတကြီး, အလိုရှိခဲ့ရပါပေ၏။ ဒီသားတွေနဲ့ ငါ့မှာ ငယ်ငယ်တုန်းက ရွှင်လန်းဝမ်းမြောက် ပြီးတော့ နေခဲ့ရတယ်....၊ ဒီသားတွေရဲ့ ကြီးပွားရေး စီးပွားရေးတွေ ငါ့မှာ ရှာလိုက်ရတာ၊ ဘယ်သားဖြင့် ပညာရေးနောက်ကျနေရစ်လိမ့်မယ်၊ ဘယ်သွီးဖြင့် ပညာရေးနောက်ကျနေရစ်လိမ့်မယ်၊ ပညာရေးတွေ နောက်မကျဘို့ စီးပွားရေးတွေ နောက်မကျဘို့၊ အောက်မကျဘို့ ဆိုပြီးတော့ ငါ့မှာ အမျိုးမျိုးကြံရ၊ စဉ်းစားရ၊ သူတို့အရေးစဉ်းစားနေရတာနဲ့ တရားဘက်တောင် အချိန်ပေးနေးခဲ့ရတယ် ....။

ယေသံစ–သားတို့ရုပ်ရည်, သီတာမည်သား ရေကြည်ချမ်းမြ တစ်ပေါက် ကျက မိဘတို့ဝမ်း ငြိမ်းစဝမ်းဟု ကျမ်း၌ထင်ရှား အကြင်သားတို့၏လည်း။ ဘဝံ–ဥစ္စာစည်းစိမ် ငြိုးထိန်ပြိုးပျက် တန်ခိုးထွက်ဘို့အကျိုးငှာ။ ဣစ္ဆိသံ–စိတ်က နှိုးဆော် တကျော်ကျော်ဖြင့်အလောတကြီး အလိုရှိခဲ့ရပါပေ၏။ တေ– မချစ်မမုန်း

---

• သံ–၁/၁၇၈။ ဓမ္မ–၄–၂/၃၁၂။

အနှစ်တုံးရယ်လို့ အချစ်ဆုံးချစ်ခဲ့ရတဲ့ ထိုသားတို့သည်။ မံ–အိုမင်းကုန်းကွ အသုံးမကျသမို့ မုန်းစရာထင်တဲ့ ငါအဖေအိုကြီးကို။ ဃရာ–သူတို့စည်းစိမ် သူတို့အိမ်မှ။ နိစ္ဆုရန္တိ–မမြင်ချင်အဟုတ် တမင်ရှုပ်တယ်လို့ နှင်ထုတ်မောင်းချကြ လေကုန်၏။

ငါကတော့ ဒီသားတွေနဲ့ တစ်သက်လုံး နေသွားပြီးတော့ ချမ်းချမ်းသာသာ ကြည်ကြည်ဖြူဖြူနဲ့ နေရလိမ့်မယ်လို့ အထင်ရောက်ခဲ့တဲ့ သားတွေက ငါ့ရဲ့ အနှစ်တုံး အချစ်ဆုံးလို့ ငါထင်ခဲ့တဲ့သားတွေက ငါ့ကို မောင်းချပြီးတော့နေကြပြီ ....၊ မကြည်မဖြူကြဘူးဆိုရင်ဖြင့် ဒါ ငါ့ကို နှင်ထုတ်ကြတာပဲ၊ မောင်းချကြတာပဲ။ တေ–မချစ်မမုန်း အနှစ်တုံးရယ်လို့ အချစ်ဆုံးချစ်ခဲ့တဲ့ ထိုသားတို့သည်။ မံ–အိုမင်းကုန်းကွ အသုံးမကျသမို့ မုန်းစရာထင်တဲ့ ငါ အဖေအိုကြီးကို။ နိစ္ဆု ရန္တိ–မမြင်ချင်အဟုတ် တမင်ရှုတ်တယ်လို့ နှင်ထုတ်မောင်းချ၍ နေကြလေကုန်၏။ သရဏာတော–အားကိုးစရာအစစ်ဖြစ်လိမ့်မယ်လို့ အထင်ရောက်ခဲ့တဲ့ သားအပေါင်း မှ။ ဘယံ–မမြင်ချင်အဟုတ် တမင်ရှုပ်တယ်လို့ နှင်ထုတ်မောင်းချတဲ့ ဘေးကြီး သည်၊ ဇာတံ–မတရားအမျိုး သားအဆိုးမို့ အားကိုးမိမှားပါပေါ့ ဖြစ်ပွားပေါ်ပေါက်၍ လာရပါပေတကား.....။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

အဲဒီလို ကျေးဇူးကိုမသိတတ်တဲ့ သားဆိုးသားမိုက်တွေကြောင့် လူယုတ် လူညံ့တွေဖြစ်တဲ့ သားဆိုးသားမိုက်တွေကြောင့်၊ တိရစ္ဆာန်လောက်မှ မသိတတ် ကြတဲ့ သားဆိုးသားမိုက်တွေကြောင့်၊ ပုဏ္ဏားကြီး ဒုက္ခဖြစ်ပြီးတော့ တောင်ဝှေး တစ်ချောင်းနဲ့ ထွက်လာခဲ့ရတယ်၊ ထွက်လာခဲ့ပြီး သူက ဘယ်လိုကြံလိုက်တုန်း ဆိုတော့ ကိုင်း....သားတွေကမှ မကျေနပ်၊ ချွေးမတွေကမှ မကျေနပ်၊ မြေးတွေ မြစ်တွေကမှ မကျေနပ်လို့ရှိရင်ဖြင့် ငါ့လက်ထဲမှာလည်းပဲ ပစ္စည်းဥစ္စာ တစ်ခုမှ မရှိတော့တဲ့အချိန်၊ ရဟန်းဂေါတမထံ အားကိုးရတော့မှာပဲ....လို့ ဟော ဘုရားရှင် ကိုယ်တော်မြတ်ကြီးသတိရတယ် သူက၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး သတိရပြီးတော့ ရဟန်းဂေါတမကျောင်း သွားမှပဲဆိုပြီးတော့ ဘုရားထံမှောက် ရောက်လာတယ်၊

ဘုရားထံမှောက်ရောက်လာပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးနဲ့တွေ့၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးနဲ့တွေ့လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးထံမှောက် ရောက်တယ်ဆိုရင်ပဲ ဘုရားရှင်ကိုယ်တော်မြတ်က အကျိုးအကြောင်းမေးတော့ သူ့ရဲ့ ဖြစ်ကြောင်းကုန်စင် အကုန်လုံး ပြန်ပြီးတော့ ပုဏ္ဏားကြီး ပြောပြ၊ ပြောပြတော့မှ မြတ်စွာဘုရားက ခုနစကားလေးပြောတယ်၊ ပုဏ္ဏား သမုဒ္ဒရာကြီး ထဲမှာ အင်မတန် ပြောက်များတဲ့ရေတွေကို တွေ့နေရသော်လည်း၊ သောက်သုံးရန် ရေချိုတစ်ခွက်ကို ရဘို့ရန်ခက်သလိုပဲ....တဲ့၊

သားသမီးတွေ မြောက်များစွာ ပေါက်ဖွား မွေးဖွားပြီးတော့ ထားသော် လည်းပဲ လိမ္မာရေခြားရှိတဲ့ ဝတ်တရားသိတဲ့ သားတစ်ယောက်ကို ရဘို့ရန်၊ သမီးတစ်ယောက်ကိုရဘို့ရန် ခက်တယ်၊ အခု သင့်မှာ လက်ထဲမှာ ကိုင်ထားတဲ့ တောင်ဝှေးလောက်မှ သင့်သားလေးယောက်တို့ အားမကိုးရဘူး၊ ချစ်သား ....လို့ လက်ထဲကိုင်ထားတဲ့ တောင်ဝှေးလောက်တောင်မှ အားမကိုးရတော့ဘူးလို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ပြောလိုက်တော့ ပုဏ္ဏားကြီး သိပ်သဘောပေါက် သွားတယ်၊ ဟုတ်တယ်....၊ ငါ့လက်ထဲ ကိုင်ထားတဲ့ တောင်ဝှေးကမှ ငါ့ကို ဘေးယှိုင်သွားရင် မတ်ပေးဖော် ရသေးတယ်၊ စောင်းသွားလို့ရှိရင် တည့်ပေးဖော် ရသေးတယ်၊ မွေးထားတဲ့ သားလေးယောက်ကဖြင့် ငါ့ကိုလာပြီးတော့ ပြန်ပြီးတော့ စောင့်ရှောက်တဲ့သူ တစ်ယောက်မှမရှိပါလားလို့ဆိုပြီး ဘုရားရှေ့မှာ၊ တောင်ဝှေး လောက်ပင်လျှင် တပည့်တော် အားကိုးစရာ, အားထားစရာ ရှိပါတော့တယ် ဘုရား....လို့ဆိုတော့၊

မြတ်စွာဘုရားက အေး အဲဒီတောင်ဝှေးထက် အားကိုးရတဲ့တရားကို ငါဘုရားက ဟောမယ်ဆိုပြီး ပုဏ္ဏားကြီးကို ဝိပဿနာဉာဏ် တောင်ဝှေး ပေးမယ်ဆိုပြီးတော့၊ ကိုင်း ပုဏ္ဏားကြီး....၊ တောင်ဝှေးကိုထောက်ပြီးတော့ ဟောဒီစကြံ လမ်းလျှောက်၊ ဟောဒီစကြံ လမ်းလျှောက်ရင်းနဲ့ အသင်ပုဏ္ဏားကြီး အားကိုးအားထားဖြစ်တဲ့ ဝိပဿနာဉာဏ်တောင်ဝှေး ဉာဏ်တောင်ဝှေးကို ငါဘုရားက ပေးတော်မူမယ်လို့ဆိုပြီး၊ ဘုရားက လိုက်ပြီးတော့ အဆိုနိုင်း၊ ရုပ်နာမ်ခမ္မ သင်္ခါရကို ရှုပွားဘို့ရာအတွက် အဆိုနိုင်းတယ်၊ ကိုင်း အဲဒီလိုဆိုနိုင်းတဲ့

အဆိုကို ဘုန်းကြီးတို့ပရိသတ်က တစ်ခါထဲလိုက်ဆိုရအောင် ဘုရားချတဲ့လင်္ကာ ဆိုလိုက်စမ်းပါ–

❖ ခြေဖဝါးနှင့်. မြေသားကပ်သော်၊ ထိ.သိ.နှစ်ခင်း. ဉာဏ်သွင်းရှုနော်။

ဟော ပုဏ္ဏားကြီးကို မြတ်စွာဘုရားက ဒုတ်တောင်ဝှေးက သင့်ရဲ့ အားကိုးစရာဖြစ်တယ်၊ သင့်သားတွေက သင့်ရဲ့အားကိုးစရာ မဟုတ်တော့ဘူး၊ အဲဒီဒုတ်တောင်ဝှေးကို အားကိုးရတာက ဒီဘဝ ယိုင်မသွားအောင်. ဒီဘဝ ညွှတ်မသွားအောင်. ဒီဘဝ တိမ်းမသွားအောင်သာ ပြုနိုင်တယ်၊ သင့်ကို ဘဝ များစွာ အားကိုးစရာဖြစ်တဲ့ ဝိပဿနာဉာဏ်တောင်ဝှေးကို ငါ ပေးတော်မူမယ်လို့ ဆိုပြီးတော့ ပုဏ္ဏားကြီးကို စကြံလျှောက်ခိုင်းရင်းနဲ့ ဘုရားက ဝိပဿနာ ဉာဏ်တောင်ဝှေး တပ်ပေးတာ၊ ဒီတော့ ဝိပဿနာဉာဏ်တောင်ဝှေး တပ်ပေးတော့ ဘယ်လိုပေးတုန်းဆိုတော့၊ အခု လင်္ကာလေးချပေးတယ်–

❖ ခြေဖဝါးနှင့်. မြေသားကပ်သော်၊ ထိ.သိ.နှစ်ခင်း. ဉာဏ်သွင်းရှုနော်။

ဟိုကတော့ ဂါထာနဲ့ ပါဠိဂါထာနဲ့သင်ပေးတာပေါ့၊ ဘုန်းကြီးတို့ ဒကာ–ဒကာမတွေက မြန်မာတွေဆိုတော့ မြန်မာလိုနားလည်အောင် ဘုန်းကြီးတို့က မြန်မာလိုပြောရတာ၊ ဒီတော့ ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ စကြံသွားတဲ့ အခါကြတော့ လမ်းလျှောက်တဲ့အခါ. လမ်းသွားတဲ့အခါကျတော့. ခြေဖဝါးနဲ့ မြေသားနဲ့ မထိဘူးလား? ထိပါတယ်ဘုရား။ အဲဒီထိမှုလေးကိုလည်း ထိတယ်လို့သိတဲ့အသိကလေး မလာဘူးလား? လာပါတယ်ဘုရား။ ဟော ခြေဖဝါးနဲ့မြေသား ကပ်လိုက်တဲ့အခါမှာ ထိမှုပေါ်လာတယ်၊ အဲဒီထိမှုက ရုပ်ပဲ၊ အဲဒီထိတာကလေးကို သိ သိ. သိ သိသွားတဲ့စိတ်က နာမ်ပဲ၊ ဒါဖြင့် ခြေဖဝါးနဲ့မြေသား ကပ်လိုက်တဲ့အချိန်မှာ ဘာရှိတုန်းဆိုရင် ထိရုပ်နဲ့သိနာမ်၊ ထိတဲ့ရုပ်နဲ့ သိတဲ့နာမ်၊ ဒကာ–ဒကာမတွေ နေ့တိုင်းနေ့တိုင်း ဒီခြေဖဝါးနဲ့မြေသား ကပ်.ကပ်ပြီးတော့ မသွားကြဘူးလား? ကပ်သွားပါတယ်ဘုရား။ ဟိုဟို ဒီဒီ လမ်းသွားတာ၊ မသွားတောင်မှ ကိုယ့်အိမ်ထဲကို ဟိုနားသွားလိုက် ဒီနားသွားလိုက် ဟိုနားလျှောက်လိုက် ဒီနားလျှောက်လိုက် ခြေဖဝါးနဲ့ မြေသားနဲ့ မထိဘူးလား?

ထိပါတယ်ဘုရား။ ဒါဖြင့် ထိတာကရုပ်၊ သိတာကနာမ်၊ ပရိသတ် ထိတာက ဘာတုန်း? ရုပ်ပါဘုရား။ သိတာက ဘာတုန်း? နာမ်ပါဘုရား။ ထိတာဟာ ဖောဋ္ဌဗ္ဗာရုံ ရုပ်ပဲ၊

ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ အာရုံငါးပါးမှာ မြင်စရာတွေကို ရူပါရုံ ရုပ်လို့ မခေါ်ဘူးလား? ခေါ်ပါတယ်ဘုရား။ ကြားစရာတွေကျတော့ သဒ္ဒါရုံ ရုပ်လို့ မခေါ်ဘူးလား? ခေါ်ပါတယ်ဘုရား။ နံစရာ ရှူစရာတွေကျတော့ဂန္ဓာရုံ ရုပ်၊ စားစရာ သောက်စရာတွေကျတော့ရသာရုံရုပ်၊ အဲဒီလိုပဲ ထိစရာတွေ့စရာ ထိတာတွေ့တာကျတော့ဖောဋ္ဌဗ္ဗာရုံရုပ်၊ ဒါဖြင့် ထိတာရုပ်၊ ထိတာဘာပါလိမ့်? ရုပ်ပါဘုရား။ အဲဒီတော့ ထိတာကို ထိမှန်းမသိဘူးလား? သိပါတယ်ဘုရား။ အဲ ထိတာလေး သိသွားတယ်လို့ သိတာပဲ ကျောက်ခဲထိတာကို ကျောက်ခဲ ထိတယ်လို့ သိတယ်၊ မြေကြီးထိရင် မြေကြီးထိတယ်လို့ သိတယ်၊ အေးသွားရင်လဲ အေးမှန်းသိတယ်၊ ပူသွားရင်လည်း ပူမှန်းသိတဲ့အသိကလေး ပလာဘူးလား? လာပါတယ်ဘုရား။ ဒါဖြင့် ထိတာကရုပ်. သိတာကနာမ်၊ ခြေဖဝါးနဲ့မြေသား ကပ်လိုက်တဲ့အချိန်မှာ တကယ်ရှိတာက ရုပ်နာမ်၊ ဘာရှိပါလိမ့်? ရုပ်နာမ် ရှိပါတယ်ဘုရား။ ဆို—

❖ **ခြေဖဝါးနဲ့ မြေသားကပ်သော်. ထိ.သိ နှစ်ခင်း. ဉာဏ်သွင်းရှုနော်။ ရှုမှတ်ရကျိုး တန်ဘိုးဖြတ်သော်၊ ခြေတစ်လှမ်း ရွှေတစ်သန်း တန်ဘိသော်။**

အဲဒီလို ရှုမှတ်လိုက်လို့ရှိရင်တဲ့ ဒီခြေတစ်လှမ်း ခြေတလှမ်းဟာ ရွှေတစ်သန်းတန်တယ်တဲ့၊ ရွှေတသန်းမက တန်တယ်ဆိုတာ အဲဒီ ခြေတစ်လှမ်း ခြေတစ်လှမ်း လှမ်းလိုက်တဲ့အချိန်မှာ ထိတာကရုပ်၊ သိတာက နာမ်၊ ရှိနေတာက ရုပ်နာမ်၊ အဲဒီရှိနေတဲ့ ရုပ်နာမ်ကို. ရုပ်နာမ်လို့သိလိုက်တာ အမှန်သိ၊ ရှိနေတာက ရုပ်နာမ်၊ သိတာကလည်း ရုပ်နာမ်လို့သိတော့ အမှန်သိ၊ အမှန်ဆိုတာ သစ္စာ၊ အမှန်ဆိုတဲ့ မြန်မာစကားကို ပါဠိလိုစီရင် သစ္စာလို့ခေါ်တယ်၊ အမှန်ကို ပါဠိလို ဘယ့်နှယ်ခေါ်တုန်း ပရိသတ်? သစ္စာလို့ခေါ်ပါတယ်ဘုရား။ ဒါဖြင့် အမှန်

သိတယ်ဆိုတာနဲ့ သစ္စာသိတယ်ဆိုတာနဲ့ အတူတူမကျဘူးလား? ကျပါတယ် ဘုရား။

တပည့်တော်တို့က ခါတိုင်းဘယ်လိုသိနေလို့တုန်း ဘုရား ….လို့ဆိုတော့ ခါတိုင်းသိနေတာက အဲဒီခြေဖဝါး မြေသားနဲ့ ကပ်ပြီးတော့ ထိလိုက်တဲ့အခါမှာ ငါသွားတယ်, သွားတာငါ၊ ဟောလို မသိဘူလား? သိပါတယ်ဘုရား။ သို့မဟုတ် ထိတာဖြင့်လည်း ငါထိတယ်, ထိတာငါ၊ ဒီလိုမသိဘူးလား? သိပါတယ်ဘုရား။ ဒီတော့ ထိတာငါလို့ သိသွားပြီးတော့ ငါထင်တော့ ထိတာကရုပ်နာမ်ရှိတာ၊ ထိတာက ပရိသတ်ဘာတုန်း? ရုပ်နာမ်ပါဘုရား။ ရုပ်နာမ်ကို ငါလို့သွားပြီးတော့ မထင်ဘူးလား? ထင်ပါတယ်ဘုရား။ ထင်တော့ လွဲမသွားဘူးလား? လွဲသွားပါတယ်ဘုရား။ မှားမသွားဘူးလား? မှားသွားပါဘုရား။ မှားတယ်ဆိုရင် မှန်သေးရဲ့လား? မမှန်ပါဘုရား။ မမှန်ရင် သစ္စာမပျောက်ဘူလား? ပျောက်ပါတယ် ဘုရား။ ဒါဖြင့် ဒကာ–ဒကာမတွေ နေ့တိုင်း ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း သစ္စာသိနေသလား သစ္စာပျောက်နေသလား? သစ္စာပျောက်နေပါတယ်ဘုရား။

အဲဒီပျောက်နေတဲ့ သစ္စာကို ပြန်ပေါ်စေချင်လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ပုဏ္ဏားကြီးကို လမ်းလျှောက်နိုင်းပြီးတော့ ခြေတစ်လှမ်း ခြေတစ်လှမ်းတိုင်း ရုပ်နာမ်သိအောင်လို့ သင်ပေးနေတယ်၊ ခြေတစ်လှမ်း ခြေတစ်လှမ်း ရွှေတစ်သန်း, ရွှေတစ်သန်းတန်တဲ့ ခြေလှမ်းမျိုး ပရိသတ်ကြီး လှမ်းဘို့ မလိုဘူးလား? လိုပါတယ်ဘုရား။ အဲ လိုချင်လို့ရှိရင် ရွှေတစ်သန်း ရွှေတစ်သန်းမကတန်တဲ့ ခြေလှမ်းမျိုးဖြစ်ချင်ရင် ဝိပဿနာ ရုပ်နာမ်နဲ့ ရှုပြီးတော့ လှမ်းရတယ် …..တဲ့၊ ဘာပြုလို့ ရွှေတစ်သန်းတန်တာတုန်းဆိုတော့ ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ အိုဘေးကြီး မအိုအောင် ရွှေတစ်သန်းပေးလို့ ရရဲ့လား? မရပါဘုရား။ ခေါင်းမှာ ဖြူမယ့် ဆံပင်တွေကို ရွှေတစ်သန်းပေးပါ့မယ် မဖြူပါနဲ့၊ ကျိုးမယ့်သွားတွေ မကျိုးပါနဲ့၊ တွန့်မယ့်ပါးရေတွေ မတွန့်ပါနဲ့၊ ကိုင်းမယ့်ခါးကြီး မကိုင်းပါနဲ့လို့ ရွှေတစ်သန်းပေးလို့ ရရဲ့လား? မရပါဘုရား။

အဲ ဝိပဿနာဉာဏ် တစ်ချက်တည့်လိုက်တဲ့အချိန်ကျတော့ ရှိနေတာ ရှိတဲ့အတိုင်းမြင်တယ်၊ ဟုတ်နေတာ ဟုတ်တဲ့အတိုင်းမြင်တဲ့ သမ္မာဒိဋ္ဌိဉာဏ်

ပေါ်လိုက်သည်နှင့် တပြိုင်နက် ဒီရုပ်နာမ်ပေါ်မှာ ငါထင် သူထင်ဆိုတဲ့ ခုနက ထိတာငါ၊ ငါထိတာဆိုတဲ့ ငါထင်လုံးလေး ပျောက်မသွားဘူးလား? ပျောက်သွား ပါတယ်ဘုရား။ အဲဒီ ငါထင်လုံးလေးဆိုတဲ့ သက္ကာယဒိဋ္ဌိ မပြုတ်ဘူးလား? ပြုတ်ပါတယ်ဘုရား။ အဲဒီ သက္ကာယဒိဋ္ဌိဆိုတဲ့ ကိလေသာကို ဝိပဿနာဉာဏ် မဂ်ကသတ်ပါတယ်၊

ဥပမာ ဘာနဲ့တူတုန်းဆိုရင် မျိုးစေ့လေးထဲမှာ အပင်ပေါက်စေတတ်တဲ့ သတ္တိရှိတဲ့ ဓာတ်သတ္တိကို မီးနဲ့လှော်လိုက်သလို...တဲ့၊ မီးစနဲ့ထိုးလိုက်သလို၊ ပဲမျိုးစေ့လေးတွေ, မြေပဲမျိုးစေ့ လေးတွေထဲမှာ အပင်ပေါက်စေတတ်တဲ့သတ္တိ မရှိဘူးလား? ရှိပါတယ်ဘုရား။ အဲဒီမျိုးစေ့ကလေးကို မြေထဲချစိုက်လိုက်လို့ရှိရင် အညှောင့် ကလေးတွေ, အမြစ်ကလေးတွေ ထွက်လာပြီးတော့ အပင်မပေါက် ဘူးလား? ပေါက်ပါတယ်ဘုရား။ အဲဒီ အပင်ပေါက်စေတတ်တဲ့ သတ္တိ မျိုးစေ့ထဲမှာ ခွဲပြီးတော့ စာစာက ခွဲကြည့်တော့လည်း ရှာလို့မတွေ့ပါ၊ တွေ့ရရဲ့လား? မတွေ့ရပါဘုရား။ မျိုးစေ့လေးတော့ မြင်ရတယ်၊ မျိုးစေ့လေး ထက်ခြမ်း, ခြမ်းလိုက်တော့ နှစ်ခြမ်း,ခြမ်းသွားတာပဲရှိတယ်၊ အညှောင့်ကလေးတွေ, အညွန့်ကလေးတွေထွက်မယ့် ဓာတ်သတ္တိ မမြင်ရဘူး၊ မတွေ့ရဘူး။ သို့သော် ရှိတာတော့ အမှန်ပဲ၊ ရှိတာတော့ မသေချာဘူးလား? သေချာပါတယ်ဘုရား။ အဲဒီမျိုးစေ့ထဲမှာရှိနေတဲ့ ဓာတ်သတ္တိက မြေနဲ့ရေနဲ့တွေ့ရင် အပင်ပေါက်တယ်၊ အပင်ပေါက်ရင် ဒီအပင်ကြီး ကြီးလာပြီးတော့ အပင်အို,အိုရတယ်၊ အပင်နာ နာရတယ်၊ အပင်သေ သေရတယ်၊ အိုနာသေလွတ်သေးရဲ့လား? မလွတ်ပါ ဘုရား။

ဒါဖြင့် အဲဒီ အပင်မပေါက်အောင် ဓာတ်သတ္တိပေါက်တတ်တဲ့ ဓာတ် သတ္တိလေးကို အဆိပ်ဆူးနဲ့ထိုးလိုက်မယ်၊ (သို့မဟုတ်) မီးနဲ့လှော်လိုက်ပယ်ဆိုရင်၊ ဒီမျိုးစေ့ထဲက ဓာတ်သတ္တိလေး ပျောက်မသွားဘူးလား? ပျောက်သွားပါတယ် ဘုရား။ ဓာတ်သတ္တိလေးပျောက်ရင် အပင်ပေါက်သေးရဲ့လား? မပေါက်ပါဘုရား။ အပင်မှမပေါက်လို့ရှိရင် အပင်ကြီး အိုတယ်ဆိုတဲ့ အအိုလာပါ့မလား? မလာပါ ဘုရား။ အပင်ကြီးနာတယ်ဆိုတဲ့ အနာလာပါ့မလား? မလာပါဘုရား။ အပင်ကြီး

မြေပေါ်လဲပြီးတော့ သေသွားပြီဆိုတဲ့အသေ ရှိပါအုန်းမလား? မရှိပါဘုရား။ ဒါဖြင့် အဲဒီခတ်သတ္တိလေးကို မီးနဲ့ထိုးသလို မီးနဲ့တချက်ထိုးလိုက်တာဟာ အပင်ကြီးရဲ့ အိုခြင်း, နာခြင်း, သေခြင်း မပျောက်ပေဘူးလား? ပျောက်ပါတယ် ဘုရား။

အဲဒါလိုပဲ ဒကာ-ဒကာမတွေရဲ့ စိတ်သန္တာန်မှာ ဖြစ်ပွားနေတဲ့ အနုသယကိလေသာ....လို့၊ ကိန်းနေတဲ့ ကိလေသာခတ်ကို ဝိပဿနာ ဉာဏ်တည်းဟူသောမီးက လှော်ပေးတယ်၊ ကျွမ်းအောင် ထိုးပေးတယ်၊ ဝိပဿနာဉာဏ် မဂ်တည်းဟူသော အဆိပ်ဆူးက ထိုးပေးလေသောကြောင့် အဲဒီပေါက်စေတတ်တဲ့ အနုသယကိလေသာ အားနည်းသွားတယ်၊ ခန်းသွားမယ်၊ ချောက်သွားမယ်၊ နောက်ဆုံးကြတော့ ကုန်သွားမယ်၊ ကုန်သွားပြီဆိုတော့ ရဟန္တာဖြစ် ရဟန္တာမ ဖြစ်သွားပြီဆိုတော့ ဒီခန္ဓာအပင် ပေါက်သေးရဲ့လား? မပေါက်တော့ပါဘူးဘုရား။ ခန္ဓာအပင် လူ့ဘဝ နတ်ဘဝ ဗြဟ္မာဘဝဆိုတဲ့ ခန္ဓာအပင်မှ မပေါက်ရင် ဒီခန္ဓာပင်ပေါ်မှာ မှီဖြစ်တဲ့ လူ့ဘဝ လူ့ခန္ဓာကြီးရဲ့ အိုခြင်း, လူ့ဘဝ လူ့ခန္ဓာကြီးရဲ့ နာခြင်း, လူ့ဘဝ လူ့ခန္ဓာကြီးရဲ့ သေခြင်း ဆိုတာ လာပါအုန်းမလား? မလာပါဘူးဘုရား။ အဲဒါ နိဗ္ဗာန် ဆိုက်သွားတာပဲ၊ ဒါဖြင့် အိုမှု နာမှု သေမှုကို ဒီဝိပဿနာမဂ်ကပေါ်အောင် ဖော်မပေးနိုင်ဘူးလား? ဖော်ပေးနိုင်ပါတယ်ဘုရား။ ဒါဖြင့် ရွှေတစ်သန်း ပေးလို့မရတဲ့အိုမှု သက်သာမှု ကြီးကို ဝိပဿနာမဂ်က ပြုနိုင်တာမို့လို့ ခြေတစ်လှမ်း ရွှေတစ်သန်းတန်တယ်လို့ မဆိုထိုက်ဘူးလား? ဆိုထိုက်ပါတယ်ဘုရား။

အဲ ပုဏ္ဏားကြီး ဘုရားကသင်နေတာ ဝိပဿနာရှုနည်း။ အဲဒီလို ပုဏ္ဏားကြီးကို ဘုရားက၊ ပုဏ္ဏား....သင်ရဲ့သားလေးယောက်တို့သည် တိရစ္ဆာန် လောက်မှ မသိတတ်ကြတဲ့သူတွေ ဖြစ်ကုန်ကြပြီ၊ လူသားပင်ဖြစ်သော်လည်းပဲ လူ့ဝတ္တရားမကျေ၊ လူ့ဝတ္တရားမကျေရင် တိရစ္ဆာန်လောက်တောင်မှ မသိတတ်တဲ့ သားတွေကို အားကိုးပြီးတော့ မနေနဲ့တော့၊ သင့်လက်ထဲကိုင်ထားတဲ့ တောက်ဝှေးလေးကမှ သင့်မှာ အားကိုးစရာရှိသေးတယ်၊ အဲဒီတောင်ဝှေးထက် အားကိုးစရာဖြစ်တဲ့ ဟောဒီ ဉာဏ်တောင်ဝှေးကို ထောက်ပေတော့လို့

ဝိပဿနာဉာဏ်တောင်ဖွေး ဘုရားက တပ်ပေးလိုက်တော့ ပုဏ္ဏားကြီး တောင်ဖွေး ကလေးနဲ့ စကြံလျှောက်ရင်းနဲ့ သူ့ခြေဖဝါးနဲ့ မြေသားနဲ့ကပ်လိုက်တိုင်း ကပ်လိုက်တိုင်း, ထိ.သိ ဖြစ်ပျက်၊ ထိ.သိ ဖြစ်ပျက်၊ ထိ.သိ ဖြစ်ပျက်၊ ရုပ်နာမ်ဖြစ်ပျက်၊ ရုပ်နာမ်ဖြစ်ပျက်၊ ထိ.သိ ဖြစ်ပျက်၊ ထိ.သိ ဖြစ်ပျက်၊ ထိ.သိ ဖြစ်ပျက်၊ ထိ.သိပျက်လို့ ဝိပဿနာဉာဏ်စဉ်နဲ့ သွားနေလိုက်တာ မကြာခင်သော ကာလမှာ—

## သော အရဟတ္တံ အညတရော အဟောသိ။

သော-ထိုသားတွေက နှင်ချလိုက်လို့ ဒုက္ခရောက်တဲ့ ထိုပုဏ္ဏား အိုကြီးသည်။ အရဟတ္တံ-ဘုရားရှင်ကိုယ်တော်မြတ်ကြီးတည်းဟူသော မိတ်ကောင်းဆွေကောင်းနဲ့ ပေါင်းရသဖြင့်. ရဟန္တာအရှင်မြတ်ကြီးတို့တွင်။ အညတရော-တစ်ပါးအပါအဝင်သည်။ အဟောသိ-မုချမသွေ ဖြစ်တော်မူခဲ့ ပါပေသတည်း။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

ပုဏ္ဏားကြီး အခုရဟန္တာဖြစ်သွားပြီ၊ ပရိသတ် ဘာဖြစ်သွားတုန်း? ရဟန္တာဖြစ်သွားပါတယ်ဘုရား။ ရဟန္တာဖြစ်သွားတယ်....၊ ဉာဏ်တောင်ဖွေး ရသွားတယ်၊ အဆိုးထဲက အကောင်းထွက်ဆိုတာလိုပေါ့၊ အရှုံးထဲကနေပြီးတော့ အမြတ်ထွက်သွားခဲ့တယ်၊ ဒီတော့ ဒီကိစ္စမှာ ခုနကပြောခဲ့တဲ့စကား ပြန်ပြီးပြောရင် ဘုန်းကြီးတို့ဝတ္ထုနှစ်ကြောင်း ထပ်နေလို့၊ ကေဒါရဇာတ်ကြောင်းနဲ့ ပြန်ပြောင်း ပြီးတော့ ပြောကြမယ်ဆိုရင်ဖြင့်၊ အဲဒီလို မိဘတွေအပေါ်မှာ ဝတ္တရားမကျေတဲ့ သူတွေရှိလို့၊ လယ်သမားပုဏ္ဏားကြီးက—

## ဘဒ္ဒကော ဝတ'ယံ ပက္ခိ. ဒိဇော ပရမ ဓမ္မိကော။

ဒီ ကျေးတိရစ္ဆာန်လေးဟာ....တိရစ္ဆာန်သာဖြစ်တယ် တရားပြည့်ဝ လိုက်လေခြင်းလို့ လူမှမွေးဖွားတဲ့ လူသားတွေထဲမှာပင်လျှင် ဒီတိရစ္ဆာန်လောက်မှ

မလိမ္မာတဲ့သူတွေ ရှိကြပါလား၊ တိရစ္ဆာန်လောက်မှ မသိတတ်တဲ့လူတွေ ရှိကြပါလား၊ တိရစ္ဆာန်လောက်မှ နားမလည်တဲ့သူတွေ ရှိကြပါလား၊ အေး....ပြောလဲပြောထိုက်ပါပေတယ်၊ ဟုတ်လည်း ဟုတ်ပါပေတယ်လို့၊ ပုဏ္ဏားကြီးက တိရစ္ဆာန်နဲ့ နှိုင်းယှဉ်ပြီးတော့ ချီးကျူး၊ အဲဒီချီးကျူးတဲ့ စကားအရ—မိခင်ဖခင် ကျေးဇူးရှင်တို့ကို ကျေးဇူးတုံ့ပြန်ဆပ်နေတဲ့အချိန်သည် ကြွေးဟောင်းချေတဲ့အချိန်၊ ကြွေးဟောင်းချေတယ်, ကြွေးဟောင်းချေတယ်ဆိုတာ ဘာပြောတာတုန်းဆိုရင် ကိုယ့်ပေါ်မှာ မိဘဘိုးဘွားတွေက တင်ထားတဲ့ ကျေးဇူးတွေ ပြန်ပြောင်းပြီးတော့ ဆပ်နေတဲ့အချိန်သည် ကြွေးဟောင်းချေတဲ့အချိန်၊ ဒါကြောင့် ပရိသတ်ကြီး လိုက်ဆိုလိုက်စမ်းပါ—

### ❖ ဘိုးဖွားမိဘ, လုပ်ကျွေးကြ, ရှေးကကြွေးဟောင်းချေ။

ဘိုးဖွားမိဘတွေကို ပြန်ပြီးတော့ လုပ်ကျွေးနေတာ ကြွေးဟောင်း ချေနေတာ၊ လူမြတ်စာရင်းဝင်ဘို့ရာအတွက် နံပါတ် (၁) ဂုဏ်အင်္ဂါက ကြွေးဟောင်းချေရတယ်လို့ ဘုရားမဟောဘူးလား? ဟောပါတယ်ဘုရား။ ဒါဖြင့် ကြွေးဟောင်းချေတဲ့အလုပ်ကို လုပ်နေတဲ့အချိန်သည် လူမြတ်လား, လူယုတ်လား? လူမြတ်ပါဘုရား။ အဲဒီလို ကြွေးဟောင်းမချေဘဲနဲ့ မိဘတွေကိုပြစ်ထား ကျေးဇူးမတုံ့ပြန်ဘူးဆိုရင် လူမြတ်လား, လူယုတ်လား? လူယုတ်ပါဘုရား။ အဲ ခုနကပုဏ္ဏားကြီးက တိရစ္ဆာန်လောက်တောင်မှ မသိတတ်ဘူး၊ တိရစ္ဆာန် လောက်မှ မမြတ်ဘူး၊ တိရစ္ဆာန်ထက်တောင်မှ အောက်တန်းကျပါသေးလားဆိုတဲ့ လူစာရင်းထဲ ရောက်မသွားဘူးလား? ရောက်သွားပါတယ်ဘုရား။ ဒါဖြင့် လူမြတ်စာရင်း ဝင်ရအောင် ဆိုလိုက်စမ်းပါ—

### ❖ ဘိုးဖွားမိဘ, လုပ်ကျွေးကြ, ရှေးကကြွေးဟောင်းချေ။ သားသမီးမြေးမြစ်, လုပ်ကျွေးလစ်, ကြွေးသစ်ချ၍ဝေ။

သားသမီး မြေးမြစ်တွေကို ပြုစုလုပ်ကျွေးပြီးတော့နေတာ ကြွေးသစ် ချနေတာ၊ ကြွေးသစ်ပေးနေတာ, ကြွေးသစ်ဝေနေတယ်....တဲ့၊ ဒီတော့ သားသမီး

မြေးမြစ်တွေကို တရားသဖြင့် လုပ်ကျွေးမွေးမြူပြီးတော့နေတဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးသည် လူယုတ်စာရင်း ဝင်သလား, လူကောင်းစာရင်း ဝင်သလား? လူကောင်းစာရင်း ဝင်ပါတယ်ဘုရား။ လူမြတ်လား, လူယုတ်လား? လူမြတ်ပါဘုရား။ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ကြွေးသစ်ချပေးနေတာလည်းပဲ လူမြတ်ပဲလို့ မဟောဘူးလား? ဟောပါတယ်ဘုရား။ ကိုင်း ဒါဖြင့် ဆိုလိုက်စမ်းပါ—

❖ **ဘိုးဖွားမိဘ, လုပ်ကျွေးကြ, ရှေးကကြွေးဟောင်းချေ။**
**သားသမီးမြေးမြစ်, လုပ်ကျွေးလစ်, ကြွေးသစ်ချ၍ဝေ။**
**ကောင်းမှုအမျိုးမျိုး, နေ့စဉ်ကြိုး, ရွှေအိုးမြှုပ်ကြလေ။**

ဟော လူမြတ်များရဲ့ (၃) နံပါတ် အရည်အချင်းက—ကောင်းမှုအမျိုးမျိုး နည်းများမဟူ ကောင်းမှုတွေကို ပြုလုပ်အားထုတ်ပြီးတော့ နေတဲ့အချိန်သည် ရွှေအိုးမြှုပ်ပြီးတော့ နေတဲ့အချိန်လို့ ဘုရားက မဟောဘူးလား? ဟောပါတယ် ဘုရား။ ဒါဖြင့် လူမြတ်ရဲ့အရည်အချင်း အင်္ဂါ (၃) ချက်။ ဘယ်နှစ်ချက်ပါလိမ့်? (၃) ချက်ပါဘုရား။ သေသော—ကြွေးဟောင်းကိုချေ ကြွေးသစ်ဝေ၍ အမြဲတေ ရွှေအိုး မြှုပ်ရိုးစဉ်ဆက် ဤ (၃) ချက်သည်။ သနန္တနော—ဘုရားပစ္စေကာ အရိယာ နွယ်လောင်း သူတော်ကောင်းကြီးတို့၏, ထုံးဟောင်းစဉ်လာ ဓမ္မတာကြီး ဖြစ်ပါပေတော့သည်တကား။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

ဆိုလိုက်စမ်းပါ—

❖ **ကြွေးဟောင်းကိုချေ, ကြွေးသစ်ဝေ, မြှုပ်လေမြတ်ရွှေအိုး။**
**တာဝန်သုံးထွေ, ဝတ်ကြီးကျေ, မှတ်လေလူမြတ်မျိုး။**
**တာဝန်သုံးထွေ, ဝတ်မကျေ, မှတ်လေလူယုတ်မျိုး။**

တာဝန်ကြီး (၃) ထွေ ကျေလို့ရှိရင် လူမြတ်တဲ့၊ ဒီတာဝန်ကြီး (၃) ထွေ မကျေလို့ရှိရင် လူယုတ်, လူညံ့, လူဖျင်းတဲ့၊ တိရစ္ဆာန်ထက် တောင် ဖျင်းသေးတယ်တဲ့၊ တိရစ္ဆာန်ထက်တောင် မသိတတ်ဘူး။ တိရစ္ဆာန်ထက်တောင် အမြင်မရှိတဲ့သူတဲ့၊ လူညံ့, လူဖျင်း, လူယုတ်တွေ၊ ဘုရားကပြောနေတာ၊ ဦးထွန်းရီ ဘုန်းကြီးကပြောနေတာမဟုတ်ဘူးနော်၊

ကိုင်း ဒီတော့ ယနေ့ ဒကာဦးအောင်ငွေတို့ + ဒကာမဒေါ်လှသိန်းတို့ ဒီနေ့ ဘာလုပ်ကြပါသလဲဆိုရင် — ကြွေးဟောင်းချေ, ကြွေးသစ်ဝေ, ရွှေအိုးမြှုပ်, အလုပ် (၃) လုပ် လုပ်နေကြပါတယ်လို့ အစပိုင်းက မပြောခဲ့ဘူလား? ပြောခဲ့ ပါတယ်ဘုရား။ ကိုင်း ရွှေအိုးမြှုပ်နေတာတော့ ထင်ရှားပြီမို့လို့ ဒီအလှူမင်္ဂလာ ပွဲကြီးကို အကြောင်းပြုပြီးသကာလ၊ အလှူမင်္ဂလာပွဲကြီးဖြစ်တဲ့ တပို့တွဲ လပြည့်ကျော် (၈) ရက်နေ့ နံနက်၊ နံနက်စောစော ကာလမှာ၊ အလှူမင်္ဂလာ မဏ္ဍပ်ကြီးအတွင်း၌ ဘုရားအမှူးရှိတဲ့ သံဃာတော်အရှင်မြတ်တွေကို၊ အလှူ့ဒကာ ဦးအောင်ငွေ + အလှူ့ဒကာမဒေါ်လှသိန်းတို့က မွန်မြတ်သော ဆွမ်းခဲဘွယ် ဘောဇဉ် ချိုချဉ်အရသာ အဖြာဖြာတို့ဖြင့် သဒ္ဓါပြဋ္ဌာန်း ဆက်ကပ်သမှုပြုပြီးတော့ နေတဲ့အချိန်သည် ပရိသတ်ကြီး ရွှေအိုးမြှုပ်တဲ့အချိန်လား, မမြှုပ်တဲ့အချိန်လား? မြှုပ်တဲ့အချိန်ပါဘုရား။ ပင့်သံဃာတော် အရှင်မြတ်တွေကို သင်္ကန်းဒွိစုံ ၁၀–စုံ, သပိတ် ၁၀–လုံး, ဖိနပ် ၁၀–ရံမှစပြီးသကာလ ငွေကျပ်တစ်ထောင် လှူဖွယ်တန်းဖွယ်တွေ ဆက်ကပ်ပြီးတော့နေတဲ့အချိန်သည် ပရိသတ်ကြီး ရွှေအိုးမြှုပ်တဲ့အချိန်လား, ရွှေအိုမမြှုပ်တဲ့ အချိန်လား? ရွှေအိုးမြှုပ်တဲ့ အချိန်ပါ ဘုရား။ ပရိသတ်ပေါင်း တစ်ထောင့် နှစ်ရာတို့ကို မွန်မြတ်တဲ့ ဒန်ပေါက်ထမင်း တို့ဖြင့် ညွှေ့ခံပြီးတော့နေတဲ့ အချိန်သည်၊ ရွှေအိုးမြှုပ်တဲ့အချိန်လား, ရွှေအိုးမမြှုပ်တဲ့ အချိန်လား? ရွှေအိုမြှုပ်တဲ့အချိန်ပါဘုရား။ ဒါဖြင့် ဆိုလိုက်စမ်းပါအုန်း—

❖ **ကြွေးဟောင်းကိုချေ, ကြွေးသစ်ဝေ, မြှုပ်လေမြတ်ရွှေအိုး။**
**တာဝန်သုံးထွေ, ဝတ်ကြီးကျေ, မှတ်လေ လူမြတ်မျိုး။**
**တာဝန်သုံးထွေ, ဝတ်မကျေ, မှတ်လေ လူယုတ်မျိုး၊**
**မှတ်လေ လူညံ့မျိုး။**

အဲ လူယုတ် လူညံ့မျိုးတွေတဲ့ အဲဒီလိုလူတွေက၊ ဒီတော့ ယနေ့ အလှူ့ဒကာဦးအောင်ငွေ + အလှူ့အမဒေါ်လှသိန်းတို့က ရွှေအိုးကြီး မြှုပ်နေတာတော့သေချာပြီ၊ ကြွေးဟောင်းကို ချေတယ်ဆိုတာဘာတုန်း၊ ကြွေးသစ်ဝေတယ်ဆိုတာဘာတုန်း၊ အခု ဇာတ်တော်ထဲမှာပါတာကတော့ မိခင်ဖခင် မိဘဘိုးဖွားတွေများကို ကျေးဇူးရှင်များကို ကျေးဇူးတုန့်ပြန်ပြီးတော့ ဆပ်နေရင် ကြွေးဟောင်းချေတယ်လို့ ဘုရားရှင် ကေဒါရ ဇာတ်တော်မှာ ဟောတော်မူတယ်၊

အခု ဒီနေ့ ဒကာဦးအောင်ငွေတို့ ကျေးဇူးဆပ်နေတဲ့ ကြွေးဟောင်း ချေနေတာက လောကီမိဘသာမက, လောကုတ္တရာမိဘကို ကြွေးဟောင်း ချေနေခြင်း, ကျေးဇူးဆပ်နေခြင်း၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ကျေးဇူးရှင် စာရင်းထဲမှာပါတယ် ပရိသတ်၊ လောကမှာ ကျေးဇူးရှင်ကြီးလေးပါးရှိတယ် မိဘနဲ့ သားသမီးဆိုရင် မိဘကကျေးဇူးရှင်ပဲ၊ ဆရာနဲ့တပည့်လို့ဆိုလို့ရှိရင် ဆရာက ကျေးဇူးရှင်ပဲ၊ မင်းစိုးရာဇာနဲ့ တိုင်းသူပြည်သားဆိုရင် မင်းစိုးရာဇာက ကျေးဇူးရှင်ပဲ၊ အဲဒီလိုပဲ ဘုရားရှင်ကိုယ်တော်မြတ်ကြီးနဲ့ တပည့်သာဝကတွေဆိုခဲ့ရင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ကျေးဇူးရှင်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီတော်တွေ ဖြည့်ပြီးတော့ ဒီနေ့ ကျွတ်ထိုက်တဲ့သတ္တဝါတွေကို ချေချွတ်ဖို့ရာအတွက်၊ ဒီနေ့ ဒကာ–ဒကာမတွေ မဂ်လမ်းဖိုလ်လမ်းတွင်ပြီးတော့ နိဗ္ဗာန်ရအောင်, အို,နာ,သေလွတ်အောင်, ကျင့်တတ်ကြံတတ်အောင်ဆိုပြီးတော့ ဒီ သာသနာတော်ကြီး တည်ထောင်တော်မူပြီး ထားတော်မူခဲ့တယ်၊ ဒီနေ့ ဒကာ–ဒကာမတွေ လှူတတ်အောင်, တန်းတတ်အောင်, ပေးတတ်, ကမ်းတတ်အောင်, စွန့်ကြဲတတ်အောင်, သီလထိန်းတတ်အောင်, ဘာဝနာပွားတတ်အောင်, သာသနာတော်ကြီး ထူထောင်တော်မူခဲ့တယ်၊ လူနတ်နိဗ္ဗာန် သုံးတန်ချမ်းသာ ရဘို့ရာအတွက် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သာသနာတော်ကြီး ထူထောင် ပြီးတော့ ထားတော်မူခဲ့တယ်၊

ဒီတော့ ဒီနေ့ ဘုန်းကြီးတို့ ဒကာ–ဒကာမတွေ ဘုရားရှင်ကိုယ်တော် မြတ်ကြီးက လူ့ရွာနတ်ထံ ချမ်းသာစံပြီးတော့ မဂ်ဖိုလ်နိဗ္ဗာန် ရောက်အောင်

တရားတွေပြပြီးတော့ လမ်းစဉ်တွေချပြီးတော့ ပေးသွားတာဖြစ်တော့ ကျေးဇူးရှင်ကြီး....တဲ့၊ ကျေးဇူးရှင်ကြီး၊ သားသမီးအတွက် မိဘက ကျေးဇူးရှင် ဖြစ်သလိုပဲ၊ ယနေ့ တပည့်သာဝကဖြစ်ကြတဲ့ သာသနာ့ဂိုဏ်းဝင် သူတော်စင်တွေ အတွက် ဘုရားရှင်ကိုယ်တော်မြတ်က ကျေးဇူးရှင်ကြီး။ ဒါဖြင့် အဲဒီကျေးဇူးရှင်ကြီးရဲ့ ကျေးဇူးကို ပြန်ပြီးတော့ ဆပ်ဘို့မလိုဘူးလား ပရိသတ်? လိုပါတယ်ဘုရား။

အဲ ကျေးဇူးရှင်ဖြစ်တဲ့ ဘုရားကိုယ်တော်မြတ်ကြီးကို ကျေးဇူးဆပ်ချင်ရင် ဘုရားရှင်ကိုယ်တော်မြတ်က သာဝကာ–ငါဘုရားရဲ့စကားကို နားထောင်ကြတဲ့ တပည့်တပန်းတို့သည်ကား။ ကတညုကတဝေဒိနော–ငါဘုရားရဲ့ကျေးဇူးကို တစ်ဖန်တုန့်ပြန်ဆပ်ကြသည် မည်ကြပေကုန်၏။ ငါဘုရားရှင်ကိုယ်တော်မြတ် ပြုထားတဲ့ကျေးဇူးကို ပြန်ဆပ်တဲ့သူတွေဆိုတာ ငါဘုရားစကားကို နားထောင် ပြီးတော့၊ ငါဘုရား ဖြစ်စေချင်တဲ့ အလုပ်ကို လုပ်တဲ့သူတွေ၊ ငါဘုရားရှင် ဟောတော်မူတဲ့အတိုင်း လိုက်နာ, ကျင့်ကြံကြိုးကုတ် အားထုတ်တဲ့သူတွေဟာ ငါ့ကို ကျေးဇူးပြန်ပြီးတော့ ဆပ်တဲ့လူတွေပါပဲ....လို့၊ ဘုရားရှင်ကိုယ်တော်မြတ် ကြီးက ဟောထားခဲ့တာဖြစ်တော့၊ ဒီနေ့ ဒကာဦးအောင်ငွေတို့ + ဒကာမ ဒေါ်လှသိန်းတို့ လုပ်တဲ့အလုပ်သည် ပရိသတ်ကြီး ဘုရားကြိုက်တဲ့အလုပ်လား, ဘုရားမကြိုက်တဲ့ အလုပ်လား? ဘုရားကြိုက်တဲ့အလုပ်ပါဘုရား။ အဲ ဘုရား ကြိုက်တဲ့အလုပ်ကိုလုပ်နေရင် ကျေးဇူးဆပ်ရာရောက်တယ်၊ ဘုရား ကြိုက်တဲ့ အလုပ်၊ ဘုရားလုပ်စေချင်တဲ့ အလုပ်ကိုလုပ်နေတာ ကျေးဇူးဆပ်တာလား, ကျေးဇူးကန်းတာလား? ကျေးဇူးဆပ်တာပါဘုရား။ ဘုရား မကြိုက်တဲ့အလုပ်ကို လုပ်ရင်၊ ဘုရားကို ကျေးဇူးဆပ်တာလား, ကျေးဇူးကန်းတာလား? ကျေးဇူး ကန်းတာပါဘုရား။

ဒါဖြင့် ဒီနေ့ အလှူ့ဒကာ ဦးအောင်ငွေ + အလှူ့အမဒေါ်လှသိန်းတို့က ဘုရားကြိုက်တဲ့အလုပ်ကို လုပ်သလို၊ ဒီနေ့ တရားနာနေကြတဲ့ တရားနာ ပရိသတ်ကြီးကလည်း ဘုရားကြိုက်တဲ့အလုပ်ကို လုပ်တာလား, ဘုရားမကြိုက်တဲ့ အလုပ်ကို လုပ်တာလား? ဘုရားကြိုက်တဲ့အလုပ်ကို လုပ်တာပါဘုရား။ ဘုရား

ကြိုက်တဲ့ တရားနာတဲ့အလုပ်ကို လုပ်နေတဲ့ ဒီနေ့ ပရိသတ်အပေါင်း သူတော်ကောင်းတွေက ဘုရားကို ကျေးဇူးဆပ်တာလား၊ ဘုရားကို ကျေးဇူးကန်းတာလား? ကျေးဇူးဆပ်တာပါဘုရား။ ဒါဖြင့် ဘုရားလုပ်စေချင်တဲ့အလုပ်တွေ လုပ်တဲ့သူမှန်သမျှ ဘုရားကျေးဇူးဆပ်ရာ မရောက်ဘူးလား? ရောက်ပါတယ်ဘုရား။ ဘုရားမကြိုက်တဲ့အလုပ်တွေကို လုပ်နေတဲ့သူတွေ မှန်သမျှက ဘုရားကို ကျေးဇူးကန်းရာမရောက်ဘူးလား? ကျေးဇူးကန်းရာရောက်ပါတယ်ဘုရား။ အဲ ကျေးဇူးကန်းတဲ့သူက ကျေးဇူးကန်းတဲ့ လမ်းကိုသွားမယ်၊ ကျေးဇူးဆပ်တဲ့သူက ကျေးဇူးဆပ်တဲ့လမ်းကို သွားမယ်။

## ❖ မကောင်းပြုက, ဒုမဂ္ဂ, သွားရပါယ်လေးပြည်တဲ့။

မကောင်းတာလုပ်နေတဲ့, ဘုရားကျေးဇူးကန်းတဲ့သူတွေက ဘယ်သွားရမတုန်းဆိုတော့ အပါယ်လေးပါး၊ ပရိသတ် ဘယ်သွားရမတုန်း? အပါယ်လေးပါး ပါဘုရား။ ငရဲဘုံတို့, တိရစ္ဆာန်ဘုံတို့, ပြိတ္တာဘုံတို့, အသုရကာယ်ဘုံတို့၊ ဝတ်ပြတ်နေတဲ့ ပြိတ္တာဘုံကြီးတွေရောက်လိုက်၊ အသုရကာယ်ဘုံကြီးတွေ ရောက်လိုက်၊ ငရဲကျလိုက်၊ တိရစ္ဆာန်ဘုံ အမျိုးမျိုးရောက်ပြီး ချိုကြီးတွေ ပေါက်လိုက်၊ အမြီးတွေပေါက်လိုက်ဆိုတာ အဲဒါ ဘုရားကိုကျေးဇူးကန်းတဲ့ သူတွေ ရောက်ကြတယ်၊ ဘုရားစကားနားထောင်ပြီး ကြွေးဟောင်းချေတဲ့သူတွေ ရောက်ပါ့မလား? မရောက်ပါဘုရား။ ကြွေးသစ်ဝေတယ်ဆိုတာကော ဘုရားလို့ဆိုတော့— ကြွေးသစ်ပေးဝေတယ်ဆိုတာ သားတွေသမီးတွေ မြေးတွေ မြစ်တွေ အစာရေစာရှာဖွေကျွေး၊ ပညာတွေသင်ပေး၊ ဝတ်စားတန်ဆာတွေ ဆင်ပေးစသည်ဖြင့် ပြုစုလုပ်ကျွေးတာကို ကြွေးသစ်ဝေတယ်လို့ ခုနက ကေဒါရဇာတ်တော်မှာ ဘုရားအလောင်းတော်က မပြောခဲ့ဘူးလား? ပြောခဲ့ပါတယ် ဘုရား။

ဒီနေ့ အလှူ့ဒကာဦးအောင်ငွေ+အလှူ့အမ ဒေါ်လှသိန်းတို့က ကိုယ့်သားလေးတွေနဲ့ တူလေးငါးယောက်တို့ကို၊ လောကုတ္တရာအမွေတွေ ပေးပြီးတော့ လောကုတ္တရာ အဆင်တန်ဆာတွေ ဆင်ပေးခြင်းဖြင့် ကြွေးသစ်

ကိုလည်းပဲ ဝေပါတယ်၊ သားသမီးပေါ်မှာပြုတဲ့ဝတ္တရား၊ လောကီနည်းနဲ့ပြုစုခြင်း၊ လောကုတ္တရာနည်းနဲ့ ပြုစုခြင်းလို့ နှစ်မျိုးရှိပါတယ်၊ သားသမီးပြုစုလုပ်ကျွေးတာ ပရိသတ် နှစ်မျိုးရှိပါတယ်၊ လောကီနည်းနဲ့ ပြုစုလုပ်ကျွေးခြင်း၊ လောကုတ္တရာနည်းနဲ့ ပြုစုလုပ်ကျွေးခြင်းလို့ နှစ်မျိုးရှိပါတယ်၊ သားသမီးပြုစုလုပ်ကျွေးနည်း ဘယ်နှစ်နည်းတဲ့တုန်း? နှစ်နည်းပါဘုရား။ ဘုန်းကြီးတို့ ဒကာ–ဒကာမ တွေ ပြုစုနေတာက လောကီနည်းနဲ့ ပြုစုလုပ်ကျွေးဘို့တော့ အားလုံးမသိကြဘူးလား? သိကြပါတယ်ဘုရား။ လောကီနည်းနဲ့ အစာရေစာ ကျွေးမယ်၊ ဝတ်စား တန်ဆာတွေ ဆင်ပေးမယ်၊ နေရာထိုင်ခင်းတွေ စီစဉ်ပေးမယ်၊ သူတို့ အတတ်ပညာတွေ တတ်အောင်သင်ပေးမယ် စသည်ဖြင့် လောကီနည်းနဲ့ ပြုစုလုပ်ကျွေးနည်းကိုတော့ သိကြတယ်၊

အခု ရှင်ပြုပေးတယ်….၊ သူတို့ရဲ့ခန္ဓာကိုယ်ပေါ်မှာ ဘုရားပစ္စေကာ အရိယာအပေါင်း သူတော်ကောင်းတွေရဲ့ အဆင်တန်ဆာဖြစ်တဲ့ သင်္ကန်း ပရိက္ခရာတွေ တန်ဆာဆင်ပြီးတော့ မြင့်မြတ်တဲ့ ဘုရားသားတော် ရှင်သာမဏေလေးဘောင်ရောက်အောင် ပို့ဆောင်တယ်ဆိုတာ သူတို့ဝမ်းထဲမှာ သီလသိက္ခာတွေ မကျင့်ဖူးသေးတဲ့ သီလသိက္ခာတွေ ကျင့်ဖြစ်အောင်၊ မထူထောင်ဘူးသေးတဲ့ သမာဓိတွေ ထူထောင်ဖြစ်အောင်၊ သူတို့မသိသေးတဲ့ အသိပညာ ဓာတ်တွေသိအောင်လို့ ဆိုပြီးတော့ လောကုတ္တရာ အစာရေစာတွေ ကျွေးတာနဲ့ တူတယ်၊ လောကုတ္တရာ သီလ သမာဓိ ပညာဆိုတဲ့ ကုသိုလ်ကောင်းမှုတွေ တိုးအောင် ပြုပေးနေတာနဲ့တူတယ်၊

အခု ဦးအောင်ငွေတို့ ဒေါ်လှသိန်းတို့က သားလေးတွေနဲ့ တူလေး ငါးယောက်ကို ရှင်ပြုပေးလိုက်တဲ့အတွက် ဒီကလေးတွေဟာ ပရိသတ်ကြီး အကြမ်းစားပြောစမ်းပါအုန်း နိဗ္ဗာန်နဲ့ နီးသွားမှာလား, ဝေးသွားမှာလား? နီးသွားမှာပါဘုရား။ ရှင်သာမဏေ ဝတ်ပြီးတော့ တစ်ရာ့နှစ်ဆယ်သိက္ခာသီလ ထိန်းတဲ့ကုသိုလ်ကြောင့် ဒီကလေးတွေ အပါယ်လေးပါးက ဝေးသွားနိုင်တယ်၊ နိဗ္ဗာန်နဲ့နီးလာနိုင်တယ်၊ အပါယ်လေးပါးနဲ့ကျတော့ ဝေးသွားစေနိုင်တယ်၊ မဝေး

ဘူးလား? ဝေးပါတယ်ဘုရား။ ဒါဖြင့် အပါယ်လေးပါးချောက်ထဲ ကျမသွားအောင်, ဝေးသွားအောင်ကယ်တယ်၊ သားလေးတွေ သမီးလေးတွေကို ကယ်မ,တယ်, ကူညီတယ်, စောင့်ရှောက်တယ်ဆိုတာ ပရိသတ်ကြီး အကောင်းဆုံးစောင့်ရှောက်ရာမရောက်ဘူးလား? ရောက်ပါတယ်ဘုရား။ အိုနာသေလွတ်ရာ နိဗ္ဗာန်ရွာရောက်အောင် စောင့်ရှောက်တဲ့အတွက်လည်းပဲ ပိုပြီးတော့ ကူညီရာမရောက်ဘူးလား? ရောက်ပါတယ်ဘုရား။ ဒါဖြင့် သားသမီးကို ပြုစုတဲ့အနေနဲ့ ကြွေးသစ်ဝေတဲ့ကိစ္စကြီးလည်း မပါဘူးလား? ပါ,ပါတယ်ဘုရား။ ဒါဖြင့် ဆိုလိုက်စမ်းပါ—

❖ **ကြွေးဟောင်းကိုချေ, ကြွေးသစ်ဝေ, မြှုပ်လေမြတ်ရွှေအိုး။**
**တာဝန်သုံးထွေ, ဝတ်ကြီးကျေ, မှတ်လေလူမြတ်မျိုး။**
**တာဝန်သုံးထွေ, ဝတ်မကျေ, မှတ်လေလူယုတ်မျိုး။**

ဆိုလိုက်စမ်းပါအုန်း—

❖ **ဘိုးဖွားမိဘ, လုပ်ကျွေးကြ, ရှေးကကြွေးဟောင်းချေ။**
**သားသမီးမြေမြစ်, လုပ်ကျွေးလစ်, ကြွေးသစ်ချ၍ဝေ။**
**ကောင်းမှုအမျိုးမျိုး, နေ့စဉ်ကြိုး, ရွှေအိုးမြှုပ်ကြလေ။**

ဒါဖြင့် ကောင်းမှုတစ်ခုခုပြုနေရင် ရွှေအိုးမြှုပ်တဲ့အလုပ်ထဲ မပါဘူးလား? ပါ,ပါတယ်ဘုရား။ ဒါဖြင့် ဒီနေ့ အလှူ့ဒကာဦးအောင်ဌေး+ အလှူ့အမဒေါ်လှသိန်းတို့က မိဘဘိုးဘွားကို ကျေးဇူးဆပ်တဲ့အနေအားဖြင့်၊ ဒီအလှူမင်္ဂလာပွဲမှာ မိဘဘိုးဘွားတွေ အမှူးထားပြီးတော့, ဦးထိပ်တင်ပြီးတော့, ကုသိုလ်ကောင်းမှု ပြုတာဖြစ်တော့ မိတွေဖတွေ, ဘိုးတွေဘွားတွေလည်း ဒီမှာလာရောက်ပြီးတော့ ဝေယျာဝစ္စကုသိုလ်တွေ ဝိုင်းကြ, ကူကြ, ညီကြနဲ့ဆိုတော့ မိဘတွေလည်း ကုသိုလ်မတိုးဘူးလား? တိုးပါတယ်ဘုရား။

အဲဒီလို မိဘတွေကို ကုသိုလ်တိုးအောင် ကျေးဇူးဆပ်တဲ့အပြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးတည်းဟူသော လောကုတ္တရာ မိဘ, လောကုတ္တရာ

ဖခင်ကြီးရဲ့ ကျေးဇူးကိုလည်းပဲ ပြန်ပြီးတော့ ဆပ်ရာရောက်ကြတဲ့အပြင်၊ ကိုယ့်သား ကိုယ့်တူလေးတွေအပေါ်မှာလည်းပဲ လောကီနည်းနဲ့ ကြွေးသစ်ကိုချပေးတဲ့အပြင်, လောကုတ္တရာအစာရေစာ ကျွေးပြီးတော့ ကြွေးသစ်ကိုချပေးရာ ရောက်လေ သောကြောင့်၊ ကြွေးသစ်ဝေတဲ့ကိစ္စလည်း အောင်မြင်ပြီးစီး၊

နောက်ဆုံး ကုသိုလ်အမျိုးမျိုး နေ့စဉ်တိုး ရွှေအိုးမြှုပ်ကြလေဆိုတဲ့အတိုင်း ကုသိုလ်ကောင်းမှု၊ ဒီနေ့ အလှူမင်္ဂလာပွဲကြီး ဆင်နွဲကျင်းပပြီးတော့ ဒီနေ့ အကြီးအကျယ် ရွှေအိုးမြှုပ်နှံပြီးတော့ နေရတဲ့အချိန်၊ ဒီတော့ စွန့်ကြဲပေးကမ်း လှူဒါန်းမှုဆိုတဲ့ ဒါန၊ ဘုရားအမှူးရှိတဲ့ သံဃာတော်အရှင်မြတ်တွေကို မွန်မြတ်သော ဆွမ်းခဲဘွယ်ဘောဇဉ် ချိုချဉ်အရသာတို့ဖြင့် ဆက်ကပ်လှူဒါန်း ပြီးတော့ နေတဲ့အချိန်သည် ရွှေအိုးမြှုပ်ပြီးတော့ နေတဲ့အချိန်၊ ပင့်သံဃာတော် အရှင်မြတ် (၁၀)ပါးတို့ကို သင်္ကန်းဒွိစုံ (၁၀)စုံမှအစ, လှူဖွယ်တန်းဖွယ် တွေ လှူဒါန်းဆက်ကပ်ပြီးတော့ နေတဲ့အချိန်သည် ရွှေအိုးမြှုပ်ပြီးတော့ နေတဲ့အချိန်၊ ပရိသတ်အပေါင်း တစ်ထောင့်နှစ်ရာကျော်တို့ကို မွန်မြတ်သော ဒန်ပေါက်ထမင်း, ဒန်ပေါက်ဟင်းတို့ဖြင့် ကျွေးမွေးညှဲခံပြီးတော့ နေတဲ့အချိန်သည် ရွှေအိုးမြှုပ်ပြီးတော့ နေတဲ့အချိန်။

## ရွှေအိုးမြှုပ်နည်း

ဒီတော့ အဲဒီ ရွှေအိုးမြှုပ်တဲ့နေရာမှာ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ နောက်ဆုံးအနေနဲ့ ရွှေအိုးမြှုပ်နည်း မြင့်မြတ်တဲ့ ရွှေအိုး မြှုပ်နည်းတွေလည်း ပါသွားအောင်၊ ရွှေအိုးမြှုပ်နည်းက "**ဆေးရိုးသည်ကြီး ရွှေအိုးမြှုပ်နည်း၊ အထည်သည် ကုန်သည်ကြီး ရွှေအိုးမြှုပ်နည်းနဲ့၊ ရတနာကျောက်ကုန်သည် ရွှေအိုးမြှုပ်နည်း**"လို့ ရွှေအိုးမြှုပ်နည်း သုံးနည်းရှိတယ်။ ပရိသတ်ကြီး ရွှေအိုးမြှုပ်နည်း ဘယ်နှစ်နည်းတဲ့တုန်း? သုံးနည်းပါဘုရား။

ဆေးရိုးကုန်သည်ကြီး ရွှေအိုးမြှုပ်နည်းကျတော့အရာကျယ်ပြီး သကာလ အမြတ်အစွန်းက အတူတူပဲဖြစ်ပါတယ်၊ ဆေးရိုးကုန်သည်ကြီးများကျတော့ ဆေးရိုးတွေရောင်းရမှာဆိုတော့ အိမ်ဝင်းကြီးကလည်း အကျယ်ကြီး, ခြံဝင်း အကျယ်ကြီး လုပ်ထားရတယ်၊ ဒီထဲမှာ ဆေးရိုးစက်ကတစ်နေရာ၊ ဆေးရိုးတွေ လှမ်းဘို့ တလင်းကြီးတွေ, ဆေးရိုးတွေ လှောင်ဘို့ ကျီကြီးတွေ, ဂိုဒေါင်ကြီးတွေ, ဆေးရိုးတွေထည့်ဘို့ရာအတွက် ပုတ်ကြီးတွေ, တောင်းကြီးတွေ မထားရဘူးလား? ထားရပါတယ်ဘုရား။ ကိရိယာတန်ဆာပလာတွေ မကျယ်ဝန်းဘူးလား? ကျယ်ဝန်းပါတယ်ဘုရား။ အမြတ်အစွန်းရလာတော့ တစ်သိန်း, နှစ်သိန်း, သုံးသိန်း ဒါလောက်ပဲရမှာပဲ၊

အဲ အထည်ကုန်သည်ကြီးကျတော့ အထည်တွေရောင်းတဲ့ အထည် ကုန်သည်ကြီးကြတော့ ဆေးရိုးရောင်းတဲ့ ကုန်သည်ကြီးလောက် ခြံဝင်းကြီး ကျယ်ဘို့တော့ မလိုဘူး၊ ပရိသတ် လိုသေးရဲ့လား? မလိုပါဘုရား။ ပုတ်ကြီးတွေ ကျည်ကြီးတွေ, ဂိုဒေါင်ကြီးတွေလည်းထားဘို့ လိုသေးလား? မလိုပါဘုရား။ အခန်းလေး တစ်ခန်းလောက် (သို့မဟုတ်) နှစ်ခန်းလောက်, သုံးခန်းလောက် ဈေးချိုထဲမှာ ဝယ်ပြီးတော့ ဘီရိုနဲ့ အထည်တွေ ထည့်သိပ်ထားပြီး ရောင်းချ လိုက်လို့ရှိရင် ခနက တစ်သိန်း, နှစ်သိန်း, သုံးသိန်း, လေးသိန်း, ဆယ်သိန်း ပတ်ဝန်းကျင်လောက် မရှိဘူးလား? ရှိပါတယ်ဘုရား။ ဒါဖြင့် ဆေးရိုး ကုန်သည်ကြီးလောက် အရာကျယ်သေးရဲ့လား? မကျယ်ပါဘုရား။ တန်ဖိုးကျတော့

ရတာချင်းမတူဘူးလား? တူပါတယ်ဘုရား။ ဟော အထည်ရောင်းရတာ အရာကျဉ်းတယ်၊ အထည်ရောင်းရတာ အရင်းအနှီး တူတယ်၊ အထည်ရောင်းလို့ရတဲ့ အမြတ် တူတယ်၊

အဲ ရတနာကျောက်ကုန်သည်လို့ဆိုတဲ့ ရတနာအမျိုးမျိုးတွေကို ရောင်းဝယ်ဖောက်ကားတဲ့ ကျောက်ကုန်သည်ကျတော့ ခုနက အထည်ကုန်သည်ကြီးလောက် အခန်းနှစ်ခန်း, သုံးခန်းလောက် လိုသေးရဲ့လား? မလိုတော့ပါဘုရား။ အိပ်ကလေးတစ်အိပ်, လက်ဆွဲအိပ်ကလေး တစ်အိပ်ထဲမှာပဲ၊ သောင်းတန်, သိန်းတန်, သန်းတန်ကျောက်တွေ ထည့်ပြီးတော့ ယူသွားလို့မရဘူးလား? ရပါတယ်ဘုရား။ အဲဒီ သိန်းတန် သောင်းတန်ကျောက်တွေကို လက်ဆွဲအိပ်ကလေးထဲမှာပဲ တည့်ထားပြီး ရောင်းချဖောက်ကားခြင်းဖြင့် ပေါ့ပေါ့ပါးပါး သွားလာလှုပ်ရှားပြီးတော့ ရောင်းနိုင်သော်လည်းပဲ အရင်းအနှီးနဲ့ အမြတ်အစွန်းကြတော့ မများဘူးလား? များပါတယ်ဘုရား။ သူ့အိပ်ထဲမှာ ထည့်ထားတဲ့ ဆန်ကျိုးလောက်ရှိတဲ့ ကျောက်ကလေး၊ မျိုးစေ့လောက်ရှိတဲ့ ရတနာလေး တစ်လုံးကပင်လျှင် ဆယ်သိန်းလည်းတန်ချင်တန်, သိန်းနှစ်ဆယ်လည်း တန်ချင်တန်ဖြစ်နေတော့ လုပ်ရကိုင်ရပေါ့ပါးသလောက်၊ အရင်းအနှီးနဲ့ အမြတ်အစွန်း မများဘူးလား? များပါတယ်ဘုရား။

အဲဒီလိုပဲ.....တဲ့၊ စွန့်ကြဲပေးကမ်း လှူဒါန်းမှုဆိုတဲ့ ဒါနကောင်းမှုက ဆေးရိုးကုန်သည်ကြီး ရွှေအိုးမြှုပ်တာနဲ့တူတယ်၊ ဒါနနဲ့ရွှေအိုးမြှုပ်တာက ဆေးရိုးကုန်သည်ကြီး အလုပ်လုပ်တာနဲ့တူတယ်၊ မလုပ်ရဘူးလို့တော့ တားတာ မဟုတ်ဘူးနော် ပရိသတ်၊ ဒါနမပြုနဲ့လို့ ဘုန်းကြီးက အခုပြောနေတာ မဟုတ်ဘူးနော်၊ ဒါနပြုဝဲ့နေရာမှာ အရာကျယ်ပုံပြောတာ၊ အခု အလှူ့ဒကာဦးအောင်ငွေတို့ အလှူ့အမဒေါ်လှသိန်းတို့ အလှူမင်္ဂလာပွဲကြီးလှူချင်တော့ မဏ္ဍပ်ကြီးကြီး,ကြီးမဆောက်ရဘူးလား? ဆောက်ရပါတယ်ဘုရား။ ဒီထဲမှာ လှူဖွယ်တန်းဖွယ်တွေ၊ ချက်ဟာ ပြုတ်ဟာ, လုပ်ဟာ ကိုင်ဟာ, သယ်ဟာ ပိုးဟာနဲ့ ပရိသတ်တစ်ထောင့်နှစ်ရာကျော်ဒန်ပေါက်တွေ ကျွေးဘို့ဆိုပြီးတော့ လုပ်ရကိုင်ရတဲ့ အလုပ်တွေ မကြီးကျယ်ဘူးလား? ကြီးကျယ်ပါတယ်ဘုရား။

အဲ သီလကုသိုလ်ကြတော့ ခုနက သရဏဂုံ သုံးပါးနဲ့ ငါးပါးသီလ ဆောက်တည်လိုက်တာကြတော့ မဏ္ဍာပ်ကြီး မထိုးပေမယ်လို့ ဖြစ်နိုင်တယ်၊ မဏ္ဍာပ်ကြီးမထိုးသော်လည်း ရနိုင်တယ်၊ သီလကို လုံအောင်ထိန်းခြင်းကြောင့် အထည်သည် ကုန်သည်ကြီးနဲ့ တူပါတယ်၊ သီလဆောက်တည်သူကြတော့ ဒါနသမားလောက် အရာကျယ်တို့ မလိုတော့ဘူး၊ ဥပုသ်ကလေးစောင့်ချင်လို့ရှိရင် ကျောင်းသွားပြီးတော့ သီလဆောက်တည်လိုက် မပြီးဘူးလား? ပြီးပါတယ်ဘုရား။

အဲ ဝိပဿနာဘာဝနာခေါ်တဲ့ ဘာဝနာအလုပ်ကြတော့ ရတနာကုန်သည် အရောင်းအဝယ်လုပ်တာနဲ့ တူကြတယ်....တဲ့၊ ဝိပဿနာတစ်ချက် တည့်တိုင်း၊ တည့်တိုင်း ခုနကပြောတဲ့ အိုနာသေရစေတတ်တဲ့ ရုပ်နာမ် ခန္ဓာ၊ အဲဒီ ရုပ်နာမ်ခန္ဓာကိုယ်ပေါက်စေတတ်တဲ့ ကိလေသာ မသေဘူးလား? သေပါတယ် ဘုရား။ ဒါဖြင့် အဲဒီ အလှူ့ဒကာဦးအောင်ငွေတို့ အလှူ့အမဒေါ်လှသိန်းတို့ ဒါနကောင်းမှုကြီးလည်း ဒီမဏ္ဍာပ်ထဲမှာ ဖြစ်နေပြီ၊ ဆောက်တည်တဲ့ သီလ ကောင်းမှုကြီးနှင့် ပြုလုပ်အားထုတ်တဲ့ ဝေယျာဝစ္စ သီလကုသိုလ်တွေလည်း ဖြစ်နေပြီ၊ ဒါဖြင့် ဝိပဿနာ ဘာဝနာဆိုတဲ့ ရတနာကျောက်ကုန်သည် ရွှေအိုးမြှုပ်သလို ရွှေအိုးမြှုပ်တဲ့အလုပ်ပါဘဲ့ မလိုဘူလား? လိုပါတယ်ဘုရား။ ကိုင်း လိုလို့ရှိရင် ခုနကပုဏ္ဏားကြီး ရဟန္တာဖြစ်တဲ့ဝိပဿနာက ပြန်စရအောင်၊ ဆိုလိုက်စမ်းပါ—

❖ **ခြေဖဝါးနဲ့မြေသားကပ်သော်, ထိ,သိနှစ်ခင်း, ဉာဏ်သွင်း ရှုနော်။ ရှုမှတ်ရကျိုး, တန်ဖိုးဖြတ်သော်, ခြေတစ်လှမ်း ရွှေတစ်သန်း တန်ဘိသော်။**

ဒီတော့ အလှူ့ဒကာ အလှူ့အမတွေ ဒကာဦးအောင်ငွေတို့ ဒကာမ ဒေါ်လှသိန်းတို့ သံဃာတော်တွေ ဆွမ်းကပ်ကြတဲ့နေ့ကျတော့ ဆွမ်းဝိုင်းတွေ မ,မပြီးတော့ မကပ်ပေဘူးလား? ကပ်ပါတယ်ဘုရား။ ကပ်တော့ ဆွမ်းဝိုင်းနဲ့ လက်ဖဝါးနဲ့ လက်သားနဲ့ မထိပေဘူးလား? ထိပါတယ်ဘုရား။ အဲဒီ ထိတဲ့ဟာလေးကို ရုပ်၊ ထိတာကိုသိတာက နာမ်၊ ရုပ်နာမ်လို့ဆိုပြီးတော့

ကိုင်ပြီးတော့မ,ကပ်ရင် **"နိဗ္ဗာနဿ ပစ္စယော ဟောတု"** ရုပ်နာမ်ဖြစ်ပျက်, ရုပ်နာမ်ဖြစ်ပျက်၊ (သို့မဟုတ်) ထိသိ ပျက်, ထိသိပျက်, ထိသိပျက်လို့ရှုရင် ဝိပဿနာမပါဘူးလား? ပါ, ပါတယ်ဘုရား။ ရတနာကျောက်ကုန်သည်ကြီး ရတနာကျောက် အရောင်း အဝယ်ပြုနေတာနဲ့ မတူဘူးလား? တူပါတယ်ဘုရား။ ဆွမ်းဝိုင်းကြီး မ,ပြီးတော့ ကပ်နေတာက ဒါန၊ ဆွမ်းဝိုင်းကြီးကပ်နိုင်အောင် ဟင်းတွေ ပြင်, ပုဂံတွေပြင်, ဇွန်းတွေခွက်တွေ ပြင်နေတာက သီလ၊ ထိသိပျက်, ထိသိပျက်, ထိသိပျက်လို့ ရှုမှတ်နေတာက ဝိပဿနာ၊ ရွှေအိုးမြှုပ်နည်း သုံးခုလုံးလည်း ပါမသွားဘူးလား? ပါသွားပါတယ်ဘုရား။ ဒါဖြင့် အလှူဝတ္ထု စားပွဲသားနဲ့လက်ဖဝါး ကပ်လိုက်တဲ့အချိန်တိုင်း ကပ်လိုက်တဲ့ အချိန်တိုင်း ထိသိဆိုတာလေး မလာဘူးလား? လာပါတယ်ဘုရား။ ဆိုလိုက်စမ်းပါ—

❖ **စားပွဲသားနဲ့ လက်ဖဝါးကပ်သော်၊ ထိ,သိနှစ်ခင်း ဉာဏ်သွင်းရှုနော်။ ရှုမှတ်ရကျိုး တန်ဘိုးဖြတ်သော်၊ တကိုင်မှန်း တစ်သန်း တန်ဘိသော်။**

လက်နဲ့စားပွဲခုံကို တကိုင်,ကိုင်လိုက်တဲ့အချိန်မှာ ထိ,သိပျက်လို့ ရှု၊ (သို့မဟုတ်) ရုပ်နာမ်ဖြစ်ပျက်, ရုပ်နာမ်ဖြစ်ပျက်လို့ ရှုပြီးတော့ ကပ်ရင်၊ ဒါနရော, သီလရော, ဝိပဿနာရော ပါမသွားဘူးလား? ပါသွားပါတယ်ဘုရား။ ဒါက အလှူဒကာ အလှူ့အမတွေအတွက် ပြောတာ ဘုန်းကြီးတို့ ဒကာ–ဒကမတွေ အတွက်ကြတော့ အခု တရားနာလာခဲ့ရင်း၊ တရားနာကနေပြီးတော့ပြန်ရင်း ခြေတစ်လှမ်းတိုင်း, တစ်လှမ်းတိုင်း, လှမ်း, လှမ်းပြီးတော့ မပြန်ဘူးလား? ပြန်ပါတယ်ဘုရား။ အဲ ပြန်တဲ့အချိန်မှာ မြေသားနဲ့ခြေဖဝါးနဲ့ ကပ်တိုင်း, ကပ်တိုင်း ထိ,သိ နှစ်ခင်းကို ထိ,သိဖြစ်ပျက်, ထိ,သိဖြစ်ပျက်, (သို့မဟုတ်) ရုပ်နာမ် ဖြစ်ပျက်, ရုပ်နာမ်ဖြစ်ပျက်၊ (သို့မဟုတ်) ထိ,သိပျက်, ထိ,သိပျက်, ထိ,သိ ပျက်လို့ရှုပြီးတော့ အိမ်ထိအောင်ရှုသွားရင် ပြန်ရင်းနဲ့ ဝိပဿနာ မပါဘူးလား? ပါ,ပါတယ်ဘုရား။ (သို့မဟုတ်) ကိုယ့်အိမ်ထဲမှာကိုယ် နေရင်းလည်းပဲ အိမ်ထဲမှာ ဟိုနားသွားလိုက် ဒီနားသွားလိုက်သွားရင် ဝိပဿနာရှုလို့ မရဘူးလား?

ရပါတယ်ဘုရား။ (သို့မဟုတ်) ကိုယ့်အိမ်မှာ လှေခါးပေါ်တက်သွားတော့ လှေခါးနဲ့ခြေဖဝါးနဲ့ မထိဘူးလား?် ထိပါတယ်ဘုရား။ ဆိုလိုက်စမ်းပါ—

❖ **လှေခါးသားနဲ့ ခြေဖဝါးထိသော်၊ ထိ,သိနှစ်ခင်း ဉာဏ်သွင်းရှုနော်။ ရှုမှတ်ရကျိုး တန်ဖိုးဖြတ်သော်၊ ခြေတစ်လှမ်း ရွှေတစ်သန်း တန်ဘိသော်။**

ဒါဖြင့် ဝိပဿနာဆိုတာ ကိုယ့်အိမ်ထဲ ခြေလှမ်းလှမ်းသွား နေရင်းနဲ့ ဝိပဿနာရှုတတ်လို့ရှိရင်၊ ရှုနည်းမလာဘူးလား? လာပါတယ်ဘုရား။ အဲ ခြေလှမ်းလှမ်းတိုင်း လှေခါးနဲ့ထိ ထိတိုင်း၊ မြေကြီးနဲ့ထိ ထိတိုင်း၊ လက်နဲ့ကိုင်စရာရှိတာကို ကိုင်တိုင်း၊ အဲဒီဝိပဿနာ ထိ,သိ ဆိုတဲ့ဖြစ်ပျက် ဝိပဿနာကို ရှုပွားပြီးတော့ ပြုကြမယ်ဆိုရင်၊ အထူးသဖြင့် ဒီနေ့ အလှူ့ဒကာဦးအောင်ငွေ+အလှူ့အမဒေါ်လှသိန်းတို့ မိသားစုသည်၊ စွန့်ကြဲ ပေးကမ်းလှူဒါန်းမှုဆိုတဲ့ ဒါနကောင်းမှုကိုပြုပြီးတော့ ဘုရားကို ကျေးဇူးဆပ်သလို၊ ၅ ပါးသီလနှင့်တကွ ဝေယျာဝစ္စ သီလဆိုတဲ့ ဗုဒ္ဓဝေယျာဝစ္စ, ဓမ္မဝေယျာဝစ္စ အစရှိတဲ့ ဝေယျာဝစ္စ သီလကုသိုလ်ပြုပြီးတော့ ဘုရားကို ကျေးဇူးဆပ်သလို၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးအကြိုက် နှစ်သက်ဆုံး၊ အလုပ်လို့ဆုံးဖြတ်တဲ့ ဝိပဿနာဘာဝနာလဲ ပါသွားအောင် ကျေးဇူးဆပ်ရင် ဘုရားရှင်ကိုယ်တော်မြတ် ကြီးရဲ့ ကျေးဇူးကို ပီပီပြင်ပြင် ဆပ်ရာမရောက်ဘူးလား? ရောက်ပါတယ်ဘုရား။ ကြွေးဟောင်းကို ချေရာမရောက်ဘူးလား? ရောက်ပါတယ်ဘုရား။ ကိုင်း ဒါဖြင့် ဆိုလိုက်စမ်းပါအုန်း—

❖ **ကြွေးဟောင်းကိုချေ, ကြွေးသစ်ဝေ၊ မြှုပ်လေမြတ်ရွှေအိုး။**
**တာဝန်သုံးထွေ, ဝတ်ကြီးကျေ၊ မှတ်လေလှူမြတ်မျိုး။**
**တာဝန်သုံးထွေ, ဝတ်မကျေ၊ မှတ်လေလှူယုတ်မျိုး။**

တရားတွေလည်း ဟောကောင်းကောင်းနဲ့ ဟောလိုက်တာ (၉) နာရီ ရပ်မယ်ဆိုတဲ့ ဘုန်းကြီး အခု ၉–နာရီ ၃၀–ကျော်တော့မှာနော်၊ ပရိသတ်ကြီး၊ ကဲ ဘုန်းကြီးတို့ ပြောစရာရှိတာတွေက ဇာတ်ကြောင်းက နှစ်ကြောင်း

ထပ်သွားပြီးတော့ ပြောစရာတွေများသွားတော့ ဝိပဿနာ ကလည်း ကြားထဲမှာ ညှပ်ပြောရတာဆိုတော့၊ ကိုင်း (၉ ) နာရီခွဲလုနေတော့ ဘုန်းကြီး စပြီးတော့ ရွတ်တဲ့ဂါထာ ပြန်ရွတ်ခြင်းဖြင့် ဒီနေ့ အလှူဒကာ အလှူအမတွေရဲ့ လုပ်နေတဲ့အလုပ် သရုပ်ပေါ်သွားအောင်–

**ကတံ ကတံ ဝိဇာနေယျ, နိပါတေယျ နဝံနဝံ၊**
**နိဝိကုမ္ဘံ နိဓာပေယျ, သေဓမ္မော သနန္တနော။**

ပဏ္ဍိတော–လူ့နွယ်လူ့ရိုး, လူ့ဇာတ်မျိုး၌, ကြောင်းကျိုးသိမြင်, ပညာရှင်သည်။ ကတံ ကတံ–သူတစ်ပါးတို့, ပြုထားအပ်ဖူး, မြတ် ကျေးဇူးဟု, အထူးရှိတောင်း, ကြွေးအဟောင်းကိုလည်း။ ဝိဇာနေယျ–အမြဲမပြတ်, သတိချပ်သဖြင့်, မလတ်ပုံသေ, ပေးဆပ်လေရာ၏။ နဝံ နဝံ–နောင်ခါနောင်ရေး, မျှော်ထောက်တွေး၍, မနှေးမလစ်, ကြွေးအသစ်ကိုလည်း။ နိပါတေယျ–တာဝန်မကွက်, ဝတ်မပျက်အောင်, ဆက်လက်ပုံသေ, ပေးချလေရာ၏။ နိဝိကုမ္ဘံ–အရိပ်ပမာ, သွားရာပါ၍, ချမ်းသာဆောင်ပို့, ရတနာမြတ်ရွှေအိုးကိုလည်း၊ နိဓာပေယျ–သိုမှီး သိမ်းထုပ်, ကောင်းစွာလုပ်၍, မယုတ်ရစေ, မြှုပ်နှံလေရာ၏။ သေ ဓမ္မော–ကြွေးဟောင်းကိုချေ, ကြွေးသစ်ဝေ၍, အမြဲတေရွှေအိုး, မြှုပ်ရိုးစဉ်ဆက်, ဤ (၃) ချက်သည်။ သနန္တနော–ဘုရားပစ္စေကာ, အရိယာ အပေါင်း သူတော်ကောင်းကြီးတို့၏ ထုံးဟောင်းစဉ်လာ ဓမ္မတာကြီး ဖြစ်ပါပေတော့သည်တကား။

သာဓု.... သာဓု.... သာဓု.... ပါဘုရား။

သာသနာတော်ထွန်းကားပြန့်ပွားရေး
အမှတ် ၂၃၃၉
ရက်စွဲ
သုတေသနစာကြည့်တိုက်

သားကောင်းတစ်ယောက်, ထွန်းပေါ်ပေါက်က,
သူ့နောက်ဆွယ်ကျုံး, တစ်နယ်လုံးလည်း,
ကံဘုန်းဆင့်လောက်, အမြင့်ရောက်၏၊
သို့လောက်နောက်ဖွား, ကျေးဇူးများမည့်,
ထိုသားကိုသာ, ဖွားမြင်လာဟု,
ကောင်းစွာကြိုဆီး, မြှောက်ပင့်ချီးလော့၊
သေပြီးတစ်ဖန်, မွေးဖွားရန်ကား,
ဤသံသရာ, ဓမ္မတာမို့,
လူသာမည, မွေးရုံမျှဖြင့်,
အားရချီးမြှင့်, မမြှောက်သင့်သည်,
သူနှင့် ငါနှင့် တူရုံကိုး........၊